www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ပုဗ္ဗ ဥဏော အနဉ္ဇော၊ ဓမ္မ ဥဏော အနဉ္ဇော၊ သံဃ ဥဏော အနဉ္ဇော၊
မဟိကာပိတု ဥဏော အနဉ္ဇော၊ အာစရိယ ဥဏော အနဉ်္ဇော၊

ပုဗ္ဗေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ၊

ပုဗ္ဗံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တ္တန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဥပ္ပိဿန္တရာယော၊ သဗ္ဗဥပဒ္ဒဝ ဝိဂ္ဂဟာသေ တိဋ္ဌာဟိ။

အဲဒတ်ပါ ဂါထာ၏အဘိဓာန်ကြီးကို "အံးလုံးပြီးရာ အောင်ဂါထာ" ဟူ၍ လည်းခေါ်ကြသည်၊ ပုဂ္ဂိုလ်ကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်၊ ဘေးအန္တရာယ်ကင်းမည်၊ လာဘ်လာဘ ပေါများမည်၊ ဘုန်းကံကြီးမည်၊ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်၊ ကပ်ကြီးသုံးပါးမှ ချမ်းသာလွတ်ကင်းမည်။

စစ်မှန်သော မျိုးဆက်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် ခရီးထိုင်သည်ဖြစ်စေ မိုဠ်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးဆွစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်လွှတ်တော်သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆုပူအကြမ်းဖက်မှုကို မလိုလား။
- ဆုပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရာဇ်ရွာအေးဆုံမ်းသာယာရေးနှင့် တရားဥပဒေ ဝိုးဝိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရွှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ပွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြန့်ဝေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်ပွတ်အားသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်စံသရေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးဆွစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြွယ်ဝရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ကုမ္ပဏီဒါရိုက်တာများ၏
လုပ်ငန်းဆိုင်ရာ ပွင့်လန်းရဲဘိသကဲ့သို့
လပြည့်ဝန်းတဲ့သော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com



မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဖူးခဲ့ရည္ရွယ်ပျော်ပျော် သာဓုဆံတော်ရှင်စေတီတော်	မင်းဂုဏ် ၅
၂။	ရဟန်းနှင့်ရိုးဂုဏ်	မုဒိဿာ(ရွှေရည်မြေ) ၁၅
၃။	နွှတ်ဆက်ခဲ့ပါတယ် မောဘမွန်သုဇာနွယ် ...	တက္ကသိုလ်စာင်ဟန်ကျော် ၁၇
၄။	မော်လမြိုင်မြို့မှသည် သထုံရွှေစာရံစေတီ	
	မြသပိတ်တောင်ခြေမှ နီးဘုရားကြီးသို့	ကောင်းမြတ်(ခရာတေး) ၂၈
၅။	ထိုင်းနိုင်ငံ တပ်ခံပြည်နယ်မှ ခြေတော်ရာတောင်	ဆရာကြီဦးအောင်မြိုင် ၃၈
၆။	တိုင်းဇောတွင်း ကျွဲဆင်းကျေးရွာမှ	
	နရသီဟတွဲတော်ရ သမိုင်းဝင် ရုပ်ရှင်တော်မြတ်ကြီး ...	လွှမ်းဦန် ၄၂
၇။	လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ	
	တည်ထားခဲ့သော ဘုရားများ	ထူးအောင်(ပန္ဒလေး) ၄၇
၈။	ပြည်မြို့၊ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရားသို့	
	.....	မောင်တင်ကြွယ်(ပြည်) ၅၀
၉။	ထိုင်းနိုင်ငံ ပတ္တရားမြို့အနီးရှိ ကျောက်တောင်နံရံကို	
	ထွင်းထုပုံမော်ထားသော လေဆာဘုရား	တက္ကသိုလ်မျိုး ၅၆
၁၀။	နေပြည်တော် ဟျဉ်းမနားမြို့ရှိ	
	မဟာဗောဓိပဂ္ဂိုဿရုပ်ပွားတော်ကြီး	မင်းကြည်မြူ ၆၃
၁၁။	လွမ်းစေတီ	နိုင်သွား(ဝိုးမိတ်) ၆၇
၁၂။	ဣန္ဒြေခြောက်ဝ လုံခြုံစွဖု ဗုဒ္ဓညီလှ ထေရ်နန္ဒ	လင်းယွဉ်ဘုတ် ၇၀
၁၃။	ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မှ	
	သိမ်(၃)သိမ်နှင့် ရှေးဟောင်းဘုရားများ	ကိုသက်(ဇီးကုန်း) ၇၇
၁၄။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော	
	နိဗ္ဗာန်မြင်ပုံ	မမွဒါန ၈၀
၁၅။	ဥူးသုမင်္ဂလ(ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော	
	မိတ်ဆွေကောင်း	မမွဒါန ၈၅
၁၆။	၁၆ နှစ်သမီး ဝိသာခါ	ဆင်ပြူကျွန်းအောင်သိန်း ၉၁
၁၇။	အယူဝါဒဆိုးများကို ပညာဖြင့်ပယ်ဖျက်ခဲ့သော	
	ဗောဓိရသေ့	ယောဂီတိုးအောင် ၉၅
၁၈။	မြန်မာရွှေလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး	
	ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်)နှင့် တွေ့ဆုံခြင်း ..	ဉာဏ်မွန့်(ဧက်မူ) ၁၀၀
၁၉။	ဆင်သွားလို့ လမ်းဖြစ်တာလား	မင်းလှမင်းဒေါင် ၁၀၅
၂၀။	နောက်မကျသေးပါဘူး	ရွှေစာ ၁၁၀
၂၁။	သိပ္ပံသည် အသုံးချစရာ	ဝုဏ်းလေး ၁၁၅
၂၂။	အတ္တမြူတို့ ကင်းသောလ	မထူးမွန်(ကျွဲပေါ်) ၁၁၄
၂၃။	ရေမွှောကမ်းတင် သစ်ဘဖြစ်က အံ့ဩစရာ	ထေယ်လင်းဒေါင် ၁၂၉

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	ငွေသောင်ယံ သဲငွင့်လေးပေါ်မှာ တူမောင်နှံ ရင်ဖွင့်တေးသီချင်ပါရဲ့	ကိုကြီးစော(သာယာပင်း) ၁၃၆
၂၅။	အချစ်စီရင်ချက်	တိုးမြင့် ၁၄၄
၂၆။	မြူဆွယ်ခြောက်လှန့်တတ်ပါသည်	တင့်ထူး(ငယ်ဖွားတီ) ၁၅၂
၂၇။	ဗုံလုံပင်ပေါက်နှင့် နှစ်(၁၅၀)သရဲ	ဆန်းဝင်း(အောင်မြေ) ၁၅၆
၂၈။	စီနီယာကြီး	ရဲမြတ်တင် ၁၅၉
၂၉။	အေးချမ်းမော၊ ဖိုးတေနှင့် ပန်းဆိုးတန်းမှတ်တိုင်	တွင်းကြီးသားတင်ဝင်းဦး ၁၆၅
၃၀။	သက်စွန့်ဆံဖျား လိပ်ထိုးသား	ဟင်္သာပြည်ထွေး(ပင်လယ်) ၁၇၁
၃၁။	သမုဒယကမ်းခြေခရီးမှ အလွမ်းရေစီး	သုနန္ဒာသွေ(သင်္ဘောသုံ) ၁၇၆
၃၂။	ဂန္ဓိရကျောက်ဆင်ကြီးနှင့် ကျွန်တော့်ဘဝပုံရိပ်များ	ရိုးရိုးဌေး ၁၈၁
၃၃။	အမှားလေးတစ်ချက်	သွေရိုန်း(အင်္ဂပူ) ၁၈၇
၃၄။	လယ်ယာမြေ လုပ်ပိုင်ခွင့်	ကိုမောင်စံသိန်း(ဝိုလ်ချုပ်ရွာ) ၁၉၂
၃၅။	တောခြောက်လေသလား အမြင်မှားလား	သိန်းတော်(ဧရာလိုင်း) ၁၉၆
၃၆။	ကွတ်ထိယသူရဲကောင်း	မကွေးဥ ၁၉၉
၃၇။	ဆောမြို့သူကြီး လူဝင်စား	ယောနကဘိုးထောင် ၂၀၂
၃၈။	နောက်ခန္ဓာမရမီစပ်ကြား	စုလတ်မောင် ၂၀၈
၃၉။	အုန်းတုံးကိုးတောင်ချက်ကြီး ဗိုလ်နေဝင်းတို့ကို ကယ်ထုတ်ပုံ	နွယ်ဦးမွန်(ကျုံဒိုး) ၂၁၁
၄၀။	ကြာလည်းမမေ့ မရှာဘဲတွေ့သော	ဝင်းဆိန်(အင်းဆိန်) ၂၁၄
၄၁။	မေတ္တာချစ်သွေးတစ်စက်	စာတ်ပုံမောင်မောင်အေး ၂၂၅
၄၂။	ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးတင်ထွဋ်	လှမိုး(ပညာရေး) ၂၃၀
၄၃။	ဆရာဒဂုန်တာရာ၏ ၁၉၃၈ ဒီဇင်ဘာရုသဒိုင်ယာရီ	မော်ဝန်းကြည်မြတ် ၂၃၆
၄၄။	နယ်ခဲ့တို့ ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဇာနည်များ ကုန်းဘောင်သွေး စွေးစွေးနီတဲ့ လင်းပင်ဟေ	ထွန်းလင်းသူ ၂၄၀
၄၅။	မင်းတို့မည်သည်နှင့် လူထုဟူသည်	လင်းဦးရဲခေါင် ၂၄၉
၄၆။	စိန်စီတဲ့ စက်ဘီးမြို့တော် နယ်သာလန်နိုင်ငံ အဓိပတာဒမ်	ကိုအေးမြင့်(မဟာဝိဇ္ဇာ-ရွှေ-သု) ၂၅၄
၄၇။	ချက်ဆေး ခေါ် အနာလိမ်းဆေး	မနင်းဝေ(ဟင်္သာတ) ၂၆၃
၄၈။	လက်တွေ့အသုံးချ မြန်မာ့ဆေးပြီးတိုများ	သုတေသီဆရာပြိုင်း ၂၆၄
၄၉။	အဖုအကျိတ်ပျောက်ဆေးနည်း	မကြည်ပြာ(သင်္ချာ) ၂၆၆
၅၀။	ဝမ်းပျက်ခြင်းမှ ဝမ်းလျှောဝမ်းကိုက်ရောဂါ	ရိုးရိုးဌေး ၂၆၇
၅၁။	ဇနီးမောင်နှံ ရာသက်ပန်ကျန်းမာပျော်ရွှင်အောင် အကျိုးပြုစေသည့် ပတ္တမြားကျောက်စိမ်းသီးနှံ ..	ဦးမင်းဇင်(ဂျေနင်း) ၂၇၀
၅၂။	ကျန်းမာအသက်ရှည်စေမည့် ဆီးဖြူသီး ...	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၇၅



www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	က ကန်စွန်းပင် ရေမှာရွှင် ဆေးဖက်အလွန်ဝင် . . .	ဟိန်းထက်အောင် ၂၇၈
၁၄။	နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏ . .	သမားတော်ကြီးဒေါက်တာသက်သွေ ၂၈၁
၁၅။	ပင်ကိုအသိဉာဏ်ကို ဖျက်ဆီးကြသူများ	တော်မြင့်(ငှက်ဖျား) ၂၈၃
၁၆။	အိမ်ထောင်ရေးနှင့် အချစ်စိတ်	ဘန်း(မြန်မာပြန်) ၂၉၄
၁၇။	ကာတွန်းကဏ္ဍ . .	မုဆိုးနိန်ကျယ်ဒင်္ဂါး(လွှေရှင်အေး)ကျော်ပြိုးလွင်းလင်းသူးတော် ၂၉၇
၁၈။	ပြုံးရယ်ရယ်ဟား ဟာသများ	ဆွေမြဲ၊ မောင်အုန်းဆေ(တောင်ဒဲ့) ၃၀၁
၁၉။	အလောင်းအစားနှင့်ဟောရဲသော ဒေဒင်ဟောကိန်း	ညွှန့်ဦးမာ(ကျောက်ဆည်) ၃၀၃
၆၀။	သုတစုံဖြာ ဤကမ္ဘာ	ဦးတိုး(တကွသိလ) ၃၀၅
၆၁။	ကျန်းမာရေးအတွက် သပြေကိုးခက် ရေကိုးခွက် ယဉ်ကြာ . .	အောင်ကြည်သန်း(တောင်တော်သီ) ၃၁၃
၆၂။	အချစ်ကြောင့် နှန်းစွန့်ခဲ့သူ၏ ကံဇာတာ . .	အောင်ဘုန်းမြင့်(ကချင်မြေ) ၃၁၆
၆၃။	အိမ်ရောင်းထွက်ရန်နှင့် ကံပွင့်ကံမြင့်ရန် . . .	ဆန်းဆင်း(အောင်မြေ) ၃၁၉
၆၄။	အချစ်မေ့လို့ အသစ်တွေ့နေလျှင်	ဆရာသက္က ၃၂၄
၆၅။	ချမ်းသာစေဖို့ သစ်ပင်စိုက်စို့	ဆရာအောင်ကျော်ဦး(လွှေတော်) ၃၂၆
၆၆။	ဘဝကံမြင့်စေ ပုတီးစိပ်နည်း	နတ်မျက်စိဆရာအောင်ဝိုး ၃၂၉
၆၇။	သိပ္ပံနည်းကျ ထူးခြားမြတ်လှ ဝါစတုသ္သတ္တရပညာ .	ဆရာဦးခန့်ကျော် ၃၃၂
၆၈။	၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယဉ်ကြာ	ဦးညွှန့်လှိုင်(ကြိုးပင်ကောက်) ၃၃၉
၆၉။	၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် ဒီဇင်ဘာလ ဟောကိန်းများ	ဆရာဦးခန့်ကျော် ၃၄၂

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဝုက်

အကြံပေး
ဦးစိုးဝိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ညောင်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

ဦးဆွေးအယ်ဒီတာ
စောင်းတောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်
မှတ်နှာခုံဒီခိုင်း
ကျော်မင်းမောင်
ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

မန်းခြံပညာရှင်များ
ဆန်းထွန်း၊ အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အတွင်းဝန်
ကိုဦး
မှတ်နှာခုံးနှင့်အတွင်းပုံနိုင်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀၀]
အမှတ်-၄၄၊ ၁၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ပြန်ရှိရာလိပ်စာ
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၈၉၃၀
ကြော်ငြာနှင့် ပြန်ရှိရာလိပ်စာ
နန္ဒာအောင် (၀၉-၃၁၀၆၆၀၃၄)

အဖွဲ့ခွဲ
အောင်ဝင်းဆန်
မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

ရောင်းစျေး	အုပ်ရေ
၂၄၀ ကျပ်	၁၀၀၀

www.burmeseclassic.com

ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူလွှဲချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ဉာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖူးခဲ့ရရှင်ပျော်ပျော်
သာဓုဆံတော်ရှင်စေတီတော်

မင်းဝုက်

သာဓုကန်ဟူသော အမည်နာမကို စာရှုသူများ ကြားသိဖူးကြပြီး ဖြစ်ပေမည်။ ရောက်ဖူးသူများလည်း အများအပြားပင် ရှိပေမည်။

သာဓုကန်သို့ ပျော်ပွဲစားခရီး ထွက်လေ့ရှိကြသည်ကို စာရေးသူ ငယ်စဉ် မူလတန်းကျောင်းသား ဘဝကပင် ကြားသိခဲ့ဖူးသည်။ မဟာသင်္ကြန်ကာလ နှစ်ဆန်းတစ်ရက်နေ့ ရောက်လေတိုင်း သာဓုကန်တွင် ငါးလွှတ်ပွဲ ကျင်းပသည်မှာ ကြာပါ့မကျ စည်ကားကြောင်းလည်း ကြားဖူးသည်။

သာဓုကန်အကြောင်းကို ဤကဲ့သို့ ကြားသိဖူးကြသော်လည်း မရောက်ဖူးကြသေးသူ အများအပြားပင် ရှိကြပေမည်။ ထိုအထဲတွင် စာရေးသူလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

စာရေးသူအနေနှင့် မြို့တော်ရန်ကုန်အတွင်းရှိ နွေဟောင်းသမိုင်းဝင် စေတီတော် အများအပြားကို အဖူးမျှော်ရောက်ရှိခဲ့ပြီး ဘုရားဖူးခရီးသွား ဆောင်းပါးများဖြင့် နေသားပုဇော်ဖြစ်ခဲ့သော်လည်း သမိုင်းဝင်စေတီတော်တစ်ဆူ ဖြစ်တော်မူသော သာဓုဆံတော်ရှင်စေတီတော်သို့ အဖူးမျှော် မရောက်ဖြစ်သေး

သာဓုကန် ပရိယတ္တိစာသင်တိုက်

www.burmeseclassic.com

သည်မှာ ကွက်လပ်တစ်ခုကဲ့သို့ ဖြစ်နေပေသည်။

ဤကွက်လပ် ပြည့်စေရန် ဦးစွာ ပထမ ဖြည့်ဆည်းပေးခဲ့သူက စာရေးသူ၏ ညီမကြီးပင်။ အသက် (၆၀)ပြည့်သည်အထိ နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းခဲ့ပြီးနောက် ဌာနဆိုင်ရာ၏ ခွင့်ပြုချက်အရ အသက်ပြည့်ပင်စင် စတင်ခံစားရသည့် အထိမ်းအမှတ်အဖြစ် သာခုကန်သို့ ပျော်ပျော်ပါးပါး ဘုရားဖူးသွားကြရန် စာရေးသူတို့ ဇနီးမောင်နှံအား ထိုညီမကြီးက ဖိတ်ခေါ်လာသည်။

ဤသို့ဖြင့် ၆. ၆. ၂၀၁၅ ရက်နေ့တွင် သာခုဆံတော်ရှင်စေတီတော်သို့ စာရေးသူတို့မောင်နှမ မိသားစု အဖူးအမြော် ရောက်ဖြစ်ခဲ့ကြသည်။ သို့ရာတွင် ထိုနေ့က ဖြိုင်ဖြိုင်ဖြိုးဖြိုး ရွာသည့် မိုးကြောင့် စေတီတော်ကို နှံ့စပ်စွာ ဖူးမြော်ခွင့် မရခဲ့ပေ။ ဓာတ်ပုံမှတ်တမ်း ရိုက်ကူးရန်လည်း အခက်တွေ့ခဲ့သည်။ သို့ရာတွင် ရရှိင်သမျှ မှတ်တမ်းဓာတ်ပုံများကို ရိုက်ဖြစ်အောင် ရိုက်ခဲ့မိသည်။

မိုးထဲလေထဲတွင် သာခုကန်ရေပြင်ကျယ်ကြီးကို စေတီရင်ပြင်တော်ပေါ်မှ လှမ်းမျှော်မြင်တွေ့နေရသည့် မြင်ကွင်းက လွမ်းမောဖွယ်ရာ သဘာဝပန်းချီကားချပ်သဖွယ်ပင်။ ထိုမြင်ကွင်းကို ကြည့်ရင်း သာခုဆံတော်ရှင်စေတီတော်နှင့် သာခုကန်ကြီးတို့ ပတ်သက်ဆက်နွယ်နေပုံကိုလည်းကောင်း။ သာခုဆံတော်ရှင်စေတီတော်၏ သမိုင်းကိုလည်းကောင်း သိလိုသည့်ဆန္ဒက ပြင်းပြ၍လာသည်။ သို့ဖြစ်၍ စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူခံဌာနတွင် အလှူငွေလှူဒါန်းရင်း စေတီတော် သမိုင်းစာအုပ် ရှိ၊ မရှိ စုံစမ်း

မိုးဖွဲဖွဲနှင့် သာခုကန်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရာ မရှိတော့ကြောင်းနှင့် စာပေဗိမာန် စာအုပ်ဆိုင်တွင် ရှိနိုင်ကြောင်း အဖြေစကား ကြားခဲ့ရသည်။

ဆည်မြောင်းချောင်းကန် ပြည့်လျှံဖြိုးအောင် မိုးလုံးမည်းမှု အားပါးတရ ရွာချသည် မဟုတ်သော်လည်း တဖွဲဖွဲနှင့် မစဲဘဲ ပျင်းရိငြီးငွေ့ဖွယ်ရာ ရွာနေသည့်မိုးကို စဲလိမ့်နိုးနိုး စောင့်စားရင်း စွေမြဲစွေမည့် အရိပ်အယောင်ကို အကဲခတ်မိလိုက်သဖြင့် စိတ်လျှော့ကာ ထိုနေ့က ဘုရားဖူးပြီးနောက် ပြန်ခဲ့ကြရသည်။

နောက်နေ့များတွင် သာခု ဆံတော်ရှင်စေတီတော် သမိုင်းစာအုပ် ရှာပုံတော်ဖွင့်ခဲ့သော်လည်း မအောင်မြင်ဘဲ ရှိနေသည်။

ထိုအကြောင်းကို လပြည့်ဝန်း မဂ္ဂဇင်း အယ်ဒီတာချုပ်အား ပြောပြခဲ့ပြီး စာရေးသူ ရိုက်ကူးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသခဲ့ရာ အယ်ဒီတာချုပ် စိတ်ဝင်စားသွားဟန် တူသည်။ မကြာမီပင် သူ စီစဉ်ပေးသဖြင့် သာခု

အနောက်ဘက်မုခ်စောင်းတန်း

ဆံတော်ရှင်သမိုင်းစာအုပ်ကြီး တစ်အုပ် စာရေးသူလက်ဝယ်သို့ ရောက်ရှိလာခဲ့သည်။

ထို့ပြင် မကျေပွဲအဖြစ် သာခု ဆံတော်ရှင်စေတီတော်သို့ တစ်ခေါက် ထပ်မံ သွားရောက် ဖူးမြော်ရန်လည်း စီစဉ်ပေးသဖြင့် ၈.၈.၂၀၁၅ ရက်နေ့တွင် သူနှင့်အတူ စာရေးသူတို့ ထပ်မံ သွားရောက်ဖြစ်ခဲ့ကြသည်။

ယာဉ်ကြောပိတ်သည့် ဒုက္ခမှ သက်သာခွင့်ရစေရန် စနေနေ့ ရုံးပိတ်ရက်ကို ရွေးချယ်ခဲ့ကြပြီး နံနက်စောစော ပင် နေအိမ်မှ ထွက်ဖြစ်ခဲ့ကြသည်။ ထိုနေ့က နေသာနေပြီး နံနက် ၈ နာရီ

အနောက်ဘက်လှေကား အဝင်ဝမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

သာယာရွာဟောဖွယ် ပန်းချီကားအလား ကြာကန်ငယ်

သာသာ နေရောင်ခြည်သည်ပင် ခါတိုင်းနှစ်များထက် ပို၍ ပူပြင်းနေသည်ဟု ခံစားမိသည်။ ကားထဲတွင် လေအေးစက် ဖွင့်ထားသဖြင့် သက်သောင့်သက်သာပင် စီးနင်းလိုက်ပါခဲ့ရင်း ဒီရာသီဥတု အတိုင်း ဆက်ဖြစ်နေရင်တော့ အဆင်ပြေလောက်ပါရဲ့ ဟူသော အတွေးက ဝင်ရောက်လာခဲ့သည်။

ရာသီဥတု သာယာနေသဖြင့် ဘေးဝန်းကျင်ဝယ်ကို သတိထားကြည့်ရှုမိသည်။ ကမ်းနားလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်တွင် အထပ်မြင့်တိုက်ကြီးများ၊ ရှော့ပင်းမောလ်ကြီးများက ထိုးထိုးထောင်ထောင် နေရာယူလာကြသဖြင့် မွန်းကျပ်သည့် မြို့ပြအရိပ်လက္ခဏာများ လွှမ်းမိုးကြီးစိုးလာကာ သစ်ရိပ်ဝါးရိပ်တို့ကင်းဆိတ်လုနီးပါး ရှိလာပြီး စိမ်းစိုသာမောဖွယ် မြင်ကွင်းများလည်း ပျောက်ကွယ်လုရှိနေပေပြီ။ သီရိမင်္ဂလာစျေးနှင့် ဘုရင့်နောင်စျေးရှေ့ရှိ လမ်းမကြီးများပေါ်တွင် အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့မှု ရှိမနေခြင်းမှာ ယနေ့အဖို့ ကံကောင်းသည်ဟုဆိုရမည်။ သို့ရာတွင် ယာဉ်ကြောမှာ ကျပ်နေဆဲဖြစ်၍ ထိုနေရာများ၌ အဖိုးတန် အချိန်များ အထိုက်အလျောက် ဆုံးရှုံးခဲ့ရသည်ပင်။

ဤခရီးအတွက် အယ်ဒီတာချုပ်သည် အငှားယာဉ်တစ်စီးကို အချိန်ပိုင်းဖြင့် ငှားရမ်း စီးနင်းခဲ့ကြသည်ဖြစ်ရာ ယာဉ်မောင်းသူ၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ယာဉ်ကြောကျပ်တည်းသည့် နေရာများကို အန္တရာယ်ကင်းစွာ ဖြတ်ခဲ့ကြပြီး ရွှေပြည်သာမြို့နယ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ရွှေပြည်သာမြို့နယ် အတွင်းရှိ လမ်းမကြီးမှာ ဘုရင့်နောင်လမ်းမကြီးလောက် ချောမွေ့ပြေပြစ်မှု မရှိသည်ကို တွေ့ရသည်။ ဤသို့ဖြင့် ဆက်လက်



ဒေါင်ပြိမ်ဦးစေတီ

ယက္ခမယ်တော်

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့် အောင်သိဒ္ဓိစေတီ



သာဓုဆံတော်ရှင်စေတီတော်

မောင်းနှင်ခဲ့ကြရာ လက်ယာဘက် လမ်းသွယ်တစ်ခု၏ လမ်းထိပ်တွင် "သာဓုဆံတော်ရှင်စေတီတော်သို့" ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကို မြင်လိုက်ရသဖြင့် ထိုလမ်းအတွင်းသို့ ကွေ့ဝင်ခဲ့ကြသည်။

ရန်ကုန်မြို့ထဲတွင် မမြင်တွေ့နိုင်တော့ပြီဖြစ်သော မြင်းလှည်းများကို ထိုလမ်းထဲတွင် တွေ့လိုက်ရသည်။ လမ်းသွယ်လေး ဖြစ်သော်လည်း နိုင်လွန်ကတ္တရာခင်းထားသဖြင့် ချောမွေ့ပြေပြစ်လျက်ရှိပြီး ဘေးဝဲယာရှိ နေအိမ်

သာဓုကန်စေတီတော်မြတ်ကြီး သမိုင်းကျောက်စာ



အာရုံခံတန်ဆောင်းတွင်း ရပ်ပွားတော်အား စာရေးသူမှမြော်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

လေးများကလည်း သန့်ရှင်းသပ်ရပ်ကာ ဆိတ်ငြိမ်ရပ်ကွက်လေးတစ်ခုအသွင်ကို ဆောင်လျက်ရှိသည်။

ထိုလမ်းသွယ်လေးအတိုင်း ဆက်လက် ဝင်ရောက်ခဲ့ကြရာ မကြာမီပင် ရှေ့တွင် လမ်းနှစ်ခွဖြစ်နေသည်ကို တွေ့လိုက်ရသည်။ လက်ဝဲဘက် လမ်းပေါ်တွင် မြန်မာမှုအနုလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ ခြယ်မှုန်းတည်ဆောက်ထားသော "သာဓုဆံတော်ရှင် စေတီတော်" မုခ်ဦးကြီးကို မြင်တွေ့ရပြီး လက်ယာဘက် လမ်းသွယ်ပေါ်တွင် "သာဓုကန် ပရိယတ္တိစာသင်တိုက်ကြီး"ဟူသော မုခ်ဦးကြီးတို့ကို တွေ့လိုက်ရသည်။

သစ်ရိပ်ဝါးရိပ် တောတောင်ရိပ်တို့ လွှမ်းခြုံထားသည့် ဘုရားစေတီကျောင်းကန်တို့အနီးသို့ ချဉ်းကပ်မိခဲ့ကြပြီဖြစ်၍ ငြိမ်းအေးချမ်းသာသည့် အငွေ့အသက်များ ရင်တွင်း၌ ခံစားမိလာသည်။ မုခ်ဦးကြီးအောက်ရှိ လမ်းသွယ်လေးအတိုင်း ဆက်လက်မောင်းနှင် ဝင်ရောက်ခဲ့ကြပြီးနောက် မကြာမီပင် စေတီတော်ကြီးကို လှမ်းမြင်လိုက်ရသည်။ မြန်မာမှုအနုလက်ရာများဖြင့် တခမ်းတနား မွမ်းမံတည်ဆောက်ထားသည့် စောင်းတန်းတော်ကြီးနှင့် ဝင်ပေါက် မုခ်ဦးကြီးတို့မှာ တောင်တော်ပေါ်တွင် စံပယ်တော်မူလျက်ရှိသော သာဓု ဆံတော်ရှင်စေတီတော်ကြီး၏ ခြေတော်ရင်းတွင် ဝပ်စင်းကာ ပူဇော်နေသကဲ့သို့ပင်။

လမ်းဘေးဝဲယာရှိ ဈေးဆိုင်တန်းလေးကို ဖြတ်ကျော် ဝင်ရောက်ခဲ့ပြီးနောက် ယာဉ်ရပ်နားစခန်းရှေ့ ရောက်သည်တွင် မြင်ကွင်းက ပို၍ပြင်လာသည်။ စောင်းတန်းတော်ကြီး၏ ဝင်ပေါက်မုခ်ဦးအရှေ့ ဝဲယာတစ်ဖက်တစ်ချက်စီတွင် တွေ့ရသည့် မြန်မာမှုအနုလက်ရာဖြင့် ထုလုပ်ထားသော ခြင်္သေ့ရုပ်တုကြီးနှစ်ခုမှာ အားမာန်အပြည့်ဖြင့် စေတီတော်ကြီးအား စောင့်ရှောက်နေသည့်ပမာ အသက်ဝင်လှသည်။

အနောက်ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်း မြင်ကွင်း

ဘိုးယကွ

www.burmeseclassic.com

www.burmeseclassic.com

သာဓုဘုရားသိမ်တော်

သာဓုဆံတော်ရှင်စေတီ သာသနာ့ဝိဟာန်တော်

ဦးဟောင်ဟောင်သန်းဇရပ်

ကျယ်ဝန်းသည့် ယာဉ်ရပ်နား စခန်း ရှိသဖြင့် ယာဉ်ရပ်နားရသည်မှာ လည်း အဆင်ပြေသည်။ ယာဉ်ရပ်နား စခန်း ဝဲဘက်အခြမ်း တောင်ကုန်းငယ် ပေါ်တွင် "ဆုတောင်းပြည့် အောင်သိဒ္ဓိ စေတီ"ဟုမုခ်ဦးကမ္မည်းရေးထိုးထားသည့် စေတီတော်ငယ်တစ်ဆူကို ဖူးတွေ့ရပြီး ထိုစေတီငယ်၏ဘေးဘက်မလှမ်းမကမ်း တွင် အုတ်ခဲ အုတ်ရိုးပတ်လည် အုတ် ဖိနပ်ခံ သွပ်မိုးပျဉ်ခင်း ဇရပ်တစ်ဆောင် ကို တွေ့ရသည်။ ထိုဇရပ်မှာ ဦးမောင် မောင်သန်းဇရပ် ဖြစ်ကြောင်းသိရသည်။ ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် ဘုရားဖူးများ အပန်းဖြေနားနေနိုင်ရန် အတွက် ဤကဲ့သို့ တန်ဆောင်းဇရပ်များ တည်ဆောက်လှူဒါန်းသည့် ကုသိုလ်ရှင် တို့၏ စေတနာ သဒ္ဓါတရား ထက်သန်မှု ကို စာရေးသူ သာဓုခေါ်မိသည်။

ယာဉ်ရပ်နားစခန်း လက်ယာ ဘက်အခြမ်းတွင်လည်း "သာဓုဆံတော် ရှင်စေတီ သာသနာ့ဝိဟာန်တော်" ဟု ကမ္မည်းစာတန်း ရေးထိုးထားသည့် သစ် လွင်ခဲ့ထည် အလှကြွယ်လှက်ရှိသော လည်ပေါ် နှစ်ဆင့် တစ်ထပ်အုတ်တိုက် ဝိဟာန်တော်တစ်ဆောင်ကိုလည်း ဝမ်း မြောက်ဖွယ်ရာ တွေ့မြင်ရသည်။

ခြေသို့ ရုပ်တုကြီး အနောက် ဘက် လှေကားခုနစ်ထစ်၏အထက်တွင် ဟသ်ပြဒါးရောင် အောက်ခံတွင် ရွှေ ရောင်ကနုတ်ပန်း မြန်မာမှုအနုလက်ရာ များဖြင့် ခြယ်မှုန်းထားသည့် ဘုံခုနစ်ဆင့် စုလစ်မွမ်းခွန် ပြာသာဒ်အထွတ်တင် အနောက်ဘက်စောင်းတန်း မုခ်ဦးကြီးကို တွေ့လိုက်ရသည်။

စောင်းတန်းမုခ်ဦး ကြမ်းပြင်ကို ကြွေပြားအဖြူများ ခင်းထားပြီး စောင်း တန်းလှေကားထိပ် တစ်ဖက်တစ်ချက်စီ တွင် သန်လျက်ထမ်း ဘီလူးရုပ်တုတစ်ခု စီကို တွေ့ရသည်မှာလည်း အသက်ဝင် လှသည်။

စောင်းတန်းတော်ကြီး တစ် လျှောက် ဟသ်ပြဒါးရောင် ဟိုင်လုံးကြီး

www.burmeseclassic.com

www.burmeseclassic.com

များပေါ်တွင် ရွှေရောင်ကြာမှောက်ကြာလှန် အင်္ကတေကနုတ်ပန်းဖော် မြန်မာမှုအနုလက်ရာများ ခြယ်မှုန်းထားသည်မှာလည်း ပန်ရလှသည်။

ဘေးတစ်ဖက်တစ်ချက်တွင် သံပိုက်လုံးလက်ရန်းများ တပ်ဆင်ပေးထားသဖြင့် သက်ကြီးရွယ်အို ဘုရားဖူးများအတွက် အထောက်အကူဖြစ်လျက်ရှိပေသည်။ စောင်းတန်းလှေကားအတိုင်း တက်ခဲ့ကြပြီး ခရီးတစ်ဝက်ခန့်ရောက်သည်တွင် လက်ယာဘက် အဆောင်ငယ်တစ်ခုအတွင်း၌ ယက္ခမယ်တော်ကြီး ရုပ်တုကို တွေ့ရသည်။

ထိုမှ ဆက်၍ တက်ခဲ့ကြရာ တောင်တော်အလယ်ပစ္စယာ ရောက်သည်တွင် လက်ယာဘက်အခြမ်း၌ပင် ရွှေမင်သက်နန်းဖြင့် တင့်တယ်စွာစံပယ်တော်မူလျက်ရှိသော ဇေတီငယ်တစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့လိုက်ရသည်။ ထိုစေတီငယ်မှာ ဘုရားဒါယိကာမကြီး ဒေါ်ငြိမ်းဦး တည်ထားခဲ့သည့် စေတီဖြစ်ပြီး ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သဖြင့် ၁၂၉၁ ခုနှစ်တွင် ရန်ကုန်မြို့ (ပန်းထိမ်တန်း) ၂၂ လမ်း၊ တိုက်အမှတ် ၁၂၆ နေ မောင်ဖြစ်သူ ရာဇဝတ်ဝန်ထောက် ဦးသင်နှင့်မိသားစုတို့က ပြုပြင်တည်ဆောက်ခဲ့သည်။ ထိုမှနှစ်ပေါင်း ၆၃ နှစ်ကြာသည်တွင် စေတီတော် ထပ်မံယိုယွင်းပျက်စီးလာသဖြင့် ၁၃၅၄ ခုနှစ် တပို့တွဲလဆန်း ၈ ရက်နေ့တွင် ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့ပြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ခဲ့သည်ဟု ဆိုသည်။

တောင်တော် အလယ်ပစ္စယာ လက်ဝဲဘက်ခြမ်းတွင် "သာခုဘုရားသိမ်တော်" ဟု ကမ္ပည်းရေးထိုးထားသည့် သိမ်တော်ကို တွေ့ရသည်။

ထိုသိမ်တော်မှာ ရာမညတိုင်းအတွင်းရှိ ဝါးနက်ချောင်း၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်၊ လှော်ကား၊ သနဲလျင်၊ ၁၀၊ တွံတေး၊ ဒေးဒရဲ၊ ဒလ၊ လှိုင်၊ ခနုဖြူ၊ ဇလွန်၊ ပုသိမ်၊ စစ်တောင်း၊ ရင်းငြိမ်၊ မုဒ္ဓမ၊ မော်လမြိုင် စသော မြို့ရွာများ၌ ဓမ္မစေတီမင်းကြီး သမုတ်တော်မူခဲ့သည့် သိမ်ပေါင်း ၂၉၀ တွင် ပါဝင်သည့် သိမ်တော်ဖြစ်ပြီး သက္ကရာဇ် ၈၃၈ ခုနှစ် နတ်တော်လအတွင်းတွင် ဟံသာဝတီပြည်ရှင် ဓမ္မစေတီမင်းကြီးက ကုသိုလ်တော်အဖြစ် တည်ထားခဲ့ပြီး သီဟိုဠ်ပြန် မထေရ်မြတ်ကြီးတို့ဖြင့် ဝိနယဓမ္မနှင့်ညီစွာ သီမသမူ ဟနက် သီမသမ္ဘတိကံမြောက် သမုတ်တော်မူခဲ့သော သာသနာဝင် သမိုင်းဝင် သန့်ရှင်းစင်ကြယ်စွာသော သိမ်တော်ကြီး တစ်ဆူ ဖြစ်ကြောင်း သိရသည်။

သာခုဆေတော်ရှင် စေတီတော်ကြီး တည်ရှိရာ သာခုရွာသည် ယခင်က မထင်မရှား ရှိနေခဲ့ပြီးတွင် ထိုစဉ်က မှော်ဘီမြို့အပိုင် လှော်ကားသည်သာ ထင်ရှားခဲ့သဖြင့် ရှေးမွန်စာဟောင်း၊ သမိုင်းဟောင်းများတွင် ယခု သာခုဆဲတော်ရှင်စေတီတော်တည်ရာ ကျိုက္ကမော့ကုန်းတော် အလယ်ပစ္စယာ၌ တည်ရှိသည့် ထိုသိမ်ဟောကို လှော်ကားသိမ်ကြီးအဖြစ် သမုတ်ခဲ့သည်ဟု ဆိုသည်။

ထိုသိမ်တော်၏ အနောက်ဘက်တွင် စေတီတော်တစ်ဆူနှင့်တန်ဆောင်းကြီး တစ်ဆောင် ရှိသည်ကို မြေပုံတွင် တွေ့ရှိထားသဖြင့် ဝင်ရောက်ကြည့်ရှုဖူးမြော်လိုသော်လည်း ပြန်အဆင်းမှပင် ဖူးမြော်ရန် ဆုံးဖြတ်ကာ ဆက်လက် တက်ရောက်ခဲ့ကြရာ မကြာမီပင် ရင်ပြင်တော်ပေါ်သို့ ရောက်ရှိခဲ့ကြသည်။

ရင်ပြင်တော်ပေါ်သို့ ရောက်သည်နှင့် လက်ဝဲဘက်တွင် အလှူခံဌာနကို တွေ့ရပြီး ရှေ့တူရွတွင် အနောက်ဘက် အာရုံခံတန်ဆောင်းတော်ကြီးကို တွေ့ရသည်။ လက်ယာဘက်တွင်မူ တန်ဆောင်းအတွင်း၌ ထားရှိသည့် ကြေးခေါင်းလောင်းနှစ်လုံးနှင့် သာဓုကန်စေတီတော်လမ်းမှ ကမ္ပည်းကျောက်စာတို့ကို လှမ်းမြင်လိုက်ဖွယ်သည်။

ရှေးဦးစွာ အာရုံခံတန်ဆောင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

အာရုံခံတန်ဆောင်း၏ မှန်လုံခန်း အတွင်းဝယ် ဘူမိဖသမုဒ္ဒာကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုကျောက်ဆင်းတု ရုပ်ပွားတော်မှာ အင်္ဂတေမံဘုရားဖြစ်ပြီး ဘုရင်တော် ခုနစ်ပေ သုံးလက်မရှိကာ ကဿပဖြတ်စွာဘုရား ရုပ်ပွားတော်ဖြစ်ကြောင်း သိရသည်။

ဆင်းတုတော်၏ လက်ယာဘက်တွင် ရှင်သီဝလိ ရဟန္တာရုပ်တုတော်နှင့် လက်ဝဲဘက်တွင် ရှင်ဥပဂုတ္တ ရဟန္တာရုပ်တုတော်တို့ကိုလည်း ဖူးတွေ့ရသည်။

မှန်လုံခန်းအတွင်းသို့ ဝင်ရောက်ဖူးမြော်ရန်ခွင့်ပြုထားသဖြင့် စောင်းတန်းလှေကားမှ တက်ခဲ့စဉ်က ဇနီးဖြစ်သူ ဝယ်ယူလာသည့် ဘုရားပန်းများအား လှူဒါန်းပူဇော်ခိုင်ရန် မှန်လုံခန်းအတွင်း သို့ စာရေးသူ ဝင်ရောက်ခဲ့သည်။

ထို့နောက် ဤဘဒ္ဒကမ္ပာတွင် တတိယမြောက် ပွင့်တော်မူခဲ့သော ကဿပမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်တို့ကို ရည်မှန်းကာ ဘုရားပန်းများ ကပ်လှူခဲ့ပြီး မြတ်မြတ်နိုးနိုး ရှိခိုးပူဇော် ဖူးမြော်ဖြစ်ခဲ့သည်။

ထိုမှန်လုံခန်း အတွင်းဝယ် ဘုရားရှင်အား ဖူးမြော်နေသည့်ပုံစံ ဓာတ်လူးဖ်ဟုတစ်ခုကိုလည်း မြင်တွေ့ရပြီး ထိုရုပ်တုမှာ ဘိုးယက္ခကြီးရုပ်တုဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ထိုရုပ်တုသို့ ဆင်မြန်လှူဒါန်းထားသည့် အဆင်အပြင်များမှာမူ တစ်မျိုးတစ်ဖုံ ဖြစ်၍နေသည်ဟု စာရေးသူထင်မြင်မိသည်။ တောင်တော် အလယ်ပစ္စယာတွင် မြင်တွေ့ခဲ့သည့် ယက္ခမယ်တော်ကြီးနှင့် ဆက်နွယ်ကာ ကုသိုလ်ရှင်တို့က လှူဒါန်းထားကြခြင်း ဖြစ်ဟန်တူပေသည်။

စင်စစ်အားဖြင့် ဤစေတီတော်မှာ ယက္ခဘီလူးတို့နှင့်သာ ဆက်နွယ်ခဲ့သည်ကို စာရေးသူ ယေဘုယျအားဖြင့် သိထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ အာရုံခံတန်ဆောင်းအတွင်းမှထွက်ခဲ့ပြီးနောက် စေတီတော်သမိုင်း ကမ္ဘည်းကျောက်စာ ရှိရာသို့ သွားရောက်ခဲ့ကြပြီး ကမ္ဘည်းကျောက်စာကို ဖတ်ရှုလေ့လာခဲ့သည်။ ထိုကမ္ဘည်းကျောက်စာတွင် ဖော်ပြထားသည်မှာ -

(ကျောက်စာမူရင်းအတိုင်း ကူးယူ ဖော်ပြထားခြင်း ဖြစ်သည်။)

"ကကုသန် မြတ်စွာဘုရား လက်ထက် ဘီလူးမာန်စွယ်ကျွတ်ရာ ဒိဂနိပရော မွန်ဘာသာဖြင့် ခေါ်ဆိုသော ဤတောင်ထွတ်တွင် ဘုရားရှင် သာဝုသုံးကြိမ် ခေါ်တော်မူ၍ ပေးသနားအပ်သည့် ဆံတော်နှစ်ဆူကို ပူဇော်ခဲ့ကြောင်း သမိုင်းဟောင်း အဆိုရှိ၏။ မရွှိမဒေသ ရှင်ယသ၊ ရှင်ဉာဏ၊ ရှင်သုစီ အမှူးရှိ ရဟန္တာများ ပင့်ဆောင်တော်မူခဲ့သည့် ဓာတ်တော်မွေတော်တို့ကို သီဟဒီပမင်း၏ မှူးတော်မတ်တော်အပေါင်းတို့ ဌာပနာသွင်း စေတီတည်ထားကြောင်း သိရှိရသည်။

သက္ကရာဇ် ၇၄၅ ခုနှစ်တွင် ဗညားနွဲ့(ရာဇာဓိရာဇ်) ဤကုန်းတော်မှ ဖခမည်းတော်၏ ထီးနန်းရှိက္ခ်ာရာဆက်ခံရသဖြင့် တပို့တွဲလဆန်း (၁၂) ရက်နေ့တွင် အောင်ပွဲခံတော်မူသောကြောင့် နှစ်စဉ် ပွဲတော်ကို ထိုနေ့ ထိုရက်မှစ၍ အစဉ်အလာ မပျက် ဆက်လက်ကျင်းပမြဲ ဖြစ်သည်။

သက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် မော့ဘီမြို့စား ဘိုးဝသိန္ဒင့် ရွှေပေါက်ပင်ဆရာတော်ကဉင်း၊ သက္ကရာဇ် ၁၂၀၂ ခုနှစ်တွင် မြို့စား မင်းဗန္ဓုကဉင်း၊ သက္ကရာဇ် ၁၂၄၀ ပြည့်တွင် ရန်ကုန်မြို့ ဦးခက ဉင်း၊ သက္ကရာဇ် [illegible] ပေါင်း၍ စေတီတော်မြတ်ကြီးအား ပြုပြင် မွမ်းမံပြီးလျှင် သက္ကရာဇ် ၁၂၅၀ ပြည့်တွင် ရွှေထီးတော်သစ် တင်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် မြို့အုပ်ဦးသာဒွန်း၏အဘိုးဦးကုလား၊ အဖွားဒေါ်မင်းရာ၊ အစ်ကို ရွှေတိဂုံဘဏ္ဍာတော်ထိန်းလူကြီး ဦးနေဒွန်းသည် သက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် ထီးတော်သစ် တင်လှူပူဇော်ခဲ့ပြန်သည်။ ထို့နောက် သားတော်ဖြစ်သူ ဦးဘရီက ဂျပန်ခေတ်အထိ ဆက်လက် ပြုပြင်ခဲ့သည်။ စောင်းတန်းသစ်များ လှူဒါန်းခဲ့သည်။

သက္ကရာဇ် ၁၃၄၅ ခုနှစ်တွင် အိုမင်း ဟောင်းနွမ်းလျက်ရှိသော ထီးတော်ကြီးအား တပ်ဖွဲ့အသီးသီး၊ အစိုးရဌာနအသီးသီး ကျေးရွာပေါင်း (၂၀)မှ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းတိုင်ပင်၍ မြို့နယ် ကျေးရွာသံဃနာယက ဆရာကော်မ္မာ၏ ဩဝါဒကို ခံယူကာ အင်းစိန်မြို့ ဈေးကုန်းကျောင်းတိုက် သံဃဝေယျာဝစ္စအသင်းနှင့် တွဲဖက်ပြီး ထိုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့မှ လပြည့်နေ့ (၁၆. ၂. ၈၄) ကြာသပတေးနေ့အထိ စေတနာရှင်များ၏ ရွှေထီးတော်သစ်ကြီးကို စည်ကားသိုက်မြိုက်အောင်မြင်စွာ တင်လှူခဲ့ပါကြောင်း။

နတ်လူသာဝု ခေါ်စေသော် - မှတ်တမ်းတင်သူ ဆရာဦးကျော်ရွှေ၊ အင်းစိန်" ဟူ၍သာ တို့ထိရုံမျှ လှစ်ဟပြထားသည်။

သို့ဖြစ်၍ သံတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင် ရေးသားပြုစုသည့် "ကကုသန္ဓမြတ်ဗုဒ္ဓ၏ ဇဝမာနက သကေသ ဓာတုဝင် သာဝုဆံတော်ရှင်" ဟူသော စေတီတော် သမိုင်းစာအုပ်ကို စာရေးသူ ဖတ်ရှုလေ့လာဖြစ်ခဲ့သည်။

ထိုစာအုပ်တွင် မော့ဘီဆရာ [illegible] ရေးသားခဲ့သော "သာဝုကန် ဘုရားသမိုင်း"၊ ဆရာမောင်ဝင်းခိုင် ရေးသားခဲ့သော "သာဝုကန်စေတီတော် သမိုင်းအကျဉ်း"၊ ဆရာလှသမိန် ရေးသားခဲ့သည့် "သာဝုကန်စေတီတော်" သမိုင်းအကျဉ်းနှင့် ဆရာမင်းမတော် ရေးသားသည့် "သာဝုဆံဘုရား" သမိုင်းအကျဉ်းတို့ကိုပါ ဗဟုသုတ ရစေရန် ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် သာဝုဆံတော်ရှင်စေတီတော်သမိုင်းဆိုင်ရာ အချက်အလက်များ အတွက် အထောက်အပံ့ ရရှိသည့် ညောင်ရမ်းခေတ် သတ္တမမြောက်ရမည်း သင်း မင်းရဲကျော်ထင် ခေါ် ဝမ်းဘဲအုင်း စံမင်းတရား၏ သားတော် ပညာရှိ မင်းသား ပြင်စည်မြင့်မှူး မင်းရဲနရသူ သက္ကရာဇ် ၁၀၃၆ ခုနှစ်တွင် ရေးဖွဲ့ခဲ့သော "ရှင်ပင်ရွှေတိဂုံသမိုင်းဖတ်စာ ပျို့လင်္ကာ"ပေမူ သမိုင်းကျမ်းနှင့်တကွ မော်လမြိုင်ဘုရားကြီးကျောင်း ဆရာတော် ပဲခူးဆရာကူး၊ [illegible] စစ်ကဲကြီး ဦးရွှေနော်၊ ဆရာမောင်ဆုရှင် စသည့် ရဟန်းပညာရှိ၊ လူပညာရှိတို့၏ ရှေးမွန်စာဟောင်း၊ ကျမ်းဟောင်း၊ မြန်မာစာဟောင်း၊ ဂန္ထဝင်းဟောင်း အဆိုအမိန့်များကိုလည်း ဤစေတီတော် သမိုင်း စာအုပ်ကြီးတွင် ထည့်သွင်း ရေးသား ဖော်ပြထားသည်ကို ဖတ်ရှုလေ့လာဖြစ်ခဲ့သည်။

ထိုဖတ်ရှုလေ့လာချက်များအရ သာဝုဆံတော်ရှင် စေတီတော်မြတ်၏ သမိုင်း အပြည့်အစုံကို ရေးသားတင်ပြရသည်ရှိသော်...

(ဆက်ရန်)

မင်းဂုဏ်

စာကိုး

* ကကုသန္ဓမြတ်ဗုဒ္ဓ၏ ဇဝမာနက သကေသဓာတုဝင် သာဝုဆံတော်ရှင်၊ ဟံသာဝတီ ဦးအုန်းကြိုင်။

❑

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းနှင့် ရိုးဂုဏ်

မုဒိတာ(ဒေါ်စည်မြ)

ရိုးသားခြင်း ဟူသည် မုသားဖောက်သည့် အမှန်တရားသက်သက်၊ ဒဏ္ဍာသန မဖက်သည့် သဘာဝသက်သက်ကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ ရိုးသားမှုရှိမှ သူတော်ကောင်းကျက်သရေရှိ၍ တင့်တယ်ပါသည်။ ရိုးသားမှုရှိမှ မိမိကိုယ်ကို အားရကျေနပ်မှုရှိ၍ ကြည်ညိုနိုင်ပါသည်။

ရိုးသားမှု မရှိလျှင် မိမိကိုယ်မိမိ စွပ်စွဲသည့်ဒဏ်၊ အကြည်ညိုမဲ့သည့် ဒဏ်ကို ရွေးဦးစွာ ခံစားရပေသည်။

မရိုးသားခြင်း ဟူသည် အမှန်တရားကို မုသားဖြင့် ဖုံးကွယ်ခြင်း၊ သဘာဝကို ပကာသနဖြင့် ဖုံးကွယ်၍ ဟန်ဆောင် လှည့်စားခြင်းတို့ ဖြစ်ပေသည်။

ရိုးသားသူသည် မှန်ကန်မှုရှိသောကြောင့် ရဲရင့်၏။ ပရိသတ်အလယ်၌ နေ့ဝံ့သော သတ္တိရှိ၏။ မရိုးသားသူသည် မှန်ကန်မှုမရှိသောကြောင့် ရဲရင့်နိုင်စွမ်း မရှိ၊ ပရိသတ်အလယ်၌ နေ့ဝံ့သော သတ္တိသည် မရှိပေ။

ဘုရားရှင် ရိုးသားသူကို လွန်စွာ ချီးကျူးတော်မူ၍ မရိုးသားသူကို ပြင်းစွာ ကဲ့ရဲ့ရှုတ်ချတော်မူသည်။

ထို့ကြောင့်လည်း စွာန်၊ မဂ်၊ ဖိုလ် မရပါဘဲနှင့် စွာန်၊ မဂ်၊ ဖိုလ် ရသယောင် ဟန်ဆောင်လှည့်စားကြသော ရဟန်းများကို သာသနာ့ဘောင်မှာ မနေရဟု အဓိပ္ပာယ်ရသည့် စတုတ္ထ ပါရာဇိက သိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်သည်။

မရိုးသားခြင်းသည် အလိုလောဘကြောင့်ဖြစ်ရသည်။ ရိုးသားခြင်းသည် ရောင့်ရဲခြင်းကြောင့် ဖြစ်ရသည်။ မရိုးသားသူကို လူအများက အယုံအကြည်မဲ့ကြသည်။ ကြည်ညိုလေးစားမှု မရှိကြပေ။ ရိုးသားသူကိုကား လူအများက ယုံကြည်ကြသည်။ ကြည်ညိုလေးစားကြသည်။ ရိုးသားခြင်းဟူသော ဂုဏ်သည် ရဟန်းဘဝနှင့် အလွန်လိုက်ဖက်သော ဂုဏ်ဖြစ်သည်။ ရိုးသားခြင်း ဂုဏ်နှင့် ပြည့်စုံသော ရဟန်းသည် အများ၏ ကြည်ညိုလေးစားခြင်းကို ခံနိုင်ရည်ရှိသူဖြစ်သည်။ ကြည်ညိုဖွယ် အလွန်ကောင်း၏။

ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီးကို ဦးဆောင်ပြီး အဏက်တန်း သာသနာ့တာဝန်များကို ရွှဲရွှဲပြဲချွဲ ထမ်းဆောင်ခဲ့သော မစိုးရိမ်ဆရာကော်ဘုရားကြီးသည် ရိုးရှင်းဖွာ နေတော်မူတတ်သလို ပွင့်ပွင့်လင်းလင်းလည်း မိန့်တော်မူတတ်သည်။ မစိုးရိမ်ကျောင်းတိုက်ကြီးမှာ စာပေပို့ချနေသော်လည်း ရဲဖန်ရဲခါ စစ်ကိုင်းတောင်က နံ့သာချောင်တွင် တောရိပ်တောင်ရိပ် ခိုလှုံလေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းကလည်း ထိုနံ့သာချောင်တွင် သုံးနှစ်တာ သီတင်းသုံးတော်မူခဲ့သည်။

မစိုးရိမ် ဆရာတော်ဘုရားကြီးသည် ဘုန်းကံကလည်း ကြီးမားတော်

www.burmeseclassic.com

www.burmeseclassic.com

မူသော်ကြောင့် အေးအေးလူလူနေဖို့ ရည်ရွယ်ထားသော မစိုးရိမ်ကျောင်း အသစ် ပရိဝုဏ်ထဲတွင် ကျောင်းဒကာ၊ ကျောင်းဒကာမတွေက နေ့ချင်း ညချင်း ကျောင်းတွေဆောက်လုပ် လှူဒါန်းကြသည်မှာ ကျောင်းဆောက်ကိုးကွယ်စရာ မြေကွက်လပ်၊ မကျန်တော့လောက်အောင် ဖြစ်ရတော့သည်။

ဆရာတော်ဘုရားကြီး သက်တော် (၉၆)နှစ် မွေးနေ့တော်ကွင် ဤသို့ မိန့်တော်မူခဲ့သည်။

"ငါတော့ အသက်(၉၆)နှစ်ရှိပြီ၊ ဘာတရားမှ မရသေးဘူးဗျာ" ဟူ၏။

ဆရာတော်ကြီး၏ ရိုးသားခြင်းကို လူပျံတော်ပတ္တမြား ဦးမောင်မောင်က ဤသို့လျှောက်တင်၍ ခိုးကျူးလေသည်။

"ဆရာတော် ဘာတရားထူးမှ မရပေမယ့် ပုထုဇဉ်ရဟန်းတစ်ပါးအနေနဲ့ အနီးကပ် အကိုးအကွယ်ခံနိုင်တဲ့ ဆရာတော်ဘုရား"

ရိုးသားခြင်းသည် လူတိုင်းအတွက် "စံ" စိတ်ဓာတ်ဖြစ်၍ ဘယ်သောအခါမှ မရိုးနိုင်သော ဂုဏ်ဖြစ်ပေသည်။

ရိုးသားခြင်းသည် ဟန်ဆောင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ထို့ကြောင့် ဟန်ဆောင်သူနှင့် ရိုးသားသူတို့သည် အမြင်ချင်းမတူ၊ အပြုအမူချင်း မတူကြပေ။ ဟန်ဆောင်သူသည် လာဘ်လာဘကို အကြောင်းပြု၍ ရိုးသားခြင်းကို စွန့်လွှတ်၏။

ရိုးသားသူသည် ရိုးသားခြင်းဂုဏ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော လာဘ်လာဘ ပူဇော်သက္ကာရကိုသာ မျှော်လင့်၏။ မရရှိသော်လည်း တုန်လှုပ်မှုမရှိပေ။ လာဘ်လာဘ ပူဇော်သက္ကာရ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးသားမြဲ ရိုးသားကြလေသည်။

တစ်ခါက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတုန်းမင်းကြီးက မြောက်ဥယျာဉ်တော်သို့ ပင့်ဆောင်ထားသောကြောင့် ဆရာတော်အချို့နှင့် တကွ ကြွတော်မူလာကြရာ ဆရာတော်များ ရောက်နှင့်သော်လည်း မင်းတရားကြီး ရောက်မလာသေး၍ ဆရာတော်များသည် ဥယျာဉ်တော်အတွင်းဝယ် အညောင်းပြေ ကြွရောက်ကြည့်ရှုတော်မူကြသဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည်လည်း နေရာမှထ၍ တစ်စုံသော သစ်ပင်အောက်၌ သစ်ကိုင်းကို လက်လှမ်းဆွဲကာ ရပ်တော်မူနေစဉ် မင်းတရားကြီး ဥယျာဉ်တော်သို့ ရောက်လာလေသည်။

မင်းတရားကြီး လာနေသည်ကို မြင်သော်လည်း ရွှေကျင်ဆရာတော်သည် နေတော်မူမြဲ သစ်ကိုင်းကို လက်လှမ်းဆွဲကိုင်လျက်ရှိသော ဣရိယာပုထ်ကို မဖျက်ဘဲ လက်လှမ်းလျက်ပင် နေတော်မူ၏။

ရွှေကျင်ဆရာတော် ဣရိယာပုထ် မဖျက်ဘဲ နေတော်မူသည်ကို အခြား ဆရာတော်တစ်ပါးက မြင်တော်မူသောအခါ . . .

"ရွှေကျင်ဆရာတော်၊ မင်းတရားကြီးကို လက်ကတီးမွေး (ချိုင်းမွေး)များ ပြနေပါသလား" ဟူ၍ပင် မေးတော်မူ၏။

ရွှေကျင်ဆရာတော် ဣရိယာပုထ်မဖျက်ဘဲ နေတော်မူခြင်းမှာ မဟာနိဒ္ဒေသ ပါဠိတော်လာ ကြည်ညိုဖွယ်ကို ရှေးရှု၍ ဣရိယာပုထ် ပြုပြင်ခြင်း (ကုဟန) မဖြစ်စေရန် နေတော်မူခြင်း ဖြစ်သည်။

လာဘ်လာဘကို တောင့်တ၍ သူတစ်ပါးကြည်ညိုအောင်ရပ်ခြင်း၊ ထိုင်ခြင်း၊ သွားခြင်း၊ လျောင်းခြင်းကိုပြုလျှင် ကုဟန ဖြစ်၏။ ပူဇော်သက္ကာရကို တောင့်တပြုလျှင်လည်း ကုဟနဖြစ်၏။ ယင်းကုဟနကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် မိစ္ဆာဇီဝဖြင့် အသက်မွေးသည် မည်၏။

ရွှေကျင် ဆရာတော်ဘုရားကြီးသည် မင်းတရားကြီး၏ ကြည်ညိုခံရမှု၊ ပူဇော်သက္ကာရ ပြုမှုတွေထက် ဟန်ဆောင်မှုမပါသော ရိုးသားခြင်းကိုသာ မြတ်နိုးတော်မူသည်။ ကြည်ညိုဖွယ်ကောင်းပေစွ။

တစ်ဆင့်စကား မှတ်သားဖွယ်ပါသေးသည်။ တစ်ခါက ရွှေကျင်ဆရာတော်တစ်ပါးဖြစ်သည့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးထံသို့ နိုင်ငံခြားမှ မဟာယာန သာသနာပိုင် ဆရာတော်တစ်ပါး ရောက်လာပါသည်။ ဆရာတော်ဘုရားနှင့် သာသနာရေးကိစ္စများ ဆွေးနွေးမေးမြန်းပါသည်။

နိုင်ငံကျော်၊ ကမ္ဘာကျော် ဆရာတော်တစ်ပါး၏ ကျောင်းပေါ်၌ ခေတ်အသုံးအဆောင်များ ဘာမျှမပွေ့ရတဲ့ ရိုးရိုးကျောင်းလေးပေါ်၌ ဘုန်းကြီးအသုံးအဆောင် ရိုးရိုးများကိုသာ တွေ့ရ၍ အထူးကြည်ညိုလေးစားသွားပါသည်။ သူတိုင်းပြည် ပြန်ရောက်သည့်အခါ သူ့မှာရှိနေသော ခေတ်အသုံးအဆောင်များအားလုံး စွန့်လွှတ်လိုက်သည် ဟူ၏။

"ရဟန်းဆိုသည်မှာ ငြိမ်သက်အေးချမ်းစွာ နေလေ့ရှိကြသော သူတော်ကောင်းပုဂ္ဂိုလ်များ ဖြစ်သည်။ ရိုးသားစွာ နေထိုင်ကြရမည်။ ရိုးသားသော စိတ်အနေအထားမွေး၍ ဒေါသမာနကင်းသူကဲ့သို့ နေလေ့ရှိခြင်းကို ပျော်မွေ့တတ်ရမည်။ ရဟန်းဘဝ၌ ရိုးသားစွာ နေထိုင်ခြင်းထက် ကောင်းသော အဆင်တန်ဆာများ သူတော်ကောင်းတို့အတွက် အခြားမရှိပါ။ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်လုပ်၊ ကုပ်ကုပ်နေ၊ စေတနာကောင်းထား၊ ရဟန်းတရားနှင့် ပျော်၊ သူတော်ကောင်းတို့ နေနည်းတည်း။"

(တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး)

မုဒိတာ(ရွှေစည်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ခဲ့ပါတယ် မောအပ္ပနိဿုကန္တယ်

တတ္တသိုလ်တင်ဟန်ကျော်

(ယခင်လမှအဆက်)

ဘာကြောင့် ဘုမိဖဿမုဒြာနဲ့ ပူဇော်ရတာလဲဆိုတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို မာရ်နတ်သားက လာရောက် တိုက်ခိုက် လုယက်တဲ့အခါ မြတ်စွာဘုရားရှင်ဟာ . . .

'ပလ္လင် မမ ဘာဝါယ၊
ကိမတ္ထညေန သက္ခိနာ။
ကမ္မိတာ မဒ္ဒိယာဒါနာ၊
သက္ခိ ဟောတိ အယံ မဟိ။'

'ဤ အပရာဇိတပလ္လင်သည် ငါ မြတ်စွာဘုရား၏ ကိုယ်ပိုင် ထိုက်ထိုက်တန်တန် ကောန်ဖြစ်ကြောင်းကို အခြား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား သက်သေထူ၍ အဘယ် အကျိုးရှိပါအံ့နည်း။

ဤ မဟာပထဝီ မြေကြီးသည် ငါ ဝေဿန္တရာ မင်းကြီးဘဝက ကြင်ရာတော် မဒ္ဒီဒေဝီကို အလှူခံပုဂ္ဂိုလ်အား ပေးလှူခဲ့ခြင်းကြောင့် တုန်လှုပ်ခဲ့ဖူးလေပြီ။

ထို့ကြောင့် ဤမြေကြီးသည် သက်သေဖြစ်ပေ၏"

လို့ မိန့်မြွက်တော်မူကာ လက်ယာလက်တော်နဲ့ မဟာပထဝီ မြေကြီးကို ရှေးရှည်ညွှန်ပြပြီး သက်သေထူတော်မူတဲ့ သာသနာ့သမိုင်းဝင် ဖြစ်ရပ်တော်ကို ရည်စူးပုံဖော် ပူဇော်တဲ့ အနေနဲ့ ဘုမိဖဿမုဒြာ ပုံတော် ပုံဖော် ပူဇော်ရတာ ဖြစ်ပါတယ်။

ဘုမိဖဿမုဒြာ ပုံတော်ဟာ မဟာမာရဝိဇယ ဘုမိဖဿမုဒြာ အချည်တော်ကိုလည်း ရရှိတော်မူပါတယ်။

- မာရ်ဈစ်သည် အပေါင်းကို အောင်မြင်တော်မူခြင်း ဆိုတဲ့ ဒေဝပုတ္တမာရဝိဇယ။
- ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အပြီးတိုင် အောင်မြင်တော်မူခြင်း ဆိုတဲ့ ခန္ဓမာရဝိဇယ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

- တစ်ထောင့်ငါးရာ ကိလေသာအာသဝေါတရား အညစ်အကြေးတွေကို ဆုံးခန်းတိုင့် အောင်မြင်တော်မူခြင်း ဆိုတဲ့ ကိလေသမာရဝိဇယ။
- ဘဝသစ် တစ်ဖန် ဖြစ်စေဖို့ ပြုပြင်စီမံတတ်တဲ့ ကံကို အောင်မြင်ခြင်း ဆိုတဲ့ အဘိသင်္ခါရမာရဝိဇယ။
- အန္တိမဘဝ (နောက်ဆုံးဘဝ) ဖြစ်လို့ တစ်ဖန် သေရတဲ့သဘော မရှိတော့ဘဲ အမတ နိဗ္ဗာနဓာတ်ကို ရောက်ခဲ့လေပြီ ဆိုတဲ့ မစ္စုမာရဝိဇယ။

ဆိုတဲ့ မာရဝိဇယ နိဒါနကို ဖော်ထုတ်ညွှန်ပြလိုတဲ့ အတွက် ဘူမိဖဿမုဒြာဟန် ထုလုပ်ပူဇော်ပြီး မဟာမာရဝိဇယ ဘူမိဖဿမုဒြာ အမည်တော်ကိုပါ ရရှိတော်မူတာ ဖြစ်ပါတယ်။ ဘူမိဖဿ (မဟာမာရဝိဇယ ဘူမိဖဿမုဒြာ) ဟာ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း အောင်ခြင်း နှစ်ရပ်မှာ ပေါင်းစပ်ပါဝင်တော်မူနေတာမို့ ဘူမိဖဿမုဒြာနဲ့ ကိန်းဝပ်စံပယ်တော်မူတဲ့ ရုပ်ပွားတော်မြတ်ကို ကြည်ညိုမြတ်နိုးရှိခိုးပူဇော်ရတဲ့ ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့ဟာ...

- တရားရင်ဆိုင် အနိုင်ရခြင်း၊
- တရားသက်သေ အောင်မြင်ခြင်း၊
- ရန်သူတို့က မိမိကို မတိုက်ခိုက် မလွှမ်းမိုးနိုင်ခြင်း၊
- ခဲ့ညားတည်ကြည်၍ မတုန်မလှုပ် နောက်မဆုတ်သော သတ္တိကို ရရှိခြင်း၊
- အစိမ်း၊ သဲရဲ၊ သင်းကွဲပြိတ္တာ၊ နတ်မိစ္ဆာ၊ ဘီလူးမိစ္ဆာတို့၏ ပယောဂ နှောင့်ယှက်မှုတို့ကို နှိမ်နင်းအောင်မြင်နိုင်ခြင်း၊
- ရောဂါ ဝေဒနာရှင် လူနာများအား အသက်ဘေးမှ ကယ်တင်နိုင်ခြင်း၊
- ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း သရဲကြမ်း၊ မြေရာကြမ်းတို့ကို အောင်နိုင်ခြင်း၊
- စစ်ထိုး စစ်ချီ စစ်တက်ရာ၌ ရန်သူတကာကို နှိမ်နင်းအောင်ပွဲရခြင်း၊
- တိုင်းပြည်နိုင်ငံကို စိုးမိုးအုပ်ချုပ်ရာတွင် အာဏာစက်ရှိခြင်း၊
- ဘုန်းတန်ခိုးတေဇ ထက်မြက်ခြင်း၊
- အာနုဘော်ကြီးခြင်း၊
- ဘုရားဆုပန်ရာ၌ ပါရမီပြည့်စုံခြင်း၊
- ဗျာန်သမာပတ်၊ မဂ်ဖိုလ် နိဗ္ဗာန်တရားများကို ရလွယ် ရောက်လွယ် မျက်မှောက်ပြုလွယ်ခြင်း၊

စတဲ့ 'လောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုးထူးမဂ်လာထူးတို့ကို မုချမသွေ ရရှိစေနိုင်တယ်လို့ ပညာရှိသူတော်ကောင်းကြီးများက ဆုံးမသွန်သင်တော်မူပါတယ်။

အခုလို တင်ပြနေရတာက 'ကြွေး' ဆပ်တာသက်သက်မျှ မဟုတ်ပါဘူး၊ ရပ်ဝေးကနေ အချိန်တွေ ငွေတွေ စီးပွားရေးလုပ်ငန်းတွေ စတဲ့ ပေးဆပ်ရင်းနှီးမှုတွေ အများကြီးနဲ့ ဝင်ပင်ပန်းပန်း ခက်ခက်ခဲခဲ လာရောက်ဖူးမြော်ရတဲ့ ဘုရားဖူးပရိသတ်အပေါင်း သူတော်ကောင်းတို့ကို ဒေလောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုးများစေချင်တဲ့ စေတနာနဲ့ စွမ်းနိုင်သမျှ ကျမ်းဂန်ပါဠိ အထောက်အထားတွေနဲ့အညီ လိုရင်းကိုသာ တင်ပြလိုက်ရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ကလောမြို့ ဆုတောင်းပြည့် နှီးဘုရား မြတ်စွာဘုရားရှင်ထံတော်ပါ။ ဝပ်တွားရောက်ရှိလာဖို့ အနှစ်နှစ် အလလ ကြိုးစားပြင်ဆင်ခဲ့ရထာပါ။ ရွှေနဲ့စက်ပြီး တန်ဖိုးရှိတဲ့ အချိန်တွေ၊ မိမိကိုယ်ရေးကိုယ်တာ တစ်စုံတစ်ခု ပြီးမြောက်သွားစေနိုင်တဲ့ ငွေတွေ၊ အကျိုးစီးပွားတစ်ရပ် ပြီးစီးအောင်မြင်သွားစေတတ်တဲ့ စီးပွားလုပ်ငန်းတွေကို စွန့်လွှတ်အနစ်နာခံပြီး ဒီခရီးကို ထွက်လာခဲ့ကြတာပါ။ ဒီကြားထဲမှာ မမျှော်လင့်နိုင်တဲ့ ဘေးအန္တရာယ်တွေကို မကြောက်မရွံ့ စွန့်စားရတာတွေကိုပါ ထည့်တွက်လိုက်ရင် ကျွန်တော်တို့ဘက်က ပေးဆပ်ရတာတွေဟာ များလွန်းလှပါတယ်။

အဲဒီလို စွန့်လွှတ် စွန့်စားရတာတွေ များပါရက်နဲ့ များသောအားဖြင့် တွေ့မြင်နေရတာက 'တို့လူလေးများ ဆိုသလေး' တွေက များနေတာကို တွေ့ရတဲ့အခါ သူတို့အစား စွန့်လွှတ်စွန့်စားရတာတွေ အတွက် နှမြောနေမိတာ အမှန်ပါ။

တကယ်လို့များ ဘုရားဖူးခရီးသည်တွေဟာ ရောက်လေရာ ဧတီ၊ ပုထိုးတိုင်း ပုံတော်မှာ ဂုဏ်တော်သွင်းပြီး ဘုရားဖူးခဲ့ကြမယ်ဆိုရင် မိမိအိမ် ပြန်ရောက်ကြတဲ့အခါ ရွှေတောင်ကြီးတွေ ပေါက်နေလောက်ပါတယ်။ (ဒီအချက်ကို ဖြန့်ကြက်စဉ်းစား ဆင်ခြင်ကြပါကုန်။)

အခု ကြည့်ပါ၊ ကလောမြို့ ဆုတောင်းပြည့် နှီးဘုရား ရုပ်ပွားတော်မြတ်ကြီးကို တင်ပြခဲ့သလို အဓိပ္ပာယ်သိသိ အနှစ်သာရရှိရှိ ပူဇော်နိုင်ခဲ့ရင်ပဲ ရရှိမယ့် ဒေလောကီ၊ လောကုတ္တရာ အကျိုးစီးပွားတွေဟာ တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူး။ ဒီခရီးစဉ်အတွင်း ကျွန်တော်တို့ ဖူးမြော်ခဲ့ရတဲ့ ဧတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်တွေဟာ ရုတ်တရက် မမှတ်မိနိုင်လောက်အောင် များပြားလှပါတယ်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးစဲနောက် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှတ်ပြီး ဧတီတော်၊ ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားဆင်းတုတော်တို့ကို ပစ္စည်းလေးပါး (ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်း)နဲ့ သဒ္ဓါရှင်လူနှံ့ လှူဒါန်းပူဇော်တာ၊ အရိုအသေ အလေးအမြတ် ရှိခိုးပူဇော်

www.burmeseclassic.com

www.burmeseclassic.com

တာတွေဟာ သက်တော်ထင်ရှား ရှိတော်မူတဲ့ မြတ်စွာဘုရား ရှင်ကို လျှဒါန်းပူဇော်ရသလို အကျိုးဖာနိသင် ရှိပါတယ်။

(အဂုံတွိုရ် အဋ္ဌကထာမှာ 'ဓရမာနံ ဘဝဝန္တံ စတူဟိ ပစ္စေဟိ' အစရှိတဲ့ ဂါထာတော်နဲ့ ဟောကြားတော်မူပါတယ်)

ထေရာအပဒါန် ပါဠိတော် မြန်မာပြန်မှာလည်း 'သဒ္ဓါ ကြည်ဖြူသောစိတ် တုံမျှလျှင် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားအား လျှဒါန်းရသည်နှင့် ဓာတ်တော်၊ မွေတော်၊ စေတီတော်တို့အား လျှဒါန်းရခြင်းသည် တုံမျှသော ကုသိုလ် ကောင်းမှုဖြစ်ကြောင်း' ဟောကြားတော်မူပါတယ်။

ဝိမာနဝတ္ထု ပါဠိတော်မှာလည်း အခုလို ဟောထားပါ တယ်။

ဇိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတု ဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေ - သက်တော်ထင်ရှားရှိသော ဘုရား၌ လည်း ကောင်း၊ နိဗ္ဗုတေ စာပိ - ပရိနိဗ္ဗာန် စံလွန်တော်မူသော မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတု စေတီတော်၌ လည်းကောင်း၊ စိတ္တေ - ဂုဏ်ကို သိတတ် လေးမြတ်သဒ္ဓါ ကြည်ဖြူစွာသော စိတ်သည်၊ သမေ - တုံမျှသည်ရှိသော်၊ သမံ - တုံမျှသော၊ ဖလံ - စီးပွားကောင်းကျိုး ချမ်းသာမျိုးသည်၊ ဟောတိ - ဖြစ်၏။

စေတော ပဏိဓိ ဟေတု ဟိ - စိတ်စေတနာကို ကောင်းစွာထားခြင်းတည်း ဟူသော အကြောင်းတို့ကြောင့်၊ သတ္တာ - သတ္တဝါတို့သည်၊ သုဂ္ဂတိံ - သုဂတိဘဝသို့၊ ဂစ္ဆန္တိ - သွားရကုန်၏။

ဒီလောက်ဆို ဘုရားဖူးရတာ၊ ဘုရားကို ကြည်ညိုမြတ် နိုး ရှိခိုးရတာ၊ ဘုရားကို လျှဒါန်း ပူဇော်ရတာ၊ ဘုရားမှာ ဝေယျာဝစ္စ ကုသိုလ်ပြုရတာ စတာတွေဟာ ဘယ်လောက် အကျိုးစီးပွား ကြီးမားသလဲဆိုတာ သိရှိ ကြည်ညိုနိုင်လောက် ပါပြီ။ အခြား အထောက်အထား ပါဠိတော်တွေ အများကြီး ရှိပါသေးတယ်။

ဒါကြောင့် ကျွန်တော်တို့ မမှတ်မိနိုင်လောက်အောင် များပြားလှတဲ့ စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်တွေကို 'ဂုဏ်ကို သိတတ် လေးမြတ်သဒ္ဓါ ကြည်ဖြူစွာသော စိတ် စေတနာ' နဲ့သာ ပူဇော်ခဲ့ရင်၊ မြတ်နိုးခဲ့ရင်၊ ရှိခိုးခဲ့ရင် ရရှိမယ့် ကုသိုလ်တွေဟာ အိမ်ဝေဟာမှာ စိတ်ရွှေရတနာ ဖြိုးကြွယ် မောက်ရုံတင် မကပါဘူး၊ နိဗ္ဗာန်တိုင် ရောက်ရှိနိုင်တယ်ဆို ဘာ ရဲရဲကြီး ယုံကြည်စေချင်ပါတယ်။

အခုတော့ တိုးတက်လာတဲ့ နည်းပညာတွေရဲ့ အထောက်အပံ့တွေကို အကျိုးရှိရာရှိကြောင်း နေရာတကျ အသုံးချဖို့ထက် ဓာတ်ပုံပေါင်း သောင်းခြောက်ထောင်ကို

ဆုတောင်းပြည့် နီးဘုရားကြီး ဗုဒ္ဓမြတ်စွာဘုရား ဆင်းတုတော်မြတ် အနီးမှ ကြည့်ညိုဖွယ်ရာ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အား ဖူးတွေ့ရစဉ်

အိုက်တင်အမျိုးမျိုးနဲ့ ရိုက်ဖို့လောက်သာ စိတ်စောနေကြမယ် ဆိုရင်တော့ ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ၊ အပါယ်မလွဲ သရဲ ပြိတ္တာတွေ ဖြစ်ကုန်ကြမှဖြင့် ကိုယ်ကျိုးနည်းရချေရဲ့။

ဒါပေမဲ့ ကျွန်တော် ယုံပါတယ်။ ကျွန်တော်တို့ ဘုရား ဖူးအဖွဲ့ကတော့ အိမ်ပြန်ရောက်ရင် ရွှေတောင်ကြီးတွေ ပေါက် ပြီးတော့ နိဗ္ဗာန်လည်း ရောက်ကြဦးမှာပါ။ အခု ကြည့်လေ၊ ကလောမြို့ ဆုတောင်းပြည့် နီးဘုရား မြတ်စွာဘုရား ရုပ်ပွား တော်ရှေ့မှာ ရိုရိုသေသေ လေးလေးစားစားနဲ့ ရှိခိုးနေလိုက် ကြတာ စက္ခုန္ဒြေလေးတွေ အသာချလို့ သာဓုခေါ် ချင်စရာ။ အချို့ဆို ပါလာတဲ့ ပုတီးလေးတွေနဲ့ ဂုဏ်တော်ကျင့်စဉ်တွေ ပွားများနေသလို တချို့ဆိုရင်လည်း ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း နေကြပါတယ်။

အဲ. . . တချို့ကတော့ ဘုရားရှိခိုးပြီးသွားလို့ ထင်ပါရဲ့၊ ဝေယျာဝစ္စအဖွဲ့က ကျွေးမွေးလျှဒါန်းတဲ့ လက်ဖက်သုပ်နှိုက် လိုက်၊ ချင်းသုပ်နှိုက်လိုက် လက်ဖက်တစ်ဇွန်း ချင်းတစ်ဇွန်း လွှန်းထိုးနေပါလေရော။ ရေနွေးကြမ်းတွေကလည်း တစ်ခွက် ပြီး တစ်ခွက် ဂွပ်ခနဲ ဂွပ်ခနဲ ဆိုတော့ အလျှုရှင်တွေ ဒါန မမြောက်မှာ ပူစရာ မလိုတော့ပါဘူး။ သာဓု. . . သာဓု။

ပြောရမယ်ဆိုရင် အခုလို ဘုရားဖူးရတာ ကုသိုလ်တွေ ဘယ်လို ရသလဲ၊ ဘယ်လောက် ရသလဲ ကိုယ့်ကိုယ်ကိုယ် မေးခွန်း ပြန်ထုတ်ရင်း ယောင်လည်လည် ဖြစ်စရာမယ့် ဘုရားဖူးပရိသတ်တွေရဲ့ ရွှင်ရွှင်လန်းလန်း တက်ကြွကြွ

www.burmeseclassic.com

www.burmeseclassic.com

ဘုတောင်ပြည့် နီးဘုရားကြီး ဗုဒ္ဓမြတ်စွာဘုရား ဆင်းတုတော်မြတ်
လက်ဝဲဘက် လက်ထပ်းတော်ရှိ သပိတ်တော်

ဘုရားဖူးနေကြတာ၊ ဘုရားရှိခိုးနေကြတာ၊ နည်းရောင်း များရောင်း တောင်းပြည့် ဆိုသလို လှူဒါန်းနေကြတာ စတဲ့ သာသနာ့ပုံရိပ်တွေကို မြင်ရတော့ အားရလိုက်တာ၊ သူတို့ဆီက ကုသိုလ်ရေအလျဉ်၊ သဒ္ဓါတရား ရေအလျဉ်တွေဟာ တိုယ့်ရင်ထဲ စီးဝင်လာသလို ခံစားရတာကတော့ အပ်ကျ မပ်ကျ ပြောရဲပါတယ်။

အင်း. . . အခုလို ပြောရင်းသားမှာပဲ ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်ခဲ့ရတဲ့ ကိုယ်တွေ့ စိတ်ဒဏ်ရာ ဝေဒနာလေးတစ်ရပ်ကို ကြားဖြတ် ပြောပြပါရစေ။ တကယ်တော့ ဒီဖြစ်ရပ်ကို ပြောတော့ဘူးရယ်လို့ နေတာပါ။ ကိုယ်တည်းတစ်ယောက် 'အငေါက်' ခံရတာမို့ ပြာလဲ့ကို ဇာခဲ့မနေလိုတော့တာလည်း ပါပါတယ်။

ဒါပေမဲ့ အဲဒီလို 'ကိုယ်တည်းတစ်ယောက်' တွေ 'အငေါက်' ခံရပေါင်း များလာရင် ဘယ်လိုလုပ်မလဲ။ စောစောက ပြောခဲ့သလို တန်ဖိုးတွေ အများကြီး စွန့်လွှတ် စွန့်စား ပေးဆပ်ပြီး အဓိပ္ပာယ်ရှိတဲ့ ဘုရားဖူးခရီးစဉ် (အခြား ခေါင်းစဉ်အမျိုးမျိုး တပ်ထားတဲ့ ခရီးစဉ်တွေ အပါအဝင်) တစ်ခုမှာ အခု ပြောပြမယ့် ဖြစ်ရပ်မျိုးဟာ အမြင်မတော် ဆင်တော်နဲ့ ခလောက် ဆိုသလိုမျိုး ဖြစ်တယ်လို့ ယူဆမိလို့ အခုလို ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်တာပါ။ ပုဂ္ဂလဓိဋ္ဌာန် မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန် ဖြစ်ကြောင်းကိုတော့ ကျွန်တော့်လိပ်ပြာ ကျွန်တော် သန့်ပါတယ်။

ပြောရရင်ဇာတ် 'ငပွ' ကြီးက စရတော့မယ်။ ကျွန်တော်တို့ စည်ပင်သာယာ ပြည်မြန်မာဟာ ဘယ်ဘဝ အဆက်ဆက်က ဆုတောင်းပန္နက်ကြောင့်လည်း မသိပါဘူး။ 'ကား' နဲ့ပတ်သက်လာရင် ဇာတာစန်းလင်း အဝင်၊ အထွက်တွေဟာ 'ညဲ့ချက်' တွေက ဂြိုဟ်စီး၊ ဂြိုဟ်နင်း သတင်းကြီးလှတယ်။ 'ကား'ဆိုပြီး စကားလုံးလေး ပိစိကွေးလေး တစ်လုံးတည်း ရှိပေလို့သာပဲ၊ နှစ်လုံးများ ရှိခဲ့ရင် မတွေးရဲလောက်အောင် 'ကား'နဲ့ ပတ်သက်တဲ့ 'ဒုက္ခ' တောင်ထုဟာ မြင်းမိုရ်မေရုထက် ဆယ်ကြိမ်းဆယ်လ ဆယ်ဆ (အဆတစ်ရာ) သာလိမ့်မယ်။ လူမလိုင်၊ လူထောပတ်၊ လူယိုစုံ၊ လူမုန့်ပုံး၊ လူမုန့်ခြင်းတွေလောကရဲ့ ကားပုံပြင်တွေကို အသာထား 'တိုးစီး' သမားတွေရဲ့ ဇာတ်လမ်းအဖုံဖုံ ဖြစ်ရပ်စုံကိုပဲ အားခဲ့ ဆင်နွှဲကြပါစို့။

'တိုးစီး' သမားဆိုတာက တခြားမဟုတ်ဘူး၊ မြန်မာပြည် အရပ်ရပ်က ဘတ်စ်ကားတိုးစီးနေရတဲ့ မဟာလူတန်းစားကြီးကို ပြောတာပါ။ 'ဆိုရှယ်လစ် လူ့ဘောင်သို့ မြန်မာ့နည်း မြန်မာဟန်နဲ့ ချီတက်ကြစို့' ဆိုတဲ့ 'ရဿေ့ရှစ်သောင်းဇာတ်ကြီး' ခင်းကျင်းပြသ အဆုံးစော်နှံခဲ့ (အသုံးတော်ခံခဲ့ မဟုတ်ပါ)တဲ့ 'သားဝ မယားဝ' (သမဝါယမကို အဲဒီတုန်းက လူထု ပေးတဲ့ နာမည်)ခေတ်မှာ 'တိုးစီ' လူတန်းစားတစ်ရပ် ရှိခဲ့ဖူးတယ်။ 'တိုးစီး' နဲ့ 'တိုးစီ' ဝစ္စပေါက်နှစ်လုံးပဲ ကွာတယ်။ အပြင်မှောင်ခို စျေးကွက်မှာ စျေးကောင်းရ ပစ္စည်းတွေကို သမဝါယမဆိုင်က ရောင်းချတဲ့အခါ တန်းစီ တိုးစားတဲ့ လူတန်းစားကို 'တိုးစီ' လို့ ခေါ်တာပါ။ အဲဒီ 'တိုးစီ' တွေဟာ သမဝါယမဆိုင် တာဝန်ခံကအစ အမှိုက်လှည်း သန့်ရှင်းရေးအဆုံး 'ပေါင်းစား' တယ်။

အခုတော့ တံခါးဖွင့်စီးပွားရေးစနစ် ဆိုတဲ့ မိတ်ကပ်လိမ်း ပန်းပန်ထားတဲ့ စျေးကွက်စီးပွားရေးအရ 'တိုးစီ' တွေ မရှိတော့ပေမယ့် 'တိုးစီး' တွေကတော့ တစ်နေ့တခြား ဒီရေအလားပါပဲ။ အမယ် - အံ့သြကုန်နိုင်ဖွယ်၊ 'တိုးစီး' တွေထဲမှာလည်း 'တိုးစီ' တွေလို ပေါင်းစားတွေ ရှိတယ်ခင်ဗျ။ 'ဟ ဟ မောင်ရင့်ဟာ ဘာကြီးလဲ' လို့ ပွဲခင်းထဲ ခွေးရူးဝင်သလို အလန့်ထန်းလျက်တော့ ဖြစ်မသွားပါနဲ့။ ဇာတ်လမ်းပမာ နားဆင်စရာလေးက ဒီလိုပါ။

'တိုးစီး' လူထုကြီးထဲမှာ တစ်ဦး အပါအဝင်ဖြစ်တဲ့ စာရေးဆရာ ကိုညီပြာ (ဝတ္ထုတို စာရေးဆရာ မောင်ညီပြာ မဟုတ်) တစ်ယောက် တစ်နေ့သောအခါမှာ တစ်ခုသော ဘတ်စ်ကားကြီးကို ခုံးဆင်းချိန်မှာ တိုးဝှေ့စီးရင်း ဒရိုင်ဘာနားထိ ရောက်သွားပါတယ်။ အလို- လူထုပရိသတ်ကြီး ဒီလောက် တိုးဝှေ့ပြီး အဝီစိက ငရဲသူ၊ ငရဲသားတွေလို့ အပ်ချစရာမရှိအောင် မဲ့မဲ့ရဲ့ရဲ့ ချည့်ချည့်နဲ့နဲ့ ရပ်နေကြရပေမယ့် ဒရိုင်ဘာဘေးက သုံးယောက်ထိုင် ဆိုဖာခုံကြီးဟာ အသိမ်းခံလိုက်ရတဲ့ လယ်မြေကွက်ကြီးလို ဟာလာဟင်းလင်း ရှင်းလို့ပါဘား။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီခုံကြီးနား ကိုင်မိကိုင်ရာ ကိုင်ပြီး ရပ်နေကြတဲ့ ငရဲသူ၊ ငရဲသား (အဲ- ယောင်လို့ ယောင်လို့၊ ဖွဲ့တဲ့ လွဲပါစေဖယ်ပါစေ) ဘတ်စ်ကားစီးသူ၊ ဘတ်စ်ကားစီးသား သူကောင်းသား၊ သူကောင်းသမီးတို့ဟာ အဲဒီခုံကြီးကို သိကြားမင်းရဲ့ ပဏ္ဏာကမ္မလာ မြကျောက်ဖျာပမာ အာသာငမ်းငမ်း ကြည့်နေကြတယ်။ ဝင်တော့ မထိုင်ကြဘူး။

ကိုရွှေဒရိုင်ဘာကလည်း တစ်ခေတ်တစ်ခါက ဘဝရှင်မင်းကုလားကြီးလို (သူ့အသားက very very အလွန် အလွန်မည်းတာမို့ ဘဝရှင်မင်းကုလားကြီးလို့ တိုင်းသူပြည်သား ရဟန်းရှင်လူ အများက ချစ်စနိုး အန္တရာယ်သည်ပေးထားတာ) သုန်မှန်ပုပ်သိုးနေတဲ့ ရုပ်ဆိုးဆိုးကြီးဆိုတော့ 'ထိုင်လို့ ရသလား ခင်ဗျာ/.ရှင်' လေးလောက်တောင် ခွင့်မပန်ရဲကြရှာဘူး ထင်ပါရဲ့။

အဲသဟာဗျာ စာရေးဆရာ ကိုညီပြာက လေးတင်ပွဲနဲ့ပြီး ပြန်လာတဲ့ ဒသဂိရိလို သတ္တိမျိုးနဲ့ အဲဒီ လွတ်နေတဲ့ ဆိုဖာခုံကြီးပေါ် ဝုန်းခနဲ ထိုင်ချလိုက်ပါလေရော။ ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လား ဆိုတဲ့ အိုက်တင်မျိုးနဲ့ပေါ့လေ။ အဲဒီလို ကိုညီပြာတစ်ယောက် ရဲရဲတောက် ထိုင်လည်းချလိုက်ရော ကွမ်းအပြည့်ဝါးထားတဲ့ ဒရိုင်ဘာရဲ့ ပါးစပ်က ဗလုံးဗထွေး အသံကြီးနဲ့ 'ထိုင်လို့မရဘူး၊ ရှေ့မှာ လူတက်လိမ့်မယ်' တဲ့။

ဘတ်စ်ကားပေါ်မှာ ဒရိုင်ဘာဆိုသဟာ သူသည်သာ အာဏာရှင်၊ သူသည်သာ အဓိပတိပေမို့ ကိုညီပြာလည်း 'သခင်မျိုးဟေ့ တို့ဗမာ' စိတ်ဓာတ်ကြီးကို သွေးလွယ်အိတ်နွမ်းနွမ်းလေးထဲ ထိုးကြိတ်ထည့်ပြီး ထူထူပူပူ မျက်နှာကြီးနဲ့ မတ်တတ်ပြန်ရပ်နေလိုက်ရပါတယ်။ ဒီတော့မှ သူ့အရင်လူတွေ ဒီခုံမှာ ဘာကြောင့် ဝင်မထိုင်ကြတာလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေကို နားခွက်က ချက်ခနဲ မီးတောက်သွားတယ်။ မှတ်ကရော လူလည်ကြီး စာရေးဆရာ။

ဟုတ်ပါသော်ကောဗျာ၊ ရှေ့မှတ်တိုင်မှ ရှေ့မှတ်တိုင်ပါပဲ။ မှတ်တိုင်မှာ ကားလည်းရပ်လိုက်ရော ဖင်ပေါ် တင်ပေါ် ကိုရီယားစတိုင် ကောင်မလေးနှစ်ယောက် အဲဒီဒရိုင်ဘာဘေးက ဆိုဖာကြီးပေါ် စွေ့ခနဲ ရောက်လာပါလေရော။ အမယ် 'အင်ချည်းပဲ မဟုတ်' မင်းသမီးလို ဒူးတောင်ချိတ်လိုက်ကြသေး။ အဲဒီတော့မှ အသားမည်းရတဲ့ကြားထဲ ကွမ်းစားလွန်းလို့ ရဲမြန်တဲ့ ဒရိုင်ဘာ ကိုရုပ်ဆိုး မျက်နှာကြီးဟာ နွံတောထဲမှာ ထောပတ်အိုးမှောက်ကျသလို ဝင်းခနဲ ဝင်းခနဲ ဖြစ်တော့တာကိုး။ ဒီလောက်ဆိုရင် 'တိုးစီး' ဒွန္ဒယာကြီးမှာ 'ပေါင်းစား' တွေ ရှိတယ်ဆိုတာ သဘောကျလောက်ပါပြီနော်။ (အင်း 'ပေါင်းစား' ဆိုတာထက် ဝစ္စနှစ်လုံးတွေပြုတ်ပြီး 'ပေါင်စာ' ဆိုရင် ပိုပြီး သင့်မြတ်လျော်ကန်မလားပေါ့။)

ဒါက ကားနဲ့ပတ်သက်ပြီး တကောင်းအဘိရာဇာသာကီဝင်မင်းမျိုးတွေ ကြုံရ ဆုံရ ဘုံဘဝထဲက ဇာတ်လမ်းသေးသေးလေးတစ်ပုဒ်ပါ။ အခု ကျွန်တော်ကိုယ်တိုင် ကြုံရတာလေး ဖြောပြပါ့မယ်။ ကျွန်တော်တို့ ဘုရားဖူးပြီးလို့ ကားပေါ်ပြန်တက်ဖို့ ကားနဲ့အနီးဆုံး နေရာမှာ နေရာယူထားတုန်း ကျွန်တော့်မိတ်ဆွေ တစ်ယောက်က အပေါ့အပါး သွားပါတယ်။ အဲဒီအချိန်မှာ ကားပေါ်ကို တစ်ယောက်စ နှစ်ယောက်စ တက်နေကြပါပြီ။ ကျွန်တော်ဟာ ကျွန်တော့်မိတ်ဆွေကို စောင့်ရင်း သောက်သက်စ စီးကရက်လေးကို ဖွာနေပါတယ်။

အဲဒီမှာ တစ်စုံတစ်ယောက်သော်သူက "ခင်ဗျား ဆေးလိပ်သောက်တာ မဝေးဘူးလား" လို့ အသံ ခပ်ထန်ထန်နဲ့ ကျွန်တော့်ကိုကြည့်ပြီး မေးလိုက်ပါတယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော် ကြောင်သွားတယ်။ အဆက်အစပ်က မရှိ ကြုံလေ့ကြုံထရှိတဲ့ မေးခွန်းမျိုးလည်း မဟုတ်တဲ့အတွက် ကျွန်တော် ကြောင်သွားတာပါ။ အဲဒီမှာ ထိုသူကပဲ "ခင်ဗျားကို မေးနေတာ"တဲ့။ ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပါပြီ။ ဒီလူငါ့ကို သက်သက် ဗလိုင်းကြီး လာရစ်နေတာပဲဆိုတဲ့ အသိကြောင့်လည်း မိုးကို ဒူးနဲ့ တိုက်ချင်တဲ့ စိတ်မာန်က ဆောင့်တက်လာပါတယ်။

ဒါပေမဲ့ ကျွန်တော့်ရဲ့ စိတ်ဆင်ရိုင်းကို အသက်အရွယ်နဲ့ အတွေ့အကြုံတွေအရ ချုန်းအုပ်နိုင်ခဲ့တယ်။ အများတကာတွေ ကြည်ကြည်လင်လင် ကုသိုလ်စိတ်လေးတွေနဲ့၊ ရွှင်ရွှင်လန်းလန်း အပျော်စိတ်လေးတွေနဲ့၊ နှစ်နှစ်ကာကာ အတိတ်ကောင်း နိမိတ်ကောင်းလေးတွေနဲ့ မြူးထူးတက်ကြွနေတဲ့ မင်္ဂလာအခါသမယမှာ ကိုယ့်အတွက်နဲ့ ရုန်းရင်းဆန်ခတ် မျက်စိ မျက်နှာ မပျက်ကြစေချင်ပါဘူး။ ကျွန်တော် ကောင်းကောင်းမွန်မွန် ရွှင်ရွှင်ပြုံးပြုံး ရင်းနှီးခင်မင်တဲ့ အမူအရာမျိုးနဲ့ "ကျွန်တော့်မိတ်ဆွေ ကျန်းမာရေးကိစ္စ ဖြေရှင်းနေလို့ စောင့်ဆိုင်းရင်း ဆေးလိပ်သောက်နေတာပါ" လို့ ပြန်ဖြေလိုက်တယ်။

အဲဒီတော့မှ သူလည်း "သူပြောတာ လွန်သွားပြီ" ဆိုတဲ့ မျက်နှာမျိုးနဲ့ "မဟုတ်ပါဘူး၊ ကားထွက်တော့မှာမို့ ကျန်ခဲ့မှာ စိုးလို့ပါ" လို့ စကားလျှော့ချသွားတယ်။

ကျွန်တော်တို့ ခရီးတွေ အခေါက်ခေါက် အခါခါ ထွက်နေခဲ့ဖူးတာပဲ။ လူမျိုး ဘစ်ရာတစ်ပါးနဲ့ ထိတွေ့ဆက်ဆံခဲ့ဖူးတာပဲ။ လမ်းခရီးမှာ ဘာတွေ ဆောင်ရမယ်၊ ဘာတွေ ရှောင်ရမယ် ဆိုတာ ကြိုတင်တွက်ဆပြီးသားပဲ။ ဒါကြောင့်လည်း ကားပေါ်တက်ခွင့် မရသေးခင်မှာပဲ ကားနားမှာ ကြိုစောင့်နေခဲ့တာပါ။ ဟိုလူ့စောင့်ရ ဒီလူ့စောင့်ရနဲ့ ခရီးဖင့်ရမယ့် အနှောင့်အယှက်မျိုးဆိုတာ ခရီးသွားရာမှာ မဖြစ်ကောင်းဘူးလေ။ ကားပေါ်တက်ခွင့် ရခါနီးမှ မိတ်ဆွေလုပ်သူက အရေးပေါ်ကိစ္စပေါ် လာလို့ 'တက်တော့' ဆိုတဲ့အချိန်မှာ ရုတ်တရက် မတက်နိုင်ခဲ့ ဖြစ်သွားတာပါ။

ဒါကို သူ့အနေနဲ့ သူ့အမိန့်ကို ဖီဆန်တယ်လို့ ထင်သွားလေရော့သလား မဆိုနိုင်ပါဘူး။ ကျွန်တော့်ကို ခေါ်ကြီးမော

www.burmeseclassic.com

www.burmeseclassic.com

ကြီးနဲ့ ဒေါင်းတင်မောင်းတင် ပေါက်တွဲခဲ့တာပါ။ တကယ်ဆို အဲဒီအချိန်မှာ ခရီးသည် တစ်ယောက်စ နှစ်ယောက်စပဲ တက်ရပါသေးတယ်၊ နောက်ထပ် တက်ဖို့ ကျန်သေးတာ အများကြီး ဒီအားလုံး လူစုံပြီး ကျွန်တော်တစ်ယောက်တည်း အောက်မှာ မတ်တတ် ရပ်ရှင်မင်းသား မြတ်လေးတို့၊ ရုပ်ရှင်မင်းသား ဇော်ခင်တို့ အိုက်တင်မျိုးနဲ့ စီးကရက်သောက်နေတယ် ဆိုရင် တော့ သူမှန်ပါတယ်။ အော်ရုံ ဟောက်ရုံ ငေါက်ရုံတင် မကဘူး နားရင်း ပါးရင်းပါ တီးသင့်ပါတယ်။ ခုတော့ဗျာ ပိုက်ဆံတစ်သိန်းကျော်ပေးပြီး စီးလာရတဲ့ ခရီးသည်တစ်ယောက်ဟာ ရန်ကုန်မြို့မှာ တစ်ရာတန် နှစ်ရာတန် ဘတ်စ်ကားတိုးစီးရင်း အဟောက်ခံရသလို ဆိုတော့. . . ။

ကျွန်တော်တို့ ခရီးစဉ်မှာ တောင်ကြီးမြို့လယ်ခမ္မာရုံ ရောက်ရောက်ခြင်း ထွက်ကြမယ်ဆိုတော့ အမျိုးသမီးတစ်သိုက်ကို တစ်နာရီလောက် စောင့်ခဲ့ရပါတယ်။ သူတို့က တောင်ကြီးဈေးကြီးထဲ ဝင်ပြီး မပြီးနိုင် မစီးနိုင် ဝယ်ခြမ်းနေကြတာမို့ အဲဒီလို စောင့်ခဲ့ရတာပါ။ သက်ဆိုင်သူတွေက ဖုန်းနဲ့လှမ်းပြီး သတိပေးတဲ့အခါ 'ဈေးထဲမှာ မျက်စိလည်နေတယ်' လို့ အကြောင်းပြန်ပါတယ်။ သူတို့ရောက်လာတော့ အထုပ်ကြီး အထုပ်ငယ်တွေ မနိုင်မနင်းနဲ့။

သူတို့ကို ခရီးသည်တွေက မည်သူကမျှ မြည်တွန်တောက်တီး မလုပ်ကြပါဘူး။ တစ်နာရီလောက် ကားပေါ်က နေ ထိုင်စောင့်နေကြရတုန်းကလည်း ဘယ်သူကမှ ချိုသည်ခါးသည် မပြုစုခဲ့ပါဘူး။ တစ်ကားတည်းစီး၊ တစ်ခရီးတည်း သွားသူအချင်းချင်း ယိုင်းပင်းကူညီ ကြက်ခြေနီစိတ်ဓာတ်နဲ့ အပြုးမပျက်ခဲ့ကြပါဘူး။ အဲဒီမှာ တစ်နာရီ နောက်ကျသွားတဲ့ အတွက် နောက်ခရီးစဉ်တစ်ခုမှာ လှည့်လည်ကြည့်ရှုဖို့ တစ်နာရီ နစ်နာသွားရတဲ့ အတွက်လည်း ဘယ်သူကမှ ဆန့်ကျင်တန့်ကွက် မျက်နှာမပျက်ခဲ့ကြပါဘူး။ ကားဘေးမှာ အဆင်သင့် ရပ်စောင့်နေတဲ့ ကျွန်တော့်ကျမှဗျာ။ 'ငါ့ကျမှ အသည်းတွဲ၊ ငါ့ကျမှ အသည်းတွေ ကွဲပြီကွယ်' ဆိုသလိုပါလား။

အင်း. . . ဒါကလည်း ကိုယ်က 'ပေါင်စာ'မဟုတ်ဘဲ 'ပေါင်ချိန်' ဖြစ်နေလို့လား၊ မြန်မာပြည် ကားလောကရဲ့ ကမောက်ကမ ဖြစ်တတ်တဲ့ 'ဒိုးရာ' ကြောင့်လား မပြောတတ်တော့ပါဘူး။

ဘာပဲပြောပြော 'လူသက်သာချင်ရင် ငွေမသက်သာတဲ့ ကား စီးပြီး ငွေသက်သာချင်ရင် လူ မသက်သာတဲ့ ကားကို စီးရတယ်' စတဲ့ ကမောက်ကမ အထွေထွေနဲ့ ချောက်ကျရတဲ့ အခြေအနေတွေကနေ မြန်မာပြည် ကားလောကကြီး လွတ်ငြိမ်းချမ်းသာပါစေ၊ လျင်မြန်ချောမွေ့ ရှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ။

တကယ်ဆိုရင် ကားဆရာကြီးတွေကို ကျွန်တော်တို့က ကျေးဇူး အထူးတင်နေတာပါ။ သူတို့တွေ မောင်းနှင်ပို့ဆောင်ပေးလို့ အခုလို ရန်ကုန်ကနေ ဝေးလံလှတဲ့ ကလောမြို့ ဆုတောင်းပြည့် နီးဘုရား မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတော်ရိပ်ကို ခိုလှုံခွင့် ရခဲ့တာပါ။

ကလောမြို့ ဆုတောင်းပြည့် နီးဘုရား မြတ်စွာဘုရားရှင် ကိုယ်တော်စား ရုပ်ပွားတော်ဟာ ဘွဲ့အမည်နာမ အရကိုပဲ 'နီး' နဲ့ရက်လုပ်ထားတဲ့ ရုပ်ပွားတော်ဆိုတာ ပေါ်လွင်ထင်ရှားပြီးသားပါ။

ကလောမြို့ ဆုတောင်းပြည့် နီးဘုရား မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ဟာ ကလောမြို့ အမှတ်(၈) ရပ်ကွက် ပင်မကုန်းတောင်ပေါ်မှာ သီတင်းသုံး စံပယ်တော်မူပါတယ်။ ဆုတောင်းပြည့်နီးဘုရား မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူတဲ့ ဂန္ဓကုဋိတိုက်တော်ကြီးကို အဝေးကနေ လှမ်းမြော်မြင်တွေ့လိုက်ရတဲ့အခါ တာဝတိံသာ နတ်ဘုံနတ်နန်းများပမာ ဝင့်ဝင့်ထည်ထည် သိုက်သိုက်မြိုက်မြိုက် မြင်တွေ့ရမှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်မှာ မြန်မာ့နိုးရာ ပဋိမာသိပ္ပံပညာအရ မြတ်စွာဘုရား ရုပ်ပွားတော်တွေ ထူလုပ်ပူဇော်ကြတဲ့အခါ ရွှံ့၊ သစ်၊ ကျောက်၊ သတ္တု အမျိုးမျိုး စတဲ့ သယံဇာတတွေနဲ့ ပြုလုပ်လေ့ရှိပါတယ်။ ဒါ့အပြင် ပဥ္စလောဟ၊ သတ္တာလောဟ၊ နဝလောဟဆိုပြီး သတ္တုငါးမျိုး၊ သတ္တုခုနစ်မျိုး၊ သတ္တုကိုးမျိုးတို့နဲ့ တခမ်းတနား ကြီးကျယ်ခြင့်မြင်စွာ ပူဇော်တာမျိုးတွေလည်း ရှိပါတယ်။ သတ္တုတစ်မျိုးတည်း၊ သတ္တုနှစ်မျိုးစပ်၊ သတ္တုသုံးမျိုးစပ် သွန်းလောင်း ပူဇော်တာမျိုးတွေလည်း ရှိပါတယ်။

ဒီလို ပူဇော်ကြတာကလည်း အကြောင်းရှိပါတယ်။ အဓိပ္ပာယ်ရှိပါတယ်။ ဆိုပါတော့ နဝလောဟာ သတ္တုကိုးမျိုးစပ် ပူဇော်တာဟာ ဘုရားဂုဏ်တော်ကိုးပါးကို ရည်စူးပူဇော်တာ ဖြစ်ပါတယ်။

'ဘော်၊ ဘင်၊ နာ၊ သံ၊ ဂျတ်နှင့်ရွှေ ×××' ငွေ၊ သွပ်၊ ကြေးနီ ကိုးပါးစုံ သတ္တုစပ်ဖြင့် သွန်းအပ်လေပြီ ××× နဝရတ် သိဂီဂယ် ဘရဏီထွတ်ထား ××× ကိုးဂုဏ်ရှင့် ပူဇော်သည် ××× အလှူတော်ဖြစ်တဲ့ ဘုရား ×××' စတဲ့ ရှေးဟောင်းတေးတွေလည်း ရှိပါတယ်။

သတ္တုလောဟာ သတ္တုခုနစ်မျိုးနဲ့ သွန်းလုပ်ပူဇော်တာကတော့ (၁) သီလဝိသုဒ္ဓိ (၂) စိတ္တဝိသုဒ္ဓိ (၃) ဒိဋ္ဌိဝိသုဒ္ဓိ (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ (၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (၇) ဉာဏဒဿနဝိသုဒ္ဓိ ဆိုတဲ့ 'ဝိသုဒ္ဓိ ခုနစ်ပါး' ကို ရည်စူး ပူဇော်တာ ဖြစ်ပါတယ်။

ပြီးတော့ 'တော်ရွှေ့ခုနစ်ပါး' ကို ရည်စူးပူဇော်တာလည်း ဖြစ်ပါတယ်။ ဒီလို နှစ်မျိုးရှိတာမှာ ဘုရားဒကာရဲ့ ရည်မှန်းချက် အဓိဌာန်အရ ဝိသုဒ္ဓိခုနစ်ပါးနဲ့ တော်ရွှေ့ခုနစ်ပါး ရည်မှန်းချက် ခြားနားသွားတာမျိုးလည်း ရှိပါတယ်။ ဆိုပါတော့

www.burmeseclassic.com

www.burmeseclassic.com

လူသားတွေရဲ့ ကျန်းမာရေးကို ကယ်တင်ကူညီလိုတဲ့ ပုဂ္ဂိုလ်များတွေ သတ္တလောဟာဘုရား သွန်းလုပ်ပူဇော်တဲ့ အခါ 'ဗောဇ္ဈင်ခုနစ်ပါး' ကို ရည်စူးလေ့ရှိပါတယ်။

တစ်နည်းအားဖြင့် ပြောရရင် ဆေးဝါးလမ်း လိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ ကျန်းမာ အသက်ရှည်လိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဗောဇ္ဈင်ခုနစ်ပါးကို ရည်စူးပြီး သတ္တလောဟာဘုရား သွန်းလုပ်ပူဇော်တတ်ပါတယ်။

ဒါကတော့ စကားကြုံလို့ ဗဟုသုတအဖြစ် ပြောရတာပါ။ တိတိကျကျ အသေးစိတ် ရေးမယ်ဆိုရင်တော့ 'လောဟာ' ဘုရားဆင်းတုတော်တွေအကြောင်းဟာ ကျမ်းကြီး ကျမ်းခိုင်တစ်အုပ် ဖြစ်သွားလိမ့်မယ်။

အကယ်၍သာ မြန်မာနိုင်ငံဟာ စီးပွားဥစ္စာ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံဆိုရင် ဒီလိုကျမ်းမျိုးတွေ ဟောတစ်အုပ်၊ ဟောတစ်အုပ် ထွက်လာမှာပဲ။ ခုထိတော့ 'လောဟာ' နဲ့ သွန်းလုပ်ထားတဲ့ ဆင်းတု ရုပ်ပွားတော်တွေချည်းသက်သက်သီးသီးသန့်သန့် ကျမ်းကြီးကျမ်းခိုင်မျိုး မတွေ့ဖူးသေးဘူး။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတွေမှာတော့ သူတို့ရဲ့ သာသနာဝင် သမိုင်းဝင် စတဲ့ စာအုပ်စာတမ်းတွေ ရိုက်နှိပ် ထုတ်ဝေထားတာ အနမတဂ္ဂပါပဲ။ အားကျစရာ။

ထားပါတော့၊ အခု ကလောမြို့ ဆုတောင်းပြည့် နှီးဘုရားကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀)ကျော်က ရက်လုပ်ခဲ့တဲ့ သမိုင်းဝင် တန်ခိုးကြီး နှီးဘုရားကြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အလယ်ပိုင်း စလေမြို့မှာရှိတဲ့ နှီးဘုရားကြီးဟာ ရှေးနှစ်ပေါင်း (၁၀၀၀)ကျော်က ရက်လုပ်ခဲ့တာဖြစ်ပြီး ဥဏ်တော် ၁၄ ပေရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမအကြီးဆုံး နှီးဘုရားကြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခတ်မြို့ကနေ ခုနစ်မိုင် အကွာ မိုဝ်းလုံးကျေးရွာမှာရှိတဲ့ နှီးဘုရားကြီးကိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀၀)လောက်က ရက်လုပ်ခဲ့တာပါ။ ဥဏ်တော် ၁၃ ပေခွဲရှိပြီး မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး နှီးဘုရားကြီး ဖြစ်ပါတယ်။

ကလောမြို့ ဆုတောင်းပြည့် နှီးဘုရားကြီးကတော့ ဥဏ်တော် ၈ ပေ ၄ လက်မ ရှိပြီး မြန်မာနိုင်ငံရဲ့ တတိယအကြီးဆုံး နှီးဘုရားကြီး ဖြစ်ပါတယ်။ ဒီသုံးဆူက ရှေးဟောင်း နှီးဘုရား သုံးဆူဖြစ်ပြီး ရှေးဟောင်း နှီးဘုရားကြီးတွေ အနေနဲ့ ဥဏ်တော် ကြီးစဉ်ငယ်လိုက် မှတ်တမ်းတင်ထားတာပဲ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ရက်လုပ်ပူဇော်ကြတဲ့ နှီးဘုရားတွေဟာ ဥဏ်တော်၊ အရွယ်အစား၊ ပုံသဏ္ဌာန်အားဖြင့် အများကြီး ရှိပါတယ်။ ရာနဲ့ ထောင်နဲ့ချီ ရှိမယ်လို့ ခန့်မှန်းရပါတယ်။

ပဲခူးတိုင်းဒေသကြီးဘက်မှာ နှီးဘုရား အတော်များများ ဖူးတွေ့ရပါတယ်။ ကျေးရွာတစ်ရွာက ဘုန်းတော်ကြီး

ဆုတောင်းပြည့် နှီးဘုရားကြီး ပုဒ္ဓပြတ်စွာဘုရား ဆင်းတုတော်မြတ်
ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်အတွင်းရှိ ကြည်ညိုဖွယ်ရာ
ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူ

ကျောင်း တစ်ကျောင်းမှာ ပူဇော်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူဟာ အကြောင်းတစ်စုံတစ်ခုကြောင့် အပေါက်ကြီး ဖြစ်သွားတော့မှ ပြုပြင်ဖို့ စစ်ဆေးကြည့်ရှုရာက နှီးဘုရား ဖြစ်နေတာ သိရပါတော့တယ်။ အရင်ကတော့ သစ်သား ဆင်းတုတော်ပဲ ဖြစ်လိမ့်မယ်လို့ ထင်ခဲ့ကြတာတဲ့။ ဒါကို ကြည့်ခြင်းအားဖြင့် နှီးဘုရား ရက်လုပ်တဲ့ နှီးပညာရှင်ဟာ ဘယ်လောက်တောင် လက်ရာသေသပ် ကျွမ်းကျင်သလဲဆိုတာ သိနိုင်ပါတယ်။

ကလောမြို့ ဆုတောင်းပြည့် နှီးဘုရားကြီးဟာ တင်ပျဉ်ခွေ ထိုင်တော်မူ ဘုမိဖဿမုဒြာ ဖြစ်တယ်လို့ ရှေ့နားမှာ ပြောခဲ့ပြီးပါပြီ။ ဘုရားရှင်ရဲ့ မျက်နှာတော်ဟာ ရှေ့ကို မသိမသာ ညွှတ်ကိုင်းနေပြီး မျက်လွှာတော်ချထားတဲ့ ပုံတော် ဖြစ်ပါတယ်။ မျက်လွှာတော် ချထားတယ်ဆိုတာက မျက်လုံးတော် မှိတ်ထားတာ မဟုတ်ပါဘူး။

ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တွေမှာ မျက်လုံးတော် ဖွင့်ခြင်း၊ မိတ်ခြင်း ဆိုတာကလည်း သူ့ဟာနဲ့သူ လေးနက် ထူးခြားတဲ့ အဓိပ္ပာယ်တွေ အများကြီးရှိလို့ အခုလို ကွဲကွဲပြားပြား ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။ နိုးနိုးသာမန် ရဟန်းရွာသို အသိမျိုးနဲ့ သိသာရုံပြောရရင် လာဘ်ပွင့်ချင်တယ်၊ မျက်နှာ ပွင့်ချင်တယ်၊ အကြံကောင်း ဉာဏ်ကောင်းတွေ ပွင့်လင်းချင်တယ်၊ ပညာဉာဏ်တွေ တိုးတက်ပွင့်လင်းချင်ရင်

www.burmeseclassic.com

www.burmeseclassic.com

မှက်လုံးတော်ဖွင့် (မျက်လုံးတော်ပွင့်) ဗုဒ္ဓရုပ်ပွားတော်ကို တိုးကွယ် ဆည်းကပ်တတ်ကြတယ်။

ကလောမြို့ ဆုတောင်းပြည့် နီးဘုရားကြီးရဲ့ လက်ယာဘက် လက်တော်က လက်ချောင်းတော်တွေဟာ ပလွင့်တော်မှာ ထိမခံနေဘဲ ရှေ့ဘက်ကို ကော့ညွတ်နေတယ်။ အဲဒီ လက်ချောင်းတော် အဖျားရဲ့ထိပ်မှာ အမည်အတိအကျ မဖော်ပြနိုင်တဲ့ အရုပ်သေးသေးလေးတစ်ရုပ် ရှိတယ်။ သဘောကတော့ ကွေးညွတ်နေတဲ့ လက်ချောင်းတော်ရဲ့ အနွံ့အပျောက်ကို ထိန်းထားတဲ့ သဘောလို့ ယူဆရပေမယ့် ဒီထက်နက်ရှိုင်းသိမ်မွေ့တဲ့ အဓိပ္ပာယ် ဖော်ဆောင်ထားတာမျိုးလည်း ဖြစ်နိုင်တယ်။ ဆရာတော် (ဘဒ္ဒန္တ ကုသလ) ကတော့ 'ဒုက်ရုပ်' လို့ ယူဆပါတယ်။

လက်ဝဲလက်တော် လက်ချောင်းလေးတွေကလည်း သွယ်ပျောင်းကော့ညွတ်နေပါတယ်။ လက်ဝဲဘက် လက်တော်ဟာ တင်ပျဉ်ခွေပေါ် တင်ပြီး ပက်လက်လှန်ထားတာမို့ လက်ချောင်းတော်ရဲ့ အညွတ်အပျောင်း အနုအနွံ့ သွယ်ပျောင်းမှုဟာ ထင်ထင်ရှားရှား မြင်တွေ့နိုင်ပါတယ်။ လက်ဝဲဘက် လက်ဖဝါးတော်ထက်မှာ သပိတ်တစ်လုံးရှိပြီး အဲဒီသပိတ်ကို လက်မတော်နဲ့ ထိန်းထားတယ်။ သပိတ်တော်ဟာ မူလကပဲ ပါခဲ့သလား၊ နောက်မှ ဆက်ကပ်လှူဒါန်းထားသလားဆိုတာ အတိအကျ မပြောနိုင်ပါဘူးတဲ့။

နောက်တစ်ချက်က လက်ယာဘက် လက်ချောင်းတော်ရဲ့ လက်ထိပ်လေးတွေဟာ ညီညီညာညာ တိတိရိရိ ဖြစ်နေပေမယ့် လက်ဝဲဘက်လက်ချောင်းတော်ရဲ့ လက်ထိပ်လေးတွေကတော့ ကြာဖတ်လေးတွေလို ကော့ရော့ ခပ်ပျော့ပျော့လေး ဖြစ်နေတာက အနုပညာ ဆန်လွန်းလှတဲ့ လက်ရာကောင်းတစ်ခုကို ဖော်ကျူးနေသလို ရှိတယ်။

ဘုရားရှင်ရဲ့ လက်ချောင်းတော်လေးတွေ အခုလို သွယ်ပျောင်း နွဲ့နောင်းနေတာဟာ လက္ခဏာတော်ကြီး သုံးဆယ့်ခြောက်ပါးမှာ အပါအဝင် ဖြစ်တော်မူတဲ့ မုဒုတလုဏဟတ္ထပါဒတာနဲ့ ဇာလဟတ္ထပါဒတာ လက္ခဏာတော်နှစ်ပါးနဲ့ ကိုက်ညီတော်မူတယ်။

မုဒုတလုဏဟတ္ထပါဒတာ ဆိုတာ မုဒု - နူးညံ့သော၊ တလုဏ - နုပျိုသော၊ ဟတ္ထပါဒတာ - လက်တော် ခြေတော် ရှိခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ နူးညံ့နုပျိုတဲ့ လက်တော် ခြေတော် ရှိတာလို့ ဆိုပါတော့။ ဇာလဟတ္ထပါဒတာ ဆိုတာက ဇာကွန်ရက်ပမာ ညီစွာတည်သော လက်ချောင်း၊ ခြေချောင်းတော်ရှိခြင်းလို့ ဆိုပါတယ်။

မြတ်စွာဘုရား အလောင်းတော်မြတ်ဟာ ဖြစ်လေရာ သံသရာ ဘဝ ဘဝတွေမှာ တွေ့ကြုံ ဆုံစည်းလာရတဲ့သူတွေ အပေါ်မှာ ဆင်းရဲတယ်၊ ချမ်းသာတယ်၊ ရာထူးရှိတယ်၊ ရာထူးမရှိဘူး စတာတွေ မခွဲခြားဘဲ ချစ်ခင်ဖွယ်ရာ ချီးသာတဲ့စကားနဲ့ ဆက်ဆံပြောဆိုတော်မူတယ်၊ ယဉ်ကျေးသိမ်မွေ့တဲ့ အသုံးအနှုန်းမျိုးနဲ့ ပြောဆိုတော်မူတယ်။ နောက်ဆုံး နာဠာဂိရိတို့လို တိရစ္ဆာန်ရိုင်းကြီးတွေနဲ့ တွေ့ရင်တောင်မှ "ချစ်သား နာဠာဂိရိ" လို့ ပြောဆို ဆက်ဆံတော်မူတယ်။

ပြောရရင် မြတ်စွာဘုရားရှင်ဟာ ဒါန၊ ဝိယဝါစာ၊ အတ္ထစရိယာ၊ သမာနတ္တတာ ဆိုတဲ့ ချစ်ဆောကြိုးလေးပါးကို ကိုယ်တော်တိုင် သောက်သုံးတော်မူ၊ အခြား သတ္တဝါ ဝေနေယျတို့ကိုလည်း တိုက်ကျွေးတော်မူခဲ့တဲ့ ပါရမီအဟုန်နဲ့ အဲဒီ လက္ခဏာတော် နှစ်ပါးကို ရရှိတော်မူတာပါ။ ဒီလက္ခဏာတော် နှစ်ပါးရဲ့ တန်ခိုးရှိန်စေ့ အာနုဘော်တော်က 'မပြို့မကွဲ အမြဲတည်တဲ့ ပရိသတ် အခြံအရံနဲ့ ပြည့်စုံခြင်း' ပါပဲ။ ဆိုလိုတာက ကလောမြို့ ဆုတောင်းပြည့် နီးဘုရား မြတ်စွာဘုရားရှင်ရဲ့ မုဒြာတော်ဟာ အဲဒီလို ထူးကဲမှန်မြတ်တဲ့ အဓိပ္ပာယ်တွေ စုဝေးနေတယ်ဆိုတာကို သိစေချင်တာပါ။

ရင်ဘတ်တော်၊ ပခုံးတော်၊ နှုတ်ခမ်းတော်၊ မေးရိုးတော်၊ နှာတံတော်၊ မျက်ခုံးတော် စတဲ့ အင်္ဂါအစိတ်အပိုင်းတွေကလည်း ပေပြစ်တင့်တယ်တော်မူပါတယ်။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာအရ ရုပ်ပွားဆင်းတုတော်တွေ ထုလုပ်ပူဇော်ကြတဲ့အခါ 'ဖြိုးသုံးပါး၊ ချဉ်သုံးပါး၊ ဝန်းသုံးပါး ညီစေရမယ်' လို့ ပညာရှင်တို့ သတ်မှတ်တော်မူခဲ့ကြတယ်။ ရင်ဖြိုးစေ၊ နဖူးဖြိုးစေ၊ ပခုံးဖြိုးစေ ဆိုတဲ့ ဖြိုးသုံးပါး၊ နံနှစ်ဖက် ချဉ်စေ၊ ရင်ချဉ်စေ၊ ပါးတော်နှစ်ဖက် ချဉ်စေ ဆိုတဲ့ ချဉ်သုံးပါး၊ မေးတော်ဝန်းစေ၊ နားရွက်ဖျား ဝန်းစေ၊ နဖူးတော် ဝန်းစေ ဆိုတဲ့ ဝန်းသုံးပါးတို့ ပြည့်စုံညီညွတ်ရမယ်လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ လည်တော်လည်း မုရိုးစည်ကဲ့သို့ ရှိစေ၊ ပခုံးတော်နှစ်ဖက် ပတ္တမြားတောင်ထွတ်ကဲ့သို့ ဖြိုးစေ စတဲ့ 'အဖြိုး ခုနစ်ပါး' မေးတော်သည် ခြင်္သေ့မင်း မေးကဲ့သို့ ပြည့်ပြည့်ရှိစေ၊ ရင်ပုံတော်လည်း ပြည့်ဝစေ စတဲ့ 'ပြည့်ခြင်း ၁၆ ပါး' အင်္ဂါရုပ်တွေ ရှိပါသေးတယ်။ ကလောမြို့ ဆုတောင်းပြည့် နီးဘုရား မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ဟာ အဲဒီ အင်္ဂါအစိတ်အပိုင်းတွေနဲ့ ပြည့်စုံညီညွတ်တော်မူတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးလည်း ဖြစ်ပါတယ်။

အဲဒီလို ကြည်ညိုဖွယ်ရာ နီးဘုရား ရုပ်ပွားတော်မြတ်ကြီးရဲ့ ဥဏ္ဏာလုံးတော်ဟာ ပီပီပြင်ပြင် မိုမိုမောက်မောက်နဲ့ ထင်ရှားတော်မူပါတယ်။ ဥဏ္ဏာလုံးတော်ဆိုတာ ပါဠိလို ဥဏ္ဏာလောမ ခေါ်ပါတယ်။ အင်္ဂလိပ်လို 'Unnaloma' လို့ ရေးသားတယ်။ 'Unnaloma' ကို အင်္ဂလိပ်လို ထပ်ဖွင့်တာကတော့ 'whorl of hair between the brows of Lord Gotama Buddha' ဖြစ်ပါထယ်။ မြန်မာလို အဓိပ္ပာယ်ကတော့ 'မြတ်စွာဘုရား၏ မျက်မှောင်တော် နှစ်ခုအကြားရှိ မွေးရှင်တော်' ဖြစ်ပါတယ်။ သုံးဆယ့်နှစ်ဖြာ လက္ခဏာတော်ကြီးထဲမှာလည်း 'ဥဏ္ဏာလောမတာ' လက္ခဏာတော်မြတ်လို့ ဟောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ လက္ခဏာတော်ကြီးရဲ့ အကျိုးဆက်အနေနဲ့ မြတ်ဗုဒ္ဓ နောက်တော်ပါးက လိုက်ပါခစားနေကြတဲ့ လူ၊ နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ ဥမ္မင်္ဂ၊ ယက္ခ၊ ဂန္ဓဗ္ဗ စတဲ့ ချစ်သား၊ ချစ်သမီး တွေဟာ မြတ်စွာဘုရားရှင်ရဲ့ အလိုတော်ကျ နေကြ၊ ထိုင်ကြ၊ ကျင့်ကြံ အားထုတ်ကြတာပေါ့။

ဆုတောင်းပြည့် နီးဘုရား ရုပ်ပွားတော်မြတ်ကြီးရဲ့ ဦးခေါင်းတော်ဟာ ဗိန္ဒုပြောက်ကလေးတွေနဲ့ တန်ဆာဆင်ထားပြီး ဥက္ကိုသအလယ်မှာတော့ သဒ္ဓညုဇာဥာဏ်တော်ကို ရည်စူးဖော်ညွှန်းတဲ့ ကြာဖူးရောင်လျှံတော်နဲ့ ဖြစ်ပါတယ်။ ဦးခေါင်းတော်မှာ ပူဇော်ထားတဲ့ မကိုဋ်တော်ကတော့ ဂုဏ်တော်ကိုးပါးကို ရည်စူးတဲ့ ကိုးဆင့်မကိုဋ်တော် ဖြစ်ပါတယ်။

သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်ရဲ့ သုတေသန ဖော်ပြချက်အရ ပထမ အင်းဝခေတ်မှာ ရက်လုပ်ပူဇော်ခဲ့တဲ့ နီးဘုရား ရုပ်ပွားတော်ကြီး ဖြစ်တယ်လို့ သိရပါတယ်။ သက်နီးတော်ဟာ တင်ပါးတော်အထိ ဖုံးအုပ်နေတာမို့ မင်းဇေရာဇ၏ ဆည်းကပ်ကိုးကွယ်ခဲ့တဲ့ ဘုရား ဖြစ်တယ်လို့ ဆိုပါတယ်။

ဘဒ္ဒန္တ မေဓာဝီ စီရင်တော်မူတဲ့ 'စေတိယပကာသနီ ကျမ်း' မှာ 'ဤသို့ ထက်ဝယ်တော်ကို တောင်၊ ထွာ၊ မိုက်၊ လက်သံစ၊ မုယောတို့ဖြင့် ချင့်တွက်၍ ပြုပြီးမှ ဆင်းတုတော်ကို ထက်ဝယ်အတိုင်း နှုတ်ခမ်းတော်ထား၊ နှုတ်ခမ်းတော်ထိမူ သူဆင်းရဲ ကိုးကွယ်ရာ၏။ ထက်ဝယ် နှာခေါင်းတော်ထိမူ အမျူးအမတ်တို့ ကိုးကွယ်ရာ၏။ မျက်ကြားရောက်သော် အိမ်ရှေ့မင်းတို့ ကိုးကွယ်ရာ၏။ နဖူးရောက်သော် ရေမြေရှင်မင်း ကိုးကွယ်ရာ၏' လို့ အမှာအထား ရှိတော်မူပါတယ်။

ဆရာတော် ဘဒ္ဒန္တမေဓာဝီရဲ့ အမှာအထားအရ ကလောမြို့ ဆုတောင်းပြည့် နီးဘုရား ရုပ်ပွားတော်မြတ်ကြီးကို မှန်းဆ တိုင်းထွာကြည့်တဲ့အခါ ထက်ဝယ်တော် (တင်ပျဉ်ခွေ ဒူးစွန်းနှစ်ဖက်) အကွာအဝေးဟာ နဖူးတော်ထိနေမယ်လို့ တွက်ဆမိပါတယ်။ ဒါကြောင့် ဒီနီးဘုရား ဆင်းတုတော်မြတ်ကြီးဟာ ရေမြေရှင်မင်း ကိုးကွယ်ခဲ့တယ်ဆိုတဲ့ အချက်ဟာ တထစ်ချ မှန်ကန်တယ်လို့ မှတ်ယူမိပါတယ်။

နောက်တစ်ချက်၊ ကလော ဆုတောင်းပြည့် နီးဘုရားကြီး သီတင်းသုံးစံပယ်တော်မူရာ ပလ္လင်တော်ဟာ အပရာဇိတ ပလ္လင်တော်ကို ရည်မှန်းပူဇော်ထားပါတယ်။

နီးဘုရား ဆင်းတုတော်မြတ်ကြီးဟာ မူလတုန်းက 'ရွာဆိုးကုန်း' ရွာမှာ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူပါတယ်။ တစ်နေ့သောအခါမှာ ရွာဆိုးကုန်း ရွာလုံးကျွတ် မီးသင့်လောင်ပြီး ရွာပျက်သွားတယ်။ အဲဒီအခါ ပင်မကုန်း ရွာသားတွေက ထူးထူးခြားခြား မီးမခဲဘဲ ထီးတည်းကြီး ကျန်နေတော်မူတဲ့ နီးဘုရား ရုပ်ပွားတော်ကြီးကို ပင့်ဆောင်ဖို့ စီစဉ်ကြတယ်။ အဲဒါကြောင့် နီးဘုရား ရုပ်ပွားတော်ကြီးကို လူသုံးလေး

ဆုတောင်းပြည့် နီးဘုရားကြီး ဗုဒ္ဓမြတ်စွာဘုရား ဆင်းတုတော်မြတ်ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်အတွင်းဘက် မြင်ကွင်းစာစီရပ်

ဆယ်နဲ့ ပင့်ဆောင်ကြတဲ့အခါ နည်းနည်းလေးတောင် မလှုပ်ပါဘူးတဲ့။

အဲဒါနဲ့ စာတ်သိနားလည်သူတွေရဲ့ အကြံပေးချက်အရ 'သင့်တော်ရာ နေရာဌာနဆိုသို့ သီတင်းသုံး ကြွလှမ်းတော်မူပါရန်' အဓိဋ္ဌာန်ပြု တောင်းပန်လျှောက်ထားပြီး ပင့်တော့မှ လူလေးငါးယောက်နဲ့ အလွယ်တကူ ပင့်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီလို စိတင်ပင့်ဆောင်လာခဲ့တုန်းက ပင်မကုန်းတောင်ခြေတန်ဆောင်းအိုကြီးထဲမှာ သီတင်းသုံး စံပယ်တော်မူခဲ့ရတာပါ။ နောက် နှစ်အတော်ကြာတဲ့အခါ တန်ဆောင်းအိုကြီး ပျက်စီးသွားပေမယ့် နီးဘုရား ရုပ်ပွားတော်ကြီးကတော့ ပကတိ ကောင်းကောင်းမွန်မွန် သီတင်းသုံး စံပယ်နေတော်မူတာကို အံ့သြဘနန်း တွေ့မြင်ဖူးမြော်ကြရပါတယ်။

၁၃၅၀-၅၁ ခုနှစ် ရောက်တဲ့အခါ နီးဘုရားရုပ်ပွားတော်မြတ်ကြီးကို ဆရာတော် ဦးကုသလ ဦးဆောင်ပြီး တပည့်ဒကာ၊ ဒကာမတွေနဲ့ ပင်မကုန်းတောင်ပေါ် ပြောင်းရွှေ့တည်ထား ပူဇော်ခဲ့ကြတယ်။

အဲဒီလို ပင့်ဆောင်တုန်းက နွေခေါင်ခေါင်ကြီးမှာ နီးဘုရား ရုပ်ပွားတော်မြတ်ကြီး ပင်မကုန်း တောင်ထိပ်ပေါ် လည်း ရောက်ရော မိုးကြီး သည်းထန်စွာ ရွာသွန်းပါတယ်။ ဒီလို နွေခေါင်ခေါင်မှာ ဆဲသဲမဲမဲ မိုးကြီးရွာချတာဟာ ဘုရားကြီး သန့်စင်သွားအောင်လို့ သိကြားမင်းကြီးက မိုးပုလဲပန်းတွေနဲ့ ပူဇော်တာလို့ ဒကာ၊ ဒကာမ အပေါင်းတို့ ပြောဆို ဝမ်းမြောက်ကြပါသတဲ့။ တတ်သိနားလည်တဲ့ ဝိဇ္ဇာပညာရှင်တွေကလည်း ဒီနီးဘုရား ရုပ်ပွားတော်ကြီးကို သိကြားမင်း ဦးဆောင်တည်ထားခဲ့တာလို့ ပြောကြတယ်။

ပြောမယ်ဆိုထည်း ပြောလောက်ပါတယ်။ နီးဘုရား ရုပ်ပွားတော်ကြီးဟာ ပင်မကုန်းတောင်ထိပ်ပေါ် ရောက်တော်မူပြီးနောက် သစ်သားကျောင်းဆောင်တစ်ခုထဲ အရောက်မှာ သဲကြီးမဲကြီး လေရော မိုးပါ ရွာသွန်းဖြိုးနေတဲ့ မိုးကြီးဟာ

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့မှသည်

သဇေ္ဈ ရွှေဘုရံ စေတီ

ပြဿပိတ်တောင်ခြေမှ နှီးဘုရားကြီးသို့

ကောင်းမြတ်(စာပေတော်)



၂၀၁၄ ခုနှစ်ရဲ့ ပြက္ခဒိန်ထဲက ရက်တွေမှာ ကပ်ငြိတွယ်ကပ်ပါလာတဲ့ ကောင်းမှု၊ မကောင်းမှု (တုသိုလ်၊ အကုသိုလ်) အားလုံးကို ဆားငုံ့တဲ့ မုတ္တမ ဝင်လယ်ကွေ့ထဲကို လွှင့်ပစ်လိုက်ရင်း အတွေးတစ်ခုက ဝင်ရောက်လာခဲ့သည်။ မြစ်ကြောင်းတိုတဲ့ စစ်တောင်းလိုမြစ်က စီးလာတဲ့ရေတွေဟာ ရေချိုဖြစ်သလို မြစ်ကြောင်းရှည်တဲ့ သံလွင်မြစ်က စီးဆင်းလာတဲ့ ရေတွေဟာလည်း ရေချိုတွေပဲဖြစ်ပါသည်။ အလားတူ ရောဝတီမြစ်ရေသည်လည်းကောင်း၊ အတ္ထဲမြစ်၊ ကျိုင်းမြစ်ငယ်လေးများမှ ရေစီးနှင့်အတူ စီးမျောလာခဲ့သော ရေအလျှဉ်တို့သည် မူလပကတိအသွင်က ရေချိုများ ဖြစ်ကြသည်။

သို့သော် ဆားငန်သော မုတ္တမ ပင်လယ်ကွေ့တွင်းသို့ စီးဝင်၍ ပေါင်းစည်းသွားသည့်အခါ ချိုမြိန်သောရေတို့သည် ဆားငန်သောပင်လယ်အဖြစ်သို့ ပြောင်းလဲသွားသည်ကို သတိပြုလိုက်မိသည်။

လူဘဝတွင် မိခင်များမှ မွေးဖွားပေးစဉ် လူသားကလေးငယ်ဘဝတွင် ပကတိ စင်ကြယ်ကြသည်။ သူတို့တွင် ကုသိုလ်မရှိ၊ အကုသိုလ်မရှိ၊ လောဘမရှိ၊ ဒေါသမရှိ၊ မာနမရှိ၊ ဣဿာမစ္ဆရိယ မရှိ။ ဆာလောင်လျှင် ငိုကြွေးမည်။ နို့ချိုသောက်စို့ရလျှင် ကျေနပ်မည်။

သို့သော် အရွယ်ရောက်လာသည်နှင့်အမျှ လောဘ(လိုချင်တပ်မက်မှု) တို့ မှားလာသည်။ အလိုမပြည့်လျှင် ဒေါသ ဖြစ်လာမည်။ အလိုမပြည့်ခြင်းကို ဗုဒ္ဓက ကာမတဏှာဟု ဆိုးမသည်ကို နာကြားဖူးသည်။ ထို့ကြောင့် ဗုဒ္ဓက သားရဟန်းများအား သာသနာတော်တွင်းသို့ စတင်ဝင်ရောက်သည်မှစ၍ ပူပင်ကြောင့်ကြကင်းစွာ နေနိုင်ရေးအတွက် ရဟန်းတို့အား ဌာတစ်ကောင်အကိုင်းပေါ်မှ အလွယ်တကူထ၍ ပုံနိုင်ဘိသကဲ့သို့ ပရိက္ခရာ ရှစ်ပါးမှတစ်ပါးဘာကိုမှ မတွယ်တာဘဲ တရားအလုပ်ကိုသာ အပတ်တကုတ် ကြိုးစားထမ်းဆောင်ရင်း အေးချမ်း၍ ဒုက္ခကင်းဝေးရန် သန္တိသုခဖြစ်သော အေးငြိမ်းသည့် နိဗ္ဗာန်သို့ ရောက်စေသော တရားများကို နည်းမျိုးစုံဖြင့် ဟောပြောပေးခဲ့ခြင်း ဖြစ်ပေလိမ့်မည်ဟု အတွေးတို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဌေးရံစေတီ ဂုံပြင်ကော်

စီးမျော်ရင်း မုတ္တမပင်လယ်ကွေ့အား ဖြတ်၍တည်ဆောက်ထားသော မြစ်ကူးတံတားကြီးကို စီးလာသော ကားလေးသည် တရိပ်ရိပ်ဖြင့် ဖြတ်ကျော်နေသည်။

ဟိုအဝေးမှ ဘီလူးကျွန်းသည်လည်းကောင်း၊ ခေါင်းဆေားကျွန်းသည်လည်းကောင်း စာရေးသူတို့အား ငေးကြည့်နေသည်ဟု ခံစားမိသည်။ ရထားလမ်းနှင့်ကားလမ်း တူယှဉ်စွာ သုံလွှင်မြစ်ကြီးကို လက်တွဲ၍ ဖြတ်ကျော်လာခဲ့သော်လည်း မုတ္တမကမ်းခြေသို့ ရောက်သည်နှင့် မီးရထားလမ်းက လမ်းခွဲသွားသည်လား၊ စာရေးသူတို့ ကားလမ်းကပင် စတင်၍ လမ်းခွဲသွားသည်လား ဝေခွဲ၍မရသော်လည်း ဘဝတစ်ခု ရရှိထားသူတို့သည် ဘဝတစ်ခုကို ခေတ္တပိုင်ဆိုင်ထားသည့် အချိန်လေးကို တန်ဖိုးရှိစွာ အသုံးမချနိုင်ခဲ့လျှင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ မပေါင်းဖက်ရဘဲ အတ္တကြီးစွာမိမိတစ်ဦးတည်းအတွက်သာကြည့်၍ ဘဝကိုတည်ဆောက်မည်ဆိုလျှင် လူ့ဘဝသို့ ရောက်ရှိရခြင်းသည် အဘယ်ကဲ့သို့ အဓိပ္ပာယ်သက်ရောက်တော့မည်နည်း။

ရေချိုမှ စီးဆင်းလာသော မြစ်ရေတို့သည် မုတ္တမပင်လယ်ကွေ့ထဲသို့ ရောက်သည့်အခါ အားလုံး ဆားငန်ရေဖြစ်သွားသကဲ့သို့လည်းကောင်း၊ ထိုဆားငန်သော မုတ္တမကွေ့ကို ဖြတ်ကျော်လာသော တံတားလိုပင် မုတ္တမကမ်းခြေရောက်လျှင် ကွဲကွာသွားကြမည်သာဖြစ်သည်ဟု အတွေးတို့ ဝင်လာသည်။ ထို့ကြောင့် အသက်မဲ့သော တံတားကြီးနှင့် မုတ္တမပင်လယ်ကွေ့ကို ကြည့်၍ သံဝေဂဟု ပြောရမည်လား မသိသော အတွေးတစ်ခု ရင်တွင်းသို့ ဝင်ရောက်လာသည်။

စာရေးသူသည် ခရီးသွားခြင်းအလုပ်ကို စွဲစွဲလမ်းလမ်း နှစ်သက်မိသည်ဟု ပြောရလေမည်လား မသိ။ ခရီးသွားနေခြင်းအပေါ် တစ်ခါတစ်ရံမျှ နောင်တ မရခဲ့ဖူးပေ။ အထူးသဖြင့် မွန်သူရဲကောင်းတို့ ကျင်လည်ကျက်စားခဲ့သော မုတ္တမမြို့သို့ ဝင်ရောက်လာသော အခါ မွန်-မြန်မာ နှစ်ပေါင်း(၄၀)ကျော် တိုက်ပွဲကာလအတွင်း ထင်ရှားခဲ့သော မွန်ဘုရင် ရာဇာဓိရာဇ်နှင့် သူ့လက်ရုံးများဖြစ်ကြသော လဝွန်းအိမ်၊ သူရဲကောင်း သမိန်ဗရမ်း အစရှိသော မွန်သူရဲကောင်းများ၏ ဘဝအစိတ်အပိုင်းတို့သည် စာရေးသူ၏ ရင်ထဲသို့ ပြေးရောက်ဝင်လာကြသည်။ သူတို့ပြည်၊ သူ့နိုင်ငံ၊ သူ့လူမျိုးအတွက် အသက်သေပေးရမည်ကို ဝန်မလေးသည့် တကယ့်သူရဲကောင်းတွေသည် တစ်ခါက မြန်မာနိုင်ငံထဲတွင် ရှိခဲ့ပါလားဟုလည်း တွေးရင်း ကျေနပ်သလို ဖြစ်သွားခဲ့ရသည်။

ကားလမ်းရဲ့ လမ်ယာဘက်ဆီတွင် ပေါင်မြို့အနီးမှာ နွားလပို့တောင်ကြီး ထီးထီးကြီး ရပ်တည်နေသကဲ့သို့ သပိတ်အိုင်တောရကိုလည်း စိတ်ထဲကပင် တွေး၍ ကြည်ညိုခဲ့ရသည်။ နောက်ရင်းငြိမ်၊ ဇင်းကျိုက်မြို့များကို ဖြတ်စဉ် ဇင်းကျိုက်ရေတံခွန်အား မိုးတွင်းကာလတွင်သာ ရေရှိပြီး ယခုအချိန်တွင် ရေမရှိဟု သိခဲ့ရပြီး ရေတံခွန်သို့သွားသော နေရာသို့ ရောက်သည့်အခါ "အဲဒီကနေသွားရတာ" ဟု မိန့်ကြားသဖြင့် စာရေးသူလည်း လှမ်းကြည့်လိုက်ဖြစ်သည်။

ဗီလိုနှင့်ပင် စာရေးသူတို့သည် ကျိုက ဓိုက်ပျိုးရေးဥယျာဉ်သို့လည်း ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ဓိုက်ပျိုးစရာ မြေတွေရှိသည်။ ဓိုက်ပျိုးရေး သိပ္ပံပညာရှင်တွေ ရှိသည်။ ဓိုက်လည်း ဓိုက်

ဌေးရံစေတီတော်မြတ်အတွင်းရှိ သာသနာ့ဝိဟာရတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ပို့ကြသည်။ သို့ပါလျက် စာရေးသူတို့ နိုင်ငံသည် အဘယ်ကြောင့် ဆင်းရဲကွင်းနက်နေကြသနည်း ဟူသော အတွေးတို့သာ လွှမ်းမိုးလာပြန်သည်။

ပယ်သတ်အပ်သော တရားများ ရင်ထဲတွင် မကိန်းအောင်းသမျှ တစ်နည်းအားဖြင့် ရင်ထဲတွင် တရားမရှိသမျှ မည်သို့သောသူပင် တိုင်းပြည်ကိုတာဝန်ယူသည်ဖြစ်စေ အများချမ်းသာအောင် ဖွံ့ဖြိုးဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ဒါဆို လျှင် သူများက ချမ်းသာအောင် ပြုလုပ်ပေးနိုင်သည်ကို အပြစ်တင်နေမည့် အစား ဗုဒ္ဓဟောကြားသည့် တရားကို နာယူကာ မိမိတစ်ကိုယ်စာ ကျင့်ကြံအားထုတ်၍ အေးငြိမ်းချမ်းသာမှုကို ရှာဖွေ၍ မနေသင့်ပြီလောဟုလည်း တွေးနေမိသည်။

နေမင်းကြီးသည် ကောင်းကင်ထက်ဆီမှ တရွေ့ရွေ့ တိမ်းစောင်း၍ ရွေ့လျားနေသည်။ စာရေးသူတို့ ကားလေးသည် သထုံမြို့ဆီသို့ အရှိန်ဖြင့် မောင်းနှင်နေသလို ကောင်းကင်က နေမင်းကြီးကလည်း သူလုပ်နေကျအတိုင်း အနောက်ဘက်ဆီသို့ သွားနေသည်။

ခရီးသွားခြင်းအလုပ်တွင် အချိန်ကို ကောင်းစွာ အသုံးချရသည်။ ထို့ကြောင့် ခရီးစဉ်အတိုင်း သထုံမြို့ကို ဝင်မည်။ သထုံရွှေစာရံစေတီကို ဖူးမြော်ကြည်ညိုကြမည်။ ဓာတ်ပုံမှတ်တမ်းရိုက်ရမည်။ သထုံ မြသပိတ်တောင်ကိုလည်း အချိန်ရလျှင် တက်ရောက် ဖူးမြော်မည်။ ပြီးမှ နီးဘုရားသို့ ဝင်ရောက်ဖူးမြော်ကြမည်။ ထိုမှတစ်ဆင့် ကျိုက္ကော်ဘီးလင်း၊ တောင်စွန်းသို့ ပြန်ကြမည်ဟု အစီအစဉ် ဆွဲထားသည်။

မွန်ပြည်နယ် ခရီးလမ်းသည် ကတ္တရာလမ်းဖြစ်ပြီး လမ်းကောင်းသည်ဟု ပြောရပေမည်။ ထို့ကြောင့်လည်း ခရီးတွင်သည်။ အပြန်ခရီးတွင် မြင့်မားသော တောင်တန်းကြီးများ ကာဆီးထားသည်။ ကားလမ်း၏ လက်ဝဲဘက်ပင်လယ်ထိန်အရပ်တွင် လယ်ယာမြေများက နေရာယူထားသည်။ လက်ယာဘက် တောင်ခြေတွင် စိမ်းစိုသော ရော်ဘာ စိုက်ခင်းများ၊ ဒူးရင်းခြံများ၊ ကွမ်းသီးခြံများ၊ အုန်းခြံများ၊ မင်းကွတ်၊ ကြက်မောက်ပင်များအား အကွက်ကျ စိုက်ပျိုးထားသည်ကို တွေ့ကြရသည်။

ပိဏ္ဍကတ်တိုက်တော်စေတီ

စာရေးသူတို့ ကားလေးသည် ညနေ ၄ နာရီမထိုးခင် သထုံရွှေစာရံစေတီသို့ ရောက်ရှိလာသည်။ အချိန်ရသဖိုက် သထုံရွှေစာရံစေတီသို့ဝင်ရောက် ဖူးမြော်ကြသည်။ သာသနာ့ဝိဓာန်တော်ကြီးအတွင်းရှိ သံယာတော် အရှင်သူမြတ်တို့ထံမှ ပဋ္ဌန်းဒေသနာတော် ရွတ်ဖတ်ပူဇော်မှုအသံသည် မောလာသော စာရေးသူ၏ ရင်ထဲသို့ အေးငြိမ်းသွားစေခဲ့သည်။ ကိုယ်လုံးတော်ပြည့် ရွှေရောင်များ ဝင်းထိန်နေသည့် ရွှေစာရံစေတီတော်ကြီးကို နေမင်းကလည်း သူ့အလင်းရောင်ဖြင့် ပူဇော်နေသည်။ ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမြော်ခွင့်ရလိုက်သော ရှုခင်းတို့သည် စာရေးသူအဖို့ ဘယ်လိုမှ မေ့ပစ်၍မရနိုင်တော့မည့် ရှုခင်းတစ်ပုဒ်ပင် ဖြစ်တော့သည်။ ကျယ်ပြန့်သော ရင်ပြင်တော် အတွင်းမှ သာသနိက အဆောက်အအုံများက လည်း စေတီတော်ကြီးနှင့် ပန်ရလိုက်ပါတိ။

ဩော်... ဒါက သထုံမြို့။ သထုံဆိုတာက ဟိုတစ်ခေတ် တစ်ခါက သုဝဏ္ဏဘူမိ နေပြည်တော်၊ အရှေးကြီးများ လွှမ်းမိုးနေသော ပေါ်ထွန်းရာမနိုင်ငံ အနုရုဒ္ဓမင်းကြီး စိုးစံရာသို့ ရှင်အရဟံ



ရွှေစာရံစေတီတော်မြတ်ကြီး၏ ထူးခြားသော ပိဿဝါများ

www.burmeseclassic.com

www.burmeseclassic.com

ရွှေစာရုံစေတီ ရင်ပြင်တော်မှ ကောင်းမူတော်စေတီ

ကြွရောက်တော်မူခဲ့ပြီး တရားဟောပြရာမှ ဗုဒ္ဓ၏ အဆုံးအမများကို ဘဝင်ကျစွာ လက်ခံနာယူမိပြီး သထုံမြို့ရှိ ပိဋကတ်သုံးပုံအား ပူဇော်ခွင့် တောင်းခံရာ သထုံဘုရင် မနုဟာမင်းမှ ငြင်းပယ်လိုက်သည်ကို အင်အားတောင့်တင်းခိုင်မာသည့် ပေါက်ကွဲရာမစစ်သည်တို့ အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်းခံရပြီး မနုဟာမင်းနှင့်တကွ ပိဋကတ်တော်များ၊ ပညာရှင်များ အားလုံး ပုဂံသို့ ခေါ်ဆောင်ခြင်းခံခဲ့ရမှုများ။

သီရိခမ္ဘာသောက မင်းကြီး၏ အမြော်အမြင် ကြီးမားမှုဖြင့် တိုင်း ကိုးတိုင်းသို့ ဗုဒ္ဓသာသနာ ပြန့်ပွားစေခြင်းဟာ သားတော်မဟိန္ဒ(ရဟန္တာမြတ်ကြီး) အပါအဝင် ရဟန္တာများကို သာသနာပြုရန် စေလွှတ်သဖြင့် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် နှစ်ပါးတို့ ရောက်ရှိခဲ့သော သုဝဏ္ဏဘူမို့ နေမြည်တော်၊ နောက် သူရဲကောင်း ဗျတ္တ၏အစ်ကို ဗျတ်ဝိနှင့် မအိုဇာတို့၏ ကြေကွဲစရာဇာတ်လမ်း၊ အနုရွှဲမင်းကြီးနှင့် အတူ ထိုက်ခဲ့ရသော သူရဲကောင်း ဗျတ္တနှင့် သူနောင်တော်ဖြစ်သူ ဗျတ်ဝိတွေးတို့ဖြင့် စီမံထားသော သထုံမြို့ရိုးမှ ကြက်မတစ်ဝပ်စာလွတ်နေသော မြေနေရာစသည့် သထုံမြို့၏ စိတ်ဝင်စားဖွယ်ရာများဟာ စာရေးသူ၏ ရင်ကို မွန်းကျပ်လာစေသည်။ ထို့ကြောင့် ပြီးဆုံးခဲ့သော အတိတ်ကာလတို့ကို အမြန်ရိတ်သိမ်းလိုက်ရသည်။

ကန်သင်းရိုးအဟောင်းကို ပြန်ဆွလျှင် မြက်ဆွေးကိုသာ တွေ့ရသည်။ အမာရွတ်များဖြင့် ပြည့်နှက်နေသော အတိတ်အား မတမ်းတချင်။ သစ်လွင်သော အနာဂတ်ကိုလည်း မမျှော်မှန်း။ လက်ရှိပစ္စုပ္ပန်ကာလကိုသာ နှစ်သက်သဘောကျတတ်သူ ဖြစ်သည်။

ရရှိသော အခွင့်အခါအားအသုံးပြု၍ စေတီတော်ကြီးအား အားပါးတရ ဖူးမြော်ကြည်ညိုနေမိသည်။ ဗုဒ္ဓသာသနာ စတင်ထွန်းကားရာအရပ်သို့ ရောက်ရှိပြီး ဤသို့ လာရောက်ဖူးမြော် ကြည်ညိုခွင့်ရခြင်းသည် ထူးခြားသော ဒုလ္လဘတရားဟုတွေးမိရင်း ကျေနပ်နေမိသည်။ ဤသို့နှင့် စာရေးသူလည်း ရွှေစာရုံစေတီတော်မြတ်ကြီး၏ ဘုရားဒကာဖြစ်သော မင်းတရားကြီးကို သိစိတ်ပြင်းပြလာခဲ့ရလေသည်။ နောက် သထုံဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကိုလည်း ဖွေရှာနေမိသည်။

သထုံဟူသော အမည်နာမကား ပါဠိဘာသာ 'သုဓမ္မ'ကို အနက်ပြန်သော 'သုခံ' ဖြစ်၏။ ဥပမာ - အာဂမဟူသော ပါဠိကို အာဂုံဟု ပြန်သကဲ့တည်း။ ထိုသုခံတွင် 'ခ'အက္ခရာကို 'ထ' ပြု၍ 'သုထံ' ဖြစ်လာသည်။ ဥပမာ - ဂန္ဓ ပါဠိကို ဂန္ထ ဖတ်သကဲ့သို့ 'ခ' နှင့် 'ထ' ပြောင်းသွားသည်။ 'သုထံ'ဟု ပါဠိဖြစ်သော်လည်း အသံထွက်လာသောအခါ 'သထုံ' ဟုခေါ်ဆိုကြောင်း လေ့လာသိရှိခဲ့ရလေသည်။

ထိုသထုံမြို့ရှိ ရွှေစာရုံစေတီတော်ကြီး၏ မူလဘွဲ့အမည်မှာ 'စီရံဌတုစေတီ' ဟု ခေါ်တွင်ခဲ့ကြောင်း ဉာဏ်ကြောင်းအရ လေ့လာသိရှိခဲ့ရသည်။ ၎င်းအမည်တော်မှာ ပါဠိဘာသာဖြစ်၍ အနက်ပြန်မာပြန်သောအခါ စီရံကာလကြာမြင့်စွာ၊ အခွန်ရှည်စွာ ဘုဇင်သမိုင်းတွင်ကာ၊ ဌာတု - ဖြိုမကွဲ အမြဲလည်ပတ်ဝန်းမွှေဇင်း (မိုးမင်းဘာသာ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ရှည်စွာတည်ပါစေသတည်းဟုအဓိပ္ပာယ်ရသည့်ဘွဲ့တော်ဖြစ်သည်။

နောက်လူတို့က အမွှမ်းတင်ကာ ရွှေနှင့်တွဲလျက် ရွှေစ်ရံစေတီဟု ဖြစ်လာသည်။ ထိုမှ ရွှေစာရံစေတီ ဖြစ်လာသည်ဟု လေ့လာတွေ့ရှိခဲ့ရသည်။ နေလျှင် အမှန်၊ ဖတ်လျှင် အသံဆိုသည့်အတိုင်း အသံထွက်ဖတ်သောအခါ "ရွှေစာရံ"စေတီဖြစ်လာသည်ဟု သမိုင်းပညာရှင်များက ဆိုသည်။

ထိုသထုံမြို့၏ ရွှေစာရံစေတီတော်၏ ဘုရားဒကာ အမည်ကား သူရိယစန္ဒာမင်းကြီးပင် ဖြစ်သည်။ ထိုမင်းကြီးအား ဒွတ်တပေါင်၊ ဝိဇ္ဇာနာဂမင်း၊ တိသာဓမ္မသီဟရာဇာမင်း အတို့ကောက်အားဖြင့် သီဟရာဇာမင်းဟုလည်း ခေါ်ဆိုကြောင်း သိရှိရသည်။ ထိုမင်းကြီးလက်ထက် သထုံမြို့အား သုဓမ္မပူရ၊ သုဓမ္မဝတီ၊ ဥပဒေဝ၊ သမိဝတ္ထ၊ သုဘိန္နနာဂရ၊ မင်္ဂလာဘူမိ၊ သုဝဏ္ဏဘူမိ ဟူ၍ အမည်အမျိုးမျိုးလာကြောင်း သိရှိရပြန်သည်။ ယခု ဖူးမြင်နေရသော သထုံရွှေစာရံစေတီတော်ကြီးမှာ ကားလမ်းဘေးတွင် သပ္ပာယ်စွာ ဖူးတွေ့ရသည်။

သူရိယစန္ဒာမင်းကြီးကို သထုံပြည် သုဓမ္မာပူရ (ခေါ်) သုဝဏ္ဏဘူမိပြည်ကြီး၏အရှင် ရာဇသက္ကမင်းကြီးထက်ထက် မိဖုရားကြီး ဘဒ္ဒကလျာဒေဝီမှ ဘိုးတော်အဝွန သက္ကရာဇ်ဖြို့ကြွင်းသော (၂)ခုနှစ် တပေါင်းလပြည့် စနေနေ့တွင် ဝိသာခါနက္ခတ် ၂၅ လုံးနှင့် ဘုံပြီး နေထွက်တစ်ချက်တီးတွင် ဖွားမြင်တော်မူသည်ဟု ဆိုသည်။

မဟာသက္ကရာဇ် ၁၆ နှစ်သို့ ရောက်ရှိသောအခါ ခမည်းတော် မယ်တော်တို့က သုဘဒ္ဒါမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ ထို့နောက် သက်တော် ၂၄ နှစ်တွင် ခမည်းတော် သက်တော်ရာဇာမင်းကြီးက ထီးနန်းလွှဲအပ်တော်မူလေသည်။ သူရိယစန္ဒာမင်းကြီးသည် တိုင်းပြည်ကို တရားသဖြင့်အုပ်



ရင်ပြင်တော်ပေါ် ဆင်ဖြူတော်ရုပ်တုများ

ချုပ်တော်မူရာ တိုင်းပြည်တစ်ဝန်း အေးချမ်းသာယာတော်မူသည်။ ထိုသို့ မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ်သဖြင့် သိကြားမင်းက ရာဇဝိသေက သွန်းလောင်းစဉ်ကပင် သူရိယစန္ဒာအား သီရိတြိဘဝနာဒိတျုပဝရမဏ္ဍိကသုဓမ္မရာဇာ မဟာဓိပတိ သူရိယစန္ဒာဘွဲ့၊ သုဘဒ္ဒါမင်းသမီးကိုလည်း သီရိပဝရမဟာဒေဝီ သိဂီရွှေစံ ဘွဲ့အမည်သမုတ်ကာ ပေးအပ်ခဲ့သည်။

မင်းကြီးသည် ဘုန်းတန်ခိုးအလွန်ကြီးမားသည့်ဆင်ဖြူတော်တစ်စီး ပိုင်ဆိုင်သည်။ သူပုန်ရန်သူ လာပါက ပေါက်ပေါက်တို့ကို မန်းမှုတ်၍ အဓိဋ္ဌာန်ပြုပါက များစွာသော နတ်ရဲ ဝိုလ်ပါဖြစ်၍ ဘေးရန်ကို တားဆီးနိုင်သည်။ သက်တော် (၁၂၈)နှစ်အထိ နေသွားရသည်ဟု သမိုင်းများက ဆိုကြသည်။

◆

သက္ကရာဇ် ၉၇ ခုနှစ် သီဒွတ္ထမင်းသား တောထွက်၍ တရားကျင့်ခဲ့ရာ သက်တော်(၃၅)နှစ်အရွယ်တွင် (၆)နှစ်တာ ကာလ ကျင့်ကြံခဲ့ပြီး ၁၀၃ ခုနှစ် ကဆုန်လပြည့် ပုဒ္ဓဟူးနေ့တွင် ဝိသာခါနက္ခတ်နှင့်ယှဉ်၍ ဗောဓိပင်၌ ဘုရားစင်စစ် ဧကန်ဖြစ်ပေသည်။

မြတ်စွာဘုရား ပွင့်တော်မူပြီး ပဉ္စဝဂ္ဂိငါးဦးအား ဓမ္မစကြာ ဒေသနာတော်ကြီးကို မဟာကရုဏာ ရှေ့ထား၍ မေတ္တာအားဖြင့် ဟောကြားသည်။

ထိုအခါ ဘုမ္မစိုးနတ်တို့သည် မိဂဒါဝုန်တော၊ကြီးအတွင်း၌ မြတ်စွာဘုရား ပွင့်တော်မူ၍ တရားဦး ဟောကြားလေပြီဟု တစ်ပြိုင်နက်ကြွေးကြော်ကြရာမှ တစ်ဆင့် စကြဝဠာ လောကဓာတ် တိုက်တစ်သောင်း သိမ့်သိမ့်တုန်လေသည်။ ထိုသို့ ဘုရားပွင့်တော်မူသည့် သတင်းကို သုဝဏ္ဏဘူမိပြည် သုဓမ္မပူရ နေပြည်တော်အနှံ့သို့တိုင် လွှင့်ပျံ့လာလေသည်။

ထိုသတင်းသည် မင်းကြီး၏ ရွှေနားတော်တွင်းသို့ ရောက်ရှိလာသည်။ မြတ်စွာဘုရား ပွင့်တော်မူသည့် သတင်းစကား ကြားရသည်မှစ၍ သူရိယစန္ဒာမင်းကြီးသည် ပုဒ္ဓအား ဖူးမြင်လိုစိတ်များ တားမရအောင်ပင် ဖြစ်ပေတော့သည်။ ထို့ကြောင့် အမတ်အပေါင်းတို့အား မြတ်စွာဘုရားရှင်အားသွားရောက်ပင့်ဆောင်ရန် အမိန့်ချမှတ်လေသည်။

မင်းကြီးစကားကို ကြားလျှင် ဗြာဟ္မဏအန္တယ် ဟူးရားဖြူ။ ဟူးရားညီတို့သည် ပုဒ္ဓကြွရောက်လာပါက ငါတို့တန်ခိုး ညှိုးမှိန်ကြတော့လတ္တံ့ဟု တွေးကြပြီး . . .

"အရှင်မင်းကြီး၊ ဘုရားပွင့်ရာ မရှိမဒေသကား ဤအရပ်မှ ခရီးဝေးလွန်းလှပြီး ကြမ်းတမ်းလှသည်ဖြစ်၍ ဘုရားရှင်သည် ကြွရောက်လာနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com

သဆုံမြို့ မြေပြိတ်တောင်ခြေမှ နီးစုရုးကြီး

မဟုတ်" ဟု တင်လျှောက်ကြရာ မင်းကြီးလည်း တင်လျှောက်သော အမတ်တို့အား တောဌ ထားချေဟု မိန့်လေသည်။ ထိုအခါ အမတ်များက . . .

"ပညာရှိ ပုရောဟိတ်တို့သည် ထီးနန်းနှင့်မကွာ ထားအပ်ပါသည်" ဟု စောဒကတက်၍ လျှောက်ရာ မင်းကြီးသည် ထိုအမတ်တို့ကို တောသို့ထပ်၍ နှင်ပြန်၏။ ထိုသတင်းကို ကြားသိရသော မိဖုရား ကဉ္စနက လျှောက်ထားပြန်ရာ မင်းကြီးလည်း ဘုရားကိုမဖူးရ၍ ဒေါသဖြစ်လျက် မိဖုရားကိုပင် တောသို့ပို့စေပြန်သည်။ မြောက်နန်းမိဖုရားက တင်လျှောက်ပြန်သော် ထိုမိဖုရားအားလည်း တောသို့ပို့ပြန်သည်။

နောက်ဆုံး၌ ဗဟုသုတကြွယ်ဝသော မိဖုရား ဥမ္မာရက . . .

"အရှင်မင်းကြီး၊ မြတ်စွာဘုရားရှင်ကို ဖူးထိုက်သူဖြစ်ပါက ဖူးရအောင် ကြံဆောင်ပါမည်၊ စာပေကျမ်းဂန်အရာ ဘုန္ဒကို မည်သို့ ဖူးခွင့်ရအောင် ကြံဆောင်ရမည်ကို အချိန်ယူ၍ အခွင့်ပေးပါ" ဟု လျှောက်ထားလေသည်။ ထိုစကားကို ကြားရမှ မင်းကြီး ဒေါသပြေလေသည်။

ထို့နောက် တတ်သိ နားလည်သော အမတ်တစ်ဦးက . . .

"အရှင်မင်းကြီး၊ မြတ်စွာဘုရားရှင်ကို ဖူးမြင်လိုပါက စိတ်တွင်ရည်မှတ်၍ ပြာသာဒ်ဆီမှာ ကြက်လျှာ၊ ဆီမီး၊ တံခွန်၊ ထီးနှင့် ပန်းသီးပေါက်ပေါက် သက်နီးထောက်ကာ ပရိက္ခရာ သပိတ် ပါလျက် တစ်ထောင်စီထည့်ပြီး ပြုပြင်စီမံ ခုနစ်ရက်စံအောင် တန်တန်အောင် ပွဲ ပူဇော်၍၍ မလွဲမခြွာန် ပြုမြဲမှန်က အနန္တဇိန ကြီးမြတ်လှသည် ကြွရကောင်းအမှန်တည်း" ဟု လျှောက်ထားသည်ကို ကြားရသောအခါ အရှင်မင်းကြီးလည်း သဘောတော်ကျ၍ အခုချက်ချင်းပင် စီရင်လေဟု အမိန့်ချမှတ်သည်နှင့် အမတ်တို့လည်း မမှားမယွင်းရအောင် ချက်ချင်းစီရင်ကြကာ ခုနစ်ရက်တိုင်ကျင်းပပေးသည်။

ခုနစ်ရက် ပြည့်မြောက်သောအခါ မင်းကြီးသည် ပန်းပေါက်ပေါက်တို့ကို မိမိလက်တော်ဖြင့်ကိုင်ကာ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်ကို မိမိအာရုံတွင် ဝင်လေ၍ ပေါက်ပေါက်တို့ကို မြောက်၍ ပူဇော်ပြီးသည့် အဆုံး အဓိဋ္ဌာန်ပြုလေသည်။

မင်းကြီး အဓိဋ္ဌာန်ဖြင့် ပူဇော်ခဲ့သော ပန်းပေါက်ပေါက်တို့သည် မြတ်စွာဘုရား ခြေတော်ရင်းသို့ ရောက်ရှိသွားပြီး လူသားကဲ့သို့ ရှိသေစွာ ညွတ်တွားပူဇော်၍ . . .

"စိန္တေမြတ်စွာဘုရား၊ သုခမ္မပူရနဂရသို့ ကြွရောက်၍ များစွာသော ဝေနေယျတို့အား တရားအမြိုက်ဆေးကို သဒ္ဓါသဖြင့် တိုက်ကျွေးပါ ဘုရား" ဟု အသနားခံ လျှောက်ထားကြသည်ကို ဘုဉ်မြတ်စွာ သိသောအခါ ရှေးဘဝ သံသရာများစွာကို ပြန်လည် သုံးသပ်တော်မူပြီး . . .

"သူရိယစန္ဒာမင်း၏ နေထိုင်ရာ နဂရသည် ငါ၏ဓာတ်တော်ကို ဌာပနာကာ သာသနာတော်အစွန့်ရှည်စွာ တည်လိမ့်မည်ဟု မြင်တော်မူ၏။ ထို့ကြောင့် ငါဘုရားသည် သုဝဏ္ဏဘူမိ(သထုံ)သို့ မေတ္တာအားဖြင့် ကြွမြန်းမည်" ဟု မိန့်ကြားလေ၏။

ထိုအခါ လူနတ်အပေါင်းတို့က "အရှင်မြတ်စွာဘုရား၊ သထုံသို့ ရောက်သောအခါ မွေသရီဓာတ်တော်များ ပေးသနားရန် လျှောက်ထားပါက အဘယ်မည်သော မွေသရီဓာတ်တော်များပေးကာ သာသနာတော်ကို ထားထိုက်ပါမည်လော" ဟု လျှောက်တင်ရာ မြတ်ဘုဉ်က . . .

"ငါဘုရား၏ မွေသရီဓာတ်နှင့် သာသနာကိုသာထားထိုက်သည်မဟုတ်၊ ဟို့ရှေးယခင်က နောင်တော်ဘုရားများဖြစ်ကြသော ကကုသန်၊ ကောဏဂုံ၊ ကဿပ စသည့် ဘုရားသုံးဆူတို့သည်လည်း မွေသရီဓာတ်တော်များနှင့် သာသနာတော်ကို ထားခဲ့ကြလေပြီ" ဟု မိန့်ဆိုပြီး မဟာသက္ကရာဇ် ၁၀၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် သံဃာအပါး ငါးရာနှင့်အတူ ကြွရောက်တော်မူသည်ဟု ဖော်ထွ လေ့လာခဲ့ရသည်။

၄၅ ရက်ခန့်ခရီးကို ခြေကျင်ကြွမြန်းရာ နတ်တော်လဆန်း ၁ ရက် စနေနေ့တွင်ရောက်ရှိတော်မူကြောင်း သမိုင်းဟောင်းတွင် လေ့လာရသည်။

မြတ်စွာဘုရားရှင် သထုံမြို့သို့ ကြွရောက်သည့်သတင်းကြောင့် တစ်မြို့လုံး အုတ်အော်သောင်းတင်း ကြိုဆိုကြ၍ ဖူးမြော်ကြသည်။ ကျိုးသုံးတပ် အလယ်ရှိ သုခမ္မပူရ(သထုံ)၏ ဝန္ဒသူရိယ မင်းကြီးကို သိကြားမင်း ဖန်ဆင်းပေးခဲ့သော ရွှေနန်းတော်အတွင်း၌ မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

နှင့်တကွ မှူးမတ်အပေါင်းတို့က ဘုရားရှင်အား ဓမ္မာသနုပလ္လင် အနီးအနားသို့ ဦးခွေရှင်တော်မြတ်၏ မျက်နှာတော်ကို ရင်သပ်ရှုမော ဖူးမြော်၍ အသီးသီး လက်တို့ခြေ ဆီမီး၊ ထီး၊ တံခွန်၊ ကြက်လျှာတို့ဖြင့် အသီးသီး ပူဇော်ကြသည်။

မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာလွန်းကာ ပန်းပေါက်ပေါက်တို့ဖြင့် ကြမ်းမြောက်ပူဇော်ကာ အားရတော်မမူသည်ဖြစ်၍ ဗုဒ္ဓခြေတော်ကို လက်ဖြင့်ကော်၍ ဖူးမြော်နေစဉ် ပီတိရေအလျဉ်ဝယ် နစ်ပါသွားကာ သတိလက်လွတ်ဖင် ဖြစ်ခဲ့လေတော့သည်။ သတိရလာသောအခါ ဗုဒ္ဓဘုရားရှင် ပြန်ကြွသွားလျှင် ကိုးကွယ်ရာမဲ့လေပြီဟု တွေးတောကာ မိမိဘုရင်ဟူသော ဘကြီးတဖြစ်သော သရဖူမကိုင်ရှိကို အလျှဲခံတော်မူဝါဟု ဘုရားရှင်ထံ လျှဒါန်းပူဇော်လေသည်။

ထို့နောက် ဘုရားရှင်အား ဆယ်ခါတိုင် သီတင်းသုံးပါရန် လျှောက်ထားလေသည်။ ထိုအခါ "မင်းကြီး၊ နောင်တော်ဘုရားများသည်လည်း ဝါဆိုတော်မမူခဲ့၊ ထို့ကြောင့် ငါဘုရားသည်လည်း ဝါမဆိုပြီ၊ သို့သော် ဤဌာနတွင် ခြောက်လနှင့် တစ်ဆယ့်သုံးရက်မျှ သီတင်းသုံးမည်၊ ထို့ကြောင့် ကြီးမားသော ကျောင်းဝိဟာ မဆောက်လင့်၊ ဝေဠုဝန် ဝါးကျောင်းကိုသာ ဆောက်လုပ်လျှဒါန်းလော" ဟု မိန့်ကြားသဖြင့် မင်းကြီးသည်း ရွှေနန်းတော်၏ အရှေ့တောင်အရပ်တွင် ဝါးကျောင်း ဆောက်လုပ်လျှဒါန်းလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က...

"မင်းကြီး၊ ငါဘုရားသည် စတုရဿ မည်သော ဥဒေါင်းမင်းဘဝက ဤအရပ်၌ နေခဲ့ဖူး၏၊ နောက် ဟတ္ထိနာဂဆင်မင်းဘဝ၌လည်း နေဖူး၏၊ ဈာန်ပျံရသော်ဘဝတွင်လည်း နေခဲ့ဖူး၏၊ ယခုတစ်ဖန် နေခြင်းသည် လေးတန်ဖြစ်လေသည်" ဟု မိန့်ကြားလေသည်။

နီးဘုရားကြီးအား ဓာလူးသူမှ ဖူးမြော်ကြသည်ဟုဆို

ထို့နောက် လေးလတိုင် သီတင်းသုံးကာ တရားရေအေး တိုက်ကျွေးလေသည်။

လေးလကြာသောအခါ . . .

"မင်းကြီး ငါဘုရားသည် ဤအရပ်၌ သီတင်းသုံးသည်မှာ လေးလပြည့်ခဲ့ပြီ၊ ယခုအခါ ငါဘုရားသည် အခြားတိုင်းတစ်ပါးသို့ ဒေသစာရီကြွရန် နီးကပ်လာပြီ"

ဟု မိန့်ကြားရာ မင်းကြီးက . . .

"အရှင်ဗုဒ္ဓဘုရားရှင် မရှိတော့ပါက ဘုရားတပည့်တော် ဘဝသည် ဇရဲမီးတမျှ ခံစားရပါလိမ့်မည်" ဟု တင်လျှောက်သောအခါ ဗုဒ္ဓက . . .

"မင်းကြီး၊ ငရဲမီးဟူသည် အသင်မင်းကြီး တစ်ပါးကိုသာ ကျရောက်သည်မဟုတ်၊ အခြားသတ္တဝါများအားလည်း ကျရောက်သည်သာ ဖြစ်၏။

ထို့ကြောင့် ငါဘုရားတို့ မည်သည် လောကတွင်စရိယ လောကအကျိုးကိုကြည့်၍ ပွင့်တော်မူရခြင်း ဖြစ်ပေသည်၊ သို့အတွက် အချိန်ကျလျှင် ဒေသစာရီ ကြွရပေသည်" ဟု ဆိုလျှင် မင်းကြီးမှာ ဒယိမ်းဒယိုင်ဖြစ်ကာ ငိုကြွေးလေသည်။

မင်းကြီးအား ဗုဒ္ဓမြတ်စွာက တရားဖြင့်နှစ်သိမ့်ပြီး မင်းကြီးဆန္ဒအရ တောင်းခံလာသည်ကို သနားငဲ့ညှာကာ

ထပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓကိုယ်စား ပူဇော်ရန် ဓာတ်တော်များကို ပေးသနားခဲ့လေသည်။

ထိုသို့ ပေးသနားရခြင်းမှာ အတိတ်ဘဝတစ်ခုတွင် မင်းကြီးနှင့် ဗုဒ္ဓတို့သည် ညီအစ်ကို တော်စပ်ခဲ့ဖူးပြီး ပူးရည်နှင့် ယာဂုဆွမ်းများ အလှူပေးခဲ့သောကြောင့် ဖြစ်ပေသည်။

ထို့နောက် ဗုဒ္ဓဘုရားရှင်သည် သွားတော်လေးဆူကို ပေးသနားခဲ့လေသည်။ ထိုသို့ ပေးသနားသည့်အခါ ညီတော် အာနန္ဒာမှ သိကြားတို့အား သွားတော် လေးဆူကို စင်ကြယ်အောင်ဆေးကြောရန် မိန့်ကြားရာ သိကြားမင်းနှင့် နတ်များက စင်ကြယ်အောင်စီရင်ပြီး ဗုဒ္ဓ ညွှန်ပြသော သုနာပရန္တကုန်းတော်၌ ဌာပနာကြလေသည်။

သိကြားမင်းသည် ဌာပနာတိုက်တော်ကို စောက်အနက် ၄၇ တောင်၊ အကျယ် ၄၇ တောင် တူးဖော်ကြရာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားရှင် သုံးဆူ ဌာပနာထားရာ ဆံတော်၊ တောင်ဒူးတော်၊ မြသပိတ်တော်တို့ကို တွေ့ကြရလေသည်။ မင်းကြီးနှင့် သိကြားနတ်များက ရှိခိုးပူဇော်သာဓုခေါ်ကြလေသည်။

ထို့နောက် ပုရိန္ဒသိကြားမင်းသည် နတ်ပြည်သို့တက်၍ အလှူး ငါးထွာ၊ အနံ သုံးထွာ၊ ထူ တစ်ထွာရှိသော ရွှေပြားခြောက်ချပ်ကို ယူဆောင်၍ အထက်အောက် လေးဖက်လေးတန် ကာရံ ဌာပနာပြုလေသည်။ ထို့အပြင် ရတနာရွှေပန်း၊ ငွေပန်း၊ ပတ္တမြားပန်း၊ မြပန်း လေးမျိုးတို့ကို ထောင့်လေးထောင့်တွင် စိုက်ထားပြီး အလယ်ဗဟိုတွင် ပတ္တမြားပန်းခိုင်ကြီးကို ချထားပေးသည်။

နောက် မဏိဇော့တပတ္တမြား ခုနစ်ပါးကို ဌာပနာ၍ တိုက်ခန်းထဲ၌ စီပြန်သည်။ ထိုအပေါ်မှ မဏိကျောက်ဖျာပိတ်၍ ကျောက်ဖျာထက်တွင် စက်ယန္တရားတပ်ဆင်၍ ယန္တရားပေါ်တွင် ရွှေကွန်ချာဖြင့် အုပ်လေသည်။ မြတ်စွာဘုရားရှင်၏ စွယ်တော်လေးဆူပါ အဖိုးအနှုံးထိုက်တန်သည့် ရတနာရွှေကြွေတ်ကို တင်ထားသည်။

ရတနာသင်္ဘောပေါ်တွင် ရွှေဖြင့်ပြီးသော သိကြားမင်း ရွှေနတ်ရုပ်၊ သိကြားမင်း၏ မိဖုရားလေးပါးရွှေရုပ်တု၊ သူရိယစန္ဒာမင်းကြီးနှင့် ညီတော် ဝါရောဓ ရွှေရုပ်တု၊ မင်းကြီး၏ ဆွေတော် မိုးတော်များ ရွှေရုပ်တု၊ အရှင်သာရိပုတ္တရာ ရွှေရုပ်တု၊ အရှင်မဟာမောဂ္ဂလ္လာန် ရွှေရုပ်တု၊ ညီတော် အာနန္ဒာ ရွှေရုပ်တု၊ စသော အဂ္ဂသာဝကများ၏ ရွှေရုပ်တုများ သွန်းလောင်း၍ ဌာပနာသည်။ ဗုဒ္ဓ၏ သွားတော်လေးဆူကို ဆေးကြောရန် ဓာတ်ဆေးရေကန်ကြီးတစ်ခုကိုလည်း တူးဖော်ကြရာ အလှူး ၁၀၈ တောင်၊ အနံ ၁၀၈ တောင်၊ ဇောက်အနက် ၄၇ တောင်ကို တူးသည်တွင် ဖန်၊ မှန်၊ မြပတ္တမြား ရတနာတို့ဖြင့်ပြီးသော ရေအိုး ၄၇ အိုးကို တွေ့ကြပြန်၏။

နီးဘုရားကြီးရှေ့ ရုပ်ပြတွင် စာရေးသူနှင့်အတူ ပါဂိုတော ဘာရေကျောင်းမှ ဆရာမလေးများ

မင်းကြီးလည်း ကျေနပ်အားရသည်ဖြစ်၍ ဗုဒ္ဓအား လျှောက်ထားပြီး အရင်ဘုရား သုံးဆူရှိရာ စေတီတော်များတည်ရာအရပ် ပူဇော်၍ ဌာပနာလေသည်။

သွားတော်မြတ်တို့ကို ရွှေကြွေတ်၊ ငွေကြွေတ်၊ ပတ္တမြားကြွေတ် တို့တွင် အထပ်ထပ် သွင်းအုပ်၍ ကြွေတ်များ အပေါ်တွင် ပတ္တမြားကျောက်ဖျာဖြင့် ထပ်ပိတ်ပြီး ရွှေစေတီလေးဆူ တည်လေသည်။

အထက်တွင် သာဓွာငွေစင်ဖြင့်ပြီးသော ငွေစေတီ၊ ကြေးဖြူစေတီ၊ ကြေးနီစေတီ အဆင့်ဆင့် ပူဇော်ပြီး အထက်၌ကြေးကြိုပ်စေတီ၊ အပြင်ဘက်တွင် ရွှေအုတ်၊ ပတ္တမြားအုတ်၊ သံအုတ်တို့ အဆင့်ဆင့်ပြုလုပ်ပူဇော်ပြီး ဌာပနာခဲ့လေသည်။

ဌာပနာပိတ်ပွဲ ကျင်းပပြီးသော် လူနတ်ပြဟ္မာ သိကြားတို့ ကောင်းချီးပေးကာ သာဓုအနုမောဒနာ ခေါ်ဆိုကြသည်မှာ ဘဝ်တိုင်လျှံသွားလေတော့သည်။ မင်းကြီးလည်း ငါသာလျှင် သာသနာ့အမွေခံထိုက်ပေ၏ဟု ဥဒါန်းကျူးလေသည်။

ထို့နောက် ကျောက်ဃ ပတ္တမြားတို့အား စေတီတော်ရှေ့ အတောင်(၃၀) ရှိသော ကျင်းကိုတူး၍ ကောင်းစွာမြှုပ်နှံလေသည်။ မင်းကြီး အားပါးတရ ပူဇော်ပြီးနောက် မြတ်စွာဘုရားထံတွင် စေတီတော်အား ဘွဲ့အမည်သမုတ်ပေးပါရန် လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက ဤစေတီတော်ကြီးသည် ငါဘုရား သာသနာ ၅၀၀၀ တိုင်အောင် တည်ထားကိုးကွယ်နိုင်ခြင်းငှာ စေတီတော်အား "စိရံဋ္ဌာတု" တွင်စေသတည်းဟု မိန့်ကြားလေသည်။

ဗုဒ္ဓ၏ မိန့်ကြားချက်အတိုင်း ယနေ့အထိ သဘာဝဇာတ်ကြောင့် လုံးဝ

www.burmeseclassic.com

www.burmeseclassic.com

ပြီးကျပျက်စီးခြင်း မရှိခဲ့ကြောင်း လေ့လာသိရှိခဲ့ရသည်။

စာရေးသူသည် သမိုင်းသုတေသီ မဟုတ်၊ ခရီးသွားအယ်ဒီတာ တစ်ဦးသာ ဖြစ်လေသည်။ ထို့ကြောင့် သမိုင်းအချက်အလက်ကွဲပြားမှုတို့သည်အဓိကမဟုတ်ပေ။ ထိုအရာကား သုတေသီတို့အလုပ်ပင် ဖြစ်သည်ကို နားလည်သဘောပေါက်ကာ အနီးကပ်ဆုံး တင်ပြထားသော သမိုင်းဖြစ်စဉ်ကိုသာ ခံစားရေးသားခြင်း ဖြစ်ပါသည်။

သူရိယစန္ဒာမင်းကြီး နတ်ရွာစံပြီးနောက် စေတီတော်အား ဖိနပ်တော်အတောင် ၅၀၊ ဉာဏ်တော် အမြင့်တောင် ၇၀ရှိ စေတီတော်အဖြစ် ပြုပြင်မွမ်းမံတည်သည်ဟုဆိုသည်။ မင်းကြီးနတ်ရွာစံပြီးနောက် သက္ကရာဇ် ၄၅၈ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိကို ယသဒိပွမင်းအုပ်ချုပ်သည်။

ထိုမင်းလက်ထက်တွင် သုဝဏ္ဏမထေရ် ကြီးမှူး၍ ရဟန္တာပေါင်း ၂၄၃၄၇ ပါးနှင့်တကွ ရွှေစာရံစေတီကြီးကို ဒုတိယအကြိမ် အသစ်တစ်ဖန် ပြုပြင်မွမ်းမံခဲ့သည်။

သက္ကရာဇ် ၉၉၃ ခုနှစ်တွင် သုဝဏ္ဏရာဇာမင်း နန်းတက်သည့်အခါတွင် တတိယအကြိမ် ပြုပြင်မွမ်းမံခဲ့ကြောင်း သိရသည်။ ထိုမင်းလက်ထက်တွင် ဖိနပ်တော် ၉၁ ပေ ၆ လက်မ၊ အကျယ်အဝန်း ၇၃၂ ပေ၊ ဉာဏ်တော်အမြင့် ၂၆၅ ပေ ၆ လက်မ၊ ထီးဝ အကျယ် ၁၃ ပေ ၆ လက်မ၊ ဘုံအဆင့် ၇ ဆင့်၊ ထီးတော်အမြင့် ၄၀ ပေ ၆ လက်မ၊ ရွှေစင်အတိ ၇ ပိဿာ ၇၀ ကျပ်သား၊ ဆည်းလည်းပေါင်း ၁၇၇လုံး၊ ခေါင်းလောင်းတော်ကြီး ၁၀၀ ဖြစ်သည်ကို လေ့လာသိရှိခဲ့ရသည်။

သာသနာသက္ကရာဇ် ၁၆၀၁ ခုနှစ် သထုံပြည့်ရှင် မနုဟာမင်းကို ပုဂံပြည့်ရှင် အနုရုဒ္ဓါမင်းက တိုင်းပြည်နှင့်တကွ တိုက်ခိုက်သိမ်းယူပြီးသည့်တိုင်အောင် သထုံရွှေစာရံစေတီတော်ကြီးကို ထပ်မံပြုပြင်ခဲ့ကြောင်း ရှေးဟောင်းသမိုင်းစာမျက်နှာများတွင် ဖတ်ရှုရလေသည်။

သက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် လည်းကောင်း၊ ၁၂၈၈ ခုနှစ်တွင် လည်းကောင်း၊ ၁၃၄၆ ခုနှစ်တွင် ဆဋ္ဌမအကြိမ် ပြုပြင်မွမ်းမံခဲ့သည်။ ဗုဒ္ဓလက်ထက်မှသည် ယနေ့တိုင်အောင် မွမ်းမံပြင်ဆင်စောင့်ရှောက်လာသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်တို့၏ သာသနရက္ခိတ စိတ်ထားကို ပြသလိုက်ခြင်းဟု ခံစားမိသည်။

အတွေးများကို ပြန်လည်စုစည်းမိချိန်တွင် နေက အတော်လေးစောင်းနေပြီ။ ထို့ကြောင့် စေတီတော်ပရဝဏ်အတွင်းသို့ လှည့်လည်ဖူးမြော်ကြရာ သိကြားဘုရား(မြသိန်းတန်စေတီ)ကို မဟာသက္ကရာဇ် ၁၁၄ ခုနှစ်တွင် လည်းကောင်း၊ ပိဋကတ်တိုက်စေတီကို သာသနာ သက္ကရာဇ် ၉၉၇ ခုနှစ်တွင် လည်းကောင်း၊ ရွှေဈေးခံစေတီ (ဘုရင်ဘုရား)ကို မဟာသက္ကရာဇ် ၁၁၄ ခုနှစ်တွင် လည်းကောင်း တည်ထားခဲ့သည်ကို လေ့လာဖူးမြော်ရလေသည်။

နောက် ကလျာဏီသိမ်တော်ကြီးအား မဟာသက္ကရာဇ် ၁၁၄ ခုနှစ်တွင်လည်းကောင်း သိမ်သမုတ်ထားကြောင်း လေ့လာသိရှိခဲ့ရသည်။

သိမ်ကြီးအနှံး၌ ကြေးပိသာ ၁၇၇၂ ပိဿာနှင့် ၂၇ ကျပ်သား လေးသည့် ကြေးခေါင်းလောင်းကို လှူဒါန်းခဲ့သည်။ သိမ်ကြီး၏ တိုင်များတွင် ထွင်းထုထားသော လက်ရာများမှာ အေဒီ ၁၁ မှ ၁၃ ရာစုလက်ရာများဖြစ်ကြောင်း သိရှိခဲ့ရသည်။

စာရေးသူသည် ရှေ့ဟောင်း ဗုဒ္ဓအမွေအနှစ်ဖြစ်ခဲ့သော သထုံရွှေစာရံစေတီတော်မြတ်ကြီး၏ အတိတ်သမိုင်းများကို ပြန်လည်တမ်းတ ခံစားရင်း အတွေးနယ်ချဲ့နေမိသည်။

ထိုစဉ် အတူ ခရီးသွားခဲ့သော ကိုနေက ...

"ဆရာကောင်း၊ နေအတော်စောင်းသွားပြီ၊ သထုံမြသပိတ်စေတီကို တက်ရောက်ဖို့ အချိန်မရှိတော့ဘူး၊ တောင်ခြေမုခ်ဦးကပဲ အာရုံပြုပူဇော်ပြီး သထုံမြို့ နှီးဘုရားကြီးကိုပဲ အားရအောင်ဖူးပြီး တောင်စွန်းမြို့ ပေါက်တောကျောင်း ပြန်နားကြရအောင်"

ဟု သတိပေး ပြောကြားလာသဖြင့် စာရေးသူလည်း မြသပိတ်တောင်ပေါ်၌ မြသပိတ်စေတီအား တောင်ခြေမုခ်ဦးအဝမှ လက်အုပ်ချီ၍ ...

"မသေခင် တစ်နေ့တွင် ဤမြသပိတ်တောင်ပေါ်၌ သထုံမြသပိတ်စေတီတော်အား အနီးကပ် ကြည်ညိုဖူးမြော်ခွင့်ရပါလို၏"

ဟု ဆုတောင်းပြီး မြသပိတ်တောင်ခြေအနီး နှီးဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကြည်ညိုရင်း ညီအစ်ကို မသိတသိအချိန်တွင် သထုံမြို့မှ တောင်စွန်းသို့ ပြန်လည် ထွက်ခွာလာခဲ့လေတော့သည်။

ကောင်းမြတ်(ခရာတော)

ကျမ်းကိုး

သုဝဏ္ဏဘုမ္မိ၏ ရွှေစာရံစေတီတော်သမိုင်း၊ ဦးအောင်မြင့်အောင်။

စာရေးသူကိုယ်တွေ့ ဘုရားဖူးခရီး။

❑

www.burmeseclassic.com

www.burmeseclassic.com

ခြေတော်ရာချထားသောကျောက်ဆောင်ပေါ်အတက်လမ်း 201

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲဘက်ခြေတော်ရာ 2015

www.burmeseclassic.com

www.burmeseclassic.com

ခြေတော်ရာတောင်တက်လမ်း တစ်ဝက်မှ ဘုရားလိုဏ်ဂူ

ထိုင်းနိုင်ငံ တပ်ခ်ပြည်နယ်မှ ခြေတော်ရာတောင်

ဆရာကြီး ဦးဒေါင်မြင့်

ထိုင်းနိုင်ငံဝိုင် တပ်ခ်ပြည်နယ်ဆောက်မြို့ မယ်တော်ရွာခဒ္ဒ အိမ်အမှတ် - ၇၃၄တွင် စာရေးသူ ညအိပ်သည်ဦးခြင်း ဖြစ်သည်။

ထိုအိမ်သည် သုံးထပ်တိုက်အိမ်ဖြစ်၍ အောက်ထပ်တွင် ထိုအိမ်ရှင် သားစုများနေထိုင်ကြပြီး အလယ်ထပ်နှင့် အပေါ်ထပ်တွင် ဧည့်သည်များ အသည်းလာလျှင် ညအိပ်ရန် နေရာပေးခြင်း ဖြစ်သည်။

ထိုအိမ်ရှင်မှာ ကရင်ပြည်နယ်အမျိုးသမီး ဖြိုင်ကလေးရွာသူ ကရင်အမျိုးသားဖြစ်၍ ကရင်သည်လုပ်ငန်းနှင့် ကားဂိတ်လုပ်ငန်း လုပ်ကိုင်ကာ စီးပွားဖြစ်နေကြောင်း သိရသည်။

ထိုအိမ်ရှင်မိသားစု ပိုင်ဆိုင်သော ကိုယ်ပိုင်ကားငယ်ဖြင့် ခြေတော်ရာတောင်သို့ လိုက်ပို့ကြသည်။

စာရေးသူ တည်းခိုနေထိုင်သော အိမ်မှာ ထိုင်းနှင့်မြန်မာ ကူးသန်းသွားလာသော သောင်ရင်းမြစ်ကူးတံတားရှိရာ အမှတ်(၁)ဂိတ်နှင့် နီးကပ်ပါသည်။ မဲဆောက်မြို့နှင့်လည်း ငါးမိနစ်ခန့်ခရီးသာ ကွာဝေးပါသည်။

စာရေးသူတို့ ကားလေးမှာ နေအိမ်မှ မြောက်ဘက်သို့ မိနစ် ၂၀ ခန့် မောင်း သွားရသည်။ ထိုနေရာမှာ ခြေတော်ရာတောင်ရှိသည်။ ခြေတော်ရာတောင်နှင့် မနီးမဝေးတွင် ထိုင်း-မြန်မာ ဆက်သွယ်ကူးသန်းသွားလာရန် သောင်ရင်းမြစ်ကူး တံတားအမှတ် (၂) ဂိတ်ကို တည်ဆောက် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေကြသည်။

ခြေတော်ရာတောင်မှာ သောင်ရင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ တောင်ခြေမှာ ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်ရှိသည်။ စားသောက်ဆိုင်လည်းရှိသည်။ ခြေတော်ရာတောင်မြေပုံနှင့် လမ်းညွှန်ဆိုင်းဘုတ်လည်း ရှိသည်။ နဂါးစောင်းတန်းရှည်နှင့် ရပ်တော်မူဘုရား ရွှေပွားတော်ကိုလည်း ဖူးတွေ့ရသည်။ ထိုင်းဘာသာဖြင့် ရေးထားသော စာလုံးများကို မဖတ်တတ်သဖြင့် ဘာတွေ ရေးထားသလဲတော့ မသိပါ။

ခြေတော်ရာ တောင်တက်လမ်းမှာ အင်တေလေ့ကားထစ်များ လက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်္ကေတ်ရာတောင်တက်လမ်းအစပိုင်း နားနေရပ်တွင်းမှ မြတ်ဗုဒ္ဓရုပ်ပွားတော်များ

ကိုင်တန်းများနှင့် သေချာလုပ်ပေးထားသည်။ တောင်တက်လမ်း မတ်သဖြင့် မဲကြာခဏ နားရတ်။ ရေသန့်ဘူး ကိုင်သွားသဖြင့် ခေတ္တရပ်နားသောနေရာမှာ ရေသောက်ရသည်။

ဤတောင်တက်လမ်းကို ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ မဲဆောက်မြို့တွင် လာရောက်နေထိုင် လုပ်ကိုင်ကြသော ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများက စုပေါင်း အလှူငွေထည့်ဝင် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း လိုက်ပို့သူတရှင်းပြတ်။

၁၅ မိနစ်ခန့် တောင်တက်ပြီး သောအခါ လမ်းသေးတောင်စောင်းတွင် သဘာဝလိုဏ်ဂူတစ်ဂူ တွေ့ရသည်။ လိုဏ်ဂူနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက် တောင်စောင်းမှာ နားနေဇရပ်တစ်ဆောင်ရှိသည်။ လိုဏ်ဂူဝမှာ ရေသန့်စည်ကြီးရှိသည်။ လိုဏ်ဂူကြမ်းပြင်မှာ ကြွေပြားခင်းထားသည်။ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ခံထားသည်။ ရုပ်ပွားတော်၏နောက်မှာ မည်းမှောင်နေသော လိုဏ်ဂူလမ်းရှိသည်။

တန်ခူးလ သင်္ကြန်ရက်များတွင် ဤနေရာမှာ တိုးမပေါက်အောင် စည်ကားကြောင်း၊ မြန်မာနိုင်ငံမှ လာရောက် လုပ်ကိုင် နေထိုင်ကြသော ရွှေပြောင်း အလုပ်သမား လူငယ်လူရွယ်တွေ ဤနေရာတွင် တွေ့ဆုံကြကြောင်း သိရ၏။ လိုဏ်ဂူဝမှ ဘုရားရုပ်ပွားတော်ကို ရှိခိုးဦးချရင်း ခဏထိုင်နားကြသည်။ လေအေးအေး တဖြူးဖြူးတိုက်ခတ်နေသဖြင့် ထိုင်ရာက မထချင် ဖြစ်မိသည်။

လိုဏ်ဂူမှာ ဤခြေတော်ရာ တောင်တက်လမ်း၏ တစ်ဝက်ခန့်တွင် ရှိနေခြင်း ဖြစ်ပါသည်။ လိုဏ်ဂူကြမ်းပြင်မှ မထချင်ထချင် အားယူထပြီး တောင်တက်လမ်းကို ဆက်တက်ရပြန်သည်။ အပေါ်ပိုင်းမှာ တောင်တက်လမ်းက ပိုပြီးမတ်လာသဖြင့် ခဏခဏ ပိုနားကြရသည်။ နောက်ထပ် ၁၀ မိနစ်ခန့် ဆက်တက်ပြီးသော် ခြေတော်ရာတောင်ထိပ်သို့ ရောက်ပါတော့သည်။

တောင်ထိပ် ရင်ပြင်ပေါ်တွင်လည်း ဘုရားဖူးများ နားနေရန် ဇရပ်ကြီးတစ်ဆောင် ရှိသည်။ ဘုရားစင်တွင် ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ခံထားသည်။ ဘုရားစင်တွင် သွားရောက်ဝတ်ပြုကြပြီး ခေတ္တထိုင်နားကြပြန်သည်။ လေတဟူးဟူး တိုက်ခတ်နေသဖြင့် အေးမြသောခံစားမှုကို ကြုံတွေ့ရသည်။

တိုးတော်အဝန်းမင်းကြီး ဖြိုကြွင်းသက္ကရာဇ် ၁၀၁ ခုနှစ်တွင် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သည် နောက်ပါရဟန္တာ ငါးရာနှင့်အတူ ယောနကတိုင်းနှင့် ရာမညတိုင်းတို့ကို ဒေသစာရီ ကြွချီခဲ့စဉ်က ဤတောင်ထိပ်တွင် သီတင်းသုံးကာ တရားဟောခဲ့ဖူးကြောင်း သမိုင်းမှတ်တမ်းများ ရှိပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင် ဤနေရာမှ ပြန်ကြွသည့်အခါ ဒေသခံများ အစဉ်ထာဝရ ဖူးမြော် ပူဇော်နိုင်ကြစေရန် ဝဲဘက်ခြေတော်ရာ တစ်ဆူကို ကျောက်ဆောင်ကျောက်သားထက်တွင်အဓိဋ္ဌာန်ဖြင့် ခဲ့ပေး ခဲ့ကြွင်းခဲ့ခြင်း ဖြစ်သည်။

ကရင်ပြည်နယ် သာမညတောင်ဆရာတော်ဘုရားကြီး ဦးဝိနယလည်း ဤတောင်ပေါ်တွင် သီတင်းသုံးကာ တရားဘာဝနာ ကျင့်ကြံအားထုတ်ခဲ့ဖူးကြောင်း သိရသည်။ သာမညတောင်ဆရာတော်ဘုရား တရားအားထုတ်ခဲ့ဖူး

ခြင်္ကေတ်ရာတောင်တက်လမ်းအစပိုင်း လမ်းညွှန်ဆိုင်းဘုတ်

www.burmeseclassic.com

www.burmeseclassic.com

သော နေရာတွင် 'ရတနာပုံ စံကျောင်း' ဟူ၍ ဟူသော နာမည်ဖြင့် သာသနိက အဆောက်အအုံ အခိုင်အမာ တစ်လုံး ထိုးလည်း ကရင်ပြည်နယ် ဘားအံမြို့မှ ကျောက်ကလပ်ဆရာတော်ဘုရားကြီးမှ ဦးဆောင်လှူဒါန်းထားကြောင်း မှတ်တမ်း ကမ္ပည်းရေးထိုးထားသည်။

ထိုစံကျောင်းတွင် မြဘုရားရုပ်ထွားတော်ကြီးတစ်ဆူ ပူဇော်ခံထားပါသည်။

ခြေတော်ရာ ရင်ပြင်ပေါ်တွင် ပေ ၂၀ ခန့်မြင့်ကြသော ကျောက်တုံးကြီး နှစ်တုံးပေါ်တွင် စေတီ၊ ရုပ်ပွား၊ ရွှေတိုတော်များ အပူဇော်ခံထားပြီး အတုတ်အဆင်း အင်တေလျှောကားများ ထည်း ပြုလုပ်ပေးထားသည်။

တောင်တက်လမ်းနှင့် အနီးဆုံး ကျောက်ဆောင်ကြီးပေါ် တက်သွားသောအခါ ရွှေဆေးသက်နီးသုတိကာ လှူဒါန်းထားသော စေတီတော်အနီးရှိ ကျောက်ဆောင်စွန်းတွင် ခြေတော်ရာ ဝန္ဒကဋိကျောင်းဆောင်ကို တွေ့ရသည်။

ထိုကျောင်းဆောင်တွင် သဘာဝ ကျောက်သားပေါ်၌ ရွှေချထားသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ခြေတော်ရာ တစ်ဆူကို ဖူးမြင်ရသည်။ အလျားမှာ နှစ်ပေကျော်ခန့်ရှိ၍ အကျယ်မှာ တစ်ပေခန့်ရှိသည်။ အနက်မှာ လက်မဝတ် ခန့်သာ ရှိ၏။ ဝဲဘက်ခြေထောက်ရာဖြစ်ပြီး မြန်မာနိုင်ငံ မြဝတီဘက်သို့ ခြေဦးလှည့်နေဟန် ဖြစ်ပါသည်။

ယခင်အခါက ဤခြေတော်ရာတောင်မှာ ယခုလို တင့်တည်စည်ကားခြင်းမရှိဘဲ ပျက်စီးယိုယွင်းနေကြောင်း စာရေးသူတို့ တည်းခိုနေထိုင်သည့် အိမ်ရှင်မိသားစုက ဦးဆောင်၍ လှူဒါန်းကာ ပြုပြင်မှုများကြောင်း ယခုလို ကြည်ညိုဖွယ် သပ္ပာယ်လာခြင်းဖြစ်ကြောင်း လိုက်ပို့သူက ရှင်းပြပါသည်။

ခြေတော်ရာတောင်၏ အလှူရှင် အားလုံးလိုလိုမှာ မြန်မာနိုင်ငံသားများသာ ဖြစ်ကြသည်။



ခြေတော်ရာကိန်းဝပ်ရာ ကျောင်းဆောင်

ခြေတော်ရာတောင်ကို သာသနာ ပွင့်လင်းအောင်ဆောင်ရွက်နေသည့် ဘုရားဒါယိကာမ ကရင်တိုင်းရင်းသူမှာ မဲဆောက်ဒေသသို့ သာမန် အလုပ်သမား ဘဝဖြင့် လာရောက်လုပ်ကိုင်စဉ် ကတည်းက အချိန်ရတိုင်း ဤခြေတော်ရာတောင်သို့ လာရောက်ပြီး ဆွမ်း ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ လှူဒါန်းခြင်း၊ တောင်တက်လမ်း လူသွားလမ်းကို တောချုံများခုတ်ထွင်ရှင်းလင်းခြင်း၊ တောင်ထိပ်ရင်ပြင်ပေါ်မှ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို လုပ်အားဒါနပြုပြီး ဆုတောင်းအဓိဋ္ဌာန်ခဲ့ရာမှ ကိုယ်ပိုင်လုပ်ငန်း၊ ကိုယ်ပိုင်တိုက်တာတို့ဖြင့် ပိုင်ဆိုင်ပြည့်စုံ ချမ်းသာလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမိုင်းဝင် တန်ခိုးကြီးသော ဤခြေတော်ရာတောင်သို့တစ်ခါတစ်ခေါက် ရောက်ရှိဖူးခြင်း အဓိဋ္ဌာန်ဝင်နိုင်ပါစေသတည်း။

ထိုခြေတော်ရာတောင်နှင့် အနီးဆုံးမှာ ဝမ်းသင်းရွာရှိပြီး ဒေသခံတို့၏ အသံထွက်မှာ 'ဝမ်းစကင်း' ဖြစ်ပါသည်။

ဆရာကြီးအောင်မြင့်

❑

www.burmeseclassic.com

www.burmeseclassic.com

နရသီဟ ရုပ်ရှင်တော်မြတ်ကြီးက
မျက်နှာတော်အား ကြည်ညိုဖွယ်
အနီးကပ်ပုံဖမ်းရိုက်ထားပုံ

မဇလီကုန်းဘုရားကြီးရှိပို့ နောင်တော်ကြီးဘုရား
ပြည်လုံးကျွတ်သာဘုရားကြီး

တိုင်းရောတွင်း ကျဲဆင်းကျေးရွာမှ
နရသီဟဘွဲ့တော်ရသမိုင်းဝင်ရုပ်ရှင်တော်မြတ်ကြီး

ရွှေယဉ်နု

ဝါသနာအလျောက် လူမှု၊ ကျန်းမာ၊ ဘာသာ၊ စာရိတ္တတို့နှင့် အင်္ဂလိပ်စကားပြော အခြေခံ လေ့ကျင့်သင်ကြားပေးရေးတို့အတွက် ဆောင်ရွက်ပေးရန် ပညာဒါန ခရီးသွားဖြစ်ပြန်ပါသည်။ နေရာကား ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့လေးမှ သုံးမိုင်ကွာ ဂုံမင်းမြောင်ရွာကလေးသို့ပင် ဖြစ်ပါသည်။

လိုအပ်သည့်နေရာတွင် လိုအပ်သည့် ပညာဒါန ဖြည့်ဆည်းပေးရသည့် အတွက် ဒါနမြောက်လှသည်။ သင်တန်းပြီးဆုံးခါနီးအချိန်တွင်လည်း ရပ်ရွာပေးမြေခြား၊ ရောက်ဖူးရန်မှု မဆိုထား၊ မိမိတို့ဒေသတွင်းနေရာများကိုပင် နှစ်စဉ်အောင်မရောက်ဖူးသေးသော တပည့်ကလေးများကို မကြာမီကမှ တည်ဆောက်ပြီးစီးခဲ့သည့် ၎င်းတို့မြို့နယ်မှာပင်ရှိသော ကညင်ရေလှောင်တမံသို့ လေ့လာရေးခရီး စီစဉ်ပေးဖြစ်ခဲ့သည်။

မြို့ခံတစ်ဦး၏ အကူအညီဖြင့် လေ့လာရေးခရီးထွက်ရန် ယာဉ်အဖြစ် ထော်လာဂျီတစ်စီး ငှားရမ်း၍ ခရီးစဉ်အတွက် ဒါနပြုခဲ့ပါသည်။

မဲဇလီကုန်းမြို့မှ စတင်ထွက်ခွာစဉ်ကပင် လမ်းခရီးရှိ ရွာစဉ်ဖြုတ် တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်သာရာ၌ ကညင်

www.burmeseclassic.com

www.burmeseclassic.com

မဲဇလိကုန်းဈေးကြီးရပ်မှနောင်တော်ကြီးပြည်လုံးချမ်းသာဘုရားကြီး

ကျွဲဆင်းကျေးရွာမှ သမိုင်းဝင် နရသီဟဘွဲ့တော်ရဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ကျွဲဆင်းကျောင်းတိုက်ကြီးအတွင်း ဖူးမြော်ခဲ့ရသည့် ရှေ့ဟောင်းရုပ်ပွားတော်တစ်ဆူ

ခေါင်းဘေး ကပ်ပါးနှင့် ကပ်လိုက် ခွာလိုက် လမ်းချိုးများဖြစ်သည်။ ယာဉ်မောင်းသူမှ ပြောပြချက်အရ ကမ်းတစ်လျှောက် ရွာများဖြစ်၍ အမည်နောက်တွင် 'ဆိပ်' ဟူသော ရွာအမည်များကို သိရှိခဲ့ရသည်။ စတွေ့ရသော ရွာအမည်မှာ 'ကျွန်းပင်ဆိပ်' ဟူ၍ ဖြစ်သည်။ ဘာသာ သာသနာ ရောင်ဝါထွန်းသည့် မြန်မာတို့မြေဖြစ်သည့်အတိုင်းပင် ရွာစဉ်တိုင်း၌လည်း စေတီပုထိုး ဘုန်းတော်ကြီးကျောင်းများ ဖူးမြင်ရသည်။

တောရွာများ၏ သဘာဝရှုခင်းများကိုလည်း ငေးမောရင်း ဒေသခံကလေးများထံမှ ပြောစကားအရ ရှေးအခါက ပုလိပ်တစ်ခွင့် ရိုးစံခဲ့ဖူးသည့် မွန်ဘုရင် သမုဒ္ဒယောသ၊ မိဖုရား မယ်ဥမွာ၊ သမီးတော် ဥမွာနှင့် သားတော် ဒန္ဓိတို့ နှစ်ပါး၏ ရာဇဝင်ကြောင်းများကိုလည်း ကြားရပြန်သည်။

ခရီးတစ်ဝက်ခန့်မှာ ကျွဲဆင်းဆိုသည့်ရွာကို ရောက်ပါသည်။ ရွှေဆက်ရမည့်ခရီးမှာ တစ်ဝက်ခန့် ကျန်သေးသဖြင့် ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တနားရင်း ဆရာတော်ကို ဖူးပြီး နောက် ဘုရားဝင်ဖူးရန် ကျောင်းသို့ဝင်ခဲ့ကြသည်။ ကျွဲဆင်းကျောင်း ဆရာတော်ထံ ဖူးမြော်ကြရင်း ကြည်ညိုသဒ္ဓါဖွားကာ မေးလျှောက်ရာမှ ရှေးနှစ်ပေါင်းရာကျော်က ဤနေရာလေးမှာ တောကျောင်းကလေးဖြင့် သာသနာ စတည်ဖြစ်ခဲ့ကြောင်း၊ ပထမဆရာတော် ဦးဒေမာ ဖြစ်ပြီး ၁၂၇၀ ပြည့်နှစ်တွင် ဒုတိယဆရာတော် ဦးတေဇိန္ဒမှ ဆက်လက်၍ သာသနာ့ဝန်ထမ်းခဲ့ကြောင်း၊ တတိယဆရာတော် ဦးဒီပ လက်ထက်၌ ယခုလက်ရှိ ဘုန်းတော်ကြီးကျောင်းကြီး တည်ရှိပြီးဖြစ်သည်ဟု သိရသည်။

ကျောင်းတိုက်ကြီး၏ ရှေ့မျက်နှာစာလမ်း၏မြောက်ဘက်ခြမ်း (ကညင်ချောင်းကမ်းဘေး)၌ ကပ်လျက်)ချောင်းကျော်၍ တစ်ဖက်ကမ်းမှာ မြန်အောင်ပြို့နယ်အစပ်ဖြစ်သည့် မြေကွက်လပ်ပေါ်တွင် တန်ဆောင်းတော်ကြီးတည်ပြီး တန်ဆောင်းကြီးအတွင်း၌ ဘုရားကြီးကို တည်တော်မူခဲ့သည်ဟု သိရှိရပါသည်။

ယခု ဖူးတွေ့ခဲ့ရသည့် ကျောင်းတိုက်ကြီးမှ ပဓာနနာယကဆရာတော်မှာ ဘဒ္ဒန္တစန္ဒဝံသဖြစ်၍ သက်တော် (၅၄)၊ ဝါတော် (၃၄) ဝါရှိပြီ ဖြစ်သည်။ ကျောင်းတိုက်ကြီးတွင်လည်း စာသင်သား ဆရာတော်၊ စာဖြေသံယာများလည်း ရှိသည့်အပြင် နွေရာသီ၌ ယဉ်ကျေးမှု သင်တန်းများလည်း ပို့ချပေးနေကြောင်း ဝမ်းသာကြည်နူးဖွယ်ရာ တွေ့မြင် လေ့လာခဲ့ရသည်။

ကျောင်းကြီးနှင့် မျက်နှာချင်းဆိုင် တန်ဆောင်းကြီးအတွင်းရှိ ရုပ်ပွားတော်ကြီးအား ဝင်ရောက်ဖူးမြော်ကြရသည်တွင် မျက်လုံးတော်အစုံမှာ မဟူရာအစစ်၊ နဖူးသင်းကျစ်တော်မှာလည်း မဟူရာအစစ် ထွင်းလှုံရုံဇော်ထားပြီး ဘုမိဖဿပုံတော် ဖြစ်၍ ကြည်လင်သော မျက်နှာတော်အတွင်းကို ဖူးမြင်ရသည်မှာ ဂုဏ္ဍဂုဏ်တော်အစုံကို ကြာမုံညွတ်ကိုး ရှိခိုးမဝ ဖြစ်ရသည်ပင်။

ဆရာတော်ကြီး ဦးဒီပသည် သာသနာ့ ဆွေတော် မျိုးတော်တို့နှင့် မြန်မာ့ယဉ်ကျေးမှု ရိုးရာအစစ် လက်သမားအကျော် ပန်းပညာရှင်တို့နှင့် အချိန်ယူ စိတ်တိုင်းကျ တည်ထားကိုးကွယ်တော်မူသည့် ကျွဲဆင်းရုပ်ရှင်တော်မြတ်ကြီးအား နရသီဟတို့ ဘွဲ့တော်သခွဲကြပါသည်။ တန်ဆောင်းကြီးမှ တိုင်လုံးကြီးများတွင် မွန်ခဲရွေချပန်းခက် ပန်းနွယ်များ ခြယ်မှုန်းထားမှု အနုလက်ရာမှာ လွန်စွာလှုပ်ရှားသော်

www.burmeseclassic.com

www.burmeseclassic.com

နှလုံးဟတ္ထိတော်ရ သမိုင်းဆင်ဘုရားကြီးကို တည်ထားခဲ့သော ဆရာတော်ကြီးမဟာ

ကွဲဆင်းကျေးရွာတွင် ခရာတာရပ်နား ဘုရားဖူးအပြီး ခရီးဆက်ကြပြန်ရာ ကညင်ရေလောင်တမံကြီးသို့ လှမ်း၍မြင်နိုင်တော့မည် နေရာ၌ ဆည်မြောင်းဌာန၏ မြုပြင်စီမံ ဆောင်ရွက်ထားသော လမ်းတံတားနှင့် ရေတံခါးများကို လေ့လာကြရသည်။

ဆယ်ပေါင်သို့ မုရောက်မီ မြို့တောင်ဟု ခေါ်ဆိုသည့် သမိုင်းဝင် ဒဂို့ကာတောင်တော်မြို့တောင်တော်မှ ဘုရားဖူးကြသည်။ မြို့တောင်သခင် နှမမယ်ဥမ္မာနှင့် မောင်ဒန္ဓိတို့၏ နတ်နန်းကိုလည်း ဝင်ရောက်၍ ခရီးလမ်းပန်း ဖြောင့်တန်း သာယာစေကြောင်း ဆုတောင်းကြရပါသည်။

ရွေးအစဉ်အဆက်ကပင် ထိုဒေသတွင် မောင်နှမနှစ်ဦး အထူးစောင့်နှောက်ကြသည်ဟု ပြောကြသည်။ သို့သော် ကတိမတည်သူ၊ တရားမဲ့ပြုကျင့်သူများကို မစောင့်ရှောက်သည့်အပြင် စိတ်ဆိုးဒေါသ အမျက်ကြီးကြောင်း ပြောဆိုကြသည်ကို ကြားသိခဲ့ရပါသည်။

ကွဲဆင်းကျေးရွာ အတွင်းသို့ မောင်နှမနှစ်ဦး ဆရာတော်ထံ လာရောက်ဖူးကြပြီးသည့် နောက်နှစ်တွင် ကညင်ချောင်းသည် ကမ်းပါးအနိုးသို့ ကပ်၍ရေစီးခြင်း မရှိတော့။ ရေကြောင်းပြောင်းလဲသွားကာ တစ်ဖက်ကမ်းမှ ကပ်ကာ ရေစီးသန်သွားခဲ့သည်။ ကမ်းပြိုမှုလည်း မရှိခဲ့။

ကွဲဆင်းကျေးဆိုက်ကြီးရှိ ဦးစီးဝန်နားကဆရာတော် ဘဒ္ဒန္တ ဇနဒဿီမှ ဘုရားကြီးသမိုင်းကျောင်းများ မိန့်ကြားနေစဉ်

ကျွန်းပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ စံတော်မူနေပုံ တည်ထားသည့် သင်္ကာရာမှာ ဗိသုကာလက်ရာမြောက်လှသည်။ တန်ဆောင်းကြီးအတွင်း တိုင်ထားသော လက်ရာများကို ကြည့်ခြင်းဖြင့် မြန်မာ့ရှေးပညာရှင်များကို ဂုဏ်ယူထိုက်လှသည်။ ထူးကဲပြောင်မြောက်သော အနုလက်ရာများကို ထူးခြားစွာ မြင်တွေ့ လေ့လာခွင့်ရခဲ့ပါသည်။

ဘုရားဖူးပြီးနောက် တန်ဆောင်းကြီး ပရိဝုဏ်အတွင်းသို့ လေ့လာရင်းမှ ကညင်ချောင်းကမ်း နဖူးစပ်တွင်တင်၍ တည်ထားသော ဘုရားကြီးမှာ 'ကမ်းပါးများ တဖြည်းဖြည်းနှင့် တိုက်စားပြိုလာသေလျှင်...' ဟု ရပ်ငေးရင်း တိုးတိတ်စိုးထိတ် ပူပန်နေမိသည်။ စာရေးသူကို သတိထားမိသည့် ဘေးမှပါလာသော ထပ်ဖိုယက ပြောပြသည်။

ဟိုယခင် တစ်ခါကလည်း ကွဲဆင်းကျောင်းတိုက်၏ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒဝံသသည် ဘုရားကြီးတည်ထားရာ ကမ်းပါးမှာ တစ်စတစ်စနှင့် တိုက်စားပြိုလာလေမလားဟု စိုးရိမ်ပူပန်သောစိတ် ဖြစ်ပေါ်ကာ လွန်စွာနှလုံးမသာမယာဖြစ်ပြီး လူပါနွမ်းလျလာခဲ့သည်အထိ ဖြစ်ခဲ့သည့်အကြောင်းကို ဆရာတော်နှင့် အနီးကပ်နေထူးသည့် ထပ်ဖိုယ ဦးသီဟန်မှ ပြောပြသည်။

ထိုအချိန်အတွင်းဝယ် တစ်နေ့ညနေချမ်းအချိန် ကျောင်းဝင်းထဲသို့ သွင်ပြင်ထူးခြား လှပခံ့ညားသည့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသား တစ်ဦးတို့ ဝင်ရောက်လာကြသည်။ ဆရာတော်ထံသို့ ရှေးရှုဝင်ရောက် ဖူးမြော်ကြပြီးလျှင် မောင်နှမနှစ်ဦးဖြစ်ကြောင်း လျှောက်ထားကြသည်။

ဘုရားကြီး၊ ကမ်းပြိုပျက်စီးသွားမည်ကို ကြီးစွာစိုးရိမ်ပူပန်မှုဖြစ်၍ နှလုံးသောမယာ ဖြစ်တော်မမူစေရန်နှင့် ဖြစ်စေရပါဟုလည်း တာဝန်ယူသည့် ပဋိဉာဉ်နှင့် ပင့်လျှောက်ထားပြီး ပြန်သွားကြသည်ဟု ပြောပါသည်။

ထပ်ဖြည့်ဝန်းမဂ္ဂဇင်း (ဧရာဝတီ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ကျွဲဆင်းဘုရားကြီး၏ တန်ဆောင်းရွှေကုန်နာစာ ကညင်ချောင်းက်ပါးပါးရိုး ခြင်္သေ့ကြီး

ထို့ပြင် ဆည်မြောင်းဌာနမှ ဘုရားကြီးတန်ဆောင်းတည်ရာ မြစ်ကမ်းပါးဘေးသို့ ကွန်ကရစ်ပိုး၍ ကမ်းထိန်းပေးထားခြင်းများလည်းလုပ်ဆောင်ပေးထားကြောင်း သိမြင်ခဲ့ရပါသည်။ ကညင်ဆည်ကြီး၏ အလုအပကို လေ့လာရှုမောကြပြီး အပြန်ခရီးတွင်လည်း ကျွဲဆင်းရွာမှ ရွှဲရွှင်တော်မြတ်ကြီးအား ဒုတိယမွှီ ဝင်ရောက်ဖူးမြော်ကြပါသည်။

ဘုရားကြီး၏ နောင်တော် ရွှဲပွားတော်ကြီးသည် မဲလီကုန်းစေ့းကြီးရပ်ကွက် ဒို့လ်အောင်ကျော်စေ့းကြီးရှေ့တွင် တည်ရှိနေကြောင်း မြို့ခံတစ်ဦးမှ ပြောပြသဖြင့် အပြန်တွင် နောင်တော်ဘုရားကြီးသို့လည်း ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။ နောင်တော်ဘုရားကြီးမှာ ၁၂၆၅ ခုနှစ်က တည်ခဲ့ပြီး ဉာဏ်တော်အမြင့် ၁၈ တောင်ပြည့် တည်ထားသည်ဖြစ်ကြောင်း ဂေါပကလူကြီးတစ်ဦးမှ ရှင်းလင်းပြောပြပါသည်။

မဲလီကုန်းတွင် ယခင်အခါက ကျောင်း၀င်းများစုနေသဖြင့် ကျောင်းစုရပ်ဟု ခေါ်ကြပြီး ယခုအခါ စေ့းကြီးရပ်ဟု ခေါ်တွင်သော ကညင်ချောင်းကမ်းနဖူးပေါ်တွင်ရှိသည့် နောင်တော်ကြီးဘုရားကိုလည်း ပြည်လုံးချမ်းသာဘုရားကြီးဟု ဘွဲ့မည်တော်တွင်စေပါသည်။ ကျွဲဆင်းကျေးရွာမှ နရသီဟ ဘုရားကြီးနှင့် မဲလီကုန်း စေ့းကြီးရပ်မှ နောင်တော် ပြည်လုံးချမ်းသာဘုရားကြီး နှစ်ဆူမှာ ဉာဏ်တော် အနည်းငယ်သာကွာခြားပြီး တည်ထားသော လက်ရာများမှာ တစ်ထပ်တည်းကျနေသည်။ ဘုရားတည်သော ဗိသုကာလက်ရာရှင်မှာ တစ်ဦးတည်းဖြစ်သည်ဟု သိရပါသည်။

ဘုရားကြီးရှေ့နှင့် ပတ်လည်တွင် ရှိသော မှန်စီရွှေချ ပန်းပွင့်ဖော်တိုင်ကြီးများပေါ်မှ ပန်းပွင့်ဖော်ရာတွင် တစ်တိုင်လျှင် ရွှေအစစ် သုံးကျပ်သားပေး၍ ရေးဆွဲခဲ့သည် ဖြစ်ကြောင်းကို ဘုရားဝေါပကတစ်ဦးမှ ပြောပြချက်အရ သိခဲ့ရပါသည်။ ထူးခြားချက်များမှာလည်း ဘုရားကြီးကို အနီးကပ်မော့၍ ဖူးမြော်ကြည့်ပါသော် ပြုံးတော်မူလျက် အဝေးဘက်သို့ မျှော်ရှုတော်မူနေသည့်သွင်ပြင်ဖြင့် ကြည်ညိုစွာ ဖူးတွေ့ရပါသည်။ ထိုမှ တစ်ဖန် ဝေးဝေးသို့ခွာ၍ ဖူးမြော်ကြည့်သော် အထူးကြည်လင်သော အသရေတော်နှင့် မျက်လွှာတော်ချ စက္ခုန္ဓြေဖြင့် တည်နေတော်မူဟန် ဖူးတွေ့ရပြန်ပါသည်။

၁၃၇၀ ပြည့်နှစ်က နရသီဟကျွဲဆင်းရွှဲရွှင်တော်မြတ်ကြီး၏ နှစ် ၁၀၀ ပြည့်ပွဲကို ပဌာန်းပွဲများဖြင့် ပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ သစ်သီး အဖြာဖြာတို့ဖြင့် လှူဒါန်းပူဇော်ကြခြင်းများ ပြုလုပ်ကြကြောင်း၊ ဘုရားပွဲတော်ကြီး ကျင်းပခဲ့ကြောင်းလည်း သိရှိရပါသည်။ နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့ပြီး တန်ခိုးအစုံ ခိုလှုံပူဇော်ကာ ရောင်ခြည်တော်ဖြာခဲ့ဖူးသည်ဟု ကြားသိဖူးမြော်ခဲ့ရသော၊ ရွှေးပြန်မာပညာရှင်များ၏ အနုပညာလက်ရာများမှာလည်း အံ့သြလောက်သော ကျွဲဆင်းရွာမှ ဘုရားကြီးအား ကြွရောက် ဖူးစေချင်လှပါသည်။

ဒီနယ်တစ်ခွင်တွင် 'ကျောင်းမှာ ပိန္နဲကွင်း၊ ဘုရားမှာ ကျွဲဆင်း' ဟု အဆိုရှိရသည်အထိ ကြည်ညိုသဒ္ဓါ သပ္ပာယ်လှစွာ ဖူးတွေ့ရပါမည်ဟု ရွှာခံ ဝဟုသုတကြွယ်ဝသူ တစ်ဦး၏ စကားမှာ ဇကေန်မှန်နေပါတော့သည်။

မဲလီကုန်းမှ လေ့လာရေးခရီးကို ပါဝင်ကူညီ ရှင်းလင်းပြောပြသော ကိုသီဟန်၊ ကိုရန်နိုင်၊ ကိုပအို့တို့အားလည်း ကျေးဇူးများစွာ တင်ရှိရပါသည်။

ကျော်ယဉ်နု

www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲသုန္ဒရာဘုရားတော်ကြီး တည်ထားခဲ့သော ဘုဂုံများ (၇) ဆူတန်း

လက်ဝဲသုန္ဒရာဘုရားတော်ကြီး တည်ထားခဲ့သော ဘုဂုံများ (၅) ဆူတန်း

www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲဆုန္ဒရအမတ်ကြီး ဦးမြတ်စံ တည်ထားခဲ့သော ဘုရားများ

ထူးဒေဝါင်(မန္တလေး)

မဲဇာတောင်ခြေ ချီပိုဒ်စုံရတုနှင့် ဝေဠုန်းစန္ဒာ ချီပိုဒ်စုံရတုနှစ်ပုဒ်က လွန်ခဲ့သော အနှစ် ၂၀၀ နီးပါးခန့်က ရေးသား စီကုံးခဲ့သော ပိုဒ်စုံရတုများ ဖြစ်သည်။ မဲဇာတောင်ခြေရတုကံတော့ ကျောင်းသုံးစာအုပ်မှာ ပြဋ္ဌာန်းခဲ့ဖူးသောကြောင့် လူသိများခဲ့သည်။

ဤရတုများကို စီကုံးဖွဲ့နွဲ့ခဲ့သူကား ငယ်မည် ဦးမြတ်စံ ဖြစ်သည်။ ဦးမြတ်စံသည် ရွှေဘိုတောင်လက်ခရီး ၄ တိုင်အကွာတွင်ရှိသော မန်ကျည်းတုံရွာတွင် (သတ္တရာဇ် ၁၀၈၅) ခုနှစ် ဖွားဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းတာက ဦးမြတ်စံ မဲဇာအပို့ခံရပုံနှင့် မဲဇာဒေသအကြောင်းတို့ပင်ဖြစ်သည်။ မဲဇာဒေသသည် မန္တလေး-မြစ်ကြီးနား ရထားလမ်း မဲဇာဘူတာကို အသိများကြ၏။ အမတ်ကြီးဦးမြတ်စံ အပို့ခံရသော မဲဇာက မဲဇာဘူတာနှင့်ဆိုပါက မိုင်(၂၀)ခန့် လောက်ကွာဝေးသေး၏။ထီးချိုင့်မြို့နယ်အတွင်းမှာ တည်ရှိ၏။ ထီးချိုင့်မြို့နှင့် ဆိုပါက ၁၀ မိုင်ခန့်လောက်ဝေးမည် ထင်ရပါသည်။ မဲဇာမြစ် (ယခုတော့ ချောင်း) ဘေးမှာ တည်ရှိပါသည်။

ဦးမြတ်စံသည် (၁၁)နှစ်အရွယ်တွင် သာမဏေပြု၍ (၁၄)နှစ်အရွယ်တွင် လူဝတ်လဲခဲ့ပါသည်။ လူဝတ်လဲပြီးနောက် မင်းမူထမ်းလိုစိတ် ရှိသောကြောင့် နန်းတော်တွင်းသို့ ဝင်ထွက်သွားလာ နေထိုင်ခဲ့သည်။

သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် ဟံသာဝတီရောက် မင်းတရားကြီးသည် မလွန်တပ်မှူးသတိုးမင်းခေါင်ကို စဉ့်ကိုင်တွင် အစောင့်အနေထားခဲ့ပြီး အုပ်ချုပ်ရေးနှင့် မွန်တပ်တို့ကို တွန်းလှန်သည်။

သတိုးမင်းခေါင်လည်း စဉ့်ကိုင်တပ်ကို အခိုင်အမာပြု၍နေခိုက် မွန်တပ်တို့ ပြန်သွားလျှင် ဟံသာဝတီရောက် မင်းတရားကြီးသည် စဉ့်ကိုင်သို့ ကေတုမတီဟုသမုတ်၍ သတိုးမင်းခေါင် အား ကိုးသိန်းသခင် ဘွဲ့နှင်းသည်။ နန်းတော်၊ လွှတ်တော်၊ ရွှေခုံး၊ နောက်ခုံးများကို ဆောက်စေပြီး ထီးပြိုင်နန်းပြိုင် အုပ်ချုပ်စေသည်။ ထိုအခါ ဦးမြတ်စံသည် ကိုးသိန်းသခင်ထံ၌ ခစား ထမ်းရွက်ခွင့်ရသည်။

မွန်တို့လက်သို့ ဟံသာဝတီရောက် မင်းတရားကြီး ပါသွားလေသောအခါ ဦးမြတ်စံသည် မိဘရပ်ထံ ပြန်လည်နားနေသည်။ ဘုရောင်းမင်းတရားကြီးသည် ရတနာသိမ် ကုန်းဘောင်ထီးနန်းကို တည်ထောင်ပြီးလျှင် သက္ကရာဇ် ၁၁၁၉ ခုနှစ်သို့ ရောက်သောအခါ အလောင်းမင်းတရားကြီး၏ ဘုန်းတော်ရိပ်ကို ခိုလှုံခဲ့သည်။ သားတော်ကြီး (နောင်တော်ကြီး) ထံတွင် ဦးစွာ ထမ်းရွက်ခွင့်ရသည်။

နောက် ညီတော် အမြင့်မြို့စား ထံ အကြီးတော်အရာနှင့် ထမ်းရွက်နေထိုင်ခွင့် ပြုပါရန် လျှောက်ထားသည်။ အမြင့်မင်းထံ ခစားထမ်းရွက်နေခိုက် လက်ဝဲသုန္ဒရဘွဲ့ဖြင့် ခီးမြှင့်ခြင်း ခံရသည်။

မဲဇာတောင်ခြေ ချီရတုတွင် လက်ဝဲသုန္ဒရအမတ်ကြီး တမ်းတချီးဆ လျက်ရှိသည့် ရွှေပြည်ဌာနကား . . . .

လပြည့်ဝန်မဟုဇင်း (ဦးငေဘာထေ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

"အောင်မြေကြော့ကြော့ ကုန်းဘုရားနှင့် ဘိုးတော်ကောင်းမှု တည်ခြင်းသည် ဇမ္ဗူဆီမီး ခြောက်ရောင် ဝိုက်ကြီးသခင် ရွှေလင်းပင်နှင့် ရွှေသို့ဖွေ့ စ၍ရသော် ရွှေစေတီကြီး" အစရှိသည့် ကောင်းမှုတော်ကြီးများ တည်ရာဌာနဟု ဆိုသောကြောင့် ဤဘုရားကို တထစ်ချမှတ်ယူသင့်သည်။

သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် အလောင်းမင်းတရားကြီး နတ်ရွာစံလွန်တော်မူသောအခါ သားတော်အိမ်ရှေ့ထီးနန်းဆက်ခံသည်။ ဦးမြတ်စံသည် ညီတော် အမြင့်မင်းထံမှာပင် အငြိုးတော်အဖြစ်နှင့် ဆက်လက်အမှုထမ်းသည်။

တစ်နေ့တွင် အမြင့်မင်း၏ လူပျိုတော် မောင်အောင်တင်နှင့် နန်းတော်ဦးမှ အဖျိုတော်မမိတ်တို့သည် နန်းတော် အဆောင်သစ်တပ်အတွင်းမှာ ပြိတ်ပြဆိတ် စကားပြောနေသည်ကို နောက်တံခါးသားတို့မြင်၍ ဖမ်းဆီးခြင်းခံရကြောင်း လူပျိုတော် ငံမောင်အောင်တင်သည် ကားနှင့်ထိုးမည့်ဟန်ပြု၍ ထွက်ပြေးလေတော့သည်။ အဖျိုတော် မမိတ်ကို စစ်မေးရာ အမြင့်မင်း၏ လူပျိုတော် မောင်အောင်တင်ဖြစ်ကြောင်း ဝန်ခံသောကြောင့် ဘဝရှင်မင်းတရားထံ တင်လျှောက်ကြ၏။

ဤအောင်တင်ကို အနောက်အိမ်ဆောင်၏ အကြီးတော် ငမြတ်စံထံမှာ အောင်တောင်းစေဟု အမိန့်တော်ရှိတော်မူသည်။ ငအောင်တင်အား ပေးအပ်ရန် လွှတ်တော်က အကြီးတော် ငမြတ်စံအား ချုပ်နှောင်၍ အတင်းအကျပ် တောင်းခံရာ မပေးနိုင်သည့်အတွက် နဖူး၌စာတန်းထိုးစေဟု အမိန့်တော်အရ စာတန်းထိုးမည်ပြုကြသည်။

ဦးမြတ်စံမယား မရွှေက ချမ်းသာသနားပါရန် မယ်တော်ဘုရားအောင်တော်ကို ပင်၍ လျှောက်ရာ "နှာခေါင်းကို စာတန်းထိုးလျှင် တစ်သက်လုံး မည်းနက်နေတော့မည်" ဟု မယ်တော်ဘုရားက သားတော်ဆင်ဖြူရှင်ထံ မိန့်တော်မူသောကြောင့် စာတန်းထိုးခြင်း ချမ်းသာစေ၊ မဲဇာသို့ ပို့စေဟု အမိန့်တော်ချမှတ်သောကြောင့် မဲဇာသို့ အပို့ခံရသည်။

မဲဇာရွာဦးကျောင်း

ဦးမြတ်စံသည် မဲဇာသို့ရောက်သောအခါ မဲဇာတောင်ခြေနှင့် ဝေရွှန်းစွန်ရာ ပိုဝိစုံနှစ်ပုဒ်ကို ရေးသား၍ ရတနာသိမ်ရွှေမြို့တော်နေ ဇနီးသည် မရွှေထံ ပို့လိုက်သည်။ မရွှေက မယ်တော်ဘုရားထံ ဆက်သ၏။ ထိုမှ သားတော်ဆင်ဖြူရှင်မင်းထံ ဆက်သလိုက်သည်။ ဦးမြတ်စံအား မဲဇာသစ်တောမှ ရတနာသိမ်ရွှေမြို့တော်သို့ ပြန်လည်ခေါ်ယူခဲ့သည်။ ရွှေမြို့တော်ရောက်သော်အခါ ဦးမြတ်စံအား 'အကြီးတော်အရာ မပေးအပ်တော့ပေ။ အမြင့်မင်း အိမ်တော်ဝယ် ဘယရန္တမိတ်ဘွဲ့နှင့် အမှုတော်ကို ဆက်လက်ထမ်းရွက်ခဲ့သည်။

သက္ကရာဇ် ၁၁၂၆ တော်သလင်းလပြည့်ကျော် ၆ရက် စနေနေ့တွင် မှူးတော်မတ်တော် သူရဲသူခက် ကျွန်တော်မျိုး အပေါင်းတို့ကို ရွှေကောက်သီးသန့်တော်မူ၍ လေးဆယ်၊ ငါးဆယ် အတွင်း သွေးသောက်၊ အပြင် သွေးသောက် ဖွဲ့စုတော်မူရာ၌ ညီတော် အမြင့်မင်းသား သုသီရိမဓူရာဇာ အမှုထမ်း ဘယရန္တမိတ်ဘွဲ့ခံ ဦးမြတ်စံကို သွေးသောက်ကြီးခန့်၍ အပြင် သွေးသောက် ဘယရန္တမိတ် သွေးသောက် ဖွဲ့တော်မူခဲ့သည်။

မြန်မာပညာရှိ ဦးမောင်မောင်တင်၏ မှတ်သားချက်၌ ဦးမြတ်စံသည် မဲဇာသစ်တောဘဲ့ ၄၅ ရက်ကြာ၊ တရားမ တရားသူကြီး ဦးထွန်း၏ မြောပြဲချက်အရ ၄၉ ရက်၊ သံတော်ဆင့် မိုင်းခိုင်မြို့စားရေးသားချက်အရ မဲဇာသို့အပို့ခံရသည်မှ ပြန်ရောက်သည်အထိ ၆၄ ရက်ကြာ။ နောင် သုတေသီတို့က ၈ လမျှကြာသည်ဟု မှန်းဆခဲ့ကြသည်။

မဲဇာသစ်တောသည် ကျွန်းသစ်များပေါ၏။ (ယခုတော့ မရှိတော့ပေ) စာရေးသူ မဲဇာရောက်စဉ်က မဲဇာကျောင်းဆရာတော်မှ ဦးမြတ်စံ မဲဇာရောက်စက ရွာသူကြီးများ၊ နယ်ခံများက အမိန့်မနာခံကြဟုဆို၏။

ဦးမြတ်စံသည် မင်းပြစ်ဒဏ်နှင့် ရောက်လာသူလည်း ဖြစ်၏။ ဦးမြတ်စံတည်သွားခဲ့သော ဘုရားများသည် တော်တော်လေးကြီးသည်ဟုဆိုပါသည်။ ယခုပုံတွင် ဖူးတွေ့ရသော ဘုရားများသည် တည်တောဆရာတော်ကြီးပြုပြင်ခဲ့သော ဘုရားများ ဖြစ်ကြပါသည်။

ထူးအောင်(မန္တလေး)

□

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ဖက်ကြိုးဘုရား

www.burmeseclassic.com

www.burmeseclassic.com

မြည်ဖြိုး
တိုင်းပြည်လုံးချမ်းသာဆယ်ထပ်ကြီးဘုရားသို့

မောင်တင်ကြယ်(မြည်)

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်နှင့် ၁၀၀ အကြား ကာလများတွင် မြန်မာပြည်အနှံ့အပြား၊ ထပ်ဘုရားများ တည်ထားကိုးကွယ်မှု တစ်ခေတ်ထွန်းကားခဲ့ဖူးသည်။ ထပ်ဘုရားများတွင် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ ဆယ်ထပ်ကြီးနှင့် ဆယ့်တစ်ထပ်ကြီးဘုရားများဖြစ်သည်။ ထိုထပ်ဘုရားများတွင် သီးခြားဘွဲ့တော်များနှင့် တွဲဖက်ရှိနေပါသော်လည်း အလွယ်အားဖြင့်သာ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား စသည်ဖြင့် ခေါ်ဝေါ်ကြပါသည်။

ထပ်ဘုရားများစွာတွင် ငါးထပ်ကြီးဘုရားများမှာ တည်ထားမှုများ၍ မြို့ရွာအတော်များများ၌ ဖူးတွေ့နိုင်သည်။ ရန်ကုန်မြို့၌ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီးဘုရားများရှိ၍ ခြောက်ထပ်ကြီးဘုရားမှာ လျောင်းတော်မူရုပ်ပွားတော်ကြီးဖြစ်သည်။ ဆယ်ထပ်ကြီးဘုရားက ဟင်္သာတမြို့မှ တစ်ဆူနှင့် မြည်မှာ တစ်ဆူရှိသည်။

ဆယ်ထပ်ကြီးဘုရားနှစ်ဆူ တူနေ၍ စာရေးသူက မြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရားဟု တစ်သီးတစ်ခြားခွဲကာ တင်ပြလိုရင်းဖြစ်ပါသည်။ နယ်ခံမဟုတ်သူများက မြည်ဆယ်ထပ်ကြီးဘုရားဟုသာ ခေါ်ဝေါ်သုံးစွဲမှုများ ၍ စာရေးသူလည်း မြည်ဆယ်ထပ်ကြီးဘုရားဟုသာ ရေးသားတင်ပြပါမည်။

မြည်ဆယ်ထပ်ကြီးဘုရား တည်ရှိရာ

မြည်ရွှေဆံတော် စေတီတော်မြတ်ကြီး တည်ရှိရာ သုဒဿနတောင်တော်၏ အရှေ့ဘက်၊ ဇေယျပထဝီကုန်းတော်ပေါ်၌ ဆယ်ထပ်ကြီးဘုရား တည်ရှိပါသည်။ ဘုရားကြီးမှာ အနောက်ဘက်သို့ မျက်နှာတော်မူလျက် တင့်တယ်စွာ စံပယ်နေ၍ ရွှေဆံတော်စေတီအရှေ့ဘက်ခြမ်း ရင်ပြင်ထက်ကပင် လှမ်းမြင်ဖူးမြော်နိုင်သည်။

အနီးကပ် ဖူးမြော်ကြည်ညိုလိုလျှင် ရွှေဆံတော်အရှေ့စောင်းတန်းမှဆင်း၍ စောင်းတန်းအဆုံးရောက်လျှင်ပင် ဆယ်ထပ်ကြီးစောင်းတန်းဦးကို တွေ့ရမည်။ ထိုစောင်းတန်းရှည်ကြီးအတွင်း ခင်းကျင်းရောင်းချနေသည့် စာအုပ်ဆိုင်၊ ဘုရားပန်း၊ အမွှေးတိုင်၊ အလင်းတိုင်ဆိုင်၊ ဗေဒင်ဟောခန်းများ၊ အမှတ်တရပစ္စည်းနှင့် အစားအသောက်ဆိုင်၊ ပန်းပုဆိုင်ခန်းလေးများကိုကြည့်ရင်း အာရုံခံတန်ဆောင်းသို့ ရောက်ရှိသည်။

ထိုသို့မဟုတ်ဘဲ ဘုရားကြီး၏ကျောဘက်မှ ဘုရားရင်ပြင်သို့တက်သည့်စောင်းတန်း သုံးသွယ်၊ သုံးနေရာ ရှိသည်။ ဘုရားကြီးတည်ပြီးနောက် ၁၀ နှစ်ကျော်ကျော်ကပင် ဆောက်ခဲ့သည့် စောင်းတန်းဟောင်းက လှေကားထစ်များ၍ လူသွားလူလာနည်းသည်။

ဘုရားကြီးအနီးကပ်ဆုံး ဆယ်ထပ်ကြီး ကျောင်းဘက်နှင့် အောင်မင်းခေါင်ဓာတ်နန်းဘေးမှ စောင်းတန်းနှစ်ခုက လှေကားထစ်လည်း မများ၊ လူအဆင်းအတက် များသည်။ ကား၊ ဆိုင်ကယ်တို့ဖြင့် လာသူများက ဆယ်ထပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

မူလပထမမျက်လုံးတော်

နောင်တော်ကြီးဘုရား



လျောင်းတော်မူရုပ်ပွားတော်ကြီး

ဒီဟက်ရာမြတ်စွာဘုရားအား သုမေဓာရှင်ရသေ့ ဖူးမြော်စဉ်

ကျောင်းနှင့် ပုထိုးကြီးရပ်ကွက်ကြားမှာ ကားအဝင်အထွက် လမ်းကျယ်တစ်လမ်းရှိသည်။ ထိုလမ်းအတိုင်းဝင်လျှင် ဆယ်ထပ်ဘုရားကြီးရှေ့ရှိ ရွှေဟောင်းရဟန္တာသိမ်၊ ဇေယျပထဝီသိမ်ဟော မြေကွက်လပ်သို့ရောက်မည်။ ဤနေရာမှာ ရွှေဆံတော်စေတီရှိရာသို့ထက်သည့် အရှေ့ဘက်စောင်းတန်းအစနှင့် ဆယ်ထပ်ဘုရားကြီးအနောက်ဘက် စောင်းတန်းအဝင်အစနေရာ ဖြစ်သည်။

မြည် ဆယ်ထပ်ကြီးရင်ပြင်တော်ပေါ်ဝယ်

ဘုရားကြီး၏ရင်ပြင်တော်သည် အုတ်လှကြွေပြားများအပြည့်ခင်းထား၍ ရင်ပြင်ကျယ်ကြီးတစ်ပတ်လည်တွင် သာသနိက အဆောက်အအုံများ၊ ဗုဒ္ဓရုပ်ပွားတော်များက ဘုရားကြီးအား ဝန်းရံထားသည်။ အလယ်တွင် အမြင့် ၅ တောင်၊ အကျယ် ၆၈ တောင်ရှိ ပလ္လင်တော်ထက်ဝယ် ဆယ်ထပ်ကြီး ဘုရားမှ တင်ပျဉ်ခွေ စံနေတော်မူပါသည်။ ပလ္လင်တော်၏ ဘေးကပ်လျက် အရပ်(ရှစ်)မျက်နှာ၊ ဂြိုဟ်(ရှစ်)ခွင်နေ့နံရုပ်ပွားတော်နှင့် ခန့်နံဂြိုဟ်ရုပ်များကို ဘုရားကြီးတစ်ပတ်လည် ပူဇော်ထားသည်။

နံသင့်ဘုရားများနှင့် ဂြိုဟ်တိုင်များတွင် ဆီမီးပူဇော်၊ အမွှေးတိုင်ထွန်းညှိ၊ ဘုရားပန်းကပ်လှူနိုင်ရန် စီစဉ်ပေးထားပြီး ဘုရားဝတ်ပြု၊ မုတီးစိပ်အခိုင်္ဂဉာန်ဝင်သူများအတွက် ကြွေပြားခင်း စတီးကပ်အခင်း ခုံမြင့်ကျယ်လေးများလည်းရှိသည်။ ပလ္လင်တော်၏ လက်ယာဘက်အခြမ်း ရာဟုထောင့်မှ တနင်္ဂနွေထောင့်အကြား မတ်ရပ်ရုပ်ပွား (၁၀)ဆူ၊ တနင်္ဂနွေထောင့်နှင့် အင်္ဂါထောင့်အကြား (၈)ဆူ၊ လက်ဝဲဘက်အခြမ်းတွင် (၁၀)ဆူ၊ စုစုပေါင်း (၂၈)ဆူ၊ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များ၊ ဘွဲ့တော်များနှင့်အတူ ဖူးတွေ့နိုင်သည်။

ဘုရားကြီး၏ ရှေ့ပလ္လင်ခြေရင်းအနီး၌ ကြွေပြားခင်း စတီးအုတ်ခုံမြင့်ကျယ်လေးများရှိနေပြီး စတီးတိုင်၊ စတီးတန်းများနှင့် ပလတ်စတစ်ဖိုက်ဘာအပြာ၊ အစိမ်းတို့ အုပ်မိုးထားသည်။ ရင်ပြင်တော်နှင့် ဆက်စပ်လျက် ခေတ်မီနှစ်ထပ်



ရင်ပြင်တော်ပြောက်ဟက်ခြမ်း

www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံတစ်ခုလည်း ဘုရားကြီးရှေ့တွင် ရှိသည်။ အောက်ထပ် နံရံအခန်းငယ်တစ်ခု၌ သူရဿတီမယ်တော်ရုပ်တုမှာ မှန်ဆောင်နန်းဖြင့်စံနေသည်။ ဘုရားဖူးများနားနေရန် စတီးထိုင်ခုံများနှင့် ဘုရားအဖွဲ့မှ တာဝန်ကျအလှူခံဌာနတို့ရှိသည်။

အပေါ်ထပ်သို့ ကြွေပြားခင်း လှေကားထစ်များနှင့် စတီးလက်ရန်းပါ ကြောင်လိမ်လှေကားဖြင့် တက်ရသည်။ အပေါ်ထပ်မှာ အမိုးမရှိ၊ အခင်းအား ကြွေပြားအပြည့်ခင်းလျက် စတီးလက်ရန်းများ ကာရံထားသည်။ ဤနေရာမှ ဆယ်ထပ်ကြီးဘုရားအား လွတ်လွတ်လပ်လပ် ဖူးမြင်လို့ကောင်းသည်။ အနောက်ဘက်ရှိ ရွှေဆံတော်စေတီတော်ကြီးကိုလည်း ဤနေရာမှပင် ထင်ထင်ရှားရှား လှမ်းမြင်ဖူးမြော်နိုင်သည်။

ဤအဆောက်အအုံထက်မှပင် ဒွတ္တပေါင်မင်းကြီး၏ကောင်းမှုတော် သိမ်ကိုးသိမ်စာရင်းဝင် မွေးဟောင်းရဟန္တာသိမ်၊ (ဇေယျပထဝီသိမ်)တော်ကြီးကိုလည်း စီးမြင်နိုင်သည်။ သိမ်အတွင်း ဝင်ရောက်ပါက ပုဒ္ဓရုပ်ပွားတော်များ ရှိနေ၍ တရားထိုင်၊ ပုတီးစိပ်ဖို့ နေရာကောင်းဖြစ်သည်။

ဘုရားကြီးရှေ့ရင်ပြင်တော်၌ ရှင်မထီးဆရာတော်နှင့် ဘိုးဘိုးအောင်ရုပ်တုများရှိရာ အုတ်တိုက်၊ နောင်တော်ကြီးဘုရားရုပ်ပွားတော်နှင့် ဆရာတော်ဦးတေဇဝန္တ၊ ရွှေဘိုင်းနားဆရာတော်ရုပ်တုရှိရာ ဂန္ဓကုဋိအုတ်တိုက်၊ ရှင်သီဝလိရုပ်ပွားတော်စံကျောင်းတို့လည်းရှိသည်။

ရင်ပြင်တော်တစ်ဝိုက် လက်ယာရစ် လှည့်မည်ဆိုပါက ရှင်ဥပဂုတ္တရဟန္တာစံကျောင်းတော်၊ အဆောက်အအုံ၊ လာဘမုနီ ရုပ်ပွားတော်တည်ရှိရာ ဂန္ဓကုဋိတိုက်၊ လျောင်းတော်မူရုပ်ပွားတော်ကြီး၊ နောက်ဘက်နားမှာ ဇာတ်ကြီး ၁၀ ဘွဲ့အား ရုပ်တု ရုပ်ကြွပန်းချီတို့ရောနှောကာ တစ်ဇာတ်တစ်ခန်း ပုံဖော်ထားသည့်စောင်းတန်းရှည်၊ ဒီပင်္ကရာမြတ်စွာဘုရားနှင့် ရဟန္တာများ ကြွချီရာလမ်းတွင် အလှူးဝပ်စင်း တံတားခင်းပေးနေသည့် သုမေဓာရှင်ရသေ့ရုပ်တုများ ထုဆစ်ပုံဖော်ထားသည်။

လာဘမုနီရုပ်ပွားတော်

ပလ္လင်တော်ဘားဘက်မြင်း နှစ်ကျိပ်ရှစ်ဆူတင် ဘုရား ၁၀ ဆူ

ရှင်ဥပဂုတ္တရဟန္တာမြတ်စံကျောင်း



ပလ္လင်တော်နောက်ဘက်မြင်း နှစ်ကျိပ်ရှစ်ဆူတင် ဘုရား ၇ ဆူ

www.burmeseclassic.com

www.burmeseclassic.com

ခရမ်းကိုင် နတ်သား

နတ်သားဆယ်ဦးရဲ့ တံခွန်တိုင်

မလှမ်းမကမ်း ဇာတ်ကြီးဆယ်ဘွဲ့ ဗုဒ္ဓဝင်ရုပ်များတန်ဆောင်းဘေး၌ ဘိုးတော်သိကြားမင်းရုပ်တုက မတ်ရပ်အနေအထား သီးခြားမှန်နန်းဗိမာန်တွင်း မြင်မိသေးသည်။ အရှေ့ဘက်အဆင်းစောင်းတန်း မရောက်ခင် နတ်မင်းကြီးလေးပါး ရဲ့ တံခွန်တိုင်မှာ ရွှေရောင်ဖြင့်ဝင်းပနေသည်။ ရင်ပြင်တော်၏ အရှေ့ဘက်အစပ်မှာ ကြီးမားကျယ်ပြန့်သည့် အဆောက်အအုံတန်းတစ်ခု။ ဤအဆောက်အအုံကြီးက ရင်ပြင်ထက်မှာ တစ်ထပ်၊ ကုန်းတော်အခြေ ကားလမ်းဘက်မှကြည့်လျှင် နှစ်ထပ်ဖြစ်၍ အောက်ထပ်မှာ ဘုရားဘဏ္ဍာဆိုင်ခန်းများ ကားလမ်း မျက်နှာမူလျက် ရှိနေသည်။

အပေါ်ထပ်မှာ အဘအောင်မင်းခေါင် ဓာတ်နန်း၊ ယက္ကန်းစင်တော်ဆရာတော်ကြီး စံကျောင်းတော်၊ ဝိဇ္ဇာတို့ပျော်စံရာ မဟာမြိုင်တောတို့က သီးခြားတစ်ခန်းစီ တည်ရှိသည်။

အဘအောင်မင်းခေါင်ဓာတ်ခန်း အဝင်ဝ လက်ဝဲဘက်ခြမ်းမှာ ဘောဂဝတီနဂါးမယ်တော် မတ်ရပ်ရုပ်တုနန်း၊ အစ်မတော် မြစိမ်းရုပ်တု မတ်ရပ်ပုံ နန်းနှစ်ဆောင် ကပ်လျက်ရှိသည်။ နန်းနှစ်ဆောင်က မှန်တံခါးအရှည်တပ် သော့ခတ်ထားသည်။ ပန်း၊ ရေချမ်း၊ ကန်တော့ပွဲများနှင့်အတူ ပဝါများ၊ အသုံးအဆောင်များမှာ ယုံကြည်မှု သဒ္ဓါထက်သူတို့ ဆက်သထား၍ နန်းနှစ်ဆောင်စလုံး များစွာရှိနေသည်။

အဘအောင်မင်းခေါင်ဓာတ်ခန်းက ပေ ၅၀ ခန့်ကျယ်၍ အဝင်တံခါးကျယ်ကြီး နှစ်ပေါက်မှ ဝင်ရသည်။ အဘအောင်မင်းခေါင်ရုပ်တုကြီးက စင်မြင့်တစ်ခုထက်၌ထိုင်လျက် ယောဂီတဘက်ကြီး ဖြိုထားသည်။ အမှတ်တမဲ့ဆိုလျှင် အဘအောင်မင်းခေါင် သက်ရှိထင်ရှားရောက်ရှိနေသည့်နှယ် ထင်မှတ်မှားစရာ။

အဘရှေ့နားမှာ အုန်းငှက်ပျောနှင့် ကန်တော့ပွဲများက အစီအရီ။ ပွဲ ၃၀ ခန့်ပင် ရှိလိမ့်မည်။ ဒီဓာတ်ခန်းထဲမှာ အမျိုးသား၊ အမျိုးသမီးနေရာ သီးခြားခွဲပေးထားသည်။ အဘ၏ ပဌာန်းဆက် သားမြေးဝေနေယျတို့ အဓိဋ္ဌာန်ဝင်ရာ၊ ပုတီးစိပ်ရာ၊ ဂါရုတ္ထရာနေရာမို့ လူပြတ်သည်တော့မရှိလှ။ အနည်းဆုံး နှစ်ဦး၊ သုံးဦးတော့ ရှိနေတတ်သည်။

တစ်ဖက်ခန်းက ယက္ကန်းစင်တောင် ဆရာတော်စံကျောင်းတော်၊ နောက် 'ဝိဇ္ဇာတို့ပျော်စံရာ မဟာမြိုင်တော' ဟု ကမ္ဘည်းတပ်ထားသည့် အခန်းကျယ်တစ်ခန်း၊ အခန်းတစ်ဝက်ခန့်မှာ မဟာမြိုင်တောအသွင် ပုံဖော်ထားသည်။ အလယ်တွင် ထက်ဝယ်ဖွဲ့ခွေ စံနေသည့် ဗုဒ္ဓဆင်းတု တစ်ဆူနှင့် ယက္ကန်းစင်တောင် ဆရာတော်ကြီး မတ်ရပ်ပုံ၊ အဘအောင်ချမ်းသာ ရုပ်လုံးပုံများ ဖူးနိုင်သည်။

အရှေ့ဘက် အဆင်းလှေကားဝဲဘက်ခြမ်း၌ ၇ ပေခန့် ကျယ် ကျောင်းဆောင်နှစ်ဆောင်နှင့် ဗုဒ္ဓရုပ်မွားတော်နှစ်ဆူ လည်းရှိသည်။ ရင်ပြင်တော်အစွန် အင်္ဂါထောင့်မှာရှိ၍ ဥပဓိစိပ်၊ တရားထိုင်ဖို့ နေရာကောင်းတစ်ခုဖြစ်သည်။

ရှေ့ဘက်နားမှာက အောင်ခြင်းရှစ်ပါးဟန်ဆောင်း၊ အတွင်းမှာ ဗုဒ္ဓမြတ်စွာ၏ အောင်တော်မူခြင်း ရှစ်ဇာတ်အား

www.burmeseclassic.com

တစ်ဇာတ်တစ်ခန်း ပုံဖော် ထုဆစ်ထားရှိသည်။ သီးခြား အုတ်တိုက်တစ်ခုတွင် သီရိခေတ္တရာရသေ့ကြီးနှင့် ဗေဒါရီတို့ ရုပ်တုနှင့် ဆေးရေးပုံများ ပြထားသည်။

ယခင် နန်းဦးစွယ်တော်မြတ်ကိန်းဝပ်ရာ ဂေါပကနံ့ နေရာ၌ ဆောက်လုပ်နေဆဲ နှစ်ထပ်အဆောက်အအုံကြီး တစ်ခု တွေ့ရသည်။

ဤသည်တို့မှာ ဆယ်ထပ်ကြီးဘုရား၏ ၁၃၃၉ ခုနှစ် နယုန်လဆန်း ၁၃ ရက်၊ (၂၉-၅-၁၉၇၇) နေ့မှစ၍ 'ပြည်မြို့ တိုင်းပြည်လုံးသာ ဆုတောင်းပြည့်ဘုရားကြီး ဇေယျပထဝီ အောင်မြေကုန်းတော် မွန်းမံပြုပြင်စောင့်ရှောက်နေအဖွဲ့'က ကြိုးပမ်းဆောင်ရွက်လျက်၊ နောက်ပိုင်း ဂေါပကအဖွဲ့များ အဆက်ဆက်၏ စေတနာ၊ လုံ့လအရ တိုးတက်ပွားများလာသော သာသနိကပစ္စည်းများပင် ဖြစ်ပါသည်။

ဆယ်ထပ်ကြီးဘုရား၏ သမိုင်းအကျဉ်း

ဘုရားကြီးတည်ရှိရာကုန်းတော်မှာ သရေခေတ္တရာ ခေတ်ဦးသာသနာပြု ဒွတ္တပေါင်မင်းကြီး၏ကောင်းမှုတော် ကုန်း ၉ ကုန်း၊ သိမ် ၉ သိမ် စာရင်းဝင် နေရာထူးတစ်ခုဖြစ်ပါသည်။

ဒွတ္တပေါင်မင်းကြီး ရွှေဆံတော်စေတီတော်သို့ အဖူးမြော်လာသည့်အခါတိုင်း ဤကုန်းထက်၌ နားနေဖူးမြော်ခြင်း ဖြစ်ပါသည်။ မင်းကြီး၏ စီးတော်ဆင်၊ စီးတော်မြင်းတို့ကိုလည်း ဤကုန်းထက်မှာပင် ချည်၍ ထားနေကျဖြစ်သည်။

မင်းကြီးလွန်သောအခါ၌ မင်းကြီးနှင့် မိဖုရားတို့၏ လက်ဝတ်ရတနာများ၊ အဖိုးထိုက်အသုံးအဆောင်ပစ္စည်းများ၊ ကျမ်းဂန်ပေစာ၊ ပုရိုက်ပေစာ၊ သမိုင်းမှတ်တမ်းများစွာတို့ ထည့်သွင်းဌာပနာ၍ အထိန်းအမှတ် ဆင်ချည်တိုင်၊ မြင်းချည်တိုင်ဘွဲ့ဖြင့် စေတီတော်နှစ်ဆူတည်ခဲ့သည်။ ထိုစေတီတော်နှစ်ဆူမှာ သရေခေတ္တရာခေတ်ဦးပိုင်းမှပင် တည်ထားခဲ့၍ နှစ်ပရိစ္ဆေဒ ကြာမြင့်သော် ပျက်စီးယိုယွင်းခြင်းဖြစ်သွားသည်။

ပြည်အနေပိုင်ဦးမဲ၊ စစ်ကဲကြီးဦးကောင်ငြိမ်းတို့ ပင့်ဆောင်ချက်အရ ကြွရောက်လာသော ဆရာတော်ဦးတေဇဝန္တက ဇေယျပထဝီကုန်း တနင်္ဂနွေထောင့်၌ ကျောင်းဆောက် သီတင်းသုံးသည်။ ပျက်စီးယိုယွင်းနေသည့် ရွှေဟောင်းစေတီတော်နှစ်ဆူအား ဖူးတွေ့ရသဖြင့် ဆရာတော်မှာ စိတ်မချမ်းမြေ့ဖြစ်လျက် ပြန်လည်ပြုပြင်ရန် ဆန္ဒဖြစ်သွားသည်။

သို့ရာတွင် ဆရာတော်က မူလစေတီတော်များအတိုင်း ပြန်လည်ပြုပြင်ရန်တော့ ဆန္ဒမရှိ။ နှစ်ဆူပေါင်း၍ ကြီးမားသော ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ်သာ တည်ထားလိုသည်။ မိမိဆန္ဒအား ရဟန်းပညာရှိကြီးများ၏ ဩဝါဒခံယူ၊ လူပုဂ္ဂိုလ်များနှင့်တိုင်ပင်၍ ညီညွတ်မှုရသောအခါ ၁၂၇၀ ပြည့်၌ တည်ဆောက်မှု အစပြုသည်။ နှစ်ကြိမ် အုတ်မြစ်ချရသည်။

မွန်းမံပြုပြင်ပြီးစီးသော ရွှေဟောင်းစေတီတော်

ထာဝရအလှူရှင်ကမ္ဘည်းကျောက်စာ

ပန်းရန်ဆရာ ငါးဦး ပြောင်းရသည်။ ခြောက်ဦးမြောက် ကနောင်မြို့မှ ဆရာချမ်း ဦးစီးသည့်အဖွဲ့ တည်ဆောက်မှုလုံးဝအချောသတ်နိုင်ခဲ့သည်။ စတင်တည်ထားသည်မှ လုံးဝပြီးစီးသည်အထိ ၁၀ နှစ်မျှကြာခဲ့ပြီး ၁၂၈၁ ခုနှစ်တွင်မှ တင့်တယ်သပ်ရပ်သော ဘုရားကြီးအဖြစ် ဖူးတွေ့ခွင့်ရခဲ့သည်။

ရုပ်ပွားတော်ကြီးတည်ခဲ့သည့်ကာလမှာ တိုင်းပြည်မငြိမ်းချမ်းသေးသောကာလဖြစ်၍ ဆရာတော်ဦးတေဇဝန္တက 'တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ဘုရားကြီး' ဟု ဘွဲ့အမည် ဆက်ကပ်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားခဲ့ရပါသည်။

မောင်တင်ကြွယ် (ပြည်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လေဆာဘုရားအား အနီးကပ်ပူးပေါင်းရုပ်

လေဆာဘုရား ပုံစံတူအား ပူးပေါင်းရုပ်

ထိုင်းနိုင်ငံ ပတ္တရားမြို့အနီးရှိ ကျောက်တောင်နံရံကို ထွင်းထုပုံဖော်ထားသော (Laser Buddha) လေဆာဘုရားအား ပူးပေါင်းခြင်း

တက္ကသိုလ်မန်း

ကျားတိရစ္ဆာန်ရုံ (Tiger Zoo)နှင့် ရုက္ခဗေဒဥယျာဉ် (Botanical Garden) တို့၌ အချိန် အတော်ကုန်သွားရှု့ ဘုရားမြို့၌ လေ့လာစရာများကို အချိန်လုံလုံ လေ့လာရပေးပါ့မည်။ အမှန်တကယ် ပတ္တရားမြို့တွင် တစ်ညအိပ်နားပြီး နောက်နေ့ တစ်နေကုန် လေ့လာမှ ပြီးပြည့်စုံနိုင်မည်ဖြစ်သည်။

လေဆာဘုရားဟု မြန်မာတို့က ခေါ်ဆိုသော Khao Chi Chan Carved Buddha Mountain မြတ်စွာဘုရား ကောင်းကို ထွင်းထုထားသော ဘုရားတောင်တော် ပတ္တရား မြို့ရှိ ရွှေဝင်းသာတောင်ပေါ်ရှိ ခြေတော်ရာဘုရား၊ ပတ္တရား ကမ်းခြေအလှနှင့် ရေကူးရေချိုးရာ ကမ်းခြေ၊ ကုန်တိုက်များ၊ ညအတော်၌ ဖျော်ဖြေသော ထိုင်းပျိုဖြူတို့နှင့် ခွဲမရအောင်တူလှသော ထိုင်းမိန်းမလှတို့၏ ကပွဲ စသည် စသည်ဖြင့် စုံလင်လှ၏။ စာရေးသူတို့နှင့် မသက်ဆိုင်သော ကာရာအိုကေ၊ နိုက်ကလပ်၊ အနှိပ်ခန်း စသည့် နေရာများကလည်း ပေါများလှသည်။ ထိုနေရာများ၌ကား နိုင်ငံခြားသား ကမ္ဘာလှည့် ပုရိသအပေါင်းတို့ ကျက်စားရာ၊ ပျော်မြူးရာ နေရာများ ဖြစ်ကြကုန်၏။

ထို့ကြောင့် ပတ္တရားမြို့သည် ပင်လယ်ကမ်းခြေရှိ လှပသော အပန်းဖြေစရာ မြို့တစ်မြို့ဖြစ်သလို အပျော်အပါး လိုက်စားသောသူတို့အတွက် လောကီ နတ်ဘုံနတ်နန်းသဖွယ် ဖြစ်နေခြင်းကြောင့် ပတ္တရားရှိ ဟိုတယ်ကြီးငယ်တို့တွင် အသားမည်း၊ အသားဖြူ ကမ္ဘာလှည့်ခရီးသည်တို့ နှစ်ည သုံးည အချိန်ဖြုန်း၍ တည်းခိုကြသောကြောင့် အခန်းလွတ် မကျန်အောင် ပင် ရှိကြောင်း မော်တော်ယာဉ်မောင်းပို့သည့် ကိုသိန်းဇော်

www.burmeseclassic.com

www.burmeseclassic.com

အရုံခံဏန်ဆောင်းအတွင်းရှိ လေဆာဘုရားပုံစံတူ ပုံတော်

ပြောစကားအရ သိရှိရသည်။ စိတ်မကောင်းစရာ သတင်းစကားကတော့ မြန်မာအမျိုးသမီးငယ်လေးများပင် နိုက်ကလပ်၊ အနှိပ်ခန်း၊ ကာရာအိုကေ၊ ဇိမ်ခန်းများ၌ အတော်များများရှိနေကြောင်း သတင်းစကားပင် ဖြစ်သည်။ ထိုအမျိုးသမီးငယ်များသည် ဝင်ငွေကောင်း၍ မိမိဘဝကိုရင်းကာ မိမိဆုံးဖြတ်ချက်နှင့် ထိုအလုပ်ကို လုပ်ကြခြင်းရှိသလို၊ အတင်းအဓမ္မ စေခိုင်း၍ လုပ်ကြရသူများလည်း ရှိကြောင်း သိရလေသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်က လုံလောက်သော ဝင်ငွေရရှိအောင် မဖန်တီးပေးနိုင်၍ မြန်မာနိုင်ငံသား (အမျိုးသား၊ အမျိုးသမီး) အပေါင်းတို့သည် ဝင်ငွေအတော်အသင့်ရရှိသော ထိုင်း၊ မလေးရှားတို့၌ အပင်ပန်း အဆင်းရဲခံ အနှိမ်ခံဘဝများဖြင့် အလုပ်လုပ်ကိုင်နေရခြင်းအပေါ် ၌ကား စိတ်မကောင်းကြီးစွာ ဖြစ်ရလေသည်။

နိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု၊ အရှေ့တောင်အာရှ နိုင်ငံများနည်းတူ ဒီးပွားရေး၊ လူမှုရေး၊ ပညာရေးစနစ်တို့ တိုးတက်သော နိုင်ငံတစ်ခု၊ တခြားအိမ်နီးချင်းနိုင်ငံများနှင့် တန်းတူ အနိမ့်ဆုံးလစာ ပေးစွမ်းနိုင်သော နိုင်ငံတစ်ခုသာ ဖြစ်ခဲ့ပါလျှင် ယခုကဲ့သို့ မြန်မာနိုင်ငံသားများသည် သူတစ်ပါးနိုင်ငံ၌ ကျွန်ခံကာ အနှိမ်ခံအာဝ၊ အဖိနှိပ်ခံဘဝနှင့် သွားရောက်ကာ မလုံခြုံသောဘဝဖြင့် ရပ်တည်ကြမည် မဟုတ်ပေ။ မြန်မာအမျိုးသမီးငယ်များလည်း ယခုကဲ့သို့ ပျက်စီးကြမည် မဟုတ်ပေ။ ကိုယ့်နိုင်ငံတွင်း စိတ်လက်မော်ရွှင်စွာဖြင့် ဆွေမကွာ မျိုးမကွာ နေထိုင်နိုင်ကြပေမည်ဟု တွေးမိရင်း စာရေးသူသည် မည်သူ့ကို အပြစ်တင်ရမှန်းမသိအောင် ဖြစ်နေမိသည်။

စနစ်ကြောင့်လော၊ အုပ်ချုပ်သူများကြောင့်လော၊ မြန်မာလူမျိုးတို့၏ ကံကြမ္မာကြောင့်လော ဟူ၍ လောပေါင်းများစွာတွေးရင်း ဖြစ်ပေါ်လာသော ဒေါသစိတ်၊ မခံချင်သောစိတ်၊ မခံမရပ်နိုင်သောစိတ်များကို မျိုသိပ်ကာ သွားရောက်ဖူးမြော်မည့် လေဆာဘုရားထံ အာရုံပြောင်း၍ သက်ပြင်းချမိလေသည်။ ထိုသို့ အာရုံမပြောင်းသော် စာရေးသူ ခံစားဖြစ်ပေါ်နေသော အသည်းအကျိတ်ဖြစ်သည့် ဝေဒနာအပြင်းနှလုံးရောဂါဝေဒနာ ထပ်မံဖြစ်ပေါ်လာပေတော့မည်။

*

"ဦးလေး၊ လေဆာဘုရားရောက်ပြီ၊ ဟိုမှာ တွေ့နေရတဲ့ တောင်ကြီးပေါ်မှာ ဘုရားပုံကို လေဆာရောင်ခြည်နဲ့ ထွင်းပြီး ပုံဖော်ထားတာ"

ကိုသိန်းဇော် ညွှန်ပြရာသို့ လှမ်းကြည့်သောအခါ အတော်ပင် မြင့်လှသော ကျောက်တောင်ကုန်း၏ မျက်နှာပြင်၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပုံတော်ကိုထွင်း၍ ပုံဖော်ထားသည်ကို တွေ့ရသည်။ မြတ်စွာဘုရားပုံတော် ထွင်းထုထားသော ကျောက်တောင်ကြီးသည် တောင်တစ်လုံးတည်း ထီးထီး မြေပြင်ထက်၌ တည်ရှိနေသောတောင် ဖြစ်သည်။ မြတ်စွာဘုရားပုံတော် ထွင်းထုထားရာ တောင်မျက်နှာပြင်၌ မည်သည့်သစ်ပင်မှ ပေါက်ရောက်ခြင်းမရှိဘဲ တောင်ကုန်းထိပ်နှင့် ဘေးတစ်ဖက်တစ်ချက် ဆင်ခြေလျှောဌ သစ်ပင်ငယ်များ ပေါက်နေသည်ကို တွေ့ရသည်။

တောင်ကုန်းသည် အတော်ပင်မြင့်မား၍ အဝေးကပင် ထင်ထင်ရှားရှား မြင်နိုင်သည်။ ထိုတောင်ကုန်း၏ မျက်နှာပြင်၌ လေဆာရောင်ခြည်နှင့် ထွင်းထုထားသော ဗုဒ္ဓပုံတော်သည် ဥက်တော် (၁၃၀)မိတာမြင့်ပြီး ရုပ်ပွားပုံတော်၏ အကျယ်ဆုံးနေရာမှာ မီတာ(၇၀)ရှိကြောင်း သိရသည်။ ထိုမှကြီးမားလှသော ရုပ်ပွားပုံတော်ကြီး ထွင်းထုထားရာ တောင်ကုန်းသည်လည်း အတော်ပင်မြင့်မား ကြီးကျယ်ကြောင်း ခန့်မှန်းနိုင်သည်။

စီးလာသော မော်တော်ယာဉ်သည် လေဆာဘုရား တည်ရာနေရာ၌ အတော်ဝေးဝေးနေရာရှိ ယာဉ်ရပ်နားရန် သတ်မှတ်သောနေရာ၌ ရပ်နားရသည်။ အတော်လေး ဝေးသော်လည်း လေဆာဘုရားကိုကား ထင်ထင်ရှားရှား ဖူးမြင်နေရသည်။

ကားပေါ်မှ ဆင်းကြပြီး လေဆာဘုရား ကိန်းဝပ်ရာ တောင်ကုန်းသို့သွားရန် ဝင်ပေါက်အနီးသို့ ရောက်သောအခါ စားသောက်ဆိုင်များ၊ အအေးဆိုင်များကို တွေ့ရသည်။ နိုင်ငံခြားသားများသာမက ထိုင်းနိုင်ငံသား တရုတ်လူမျိုး အများအပြားကိုလည်း တွေ့ရသည်။

ထိုင်းနိုင်ငံ၌ တရုတ်လူဦးရေသည် အတော်ပင် များလှသည်။ တရုတ်လူမျိုးတို့သည် ထိုင်းလူမျိုးတို့၏ နိုးရာယဉ်ကျေးမှုကို လက်ခံကျင့်သုံး နေထိုင်ကြ၍ ထိုင်းလူမျိုးတို့နှင့် သွေးနှောကာ ထိုင်းစကားပြော၍ ထိုင်းဇလေထုစံနှုန်းအညီ နေကြသောကြောင့် ထိုင်းလူမျိုးတို့နှင့် ပြဿနာမရှိကြလေ။ ထိုင်းတို့ တိုးတွယ်သည့် ဗုဒ္ဓဘာသာကိုပင် ကိုးကွယ်ကြသည်။ ထိုင်းလူမျိုးတို့ အမြတ်တနိုး အထူတ်အမြတ်ထားသည့် ထိုင်းဘုရင်ကိုလည်း ထိုင်းလူမျိုးတို့နည်းတူ လေးစားကြသည်။

www.burmeseclassic.com

ထိုင်းနိုင်ငံရှိ တရုတ်လူမျိုး အများစုသည် စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ သန်းကြွယ်သူဌေးကြီးများ ဖြစ်ကြသလို ညောတတ်များ ဖြစ်ကြ၍ လူနေမှုအဆင့်အတန်းမြင့်မြင့် နေထိုင်ကြသည်ကိုလည်း တွေ့ရသည်။ ထိုင်းနိုင်ငံ၌ ဝန်ကြီး ချုပ်အဖြစ် တာဝန်ယူခဲ့သော သက်ဆင်တို့ မောင်နှမသည် တင် တရုတ်သွေးနှောသူများဖြစ်သည်။ အထူးသဖြင့် စာရေးသူ ဆေးကုသမှု ခံယူနေရသော ဆေးရုံကြီး၌ တာဝန်ထမ်းဆောင် နေကြသည့် အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်၊ ဆရာမ အတော်များများသည် တရုတ်နွယ်ဖွားများပင် ဖြစ် ကြသည်။ ထူးဆန်းသည်မှာ ထိုင်းဘာသာစကားကိုပင် ပြော ဆိုကြကြောင်း တွေ့ရပြီး တရုတ်ဘာသာစကားကိုကား လုံးဝ ပြောဆိုကြခြင်း မရှိပေ။

ယခု စာရေးသူရောက်ရှိခဲ့သော ကျားတိရစ္ဆာန်ရုံ၊ ရေတွေဥယျာဉ်နှင့် လေဆာဘုရားတို့၌လည်း ကမ္ဘာလှည့် ခရီးသွားများနှင့်အတူ ထိုင်းအနွယ် တရုတ်လူမျိုး အများ အပြားကို ဝတ်ကောင်းစားလှများနှင့် တွေ့နေရခြင်းမှာ တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးကာလ၌ နားရက်ဖြစ်၍ စုည ထားနေခြင်း ဖြစ်သည်ကို သတိထားမိသည်။

စာရေးသူတို့ မိသားစုသည် အဝင်ဂိတ်ဝနှင့် မနီးမဝေး၌ အုန်းသီးမှ အုန်းရည်များ လတ်လတ်ဆတ်ဆတ် ရောင်းချ နေသော ဆိုင်ကို တွေ့ကြ၍ ဝင်သောက်ကြသည်။ အုန်းသီး တစ်လုံး ဘတ်(၂၀)သာပေးရ၍ မိသားစု အဝသောက်ကြ သည်။

ဤနေရာ၌ ထိုင်းအုန်းရည် အရသာရှိပုံကို ဖော်ညွှန်း ရပေမည်။ ထိုင်းအုန်းစိမ်းသည် မြန်မာအုန်းစိမ်းကဲ့သို့ အလုံး ကြီးလှသော်လည်း အုန်းရည်မှာ အတော်ပင်ချိုလှသည်။ ထိုင်းအုန်းရည်၏ ထူးခြားချက်မှာ အနှံတစ်မျိုး ခံစားရသည်။ ခန်းကောက်၌ အုန်းစိမ်းတစ်လုံး ဘတ် (၅၀)၊ ဘတ် (၄၀) ပေးရသည်။ ဤလေဆာဘုရား၌ ဘတ် (၂၀)သာပေးရ၍ စာရေးသူတို့ အဝသောက်ပြီး အုန်းသီး ငါးလုံးကိုပင် ထိပ် ဖွင့်တဲ့ ဗန်ကောက်သို့ ဝယ်ယူခဲ့ကြသည်။ ထိုင်းအုန်းသီးမှ ထွက်သော အုန်းရည်သည် ချိမ့်မွေးသောအရသာမှာ ဘယ် အေးချမ်းသောက်သောက် တစ်မျိုးတည်း၊ တစ်ရသာတည်းသာ ဖြစ်ကြောင်း တွေ့ရသည်။ အုန်းစိမ်းရည်က အရသာရှိသလို ခန္ဓာဖြစ်အုန်းသားကလည်း နူးညံ့လှပြီး စား၍ အရသာကောင်း သည်။

ထိုအုန်းစိမ်းရောင်းချနေသော အသက်(၂၀)ကျော် အလေးနှစ်ယောက်မှာ ကရင်ပြည်နယ်မှ မြန်မာအမျိုးသား နှစ်ယောက် ဖြစ်နေကြောင်း တွေ့ရသည်။ ထိုင်းနိုင်ငံ ဗန် ကောက်မြို့ရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင် များ၌ မြန်မာအမျိုးသားငယ်၊ အမျိုးသမီးငယ်လေးများစွာကို တွေ့ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုး

လေဆာဘုရားအား ဦးကျော်မူးမြေလှုံ

ရေး ခြံကြီးများ၌ အလုပ်သမား အများစုသည် မြန်မာများ ပင် ဖြစ်သလို အလွန်ပင်ပန်းလှသော စက်ရုံ၊ အလုပ်ရုံများ၌လည်း မြန်မာများ ဝင်ရောက်လုပ်ကိုင်နေကြရသည်။ ထိုင်း နိုင်ငံ နေရာအနှံ့၌ မြန်မာလူမျိုး ရွှေ့ပြောင်းအလုပ်သမားများ မည်မျှရောက်ရှိ လုပ်ကိုင်နေကြသည်ကို စာရင်းအတိအကျ မသိရှိရသော်လည်း နှစ်သန်း၊ သုံးသန်းခန့် ရှိနိုင်သည်ဟု ခန့်မှန်းကြသည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံ သန်းခေါင်စာရင်းအရ လူဦးရေ သန်း (၅၀)ကျော်ရှိရာ မြန်မာလူမျိုး အယောက်(၅၀)တွင် အခြား နိုင်ငံ၌ နှစ်ယောက်နှုန်း အလုပ်လုပ်ကိုင်နေကြကြောင်း အကြမ်းအားဖြင့် တွက်ချက်၍ ရနိုင်ပေသည်။

စာရေးသူသည် အုန်းစိမ်းရောင်းသည့် မြန်မာလူငယ် နှစ်ဦးကို ကြည့်၍ အမျိုးသားစိတ်ဖြင့် မြန်မာလူမျိုးတို့ ထိုင်း နိုင်ငံ၌ အဆင်းရဲခံ၊ အပင်ပန်းခံ၍ လာရောက်လုပ်ကိုင်နေထိုင် ကြပုံကို တွေးတောဆင်ခြင်မိသောအခါ စိတ်မကောင်း ဖြစ်မိ ပြန်သည်။ စိတ်မကောင်းဖြစ်ရုံကလွဲ၍ ဘာမှမတတ်နိုင်သော ကြောင့် စိတ်လျှော့ကာ လေဆာဘုရား တည်ထားရာ ကျောက်တောင်ရှိရာသို့ အမြန်လျှောက်ခဲ့ရသည်။

*

စာရေးသူတို့ အနေနှင့် ဤလေဆာဘုရား၌ အချိန် ယိပ်မမြှုန်းနိုင်၍ ဧလေဆာဘုရားပုံတော်အား ဦးခွင့်ပန်တော့

www.burmeseclassic.com

www.burmeseclassic.com

လေဆာဘုရားနှင့် စကားပြီးသားစုတ်ထရ

ပြီးနောက် ဓာတ်ပုံမှတ်တမ်း ရိုက်ယူမိသည်။ ဓာတ်ပုံမှတ်တမ်းလည်း များများစားစား ရိုက်စရာမရှိ၍ ခဏနှင့်ပင် ဓာတ်ပုံရိုက်ခြင်းကိစ္စ ပြီးစီးသွားသည်။

လေဆာဘုရား၏ ရှေ့ရှင်ပြင်ကျယ်ကြီးမှာ အင်္ဂတေခင်းထားပြီး ဘေးပတ်လည်၌ မြက်ခင်းစိမ်းများ စိုက်ပျိုးပေးထားကြောင်း တွေ့ရသည်။ လေဆာဘုရား ထွင်းထုထားရာ ကျောက်တောင်ကြီးရှေ့၌ ပန်းဥယျာဉ် စိုက်ပျိုးထားသည်။ ဘုရားပုံတော်အား မြင်မြင်ထင်ထင် ဖူးမြင်နိုင်ရန် သစ်ပင်ကြီးများ မစိုက်ပျိုးဘဲ ပန်းဥယျာဉ်အတွင်း၌ ပန်းပင်ပုများသာ စိုက်ပျိုးထားကြောင်း မတေးမှတွေ့ရသည်။ ပန်းဥယျာဉ်ရှိရာသို့ သွားရောက်လေ့လာလိုသော်လည်း ခရီးဆက်ရန်ရှိ၍ ဥယျာဉ်အပြင်မှသာ ကြည့်ရှုခဲ့ရသည်။ ကျယ်ပြန့်လှသော ဥယျာဉ်တွင်း၌ ပန်းတချို့ ဖူးပွင့်နေသည်ကိုလည်း အတေးမှ တွေ့နေရသည်။ ကျောက်တောင်ကြီး အနီး၌လည်း ကြာပန်းများ စိုက်ပျိုးထားသော ရေကန် (Lotu pond) လည်း ရှိကြောင်း သိရသည်။ ကြာပန်းရောင်စုံတို့ ဖူးပွင့်နေကြသည်။

ကျယ်ဝန်းလှသော ပန်းဥယျာဉ်နှင့် ကြာမျိုးစုံတို့ ဖူးပွင့်ရာ ရေကန်ရှိရာသို့ အနီးကပ် သွားရောက် မလေ့လာနိုင်သော်လည်း ကျောက်တောင်ကြီး၏ လက်ဝဲဘက်အစွန်း၌ ရှိသော အာရုံခံတန်ဆောင်းပုံ အဆောက်အအုံငယ်တစ်ခုကို တော့ သွားရောက်လေ့လာ ကြည့်ရှုမိသည်။

အဆောက်အအုံငယ် အတွင်း၌ လေဆာဘုရား ထွင်းထုထားရာ ကျောက်တောင်ပုံစံငယ်နှင့် လေဆာဘုရား ပုံစံငယ်ကို တွေ့ရသည်။ မူလပုံစံနှင့် ထပ်တူတူညီအောင် ထွင်းထုထားကြောင်း တွေ့ရသည်။ ထိုအာရုံခံ တန်ဆောင်းအတွင်း၌ပင် ထိုင်းဘုရင်မင်းမြတ်၏ အထိမ်းအမှတ်တို့နှင့် ဆရာတော်တစ်ပါး၏ ပုံတော်အား ဖူးတွေ့ရသည်။ သပ်ရပ်သော ရွှေရောင်ပန်းပုဖြင့် ထုလုပ်ထားသော ခုံအဆင့်ဆင့်ဖြင့် ခမ်းနားလှစွာ ပန်းပွင့်များဖြင့် ပြင်ဆင်ထားသည်။ ထိုအာရုံခံ တန်ဆောင်းအနီး၌ ထိုင်းဘာသာစကားဖြင့် ရေးထိုးထားသော ကမ္ဘည်းတစ်ချပ်ကိုလည်း တွေ့ရသည်။ လေဆာဘုရားနှင့် ပတ်သက်၍ ရေးထိုးထားသည်ဟု ယူဆမိသည်။

စာရေးသူတို့သည် ကျောက်တောင်မျက်နှာပြင်ထက်၌ လေဆာရောင်ခြည်ဖြင့် ထွင်းထုပုံဖော်ထားသော မြတ်စွာဘုရားရှင်၏ ပုံတော်ကို အသေအချာ ပြန်လည်ကြည့်ရှုဖူးမြော်ရာတွင် မြတ်စွာဘုရားရှင် ပုံတော်၏ မုဒြာဟန်မှာ ဘူမိဖဿဟန်ဖြစ်ကြောင်း ဖူးတွေ့ရသည်။ ကြာမှော်ကြာလှန် ပလ္လင်ထက်၌ ဗုဒ္ဓမြတ်စွာ စံပယ်တော်မူဟန် ထွင်းထုထားသည်။ လေဆာရောင်ခြည်နှင့် ထွင်းထုရာတွင် ပုံတော်အား နို့နို့ရှင်းရှင်း ထွင်းထုထားကြောင်း တွေ့ရသည်။ ပန်းချီသဘောအရ တစ်ကြောင်းဆွဲ ပန်းချီပုံပင် ဖြစ်သည်။ သက်နံ့တော်မှာ သာမန်တင်ရှဲထားဟန် ထွင်းထုထား၍ ရှင်းလင်းပြတ်သားစွာ ဖူးမြော်နိုင်သည်။

ဤမှ မီတာ(၁၃၀)ဝန်းကျင်တော် မြင့်မားပြီး မီတာ(၇၀) ကျယ်ဝန်းသော ဘုရားပုံတော်ကို ညီညာခြင်းမရှိသော ကျောက်သားပြင်ထက်၌ ထွင်းထုနိုင်ခြင်းမှာ သာမန်လက်မှုပညာဖြင့် ထွင်းထုရန်မှာ မလွယ်ကူလှပေ။ လေဆာရောင်ခြည်ကို သုံး၍ ပုံဖော်ထုလုပ်ခြင်းကြောင့်သာ ဤမှ ရှင်းလင်းပြတ်သားပြီး ကြည်ညိုဖွယ်ပုံတော်ကို ထွင်းထုနိုင်ခြင်းပင် ဖြစ်သည်။

ထွင်းထုရာ၌လည်း ကျောက်တောင်မျက်နှာပြင်အား လေဆာရောင်ခြည်ဖြင့် ပုံကြမ်းထွင်းထုပြီးနောက် ထိုလေဆာရောင်ခြည်ဖြင့် ထွင်းထားသော ထွင်းသားအတွင်း၌ ရွှေပြားကို ထည့်သွင်းလိုက်သောအခါ ကျောက်တောင်ထက်၌ ရွှေရောင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပုံတော်သည် ပြက်ပြက်ထင်ထင် ပေါ်လာခြင်းပင် ဖြစ်သည်။

ဤခေတ်ကြီးသည် အလွန်တိုးတက်လျက်ရှိပြီဖြစ်၍ သိပ္ပံပညာ၏ တိုးတက်တိုထွင် ဆန်းသစ်မှုကြောင့် ဤလေဆာဘုရားကြီး၏ ကြီးမားလှသော ပုံတော်သည် ကြီးမားကျယ်ပြန့်လှသော ကျောက်ဆောင်ကြီး မျက်နှာပြင်၌ ပေါ်ထွန်းကာ အများသူငါ ဖူးမြော်ကြည်ညိုခွင့် ရနေခြင်းပင် ဖြစ်သည်။

နေပြည်တော် ဗုဒ္ဓဂယာပုံစံတူ သံဝေဇနီယသုတ္တန်၌ ဖူးမြော်ရသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပရိနိဗ္ဗာန်စံဝင်ဟန်

www.burmeseclassic.com

www.burmeseclassic.com



လေဆာဘုရား မှတ်တမ်းကမ္ပည်းစာ (တိုင်းဘာသာဖြင့်လေ့ထိုးထားသည်)

ရှုပ်ပွားတော်မှာ အိန္ဒိယနိုင်ငံ ကုသိနာရုံ ပရိနိဗ္ဗာန်စေတီတော်ကြီး အာရုံခံတန်ဆောင်းတွင်း ထုလုပ်ထားသည့် ခေတ်ဟောင်းတော်ရာ ပရိနိဗ္ဗာန် ရုပ်ပွားတော်မြတ်နှင့် ဉာဏ်တော် အရွယ်အစား ပုံစံတူ ဖြစ်နေကြောင်း ဖူးတွေ့ရသည်။ ကုသိနာရုံရှိ ရုပ်ပွားတော်မြတ်မှာ မြေသားဖြင့် ထုလုပ်ပြီး နေပြည်တော်ရှိ ရုပ်ပွားတော်မြတ်မှာ စကျင်ကျောက်ဖြင့် ထုလုပ်ခြင်းသာ ကွာခြားသည်။

ပုံတော် အနေအထား၊ သက်နံဝတ်ရုံပွေ့ အနေအထား၊ ဆံစွာတော် အနေအထား အားလုံး ခွဲခြမ်းစိစစ်အောင် တူလှသည်။ မြန်မာ့ကျောက်ဆစ်ပညာရှင်တို့ အနေနှင့်ကား ထိုမျှ ဆင်တူထပ်မျှ တူညီအောင် ပြုလုပ်နိုင်မည် မဟုတ်ဟု ထင်မြင်မိသည်။ ထို့ကြောင့်လည်း ညီရင်းပမာ ခင်မင်ရသော ဘတ်ပုံ ကွန်ပျူတာပညာရှင် ကိုဝင်းဆန်းအား မေးမြန်းစုံစမ်းရတော့သည်။

ထိုအခါမှ ပရိနိဗ္ဗာန ရုပ်တုတော်ကြီးသည် လက်မှုပညာဖြင့် ထုဆစ်ခြင်း မဟုတ်ဘဲ ကွန်ပျူတာစနစ်သုံး၍ ထွင်းထုခြင်းဖြစ်ကြောင်း၊ ထိုသို့ ထွင်းထုနိုင်ရန် အိန္ဒိယနိုင်ငံ ကုသိနာရုံသို့ ကိုဝင်းဆန်းတို့အဖွဲ့ ကိုယ်တိုင်သွားရောက်ပြီး သုံးဘက်မြင် မြင်ကွင်းဓာတ်ပုံ ရိုက်ယူခဲ့ကြောင်း၊ ထိုဓာတ်ပုံကို ကွန်ပျူတာအတွင်း သွင်း၍ ကျောက်ဆစ်စက်ဖြင့် ထွင်းထုကြောင်းကို ရှင်းလင်းပြောပြမှ စာရေးသူသည် ခေတ်နှင့်စနစ်၏ တိုးတက်လာမှုကို မခိုးကန့် မအုံသြဘဲ နေနိုင်စွမ်းမရှိတော့ပေ။

ယခု ဖူးတွေ့နေရသော လေဆာမြတ်စွာဘုရား ရုပ်ပုံတွေကို လေဆာဖြင့်ပစ်၍ ထွင်းထုခဲ့ကြောင်း သိရသောအခါ အံ့သြမိသော်လည်း နေပြည်တော်ရှိ ပရိနိဗ္ဗာန်ရုပ်ပွားတော်အား ကွန်ပျူတာဖြင့် ထုဆစ်ခဲ့ပုံကို သိထားရ၍ တရားလွန် အံ့သြမိတော့ပေ။ ခေတ်နှင့်စနစ်၏ တိုးတက်မှုသည် နောက်ထပ် မည်မျှတိုးတက်လာဦးမည်ကို မတွေးတောနိုင်အောင် ဖြစ်နေမိသည်ကတော့ အမှန်ပင် ဖြစ်ပေသည်။

စာရေးသူသည် ရွှေရောင်မျိုးများဖြင့် ပုံဖော်ထားသော လေဆာဘုရား ရုပ်ပုံတော်ကို ကြည့်ရင်း ငေးမောနေမိစဉ် . . .

"ဦးလေး ဒု နာရီခွဲသွားပြီ၊ ပတ္တရားအရောက် သွားရဦးမယ်၊ အခြိန်သိပ်မရှိတော့ဘူး"

ကိုသိန်းဇော်အသံ ကြားမှ အတွေးရပ်ကာ လေဆာဘုရားရင်ပြင်မှ ထွက်ခွာလာခဲ့သည်။ တစ်နာရီပင် မလေ့လာရ၍ သိပ်မကျေနပ်လှသော်လည်း သွားရမည့်ခရီးက ရှိနေ၍ ထားရှိရာသို့ လျှောက်လှမ်းခဲ့သည်။

နောက်တစ်ခေါက် အရောက်လာ၍ တစ်ညအိပ် နေကာ အနှံ့လေ့လာရန် စိတ်ဆုံးဖြတ်လိုက်မိသည်။ မိမိ၌ ဖြစ်ပေါ်နေသော ဝေဒနာ အမြန်ပျောက်ပြီး ဘန်ကောက်၊ အယုဒ္ဓယ၊ ပတ္တရား စသည့်ဒေသ တွင်းရှိ စေတီ၊ ဘုရားစုံနှင့် လေ့လာစရာ ရှိသည်များကို လေ့လာရပါလို၏ ဟူ၍လည်း လေဆာဘုရားအား မော်တော်ယာဉ်ပေါ်မှ ဦးချကန်တော့ရင်း ဆုတောင်းမိလေသည်။

*

လေဆာဘုရားသည် ခေတ်သစ်၌ ပေါ်ထွန်းလာသော ဘုရားဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပုံလွှာ၊ ရုပ်တုတော်၊ ရုပ်ပွားတော် ဆင်းတုတော်တို့သည် မြတ်စွာဘုရားရှင်အား ရည်စူး၍ တည်ထားတော်မူသော ရုပ်ပုံများဖြစ်၍ ခေတ်ဟောင်း၌ တည်ထားသည်ဖြစ်စေ၊ ယခုခေတ်မှ တည်ထားသည်ဖြစ်စေ ပူဇော်သူတို့အနေဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိသည့်အလား အာနိသင်ပြု ပူဇော်ကန်တော့ကြသော် ရရှိသော အကျိုးကျေးဇူးက အတူတူပင် ဖြစ်ကြောင်း သိထားသော စာရေးသူအနေဖြင့် လေဆာဘုရား ထံမှောက်၌ ဝေဒနာပျောက်စေရန် ဆုတောင်းခဲ့မိခြင်း ဖြစ်သည်။

လေဆာဘုရားသည် ရုက္ခဗေဒဉယျာဉ်နှင့် (၃)ကီလိုမီတာခန့်သာ ဝေးပြီး ပတ္တရားမြို့ တောင်ဝိုင်းနှင့် (၁၅)ကီလိုမီတာ ဝေးသည်။ ဗန်ကောက် ပတ္တရား အပြန်လမ်းမကြီး၏ ဘယ်ဘက်ခြမ်း၌ ရှိသည်။ Tiger Zoo၊ ရုက္ခဗေဒဥယျာဉ်တို့နှင့် တစ်ဆက်တည်း လှမ်းတစ်ဖက်တည်း၌ တည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

အမြန်လမ်းမကြီးပေါ်၌ကား မဟုတ်၊ အတွင်းသို့ အနည်းငယ် ဝင်ရသည်။

လေဆာဘုရားကို ကမ္ဘာလှည့် ခရီးသွားများက Buddha Mountain ဟု ခေါ်ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပုံတော်ကို ကျောက်တောင်မျက်နှာပြင်၌ ထွင်းထုထားခြင်းကြောင့် Buddha Mountain ဟုခေါ်ခြင်းသည် သဘာဝကျသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပုံလွှာကို ထွင်းထုထားသော ဧကောင်ကြီးအား "Khao Chi Chan" ဟု ခေါ်ပြီး ရုပ်ပွားတော် ထွင်းထုပြီးသောအခါ "Khao Chi Chan Carved Buddha Mountain" ဟု ခေါ်တွင်သည်။

ထို Buddha Mountain ခေါ် လေဆာဘုရားသည် ရှေးယခင်က ရှိခဲ့ဖူးသော ဘုရားမဟုတ်ပေ။ ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ နန်းစံနှစ် (၅၀)ပြည့်သည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ ထိုင်းဘုရင်မင်းမြတ်၏ ကောင်းမှုကုသိုလ်အတွက် ရည်ရွယ်၍ လည်းကောင်း ဤမျှကြီးမားသော မီတာ (၁၃၀) ဉာဏ်တော်မြင့်သော ရုပ်ပုံတော်ကြီးကို မြင့်မားလှသော တောင်တော်ကြီး၌ ထွင်းထုထားခြင်း ဖြစ်သည်။

ထိုင်းလူမျိုးတို့သည် မိမိတို့၏ ဘုရင်မင်းမြတ်အား လွန်စွာရိုသေ ကိုင်းရှိုင်းကြသည်။ အထူးသဖြင့် လက်ရှိထီးနန်း ဆက်ခံလျက်ရှိသော ဘုရင် ဘူမိဘောအဒူယာဒက်ဂျ် (King Bhumibol Adulyade) သည် ထိုင်းပြည်သူများ၏ ရိုသေချစ်ခင် ကြည်ညိုမှုကို ခံယူရရှိသော မင်းတစ်ပါးဖြစ်သည်။ ၁၉၄၆ ခုနှစ်မှစ၍ ထိုင်းနိုင်ငံ၏ ထီးနန်းကို ဆက်ခံခဲ့ခြင်းဖြစ်၍ ၁၉၉၆ ခုနှစ်၌ နန်းသက်နှစ် (၅၀) ရွေရတုတိုင်သည့် အထိမ်းအမှတ်အဖြစ် ဤလေဆာဘုရားကို Khao Chi Chan ကျောက်တောင်မျက်နှာပြင်ထက် လေဆာဖြင့် ထွင်းထုခြင်း ဖြစ်သည်။

ကျောက်တောင်ထက်၌ မြတ်စွာဘုရားရှင်၏ ပုံတော်ကို လေဆာဖြင့်ပစ်၍ ပုံစံထွင်းထုကြောင်း အထောက်အထားများအရ သိရသလို ထိုင်းလက်မှုကျွမ်းကျင်သူတို့ကလည်း ရုပ်တုပုံဖော်ရာတွင် ဆောက်လက်နက်တို့ဖြင့် ပါဝင်ထုလုပ်ကြကြောင်းလည်း သိရသည်။

ဤနည်းဖြင့် Laser Buddha ခေါ် လေဆာဘုရားကြီးသည် ကြီးမားလှသော ကျောက်တောင်မျက်နှာပြင်၌ ထွင်းထုပြီးစီးပြီး ထွင်းထုထားရာ မျဉ်းအတွင်း ရွှေပြားထည်သွင်းလိုက်သောအခါ ရွှေရောင်ဗုဒ္ဓရုပ်ပုံလွှာသည် ပုံပေါ်လာပြီး ကြည်ညိုဖွယ်အသွင်ဖြင့် ဖူးမြော်သူတို့၏ စိတ်အာရုံကို ကြည်ညိုသဒ္ဓါပွားများစေသော ဗုဒ္ဓရုပ်ပုံတော်အဖြစ် တည်ရှိခဲ့သည်။

ထိုလေဆာဘုရားကြီးသည် ကမ္ဘာပေါ်၌ အကြီးမားဆုံးသော ပုံသွင်းထုလုပ်ထားသော ရုပ်တု (The largest carved Buddha Image in the world) အဖြစ် အသိအမှတ်ပြုခြင်း ခံရလေသည်။

ထိုလေဆာဘုရားကြီးအား တော်ဝင်မိသားစုက "Phra Phutha Maha Wachira Utta Mopat Satsada" ဟု ဘွဲ့အမည်ပေးထားသည်။ ထိုအဘွဲ့အမည်၏ အနှစ်ချုပ်အဓိပ္ပာယ်မှာ "Lord Budddha is virtuous and glorious as Maha Wachira (The Great Wisdom) ဟူ၍ဖြစ်ရာ ဆီလျော်အောင် ပြန်ဆိုပါက ကြီးမြတ်တော်မူသော မြတ်ဗုဒ္ဓသည် အကျင့်သီလ သိက္ခာနှင့် ပြည့်စုံတော်မူပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော မဟာပညာရှင်ကြီး" ဟု အဓိပ္ပာယ်သက်ဝင်တော်မူလေသည်။

လေဆာဘုရား တည်ရှိကိန်းဝပ်ရာ တောင်ခြေ၌ ဘုရားဖူးတို့အား အထူးဆွဲဆောင်သည့် ဥယျာဉ်ကို တည်ဆောက်ထားပြီး ပန်းများဖြင့် ဝေဆာနေသော ပန်းပင်များကို စိုက်ပျိုးထားသည်။ ထို့အပြင် ပန်းခြံအတွင်း၌ တရားအားထုတ်နိုင်ရန် အဆောက်အအုံလေးများလည်း ဆောက်လုပ်ပေးထားသည်။ ထို့ပြင် ရေကန်ငယ်အတွင်း၌ ကြာပန်းပင်များ စိုက်ပျိုးထားရာ ကြာပန်းတို့ဖြင့် လှပထုံမွှမ်းနေသည်။

Laser Buddha လေဆာဘုရားကြီးသည် ဗုဒ္ဓဘာသာဝင်များအနေနှင့် မြတ်စွာဘုရားရှင်ကို အာရုံပြုကာ သွားရောက်ဖူးမြော်သင့်သော ဘုရားရှိပ်မွားတော် တစ်ဆူပင် ဖြစ်သည်။ သွားရောက်ဖူးမြော်ရာတွင် တခြား နေရာများလို ဝင်ကြေးပေးရန် မလိုကြောင်းလည်းတွေ့ရသည်။ သွားရောက်ဖူးမြော်ချိန်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း သတ်မှတ်ထားကြောင်းလည်း တွေ့ရသည်။

စာရေးသူတို့ မိသားစုသည် လေဆာဘုရားအား အမြန်ဖူးမြော်ပြီးနောက် ပတ္တရားမြို့ ရှိရာသို့ ဆက်၍ ခရီးထွက်ခဲ့ရလေသည်။ ညနေပင် စောင်းနေပြီဖြစ်၍ ပတ္တရားရှိ လည်း အချိန်သိပ်မရတော့ကြောင်း၊ သို့၍ တိရစ္ဆာန်ရုံနှင့် ရေကွေ့ဒေဒုယျာဉ်အတွင်း၌ အချိန် အတော်ဖြုန်းခဲ့သည်ကို နောင်တရလျက် ရှိပေတော့သည်။

တက္ကသိုလ်မန်း

ကိုးကြံမ်း

၁။ Face Book မှတ်စုများ

၂။ လက်ကမ်းစာစောင်

၃။ ကိုယ့်တိုင်သွားရောက် လေ့လာဖူးမြော်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော် ပျဉ်းမနားမြို့၏
မဟာဗောဓိပင်္ကွိယရုပ်ပွားတော်ကြီး

၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့သို့ ကိုယ်နေးကိုယ်တာ ကိစ္စတစ်ခုဖြင့် ရောက်သွားခဲ့ပါသည်။

မိမိ၏ လုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးသောအခါတွင် လယ်ဇေးမြို့နေ စာရေးဆရာ မောင်မောင်ဘုန်း (လယ်ဇေး)ထံသို့ အလည်သွားဖြစ်သည်။

ဤတွင် ဆရာမောင်မောင်ဘုန်း(လယ်ဇေး)က မိမိအား နေပြည်တော် ပျဉ်းမနားအနီးရှိ စေတီဘုရားများသို့ ဘုရားဖူး လိုက်ပါ ပို့ဆောင်ပေးပါသည်။

ဦးစွာသဃမ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကိုဖူးမြော်ကြည်ညိုခွင့်ရပါသည်။

ထို့နောက်တွင် ပျဉ်းမနားမြို့ ဦးဗုဒ္ဓါတောရ ဇမ္ဗုဒ္ဒွီပကျောင်းတိုက်ကြီးအတွင်းရှိ မဟာဗောဓိပင်္ကွိယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရန် ဆရာမောင်မောင်ဘုန်းမှ မိမိအား လိုက်ပါ ပို့ဆောင်ပေးပါသည်။

မိမိတို့ ကံကောင်းသည်ဟု ဆိုရပါမည်။

နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဧရိယာကုန်းကောင်းတိုက်၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိသာရနှင့် ဘဒ္ဒန္တဓမ္မသာရ ဆရာတော် ညီနောင်နှစ်ပါးကိုပါ ဦးဗုဒ္ဓါတောရ ကမ္ဗဒ္ဒွီပကျောင်းတိုက်ကြီးတွင် ရောက်ရှိ သိတင်းသုံးနေစဉ်နှင့် ကြုံကြိုက်ရပါသည်။

ထိုဆရာတော်မြတ်နှစ်ပါးကို ဝင်ရောက်ဖူးမြော်ရင်းမှ မဟာဗောဓိပင်္ကွိယရုပ်ပွားတော်မြတ်ကြီးကို ဦးဗုဒ္ဓါကမ္ဗဒ္ဒွီပကျောင်းတိုက်ကြီးအတွင်းမှာပင် ဆရာတော်ဘဒ္ဒန္တကဝိသာရနှင့် ဘဒ္ဒန္တဓမ္မသာရ ဆရာတော်ညီနောင်နှစ်ပါးမှ တည်ထားခဲ့ခြင်း ဖြစ်သည်။

ဗောဓိပင်္ကွိယမြတ်စွာဘုရားကြီး ဌာပနာ သွင်းပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို ၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၃၊ ၁၊ ၂၀၁၀ နေ့ နံနက် ၉ နာရီတွင် ဦးဗုဒ္ဓါကျောင်းဧင်းအတွင်း၌ အောင်မြင်စွာ ကျင်းပခဲ့သည်ကို သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးဗုဒ္ဓေါကမ္မဋ္ဌာန်းကျောင်းဝင်း တည်ရှိရာဌာနကား နိဗ္ဗာန်ရကြောင်း တရားကောင်း တရားမြတ်တို့ကို ရှာဖွေရန် ကောင်းမွန်သော ဌာနေမြတ်တစ်ခု ဖြစ်ပေသည်။

ထို ဦးဗုဒ္ဓေါတောရ ကမ္မဋ္ဌာန်းကျောင်းဝင်းအတွင်းတွင် တစ်ဦးချင်း သီးသန့် ကမ္မဋ္ဌာန်းပွားများ အားထုတ်နိုင်သော မီးရေ စုလင်စွာဖြင့် တည်ဆောက်ထားသော တိုက်ကျောင်း ပေါင်း (၁၀၀) ကျော်ရှိသည်။

ထိုတိုက်ကျောင်းများကို (၅-၅-၉၈)နေ့မှာ စတင် တည်ဆောက်ခဲ့ကြောင်း သိရပါသည်။ ထိုစဉ်က တိုက် ကျောင်း တစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ်တစ်သိန်းခွဲ ခန့်ရှိသည်။

ယေဘုယ်နသိမ်တော်ကြီးကား ၁၃၆၂ ခုနှစ်က တည် ဆောက်ခဲ့ရာ ငွေကျပ် သိန်းနှစ်ဆယ်ခန့် ကုန်ကျခဲ့ပါသည်။ ရှင်ဒဗ္ဗဆွေမိုးစားကျောင်းတော်ကြီးမှာ သိန်း(၂၅၀)ခန့် အကုန် အကျခံ တည်ဆောက်ထားသည်မှာ မြင်တွေ့ရရုံဖြင့် ကြည်နူး ဝိတိ ဖြစ်ရပါသည်။

ဦးဗုဒ္ဓေါ တောရကမ္မဋ္ဌာန်းကျောင်းကြီးအား ...

(၁) ဦးဗုဒ္ဓေါဆရာတော်

(၂) ဦးသာသနဆရာတော်

(၃) ဦးသီလဝံသဆရာတော်

သုံးပါးမှ စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခင် က ထိုနေရာ ထိုဒေသမှာ တောမြိုင်ကြီးတစ်ခုဖြစ်သည်။

လယ်တီဆရာတော်ကြီးသည် ထိုနေရာ၌ (၁၀)လ ကြာမျှ သီတင်းသုံးကာ ဗောဓိပက္ခိယဒီပနီကျမ်းကြီးကို ရေး ဆားပြုစုသွားခဲ့သည်ဟု သိရပါသည်။

ရှေးဟောင်း တဝဂုကမ္မဋ္ဌာန်းကျောင်းတွင် ကျောက် စာတိုင် နှစ်ခုရှိပါသည်။ ထိုကျောက်စာများအရ ၁၂၆၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၇-၅-၁၉၀၀ တနင်္ဂနွေနေ့တွင် ထိုကမ္မဋ္ဌာန်းကျောင်းကို စတင်တည်ထားခဲ့ကြောင်း ဆရာ တော်ကြီး သုံးပါးမှ ဩဝါဒကထာ ချီးမြှင့်တော်မူခဲ့ကြပါ သည်။

မဟာဗောဓိဟို့ယဝ်ပွားတော်မြတ်ကြီးအား ဆီမီးဆက်ထောင် ပူဇော်နေစဉ်



ဉာဏ်ရတု ဘုရား ထောင်အပြင်းဆောင်သည့် မဟာဗောဓိဟို့ယ ရုပ်ပွားတော်မြတ်ကြီး၏ အနောက်ဘက်ဝင်ပေါက်

ဦးသီလဝံသဆရာတော်ကြီး၏ ဩဝါဒကထာ

စိတ် တစ်လုံးတည်းကိုသာ လက်သုံးထား၍ ပွားများ သည်။ သင်လည်း ပွားများ အားထုတ်ပါ။

ဦးဗုဒ္ဓေါဆရာတော်ကြီး၏ ဩဝါဒကထာ

ဗုဒ္ဓေါ တစ်လုံးတည်းကိုသာ လက်သုံးထား၍ ပွားများ သည်။ သင်လည်း ပွားများပါ။

ဦးသာသနဆရာတော်ကြီး၏ ဩဝါဒကထာ

သတိ တစ်လုံးတည်းကိုသာ လက်သုံးထား၍ ပွားများ သည်။ သင်လည်း ပွားများ အားထုတ်ပါ။

ထို ဦးဗုဒ္ဓေါတောရကျောင်းတိုက်ကြီး အတွင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းသွားသော ဆရာတော်ကြီးများမှာ ...

(၁) မုံရွာလယ်တီဆရာတော်ကြီး (၁၂၆၆)

(၂) ဉာဏစာရီဆရာတော်ကြီး (၁၃၂၉)

(၃) ဓမ္မဘေရီရွှေဗဟို့စည်ဆရာတော်ကြီး (၁၃၃၀)

တို့ ဖြစ်ကြပါသည်။

ပုဂံအဝ ဆွမ်းစားကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဟောဇောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီးအား တည်ထားတော်မူသည့် မိုးတော်ဩဇာပါဒါဓိပတိ အဘိဓဇ မဟာရဋ္ဌရဂု အရှင်မဟာပဏ္ဍိတ အရှင်မဟာဂန္ထဓိဇ ဘဒ္ဒန္တဝိလာသာဘိဝံသ

ထိုအရပ်နှင့် ပတ်သက်၍ ဟိုးယခင်က တဘောင်စကားများ ပေါ်ခဲ့ကြောင်း မှတ်သား နာယူခဲ့ရပြန်ပါသည်။ ထိုတဘောင်စကားမှာ "ပျဉ်းမနားမြောက်၊ မြို့ရွာကောက်၊ ညောင်ပေါက် ဥဩတွန်လတ္တံ့" ဟူ၍ ဖြစ်သည်။

ယခင်က ထိုတဘောင်စကားကို မည်သို့မှန်း တွေးဆရခဲ့သော်လည်း ယခုအခါတွင် ထိုတဘောင်စကားမှာ မှန်ကန်ကြောင်း သိခဲ့ရသည်။

ညောင်ပေါက် ဆိုသည်မှာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ထားတော်မူလာခဲ့ခြင်း ဖြစ်သကဲ့သို့ ထို ဥဩတွန်လတ္တံ့ ဆိုသည်မှာလည်း ဂုက်သံမဟုတ် သံယာတော်စာသင်သားများ စာအံသံများကို ကြားရလိမ့်မည်ဟု ဆိုလို ကြောင်း ဆရာတော်ဦးကဝိသာရမှ မိန့်တော်မူပါသည်။

ဒုတိယတဘောင်တစ်ခုကား "သပြေဥဒ္ဓေါ လွန်ကျော်စော၊ တောနေကျောင်းတွေ ပေါလတ္တံ့" ဟူ၍ ဖြစ်သည်။

ထိုတဘောင်စကား၏ အဓိပ္ပာယ်မှာ သပြေတောင်ကျောင်းဟု ခေါ်ဆိုသော ဦးဥဒ္ဓေါကျောင်းတွင် တောနေသံယာများ တဖြည်းဖြည်း ပေါများလာလိမ့်မည်ဟု ဆိုလိုပါသည်။

ထို့အပြင် "ဥဒ္ဓေါဘုရား လွန်ကျော်ကြား၊ အများလူတို့ ရှိုးလတ္တံ့" "ဧရွှေလင်ဗန်းတောင် ခွေးတစ်ဟောင် အမောင်အမိ အနောက်ကြည့် မန်ကျည်းပင်ခြေရင်း ရွှေကိုးတင်း မင်းမြတ်သုံးလေ၏" ဟူသော တဘောင်စကားများလည်း ပေါ်ခဲ့သေးပြန်ရာ ထိုအရပ်ဌာနသည် သာသနာ စည်ပင်တိုးတက်လာမည့် နိမိတ်လက္ခဏာ ဖြစ်သည်ဟု ဆရာတော်မှ မိန့်တော်မူပါသည်။

တဘောင်စကားနှင့်အညီပင် ဦးဥဒ္ဓေါတောရကျောင်းအတွင်း၌ ဟောဓိပက္ခိယရုပ်ပွားတော်မြတ်ကြီးကို တည်ထားတော်မူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဟောဓိပက္ခိယမြတ်စွာဘုရားကြီးမှာ ကြည်ညိုဖွယ်အတိဖြစ်ကာ ဟောဓိပက္ခိယတရား (၃၇)ပါးကို ရည်ရွယ်၍ (၃၇)တောင် အမြင့်ဆောင်၍ တည်ထားခဲ့ခြင်း ဖြစ်သည်။

ဟောဓိပက္ခိယဘုရားကြီး၏ နောက်ပါးကိုယ်တော်ပိုင်းအတွင်းတွင် ကမ္မဋ္ဌာန်းတရားများ အားထုတ်နိုင်ရန် ရည်ရွယ်၍ အပေါ်ပိုင်းတွင် ပဋိစ္စသမုပ္ပါဒ် (၁၃)ပါးကို ရည်ညွှန်း၍ အခန်းပေါင်း (၁၃)ခန်း ဖွဲ့စည်းထားရှိပါသည်။ အောက်ပိုင်းတွင် ပဋ္ဌာန်းတရား (၂၄)ပါးကို ရည်ညွှန်း၍ အခန်းပေါင်း (၂၄)ခန်းကို ဖွဲ့စည်း တည်ဆောက်ပူဇော်ထားပါသည်။

အခန်းပေါင်း (၃၇) ခန်းရှိကာ ကမ္မဋ္ဌာန်းတရားကို အေးချမ်းစွာ ရှုပွားနိုင်ပါသည်။

ဟောဓိပက္ခိယဘုရားကြီး ဦးခေါင်းတော်မှာ အကျယ် (၁၁)ပေ၊ ပခုံးတော်အကျယ်မှာ ပေ(၃၀)၊ ရင်တော်အကျယ် (၁၈)ပေ၊ ဗာဟုတော်အကျယ် (၃၂)ပေ၊ ဒူးတော်အကျယ်

သီရိဇေတ္တရာမဟာစန္ဒမဟာသေက္ခာကြီး

www.burmeseclassic.com

www.burmeseclassic.com

(၅၅)ပေ (၈)လက်မ၊ ပလ္လင်တော်အကျယ် (၆၃)ပေ၊ ခေါင်းတော်လုံးပတ် (၃၄)ပေ (၆)လက်မ၊ လည်ပင်းတော်လုံးပတ် (၂၅)ပေ၊ လက်မောင်းတော် လုံးပတ် (၁၅)ပေ (၆) လက်မ၊ ခါးတော်လုံးပတ် (၄၅) ပေ၊ ခြေသလုံးတော်လုံးပတ် (၂၅)ပေ၊ စုစုပေါင်းအမြင့် (၆၄)ပေ (၂)လက်မ၊ ပလ္လင်တော် အမြင့် (၁၀)ပေ၊ ဆင်းတုတော်အမြင့် (၅၅)ပေ (၈)လက်မ၊ ပေါင်တော်အမြင့် (၁၄)ပေ၊ ပခုံးတော့်အမြင့် (၃၈)ပေ၊ မျက်နှာတော် (၁၁)ပေ ဖြစ်ပြီး ထိုဘုရားကြီးကို မြန်မာဗိသုကာအဖွဲ့ (မန္တလေး)မှ ထုလုပ်ပူဇော်ခဲ့ကြခြင်း ဖြစ်သည်ဟု သိရှိရပါသည်။

ဤသို့ ထူးမြတ်သော ဗောဓိပင်ဥယျာဉ်ပွားတော်မြတ်ကြီး၏ ဘုရားဒကာများဖြစ်သည့် ဆရာတော်ဦးကဝိသာရနှင့် ဦးခမ္မသာရ ညီနောင်နှစ်ပါး၊ ဆရာတော်ဦးကဝိသာရ ဟောကြားသော မြတ်တရားကား မှတ်သားလိုက်နာဖွယ်အတိဖြစ်သည်။

"နမောငါးချက် စီးပွားတက်၊ အမျက်လည်းပြေ အသက်ရှည်"

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" (သုံးကြိမ်)၊

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

"ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ"

"တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ" ကို နေ့စဉ် နံနက်၊ နေ့လယ်၊ ည (နေဝင်) ချိန်တိုင်း သုံးကြိမ် မပျက်မကွက် ရွတ်ဆိုပွားများကြပါက ဘေးဥပဒ်အန္တရာယ် ဏင်းဝေးရှင်းကိုယ်စိတ်ကျန်းမာ ချမ်းသာစေမည်ဖြစ်ကြောင်း ဟောကြားဆုံးမတော်မူပါသည်။

ခုနှစ်ရက်သားသမီးအပေါင်း ပွားများအားထုတ်နိုင်ကြစေရန် နေသား တင်ပြအပ်ပါသတည်း။

မင်းကြီးပြည်

အကြောပြင်ဆရာကြီး ဦးအေးထွန်း

(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဂွေးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကုသနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အပြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

ထွေ့ချိန် ➤➤ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇) (၄) လမ်း၊ မာလာမြို့၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) ဖုန်း ➤➤

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးစေတီ

ရွှေမိုးစေတီ

နိုင်ဘွား (မိုးမိတ်)

ကောဇာသက္ကရာဇ် (၁၂၆၈) ခုနှစ်တွင် မြန်မာနိုင်ငံကို အုပ်စိုးလျက်ရှိသော အင်္ဂလိပ်အစိုးရက စစ်ခွန်မွန်မိုးမိတ်စေတီဘွားအရာ အပ်နှင်းခဲ့၏။ စစ်ခွန်မွန်သည် မိုးကုတ်မြို့ရှိ ပတ္တမြားတူးဘုရားဒကာ ဦးမှတ်၏ သမီး နန်းအိမ်အား သီရိသုမာလာစာရဏီဆရာမ မဟာဒေဝီ စောနန်းအိမ်ဟု ခေါ်ဝေါ်ကြွေးကြော်အဖြစ် တင်စားခဲ့၏။

မိုးမိတ်စေတီဘွား စစ်ခွန်မွန်တွင် နန်းအိမ်၊ နန်းရွှေမ၊ နန်းခင်ရွှေ၊ နန်းခင်နု၊ နန်းခင်အောင်၊ နန်းမာလာ၊ နန်းခင်မ ဟူသော မဟာဒေဝီမိဖုရားခုနစ်ပါး ရှိ၏။

သားတော်၊ သမီးတော်များအဖြစ် မဟာဒေဝီ စောနန်းအိမ်က စစ်ခွန်ချီမည်သော သားတော်တစ်ပါး။ နန်းရွှေမက စောခင်သောင်းမည်သော သမီးတော်တစ်ပါး။ နန်းခင်နုက စောဝဏ္ဏ၊ စောမာလာ၊ စောကဉ္စန မည်သော သမီးတော် သုံးပါး။ နန်းခင်အောင်က စောကုမ္ဘာ မည်သော သမီးတော် တစ်ပါးနှင့် စစ်ခွန်ဦးမည်သော သားတော်တစ်ပါး၊ စုစုပေါင်း သားတော်နှစ်ပါးနှင့် သမီးတော် ငါးပါး ထွန်းကားခဲ့သည်။

ကောဇာသက္ကရာဇ် (၁၂၇၁) ခုနှစ်တွင် မိုးမိတ်ဟော်နန်းကို ဆောက်လုပ်ခဲ့ပြီး ဟော်နန်းသိမ်းပွဲ မင်္ဂလာသဘင် ဆင်ယင်ကျင်းပတော်မူခဲ့သည်။

စစ်ခွန်မွန်သည် စော်ဘွားအဖြစ် မိုးစံမိုက ရန်ကုန်မြို့ရှိ ဘက်ပတစ်(စ်) ကောလိပ်တွင် ပညာသင်ကြားခဲ့ပြီး အိုးရစာမေးပွဲအရပ်ရပ်တို့ကို ထူးချွန်စွာ အောင်မြင်တော်မူခဲ့သည့်အပြင် ဥပဒေစာမေးပွဲ မြေတိုင်းဘာသာနှင့် ကြေးတိုင်ဘက်ဆိုင်ရာ စာမေးပွဲများကိုလည်း အထူးအောင်မြင်ခဲ့ပြန်သေး၏။

စော်ဘွားအဖြစ်သို့ ရောက်ရှိသည်နှင့် မိုးမိတ်ခရိုင်အတွင်းရှိ ပြည်သူပြည်သားများ အသိပညာများတိုးပွားလာစေရန် ရည်သန်တော်မူပြီးလျှင် မြန်မာစာသင်ကျောင်းပေါင်း တစ်ဆယ့်ခြောက်ကျောင်းကို တည်ထောင်တော်မူခဲ့သည်။ မိုးမိတ်မြို့အတွင်းရှိ သမိုင်းဝင် ရွှေးဟောင်းစေတီ နှစ်ဆူ ဖြစ်သော ရွှေလင်းပင်စေတီနှင့် ဆူတောင်းပြည့်စေတီတော်တို့အား ပြုပြင်မွမ်းမံတော်မူခဲ့သည့် သာသနာ့ဒါယကာ တစ်ဦးလည်း ဖြစ်ပေ၏။

ကောဇာသက္ကရာဇ် (၁၂၉၂) ခုနှစ်တွင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ ပထမအကြိမ်ပြုလုပ်သော ရှမ်းတိုင်းရင်းသားခေါင်းဆောင်များနှင့် အင်္ဂလိပ်အရာရှိများ မှတ်နှာစုံညီအစည်းအဝေးသို့ ညောင်ရွှေစော်ဘွား စစ်ရွှေဆိုက် (မြန်မာနိုင်ငံ၏ ပထမဦးဆုံးသမ္မတ)နှင့်အတူ တက်ရောက်ခဲ့ပြီး အမျိုးသားကောင်းစားရေးအတွက် အဓိကထား၍ ဦးစားပေး ဆွေးနွေးခဲ့သည်။

သက္ကရာဇ် (၁၂၉၄) ခုနှစ်တွင် သမီးတော် စောခင်သောင်းကို မိုင်းပွန်စော်ဘွား စစ်စံထွန်း (ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီး)နှင့် ထိမ်းမြားပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

လွမ်းဆေးကို ကျွေးကာစား

စော်ဘွားကြီး စဝ်ခွန်မွန်သည် အမြော်အမြင်ကြီးမားသူ တစ်ယောက် ဖြစ်၏။ သားတော် စဝ်ခွန်ချိုကို မိုးမိတ် စော်ဘွားအရိုက်အရာ ဆက်ခံနိုင်စေရန် နှင့် တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်နိုင် စေရန်အတွက် အရည်အချင်းပြည့်ဝသူ တစ်ယောက် ဖြစ်စေရန် တိုင်းပြည် အတွင်းရှိ ပညာရပ်အမျိုးမျိုးတို့ကို သင် ကြားတတ်မြောက်စေသည့်အပြင် သုက္က ရာဇ် (၁၂၈၅)ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ကိန်းဘရစ်တက္ကသိုလ်သို့ စေလွှတ်ပြီး ပညာသင်ကြားစေခဲ့သည်။

စော်ဘွားကြီး စဝ်ခွန်မွန်သည် တိုင်းကျိုးပြည်ကျိုးအတွက် မျှော်ကိုး ရည်မှန်း၍ သားတော်ကြီးစဝ်ခွန်ချိုအား အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်စေ လွှတ်ခဲ့ရသော်လည်း ဖခင်တစ်ယောက် အနေဖြင့်မူ သားတော်ကို လွမ်းဆွတ် သတိရမိ၏။ စော်ဘွားကြီးစဝ်ခွန်မွန်နှင့် မဟာဒေဝီကြီး စောနန်းအိမ်တို့က သား တော်အပေါ်တွင် မည်မျှချစ်ခင်မြတ်နိုး၍ လွမ်းဆွတ် သတိရခဲ့ကြကြောင်းကို သမိုင်းအထောက်အထားများက ဖော်ပြ ထားလျက် ရှိပါသည်။

ထိုအကြောင်းကို တင်ပြရမည် ဆိုပါလျှင် ကောဇာသက္ကရာဇ် (၁၂၉၀) ခုနှစ်က ဖြစ်သည်။

မိုးမိတ်စော်ဘွား စဝ်ခွန်မွန်၏ မဟာဒေဝီကြီး စောနန်းအိမ်သည် အဆောင်တော်လေးထပ်ပြတင်းမှ တစ် ဆင့် အဝေးရှိ မြို့ငယ်ညို့ညို့ ရှမ်းတောင် တန်းကြီးများကို ရီဝေစွာ ငေးမော ကြည့်ရှုရင်း သက်ပြင်းချလျက် ရှိ၏။ မဟာဒေဝီကြီး၏နံဘေးတွင် ငြိမ်သက် စွာ ရပ်နေသော အထိန်းတော်ကြီး ဒေါ်နန်းကြာအုံက သခင်မစောနန်းအိမ် ၏ ရင်တွင်းခံစားချက်ကို ကိုယ်ချင်းစာ စိတ်ဖြင့် သနားမိ၏။

မဟာဒေဝီ စောနန်းအိမ်တွင် စဝ်ခွန်ချိုမည်သော သားထော်တစ်ပါး သာ ထွန်းကားခဲ့ပြီး ယခုအချိန်၌ အမိ မြေနှင့် မိုင်ပေါင်းများစွာ ဝေးကွာလွန်း လှသော အင်္ဂလန်နိုင်ငံသို့ သွားရောက် ၍ ပညာသင်ကြားနေသည်မှာ ငါးနှစ် ခန့်ပင် ရှိလေပြီ။

သားတော် ထွက်ခွာသွားသည့် အချိန်ကတည်းကပင် မဟာဒေဝီကြီး သည် သားတော်ကို လွမ်းဆွတ်သတိရ သော စိတ်ဖြင့် ယခုလို နေ့စဉ်အမြဲ ငေးငိုင်နေတတ်၏။ အိပ်ချိန်၊ စားချိန် ကိုပင် မေ့လျော့နေတတ်သဖြင့် သခင်မ ကြီး အပါးတွင် အထိန်းတော်ကြီး ဒေါ်နန်းကြာအုံက အပါးကမခွာဘဲ အနီးကပ် ပြုစု စောင့်ရှောက်နေခြင်း ဖြစ်လေ၏။ တစ်နေ့တွင် အဆောင် တော်သို့ စော်ဘွားကြီး ဝင်ရောက်လာ သဖြင့် အထိန်းတော်ကြီးက မဟာဒေဝီ အား အသိပေးစကားဆိုရင်း အပါးမှ ဆုတ်ခွာသွား၏။

"စော်ဘွားကြီး ကြွရောက်လာ ပါတယ် သခင်မကြီးဘုရား"

စော်ဘွားကြီး စဝ်ခွန်မွန်သည် မဟာဒေဝီ စောနန်းအိမ်၏ ညီးနွမ်းနေ သော မျက်နှာကို ကြည့်ရင်း မဟာဒေဝီ ၏ အနီးတွင် ဝင်ထိုင်လျက် ကြင်နာစွာ စကားဆိုလေ၏။

"နှမတော် ကျန်းမာပါရဲ့လား နှမတော်ကို ကြည့်ရတာ ညီးနွမ်းလွန်း လှတယ်၊ ဆေးဝါးနှင့် အာဟာရများ အချိန်မှန်မှန် သုံးဆောင်ရဲ့လားကွယ်"

မဟာဒေဝီသည် စော်ဘွားကြီး ဘက်သို့ မြည်းလေးစွာ လှည့်ကြည့်ရင်း ပြန်လည်မြွေကြား၏။

"သားတော်ကြီး ထွက်ခွာသွား တာ ငါးနှစ်ရှိပြီပို့ နှမတော်ရင်ထဲမှာ သားတော်ကြီးကို လွမ်းဆွတ်တဲ့စိတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ညီနှမ်းနေတာပါ။ စိတ်မပူပါနဲ့ မောင်တော်ရယ်"

မဟာဒေဝီကြီး၏ စကားကြောင့် စော်ဘွားကြီးသည် သက်ပြင်းချရင်း နှစ်သိမ့်စကားဆိုပြန်၏။

"မောင်တော်လည်းပဲ သားတော်ကြီးကို လွမ်းဆွတ်သတိရပါစေကယ် နှမတော်ရယ်၊ ဒါပေသိ ပညာသင်ကြားဆည်းပူးဖို့အတွက် စေလွှတ်ရတာဆိုတော့ ဖြေသိမ့်ရမှာပေါ့ကွယ်"

မဟာဒေဝီကြီးက အလျှော့မပေးလိုသောစိတ်ဖြင့် ဆက်၍ ဆိုပြန်၏။

"အဓိနိုင်ငံတွင်းမှာလည်း ပညာတွေ သင်ကြားပြီးပြီပဲ မောင်တော်ရယ်၊ အာကြောင့်များ ထေးလဲလွန်းလှတဲ့ တိုင်းတစ်ပါးအထိ စေလွှတ်ရပါသလဲ၊ နှမတော်က မိခင်ဆိုတော့ စိတ်ပူပန်လွန်းလို့ သောကဝိုလှတယ် မောင်တော်ရယ်"

စော်ဘွားကြီးသည် မဟာဒေဝီ၏ မိခင်မေတ္တာကို နားလည်စွာဖြင့် ခေါင်းညိတ်ရင်း တည်ငြိမ်စွာဖြင့် စကား ဆို၏။

"သားတော်ကြီးက တစ်နေ့ကျရင် မိုးမိတ်စော်ဘွား အရှိုက်အရာကို ဆက်ခံရမှာ ဖြစ်တယ် နှမတော်၊ အဲဒီအခါ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ သာသနာအကျိုးတွေကို သယ်ပိုးထမ်းရွက်နိုင်ဖို့ ခေတ်ပညာတွေ အများကြီး သင်ကြား တတ်မြောက်နေဖို့ လိုတယ်ကွဲ့၊ ပညာတွေ သင်ကြားဆည်းပူးလို့ပြီးရင်တော့ နှမတော်ရင်ခွင်ထဲကို သားတော်ကြီး ပြန်ရောက်လာမှာပေါ့ကွယ်"

စော်ဘွားကြီး၏ နှစ်သိမ့်စကားတို့ နားထောင်၍ မဟာဒေဝီ စောနန်းအိမ်က မျက်ရည်များဝဲလျက် ဆိုပြန်လေ၏။

"နှမတော် နားလည်ပါတယ် မောင်တော်ရယ်၊ ဒါပေသိ နှမတော်မှာ ဒီသားတော်တစ်ပါးသာ ရှိလေတော့ လွမ်းဆွတ်မိတာပေါ့ မောင်တော်ရယ်၊ နှမတော်မလေ အရပ်ရှစ်မျက်နှာကို ကြည့်လေရာတိုင်းမှာ သားတော်ကြီးရဲ့ မျက်နှာကိုပဲ မြင်ယောင်နေမိတယ်၊ အဲဒါကြောင့် နှမတော်အတွက် စိတ်ဖြေရာလေး တစ်ခုကိုတော့ ဆောင်ရွက်ပေးဖို့ မောင်တော့်ကို တောင်းဆိုချင်ပါတယ်"

စော်ဘွားကြီးသည် မဟာဒေဝီ၏ လက်အနုံ့အား ကြင်နာစွာ ဆွဲယူဆုပ်ကိုင်၍ ကရုဏာသက်သော မျက်ဝန်းများဖြင့် ကြည့်ရင်း ခွင့်ပြုစကားဆိုလိုက်၏။

"နှမတော် လိုရာကို ရဲရဲဝံ့ဝံ့ တောင်းဆိုပါ၊ မောင်တော် မဖြစ်ဖြစ်အောင် စီမံဆောင်ရွက်ပးပါ့မယ်ကွယ်"

မဟာဒေဝီစောနန်းအိမ် တောင်းဆိုသည်ကား အကာအကွယ် လုံးဝမရှိဘဲ အရပ်ရှစ်မျက်နှာမှ အလွယ်တကူ ဖူးမြော်နိုင်သည့် ကိုးတောင်ပြည့် စေတီတော်တစ်ဆူ တည်ထားပေးရန်နှင့် စေတီတော်၏ နံဘေးတွင် သားတော်ကြီး စဝ်ခွန်ချီကို လွမ်းဆွတ်သတိရခြင်း အတွက် အမှတ်တရအဖြစ် ကျောက်စာတစ်ချပ်ကိုပါ ရေးထိုးပေးရန်တို့ပင် ဖြစ်၏။

စော်ဘွားကြီး စဝ်ခွန်မွန်သည် တိုင်းကျိုးပြည်ကျိုးအတွက် ရည်ရွယ်၍ သားတော်ကြီး စဝ်ခွန်ချီကို အဂ်လန်နိုင်ငံရှိ ကိန်းဘရစ်တက္ကသိုလ်သို့ ပညာတော်သင်စေလွှတ်ခဲ့ရသော်လည်း ဖခင်တစ်ယောက်အနေနှင့် သားတော်ကြီးကို လွမ်းဆွတ်သတိရမိ၏။ မဟာဒေဝီကြီးကဲ့သို့ သိသာထင်ရှားစွာ လွမ်းဆွတ်တမ်းတခြင်း မပြသော်ငြား သားတော်အပေါ် ထားရှိသည့် မေတ္တာတရားက မဟာဒေဝီမိဖုရားကြီးနှင့် ထပ်တူသာလျှင် ဖြစ်ပါပေသည်။

သားတော်ကို ချစ်ခင်မြတ်နိုးသောစိတ်နှင့် လွမ်းဆွတ်သတိရခြင်းများအတွက် မိဘမေတ္တာကို ဖော်ညွှန်းသော ရှစ်မျက်နှာစေတီတော်နှင့် လွမ်းဆွတ်သတိရခြင်း ကျောက်စာအား တောင်သာသက္ကရာဇ် (၁၂၉၁) ခုနှစ် တပို့တွဲလဆန်း (၂)ရက်နေ့တွင် တည်ထားပြီး စီးခဲ့ပါသည်။

သို့သော်လည်း ရှစ်မျက်နှာစေတီဟု နာမည်မတွင်ဘဲ လွမ်းဆွတ်သတိရခြင်းကြောင့် တည်ဖြစ်ခဲ့ရသောစေတီဖြစ်နေသဖြင့် လွမ်းစေတီဟူ၍သာ ဒေသခံတို့ နှုတ်ဖျားတွင် ယနေ့တိုင်ကမ္ဘည်းတွင်နေလေတော့သည်။

မိုးမိတ်စော်ဘွားကြီး စဝ်ခွန်မွန်သည် တိုင်းကျိုးပြည်ကျိုးနှင့် သာသနာအကျိုး များစွာကို ဆောင်ရွက်ခဲ့ပြီး ကောဇာသက္ကရာဇ်(၁၂၉၈)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက်နေ့တွင် နတ်ရွာစံလွန်တော်မူခဲ့ပါတော့သည်။

စော်ဘွားကြီး စဝ်ခွန်မွန် တည်ဆောက်ခဲ့သော မိုးမိတ်ဟော်နန်းကြီးမှာ ပြုပြင်ထိန်းသိမ်းမည့်သူ မရှိခဲ့ကြသည့်အတွက် ယခုအခါ ယိုယွင်းပျက်စီးနေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရပေ၏။

သို့ပါသော်လည်း စော်ဘွားကြီး စဝ်ခွန်မွန်နှင့် မဟာဒေဝီ စောနန်းအိမ်တို့က အဂ်လန်နိုင်ငံရှိ ကိန်းဘရစ်တက္ကသိုလ်တွင် သားတော်ကြီး ပညာသင်ကြားနေစဉ်အခါက သားတော်ကြီး စဝ်ခွန်ချီကို လွမ်းဆွတ်သတိရခြင်းအတွက် တည်ထားခဲ့သော ရှစ်မျက်နှာဘုရားနှင့် လွမ်းစေတီကျောက်စာတို့ကို ရှုမြင်ပြည့်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့ရှိ မြရည်နန္ဒာပန်းခြံထဲတွင် သမိုင်းအထောက်အထား တစ်ခုအဖြစ် ယနေ့တိုင် မူလလက်ရာမပျက်ဘဲ တည်ရှိနေသေးသည်ကို ရပ်ဝေးနေ ဓမ္မမိတ်ဆွေဘုရားဖူးများအား တစ်ခါ တစ်ခေါက် အလာရောက်၍ ကြည်ညိုသဒ္ဓါ မွှားများစေကြခြင်း အလို့ငှာ တင်ပြဖိတ်ခေါ်လိုက်ရပါတော့သည်။

နိုင်လှူး(မိုးမိတ်)

ကျမ်းကိုး

အဂ္ဂမဟာပဏ္ဍိတ ဦးဇဝနဓနဲ၏ မိုးမိတ်ရာဇဝင်တော်သစ်ကျမ်း

www.burmeseclassic.com

www.burmeseclassic.com



'ကုတိုဝိ သောဘဝါ အနုတ္တ ရောပုရိသ ဒမ္မသာရထိ'
'သတ္တလေ့ကျက တည်းဟူသော လူ နတ် ဗြဟ္မာ
သည် သင်္ကိန်ခန္ဓာအပေါင်းတို့၏ 'အာသယ' တည်းဟူသော
ဝိတ်ဓာတ်ကိန်းတည်ရာကိုလည်းကောင်း၊ 'အနုသယ' တည်း
ဟူသော အရိယာမဖြစ်သေးသည့် ကာလပတ်လုံး သင့်လျော်
သောအကြောင်းကိုရလျှင် အထင်အရှားဖြစ်ရန် အဖန်ဖန်
ဖိန်းဖျည်ရှိနေသော ကိလေသာမိုးစေ့ ဓာတ်ခုနစ်ပါး တို့ကို
လည်းကောင်း၊ သတ္တဝါတို့၏ လတ်ရှိဘဝ၌ အဖြစ်များသော
စရိုက်ခြောက်ပါးတို့ကို လည်းကောင်း၊ 'အဝိဇ္ဇာ' တည်း
ဟူသော သတ္တဝါတို့၏ နှလုံးသွင်းအလို အလျောသယဓာတ်ကို
လည်းကောင်း အကြွင်းအကျန်မရှိ စေ့စေ့ငုံ့ ပိုင်းခြားသိမြင်
တော်မူသော 'သဗ္ဗညုတဉာဏ်ရှင်သည် မယဉ်ကျေးသေး
သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူရာတွင်
လည်းကောင်း၊ အစိတ်အဝက်ယဉ်ကျေးပြီးသော (သို့လ
စင်ကြယ်သောပုဂ္ဂိုလ် စသည်) ပုဂ္ဂိုလ်တို့ကိုလည်း အရဟတ္တ
ဖိုလ်ပေါက် အထွတ်အထိပ်ရောက် ယဉ်ကျေးအောင်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးမတော်မူရာတွင် လည်းကောင်း အတုမရှိ သာလွန်မြင့်မြတ်တော်မူသော ဘုရားရှင်ကြီး ဖြစ်ပါပေသည်'

ဤသို့သော ပုဂ္ဂိုလ်မြတ်ကြီး အား ကြဲကြိုက်ဖူးမြော်ခွင့်ရပြီး အားထားကိုးကွယ်ရာ ဆရာအဖြစ်လည်းကောင်း၊ အမှီပြုခွင့်ရရန် လည်းကောင်း၊ ဝန္ဒပ္ပန် သံသရာ အကျိုးစီးပွားအတွက် ဒိတ်ဆွေစစ် မိတ်ဆွေကောင်းအဖြစ် လည်းကောင်း တွေ့ဆုံပေါင်းဖော်ခွင့် ရရန် သံသရာအဆက်ဆက် ကျင်လည်ခဲ့ရသည့် ဘဝ ဘဝတို့တွင် ကောင်းမှုကုသိုလ်ကံ ပါရမီတို့ကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ် ဖြည့်ကျင့်ခဲ့ခြင်းမှသာလျှင် ထိုသို့သော အခွင့်ထူးကို ပိုင်ဆိုင်ရရှိနိုင်မည် ဖြစ်သည်။ ရလိုက်သည်နှင့် ချေမသွေ ကောင်းကျိုးများစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အမတအမြိုက် နိဗ္ဗာန်ချမ်းသာသို့ မျက်မှောက်ပြုနိုင်သည်အထိ အကျိုးရမည်သာဖြစ်သည်။

ကောင်းမှုပါရမီနှင့် ပြည့်စုံခဲ့ပြီး နောက်ဆုံး ပစ္ဆိမဘဝဓာတ်သားအဖြစ် ဘုရားရှင်၏ သာသနာ၌ ဖြစ်ခဲ့ကြရာတွင် တရားဒေသနာများ နာကြားရ၍ ဆင်ခြင်ပွားများ ကျင့်ကြံကြရင် အရဟတ္တဖိုလ်သို့ ချမ်းသာလွယ်ကူစွာရောက်ရှိသွားကြသူများ ရှိသကဲ့သို့ အဲ့ဒီမှာ အားထုတ် ကြိုးစားလျက် ပင်ပန်းကြီးစွာ ကျင့်ကြံပြီးမှသာ မဂ်ဖိုလ်သို့ ရောက်ကြသူများလည်း ရှိခဲ့သည်သာ ဖြစ်သည်။

ထို့ပြင် တရားဒေသနာကို ကြားနာ ကျင့်ကြံရုံဖြင့်မလုံလောက်ဘဲ ဘုရားရှင်ကိုယ်တော်တိုင် ထောက်ကူဖေးမ ချွေတာ် တောကြားပေးမှသာ ကျွတ်တမ်းဝင်နိုင်သည့် ပုဒ္ဓဝေနေယျသာဝကများလည်း ရှိခဲ့ကြပါသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့တွင် စကြဝတေးမင်းလောင်းလျာ၊ ဂေါတမဘုရားရှင်၏ ညီတော် အရှင်နန္ဒထေရ်သည် ထင်ရှားအဝါအဝင် ဖြစ်ခဲ့ပါသည်။

အရှင်နန္ဒမထေရ်သည် လွန်ခဲ့သော ကမ္ဘာသုံးသိန်းက ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်တွင် ဟံသဝတီမင်းနေပြည်၌ အမျိုးကောင်းသား သူတော်ကောင်းတစ်ဦးဖြစ်ခဲ့သည်။

နန္ဒထေရ် လောင်းလျာသည် အရွယ်ရောက်သော် ဘုရားရှင်ထံမှ တရားနာကြားနေစဉ် ရဟန်းတစ်ပါးကို ပဒုမုတ္တရ ဘုရားရှင်က (ဣန္ဒြေယသုဂုတ္တဒွါရ) ဣန္ဒြေခြောက်ပါးတို့၌ တံခါးကို လုံခြုံစေကြသည့် ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံးအရာ ထားတော်မူသည်ကို တွေ့ရသဖြင့် အားကျပြီး အဓိကာရကောင်းမှုကို ပြု၍ ထိုနေရာ ဌာနအတွက် ဆုတောင်းမှုပြုခဲ့သည်။ ဘုရားရှင်ကလည်း ဗျာဒိတ်စကား မြွက်ဟပေးတော်မူခဲ့သည်။

နန္ဒထေရ်လောင်းလျာ အမျိုးကောင်းသားသည် ထိုဘဝမှ စုတေသော် သံသရာဝယ် လူပြည်၊ နတ်ပြည် စသည်တို့၌ ကျင်လည်ကျက်စားရင်း ဘဝများစွာ၌ ကျင်လည်ခဲ့ရပေသည်။ ပါရမီကုသိုလ်ကောင်းမှု ဖြည့်ကျင့်ခဲ့သူဖြစ်သောကြောင့် ဆရာကောင်း၊ အမှီကောင်း ရခဲ့သူတစ်ဦးအဖြစ် ထိုက်တန်အောင်လည်း ဆိုဆုံးမသည်တို့ကို နာခံလွယ်သော ကျိုးနွံသောသူတစ်ဦး ဖြစ်ခဲ့ပေသည်။

ဒုကနိပါတ်၊ အသဒိသဝဂ်၊ သဂီမာဝစရ ဇာတ်တွင် ဆုံးမရလွယ်သော ကျိုးနွံသော မဂ်လာဆင်တော် အဖြစ် နန္ဒမထေရ်လောင်းလျာကို တွေ့နိုင်ပါသည်။ ရှေးလွန်ခဲ့သောကာလတစ်ခုၭ ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဂေါတမဘုရားလောင်းသည် ဆင်ဆရာအမျိုး၌ ဖြစ်ခဲ့ပြီး အရွယ်ရောက်သော် ဆင်အတတ်ကို အပြီးတတ် မြောက်ပြီးနောက် ပြည်နီးချင်းတစ်ခု၏ မင်းထံတွင် ဆင်ဆရာအဖြစ် အမှုထမ်းခဲ့သည်။ ထိုမင်း၏ မဂ်လာဆင်ကို စောင့်ကျင့်သင်ကြားပေးခဲ့ရသည်။

ထိုမဂ်လာဆင်ကား အရှင်နန္ဒမထေရ်လောင်းလျာတည်း။ ထိုမင်းသည် ဗာရာဏသီပြည်ကို စစ်ပြုခဲ့သည်။ ချုပ်ငြိမ်းတန်ဆာအပြည့်အစုံနှင့် တိုက်ပွဲဝင်ခဲ့သော မဂ်လာဆင်သည် လက်နက်မျိုးစုံ ထူထပ်ကြမ်းတမ်းသည်ဖြစ်၍ သေဘေးမှ ကြောက်သဖြင့် ရှေ့မတိုးဘဲ နောက်ချည်း ဆုတ်နေခဲ့သည်။ ထိုအခါ ဆင်ဆရာသည် မဂ်လာဆင်အနားကပ်၍ ဆုံးမတိုက်တွန်းစကား ပြောခဲ့သည်။

ဆင်ဆရာက ဆင်ကို...

"သင်သည် ရဲရင့်သော ဆင်တည်း၊ စစ်မြေပြင်ကို နှိမ်နင်းသွားတတ်သော ဆင်ဖြစ်သည်၊ သင်သည် ခွန်အားရှိသူဖြစ်သည်၊ ကျော်စောထင်ရှားသူဖြစ်သည်၊ အဘယ်ကြောင့် တံခါးသို့ ရောက်မှ ပြန်ဆုတ်ရသနည်း၊ တံခါးကျင်ကို ဖြုတ်ချလော့၊ တံခါးတိုင်ကို နုတ်လော့၊ တံခါးဘောင်ကို နင်း၍ မြို့သို့ ဝင်လော့" ဟု တိုက်တွန်း ဆုံးမခဲ့ရာ တစ်ကြိမ်တည်းဖြင့်ပင် ဆရာ၏စကားကို နာခံကာ ကြိုးစားဆောင်ရွက်ခဲ့သဖြင့် မြို့ကို သိမ်းနိုင်ခဲ့တော့သည်။

ကုဗ္ဗဇဇာတ်တွင်မူ ဆန့်ကျင်ဘက် မိန်းသတ္တဝါအပေါ် တပ်မက်မိသဖြင့် သခင်ဖြစ်သူကို အာခံခဲ့ရာ သခင်က ပရိယာယ်သုံးကာ ပုံမှန်ဖြစ်အောင် ပြန်လုပ်ပေးခံခဲ့ရသည့် မြည်းဖို့အဖြစ် အရှင်နန္ဒမထေရ်လောင်းကို တွေ့ရမည် ဖြစ်သည်။

လွန်ခဲ့သော ကာလတစ်ခုၭ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဂေါတမဘုရားလောင်းသည် ကပ္ပဒုအမည်ရှိ ကုန်သည်တစ်ဦးဖြစ်ခဲ့သည်။ သူ့ထံတွင် အားကောင်းသန်မာပြီး အသွားမြန်သော အရှင်နန္ဒမထေရ်လောင်းလျာ မြည်းဖို့တစ်ကောင်ရှိခဲ့သည်။ တစ်နေ့၌ တက္ကသိုလ်ပြည်သို့ ကုန်ရောင်းကုန်ဝယ်သွားခဲ့သည်။ ကိစ္စများ ဆောင်ရွက်နေစဉ် မြည်းဖို့ကို လွှတ်ကျောင်းထားခဲ့သည်။ ဤတွင် ဇနပဒကလျာဏီမင်းသမီး လောင်းလျာဖြစ်သည့် မြည်းမနှင့် တွေ့ခဲ့ရသည်။ မြည်းမက လေးသောဝန်ကို ဆောင်လျက် ခရီးဝေးနှင်ကာ ပင်ပန်းကြီးစွာ

www.burmeseclassic.com

www.burmeseclassic.com

ရုန်းကန်ရသော့ မြည်းဖိုကို ပြုစုဖေးမ မည်သူမရှိသဖြင့် 'ဆင်းရဲဒုက္ခကြီးလှပါ ဘကား'ဟု သွေးထိုးစကားပြောခဲ့သည်။

မြည်းမ၏စကားကို နားဝင်ပြီး တပ်မက်စိတ်ဝင်နေသော မြည်းဖိုသည် သခင်ဖြစ်သူက ကုန်ရောင်းပြီး၍ ပြန်ရန် ပြင်ဆင်ရာ ခရီးအတွက် မသွားနိုင်ဟု ငြင်းဆန်တင်းခဲခဲ့သည်။ သခင်ဖြစ်သူက အမျိုးမျိုး ချော့မော့ပြောဆိုသော်လည်း လက်မခံခဲ့ပေ။ ထို့ကြောင့် သခင်က ရိုက်ပုတ် ဒဏ်ပေးရလိမ့်မည်ဟု ခြိမ်းခြောက်ရတော့သည်။ ထိုအခါ မြည်းဖိုသည် 'မ' စိတ်မွန်နေသည်ဖြစ်၍ ထိုသို့လုပ်လျှင် သခင်ဖြစ်သူကို ကျိုးပဲ့အနာတရဖြစ်အောင် ပြန်လုပ်ရလိမ့်မည်ဟု ပြောခဲ့သည်။

မြည်းဖို၏ ထူးခြားစွာ ပြောင်းလဲသွားရသည့် အကြောင်းရင်းကို သခင်ဖြစ်သူက သေချာစွာ စုံစမ်းစူးစမ်းကြည့်သောအခါ မြည်းမ၏ ဖြားယောင်းမှုကြောင့် ဖြစ်ကြောင်း သိရသော် ပရိယာယ်သုံးကာ မြည်းမကို နေရင်းရောက်ပြီးသည့်အခါ ခေါ်ဆောင်ယူလာပေးမည်ဟု ပြောခဲ့ပြီး မိမိ၏ပြည်သို့ ပြန်လာနိုင်ခဲ့တော့သည်။

ရောက်ပြီး သုံးလေးရက်ခန့်တွင် သခင်ဖြစ်သူကို မြည်းဖိုက မြည်းမကို ခေါ်ပေးရန် တောင်းဆိုခဲ့ပါသည်။ ထိုအခါ သခင်ဖြစ်သူက မိမိ၏ ကတိအတိုင်း မြည်းမကို ခေါ်ပေးမည်။ သို့သော် မြည်းမရောက်လာလျှင် အစာရိက္ခာကို မပေးနိုင်၊ မြည်းဖိုတစ်ကောင်စာသာ ပေးနိုင်မည်။ လောက်သည်၊ မလောက်သည် ဟူသော ဖြစ်ရပ်ကို မြည်းဖိုဘာသာ တာဝန်ယူ ဖြေရှင်းရမည်။ ထို့မှ သားသမီးများ ရလာလျှင်လည်း ရိက္ခာကို တိုးမပေးနိုင်၊ ပုံမှန်အတိုင်း မြည်းဖိုတစ်ကောင်စာအတွက်

သားသမီး [illegible] ပြည်း
ခဲခဲ့သူမ ည်ပဲ့ ပြောခဲ့
[illegible] သခင်ဖြစ်သူ၏ စကားကို
[illegible]အခါ မြည်းမကို ခေါ်ယူ

လိုစိတ် မဖြစ်တော့ဘဲ ယခင်အတိုင်း ပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့ရတော့သည်။

ဤသို့အားဖြင့် သံသရာတွင် ကျင်လည်ရင်း ဘဝများစွာ၌ စုန်ဆန်ဖြစ်တည်ခဲ့ပြီးနောက် နောက်ဆုံးဘဝတွင် ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရား၊ မဟာပဇာပတိဂေါတမီဒေဝီ၏ သားတော် နန္ဒမင်းသား ဖြစ်လာခဲ့ပါသည်။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီးနောက် နှစ်ရက်၊ သုံးရက်ခန့်တွင်မှ မွေးဖွားလာခဲ့သူဖြစ်သည်။ မယ်တော် ဂေါတမီသည် သားရင်းနန္ဒမင်းသားငယ်ကို အခြားအတိန်းတော်များထံ အပ်ထားပြုစုစေကာ ကိုယ်တိုင်မူ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကိုသာ နို့တိုက်ပြုစုစောင့်ရှောက်ပေးခဲ့သည်။ နန္ဒမင်းသားသည် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို မိမိဆက် နှစ်ရက်၊ သုံးရက်ခန့် မျှသာ ကြီးသူ ဖြစ်သော်လည်း လွန်စွာ ချစ်ခင်ပြီး ရိုသေလေးစားသူ ဖြစ်သည်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သံဝေဂရ၍ တောထွက် တရားအားထုတ်ကာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ကတိ ရှိထားခဲ့သည့်အတိုင်း မဟာသက္ကရာဇ် (၁၀၃)ခု၊ ပြာသိုလပြည့်နေ့၌ ဥရုဝေဠုကဿပ အမှူးပြုသော ရဟန္တာတစ်ထောင်ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ကြွကာ ဗိမ္ဗိသာရမင်းကြီးနှင့် မဂဓတိုင်းသား တစ်သိန်းတစ်သောင်းတို့ကို သောတာပတ္တိဖိုလ်၌ တည်စေခဲ့သည်။ ရာဇဂြိုဟ်ပြည်တွင် နှစ်လခန့် သီတင်းသုံးနေခဲ့သည်။ ထိုပြာသိုလပြည့်ကျော် ကာလ အချိန်ကတည်းကပင် သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရားဖြစ်၍ ရာဇဂြိုဟ်သို့ ကြွကာ တပည့်ရဟန္တာများနှင့် သီတင်းသုံးစံနေကြောင်း သိရသဖြင့် အမတ်ဆယ်ယောက်ကို တစ်ယောက်လျှင် မင်းချင်းတစ်ထောင် ခြံရံစေပြီး တစ်ကြိမ်ပြီးတစ်ကြိမ် စေလွှတ်ကာ သားဘုရားကို ပင့်ခေါ်ခဲ့သည်။

စေလွှတ်ခဲ့သော အမတ်အားလုံးနှင့် မင်းချင်းတို့သည် ဘုရားရှင်၏တရားနာရပြီး ဟိတိကို့ ရဟန္တာများဖြစ်ခဲ့ကြကာ အရိယာဖြစ်သော် လောကီအမှုကို မဆောင်ရွက်ကြသဖြင့် သားဘုရားကို ပင့်ခေါ်လျှောက်ထားခြင်း မပြုခဲ့ပေ။ သို့သော် နောက်ဆုံးတစ်ယောက်ဖြစ်သော ဖွားဖက်တော် ကာဠုဒါယီသည် ဘုရားထံ ရောက်ပြီး တရားနာရ၍ ရဟန္တာဖြစ်ပြီးသော်လည်း ခမည်းတော်၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးရန် ဘုရားရှင်အား ဂါထာခြောက်ဆယ်ဖြင့် ကပိလဝတ်သို့ ပင့်လျှောက်ဖိတ်ကြားခဲ့ပါသည်။

မဟာသက္ကရာဇ် (၁၀၃) ခု တပေါင်း လပြည့်နေ့တွင် ဘုရားရှင်က လက်ခံတော်မူကာ တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရဟန္တာ နှစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှစ၍ တစ်နေ့လျှင် တစ်ယူဇနာ ခရီးကို ကြွချီတော်မူရင်း ယူဇနာခြောက်ဆယ်ဝေးသော ကပိလဝတ်ပြည်သို့ နှစ်လဖြင့် ဒေသစာရီကြွချီတော်မူခဲ့ပါသည်။

ကပိလဝတ်ပြည်သို့ ရောက်သော် အမျိုးတော်မာန်ကြီးသော ဆွေတော်မျိုးတော်တို့ကို ရေမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူကာ မာန်ကျစေခဲ့ပါသည်။ ဘုရားရှင်သည် ကောင်းကင်၌ ရတနာစင်္ကြံ ဖန်ဆင်းကာ စင်္ကြံကြွခိုက် အရှင်သာရိပုတ္တရာထေရ်နှင့် ရဟန္တာငါးရာကြွလာကြသော ဗုဒ္ဓဝင်ဒေသနာတရားတော်ကို ဟောတော်မူခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့သည် ဘုရားရှင်အား နန်းတော်သို့ ဆွမ်းဖိတ်ကြားမှု မပြုဘဲ ပြန်သွားခဲ့ကြသည်။ ဘုရားရှင်သည် ဖခင်နှင့် ဆွေမျိုးများထံ ဆွမ်းစားကြွလိမ့်မည်ဟု ခံယူထားပြီး ယာဂုဆွမ်းများကို ပြင်ဆင်ခဲ့ကြသည်။

နောက်နေ့တွင် ရွှေဘုရားစေတီ အဆက် ထုံးစံအတိုင်း ကပိလဝတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com

အတွင်း ရဟန္တာများ ခြံရံလျက် အိမ်စည်ကားသည်၌ ဆွမ်းခံ ကြွတော်မူခဲ့သည်။ ဦးအကြောင်းကိုသိလျှင် သုဒ္ဓါဒနမင်းကြီးသည် ဘုရားရှင်ထံ အပြေးသွားကာ နန်းတော်သို့ မကြွဘဲ ဆွမ်းခံထွက်ခြင်းကို ပြစ်တင်စကား ပြောကြားခဲ့သည်။ အိမ်စည်လှည့်၍ ဆွမ်းခံကြွခြင်းသည် သူရှေးအနွယ်တော်တို့၏ ကျင့်စဉ် ဖြစ်ကြောင်း ဘုရားရှင်က ရှင်းပြခဲ့သည်။

ခရီးလမ်းအကြား ရပ်တော်မူရင်း အညွှန်းတော်မင်းကြီးအား . . .

'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ။ ဓမ္မံ သုစရိတံ စရေ။ ဓမ္မစာရီ သုခံသေတိ၊ အသ္မိ လောကေ ပရမ္ပိစ'

"ဒကာမင်းကြီး၊ ရဟန်းဖြစ်သော သူသည် ဒကာ၊ ဒကာမတို့၏ အိမ်တံခါးဝယ် သပ္ပာယ်စွာရပ်၍ ရအပ်သော ဆွမ်းခံလှည့်လည်ခြင်း အကျင့်ကို ကျင့်ရာ၏၊ ယင်းသို့ ဆွမ်းခံကျင့်ဝတ်ကို ကျွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် သုဘဝဂ္ဂလည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း၊ ကိုယ်စိတ် နှစ်ဖြာချမ်းသာစွာ နေထိုင်ရလေ၏"

ဟူသော ဂါထာကို ဟောကြားတော်မူလျှင် ဂါထာ၏ အဆုံး၌ သုဒ္ဓါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့လေသည်။ ထို့နောက် ဘုရားရှင်အား နန်းတော်သို့ပင်ကာ သီတင်းသုံးဆောင် ဘုရားရှင်က ထပ်မံ၍ . . .

'ဓမ္မံ စရေ သုစရိတံ၊ နနံ ဒုစ္စရိတံ စရေ။ ဓမ္မစာရီ သုခံသေတိ၊ အသ္မိ လောကေ ပရမ္ပိစ'

"မင်းကြီး၊ အနေသနနှင့် မဖက်စပ်ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံအကျင့်ကို ကျင့်ရာ၏၊ ထိုဆွမ်းခံအကျင့်ကို (အမျိုကြီး၊ ပဏ္ဍုက်၊ သေတင်းကုပ်၊ ပြည့်တန် ဆာမ၊ လင်ကွာ၊ မုဆိုးမ၊ ရဟန်းမ ဤခြောက်ပါးသော) အဂေါ ရေဌာန၌ လှည့်လည်သောအားဖြင့် ကောင်းသဖြင့် မကျင့်ရာ၊ ယင်းသို့ အနေသနနှင့် မဖက်စပ်၊ ဖြူစင်သော ဆွမ်းခံကျင့်ဝတ်ကို မကျွတ်ပြုလေ့ရှိသော ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေထိုင်ရလေ၏"

ဟူသော ဒုတိယဂါထာကို ဟော တော်မူခဲ့သည်။ ဂါထာအဆုံးတွင် ဓမ္မသောတာပန်ဖိုလ်သို့ ရောက်ပြီးနောက် သုံးရက်မြောက်နေ့တွင် သုဒ္ဓါဒနမင်းသည် သားတော် နန္ဒမင်းသားအား အိမ်ရှေ့မင်းအပ်နှင်းသော မင်္ဂလာနှင့် နန္ဒတော် ဇနပဒကလျာဏီ နှင့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာတို့ကို ကျင်းပခဲ့သည်။ နန်းတော်သို့ ကြွလာသော ဘုရားရှင်သည် ဆွမ်းကိစ္စ ပြီး၍ ပြန်ကြွရာ နန္ဒမင်းသားအား သပိတ်ကိုအပ်ကာ သယ်ယူစေခဲ့သည်။

နန္ဒမင်းသားသည် လေ့ကားဦးတွင် သပိတ်တော်ကို ဘုရားရှင် ယူလိမ့်မည်ဟု မှတ်၍ နောက်မှလိုက်ခဲ့သည်။ မယူသော် လေ့ကားရင်းသို့ရောက်လျှင် ယူလိမ့်မည်ဟု အောက်မေ့ကာ နောက်မှ ဆက်လိုက်ခဲ့ရပြန်သည်။ မယူပြန်သော် အလွန်လေးစားကြည်ညိုသော နန္ဒမင်းသားသည် သပိတ်ကိုလည်း ပြန်မပေးရဲဘဲ ကျောင်းရောက်သည်အထိ သပိတ်ပိုက်ကာ လိုက်ခဲ့ရတော့သည်။ ထိုသတင်းကို ဇနပဒကလျာဏီ မင်းသမီး ကြားသော် ခေါင်းလျှော်နေရင်းမှ ပြေးလာကာ နန္ဒမင်းသားအား မြန်မြန်ပြန်လာရန် ပြောကြားခဲ့သည်။ ထို ပုဏ္ဏား၊ အသံတို့ကို နန္ဒမင်းသားအဖို့ နှလုံးတွင် ဖျက်မရဘဲ စွဲထင်နေမိခဲ့ကြောင့်သည်။

ကျောင်းတော်သို့ ရောက်လျှင် ဘုရားရှင်က နန္ဒမင်းသားအား ရဟန်းပြုနိုင်မည်လားဟု မေးရာ နန္ဒမင်းသား ခမျာ လွန်စွာ ကြည်ညိုလေးစားရသော အစ်ကိုတော် ဘုရားရှင်၏ စကားကို မငယ်ရဲဘဲ ရှင်ရဟန်းပြုခဲ့သည်။

အရှင်နန္ဒမထေရ်သည် ရဟန်းဖြစ်သည့်နေ့မှစ၍ ဇနပဒကလျာဏီ၏ ပုံဟန်၊ အသံကိုသာ အမှတ်ရစွဲလမ်းနေခဲ့ပြီး သာသနာတော်၌ မပျော်နိုင်ဘဲ ကိလေသာရာဂနိုင့်ပစ်သဖြင့် ကျောင်းတိုက်မှ ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း ခရီးအနည်းငယ်အရောက်တွင် နောင်တော် ဘုရားရှင်က ရှေ့တွင် ရောက်နေသည်ဟု ထင်ကာ ကျောင်းသို့ ပြန်နှင့်ခဲ့သည်။

ဤသို့ ချစ်သူနှင့် အလွန်ရိုသေချစ်ခင်ရသူ နှစ်ဦးအကြား မရုန်းသာ မလူးသာဖြင့် စိတ်ဒုက္ခဖြစ်နေရသော ကြောင့် ဖျော့တော့အားလျော့သော ကိုယ်ဖြစ်နေခဲ့သည်။ အကြောင်း တိုက်ဆိုင်လျှင် တွေ့ရသော သီတင်းဖော် ရဟန်းတို့ကိုလည်း သာသနာတွင်မပျော် ကြောင်း လူထွက်လိုကြောင်း ရင်ဖွင့် ပြောပြခဲ့သည်။

ဘုရားရှင် သိတော်မူလျှင် နန္ဒထေရ်အား ခေါ်၍ 'မေးရာ နန္ဒထေရ်က လွန်လွန်အံ့ဩအောင် ပြန်လည်လျှောက်တင်ခဲ့သည်။ နန္ဒထေရ်အတွက် ကာလရှည်ကြာ ဇနပဒကလျာဏီအပေါ် စွဲလမ်းချစ်ခဲ့ခြင်းဟူသော ကိလေသာရာဂ ရောဂါဆိုး အမြစ်တုံးကြီးကို အလွယ်တကူ နုတ်ပယ် ကျွတ်ထွက်အောင် ပြုလုပ်ရန် မဖြစ်နိုင်၊ ဥပါယ်တံမျဉ်သုံး၍ လုပ်ဆောင်မှ ရမည်ဟု ဘုရားရှင် သိတော်မူသဖြင့် နန္ဒထေရ်အား နတ်ပြည်သို့ တန်ခိုးဖြင့် ခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ တာဝတိံသာ နတ်ပြည်သို့ ကြွစဉ် ဟိမဝန္တာတောင်တောကို ဖြတ်သန်းပြီး သဘာဝ၏သာယာလှပမှုကို ပြခဲ့သည်။ စိတ်ကို အတန်ငယ်ကြည်စေခဲ့သည်။ ထို့ပြင် တောထဲတွင် သစ်ငုတ်တိုပေါ်၌ ထိုင်နေသော မီးသင့်ဒဏ်ခံရသဖြင့် စုတ်ပြတ်ရွက်တွေ အိုမင်းနေသော မျောက်အိုမတစ်ကောင်၏ သွင်ပြင်ကို နန္ဒထေရ်အား မြင်အောင်ပြ၍ ကောင်းစွာ မှတ်သားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် နတ်ပြည်သို့ရောက်သော် ဘုရားရှင်အား လာရောက် ကြည်ညိုရှိခိုးသော သိကြားမင်း၏ အခြံအရံ နတ်သမီးငါးရာကို နန္ဒမထေရ်အားပြပြီး ဇနပဒကလျာဏီမင်းသမီးနှင့် ယှဉ်စေခဲ့သည်။ ထိုအခါ နန္ဒထေရ်က နတ်သမီးများနှင့် ယှဉ်သော် ဇနပဒကလျာဏီမင်းသမီးသည် မိန်းမဟူသော်စာရင်း တွင်ပင် မဝင်တော့ဘဲ လမ်းတွင် တွေ့ခဲ့ရသော မျောက်အိုမအလား ဖြစ်သွားကြောင်း လျှောက်ခဲ့သည်။

ထိုအခါ ဘုရားရှင်က နန္ဒထေရ်ကို သာသနာတွင်နေ၍ တရားအား ထုတ်မည်ဆိုလျှင် နတ်သမီးငါးရာကို ရရန် တာဝန်ယူသည်ဟု မိန့်တော်မူခဲ့သည်။ နန္ဒထေရ်ကလည်း ဤသို့ ဘုရားရှင်က တာဝန်ခံလျှင် သာသနာတွင်နေ၍ တရားအားထုတ်ပါမည်ဟု လျှောက်ခဲ့သည်။ ထို့ကြောင့် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွခဲ့ကြသည်။

ကုရန် ခက်လှသော တဏှာကိလေသာရောဂါဆိုးကြီးကို အမြစ်ပြတ် အပြီးတိုင်ပျောက်ကင်းအောင် ကုသရာတွင် အတုမရှိ ကျွမ်းကျင်ပိုင်နိုင်တော်မူသော ဆေးသမားကြီးဟု ဆိုရမည့် ဘုရားရှင်သည် သာကီဝင် မင်းသမီး အပေါ်၌ တွယ်ငြိနေသည့် အလွယ်နှင့် ဖယ်ထုတ်၍ မရနိုင်သော အရှင်နန္ဒထေရ်၏ သန္တာန်၌ဖြစ်နေသည့် ကိလေသာ ရာဂနာတည်း ဟူသော ဆို့ကျပ် ပိတ်ဆို့နေသည့် သလိပ်၊ သည်းခြေ၊ လေ၊ ဒေါသတို့ကို နူးနပ်ပွန်းကြွတက်လာကာ ဖယ်ရှား၍ လွယ်လာအောင် နတ်သမီးအာရုံတည်းဟူသော သလိပ် ဒေါသနှုန်းဆေးကို တိုက်ကျွေးတော်မူလိုက်သဖြင့် သာကီဝင်မင်းသမီးအာရုံတည်း ဟူသော ခက်ခဲဆို့ကျပ်နေသည့် အနေအထားကို ဖယ်ရှားတော်မူလိုက်သည်။

သို့ဖြစ်၍ ကာလမြင့်ကြာ အခိုင်အမာဖြစ်တည်နေသော ဇနပဒကလျာဏီတည်းဟူသော ကိလေသာအာရုံကို ဖယ်ရှားပြီး အာဂန္တုကဖြစ်သည့် နတ်သမီး အာရုံသို့ ပြောင်းပေးလိုက်ကာ ကြွရွနူးနပ်လာသည့် လေ၊ သလိပ်၊ သည်းခြေ၊ ဒေါသတို့ကို အရိယာမဂ်တည်း ဟူသော ကိလေသာအန်ဆေးဝမ်းလားဆေးတို့ဖြင့် အရှင်နန္ဒမထေရ်၏ သန္တာန်မှ ကိလေသာအမြစ်ဖြတ် ဖယ်သုတ်ရန် ဘုရားရှင်သည် တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက် ကုသပေးတော်မူခဲ့တော့သည်။

လေသလိပ်ဒေါသတို့နှင့် ပြည့်ကျပ်ကာ အသက်ရှူရပ်မတတ် အနေအထားမှ လေသလိပ်တို့ ပွတ္တန္နူနပ်လာကာ အသက်ရှူချောင်လာသော လူနာအလား 'ကိလေသာ ရောဂါဝေဒနာသည်' အရှင်နန္ဒထေရ်သည် လူမထွက်တော့ဘဲ သာသနာတွင် နေကာ နတ်သမီးများရရန် ကြိုးစားခဲ့တော့သည်။ သာသနာတော် ဟူသော မြတ်သော အကျင့်နှင့် နတ်သမီးကို ရယူလိုခြင်း ဟူသော အပြစ်ရှိယ အကျင့်တို့သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ရကား မှားယွင်းသော ဆန္ဒ၊ နှလုံးသွင်းခြင်းဖြင့် ကြိုးစားကျင့်ကြံသော နန္ဒထေရ်အဖို့ အဘယ်မှာလျှင် သီလ၊ သမာဓိ၊ ပညာ စင်ကြယ် တိုးပွားရရှိလာနိုင်ပါမည်နည်း၊ သာကီဝင်မင်းသမီးအပေါ် စွဲငြိနေသည့် ဆိုးဝါးပြင်းထန်သည့် ကိလေသာရာဂ အနာကို ဖယ်ရှားပြီး အနာသက်သာရုံ နေသာထိုင်သာရှိရုံမျှ အနေအထား၌သာ ဖြစ်နေပါသည်။

သို့ဖြင့် ဒေါသ နှုန်းနှပ်ဆေးကြောင့် ကြွရွပွတက်လာသော နတ်သမီး အာရုံတည်းဟူသော ကိလေသာရာဂသလိပ်ဒေါသတို့ကို အပြီးတိုင် ဖယ်ထုတ်ရန် လိမ္မာကျွမ်းကျင်လှသော ဆေးသမားကြီးဖြစ်သည့် ဘုရားရှင်သည် နောက်တစ်ဆင့် ကုထုံးနည်းကို ထုတ်သုံးခဲ့ပြန်သည်။

ဘုရားရှင်သည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ [illegible] အသီတိသာဝက ရဟန်းတော်တို့ကို အရှင်နန္ဒ မထေရ်အား သာသနာမှ မထွက်ဘဲ တရားအားထုတ်လျှင် နတ်သမီးများရမည်ဟု ကိုယ်တော်မြတ်က တာဝန်ခံထားကြောင်း၊ သို့အတွက် အရှင်နန္ဒကြားလောက်အောင် ဘုရားရှင်အား အာမခံထားကာ နတ်သမီး ရလိုမှုဖြင့် တရားကျင့်နေသူတစ်ဦးအဖို့ ရွက်ဖွယ်ဖြစ်ပုံတို့ကို ဝိုင်းဝန်းကွဲရဲ့ ပြောဆိုရန် မိန့်ကြားခဲ့ပါသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် အရှင်နန္ဒထံသွား၍ နတ်သမီး အကျိုးငှာ ရဟန်းတရားကို ကျင့်သည်ဖြစ်လျှင် မြတ်သောအကျင့်တည်း ဟူသော ရဟန်းတရားကို မိန်းမတို့နှင့် စပ်၍ဖြစ်သော ကိလေသာကိုမှီ၍ ကျင့်နေခြင်းပေတည်း။ သို့ဖြစ်ရာ မိန်းမတို့၏ အကျိုးငှာ အခစားဖြင့် အမှုကို လုပ်သော ယောကျ်ားနှင့် တူနေသည်ဟု ပြောဆိုကာ အရှင်နန္ဒကို ရွက်စိတ်ဝင်စေခဲ့သည်။ အခြား အခြား ရဟန်းတို့တရားများသည်း ဝိုင်းကာ အရှင်နန္ဒကြားလောက်ရာအရပ်၌နေပြီး 'အရှင်နန္ဒသည်နတ်သမီးရလိုမှုကြောင့် ရဟန်းတရားကျင့်သတဲ့၊ ဘုရားရှင်ကိုပင် အာမခံထားသတဲ့၊ အရှင်နန္ဒသည် ကြေးစားဖြစ်၍ အရှင်နန္ဒသည် အဝယ်တော်ကြီးပါတကား' ဟူ၍ ပြက်ရယ်ကျီစယ် ကဲ့ရဲ့ ပြောဆိုကြတော့သည်။

ဤတွင် သူတော်ကောင်း၊ အရိယာပုဂ္ဂိုလ်ကြီးတို့၏ စိတ်ထားခံယူမှု နှလုံးသွင်းဆင်ခြင်တတ်မှုအား အတုယူဖွယ်၊ ချီးမွမ်းအံ့သြဖွယ် တွေ့ရှိမှတ်သားကြည်ညိုနိုင်ပါသည်။ အရှင်နန္ဒသည် လူဝတ်ကြောင်အဖြစ်သာ နေခဲ့မည်ဆိုလျှင် စကြဝတေးမင်းလောင်းလျာ ဖြစ်သည့် ခတ္တိယမျိုးစစ်စစ်ဖြစ်သည်။ ဘုရားရှင်၏ ညီတော်သူ ဖြစ်သည်။ ထောင်လွှားမောက်မာဟန်တက်မည်ဆိုလျှင် ထိုင်လုပ်နိုင်သည်သာ။

သို့သော် ကုသိုလ် [illegible]

www.burmeseclassic.com

ဘုရားကောင်းကြီးဖြစ်ရကား' ထိုကဲ့သို့ ပြောရှုတ်ကဲ့ရဲ့သံတို့ကိုကြားသော်၊ ဒေါသ ထွက်ခြင်း၊ ထောင်လွှားခြင်း၊ မရှိဘဲ ဖြစ်တိုင်းကိုသာ ပြန်လည်သုံးသပ် ဆင်ခြင်မှု သံဝေဂယူခဲ့သည်။

'ရဟန်းတို့သည် မိမိကိုရည်ညွှန်း၍ ပြောနေကြပါတကား၊ အဘယ်ကြောင့် ဤသို့ ပြောဆိုကြရပါသနည်း၊ ငါ့အလုပ် မဟုတ်သောကြောင့်ပါတကား။ မသင့်သောကြောင့်ပါတကား၊ သည် ဣန္ဒြေတို့ကို မစောင့်စည်းမှုကို အခြေပြု၍ ဤကဲ့သို့ ရှက်ဖွယ်လိလိ အော်ရဟန်းတို့က ပြက်ရယ်ပြု သတိ ပေးခံရခြင်းပါတကား၊ ဣန္ဒြေတို့ကို စောင့်စည်းမှုကြောင့် သာသနာတော် သည် မမွေ့လျော်ခြင်း စသည့် ဖောက် ပြန်မှုတို့ ရောက်ရှိခဲ့ရပါတကား' ဟု အား ကြီးစွာသော အရှက်အကြောက်တရား ဖြစ်ပေါ်ကာ ဣန္ဒြေမစောင့်စည်းမှုကို အထိုးထက်အလွန် နှိပ်ကွပ်ဆောင်ရွက် အားမည်ဟု စိတ်ဆုံးဖြတ်တော်မူခဲ့ အပ်သည်။

ဤသို့ သံဝေဂ ကြီးစွာရပြီး နှစ်ထံသော အသိအမြင် နှလုံးသွင်းမှု ဖြစ်လိုက်သည်နှင့် အရှင်နန္ဒမထေရ်ထံ ခွင့်ရွတပ်နေသော သာကီဝင်မင်းသမီး နှင့် နတ်သမီးတို့အပေါ် လိုချင်တပ်မက် ခြင်းတည်းဟူသော ကိလေသာ ရာဂ အနာသည် ဖယ်ရှားရှင်းလင်းပြီး ဖြစ် အပ်သည်။

မှန်ကန်သော အသိ၊ မှန်ကန် သော နှလုံးသွင်းဆင်ခြင်မှုဖြင့် မလျော့ သော လုံ့လဝီရိယဖြင့် အရဟတ္တဖိုလ် အထွတ်တပ်သည့် ရည်မှန်းချက်ထား သော အရှေ့ အနောက် တောင် မြောက် အဆက် အောက် ဖီလာအထောင့်ဟု သော အရပ်မျက်နှာတို့ကို ကြည့်ရှုတော် မူလျှင် လောဘ၊ ဒေါသ စသော အကုသိုလ်တရားတို့ မဖြစ်ပွားစေရန်၊ အကျိုးရှိ မရှိ ဆင်ခြင်ခြင်း' ဟူသော သဗ္ဗညုသမ္မာဇဉ်၊ 'လျော်ပတ်မှု ရှိ မရှိ ဆင်ခြင်ခြင်း' ဟူသော 'သပ္ပါယသမ္မာဇဉ်၊ 'ကမ္မဋ္ဌာန်းကိုမစွန့်ခြင်း' ဟူသော 'ဂေါစရသမ္မာဇဉ်၊ 'ရုပ်နာမ်တရားမျှသာဟု မထွေ မဝေဘိခြင်း' ဟူသော၊ 'အသမ္မောဟ သမ္မာဇဉ်' တည်းဟူသော သတိသမ္မာဇဉ် လေးပါးဖြင့် ပိုင်းခြားဆင်ခြင်ပြီးမှကြည့်ရှု တော်မူခဲ့တော့သည်။

ဤသို့ဖြင့် သာသနာတော်ဝယ် မပျော်မွေ့မှု စသည့် ဖောက်ပြန်မှုတို့ကို ဖြစ်စေခဲ့သည့် ဣန္ဒြေမစောင့်စည်းမှုကို ကြီးစွာသော လုံ့လဖြင့် အတိုင်းထက်အ လွန် နှိပ်ကွပ်စောင့်ထိန်းလျက် အားကြီး သော ဟိရိသြတ္တပ္ပဖြစ်စေကာ လွန်ခဲ့ သော ကမ္ဘာတစ်သိန်းက အဓိကာရ ကောင်းမှုပြု၍ ဗာဒိတ်ခံယူခဲ့သူ ဖြစ် သည်နှင့်အညီ သတိသပ္ပဇဉ်လေးပါးကို လက်မလွတ်စေဘဲ ဣန္ဒြေယသံဝရဥဒ္ဒါန် ပဋိပတ်ကို ကျင့်ကြံတော်မူလျက် ရဟန်း တရားကို ပွားများအားထုတ်တော်မူရာ မကြာမီပင် အာသဝေါကုန်ခန်းရဟန္တာ အဖြစ်တို့ ရောက်တော်မူခဲ့ပါသည်။ အသိမှန်၍ အကျင့်မှန်ကာ အကျိုးပေး မှန်ခဲ့ခြင်းပါတကား။

ထိုအခါ ရဟန္တာ ဩဘာကြီးတစ် ယောက်သည် သန်းခေါင်ယံအချိန်ဝယ် ဘုရားရှင်ထံ လာရောက်ကာ အရှင်နန္ဒ မထေရ် ရဟန္တာဖြစ်ကြောင်း လျှောက် ထားခဲ့သည်။ ဘုရားရှင်က ဆင်ခြင် တော်မူရာ အဖြစ်မှန်ကိုသိလိုက်ရသည်။

အရှင်နန္ဒမထေရ်သည် မိမိ မလိမ္မာခဲ့မိသည့်အတွက် နတ်သမီးရရန် ဘုရားရှင်ကို အာမခံပုဂ္ဂိုလ်အဖြစ် ပြုမိ ခဲ့ပြီး ယခုထိုတာဝန်ယူစေခြင်းကို ဘုရား ရှင်အား လွှတ်စေတော့အံ့ဟု ကြံဆ ဆင်ခြင်ကာ နံနက်ရောက်သော် ဘုရား ရှင်ထံ သွားရောက်ကာ. . .

"အရှင်ဘုရား၊ တပည့်တော်တွင် နတ်သမီးရရှိရန် ဘုရားရှင်ကို အာမခံ တော်မူစေမိခဲ့ပါသည်၊ ယခု ရှင်တော် ဘုရားအား တပည့်တော်သည် ထို အာမခံချက်မှ လွှတ်ပါ၏ဘုရား" ဟု လျှောက်ထားခဲ့သည်။ ဘုရားရှင်က လည်း ပြန်လည် မိန့်တော်မူခဲ့ပါသည်။

"ချစ်သား နန္ဒ. . . သင်သည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်ပြီ ဟု ငါပိုင်ခြားသိပြီးဖြစ်သည်၊ ပြတ္တာတစ် ဦးကလည်း လာရောက်လျှောက်ထားခဲ့ သည်၊ သင်ချစ်သားအရဟတ္တဖိုလ်သို့ ရောက်သောအခါကပင် ငါဘုရားသည် ထိုတာဝန်ယူ အာမခံချက်မှ လွတ်ပြီး ဖြစ်တော့သည်၊ သင်ချစ်သားက အထူး လွှတ်ရန် မလိုတော့"

အရှင်နန္ဒမထေရ်သည် အာ သဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူသည် တို့ လွန်စွာ အားရဝမ်းမြောက်သဖြင့် ဘုရားရှင်မှ အောက်ပါ ဥဒါန်းဂါထာကို ကျူးရင့်တော်မူခဲ့ပါသည်။

'ယဿနိတ္တိဏ္ဏော ပကော၊ မဒ္ဒိ တော ကာမကဏ္ဏကော။ မောဟက္ခယံ အနုပ္ပတ္တော၊ သုခ ဒုက္ခေသု န ဝေစတိ သ ဘိက္ခု'

"အကြင် အရိယာပုဂ္ဂိုလ်သည်၊ သံသရာနက်ရှောင်း ရှည်နွဲပျောင်းကို နိဗ္ဗာ သာလုံမိ၊ ထိုမှာကမ်းသို့ ဖြောင့်တန်း တော်ကွဲလျှောက် အရိယမဂ်တံတား ဆောက်၍ ကူးမြောက်အပ်လေပြီ၊ အကြင် အရိယာပုဂ္ဂိုလ်သည် လူနတ် ဗြဟ္မာ သတ္တဝါတို့ မခံသာအောင် ထိုးဆွသည့် ကိလေသ ကာမတည်း ဟူသော ဆူးငြောင့်ကို အရဟတ္တမဂ် ဉာဏ်၊ တုတ်လျှင်ကန်ဖြင့် မကျန်မြှုပ် လောက် ပယ်ဖျောက် ဖျက်ဆီးအပ် လေပြီ၊ အကြင် အရိယာပုဂ္ဂိုလ်သည်၊ မောဟကုန်ရာ၊ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ မဂ်ဉာဏ်လေးသောက် အစဉ်လျှောက် ၍ ဆိုက်ရောက်ခဲ့လေပြီ၊ ကိလေသာ ခဲမှောင်ထုမဲကို ဖြိုခွဲပြီးလစ် ရဟန္တာ ဖြစ်သော ထိုရဟန်းသည်၊ သုခ ဒုက္ခ စသည် ရွှစ်တန် လောကဓံတို့ကြောင့် ပုထုဇဉ် သူငါများကဲ့သို့ စိတ်ထားမမှန် ယောက်ယက်ဆန်သည့် ဖောက်ပြန်တုန် လှုပ်ခြင်း အလျဉ်းရှိတော်မမူချေ"

ထိုနောက်ဈာန်နေတွင် ရဟန်းတို့ သည် အရှင်နန္ဒအား သာသနာတော် ဝယ် ပျင်းရိပြီးငွေ့ငေးသလား၊ လူ့ဘဝက်

www.burmeseclassic.com

www.burmeseclassic.com

လိုခဲသးသလားဟု မေးကြရာ အရှင်နန္ဒက လူထွက်လိုခြင်း မဖြစ်တော့ပါဟု ဖြေခဲ့သည်။ ထိုအခါ ရဟန်းတို့က အရှင်နန္ဒသည် မဟုတ် မမှန်သော စကားကို ဆို၏။ အရဟတ္တဖိုလ်ကို ပြော ဆိုသည်။ နှေးက လူထွက်လိုသည်ဟု ပြောခဲ့ပြီး၊ ယခုလူဖြစ်ခြင်းငှာ တွယ်တာခြင်း မရှိပြီဟု ပြောပြန်သည်ဟု ဆိုမြည်ကြရင်း ဘုရားရှင်ထံသို့ ထိုအကြောင်းကို လျှောက်ထားကြသည်။

ဘုရားရှင်က ရဟန်းတို့အား နန္ဒထေရ်၏ ခန္ဓာကိုယ်အတွင်းဘေသည် ယခင်က အမိုးမကောင်းသော အိမ်နှင့်တူ၏။ ယခုမူ ကောင်းသောအမိုးရှိသော အိမ်နှင့်တူသည်။ ယခု ကြိုးစားအားထုတ်မှုကြောင့် ရဟန်းကိစ္စပြီးလေပြီဟု မိန့်ကာ အောက်ပါဂါထာကို ဟောတော်မူသည်။

'ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ၊ ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ'

"မကောင်းသဖြင့် မိုးအဝင်သော အိမ်ကို ရွာသော မိုးရေမိုးပေါက်တို့သည် ထွင်းဖောက်နိုင်သကဲ့သို့ ထို့အတူ ဘာဝနာမှ ကင်းသောစိတ်ကို ရာဂသည် ထွင်းဖောက်နိုင်၏"

'ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ၊ ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ'

"ကောင်းစွာမိုးအဝင်သော အိမ်ကို ရွာသော မိုးရေ မိုးပေါက်တို့သည် မထွင်း မဖောက်နိုင်သကဲ့သို့ ထို့အတူ ကောင်းစွာပွားစေအပ်ပြီးသော ဘာဝနာရှိသော စိတ်ကို ရာဂသည် မထွင်း မဖောက်နိုင်"

ဂါထာအဆုံးတွင် လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့ ရောက်ကုန်၏။ လွန်ခဲ့သော ကမ္ဘာတစ်သိန်းက ဗျာဒိတ်ခံခဲ့ရသည်နှင့်အညီ ဂေါတမဘုရား သာသနာဝယ် အရှင်နန္ဒထေရ်သည် ဣန္ဒြေခြောက်ပါးတို့၌ တံခါးကို လုံခြုံစေကြသည့် ရဟန်းတို့တွင် အသာဆုံးအမြတ်ဆုံး စတဲ့ဂဒ်ဘွဲ့ကို ချီးမြှင့်ခြင်း ခံခဲ့ရပေသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူချိန်သည် သတ္တဝါတို့၏ သန္တာန်ဝယ် အဝိဇ္ဇာတရော ထူပြောလှသည့် အာယုကပ် သက်တမ်း(၁၀၀)သာ ရှည်ပြီး လေးပုံတွင် တစ်ပုံသာ တရားစောင့် သီလထိန်းကြသည့် ကလိယုဂ်အခါ ကာလဖြစ်ရကား၊ ဘုရားရှင်၏ အဆုံးအမကို ရိုသေလေးစားစွာ လိုက်နာခြင်း မရှိဘဲ သာမန်ပုထုဇဉ်အဖြစ် ရှိကြကုန်သော ရဟန်းရှင်လူတို့သည် မိမိတို့၏ နမော်နမဲ့နိုင့်ယှဉ် စေ့စပ်သေချာခြင်းမရှိမှုတို့ကို မဆင်ခြင်ဘဲ ဘာမဟုတ်လောက်သည့် ကိစ္စအရာတို့တွင် အကြောင်းရမည်ရှာ ပြစ်တင်ကဲ့ရဲ့ ရွှတ်ချာတ်ခြင်းကြောင့် အရှင်နန္ဒမထေရ်ကဲ့သို့ ပုဂ္ဂိုလ်ပင်လျှင် သက်နိုးကိုအကြောင်းပြု၍ ဘုရားရှင်က သိက္ခာပုဒ် သတ်မှတ်ပေးတော်မူရခြင်းသည် အလွန် သတိသံဝေဂရဖွယ် ဖြစ်သည်။

အရှင်နန္ဒထေရ်သည် ဘုရားရှင် အောက် လက်လေးသစ်မျှသာ နိမ့်သူ ဖြစ်လျက် ဘုရားရှင်ကဲ့သို့ပင် ထူးခြားတင့်တယ်သော မဟာပုရိသလက္ခဏာရပ်တို့နှင့် ပြည့်စုံကာ ကြည်ညိုဖွယ်ကောင်းသူ ဖြစ်သည်။ အရှင်နန္ဒထေရ်သည် ဘုရားရှင်၏ သက်နိုးတော်နှင့် အရွယ်ညီမျှသော သက်နိုးကိုသာ ဝတ်ရုံလေ့ရှိရကာ အလေးမှလာသော အရှင်နန္ဒမထေရ်ကို မြင်ရသည့် ရဟန်းတို့သည် သေချာစွာ မကြည့်ရှုဘဲ ဘုရားရင်ကြွတော်မူလာသည်ဟု ထင်ကြပြီး ထရပ်ကြပြီးမှ မဟုတ်မှန်းသိသော် မိမိတို့၏ ချို့ယွင်းမှုကို မဆင်ခြင်ဘဲ အရှင်နန္ဒမထေရ်သည် ဘုရားရှင်၏ သက်နိုးတော်နှင့် အရွယ်ညီသော သက်နိုးကို ဝတ်ရုံရကောင်းလားဟု ပြစ်တင်ပြောဆိုကြသည်။

ဘုရားရှင်သိတော်မူလျှင် ပုထုဇဉ်တို့၏ သဘာဝကို နားလည်တော်မူပြီး ဘာမဟုတ်သည့်ကိစ္စဖြင့် ရဟန္တာအရှင်နန္ဒထေရ်အား ထပ်၍ ပြစ်မှားအကုသိုလ်မဖွားရအောင် သက်နိုးတော် ပမာဏနှင့် ပတ်သက်သော 'နန္ဒဏ္ဍရသိက္ခာပုဒ်' ကို ပညတ်တော်မူပေးခဲ့ပါသည်။

"အကြင်ရဟန်းသည် ဘုရားရှင်၏ သက်နိုးတော်ပမာဏရှိသည်မူလည်းဖြစ်သော၊ ဝိုလွန်သည်မူလည်း ဖြစ်သော၊ သက်နိုးကို ပြုစေအံ့၊ ထိုရဟန်းပါ စိတ်အာပတ်သင့်၏'

ဤနြေ့ မစောင့်စည်းမှုကြောင့်၊ သာသနာတော်ဝယ် မပျော်မွေ့ခြင်း စသည့် ဖောက်ပြန်မှုမျှားကို အပြင်းအထန် နှိပ်ကွပ်ကာ သတိသမ္ပဇဉ် လေးပါးဖြင့် မပြတ်ဆင်ခြင်ကာ စောင့်ထိန်းခဲ့ခြင်းကြောင့် တေဒဂ်ရခဲ့သည့် အရှင်နန္ဒထေရ်သည် ပုရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေပြီ။

အရှင်နန္ဒထေရ် အရဟတ္တဖိုလ် ပေါက်ဖွားထွက်ရောက်အောင် ထိန်းကွပ်ကြွပ်မက်ပေးခဲ့တော်မူသော ဂေါတမဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်း အနုပါဒိသေသ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင်ငါးရာ ကျော်ခဲ့လေပြီဖြစ်လျှင် ပျက်ရ ဤလောကကြီးထဲ၌ ရှိသမျှ ဥသုံသတ္တဝါ အစုံစုံတို့သည်လည်း သူတို့၏ ရှစ်နာဝံခန္ဓာကိုယ် အတွင်းဘေတို့ကို သေဆုံးကြသည့်အချိန်ဝယ် စွန့်ပစ်ကြရကုန်သည်သာ ဖြစ်ပေသည်။

လင်းယုဦးဇင်

မှီငြမ်းကျမ်းများ

၁။ မဟာဝုဒ္ဓဝင်(၆တွဲ)၊ မင်းကွန်းတိပိဋကရေ အရှင်မြတ်။

၂။ ငါးရာငါးဆယ်ဇာတ်တော်ကြီး ဝတ္ထု (၅)တွဲ၊ ညောင်ကန်ဆရာတော် ဘုရားကြီး။

၃။ ဓမ္မပဒဝတ္ထုတော်(ပ)တွဲ၊ အရှင်ဓမ္မသာမိဘိဝံသ။

၄။ ဘုရားဥပဒေတော်ကြီး၊ အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး။

❑

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မှ
သိမ်(၇)သိမ်နှင့် ရှေးဟောင်းဘုရားများ
သာသနာ့နှုန်ယ်မြေ

ကိုသက်(ဒီးကုန်း)

ညာဘက်ကြွလမ်းနေတော်မူသော မြတ်စွာဘုရားရုပ်ပွားတော်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်သည် ရှေးဟောင်း သမိုင်းဝင် ဘုရားများ ပေါများသော မြို့နယ်တစ်ခုအဖြစ် မကြာသေးမီကာလက တူးဖော်တွေ့ရှိခဲ့ရသော ရဟန္တာ (၈)နှင့် ရှေးဟောင်းဘုရားများ သာသနာ့နှုန်ယ်မြေကြောင့် ရွှေတောင်မြို့နယ်အတွက် သမိုင်းဝင် အဖိုးမဖြတ်နိုင်သော ဘဏ္ဍာငွေအမွေအနှစ်များကို ရရှိသွားစေခဲ့ပါသည်။

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၈) ရက်နေ့တွင် ရွှေတောင်မြို့နယ် ကြွက်ကုန်းအုပ်စု ပေကုန်းရွာအနီးတွင် ရှေးဟောင်း ရဟန္တာ (၈၀)နှင့် သိမ်တော်ဟောင်း စေတီဘုရားရုပ်ပွားတော်ဟောင်းများကို ရှာဖွေ တွေ့ရှိခဲ့ကြပါသည်။

နှစ်ပေါင်းများစွာ ခံ့နွယ်ပိတ်ပေါင်းများဖြင့် ဖုံးအုပ်နေခဲ့သော ယာတောမြေဟောင်းကြီးအား လူအများ ဖူးမြော်ကြည်ညိုခွင့်ရစေသော သာသနာ့နှုန်ယ်မြေအဖြစ်သို့ ပြောင်းလဲစေခဲ့ပါသည်။

ပြည်မြို့ ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူများ၏ စေခိုင်းလမ်းညွှန်မှုဖြင့် ယာခင်းလုပ်ငန်း လုပ်ကိုင်နေသူ ဦးခင်မောင်မှ မိမိယာခင်းနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသော ခံ့တောများကို ရှင်းလင်းရင်း ရှေးဟောင်းဘုရားများနှင့် ရဟန္တာရုပ်တု(၈၀)နှင့် သိမ်ဟောင်းကြီးကို တွေ့ရှိရခြင်း ဖြစ်သည်။

ရွှေတောင်မြို့နယ်စွာင် ယခင်ကတည်းက ရှေးဟောင်းသိမ်နှင့် ရဟန္တာ(၈၀) စုဝေးစာညှိရှိရာ သာသနာ့နှုန်ယ်မြေ (၂)ခု ရှိခဲ့ပါသည်။

ယင်းတို့မှာ အထည်စက်ရုံရှေ့ ရန်ကုန်-ပြည် ကားလမ်းဘေးတွင်ရှိသော ရဟန္တာ(၈၀) သာသနာ့နှုန်ယ်မြေ ဖြစ်ပါသည်။ မဲ့ရှင်ဆရာတော် ဘဒ္ဒန္တဓမ္မာစာရ ဦးစီးဆောင်ရွက်နေသော သာသနာ့နှုန်ယ်မြေဖြစ်ပြီး ဘုရားဖူးပရိသတ်များဖြင့် စည်ကားဖွံ့ဖြိုးလျက်ရှိသော သာသနာ့မြေ ဖြစ်ပါသည်။

ရွှေတောင်မြို့နယ် အနောက်ဘက် (၁၄)မိုင်အကွာ ညောင်စာရေးရွာအပိုင် ဆည်ကြီးကျေးရွာ အနီးတွင်လည်း ရှေးဟောင်း ရဟန္တာ(၈၀) ရုပ်တုတော်များနှင့် သိမ်တော်ကြီးတစ်ခု တည်ရှိနေပါသည်။

ခရီးတေးကွာမှုကြောင့် ထိုဆာသနာ့နှုန်ယ်မြေသို့ လူသွားလူလာ နည်းပါးသည်။ အဓိဋ္ဌာန် ဆောက်တည်ကြသော ရသေ့ ရဟန်းများ ဝင်ထွက်သွားလာလေ့ရှိသော နေရာတစ်ခုလည်း ဖြစ်သည်။

နောက်ဆုံးတွေ့ရှိသော ရွှေတောင်မြို့ အရှေ့ဘက် ကြွက်ကုန်းအုပ်စု ပေကုန်းရွာအနီးမှ ရဟန္တာ(၈၀)နှင့် သိမ်တော်မှာ တွေ့ရှိပြီး သာသနာ့နှုန်ယ်မြေ(၂)ခုနှင့် ပွဲ့စည်းပုံ အနေအထား လက်ရာများမှာ ကိုက်ညီသော အချက်များစွာကို တွေ့ရှိရသဖြင့် တန်ဖိုးရှိသော အချက်များကို ထပ်မံရရှိစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဟောင်းစေတီတော်များ

မျက်လုံးဆေးကုပ်နေသော တရုတ်ဘဝည်းမဟာရွှမ်းတော်

ယခုသိမ်ကို နေထွက်သိမ်အဖြစ်လည်းကောင်း၊ ကားလမ်းအနီးမှ ရွှေဟောင်းသိမ်အား မွန်းတည့်သိမ်အဖြစ်လည်းကောင်း၊ ညောင်စာရေးရွာအနီးမှ ဘိမ်အား နေဝင်သိမ်အဖြစ် လည်းကောင်း ဒေသခံနှင့် တာဝန်ရှိသူတို့မှ သတ်မှတ်လက်ခံထားကြသည်ကိုလည်း သိရှိခဲ့ရပါသည်။

ထူးခြားသည်မှာ သိမ်(၃)သိမ်အား တည်ဆောက်ခဲ့ရာတွင် တြိဂံပုံစံမျိုးဖြင့် ဆောက်လုပ်ခဲ့ပြီး အကွာအဝေး မိုင်အားဖြင့်လည်း အများဆုံး ကိုက်ညီနေသည်ကို တွေ့ရသည်။

တွေ့ရှိသော ရဟန္တာရုပ်ပွားတော် (၈၀)တွင် (၇၉)ဆူမှာ မျက်လွှာချဟန် အနေအထားဖြင့် တွေ့ရှိရပြီး တစ်ဆူတည်းသော ရဟန္တာရုပ်တုတော်သာလျှင် မျက်လုံးတော်ပွင့်နေသည်ကိုလည်း ထူးခြားစွာ ဖူးတွေ့ရပါသည်။

နောက်ဆုံးတွေ့ရှိရသော ရဟန္တာ(၈၀)နှင့် သိမ်တော်တွင် ရွှေက အင်ကြင်းကျောက်ငုတ်ကြီးများကို သိမ်သမုတ်ရာထွင် အသုံးပြုထားကြသည်။ တစ်ခုတည်းသော သိမ်ငုတ်ကြီးအား ရောဂါပျောက်ကင်းသည်ဟု အယူအဆ ရှိကြသဖြင့် လူအများ လာရောက်၍ ဆုတောင်းနေကြပါသည်။

ဘုရား၏ တနင်္ဂနွေထောင့်နေရာတွင် ဥက္ခံတော် (၆)ပေခန့် မတ်ရပ်တော် ဘုရားတစ်ဆူမှာ ညာခြေဖြင့် ကြွလှမ်းဟန် ထုလုပ်ပူဇော်ထားသည်မှာလည်း ရှားပါးလက်ရာတစ်မျိုးဖြစ်၍ ထူးခြားနေပါသည်။

လက်ရာအတော်များများမှာ အင်းဝခေတ်နှောင်းလက်ရာများဖြစ်ကြောင်း ပညာရှင်များက မှတ်ချက်ပြု ပြောဆိုကြပါသည်။

ပေကုန်းရွာအနီး ရွှေဟောင်းသိမ်အား နေထွက်သိမ်အဖြစ် သတ်မှတ်လက်ခံပါက ဘုရားဖူးလိုသူ ဆုတောင်းအဓိဌာန်ဝင်သူများ အနေဖြင့် မွန်းတည့်သိမ်နှင့် နေဝင်သိမ်များသို့လည်း အချိန်နှင့် တစ်ပြေးညီ သွားရောက်ဖူးမြော်သင့်ပေသည်။

ယာခင်းကို လုပ်ကိုင်သူ ဦးခင်မောင်မှလည်း သူ၏ အတွေ့အကြုံကို ရှင်းပြခဲ့သည်။

သူ့အား အခွင့်ကြွေးငွေပေး၍ ခံနွယ်များကို ရှင်းခိုင်းရာ သူအနေဖြင့် မြန်မြန်ပြီးစီးမှသာ တွက်ခြေ ကိုက်မည်ဖြစ်၍ နောက်ဆုံး ခံနွယ်များကို မီးရှို့ရှင်းလင်းခဲ့ရာ ဇနီးဖြစ်သူမှာ ရုတ်တရက် နာမကျန်းဖြစ်ကာ အသက်လုပြီး ဆေးကုသခဲ့ရသည်။

တစ်ခုသော ညတစ်ညတွင် သူ့အား ဝတ်ဖြူစင်ကြယ်ဝတ်သူ၊ အညိုဝတ်သူများက အိမ်မက်ထဲတွင် ဘုရားအနီး ယာခင်းအား မီးမတိုက်ရန် သတိပေးခဲ့ကြသည်။

လွန်စွာတိုက်ဆိုင်သော ဖြစ်ရပ်ဟု ယူဆသောကြောင့် ဦးခင်မောင်လည်း ကန်တော့ပွဲနှင့် ပြန်တောင်းပန်ရာ သူ၏ ဇနီးသည်မှာ လုံးဝ ရောဂါများ ပျောက်ကင်းခဲ့ရသည်။

ယာသမားကြီး ဦးခင်မောင်မှ သိမ်ငုတ်အား ပြသနေစဉ်

ဒေါ်စံရောက်သိန်းသိမ်းရေးအဖွဲ့ နှင့် မြင့်မိုင်(ပြည်)၊ ကိုသန်း(ဇေကန်း)

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်ပိုင်းတွင် ဦးခင်မောင်မှာ ခံ့နွယ်ပိတ်ပေါင်းများကို မီးမရှို့တော့ဘဲ နေ့စဉ် ရသလောက် ခုတ်ထွင်ရှင်းလင်းခဲ့ရာ သာသနာ့နယ်မြေ၏ ၇၀ ရာခိုင်နှုန်းခန့်ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စာရေးသူတို့ ရောက်ရှိသွားချိန်တွင် ရှေးဟောင်းဘုရားများအား ဆက်လက်ရှင်းလင်းရန် ကျန်ရှိနေသေးသည်ကို တွေ့ရသည်။ သို့ရာတွင် သာသနာ့နယ်မြေသစ်သို့ ဘုရားဥများမှာ နေ့စဉ်နှင့်အမျှ ဝင်လာလျက်ရှိသည်။

သိမ်အတွင်းမှ ရှေးဟောင်းရွှမ်းထော်ကြီး တစ်ဆူမှ လည်း လပြည့်၊ လကွယ်ရက်များတွင် ရောင်ခြည်တော်သွတ်ကြောင်း ဒေသခံများက ပြောပြကြပါသည်။

(၂၃. ၉. ၂၀၁၄)နေ့တွင် ကြို့ကုန်းအုပ်စု ပေကုန်းရွာအနီးရှိ ရှေးဟောင်း ရဟန္တာ(၈၀)နှင့် သိမ်တော်ကြီး ထိန်းသိမ်းစောင့်ရှောက်သွားရန် အဖွဲ့ ဖွဲ့စည်းခဲ့ကြသည်။ သို့ဖြစ်၍ ယင်းဖွဲ့စည်းသော အဖွဲ့မှ ရွှေတောင်မြို့နယ်ရှိ သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူဆောင်ရွက်သွားနိုင်ရန် (၄. ၁၀. ၂၀၁၄)နေ့တွင် ဩဝါဒခံယူပွဲကို ပြုလုပ်ခဲ့ကြပါသည်။

မြို့နယ် သံဃနာယကဥက္ကဋ္ဌ မဟာသိုက်ကုန်းတောရဆရာတော်ကြီးမှလည်း ရှေးဟောင်းသာသနိက ပစ္စည်းများ ပျောက်သောကြောင့် ရှေးမူမပျက် ဆောင်ရွက်သွားကြရန်နှင့် အခွင့်အရေးချင်း ညှိနှိုင်းဆောင်ရွက်သွားကြရန် လမ်းညွှန်ပြောကြားပေးခဲ့ပါသည်။

ထို့ဩဝါဒခံယူပွဲသို့ စာရေးသူနှင့် မြို့နယ်သတင်းထောက် ဦးမြင့်နိုင်(ပြည်)တို့ တက်ရောက်ခွင့်ရခဲ့ပြီး ဆက်လက်၍ ရှေးဟောင်းသိမ်တော်ကြီးနှင့် ရှေးဟောင်းလက်ရာရုပ်ပွားတော်များကို လေ့လာခွင့် ရရှိခဲ့ကြပါသည်။

ယခင်က ရဟန္တာ(၈၀)နှင့် သိမ်တော်မှာ နေရာ(၂)ခု သာရှိခဲ့ပြီး ယခုအခါ ရဟန္တာ(၈၀)နှင့် (၃)သိမ်မှာ မျက်ဝါးထင်ထင် တစ်မြို့တည်း တစ်ချိန်တည်း လေ့လာဖူးမြော်ခွင့်ရရှိတော့မည်ဖြစ်ရာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ရှေးဟောင်း သုတေသီများအတွက်သာမက ဂန္ဓိရပညာလေ့လာလိုက်စားသူများ၊ အဓိဋ္ဌာန်ဝင်လို့သူများအတွက် ထူးခြားလေးနက်သော ရှေးရေဟုတ်ရှင်းသာသနာ့နယ်မြေများ ဖြစ်ပါတော့သည်။

မှတ်ချက်

ရွှေတောင်မြို့သို့ ရောက်လျှင် တည်ကုန်းဂိတ်တွင် ဆင်း၍ ကားလမ်းအရှေ့ဘက်တွင် ရဟန္တာ(၈၀)နှင့် နေတွက်သိမ်ဟု ရေးထားသော လမ်းညွှန်ဆိုင်းဘုတ်အတိုင်း မိုးကြိုးပစ်ကုန်း အင်ကြင်းစင်ရွာများသို့ အစဉ်အတိုင်း (၁)မိုင်သာဆာခန့်သွားလျှင် ရောက်ရှိမည် ဖြစ်ပါကြောင်း လမ်းညွှန်ရေးသားအပ်ပါသည်။

စာရေးသူအား ရှင်းလင်းပြောကြားပေးပါသော ဦးခင်မောင်၊ ဦးတင်စိုး၊ ဦးမျိုးဝင်းတို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)

ကိုသက်(ဇီးကုန်း)

❑

အညွှန်းဝန်းမဂ္ဂဇင်း (ဇီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ကျေးဂူတော်ဘုရင့် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဂိုဟောကြားတော်မူသော တရားတော်

နိဗ္ဗာန်မြင်ပုံ

ယခင်လမုအဆက်

ခင်ဗျားတို့ သန္တာန်ပေါ် ချင်တဲ့ ဝေဒနာပေါ် ပေါ် ချင်တဲ့ စိတ်ပေါ် ပေါ် ချင်တာပေါ် ဦးခင်မောင် ဖြစ်ပျက်သာရှုနေ၊ ရှုတတ်ပြီမဟုတ်လား၊ ရှုတတ်ပြီတဲ့။

အဲဒါ ရှုနေတာ ဝိပဿနာသမ္မာဒိဋ္ဌိ လုပ်နေတာပဲ (မှန်ပါ့)။ သူကလည်း ဘာမှမမြင်ဘူး၊ ဖြစ်တာ ပျက်တာ သူက ဒါပဲမြင်တယ်၊ ဩော်. . . ပျက်သွားပြီ ပျက်သွားပြီ၊ သူ့ အလုပ်က ဒါပဲ (မှန်ပါ့)။

ဒါလုပ်နေတဲ့အတွက် ဒိဋ္ဌိက အလိုလိုကွာနေတာပဲ ဦးဘအုန်းရေ၊ ကျေနပ်ပလား (မှန်ပါ့)။ နောက် မဂ္ဂသမ္မာဒိဋ္ဌိ ကတော့ ဖြစ်တာလည်းမမြင်ဘူး၊ ပျက်တာကော (မမြင်ပါဘုရား)။ ဝဋ်ပျက်တာပဲ မြင်နေတယ် (မှန်ပါ့ ဘုရား)။ ချာချာလည်နေတဲ့ ဝဋ်ကြီး၊ အင်း. . . ခုနက ဖြစ်လိုက် ပျက်လိုက် အင်း တော်တော်ကြာလာပြန်ပြီ ဖြစ်လိုက် ပျက်လိုက်၊ တော်တော်ကြာ လာပြန်ပြီ ဖြစ်လိုက် ပျက်လိုက် (မှန်ပါ့ ဘုရား)။

ဒါချည်း လှည့်ရှုနေရတာပဲ (မှန်ပါ့ ဘုရား)။ အဲဒီ ဝဋ်ကြီးဟာ ရှုရင်းမတ္တန့် ဦးခင်မောင် ရှာမတွေ့တော့ဘူး (မှန်ပါ့ ဘုရား)။ ချာချာလည်နေတဲ့ ဒုက္ခဝဋ်ကြီးဟာ ဘာတဲ့တုံး (ရှာမတွေ့တော့ပါဘူး ဘုရား)။ ချာချာလည်နေတဲ့ ဖြစ်ပျက်ဝဋ်ကြီးဟာ ရှာမတွေ့တော့ဘူး (မှန်ပါ့ ဘုရား)။ ဒါဝိပါက ဝဋ် လည်နေတာကိုတော့ (မှန်ပါ့ ဘုရား)။

ဖြစ်လိုက် ပျက်လိုက် တစ်ခုပေါ်လိုက် ပျောက်လိုက်၊ တစ်ခုပေါ် တစ်ခုဖြစ်လိုက် ပျက်လိုက်၊ နောက်တစ်ခု ဖြစ်လိုက် ပျက်လိုက် ဦးဘတင် မလာဘူးလား (လာပါ့မယ် ဘုရား)။

လမြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ဒါတွေဟာ ရုပ်မွေ နာမ်ခမျာတွေရဲ့ ဖြစ်ပျက်ပဲမဟုတ်ဘူး (ဟုတ်ပါတယ် ဘုရား)။ ဒါ ဝိပါကဝဋ်ကြီး လည်နေတာပဲ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။ အဲဒီ ဝိပါက်ဝဋ်ကြီး လည်နေတဲ့ဥစ္စာ ရုပ်စဲသွားတယ် (မှန်ပါ့ ဘုရား)။ ဦးဘအုန်းရေ ဘာရုပ်စဲသွားတာလဲ (ဝိပါကဝဋ်ကြီး ရုပ်စဲသွားတာပါ ဘုရား)။ ဒါကြောင့် ဖြစ်ပျက်တွေမမြင်တာ၊ ဖြစ်ပျက်တွေ ခဏ ခဏ လည်နေတာက ဝိပါကဝဋ်မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဖြစ်ပျက်တွေ ခဏ ခဏ တွေ့နေတာက (ဝိပါကဝဋ်ကြီး လည်နေတာပါ ဘုရား)။ ဝိပါကဝဋ်ကြီး ခဏ ခဏ လည်နေတာတဲ့။ မဂ္ဂသမ္မာဒိဋ္ဌိ ပေါ်တော့မယ်ဆိုတော့ ရှာတွေ့တော့ဘူး (မှန်ပါ့ ဘုရား)။

ဝိပါကဝဋ်ကြီး လည်နေတာ ရှာမတွေ့ဘူး။ ဘူမိလဒ္ဓ ဘဲ့ ပရိဇာနမာနာ၊ ဘူမိလဒ္ဓ - ဉာဏ်၏တည်ရာကိုရသော၊ ဘဲ့ - ချားရဟတ်ပမာ ချာချာလည်နေတဲ့ ဖြစ်ပျက်ဝိပါက ဝဋ်ကြီးကို၊ ပရိဇာနမာနာ - စွန့်လျက် မဂ္ဂသမ္မာဒိဋ္ဌိသည် ဥဇ္ဇုတိ - ဖြစ်၏တဲ့ (မှန်ပါ့ ဘုရား)။

သံယုတ် အဋ္ဌကထာဆရာက (ဟောပုံတယ် ဘုရား)။ အဲဒါဖြင့် ဒကာ၊ ဒကာမတို့ ပြော် မဂ်သမ္မာဒိဋ္ဌိ ပေါ်လာတယ်ဆိုတာတည်းကိုက ဖြစ်ပျက်မတွေ့ရဘူး (မှန်ပါ့ ဘုရား)။ မဂ္ဂသမ္မာဒိဋ္ဌိ ပေါ်လာတဲ့အခါ (ဖြစ်ပျက် ရှာမတွေ့တော့ပါဘူး)။

ဘာတွေ့ရမတုံး (နိဗ္ဗာန်နဲ့ တွေ့ရမှာပါ ဘုရား)။ အဲ ... နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့က ဝင်းဝင်းကြီး ပေါ်လာလိမ့်မယ်၊ ဒီလို မအောက်မေ့နဲ့ (မှန်ပါ့ ဘုရား)။ ပြော်... ဖြစ်ပျက်တွေ ရှာမတွေ့တော့ပါလား (မှန်ပါ့ ဘုရား)။

ချုပ်ငြိမ်းတဲ့ သဘောလေးသာ ကျန်ပါတော့လား (မှန်ပါ့ ဘုရား)။ ချုပ်ငြိမ်းတဲ့ သဘောလေးဟာ နိဗ္ဗာန်ပဲ (မှန်ပါ့ ဘုရား)။ ချုပ်ငြိမ်းတဲ့ သဘောလေး ကျန်ထယ်လို့ သိတာ ဆည်ကပ်ပဲ (မှန်ပါ့ ဘုရား)။

ဦးခင်မောင် နေရာကျပြီလား (ကျပါပြီ ဘုရား)။ ဦးခိုရင်တို့ကော နေရာကျပြီလား (ကျပါပြီ ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ မဂ္ဂသမ္မာဒိဋ္ဌိက ခင်ဗျားတို့သန္တာန်မှာ ပေါ်ရင်ကိုပဲ ရှင်းပါပြီ (ရှင်းပါတယ် ဘုရား)။

ပြော်... ဝိပဿနာ သမ္မာဒိဋ္ဌိကတော့ ဖြစ်ပျက်ဉာဏ်မြင်နေတာကို မဂ္ဂသမ္မာဒိဋ္ဌိ ပေါ်တဲ့အခါကျတော့ ဖြစ်ပျက်ရှာမတွေ့ဘဲနဲ့ နိဗ္ဗာန်ကို မြင်နေတာကိုး (မှန်ပါ့ ဘုရား)။ အခြောင်ချင်း အင်မတန် မခြားနားဘူးလား (ခြားနားပါတယ် ဘုရား)။ ရှင်းပြီနော် (ရှင်းပါတယ် ဘုရား)။ ကောင်းပြီ ဒကာ၊ ဒကာမတို့၊ မဂ္ဂသမ္မာဒိဋ္ဌိ ခြားနားတဲ့ဥစ္စာ ခင်ဗျားတို့ရှုတဲ့ ဟောပိုဝုဂ္ဂိလ်မှာတော့ ဒီလိုပေါ်လိမ့်မယ် (မှန်ပါ့ ဘုရား)။

ရှုတဲ့ ယောဂီပုဂ္ဂိလ်မှာတဲ့ က ... ဒါဖြင့် ဒီထက် နိုင်လုံအောင် ဒီထက် ဒကာ၊ ဒကာမတွေ့ မှတ်မိအောင် ဦးဘအုန်းတို့ မိလိန္ဒပဉှာ ထုတ်ကြဦးစို့နော် (မှန်ပါ့ ဘုရား)။

မိလိန္ဒပဉှာ ထုတ်လိုက်လို့ရှိရင် ပိုပြီးသကာလ ရှင်းမယ်၊ အခု ဒါ ဝိပဿနာသမ္မာဒိဋ္ဌိနှင့် မဂ်သမ္မာဒိဋ္ဌိကိုတော့ဖြင့် သံယုတ်အဋ္ဌကထာဆရာ ပြောတာနဲ့ပဲ ခင်ဗျားတို့လည်း တော်တော် သဘော်ကျပါပြီ (မှန်ပါ့ ဘုရား)။ သဘောမကျသေးဘူးလား (ကျပါပြီ ဘုရား)။

ဒါလေးတစ်ခေါက် ဆက်ပြောပါဦးမယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိက ဘာမြင်တုံး (ဖြစ်ပျက်မြင်ပါတယ် ဘုရား)။ အင်း ... မဂ္ဂသမ္မာဒိဋ္ဌိကျတော့ (နိဗ္ဗာန်မြင်ပါတယ် ဘုရား)။ နိဗ္ဗာန်မြင်တယ်ဆိုတော့ ပြော်... သမ္မာဒိဋ္ဌိချင်းပေမယ့် တယ်ခြားနားပါလားဆိုတာ ဦးဇရင် ပေါ်လာတယ် (ပေါ်လာပါတယ် ဘုရား)။ သမ္မာဒိဋ္ဌိကတော့ အင်း ... ဝိပဿနာသမ္မာဒိဋ္ဌိ အမှန်အကန် မြင်ပုံက တစ်မျိုး၊ မဂ္ဂသမ္မာဒိဋ္ဌိ အမှန်အကန် မြင်ပုံက တစ်မျိုး ထူးခြားပါလား ဆိုတာ ပေါ်လာတယ် (မှန်ပါ့ ဘုရား)။

မိလိန္ဒမင်းကြီး

ဒါနဲ့၊ မိလိန္ဒမင်းကြီး ဆိုတဲ့ ပုဂ္ဂိလ်ကလည်း ဒကာ၊ ဒကာမတွေ့ နှစ်တိုင်းလည်း ဆုပြောနေလို့ ပညာရှိတဲ့ ပုဂ္ဂိလ်ဆိုတာလည်း ဦးဘအုန်းတို့ သိလောက်ပါပြီနော် (မှန်ပါ့ ဘုရား)။ ရဟန္တာတွေတောင် ပြေးရတယ် သူမေးတာ မဖြေနိုင်လို့။

နောက်ကျတော့ သူလို ဘုန်းကံပါရမီနဲ့လာလို့ ပါရမီဖြည့်ဖက်ဆိုတဲ့ အရှင်နာဂသိန် ပေါ်လာလို့သာလျှင် ရဟန္တာပုဂ္ဂိလ်တွေ မြို့နား ရွာနား ကပ်နိုင်ကြတယ်ဆိုတာ ဦးခင်မောင် သဇာတ်ထုပ်မှာ ဒီအတိုင်းပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ရှင်နာဂသိန်

ကောင်းပြီ၊ ရှင်နာဂသိန်က ဖြေတယ်၊ မိလိန္ဒမင်းကြီးက မေးတယ်။

"အရှင်ဘုရား နိဗ္ဗာန်မြင်ပုံလေး အမိန့်ရှိစမ်းပါ ဘုရား၊ နိဗ္ဗာန်မြင်ပုံလေး အရှင်ဘုရားတို့ကတော့ ရဟန္တာဖြစ်နေအရှင် ဘုရား၊ နာဂသိန်ဆိုတာလည်း ရဟန္တာလို့ဆိုတာလည်း ယုံကြည်ပါတယ်၊ အဲဒီတော့ အရှင်ဘုရား နိဗ္ဗာန်မြင်ပြီးသားဖြစ်ပါတယ်၊ အဲဒီ အရှင်ဘုရား အလုပ်စဉ်နှင့်တက္က မြင်ပုံပြောစမ်းပါ" ဆိုတော့ အလုပ်စဉ်နှင့်တက္က နိဗ္ဗာန်မြင်ပုံဆိုတော့ ကျုပ်တို့ အတုယူရတော့မယ်။ မယူရပေဘူးလား (ယူရပါတယ် ဘုရား)။

အလုပ်စဉ်နှင့်တက္က နိဗ္ဗာန်မြင်ပုံကို တပည့်တော်အား အမိန့်ရှိပါဆိုတော့ နို့မို့လို့ရှိရင်ဖြင့် ဒီလိုမှ မဖြေလို့ရှိရင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်စဉ်နှင့် နိဗ္ဗာန်မြင်ပုံ မဖြေရင် နိဗ္ဗာန်မရှိဘူးလို့ ငြင်းမှာ (မှန်ပါ့ ဘုရား)။ သဘောကျရဲ့လား (ကျပါတယ် ဘုရား)။

နိဗ္ဗာန်

ဒါကြောင့် ဒကာ၊ ဒကာမတွေ သူနဲ့ဆိုင်လာလို့ သမ္မာဒိဋ္ဌိ ငါးမျိုးနဲ့ ဆိုင်လာလို့ ဦးဘတင် သွင်းပြီနော်၊ မဆိုင်ကောမဆိုင်ဘူးလား (ဆိုင်ပါတယ် ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိနှင့် မဂ္ဂသမ္မာဒိဋ္ဌိ ရောက်လာပြီး ကျွပ်တို့ ဟောလာတာ (မှန်ပါ့ ဘုရား)။ ကိုင်း. . . ဒါဖြင့် အရှင်ဘုရား နိဗ္ဗာန်မရှိဘူးလား ရှိသလား၊ ရှိတယ် ဒကာ၊ ဒကာမတို့ မိလိန္ဒမင်းကြီးက မေးလို့ ရှိတယ်လို့ ဖြေလိုက်တယ် (မှန်ပါ့ ဘုရား)။

ရှိတယ်လို့ဖြေတော့ "ပစ္စုပ္ပန်လား၊ အတိတ်လား၊ အနာဂတ်လား" သူ မေးပြန်တယ်၊ ရှေ့ပိုင်း ထားပါတော့။

"ဒကာကြီး၊ ပစ္စုပ္ပန်လည်း မဟုတ်၊ အတိတ်လည်း မဟုတ်၊ အနာဂတ်လည်း မဟုတ်ဘူး၊ နိဗ္ဗာန်ဆိုတာမျိုးဟာ"

"ဒီ ဒါဖြင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါးမှ မရှိလို့ရှိရင် အရှင်ဘုရား နိဗ္ဗာန်ဟာ မရှိဘူးပေါ့"

သူက လူကတ်ကိုဗျာ (မှန်ပါ့ ဘုရား)။

ကာလသုံးပါးမှ လွတ်တယ်

နိဗ္ဗာန်မရှိဘူးပေါ့ ဆိုတော့ အို. . . ဒကာကြီး ပစ္စုပ္ပန်ကာလ နိဗ္ဗာန်နေရင်လည်း လူတိုင်း နိဗ္ဗာန်တွေ့မှာပေါ့။ အတိတ်နိဗ္ဗာန်ရှိနေလို့ရှိရင် အတိတ်က လူတွေ ဆုံကြတယ်၊ အနာဂတ်က လူတွေ နိဗ္ဗာန်နဲ့ဆုံရတော့မှာ မဟုတ်ဘူး။ အနာဂတ်နိဗ္ဗာန် ရှိတယ်ဆိုလို့ ရှိရင်လည်း အခု ပစ္စုပ္ပန်လူတွေ သေရင် သေခဲ့ပဲ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူးလား (မှန်ပါ့ ဘုရား)။

"အဲဒီလိုတျနေတော့ ဒကာကြီး နိဗ္ဗာန်ဆိုတာ ကာလသုံးပါးမှ လွတ်နေတဲ့ ကာလဝိမုတ် နိဗ္ဗာန်ဆိုတာ အို. . . ကာလဝိမုတ်ဆို နိဗ္ဗာန်မရှိဘူး ကိုယ်တော်" သူက ဒီလိုယူပစ်လိုက်တာ (မှန်ပါ့ ဘုရား)။

သဘောကျရဲ့လား (ကျပါတယ် ဘုရား)။ အဲဒီတော့ "ဒကာကြီး ကျွပ် ဥပမာပြောမယ်၊ ခင်ဗျား သတိထားပြီး နားထောင်ပါတဲ့၊ နိဗ္ဗာန်ဆိုတာဟာ သေသေချာချာ ရှိပါတယ်" ဆိုတော့။

ဝါးနှစ်လုံး ဥပမာ

သူ လောကီဥပမာဖြင့် ဒကာ၊ ဒကာမတို့ ရှေးကတော့ မီးခြွေမရှိတော့ ဝါးနှစ်လုံးကို ပွတ်ကြရတယ်။ မီးထွက်အောင် မပွတ်ကြရဘူးလား။ ပွတ်တဲ့အခါကျတော့ ဒီမီးဟာ အလျင်က ရှိနှင့်သလား၊ အခုပဲ ရှိတာလား၊ အနာဂတ်က လာတာလား မေးလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ နဂိုကလည်း ဒီဝါးဟာ ဝါးပဲဝါးဟာ ဝါးပဲ မီးမပါဘူး (မပါဘူး ဘုရား)။

တောက်တတ်တဲ့ မီးမပါဘူးပေါ့ဗျာ၊ ကောင်းပြီ ဒါဖြင့် ဒီဝါးသည်ကားလို့ ဆိုလို့ရှိရင် နှစ်လုံးပွတ်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ကြာကြာသာပွတ် ပူပြီးသကာလ မီးမဖြစ်ပေဘူးလား (မှန်ပါ့)။

ဒါဖြင့် ဒါ ပစ္စုပ္ပန် အတိတ်က ရှိတာလား၊ အခု ရှိတာလား၊ အနာဂတ်ကာလက လာတာလား မေးလို့ရှိရင် နဂိုဝါးထဲမှာ ဘယ်တုန်းကမှ မရှိဘူး၊ ရှိကြရဲ့လား (မရှိပါ ဘုရား)။

ဘယ်တုန်းက မရှိတာ ဘယ့်နှယ်ကြောင့်တုံး ဆိုလို့ ရှိရင် အို လုံ့လပယောဂ အားထုတ်တဲ့ ပုဂ္ဂိုလ်ကြောင့် ပေါ်လာတာ ဦးခင်မောင် ဘယ်လိုကြောင့်တုံး (လုံ့လ ပယောဂကြောင့် ပေါ်လာတာပါ ဘုရား)။

ဝိပဿနာရှု့မှ နိဗ္ဗာန်ပေါ်တယ်

အဲဒီမှာလည်း ခင်ဗျားတို့ ဝိပဿနာရှု့ နိဗ္ဗာန်ပေါ်လာတယ် (မှန်ပါ့ ဘုရား)။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါးထဲတော့ မရှိဘူး (မှန်ပါ့ ဘုရား)။ အားထုတ်ရင်တော့ ပေါ်လာပါလိမ့်မယ်၊ အားမထုတ်ရင်တော့ဖြင့် (မပေါ်ပါဘူး ဘုရား)။

ဒါဖြင့် ခင်ဗျားတို့လည် ဘုရားရှေ့သွားပြီး ရေလှူ မီးလှူနဲ့ နိဗ္ဗာန်ဝီပေးတော်မူပါနဲ့တော့ ဝေးပါသေးရဲ့ (မှန်ပါ့ ဘုရား)။ ရနိုင်ပါ့မလား (မရနိုင်ပါ ဘုရား)။

ဝါးဟာ ဒီအတိုင်း မီးထွက်သလား ဦးဘအုန်း၊ ပွတ်ရသေးသလား (ပွတ်ရပါတယ် ဘုရား)။ ဒါ သာမည ပွတ်ပြီး ချထားလို့ကော ထွက်ပါ့မလား (မထွက်ပါ ဘုရား)။ အင်း. . . သူမီးထွက်လောက်တဲ့ အခြေအနေရောက်အောင် ပွတ်မှပဲ ထွက်မှာပဲ (မှန်ပါ့)။ သဘောကျပြီလား (ကျပါတယ် ဘုရား)။

ဒီမှာလည်း နိဗ္ဗာန်ပေါ်ပေါက်လာအောင် အားထုတ်ရလိမ့်မယ် (မှန်ပါ့ ဘုရား)။ နိဗ္ဗာန်ပေါ်ပေါက်လာအောင်သာ ဖြစ်ပျက်အားထုတ် ဖြစ်ပျက်ချုပ်ပြီး နိဗ္ဗာန်ပေါ်မှာပဲ (ပေါ်မှာပါ ဘုရား)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဖြစ်ပျက်ချုပ်ပြီ နိဗ္ဗာန်ပေါ်လာလိမ့်မယ်ဆိုတာ သေချာပြီလား (သေချာပါပြီ ဘုရား)။ ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ပေါ်အောင် အားထုတ် နိဗ္ဗာန်ပေါ်လာမှာပဲ (မှန်ပါ့ ဘုရား)။

ကာလသုံးပါးမှာတော့ဖြင့် မရှိဘူး၊ ပေါ်လောထ်အောင် အားထုတ်တဲ့ပုဂ္ဂိုလ် ရမယ် (မှန်ပါ့ ဘုရား)။ ဒါပါရမီတွေ ဘာတွေ လိုမနေနဲ့ (မှန်ပါ့ ဘုရား)။ သဘောကျပလား ဦးဘအုန်း (သဘောကျပါတယ် ဘုရား)။

ပါရမီ လိုသေးလား (မလိုပါ ဘုရား)။ မလိုပါဘူး ပါရမီက ဘုန်းကြီးက အကုန်ပြီးပြီလို့ ပြောထားပြီပဲ (မှန်ပါ့ ဘုရား)။ ဒီဒကာ၊ ဒကာမတွေ အကုန်ပြည့်နေပြီလို့ ပြောထား

www.burmeseclassic.com

www.burmeseclassic.com

ဘယ်၊ အဂိုတ္တိရိမှာလာတဲ့ ပါရမီနဲ့ နှိုင်းချိန်ကြည့် ကောန်ပြည့်နေတာ (မှန်ပါ့ ဘုရား)။

အားထုတ်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ရှိတယ်

အဲဒီတော့ကိုလည်း အားထုတ်တဲ့ ပုဂ္ဂိုလ်မှာရှိတယ် (မှန်ပါ့ ဘုရား)။ ဒါဖြင့်ဘုရား ဝါးနှစ်လုံးပွတ်တာ နဂိုကလည်း နီတာမဟုတ်ဘူး။ အခုပွတ်တဲ့ ခဏလေး ပွတ်ဆဲမှာပဲ သူရှိတာ ထုတ်ဘူး (မှန်ပါ့ ဘုရား)။ ရှိရဲ့လား (မရှိပါ ဘုရား)။

ကာလသုံးပါးမှ လွတ်ပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်လို့လ ဆောက်ကြောင့် ထွက်တဲ့မီးပေါ့ဟု (မှန်ပါ့ ဘုရား)။ ဒါတင် ကသေးပါဘူး ဒကာကြီး၊ စကြာမင်းဆိုတာ ရှိပါသေးတယ်၊ စကြာမင်းသည်ကား ဆိုလို့ရှိရင်ဖြင့် စကြာရတနာကြီး ကောင်း ဘင် ဖြံ့နိုင်တဲ့ စကြာရတနာကြီး အလိုလိုပေါ်မလာဘူးလား ပေါ်လာပါတယ် ဘုရား)။

စကြာရတနာ

စကြာမင်းတို့၏ ထုံးစံအတိုင်း အဝတ်ဖြူဝတ်ပြီး ငါးပါး သီလ ယူပြီးသံကာလ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မာဝိဟာရတရား ပွားများမှ စကြာရတနာကြီးက ကောင်းကင်က ပေါ်လာတာ (မှန်ပါ့ ဘုရား)။

နဂိုက ပေါ်လာတာ (မဟုတ်ပါ ဘုရား)။ စကြာ အလုပ် လုပ်လိုက်တာနဲ့ (စကြာရတနာကြီး ပေါ်လာတာပါ ဘုရား)။ စကြာရကြောင်း အလုပ်လုပ်တာနဲ့ (စကြရတနာ ကတာပါ ဘုရား)။

ဒီမှာလည်း ခင်ဗျားတို့ နိဗ္ဗာန်ရကြောင်း အလုပ်သာ ဂင်ရလိမ့်မယ် (မှန်ပါ့ ဘုရား)။ အော်နေလို့တော့ဖြင့် (မရ ဘူး ဘုရား)။ မရဘူးလို့ဆိုတာ သေချာပလား (သေချာပါ ဘုရား)။

ဩော်. . . ခင်ဗျားတို့ဘေးက လူကတော့ ပြုံးလိမ့် (မှန်ပါ့ ဘုရား)။ ပြုံးစရာကြီးများကော အင်မတန် ကောင်းတယ်ဆိုတာကော ခင်ဗျားတို့ ရှက်စရာမကောင်းဘူး ား (ကောင်းပါတယ် ဘုရား)။

ဘေးကလူကလည်း ပြုံးပြသွား ခင်ဗျားတို့ကလည်း ရှက်စရာကောင်းပါတယ် ဘုရား)။ မသိခင်တုန်းကဖြင့် အော် ကတော့ဖြင့် မသိလို့ အော်နေတာကို ကိစ္စမရှိဘူး (မှန်ပါ့ ဘုရား)။ ဟုတ်လား (ဟုတ်ပါတယ် ဘုရား)။

အခုအချိန်မှာ မသိအော် အော်လို့လည်း မဖြစ်တော့ ဘူး တို့အော်တာ အလွဲပဲ (မှန်ပါ့ ဘုရား)။ အားထုတ်ဖို့ပဲ သောကျပလား (ကျပါပြီ ဘုရား)။ ကဲ. . . ဒါဖြင့် နိဗ္ဗာန် ရှိ ဘယ်လိုဆုံးဖြတ်ချက် ချမလဲ (ရှိပါတယ် ဘုရား)။

ရှိတယ်တဲ့ "ဒါဖြင့် ဘုရားရှိပုံလေး အရှင်ဘုရား နိဗ္ဗာန် အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက် အားထုတ်စဉ်ပဲ ပြောပါတော့ ဘုရား။ နိဗ္ဗာန်ရောက်အောင် အားထုတ်ရင် နိဗ္ဗာန်ရောက်ပါ တယ်၊ ရပါတယ် ဆိုတော့ အားထုတ်စဉ်လေး ပြောပါတော့ (မှန်ပါ့ ဘုရား)။

အားထုတ်ပုံ အလုပ်စဉ်

ဒီမှာ အားထုတ်စဉ် ရောက်လာတယ် (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါတယ် ဘုရား)။ ဒကာကြီးတဲ့ တဿတဲ့ စိတ္တံ အပရာပရံ မနသိ ကရောတောာ၊

ရှေ့က ဝိပဿနာ အတော်ကြိုးစားလိုက်စမ်းပါတဲ့ (မှန်ပါ့)။ ရှေ့က ဘာနဲ့ ကြိုးစားရမယ် (ဝိပဿနာသမ္မာဒိဋ္ဌိ နဲ့ပါ ဘုရား)။ ဝိပဿနာသမ္မာဒိဋ္ဌိချည်း ဒကာ၊ ဒကာမတွေ့ ကြိုးစားနေ ကြိုးစားနေတော့ အင်း. . . ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဝိပဿနာမင်နဲ့က ကိုက်ကိုက်ပြီး သွားတာပဲ၊ မသွားပေဘူး လား (သွားပါတယ် ဘုရား)။

အင်း. . . သွားရင်းမတ္တန့်ပဲ ဒကာ၊ ဒကာမတို့တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ ရှုရင်း ရှုရင်းနဲ့ ကျွပ်တို့ ဖြစ်ပျက်တွေဟာ ဖြင့် မြင်နေသေးတာပဲ (မှန်ပါ့)။

မြင်ရာကနေပြီး သကာလ တော်တော်ကြာလို့ရှိရင် ရှုဉာဏ်လေးဟာ မမြင်တဲ့ဘက် ကူးသွားတာလဲ၊ ဖြစ်ပျက်မရှိ တဲ့ဘက် ကူးသွားတယ် (မှန်ပါ့)။

ပထမ ဖြစ်ပျက်ဘဲ့ကို ထုတ်နေတယ်။ ရှုရင်း ရှုရင်းနဲ့ ဘာဖြစ်သွားတုံး (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ် ဘုရား)။ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်၊ တဿ တံ စိတ္တံ အပရာ ပရံ မနသိတရောတော ပဝတ္တံ သမတိတ္တ မိတ္တာ ဖြစ်ပျက်တွေ လွန်သွားတယ် (မှန်ပါ့)။

အပရတ္တံ သြက္ကမတိဖြစ်ပျက် မရှိတဲ့ဘက် လှည့်သွား တယ် (မှန်ပါ့)။ ဦးဘအုန်း ဘာတဲ့တုံး (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ် ဘုရား)။

အင်း. . . နဂိုဝိပဿနာဉာဏ်တုန်းကတော့ ဖြစ်ပျက် ဘက်ကို လှည့်နေပါတယ် (မှန်ပါ့)။ ခင်ဗျားတို့ရှုတဲ့ ဉာဏ် လေးကလေ (ဖြစ်ပျက်ဘက် လှည့်နေပါတယ် ဘုရား)။ အင်း . . . နောက်ကျတော့ ဒီဉာဏ်လေးက ဘယ်လှည့်သွား (ဖြစ် ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ် ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်ဆိုတော့ ဒီဉာဏ် လေး ရင့်လာတာကိုး (မှန်ပါ့)။ ဝိပဿနာဉာဏ် ရင့်လာတာ (မှန်ပါ့)။ ဘယ်လိုဆိုကြမတုံး (ဝိပဿနာဉာဏ် ရင့်လာပါ တယ် ဘုရား)။

နိဗ္ဗာန်မြင်ပုံ

နဂိုက ဖြစ်ပျက်ကလေး ရှုနေတာ ဘာဉာဏ်တုံး (ဝိပဿနာဉာဏ်ပါ ဘုရား)။ ဝိပဿနာသမ္မာဒိဋ္ဌိ ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

သူရင့်လာတော့ ဘယ်လိုများ ဖြစ်ပါတုံးဆိုတော့ ဖြစ်ပျက်မရှိဘက် လှည့်သွား (မှန်ပါ့)။ သဘောကျပလား (ကျပါတယ် ဘုရား)။ သူရင့်လာတော့ ဘယ်ဘက်လှည့်တုံး (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်ပါတယ် ဘုရား)။ ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတော့၊ အေး - ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝပသမော - မချိခြင်းသည်၊ သုခေါ - နိဗ္ဗာန်ပဲပေါ့ (မှန်ပါ့ ဘုရား)။ ဖြစ်ပျက်နှစ်ခုမရှိတာ ဦးခင်မောင်.ဘာခေါ်မယ်တဲ့ (နိဗ္ဗာန်ဘက် လှည့်သွားပါတယ် ဘုရား)။

အင်း. . . ပထမကတော့ ဝိပဿနာတုန်းက ဘယ်ဘက်လှည့် (ဖြစ်ပျက်ဘက် လှည့်ပါတယ် ဘုရား)။ ဖြစ်ပျက်ဘက် လှည့်နေတယ်နော် (မှန်ပါ့ ဘုရား)။ နောက်တော့ ရွှမှတ်များများလာတော့ ဖြစ်ပျက်ရှိတဲ့ဘက် သူမလှည့်တော့ဘူး (မှန်ပါ့)။ ဘယ်ဘက် ကူးပြောင်းသွားတုံး (ဖြစ်ပျက်မရှိတဲ့ဘက် ကူးပြောင်းပါတယ် ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်နော် (မှန်ပါ့ ဘုရား)။ သေချာပလား (သေချာပါတယ် ဘုရား)။ ဘယ်ဘက် ကူးပြောင်းသွားပါလိမ့် (ဖြစ်ပျက်မရှိတဲ့ဘက် ကူးပြောင်းသွားပါတယ် ဘုရား)။

အဲဒါ ဒကာကြီးတဲ့ ဖြစ်ပျက်မရှိတဲ့ဘက် ကူးပြောင်းသွားတာ၊ ဒကာကြီး ဒါ နိဗ္ဗာန်ပဲ၊ မျက်မှောက်ပြုတယ်ဆိုတာ အဲဒါပဲလို့ သေချာဖြေလိုက်တယ်၊ ဦးခင်မောင် ကျေနပ်ပလား (မှန်ပါ့ ဘုရား)။

အင်း. . . ရှရင်းမတ္တန့် မရှိပါလား၊ မရှိပါလားလို့ကော မသိဘူးလား (သိပါတယ် ဘုရား)။ ဩော်. . . ဒုက္ခတွေ မရှိတော့ပါလားလို့ကော မသိဘူးလား (သိပါတယ် ဘုရား)။

ဖြစ်ပျက်မရှိတာ နိဗ္ဗာန်

အင်း- ဒီဒုက္ခမရှိတာ နိဗ္ဗာန်ပဲ (မှန်ပါ့)။ ဒုက္ခမရှိတာ ဘာခေါ်ကြမယ် (နိဗ္ဗာန်ခေါ်ပါတယ် ဘုရား)။ ဒါဖြင့် နိဗ္ဗာန်ဆိုတာ မြို့ကြီးလား ပြကြီးလား၊ ဖြစ်ပျက်မရှိတာဘဲလား (ဖြစ်ပျက်မရှိတာပါ ဘုရား)။ ဖြစ်ပျက်မရှိတာ နိဗ္ဗာန်ပဲဆိုတာ ဒကာ၊ ဒကာမတွေ ကောင်းကောင်းသေချာပလား (သေချာပါပြီ ဘုရား)။

ဖြစ်ပျက်မရှိတာ နိဗ္ဗာန်၊ မဖြစ်ပျက်တဲ့ဘက်ကို ရောက်ပါပေါ့လားလို့ သိတာက (မဂ်ဉာဏ်ပါ ဘုရား)။ မဂ်ဉာဏ်ပဲ၊ ဖြစ်ပျက်မရှိတာ (နိဗ္ဗာန်ပါ ဘုရား)။ ဘုံတဲ့ဉာဏ်ဟ (မဂ်ဉာဏ်ပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဩော်. . . ဝိပဿနာဉာဏ် ရင့်လာတာကို ခေါ်တာကိုး (မှန်ပါ့ ဘုရား)။ ဦးခင်မောင် ဘယ်လို့မှတ်မတုံး (ဝိပဿနာဉာဏ် ရင့်လာ၊ မဂ်ဉာဏ် ရင့်လာတာပါ ဘုရား)။ ဝိပဿနာဉာဏ်ရင့်ရင် လာတာ ဘာခေါ်ကြမယ် (မဂ်ဉာဏ်ပါ ဘုရား)။

ဉာဏ်စဉ်တက်နေပို့ မလို

ဩော်. . . ဒါဖြင့် ခင်ဗျားတို့က ဉာဏ်စဉ်တက်နေဖို့ မလို (မှန်ပါ့)။ ဝိပဿနာဉာဏ် သွားသူ ရှင်အောင်သာပွားများနေဖို့ပဲ (မှန်ပါ့)။ ငါ ဘယ်ဉာဏ်ရောက်ပြီဆိုတဲ့ လှေကားထစ်မှတ်ပြီး နေလို့တော့ မဖြစ်ဘူး (မှန်ပါ့)။ သဘော်ကျပလား (ကျပါပြီ ဘုရား)။

လှေကားထစ်မှတ်ပြီး တက်နေလို့တော့ မဖြစ်ဘူးဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။ အင်း. . . လှေကားထစ် မှတ်နေလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ခုနစ်ထစ်ရောက်ပြီ၊ ဆယ့်ခြောက်ထစ်ရောက်ပြီ၊ ဘယ် ဒီလိုသိနိုင်မတုံး။ ဒါက ရှင်သာရိပုတ္တရာက သူဉာဏ်နဲ့ နေထားတာ၊ ပဋိသန္ဓိခါ မဂ်ဉာဏ်ကလာတာ (မှန်ပါ့)။

ဉာဏ်ရင့်အောင်သာ ပွားများပါ

စင်စစ်တော့ဖြင့် ဒကာ၊ ဒကာမတို့ ဒီလိုတော့ မဟုတ်တော့ဘူးတဲ့၊ ဝိပဿနာဉာဏ် ရင့်သန်တာနဲ့၊ ဖြတ်ဆို မဂ်ဉာဏ်ဘက် ကူးတာပဲလို့ ရှင်နာဂသိန်ကတော့ ဟော်ထားတယ် (မှတ်ပါ့)။

ဝိပဿနာဉာဏ် ရင့်သန်တာနဲ့ (မဂ်ဉာဏ်ဘက် ကူးပါတယ် ဘုရား)။ မဂ်ဉာဏ်ဘက် ကူးသွားတော့လည်း အာရုံလည်း ထူးသွားတယ် (မှန်ပါ့)။ ဝိပဿနာဉာဏ်က ဖြစ်ပျက်အာရုံပြုတယ် (မှန်ပါ့ ဘုရား)။

မဂ်ဉာဏ်က ဖြစ်ပျက်မရှိတဲ့ဘက်ကို (အာရုံပြုပါတယ် ဘုရား)။ အဲဒီအာရုံပြုတယ်ဆိုတော့ မသေချာဘူးလား (သေချာပါတယ် ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝိပဿနာဉာဏ် ၁ နံပါတ် လုံလောက်လို့ရှိရင်ဖြင့် မဂ်ဉာဏ် ၂ နံပါတ် လုံလောက်ဖို့ ခင်ဗျားတို့က ဘာမှ အားစိုက်စရာမလိုဘူး (မှန်ပါ့)။ ဝိပဿနာဉာဏ်သာလျှင် ရင့်သန်ဖို့ သိပ်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား (မှန်ပါ့)။

ဒါဖြင့် မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်က ဖြေတာဖြင့် ဖြစ်ပျက်ရှုရင်း မတ္တန့်နဲ့ ဖြစ်ပျက်မရှိတဲ့ဘက် ကူးပဲသွားတယ်။ အဲ. . . အဲဒါ နိဗ္ဗာန်ဘက် ကူးတာပဲလို့ ပြောလိုက်ပါတယ် (မှန်ပါ့)။ ဒါ မဂ်ဉာဏ်ပေါ်တာပဲလို့ ဆိုလို့ရှိရင် မသေချာဘူးလား (သေချာပါတယ် ဘုရား)။ ရှင်းပြီနော် (ရှင်းပါတယ် ဘုရား)။ ကဲ. . . နက်ဖြန်မှ ဖိုလ်ဉာဏ်ပြောကြစို့။

သာဓု. . . သာဓု. . . သာဓု။

ဓမ္မဒိန်

❑

www.burmeseclassic.com

www.burmeseclassic.com

ဦးသုမင်္ဂလ (ဒေယျဓိုးဆဝရာဇာတော်)

ဟောကြားတော်မူသော တရားတော်

မိတ်ဆွေကောင်း

အောင်လမုဘဆက်

အဲဒီတော့ ဥပါသကာ ဆိုတဲ့အတွက် ဘယ်နှယ်။ သီလ ခံဆဲလဲ (ငါးပါး လုံပါတယ် ဘုရား)။ အဲဒီဥပါသကာကြီးဟာ သူ့ရဲ့သူငယ်ချင်းကို ကလျာဏမိတ်ဆွေလေးဆိုတော့ ဒီအလုပ်ကို စွန့်လိုက်ပါ၊ ခုဆိုးမလုပ်နဲ့တော့။ မင်းကို အရင်းအနှီး ထည်ပေးမယ်။

သမ္မာအာဇီဝနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်စား ပါ သူငယ်ချင်း၊ ဒီအလုပ်က အကုသိုလ်အလုပ်ကြီးပါ မြေ့ တယ်။ ဘယ်လိုမှ ဖျောင်းဖျလို့ကို မရဘူး။ သူငယ်ချင်းစကား ကို နားမထောင်တော့ ဥပါသကာဆိုတာ ဘုရားရဲ့ တပည့် သား ဖြစ်နေပြီဆိုတော့ တရားသိသွားပြီ။ တရားလိုတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com

သည် သည်းခံနိုင်တဲ့သူ ဖြစ်မလား၊ သည်းမခံနိုင်တဲ့သူ ဖြစ်မလား၊ အမြင်ကျဉ်းတဲ့သူ ဖြစ်မလား၊ အမြင်ကျယ်တဲ့သူ ဖြစ်မလား၊ သမတာထားကြီးတဲ့သူ ဖြစ်မလား၊ သမတာခုထား သေးသိမ်တဲ့သူ ဖြစ်မလား။

တရားသိတဲ့လူဟာ သည်းခံနိုင်စွမ်း ရှိသွားပြီ။ သဘောထား ပြည့်ဝသွားပြီ။ အမြင်ကျယ်သွားပြီ။ အခုလည်း သူတော်ကောင်းတို့တွေဟာ တရားနာနေကြတယ် မဟုတ်လား။ အဲဒါကြောင့် တရားကို သိအောင်နာ၊ တရားသိတဲ့ လူဟာ လောကခံကို ခံနိုင်တယ်။ အခုလည်း သူငယ်ချင်း အရင်းကြီး ချစ်လွန်းလို့ သူပြောတာ၊ သူပြောနေတာသည် ကိုယ့်အကျိုးစီးပွားလား၊ သူအကျိုးစီးပွားအတွက်လား (သူအကျိုးစီးပွား အတွက်ပါ အရှင်ဘုရား)။ သူစကားကို လက်ခံသလား၊ လက်မခံဘူးလား (လက်မခံပါဘူး အရှင်ဘုရား)။ လက်မခံတော့ ဥပါသကာ ဒေါသဖြစ်မလား (မဖြစ်ပါဘူး အရှင်ဘုရား)။ သူတော်ကောင်းမှန်ရင် သည်းခံနိုင်ရတယ်၊ နောက်ပြီး သဘောထားကြီးရတယ်။ မင်းထိုက်နဲ့မင်းက နေတော့ဆိုပြီး မလုပ်ဘူးနော်။

ဒီသူငယ်ချင်းကို သိအောင် ဘယ်လိုလုပ်ရမလဲ၊ ဘယ်လို နားလည်အောင် လုပ်ရမလဲဆိုတာ ကြိုးစားတယ်။ ဒီတော့ တရားသိသူသည် သည်းခံနိုင်စွမ်း ရှိရတယ်။ သဘောထား ကြီးရတယ်။ အမြင်ကျယ်ရတယ်။ မှတ်ထားနော်။ ဘယ်နှချက် ပြောလဲ။

(၁) သည်းခံနိုင်ရမယ်။

(၂) သဘောထားကြီးရမယ်။

(၃) အမြင်ကျယ်ရမယ် မှတ်နော်။

အမြင်ကျယ်သူပီပီ ဒီပုဂ္ဂိုလ်ကို နားဝင်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာကို စဉ်းစားနေတာ။ သူပြောတဲ့စကားကို မုဆိုးက ဆန့်ကျင်ဘက်ပဲ ပြောတော့မှာ၊ ခင်ဗျားတို့လည်း အကုသိုလ်လုပ်နေတဲ့သူကို ချက်ချင်းသွားပြောလို့ ရမလား (မရပါဘူး ဘုရား)။

တချို့ရွာတွေမှာဆို ကိုယ်တော်လာပြီးတော့ ငါးပါး သီလ ဟောတာ ဟုတ်တယ်၊ တပည့်တော်တို့က ဒီမှာ 'ပါဏာတိပါတာ' ကို ထည့်မဟောရဲဘူးတဲ့။ သူတို့ရွာက တံငါအလုပ် လုပ်နေကြတော့ 'ပါဏာတိပါတာ' ထည့်ဟောလိုက်ရင် ဆွမ်းငတ်သွားမှာပေါ့တဲ့၊ သဘောပါလား။ အပြစ်ရှိတဲ့အလုပ်ကို အပြစ်ရှိတယ်လို့ ဟောသင့်၊ မဟောသင်း (ဟောသင့်ပါတယ် အရှင်ဘုရား)။ ဆွမ်းတစ်လုတ်အတွက်နဲ့ အကုသိုလ်ကို ငဲ့ညှာနေစရာ အကြောင်းမရှိဘူး။ မိတ်ကောင်း ဆွေကောင်းဆိုတာ အဲဒါ။

မုဆိုးက ဆန့်ကျင်တဲ့ ကြမ်းတမ်းတဲ့ စကားပြောပေမယ့် သည်းခံနေတယ်။ တစ်ရက်မှာ တရားဟောကောင်းတဲ့ ရဟန္တာတစ်ပါး ဆွမ်းခံကြွလာတော့ အရှင်ဘုရားတဲ့ တပည့်တော် သူငယ်ချင်းတစ်ယောက်က အလွန်ကို ကြိုးမားတဲ့ အကုသိုလ်အလုပ်တွေ လုပ်နေပါတယ်။ ယုတ်ညံ့သောဘဝ ဒိဋ္ဌိရှင်၊ သူတစ်ပါးအသက်ကို သတ်ပြီးမှ အသက်မွေးဝမ်း ကျောင်းနေရသူ ဖြစ်ပါတယ်။ ဒါကြောင့် အစဉ် သနားခြင်းကို အကြောင်းပြုရ၍ အရှင်ဘုရား သူ့ကိုဟော၍ နော်ဝင်တရမယ်ဆိုလျှင် ထိုတရားကို ရွေးချယ်၍ သူ့ကို တရားဟောထေးပါလို့ လျှောက်ထားတယ်။ ဘယ်သူအတွက်လဲ (မုဆိုးအတွက်ပါ ဘုရား)။

ဒါနဲ့ မုဆိုးကြီးအိမ်ကို ရဟန္တာတစ်ပါး ပင့်သွားတယ်။ မုဆိုးအိမ် ဆွမ်းခံရပ်သူဟာ ခပ်ရှားရှားပဲ။ မုဆိုးက သူ့အိမ် ဆွမ်းခံလာရပ်တဲ့ ရဟန်းကြီးကို ဝမ်းသာအားရနဲ့ အိမ်ထဲပင့် ဆွမ်းကပ်တယ်။ ဆွမ်းပင့်ကပ်တဲ့အချိန်မှာ သူငယ်ချင်းက မှာထားတော့ ရဟန္တာကြီးကလည်း ဒကာ တရားနာပါဦး ဆိုပြီး တော့ သူတစ်ပါးအသက် သတ်တဲ့အပြစ်၊ သူအသက် ရှောင်ကြဉ်ခြင်းရဲ့ အကျိုးကျေးဇူး၊ သူအသက် သတ်ရင် ဒုတိယ ဘဝမှာ ငရဲရောက်ရမယ်၊ ငရဲက လွတ်လာပြန်ရင်လည်း အသက်တိုပြီး သက်တမ်းမပြည့်ခင် သေရမယ်၊ အနာရောဂါ ပေါများမယ်၊ ရန်သူ ပေါများမယ်။ သူများအသက် သတ်တဲ့ အပြစ် အကျိုးတွေကို သေချာရှင်းပြတယ်။ ရှောင်ကြဉ်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို ဟောပြတယ်။

ဘယ်လိုပုဂ္ဂိုလ်ဟောဟော မုဆိုးက သူ့အကျင့်ကို မပြင်ဘူး။ အရှင်ဘုရားခဲ့ဟုတ်ဟာ ဟုတ်ပါတယ်။ တပည့်တော်က ဒီတစ်ခုပဲ လုပ်စားတတ်တာ။ ဒါမှ လုပ်မစားရင် တော်သွားမှာပေါ့ ဘုရား။ ဟုတ်ပြီလား။ စွေးလည်း မရောင်းတတ်၊ ကုန်ရောင်း ကုန်ဝယ်လည်း မလုပ်တတ်၊ လယ်လည်း မစိုက်တတ်၊ သူတတ်တာ မုဆိုးအလုပ်ပဲ ရှိတယ်တဲ့။

ရဟန္တာဟောတာတောင် မရတော့ သူငယ်ချင်းက ကြည့်တယ်။ မုဆိုးကြီးကို ဟိုဆရာတော် မဟောခဲ့ဘူးလား။ ဟောပါတယ်။ ဒါပေမဲ့ သူက ငါ့ကျွေးမလားကွ၊ ငါ့မှာ သားမယားနဲ့ဆိုပြီး ဘယ်လိုမှ ဖျောင်းဖျလို့မရတော့။ ဥပါသကာက သူငယ်ချင်းရာ မင်းကလည်း အကျိုးအပြစ်ကို နားမလည်နိုင်တော့ ခက်သားပဲ သူငယ်ချင်းရာ။ ဒါပေမဲ့ တစ်ခုတော့ မင်းကို ငါ တောင်းပန်မယ်ကွာ။ မင်း အခု သားကောင်ဖမ်းတာ နေ့ဖမ်းလား၊ ညဖမ်းလား။ နေ့ဖမ်းတာပေါ့။ ဒါဆို နေ့မှာ မင်းရဲ့ကိစ္စ ပြီးအောင်လုပ်ကွာ။ ညပိုင်းကိုတော့ သူများ အသက် သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဆိုပြီးတော့ ညပိုင်း ဥပုသ်တော့ မစောင့်နိုင်ဘူးလား။ ဒီနေ့ညနေ ပြန်လာပြီး အရုဏ်တက်သည်အထိ သားကောင်မသတ်ပါဘူးလို့ အာမခံနိုင်ဘူးလားတဲ့။

မုဆိုးလည်း သူငယ်ချင်းကို အားနာလာလို့ ဒီလောက်တော့ ငါ ရနိုင်ပါတယ်ဆိုပြီးတော့ ညဘက်မှာ ထိန်း၊ နေ့ဘက်မှာ မုဆိုး၊ ညဘက်မှာ သီလကိုထိန်းပြီး သူငယ်ချင်းက ညနေ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်း လာပြီး သီလကို စောင့်ထိန်းစေတယ်။ တစ်နေ့လုံးတော့ ဘုရားအာသက်သတ်၊ ညဘက် ဥပုသ်သည်။ စိတ်ရှည် သည်းခံခြင်း သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်နဲ့ သူတော် ကောင်းမှုရှင် ပတ်ဝန်းကျင်က ဘယ်လောက်ရိုင်းရိုင်း ကိုယ် ပြန်ရိုင်းသလား (မရိုင်းပါဘူး ဘုရား)။ ဘယ်လောက်ဆိုးဆိုး ကိုယ်ပြန်ဆိုးသလား (မဆိုးပါဘူး ဘုရား)။ ပတ်ဝန်းကျင်ရဲ့ ဩကာစံရိုက်ခတ်မှုကို သည်းခံဖို့ လိုအပ်၊ မလိုအပ် (လိုအပ် တယ် ဘုရား)။

နံပါတ် (၁) သည်းခံရမယ်၊ (၂) သဘောထား ကြီးရမယ်၊ (၃) အမြင်ကျယ်ရမယ်။ သူမှာ အသိပညာမဲ့နေလို့ မိုက် နေကြတာ။ အသိပညာရှိဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါ တယ် ဘုရား)။ ဉာဏ်ပညာမရှိတဲ့သူပေါ်မှာ ဉာဏ်ရှိသူက သဘောထားလည်း ကြီးရမယ်၊ အမြင်ကျယ်ရမယ်။ သူမှာ အသိပညာမဲ့နေလို့ မိုက်နေကြတာ။ အသိပညာရှိဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ ဉာဏ်မရှိတဲ့သူပေါ်မှာ ဉာဏ်ရှိသူက သဘောထားလည်း ကြီးရမယ်၊ အမြင်ကျယ်ရမယ်။

ဒီလိုမရ ဟိုလို၊ ဒီနည်းမရ ဟိုနည်းနဲ့၊ "သီလဆိုတာ ဘိုးတော်စောင့်ထိန်းခဲ့တဲ့ အချိန်မှာ စောင့်တာ" သီလပဲ။ အခု မုဆိုး သီလကို ဘယ်အချိန်မှာထိန်း (ညဘက် ထိန်းပါ တယ် ဘုရား)။ ဒီမုဆိုးလည်း ညဘက် သီလထိန်းရင်း မကြာ ခင်မှာ သူအချိန်တန်တော့ သေပါရော။

ဒီဘဝ စုတိမနေ သေလွန်တော့ အဲဒီရာဇဂြိုဟ်မှာပဲ နတ်သားကြီး ဖြစ်တယ်။ ဘေးမှာ အခြံရဲ နတ်သမီးတစ်ထောင် ထောင် ရှိတယ်တဲ့။ နတ်သမီးတစ်ထောင်နဲ့ နတ်သုဓာတွေ အနေရော့ ဒီမာန်ရှင်ကြီး ဖြစ်လာတယ်။ ဒါပေမဲ့ ဒီဒီမာန်ရှင် က ဘယ်အချိန် ခံစားရတာလည်းဆိုတော့ (ညဘက်မှာ စံရ တယ် ဘုရား)။ ခင်ဗျားတို့ သိသွားပြီ။

သူ ဥပုသ်စောင့်ထိန်းခဲ့တာ ညဆိုတော့ စည်းစိမ်ခံစား ရတာ ညဘက်၊ နတ်သမီးတစ်ထောင်ရဲ့ အပြုအစု အယု အယ ခံလို့ မနက်လင်းလာတာနဲ့ တစ်ပြိုင်နက် ဒီမာန်တွေ ဆုတ် ခွေးနက်ကြီးတွေလိုက်ပြီး ဝိုင်းဆွဲခံနေရတဲ့ ပြဿာကြီး၊ သူ မုဆိုးဘဝတုန်းက သတ်ဖြတ်စားခဲ့သလိုမျိုး ခွေးနက်ကြီး များရဲ့ ခေါင်းဖြတ်၊ ခြေဖြတ်၊ လက်ဖြတ် ကိုက်ခဲသတ်ဖြတ် စားသောက်ခြင်းကို ခံနေရတယ်။ ဒီကောင် သေလားဆိုတော့ သေဘူး။ ငရဲရောက်တော့ အသေခံရမှာလား၊ အရှင်ခံရမှာ လား ဆိုတော့ (အရှင်ခံရမှာပါ ဘုရား)။

မနက်ခင်း လင်းလာ ခွေးနက်တွေ ဝိုင်းအုံလာ၊ ညဘက်ရောက်တာနဲ့ နတ်သမီးတစ်ထောင်က ပွေ့ချီပြီး နတ် စည်းစိမ်ခံစား၊ အကြောင်းကောင်းမှ (အကျိုးကောင်းမှာပါ အရှင်ဘုရား)။ နေ့လယ် မုဆိုးဘဝ နေခဲ့တော့ နေ့ဘက်မှာ ခွေးနက်ကြီးများရဲ့ အစားခံရတာ၊ ညကျတော့ သီလဆောက် တည်မှု မရှိခဲ့ဘူးလား (ရှိခဲ့ပါတယ် ဘုရား)။ ကလျာဏမိတ္တ ဆိုတဲ့ မိတ်ကောင်းဆွေကောင်းတွေရဲ့ ကူညီပံ့ပိုးမှု ရှိခဲ့တော့။ ညတစ်ဝက် သက်သာခွင့် မရဘူးလား။

အဲဒီကျတော့မှ ငါမှားခဲ့ပြီ ဆိုပြီးတော့ ဥပုသ်တစ်နေ့ လုံး စောင့်ချင်လို့ ရနိုင်ပါတော့မလား (မရနိုင်တော့ပါဘူး အရှင်ဘုရား)။ ခံရမယ့်ကံကို ဓာတ်ရိုက်ဓာတ်ဆင်လုပ်လို့ (မရနိုင်တော့ပါဘူး အရှင်ဘုရား)။ မြတ်စွာဘုရား ကယ်ပါ ဆိုပြီး (မရနိုင်တော့ပါဘူး အရှင်ဘုရား)။ ဘယ်သူပြုတဲ့ကံ အတိုင်း ခံရမလဲ (မိမိပြုတဲ့ကံအတိုင်း ခံရမှာပါ ဘုရား)။ ဘယ်လိုအကျိုးပေးမလဲ (တူသောအကျိုး ပေးမှာပါ ဘုရား)။

ဝစီကံရိုင်းရင် ဝစီအပြစ် ဖြစ်၊ မဖြစ် (ဖြစ်ပါတယ် ဘုရား)။ ကုန်းတိုက်တဲ့ ရဟန်းကြီး ခံတွင်း ပုပ်၊ မပုပ် (ပုပ်ပါ တယ် ဘုရား)။ 'ပူတိမုခပြိတ္တာ' ဆိုတာ ပါးစပ်ဖွင့်တာနဲ့ လောက်တွေ တဖွားဖွားကျလာတဲ့ ပြိတ္တာကြီး၊ ခန္ဓာကိုယ်က အကောင်း၊ ဝစီအပြစ်သင့်ခဲ့လို့ ခန္ဓာကိုယ်က လောက်ကျနေ တာ။ အခု ခင်ဗျားတို့ သွားနာဖူးလား။ သွားကိုက်ဖူးလား။ မနက် ခင်း အာပုပ်စော် နံ-မနံ (နံပါတယ် ဘုရား)။ အဲဒါ ခင်ဗျား တို့မှာ မုသားအပြစ် သင့်နေတာ။ အတိတ်ကဝဋ်ကြွေး သင့် - မသင့် (သင့်ပါတယ် ဘုရား)။ နားလည်ပြီနော်။

အတိတ်ဝဋ်ကြွေး ဆပ်လို့ကုန်ပြီလား (မကုန်နိုင်သေး ပါ ဘုရား)။ မကုန်နိုင်ရင် အခုအချိန်တစ် ကာယကံလည်း စင်ကြယ်ရမယ်။ ဝစီကံနဲ့ မနောကံလည်း စင်ကြယ်အောင် နေရမယ်၊ သဘောပါသလား (ပါပါတယ် ဘုရား)။ ဒါဖြင့် ကာယကံ စင်ကြယ်အောင်လည်း (အားထုတ်ရပါမယ် ဘုရား)။ ဝစီကံ စင်ကြယ်အောင်လည်း (အားထုတ်ရပါမယ် ဘုရား)။ မနောကံ စင်ကြယ်အောင်လည်း နေရမယ်။ သဘော ပါလား (ပါပါတယ် ဘုရား)။

ဒါဖြင့် ကာယကံ စင်ကြယ်အောင်လည်း (အားထုတ် ရပါမယ် ဘုရား)။ ဝစီကံ စင်ကြယ်အောင်လည်း (အားထုတ် ရပါမယ် ဘုရား)။ မနောကံ စင်ကြယ်အောင်လည်း (အား ထုတ်ရပါမယ် ဘုရား)။ ဘယ်အချိန်လဲ (အခုအချိန်ပါ ဘုရား)။ လစ်တဲ့အချိန် ခံရမယ်နော်။ အခုကြည့်လေ မုဆိုးပြိဿာ သူ ဘယ်အချိန်ခံရ (နေ့ဘက်ပါ ဘုရား)။ မကောင်းချိန်မှာ မကောင်းကျိုး၊ ကောင်းချိန်မှာ ကောင်းကျိုး သူအပိုင်းနဲ့သူ နော်။ တူသောအကျိုး (ပေးမှာ ဘုရား)။ ဒါကြောင့်...

"နဟိဝမ္ဘော အဝမ္ဘောစ၊ ဥဘော သမဝိပါဂိနော၊
ဝမ္ဘောနိရိယံနေတိ၊ ဝမ္ဘောပါပေတိ သုဂတိ"

တဲ့၊ အဓိပ္ပာယ်က ဝမ္ဘောစ - ကုသိုလ်တရားလည်း ကောင်း၊ အဝမ္ဘောစ - အကုသိုလ်တရားလည်းကောင်း၊ ဥဘော - ကုသိုလ်၊ အကုသိုလ် တရားနှစ်ပါးတို့သည်၊ သမဝိ ပါဂိနော - တူမျှသောအကျိုး ရှိကြကုန်သည်၊ နဟိ ဟောန္တိ - မဖြစ်ကြကုန်၊ ကုသိုလ်နှင့် အကုသိုလ် အကျိုးပေးပုံချင်း

www.burmeseclassic.com

www.burmeseclassic.com

တူသလား (မတူပါဘူး ဘုရား)။ အဲဒါကို နာရဒဆိုတဲ့ မြတ်စွာဘုရားရဲ့ သားတော် တန်ခိုးထက်တဲ့ ရဟန်းကြီး ဆွမ်းခံထွက်ရင်း တွေ့ပြီး ခွေးတွေ ဝိုင်းစားခြင်း ခံနေရတဲ့ ပြိတ္တာ၊ ညနေစောင်း ဖလသမာပတ် ဝင်စားပြီး နေလည်း ဝင်သွားရောခွေးစားခံရတဲ့ ပြိတ္တာကြီးက သူ့မျက်စိရှေ့တင် နတ်သားကြီး ဒီမာန်ရှင်ကြီး ပြောင်းသွားတာ မြင်ရပြီး နေဝင်တော့ နတ်သား၊ နေထွက်လာတော့ (ခွေးစားခံရတဲ့ ပြိတ္တာပါ ဘုရား)။

တစ်နေ့တည်းကို ဘဝ ဘယ်နှခု ဖြစ်နေသလဲ (နှစ်ခုပါ ဘုရား)။ အဲဒါကို နာရဒရဟန်းကြီး တွေ့တော့ မေးပြီးတဲ့ မနက်ခင်းမှာ ခွေးနက်ကြီးတွေရဲ့ ဝိုက်ဖောက်စားလိုက်၊ ခေါင်းကိုက်ဝါးလိုက်၊ ခြေပြတ်၊ လက်ပြတ် အစားခံရလိုက်နဲ့ အရှင်ခံနေရ။ ပြတ်သွားတာလည်း ပြန်ပြီးဆက်လိုက်၊ ဝါးစားလိုက်၊ ခေါင်းပြတ်လည်း ပြန်ဆက်လိုက် ထပ်ဝါးစားခံရလိုက်နဲ့။ ခင်ဗျားတို့မှာ ဘာရောဂါဖြစ်ဖြစ် မသေတဲ့နေရာရှိတယ် သွားမလား။ အဲဒါ ငရဲပဲ။ အခု ပြိတ္တာကြီးကို ခွေးတွေဝိုင်းစားတာ သေသလား (မသေပါဘူး ဘုရား)။ ညဘက် နတ်သမီးတွေ ဝိုင်းရံတဲ့ နတ်သားကို ရဟန်းကြီးက မေးပြီး

ညဘက်မှာ ဒီလိုစည်းစိမ်တွေ ကောင်းလိုက်တာ။ ခံစားပြီးတော့ မနက်ဘက်ရောက်ရင် ခွေးနက်ကြီးတွေရဲ့ ဝိုင်းစားသောက်ခံရတာ ဘာကုသိုလ် အကုသိုလ်တွေကြောင့်ပါလဲ ပြောပါ။ ထူးဆန်းလွန်းလို့ပါလို့ မေးလိုက်တယ်၊ ရဟန်းကြီး နာရဒက

အဲဒီတော့မှ မှန်ပါ အရှင်ဘုရား၊ တပည့်တော်ရဲ့ ဖြစ်စဉ် အစအဆုံး အကောင်းဆုံး အကြောင်းအကျိုးကို မေးမြန်းတော်မူသော အရှင်မြတ်ကြီးဘုရား တပည့်တော်လည်း အသိပေးချင်ပါတယ် ဘုရား။ တပည့်တော် ညချမ်းကျရင် ပျော်သလောက်၊ မနက်ဘက် အရုဏ်တက်တာနဲ့ ခွေးစားခံရခြင်း အကြောင်းအရင်းကတော့ ဒီရာဇဂြိုဟ်ပြည်မှာပဲ တပည့်တော်ဟာ အတိတ်ဘဝက မုဆိုးကြီး သူများအသက်ကို သတ်ဖြတ်ပြီးမှ အသက်မွေးဝမ်းကျောင်းပြုရှိ ရှာဖွေစားသောက်ခဲ့ပါတယ် ဘုရား။

ဘုရားတပည့်တော်မှာ အလွန်ကို အားကိုးလောက်တဲ့ ကလျာဏမိတ္တ၊ အလွန်လေးစားတဲ့ မြတ်စွာဘုဒ္ဓရဲ့ ဥပါသကာသူငယ်ချင်းတစ်ယောက် ရှိခဲ့ပါတယ်။ တပည့်တော်ရဲ့ မုဆိုးအလုပ်ကို စွန့်လွှတ်ဖို့၊ သမ္မာအာဇီဝဖြင့် အသက်မွေးဖို့၊ သီလသမာဓိ ပညာတို့ဖြင့် အသက်မွေးဖို့ တပည့်တော်အား နေ့စဉ်နှင့်အမျှ တိုက်တွန်းနှိုးဆော် ပြုပြင်ပေးခဲ့တဲ့ ကျေးလူးရှင်ကြီး ပါဘုရား။

အဲဒီကျေးလူးရှင်ကြီးရဲ့ စကားကို နားမထောင်ခဲ့လို့ ကျေးလူးရှင်ကြီးက နည်းပရိယာယ်စုံစွာဖြင့် တပည့်တော်အား ဆုံးမပြောသော်လည်းဘဲ အဝိဇ္ဇာ အမှောင်ဖုံး၊ ဘာ အမှောင်ဖုံးတာလဲ (အဝိဇ္ဇာအမှောင်ဖုံးပါ ဘုရား)။

ကုသိုလ်မှန်းလည်း မသိ၊ အကုသိုလ်မှန်းလည်း မသိ အကြောင်းအကျိုး အကောင်းအဆိုးမှန်းလည်း မသိ၊ မှားမှန်းလည်း မသိ၊ မှန်မှန်းလည်း မသိ တပည့်တော်မှာ မသိခြင်းတရား ဖုံးလွှမ်းနေခဲ့တဲ့အတွက် အလွန်ကို အားကိုးလောက်တဲ့ တပည့်တော်ရဲ့ ကယ်တင်ရှင်အစစ်ဖြစ်တဲ့ မိတ်ဆွေရဲ့စကားကို နားမထောင်ခဲ့ပါ ဘုရား။

နောက်ဆုံး ပြောဆိုမရတဲ့ တပည့်တော်ကို မေတ္တာရပ်ခံတဲ့အနေနဲ့ မင်း ငါ့ကို တကယ်ခင်တယ်ဆိုရင် နွေဘက်မုဆိုး တောထဲက ပြန်ရောက်တာနဲ့ ညဘက်မှာ ငါ့ကိုချစ်ရင် သီလဆောက်တည်စမ်းပါလို့ အနှုးအညွတ် တောင်းပန်တိုးလျှိုးခဲ့လို့ တပည့်တော့် သူ့ကို ခင်မင်စိတ်နဲ့ ညဘက်မှာ ဥပုသ်စောင့်တည်ခဲ့ပါတယ် ဘုရား။ ညဘက် သတ်စရာလည်း မလိုတော့ ဒီနေရာမှာ သတ်စရာမလိုလို့ အမှုမဲ့ အမှတ်မဲ့ နေတာကို သီလကို စောင့်ထိန်းနေတာနဲ့ တူမလား (မတူပါဘူး အရှင်ဘုရား)။

သီလဆိုတာ စောင့်ထိန်းမှ ကုသိုလ်ဖြစ်တာ အဲဒါနဲ့ "အာမဘန္တေခံ" ၍ ညဘက်ကို သီလစောင့်ထိန်းခဲ့တဲ့ ကျေးလူးကြောင့် ညဘက်မှာ ယခုလို နတ်သမီးထစ်ထောင် ခြံရံနေတဲ့ ဒီမာန်ရှင် နတ်သားဖြစ်လာပြီး၊ နွေဘက်မှာတော့ မိမိရဲ့ အကုသိုလ်ကံကြောင့် ခွေးနက်ကြီးများ ဝိုင်းစားခံရတဲ့ ပြိတ္တာကြီး ဖြစ်ခဲ့ပါပြီ ဘုရား။

အတိတ်က မုဆိုးကြီးလုပ်ထားခဲ့တဲ့ အကုသိုလ်ကြောင့် ခွေးနက်စားခြင်း ခံရတာကိုကြည့်ရင် သံသရာတစ်ခွင်မှာ ခင်ဗျားတို့တွေဟာ အမှားများစွာ ရှိခဲ့၊ မရှိခဲ့ (ရှိခဲ့ပါတယ် ဘုရား)။ အမှန်တွေရော မပါဘူးလား (ပါပါတယ် ဘုရား)။ အခု ခင်ဗျားတို့ ဘာဘဝရလဲ (လူဘဝ ရပါတယ် ဘုရား)။ လူဘဝရတော့ ကုသိုလ်လား၊ အကုသိုလ်လား (ကုသိုလ်ပါ ဘုရား)။ ဒါပေမဲ့ အန္တရာယ်ကင်းရဲ့လား။ ဘေးရှင်းရဲ့လား ကိုယ်စိတ်နှစ်ပါး ချမ်းသာရဲ့လား။ နိဗ္ဗာန်စီးနင်းလုပ်တာ မခံရဘူးလား (ခံရပါတယ် အရှင်ဘုရား)။

မြန်မာနိုင်ငံမှာ အထက်ကနေ အောက်အထိ ဘယ်မြို့ ဘယ်ရွာမှ မသူတော်လက်က မလွတ်ဘူး ရှင်းလား။ ခင်ဗျားတို့ ဒုက္ခမျိုးစုံ ခံရ၊ မခံရ (ခံရပါတယ် ဘုရား)။ မိုးကုတ်မြို့မှာ နေတုန်းက တို့မြို့က ဆင်းရဲလိုက်တာ ဟိုအုပ်ချုပ်ရေးမှူး လာနှိပ်စက်၊ ဒီအုပ်ချုပ်ရေးမှူး လာနှိပ်စက်၊ ဟိုအင်ဂျင်နီယာ လာနှိပ်စက်၊ ဒီအင်ဂျင်နီယာ လာနှိပ်စက်လိုက်နဲ့ မိုးကုတ်မြို့မှာ ဒီဇယ်စက်ရုံနဲ့ လျှပ်စစ်ပေးတာ။ ဟိုတုန်းက ဒီဇယ်စက်ရုံက အလုပ်သမားတွေ ဒီဇယ်လည်း ခိုးရောင်းသေးတယ်။ အင်ဂျင်နီယာတွေနဲ့ ည ၆ နာရီ ည ၉ နာရီ မီးပေးတာ။ နာရီဝက် ခိုးပေးတော့ ဒီဇယ်အပိုထွက်တာကို ခိုးရောင်းသွားကြတယ်။ ဒါကို အဲဒီမှာ ၁၀ တန်းအောင်လို့ လုပ်ကားပေးထွားတော့ သိခဲ့ရတယ်။ ကိုယ့်တောင် ဝေစု လာပေးလို့

www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်နိုင်ပါကြီးပဲ ယူလိုက်ပါလို့၊ ကျွမ်းဝင် လာမပေးပါနဲ့လို့။ ဆက်အဆက်ဆက် လူယုတ်မာတွေရဲ့လက်က ယခုကော ဖြတ်ပြီလား၊ အဲဒါ အကြောင်းမကောင်းလို့ အကျိုးမကောင်း ဘာပါ ကျေနပ်လား။

ဥရောပနိုင်ငံ (၂၇)နိုင်ငံကို ဦးဇင်းတို့ သွားလည်တော့ နိုင်ငံတစ်နိုင်ငံကိုဝင် Immigration မှာ Passport ပြပြီး ဝင်ခွင့်ရသည်းက ပတ်ပြီးသွားတာ ရထားစီးစီး၊ ကားစီးစီး ဘာ မှ မစစ်ဆေးရင်းမှလည်း မတိုင်ရဘူး၊ ဘယ်သူမှ မေးတဲ့သူလည်း မရှိဘူး ဘာသန်းခေါင်စာရင်းမှလည်း မစစ်ဘူး၊ အေးလိုက် တာ။

အဲဒါနဲ့ အဲဒီက ဒကာတွေက ပြောတယ်၊ ဦးဇင်း Passport ကြီး လွှင့်ပစ်လိုက်တဲ့၊ ဘာလို့လဲလို့ မေးတော့ ဒါ တွေနေတဲ့တိုင်းပြည်တဲ့ သဘောပါသလား။ ငါ သီတယ်လို့ ဝင်းသည်း ငါ့ရဲ့တိုင်းပြည်ကို လူတွေနေတဲ့တိုင်းပြည်ဖြစ်ဖို့ ကြိုးစားနေတာလို့။ ဒါပေမဲ့ ကျွမ်းတစ်ယောက်တည်း ကြိုးစား လို့တော့ ရနိုင်ပါ့မလား (မရနိုင်ပါဘူး ဘုရား)။ ဘယ်သူတွေ ရမလဲ (အားလုံးပါမှ ရပါမယ် အရှင်ဘုရား)။ ဘယ်လို ကြိုးစားမလဲ (သီလ၊ သမာဓိ၊ ပညာနဲ့ ကြိုးစားရပါမယ် အရှင် ဘုရား)။ အကြောင်းမှန်မှ အကျိုးမှန်တာ သိပြီလား။ ဒါကို ဘယ်လိုလူကို မိတ်ကောင်းခေါ်ကြမလဲ၊ သူကိုယ်တိုင်လည်း သီလ၊ သမာဓိ၊ ပညာ ပြည့်စုံပြီး သူများကိုလည်း သီလ၊ သမာဓိ၊ ပညာ တိုးပွားဖို့ ပံ့ပိုးပေးနေသူကို မိတ်ဆွေကောင်း ခေါ်ရမယ် သိပြီနော်။

အဲဒီတော့ သီလပျက်တဲ့သူနဲ့ ပေါင်းမလား၊ သီလ ကောင်းတဲ့သူနဲ့ ပေါင်းမလား (သီလကောင်းတဲ့သူနဲ့ ပေါင်း ရမယ် အရှင်ဘုရား)။ ဒါဆိုရင် ခင်ဗျားတို့ ဒီးပွားဖြစ်ဖို့ မလွယ် သူနော် ခံနိုင်ပါ့မလား (ခံနိုင်ပါတယ် ဘုရား)။ အဆင်းရဲ ခံနိုင်ပါ့မလား (ခံနိုင်ပါတယ် အရှင်ဘုရား)။ ဥစ္စာဆင်းရဲမှာ ကြောက်ရလား၊ သီလဆင်းရဲမှာ ကြောက်ရမလား (သီလ ဆင်းရဲမှာကို ကြောက်ရမှာပါ ဘုရား)။ သေချာလား (သေချာ တယ် ဘုရား)။ ဘယ်သူ တရားပျက်ပျက် (ကိုယ်မပျက်စေ ချင် အရှင်ဘုရား)။

အခု လောကမှာ တရားစောင့်သူနဲ့ မစောင့်တဲ့သူ ဘယ်သူက များလဲ (မစောင့်တဲ့သူက များပါတယ် ဘုရား)။ ဒီဆိုရင် အပေါင်းအသင်း မရှိတဲ့သူ ဖြစ်တော့မယ်နော်၊ ရပါ့ မလား (ရပါတယ် ဘုရား)။ ကျေနပ်တယ်နော်။ ဒါဖြင့် ပါပ ရှိသူ မသူတော်နှင့် ပေါင်းမလား၊ သူတော်ကောင်းနဲ့ ပေါင်း မလား (သူတော်ကောင်းနဲ့ ပေါင်းမှာပါ အရှင်ဘုရား)။ သူတော်ကောင်းဆိုတာ ဘာလဲ၊ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံတဲ့ပုဂ္ဂိုလ် (၁) သည်းခံနိုင်ရမယ် (၂) ဆဘောထား ပြည့်ဝရမယ် (၃) အမြင်ကျယ်ရမယ်။ ဒါဖြင့် အဲဒီလူကို လိုက် ရှာလား၊ ကိုယ်ကိုယ်တိုင် ပြည့်စုံအောင် ကြိုးစားမလား (ကိုယ်ကိုယ်တိုင် ပြည့်စုံအောင် ကြိုးစားရပါမယ် ဘုရား၊ နံပါတ် (၁) သည်းခံနိုင်ရမယ်၊ (၂) သဘောထားကြီးရမယ် (၃) အမြင်ကျယ်ရပါမယ် ဘုရား)။

လောကခံ ဘယ်လိုပဲ ရှိက်ခတ်ပါစေ ကိုယ့်သီလ သမာဓိကို အပျက်မခံနိုင်တဲ့သူမှာ မိတ်ကောင်း၊ လောကခံ ဘယ်လိုရိုက်ရိုက် မိမိရဲ့သီလ အပျက်မခံ၊ သမာဓိ အပျက်မခံ၊ ပညာ အပျက်မခံဘူး၊ ဒါမှ သည်းခံနိုင်တဲ့ ပုဂ္ဂိုလ်။ (၂) သဘော ထားကြီးရမယ် (၃) အမြင်ကျယ်ရမယ်။ အဲဒီလိုဖြစ်ဖို့အတွက် သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ ကြည့်ရမယ်။ အသေမဦးခင် (ဉာဏ်ဦးရမှာပါ ဘုရား)။ အတိတ်တုန်းက ဉာဏ်နဲ့ နေခဲ့တာ လား၊ အဝိဇ္ဇာနဲ့ နေခဲ့တာလား (အဝိဇ္ဇာနဲ့ နေခဲ့တာပါ ဘုရား)။

အဝိဇ္ဇာဆိုတာ ဉာဏ်မရှိတော့ သံသရာမှာ သုခ ရောက်ခဲ့သလား၊ ဒုက္ခရခဲ့သလား (ဒုက္ခရခဲ့ပါတယ် ဘုရား)။ သံသရာဒုက္ခမျိုးစုံနဲ့ မကြုံခဲ့ရဘူးလား (ကြုံခဲ့ရပါတယ် ဘုရား)။ အခုတော့ ဒုက္ခက လွတ်ပြီလား (မလွတ်သေးပါ ဘုရား)။ ဒါဖြင့် ပညာနဲ့ ပေါင်းကြပါ။ သတိထား ဝိရိယစိုက် ပညာနှင့် ကြည့်၊ ဘယ်သူ့ကို ကြည့်မလဲ (ကိုယ့်ကိုယ်ကိုယ် အရင်ကြည့် ရမယ် ဘုရား)။ ဒါဆိုရင် ကိုယ့်ရဲ့သီလ၊ သမာဓိ၊ ပညာကို ပြည့်စုံမှု ရှိ၊ မရှိ အရင်ကြည့်ပါ။ ပြည့်စုံအောင် အားထုတ် နေရမယ်။ ဒါဆို တဏှာ၊ ဥပါဒါန်ရဲ့ အလိုကို လိုက်လုပ်စရာ (မလိုတော့ပါဘူး ဘုရား)။ အလိုမငဲ့လို့ သီလ၊ သမာဓိ လုံပြီဆိုရင် ဒီလို့ နောင်ခဲ့သမျှ ဒုက္ခတွေ ကြုံရဦးမလား (မကြုံရတော့ပါဘူး ဘုရား)။

အဲဒီတော့မှ မုဆိုးပြိတ္တာကြီးက အရှင်ဘုရား ဒီအကြောင်း လူတွေသိအောင် များများဟောပေးပါလို့ ခံတောင်းပန်တယ်။ ညတရားပွဲမှာ မြတ်စွာဘုရားကို အရှင် နရဒက လျှောက်တယ်။ 'အရှင်မြတ်ကြီးဘုရား ဒီလိုကိစ္စမျိုး တွေ ခံစားနေတာ တွေ့ခဲ့ရပါတယ်ဘုရား' လို့လျှောက်တော့ ဘုရားက ဓမ္မ- အဓမ္မ ဆိုတာ တူသောအကျိုး ပေးတယ်လို့ မရှိဘူး။ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်း တာလုပ်ရင် (မကောင်းကျိုးကိုသာလျှင် ပေးပါမယ် ဘုရား)။ ဓမ္မက ဓမ္မကောင်းကျိုးကို ပေး၊ မပေး (ပေးပါတယ် ဘုရား)။ အဓမ္မက မကောင်းကျိုးကို ပေး၊ မပေး (မကောင်းကျိုး ပေး ပါတယ် ဘုရား)။ ဘယ်အချိန် အကျိုးပေးမလဲ (အကြောင်း တိုက်ဆိုင်တဲ့အချိန် အကျိုးပေးပါ့မယ် ဘုရား)။

အဲဒီတော့ အဓမ္မတရားက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်သို့ ပို့၊ မပို့ (ပို့ပါတယ် ဘုရား)။ ဓမ္မတရားက တော့ လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာ ဘယ်နှတန်ပေး (သုံးတန်ပါ ဘုရား)။ ခင်ဗျားတို့ ဒီနေ့ရော မနေ့ကရော အလှူတွေ ပေး မပေး (ပေးပါတယ် ဘုရား)။ အဲဒါ လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ချင်လို့ ပေးတာလား (မဟုတ်ပါဘူး ဘုရား)။ လူနတ်ဖြစ် ရင် ခန္ဓာပါလာမယ်၊ ခန္ဓာပါလာရင် ဒီလိုအမှားတွေ ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

မှားလာနိုင်သေးတယ် မဟုတ်လား (မှန်ပါ ဘုရား)။ လူဘဝ မှာ အမှားတွေ ကြုံ၊ မကြုံ (ကြုံပါတယ် ဘုရား)။ နတ်ဘဝ မှာကော (ကြုံပါတယ် ဘုရား)။ ဒီတော့ လူချမ်းသာ၊ နတ်ချမ်းသာကို ယူမလား၊ နိဗ္ဗာန်ချမ်းသာကို ယူမလား (နိဗ္ဗာန်ချမ်းသာကို ယူပါ့မယ် ဘုရား)။

အဲဒါနဲ့ မြတ်စွာဘုရားက ဒီ(၃၁)ဘုံမှာ လည်နေသေးသရွေ့ အမှားဆိုတာ (တွေ့ရှိနေဦးမှာပါ ဘုရား)။ အဲဒီတော့ အမှားကင်းအောင် ကြိုးစားဖို့ လို၊ မလို (လိုအပ်ပါတယ် ဘုရား)။ အဲဒီတော့ အမှားကင်းအောင် ကာယကံအမှား၊ ဝစီကံအမှား၊ မနောကံအမှားတွေ ကင်းအောင် ကိုယ့်ကိုယ် ကိုယ် စောင့်ရှောက်ရမယ်။ ဒါဖြင့် ကလျာဏမိတ္တနဲ့ ပေါင်းမလား၊ ပါပမိတ္တနဲ့ ပေါင်းမလား (ကလျာဏမိတ္တနဲ့ ပေါင်းပါမယ် ဘုရား)။

ဒါဆို "မိတ်ဆွေကောင်းတို့ မည်သည်မှာ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံအောင် ထောက်ပံ့ပေးမှ မိတ်ဆွေကောင်း" ပါနော်။ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ မိတ်ဆွေကောင်း အမှန်ရအောင် သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ ကြည့်ရမယ်။ ဘယ်သူကို အရင်ကြည့်မလဲ (ကိုယ့်ကိုယ်ကိုယ် အရင်ကြည့်ရမှာပါ ဘုရား)။

ကိုယ့်ကိုယ်ကိုယ်ကြည့်ရင် ခန္ဓာဘယ်နှပါး (ငါးပါးပါ ဘုရား)။ ဘယ်အချိန်ကြည့်ကြည့် မြဲတာ တွေ့၊ မတွေ့ (မတွေ့ပါဘူး ဘုရား)။ ဒီဆို ခန္ဓာကြီးက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။ သိတဲ့ဉာဏ်က (မဂ္ဂသစ္စာပါ ဘုရား)။ မဂ္ဂသစ္စာသာ လာပြီဆိုရင် ဒီဘက်က လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌတွေ လာနိုင်ပါဦးမလား (မလာတော့ပါဘူး ဘုရား)။

လွဲမှားတဲ့ ပါပမိတ္တတွေ ပေါင်းစရာ လိုသေးလား (မလိုတော့ပါဘူး အရှင်ဘုရား)။ မိတ်တောင်း ဆွေကောင်းနဲ့ ပေါင်းမိပြီဆိုရင် သမုဒယသစ္စာ သေ၊ မသေ (သေပါတယ် ဘုရား)။ သမုဒယသေရင် နောင် ခန္ဓာ လာဦးမလား (မလာတော့ပါဘူး ဘုရား)။ နောင်ခန္ဓာမလာတာက (နိရောဓသစ္စာ) သစ္စာဘယ်နှချက်. ကိုက် (လေးချက်ကိုက်ပါတယ် အရှင်ဘုရား)။

ဤတဲ့သို့ သစ္စာလေးချက် တစ်ပြိုင်နက် ကိုက်မှသာ လျှင် သံသရာဝဋ်တွင်းက လွတ်ကင်းနိုင်မှာ ဖြစ်တဲ့အတွက် မမေ့မလျော့ မပျေ်ာဆသော သတိ၊ မလျော့သော ဇွဲလုံ့လကို လက်ကိုင်ထားလျက် ကလျာဏမိတ္တ ခေါ်တဲ့ မိတ်ဆွေကောင်းနဲ့ ပေါင်းနိုင်အောင် ကြိုးစားကြပါစို့။

သာဓု . . . သာဓု . . . သာဓု။

သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။

ဓမ္မဒါန

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်

ပြည်သရေခေတ္တရာ

မှသည်

ထုံးဘိုအကောက်တောင်

ဆီသို့

မင်းဂုဏ်

ဖြန့်ချိရေး - ယေျာမြေစာပေတိုက်

အမှတ်(၇၂၄)၊ အခန်း(၁၀)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁၇ x ၁၀)လမ်းကြား၊ လသာကြွယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၃၀

www.burmeseclassic.com

www.burmeseclassic.com

ခင်မြို့ဆန်း

ဝိဇ္ဇာသင်္ကြန်း

www.burmeseclassic.com

www.burmeseclassic.com

အင်တိုင်း ဘွိုယမြို့၌ မေဇ္ဈက သူဌေးကြီး၏ သားဖြစ်သော ဓနဥယ သူဌေးသည် ရှိ၏။

ထိုသူဌေး၏ သူဌေးကတော်မှာ သုမနဒေဝီ ဖြစ်၏။

ထိုသူဌေးကတော်ကြီး၏ သမီးမှာ ဝိသာခါ ဖြစ်ချေ၏။

ထိုဝိသာခါ ခုနစ်နှစ်သမီးအရွယ်တွင် မြတ်စွာဘုရားသည် ရဟန်းများစွာ ခြံရံလျက် ဤဘဒ္ဒိယမြို့သို့ ဒေသစာရီကြွချီတော်မူလာ၏။

ထိုအချိန် ထိုအခါက ဝိသာခါ၏ အဘိုးဖြစ်သော မေဇ္ဈကသူဌေးကြီးသည် ရှေးဘုန်း ရှေးကံ ကြီးမားသူ လေးယောက်၏ အကြီးအမှူးဖြစ်သည်။ ထိုသူများမှာ မေဇ္ဈကသူဌေး၏ သူဌေးကတော် စန္ဒပဒုမာ၊ သားကြီး ဓနဥယသူဌေး၊ ထိုဓနဥယသူဌေးကလေး၏ ဇနီး သုမနဒေဝီနှင့် အခိုင်းအစေ ပုဏ္ဏတို့ ဖြစ်သည်။

ရာဇဂြိုဟ်မြို့သို့ မြတ်စွာဘုရား ကြွတော်မူလာသောအခါ မေဇ္ဈက သူဌေးကြီးသည် မြေးမကလေး ဝိသာခါကို ခေါ်၍ ပြောသည်။

"ချစ်သမီး ဝိသာခါ၊ သင့်ကိုရောငါတို့ကိုပါ မင်္ဂလာဖြစ်ဖို့အတွက် အခြံအရံ သံတို့သမီး ငါးရာ၊ အခိုင်းအစေ ငါးရာတို့ကို ခေါ်ပြီး မြတ်စွာဘုရားကို ရထားစီးပြီး သွားရောက် ကြိုဆိုချေဖို့ပါ ချစ်သမီး"

"ကောင်းလှပါပြီ အဘိုး"

ဝိသာခါသည် ခုနစ်နှစ်သမီး မျှသာ ရှိသေးစေကာမူ မည်သည့်နေရာ အထိ ရထားစီးပြီး သွားသင့် သည်။ မည်သည့်နေရာတွင် မြတ်စွာဘုရားထံ ခြေဖြင့် သွားသင့်သည်ကို သိ၏။ ထိုသို့ သိသည့်အလျောက် သွားကာ မြတ်စွာဘုရားကို သင့်တင့်လျောက်ပတ်အပ် သော အရပ်မှ ရှိခိုးနေသည်။

ထိုတရားပွဲ၌ အဘိုးသူဌေးကြီးရော မြေးမကလေးပါ သောတာပန် တည်ခဲ့ကြသည်။

မေဇ္ဈကသူဌေး နေထိုင်သော အရပ်မှာ ဝိမွိသာရမင်း၏ ပိုင်နက်ဖြစ်သည်။ သူနှင့် နယ်နိမိတ်ချင်း စပ်နေသော သာဝတ္ထိမြေကို ကောသလမင်း အုပ်စိုးသည်။ ဝိမွိသာရမင်းနှင့် ကောသလမင်းသည် မောင်လည် နှမလည် တော်စပ်သော ဆွေမျိုးတွေ ဖြစ်ကြသည်။

တစ်နေ့သောအခါ ကောသလမင်းသည် မိမိ၏ စည်းစိမ်ကို စစ်ဆေးကြည့်မိသည်။ ထိုအခါ သာဝတ္ထိပြည်၏ ချွတ်ယွင်းချက်များ ပေါ်လာတော့သည်။

"ကြည့်စမ်း ကြည့်စမ်း ရာဇဂြိုဟ်ပြည်မှာ သူဌေးတွေ ပေါလိုက်တာ၊ ဇောတိကတဲ့၊ ဇဠိလတဲ့၊ ကာကောဏ္ဍသူဌေးတဲ့၊ မေဇ္ဈကသူဌေးတဲ့၊ ကာကဝလ္လိယတဲ့၊ ပုဏ္ဏတဲ့၊ ငါတို့ပင်းပြည်မှာ တစ်ယောက်မျှ မရှိပါကလား။ ရာဇဂြိုဟ် သွားပြီး တစ်ယောက်လောက် တောင်းရမှာ ကောင်းမှာပဲ"

ဤသို့ဖြင့် ကောသလမင်းသည် ရာဇဂြိုဟ်ပြည်သို့ ရောက်သွား၏။

အကြောင်းကိစ္စကို ဗိမွိသာရမင်းကြီးက မေးသောအခါ ကောသလမင်းက ပြောကြား၏။

"သူဌေးကြီး ငါးဦးလို ထင်ရှားကြီးကျယ်တဲ့ သူဌေးတစ်ယောက်လောက် ပေးပါ"

ဗိမွိသာရမင်းကြီး အခက်တွေ့တော့သည်။ မဟာပဏာဒမြေကြီးကိုသာ ရွှေ၍ လွယ်ကူကောင်း လွယ်ကူမည်။ သူဌေးကြီး တစ်ယောက်ယောက်ကို အရွှေ့အပြောင်းခိုင်းရန်ကား လွယ်ကူသော ကိစ္စ မဟုတ်ပေ။

ထို့ကြောင့် ဗိမွိသာရမင်းသည် အခြေမကျသေးသော သူဌေးငယ်တွေကို စဉ်းစားရာတွင် ဓနဥယသူဌေးကို စဉ်းစားမိသည်။

"မေဇ္ဈကသူဌေးရဲ့သား ဓနဥယ ဆိုတာတော့ ရှိတယ်၊ သူ့ကို ခေါ်ပြီး တိုက်တွန်းပေးမယ်"

ဗိမွိသာရမင်းသည် ကောသလမင်းကို နှစ်သိမ့်လွှတ်လိုက်ပြီးနောက် ဓနဥယသူဌေးကို ရှေ့တော်သို့ ခေါ်တော်မူသည်။

"ချစ်သား ဓနဥယသူဌေး၊ ကောသလမင်းကြီးဟာ သူ့ သာဝတ္ထိပြည်မှာ ချစ်သားတို့လို ချမ်းသာတဲ့ သူဌေး မရှိလို့ တစ်ယောက် ပေးပါတောင်းနေတယ်၊ ဒါကြောင့် ချစ်သား လိုက်သွားပါ"

သာဝတ္ထိပြည်တွင် ဇေတဝန်ကျောင်းတော် ဆောက်လုပ်ရန်အတွက် ဇေတမင်းသား၏ ဥယျာဉ်တော်ကို ဝယ်ယူရာတွင် မြေပြင်ပြည့်အောင် ငွေခွက် နှုတ်ခမ်းချင်းထိလျက် ဝယ်ယူနိုင်သော အနာထပိဏ်သူဌေး ရှိ၏။

ကောသလမင်းကြီးသည် ထို့မှ ချမ်းသာကြွယ်ဝသည်ကိုပင် ချမ်းသာကြွယ်ဝသည်ဟု မှတ်သောကြောင့်သာ ဗိမွိသာရမင်းထံ တောင်းခံခြင်း ဖြစ်၏။

ဓနဥယသူဌေးကလည်း . . .

"အရှင်မင်းကြီး လွှတ်ရင် သွားပါမယ်" ဟု ဝန်ခံသည်။

ထို့ကြောင့် ဗိမွိသာရမင်းကြီးသည် ဓနဥယသူဌေးကို ချီးမြှောက်ပူဇော်ပြီးမှ ပသေနဒိကောသလမင်း နောက်သို့ ထည့်လိုက်သည်။

ဓနဥယသူဌေးသည် ကောသလမင်း ခေါ်ဆောင်ရာသို့ လိုက်ပါလာရာ တစ်ညဉ့်အိပ်အပြီးတွင် ကောသလမင်းကို မေး၏။

"အရှင်မင်းကြီး၊ ဒီနေရာဟာ သာဝတ္ထိထဲ ရောက်ပြီလား"

"ရောက်ပြီ သူဌေး၊ သာဝတ္ထိဝိုင်းနက်ပဲ"

"သာဝတ္ထိမြို့နဲ့ ဘယ်လောက် ဝေးပါသလဲ ဘုရား"

"ခုနစ်ယူဇနာဝေးတယ် သူဌေး"

"ဒါဖြစ်ရင် ကျွန်တော်မျိုးနဲ့ ဒီမှာ အခြေချပါရစေ၊ သာဝတ္ထိရောက်အောင် လိုက်နေရင် မြို့ခံ လူသူ၊ ဆင်၊ မြင်းကျွဲ၊ နွားနဲ့ ကျွန်တော်မျိုးတို့ ဆင်၊ မြင်း

www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ နွား လူသူတွေ ပေါင်းလိုက်ရင် အမှတ်တည်းကုန်ကြပါလိမ့်မယ် ဘုရား"

"ကောင်းပြီ သူဌေး၊ သင်ကြိုက်ရာတွင် နေပေတော့"

ကောသလမင်း၏ ခွင့်ပြုချက်ဖြင့် ဓနဥယသူဌေးတည်ထောင်သော ထိုမြို့မှာ မိမိကိုယ်တိုင် နေရာယူသော ကြောင့် သာကေတဟု အမည်တွင်ခဲ့၏။

သာဝတ္ထိမြို့တွင် ကောသလမင်း ကြီးက သူဌေးဟု အသိအမှတ် မပြုသော သူဌေးများစွာ ရှိကြသည်။ ထို အထဲတွင် မိဂါရသူဌေးလည်း ပါဝင်ပေသည်။ ထိုမိဂါရသူဌေးတွင် သားတစ်ယောက်ရှိသည်။ အမှည်မှာ ပုဏ္ဏဝဍ္ဎန ဟူပေ၏။

ထိုပုဏ္ဏသည် အရွယ်ရောက်သောအခါ မိဘများက အမျိုးအနွယ် စည်ပင် ပြန့်ပွားစေရန် အိမ်ထောင် အပြုခိုင်းကြသည်။ ပုဏ္ဏက အိမ်ထောင် မပြုလိုပေ။

"ချစ်သား၊ ဤသို့ မပြုပါလင့်"

"ကောင်းပြီ ကောင်းခြင်းငါးဖြာ ပြည့်စုံတဲ့ မိန်းမဆိုရင် ယူမယ် မိခင်ဆင်တို့"

ထိုအခါ မိဂါရသူဌေးလင်မယား သည် ဗညာရှိ ပုဏ္ဏားများကို ပင့်ဖိတ် ကျွေးမွေးပြီး မေးမြန်းကြရ၏။

"အရှင်တို့၊ လောကမှာ ကောင်း ခြင်းငါးပါးနဲ့ ပြည့်စုံတဲ့ မိန်းမ ဆိုတာ ရှိသလား"

"ရှိတယ် သူဌေး"

"ရှိတယ်ဆိုရင် သိပါရစေ အရှင်တို့"

ထိုအခါ ပုဏ္ဏားတစ်ယောက်က "အကျဉ်းအားဖြင့်တော့ ဆဝပင် ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းတို့ ပါပဲ" ဟု ဖြေကြားသည်။ အသေးစိတ်ရှိပြီး အကြောင်းအမြင် မရှိသော မိဂါရသူဌေး မသိလိုက်လားလည်း။

"ဆရာတို့၊ ကောင်းခြင်းတစ်ပါး ကို အသေးစိတ်ထောင် ကန်တော့ပါ မယ်၊ အကျယ်မိန့်ကြားပါဦး"

သို့ဖြစ်သဖြင့် ပုဏ္ဏားကြီးတစ် ယောက်က စတင်ဖြေကြားသည်။

"ဆဝပင်၏ ကောင်းခြင်းဆိုရာမှာ ဘုန်းကံကြီးမားတဲ့ မိန်းမတွေရဲ့ ဆဝပင် ဟာ ဥဒေါင်းပြီးစည်းနှင့် တူကုန်သည် ဖြစ်၍ ဦးခေါင်းမှ ဖြေ၍ချလိုက်သည် ရှိသော် အဝတ်ထဘီ အစွန်းကိုထိလျက် အဖျား ကော့တက်ကာ တည်ကုန်၏၊ အဲဒါဟာ ဆဝပင်ရဲ့ ကောင်းခြင်းပါပဲ"

ဒုတိယ ပုဏ္ဏားက အသား၏ ကောင်းခြင်းကို မိန့်ကြားသည်မှာ ဤသို့ ဖြစ်၏။

"အသားရဲ့ ကောင်းခြင်းဆိုတာ ကတော့ သွားကို ဖုံးတဲ့ နှုတ်ခမ်းသား ဟာ ကိုးအာသီးမှည့်နှင့်တူစွာ နီမြန်း သော အဆင်းဖြင့် ပြည့်စုံသည်ဖြစ်၍ ညီညွတ်သည်၊ ကောင်းစွာထိသည်၊ စပ် သည်တဲ့၊ အဲဒါဟာ အသားရဲ့ ကောင်း ခြင်းပါပဲ"

"အရိုး၏ ကောင်းခြင်းဆိုရာမှာ သွားတွေဟာ ဖြူစင်တယ်၊ ညီညွတ် တယ်၊ မကဲ့ဘူး၊ စိုက်၍ထားအပ်သော ဝဇိရ စိန်ရတနာ အစီအတန်းကဲ့သို့ လည်းကောင်း၊ ကောင်းမွန်ညီညွတ်စွာ ဖြတ်အပ်သော ခရုသင်းအစီအတန်းကဲ့ သို့လည်းကောင်း တင့်တယ်၏၊ အဲဒါ ဟာ အရိုး၏ ကောင်းခြင်းပါပဲ"

စတုတ္ထ ပုဏ္ဏားက အရေ၏ ကောင်းခြင်းကို ပြောသည်။

"အရေ၏ ကောင်းခြင်း ဆိုတာ ကတော့ အသားညီတဲ့ မိန်းမရဲ့ အရေ အဆင်းဟာ ကသယ်မှုန့် စသည်တို့ဖြင့် မလိမ်းကဲ့ဘဲသာလျှင် ပင်ကို ညက် ညောတယ်၊ ပြေပြစ်တယ်၊ ကြာညိုပန်း ဆိုင်းနဲ့ တူတယ်။

အသားဖြူသော မိန်းမ၏ အရေအဆင်းသည် မဟာလှေကား ပန်း ဆိုင်းနှင့်တူ၏၊ အဲဒါကတော့ အရေ၏ ကောင်းခြင်း ဖြစ်ပေတယ်"

အရွယ်၏ ကောင်းခြင်းဟူသည် တို့ ပဥ္စမမြောက်ပုဏ္ဏားက ဤသို့ ရှင်း လင်းပြသည်။

"ဆယ်ကြိမ်တိုင်အောင် သား သမီးဖွားခြင်ပြီးသော်လည်း စင်စစ်အားဖြင့် တစ်ကြိမ်သာ သားဖွားသော မိန်းမ ကဲ့သို့ ထင်ရသည်၊ အရွယ်ကွေကွင်း ဆုတ်ယုတ်ခြင်း မရှိ"

ဤသို့ဖြင့် မိဂါရသူဌေး ဇနီး မောင်နှံတို့သည် သားအတွက် သတို့ သမီး ရှာဖွေပေးရန် ပုဏ္ဏားများလက်သို့ တစ်သိန်းတန်ရွှေကုံးကို အပ်နှင်းလိုက် သည်။ ထို့ပြင် သတို့သမီး အရှာထွက် စဉ် ခရီးတစ်လျှောက် ချက်ပြုတ် စား သောက်ရန်လည်း စီမံပေးလိုက်၏။

ပုဏ္ဏားများသည် လူကုံထံ သူဌေးသူကြွယ်များရှိသည့် မြို့ကြီးများ တွင်သာ သွားလာဝင်ထွက်ပြီး ကောင်း ခြင်းငါးဖြာဖြင့် ပြည့်စုံသော အမျိုးသမီး ကို ရှာဖွေကြရာ မတွေ့ပေ။

ပုဏ္ဏားများသည် နှစ်ဖြင့် ခြိုးခြံကြာညောင်းအောင်ခရီးသွား၏။ တစ်မြို့ ဝင် တစ်မြို့ထွက်ဖြင့် လာခဲ့ကြရာ မြို့ကြီးတွေ နှံ့သဖြင့် မြို့လတ် မြို့ငယ် များသာ ကျန်တော့သည်။ ပုဏ္ဏားများ သည် ဤမြို့ကလေးပြီးလျှင် ပြန်တော့ မည် သတ်မှတ်လျက် သာကေတမြို့သို့ ရောက်လာကြလေ၏။

ထိုအချိန် အခါက သာကေတ မြို့၌ ဝိဝဒနကွတ်သဘင်ပွဲ ကျင်းပနေ ချိန်ဖြစ်သည်။ ထိုအခါ ပြင်ပသို့ သွား လာလေ့ မရှိသော အမျိုးသား၊ အမျိုး သမီးတို့သည်လည်း အဖြဲအရံနှင့်တကွ နေအိမ်မှ ထွက်၍ မကွယ်မဝှက်သော ကိုယ်ဖြင့် မြစ်ကမ်းနားသို့ ခြေကျင်သွား ကြကုန်၏။

ထိုမြို့၌ ခတ္တိယ မဟာသာလ စသည်တို့၏ သားယောကျ်ားများသည် လည်း မိမိတို့နှင့် အနိုင်အနွယ်တူမျှသော နှစ်သက်ဖွယ်ကောင်းသော သတို့သမီး ကို မြင်လျှင် ပန်းကုံးဖြင့် ပစ်ရန် ပန်းကုံး စွပ်ရန် ကြံလျက် လမ်းသလားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ မိဂါရသူဌေး၏ ပုဏ္ဏားများသည် မြစ်ဆိပ်သို့ သွားသော လမ်းဘေးရှိ ဇရပ်တစ်ဆောင်သို့ ဝင်ရောက် နားနေကြ၏။

သို့စင်တွင် ဝိသာခါသည် အမျိုးသမီးငါးရာ ခြံရံလျက် မြစ်ဆိပ်သို့ ဆင်းလာ၏။ ထိုအခါ အခါမဲ့ဝိုးသည် ရုတ်တရက်ရွာချ၏။

ဝိသာခါ၏ အခြံအရံ မိန်းကလေးများမှာ မိုးမစိုစေရန် ဇရပ်ထဲသို့ ပြေးဝင်ကြ၏။

ဝိသာခါကား ဣန္ဒြေအပျက်ခံပြီး မပြေးပေ။ ထို့အတွက် ဇရပ်ထဲသို့ ရောက်ချိန်တွင် ရွှဲရွှဲစိုနေပြီ။

မိဂါရသူဌေး၏ ပုဏ္ဏားများသည် ဝိသာခါကို ကောင်းခြင်း လေးဖြာဖြင့် ပြည့်စုံသော မိန်းမအဖြစ် မြင်ကြရ၏။ တစ်ပါး ကျန်နေသဖြင့် အချင်းချင်း ပြက်ရယ်မြူသည်။

"ငါတို့သမီးကတော့ ပျင်းရိတဲ့ သဘောရှိသကွ၊ ဒီသတို့သမီးရဲ့ အရှင်ဟာ ပအုန်းရည်တောင် စားရမှာ မဟုတ်ရှာဘူး"

"ပုဏ္ဏားကြီးတို့၊ အဲဒီစကားက ဘယ်သူ့ပြောနေတာတုံး"

"ချစ်သမီး၊ သင့်ကို ငါတို့ ပြောနေကြတာပဲ၊ မယ်မင်းနဲ့ အဖော်မိန်းကလေးတွေလာတယ်၊ မြန်းခနဲ မိုးရွာချလို့ ပြေးဝင်ကြတယ်၊ ဘယ်သူမှ မစိုဘူး၊ မယ်မင်းသာ အပျင်းကြီးပြီး ကျန်နေခဲ့တော"

ထိုအခါ ဝိသာခါက သာယာသော အသံကလေးဖြင့် ပြောသည်။

"ဖခင်တို့ ဤသို့သော စကားကို မဆိုကြပါကုန်လင့်၊ ကျွန်မသည် ဤမိန်းမတို့ထက် လွန်စွာကြီးသောခွန်အား ဗလ ရှိပါသည်၊ (ဝိသာခါသည် ဆင်ပြောင်ဆယ်ဦး၏အားဖြင့် ပြည့်စုံသည်ကို၊)စင်စစ်သော်ကား အကြောင်းကို မှတ်သားပြီး ပြေးမလာတာပါ"

"ချစ်သမီး အဘယ်အကြောင်းကိုနည်း"

"ဖခင်တို့ လေးယောက်ကုန်သော သူတို့သည် လျင်မြန်စွာ ပြေးသွားကြသည်ရှိသော် မတင့်တယ်ကြပါကုန်"

"ချစ်သမီး လျင်မြန်စွာ ပြေးသွားသဖြင့် မတင့်တယ်သည့် လေးယောက်ကုန်သော သူတို့သည် အဘယ်သူတို့နည်း"

ပုဏ္ဏားများ၏ အမေးကို ဝိသာခါသတို့သမီး ဖြေကြားပုံမှာ ဤသို့ ဖြစ်ပေသည်။

"ဖခင်တို့ အဘိသိက်သွန်းပြီးသောမင်းသည် အလုံးစုံသော မင်းမြောက်တန်ဆာ ငါးပါး ဆင်ယင်လျက် ခါးတောင်းအောက်ပိုး ကျိုက်ခြင်းကို ပြုလျက် မင်းရင်ပြင်၌ လျင်မြန်စွာ သွားသည်ရှိသော် မတင့်တယ်ပါ၊ အသို့နည်း၊ ဤမင်းသည် လယ်လုပ်ကုန်သွယ် အသက်မွေးသော သူကြွယ်ကဲ့သို့ လျင်စွာပြေးသွားသည်ဟု သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းကို ခံရာရောက်ပေ၏၊ ထို့ကြောင့် ဖြည်းဖြည်းသာသာ သွားမှသာလျှင် တင့်တယ်လှပါသည်"

ပုဏ္ဏားများသည် ပညာသတော်နှင့် စပ်နွယ်သော ဝိသာခါ၏ စကားကို မငြင်းပယ်နိုင်ကြချေ။

"ဖခင်တို့ မင်း၏ မင်္ဂလာရှိသော ဆင်ရထားသည်လည်း တန်ဆာဆင်ခြင်းရှိသည် ဖြစ်လျက် လျင်မြန်စွာသွားသည်ရှိသော် မတင့်တယ်ပါ၊ ဆင်မင်းတို့၏ တင့်တယ်စေပယ်ခြင်းဖြင့် သွားမှသာလျှင် တင့်တယ်ပါသည်"

"ဟုတ်ပေတာပဲ မှန်တာပဲ"

ပုဏ္ဏားကြီးတွေ ခေါင်း တညိတ်ညိတ်ဖြစ်နေကြစဉ် ဝိသာခါက ဆက်လက်ပြီး ရှင်းပြပြန်၏။

"ရဟန်းတော် အရှင်မြတ်သည်လည်း လျင်မြန်စွာသွားသည်ရှိသော် မတင့်တယ်ပါ၊ အသို့နည်း။ ဤရဟန်းသည် လူကဲ့သို့ လျင်မြန်စွာ ပေးသွား

ဘီသည်ဟူ သက်သက်ကဲ့ရဲ့ခြင်းကို ခံရပေ၏၊ ငြိမ်သက်တည်ကြည်စွာ သွားခြင်းဖြင့် သွားမှသာလျှင် တင့်တယ်ပါသည်"

ဝိသာခါပြောသည်မှာ လေးဦးဖြစ်သည်။ ယခု တစ်ဦးကျန်နေသေးသည်။

"မိန်းမတို့သည်လည်း လျင်မြန်စွာ သွားကုန်သည်ရှိသော် မတင့်တယ်ကြပါကုန်၊ အသို့နည်း၊ ဤမိန်းမသည် ယောကျ်ားကဲ့သို့ လျင်မြန်စွာ ပြေးသွားလေသည်ဟု သူတစ်ပါးတို့ ကဲ့ရဲ့အစ်သည်သာတည်း၊ ဤ လေးယောက်သော သူတို့သည် လျင်မြန်စွာ သွားကြသည်ရှိသော် မတင့်တယ်ကြပါကုန်"

(ဆက်ရန်)

ဆင်ပြုကျွန်းအောင်သိန်း

❑

www.burmeseclassic.com

www.burmeseclassic.com

အယူဝါဒဆိုးများကို ပညာဖြင့်ပယ်ဖျက်ခဲ့သော ဗောဓိရဿေ့

လွှာဝဝဟူသည် ရှေးကုသိုလ် အခါရကြောင့် ရခဲ့ကြပါ၏။ လွှာဝဝရသူတိုင်း ကုသိုလ်၊ အကုသိုလ်ဟူသည့် အကြောင်းတရားမှ ကဲဖြစ်ရ၏။ အကုသိုလ်အမှု ပြုသူတို့သည် မြူပ်မျော ခေါ်အပါယ်သံသရာသို့ ရောက်ရ၍ လွှာဝ ပြန်ရဖို့ အတော်ခဲယဉ်းသွားပါ၏။

ဒါကြောင့်လည်း မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကို စင်ကြယ်စွာထားရန် ဘုရားတိုင်း မှာကြားထားပါသည်။

လွှာဝရခိုက် ဥစ္စာစွမ်းအားနှင့် ညာစွမ်းအားရှိမှ လူဖြစ်ကျိုးနပ်ပါ၏။ ညာသည် လွှာဝအတွက် အေးငြိမ်းခွင့်သာခြင်းကို ရရှိစေပါသည်။

ပညာကို တတ်သိနားလည်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အကြောင်းတရားကို သိခြင်းဟု ဖွင့်ဆိုထားပါသည်။

"ပညာသမာ အာဘာ နတ္ထိ" လောကၠ ပညာအလင်းရောင်လောက် ထွန်းလင်းတာ ဘာမျှမရှိ။ ပညာမရှိသူသည် မည်သည့်အလုပ်မျှ ဦးမဆောင်နိုင်၊ "ကဲ့မွဲ့ ညက်မွဲ့၊ မလုံမလ၊ နတ်မ,မဘူး" ဟု ဆိုထားပါသည်။

"ဒီဃောဘလာနံ သံသာရော၊ သဗ္ဗမ်ဴအဝိဇာနတံ" သူတော်ကောင်းတရားကို မသိသော လူမိုက်တို့၏ သံသရာသည် ရှည်လျားလှပါ၏။ လူမိုက်သည် မိမိကိုယ်မိမိ လူမိုက်မှန်းသိလျှင် ပညာရှိဖြစ်နိုင်သေး၏။ ငါသာ တကယ့်ပညာရှိလို့ ထင်ရင်တော့ တကယ့်လူမိုက်သာ ဖြစ်ပါသည်။

✿

သဗ္ဗညုဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သူတစ်ပါး၏ အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးတော်မူခဲ့ခြင်းအား အကြောင်းပြုလျက် အောက်ပါ အတိတ်ဇာတ်ကို ဟောထားခဲ့ပါသည်။

ရှေးက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ကာသိတိုင်းမှ ဗောဓိသတ္တိသားသည် တက္ကသိုလ်ပညာများ ဆည်းပူးခဲ့ပြီး လောကကို ငြီးငွေ့ခဲ့ပါ၏။ စည်းစိမ်ဥစ္စာ၊ ကာမဂုဏ်အာရုံများကို စွန့်လွှတ်ပြီး တိမဝန္တာသို့ တောထွက်၍ ရရှိသမျှနှင့် မျှတနေထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com

ကျင့်ကြံအားထုတ်မှုဖြင့် ဈာန်အဘိညာဉ် ရရှိခဲ့ပါသည်။

မိုးတွင်း၌ တရားစာသိသို့ ဒေသစာရီ လှည့်ခဲ့ပါ၏။ ဣန္ဒြေပြိမ်သက်ခြင်းအပေါ် ကြည်ညြိသော မင်းကြီးသည် ဥယျာဉ်တော်သို့ ပင့်ဖိတ်လျက် ကျောင်းဆောက်လှူဝါန်းခြင်း၊ လိုအပ်သည်များ လှူခြင်းကို ပြုခဲ့ပါ၏။ မင်းကြီးအား တရားဟောရင်း ဆရာဒကာ ညီညွတ်လျက် (၁၂)နှစ်တိုင် ကြာခဲ့ပါသည်။

ထိုစဉ်က မင်းကြီး၏ အမတ်ငါးယောက်သည် တရားသူကြီးများ အဖြစ် တာဝန်ယူလျက် ပြည်သူများထံမှ တစ်စိုးလက်ဆောင်များ အဓမ္မယူကာ မမှန်မကန် ဆုံးဖြတ်ခဲ့ကြပါ၏။ မင်းကြီးကိုလည်း ပညာရှိဂိုဏ်ဖမ်း၍ ဆုံးမခဲ့ကြပါသည်။

သူတို့ရဲ့ အယူဝါဒများကို လေ့လာကြည့်ရာ တစ်ဦးက သတ္တဝါတို့အား အကြောင်းမရှိဘဲ သံသရာစင်ကြယ်၏ ဆိုတဲ့ "အဟေတုကဝါဒ"။ တစ်ဦးက ပြဟ္မာ၊ ဗိဿနိုး စတဲ့ ဖန်ဆင်းရှင်ဝါဒ "ဣဿရကရဏဝါဒ"။ တစ်ဦးက သတ္တဝါတို့ ချမ်းသာခြင်းသည် ရှေးကံကြောင့်ဟု ဆိုတဲ့ "ပုဗ္ဗေကတဝါဒ"။ တစ်ဦးက ပစ္စုပ္ပန်မှ တမလွန်သို့ သွားသောသူဟူ၍ မရှိ၊ သေရင် ပြီးပြီဆိုတဲ့ "ဥစ္ဆေဒဝါဒ" နှင့် တစ်ဦးက မိဘကို သတ်၍ ဗိမိအလိုဆန္ဒကိုသာ ပြုအပ်၏ ဆိုသည့် "ခတ္တဗိဇဝါဒ" များကို စွဲကိုင်လျက် အမှုအခင်းများကို ကိုယ်ကျိုးကြည့် ဝါဒဖြင့် အမှန်၊ အမှားထက် ငွေရရင်ပြီးရောဟု သဘောထားကာ ကြိုက်သလို ဘက်လိုက် ဆုံးဖြတ်ကြပါ၏။ ကုသိုလ်၊ အကုသိုလ်ကို သူတို့ နားမလည်၊ သူခိုး ဓားပြများသဖွယ်။

တိုင်းသားပြည်သူတို့ ဆူပူကြသဖြင့် မင်းကြီးသည် ဒေဝဓိရသေ့ကို တောင်းပန်လျက်၊ တရားစီရင်စေရာ ပြည်သူအများ စိတ်ချမ်းသာခဲ့ကြပါသည်။ အမတ်တို့ လာဘ်လာဘ တစိုးလက်ဆောင်များ မရရှိကြတော့သော အခါ လောဘမှ ဒေါသသို့ ကူးကာ ဘေဓိရသေ့အား ဖယ်ရှားပစ်နိုင်ရန် တိုင်ပင်ကြပါ၏။

"အရှင်မင်းကြီး၊ ဘေဓိရသေ့ဟာ အရှင်မင်းကြီးရဲ့ အကျိုးမဲ့များကိုသာ ဆောင်ရွက်နေပါတယ်၊ ပြည်သူတွေကို စည်းရုံးလျက် တစ်ပြိုင်လုံးကို မိမိလက်နက် နိုင်ငံပြုကာ အရှင်၏နိုင်ငံအား အုပ်ချုပ်နိုင်ရန် စီစဉ်နေသူသာ ဖြစ်ပါတယ်"

စသဖြင့် အမျိုးမျိုး ကုန်းချောချောက်တွန်းခဲ့ကြပါသည်။

ဉာဏ်နည်းသော မင်းကြီးသည် သံသယဖြစ် အထင်အမြင်လွဲကာ ရသေ့အား ကိုးကွယ်ယုံကြည်မှု လျော့ချခဲ့ပါ၏။ ပညာရှိရသေ့သည် အကြောင်းစုံသိရှိနားလည်၍ မင်းကြီးထံ ဆွမ်းအလှူ မခံတော့ဘဲ ဥယျာဉ်ကျောင်းသို့ ပြန်ခဲ့ပါသည်။

အမတ်တို့၏ မနာလိုဝန်တိုမှုများကို ယုံကြည်ပြီး ထီးနန်းအလုခံရမှာစိုးတဲ့ မင်းကြီးသည် ရသေ့အား ဆက်ခဲရန် တာဝန်ပေးခဲ့ပေမယ့် ရသေ့ရဲ့ ပညာတန်ခိုးအရ ခွေးတစ်ကောင်၏ ကယ်တင်မှုဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ပါသည်။

မင်းကြီးသည် အမှားကိုသိရှိပြီး ရသေ့အား ဝန်ခံ တောင်းပန်ခဲ့ပါ၏။ ဆက်လက်သီတင်းသုံးရန်လည်းလျှောက်ထား တောင်းပန်ခဲ့ပါသည်။

"အရှင်မင်းကြီး၊ အသင် လှူသော ဆွမ်းသည် ပထမ အဖြူရောင်ပါ၊ နောက်တော့ ကြောင်ကျားလာခဲ့ပါ၏၊ ယခု အနီရောင်အဆင့်သို့ ရောက်ခဲ့သလို အသင် ငါ့အတွက် ခင်းအပ်သော နေရာဟာလည်း ပထမ ထီးဖြူအောက် ရာဇပလ္လင်မှ ပြင်ပထိ ရောက်ခဲ့ပါပြီ၊ နောက်ဆုံး ငါလည်ပင်းကို ကိုင်မထုတ်သေးမီ ငါ ထွက်ခွာပါအံ့"

အရှင်မင်းကြီး၊ ရေမရှိ ခန်းခြောက်နေတဲ့ ရေတွင်းအား မမှိတ်အပ်၊ မိမိအကျိုးငှဖွားကို လိုလားခြင်းကပ်လာသူအား မှိတ်အပ်၏၊ တစ်ဦးနှင့်တစ်ဦး အလွန်ပေါင်းဖော်ခြင်း။ မပေါင်းဖော်ခြင်းနှင့် မလျောက်ပတ်သော ဥစ္စာကို တောင်းခံခြင်းများသည် အဆွေခင်ပွန်း ဘဝကို ပျက်စီးစေပါသည်၊ မင်းကြီးအား ငါခွင့်လွှတ်ပါ၏။ နောင်တွင် သတိတရား လက်ကိုင်ထား၍ ဓမ္မေမလျော့ မပေါ့မဆ နေရန်ပါ"

ဟု ဆုံးမပြီး ဟိမဝန္တာသို့ ပြန်ကြွခဲ့ပါသည်။

ဘေဓိရသေ့မရှိသည်နှင့် အမတ်ငါးဦးတို့ မမှန်မကန် လာဘ်လာဘများ ရှာကြံလျက် တိုင်းပြည်ကို ဖျက်ဆီးခဲ့ကြပါပြီ။

မိဖုရားကြီးကိုလည်း ရသေ့နှင့် စွပ်စွဲ ကုန်းချောလျက် သတ်ပစ်ခဲ့ကြပါ၏။ မယ်တော် မတရားအသတ်ခံရ၍ သားတော် လေးပါးကလည်း မင်းကြီးအား လက်စားချေမည်ဟု ပြင်ဆင်နေကြသလို အမတ်ငါးဦး၏ လုပ်ရပ်များကြောင့် တိုင်းပြည်ပျက်တော့မယ့် အခြေအနေကို သိသော ဘေဓိရသေ့သည် ဥယျာဉ်ကျောင်းသို့ ပြန်လည်ရောက်ရှိလာပါသည်။ ရသေ့သည် မင်းကြီးနှင့် အမတ်တို့အား အနေမစိုက်ဘဲ မျောတရေနှင့် မျောက်ပည်တော်ကို ဥပမာတင်စား၍ ပရိယာယ်ဖြင့် မျောက်ရေကိုသာ သုံးသပ်နေပါသည်။

"အသင်တို့၊ ငါသည် မျောက်၏ ကျောကုန်း၌ ခိုစီး၏။ မျောက်ခပ်ပေးတဲ့ ရေကို သောက်၏၊ အားနည်းပါက မျောက်သားကို စား၏၊ မျောက်ရေတို့ အခစ်းပြု၏၊ ငါ့ရဲ့ သန့်ရှင်းနေမှုတို့လည်း မျောက်က လုပ်ပေးခဲ့သဖြင့် မျောက်ရဲ့ကျေးဇူး ကြီးမားပါ၏"

အမတ်တို့၏ အယူဝါဒဆိုးများကို ချေဖျက်ရန် တမင်တကာ အမှားကြားအောင် ပြောခဲ့ပါသည်။

အမတ်တို့သည် ဟားတိုက်ရယ်ကြလျက် . . .

"ဤရသေ့သည် ကျေးဇူးရှင် မျောက်ကိုသတ်၍ အသားကို စားထား

www.burmeseclassic.com

www.burmeseclassic.com

အရေကိုယူဘိ၏" ဟု ပြက်ရယ်ပြုခဲ့ကြသည်။

တောမိရသေ့သည် အဟေတုက အယူရှိ အမတ်အား . . .

"အို. . . အမတ်အမျိုး ခြောက်ဆယ်တွင် တစ်ပါးသောအမျိုး၌ ဖြစ်ရခြင်းဖြင့် လည်းကောင်း၊ သဘောအားဖြင့် လည်းကောင်း၊ ဆင်းရဲ၊ ချမ်းသာခြင်း ဖြစ်ပြီး အလိုမရှိဘဲ ကောင်းမှု၊ ကောင်းမှုများ ပြုရ၏။

အကြောင်း မရှိဘဲ သတ္တဝါတို့ ဆင်းရဲချမ်းသာ ခံစားရ၏ ဟူသည် သင်၏ အယူဝါဒအရ ဆိုပါက ငါသည် သူတော်ကို သတ်ကောင်း၏၊ ငါ့ကို ကြဲခဲ့သင့်"

ဟု အယူမှားအမတ်အား နှိပ်ချုပ်လျက် ပညာဉာဏ် ကင်းမဲ့သော ဖြစ်ကိုပြကာ ဘာမျှ မတုံ့ပြန်နိုင်အောင် ချိုးဖဲ့ဖျက်ဆီးနိုင်ခဲ့ပါသည်။

ဣဿရကရဏ အယူဝါဒရှိ အမတ်အား. . .

"အို. . . အမတ် သတ္တဝါတို့၏ သေတ်မွေးခြင်း၊ တန်ခိုးနဲ့ပြည့်စုံခြင်း၊ ဖြစ်ခြင်း၊ ကောင်းမှု၊ မကောင်းမှုများဟု အကယ်၍ ငြဟ္မာ၊ ဗိဿနိုး၊ အစိုးရသော သူတို့က ဖန်ဆင်းစီရင်သည်ဖြစ်ခဲ့ ထိုမကောင်းမှု ကျူးလွန်သူသည် ကောင်းဖွဖြင့် မလိမ်းကျံဘဲ ဖန်ဆင်းဖြားသည်သာ လိမ်းကျံပါတကား"

ပုဒ္ဓေကတ ဝါဒရှိ အမတ်အား-

"အို . . . အမတ် နှေးဘဝက ပြုခဲ့သောက်ကြောင့်သာလျှင် သတ္တဝါသည် ဆင်းရဲခြင်း၊ ချမ်းသာခြင်းသို့ အကယ်၍ ရောက်ခဲ့ကြားဟုံ၊ နှေးဘဝက ကောင်းမှုပြုခဲ့ပြီးသော သတ္တဝါသည် ဘဝ၌ ထိုပြုခဲ့ပြီးသော အကုသိုလ် ကောင်းမှု အကယ်၍ လွတ်ကြားဟုံ၊ ထိုသူ လွတ်သလို ငါအားလည်း ဤကောင်းမှု လွတ်ရာ၏၊ လောကမှာ အကယ်သူသည် မကောင်းမှုဖြင့် လိမ်းကျံသည်နည်း"

ဥဒ္ဓေဒဝါဒအယူရှိ အမတ်အား-

"အို. . . အမတ် သတ္တဝါဟူသမျှ ယခုပစ္စုပ္ပန်ဘဝ၌သာ အသက်ရှင်၏၊ တမလွန်ဘဝသို့ပြောင်းသော် ဤပစ္စုပ္ပန်ဘဝသို့ မလာတော့ဘဲ တမလွန်မှာပင် ပျက်စီးရ၏ဟု သင်ဆို၏၊ လောက၌ ရှိသော လူပိုက်နဲ့ ပညာရှိ တို့သည် တမလွန်ဘဝသို့ မပြောင်းဘဲ ဤဘဝမှာပင် ပြတ်၏ဟု သင်ဆိုပြန်၏၊ ထိုသို့ ဖြစ်လျှင် ဤလောကဌ အဘယ်သူအား မကောင်းမှုများဖြင့် လိမ်းကျံမည်နည်း"

ခေတ္တဝိဇ အယူဝါဒ အမတ်အား . . .

"အို . . . အမတ် သင်သည် အလိုရှိလျှင် အမြစ်နှင့်တကွ နုတ်ရာ၏၊ မိဘမျိုးစေ့ကိုပင် ဖျက်ဆီးအပ်၏ဟု ဆိုခဲ့၏၊ အဆွေခင်ပွန်းကို ပြစ်မှားသောသူသည် ယုတ်မာလှပါ၏၊ အရိပ်နေ၍ အရိပ်၌အိပ်သူသည် သစ်ပင်၏အရွက်ကိုပင် မချိုး၊ မဖျက်ဆီးရာ၊ သင့်အယူဝါဒအရ မိဘတို့ကိုသတ်သင့်၏ဟု ဆိုထား၏၊ အမိ၊ အဖ၊ အစ်ကို၊ ညီ၊ သား၊ မယား စသည်များကိုလည်း သတ်ကုန်ရာ၏"

ဟူ၍ မိစ္ဆာအယူဝါဒရှိ အမတ်မိုက် ငါးယောက်အား မျောက်ဥပမာဖြင့် ဘာတစ်ခုမျှ ပြန်လည်ချေပနိုင်ခြင်း မရှိဘဲ အချက်ကျကျ နှိပ်ကွပ် ချိုးဖဲ့ဖျက်ဆီးနိုင်ခဲ့ပါသည်။

"အရှင်မင်းကြီး၊ ဆင်သည် နိုင်ငံတော်ကို ဖျက်ဆီးနေတဲ့ သူဋ္ဌေးကြီး ငါးဦးအား ချိုးမြောက်ထားခဲ့သလို သူတို့နဲ့ ပေါင်းဖော်မိဝံခဲ့တဲ့အတွက် ယခုရော၊ နောင်ပါ ကြီးစွာဆင်းရဲခြင်းသို့ ရောက်ခဲ့ကြရပါတယ်၊ မင်းကြီး ပညာမရှိဘဲ ပညာရှိဟု ထင်ကြသူတို့ဟာ လူယုတ်လူမိုက်အစစ်သာ ဖြစ်တယ်၊ လူမိုက်ဟာ မကောင်းမှုများကိုကိုယ်တိုင်ပြုလုပ်သလို သူတစ်ပါးကိုလည်း ပြုလုပ်စေသဖြင့် ပြည်သူများ အလွန်ဆင်းရဲရုပန်ခြင်း စတဲ့ မကောင်းကျိုးများ ရကြရတယ်။

မင်းကြီး. . . လောကဌ ဉာဏ် မယှဉ်တဲ့ ဝိရိယအကျိုးနှင့် ကောင်းမှုက၊ မကောင်းမှုက် အကျိုးတို့ ရှိကုန်၏၊ မျိုးကောင်းတဲ့ သရက်ပင်မှ အသီးစိမ်းကို ဆွတ်သူသည် အသီးရဲ့ အရသာကို မစားရသလို မျိုးစေ့လည်း ပျက်ရ၏၊ အဂတိလိုက်၍ စီရင်ဆုံးမသော မင်းတို့ဟူသည် ထိုနိုင်ငံ၏ အရသာကိုမစားရ၊ တိုင်းနိုင်ငံ ပျက်ရ၏၊ အဂတိလိုက်စားတဲ့မင်း၏ ဆုံးမစီရင်ခြင်းသည် အလုံးစုံသော အမြစ် အသီး အပွင့် စတဲ့ဆေးတို့နှင့်လည်း ဆန့်ကျင်၏။

သူဌေး၊ သူကြွယ်၊ ကုန်သည်များကို ညှဉ်းဆဲက တိုင်းပြည်အခွန်မရသလို စစ်ရဲဝိုလ် သူရဲကောင်းများနှင့် ဝန်ကြီး၊ အမတ်များကိုလည်း မညှဉ်းဆဲအပ်။

တရားမရှိဘဲ အုပ်စိုးသော်မင်းသည် အခြေခံပြည်သူများအား ညှဉ်းဆဲသလို သူတော်ကောင်းများကိုလည်း ညှဉ်းဆဲ၏၊ ရေမြေ အစိုးရသောမင်းသည် ရန်သူတို့အား မင်း၏တန်ခိုးဖြင့် ထိတ်လန့် တုန်လှုပ်အပ်၏၊ မဟုတ်မတရား ကုန်းချောတတ်သူများကို မယုံအပ်၊ နီးထက်ကလူ မပြုအပ်"

တောမိရသေ့သည် အမတ်မိုက်တို့၏ ပညာဉာဏ် ကင်းမဲ့ကြပုံကို လက်တွေ့ပြ၊ ချိုးဖဲ့ နှိပ်ကွပ်ပြီး မင်းကြီးနှင့် သားတော်များအား တရားပြ ဆုံးမကာ ငြိမ်းချမ်းမှုကို ရစေပါသည်။

✿

လူမိုက်ဟူသည် ကျိုးကြောင်းတရား၊ ဆိုးကောင်းများကို ပိုင်းခြားမသိ၊ မိုက်တိမိုက်ကန်း၊ လူသရမ်းများဖြင့် ဆိုးတူကောင်းဖက် လုပ်ကြ၏။ လူမိုက်နှင့် ပေါင်း၍ သာလည်းမကောင်း၊ နာလည်းမကောင်း မရှိရာ ဖိကာထောင်းမှာမို့ မရှိတာကမှ ကောင်းလှပါသည်။

"ဒါကြောင့် လူမိုက်နှင့် အဆွေခင်ပွန်းအဖြစ်သည် မရှိအပ်"

ယောဂီတိုးအောင်

❑

www.burmeseclassic.com

www.burmeseclassic.com

စာမူများ ပေးပို့နိုင်ပါသည်

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေးဆောင်းပါးများ၊ ဂန္ဓိရ ဝတ္ထုများ၊ သရဲဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်း အနောက်တိုင်း ဆေးပညာရပ်များ၊ စီးပွားရေးဆောင်းပါးများ၊ နိုင်ငံတကာ သုတအဖြာဖြာကဏ္ဍ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဆောင်းပါးစာမူများ ပေးပို့လျှင် မဂ္ဂဇင်း စာမျက်နှာ သုံးမျက်နှာမှ လေးမျက်နှာခန့်အထိ၊ ဝတ္ထုစာမူများပေးပို့လျှင် မဂ္ဂဇင်းစာမျက်နှာ ငါးမျက်နှာမှ ရှစ်မျက်နှာခန့်အထိ မှန်းဆ၍ ရေးသားပေးပို့စေလိုပါသည်။

ဘုရားစာ၊ ဂါထာများနှင့် ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုးမပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ လက်ရေးမူရင်းစာမူအား ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည် ပေးပို့မည် မဟုတ်ပါ။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်းပေးပို့ထားသော စာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာပန္ထုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၄၅၄၈၃၃၀

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံရွှေလှပင်နန်းရှင်မျာ်းအာသင်း

အာတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံလွှေပန်း

နှင့်တွေ့ဆုံခြင်း

ဥက္ကာပွင့်(စက

www.burmeseclassic.com

www.burmeseclassic.com

Gold and Silver Exchange Centre

(ခင်လမုဒအဆက်)

လပြည့်ဝန်းမဂွဇင်း အောက်တိုဘာလထုတ်နှင့် နိုဝင်ဘာလထုတ်မှာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်)နှင့် တွေ့ဆုံခဲ့သော စကားများ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပရိသတ်များမှလည်း ဝိုင်းဝန်းစိတ်ဝင်စားကြောင်း၊ ဗဟုသုတရကြောင်း အကြောင်းကြားတဲ့အတွက် အထူးဝမ်းသာမိပါတယ်။

ထိုကဏ္ဍတွေမှာ မြန်မာနိုင်ငံ သယံဇာတတွေကို ကုန်ကြမ်းအဖြစ် မရောင်းဘဲ ကုန်ချောအဖြစ် ရောင်းရင် တိုင်းပြည်အတွက် ပိုမိုအကျိုးရှိသင့်ကြောင်း၊ မကြာမီ လုပ်ဆောင်သွားမယ့် အာဆီယံဈေးကွက်လာတဲ့အခါ နိုင်ငံတကာကပဲ ဝယ်ဆီမှာ ရောင်းသွားရင် တိုင်းပြည်အတွက် အကျိုးနည်းကြောင်း၊ Gold Exchange Market ကြီး ပေါ်ပေါက်လာအောင် ဆောင်ရွက်သင့်ကြောင်း၊ အဲဒီဈေးကွက်ကြီး ပေါ်ပေါက်လာဖို့အတွက် ဥပဒေများ ပြဋ္ဌာန်းပေးဖို့ လိုအပ်နေတဲ့အကြောင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းကလည်း ဈေးကွက် ပေါ်ပေါက်လာအောင် Workshop များ လုပ်ဆောင်နေကြောင်း၊ ပြည်နယ်ဒေသအလိုက် စံသတ်မှတ်နှုန်းများ ထွက်ပြားနေသည်ကို စံတစ်ခုတည်း သတ်မှတ်သင့်ကြောင်း၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်မယ်ဖြစ်ကြောင်း၊ နိုင်ငံတကာ Gold Exchange Market များအကြောင်း အကျယ်တဝင့် ပြောပြခဲ့ပါတယ်။

ယခု ဆက်လက်၍ ပြောပြသည်မှာကတော့ . . .

"ဟင်းပါ အန်ကယ်ဦးကျိုင်း"

"ဓင်္ဂလာပါ ကိုညီဇော်ဝင့်"

"အရင်တစ်ခေါက်က ပြောပြခဲ့လို့ ကိုယ့်နိုင်ငံရဲ့ သယံဇာတတွေကို ထိန်းသိမ်းပြီး လွှဲစားကွက်ကြီး ပေါ်ပေါက်လာအောင် လုပ်ဆောင်သင့်ကြောင်း သိရပါတယ်။ အဲဒါနဲ့ ဟင်းသကျိုး သိသင့်တာလေးတွေကိုလည်း ဆက်လက် ပြောပြပေးပါ"

"ဟုတ်ပါတယ်၊ အန်ကယ်တို့ နိုင်ငံက ရွှေထွက်တဲ့ နိုင်ငံဖြစ်တယ်၊ အာဆီယံနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံဟာ ရွှေတော်တော်ထွက်တဲ့ နိုင်ငံပဲ၊ ကိုယ့်ရဲ့ သယံဇာတကို ထိန်းသင့်သလောက် ထိန်းထားရမှာပေါ့၊ ထိန်းပြီးမှ Trading လုပ်သင့်တယ်၊ အရောင်းအဝယ် လုပ်သင့်တယ်။

ရှန်ဟိုင်း Gold Exchange Market က သူ့နိုင်ငံရဲ့ သယံဇာတကို ထိန်းသိမ်းထားတယ်၊ သူ့နိုင်ငံဟာ ရွှေပမာဏများများ ပိုင်ထားတယ်၊ တစ်နှစ် တစ်နှစ် ရွှေပမာဏ တန်ချိန် ၅၀၀ လောက်ထွက်တယ်၊ အဲဒီ တန်ချိန် ၅၀၀ ကို ပြင်ပလောက မရောက်သွားတဲ့အပြင် နိုင်ငံတကာကနေ တန်ချိန် ၁၇၀၀ လောက် သွင်းပြီး သူ့နိုင်ငံ ပြန်ရောင်းတဲ့အခါ ဘယ်လို ဖြစ်သလဲဆိုတော့ ပြည်သူတွေက ရွှေတွေ အများကြီး စုမိတာပေါ့၊ ရွှေစုမိတော့ ချမ်းသာတာတွေ စုမိတာပေါ့၊ အန်ကယ်တို့ နိုင်ငံလည်း ချမ်းသာတာတွေ စုမိသင့်တယ်။

ဥပမာတစ်ခု ပြောရရင် ဂရိနိုင်ငံမှာဆို ပြည်သူတွေက မစုမိကြဘူး၊ ရသမျှ ပိုက်ဆံအကုန်သုံးတယ်၊ နိုင်ငံတော်ကနေ ချေးတယ်၊ ချေးပြီး ထပ်သုံးပစ်လိုက်တယ်၊ အလုပ်ချိန်ကို

www.burmeseclassic.com

www.burmeseclassic.com

Hong Kong Gold and Silver Exchange Centre ၏ Standarlization Unit ရှိ Lab တွင် ရှင်းလင်းပြနေပုံ

လည်း လျော့ချပစ်လိုက်တယ်၊ သက်ကြီးပင်စင်ကလည်း ကောင်းကောင်းရထားတယ်၊ ပြောရရင် ပြည်သူတွေလက်ထဲမှာ ဓာတယ်စုထားတဲ့ ချမ်းသာမှု မရှိဘူး၊ နိုင်ငံတော်ပဲ လုပ်ဆိုတော့ လုပ်လို့မရတဲ့ အနေအထားတွေရှိတယ်၊ တရုတ်နိုင်ငံကျတော့ စီးပွားရေးကျပေမယ့် သူ့ရဲ့ စတော့ရှယ်ယာတွေကျတယ်ဆိုဦး ပြည်သူတွေလက်ထဲမှာ ချမ်းသာကြွယ်ဝမှုတွေရှိနေတယ်၊ ဒီတော့ သူဟာ ထိန်းမနိုင် သိမ်းမနိုင် အနေအထား မရောက်သွားနိုင်ဘူး၊ ဒါလည်း သင်ခန်းစာ ယူစရာပဲ၊ ဒါကြောင့် အန်ကယ်တို့နိုင်ငံလည်း ကိုယ်နဲ့ နီးစပ်တဲ့ပုံစံနဲ့ တစ်နိုင်တစ်ပိုင်ကနေ စလုပ်ရင် အကောင်းဆုံးပါပဲ။

အန်ကယ်တို့ ရွှေလော်ကကို အကုန်ဖွင့်ပေးလိုက်ရင် ကိုယ့်နိုင်ငံရဲ့ သယံဇာတတွေ ထွက်သွားတော့ နိုင်ငံ ချမ်းသာမှုတွေ လျော့သွားရော၊ ဒီလိုလည်း မဖြစ်သင့်ဘူး၊ ပြည်သူတွေလက်ထဲမှာ ရွှေရှိနေသေးတော့ ဘာပဲပြောပြော၊ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ၊ တစ်စုံတစ်ခုဆို အလုပ်ပြုတ်လည်း ရောင်းစားလို့ ရသေးတယ်၊ ချမ်းသာမှုက ကျန်သေးတာပေါ့၊ အဲဒီလိုမျိုးနဲ့ သယံဇာတ ထိန်းသင့်တာပေါ့။

ဟောင်ကောင်ကတော့ လုံးဝ လွတ်လပ်တယ်၊ Trading သက်သက်ပဲ၊ ကြိုက်သလောက်ဝယ်၊ ကြိုက်သလောက် ထွက်၊ သူ့နိုင်ငံလည်း ရွှေမထွက်ဘူး၊ ဘာမှ နစ်နာစရာ မရှိဘူး၊ ဒါကြောင့် အန်ကယ်တို့ စနစ်ရွှေမယ်ဆိုရင် ဘယ်စနစ်ရွှေမယ်ဆိုတာ အရေးကြီးပါတယ်"

"ကျွန်တော်တို့ နိုင်ငံရဲ့ သယံဇာတတွေကို ဘယ်နိုင်ငံတွေက အဓိက ထားပြီး ဝယ်ကြသလဲ"

"နီးစပ်ရာ ပတ်ဝန်းကျင်နိုင်ငံတွေက ဝယ်ကြပါတယ်၊ ဒါပေမဲ့ အန်ကယ်တို့နိုင်ငံရဲ့ ဥပဒေအရ ဘယ်နိုင်ငံကိုမှ ရောင်းလို့မရဘူး၊ ကိုယ့်ပြည်တွင်းက ထွက်တဲ့ ရွှေ ပြည်တွင်းမှာပဲ ရောင်းပေါ့၊ တကယ့်ဝယ်ယူတော့ ကွာခြားနေတယ်၊ ဒါကလည်း သဲထဲက ဝပါပဲ၊ နယ်စပ်ချင်း ထိနေတဲ့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတွေကို ရောက်သွားတာပေါ့၊ တစ်နည်းနည်းနဲ့ ရောက်သွားတာပေါ့"

"အိန္ဒိယကဖျိုတွေကလည်း ဖျော်ပြီးတော့တယ်ဆိုတာ ကြားဖူးပါတယ် သူတို့ဆီမှာ ဘယ်လိုစနစ်မျိုးရှိသလဲ"

"အိန္ဒိယလည်း ရွှေထွက်တယ်၊ သူလည်း တရုတ်လိုပဲ တစ်နှစ် တစ်နှစ် ရွှေတွေသွင်းပြီးတော့ သူ့နိုင်ငံရဲ့ လိုအပ်ချက်ကို ဖြည့်တယ်၊ ၂၀၁၂ အထိ အိန္ဒိယက ဝယ်တာအများဆုံးပဲ နောက်ပိုင်း တရုတ်က နေရာယူသွားတယ်၊ အိန္ဒိယကို ကျော်သွားပြီ။

တရုတ်က ရွှေပိုဝယ်လာနိုင်တာလည်း ပါတယ်၊ ရွှေစုရတဲ့ သဘောကို ပိုသိလာကြတာယ်၊ နိုင်ငံတော်ကလည်း ပြည်သူတွေ ရွှေစုတာ အားပေးတယ်၊ ထူးထူးခြားခြားပဲ သူ့နိုင်ငံ ပြည်သူတွေကို ရွှေစုသင့်တယ်လို့ အားပေးစေတယ်၊ ဘယ်လောက်ထိ ထူးဆန်းသလဲဆိုတော့ ၁၉၉၅ ထိ တရုတ်နိုင်ငံက တရုတ်တွေက ရွှေစုရမှန်းမသိဘူး၊ ရွှေဘယ်လောက် တန်ဖိုးရှိမှန်းလည်း မသိဘူး၊ ရွှေစုဖို့လည်း ဝါသနာမပါဘူး၊ ရွှေဝယ်ဖို့လည်း ဝါသနာမပါဘူး၊ ရွှေလည်း မစုကြဘူး၊ အဲဒီအချိန်ကတည်းက တရုတ်နိုင်ငံက တန်ချိန် သုံးလေးရာထွက်တယ်၊ ထွက်တဲ့တန်ချိန် သုံးလေးရာကို နိုင်ငံတော်ကလည်း မသိဘူး၊ နယ်စပ်မှောင်ခို စွေးကွက်ကနေ နိုင်ငံတော်ကို ရောက်သွားတယ်၊ အဲဒီတော့ မှောင်ခိုလုပ်တဲ့လူတွေ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

Hong Kong Gold and Silver Exchange Gentre ၏ အထူးအည်ခန်းတွင် HKGSH ဥက္ကဋ္ဌအား မြန်မာပြည်နှင့် ပတ်သက်သော လွှဲပြောင်းကွက်အကြောင်း ရှင်းလင်းတင်ပြနေစဉ်

သူဌေးပေါ့၊ နောက်ပိုင်းကျမှ အဝိုးရက ဒါတွေ လေ့လာတယ်၊ စနစ်တစ်ခုခွဲလုပ်မယ်ဆိုပြီး ဟောင်ကောင်စနစ်ကို ဖယ်လာတယ်၊ ဟောင်ကောင်စနစ်ကို မှီပြီး ရှန်ဟိုင်း Gold Exchange Market ကို စလုပ်တာ၊ သူတို့လည်း နယူးယောက် ဈေးကွက်တို့၊ လန်ဒန်ဈေးကွက်တွေကို လေ့လာပြီးမှ သူတို့ နိုင်ငံနဲ့ ကိုက်ညီတဲ့ Gold Exchange Market ကို စလုပ်တာ။

၁၉၉၇ မှ စလုပ်တာ စလုပ်လုပ်ချင်း မအောင်မြင်ဘူး၊ ၂၀၂ အထိလည်း မအောင်မြင်သေးဘူး၊ ၂၀၀၆ မှာ စပြီး အောင်မြင်တာ၊ အဲဒီတော့မှ တရုတ်ပြည်သူတွေလည်း Gold Exchange Market မှာ ရွှေဝယ်ရကောင်းမှန်း သိလာကြတာ၊ ပြည်သူကို ရွှေစုအောင်၊ ရွှေဝယ်အောင် အားပေးတာကိုး၊ ၂၀၁၂ ကျတော့ အိန္ဒိယကိုကျော်ပြီး တစ်ကမ္ဘာလုံးမှာ ပထမ ဖြစ်သွားတယ်၊ ၂၀၁၃၊ ၁၄ လည်း ကမ္ဘာ့အများဆုံးပဲ"

"ဒီလိုဈေးကွက်ကြီးမျိုး မြန်မာနိုင်ငံမှာ လုပ်နိုင်ရင် ပြည်သူတွေအတွက် အကျိုးရှိမှာပါပဲ"

"ဟုတ်တယ်၊ တရုတ်နိုင်ငံရဲ့ စနစ်တစ်ခုက သူ့ပြည်သူ ချမ်းသာအောင် နိုင်ငံတော်က အားပေးတယ်၊ ဘာစီးပွားရေး လုပ်လုပ် အားပေးတယ်၊ လုပ်နိုင်အောင် ပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးတယ်၊ အန်ကယ်တို့နိုင်ငံလည်း အဲဒီလို ဖြစ်သင့်တယ်။

ရှန်ဟိုင်း Gold Exchange Market စလုပ်တုန်းက ဘာအခွန်စနစ်မှ မထားဘူး၊ ဘာအခွန်မှ မယူဘဲ တရားဝင် သုံးစေတယ်၊ နောက်ပိုင်းမှ ခုထက်ထိ အင်မတန်ပါးတဲ့ အခွန် ကောက်တယ်၊ အင်မတန်ပါးတဲ့ အခွန်ကောက်တာတောင် တစ်နိုင်ငံလုံးရဲ့ အခွန်ရဝင်ငွေ နံပါတ်-၄ အဆင့်လောက် ရှိတယ်၊ အဓိကရင်းအဝယ် ပမာဏဟာ တစ်နှစ် တစ်နှစ် တန်ဖိုးနဲ့ ၃၀၀၀ လောက်ရှိတယ်ဗျို့၊ ပမာဏဟာ သိပ်များသွား တယ်၊ အခွန်ပုံးပါးလေး ကောက်တာတောင် တစ်နိုင်ငံလုံး အခြားအခွန်ဝင်ငွေတွေနဲ့ ယှဉ်ရင် အဆင့်-၄ လောက် ဖြစ် သွားတယ်။

အန်ကယ်တို့ နိုင်ငံလည်း ဒီလို Gold Exchange Market ဈေးကွက် ဖော်ဆောင်ရမယ်၊ ပြည်သူတွေ ချမ်းသာ အောင် လုပ်ပေးရမယ်၊ (SME) အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေ တိုးတက်လာမယ်။

အခုတော့ ရွှေကြမ်းရောင်းတဲ့ အဆင့်ပဲ ရှိတယ်၊ မြေကြီးရောင်းတဲ့ အဆင့်လည်း ရှိချင်ရှိမယ်၊ မြေကြီးထဲက သယ်ဇာတတွေ ဘယ်လောက်ပါသွားသလဲ မသိဘဲ ရောင်း တာ၊ ဒီလိုတော့ မလုပ်သင့်ဘူး၊ ဖြစ်သင့်တာက ရွှေကိုထုတ် Valued Added လုပ်၊ ဈေးအမှန်အကန်နဲ့ ဈေးကွက်တင်ပြီး တော့ ရောင်းရင် နိုင်ငံတော်လည်း အခွန်ရမယ်၊ ပြည်သူတွေ လည်း ကောင်းမယ်၊ အားလုံး ကောင်းသွားမယ်၊ ဒါပေမဲ့ ဒီ Project က ခုထက်ထိတော့ ဖြစ်မလာသေးဘူး၊ ဖြစ်အောင် ကြိုးစားနေတာပဲ"

"ဈေးကွက်ကြီး ဖြစ်မြောက်ဖို့အတွက် အယ်အဆင့်ထိလောက်တော့ ထောက်နေပြီလဲ အန်ကယ်"

"အန်ကယ်တို့ နိုင်ငံမှာ ဥပဒေတစ်ခုက ကန့်သတ်မှု ရှိတယ်၊ အကြမ်းဖျင်းပြောရရင် ရွှေကို ကန့်သတ်ကုန်ဆိုပြီး ခုထိ မပယ်သေးဘူး၊ အဲဒါကို စီးပွားကူးသန်းဝန်ကြီးဌာနက

www.burmeseclassic.com

www.burmeseclassic.com

ပယ်လိုက်ရမှာ၊ နောက် ဒုတိယတစ်ချက်က နိုင်ငံတကာနဲ့ ပေါင်းလို့ရပြီလား၊ ဝယ်လို့ရပြီလား ဆိုတော့ လက်ရှိ သတ္တုတွင်း ဥပဒေမှာလည်း ရောင်းဝယ်လို့ ရတယ်လို့ ဖော်ပြထားတယ်၊ နိုင်ငံတကာနဲ့ ရောင်းဝယ်မှုလို့ မဖော်ပြထားတော့ နည်းဥပဒေမှာ သူတို့ တစ်ခုထပ်ပြီး သတ်မှတ်ပေးဖို့လိုတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်မှာလည်း ဆွေးနွေးနေကြတယ်၊ အဲဒါတော့ နည်းနည်းအချိန်ယူရမယ်နဲ့ တူတယ်။

၁၃ ရက်နေ့ စက်တင်ဘာလ ၂၀၁၅ မှာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားမှာ ရွှေကို ထုတ်လို့၊ သွင်းလို့ရပြီလား ဆိုတာနဲ့ ပတ်သက်ပြီး မီဒီယာတွေက မေးမြန်းကြလို့ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥပဒေတစ်ခုထွက်ရင် ရပြီလို့ ဖြေခဲ့တယ်၊ အန်ကယ့်အမြင်ကတော့ ဒီဥပဒေထွက်ရုံနဲ့မလုံလောက်သေးဘူး၊ ရမယ့်အဆင့်ကို ပုံဖော်တာပဲရှိဦးမယ်၊ နည်းဥပဒေမှာ နိုင်ငံတကာနဲ့ လုပ်ရင် ဘယ်လိုလုပ်မယ်ဆိုတာ ပုံဖော်ပေးရဦးမယ်၊ ရောင်းခြင်း ဝယ်ခြင်း ဆိုတာကလည်း ပြည်တွင်းကိုပဲ ဆိုလိုတာလား၊ နိုင်ငံတကာနဲ့ ဆိုလိုတာလား အသေးစိတ် ထပ်မံဖော်ပြပေးရမယ်၊ ဥပဒေဆိုတာ အကြမ်းဖျင်းတစ်ခုထွက်မယ်၊ ပြီးမှ နည်းဥပဒေက အသေးစိတ်ထွက်မယ်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှာလည်း ဆွေးနွေးနေကြပြီ၊ လွှတ်တော်အပိုင်းနဲ့ ပြီးပြတ်မလား၊ မပြီးပြတ်ဘူးလား ဆိုတာလည်း ရှိသေးတယ်"

"အန်ကယ့် နိုင်ငံတကာ လေ့လာနေခိုက်ဆိုင်အကြောင်းလည်း ပြောပြပေးပါ"

"အန်ကယ် နယူးယောက် စတော့အိပ်ချိန်းကို ရောက်ခဲ့တယ်၊ Commodities Exchange ကိုလည်း ရောက်ခဲ့တယ်၊ အဲဒီစေးကွက်ကို အထဲဝင် လေ့လာချင်လို့ 'ကျွန်တော်က မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းရဲ့ အတွင်းရေးမှူးပါ' လို့ ပြောတာတောင် ပေးမဝင်ဘူး၊ အသိအမှတ် မပြုဘူး၊ မြန်မာနိုင်ငံဆို မရဘူး၊ ပေးမဝင်ဘူး 'ကျွန်တော် Excecutive အနေနဲ့ လေ့လာချင်လို့ ဘယ်လိုလုပ်ရမလဲ' လို့ မေးမှ အဲဒီထဲကို ဝင်လေ့လာချင်ရင် သူတို့ရဲ့ အမှုဆောင်တစ်ယောက် ထောက်ခံချက်ပါမှ ဝင်လို့ရမယ်တဲ့။

ဒီတော့ အန်ကယ်လည်း အမှုဆောင်တစ်ယောက်ကို လိုက်ရှာရတာပေါ့၊ ကံကောင်းချင်တော့ နယူးယောက် အိပ်ချိန်းမှာလုပ်နေတဲ့ အမှုဆောင်တစ်ယောက်က ထောက်ခံပေးတယ်၊ အဲဒီထောက်ခံချက်နဲ့ ကတ်ပြားလုပ်ပြီး ဝင်ခဲ့ရတာ၊ သူတို့က တော်တော်စည်းကမ်းရှိတယ်၊ ဒါတောင် အတွင်းစည်းထဲအထိ ဝင်လို့မရဘူး၊ အတွင်းစည်းထဲဝင်ဖို့ဆိုရင် လစဉ်ကြေး ဒေါ်လာ ၂၅၀၀ မှ ၆၀၀၀၊ ၇၀၀၀ ထိ အဆင့်ဆင့် ပေးရတယ်၊ ပွဲစားတွေ အဝင်များတယ်၊ အဲဒီဝိုင်းရဲ့ အပြင်စည်းကနေ ပတ်ကြည့်ရတာ၊ ဒါပေမဲ့ သူတို့ရဲ့ အပြိုင်အဆိုင် လက်ဟန်ခြေဟန်တွေနဲ့ အရောင်းအဝယ်လုပ်နေတဲ့ ပုံစံတွေကို လေ့လာလို့ရတာပေါ့၊ လုံခြုံရေးတွေကလည်း တော်တော်တင်းကျပ်တယ်။ ကွန်ပျူတာခန်းဆိုရင် ပေ ၃၀ ပတ်လည် လောက် ကွန်ပျူတာတွေကို လူနှစ်ယောက်တည်း ထိန်းချုပ်တာ၊ တစ်ယောက်ကို ကွန်ပျူတာ အလုံး ၂၀ လောက် ကြည့်ရတယ်၊ ပြောင်းသွားတဲ့ Data တွေကို အာရုံစိုက် ကြည့်နေရတာ၊ အရမ်းအလုပ်လုပ်ရတယ်၊ အင်တာနက်ကလည်းတအားကောင်းတယ်၊ Software တွေကလည်း တအားကောင်းတယ်၊ အမှားအယွင်း မရှိဘူး၊ စက္ကန့်ပိုင်းမှာတင် ပြောင်းလဲနေတာ၊ အန်ကယ်တို့နိုင်ငံမှာ ဒါတွေမရှိသေးဘူး၊ အန်ကယ်တို့နိုင်ငံတဲ့အဆင့် မလုပ်နိုင်တာတောင် အာရှအဆင့်လောက်တော့ ဖြစ်သင့်တယ်။

တစ်ခါက မလေးရှားဝန်ကြီးချုပ်က မြန်မာနိုင်ငံကို လာလည်သွားတယ်၊ မလေးရှားဝန်ကြီးချုပ်နဲ့ လိုက်လာတဲ့ ကုန်သွယ်ရေးဝန်ကြီးက အန်ကယ်တို့နဲ့ Meeting တစ်ခုမှာ တွေ့တော့ သူက ဘာပြောသွားတယ်ထင်လဲ။

'ကျွန်မတို့ မလေးရှားမှာ ဘာကျောက်မျက်ရတနာမှ မထွက်ဘူး၊ ရွှေလည်း မထွက်ဘူး၊ ဒါပေမဲ့ တစ်နှစ် တစ်နှစ်ကို ရွှေနဲ့ ကျောက်မျက်ရတနာကနေ Export လုပ်တာ ဒေါ်လာ ဘီလီယံပေါင်းဘယ်လောက်ရတယ်၊ ကျွန်မတို့နိုင်ငံ GDP ရဲ့ ၂ ရာခိုင်နှုန်းလောက် ရတယ်၊ မြန်မာနိုင်ငံဟာ ရွှေလည်းထွက်တယ်၊ ကျောက်မျက်ရတနာလည်း ထွက်တယ်၊ ရှင်တို့နိုင်ငံရဲ့ GDP ဘယ်လောက်ရသလဲ' လို့ မေးတယ်။

အန်ကယ်လည်း ဘာပြန်ပြောရမှန်းကို မသိဘူး၊ ဘာရသလဲဆိုရင် ဇီးရိုးလို့ ပြောရမှာပဲ၊ ဘာမှ မလုပ်ထားဘူး၊ ဘာမှ မရှိဘူး၊ နောက်ပြီး သူက ဘာထပ်ပြောသလဲဆိုတော့

'မြန်မာနိုင်ငံက ပတ္တမြား၊ နီလာတွေ မလေးရှားရောက်လာတာ အများကြီးပဲ၊ မလေးရှားမှာပဲ Cutting လုပ်တယ်၊ ရောင်းကြတာ အများကြီးပဲ၊ ရှင်တို့နိုင်ငံမှာ လုပ်သင့်တာပေါ့၊ မလုပ်သေးဘူးလား' လို့ ပြောသွားတယ်။

အဲဒီအချိန်က အန်ကယ်တို့က Export လုပ်လို့မှ မရသေးတာ၊ ဘယ်လိုနည်းနဲ့ ပတ္တမြား၊ နီလာတွေ တခြားနိုင်ငံရောက်သွားလဲဆိုတာ အန်ကယ်မသိဘူး၊ တစ်နည်းနည်းပေါ့၊ ဒါကြောင့် အန်ကယ် ပြောချင်တာက တရားမဝင်ပါဘူးလို့ ပြောနေတာ နိုင်ငံတော်လည်း အခွန်မရဘူး၊ မှောင်ခိုစေးကွက်လည်း ကြီးထွားနေတယ်၊ ဒါတွေကို တရားဝင်အောင် လုပ်လိုက်ရင် နိုင်ငံတော်လည်း အခွန်ရမယ်၊ မှောင်ခိုစေးကွက်လည်း ပျောက်သွားမယ်၊ အားလုံးအတွက်လည်း ကောင်းသွားမယ်၊ စကား တစ်ခွန်းပါပဲ၊ တရားမဝင်တာကို မတစ်လုံး ပြုတ်လိုက်ရင် တရားဝင်သွားတာပါပဲ၊ ဒါပဲ နိုင်ငံတော်ဘက်က လုပ်ပေးဖို့ လိုပါတယ်"

ဦးဆန်းမြင့် (စက်မှု)

www.burmeseclassic.com

www.burmeseclassic.com

ဆင်သွားလို့ လမ်းဖြစ်တာလား

မင်းကမ္ဘမင်းခေါင်

ဆင်သွားရင် လမ်းဖြစ်တယ်ဆိုသော စကားပုံရှိသလို 'ဆင်ကန်းတောတိုး' ဟူသော မြန်မာစကားပုံတစ်ခုကိုသည်း တွေ့မိသည်။

လူသားများ အတုယူစေနိုင်ရန် အတွက် ရှေးပညာရှိများသည် တိရစ္ဆာန်များနှင့်ဆိုင်းငှိုင်း၍ ဥပမာပေးကာ စကားများစွာ ထားရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ဖူးသည်။

ကောင်းပါပြီ။ ဆင်တစ်ကောင်သွားရင် ဘာကြောင့် လမ်းဖြစ်ရတာလဲ။ နွားတိုယ် ကြီးထွားမှုကြောင့်လား။ ခန္ဓာဗိုယ် ကြီးထွားမှုကြောင့် လမ်းဖြစ်တာဆိုရင် 'ဆင်ကန်းတောတိုး' ဆိုသောစကားသည် အဓိပ္ပာယ်မရှိ ဖြစ်ရပေတော့မည်။

ဖျက်မပြင်ဆင်သည်လည်း ခန္ဓာဗိုယ်ကြီးမားသော တိရစ္ဆာန်တစ်ကောင်ဖြစ်သည်။ သို့သော် ဆင်ကန်းတောတိုးလျှင် ခရီးမရောက်နိုင်သည့် အပြင် လမ်းလည်း ကောင်းစွာမဖြစ်နိုင်သလို တောလည်း ဖျက်စီးနိုင်သည်။

သဘာဝတရားကြီးသည် လူသားတို့အတွက် မျှတသောအခွင့်အရေးကို ပေးထားသည်။ ဆင်းရဲပြီး အောင်မြင်မှု မရသူများအတွက် ၂၄ နာရီကို တစ်ရက်အဖြစ် သတ်မှတ်ပေးထားပြီး ကြီးပွားအောင်မြင်သူများအတွက်လည်း ၂၄ နာရီကို တစ်ရက်အဖြစ် သတ်မှတ်ပေးထားသည်။ ထို့ကြောင့် လူသားတိုင်း အောင်မြင်ကြီးပွားဖို့ အခွင့်အရေးများ ရှိနေသည်။

သို့သော် ကြီးပွား တိုးတက်အောင်မြင်အောင် သူတို့ရဲ့ ပြင်းပြတဲ့ စိတ်ဓာတ်၊ စနစ်တကျ လုပ်ဆောင်နိုင်မှုစွမ်းအားများသည် သူ့အတွက် အောင်မြင်ကြီးပွားရေးအတွက် အခွင့်အရေးတစ်ရပ်ပဲ ရှိရှိသွားခြင်းပင် ဖြစ်သည်။

ထို့ကြောင့် 'ဆင်သွားလို့ လမ်းဖြစ်တယ်' ဆိုသည့် စကားပုံထက် 'ဆင်ဘယ်လိုသွားလို့ လမ်းဖြစ်တာလဲ' ဆိုသည်ကို သိရှိဖို့က ပို၍အရေးကြီးကြောင်း သတိပြုကြရပေမည်။

ကြီးပွားတိုးတက် အောင်မြင်သူများသည် မည်သည့်တန်ခိုးရှင်ကမှ ဖန်ဆင်းပေးခြင်းမဟုတ်ဘဲ သူလို ငါလို

www.burmeseclassic.com

www.burmeseclassic.com

သဘမန်လူသားတစ်ဦးသာ ဖြစ်ကြောင်း တွေ့ရှိရသည်။

သာမန်လူသားတစ်ဦး ဘဝမှ က၊ ဉာဏ်၊ ဝီရိယကို အခြေခံ၍ မဖြစ်မနေ ကြိုးပမ်း အားထုတ်မှုကြောင့် တိုးတက်ကြီးပွား အောင်မြင်မှု ရရှိသွားခြင်း ဖြစ်သည်။

က၊ ဉာဏ်၊ ဝီရိယနှင့် ပတ်သက်၍ ပုံပြင်သုံးပုဒ် ထုတ်နုတ် ရေးသားပြပါမည်။ စာဖတ်သူကိုယ်တိုင် ပုံပြင်ဆုံးသောအခါ ကိုယ်တိုင်ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။

◆

တစ်ခါက က၊ ဉာဏ်၊ ဝီရိယ အသီးသီးကို ယုံကြည်ကြသော သူငယ်ချင်း သုံးဦးရှိသည်။ တစ်နေ့ သူတို့သုံးဦး ခရီးအတူသွားရင်း မြို့တစ်မြို့ ရောက်သွားကြသည်။ ထိုစဉ် သတင်းတစ်ခု ကြားလိုက်ရသည်။ ဂူကြီးတစ်ဂူအတွင်း၌ တစ်ညနေနိုင်သူအား ဆွဲငွေ တစ်ထောင် ချီးမြှင့်၍ စစ်သူကြီးရာထူး ခန့်အပ်ခိုင်းမြောက်မည်ဖြစ်ကြောင်း သိလိုက်ရသဖြင့် အသီးသီး စာရင်းပေးလိုက်ကြသည်။

တစ်ဦးချင်း ဝင်ရမည်ဖြစ်ရာ ပထမဆုံး က်တရားကို ယုံကြည်သူက ပထမရက်တွင် စတင်ဝင်ရောက်သည်။ ဧရှေးအတိတ်တံ တစ်ခုတည်းကို သာလက်ခံယုံကြည်သူ ဖြစ်သည့်အားလျော်စွာ က်စီမံရာအတိုင်းသာ ဖြစ်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ဘယ်သို့သော ပြင်ဆင်မှုများကိုမှ မလုပ်ဘဲ ဂူကြီးထဲသို့ ဝင်ရောက်သွားသည်။

နောက်တစ်နေ့တွင် ပိတ်ထားသော ဂူပေါက်ကြီးကို ဖွင့်၍ကြည့်ရာ က်ကိုယုံကြည်သော ထိုသူသည် အလွန်အေးသော ဂူကြီးထဲတွင် သွေးခဲ၍ သေဆုံးနေသည်ကို တွေ့ရလေတော့သည်။

နောက်တစ်နေ့တွင် ဉာဏ်သမား ဝင်ရောက်သွားပြန်သည်။ ဉာဏ်သမားကား ဉာဏ်ရှိသူဖြစ်သောကြောင့် လောင်စာဆီအချို့နှင့် မီးခတ်ကျောက်နှစ်လုံးကို အစောင့်များမသိအောင် ခိုးသွင်းယူသွားခဲ့သည်။

သူယူသွားသည့် အနည်းငယ်မျှသော မီးဖိုလေးသည် အအေးလွန်ကဲသော သဘာဝလိုက်ဂူကြီး၏ အအေးဒဏ်ကို လုံလောက်စွာ အကာအကွယ်မပေးနိုင်သောကြောင့် နောက်တစ်နေ့တွင် သေဆုံးနေသည်ကို တွေ့ရှိရပြန်သည်။

နောက်ဆုံး ဝီရိယသမား၏ အလှည့်တွင်လည်း လူအားလုံးက သေလူအဖြစ် သတ်မှတ်ထားလိုက်ကြသည်။ ဝီရိယသမားသည် ဂူထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး ဂူကြီးအထဲတွင်ရှိသော ကျောက်တုံးကြီးများကို တစ်တုံးပြီးတစ်တုံး မနားမနေ မနေတော့သည်။

ထို့ကြောင့် သူခန္ဓာကိုယ်အတွင်းမှ သွေးသားတို့ ပူနွေးလာပြီး အအေးဒဏ်ကို ကောင်းစွာကာကွယ်နိုင်သဖြင့် အသက်ရှင်ခဲ့ရပြီး အသပြာတစ်ထောင် ပိုင်ဆိုင်ကာ စစ်သူကြီးအဖြစ် ရောက်ခဲ့သွားသည်ဟု ပုံပြင်က ဆိုထားသည်။

◆

နောက်ပုံပြင်တစ်ပုဒ်ကို ဆက်ဖတ်ကြည့်ဖို့ တိုက်တွန်းလိုပါသည်။

တစ်ခါက မြစ်တစ်ခုတွင် ငါးသုံးကောင်ရှိသည်။ က်ကိုယုံကြည်သောငါး၊ ဉာဏ်ကို ယုံကြည်သောငါးနှင့် ဝီရိယကို ယုံကြည်သောငါးများ ဖြစ်ကြသည်။

တစ်နေ့တွင် ထိုငါးသုံးကောင်သည် တံငါသည်၏ပိုက်တွင်မိ၍ ပါသွားလေသည်။ တံငါသည်သည် ငါး သုံးကောင်ကို လှေဝမ်းထဲသို့ ပိုက်မှဖြုတ်၍ ထည့်ထားလေသည်။

ဝီရိယရှိသော ငါးသည် ဝီရိယအားကိုးဖြင့် လှေဝမ်းထဲမှ မကြာခဏ ခုန်ထွက်ရန် ကြိုးစားသည်။ သို့သော် လှေနံဘေးက မြင့်မားနေသည့်အတွက် ခုန်ထွက်နိုင်ခြင်းငှာ မစွမ်းသာဖြစ်နေသည်။ သို့သော် ဝီရိယသမားဖြစ်သော ငါးက တဖျပ်ဖျပ် ခုန်နေသည်ကို တံငါသည်မြင်လျှင် လှော်တက်နှင့်ရိုက်၍ သေလေ၏။

ဉာဏ်ကို ယုံကြည်သော ငါးသည် အခွင့်အရေးကို စောင့်ဆိုင်းနေသည်။

တံငါသည်သည် ပိုက်ကွန်ကို ဖြန့်ပစ်သည့်အခါ လှေသည် တစ်ဖက်သို့စောင်းသွားသည်ကို သိရှိသည်နှင့် ဉာဏ်သမားငါးသည် ရှိသမျှ ခွန်အားကို အားကုန်ထည့်ကာ လှေထဲမှ ထွက်လိုက်နိုင်သဖြင့် မြစ်ပြင်ထဲကျရောက်သွားပြီး အသက်ဘေးမှ ချမ်းသာခွင့်ရသွားလေသည်။

က်ကိုသာ ယုံကြည်သော ငါးသည် က်ကိုသာယုံကြည်ပြီး မည်သို့မျှ လှုပ်ရှားစွမ်းဆောင်မှုကို မပြုလုပ်သဖြင့် တံငါသည်မိသားစု ဟင်းလျာအတွက် အသေခံပေးလိုက်ရလေသည်။

◆

www.burmeseclassic.com

နောက်ပုံပြင်တစ်ပုဒ်ကို တင်ပြပါဦးမည်။

တစ်ခါက ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးတွင် မည်သည်ကပို၍ အရေးကြီးကြောင်း အမြင်ငြင်းခုံနေလေ့ရှိကြသည်။

တစ်နေ့တွင် ထိုအကြောင်းကို ဘုရင်ကြီး ကြားသိသွားသဖြင့် ထိုသုံးဦးကို ခေါ်ယူကာ လူသူမနီးသော တောနက်ကြီးထဲတွင် အတူတကွ သွားလာကြရမည်ဟု မိန့်တော်မူသည်။

တောတွင်းတစ်နေရာသို့ ရောက်ရှိလာသောအခါ သုံးဦးစလုံး မောပန်းလာကြသည်။ ဆာလောင်မှုဟာလည်း ဖြစ်ပေါ်လာသည်။

ကံသမားက စားရက်ရှိလျှင် စားစရာရရှိလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် စိတ်ချလက်ချ အိပ်ပျော်သွားသည်။

ဉာဏ်သမားက စားစရာ မည်သို့ ရနိုင်မည်နည်းဟု တွေးတောနေသည်။ ထိုစဉ် တောကျီးကန်းအုပ်စု အရှေ့ဘက်သို့ ပျံသွားသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ဝီရိယသမားအား အရှေ့သို့ရောက်အောင် သွားနိုင်လျှင် စားစရာတစ်ခုခု ရရှိနိုင်ကြောင်း ပြောသောအခါ ဝီရိယသမားက ဉာဏ်သမားလက်ကိုစွဲကာ ချက်ချင်းထ၍ အရှေ့အရပ်ဆီသို့ ခရီးဆက်ခဲ့ကြသည်။

ကံသမားကား အိပ်ပျော်၍ ကျန်ရစ်ခဲ့လေသည်။

ဉာဏ်သမား တွေးထားသည့်အတိုင်း တစ်နေရာတွင် တောစောင့်နတ်အား တင်ထားသော စားသောက်ဖွယ်ရာများကို တွေ့ရှိရလေသည်။

နှစ်ဦးသား ဝအောင်စားသောက်ပြီးသောအခါ ကျန်သောထမင်းဟင်းများကို ကံသမားအတွက် ဖက်ဖြင့်ထုပ်၍ ယူလာကာ နှိုး၍ ကျွေးလေသည်။ ကံသမားလည်း ဉာဏ်သမားနှင့် ဝီရိယသမားတို့ပေးသော ထမင်းထုပ်ကိုဖြေ၍ စားသောအခါ ဘုရင်ကိုယ်တိုင် ထည့်ပေးလိုက်သော နဝရတ်လက်ဝတ်ကို ကံသမားက ရရှိသွားလေသည်။

ထိုအခါ ဘုရင်ကြီး လွှတ်လိုက်သောအထောက်တော်များ ရောက်ရှိလာပြီး သူတို့သုံးဦးစလုံးကို နန်းတော်သို့ ခေါ်ဆောင်သွား၍ ဘုရင်ကြီးထံ ဆက်သံလေရာ ဘုရင်ကြီးက လက်ဝတ်တော်ရရှိသော ကံသမားအား အိမ်ရှေ့မင်းအရာပေး၍ စဉ်းစားဉာဏ်ရှိသော သူအား ပညာရှိအမတ်ကြီးရာထူးကိုပေးအပ်ပြီး လုံလဝီရိယရှိသူအား စစ်သူကြီးရာထူးပေးအပ်လိုက်လေသည်။

ထိုပုံပြင်သုံးပုဒ်ကို ဖတ်ရှုပြီး လူငယ်များအနေဖြင့် ကံ၊ ဉာဏ်၊ ဝီရိယတို့အပေါ် မိမိတို့ကိုယ်ပိုင် ဉာဏ်ဖြင့် စဉ်းစားကြရန် ဖြစ်သည်။

◆

ကိုလိုနီခေတ်တွင် ထင်ရှားခဲ့သော မွန်လူမျိုး သူဌေးတစ်ဦး ရှိခဲ့ဖူးသည်။ သူ၏အမည်မှာ ဦးရွှေလေး ဖြစ်သည်။

သူကို ၁၈၇၆ ခုနှစ် မွန်သူဌေးကြီး ဦးထွန်းကျော်နှင့် မိခင်ကြီး ခေါ်ဆောင်တို့မှ မော်လမြိုင်မြို့ ကတိုးကော့နှပ်ကျေးရွာတွင် မွေးဖွားသည်။

မွေးချင်း သုံးဦးအနက် သား အကြီးဆုံး ဖြစ်သည်။

ကတိုးကော့နှပ် ဘုန်းတော်ကြီးကျောင်းဆရာတော်၊ ဓမ္မာရုံကျောင်းဆရာတော်တို့ထံတွင် အခြေခံပညာနှင့် တကွ ဗုဒ္ဓဘာသာနှင့် ပတ်သက်သော ကျင့်ဝတ်များကို သင်ကြားခဲ့ရသည်။

အရွယ်ရောက်လာသော အခါ မိဘနှစ်ပါးသည် မော်လမြိုင်မြို့ပေါ်ရှိ ရွှေတောင်ရပ်ကွက်မှ ဆရာ ဦးဖိုးမင်းထံတွင် မွန်၊ မြန်မာ နှစ်ဘာသာ သင်ကြားခဲ့ပြီး ထိုခေတ်ကခေတ်စားခဲ့သော စိန်ပက်ထရစ်ကျောင်းတွင် ဆက်လက် သင်ကြားခဲ့ရသည်။

ထိုအချိန်သည် မော်လမြိုင်မြို့ကို အုပ်ချုပ်သူမှာ အရေးပိုင် ကာနယ်ဖလောင် ဖြစ်ပြီး အင်္ဂလန်သားတစ်ဦး ဖြစ်သည်။

မောင်ရွှေလေး၏ မိဘနှစ်ပါးသည် သားဖြစ်သူကို ပညာတတ်သူဌေးကြီးတစ်ယောက် ဖြစ်စေချင်သောဆန္ဒကြောင့် အသက် (၁၄)နှစ်အရွယ်မှာ အရေးပိုင် ကာနယ်ဖလောင်နှင့်အတူ အင်္ဂလန်ကို ပညာတော်သင်အဖြစ်သွားရောက်ခဲ့ရသည်။

အင်္ဂလန်မှာ လေးနှစ် ပညာသင်ကြားပြီးနောက် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ အင်္ဂလန်တွင် လေးနှစ်တာကာလ ပညာသွားရောက် သင်ကြားသော်လည်း ရွာဦးကျောင်းဆရာတော် အဆုံးအမများဖြစ်သော ဘာသာရေးကိုင်းရှိုင်းမှုများကား သူ့ရင်ထဲတွင် ကိန်းအောင်းလျက်ရှိသည်။

မြန်မာပြည် ပြန်ရောက်ပြီး ထိုင်း မြန်မာနယ်စပ် ဇင်းမယ်ဒေသတွင် သစ်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းများကို ဦးစီးဦးဆောင် လုပ်ကိုင်ခဲ့သည်။ နိုင်ငံတကာ အတွေ့အကြုံရှိပြီး ကြိုးစားစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ထိုင်းနိုင်ငံ ဇင်းမယ်အိမ်ရှေ့မင်းသားကိုယ်တိုင် မုန်းပဲကြီးသစ်တောကို လုပ်ကိုင်ခွင့် ပြုခဲ့လေသည်။

ထိုင်းနိုင်ငံတွင် သစ်လုပ်ငန်းများ ဦးစီးလုပ်ကိုင်ခဲ့သလို မော်လမြိုင်မြို့တွင်လည်း ဖခင်ဖြစ်သူ၏ ဆန်စပါး ရောင်းဝယ်ခြင်း၊ ဆီကြိတ်ခြင်း၊ လယ်ယာမြေများကို သီးစားချခြင်း စသည့်လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့သည်။

၁၈၉၂ ခုနှစ်မှာ ထိုင်းနယ်စပ်တွင်ရှိသော ကျာမန်အစိုးရကိုယ်စားလှယ် ကပ္ပတိန် အီလားကို ကူညီခဲ့သဖြင့် ကျာမန်အစိုးရ၏ လင်းယုန်ဖြူဂုဏ်ထူးဆောင်တံဆိပ် ခီးမြှင့်ခြင်း ခံရသူဖြစ်ခဲ့သည်။

ဖခင်၏ လုပ်ငန်းများကို အဆင်သင့် ဝင်ရောက်လုပ်ကိုင်ပေးရင်း စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်နိုင်ရန် (ထိုစဉ်က လူများ စိတ်ဝင်စားမှုနည်းသော) ရော်ဘာပင်စိုက်ပျိုးရေးကို စိတ်ဝင်စားခဲ့သည်။

ထို့ကြောင့် မြေစမ်းခရမ်းပျိုးသဘောဖြင့် မြေဧက ၁၀၀ ကို ရော်ဘာပင်များ စတင်စိုက်ပျိုးခဲ့သည်။

ရော်ဘာစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံများ ရရှိစေရန် ဂျပန်၊ တရုတ်၊ မလေးရှား၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးနည်း၊ ရော်ဘာခြစ်နည်း၊ ရော်ဘာဖြစ်လာသော သားရေများကို မည်သူမျှ တွင်ကျယ်စွာ အသုံးမပြုရဲသော ကာလဖြစ်သည်။

ဦးရွှေလေးသည် မည်သူမျှ စွန့်စား၍ မလုပ်ရဲသော လုပ်ငန်းတစ်ခုကို ရဲဝံ့စွာ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ယနေ့ခေတ် နိုင်ငံတော်အတွက် များစွာ အကျိုးသက်ရောက်မှုရှိသော ရွှေဖြူဟု တင်စား ခေါ်ဝေါ်နေသော ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းကို မွန်သူဌေးကြီး ဦးရွှေလေးမှ စတင်ခဲ့သည်ကို မှတ်တမ်းတင်ကြရမည်ဖြစ်သည်။

သူ့ရဲ့ ထိုခေတ် ထိုအခါက လုပ်ဆောင်ချက်များကို ကြည့်ရှုပြီး ပတ်ဝန်းကျင်ရှိသူများက ကျွမ်းကျင်မှုမရှိဘဲ လုပ်သည်၊ အလှမ်းကျယ်၍ အလယ်လပ်မည် စသည့် ဝေဖန်မှုများကို ရင်ဆိုင်ရသော်လည်း ဦးရွှေလေးက ပတ်ဝန်းကျင်၏ ဝေဖန်မှုကို ဆိတ်သုဉ်းသွားအောင် လုပ်ဆောင်ပြနိုင်ခဲ့သည်။

ဦးရွှေလေး၏ ရော်ဘာစိုက်ပျိုးခဲ့သော ၈၀ ၁၀၀ သည် တဖြည်းဖြည်း တိုးတက်အောင်မြင်လာရာမှ ကေပေါင်း ၂၀၀၀အထိဖြစ်ထွန်းလာသဖြင့် အလုပ်နှင့်အမည်ကို တွဲဖက်၍ ရော်ဘာသူဌေးကြီး ဦးရွှေလေးဟု ဂုဏ်ပြုတင်စား ပြောဆိုခြင်း ခံရသည်။ ကြီးပွားတိုးတက်အောင်မြင်သူတစ်ဦး ဖြစ်လာခဲ့ရသည်။

စီးပွားရေးတွင် နှမ်းသပ်သော စိတ်ကူးရှိရုံဖြင့် ဇလုံလျှောက်ပေ။ ခေတ်မီသော အမြင်ရှိဖို့ လိုသည်။ ထိုအချိန်ကာလများသည် သမားရိုးကျနည်း အတိုင်း ဆောင်ရွက်သောကာလဖြစ်သည်။ မည်သူမျှ မိမိဖလားအစဉ်အလာအောက်မှ ရုန်းထွက်လေ့ မရှိကြပေ။

သို့သော် ဦးရွှေလေးက ထိုအစဉ်အလာမှ ရုန်းထွက်ပြလိုက်သည်။

ကတိုးကော့နှပ်ရွာရှိ ဦးရွှေလေး၏ တိုင်တစ်လုံးအိမ်ကြီးသည် အလွန်ထင်ရှားကျော်ကြားခဲ့သည်။ ဘာကြောင့် ကျော်ကြားရသနည်း။

သုံးထပ် ကျွန်းအိမ်ကြီးကို တိုင်များဖျောက်၍ ဆောက်လုပ်ထားခြင်းကြောင့် ဖြစ်သည်။

ယနေ့ခေတ် တိုင်ဖျောက်၍ ဆောက်လုပ်ခြင်း အဂတိပညာကို ယခုခေတ် အင်ဂျင်နီယာများအတွက် အထူးအဆန်း မဖြစ်သော်လည်း ထိုခေတ် ထိုအခါက ထိုအတွေးမျိုး ဖြစ်ပေါ်ဖို့ အလွန်ပင်ခဲယဉ်းသော ကိစ္စဖြစ်သည်။

ဦးရွှေလေးသည် သူ့အိမ်ကြီးကို ပိနန်မှ လက်သမားတစ်ရာကျော်ဖြင့် သုံးနှစ်ကိုင် ဆောက်လုပ်ခဲ့သည်။

အစစ အရာရာ အောင်မြင်လာခဲ့သော ဦးရွှေလေးသည် အမျိုးဘာသာသာသနာအတွက် စတင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်တော့သည်။ ဦးရွှေလေးသည် နိုင်ငံတကာသို့ ရောက်ရှိသည့် အခါများတွင် သူတို့နိုင်ငံ၏ မူရင်းဘာသာစကားနှင့် သူတို့ဘာသာတရားများကို တွေ့ရှိရသည်။

ဥပမာ- ပြင်သစ်နိုင်ငံတွင် သစ္စာကျွမ်းဟကို ပြင်သစ်စာပေဖြင့် တွေ့ရသလို မလေးရှားတွင် ကိုရင်အာကျွမ်းကို မလေးဘာသာဖြင့် ဖတ်ရှုရသည်ကိုတွေ့ရှိခဲ့ရသည်။ သို့သော် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ဖြစ်သော ပိဋကတ်သုံးပုံကို မြန်မာဘာသာဖြင့်(ဘာသာပြန်)မရှိသေးဘဲ ပါဠိဘာသာဖြင့်သာ ရှိနေသောကာလဖြစ်သည်။ (ထိုစဉ်က ဆဋ္ဌသင်္ဂီယနာမတင်ရသေးသဖြင့် ပိဋကတ်တော်များကို ဘာသာမပြန်ရသေးပါ။)

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် မည်သည့်ရဟန်းပညာရှိ လူပညာရှိမျှ မဆောင်ရွက်နိုင်ခဲ့သော ထိုကဲ့သို့ကြီးကို (တစ်အုပ်တလေမျှပင် ဘာသာပြန်ခြင်း မရှိခဲ့သော) ပိဋကတ်သုံးပုံ ဘာသာပြန်ရေးလုပ်ငန်းအား ၁၉၁၀ ပြည့်နှစ်တွင် ဦးရွှေလေးသည် ဦးရွှေကြူးဆရာမြို့တို့နှင့် တွေ့ဆုံပြီး ပိဋကတ်သုံးပုံ မြန်မာပြန်နိုင်ရေးကို ဆွေးနွေးတိုင်ပင်ကြပြီး ရန်ကုန်မြို့တွင် ပိဋကတ်သုံးပုံကို ထုတ်လုပ်ရေးကုမ္ပဏီ စတင်ထူထောင်ပြီး ကတိုးကော့နှပ်ရွာတွင် ပိဋကတ်သုံးပုံကို စတင်ပြန်ဆိုပြီး ဘာသာပြန်ပြီးသော စာအုပ်များကို ရန်ကုန်မြို့တွင် စတင်ထုတ်ဝေခဲ့သည်။

ပိဋကတ်တော်များ ဘာသာပြန်ရာတွင် လယ်တီဆရာတော်ကြီးနှင့် ဘုရ်လားဆရာတော်ကြီးတို့ နည်းစနစ်အရ ပါဠိတော်ရှိသည့်နေရာတိုင်း မကြွင်း

www.burmeseclassic.com

www.burmeseclassic.com

စေရေး စကားအပိုမလို မထည့် ရှေးနိသယများကို လက် အဋ္ဌကထာ ဋီကာတို့၏ အဖွင့် နှင့်လည်း မလွဲစေရ၊ တိတိကျကျ ပြောကြား ပါဠိတော်အသွားအတိုင်း ရေးခဲ့သည်။

ထိုကိစ္စကို ဆရာမြို့ ဦးစိန်၍ ကျော်ဦးမြတ်သူ၊ ဆရာဦးအောင် ဘင်္လားဆရာတော်၏တပည့် သတ္တတ ကျမ်းကျင် ပညာရှင် အောင်ကလေးတို့၏ အကူအညီဖြင့် ရခဲ့ကြသည်။ (လယ်ကိပဏ္ဏိတ အောင်ကြီးသည်လည်း တစ်နှစ်ခန့် ပြန်ဆိုပေးခဲ့သည်။) ၁၉၁၀ ပြည့် ၁၉၂၀ ပြည့်နှစ်အထိ ၁၀ နှစ် တာလပတ်လုံး ကုန်ကျစရိတ် အားကို ဦးရွှေလေး တစ်ဦးတည်းသာ ထုတ်နှုတ် ခံခဲ့သည်။

ဦးရွှေလေး၏ ကြိုးပမ်းမှုကို အားပေးသောအားဖြင့် လယ်တီဆရာ ကြီးနှင့် ဘင်္လားဆရာတော်တို့ ကတိုးကော့နှပ်ရွာ သွား၍ ခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ပိဋကတ် နိကာယ်ငါးရပ်အနက် နိကာယ် လေးရပ်ကို ဘာသာပြန်ဆိုပြီးစီးခဲ့သည်။

ဘာသာ ပြန်ဆိုခဲ့သော ဒီဃ နိကာယ်၊ မရှိမနိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရနိကာယ် လေးရပ်ကို သဆုံမြို့တွင်ရှိသော အငြိမ်းစားအရေး ပိုင် ဦးကျော်ထွန်းက အဋ္ဌကထာကျမ်း များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့သည်။

ဦးရွှေလေး မြန်မာပြန်ဆိုပြီး သော စာမူများကို ပြည်ထဲရေးဝန်ကြီး ဆာဂျေအေ မောင်ကြီးလက်သို့ အပ်နှံ ပြီးမှ ရန်ကုန်တွင် ရိုက်နှိပ်ခဲ့သည်။ ဝိဋ ကတ် မြန်မာပြန် စာအုပ်ပေါင်း (၂၀) ထုတ်ဝေနိုင်ခဲ့သည်။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက် ခဲ့သောကြောင့် အင်္ဂလိပ်အစိုးရက ဆရာမြို့အား ဝေလမင်းသား ဘာသာ ပြန် ဆုငွေ တစ်ထောင်နှင့် အဂ္ဂမဟာ ပဏ္ဍိတတံဆိပ် ချီးမြှင့်ခဲ့သလို သူဌေးကြီး ဦးရွှေလေးကိုလည်း ဥပဒေပြု လွှတ်တော် အမတ်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရ သည်။

ဤကဲ့သို့ ဦးရွှေလေး၏ ဆောင် မြင်မှုသည် အတိတ်ကဲကုသိုလ်ပြုလုပ် မှုကြောင့် ယခုဘဝတွင် ခွန်အားသာသော မိသားစုတွင် မွေးဖွားခွင့် ရခဲ့သည်။

သို့သော် ချမ်းသာသောမိသားစုမှ မွေး ဖွားသူတိုင်း ချမ်းသာမှုကို ထိန်းသိမ်းနိုင် ပါသလား။ ကုဋေရှစ်ဆယ် ကြွယ်ဝ သော သူဌေးသားသည် ဝိရိယနှင့် ဉာဏ်မရှိသောကြောင့် နောက်ဆုံးတွင် ဆင်းရဲကာ ဒုတာဂဲမှာ သေဆုံးသွားခဲ့ ရသော ဘဝကို ခံယူသွားရသည်။

ဦးရွှေလေးတွင် မွေးချင်း သုံး ယောက် ရှိသော်လည်း တခြားသော နှစ်ဦးက ဘာကြောင့်တိုးတက်ကြီးပွား မအောင်မြင်ကြတာလဲ။ ကံနောက်မှာ ဉာဏ်နှင့် ဝိရိယ မဆက်ပေးသော ကြောင့် ဖြစ်သည်။

ကံကောင်းခြင်း ဆိုသည်မှာ အကောင်းကံကို ပြုလုပ်ရသည်။

အကောင်းကံဆိုသည်မှာ ကိုယ် ကျင့်တရားကို အခြေခံပြီး ဉာဏ်နှင့် ဝိရိယကို အချိုးကျစွာ လုပ်ကိုင်ဆောင် ရွက်မှ တိုးတက်ကြီးပွား အောင်မြင်မှု ရမည်ဖြစ်ကြောင်း အသိကို မျှဝေပေးပါ သည်။ အဓိက ပြောလိုသည်မှာ မြား တစ်စင်းကို အရှိန်အဟုန်နှင့် ပစ်ခွင်းလို လျှင် လေကြိုးကို ပြင်းပြင်းဆွဲပါ။

မင်းလှမင်းခေါင်

❑

လပြည့်ဝန်း စာဖတ်ပရိသတ်များ သိစေရန်

လပြည့်ဝန်းမဂ္ဂဇင်း၊ အမှတ် (၂၃၇)၊ နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်၊ စာမျက်နှာ (၁၀၄) တွင် မင်းလှမင်းခေါင်၏ "တိုးတက်ကြီးပွားအောင် ဘယ်လိုလုပ်မလဲ" ဆောင်းပါးဌ "ဘုရားဒါယကာ မြန်မာ အဆွေ သူဌေးကြီး ဦးဘညွန့်"၏ ပုံကို မှားယွင်းဖော်ပြမိသည့်အတွက် သက်ဆိုင်သူတို့နှင့် စာဖတ် ပရိသတ်အား အနှုးအညွတ် တောင်းပန်အပ်ပါသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

နောက်မကျသေးပါဘူး

ရွှေတာ

သားတွေ . . . သမီးတွေရေ၊ အမေကတော့ ပြောပြစရာတွေ အများကြီးရှိတာပေါ့။ အမေကတော့ ခေတ်လူငယ်တွေကို နိုးဟောင်းတဲ့ ရေဒီးကြောင်းထဲမှာ စီးမျော မနေစေချင်သလို ခေတ်ကိုလွန်တဲ့ အနေအထားထဲမှာလည်း မပါဝင်စေချင်ဘူး။

အမေကတော့ သားသမီးတွေကို ကန့်သတ်ချုပ်ချယ်တာကို မကြိုက်ဘူး။ ဒါပေမဲ့ မိဘဝတ်၊ သားသမီးဝတ်ဂါရဝတရား စည်းဘောင်တော့ မကျော်ဘဲ အမေနဲ့ သား၊ သမီးတွေ ရင်းနှီးပွင့်လင်းတဲ့ သူငယ်ချင်း၊ မိတ်ဆွေအဖြစ် နေပေးထားတယ်။

ဒါဆို သားတို့၊ သမီးတို့ အိမ်မှာ နေရထိုင်ရတာ စိတ်မကျဉ်းကျပ်စေတော့ဘူးလေ။

လူငယ်တွေ ကြိုးစား လှုပ်ရှားအောင်မြင်နေတာ တွေ့ရင် အမေ မျက်လုံးထဲမှာ ကျက်သရေမဂ်လာရှိနေတာပဲ။

ဒီလိုပြောတော့ စိတ်ပျက် အားငယ်မှုတွေနဲ့ သားတွေ၊ သမီးတွေ ရည်ရွယ်ချက်တွေ မဖြစ်နိုင်လို့ လမ်းလျှောက်ရင်း လမ်းပျောက်နေတဲ့ သားတွေ၊ သမီးတွေ မပါဘူးလို့ မထင်ပါနဲ့။

ဒီလိုပါပဲ၊ လမ်းပေါ်မှာ အောင်မြင်မှုတွေနဲ့ လျှောက်လှမ်းနိုင်ပေမယ့် ခလုတ်မတိုက်မိအောင် ဦးတည်ရာလမ်း မဟုတ်ဘဲ မမျှော်လင့်ဘဲ လမ်းချော်တတ်တာမို့ သတိထားကြစေချင်တယ်။

နောက် လမ်းသွားရင်း လမ်းပျောက်လဲကျတဲ့အခါ စိတ်ပျက်အားမငယ်ပါနဲ့။ လဲနေရင် မြန်မြန် မိမိကိုယ် မတ်ထူလိုက်ပါ။ လူငယ်ဆိုတာ စိတ်ဓာတ် စွမ်းအား အမြဲမြင့်တင်ထားတတ်ရမယ်။ ကိုယ့်ယုံကြည်ချက်နဲ့ ဘဝလမ်းခရီးကို လျှောက်တဲ့အခါမှာ မိမိရည်မှန်းချက် အောင်မြင်စေဖို့ သားတို့၊ သမီးတို့ကိုယ်တိုင် ကိုယ့်ရန်သူဖြစ်ဖို့ အရေးကြီးတယ်နော်။

မိမိသည် မိမိရဲ့ရန်သူ မဟုတ်ဘဲ မိတ်ဆွေဖြစ်အောင်လုပ်မှ အောင်မြင်တဲ့ ဘဝကို လှမ်းနိုင်မှာလေ။

လူဆိုတာက ကိုယ်ဖြစ်ချင်တာ ကိုယ့်ဆန္ဒအတိုင်း ဖြစ်မလာတဲ့အခါ ဒေါသစိတ်နဲ့ စိတ်နှလုံး မသာမယာ ဖြစ်ရ၊ ကိုယ်ကတော့ ဖြစ်မလာပေမယ့် သူများကဖြစ်သွားတော့ မနာလို၊ ဝန်တိုမှုတွေဖြစ်ပြီး စိတ်တွေပူလောင် ဖောက်ပြန်လာတော့ အုပ်မှာ။ အမှန် မခွဲခြားတတ်တော့ဘူး။ ဒီအခါ မလုပ်သင့်၊ မမှားသင့်တာ လုပ်မိ၊ ပြောမိတတ်ကြတယ်။

ကိုယ့်ရဲ့စိတ်ကို မထိန်းနိုင်သရွေ့ မကောင်းတဲ့အကျင့်က ဆက်ဖြစ်နေဦးမှာ။ ဒုံသလို ဆက်ဖြစ်နေတော့ မိမိကိုယ်တိုင် မိမိရဲ့ရန်သူ ဖြစ်နေဦးမှာပဲ။

သားတို့၊ သမီးတို့ရေ. . . ဘယ်နေရာမဆို နိုးသားမှုရှိလေ အောင်မြင်မှု နီးလေဆိုပေမယ့် တွေ့ကြုံလာတဲ့အခက်အခဲ၊ အတိုက်အခံတို့၊ ယှဉ်ပြိုင်မှုတို့ကို ဖြေရှင်းသင့်တာ ဖြေရှင်း၊ မသိကျိုးကျွန်ပြုသင့်တာ ပြုပြီး ရေရှည် တည်တံ့အောင်မြင်ချမ်းသာဖို့ဆိုရင် ရိုးသားဖြောင့်မတ်မှုက အဓိကပါပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်အတွက်တော့ ကိုယ်ပြန်ချင်တာ ပြောခဲ့ပြီးပါပြီ။ ဒုတိယအကြိမ်အတိုင်း ဖြစ်မလာတဲ့အခါ ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း စိတ်နှလုံးမသာမယာဖြစ်ရပြီးသားပါ။ ဒီတစ်ခါကတော့ ဖြစ်မလာပေမယ့် သူများက ဖြစ်သွားတော့ ကျွန်တော်ကိုယ်တိုင် ဝန်တိုမှုတွေ ဖြစ်ပြီး ဒီအကြောင်းကိုလောင် ဖောက်ပြန်လာတော့ ဘယ်လိုမှ မခွဲခြားတတ်တော့ဘူး။

သားတို့၊ သမီးတို့ ကိုယ့်စိတ်၊ ကိုယ့်အမူအကျင့်ကို ပြန်ဆန်းစစ်ကြည့်ဖို့မှာ မကောင်းတဲ့အကျင့်ရှိနေခဲ့ရင်လိုက်ပါ။ ဒါဟာ အောင်မြင်မှုအတွက် အနှောင့်အယှက် ဖြစ်စေတတ်တဲ့ အချိန်လေးရှိတုန်း အခွင့်အရေးယူပြီး ပြုပြင်ရမှာပါ။ အလုပ်ခွင်မှာပဲဖြစ်ဖြစ် လူမှုရေးကောင်းကောင်း၊ စိတ်နှလုံးကို ရိုးရိုးသားသားနဲ့ ကြိုးစားအောင်စေချင်တယ်။ အဲသလို လုပ်သွားလုပ်ထိုက်တဲ့ အလုပ်ကို လုပ်ပေးသွားတာ မိမိက မိမိရဲ့စိတ်ဆွေ ဖြစ်စေပါတယ်။

ဒီလိုမဟုတ်ဘဲ ကိုယ့်ရဲ့ မကောင်းတဲ့အမူအကျင့် ပြီးပြီးရောဆိုတာမျိုး၊ ကိုယ့်ဝန်တိုစိတ် စေတနာမမှန်ပြုတဲ့အခွင့်ကို မစွန့်လွှတ်ဘဲ ဘဝကို လျှောက်လှမ်းနေမယ်ဆိုရင် ကိုယ်ကိုယ် ကိုယ့်ရဲ့ရန်သူ ဖြစ်သွားစေတဲ့အတွက်၊ မကောင်းတဲ့အကျင့်ဆိုး စွန့်ဖြစ်အောင် စွန့်လွှတ်၊ မကောင်းတဲ့အခွင့်ကို မလုပ်မိဖို့ အရေးကြီးတယ်။

သားတို့၊ သမီးတို့ရေ . . . ဘဝအောင်မြင်ချင်လို့ပဲဖြစ်ဖြစ်၊ ချမ်းသာချင်လို့ပဲဖြစ်ဖြစ်၊ ခေါင်းဆောင်အကြီးအဖြစ်ခံချင်လို့ပဲဖြစ်ဖြစ်၊ ဘဝကို အဆင့်အတန်းမြင့်မြင့် တည်ဆောက်ချင်လို့ပဲဖြစ်ဖြစ် ကောင်းမွန် မှန်ကန်တဲ့ ကောင်း၊ လမ်းမှန်က လျှောက်တတ်ဖို့ပါတယ်။

လောကမှာ အရေးအကြီးဆုံးက ကိုယ်ကျင့်သိက္ခာ မိုးသားဖြူစင်စွာ နေ၊ စား၊ လုပ်ကိုင် ဆောင်ရွက်မယ်ဆိုရင် လူသေသွားပေမယ့် မိမိအမည် ဂုဏ်သတင်းက မွေးကျန်ရစ်နေမှာပဲ။

ဒါကြောင့် 'လူဝင် သေသော်နာမည်က မသေ' ဘဲ အမည်ကောင်းကျန်ရစ်သူတွေအားလုံး မှတ်မိကြမှာပါ။

ပြီးတော့ သားတို့၊ သမီးတို့ ပညာတွေ သင်ပြီး ပညာတတ် အဖြစ် အသက်မွေးဝမ်းကျောင်းတဲ့အခါ ကိုယ့်အကျင့်စာရိတ္တ၊ မိမိရဲ့စိတ်ကိုမှ ကောင်းမွန်အောင် မထိန်းသိမ်းတတ်ရင် ပညာနေဘဲ့တွေ ဘယ်လောက်ရရ ထူးခြားအောင်မြင်တဲ့လူ မဖြစ်နိုင်ပါဘူး။

လူဘဝ အသက်ရှင်စဉ်ကာလမှာ ချမ်းသာခြင်း၊ အောင်မြင်ခြင်းနဲ့ အဆင့်အတန်းမြင့်မြတ် နေချင်ရင်တော့ မိမိသင်ယူထားတဲ့ ပညာအသိနဲ့ လေ့လာထားတဲ့ အတတ်ပညာ၊ ဗဟုသုတနဲ့ ကိုယ့်စိတ်ကိုယ် ထိန်းမတ်တတ်ရမယ်။ ကောင်းမွန်တဲ့ စဉ်းစားတွေးခေါ်မှုနဲ့ ကောင်းမွန်တဲ့ အလုပ်တွေကို လုပ်ဆောင်တတ်မှ အန္တရာယ်မရှိ ကြီးပွားတိုးတက်နိုင်မှာလေ။

ကဲပါ . . . သားတို့၊ သမီးတို့ အရွယ်ကောင်းတုန်း၊ လျင်မြန်ဖျတ်လတ်တုန်း၊ ခွန်အားတွေ ရှိတုန်းမှာ တန်ဖိုးရှိတဲ့အချိန်တွေကို တခြားမလျော့ကန်တဲ့ အနေ၊ အစားများနဲ့ အချိန်မဖြုန်းကြပါနဲ့နော်။ သားတို့၊ သမီးတို့ ကိုယ့်ဆဝကိုယ် အလင်းတတ်ရအောင် လူကောင်းအဖြစ် နေထိုင်တတ်ပါစေ။

ကောင်းမွန် မှန်ကန်တဲ့ အသိတရားတွေနဲ့ ကိုယ့်ဘဝ ကိုယ်လိုရာကို ပြုပြင်နေထိုင်တတ်သွားရင် လောကအတွက်ရော၊ မိမိပတ်ဝန်းကျင်အတွက်ရော စိတ်အေးချမ်းစေခြင်း အကျိုးပေးကြောင့် သားတို့၊ သမီးတို့ ငြိမ်းအေးတဲ့ ဘဝအခြေကို ပိုင်ဆိုင်ရရှိမှာ မလွဲစေကန်ပါကွယ်။

ရွှေစာ

❑

ဘာဘူးပေးပြီးဖါသည်

စာပေ ပါသနာရှင်များ မိမိတို့စာမူကို မိတ္တူကော်ပီထား၍ သပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော်ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပို့ဆို့အိုးတော်
ဆုံးဖြတ်ခြင်းစေရန်
သပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အပြူအမည်း
တစ်ပျက်နာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အပြူအမည်း
မျက်နာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အမှတ် သုညမှ စ၍
အယ်ဒီတာအဖွဲ့
သပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာပြိုင်နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၈၉၃၀

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံသည် အသုံးချစရာ

ဝဏ်းလေး

ကျွန်တော်တို့ ဝိပဿနာယောဂီများအဖွဲ့ကို ကိုဝဏ်းလေး ရောက်လာတိုင်း အသစ်အဆန်း အထူးအဆန်းတွေ ကြားရတယ်။ ပြီးခဲ့တဲ့ အပတ်ကလည်း သူက သိပ္ပံပညာရှင်တွေအကြောင်း ပြောတယ်။

"ကျွန်တော်တို့ဟာ သိပ္ပံပညာကို အသုံးချရမယ်၊ ကိုးကွယ်စရာ မလိုဘူး"

ဝဏ်းလေးက ဒီလိုပြောခဲ့တယ်။

ဝဏ်းလေး အကြောင်းပြချက်ထဲမှာ သိပ္ပံပညာရှင်တွေ ကိုယ်တိုင် သိပ္ပံနည်းမကျတဲ့ ခံယူချက်တွေရှိတဲ့ အကြောင်း ပြောတယ်။ သူကတော့ လေ့လာတာကိုး။

ဥပမာ - ရည်မှန်းချက် ပန်းတိုင်ကိုရောက်ပြီး နားတာထက်စာရင် မရောက်သေးခင် သွားနေရတာကို ကြိုက်တယ်လို့ သိပ္ပံပညာရှင်တွေက ပြောတယ်။ ဒီအယူအဆကို ဝဏ်းလေးက လုံးဝ ကန့်ကွက်တယ်။ သိပ္ပံ ပညာရှင်တွေဟာ သိပ္ပံနည်းမကျသော 'အယူအဆကို ယူဆတယ်ဆိုပြီး တော်တော်ပြောတယ်။

ဒါကြောင့် သူဟာ သိပ္ပံပညာရှင်တွေကို မကိုးကွယ်ဘူး။ သူက သိပ္ပံပညာရပ်ကိုသာ အသုံးချတာ။

"သွားနေရတာက ဝိရိယစိုက်ထုတ်ရတဲ့အတွက် သိပ္ပံပညာရှင်တွေက ဝိရိယစိုက်ထုတ်ချင်တယ်၊ သွားနေချင်တယ်၊ မရောက်ချင်ဘူး၊ သူတို့က ရောက်လို့ရှိရင် ရပ်သွားမယ်လို့ပဲ နားလည်ထားတယ်၊ အဲဒါ တော်တော် သိပ္ပံနည်းမကျတဲ့ အယူအဆပဲ၊ သူတို့ မရောက်သေးတဲ့နေရာကို သူတို့က မှန်းပြီးတော့ အပြစ်တင်နေတယ်၊ အမှန်က ဒီလိုလည်း မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာမှာ ရဟန္တာကိုယ်တော် မြတ်ကြီးတွေဟာ နိဗ္ဗာန်ကိုစံရရင် ချမ်းသာတဲ့အကြောင်းပဲ ပြောတယ်၊ နောင်တ ရကြောင်း မပြောပါဘူး"

ကိုဝဏ်းလေးက ဒီလို ဖြေရှင်းခဲ့တယ်။

"အိုင်းစတိုင်းကလည်း . . .

'သွားနေရတာဟာ ရောက်တာထက် ပိုတန်ဖိုးရှိတယ်' လို့ ပြောခဲ့ဖူးတယ်။

(. .. the search for truth is more precious than its possession. .. ../ Einstein)

မက်(စ)ဘွန်းကလည်း . . .

'ကျွန်တော်တို့မှာ ရောက်တဲ့ ရည်မှန်းချက် ပန်းတိုင်ဆိုတာ မရှိပါဘူးဗျာ၊ ရည်မှန်းချက် ပန်းတိုင်ရောက်ရင် ရပ်သွားမှာပေါ့။ ကျွန်တော်တို့ဟာ အမြဲတမ်း ဆက်အလုပ်လုပ်ချင်တဲ့ ပုဂ္ဂိုလ်တွေပဲ'

လို့ ဝဏ်းယူသလိုပဲ မှားပြီ

(. .. We are convinced that we are on a never-ending way, on a good and enjoyable way, but far from any goal. .. ..)



www.burmeseclassic.com

www.burmeseclassic.com

အဲဒါသူ့ရဲ့ (Natural Philosophy of Cause and Chance) စာအုပ်ထဲမှာ သူဖွင့်ဟ ဝန်ခံတယ်။

ဟော့ကင်းကလည်း ဒီလိုပါပဲ သူကလည်း (... it is better to travel hopefully than to arrive. / Stephen Hawking) လို့ ပြောခဲ့တယ်။

အိုင်းစတိုင်းတို့ မက်(စ)ဘွန်းတို့ရဲ့ ခြေရာကို နင်းပြီး တော့ ပြောသလို ဖြစ်နေတာပေါ့။

ဒီတော့ တကယ့် သိပ္ပံပညာရှင် အဓိပတိကြီးတွေ နို့တယ်ဆုရတဲ့သူတွေဟာ သူတို့မရောက်ဘူးတဲ့ ရည်မှန်းချက် ဝန်းတိုင်ကို သူတို့က အပြစ်တင်စော်နေကြတယ်၊ အထင်သေးနေကြတယ်။

ဒါက ဗုဒ္ဓဘာသာကို ကန့်ကွက်သလို ဖြစ်နေကြတယ်၊ ဗုဒ္ဓဘာသာက ရည်မှန်းချက်ပန်းတိုင် ရောက်ဖို့လိုတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာက အရမ်းအဆင့်မြင့်တယ်။

ဒါဖြင့် ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာက ဘာဖြစ်လို့ ထင်ရှားသင့်သလောက် မကင်ရှားရသလဲဆိုတော့ ဗုဒ္ဓဘာသာက တရားကုန်ဖို့ လုပ်တယ်၊ ကမ္ဘာက တရားကုန်ဖို့ အတွက် မလုပ်ဘူး၊ ဒီတော့လည်း ထော်လော်ကန့်လန့်ဖြစ်နေတယ်။

ကျွန်တော်ကိုယ်တိုင် နိဗ္ဗာန်အကြောင်းကို တော်တော် ပြောချင်တယ်၊ ဒါပေမယ့် တရားထူထူတဲ့ အတောအတွင်း မှာတော့ ပြောရ ဟောရတာ ကျွန်တော့်အဖို့ မလွယ်ဘူး၊ တရားပါးမှ ဖြစ်မယ်။

နိဗ္ဗာန်ဆိုတာ 'နိဝါန' တရားမရှိရာပါ၊ ဒီတော့ တရားကို ရည်ရွယ်ချက်နဲ့သတ်တဲ့ ဗုဒ္ဓဘာသာနဲ့ တရားကို လွှအခွင့်အရေးဖြစ် ခံစားတဲ့ ကမ္ဘာနဲ့က ပေါ်တော်ကွာတယ်"

ကိုဝုက်းလေးဟာ သူရဲ့အယူဆတွေ တော်တော်ပြော သွားတာ စိတ်ဝင်စားစရာ တော်တော်ပဲ ကောင်းပါတယ်။

ကျွန်တော်တို့က နိဗ္ဗာန်ကို ပြောပြပါလို့ တောင်းဆို တဲ့အခါ

"နိဗ္ဗာန်က ကိလေသာ တရားနည်းမှ နာလို့ကောင်း တာ၊ ကိလေသာတွေ ထုံထူနေတဲ့အခါကျ နာဖို့ခက်တယ်၊ နိဗ္ဗာန်ဟာ ရှိတယ်၊ အဲဒါတော့ ယုံထားရင်တော့ ကောင်း တယ်။

'နိဃောဓေါ အတ္ထိ' ဆိုတာ နိဗ္ဗာန်ကြီးက ရှိတယ်၊ ဒါပေမယ့် အင်မတန် အံ့သြစရာကောင်းလို့ ကိလေသာတွေ သတ်တဲ့ ဉာဏ်ပညာထဲကသာ စံမြန်းနိုင်တာ ဒီအကြောင်း ကတော့ နက်နဲခက်ခဲတဲ့အတွက် ကိလေသာ လျော့အောင် နှလုံးသွင်းရင် ကျေနပ်စရာ ကောင်းတယ်လို့ ပြောရမှာပါပဲ။

နိဗ္ဗာန်ကတော့ တရားမရှိခြင်းပါပဲ၊ တရားမရှိရာ ပါဝဲ၊ နိဗ္ဗာန်က အံ့သြစရာ လွန်စွာ လွန်စွာကို ကောင်းတယ်၊ ကောင်းလွန်းအားကြီးတယ်၊ ရှိလည်း ရှိတယ်၊ ဒါပေမဲ့ လောက ကြီးက မလိုက်ကြတဲ့ အခါကျတော့ အင်မတန်မှကို နှစ်နာတဲ့ သဘောရှိတယ်"

ဆိုပြီး ဝုက်းလေးက ပြောသွားပါတယ်။

ဝုက်းလေးရဲ့ ပြောပြချက်တွေဟာ စိတ်ဝင်စားစရာ အင်မတန်ကောင်းပါတယ်။

တစ်ခေါက်နေတော့ ဆွေးကို နိဗ္ဗာန်အကြောင်း ပျစ်ပျစ် နှစ်နှစ် ပြောပေးပါလို့တော့ တောင်းဆိုရမယ်လို့ အဖွဲ့က သဘောတူ ညီညွတ်စွာပဲ စိတ်ကူးထားကြတယ်။ ဒါကြောင့် ကိုဝုက်းလေး မကြာခဏ အဖွဲ့ဆီ လာပါစေလို့ ကျွန်တော်တို့ တစ်တွေက ဆုတောင်းနေကြပါတယ်။

ဝုက်းလေး

❑

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံ (ကဗျာပျော်)

"ဟင် မမပါလား၊ မလာတာ ကြာမြီ"

"ဟုတ်တယ် အိမ်မှာက ဈေးဆိုင်လေးက တစ်ဖက်၊ စာရေးတာက တစ်ဖက်နဲ့ဆိုတော့ မအားဘူးလေ၊ အခုတောင် စာမူခ လာထုတ်ရင်းနဲ့ ဝင်လာတာ"

"ဒါနဲ့ နေပါဦး မမရဲ့၊ မှသိလို့ မေးရဦးမယ်၊ မမရဲ့ စာမူခက ဘယ်လောက်ရလို့လဲ"

"ပြော် ညီမလေးရယ် မမတို့က မဂ္ဂဇင်းတွေမှာသာ ဆောင်းပါးလေး ဝတ္ထုတိုလေး ဖော်ပြခံရမှ နှစ်ထောင်သုံးထောင်ပါ၊ ဒါတောင် အခုနောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီအောင်နိုင်လတ်

စာမူခတွေ တိုးပေးလာလို့ အရင်တုန်းကဆိုရင် အဲဒီလောက်တောင် မရဘူးဆေ"

"ဒါဆိုရင် မဂ္ဂဇင်းတွေမှာ တစ်လကို မမရဲ့ စာမူက ဘယ်နှပုဒ်လောက် ပါလဲ"

"တချို့လတွေမှာ သုံးလေးပုဒ်ပါတယ်၊ တချို့လကျတော့လည်း နှစ်ပုဒ်လောက်ပဲပါတယ်၊ ကိုယ့်ရဲ့ ရေးအားပေါ်မှာ မူတည်တယ်၊ ဒါပေမဲ့ ကိုယ်ရေးတဲ့စာမူနဲ့ ကိုယ်ပို့လိုက်တဲ့ မဂ္ဂဇင်းကိုက်နဲ့တော့ အဲဝင်္ဂဒင်္ဂကျရှိဦးမှ၊ အဲဝင်္ဂဒင်္ဂကျရှိရင် အဲဒီစာမူကို မဖော်ပြခဲ့ရပြန်ဘူး"

ကျွန်မ၏ စကားကြောင့် ညီမဖြစ်သူက မဲ့ပြုံးပြုံးရင်းမှ ကျွန်မကို ကြည့်ကာ. . .

"ဟင် မမဥစ္စာက မဟုတ်သေးဘူး၊ ဒီလိုသာဆိုရင် တစ်လ တစ်လ ဘယ်လို အလျှဉ်မမီ စားသောက်လို့ ရပါ့မလဲ"

"ဒီလိုပဲပေါ့ ညီမလေးရယ်၊ စွေးဆိုင်လေးက ဝင်တဲ့ ဝင်ငွေလေးနဲ့ ဒီလိုပဲ ပေါင်းစပ်ပြီး အလျှဉ်မီအောင် မြှုံးမြှဲ ချွေတာ စားရတာပေါ့"

"အရင်တုန်းက မမ စက်ချုပ်ခဲ့တာပဲ၊ စက်လည်းချုပ်၊ စွေးလည်း ရောင်း နှစ်ခုပေါင်းလိုက်ရင် မမ ဘာပူရမလဲ၊ အခုခိုနှစ်မှာ အပ်ထည်တွေ လက်ခံပြီး စက်ချုပ်စားတဲ့သူက အရမ်းကိုက်တယ်၊ စက်ပြန်ချုပ်ပါလား"

"မမစက်ချုပ်နေရင် စာရေးရမှာ မဟုတ်ဘူး၊ စွေးရောင်းတာကျတော့ စွေးလာဝယ်တဲ့သူရှိရင် ရောင်းလိုက်၊ စွေးအရောင်းပါးတဲ့အချိန် စာရေးလိုက်ပေါ့၊ ကလောင်တစ်ချောင်းပိုင်ဆိုင်ဖို့ ဆိုတာ လွယ်တာမှ မဟုတ်တာ ညီမလေးရဲ့"

"မမ စာရေးတာက ကြီးပွားမှာ မို့လို့လား"

"မမတို့လို မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ စာတိုပေစတွေ ရေးနေတဲ့သူတွေ အနေနဲ့ကတော့ မကြီးပွားနိုင်ကြပါဘူး၊ မမတို့လို စာပေတွေကို ရေးသားနေတဲ့သူတွေရဲ့ အဓိက ရည်ရွယ်ချက်ကတော့ လေ့လာမှတ်သားဆည်းပူးထားသမျှလေးတွေကို မသိကြသေးတဲ့ တစ်ပါးသူတွေကို သိစေချင်တယ်၊ လူငယ် လူရွယ်တွေဆိုရင်လည်း အသိအလိမ္မာတိုးပွားပြီး အတွေးအခေါ် မြင့်မားတဲ့သူတွေ ဖြစ်စေချင်တယ်"

"နေစမ်းပါဦး မမပြောသလိုဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူကြီး လူရွယ် လူငယ်မကျန် အားလုံးစာဖတ်ကြမှာမို့လား"

ကျွန်မအား ကတ်သီးကတ်ဖဲ ပြန်ပြောနေသော ညီမငယ်အား ကြည့်ကာ 'တော်တော်အတွေးနုသေးပါလား၊ တော်တော် ကလေးဆန်ပါလား' ဟု တွေးမိရင်း ညီမဖြစ်သူ သဘောပေါက်စေရန် အတတ်နိုင်ဆုံး ရှင်းပြရတော့သည်။

"ညီမလေးရယ်၊ အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမဲ့ ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်း လူမျိုးတိုင်းကို အသိဉာဏ်ပညာတိုးတက်စေတာဟာ စာပေပဲ ညီမလေး၊ ဒါကြောင့် စာအုပ်

www.burmeseclassic.com

www.burmeseclassic.com

စာပေ လူမိတ်ဆွေ၊ အသိအလိမ္မာ စာမှာရှိ ဆိုတဲ့ ဆောင်ပုဒ်တွေ ဖြစ်ပေါ်လာတာပေါ့။ တကယ်တော့ စာရေးဆရာဆိုတဲ့သူတွေဟာ ကြီးပွားချမ်းသာဖို့ စာရေးနေကြတာ မဟုတ်ပါဘူး။ မမတို့ရဲ့ မြန်မာ့စာပေ၊ မြန်မာ့အတွေးအခေါ် မြန်မာ့ဒဿန၊ မြန်မာ့ကိုယ်ကျင့်တရား ဆိုတဲ့ အမျိုးသားရေး လက္ခဏာတွေနဲ့ ပုဒ္ဓဘာသာတရားဆိုတာတွေ မပျောက်ပျက်ရအောင် တစ်နိုင်တစ်ပိုင် တက်အားသရွေ့ ထိန်းသိမ်းစောင့်ရှောက်ရင်းနဲ့ အများအကျိုးကို သယ်ပိုးထမ်းရွက်နေကြတဲ့သူတွေပါ ညီမလေး"

"အို- မမ ဘာစကားပဲပြောပြော ညီမကတော့ စိတ်မဝင်စားဘူး၊ ကိုယ့်မှာ မရှိရင် ဘယ်လောက် မျက်နှာငယ်ရတယ်ဆိုတာ မမ အသိဆုံးပဲ မဟုတ်လား"

ကျွန်မ စကားဆုံးသည်နှင့် ရွှေရောင် ငွေရောင်တပြောင်ပြောင်နှင့် ခန္ဓာကိုယ်ကို လှုပ်ယမ်း၍ ခေါင်းတခါခါလည်တခါခါဖြင့် ကျွန်မကို ပြန်ပြောနေသော ညီမဖြစ်သူကို ကြည့်ကာ 'တော်တော်ခက်ပါလား ညီမလေးရယ်' ဟူ၍သာ ကျွန်မရင်ထဲမှ တီးတိုးရေရွတ်ပိုက်မိသည်။

တကယ်တော့ ကျွန်မတွင် သည် ညီမလေးတစ်ယောက်သာ ရှိသည်။ ငယ်စဉ်ကလေးဘဝကတည်းက ကျွန်မအပေါ် ဆိုးသွမ်းခဲ့သည်။ ညီမလေးမှာ စီးပွားရေးဆန်သည့် အတွေးအခေါ်နှင့် စီးပွားရေးသမားတစ်ယောက်အဖြစ်သာ ဘဝကို ရပ်တည်ခဲ့သူ တစ်ယောက်ဖြစ်သည်။ ထိုကဲ့သို့ စီးပွားရေးသမားဖြစ်ရသည့် အကြောင်းရင်းကလည်း ရှိခဲ့သည် မဟုတ်ပါလား။

သူနှင့် ကျွန်မမှာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သည်။ ထို့ကြောင့် ကျွန်မ ဘယ်လောက်ပင် ရှင်းပြသော်လည်း နားမလည်နိုင်ခဲ့။ သို့သော် အချိန်ကျရင်တော့ ညီမလေး နားလည်လာလိမ့်မည်ဟု ကျွန်မ မျှော်လင့် မိပါသည်။ ထိုနားလည်မည့်နေ့အထိကို စိတ်ရှည်စွာဖြင့် စောင့်ဆိုင်းရပေဦးတော့မည်။

❋

"ဟင် ညီမလေး အေးအေးမြင့်ပါလား။ အိမ်ထဲကိုဝင်လေ၊ တစ်ယောက်တည်းလာတာလား"

"ဝင်မှာပေါ့ မမကြီးရယ်၊ တစ်ယောက်တည်းလာတာပါ။ မတွေ့ရတာကြာပေမယ့် အေးမြင့် မမက အခုချိန်ထိ အရွယ်တင် လှပနေတုန်းပဲ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိလို့ပါ"

"ကြည့်စမ်း ကောင်မလေး၊ လူကြီးကို မြွောက်နေပြန်ပြီ၊ မမြွောက်လည်း မမက ထမင်းကောင်းကောင်း ကျွေးမှာပါ"

"တကယ်ပြောတာပါ၊ မမကြီးကို ကြည့်ရတာ တကယ့်ကို ငြိမ်းချမ်းပြီး မျက်စိကို အေးစေ[illegible]ပဲ"

အေးအေးမြင့်က ပြောပြောဆိုဆို ကျွန်မ၏ အိမ်ကလေးပေါ် သို့ တက်လာကာ ခရီးဆောင်အိတ်ကို ချလျက်မှ-

"မမကြီး အခုချိန်ထိ စာတွေ့ရေးနေသေးလား၊ အေးမြင့် အံ့ဖွယ်ကိစ္စအတွက် လာတာပါ"

"အံမယ်... ငါညီမ အပျိုကြီးကျောင်းဆရာမက စာ[illegible]ရေးမလို့နဲ့ တူတယ်၊ စာမူတွေပါလာလား၊ မမကြီး မဂ္ဂဇင်းတိုက်တွေကို လိုက်ပို့ပေးမယ်လေ၊ မမကြီးကတော့[illegible]တွေ့ရေးနေဆဲပါပဲ"

"မဟုတ်ရပါဘူး မမကြီးရယ်၊ အခု ကျွန်မတို့ရွာဦးကျောင်းဆရာတော်ကနေပြီး ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်းနဲ့ ပရဟိတဂေဟာကို တွဲဖွင့်ထားတယ်၊ အဲဒီ ပရဟိတဂေဟာမှာ မိဘမဲ့နဲ့ ဆင်းရဲနွမ်းပါးကလေးပေါင်း တစ်ရာကျော်ရှိတယ်၊ အေးမြင့်က အဲဒီ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းကိုပါ တွဲဖက် တာဝန်[illegible]ထားရတယ်၊ စေတနာ့ဝန်ထမ်းပေါ့"

"သိပ်ကောင်းတာပဲ ညီမ၊ အခု အဲဒီ ဘုန်းတော်ကြီးစာသင်ကျောင်း အတွက် ပစ္စည်းတွေလိုလို့ လာတာလား ဟင်"

"ဘုန်းတော်ကြီး စာသင်ကျောင်း အတွက်ရော၊ နောက်တစ်ခုက ဘုန်းတော်ကြီးစာသင်ကျောင်းနဲ့ ကပ်လျက်မှာ အေးမြင့်တို့ရွာရဲ့ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်လေးဆောက်ထားတယ်၊ အဲဒီ စာကြည့်တိုက်ကိုလည်း အေးမြင့်ပဲ တာဝန်ယူထားတယ်၊ ရွာစာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားလေးလုပ်မယ်လေ၊ ဒါကြောင့်မို့ ရွာစာကြည့်တိုက်လေး အတွက် သုတ၊ ရသ၊ ကာတွန်း၊ မဂ္ဂဇင်း စာအုပ်တွေ လိုချင်လို့ မမကြီးဆီ လာတာ"

"ရွာအကြောင်းကို ကြားရတော့ ရွာ[illegible] မမလည်း သတိရမိတယ်၊ ငါညီ[illegible]ကြီး ရပ်ကျိုးရွာကျိုးတွေ ထမ်းဆောင်နေတာကို သိရတော့ မမ ဒရမ်းဝမ်းသာတာပဲ၊ မမ တတ်အား[illegible]ရွှေ့ မမနဲ့ရင်းနှီးတဲ့ စာရေးဆရာတွေဆီကနဲ့ မဂ္ဂဇင်းတိုက်တွေက စာအုပ်တွေ အလှူခံစေပေးမယ်လေ"

"မမကြီး စာအုပ်တွေ အလှူခံပေးရုံတင်မဟုတ်ဘူး၊ မမကြီးပါ ရွာကို လှုက်ခဲ့ရမယ်၊ ရွာဦးကျောင်း ဆရာတော်နဲ့ ရွာသူရွာသားတွေကပါ မမကြီး[illegible]ကို[illegible]လိုက်ခဲ့ပါနော်၊ ညွှော့- ဒါနဲ့ မမလေးကော စီးပွားရေး အဆင်ပြေရဲ့လား၊ ကျန်းမာရေးကော ကောင်းရဲ့လား"

"သူကတော့ စတိုးဆိုင်နဲ့ အလှပြင်ဆိုင်တွဲဖွင့်ထားတော့ သူမှာ တစ်နေ့တစ်နေ့ အားရတယ်လို့ မနှိပါဘူး၊ စီးပွားရေးကတော့ အဆင်ပြေပါတယ်"

"ဒါဆိုရင် မမလေးကတော့ ရွာကို လိုက်နိုင်မှာ မဟုတ်ဘူးထင်တယ်"

"သူ့ကို မမတို့ သွားခေါ်ကြည့်မယ်လေ၊ လိုက်နိုင် မလိုက်နိုင်တော့ မသိဘူး၊ လိုက်နိုင်မယ်လို့တော့ မထင်ပါဘူး၊ မမကတော့ အေးအေးမြင့် မျှော်လည်း လိုက်ခဲ့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com

ညီမငယ်၏ သဘောထားကို သိနေသည်မို့ စိတ်ပျက်စွာ ညည်းတွားဆိုမိလိုက်သည်။

အေးအေးမြင့်မှာ ကျွန်မနှင့် ညီမငယ်ကွဲတော်စပ်သူ ဖြစ်သည်။

အေးအေးမြင့် တစ်ယောက်တည်းကောလိပ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ကျွန်မတို့ ကျေးရွာ၌ပင် အလယ်တန်းပြဆရာမ ပြန်လုပ်ကာ ကိုယ့်ရပ်ကိုယ့်ရွာ၏ အကျိုးကို တစ်ဝိုင်တစ်နိုင် သယ်ပိုးထမ်းရွက်နေသူ ဖြစ်သည်။

ကျွန်မတို့ ညီအစ်မနှစ်ယောက်၏ မွေးရပ်မြေသို့ ကာလကြာမြင့်စွာ ပြန်မရောက်ခဲ့ကြသော်လည်း ညီမဝမ်းကွဲ ကျောင်းဆရာမ အေးအေးမြင့်မှာ အကြောင်းကြီးငယ်ရှိတိုင်း ကျွန်မတို့ ညီအစ်မရှိရာ ရန်ကုန်မြို့သို့ ရောက်လာတတ်ပေသည်။

ထိုသို့ အေးအေးမြင့် ရောက်လာတိုင်းလည်း ညီမ အေးအေးမြင့်ကို အစပ်သမျှ အကူအညီကို တတ်အားသရွေ့ ဆောင်ရွက်ပေးခဲ့သည်ချည်း ဖြစ်သည်။

ယခုလည်း ကျွန်မတို့ကျေးရွာ၏ ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်း ဗရုတီတဂေဟာ၏ လိုအပ်သမျှ စာရွက်စာတမ်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်းပေါင်းစုံကို အားကျွန်မနှင့် ရင်းနှီးကျွမ်းဝင်သည့် စာပေမောင်နှမများဆီကနှင့် မဂ္ဂဇင်းတိုက်များသို့ စာအုပ်များလှူသည်လည်း၍ အလှူခံခဲ့ရာတွင် ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုတိုလုံးချင်းပေါင်းချုပ် စသည့် စာအုပ်ပေါင်း နှစ်ရာကျော်ကို ရရှိခဲ့လေသည်။

အေးအေးမြင့်မှာလည်း ကလေးတပေစာအုပ်များ၊ ကာတွန်းစာအုပ်များ၊ သဉ်ကျေးလိမ္မာ စာအုပ်များတို့ကို ဝယ်ယူလေသည်။

သို့နှင့် မရောက်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည့် ကျွန်မ၏ မွေးရပ်မြေသို့ ညီမအေးအေးမြင့်နှင့်အတူ ပြန်လိုက်သွားဖြစ်ခဲ့သည်။ စီးပွားရေးကိုသာ အဓိကဦးစားပေး၍ မည်သည့် လူမှုရေးကိစ္စကိုမျှ စိတ်မဝင်စားသည့် ကျွန်မ၏ ညီမလေးမှာ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လိုက်လိမ့်မည်ဟု မထင်ထားခဲ့သော ကျွန်မ၏ အတွေးများမှာ တက်တက်စင်အောင် လွဲပါတော့သည်။ ကျွန်မတို့နှစ်ယောက်နှင့် အတူ ညီမလေးမှာလည်း ရွာကို လိုက်ခဲ့ပါသည်။

လှိုင်သာယာ အဝေးပြေးကားဝင်းကြီးအတွင်းမှ ကျွန်မတို့ ညီအစ်မသုံးယောက်စီးသော ခရီးသည်တင် လေအိတ်ကားကြီးမှာ စတင်ထွက်ခွာလျက် တရိပ်ရိပ်ပြေးလွှားကာ ဧရာဝတီတိုင်းအတွင်း ဝင်ရောက်လာသည်။ ထို့နောက် ညောင်တုန်းမြို့နှင့် စက္ကော့ကျေးရွာကို ကူးသည့် ဗိုလ်မြတ်ထွန်း မြစ်ကူးတံတားကြီးပေါ်သို့ ရောက်ရှိလာသည်။ မြစ်ပြင်မှ တိုက်ခတ်လာသည့် လေပြည်လေညင်းတို့ကို ကျွန်မ တဝကြီး ရှူရှိုက်လိုက်သည်နှင့် ခန္ဓာကိုယ် တစ်ခုလုံး လန်းဆန်းတက်ကြွသွားသည်ဟု ကျွန်မ ထင်မိသည်။

ယခင်က ကျွန်မတို့တောရွာမှ ရန်ကုန်မြို့သို့ သွားမည်ဆိုလျှင် ဓနုဖြူမြို့သို့ ကားစီးရသည်။ ဓနုဖြူမြို့၌ ထပ်မံ၍ ဟဲသ်တမြို့မှ ထွက်ခွာလာသည့် ရန်ကုန်မြို့သွား ဧရာဝတီသင်္ဘော ဖြစ်စေ၊ ကြားသင်္ဘောဖြစ်စေ စောင့်ကာ စီးကြရသည်။ (ဧရာဝတီသင်္ဘောမှာ နိုင်ငံတော်အစိုးရမှ ပြေးဆွဲသည့် သင်္ဘောဖြစ်၍ ကြားသင်္ဘောမှာ ပုဂ္ဂလိကလုပ်ငန်းရှင်မှ ပြေးဆွဲသည့် သင်္ဘောဖြစ်သည်) ရန်ကုန်မြို့သို့ ရောက်ရန် တစ်နေ့နှင့် တစ်ည ကြာမြင့်သည်။

ထိုသင်္ဘောများပေါ်၌ နွား၊ ဝက်၊ ကြက်၊ ဘဲများနှင့် ဒေသထွက်ကုန်များ ပါမကျန် ပစ္စည်းအမျိုးမျိုးတို့ကို တင်ဆောင်ကြသဖြင့် သင်္ဘောတစ်စီးလုံး ပြည့်ညပ် ပြွတ်သိပ်ကာ အချိန်မရွေး အန္တရာယ်နှင့် တွေ့ကြုံ ရင်ဆိုင်ကြရမည်ကို စိုးရိမ်ပူပန်ကြရလေသည်။ယခုတော့ ထိုသို့မဟုတ်ပြီ။ ဗိုလ်မြတ်ထွန်း တံတားကြီးသည် ကျွန်မတို့ ဧရာဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေးများ၏ အသက်သွေးကြောမကြီးပင် မဟုတ်ပါလား။

ကျွန်မတို့ ညီအစ်မသုံးဦး စီးလာသည့် လေအိတ်ကားကြီးမှာ ဗိုလ်မြတ်ထွန်းမြစ်ကူးတံတားကြီးကို ဖြတ်ကျော်ပြီးနောက် ပန်းတနော်၊ ကျောင်းကုန်း၊ အသုတ်၊ ရေကြည်မြို့များကို ဖြတ်ကျော်ပြီး ကျုံပျော်မြို့လယ်သို့ ဝင်ရောက်လာကာ ကားကို ခေတ္တရပ်နားလိုက်သည်။ အခုတော့လည်း ကျွန်မတို့ ဖြတ်ကျော်ခဲ့သည့် ခရီးလမ်းကြောင်း တစ်လျှောက်၌ ဖွံ့ဖြိုးစည်ပင်ကာ အစစအရာရာ တိုးတက်ပြောင်းလဲခဲ့ပြီ ဖြစ်သည်။

"ဆရာမ အေးအေးမြင့်၊ ကျွန်တော်တို့ ဒီမှာ့စောင့်နေတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ လာပါပြီ"

အိမ်ဆိုကြားသဖြင့် ကျွန်မ ကားအောက်သို့ လှမ်းကြည့်လိုက်ရာ ကားဘေးတွင် ရပ်နေကြသည့် အသက်သုံးဆယ်ကျော်ခန့်ရှိကြသည့် အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦးကို တွေ့ရသည်။

သူတို့ကလည်း ကျွန်မကို ကြည့်နေကြသည်။ ထိုစဉ် အေးအေးမြင့် သူတို့အနီးသို့ ရောက်သွားသည်။

"ဆရာမ အေးအေးမြင့်၊ စာအုပ်တွေကော စုံစုံလင်လင် ရခဲ့ရဲ့လား"

"စာအုပ်တွေ စုံစုံလင်လင်ရခဲ့ပါတယ်၊ ကျွန်မ အစ်မကလည်း ရွာစာကြည့်တိုက်တွက် စာရေးဆရာတွေနဲ့ မဂ္ဂဇင်းတိုက်တွေမှာ အလှူလိုက်ခံပေးလို့ မဂ္ဂဇင်း ဂျာနယ်ပေါင်းစုံနှစ်ရာကျော်လောက် ရတယ်လေ"

"ဆရာမအေးအေးမြင့်ရဲ့ အစ်မ စာရေးဆရာမ ပါလာလားဟင်"

"ပါလာပါတယ်ရှင်၊ မမကြီးရေ ဟောဒီမှာ မမကြီးကို တွေ့ချင်လို့ လာ

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေကြတယ်၊ မမကြီး ကားအောက်ကို ခဏဆင်းခဲ့ပါဦး"

သူတို့ စကားပြောနေကြသည်ကို ကြည့်နေသော ကျွန်မမှာ နေသာထာ ကားအောက်သို့ ဆင်းသွား၍ သူတို့ကို ပြုတ်ပြုန်းဆဲဆိုလိုရသည်။ သူတို့ကလည်း ကျွန်မကို တစ်ယောက် တစ်ယောက် လက်ဆွဲနှုတ်ဆက်လျက်...

"ဆရာမပါလာမယ်လို့ ဆရာမ အေးအေးမြင့်က ဖုန်းဆက်ပြောလို့ ကျွန်တော်တို့ လာစောင့်နေတာပါ"

"သူတို့တွေက မမရဲ့ စာဖတ်ပရိသတ်တွေလေ၊ အေးမြင့် နဲ့က ကျောင်းနေဖက်တွေပေါ့၊ ပုသိမ်ကောလိပ်မှာ ကျောင်းအတူတူတက်ခဲ့ကြတာ"

"ဆရာမရဲ့ စာတွေကို ကျွန်တော်တို့ လစဉ်စောင့်ဖတ်နေတာ"

"ဆရာမကို ကျွန်မတို့ တွေ့ချင်နေကြတာ ကြာပြီ"

သူတို့အုပ်စုက တစ်ယောက် တစ်ပေါက် ဝမ်းသာအားရ ပြောဆိုနှုတ်ဆက်ကြသဖြင့်...

"မင်းတို့ ဆရာမကို အခုလို အားပေးတဲ့အတွက် ဆရာမက အထူး ကျေးဇူးတင်တယ်၊ ဝမ်းလည်းသာတယ်"

ကျွန်မရင်ထဲမှ အတိုင်းမသိ သော ဝိတိတို့ ဖြစ်ပေါ်ရကာ သူတို့ အုပ်စုကို ကျေးဇူးတင်စကား ပြောမိသည်။ ကားပေါ်မှ မျက်လုံးအရွဲသားနှင့် ညီမလေးမှာ ကျွန်မတို့ကို လှမ်းကြည့်နေသည်။ ကျွန်မတို့ စီးလာသော ခရီးသည်တင် လေအိတ်ကားမှာ ရှေ့သို့ ခရီးဆက်ထွက်ရန် အချက်ပေးနေပြီ ဖြစ်သဖြင့် ကျွန်မမှာ သူတို့အုပ်စုအား နှုတ်ဆက်ကာ ကားပေါ်ပြန်တက်လိုက်ရသည်။

သူတို့အုပ်စုမှာလည်း အပြေးအလွှား စားစရာများကို ဝယ်ယူကြကာ ပေးကြသည်။ ကျွန်မမှာ သူတို့၏ စေတနာကို မယပ်ရှားလိုသဖြင့် အားနာစွာ လက်ခံယူခဲ့ရလေသည်။

ကျွန်မတို့စီးသောကားမှာ ရှေ့သို့ ခရီးဆက်ထွက်ခဲ့ရာတွင် ကံ့ကော်မြို့နှင့် ခဲပေါင်ချောင်းမြစ်ကူးတံတားပေါ်သို့ ရောက်ရှိသောအခါ ယခင်ကဆိုလျှင် တသံတမြို့ ရေပြုံမြို့ဘက်မှ ကံ့ကော်မြို့သို့ သွားလိုလျှင် ခဲပေါင်ချောင်းမြစ်ကူးတို့လေနှင့် ဖြစ်စေ၊ ဇက်ဖြင့် ဖြစ်စေ ကံ့ကော်မြို့ဘက်ကမ်းသို့ ကူးရသည်။

ကံ့ကော်မြို့ဘက်မှ ခရေပြုံမြို့၊ တသံတမြို့သို့သွားလိုလျှင် ထိုကဲ့သို့ ပင်ဖြစ်သည်။ ယခုတော့လည်း ထိုသို့ မဟုတ်တော့ပြီ။ လမ်းပန်းအဆက်အသွယ် ကောင်းမွန် ချောမွေ့နေပြီ ဖြစ်သော ကြောင့် သွားရေး၊ လာရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ အစစအရာရာ ပြောင်းလဲ တိုးတက်ခဲ့လေပြီဖြစ်သည်။

ကျွန်မတို့ ညီအစ်မသုံးယောက် ဆင်းရမည့်နေရာသို့ ရောက်သောအခါ ကားပေါ်မှ ဆင်းကြပြီးနောက် ကျွန်မတို့ ရွာသို့သွားရန် လေဆိပ်ရှိရာသို့ သွား ကြရသည်။ လေဆိပ်ဆင်းဇမ်း တစ်လျှောက်၌ အစစအရာရာ တွဲးတက် ပြောင်းလဲခဲ့ပြီဖြစ်သည်။ မြို့ကို ရောက်သည့် တောသားတစ်ယောက် ကျိုးကန်းတောင်းမှောက် ဆိုသည့် စကားပုံကို ပြောင်းပြန်လှန်ရမည်ကဲ့သို့ ဖြစ်နေရပြီ ဖြစ်သည်။ ယခုတော့လည်း လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် နေမကုန်မီ ရွာကို ရောက်တော့မည်။

ကျွန်မသည် ဇာတိချက်ကြွေမွေး ရပ်မြေကိုအသွား သမ္ဘန်စီးရင်း ချောင်းနှိုး တစ်လျှောက် မျှော်ပါနေကြသော ဒေဒါပင်ကလေးများကို ကြည့်နေရင်းမှ ကျွန်မ၏ အတွေးအာရုံတို့မှာ လွန်ခဲ့ပြီ ဖြစ်သော အတိတ်ကာလ တစ်ခုဆီသို့ ရောက်ရှိသွားပါတော့သည်။

"မမ ညီမလေးလည်း လိုက်ခဲ့မယ်"

ဆွေဆွေ တစ်ယောက် ဘဲကျောင်းသွားရန် လေလှော်တက်ကို ကောက်ကိုင်ကာ ရေဆိပ်ရှိရာကို သွား ရန် တာစူလိုက်သည်။ ထိုစဉ် ညီမ ဝေဝေနောက်မှ ပြေးလိုက်လာ၍ သူပါ ဘဲကျောင်းလိုက်ရန် ပြောသည်။

"မလိုက်ပါနဲ့ ညီမလေးရာ၊ တော်တော်ကြာ မိုးရွာလို့ မိုးမိပြီး ဖျားနေပါဦးမယ်၊ နောက်တော့ မမ ခေါ်မယ်နော်"

"ဟင့်အင်း ဟင့်အင်း လိုက်မှာပဲ လေ့စီးချင်တယ်"

"နောက်နေ့မှစီးလေ၊ မိုးရွာတော့မယ်၊ မမပြန်လာရင် ဒေဒါပန်းလေးတွေ ခူးခဲ့မယ်၊ အဘွားရေ ဟောဒီမှာ ဝေဝေ လေ့စီးလိုက်မလို့တဲ့"

ဆွေဆွေက ပြောပြောဆိုဆို ဝေဝေ့လက်ကို ဆွဲခေါ်၍ အဘွားဆီသို့ ပို့ပေးလိုက်သည်။

"လိုက်ချင်တယ် လိုက်ချင်တယ် အီး အီး..."

"မြေးလေး လိုက်မသွားနဲ့နော်၊ ဒီမှာ အဘွား ငှက်ပျောသီးမီးဖုတ်ကျွေးမယ်၊ လာ့ လာ"

ဆွေဆွေက အဘွားထံ ဝေဝေ အား အပ်နှံ၍ လေဆိပ်၌ ချည်နှောင်ထားသည့် လေ့ကြိုးကို ဖြေကာ ရေထဲသို့ လေ့ကို တွန်းချလိုက်သည်။ ထို့နောက် ညီမဝေဝေ၏ အော်ငိုနေသံကို ကျောခိုင်းကာ လေ့ပေါ်တက်၍ လော်ခတ်ပြီးလျှင် ဘဲများနောက်သို့ လိုက်သွားသည်။

ဆွေဆွေတို့ ညီအစ်မ နှစ်ယောက်၌ ဆွေဆွေအသက်ဆယ်နှစ်၊ ဝေဝေ အသက်ခြောက်နှစ် သမီးကပင် အမိအဖများ မရှိကြတော့ပေ။ အမိအဖများ မရှိကြတော့သည့်နောက်ပိုင်း ဆွေဆွေတို့ ညီအစ်မမှာ မိခင်ဘက်မှ အဘိုးအဘွားများနှင့် နေထိုင်ကြရလေသည်။

အဘိုးအဘွားများ၏ စီးပွားရေး လုပ်ငန်းမှာ ငှက်ပျောခြစိုက်ပျိုးခြင်းပင် ဖြစ်သည်။ အဘိုးအဘွားတို့၌ သားသမီး ငါးယောက် ရှိသည်။ သားသမီး ငါးယောက်တို့ကို ကျွေးမွေးသုတ်သင် ပြုပျိုးထောင်ရသည့် အဘိုးအဘွားတို့မှာ

www.burmeseclassic.com

www.burmeseclassic.com

ကျောပြခြံ တစ်ခုတည်းမှ ဝင်ငွေဖြင့် မျိုးလောက်ခဲ့ ဆင်းရဲနွမ်းပါးကြသည်။ ဆေးသော တောသူတောင်သားများ အခြားစီးပွားရေးကိုလည်း မလုပ်တတ်ကြသဖြင့် ဝက်၊ ကြက်၊ ဘဲ ဆိုတို့ တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။

အဘိုးအဘွားတို့မှာ ဆင်းရဲနွမ်းပါးသော်လည်း သားသမီးငါးယောက် ဦးစား ခေတ်ပညာတတ်များဖြစ်ရန် ကြားရေးကို ဦးစားပေးသည်။ သားနှစ်ယောက် သမီးနှစ်ယောက်ဖြစ်ကြကာ ဆွေဆွေတို့ ညီအစ်မ နှစ်ယောက်၏ အငယ်မှာ ဒုတိယမြောက်သမီးဖြစ်သည်။ သားသမီးများ အသီးသီးအိမ်ထောင်ကျ ကွဲကွာသွားကြသော်လည်း စတုတ္ထ မြောက် သားလူပျိုတစ်ယောက် ကျန်နေသေးသည်။

သားလူပျိုမှာ မိဘများ၏ ဌက်ကြွယ်ကို ဝိုင်းကူလုပ်ပေးသော်လည်း အရက်သောက်မိလျှင် တစ်ပတ်ဆယ်ရက် ပွေနေတတ်သဖြင့် မိဘများ စိတ်ညစ်ကြရသည်။ ဒီကြားထဲ ဆွေဆွေတို့ ညီအစ်မနှစ်ယောက်က ရောက်လာပြန်သည်။ အဘိုးအဘွားတို့မှာ ဆွေဆွေတို့ ညီအစ်မနှစ်ယောက်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သော်လည်း ကြည်ဖြူစွာ ကျေးဇူးစောင့်ရှောက်သည်။ ကျောင်းထားသေးသည်။

ဆွေဆွေ၏ အဘိုးအဘွားများ အိမ်မှာ ရွာချောင်းကမ်းနဖူးထိပ်တွင် ဆောက်လုပ်ထားသည်။ နံနက်လင်း၍ ဘဲခြံတံခါးကို ဖွင့်လိုက်သည်နှင့် ဘဲများမှာ ချောင်းထဲကို ပြေးဆင်းသွားကြသည်။ ဆွေဆွေ ကျောင်းမတက်ခင် လှေဖြင့် ဘဲများနောက်ကို လိုက်ကာ ဘဲကျောင်းရသည်။

တစ်နာရီခန့် ဘဲများကို ကျောင်းပြီးနောက် ဘဲများကို ဘဲခြံထဲသို့ ပြန်ဆောင်းသွင်း၍ ထားခဲ့ကာ ညီမဝေဝေ သတ်ကိုဆွဲပြီးလျှင် ရွာလယ်ရှိ အလယ်ဘန်းကျောင်းကို ကျောင်းတက်ရန် သွားသည်။ ညနေကျောင်းဆင်းသည်နှင့် ညီမဝေဝေ လက်ဆွဲကာ အိမ်ပြန်ခေါ်ခဲ့ရသည်။

ဆွေဆွေညနေကျောင်းဆင်း၍ အိမ်ပြန်ရောက်သည်နှင့် ညနေတစ်ခါ ဘဲကျောင်းရပြန်သည်။ ဘဲကျောင်းပြီး အိမ်သို့ ပြန်ရောက်သည်နှင့် ဝက်စာ ထောင်းရပြန်သည်။ ဆွေဆွေတို့ အရပ်ဒေသ၌ ဝက်များကို အစာကျွေးကြရာတွင် ငှက်ပျောတုံးကို ငှက်ပျောလက်ခြားဖြင့် ပါးပါးလှီးကာ သစ်ဆုံထဲထည့်၍ မည်က်တည်က် ထောင်းရသည်။

ထိုထောင်းပြီးသော ငှက်ပျောဖတ်ကို ဖွဲနု၊ နူးအိကာ အစေ့ပျောက်အောင် ပြုတ်ထားသည့် ထမင်း၊ ရေဆားတို့နှင့် ရောမွှေကာ ကျွေးကြရသည်။ ထိုအလုပ်တို့မှာ ဆွေဆွေ နေ့စဉ် လုပ်နေကျ အလုပ် ဖြစ်သည်။

ဆွေဆွေတို့ညီအစ်မ၏ ကျောင်းမုန့်ဖိုးဆိုသည်မှာ ဘယ်ဆီနေမှန်းတောင် မသိ။

ကျောင်း၌ တခြားကလေးများ မုန့်ပဲသရေစာ စားနေကြသည်ကို ဝေ့ဝေ့ကမြင်လျှင် ဆွေဆွေ့ထံ ပြေးလာကာ-

"မမ မုန့်စားချင်ဟယ်၊ ညီမကို မုန့်ဝယ်ကျွေးပါနော် မမ၊ မုန့်ဝယ်ကျွေးပါ" ဟု ကျိကျတတ်သည်။

ဆွေဆွေ မည်သို့မျှ မတတ်နိုင်။ ထိုအခါ ဝေဝေက. . .

"မုန့်စားချင်တယ် မုန့်စားချင်တယ်" နှင့် ထပ်မံ ကျိကျကာ ငိုတတ်သည်။ တစ်ခါတစ်ရံ အဘွားက ဘဲများ ဥလျှင် ဘဲဥရောင်း၍ မုန့်ဖိုးပေးတတ်သည်။ ထို့နေ့မျိုးတွင် ဆွေဆွေတို့ ညီအစ်မ ဝမ်းသာမဆုံး ဖြစ်ကြရသည်။

*

ဆွေဆွေ ဘဲကျောင်းရင်း လက်လှော့လွှတ်လိုက် ကမ်းစပ်နား ကပ်ကာ စာကျက်နေစဉ် မိုးက သဲကြီးမဲကြီးရွာချလိုက်သည်။ ဆွေဆွေ တစ်ကိုယ်လုံး မိုးရေများ စက်စက်ကျလျက်ရှိသည်။

"ဟော- ဘဲတွေ ဘယ်ရောက်သွားပါလိမ့်"

ဆွေဆွေမှာ ဘဲတွေကို မတွေ့တော့သဖြင့် ဘဲတွေရှိသည့်နောက်ကို လှည့်လှော့လှေကို အမြန်လှော့ခတ်ကာ လိုက်သွားသည်။ အတော်လှမ်းမှ ဗေဒါပင်များနှင့် ရေမှော်များကို ထိုးဆိတ်စားနေကြသည်ကို တွေ့ရသည်။

မိုးက သဲကြီးမဲကြီးရွာနေသဖြင့် ဘဲကောင်ရေ သုံးဆယ်ကျော်လေးဆယ်တို့မှာ ပျော်မြူးနေကြကာ ဟိုတစ်စု သည်တစ်စု အုပ်စုကွဲနေကြသည်။

ဆွေဆွေ တစ်ယောက် ညီမဝေဝေအဲတွက် ဗေဒါပန်းများကို ခူးလိုက်သည်။ ထို့နောက် ဟိုတစ်စု သည်တစ်စု ကွဲနေကြသည့် ဘဲအုပ်စုကို သိမ်း၍ ရသမျှကို သိမ်းကာ ဆွေဆွေ အိမ်ကို ပြန်ခဲ့သည်။ အိမ်ပြန်ရောက်သည်နှင့်. . .

"ဟဲ့ ဆွေဆွေ ဘဲတွေနည်းသွားပါလား။ အကုန် ပါခဲ့ရဲ့လား"

"ဘဲတွေအုပ်စုကွဲသွားလို့ အကုန်လုံး မပါခဲ့ဘူး ဦးလေး"

ဆွေဆွေက ဦးလေးဖြစ်သူကို မရဲတရဲလှမ်းကြည့်ကာ ဖြေလိုက်သည်။

"ဟင် ဒါလေးတောင် အဖြစ်မရှိဘူး၊ အစားတော့ စားတတ်တယ်၊ အသုံးကို မကျဘူး၊ ငါ ရိုက်လိုက်ရ"

"ဟေ့ကောင် မင်း မူးနေရင် ငြိမ်ငြိမ်နေ၊ စကားကြောရှည်နဲ့ မိုးရွာနေတာ ကလေးက ဒီဘဲအုပ်ကို ဘယ်လို နိုင်မှာလဲ၊ ငါသွားမောင်းလာခဲ့မယ်၊ မင်းလျှာကြောရှည်မနေနဲ့နော်၊ ငါပြန်လာရင် ဘာသံမှ မကြားချင်ဘူး"

အဘိုးက ပြောပြောဆိုဆို လှော်တက်ကိုင်ကာ ချောင်းထဲကို ဆင်းသွားသည်။ ဆွေဆွေ ဝမ်းနည်းလွန်း၍ မျက်ရည်ကျမိသည်။ မိခင် ဖခင်တို့ကိုလည်း သတိရနေမိသည်။ ဆွေဆွေ ငိုနေသည်ကို မြင်နေရသော ဝေဝေက ဆွေဆွေ၏ အနီးသို့လာကာ ဆွေဆွေ၏ မျက်ရည်များကို သုတ်ပေးသည်။ ဦးလေးအားလည်း မျက်လုံးစိမ်းများနှင့် ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ကို နည်းနည်းလေးပြော လိုက်တာနဲ့ ငိုပြတော့တာပဲ"

"ဟဲ့ နင်ဘယ်လိုဖြစ်နေတာလဲ၊ ပြောလေ ကဲလေပဲ၊ နင်ကကော ဘာအသုံးကျလဲ၊ ဒီအရေတွေ ပေါက်ပြီး အေးအေးမနေဘူး၊ ငါပြောလိုက်ရရင် မကောင်းရှိတော့မယ်"

"အမေတို့ ကာဆီးကာဆီးလုပ်နေလို့ ဒီကောင်မလေးတွေ ရောင့်တက်နေကြတာ"

ဦးလေးမှာ အဘိုးမှာထားသည့်အကြားက အဘွားနှင့် ဆက်၍ စကားများနေပြန်သည်။ ဆွေဆွေတို့ညီအစ်မနှစ်ယောက် အဘွားနှင့် ဦးလေးကိုကြည့်ကာ ခြောင်ကပ်၍ ငြိမ်ကုပ်နေကြရသည်။

"သမီး ဆွေဆွေ အဝတ်အစားတွေ သွားလဲချေတော့၊ အအေးပတ်ပြီး ဖျားနေဦးမယ်၊ သမီးဦးလေးက မူးနေလို့ ပြောတာပါကွယ်"

အဘွားပြောလိုက်သော စကားကြောင့် ဆွေဆွေ အဝတ်အစားလဲရန် ထလိုက်သည်။ တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်အောင် ချမ်းလျက်ရှိသည်။ ဆွေဆွေတို့ ညီအစ်မ၌ အဝတ်အစား ကောင်းကောင်းဟူ၍ မရှိ။ ဆွေဆွေ၏ မိဘများ ရှိစဉ်က ချုပ်ပေးခဲ့သည့် ဂါဝန်များမှာ တဖြည်းဖြည်း ကျဉ်ညပ်ကာ ဟောင်းနွမ်း၍ တိုနှံ့နှံ့ဖြစ်ကုန်ပြီ ဖြစ်သည်။ အဘိုးအဘွားတို့မှာလည်း ကျောင်းဝတ်စုံမှ လွဲ၍ အခြားဝတ်စုံများ ဝယ်ခပေးနိုင်ချေ။

တစ်ခါတစ်ရံ ဆွေဆွေ့အမေ၏ ညီမ ဒေါ်လေးက ဝတ်စုံများပေးတတ်သည်။ ဒေါ်လေး၌ သမီးတစ်ယောက်ရှိသဖြင့် ဆွေဆွေတို့၏ ညီမဝမ်းကွဲမှာ ဝေဝေထက် လေးနှစ်ခန့် ငယ်သည်။ ထိုညီမဝမ်းကွဲလေးက မုန့်ပဲသရေစာလေးများရှိလျှင် ဆွေဆွေတို့ ညီအစ်မကို မျှဝေကျွေးတတ်သည်။

မိမဲ့ ဖဲ့ ဆင်းရဲနွမ်းပါးသည့် ဆွေဆွေတို့ ညီအစ်မကို မည်သူမျှ ဆေးဖော်ကြောဖက် မလုပ်ချင်ကြပေ။ ထို[illegible]မ ဝမ်းကွဲလေးရှိ၍သာလျှင် ဆွေဆွေတို့ ညီအစ်မ ကစားဖော်ရသည်။ ဆွေ[illegible]တို့ ညီအစ်မကိုလည်း ခင်ရှာသည်။

*

ဒီနေ့ ဆွေဆွေတို့ ညီအစ်မ အဘွားနှင့်အတူ ဌက်ပျော်ခြံကို လိုက်သွားကြသည်။ အဘွားတို့ ဌက်ပျော်ခြံမှ ဌက်ပျော်ခိုင်များကို ဌက်ပျော်ပွဲစားက ခုတ်မည် ဖြစ်သည်။ ခုတ်ပြီးသား ဌက်ပျော်ခိုင်များကို ဆွေဆွေတို့ ညီအစ်မ ဝိုင်းကူသယ်ရန် ဖြစ်သည်။

ဌက်ပျော်ခိုင်များ ရောင်းရသော ပိုက်ဆံနှင့် အဘွားက ဆွေဆွေတို့ ညီအစ်မကို အဝတ်အစားဝယ်ပေးမည်ဟု ပြောသည်။ အဘွားတို့ ဌက်ပျော်ခြံ၌ ဌက်ပျော်ရုံပေါင်း ငါးရာခန့်ရှိသည်။

ဌက်ပျော်စိုက်ပျိုးသူများမှာ ဌက်ပျော်တစ်ရုံနှင့် တစ်ရုံ အကွာအဝေး ခုနစ်ပေပတ်လည် လေးထောင့်ကွက် စိုက်ပျိုးသည်။ ဌက်ပျော်ရုံလျှင် ဌက်ပျော် အပင်မကြီးနှင့် သားတက်သုံးပင်တို့ အပါအဝင် စုစုပေါင်း ဌက်ပျော် လေးပင်ရှိသည်။ နောက်ထပ် ထွက်လာသည့် သားတက်များကို ခုတ်ပြစ်လေ့ရှိသည်။ ဌက်ပျော်လက်များ ဌက်ပျော်ရွက်များ ရော်လာလျှင် ဌက်ပျော်လက်ချောင်းဖြင့် လှီးဖြတ်ပေးရသည်။ အပင်မြင့်သည့် ဌက်ပျော်လက်များ ဌက်ပျော်ရွက်များ ရော်လာပါလျှင် ဂိုက်နှင့် လှီးဖြတ်ပေးရသည်။ (ဂိုက်ဆိုသည်မှာ စပါးရိတ်သော တံစဉ်ကို ဝါးနက်ဝါးဖြင့်ဖြစ်စေ၊ သစ်သားနှင့်ဖြစ်စေ၊ နို့တံရှည်ပြုလုပ်ကာ အရိုးစွပ်ထားခြင်းဖြစ်သည်။)

"ထိုခုနစ်ပေ ပတ်လည် လေးထောင့် အကွက်ချ စိုက်ပျိုးထားသည့် ဌက်ပျော်ရုံများကြား၌ ဘူး၊ ဖရုံ၊ သခွားပင်တို့ကို မြေချစိုက်ပျိုးကြသည်။ ပင်ထောင်မျိုးဖြစ်သည့် ခွေးပတီ၊ ခရမ်း၊ ငရုတ်၊ ချဉ်ပေါင်ပင်တို့ကိုလည်း စိုက်ပျိုးကြသည်။ ဌက်ပျော်ပင်မှ သီးသော ဌက်ပျော်ခိုင်များကို ဌက်ပျော်အသီးပေါ်လိုက်၍ ခိုင်ရှည်၊ ခိုင်လတ်၊ ခိုင်တိုဟု ခေါ်ကြသည်။ ဌက်ပျော်ခိုင်ရှည်မှာ ဌက်ပျော်ဖီး ခုနစ်ဖီးမှစ၍ အထက်ကို ခိုင်ရှည်သတ်မှတ်ကာ ဌက်ပျော်ခုနစ်ဖီး အောက် လေးဖီးအထက်ကို ခိုင်လတ်ဟု ခေါ်သည်။

ဌက်ပျော်လေးဖီးအောက်မှာ ခိုင်တိုဖြစ်သည်။ ဌက်ပျော်ပင်များ စိုက်ပြီးရာတွင် ဌက်ပျော်ပင်စတင်စိုက်ပျိုးသည့် နေ့မှစ၍ ဆယ်လတစ်နှစ်ခန့် သက်တမ်းကြာမြင့်မှသာလျှင် ဌက်ပျော်ကသည်။ (သီးသည်) ဌက်ပျော်အဖူးကျချိန်မှစ၍ အသီးရင့်ချိန်ထိ လေးလခန့်ကြာသည်။ ဌက်ပျော်ခိုင်ခုတ်လျှင် အပင်ကိုပါ ခုတ်ဖြတ်ရသည်။

ဌက်ပျော်ပွဲစားက အဘွားတို့ ဌက်ပျော်ခြံမှ ဌက်ပျော်ခိုင်အရင့်များကို ခုတ်ချနေပြီ ဖြစ်သည်။ ဆွေဆွေ ခုတ်ချပြီးထားသော ဌက်ပျော်ခိုင်များကို သယ်ရန်ချိန်ရှိသည်။ ဝေဝေကလည်း ဌက်ပျော်ခိုင်များကို ဝိုင်းကူသယ်ပေးနေသည်။ ဌက်ပျော်ခိုင်များမှာ ခိုင်တိုများသည်။

အဘွားက ဆွေဆွေတို့ညီအစ်မ သယ်ယူလာကြသော ဌက်ပျော်ခိုင်များကို စုရုပ်၌ အစီအရိုးပုံနေရင်းမှ . . .

"ငါမြေးမတွေလည်း ဌက်ပျော်ခိုင် သယ်နေရတာ မောလှရောပေါ့ ဒီတစ်ပတ် ဌက်ပျော်ခိုင်ခုတ်တာ အရင်ကလည်း သိပ်မရှိဘူး၊ ရင့်တဲ့အခိုင်လေးကျတော့လည်း ခိုင်တိုက များတော့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်နေပြီ၊ ငါမြေးမတွေကို အကျိုးဝယ်ပေးလို့ရမဟုတ်တော့ဘူး၊ စိတ်မကောင်း မပြေနဲ့နော်၊ နောက်တစ်ခေါက် ဌက်ပျော်ခုတ်ရင် အဘွား ဆက်ဆက်ဝယ်ပေးမယ် သိလား"

ဆွေဆွေ အဘွားပြောစကားနားထောင်ရင်းမှ အဘွားကို လေးနေသည်။ အဝတ်အစားများမည်

www.burmeseclassic.com

www.burmeseclassic.com

နှင့် ပျော်နေသော အပျော်လေး ပျောက်ကွယ်သွားသည်။

*

"ရှက်လည်းမရှက်ဘူး၊ သူများ ခုန်စားနေတာကို မျှော်နေတယ်၊ ကြည့်ပြီး သူများပေးထားတဲ့ အကြီးကို ဝတ်ထားသေးတယ်"

"ဘာဖြစ်လဲ ငါ့ဟာ ငါဝတ်တာ၊ ပေးထားတာမို့လို့လား"

"အမယ် ငါကလည်း မပေးပါ အဖေမရှိ အမေမရှိနဲ့ ကောင်မက"

"ငါ့အဖေ အမေ မရှိတာ နင့် အားလား၊ ငါတို့ကို နင်ကျွေးထားရလို့ လား"

တစ်နေ့ ဆွေဆွေတို့ ကျောင်း ကျောင်းဆင်းချိန်တွင်ဖြစ်သည်။ နေ့နှင့် ဝေဝေထက် အနည်းငယ်ကြီး ကျောင်းသူလေးတစ်ယောက်တို့ အုပ်စုအလုပ် ပြောဆိုနေသံကြားရ သဖြင့် ဆွေဆွေက ဝေဝေတို့ အနီးသို့ ခြေလှမ်းကျောက်သွားနေစဉ်...

"အဲမယ် ကောင်မက လူဝါးဝလို့ ကျောက်တံခိုးထားတဲ့ ကျောက်တံ ပဲ"

"နင့်ကျောက်တံ ငါဘယ်တုံးက ခိုးလို့လဲ ကဲဟာ ဖြန်း ဖြန်း"

ဆွေဆွေ သူတို့အနီးသို့ရောက် သွားမှဝင် ဝေဝေက လက်ပြန်မြန် ဆဲဆိုခဲ့ ကိုင်ထားသော ဝါးခြမ်းပြား ဖြင့် လုပ်ထားသည့် ဝါးပေတံဖြင့် လှမ်း ရိုက်လိုက်သည်။ ထိုစဉ် တစ်ဖက် ကျောင်းသူလေးက ဝေဝေအားဖက်၍ ကိုက်ဆွဲလိုက်သည်။

ဆွေဆွေက ကမန်းကတန်း သူ့ဘို့နှစ်ယောက်အတွင်းသို့ ဝင်ကာ ခွဲခြားပေးလိုက်ရသည်။ တစ်ဖက် ကျောင်းသူလေးက...

"နင့်ကို မကျေနပ်ဘူး ဆရာမကို ပြောမယ်"

ပြောပြောဆိုဆို ထွက်သွားသော သူတို့ တတိယတန်းပြကျောင်းဆရာမ ကို သွားတိုင်လေသည်။ ဝေဝေအား အတန်းပိုင်ဆရာမက ခေါ်နေသဖြင့် ဆွေဆွေပါ ဝေဝေတို့ အတန်းထဲလိုက် သွားသည်။

"ဝေဝေ သမီးက သူ့ကို ဝါးခြမ်း ပြားနဲ့ ရိုက်တယ်ဆို ဘာလို့ရိုက်ရတာလဲ၊ ကြည့်စမ်း သူ့လက်မောင်းမှာ အရှိုးရာ ကို ရဲနေတာပဲ"

"သူက သမီးကို အဖေမရှိ အမေမရှိတဲ့ကောင်မ ကျောက်တံသူခိုး မနဲ့ ပြောတယ်၊ သမီးလည်း ကျောက်တံ မခိုးရဘဲနဲ့ သမီးပါးကိုလည်း ကိုက်သေး တယ်"

ဆွေဆွေက ဘာမှ ဝင်မပြော ရ၊ အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ဆရာမကို ဝေဝေ ပြန်ပြောနေသည်။ ဆရာမက-

"သမီး သူ့ကျောက်တံကို ယူ မထားဘူးလား"

"မယူရပါဘူး ဆရာမ၊ ဒီမှာ ကြည့် သမီးအိတ်ကို"

ဝေဝေက ပြောပြောဆိုဆို လည်ပင်း၌ ဆွဲထားသော အဝတ်စ လေးနှင့် ချုပ်ထားသည့် ရှဉ့်အိတ်ကို ချွတ်၍ ဆရာမရှေ့၌ဖွင့်ကာ သွန်ချ ပြလိုက်သည်။ လက်တစ်ဆစ်ခန့်ရှိ ကျောက်တံကလေးများ ထွက်ကျလာ သည်။ ထွက်ကျလာသော ကျောက်တံ လေးငါးချောင်းကို ဆရာမက ကြည့်ကာ တစ်ဖက်ကျောင်းသူလေးအား ကြည့် ကာ...

"ကဲ အဲဒီမှာ သမီးကျောက်တံ ပါလား"

တစ်ဖက် ကျောင်းသူလေးက ကျောက်တံများကိုကြည့်ကာ ဆရာမကို ခေါင်းယမ်းပြသည်။

"ဒါဆိုရင် သမီးက ဝေခဲခိုး တယ်လို့ ဘာလို့ပြောရတာလဲ"

"သမီးကျောက်တံပျောက်သွား လို့ သူယူထားတယ် ထင်လို့ပါ"

"နောက်ကို ယူတာမမြင်ဘဲနဲ့ သူများကို မစွပ်စွဲရဘူး။ အဖေ အမေ မရှိတာကိုလည်း တီခိုက်အောင် မပြော ရဘူး၊ ကဲ ကဲ ဒီတစ်ခါ ဆရာမခွင့်လွှတ် လိုက်မယ်၊ နောက်တစ်ခါ ရန်ဖြစ်ကြရင် ဆရာမ သမီးတို့ကို ရိုက်မှာ၊ မှတ်ထား ကြနော်၊ ဆွေဆွေကလည်း ကိုယ့်ညီမ လေးကို စောင့်ရှောက် ကြားလား"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကျောင်းတက်ချိန်လည်း နီးနေ ပြီ၊ သွားကြတော့"

ဆွေဆွေ ဝေဝေတို့၏ အုတန်း ပိုင်ဆရာမ အခန်းထဲမှ ထွက်လာသည်။ ဆွေဆွေက ဆဋ္ဌမတန်းကျောင်းသူ ဖြစ် နေပြီဖြစ်သည်။ ဝေဝေက ဒုတိယတန်း အသက်(၈)နှစ်သာ ရှိသေးသော်လည်း သွက်လက်ချက်ချာသည်။ ဝေဝေ မျက် နှာ၌ ကိုက်ခံထားရသော ပါး၌ သွေးစ လေးများ ဥနေသည်ကို မျက်စိထဲ မြင် ယောင်ကာ ဆွေဆွေ စိတ်မကောင်း ဖြစ်နေမိတော့သည်။

*

ဆွေဆွေတို့ အရပ်ဒေသ၌ အိမ် မျှားဇာ၊ ဖားမိုးကို သက်ငယ်ပျစ်များနှင့် မိုးကြသည်။ ထိုသက်ငယ်များကို သက် ငယ်ခြံအဖြစ်သတ်မှတ်ကာ စိုက်ပျိုး ကြသည်။ အပင်ရင့်သော သက်ငယ် များကို စပါးရိတ်သည့် တံစဉ်နှင့် ပင် ခြေမှကပ်၍ ရိတ်ယူရသည်။ သက် ငယ်များ ခြောက်သွားစေရန် ဦးစွာ နေလှန်းရသည်။

ခြောက်သွေ့ပြီးဖြစ်သည့် သက် ငယ်များကို သက်ငယ်စိုပင်နှင့် စည်း နှောင်ကာ သက်ငယ်ထုံးများ ပြုလုပ် ကြသည်။ ထို သက်ငယ်ထုံးများကို သက်ငယ်ဘောဟု ခေါ်ကြသည်။

သက်ငယ်ခြံရှင်များမှာ သက် ငယ်ပျစ်များရရန် သက်ငယ် အငှား ပျစ်ခိုင်းကြသည်။

သက်ငယ် အငှားပျစ်သူများမှာ သက်ငယ်ပျစ်ရန်အတွက် သက်ငယ်ထုံး ကို ဦးစွာ နူးအိသွားရန် ရေနှင့်လောင်း၍ သက်ငယ်ပျစ်သည့် စင်ပေါ်တွင်တင်ကာ အဝတ်စိုနှင့် အုပ်၍ နှပ်ထားရသည်။ သက်ငယ်တံမှာ ဝါးလုံးကို စိတ်ဆိုး၍

www.burmeseclassic.com

www.burmeseclassic.com

တစ်လက်မ မရှိတရှိ အပြားလေးများ ပြုလုပ်ထားသည်။ အရှည်မှာ လေးပေ ရှိသည်၊ သက်ငယ်ပျစ်ရန် ကြိုးမှာ သင်ကြိုးပြုသည်။ သင်ကြိုကို သင်ထား သော သင်ကြားနှင့် ပြုသည်။

သက်ငယ်ပျစ်သော စင်မှာ ထိပ် ဦးပိုင်း၌ တစ်ပေခွဲခန့် အမြင့်ရှိကာ နှစ်ပေခွဲ အကွာအဝေးရှိသည်။ ဘေး တစ်ဖက်တစ်ချက်တွင် ဝါးလုံး တစ်လုံးစီ တင်ထားသည်။ ဝါးလုံးအရှည်မှာ ငါးပေ ဖြစ်ကာ ဝါးလုံး အဖျားတစ်ဖက်ကို သက်ငယ်စင်ထိပ်၌ ဦးမော့၍ တင်ထား ရသည်။

တစ်ဖက်ကို မြေကြီး၌ ထောက် ထားသည်။ ဦးမော့ထားသော နှစ်ပေခွဲ အကွာအဝေးရှိ ဝါးလုံးပေါ်၌ သက် ငယ်ဘောကို တင်ရသည်။ သက်ငယ် ပျစ်မည့်သူမှာ နှစ်ပေခွဲအကွာ ဝါးလုံး နှစ်လုံးကြား ဝင်ထိုင်ကာ ပစ်ရသည်။

ဆွေဆွေ ညနေကျောင်းဆင်း ချိန်တွင် သက်ငယ်ပျစ်ရန် သက်ငယ် ဘောကို ရေစိမ်ခဲ့ကာ ဘဲကျောင်းထွက် သည်။ ဘဲကျောင်းပြန်ရောက်ပြီး ဝက် စာကျွေးသည်။ အဘွားအား ဝေယျာ ဝတ္တရားများ ပြုလုပ်ပေးပြီးသောအခါ ညဦး ပိုင်းမှစ၍ သက်ငယ်ပျစ်သည်။ ဆွေဆွေ သက်ငယ်ပျစ်တတ်ရန် အဘွားက သင် ပေးခဲ့သည်။

ဆွေဆွေ အဝတ်အစား ဝယ်နိုင် ရန် သက်ငယ်အငှားပျစ်ခြင်း ဖြစ်သည်။ သက်ငယ်ပျစ် တစ်ရာရမှ ရှစ်ကျပ်ရ သည်။

ဆွေဆွေမှာ ညစာထမင်းစားပြီး မှသာလျှင် မီးခွက်ထွန်း၍ သက်ငယ် ပျစ်ရသည်။ ည ၁၁ နာရီ ၁၂ နာရီ တိုင်အောင် ပျစ်မှ သက်ငယ်ဆယ်ပျစ် ရသည်။ လသာသောညများ၌ မီးခွက် ထွန်းရန် မလိုပေ။ ဆွေဆွေ ညစဉ် သက်ငယ်ပျစ်တိုင်း ဒေဝေက ဆွေဆွေ့ အနီးတွင် လာအိပ်နေတတ်သည်။ ဆွေ ဆွေ သက်ငယ်ပျစ်ပြီးမှသာလျှင် အိပ်ရာ ၌အိပ်ရန် ဝေဝေ့ကို နှိုးရသည်။

တကယ်တော့ ဆွေဆွေနှင့် ဝေဝေမှာ လေးနှစ်ကြိုး လေးနှစ်ငယ် ဖြစ်သည်။ ဝေဝေက သူ့အစ်မ ဆွေဆွေ ကိုအားကိုးသည်။ ဆိုးနွဲ့သည်။ ဆွေဆွေ သွားလေရာ တတောက်ကောက်လိုက် သည်။ ဆွေဆွေကလည်း တစ်ယောက် တည်းသော ညီမလေး၏ အနှံ့အတာကို ခံသည်။

လမင်းကြီးက ထိန်ထိန်သာနေ သည်။ ဆွေဆွေ သက်ငယ်ပျစ်နေသည့် အနီး ဝေဝေက ခွေခွေလေးအိပ်နေ သည်။ ထိုစဉ်ရွာလယ်ပိုင်းရှိ အထုဘ အိမ်မှ အသုဘ ရက်လည်ဆွမ်းသွတ် အတွက် လော်စပီကာ(ဓာတ်စက်)က ရွဲကုန်သည် ဇာတ်လမ်းဖွင့်နေသည်ကို ကြားရသည်။ ဆွေဆွေ သက်ငယ်ပျစ် ရင်း ရွဲကုန်သည် ဇာတ်ထုပ်ကို နား ထောင်နေမိသည်။ ရွှေခွက်မရတော့ သဖြင့် ရူးသွားသော ရွဲကုန်သည်အား "တော်တော် လောဘကြီးတာပဲ" ဟု ကောက်ချက်ချမိသည်။

ဆွေဆွေတို့ တောအဲရပ်ဒေသ တွင် မင်္ဂလာဆောင်၊ အလှူတော်မင်္ဂ လာ၊ အသုဘရက်လည် စသည်တို့၌ လော်စပီကာများကို ဖွင့်ကြသည့်အလေ့ အထရှိသည်။

ထိုသောအခါမှ တေးသီချင်းများ ပြဇာတ်ဇာတ်လမ်းများ၊ ဇာတ်ထုပ်များ ကို ကြားကြရသည်။ နားထောင်ကြရ သည်။

ရွဲကုန်သည် ဇာတ်ထုပ်ပြီးသွား သောအခါ ဘာများ နားထောင်ရဦး မည်လဲဟု ဆွေဆွေနားစွင့်နေစဉ်..

"×× ညီပြာပြာ လတာပြင်ခြေ ရင်း လှိုင်းသက်ရာ ဗေဒါထက် လှိုင်း သက်ရာဆင်း ×× ဆင်းရလည်း မသက် သာ အုန်းလက်ကြွေ ရေပေါလော မျော စုန်လို့လာ ×× အဆင်းနဲ့အလာ ဗေဒါမ အထွေး အုန်းလက်ကြွေ သူ့နံဘေး ဆောင့်ခဲ့ရသေး ××

ဆောင့်ရလည်း မသက်သာ နောက်တစ်ချီ ဒီတစ်လုံးက ဖုံးလိုက် ပြန်ပါ ×× မြုပ်လေပေါ့ ပေါ်မလာ မဗေဒါအလှ တစ်လံကွာ လှိုင်းအကြွ ပေါ်ခဲ့ပြန်ရ ××

ပေါ်ပြန်လည်း မသက်သာ ချောင်းအဆွယ် မြောင်းငယ်ထဲက ဘဲထွက်လို့လာ ×× ဘဲအုပ်မှာ တစ်ရာ နှစ်ရာ မဗေဒါက တစ်ပင်တည်း ×× အယက်အကန်ခံလို့ ဗေဒါပျံ အံကိုခဲ ပန်းပန်လျက်ပဲ ×××"

သည်တေးသီချင်းသံကို ကြား လိုက်ရသည်။ သည်တေးသီချင်းကို ဆွေဆွေတစ်ခါမှ မကြားခဲ့ဖူးပါ။ သည် တစ်ခါ ပထမဆုံးအကြိမ် ဖြစ်သည်။ ထိုတေးသီချင်းကို ကြားလိုက်ရတော့ ဆွေဆွေ့ရင်ထဲ အမည်မသိ ဝေဒနာ တစ်ခုကို ခံစားရသည်။ ဗေဒါပင် ကလေးတွေကိုလည်း သနားနေမိသည်။ အဘယ်ကြောင့်ဆိုသော် ဆွေဆွေက ဘဲကျောင်းရင်း ဗေဒါပန်းလေးတွေကို ခူးပြီး ပွတ်လေးတွေကို ခြွေကာ ရေမှုံ့မွှေရင်း ဆော့ကစားတတ်သူမို့ ဖြစ်သည်။ ဘဲတွေကလည်း ဗေဒါပင် တွေကို ထိုးဆိတ်မွ စားကြသည်။

ဆွေဆွေသည် တေးသီချင်းကို နားထောင် ရင်းနှင့် မျက်ရည်ဝဲမိသည်။ သည် တေးသီချင်းကပင် ဆွေဆွေ့နှလုံး အိမ်ထဲကို ထိုးဖောက်ဝင်ရောက် နေရာ ယူလိုက်ပြီ ဖြစ်သည်။

*

ဆွေဆွေ ညစဉ် သက်ငယ်ပစ် သဖြင့် နုဖတ်သော လက်ချောင်းကလေး များ၌ သင်ကြောများရှကာ နီရဲလျက် ရှိသည်။ တိုနှင့်နှန့် ဂါဝန်များကြောင့် ခြေသလုံးများ၌ သက်ငယ်များရှထား သည်မှာ အမာရွတ်များပြားစွာရှိသည်။ သို့သော် ဆွေဆွေသည် အားမာန်ကို မလျှော့ ဇွဲလုံ့လရှိသည်။

ညစဉ် သက်ငယ်ပျစ်ရသဖြင့် အိပ်ရေးပျက်ရက်များလာသောကြောင့် ဆွေဆွေ ကျောင်းတက်နေရင်းမှ ဆရာ ကြီး သင်ကြားပို့ချနေသည့် ကျောင်း သင်ခန်းစာများကို မကြားသစ်ချက်

www.burmeseclassic.com

www.burmeseclassic.com

ကြားစစ်ချက်နှင့် အိပ်ဝိုက်သွားသည်။ ကြားကြားအောင် အိပ်ဝိုက်သွားသည်ဟု ဆရာကြီး၏ ကြိမ်လုံး ကျောပေါ် ရောက်လာမှသာလျှင် ဆွေဆွေ လန့်နိုးလာသည်။

*

"မမ"

"မမကြီး၊ ရွာလေ့ဆိပ်ကို လှမ်းနေရပြီ၊ လေ့ဆိပ်မှာ ကျွန်မ တပည့်တွေ စောင့်နေကြတယ်"

ညီမလေးဝေဝေနှင့် ညီမဝမ်းကွဲ ကျောင်းဆရာမလေးတို့၏ ခေါ်ပြောသော စကားသံကြောင့် ကျွန်မ အတွေးကမ္ဘာမှ နိုးထလာသည်။ ဟုတ်သည်။ ကျွန်မတို့ရွာ၏ လေ့ဆိပ်ကို လှမ်းမြင်နေရပြီ ဖြစ်သည်။ လေ့ဆိပ်ဆုတ်သည်နှင့် လက်အုပ်ကလေးချီကာ စောင့်ဆိုင်းနေကြသော ကျောင်းသား ကျောင်းသူကလေးများကို တွေ့ရသည်။

"ဆရာမကို ကျွန်တော်တို့ မနေ့ကလည်း လာစောင့်နေသေးတယ်"

ကျောင်းသား ကျောင်းသူခုနစ်ယောက်ထဲမှ (၁၅)နှစ်ခန့် ကျောင်းသားတစ်ဦးက အေးအေးမြင့်ကို ရှေ့မှ ပြောလိုက်သည်။

"ဆရာမလည်း အလုပ်ကိစ္စတွေ များတတ်တာနဲ့ မနေ့က မပြန်ဖြစ်ဘူး၊ သင်္ဘောတို့လာမှ စောင့်ပါ့မလားလို့ တွေးနေတာ၊ မင်းတို့ တဝကြီးဖတ်ဖို့ စာအုပ်တွေ အများကြီးပါလာတယ်"

ကျောင်းသား၊ ကျောင်းသူလေးများက ကျွန်မတို့ ညီအစ်မကို လက်အုပ်ကလေးချီရင်းမှ စာအုပ်ဆုပ်များ နှင့် ခရီးဆောင်အိတ်များကို ဝိုင်းကူသယ်ပေးကြသည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက် အေးအေးမြင့်တို့အိမ်၌ တည်းခိုရန် လိုက်သွားကြသည်။

ရွာလယ်လမ်းမပေါ် လျှောက်ရင်းမှ ကျွန်မတို့ ညီအစ်မ နှစ်ပေါင်း သုံးဆယ်နီးပါး ခွဲခွာခဲ့ရသော ကျွန်မတို့ ရွာလေးကို လိုက်ကြည့်နေမိသည်။ ရွာရှိ တချို့အိမ်ပုံစံတို့မှာ ပြောင်းလဲသွားသော်လည်း တချို့အိမ်ကြီးအိမ်ကောင်းတို့မှာ ယခင်အတိုင်းပင် ရှိနေသေးသည်။

ယခင်က ကျွန်မတို့ တက်ခဲ့ကြသော အလယ်တန်းကျောင်းမှာလည်း ကျောင်းဆောင်သစ်များ ထပ်တိုးချဲ့ဆောက်လုပ်ထားသည်။

ကျေးရွာဆေးပေးခန်းကို လည်း တွေ့ရသည်။ ရွာအလယ်လမ်းမ ကြီးမှာ မြို့ပြလမ်းများကဲ့သို့ တပြေးညီ ပြုပြင်ထားသည်ကို တွေ့ရသည်။ ယခုတော့လည်း ကျွန်မတို့ရွာကလေးမှာ တိုးတက်ပြောင်းလဲနေပြီကော။

"ဟယ် ဆွေဆွေတို့၊ ဝေဝေတို့ ညီအစ်မ မဟုတ်လား"

ကျွန်မနှင့် ကျောင်းနေဖက် ယေသူငယ်ချင်းတစ်ဦး ဖြစ်မည်ထင်သည်။ ကျွန်မကို လမ်း၌ ဝေါ်းစွာမှန်း၍ နှုတ်ဆက်သည်။ ရွာမှ တချို့ယေသူငယ်ချင်းများ ကျွန်မတို့ ညီအစ်မ ပါလာကြသည်ကို သတင်းကြားထားသောကြောင့် ထွက်ကြည့်နေကြသည်။

"ဆွေဆွေတို့၊ ဝေဝေတို့ ညီအစ်မက ငယ်ရွယ်မတွေကိုဘူးနော်"

ဘယ်သူတယ်ဝါ ဝိုးတိုးဝါးတား ဖြစ်ကာ သေသေချာချာ မမှတ်မိတော့သော်လည်း ကျောင်းနေဖက်များဆိုသည်ကိုတော့ ခန့်မှန်းမိသဖြင့် ကျွန်မက ပြုံးပြနှုတ်ဆက်ရသည်။ ညီမလေးကို ကျွန်မ လှမ်းကြည့်လိုက်မိသည်။ ရင်ကိုကော့ ခေါင်းကိုမော့လျက် ခပ်တည်တည်နှင့် တွေ့ရသည်။

ကျွန်မတို့ ညီအစ်မ အေးအေးမြင့်တို့ အိမ်ကို ရောက်သည်နှင့် ငယ်သူငယ်ချင်းများ၊ တချို့ ရပ်မိရပ်ဖများက လာရောက်နှုတ်ဆက်ကြသည်။ ကျောင်းနေဖက် တချို့မှာ တောနေ သဘာဝအတိုင်း နေထိုင်ကြသဖြင့် အတော်ပင် ရင့်ရော်နေကြပြီ ဖြစ်သည်။ ထိုနေ့ညက ကျွန်မတို့ ညီအစ်မမှာ ညဉ့်နက်မှပင် အိပ်ရပါတော့သည်။

*

"မမကြီးနဲ့ မမလေး ရွာဦးကျောင်းဆရာတော်ကို သွားဖူးမြော်ကြမယ်၊ ရွာဦးကျောင်းဆရာတော်ကလည်း ကျွန်မတို့ ရွာသူ စာရေးဆရာမကို တွေ့ချင်နေတယ်"

"သွားလေ၊ မမကြီးလည်း ရွာဦးကျောင်းဆရာတော်ကို သွားဖူးချင်နေတာနဲ့ အတော်ပဲ၊ နောက်ပြီး ဆရာတော် တည်ထောင်ထားတဲ့ ပရဟိတဂေဟာကိုလည်း ကြည့်ချင်သေးတယ်"

ရွာဦး ဘုန်းတော်ကြီးကျောင်းကို ကျွန်မတို့ ညီအစ်မနှစ်ယောက် အေးအေးမြင့်နှင့် လိုက်သွားကြသည်။

ဘုန်းတော်ကြီးကျောင်း အတွင်းဝင်လိုက်သည်နှင့် တိုးနှစ်၊ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်ခန့်ရှိ ကျောင်းသား ကျောင်းသူလေးများက ကျွန်မတို့ကို မြင်သည်နှင့် လက်အုပ်ကလေးများချီကာ ရပ်နေကြသည်။

ကျောင်းသား ကျောင်းသူကလေးများကို မြင်ရတော့ ကျွန်မတို့ ညီအစ်မဘဝ ငယ်စဉ်ကလေးဘဝကို သတိရမိပြန်သည်။

ကျွန်မတို့ ညီအစ်မသုံးယောက် ရွာဦးကျောင်းဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်သို့ ဝင်ရောက်ကာ ဆရာတော်ကို ကန်တော့ကြသည်။ ဆရာတော်ကြီးမှာ သက်တော် (၇၀) ခန့်ရှိပြီ ဖြစ်သည်။ ကျွန်မတို့ ညီအစ်မ ရွာမှ ရန်ကုန်မြို့ကို ပြောင်းသွားစဉ်က ဆရာတော်၏အသက်မှာ (၃၀) ကျော် (၄၀) ခန့်ရှိမည်။

ဆရာတော်ကြီးက ကျွန်မတို့ ညီအစ်မသုံးယောက်ကို အသင့်စောင့်ကြိုနေသည်။ စားစရာများလည်း စုံလင်စွာ စီစဉ်ထားသည်။

"လာကြ လာကြ၊ ဒကာမလေးတို့လည်း ရွာဟာ ထွက်သွားလိုက်တာ နှစ်ပေါင်းမနည်းတော့ဘူး၊ အခုမှပဲ ရွာကို တစ်ခေါက် ပြန်ရောက်တော့တယ်"

"တင်ပါဘုရား၊ နှစ်ပေါင်းသုံးဆယ်နီးပါး ရှိပါပြီ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အေးအေး၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အရပ်ဒေသ ကိုယ့်မွေးရပ်မြေကို တော့ မမေ့ကောင်းဘူးလေ၊ တစ်ခေါက် တစ်ကျင်း ရွာကို ပြန်သင့်တယ်၊ ရရှိလာတဲ့ လူဘဝမှာ ဧကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အဲဒါတွေက အတိတ်ကံပဲ၊ ဒါနဲ့ ဘယ်တစ်ယောက်လဲ စာရေးဆရာမဆိုတာ"

"တပည့်တော်မပါ ဘုရား"

"အေး အေး၊ ကိုယ့်တိုင်းသူပြည်သားတွေကို အကျိုးပြုစေတဲ့ စာပေတွေကို များများရေးပါ။ စာရေးတယ်ဆိုတာ ဟာလည်း ပရဟိတစိတ်ရှိမှ ရေးလို့ရတာ၊ တို့ရပ် တို့ရွာက စာရေးဆရာမ တစ်ယောက် ပေါ်ထွန်းလာတယ်ဆိုတော့ ဘုန်းကြီးတို့အနေနဲ့ ဝမ်းသာရတာပဲ၊ ဂုဏ်ယူရတာပဲ"

"တင်ပါ့ဘုရား၊ တပည့်တော် ကြိုးစားနေပါတယ် ဘုရား"

"ဘုန်းကြီးလည်း ဒီပရဟိတနဲ့ ဘုန်းတော်ကြီးစာသင်ကျောင်းလေးကို ဖွင့်ဖို့ ကြိုးစားခဲ့တာ ကြာပါပြီ၊ အခုမှ အကောင်အထည်ပေါ်တာ ရှစ်နှစ်ပဲရှိသေးတယ်။

ကဲ ကဲ . . . အေးအေးမြင့်ရေ ဒကာမလေး အစ်မတွေကို စာသင်ကျောင်းနဲ့ ကလေးတွေနေတဲ့ အဆောင်ကို လိုက်ပြလိုက်ပါဦး"

ကျွန်မတို့ ညီအစ်မသုံးယောက် ဆရာတော်အားကန်တော့ကြပြီးနောက် ဘုန်းတော်ကြီးသင် မူလတန်း ပရဟိတဂေဟာကျောင်းလေးနဲ့ ကလေးများနေထိုင်ရာ အဆောင်လေးများကို အေးအေးမြင့်က လိုက်ပြသည်။ တကယ်တော့ ရွာဦးကျောင်းဆရာတော်မှာ ကျွန်မတို့နှင့် ဆွေနီးမျိုးစပ်တော်သည်။

"မမကြီးနဲ့ မမလေးလာ ဒီဘက်ကို စာသင်ခန်းတိုက် အရင်ဝင်ရအောင်"

အေးအေးမြင့်က ဦးဆောင်ခေါ်ကာ မူလတန်းကျောင်းလေးထဲသို့ ဝင်လိုက်သည်။ စာသင်ခန်း တစ်ခန်းပြီး တစ်ခန်းလိုက်ပြသည်။ ကျွန်မတို့ စာသင်ခန်းအတွင်း ဝင်လိုက်သည်နှင့် သနပ်ခါးပါးကွက်ကျား အဖွေးသားနှင့် ကလေးငယ်များက လက်အုပ်ကလေးများချီကာ မတ်တတ်ရပ် အရှိအသေပေးနေကြသည်။ ဒီလိုမြင်ကွင်းကို မြင်ရတော့ မြို့အရပ်ရှိ ကလေးများနှင့် ဘာမျှ မတူညီဟု ထင်မိသည်။

ကလေးများ နေထိုင်ရာ မိန်းကလေးဆောင်နှင့် ယောကျ်ားလေးဆောင်များသို့ သွားကြည့်ဖြစ်ကြသည်။ ထိုအဆောင်နှစ်ဆောင်လုံးမှာ ကျွန်မတို့ အရပ်ဒေသ၌ ပေါက်ရောက်လျက်ရှိသော ဝါးဘိုးဝါးကြီးများကို တိုင်အဖြစ် ပြုလုပ်ကာ ဝါးနက်ဝါး၊ ထီးရိုးဝါးထို့ကို ထုပ်၊ လျောက်၊ ခိုင်း၊ မြား အဖြစ် ဆောက်လုပ်ထားသည်။

အခင်းကို ဝါးဘိုးဝါးအား ခွဲခြမ်းစိတ်ဖြာလျက် ခင်းထားသည်။ ထရံကာထားသည်။ သက်ငယ် မိုးထားသည်။ အားလုံးကို ခြံုငုံကြည့်လိုက်သောအခါ ဝါးများကို သာလျှင် သုံးထားသည်ကို တွေ့ရသည်။ သူနေရာနှင့်ဘူ သစ်သပ်ရပ်ရပ် စနစ်တကျထားသည်ကို တွေ့ရသည်။

"မမကြီး ဒီအဆောက်အအုံတွေကို ဆရာတော်ကြီးက ဦးဆောင်ပြီး အေးမြင့်တို့ ရွာသူ၊ ရွာသား အားလုံးက တက်ညီလက်ညီနဲ့ ဝိုင်းဝန်းပံ့ပိုးကြတာလေ၊ ကလေးတွေရဲ့ စား၊ ဝတ်၊ နေရေးပညာရေး၊ ကျန်းမာရေးကအစ ဆရာတော်ကြီးက တာဝန်ယူထားတာ"

"အေးအေးမြင့် ဆရာတော်ကြီးက ဒီကလေးတွေ အားလုံးအတွက် အစစအရာရာ တာဝန်ယူထားရတာဆိုတော့ တော်တော်တာဝန်ကြီးမှာ၊ တို့ငယ်ငယ်တုန်းကလို မဟုတ်ဘူးနော်၊ တို့ငယ်ငယ်တုန်းကဆိုရင် သူများတွေရဲ့ ခြေလျှိုလက်ကြားမှာ မျက်နှာငယ်ငယ်နဲ့ နေခဲ့ကြရတယ်၊ အဝတ်အစားတောင်မှ ဘာမှန်း မသိဘူး၊ အေးအေးမြင့်တို့၊ ခေါ်လေးတို့က ကောင်းခဲ့လို့ တော်သေးတာပေါ့နော်"

စိတ်ပါဝင်စားစွာ ကျွန်မ ညီမလေးက ဝင်ပြောလိုက်သဖြင့် ကျွန်မ အားတက်စွာ ညီမလေးကို လှမ်းကြည့်ရင်းမှ . . .

"ဆရာတော်ကြီးရဲ့ မေတ္တာစိတ်ကြောင့် မိမဲ့ ဖမဲ့ နွမ်းပါးဆင်းရဲသားလူကန်းစားကလေးတွေ နေစရာရှိတယ်၊ စားစရာရှိတယ်၊ ဝတ်စရာရှိတယ်၊ ဘာမှ မပူရဘူး၊ တို့ခေတ်နဲ့တော့ မတူတော့ဘူးပေါ့ ညီမလေးရယ်၊ မေတ္တာစိတ်ကြောင့်သာ ပရဟိတလုပ်ငန်းဆိုတာမျိုးကို လုပ်နိုင်တာ"

ကျွန်မရဲ့ စကားကို ထောက်ခံသောအနေဖြင့် ခေါင်းညိတ်ကာ ညီမလေးက အဖြေပေးသည်။

❀

ရွာစာကြည့်တိုက်ဖွင့်ရက် မတိုင်ခင် ကျွန်မတို့ ညီအစ်မနှစ်ယောက် ဆွေမျိုးညီအစ်ကိုမောင်နှမ ဝမ်းကွဲမျှားနှင့် ရပ်မိရပ်ဖနှီးမိမျှားကို တစ်အိမ်ပြီး တစ်အိမ့်.လျှောက်လည်ကြသည်။ လည်စရာအိမ့်က် များလွန်းသဖြင့် မသွားရောက်နိုင်သော အိမ်များကို တောင်းပန်ကြရသည်။

ရွာဦးကျောင်း ဆရာတော်၏ "ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အရပ်ဒေသ ကိုယ့်မွေးရပ်မြေကို မမေ့ကောင်းဘူး" ဟု မိန့်လိုက်သော စကားကို ကျွန်မ ကြားယောင်နေမိသည်။

မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေကို ချစ်သည့်စိတ်က ရင်မှာပေါ်လာသည်။ သည်မြေ သည်ရေ နေသူအားလုံးအတွက် ကျွန်မ တစ်ခုခု ပေးဆပ်ချင်စိတ် ပေါ်လာသည်။

ရွာစာကြည့်တိုက် ဖွင့်ပွဲပြုလုပ်သည့်နေ့ကို ရောက်ရှိလာသည်။

အေးအေးမြင့်က စာကြည့်တိုက်ဖွင့်ပွဲ၌ အခမ်းအနားမျှားအဖြစ် ပြုလုပ်မည်ဖြစ်သောကြောင့် စာကြည့်တိုက်ကို သွားနှင့်ပြီဖြစ်သည်။ ကျွန်မတို့ညီအစ်မ စာကြည့်တိုက်ကို ရောက်သွားသည့် အချိန်၌ ဖိတ်ကြားထားသည့် သက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ညီမလေး
လောကမှာ
ငွေနဲ့ ပစ္စည်းဥစ္စာက
အဓိကကျတယ်လို့ ဆိုပေမယ့်
ငွေကိုချည်းပဲ ဦးစားပေးလို့
မရဘူးဆိုတာ
ညီမလေးလက်တွေ့ ပဲ၊
ညီမလေးနဲ့ မမတို့
ငယ်စဉ်ကလေးဘဝက
မိမဲ့ ဖမဲ့ ဆင်းရဲနွမ်းပါး
ချို့တဲ့ခဲ့ကြတယ်၊
ခါးသီးတဲ့ ဘဝကို
ရင်ဆိုင်ခဲ့ကြရတယ်၊
ဒါပေမို့ဟာ
ညီမလေးရော မမပါ
မွေမရနိုင်လောက်တဲ့
အဖြစ်အပျက်ပါ

ရဲ့ညီလေးများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ရွာသူရွာသားများ ပေါ်ခဲ့ရာ ရောက်ရှိနေကြပြီ ဖြစ်သည်။

ရွာဦးကျောင်းဆရာတော်က စာကြည့်တိုက်တို့ ဖွင့်လှစ်ပေးလိုက်သည်။ ဦးနောက် ကျေးရွာအေးချမ်းဖြိုး ဥက္ကဋ္ဌ အဖွင့်အမှာစကားကို ပြောကြားသွားသည်။

"ယခု ဆက်လက်ပြီး ကျွန်မတို့ ရွာ စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်၊ စက္ကူတို့ပေါင်းချုပ်စတဲ့ စာအုပ်နှီးနှာကျော်ကို စာရေးဆရာတွေဆီမှာ သောမပန်း အလှူ လိုက်ခံပေးခဲ့တဲ့ ကျွန်မတို့ ရွာသူ စာရေးဆရာမကို ကျောင်းသား ကျောင်းသူများ၊ လူငယ် လူရွယ်များ အသိအလိမ္မာ ရရှိစေမည့် စာပေရေးရာ ဗဟုသုတများကို ဟောပြောပေးပါရန် စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပါတယ်ရှင်"

"ခွီး... ခွီး... ခွီး"

"ဖြောင်း... ဖြောင်း... ဖြောင်း"

အခမ်းအနားမှူး အေးအေးမြင့် ကြားခံပုံးသည်နှင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားရှိ ကွင်းပြင် တစ်ခုလုံး လက်ခေါက်မှုတ်သံများ၊ လက်ခုပ်တီးသံများ ဆူညံစွာ ထွက်ပေါ်လာသည်။ ကျွန်မ ညီမလေးက ကျွန်မကို လှမ်းကြည့်သည်။ ကျွန်မကလည်း အရမ်းအံ့သြသွားကာ အခမ်းအနားမှူး အေးအေးမြင့်ကို လှမ်းကြည့်လိုက်ရာ အေးအေးမြင့်က ကျွန်မကို ပြုံးပြကာ ခေါင်းညိတ်ပြသည်။

ကျွန်မ ထိုင်ခုံမှထကာ အခမ်းအနား စင်မြင့်ရှိရာသို့ လျှောက်သွားစဉ် ကျောင်းသား ကျောင်းသူများနှင့် ရပ်မိရပ်ဖ ရွာသူရွာသားများက ကျွန်မကို ဝိုင်းကြည့်နေကြသည်။ ကျွန်မမှာ ဝမ်းသာလွန်း၍ မျက်ရည်များတောင် လည်မိသည်။ ယခုတော့ ကျွန်မ လေ့လာမှုတ်သား ဆည်းပူးထားသမျှ စာပေရေးရာများနှင့် တွေ့ကြုံခံစားခဲ့ရသည့် အဝအတွေ့အကြုံများကို သင်ခန်းစာသဖွယ်ထား၍ ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များအတွက် အားမာန်ဖြစ်စေမည့် အတွေးအခေါ် ဗဟုသုတများကို လက်ဆင့်ကမ်း ဝေငှပေးရပေဦးမည်။

"အားလုံး မင်္ဂလာပါရှင်၊ ဦးစွာ ပထမ ရွာဦးကျောင်းဆရာတော်ကြီးကို ရှိခိုးကန်တော့အပ်ပါတယ်၊ ကျွန်မကို အခုလို ကျွန်မတို့ရွာရဲ့ ရပ်မိရပ်ဖများနဲ့ ရွာသူရွာသားများက အသိအမှတ်ပြုပြီး စာပေရေးရာများ ဟောပြောခွင့်ပြုတဲ့ အတွက် ကျေးဇူးတင်ကြောင်း ဦးစွာ ပြောပါရစေ။

အခုဆိုရင် ကျွန်မတို့ ရွာမှာ ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ကလေး တစ်ခု အကောင်အထည်ပေါ် ဖြစ်မြောက်လာပြီ ဖြစ်တဲ့အတွက် ကျွန်မ အနေနဲ့ အလွန်ပဲ ဝမ်းသာမိပါတယ်၊ ကျေးရွာစာကြည့်တိုက် ဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြသူများ အားလုံးအနေနဲ့ မိမိတို့ ရပ်ရွာ အကျိုးအတွက် ခုလိုမျိုး ဝမ်းမြောက်စရာ လုပ်ရပ်တစ်ခုကို ဖော်ဆောင်ခြင်း ဖြစ်ပါတယ်၊ အခုဆိုရင် ကျေးရွာစာကြည့်တိုက်လေး တစ်ခုရှိ နေပြီ ဖြစ်တဲ့အတွက် ရွာသူရွာသားများ အနေနဲ့ အလွယ်တကူ စာအုပ်စာပေ တွေကို ဖတ်ရှုလို့ ရပြီ ဖြစ်ပါတယ်၊ ကျွန်မတို့ ငယ်စဉ်ကလေ ကလေးဘဝ တုန်းကဆိုရင် အခုလို စာအုပ်စာပေ ဖတ်ရှုရဖို့ဆိုတာ မလွယ်ခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုရင် မဖွံ့ဖြိုးမတိုးတက်သေးလို့ စာကြည့်တိုက်ဆိုတာတွေ မရှိခဲ့လို့ပါပဲ။

ကျွန်မတို့ ညီအစ်မနှစ်ယောက် ဟာဆိုရင် ငယ်စဉ်ကလေးဘဝက မိမဲ့ဖမဲ့ ဖြစ်ခဲ့တာမို့ အဘိုးအဘွားတွေက စောင့်ရှောက်ခဲ့တယ်၊ အဘိုးအဘွားတွေက ဆင်းရဲတော့ ကျွန်မတို့ ညီအစ်မလည်း ဆင်းရဲကြီးစွာ နေထိုင်ခဲ့ရတယ်၊ ဆွေမျိုး ညီအစ်ကို မောင်နှမတွေရဲ့ ခြေလှမ်းလက်ကြားမှာ သိမ်ငယ်စွာ နေထိုင်ခဲ့ကြရတယ်၊ ဒါတွေ အားလုံးကို ရပ်မိရပ်ဖ အားလုံးနဲ့ ကျွန်မတို့နဲ့ ရွယ်တူကျောင်းနေဖက် အားလုံး သိကြပါတယ်"

ကျွန်မ စကားကို ခေတ္တရပ်ကာ ပရိသတ်ဆီကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ ပရိသတ်က ငြိမ်သက်စွာ စိတ်ဝင်တစား နားထောင်နေကြသည်။

"ဒါပေမဲ့ ကျွန်မ အားမငယ်ခဲ့ပါဘူး၊ ဘဝကို သတ္တိရှိရှိ ခွန်လုံလ ဝီရိယရှိရှိနဲ့ ကြံကြံခံ ရင်ဆိုင်နိုင်ခဲ့စေတဲ့ စွမ်းအားရှင်ကတော့ ပန်းပန်လျက်ပါဆိုတဲ့ တေးသီချင်းတစ်ပုဒ်ကြောင့်ပါပဲ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

တေးသီချင်းကို အခုခေတ်လို ရေဒီယို၊ ကက်ဆက်၊ ထီဒွို၊ ဒီဗွီဒီ၊ ဗွီစီဒီ ဆိုတဲ့ တိုးတက်ပြောင်းလဲလာတဲ့ စက်ပိုင်းဆိုင်ရာတွေနဲ့ အလွယ်တကူ နားထောင်ရတာ မဟုတ်ပါဘူး။

ကျွန်မတို့ ခေတ်တုန်းက ရုပ်မိရုပ်ဖများ သိကြတဲ့အတိုင်းပဲ ဓာတ်ပြားခေတ်ဆိုတော့ ကျွန်မတို့ရွာတွေမှာက အလှူတွေမင်္ဂလာဆောင်တွေ၊ အသုဘရက်လည်တွေကျမှ လော်စပီကာ (မာတ်စက်)တွေ ဖွင့်ကြလို့ နားထောင်ရတာ ကြားရတာ ဖြစ်ပါတယ်။ အဲဒီတေးသီချင်းကြားရတဲ့အချိန်မှာ ကျွန်မဟာ ဝမ်းနည်းကြေကွဲမှုတွေနဲ့ စိတ်ခွန်အားတွေကို တစ်ဖြုတ်နက် ရရှိခဲ့ပါတယ်။ အဲဒီတုန်းက အဲဒီတေးသီချင်းကို ဘယ်သူက ရေးစပ်ခဲ့တယ်၊ ဘယ်သူသီဆိုခဲ့တယ်ဆိုတာကို မသိခဲ့ပါဘူး။

တေးသီချင်း ဆိုတာ စာပေ၊ ကဗျာကနေ တစ်ဆင့် သံစဉ်တွေနဲ့ ပေါင်းစပ်ပြီးတော့မှ တေးသီချင်းဖြစ်ပေါ်လာရတာပါ။ အဓိကအကျဆုံးကတော့ စာပေ၊ ကဗျာဟာ အရေးကြီးဆုံးပါ။ အဲဒီတေးသီချင်းအပြင် ကဗျာတစ်ပုဒ်ကို ကျွန်မ ဖတ်လိုက်ရတဲ့အချိန်မှာ ကျွန်မရဲ့ စိတ်ခွန်အားသတ္တိတွေကို ပိုပြီး ပြည့်ဝစေခဲ့ပါတယ်။ အဲဒီကဗျာတော့ အထက်တန်း ကဗျာလက်ရွေးစင်ထဲမှာ ပါတဲ့ ဆရာကြီးဇော်ဂျီရဲ့ ဗေဒါလမ်းဆိုတဲ့ ကဗျာပဲ ဖြစ်ပါတယ်၊ အဲဒီကဗျာလေးက...

ကမ်းစပ်ကိုမင်
လမုပင်အခြေကြီးနဲ့
အသီးတွေဖြိုး။
ကမ်းခြေကို ဒီရေတိုး
ပြိုလဲမှာစိုး။
ကမ်းစပ်ကိုမင်
ဓနိပင်ယိုင်ငိုက်လို့
ခိုင်လိုက်ကယ်ဖြိုး။
ဓနိခိုင်အလက်ထဲက ခွဲရမှာစိုး။
ကမ်းစပ်ကိုမင်
လတာပြင် ငါးပျံလူးလို့
ပျော်မြူးကြရိုး။
ဒီတက်လျှင် လတာနုန်း
ဒီဖုံးမှာစိုး။
စိုးပါဘူး သူမူရာ ချောင်းတစ်ခွင်
ပင်လယ်ဝက ပန်းလှဗေဒါ၊
ဆန်တက်ချိန်မှာ
ဆန်လာနိုင်ပါဘိ၊
စုန်ဆင်းချိန်မှာ
စုန်လာနိုင်ပါဘိ၊
သူ့လမ်းစဉ် သူမြင်ရဲ
သူ့ဇွဲသတ္တိ။

ဘယ်လောက် ကောင်းလိုက်တဲ့ ကဗျာလဲ၊ အားမာန်ကို အပြည့်အဝ ရစေတယ်၊ ကျွန်မတို့ရဲ့ ဘဝတွေနဲ့ဆိုတစ်ထပ်တည်းကြတယ်၊ ဆရာကြီးဇော်ဂျီကတော့ သူ့အဆင်းနဲ့ သူ့အလင်းကို ပေါ်လွင်အောင် ရေးပြသွားတာ ဖြစ်တယ်၊ ပန်းပန်လျက်ပါဆိုတဲ့ တေးသီချင်းဟာလည်း ဆရာကြီးဇော်ဂျီရေးစပ်ခဲ့တဲ့ ကဗျာပဲ ဖြစ်ပါတယ်၊ ဆရာကြီးဇော်ဂျီရဲ့ တေးသီချင်းနဲ့ ကဗျာဟာ ကျွန်မ ဘဝအတွက် မီးရှူးတောင်ဆောင် ဖြစ်ခဲ့တာတော့ အမှန်ပါပဲ၊ တစ်နေ့မှာ စာရေးဆရာတစ်ယောက် ဖြစ်အောင် ကြိုးစားမယ်လို့လည်း အခိုင်အမာ ဆုံးဖြတ်ချက်ချခဲ့တယ်။

ဆုံးဖြတ်ချက် ချခဲ့တဲ့အတိုင်းလည်း ဆရေးဆရာဖြစ်အောင် ကြိုးစားခဲ့တယ်၊ ကျွန်မမှာ ပစ္စည်းဥစ္စာ ချမ်းသာလား ဆိုတော့ မချမ်းသာပါဘူး၊ အစကလည်း ကျွန်မ မချမ်းသာပါဘူး၊ ဘဝကပေးတဲ့ အသိပညာနဲ့ စာပေကပေးတဲ့ ဗဟုသုတ အသိပညာတွေကို ပေါင်းစပ်ပြီး မလျှော့တဲ့ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကျွန်မ ကြိုးစားပြီး စာတွေကို ရေးသားခဲ့ပါတယ်၊ ကြိုးစားခဲ့တဲ့အတိုင်း အခုတော့ စာပေအနုပညာရှင်တစ်ဦး ဖြစ်ခဲ့ရပါပြီ။

ဆရာကြီးဇော်ဂျီရဲ့ စာပေကျေးဇူးကြောင့်လို့ ပြောရပါမယ်၊ ကျွန်မပြောချင်တာကတော့ ကျွန်မကဲ့သို့ စာပေကပေးတဲ့ အသိဉာဏ်ပညာ၊ အတွေးအခေါ်တွေကို တိုးပွားစေဖို့ စာအုပ်စာပေ လူမိတ်ဆွေ၊ အလိမ္မာစာမှာရှိဆိုတဲ့ စကားနဲ့အညီ စာပေတွေကို ဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

ရွာဦးကျောင်း ဆရာတော်ကြီးရဲ့ ပရဟိတ ကောဟကျောင်းမှာ နေထိုင်ကြတဲ့ သားသား မီးမီးတို့ကို မှာချင်ပါတယ်၊ သားသား မီးမီးတို့ အနေနဲ့ မိမရှိ ဖမရှိလို့ ဆင်းရဲနွမ်းပါးလို့ဆိုပြီး အားငယ်စိတ်မမွေးနဲ့၊ ဆရာမတို့ ငယ်ငယ်တုန်းကထက်စာရင် အခု သားသား မီးမီးတို့က အများကြီးသာပါတယ်။

ရွာဦးကျောင်း ဆရာတော်ရဲ့ အရိပ်အာဝါသအောက်မှာ အေးချမ်းစွာ နေရထိုင်ရတယ်၊ အဝတ် အဆင်သင့်ရှိတယ်၊ အစား အဆင်သင့်ရှိတယ်၊ ပညာကို အလွယ်တကူ သင်ရတယ်၊ ဒါကြောင့်မို့ မိမိရရှိလာတဲ့ ဘဝကိုလည်း ကြဲကြဲနှဲနှဲရင်ဆိုင်ပြီး စာတွေကို ကြိုးစား သွင်ယူကြပါ၊ ဇွဲလုံ့လ ဝီရိယရှိကြပါလို့ တိုက်တွန်းရင်းနဲ့ ကျွန်မရဲ့ ဟောပြောအစီအစဉ်ကို ဒီနေ့ရာမှပဲ နိဂုံးချုပ်အပ်ပါတယ်"

ကျွန်မ၏ ဟောပြောမှုပြီးဆုံးသွားသောအခါ လက်ခုပ်သံများ လက်ခေါက်မှုတ်သံများ ဝေစီစွာ ထွက်ပေါ်လာပြန်သည်။ ကျွန်မလည်း မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေရှိ လူငယ်လူရွယ်နှင့် ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေး စာပေရေးများကို မမျှော်လင့်ပါဘဲ ဟောပြောခွင့် ရလိုက်သောကြောင့် အတိုင်းအဆ ဝမ်းသာပီတိဖြစ်ကာ မှတ်ရည်မှားလည်လာမိပါသည်။

ကျွန်မတို့ ကျေးရွာစာကြည့်တိုက်မှမှလည်း ကျွန်မအား ယခုလို စာပေရေးရာများကို ဟောပြောပေးသည့်အတွက် ကျေးဇူးတင်ကြောင်း မိမိကျေးရွာ၏ ဂုဏ်ကို ဆောင်သည့် စာရေးဆရာမတစ်ယောက်အဖြစ် ကျေးရွာမှာ အမြဲတမ်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြောက်နေကြောင်း မိမိကျေးရွာဂုဏ်ကို ဆောင်ရွက်မှုမက် မိမိ၏မြို့နယ်၊ မိမိ၏ တိုင်းနှင့် မိမိ၏ တိုင်းပြည်၏ ဂုဏ်ကို ဆောင်နိုင်သော တိုင်းပြည် အကျိုးပြု စေမှုများကို ဒီထက်မက ရေးသားနိုင် စေကြောင်းကို ပြန်လည်ပြောကြား ခဲ့သည်။

ယခုတော့လည်း စည်ပင်ဖွဲ့ဖြိုး ဆောက်လျက်ရှိနေပြီဖြစ်သော ကျွန်မ ကျေးရွာကလေးသည် လှပလို့နေပါပြီ ဟော။

*

ကျွန်မတို့ ညီအစ်မနှစ်ယောက် နေကုန်မြို့သို့ ပြန်ရန် လေဆိပ်သို့ ဆင်းကြသည်။ ညီမဝမ်းကွဲ အေးအေး မြင့်နှင့် ကျောင်းသူ၊ ကျောင်းသားများ၊ ကျေးရွာရှိ လူငယ်လူရွယ်များက လိုက်ပါ ဆောင်ရွက်ဆက်ကြသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်စီးရန် ဟွန်ဒါစက် တစ်စက်လေ့ကိုလည်း စီစဉ်ပေးထား သည်။

"မမကြီးကို အေးမြင့် အထူး အကူလုပ်တင်ပါတယ်"

"ဘယ်အတွက် အထူးကျေးဇူး တင်နေရတာလဲ ကျောင်းဆရာမ အပျိုကြီးရဲ့"

အေးအေးမြင့်၏ ပြောစကား ကြောင့် ကျွန်မတ ခပ်နောက်နောက် ပြန်မေးလိုက်သည်။

"ဘာအတွက် ဖြစ်ရမှာလဲ မကြီး၊ ကျွန်မတို့ရွာမှာ မမကြီးသိတဲ့ အတိုင်း ဂိုဏ်းမှုရှိတာကလွဲရင် စာပေ အသုတ အကြားအမြင် ဆိုတာက လည်းတယ်လေ၊ မမကြီးက စာပေဗဟု သုတအကြောင်းကို ဟောပြောသွားပေး ဖို့ နောက်ဆိုရင် စာဖတ်သူတွေ များများလာလိမ့်မယ်လို့ အေးအေးမြင့် ဆင်တယ်"

"မမကြီးကလည်း ညီမ အေး အေးမြင့်တို့ကို အထူးကျေးဇူးတင်မိပါ တယ်၊ အေးအေးမြင့်တို့လို ကိုယ့်ရပ် ကိုယ့်ရွာ ချစ်မြတ်နိုးပြီး ကိုယ့်ရပ်ရွာ အကျိုးပြု လုပ်ငန်းတွေ လုပ်ကြတဲ့ သူဟာ ရှားပါတယ်"

ကျွန်မ၏ ပြောစကားကို နား ထောင်ကာ အေးအေးမြင့်က နှစ်ခြိုက် စွာပြုံးလျက် ညီမဝေဝေဘက်သို့ လှည့် ကာ. . .

"မမလေးလည်း ရွာဦးကျောင်း ဆရာတော်ကို ဝတ္ထုဂွေတစ်သိန်း လှူ လိုက်တဲ့အတွက် ဆရာတော်ရဲ့ကိုယ်စား အေးမြင့်က ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ သင်္ခါစိတ်ပေါက်လို့ ရောက်တုန်းရောက်ခိုက် လှူရတာပဲ၊ တကူးတကလှူဖို့ဆိုတာ ရောက်ဖြစ်ချင် မှ ရောက်ဖြစ်မှာလေ"

ညီမငယ်ဝေဝေက အေးအေး မြင့်ကို ထိုသို့ ပြန်ပြောလိုက်သဖြင့် အေးအေးမြင့်က. . .

"နောက်ကိုလည်း ရွာကို ပြန် လာကြပါနော်၊ ကိုယ့်ရွာကို မမေ့ကောင်း ဘူး၊ အစဖျောက်မထားကြပါနဲ့"

"အစ မဖျောက်တော့ပါဘူး၊ နောက်ဆို ရွာကို ခဏခဏ ပြန်လာမှာပါ"

ညီမငယ်ဝေဝေနှင့် အေးအေး မြင့်တို့ အပြန်အလှန် ပြောဆိုနေကြ သော စကားကို နားထောင်ကာ ညီမ ဖြစ်သူ ဝေဝေကို ကျွန်မ ဒဏ်ခြေစွာကြည့် မိသည်။ ညီမဝေဝေ၏ မျက်နှာမှာ ပြုံးယောင်သမ်းလျက်ရှိသည်ကို တွေ့ လိုက်ရသည်။

"ကဲ ကဲ မမကြီးတို့ သွားတော့ မယ်၊ တော်ကြာ ကားမမီဘဲ နေဦးမယ်"

ပြောပြောဆိုဆို ဟွန်ဒါစက်တစ် စက်လေ့ပေါ်သို့ ကျွန်မ လှမ်းတက် လိုက်သည်။ ဝေဝေကလည်း နောက်က လိုက်တက်လာသည်။ လေ့ဆိပ်မှ လေ့ ထွက်သည်နှင့် ကျောင်းသူကျောင်းသား လေးများက လက်အုပ်ကလေးများ ခို်လျက် နှုတ်ဆက်ကြသည်။ လူငယ် လူရွယ်များက လက်ကိုမြှောက်လျက် ဝေ့ယမ်း နှုတ်ဆက်ကြသည်။ ရွာ၏ လေ့ဆိပ်ကလေးသည် လှပသာယာ လျက်ရှိသည်။ လွန်ခဲ့သော နှစ်သုံးဆယ် နီးပါးက ကျွန်မတို့ ညီအစ်မ ရွာက ထွက်ခွာခဲ့စဉ် သည်လေ့ဆိပ်ကလေးဌ မျက်ရည်ကျခဲ့ရဖူးသည်။ အဘိုးနှင့် အဘွားမှာ ရှေ့ဆုံးနောက်ဆုံး ကွယ် လွန်သွားကြသည်။ ကျွန်မတို့ ညီအစ်မ အားကိုးအားထားရာ ကင်းမဲ့ခဲ့ရသည်။

ဦးလေး လူပျိုကြီးမှာလည်း ကျွန်မတို့ကို မကြည်ဖြူ။ အမေ၏ ညီမ အေးအေးမြင့် အမေကလက်၊ အဆင် မပြေ ဆင်းရဲနွမ်းပါးသည်။ ရန်ကုန်မြို့ ၌ နေထိုင်သော အမေ၏ အစ်ကိုကြီး ရောက်လာသောအခါ ကျွန်မတို့ ညီအစ်မကို ရန်ကုန်မြို့သို့ ခေါ်ဆောင် လာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က အေးအေးမြင့်လေးမှာ ရွာလေ့ဆိပ်၌ ကျွန်မတို့ကို လက်ဝှေ့ရမ်း ပြကာ ငိုလျက်ကျန်ရစ်ခဲ့သည်ကို မျက် စိထဲ ပြန်မြင်ယောင်လာသည်။ သမ္မန်ကို ဟွန်ဒါစက်တွဲ မောင်းသောကြောင့် ခဲ့ပျော်ဝင့်ရွှင်အလျဉ်၌ စက်သမ္မန်မှာ တရိပ်ရိပ်ပြေးလျက်ရှိသည်။ စက်တပ် အရှိန်နှင့် ရေပန်ကာမှာ ရေထဲ၌ တဖွားဖွားလည်ကာ ချောင်းရေအလျဉ် တို့က လှိုင်းထလျက်ရှိသည်။

ချောင်းရေအလျဉ်လှိုင်းထမှုတို့ ကြောင့် ဗေဒါပင်ကလေးများက စုန် ချည် ဆန်ချည် မျောပါလျက်ရှိကြသည်။ အသံတိတ်နေသော ညီမလေးဝေဝေကို ကျွန်မ လှမ်းကြည့်လိုက်ကာ။

"ဘယ်လိုလဲ အသံတိတ်လှချေ လား၊ ဘာတွေ စဉ်းစားနေလဲ ညီမလေး"

"ဘာရယ်မဟုတ်ပါဘူး၊ လွန်ခဲ့ တဲ့ နှစ်ပေါင်းသုံးဆယ်က ညီမတို့ရွာက ထွက်ခဲ့တော့ ညီမတို့တွေ ငိုခဲ့ကြရတာ တွေကို ပြန်သတိရလို့ပါ"

"ဩော် ညီမလေးရယ် ဘဝဆို တာ ဒီလိုပါပဲ၊ ခါးသီးတဲ့ အချိန်ကြီးပဲ ရှိမနေပါဘူး၊ မမတို့ရဲ့ မွေးရပ်မြေကို ပြန်မရောက်ခဲ့တာ နှစ်ပေါင်းသုံးဆယ် နီးပါးရှိခဲ့ပေမယ့် မမတို့ အခုလို ကိုယ့်ရပ် ကိုယ့်ရွာကို ပြန်ရောက်လာတော့ မမတို့

www.burmeseclassic.com

www.burmeseclassic.com

တတ်စွမ်းသမျှလေးတွေနဲ့ အကျိုးပြုခဲ့တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်မမ၊ မမက စာပေရေးရာတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကို တတ်စွမ်းသမျှ ဟောပြောပေးတော့ ရွာကလူတွေက မမကို လေးစားသမှုနဲ့ ဝိုင်းပြီးနှုတ်ဆက်ကြ၊ မေးမြန်းကြနဲ့ ညီမတောင် မမ့အတွက် ဝမ်းသာဂုဏ်ယူနေမိတယ်၊ အေးအေးမြင့်ကလည်း ကိုယ့်ရပ်ရွာအကျိုးကို တတ်အားသရွေ့ လုပ်နေတယ်လေ၊ ညီမမှာသာ တစ်ကိုယ်ကောင်းဆန်ခဲ့တာ၊ ညီမ မမကို ပြောခဲ့တဲ့ စကားတွေအတွက် တောင်းပန်ပါတယ်၊ ညီမကိုယ်ညီမလည်း အခုမှတွေးမိပြီး ရှက်နေမိတယ်၊ အခုတော့ ညီမ သဘောပေါက် နားလည်လာပါပြီ မမ"

ညီမလေးဝေဝေ၏ ပြောစကားကြောင့် အသိတရားရလာသည့် ညီမအတွက် ကျွန်မ ဝမ်းသာသွားမိသည်။ ညီမငယ် သည်ထက်မက နားလည်သဘောပေါက်စေရန် အခါအခွင့်သင့်တုန်း ရှင်းလင်းပြောပြရပေတော့မည်။

"အဲဒါပဲ ညီမလေး လောကမှာ ငွေနဲ့ ပစ္စည်းဥစ္စာက အဓိကကျတယ်လို့ဆိုပေမယ့် ငွေကိုချည်းပဲ ဦးစားပေးလို့ မရဘူးဆိုတာ ညီမလေး လက်တွေ့ပဲ၊ ညီမလေးနဲ့ မမတို့ ငယ်စဉ်ကလေး ဘဝက မိမဲ့ ဖမဲ့ဆင်းရဲနွမ်းပါး ခဲ့ကြတဲ့ခဲ့ကြတယ်၊ ခါးသီးတဲ့ဘဝကို ရင်ဆိုင်ခဲ့ကြရတယ်၊ ဒါတွေဟာ ညီမလေးရေ မမပါမှေ့မရနိုင်လောက်တဲ့ ဒ... အဖျက်ပါ"

ကျွန်မ စကားကို ခဏတွန့်ရပ်ကာ ညီမကို အကဲခတ်ကြည့်လိုက်သည်။ ရိုဝေသော မျက်လုံးများနှင့် ကျွန်မကို ကြည့်ကာ ဆက်ပြောလာမည့်စကားကို နားစွင့်နေသည်ကို တွေ့ရသဖြင့် ကျွန်မ ဆက်ကာ...

"အဲဒီအတွက်ကြောင့်လဲ ညီမလေးက ငွေရှိဖို့ ကြီးပွားချမ်းသာဖို့ကို အဓိကထားပြီး စီးပွားရေးတွေကို မနားမနေ ရှာခဲ့တယ်၊ မမ ပြောချင်တာက စီးပွားရေးကို လုပ်ပါ၊ လူဆိုတာ မိမိဘဝရပ်တည်မှုအတွက် စီးပွားရှာကြရမှာပဲ၊ ဒါပေမဲ့ မိမိအတွက်နဲ့ မိသားစု တစ်စုတည်းရဲ့ အကျိုးစီးပွားကိုသာ ကြည့်တတ်တဲ့ ဝိသမလောဘသမား မဖြစ်စေနဲ့၊ မိမိ မိသားစုတစ်စုတည်းရဲ့ အကျိုးစီးပွားကိုသာ ကြည့်တတ်တဲ့ သူဟာ လူဘဝကို ရရှိပေမယ့်လည်း လူဖြစ်ရကျိုး မနပ်ပါဘူး။

အဲဒါကြောင့်မို့ လူဘဝရရှိတုန်း အခိုက်အတန့်လေးမှာ လူဖြစ်ရကျိုး နပ်အောင် ညီမလေးအနေနဲ့ အတိတ်က ဖြစ်ရပ်တွေကို မေ့ပျောက်ပြီး အများအကျိုးကို ငွေအားနဲ့ဖြစ်စေ၊ လူအားနဲ့ဖြစ်စေ တတ်အားသရွေ့ ကူညီပါ၊ ဆောင်ရွက်ပါလို့ မမတိုက်တွန်းချင်ပါတယ် ညီမလေး"

ကျွန်မ၏ စကားကို အဆုံးသတ်လိုက်သည်။ ရှည်လျားစွာပြောလိုက်ရသဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ ချောင်းရေအလျဉ်မှ တိုကိုခတ်လာသော လေပြည်လေညင်းတို့ကို ရှူရှိုက်ရင်း "ဘယ်လိုသဘောရလဲ" ဟူသော အကြည့်ဖြင့် ညီမလေးကို ကြည့်လိုက်သည်။

ညီမငယ်၏ ရွှန်းလဲ့လဲ့ မျက်ဝန်းများ၌ ကြည်လဲ့လဲ့မျက်ရည်များ ဝိုင်းလျက်ရှိသည်။ ကျွန်မပြောသည့် စကားများကို နားလည်သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်ပြကာ ချောင်းရေအလျဉ်မှ ဗေဒါပန်းလေး တစ်ခိုင်ကို ခူးခြ သူခေါင်းခွံပန်ကာ နှစ်နှစ်ခြိုက်ခြိုက် ကျွန်မကို ပြုံးပြလျက်ရှိသည်။

ပြော... ယခုတော့ ညီမငယ်၏ လွဲမှားနေသော အသိစိတ်ဓာတ်နှင့် အံတွဲလောဘများ ပြယ်ပျောက်စေရန် ပြုပြင်ပေးနိုင်မည့် အချိန်ကာလတို့ကို စောင့်ဆိုင်းရကျိုး နပ်ခဲ့ပေပြီ။

အတွဲလောဘများ ပြယ်ပျောက်ကာ မိုးသားမြူတိမ် ကင်းစင်သော လမင်းပမာ ကြည်လင်ဝင်းပနေသည့် ညီမငယ်၏ မျက်နှာကို မြင်ရတော့ ကျွန်မရင်ထဲ၌လည်း စိမ့်စမ်းရေအေး အေးကို သောက်သုံးလိုက်ရသကဲ့သို့ အေးမြပြည်မ်းချမ်းခဲ့ရပါပြီကော။

ကျွန်မတို့ ရွာကလေးသည်လည်း တိုးတက်ပြောင်းလဲလျက်... ။

ချောင်းရေ အလျဉ်မှာလည်း တသွင်သွင်စီးဆင်းလျက်... ။

ဗေဒါပင်လေးတွေမှာလည်း စုန်ချည် ဆန်ချည် မျောပါလျက်... ။

"ဩော် လူပြည်လောက
လူဘဝကား၊
အိုရ နာရ သေရဦးမည်၊
မှန်ပေသည်တည်း။
သို့တပြီးကား
သင်သေသွားသော်
သင်ဖွားသောမြေ
သင်တို့မြေသည်
အခြေတိုးမြင့်
ကျွန်ကောင်းသင့်၏၊
သင့်အမျိုးသား
စာစကားလည်း
ကြီးပွားတက်မြင့်
ကျွန်ကောင်းသင့်၏၊
သင်ဦးချု၍ အမျှဝေရာ
စေတီသာနှင့် သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက်
ကျွန်စေသတည်း"

(ဆရာလေ

(စာဆိုရှင်ကြီး ဆရာလေ
ဦးညွတ်ကန်တော့ပန်းဆင်လျက် ဝါ
မြို့ နေဖွဲ့ပါသည်)

ပရဉ်မွန် (ကျုံလေ

❑

www.burmeseclassic.com

www.burmeseclassic.com



ဝေယံလင်းခေါင်

အေဒျောကမ္ဘီဝင်းသန့်
ဘာသာပြန်
ဦးသြဘာ

www.burmeseclassic.com

www.burmeseclassic.com

၁၃၆၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့ (၃၊ ၃၊ ၉၉)က အမှတ်(၁၂) စကားဝါလမ်းရှိ တိဝိဋကာ နိကာယကျောင်းတော်သို့ ရောက်သွားသည်။ အကြောင်းမှာ နိကာယ စာအောင် (ဘွဲ့ရ)သံဃာများကို ပင့်စာပို့ရန် ဖြစ်သည်။

အနု နာယကဆရာတော်ဦးဓမ္မပိယကျိန်းနေသည်ထင်သဖြင့် ဝိဋကတ်နှစ်ပုံခွဲအောင် အရှင်ဣန္ဒပါလကို ဖူးမြော်ရန်သွားသည်။

ဦးဣန္ဒပါလ၏ အခန်းထဲတွင် အာဂန္တုဆရာတော်တစ်ပါးကို တွေ့ရသည်။ ဆရာတော်မှာ ဦးဣန္ဒပါလထက် သက်တော် ငါးတော် ကြီးသဖြင့် ဆရာတော်ကို အလျင်ဦးချကန်တော့သည်။

"အရှင်ဘုရား၊ ဘယ်ကပါလဲ ဘုရား" ဟု လျှောက်ထားရာ . . .

"ဦးဣန္ဒပါလတို့ အရပ်ကပဲ" ဟု အမိန့်ရှိသည်။

"ဒါဆို မည်းကျန်းပေါ့ ဘုရား"

"မဟုတ်ဘူး ဒကာကြီး၊ ကျုပ် စကုကျွန်းကပါ"

"အရှင်ဘုရားကို ဖူးခွင့်ရတာ တပည့်တော်အတွက် အခိုက်ကြုံတာပါပဲ ဘုရား။ ဘယ်ဘော်တို့ ငယ်ငယ် တုန်းက အရှင်ဘု[illegible]ကျွန်းမှာ အလွန်ထူးဆန်းတဲ့ အဖြစ်အ[illegible]ကြားဖူးခဲ့ပါတယ်၊ အဲဒါ တကယ်ပဲလား ဆိုတာ သိချင်လို့ လျှောက်ခွင့်ပြုပါ ဘုရား"

မိမိက ဤမျှလျှောက်လိုက်ရုံနှင့် ဆရာတော်ကလည်း ချက်ချင်းသိသည်။ ထိုအဖြစ်အပျက်မှာ လွန်ခဲ့သော အနှစ် (၄၀)ဒကျော်ခန့်က ရခိုင်ပြည်တောင်ပိုင်း တစ်ခုလုံးတွင် ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့သော အဖြစ်အပျက်ဖြစ်သဖြင့် ဆရာတော်က . . .

"အဲဒီတုန်းက ဘုန်းကြီး ဆယ့်ခုနှစ်နှစ်သား ကိုရင်နဲ့ပေါ့" ဟု အမိန့်ရှိသည်။

ဦးဣန္ဒပါလကလည်း . . .

"ဘုန်းကြီး၊ ဒီဒကာက စာရေးဆရာလေ၊ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက အဲဒီ စကုကျွန်းက အကြောင်းကို ပြောပြလိုက်ပါဦး" ဟု လျှောက်ပြီး မိမိအား အချိန်ရည်တစ်ဘူး ချပေးထားခဲ့ကာ အပြင်သို့ ကိစ္စရှိ၍ ကြွသွားသည်။

"အဲဒီအကြောင်းက နောက်ဆုံး ဘယ်လို ဖြစ်သွားပါသလဲ ဘုရား"

"အိမ်း. . . ဒကာကြီးက စာရေးဆရာဆိုတော့ ဘုန်းကြီး စုံစုံစေ့စေ့ ပြောပြပါ့မယ်"

ဟု အမိန့်ရှိကာ အောက်ပါအဖြစ်အပျက်ကို မိန့်ကြားပါသည်။

▲

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ထဲတွင် စကုကျွန်း၊ မန်ကျဉ်းကျွန်း၊ ရဲကျွန်း၊ တိုက်ကျွန်း၊ ပန်းတင်ကျွန်း၊ တောင်းကျွန်း စသည်ဖြင့် ကျွန်းအမြောက်အမြားရှိသည်။

ထိုကျွန်းများအားလုံးမှာ ရေပတ်လည်ဝိုင်းထားသော ဘင်္ဂလားပင်လယ်ပြင်ထဲမှ ကျွန်းများဖြစ်သည်။ ကျွန်းတိုင်းလိုလိုတွင် သုံးရွာ၊ နှစ်ရွာ၊ တစ်ရွာစသည်ဖြင့် လူနေရွာများ ရှိကြသည်။

တစ်နေ့တွင် စကုကျွန်း ဝံလက်မော်ရွာ ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာထော်သည် ကုဋီ(အိမ်သာ)တက်လို၍ ကျောင်းအောက်သို့ဆင်းလာသည်။ ကုဋီ (ရေအိမ်)နှင့် ကျောင်းမှာ ခြေလှမ်း နှစ်ဆယ်၊ သုံးဆယ်ခန့်သာ ဝေးသည်။

ကုဋီတက်ပြီး ပြန်အထွက်တွင် ထွက်၍ မရတော့။ ကုဋီတံခါးကို အပြင်က တစ်စုံတစ်ယောက်က တွန်းပိတ်ထားသည်။ အကြိမ်ကြိမ် တွန်းဖွင့်သော်လည်း ဖွင့်မရသဖြင့် အတင်းထုပြီး ကျောင်းသားများကို အော်ခေါ်ရသည်။

ဘုန်းကြီး အော်ခေါ်နေသံကြားသဖြင့် ကျောင်းသားများ ပြေးလာကြရာ ကုဋီနား ကျောင်းသားများ ရောက်လာကြမှ တံခါးက အလိုလိုပွင့်သွားသည်။

"ဟ ဘယ်လိုဖြစ်တာလဲ၊ ဒီတံခါးမှာ အပြင်က ဓင်းတုပ်ကန့်လန့်လည်း မရှိဘဲနဲ့ ငါဆွဲဖွင့်နေတာ ကြာပြီ၊ ဖွင့်လို့ကို မရဘူး၊ အပြင်က တစ်ယောက်ယောက် တွန်းထားသလို ရှိတာနဲ့ ငါ မင်းတို့ကို အော်ခေါ်ရတာ"

"တပည့်တော်တို့ မလျှောက်တတ်ပါဘုရား၊ စောစောက ကုဋီနားမှာလည်း ဘယ်သူမှ မရှိကြပါဘူး ဘုရား"

ကျောင်းသားများက ဆရာတော်ကို လျှောက်ကြသည်။

"အေးဟ၊ အဆန်းပါလား"

ဟု မိန့်ကြားပြီး ဆရာတော် ကျောင်းပေါ် တက်လာသည်။ ဆရာတော် ကျောင်းပေါ်ကို ရောက်သည်နှင့် ဘုံဆင့်(ဇေတဝန်)ပေါ်က ဘုန်းကြီးရင်းကို ခဲတစ်လုံး ကျလာသည်။ ဆရာတော် ကျောင်းဘုံဆင့်ပေါ် မော့ကြည့်၏။ ဘာမှ မမြင်ရ။ ဆရာတော် ပြန်ကြည့်နေစဉ်မှာပင် နောက်ထပ် ဘုံဆင့်မျှော်က ခဲတစ်လုံး ကျလာပြန်သည်။ ဆိုင်သော် ဆရာတော်ကိုတော့ မထိ။

"ဟ ဘယ်လို ဖြစ်တာလဲ၊ ဇေတဝန်ပေါ်က ခဲတွေချည်းကျနေပါလား"

ဆရာတော်စိတ်ထဲ သံသယတစ်စုံတစ်ခု ဖြစ်လာသဖြင့် အကျယ်ကြီး အော်ပြောလိုက်သည်။ ဆရာတော် အော်ပြောလိုက်သံကြောင့် ကျောင်းသားများ ကျောင်းပေါ် ပြေးတက်လာကြသည်။

"ဒီမှာ တွေ့ကြလားဟေ့၊ ကြမ်းခင်းပေါ်မှာ ခဲတွေလေကွာ၊ အပေါ်ဆင့်က ပစ်ပစ်ချနေတာဟ၊ ဘုံဆင့်ပေါ်မှာ ဘယ်သူရှိပါလိမ့်"

ကျောင်းကြမ်းခင်းပေါ်က ခဲလုံးတွေကို တစ်ယောက် တစ်လုံးစီ လှမ်းကောက်လိုက်ကြပြီး ကျောင်းသားများလည်း တအံ့တသြနှင့် ဘုံဆင့်ပေါ်ကို မော့ကြည့်ကြသည်။ ဘုံဆင့်ပေါ်မှာ ဘာမှ မမြင်ကြရ။ ကျောင်းသားများ ရောက်လာချိန်မှာ နောက်ထပ် ခဲလုံးတွေလည်း မကျတော့။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် အမိန့်ရှိသည်ကိုပင် [illegible]သားများက မယုံသလို ဖြစ်[illegible]သည်။

သည်လိုနှင့် ညနေစောင်းတွင် [illegible]တော်တ် အပေါ့အပါးသွားရန် [illegible]သွားပြန်ရာ ပြန်အထွက်တွင် [illegible]က တစ်စုံတစ်ဦးက တွန်းပိတ် [illegible]၍ ဖွင့်မရဖြစ်ကာ ကျောင်းသား [illegible]လှမ်းခေါ်ရပြန်သည်။

ကျောင်းသားများ ပြေးဆင်းလာ [illegible]တံခါးက အလိုလိုပွင့်သွားပြန် [illegible]အပြင်တွင် သစ်သားကျက်၊ ကန့် [illegible]င်းတုပ်လည်း မရှိသဖြင့် ဆရာ [illegible]တော်. . .

"ဟ ဘယ်လိုဖြစ်တာလဲ၊ ဒီနေ့ [illegible]နှင်းတွေချည်းပါလား"ဟု မိန့်ကြား [illegible]ကျောင်းပေါ် ပြန်တက်လာပြန် [illegible]သည်။

ဆရာတော် ကျောင်းပေါ်သို့ [illegible]သည်နှင့် ကျောင်းဘုံဆင့်ပေါ်က [illegible]တွေ ကျလာပြန်သည်။ ဤတစ်ခါ [illegible]ကျလာသော ခဲများကို ကျောင်း [illegible]ားပါ ရိုးတိုးရိုပ်တိတ် မြင်လိုက် [illegible]ရသည်။ မကြောက်တတ်သော [illegible]ကျောင်းသားကြီး သုံးလေးယောက်က [illegible]နှမ ဆဲဆို၍ ကျောင်းဘုံဆင့်ပေါ် [illegible]တက်ကြည့်ကြသည်။

ဘုံဆင့်ပေါ်မှာ ဘာမှ မတွေ့ရ။ [illegible]ကြောင့် အောက်သို့ ပြန်ဆင်းလာကြ [illegible]သည်။ နောက်ထပ်လည်း ခဲမကျတော့။

သည်လိုနှင့် ဤနေ့ ညနေ ၄ [illegible]နာရီကျော်မှာ ဘုန်းကြီးက ကျောင်းသား [illegible]ကို ထမင်းစား စောစောလွှတ်လိုက် [illegible]သည်။ အဖြစ်အပျက်ကို ရွာလူကြီးများ [illegible]ားသား ပြောပြ၍ ညနေ ရွာလူကြီး သုံး [illegible]ားယောက်ကို ကျောင်းသို့ လာကြရန် [illegible]သည်။ ကျောင်းသားများနှင့် မှာလိုက် [illegible]သည်။

ဆရာတော် မှာကြားလိုက်သည့် [illegible]အတိုင်း လူကြီး သုံးလေးယောက်နှင့် [illegible]ကျောင်းသားကြီးများ ပိုးမချုပ်မီကျောင်း [illegible]သို့ ရောက်လာကြသည်။

ဆရာတော်က နေ့လယ်၌ ကြုံရသော အဖြစ်အပျက်ကို ရွာလူကြီးများကို ပြောပြရာ ရွာလူကြီးသုံးလေးယောက်မှာ ရွာသို့ မပြန်ကြတော့ဘဲ ကျောင်း၌ပင် ညအိပ်စောင့်နေကြသည်။ ဆရာတော်ကလည်း ကုဋီကို တစ်ပါးတည်း မသွားရဲတော့သဖြင့် အလေးအပေါ့သွားရာ၌ပင် ရွာလူကြီး သုံးလေးယောက်ကို အစောင့်ခေါ်၍ သွားရသည်။ ရွာလူကြီးတွေပါ၍လား မသိ။ နေ့လယ်ကလို အပြင်က တံခါးကို တွန်းပိတ်ထားတာလည်း မရှိတော့။

တစ်ညလုံးလည်း ဘာသံမှ မကြားရတော့ဘဲ ကောင်းစွာအိပ်နိုင်ကြသည်။ သို့သော် မိုးလင်းသောအခါ ကျောင်းထပ်ခိုးပေါ်ရှိ ဘုရားကျောင်းမှ ကျောက်စလင်းဖြူ (စကျင်ကျောက်) ဘုရားနှစ်ဆူသည် ကျောင်းလေ့ကား ထိပ်နားရှိ ဘုန်းကြီးသောက်ရေအိုးစင်ပေါ် ရောက်နေသည်။

ပို၍ထူးဆန်းသည်မှာ လင်ပန်းကြီး နှစ်ချပ်ကို ဘုရားတစ်ဆူစီ၌ခွန်ယပ်ကဲ့သို့ ထောင်ထားသည်ကို အံ့သြဖွယ်ရာ တွေ့ကြရပြန်သည်။

ကျောက်စလင်းဖြူ (စကျင်ကျောက်)ကျောက်ဆင်းတုရုပ်ပွားတော် နှစ်ဆူမှာ သေးသေးမဟုတ်။ အားကောင်းမောင်းသန် လူကြီးတစ်ယောက်ပင် မပင့် မနိုင်နိုင်သော ဆင်းတုတော်များ ဖြစ်သည်။

ထိုရုပ်ပွားတော်နှစ်ဆူကို လူကြီးနှစ်ယောက်စီ မ,ပင့်၍ ဘုရားကျောင်းဆောင်ပေါ် ပြန်ပင့်ပို့ထားကြရသည်။ ဘုရားရှေ့တွင် ယပ်လုပ်ထောင်ထားသော လင်ပန်းကြီးနှစ်ချပ်ကိုလည်း မူလပန်းကန်ကြောင်အိမ်ထဲ ပြန်ထည့်ထားလိုက်ကြသည်။

လူကြီး လေးငါးယောက်တို့မှာ ရွာကို မပြန်နိုင်ကြသေးဘဲ ကျောင်း၌ အရက်ဆွမ်းစားပြီး စောင့်ကြည့်နေကြရသည်။ စကုက္ခန်းရှိ သူတို့ ဝံလက်မော် ရွာမှာ အိမ်ပြေး ငါးဆယ်ကျော်ရှိသည်။ အရက်ဆွမ်း၊ နေ့ဆွမ်းကို ခွဲတမ်းနှင့် အလှည့်ကျ သုံးအိမ်တစ်လှည့်၊ နှစ်အိမ်တစ်လှည့် ကျောင်းသို့ သွားပို့ရသော အစဉ်အလာ ဂါမပညတ်ရှိသည်။

အထွတ်အမြတ်ဖြစ်သော ခြံထွက်သီးနှံ၊ အခါအားလျော်စွာ လုပ်ကြလေ့ရှိသော မုန့်ဖက်ထုပ်၊ မုန့်ကြာဇေး၊ မုန့်ဆီကြော် စသည်များကိုလည်း သခွါတရားပေါက်သလို ကျောင်းသို့ လာလှူလေ့ရှိကြသည်။

သို့နှင့် ဒကာမ တစ်ယောက်သည် ဘုန်းကြီး နေ့ဆွမ်းဘုဉ်းမပေးမီ သူ၏ခြံထွက်ဖြစ်သော သီးဖွေးငှက်ပျောလက်ရင်းအလုံးကောင်း တစ်ဖီးကို ဘုန်းကြီး လှူရန် ကျောင်းသို့လာလေသည်။ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့်. . .

"အမယ်လေးတော့်၊ ဘယ့်နှယ် ဘယ့်နှယ် ငှက်ပျောဖီး မိုးပေါ် ပျံတက်သွားပါလိမ့်"

ဟု အထိတ်တလန့် အော်လိုက်သံကို ရုတ်တံရုတ်ကြား ကြားလိုက်ကြ၍ ဇူကြီးများ ကျောင်းပေါ်က ပြေးဆင်းကြည့်ကြရာ ဘာမှ မမြင်လိုက်ရတော့ပေ။ ကြွေပန်းကန်ပြားပေါ် တင်၍ အထွတ်အမြတ် ငှက်ပျောသီး လှူရန် လာသော ဒကာမခမျာမှာလည်း သူ့ခေါင်းပေါ်တွင် ပန်းကန်ပြားသာ ကျန်တော့သည်။

"ဘယ်လိုဖြစ်လို့လဲ"

ဟု လူကြီးတွေက ဝိုင်းမေးကြရာ ကျောင်းဝင်းခြံထဲ ဝင်လိုက်သည်နှင့် သူ့ခေါင်းပေါ်က ငှက်ပျောသီး မိုးပေါ် ပျံတက်ပြီး ပျောက်သွားသည်ဟုသာ ဆိုနိုင်သည်။ မည်သို့ ဖြစ်သည်ကို မပြောပြတတ်။

ထို့ကြောင့် တစ်ကျောင်းလုံး၊ တစ်ရွာလုံး အုတ်အော်သောင်းကျင်းဖြစ်ကာ ရွာထဲမှ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါမကျန် ကျောင်းသို့ ပြေးလာကြည့်ကြ၊ မေးကြသဖြင့် ချက်ချင်း ကျောင်းပေါ်တွင် လူပြည့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၁ နာရီခန့်တွင် ဘုန်းကြီးနေ့ဆွမ်းဘုဉ်းပေးနေစဉ် ဘုံဆင့်ပေါ်မှ ငှက်ပျောသီးခွံများ ကျလာတော့သည်။ လူတွေမှာ ဝိုင်၍ အထိတ်တလန့် အံ့ဩြမဆုံး ဖြစ်ကုန်ကြသည်။ ကျောင်းမှာလည်း လူတွေ စည်ကားသထက် စည်ကားလာသည်။ ယောကျာ်း၊ မိန်းမ ကလေးသူငယ်များနှင့် ပြည့်လျှံနေလေသည်။ ဘုန်းကြီးမှာလည်း မကြုံစဖူး ထူးခြားလှသော အဖြစ်ကြောင့် ဆက်၍ ဆွမ်းဘုဉ်းမပေးနိုင်တော့။

ဘုန်းကြီး ဆွမ်းဘုဉ်းပေးပြီးသောအခါ ကျောင်းသားကြီးများက ဆွမ်းဟင်းသိမ်းကြသည်။

အသက် ငယ်သေး၍ ဆွမ်းပွဲမသိမ်းရသော ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကျောင်းသားငယ်များက ကျောင်းတိုင်ကိုမှီပြီး ထုံးစံအတိုင်း ထိုင်နေကြရာ ကျောင်းတိုင်တစ်လုံးစီကို တစ်ယောက်စီ မှီထိုင်နေကြသော ကျောင်းသားငယ် နှစ်ယောက်၏ ရင်ခွင်ထဲ ငှက်ပျောသီး တစ်ယောက် တစ်လုံးစီ ဘုံဆင့်ပေါ်က ကျလာသည်။

ကျောင်းသားငယ် နှစ်ယောက်မှာ အထိတ်တလန့်နှင့် ဘုံဆင့်ပေါ်မော့ကြည့်လိုက်ရာ . . .

"ဟာ ဘုံဆင့်ပေါ်မှာ လူတွေ လူတွေ အများကြီး" ဟု ကြောက်ရွံ့တကြား လက်ညှိုးထိုးပြီး အော်လိုက်ကြသည်။

"ဘယ်မှာလဲ ဘယ်မှာလဲ" ဟု ဘုန်းကြီးနှင့် လူကြီးတွေက ဘုံဆင့်ပေါ်ဖော့ကြည့်ပြီး မေးကြရာ. . .

"ဟိုမှာ ဟိုမှာ ဘုံဆင့်ပေါ်မှာ ခြေထောက်တွဲလောင်းချပြီး ငှက်ပျောသီး စားနေကြတယ်၊ မိန်းမလည်း တစ်ယောက်ပါတယ်"

ဟု ကျောင်းသားငယ်နှစ်ယောက်က မတ်တတ်ရပ် လက်ညှိုးထိုးပြပြီး အော်နေကြသည်။ သို့သော် သူတို့ပြသော လူတွေနှင့် မိန်းမတစ်ယောက်ကိုမူ မည်သူမျှ မမြင်ကြရ။

ထိုကျောင်းသားငယ်နှစ်ယောက် အော်ပြောလိုက်သံကြောင့် ကြောက်တတ်သော မိန်းမများနှင့် ကလေးများ ကျောင်းပေါ်က ဆင်းပြေးကြသည်။

လူကြီးတွေနှင့် ကျောင်းထိုင် ဆရာတော်တို့မှာမူ ဘုံဆင့်ပေါ်ကို ခေါင်းတမော့မော့ မော်ကြည့်လျက်။

ကျောင်းသားငယ်နှစ်ယောက် ကလွဲပြီး မည်သူမျှ မမြင်ကြရရာ ဘုန်းကြီးနှင့် လူကြီးတွေမှာလည်း မည်သို့မည်ပုံ ယူဆကြရမှန်း မသိတော့ဘဲ ဘုံဆင့်ပေါ်မှာ လူတွေ မြင်နေရသည်ဆိုသော ကျောင်းသားငယ်နှစ်ယောက်ကိုသာ အကြိမ်ကြိမ်အခါခါ မေးလိုက်၊ ကျောင်းဘုံဆင့်ပေါ် မော့ကြည့်လိုက်နှင့် ကယောင်ချောက်ချားဖြစ်ကုန်ကြသည်။ သူတို့ကမူ ဘာမှ မမြင်ကြရ။

ထိုအခါ ကျောင်းသားငယ်နှစ်ယောက်ကိုသာ တစ်မေးတည်း မေးနေကြရသည်။

"ဘုံဆင့်ပေါ်မှာ မင်းတို့မြင်တဲ့ လူက ဘယ်လိုလူတွေလဲ"

"လူတွေက အများကြီး"

"ရေကြည့်ကွာ"

လူကြီး တစ်ယောက်က ရေကြည့်ဆိုသဖြင့် ကျောင်းသားငယ် နှစ်ယောက်က ဘုံဆင့်ပေါ် ခေါင်းမော့လက်ညှိုးထိုးကာ တစ်၊ နှစ်၊ သုံး၊ လေး ရေကြည့်ကြသည်။

"ယောကျာ်း ဆယ့်နှစ်ယောက်နဲ့ မိန်းမ တစ်ယောက်" ဟု ကျောင်းသားငယ်နှစ်ယောက်က ပြန်ပြောပြကြသည်။

"ဟိုမှာ ဟိုမှာ၊ ကျွန်တော်တို့ကို ရယ်ပြနေကြတယ်" ဟုလည်း ရေတွက်ပြီးသည်နှင့် ဆိုကြပြန်သည်။

"ဘယ်လိုလူတွေလဲ၊ မင်းတို့ကို ရယ်ပြတာ ငါတို့လို လူလား"

"မဟုတ်ဘူးဗျ၊ အားလုံးဘောင်းဘီဝတ်ထားကြတယ်"

သူတို့ကို မြင်ရပါသည်ဆိုသော ကျောင်းသားငယ် နှစ်ယောက်ထဲမှ အကြီးဖြစ်သူက သူပြောသည်ကို ဘုန်းကြီးနှင့် လူကြီးတွေက မယုံမှာစိုး၍ အငယ်ကျောင်းသားကိုပါ မေးပြောပြောသည်။

"ဟုတ်တယ်၊ အားလုံး ဘောင်းဘီဝတ်ထားကြတယ်"

အငယ် ကျောင်းသားကလည်း ဘုံဆင့်ပေါ် မော့ကြည့်နေရင်းဖြေသည်။

"မင်းတို့ မြင်ရတာက ဘယ်လို လူတွေလဲ၊ ခေါင်းကြီး ကိုယ်သေးတွေလား"

ဘုန်းကြီးက သူ့ကျောင်းသားလေး နှစ်ယောက်ကို မေး၏။

"မဟုတ်ပါဘုရား၊ ဘောင်းဘီဝတ်ထားကြတာကလွဲရင် အားလုံးတာပည့်တော်တို့လို လူတွေချည်းပါဘုရား"

ဘုန်းတော်ကြီးက ခေါင်းငုံ့တွေဝေသွားကာ သက်ပြင်းချသည်။

ထိုအချိန်ကစပြီး ထိုနာနာဘာဝများသည် ကျောင်းဝင်းထဲတွင် သောင်ကျန်းမြဲတိုင်း သောင်းကျန်းကြတော့သည်။ ဘုရားကျောင်းမှ ကျောက်ဆင်းတု ရုပ်ပွားတော်များကို ယူဆုပ်ဖြဉ်း ဘုန်းကြီးသောက်ရေအိုးစင်တွင် သွားထားကြသလို ငါးပိသာကျော် လောသော ကြေးစည်ကြီးကိုလည်း ခြေထောက်ရှည်ကျောင်းအောက် မြေပြင်ပေါ်သို့ ပစ်ချထားကြသည်။ ကျောင်း၏ ကြမ်းခင်းမျဉ်ကြီးများမှာ ဘယ်လိုပစ်ချလိုက် သည်မသိ မိုးလင်းသည်နှင့် ကျောင်းအောက် မြေပြင်ပေါ် ရောက်နေသည်။

ထို့နောက်မှာ ဘုန်းကြီးလျှုရန် လာသော ဖက်ထုပ်မုန့်များကိုလည်း ကျောင်းဝင်းထဲ အလျှုရှင်ဝင်သည်နှင့် ထိုနာနာဘာဝများ ကျောင်းဘုံဆင့်ပေါ် ယူသွားကြပြီး မုန့်ထုပ်ဖက်ခွံတွေကိုသာ ပစ်ချကြသည်။

သူတို့ချစ်ခင်သော ကလေးနှစ်ယောက်ကိုမူ ဘုံဆင့်ပေါ်မှ ဖက်ထုပ်မုန့် တစ်ယောက် တစ်ထုပ်စီ ချပေးလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသည်ကို လာစောင့်အိပ်နေကြသော လူကြီးတွေက . . .

"တို့ကိုလည်း ပေးကြပါဦး" ဟု ဆိုင်းမော့၍ ပြောသောအခါ အထုပ်တစ်ထုပ်ကျလာသည်။ ဖွင့်ကြည့်ကြသောအခါ မစင်(ချေး)ထုပ် ဖြစ်နေ၏။

ဤမျှနှင့် မရပ်ကြသေး။ ဘုန်းကြီးအား လာစောင့်အိပ်နေကြသော ရွာလူကြီးများ၏ ဆေးတံ၊ ဆေးများကိုလည်း လက်က ချသည်နှင့် ဆွဲယူပြီး ဘုံဆင့်ပေါ်ကပစ်ချကြသည်။ ဘုန်းကြီးအနား ဝိုင်းထိုင်နေကြလျှင် လူနှင့် ဘုန်းကြီးကြားကို ခဲတွေနှင့် ပစ်ချကြသည်။

ထိုအခါ လူကြီးတွေက . . .

"ကျောင်းပေါ်လာပြီး ဘုန်းကြီးကိုနှိပ်နှောင့်ယှက်ကောင်းဘူး၊ ငရဲကြီးတတ်တယ်" ဟူသော စကားမဆုံးခင် လျှောက်တန်း၊ ထုပ်တန်းပြားတွင် ဆား၊ တရား၊ သံဃာဟု စာပေါ်လာသည်။ ဘုရား၊ တရား၊ သံဃာ ဆိုသည်ကို သူတို့လည်း သိသည် ဟူသောအဓိပ္ပာယ်။

ထိုနာနာဘာဝများကို ကျောင်းသားငယ်နှစ်ယောက်ကလွဲပြီး တစ်ခြားသူ တစ်ဦး တစ်ယောက်မျှလည်း ကြိုးကြရရာ ထိုကျောင်းသားငယ် နှစ်ယောက်ကိုသာ ဘုန်းကြီးနှင့် လူကြီးများက အကျိုးအကြောင်း မေးကြရသည်။

ထိုကျောင်းသားငယ်နှစ်ယောက်ပြန်ကြသည်မှာ ထိုနာနာဘာဝများမှီနှံမသူသည် သူတို့ နှစ်ယောက်ကို ချစ်၍ မုန့်တွေ၊ ငှက်ပျောသီးတွေ ကျွေးသည်ဟု ဆို၏။

ပြီးတော့ တစ်နေ့ နေ့လယ်တွင် ဘုန်းကြီးကျောင်းပေါ်က ဆင်းသွားကြပြီး ကျောင်းနားရှိ လက်ပံပင်ပေါ်သွား၍ လက်ပံကိုင်းတွေပေါ်မှာ ခွေနေကြသည်ကိုလည်း မြင်ရသည်။

လက်ပံပင်ပေါ်ကနေ သူတို့ ကျောင်းသားငယ်နှစ်ယောက်ကိုလည်း ပြောင်နောက်ပြကြသည်ဟု ဆိုပြန်သည်။

လေးငါးရက် ကြာသောအခါ အခြေအနေမှာ ပိုဆိုးလာသည်။ ဘုန်းကြီးနှင့် ရွာလူကြီးများ ကျောင်းပေါ်တွင် စုထိုင်လိုက်ကြသည်နှင့် ဘုံဆင့်ပေါ်က ခဲနှင့် ပိုင်းပေါက်ကြသည်။ လူကို မထိသော်လည်း လူကြား၊ ဘုန်းကြီးကြား ခဲတွေ ကျလာရာ ဘုန်းကြီးနှင့် ရွာလူကြီးတွေမှာ ကျောင်းပေါ်ကိုပင် မတက်ရဲလောက်အောင် ဖြစ်လာကြသည်။

တစ်ခု ထူးခြားသည်မှာ ညနေ ၄ နာရီကျော်ပြီဆိုလျှင်တော့ ခဲလုံးဝ မကျတော့။ နေ့လယ်ဘက်က ပစ်ချထားသော ကျောင်းကြမ်းခင်းပြင်ပေါ်က ခဲလုံးတွေလည်း အလိုလို အကုန် ပျောက်ကုန်ကြသည်။ လူတို့၏အထဲမှာ သူတို့သည် ကျောင်းနားရှိ လက်ပံပင်ပေါ် သွားအိပ်ကြသည်ဟု ထင်ကြသည်။

သည်လိုနှင့် စကုကျန်း ဝံလက်မော်ရွာဘုန်းကြီးကျောင်းမှ ပြဿနာကို ရွာသူရွာသားတွေမှာ ပုဏ္ဏက တိုက်ထားသည်။ အစီမံတိုက်သည်ဟု ယူဆကြကာ ပေဒင်မေး၊ နတ်မေး၊ မှော်ဆရာပင့်နှင့် အလုပ်ရှုပ်၍ အခကြေးငွေတွေသာ ကုန်သွားကြသည်။ ဘာမှ အကြောင်းမထူး။ တစ်ပတ် နှစ်ပတ်သာ အချိန် ကြာလာသည်။ နာနာဘာဝများက သောင်းကျန်းကြတုန်း။

သည်လိုနှင့် တစ်နေ့တွင် စကုကျန်းကို ရောက်လာကြသော ထိုစဉ်က အလံနီကွန်မြူနစ်များကလည်း သတင်းကြားနှင့် ကျောင်းသို့ လိုက်လာကြရာ မည်သို့ မည်ပုံ ဖြစ်ခဲ့ကြသည်ကိုတော့ မပြောခဲ့ကြ။

ကျောင်းဝင်း တပ်စည်းနားကို အရောက်မှာ ကျောင်းဝင်းထဲ မဝင်ရဲကြတော့ဘဲ ချက်ချင်း ပြန်ပြေးသွားကြသဲ့သည်။

နောက်မှ သတင်းကြားရသည်မှာ သူတို့ ကျောင်းစည်းအနားကို ရောက်လာကြသည်နှင့် ကျောင်းဘုံဆင့်ပေါ်က သေနတ်နှင့် လှမ်းပစ်ခဲ့ရ၍ဟု ပြောကြသည်။

သို့နှင့် ဆရာရှာကြ၊ မေးကြမြန်းကြ၊ စုံစမ်းကြရာ (ယခု သက်တော်ထင်ရှားရှိနေသော ဆရာတော်) ထိုစဉ်က စကုကျန်း ပိန္နဲချောင်း၊ ထုံးတောင်နား ကျောင်းတွင် သီတင်းသုံးနေထိုင်သော ဆရာတော်ဦးဇောတိကကို အကျိုးအကြောင်း သွားလျှောက်၍ ပင့်လာကြသည်။

ဆရာတော်ဦးဇောတိက ကြွလာ၍ ပရိတ်ရွတ်၊ မေတ္တာပို့ အစီအမံတွေလုပ်ရာ တစ်ပတ်လောက် ခဲမကျတော့ဘဲတိတ်ဆိတ်ငြိမ်သက်သွားသည်။ သို့သော် တစ်ပတ်ကျော်သည်နှင့် ထိုနာနာဘာဝများ ပြန်လည်၍ ယခင်အတိုင်း သောင်းကျန်းလာကြပြန်သည်။

ကျောင်းဝင်းအတွင်းရှိ ပိန္နဲပင်မှ ဝိန္ဓသီးတစ်လုံး မှည့်သဖြင့် ဘုန်းကြီးကို ကပ်မည်ဟု ခွဲလိုက်ကြရာ အထဲမှာ အသားဆို၍ လုံးဝ မရှိတော့ဘဲ အစေ့ချည်း ဖြစ်နေသည်ကို အံ့ဩဖွယ်ရာတွေ့ကြရသည်။

ကျောင်းပေါ်မှ ကျောက်ဆင်းတုံ ရုပ်ပွားတော်များကိုလည်း ဟိုနေရာ ချထား၊ သည်နေရာ ချထား လုပ်လာကြပြန်၏။

ထိုအခါ ပိန္နဲချောင်း၊ ထုံးတောင်နားဆရာတော် ဦးဇောတိကကို သွားပြေး၍ ပင့်ကြရပြန်သည်။ ဆရာတော်ကြွလာ၍ ပထမ တစ်ခေါက်နည်းတူ ပရိတ်ရွတ်၊ မေတ္တာပို့၊ အရံအတားလုပ်ပေးသွားပြန်သည်။ တစ်ပတ်ကျော်ကျော် ငြိမ်သက်ပျောက်သွားပြန်သည်။

သို့သော် မကြာပါချေ။ ဆယ့်ကိုးရက်အလွန်မှာ ပြန်၍ ယခင်အတိုင်း သောင်းကျန်းလာကြပြန်သည်။ ထိုအခါ ဆရာတော်ဦးဇောတိကဆီ ပြေးပြီး အကျိုးအကြောင်း လျှောက်ထားကာ

www.burmeseclassic.com

www.burmeseclassic.com

သွားပင့်ကြရပြန်သည်။ ဤတစ်ခါ ဆရာတော်လည်း ကြွမလိုက်လာတော့။

"တော်ပြီ ဒကာတို့၊ ဘုန်းကြီးလည်း မစွမ်းဆောင်နိုင်ပါဘူး" ဟုသာ မိန့်ကြားလိုက်လေသည်။

ထို့နောက်တွင် ဝံလက်မော်ရွာကျောင်း သတင်းကိုကြား၍ အနယ်နယ် အရပ်ရပ်က လာရောက် ကြည့်ရှုကြသော လူကြီးများထဲမှ တစ်ဦးက ဤအဖြစ်အပျက်မျိုး ငယ်စဉ်က သူတို့ကြားဖူးသည်။ ဤဆရာတော် ဤကျောင်းတွင် မနေသင့်တော့။ ရေခြား မြေခြား တစ်နေရာရာမှာ ယတြာယာယီ ပြောင်းရွှေ့ထားလျှင် ပျောက်သွားတတ်သည်ဟု အကြံပေး၏။

ထို့ကြောင့် ဝံလက်မော်ရွာကျောင်းနှင့် ချောင်းလေးတစ်ချောင်း ခြားသော တစ်နေရာတွင် ဘုန်းတော်ကြီး ယာယီသီတင်းသုံးနေနိုင်ရန် တဲကျောင်းလေးတစ်ခုကို နေ့ချင်းပြီး ဝိုင်းဆောက်ကြသည်။ ခနိမိုး၊ ခနိကာ တဲကျောင်းလေး ဆောက်ပြီးသည်နှင့် မူလကျောင်းကြီးမှ ဆရာတော်ကို သွားပင့်ကြသည်။ ဆရာတော်လည်း မယူမဖြစ် ပစ္စည်းအနည်းငယ်ကို ယူကာ ညနေ ၄ နာရီလောက်မှာ တဲကျောင်းလေးသို့ ကြွလာသည်။

ဆရာတော် တဲကျောင်းနားကို ရောက်လာသည်နှင့် အကာအထရံနှင့် အိုးခနိပျစ်များကို မီးထလောင်တော့သည်။

"ကဲ ဒကာကြီးတို့ ဘုန်းကြီးတော့ မထူးတော့ဘူး၊ ဘုန်းကြီး သေချင်လည်း သေအောင် နှိပ်စက်ကြပစေတော့၊ ဝဋ်ရှိရင်လည်း ဝဋ်မကုန်မချင်း ဘုန်းကြီး ခံတော့မယ်၊ ကျွပ်ကျောင်းကြီးကိုပဲ ပြန်ပို့ကြတော့"

ဟု ဆရာတော်က အမိန့်ရှိသဖြင့် ကျောင်းကြီးသို့ပင် ပြန်ပင့်လာကြရသည်။

သို့သော် ကျောင်းပေါ်ကိုကား မတက်ရဲကြတော့။ ခြေတံရှည် ကျောင်းအောက်တွင် ကွပ်ပျစ်ထိုးရှိသော ဒကာကြီးများနှင့် အတူနေရလေသည်။

အချိန်ကာလမှာ လေးငါးလကြာသွားပြီဖြစ်ရာ ဘုန်းကြီးမှာလည်း စိတ်ညစ်ပြီး မကျိန်းနိုင်၊ မဘုဉ်းနိုင်ဖြစ်ကာ ရောဂါရနေသလို ဖြစ်လာသည်။

ဆရာတော်၏ ဇာတိမှာ ကလိန်တောင်ကျွန်း၊ ကျွဲချရွာမှ ဖြစ်သည်။ ထို့ကြောင့် ဆွေမျိုးသားချင်းများက မိမိရွာကို ပြန်ကြွနေရန်နှင့် ဘုန်းကြီးနှမကလည်း ဘုန်းကြီး ငယ်ငယ်တုန်းက ကြိုက်တတ်သော မျှင်(စိမ်းစားငါးပိလုပ်သော ပုစွန်အသေးလေး)ကို လှော်၍ အိုးသစ်တစ်လုံးနှင့် သန့်သန့်ရှင်းရှင်း ထည့်ကာ ဆွမ်းဘုဉ်းမပေးနိုင်ဖြစ်နေသော အစ်ကို ဘုန်းကြီး ဘုဉ်းပေးရန် လှူလိုက်သည်။

ကလိန်တောင်ကျွန်း၊ ကျွဲချရွာမှ မနက်ဝေလီဝေလင်းကပင် စကုကျွန်း၊ ဝံလက်မော်ရွာသို့ လှေနှင့် လာကြရသော ဘုန်းကြီးပင့်သူများမှာ ရေဆန်၊ လေဆန်ဖြစ်ပြီး ဝံလက်မော်ရွာကျောင်းကို နေမွန်းစောင်းမှ ရောက်လာကြရာ ဘုန်းကြီးနှမငယ်က သူ့အစ်ကို ဘုဉ်းပေးပါစေဟု လှူလိုက်သော မျှင်အိုးမှာ နေမွန်းလွဲသွား၍ ဘုန်းကြီးကို မကပ်လိုက်ရပေ။

ထို့ကြောင့် နောက်တစ်နေ့မနက် အရုဏ်ဆွမ်း ဘုဉ်းပေးသောအခါ ကပ်လှူရန် ဘုန်းကြီးနေသော ကျောင်းအောက်ရှိ ယက်မအောက်တွင် ဝိုးပုလွှာ မဝင်နိုင်အောင် လုံလုံခြုံခြုံပိတ်၍ ဆွဲထားကြသည်။

မနက်မိုးလင်း၍ ဖွင့်ကြည့်သောအခါ မျှင်ငါးပိများအစား ကျောက်ခဲ၊ သဲများသာ ဖြစ်နေလေသည်။

ဝံလက်မော်ရွာက ဒကာကြီးများနှင့် ဘုန်းကြီးတို့မှာ ဤသို့ဖြစ်ရခြင်းသည် နာနာဘာဝများလုပ်၍ဟု သိကြသော်လည်း မနေ့ကမှ ကျွဲချရွာက လာကြသူ ဆွေမျိုးတွေမှာ အံ့သြမဆုံးထိတ်လန့်မဆုံး ဖြစ်ကုန်ကြလေသည်။ သူတို့မှာ သတင်းကြားသော်လည်း ဤမျှထိ ဆိုးဆိုးဝါးဝါး ဖြစ်လိမ့်မည်ဟု မထင်ခဲ့ကြ။

ယခု ကိုယ်တိုင်ကိုယ်ကျ မြင်ကြရသောအခါ ဤကျောင်းမှာ တစ်မိနစ်တစ်နာရီပင် မနေသင့်သောကြောင့် ဘုန်းကြီးကို ဝိုင်းလျှောက်ကြကာ မိမိရွာသို့ ခုချက်ချင်းပင် ထလိုက်ကြပါရန် ဆွေမျိုးများက ဘုန်းကြီးကို ဝိုင်းလျှောက်ကြသည်။

ထိုအခါ ဘုန်းကြီးက . . .

"ဒကာတို့ဟာ ဘုန်းကြီးရဲ့ ဝဋ်ကြီးပုံကို ခုတော့ ကိုယ်တိုင် မြင်ကြရပြီ မဟုတ်လား၊ ဘုရားရှင်လက်ထက်တော် အခါက ဇမ္ဗူကရဟန်းလိုများ ဘုန်းကြီးလည်း ဝဋ်ပါလာလားမှ မသိတာ၊ ဝဋ်ဆိုတာ ဘုရားရှင်တောင်မှ ရှောင်လွှဲမရစွမ်းသာပါဘူး၊ ဒီတော့ ဝဋ်ရှိသမျှ ဒီမှာပဲဖြဲ့ ဘုန်းကြီး ခံပါရစေ။

ကိုယ့်ရွာကို ဘုန်းကြီးလိုက်လာလို့ ဒီဝဋ်ကလည်း ဘုန်းကြီးနဲ့အတူ ပါလာရင် တစ်ပူက နှစ်ပူဖြစ်ပြီး ကျွဲချကျောင်းဆရာတော်ပါ ဘုန်းကြီးရဲ့ ပယောဂကြောင့် ဆွမ်းဘုဉ်းပေးရတာ ရသောက်ရတာ မသတီစရာ ဖြစ်လာရင် ဘုန်းကြီး အပြစ်ကြီးနေပါ့မယ်၊ ဒီတော့ ဒကာတို့ ပြန်ကြပါ၊ ဘုန်းကြီး ဝဋ်မကုန်မချင်း၊ ဒါမှမဟုတ် မသေမချင်း ဒီကျောင်းမှာပဲ ဝဋ်ကြွေးကို ကျေအောင် ဆက်ခံလိုက်ပါမယ်"

ဟု မိန့်ကြားသည်။

ဆွေမျိုးများမှာ ဘုန်းကြီးအား အကြိမ်ကြိမ် ငိုယိုပင့်လျှောက်ကြသော်လည်း ဘုန်းကြီးက လက်မခံ။ သာမန်ဆွမ်းဟင်းဆိုလျှင် ဘာမှမဖြစ်တဲ့ ဘုဉ်းပေးရသော်လည်း ဘုန်းကြီးကိုရည်စူးပြီး သစ်သီးဝလံ၊ အထွတ်အမြတ် အနေနှင့် လှူဖွယ်မှန်သမျှကို ဘုန်းကြီး မဘုဉ်းပေးရအောင် နာနာဘာဝများက လာလုပ်နေကြခြင်းမှာ ဝဋ်ပါ၍ဟု သိကြထားပြီး မိမိရွာသို့ ကြွလာ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com

စကုက္ကန်း၊ ဝံလက်မော်ရွာကျောင်းတွင် ဘာပြဿနာမှ မပေါ်တော့ပေ။

ယခု ဤအကြောင်းကို အသက် (၆၁)နှစ်ရှိပြီ ဖြစ်သော (ယခင်ပြဿနာ ဖြစ်စဉ်က (၁၇)နှစ်သား သာမဏေဖြစ်သော) စကုက္ကန်း ပိန္ဒဲချောင်း၊ မင်္ဂလာသူရိယကျောင်းဆရာတော် ဦးပညာဇလကိုယ်တိုင် ပြောပြလေသည်။

ဝေယ်လင်းခေါင်

❑

ဆုံးဖြတ်ကြိုးကို ပင့်မရသောအခါ ဆွေမျိုးသားချင်းတွေမှာလည်း လက်လျှော့သွားကြရသည်။

ဝံလက်မော်ရွာ ဒကာ၊ ဒကာမများမှာ ဤပြဿနာကို ဘယ်လိုဖြေရှင်းကြရမှန်း မသိတော့ဘဲ ခေါင်းမီးတောက်ကြရ၏။

ဆရာတော်အား အရပ်တစ်ပါးသို့ ယာယီ ယကြာသွားနေရန် လျှောက်ထားရသလို သူတို့ရွာကျောင်း နာမည်ပျက်၍ ဘယ်ဘုန်းကြီးကမှ သူတို့ရွာကျောင်း၌ ကျောင်းမထိုင်ကြလျှင် ဗုဒ္ဓသာသနာများအနေနှင့် သရဏဂုံတင်၊ ဒါန သုရေးတွေကိုပါ တွေးကာ မှော်ဆရာ နတ်မေး၊ ဗေဒင်မေးလုပ်ကြရင်း ဘဝအချိန်မှာ တစ်နှစ်နီးပါး ကြာလာသည်။

သည်လိုနှင့် ဆရာကောင်း၊ ဆရာကောင်းတွေကို လိုက်ရှာကြရာ ချောက်ဆုံးမှာ ပန်းတင်ကျွန်း ငမုန်းတိုင်းဆရာတော်ဆီ ရောက်သွားကြသည်။ (ဤဆရာတော်မှာ ယခု သူကျွန်းစဉ်၌ ရှိနေသေးသည်။ သက်တော် ကိုးဆယ်ကျော် ဖြစ်၏။) ထိုအခါမှ ငမုန်းတိုင်းဆရာတော်က . . .

"ဒကာတို့ ကျောင်းရဲ့အနောက်ချောက်ထောင့်အရပ်မှာ ရေမျော ကမ်းဘင် သစ်တစ်လုံးကို ကျောင်းတပ်စည်းရိုးလုပ်ပြီး စိုက်ထားကြတဲ့ တိုင်တစ်လုံးရှိတယ်လို့ ဘုန်းကြီးထင်တယ်၊ အဲဒီတိုင်မှာ ပင်လယ်ထဲက နာနာဘာဝတွေ သမဲပါလာကြတာ ဖြစ်မယ်၊ အဲဒီတိုင်ကို ရှာအောင်ရှာပြီး သူ့နေရာ ပင်လယ်ထဲပြန်ပို့ပေးလိုက်ကြပါ၊ ကောင်းသွားလိမ့်မယ်" ဟု အမိန့်ရှိလိုက်သည်။

သူတို့ဆီ၌ ကျောင်းခြံစည်းရိုးမှာ လူကြီး ပေါင်လုံးခန့်၊ ပေါင်လုံးထက်ကြီးကြီး အရွယ်အစားရှိသော သစ်လုံးများကို တစ်လုံးနှင့် တစ်လုံး ပူးကပ်စိုက်ထွင်၍ ကျောင်းဝင်းတစ်ပတ်လုံးကို သစ်သပ် အကာအရံလုပ်သော အလေ့အထ ရှိသည်။

ထိုသို့ ကျောင်းတပ်ကာရွာတွင်လည်း တစ်အိမ် သို့မဟုတ် အိမ်ထောင်သည် တစ်ယောက်လျှင် တစ်လံ နှစ်လံ စသည်ဖြင့် ကာရံကြရသည်။

ခွဲတမ်းနှင့် မိမိကာရံထားရသော ကျောင်းတပ်တိုင် ဆွေးမြည့်ပျက်စီးလျှင်လည်း ထိုမူလတပ်တိုင် စိုက်ထူကာရံသူသာ ပြန်၍ပြုပြင် ဖာထေးရသော ဂါမစည်းကမ်းရှိသည်။

ထို့ကြောင့် ငမုန်းတိုင်းဆရာတော်က ထိုသို့ အမိန့်ရှိလိုက်ရာတွင် ကျောင်းတပ် အနောက်မြောက်ထောင့်တွင် မည်သူ တာဝန်ကျသည်။ မည်သူကာသည်ကို ခွဲတမ်းချသော လူကြီးတွေက အတပ်သိကြသည်။

ထိုသို့ တာဝန်ကျသူအား မေးမြန်း၍ ထိုရေမျောကမ်းတင် တိုင်ကို လိုက်ရှာကြရာ ထိုတိုင်ပိုင်း ပင်လယ်ထဲရေမျောနေခဲ့စဉ်က ခရုပေါင်း(ပလုပ်)ကောင်များ ဖက်တွယ်ကပ်နေခဲ့သော အရာကို ထိုတိုင်မှာ ထင်ထင်ရှားရှား တွေ့ရသည်။

ထိုတိုင်ကို ကျောင်းတပ်အဖြစ် ကာစိုက်ခဲ့သော ရွာသားကလည်း ပင်လယ်ကမ်းခြေက သဲသောင်တွင် ထိုတိုင်ပိုင်းကို အလွယ်တကူတွေ့သဖြင့် ကောက်ထမ်းလာပြီး သူ့တပ်စည်းကျောင်းခြံမှ ဆွေးမြည့်နေသော တိုင်တစ်လုံးနှင့် အစားထိုး စိုက်ထူမိကြောင်း ပြောသည်။

ထို့နောက် ထိုသူ တိုင်စိုက်ထားခဲ့သော ရက်ကို တွက်ကြည့်ကြရာ ထိုတိုင်ကို ကျောင်းတပ်အဖြစ် စိုက်ထားခဲ့ပြီး နောက်တစ်နေ့ နေ့လယ်မှာပင် ဘုန်းကြီး ကုဋီသွားဝင်ရာ တံခါးကို အပြင်က တွန်းပိတ်ထားသည်တို့မှာ တိုက်ဆိုင်နေသည်။

ထို့ကြောင့် ငမုန်းတိုင်းဆရာတော် အမိန့်ရှိလိုက်သလို ထိုတိုင်ကို နုတ်ပြီး မူလရရှိခဲ့သော နေရာမှ ပင်လယ်ထဲ မျှောပစ်လိုက်ကြရာ ထိုနေ့ထိုရက်ကပင် ယခုနှစ်ပေါင်း(၄၀)အထိ

www.burmeseclassic.com

www.burmeseclassic.com

ကိုးကြိုးမဏ္ဍိုင်

ဒေါက်တာသန်းထွန်း

ဒဂုံသောင်ယံ သဲပုံင့်လေးပေါ်မှာ
ကုန်မောင်နှံ ရင်ဖွင့်တေးသီချင်ပါရဲ့

၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၀ ပြည့်နှစ် ရွှေသာမြေ ... က) စာဖြေဌာနမှ ဒသမတန်း ... ခြင်းလှသည်။ သည်အထဲမှာမှ ... ဌေးအောင်က ရှားရှားပါးပါး ... တစ်ခုနှင့် အောင်မြင်သည်။ ... ပါရာ တက္ကသိုလ်သို့ တက်လှမ်း ... ရှိသော်လည်း မိဘစီးပွားရေး ... အနေအရ (Correspondence) ... စာယူနှင့်သာ ဘွဲ့ယူရန် ကြိုးပမ်း ... ရသည် ဖြစ်သည်။ [ထိုစဉ်ခေတ်က ... rrespondence) ပဲ သုံးပါသည်။]

ဘဝပေးအခြေအနေအရ ကိုယ်တော်ပေါ် ကိုယ်ရုပ်တည်နိုင်ရန် ... ဆရာအလုပ် ခေါ်သည်နှင့် ဝင် ... တ်သည်။ ရေးဖြေ၊ လူတွေ့ တွေ့ ... ဖြေဆိုသူ ၃၀၀ ကျော်ထဲမှာ ... ောတ်သာ အောင်မြင်သည်။

သို့ဖြင့် ဆရာဖြစ်သင်တန်း တစ် ... တ်ရသည်။ သင်တန်းပြီးဆုံး၍ ... န်ကျရာ ရွာ၏ သွားရေးလာရေး ... အနေကို လေ့လာကြည့်ရာ ခန့်စာ ... ကျွန်းချောင်းကျေးရွာ (အ. မ. က) ... သည်။ ပုသိမ်မှတစ်ဆင့် ဘုရင် ... ကြဖြင့် လိုက်ရမည်။ ကျောက် ... ကြီးချောင်းမှ သွားရပြီး လျှောပြာ ... ရွာသို့ ရောက်မည်။ လျှောပြာရွာ ... ဆင့် ဒုတိယကမ္ဘာစစ် လက်ကျန် ... ဘော်ဒီရိုက် ချက်ပလက်ခေါင်း ... တစ်ကားကိုကြိုးများဖြင့် ဆိပ်ကြီး ... လိုက်ရမည်။

ဆိပ်ကြီးရွာမှတစ်ဆင့် ချောင်း ... သို့ စက်လှေဖြင့် ဥတိုချောင်း ... မြို့အတိုင်း လိုက်ရပြီးမည်။ တစ် ... ချောင်းသာရွာရောက်တော့မှ ပင် ... မ်းစပ်အတိုင်း (ပုသိမ်အနောက် ... ိုင်နယ်မြေမှ ရွှေသာမြေမြို့နယ် ... ခြေဆီသို့) မြောက်ဘက်သို့ ၁၅ ... ကို ခြေကျင်လျှောက်ရပြီးမည်။ ... တ်လျှင် ရက်ပတ်နှင့်ထွက်သော ... ဆန်းသွား စက်လှေဖြင့် လိုက် ... လျှင်လည်း ရသည်။ (ရွှေသာမြေမြို့ပေါ်မှ ကျွန်းချောင်းကျေးရွာသို့ တိုက်ရိုက် သွားနိုင်သော လမ်းကြောင်းမရှိသေးပေ)

ဆရာဖြစ်သင်တန်းပြီး၍ လုပ်ငန်းခွင်ထဲ မသွားမီ စာပေးစာယူ သင်တန်း (Correspondence) ကို ဦးတင်ဆက်ရသည်။ တက္ကသိုလ်ပညာရေးကို အလုပ်တစ်ဖက်နှင့်သာ ဆက်လက်သင်ယူရတော့မည်။

တာဝန်ကျရာ ကျွန်းချောင်းကျေးရွာ(အ. မ. က)သို့ မသွားရောက်မီ လိုအပ်ဖွယ်ရာများကို မိခင်နှင့် အစ်မကြီးက ထည့်သိပ်စီမံပေးသည်။ မောင်ဌေးအောင်ကတော့ သူဝါသနာနှင့် သူ စာအုပ်များကို ထည့်ယူသည်။

"မောင်လေးရယ် စာအုပ်တွေက လေးက လေးနဲ့၊ ဘယ်လိုသယ်မလဲ"

"ဟိုမှာ စာအုပ်ပဲ အဖော်ပြုနေရမှာ မမရဲ့၊ ချောင်းသာကနေ ရက်ပတ်နဲ့ထွက်တဲ့စက်လှေ ရှိတယ်လေ၊ စာအုပ်သေတ္တာနဲ့ လေးတာတွေကို စက်လှေနဲ့ သယ်မယ်၊ ရက်ပတ်နဲ့မကြုံရင် ချောင်းသာက သူငယ်ချင်း ကျောင်းဆရာဆီမှာ ထားခဲ့မယ်၊ ကြုံတဲ့ရက်ကျမှ စက်လှေနဲ့ တင်ပို့ပေးခိုင်းမှာပေါ့"

"ဒါဆို မင်းက ကုန်းကြောင်း လျှောက်နိုင်လို့လား"

"ယောကျ်ားလေးပဲ မမရယ်၊ လျှောက်နိုင်ပါတယ်၊ မရ ရတဲ့နည်းနဲ့ ရောက်အောင်သွားရမှာပေါ့"

ကိုဌေးအောင် တာဝန်ကျသော ကျွန်းချောင်း(အ. မ. က)မှာ ကျောင်းသား အင်အားမများလှ။ ဆရာအင်အားမှာလည်း ကိုဌေးအောင်နှင့် တာဝန်ခံကျောင်းအုပ် နှစ်ယောက်တည်းသာ ဖြစ်သည်။ ကျွန်းချောင်းကျေးရွာမှာလည်း အိမ်ခြေ ၇၀ ကျော်ခန့်သာ ရှိသည်။ ဘဝပေး အခြေအနေအရ ကျောင်းဆရာဝင်လုပ်ရသော်လည်း လက်တွေ့ဘဝထဲ ရောက်လာရပြီဆိုတော့ ပျော်မွေ့လာရပေပြီ။ ဇာပည်လေးများ အပေါ်တွင် အလိုလိုစေတနာတွေ ပေါ်ပေါက်လာရလေသည်။ ကလေးတွေ့ မတတ်မှာ၊ မသိမှာ၊ နားမလည်မှာ မဖြေနိုင်မှာတွေကို ပူပန်မိသည်။ လုပ်ငန်းခွင် သင်ကြားရေးအပိုင်းမှာလည်း မူလက သာမန်မှ သော ဝါသနာမှ တဖြည်းဖြည်းအင်အားကောင်းလာခဲ့သည်။

ကျောင်းဆရာဟူသည် စေတနာ၊ ဝါသနာ၊ အနစ်နာခံနှင့် ပြည့်စုံရသည်ဟု ကြားဖူးရပေသည်။ သည် နာသုံးနာအကြောင်းတို့ သေသေချာချာမတွေးခဲ့မိပါ။ နာသုံးနာနှင့်ပြည့်စုံမှ ကျောင်းဆရာဖြစ်ရမည်လား။ လုပ်ရမည်လား။ ကျောင်းဆရာဖြစ်လာမှ နာသုံးနာနှင့် ပြည့်စုံလာရသည်လား မစောကြောမိခဲ့ပါ။ တက်ကြွလန်းဆန်းပြီး ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်ချင်သည့် လူငယ်စရိုက်ပီပီ 'ကိုယ့်အလုပ်ကို ကိုယ် အကောင်းဆုံးလုပ်ဆောင်ခြင်းသည်'သာအကောင်းဆုံး တာဝန်ကျေသည်ဟု မိမိဘာသာ ခံယူမိသည်။

အဓိပ္ပာယ်မပြောပြသော ဆုံးမစကားကို ကိုဌေးအောင် ရင်မှာ သိမ်းထားသည်။ 'ထမင်းကျွေးသော အလုပ်ကို ရိုသေရမည်'တဲ့။ ကိုဌေးအောင် ကျောင်းဆရာ အလုပ်ကိုရပြီး လုပ်ငန်းခွင်ရှိရာ ကျွန်းချောင်း (အ. မ. က)သို့ မလာရောက်မီ ရွှေသာမြေမြို့ပေါ်ရှိ မိမိ၏ ဆရာ၊ ဆရာမများအား လှည့်လည်နှုတ်ဆက် ကန်တော့တုန်းကလည်း ဆရာ၊ ဆရာမများ၏ ဆုံးမ ဩဝါဒများကို ကောင်းစွာနာယူ လက်ခံခဲ့ရပါလေ၏။

ကျွန်းချောင်းကျေးရွာသို့ ရောက်ရောက်ချင်း ကျွန်းချောင်း(အ. မ. က) ကျောင်းအုပ်ဆရာကြီး၏ အိမ်သို့ စုံစမ်းမေးမြန်းပြီး သတင်းသွားပို့သည်။

"ခုလို စာသင်နှစ်အစမှာရောက်လာတာ ဝမ်းသာတယ်ဗျာ၊ ဒီမှာ အဌားဆရာနှစ်ယောက် ငှားထားရတယ်ဗျာ၊ ဆရာ ဒီကိုကျမယ်ဆိုတာကိုတော့ ဟိုဘက်ကမ်းက သဘော့ကန်ကျောင်းအုပ်ကြီး ပြောပြလို့ ကြားပြီးပြီဗျ၊ သဘော့ကန်ရွာထဲမှာ အမျိုးရှိတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ အမေရဲ့ အစ်မကြီး ဝမ်းကွဲ တစ်ယောက် ရှိပါတယ်"

"ဆရာ့အတွက် နေရေး စားရေး ကို ကျွန်တော်နဲ့ ရွာကလူကြီးတွေ အားလုံး စီစဉ်ပြီးပါပြီ၊ ဆရာ ဘာမှမပူနဲ့၊ ဒီရွာက လူတွေအားလုံးက ရိုးသားပြီး ကူညီတတ်ကြပါတယ်"

ကျောင်းဆရာ ဟူသောဂုဏ်ပုဒ် အရ ဝန်ထမ်းအချင်းချင်းကလည်း ဆရာ ဟု ခေါ်သလို တစ်ရွာလုံးကလည်း ဆရာလေး၊ ဆရာ စသည်ဖြင့်လေးလေး စားစား ခေါ်ဝေါ်ဆက်ဆံကြသဖြင့် ရောက်စက ဆရာလေးကိုဌေးအောင်မှာ အနေကျွှမ်းလှသည်။ ရွှေသာမြေ (အ. ထ. က)မှ ဆရာကြီးဦးမြသိန်း ပြောပြဖူးသော စကားတစ်ခွန်းကို သြဝါဒတစ်ခုအဖြစ် ခံယူထားမိသလို ကျင့်ကြံနေထိုင်နိုင်ဖို့ ကြိုးစားမိသည်။

ဆရာကြီး ဦးမြသိန်းက . . .

"ကျောင်းဆရာ ဆိုတာ သက်နှံ့ဝတ်မထားတဲ့ လူဘုန်းကြီးလို့တောင် တင်စားလို့ရတယ်၊ အခြား သာမန်လူတွေထက် ကဲငါးပါးကို ထိန်းသိမ်းနိုင်ရမယ်၊ ကျောင်းသား၊ ကျောင်းသူ တပည့်တပန်းတွေရဲ့အမြင်မှာ အတုယူချင်စရာ၊ အားကျစံရာ၊ လေးစားလောက်စရာ မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်နေစေရမယ်"

ဆိုသည့် ဆရာကြီး၏ သြဝါဒ စကားသည် ရင်ထဲသို့ ရောက်သည်။

ထို့ကြောင့် ထိုသြဝါဒအတိုင်း ကျင့်သုံးနေထိုင်နိုင်ဖို့ ပြင်ဆင်ကြိုးပမ်းခဲ့မိသည်။ မနက်တိုင်း အမေအရုဏ်ဆွမ်းကပ်ရင်း ဘုရားရှိခိုး ရွတ်ဖတ်သရဇ္ဈာယ် နေကျ ဗုဒ္ဓမန္တပါဠိတော်များနှင့် ဘာသာရေး ဗဟုသုတများကို မေးမြန်းလေ့လာမိသည်။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ 'ကိုယ်ကျင့်အဘိဓမ္မာ' စာအုပ်နှင့် 'ဗုဒ္ဓဘာသာဝင် ကောင်းတစ်ယောက်' စာအုပ်များကို ဆရာ၊ ဆရာမများ၏ ဖတ်ညွှန်းစေမှုကြောင့် လေ့လာဖတ်ရှုခွင့် ရခဲ့သလို ဗုဒ္ဓဘာသာဝင် ကျောင်းဆရာကောင်း တစ်ယောက် ဖြစ်စေရမည်ဟု ကိုယ့်ဘာသာ ခံယူတည်ဆောက်မိသည်။

လေးစားလောက်စရာ ဆရာကြီး၊ ဆရာမကြီးများ၏ သြဝါဒများစွာကို နှစ်သက်လက်ခံမိရသလို မိမိတို့ လမ်းထဲတွင် နေထိုင်သော သစ်တော ဦးစီးဌာနမှ တောအုပ်ကြီးဦးစိန်ထွန်း၏ လက်သုံးစကားတွေကိုလည်း မှတ်မှတ်ရရ ရှိနေတတ်ပြန်သည်။

တောအုပ်ကြီးနေသော အိမ်က ရုံးပေါင်းစုံသွားရာ လမ်းတွင်ရှိပြီး ပါတီယူနစ်ရုံးနှင့်က တစ်ခေါ်စာခန့်ပဲဝေးသည်။ ထို့အတူ မြို့နယ်ပြည်သူ့ကောင်စီရုံးကြီးကလည်း ပါတီယူနစ်ရုံးနှင့်မျက်နှာချင်းဆိုင် တင်းနစ်ကွင်းပဲ ခြားသည်။ မြို့နယ် ပြည်သူ့ကောင်စီရုံးကြီးမှာ အင်္ဂလိပ်ခေတ်က ပြည်သူ့ကောင်စီ အဖွဲ့ရုံး၊ ဘက်၊ လုပ်ငန်းစစ်အဖွဲ့၊ တရားရေးဌာန စသည်ဖြင့် တစ်ကန့်စီ တစ်ထပ်စီ ရှိကြသည်။

ပါတီကောင်စီဘက်မှ ပုဂ္ဂိုလ်များ ရုံးတက်ချိန်ရောက်လျှင်တော်အုပ်ကြီးတစ်ယောက် ပြတင်းပေါက်ကမခွာတော့၊ မူးမူးနှင့် လွတ်လေပြီ။

"လူဆိုတာ သူ့နေရာနဲ့သူ နေရတယ်၊ သူတန်ဖိုးနဲ့သူရှိတယ်၊ မြင်းအလုပ် မြင်းလုပ်၊ ခွေးအလုပ် ခွေးလုပ် ဒါပဲ ဒါပဲ၊ စစ်သား စစ်တိုက်၊ ကျောင်းဆရာ စာသင်၊ ဆရာဝန် ဆေးထိုး၊ ရဲ လူဆိုးဖမ်း၊ လယ်သမား လယ်စိုက်၊ အလုပ်သမား တူကိုင်၊ ကုန်ထမ်း၊ ဆိုက်ကားသမား ဆိုက်ကားနင်း၊ ဒါတွေပေါ့၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ မတန်မရာတွေ ဝင်မလုပ်ကြနဲ့၊ ကိုယ့်တာဝန် ကိုယ်ကျေရတယ်ဟေ့"

လူကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေကကော မြို့နယ်ကောင်းကျိုးက နည်းနည်း ကိုယ့်ကောင်းကျိုးက များများ၊ တင်းပါပြည့်ပြည့် တောင်းပါပြည့်ပြည့် အရည်အချင်း မရှိတဲ့ကောင်တွေ တက်လုပ်နေလို့က တော့ ပလွင်ပေါ် မျောက်တက်နေသလိုပဲဟေ့၊ နာယကဂုဏ် ခြောက်ပါးကိုကော သိရဲ့လား"

အရက်ကို စွဲစွဲမြဲမြဲ ကြိုက်တတ်သောက်တတ်သူမို့ မူးနေလို့ပြောသလား၊ မမူးဘဲနှင့် သက်သက်ပြောသလား မဝေခွဲတတ်။ အနှီ ပုဂ္ဂိုလ်များက ပန်းနှင့်ပေါက်သည် ဟူ၍ပဲ သဘောထားသလား၊ တောအုပ်ကြီးပြောသည့်အလုံးကြီးတွေက သူတို့နှင့် မဆိုင်ဘူးလို့ဘဲ သဘောထားသလားမသိ။ ဟန်မပျက်၊ နေမြဲ၊ သွားမြဲ၊ စားမြဲပေပင်။ သူတို့တစ်တွေ၏ ခံယူချက်မှာ လေးနှစ်တာကာလအတွင်း ရနိုင်သမျှ သဲ့ယူစုဆောင်းပြီး ဒီက ပြုတ်သွားလျှင် ထိုင်စားရှိရုံလေးပဲ ကြိုးစားပါမည်ဟု ခံယူချက်ထားလေသလား မသိ။ လေးနှစ်တာ သက်တမ်းကာလအတွင်း တာဝန်ထမ်းဆောင်ပြီးခဲ့သော ပါတီကောင်စီမှ မြို့နယ်လူကြီးအချို့တို့သည် အိုးအိမ်တိုက်တာ၊ လယ်ယာ၊ ချောင်း၊ မြောင်း၊ ကိုင်း၊ ဥယျာဉ်နှင့် ယာဉ်ယန္တရား လုပ်ငန်းများစွာတို့ ဝယ်ယူပိုင်ဆိုင် ချမ်းသာသွားနိုင်ကြသည်ကို အစဉ်အဆက် ရိုးအီစွာ မြင်တွေ့ခဲ့ဖူးလှပေပြီ။

နိုးကြားတက်ကြွသော လူယေဘုယျ ကျောင်းဆရာအလုပ်သည် ဂုဏ်ယူစရာကောင်းသော အလုပ်ဖြစ်ကြောင်း ခံယူထားမိသည်မို့ ရွှေဆရာ ဆရာကြီးများ၏ အဆိုအမိန့်များကို နှလုံးသားမှာ သိုသိပ်ထားရင်း တပည့်ကောင်းများ ဖြစ်လာစေရန် ဆရာကောင်းဖြစ်စေရမည်။ တပည့်တော်များ ဖြစ်ပေါ်စေရန် ဆရာတော်များ ဖြစ်စေရမည်ဟု နားလည်မိရသည်။ ခံယူမိရသည်။

စာရေးဆရာကြီး လယ်တွင်းသားစောချစ်၏ အမျိုးသားစာပေဆုရ 'ပန်းမြိုင်လယ်က ဥယျာဉ်မှူး' ဝတ္ထု 'ဇာတ်လမ်းထဲက ဥယျာဉ်မှူးကောင်း တစ်ယောက်လို ကြိုးစားမည်ဟုအားကူရည်ရွယ်ထားမိသည်။

သင်ကြားရေးအပိုင်းတွင်လည်း တပည့်လေးများအား စာကိုသာ သင်သည်မဟုတ်မူဘဲ စိတ်ကိုပါ သင်ပေးသည်။ နုနယ်သော မူလတန်းအရွယ်

www.burmeseclassic.com

www.burmeseclassic.com

လေးများသည် ပုံသွင်းရ အကောင်းဆုံး ယောင်းတုံးလေးများပင်ဖြစ်ရွေ့သည်။ ဆရာ့နှုတ်ဖျားမှ ထွက်ဆို သားမည့် အာယ်စကားကိုမဆို ဦးထိပ်ပန်ဆင် ခဲ့သေချင်သည့် အရွယ်လေးများပို့ ဘာ ဘာနေ ဗဟုသုတ၊ လောကနီတိ ဗဟု သုတများကို သင်ခန်းစာ သင်ကြားရင်း ကြိုးကြားကြိုးကြား နည်းနည်းစီ မျှဝေ ခြင်းဖြင့် အရိုင်းကို အယဉ်ဖြစ်စေ နိုင်တော့သည်။

(၂)

"ဆရာနဲ့ ဆရာ့တပည့်တွေ အဆင်ပြေလာကြရဲ့လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ကလေး တွေ ဖြေနိုင်ကြပါတယ်တဲ့"

အုပ်စုတွင်းကျောင်းများမှ မူလ တန်းကျောင်းလေးများက မည်သည့် အထိမ်းအမှတ် ပြိုင်ပွဲလုပ်လုပ် အုပ်စု ဆွင်း အကြီးဆုံးကျောင်း ဖြစ်သည့် သဘော်တန် ခွဲ-အလကကျောင်းတွင် သွားပြိုင်ကြရသည်။ ယနေ့လည်း စိမ်း လန်းစိုပြည် မြန်မာပြည်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ သွားပြိုင်ရာမှ ပြန် လာသော စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူ သုံးယောက်နှင့် ဆရာလေး ကိုဌေးအောင်တို့ကို ဆရာကြီးဦးအုန်း ထန်က မေးမြန်းကြည့်နေခြင်းဖြစ်သည်။

'ကျောင်းသား၊ ကျောင်းသူများ ၏ စာစီစာကုံး အရေးစွမ်းရည်၊ မြန်မာ စာစွမ်းရည် မြင့်မားစေရန် ကျောင်းတွင်း စာစီစာကုံး ပြိုင်ပွဲများကို ဆရာလေး ကိုဌေးအောင်က တစ်ပတ် တစ်ခါ လုပ် ပေးသည်။ စာစီစာကုံး ဆိုသည်မှာ ရေး လေ့ ရေးထရှိမှသာ လက်သွက်သွက်နှင့် ရေး၍ ရနိုင်သည်။ စာမေးပွဲခန်းမတွင်း အချိန်ကိုက်ဖြေဆိုရမည့် စာစီစာကုံး တစ်ပုဒ်ကို ခက်ခဲစွာတွေးတော ဖြေဆို နေကြရမည်ဆိုလျှင် အချိန်မှ ဖြေဆို ပြီးစီးနိုင်ဖို့ မလွယ်ပေ။

မြန်မာလူမျိုးပင် ဖြစ်ပေသည့် မြန်မာစာ အရေးအသားကို လွန်စွာ ခက်ခဲနေကြသူများ များစွာရှိပေသည်။ ၎င်းတို့မှာ စာရေးလေ့ ရေးကျင့် လွန်စွာ နည်းပါးသူများ ဖြစ်လေ၏။

သဘော်ကန်ကျောင်း ရောက် တော့ မိမိ၏တပည့်များ ဖြေဆိုရေးသား မည့်အချက်အလက်များကိုမမေ့မလျော့ စေရန် တတွတ်တွတ် သတိပေးရင်း ပြန် လှန်ရွတ်ဆို လေ့ကျင့်စေသည်။ သူတို့ ဆရာတပည့်တွေ အနားသို့ လူရိပ်နှစ်ခု ကပ်လာသဖြင့် မော့ကြည့်မိသည်။

"ဟော... ဆရာမတို့၊ ဆို ဘာ ကိစ္စ"

ဆရာလေး ကိုဌေးအောင်က ပဋိသန္ဓာရစကား ဆိုလိုက်သည်။

"ဆရာနဲ့ မိတ်ဆက်ပေးမလို့ပါ"

ဆရာမ ဒေါ်သီရိထွန်းက ရှင်းပြ သည်။ ဆရာမ ဒေါ်သီရိထွန်းက ဆရာ လေး ကိုဌေးအောင်နှင့် ဘိုကလေးဆရာ အတတ်သင်ကျောင်းတွင် တစ်နှစ်သင် တန်း အတူတူတက်ခဲ့ကြသူများ ဖြစ် သည်။ သင်တန်းကို ပုသိမ် အမှတ်(၂) အ. ထ. က မှ ဖြေဆို အောင်မြင်ခဲ့ပြီး ရွှေသာမြေမြို့နယ် မကျီးဇင်ရွာဇာတိ ဖြစ်သည်။

"သူက မေဇင်မိုးတဲ့၊ ဒီနှစ်မှ ဒီကျောင်းမှာ အလယ်တန်းပြအတွက် အငှားခေါ် ရတာပါ ဆရာ၊ မေဇင်နဲ့ သီရိ က ပုသိမ်အမှတ်(၂)က အတူတူအောင် တာလေ ဆရာ"

"ဩော်... ဟုတ်ကဲ့၊ ဝမ်းသာ ပါတယ် ဆရာမ၊ ကျွန်တော်ဌေးအောင် ပါ၊ ဟိုဘက်ကမ်း ကျောင်းကပါ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာ ပါတယ် ဆရာ၊ ဆရာ့အကြောင်းက တော့ သီရိပြောပြလို့ ရင်းနှီးနေပါပြီ ဆရာ"

အပြုံးချီမြဲမြဲဖြင့် စကားသံ လေ ယူ လေသိမ်းမှာလည်း ပီသကြည်လင် သလို လူကလည်း လှပါ၏။

"ဟုတ်လား၊ သီရိက ကျွန်တော့် အကြောင်းတွေ ဘာများ ပြောပြထား ပါလိမ့် ဆရာမရဲ့"

"ပြော်... ဆရာကိုဌေးအောင် က ဆယ်တန်းအောင်တုန်းက ဂုဏ်ထူး တစ်ခုနဲ့ အောင်တာရော၊ အင်္ဂလိပ်စာ မှာ ၇၃ မှတ်နဲ့ ဂုဏ်ထူးရဖို့ နည်းနည်း လေးလိုတာရော၊ စာတော်တဲ့အကြောင်း တွေရောပေါ့ ဆရာရယ်၊ အသင်အပြ လည်း ကောင်းတယ်တဲ့၊ စုံရောပေါ့"

"ပြော်... သီရိက ကျွန်တော့် မကောင်းကြောင်းတွေ ကြွားထားတာ ပေါ့၊ ဟုတ်လား"

"ဆရာရယ် ကြွားတယ်ဆိုလည်း ကြွားတယ်ပေါ့၊ လူတကာကြောက်တဲ့ ဘိုင်အို ထိုင်ဝိုကို ဆရာက ဂုဏ်ထူး ထွက်ထားတာလေ၊ သီရိဆို ၄၈ မှတ်ပဲ ရတယ်"

"ပြီးတော့ ဆရာက ဒေသကော လိပ် ဆက်မတက်ဘဲ ဆရာဖြစ်သင်တန်း ကို အရင်ရွေးချယ်ပြီး ဝါသနာပါတဲ့ ကျောင်းဆရာ ရွေးချယ်ခဲ့တာပါ လေး စားပါတယ် ဆရာ"

"ဒေသကောလိပ် ဆက်မတက် ဖြစ်တဲ့ဘက် စီးပွားရေးအရပေါ့ ဆရာမ ရယ်၊ ကျွန်တော့်အဖေက ရွှေတန်းမှာ ကုသွားတယ်၊ ကျွန်တော် ငါးတန်းတက် နေတုန်းပေါ့။ ကျောင်းဆရာအလုပ်က တော့ ဝါသနာကို ပါတာ ဆရာမရဲ့၊ ကျွန်တော် အထင်ကြီး အားကျတဲ့ လူ နှစ်မျိုးရှိတယ် ဆရာမရဲ့၊ အဲဒါကတော့ ကျောင်းဆရာနဲ့ စာရေးဆရာတွေပဲ၊ ဒီအထဲမှာမှ သင်ပေးလို့မရတဲ့ စာရေး ဆရာကို ပိုပြီးအားကျတယ်"

"ပြော်... ဆရာက ဝါသနာ နဲ့ကို ဝင်လုပ်တာပေါ့၊ မေဇင်ကတော့ အခြေအနေအရ ဝင်လုပ်လိုက်ရတာပါ။ မနှစ်က ဖေဖေဆုံးတော့ မေဇင် ဒေသ ကောလိပ် ပထမနှစ် တက်နေတုန်းပေါ့"

"ဒါဆို ဆရာမနဲ့ ကျွန်တော်တို့ က ဘဝတူတွေပေါ့"

"ဟုတ်ပါတယ် ဆရာ၊ နောက်ပြီး ဆရာလေးက ယူတော့သာ သိပ်ပဲတဲ့၊ မြန်မာစာ သမိုင်းမှာလည်း ဆရာရဲ့ ဝါသနာအရ စုဆောင်းလေ့လာထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်းတွေ ရှိမှန်းသိလို့ မေဇင်ကို ဆရာနဲ့ မိတ်ဆက်ပေးတာ၊ ဒီမှာ မေဇင်က အလယ်တန်း မြန်မာစာနဲ့ သမိုင်း သင်ရတယ်လေ ဆရာ၊ စာအုပ်တွေ ဘာတွေ ငှားဖတ်ချင်လို့တဲ့၊ ဆရာ စာအုပ်သေတ္တာပါလာတယ် သတင်းကြားထားတယ် ဟင်း ဟင်းဟင်း. . . "

"ဩော်. . . ရပါတယ် ဆရာမ ထို့ရယ်၊ ကျောင်းပိတ်ရက် တစ်ရက်ရက် ဟိုဘက်ကမ်းကို ကူးလာခဲ့ပါလား၊ ကြိုက်ရာ ယူဖတ်ပါ၊ ဝါသနာတူတွေ့တွေ့ရတာ ပေးဖတ်ရမှာပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဆရာရယ်"

"ကဲ. . . ကလေးတွေလည်း အခန်းထဲ သွင်းရတော့မယ်၊ သီရိတို့ ဝင်တော့မယ် ဆရာ"

"ဟုတ်ကဲ့ ဆရာမ"

ဆရာမလေး မေဇင်မိုးကတော့ ရည်လွဲနေသော မျက်ဝန်းအကြည့်ဖြင့် နှုတ်ဆက်ပြီး ပြုံးပြကာ ဦးခေါင်းလေး ညွှတ်ယောင် ပြုပြသွားသည်။ ဆရာလေး ကိုဌေးအောင်၏ ရင်ထဲကိုမတော့ ရည်လွဲနေသော မျက်ဝန်းအကြည့်မြား ချက်သည် စူးနစ်ဝင်ရောက်သွားခဲ့ပြီကို အသာ သတိထားမိလိုက်သည်။

ထို့ကြောင့် အိမ်ပြန်ရောက်ကတည်းက မည်သူတို့က်တွန်းချက်မျှ မပါဘဲ စာအုပ်သေတ္တာကိုဖွင့်ကာ စာအုပ်များကို သန့်ရှင်းရေး လုပ်ပေးနေမိသည်။ ဖုံးတန်သော စာအုပ်များကို ဖုံး၊ ချုပ်တန်သော စာအုပ်များကို ချုပ်နှင့် နေ့စဉ် ပြင်ဆင်နေရင်း ဆရာမလေး ဒေါ်မေဇင်မိုးကို မျှော်နေမိသည်။

(၃)

ဆရာလေး ကိုဌေးအောင် ကျွန်း ချောင်းကျေးရွာ ဘ. မ. ကတွင် တာဝန်ကျသည့်နေ့မှစ၍ ရွှေသာမြေသို့ လစာထုတ် ပြန်သည့်နေ့မှတစ်ပါး ကျောင်း ပိတ်ရက်များတွင် ကမ်းခြေတစ်လျှောက် ရှိ ကျွန်းချောင်းတစ်ဖက်ကမ်း၊ သဘော်ကန်၊ ဝက်သေ၊ အုန်းချောင်း၊ ခရင်ဝါး ချောင်း၊ ကျိုင်လယ် မကျီး၊ ချောင်းသာ အထိ အခေါက်ခေါက် အခါခါ သွားလာနေသည်မို့ ဒေသခံ ရွာခံ မိတ်ဆွေ အပေါင်းအသင်းများ တိုးပွားများပြား လာရပေသည်။

ဂီတာတီးကောင်း၍ သီချင်းဆို ကောင်းသော ကိုဌေးအောင်ကို ရွာခံ ကာလသားများ၊ အနုပညာ ဝါသနာပါသူများက မကြာခဏ လာလည်စေချင် ကြသည်။ မကြာခဏလည်း ဖိတ်ခေါ် တတ်ကြသည်။ မင်္ဂလာဆောင်များရှိ လျှင် တတူးတက လာဖိတ်ခေါ်၍ ရွာ တွင် ညအိပ်နေစေကြသည်။

အထူးသဖြင့် လသာသော ညများတွင် ကမ်းခြေတစ်လျှောက်ရှိ အလှည့်ကျသောရွာတွင် ညအိပ်ရင်း သီချင်းဝိုင်းဖွဲ့တတ်ကြသည်။ သောင်ပြင် အုန်းတောစပ်များတွင် မီးပုံဖိုကြကာ အစားအသောက်များဖြင့် ဆို့ကြ တီးကြသည်။

ထမင်းအိုး တည်သူက တည်သည်။ ကြက်ကင်သူက ကင်သည်။ များသောအားဖြင့် ငါးခြောက်ဖုတ်ကြသည်။ တစ်ခါတစ်ရံ ကောက်ညှင်းထုပ်များကို မီးဖုတ်ကြသည်။ အရက်မသောက်တတ်သော ဆရာလေးကိုဌေးအောင်ကို လေးစားသောအားဖြင့် မည်သူမျှ အရက် မယူလာစေရအားလုံးညှိထားကြသည်။ ရေနွေးကြမ်းတိုးကို မပြတ်တည်ပေးကာ လက်ဖက်ခြောက်ကျကျခတ်ပြီးသောက် ကြသည်။

"မင်းတို့ လုပ်ကျွေးမှဝဲ စားဖူးတယ်၊ ကောက်ညှင်းထုပ်မီးဖုတ်တာ စားကောင်းတယ်"

"ဟုတ်တယ် ဆရာလေးရဲ့၊ မွေးလည်း မွေးသွားတယ်၊ အိုလည်း အိသွားတယ်၊ ငါးခြောက်ဖုတ်လေးနဲ့ဆိုတော့ ဝိုစားကောင်းတာပေါ့ ဆရာလေးရဲ့"

"ဆရာလေး ဟိုသီချင်းလေး ရလား၊ ဆင်သေကောင်ကြီးပေါ် တက် စားရင်း သေတဲ့ငှက် ပါတဲ့သီချင်း"

စကားမစဝံ့သော ဘထွန်းရွှေက သီချင်းတောင်းသည်။

"မင်းကလည်း လုပ်ပြီ၊ လားဦး သိန်းအောင်ရဲ့ အလိုက်မှားတဲ့ငှက် သီချင်းပါကွ"

"အေးပါ၊ ငါ နာမည်မေ့နေလို့ အဲဒီသီချင်း ဟုတ်တယ်"

"ဒါဆို မင်းဆိုမယ်ပေါ့ ဟင်း ဟင်း ဟင်း"

"ဟေ့အေး (ဟင့်အင်း)အုံးကျော် မောင် ဆိုလိမ့်မယ်၊ ငါမှ သီချင်းမဆို တတ်တာ မင်းကလည်း"

သို့နှင့် ဆရာလေးကိုဌေးအောင်က တီးပေးလိုက်ပါသည်။

ပြောတော့သာ အုံးကျော်မောင် ဆိုလိမ့်မယ် ဆိုပေသည့် ဘထွန်းရွှေ၏ ကီးမဝင် စည်းမဝင် အသံကြိုး ဝင်ဝင် လာသောကြောင့် အုံးကျော်မောင်ပါ တိုးနင်းခွက်နင်းနှင့် ကီးတွေလွဲ စည်းတွေ မှား ဖြစ်ကုန်ကာ ဟာဝါးဝါးနှင့် ပွဲကျမဆုံး တော့ချေ။

(၄)

"ဂွက ပန်းချီဆရာက ငါးထောင် တောင်းတယ် ဆရာကြီးရဲ့"

"ဟ. . မှားလှချေလား၊ ဒီကမ်း ခြေတစ်လျှောက်မှာ ဒါမျိုးလုပ်တတ်တဲ့လူ မရှိတော့ဘူးလားဗျာ"

"မရှိဘူး ဆရာကြီးရဲ့၊ ကျွန်တော် တို့လည်း အဲဒီလောက်ဆို ပေးမငှားနိုင်ဘူး၊ ဆိုင်းလည်း ငှားရဦးမယ်၊ ဆိုင်းနဲ့ အဆိုတော်ကမှ သုံးညကို သုံးထောင် ခြောက်ရာပဲ ပေးရမယ်၊ ပန်းချီဓာတ်အားများနေတာ၊ ပြီးတော့ ဒါတွေက တချို့ဆို မီးရှို့ပစ်ရမှာပါဗျာ နှမြောစရာ"

ရွာဘုန်းတော်ကြီး ပျံလွန်တော်မူသည့်အတွက် ဘုန်းကြီးပွဲပွဲ ကျင်းပရန် တိုင်ပင်ဆွေးနွေးနေရာ၌ မဏ္ဍပ်များ လောင်တိုက်များ၊ ခေါင်းတလား၊ ပန်း ရထားများ ဆောက်လုပ်ရာတွင် တိုင်၊ ပန်းဆွဲ၊ ပန်းတဉ်း၊ ကနုတ်၊ ပြားသာ၊ မုခဉ်း၊ ဘုံ၊ စုလစ်မွမ်းချွန် စသည်တို့ကို

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ကြီးများတွင် ပန်းချီရေးဆွဲပြီး ဆောက်လုပ်ရမည်ဖြစ်သည်။

"ကဲ ကဲ. . . ဆရာကြီးတို့ ဥက္ကဋ္ဌကြီးတို့ ကျွန်တော် ကူညီပါ့မယ်၊ ကျွန်တော် ဆွဲပေးပါ့မယ်၊ မပူကြပါနဲ့"

"ဟင်. . . ဆရာလေးက ဒါထွေတတ်တယ်လား"

ဝေါပကလူကြီး အံ့အားသင့်သည်။

"ဟုတ်ကဲ့ အတန်အသင့် နားလည်ပါတယ်၊ ပန်းချီလည်း နည်းနည်းဆွဲတတ်ပါတယ်၊ ကျွန်တော်ဆဲ ရှေ့က ဘုန်းကြီးကျောင်းခင်ဗျ၊ မင်းကျောင်းဆရာတော်ကြီးရဲ့တော်ပဲရော၊ ခန်းနေပဝွင်းတစ်ပါးတာမှတာရော ကျွန်တော် ဝိုင်းလုပ်ဖူးတယ်၊ ရွှေသာမြေမှာတော့ အဲဒါလုပ်တတ်တဲ့သူတွေ များတယ်"

"ကောင်းပျာ၊ ဒါဆို အဲဒီကိစ္စတွေက ဆရာလေး ဘာတွေလိုမလဲဗျာ၊ ကျွန်တော်တို့ လူငယ်အဖွဲ့ကို လုပ်ခိုင်းရမှာပေါ့၊ ဆရာလေး လိုတာ ခိုင်းအောင်ပေါ့"

"ကျွန်တော် လိုတဲ့ပစ္စည်းတွေ ရေးပေးလိုက်မယ်၊ ပုသိမ် သွားခိုင်းလိုက်ပါ၊ ဦးကြီးတို့ လိုချင်တဲ့ ဆာသာ ကျွန်တော့်ကိုပြော တွက်ပြီးရအောင်"

သည်လိုနှင့် ညည့်ခံမဏ္ဍပ်ထမင်းမဏ္ဍပ်၊ လောင်တိုက်မဏ္ဍပ်၊ ပန်းစသည်တို့ကို အရွယ်အစား ခိုင်းအတာတို့ကို ခန့်မှန်းတွက်ချက်ရေးပေးလိုက်သည်။ ဝေါပကလည်း စိတ်အေးစွာ ပြန်သွားကြသည်။

ဆရာလေး ကိုဌေးအောင်က ခန့်ခဲမိပြီဖို့ နေ့ရောညပါ လုပ်ရတော့မှာထဲမှ စုတ်တံကိုင်တတ်သူများ အခေးကြမ်း ရေးသုတ်ခိုင်းသည်။ ကနုတ်ပန်းများကို နမူနာများ ဆွဲပြီး စက္ကူချပ်ကြီးများပေါ် တွင် ထောက်ထွင်းကာ 'မိ' ပုံဖော်သည်။

"ဒါက တိုင်ဖုံးအတွက် ကနုတ်ပန်း 'မို'၊ အဲဒီအထဲမှာ လိုင်းဆွဲယူ၊ ဒါက နဖူးစည်းအတွက် ကနုတ်ပန်း 'မို'၊ ဒါက ဆိုင်းအဖွဲ့ ဧည့်ခံမဏ္ဍပ်မှာ ကပ်ဖို့၊ ဒါက အလောင်းတင် ပန်းရထားအတွက် ကနုတ်ပန်းဆွဲထားတဲ့ အချပ်၊ ဆောက်သေးလေးတွေ ကတ်ကြေးတွေနဲ့ ထွင်းယူ၊ ဒီလိုင်းအတိုင်း ညှပ်နော်၊ ဒီက စံကျောင်းအတွက် အရင်လုပ်ဟေ့"

ဆရာလေး ကိုဌေးအောင်က လုပ်ငန်းတွင်ကျယ်စေရန် 'မို'များထွင်းပေးကာ အကြမ်းရေးခိုင်းရသည်။ ညနေထမင်းစားပြီးတော့မှ အချောသတ်ရေးဆွဲ။ ညဆိုလျှင် ရေနံဆီအောက်လင်းမီးခိုက်ဆွဲကာ အလုပ်လုပ်ကြရသည်။

အားလုံး ရေးဆွဲပြီးတော့ စက္ကူချပ်ကြီးများကို တစ်ပုံစီ ပုံထားလေသည်။ မဏ္ဍပ်တာဝန်ခံ၊ လောင်တိုက်တာဝန်ခံ စသည်တို့ကို ခေါ်ယူပြီးပြသသည်။

"ဒီအပုံက ဧည့်ခံမဏ္ဍပ်တိုင်ဖိုးတွေ၊ နံပါတ်တွေ ရေးပေးထားတယ်၊ မြောက်ကနေ တောင်ကို အစဉ်လိုက် ကပ်ပေး၊ ဒီအပုံက နဖူးစီးတွေချည်းပဲ၊ ဒါက လောင်တိုက်အတွက်၊ မသိတာရှိရင် ကိုစန်းအောင်တို့ကိုမေး၊ နံပါတ်စဉ်အတိုင်း ကပ်ပေးရုံပါပဲ"

ဘုန်းကြီးပျံက ဆရာလေးကိုဌေးအောင်တို့ကျောင်းတွေပိတ်သည့် တပို့တွဲ တပေါင်းလောက်မှ ကျင်းပဖြစ်မည်။ လောလောဆယ် ယာယီစံကျောင်းတော်တွင် အပူဇော်ခံ ထားရှိပေးထားရသည်။ ဆရာလေးကိုဌေးအောင်မှာ စာမေးပွဲကြိုးပြီးသွား၍ ရွှေသာမြေ ပြန်လိုလှပြီ ဖြစ်သည့်အတွက် ဘုန်းကြီးပျံ ကိစ္စအရေး လိုအပ်သည်များကို အမြန်ဆုံး လက်စသတ်လိုက်ရသည်။

"တို့ဆရာလေး ကူညီပေးလို့ဟေ့၊ ငွက ပန်းချီဆရာက ငါးထောင်တောင်တောင်းတာ၊ အခု ဆရာလေးက သူ့ဘာသာသူ လုပ်သွားတာ၊ ပစ္စည်းဖိုးပဲ ကုန်တယ်"

"ဘယ်လောက်တောင်ကုန်လဲ ဥက္ကဋ္ဌကြီး"

"ပုသိမ်ကို ပစ္စည်းမှာလိုက်တာလေ၊ လေးရာနှစ်ဆယ်ပဲ ကုန်တယ်"

"အိုး အိုး . . . ဆယ်ဆလောက် သက်သာတာပေါ့"

"ဒါပေါ့ဟဲ့၊ အခု မင်းတို့တွေလည်း မနည်းလုပ်တတ်သွားပြီ မဟုတ်လား"

"ဟုတ်ပါ့၊ ဆရာလေးကျေးဇူးနဲ့ ကျွန်တော်တို့ မနည်းလေး လုပ်တတ်သွားပြီ အဘရေ၊ နောင်ဆို ဘယ်ဘုန်းကြီး သေသေ အဲ . . . ပျံ ပျံ လုပ်တတ်ကိုင်တတ်. . . "

"တယ်. . ဒီကောင်တွေ၊ မပြောကောင်း မဆိုကောင်းတွေ"

"ဟား ဟား ဟား ဟား"

"ကိုယ့်ရွာက ဘုန်းကြီးက ငယ်ပါသေးတယ်၊ ဟိုဘက်ရွာက ဘုန်းကြီးပဲ ရင့် ပြောတာပါ၊ အဲဒီဘုန်းကြီးက သက်တော်လည်း ကြီးပြီ၊ ကျန်းမာရေးလည်း သိပ်မကောင်းဘူးဆိုပဲ ဟား ဟားဟား"

(၅)

"မင်္ဂလာပါ ဆရာလေး"

"မင်္ဂလာပါ တပည့်တို့"

ဆရာလေး ကိုဌေးအောင်၏ ဒုတိယ စာသင်နှစ်အစ ဆရာကြီးက စတုတ္ထတန်းကို တာဝန်ယူခိုင်းသည်။ ကျောင်းသား၊ ကျောင်းသူ အားလုံး (၁၁) ယောက်ရှိသည်။

"ကဲ. . . ဒီနေ့ ကျောင်းစတက်ရက်နေ့မှာ သားတို့ သမီးတို့ကို သိသင့်သိထိုက်တဲ့ နိတိတရားတွေ ဆောင်ပုဒ်တွေကို တပည့်တို့ နားလည်အောင် ရှင်းပြပေးမယ်"

"ကျောင်းသားလေးများမှာ စိတ်ဝင်တစား ရှိနေကြသည်။

"သားတို့ ကျောင်းတက်ခေါင်းလောင်းထိုးလို့ အတန်းထဲ စတင်နေရာယူပြီးတာနဲ့ ဘာစလုပ်ရတာလဲ တပည့်တို့"

www.burmeseclassic.com

www.burmeseclassic.com

"နိုင်ငံတော်အလံ အလေးပြုရပါတယ်"

ညီညီညာညာ သံပြိုင်ပြန်ဖြေကြသည်။

"ပြီးတော့ကော"

"ကျဆုံးလေပြီးသော ဝိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုရပါတယ်"

သည်တစ်ခါတော့ မညီမညာနှင့် ပြန်ဖြေကြသည်။

"အေး၊ တပည့်တို့ဟာ ဒီကျောင်းမှာ အတန်းအကြီးဆုံး ကျောင်းသားတွေဖို့လို့ သိသင့်သိထိုက်တာလေးတွေကို ဆရာပြောပြမယ်၊ တို့တွေ အလေးပြုတဲ့ နိုင်ငံတော်အလံဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ မရှိမဖြစ် ဂုဏ်ဆောင်ပြယုဂ်တစ်ခု ဖြစ်တယ်၊ နိုင်ငံတော်အလံ မရှိတဲ့တိုင်းပြည် ရယ်လို့ ကမ္ဘာမှာမရှိဘူး၊ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါ ဆရာလေး"

"အဲဒီ ကိုယ်ပိုင် နိုင်ငံတော်အလံ မရှိခင်တုန်းက တို့မြန်မာနိုင်ငံသားတွေဟာ သူများတိုင်းပြည်ရဲ့အလံကိုအလေးပြုနေခဲ့ကြရတယ်ကွာ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

ကလေးတွေ ငြိမ်ပြီး ပြန်ကြည့်နေကြသည်။ မဖြေတတ်ကြ။

"အေး. . . တိုင်းပြည်ကို နယ်ချဲ့အင်္ဂလိပ်တွေ လာရောက်တိုက်ခိုက်သိမ်းပိုက်လိုက်တာ တို့တိုင်းပြည် သူတစ်ပါးကျွန် ဖြစ်သွားခဲ့ရတယ်၊ တို့ မြန်မာပြည်သားတွေဟာ ဒီတိုင်းတော့ ငြိမ်ခံနေကြတာ မဟုတ်ပါဘူး၊ ပြန်ခုခံတိုက်ခိုက်တာပေါ့၊ နယ်ချဲ့အင်္ဂလိပ်-မြန်မာ ပထမစစ်ကို ၁၈၂၄ မှာ တိုက်ခိုက်ပြီး ရန်ကုန်ပုစာချုပ်နဲ့ အလျှော်ပေး စစ်ပြေငြိမ်းခဲ့ကြရတယ်"

"ရှုံးတာပေါ့နော် ဆရာလေး'

"မှန်တယ်၊ အခု တို့မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်ကို ပေးရတယ်၊ စစ်လျော်ကြေးငွေ တစ်ကုဋေလည်း ပေးရတယ်၊ ဒါနဲ့ မကျေနပ်သေးဘူး၊ မြန်မာပြည်ကို သိမ်းပိုက်ဖို့ သူတို့ အမြဲတမ်းကြံစည်နေတယ်၊ ၁၈၅၂ ခုနှစ်မှာ နယ်ချဲ့အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပြီး ရှုံးရပြန်တယ်၊ မြေထဲမြို့ကနေပြီး မြန်မာပြည်ရဲ့ အောက်ပိုင်းတစ်ပိုင်းလုံးကို ပေးလိုက်ရတယ်။

ပါသွားတဲ့ နယ်မြေတွေက အခုခေတ် အခေါ် အဝေါ်နဲ့ဆိုရင် ရောဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်နည်းနည်းပါတယ်၊ ပြောရမယ်ဆိုရင် မြန်မာပြည်ရဲ့ စပါးကျီ ဒေသအားလုံးလိုလို သူတို့ သိမ်းပိုက်လိုက်တယ်ပေါ့။

အဲဒီတုန်းက စစ်ပြေငြိမ်းရေးစာချုပ် ချုပ်တော့ မင်းတုန်းမင်းလက်ထက် ပထမစစ်နဲ့ဆိုရင် ၂၈ နှစ်ကွာတယ်၊ မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ချင်လို့ ချောင်းနေတာ (၂၈)နှစ်ကြာအောင် ဇွဲကောင်းတယ်နော်၊ အဲဒီ (၂၈)နှစ်ကြာအတောအတွင်းမှာ မြန်မာပြည်ဟာ ပဒေသရာဇ် စနစ်အောက်မှာပဲ ရှိနေပြီး အချင်းချင်း ထီးလု နန်းလု အဆဆလု' မူတွေနဲ့ပဲ သံသရာလည်နေခဲ့ကြရတယ်။

တိုင်းပြည် ကာကွယ်ရေးစနစ်မှာလည်း ဘာမှ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာတာ မရှိဘူး၊ သုံးနေကျ စွဲနေကျ လှံ၊ ဓား၊ လေး မြားနဲ့ ဆင်တပ်မြင်းတပ်တွေပေါ့၊ အမြဲတမ်း ဖွဲ့စည်းထားတဲ့ တိုင်းပြည်ကာကွယ်ဖို့ စစ်တပ်ဆိုတာ မရှိဘူး၊ စစ်တိုက်ခါနီးမှ ဟိုမြို့စားက လူဘယ်နှယောက်၊ ဒီမြို့စားက လူဘယ်နှယောက်ဆိုပြီး ဘုရင်က ဆင့်ခေါ်တော့မှ ဓားဆွဲပြီး လူစုထွက်ကြတာပေါ့၊ လစာနဲ့ ဖွဲ့စည်းထားတဲ့ အမြဲတမ်း စစ်တပ်ရယ်လို့ မရှိဘူး၊ ဒါပေမဲ့ ဘုရင်ရဲ့ နန်းတော်စောင့်ဖမ်ဆီတာတော့ ရှိတယ်၊ ရိက္ခာ လစာသဘောမျှ လောက်တော့ ပေးထားတယ်ပေါ့၊ အင်အား နည်းပါးပါတယ်၊ တိုင်းပြည်ကို ကာကွယ်ဖို့လောက် အင်အားမများဘူး"

ကျောင်းသားများက သူတို့ ဆရာလေး၏ ပြောပြနေသော သမိုင်းကြောင်းတွင် စိတ်ပါဝင်စားစွာ နှစ်မြှောနေကြသည်။

"အဲဒီ ၁၈၅၂ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲခဲ့လို့ စစ်ရပ်စဲရေး စာချုပ်ချုပ်ဆိုတော့ မင်းတုန်းမင်းကြီးရဲ့ညီတော် အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးဟာ ခံပြင်းလွန်းလို့ လက်မှတ်ဝင်မထိုးဘူး၊ အလျှော့ပေးရတာတွေ များလို့ သူမကျေနပ်ဘူး၊ ခုလို နယ်ချဲ့အင်္ဂလိပ်တွေကို အလျှော့ပေး အနှံးပေးရတာတွေဟာ ကိုယ်မှာ အင်အားမရှိလို့ အမြဲတမ်း စစ်တပ်မရှိလို့ဆိုတာ ကိုယ်တော်ကြီးက သဘောပေါက်တယ်၊ ဒါ့အပြင် ကိုင်ဆောင်ရတဲ့ လက်နက်ချင်းကလည်း ကွာတယ်။

နယ်ချဲ့အင်္ဂလိပ်တွေက သေနတ်အမြောက်တွေ၊ မီးသင်္ဘောတွေ သုံးနိုင်နေပြီ၊ စက်မှုနည်းပညာတွေ ဖွံ့ဖြိုးနေပြီ၊ တို့မြန်မာရဲမက်တွေက ဓားသွေးတုန်း၊ လှံသွေးတုန်း၊ မြားချွန်တုန်း၊ ပန်းပဲထုဘောင်းတုံနဲ့ပေါ့ကွာ၊ အဲဒီလို လက်နက်ချင်း ဝုန်းလွန်းလို့ တို့မြန်မာတွေ စစ်ရှုံးရတာလို့ သဘောပေါက်တယ်၊ တိုင်းပြည် ထက်ဝက် သူများကိုပေးလိုက်ရပြီးမှ တို့မြန်မာတွေ ရေးရေးသဘောပေါက်လာတယ်၊ တို့တွေ ခေတ်နောက်ကျနေပြီပေါ့၊ သားတို့ သမီးတို့ စဉ်းစားကြည့်လေ၊ လောက်လေးခွတွေနဲ့ ဝိုင်းပစ်နေချိန်မှာတောင် တုတ်ကိုင်ထားတဲ့လူ သစ်ပင်ကွယ်က ထွက်ရဲပါ့မလား"

"မထွက်ရဲပါဘူး ဆရာလေး"

"အေး၊ လောက်လေးခွက ထိရင် မှန်ရင် ထိပ်ပေါက်၊ ခေါင်းကွဲ၊ အသားနာ၊ မျက်စိမှန်ရင် ကန်းတာလောက်ပဲ ရှိတယ် မသေနိုင်ဘူး၊ အင်္ဂလိပ်တွေ ကိုင်တာက သေနတ်ဆိုတော့ ဓားကိုင်ထားတဲ့ တို့မြန်မာရဲမက်တွေ နိုင်နိုင်ပါ့မလား"

"မနိုင်နိုင်ပါဘူး ဆရာလေး"

(ဆက်ရန်)

ကိုကြီးစေ(သာပေါင်း)

❑

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ✪ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ✪ ကျန်းမာရေး အခြေအနေ သိရန် ✪ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ✪ လက်ထပ်ဖက်လာအခါရွေးရန် ✪ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ✪ ကလေး နာမည် ပေးရန် ✪ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့် ပန္နက်တင်မင်္ဂလာရွေးရန် ✪ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ✪ နိုင်ငံခြားထွက် အလုပ်လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် မာတ်ရိုက်မာတ်ဆင်၊ နဝင်းယကြာ၊ အင်းယကြာ၊ ရတနာဒီပံယကြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဗုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ KBZ Bank A/c No - 0019600100036439

တောင်ဥက္ကလာဘဏ်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၈/မဒန(နိုင်) ၀၁၄၂၂၂

အောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား ပြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၂၂၀ ၄၄၇၂၂၂

အောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။



သခင်မျိုးမော

တက္ကသိုလ်တင်ဟန်ကျော်

သခင် ၁၂ ယောက်အကြောင်းကို
စိတ်ဝင်စားပွယ် ဖော်ပြထားသော
စာအုပ်ကောင်းတစ်အုပ်

ဖြန့်ချိရေး - ဒေယျာမြေစာပေတိုက်
အမှတ်(၇၂၄)၊ အိမ်နံပါတ်(၁၀)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း
(၁၀ရပ်၁၀)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(...လမှ အဆက်)

ရဲကျော်ဦးက ကြံတိုင်းအောင်တိုင်း စတာ၊ နောက်တာ များပါသောင်းဆုကြည်နဲ့ တွေ့တိုင်း စကားမရှိ စကားရှာပြီး စကားပြောနေပါတယ်။ ရဲကျော်ဦးက သောင်းဆုကြည်အပေါ် အလေးအနက်ထားပြီး စိတ်ဝင်စားနေပြီလေ။ သူတို့ တစ်နှစ်တည်း ဘွဲ့နှင်းသဘင်ခဲ့ပါတယ်။ ဥပဒေဘွဲ့က တစ်ရက်၊ စီးပွားရေးဘွဲ့ရ တစ်ရက်ပါ။

သောင်းဆုကြည် ဘွဲ့ယူတဲ့နေ့ ရဲကျော်ဦးက သောင်းဆုကြည်ကို ရှေ့ဆိုပါပြီ။ ကြံတိုင်းအောင်လည်း ဒီမှာ ရှိနေတာလေ။ သောင်းဆုက ရယ်စရာပြောတာပဲ ထင်နေတယ်။ ရင်ခုန်သူက ကြံတိုင်းအောင်ပဲ။ အချစ်ဆုံးသူငယ်ချင်းမို့ ရယ်ပြီးနေပေမယ့် ဆောက်တည်ရာမရနေပါတယ်။

ညနေပြီးတဲ့အခါ သောင်းဆုတို့ မိဘများက သူတို့ကို အိမ်ခေါ်ထမင်းကျွေးပါတယ်။ ဖျော်ရွှင်ကြာပါပဲ။ တိုက်ဆိုင်စွာ ဧရာဝတီမိဘများရဲ့ မိတ်ဆွေမိသားစု၊ အမိသားအဖ သုံးဦး ရောက်လာတယ်။

သောင်းဆုကြည်တို့နှင့် ရွယ်တူလောင်း ပါလာပါတယ်။ ရဲကျော်ဦးအောင်တို့နှင့်ပါ မိခင်က မိတ်ဆက်ပေးတယ် ဆိုတော့ သိကျွမ်းရတာမျိုးပါ။ တိုင်းဒေသကြီးတဲ့ ဧည့်သည်တွေက သောင်းဆုကို လာရောက်တောင်းရမ်းခြင်းကြောင်း ရင်ဖွင့်တာပါ။

"နင် လက်ခံလိုက်ပြီလား"

"ငါ ဦးနှောက်ခြောက်လို့ သူငယ်ချင်းတို့ကို ခေါ်တိုင်ပင်တာ"

"နင် ဘွဲ့ယူနေ့က ငါအတည်ပြောထားတာနော၊ ငါ့ကိုလည်း ထည့်တွက်ထားဦး"

"ဟေ့ကောင် ကြံအောင်၊ မင်း သက်သေရှိတယ်နော်"

ရဲကျော်ဦးစကားကို ကြံတိုင်းအောင်က ခပ်တည်တည်နှင့် နားထောင်နေတယ်။ သောင်းဆုကြည်က စေ့စပ်ကြောင်းလမ်းတောင်းယူခြင်း ကိစ္စကို သာ ခေါင်းရွှဲနေတာပါ။ ရဲကျော်ဦး နောက်ပြောင်နေတာလား၊ တကယ် ပြောနေတာလားဆိုတာ မစဉ်းစားမိတော့ပါ။ သောင်းဆုကြည် ကြံရာမရ ပြောလိုက်တာကြောင့် ကြံတိုင်းအောင်နှင့် ရဲကျော်ဦးတို့ မျက်လုံးပြူးသွားပါတယ်။

"အရေးကြီးရင် သွေးနီရမယ်၊ သူငယ်ချင်းတို့၊ စေ့စပ်ပွဲမျက်ရင်ပြီးရော လို့ ငါထင်တယ်၊ ငါအင်းအဲ့ မလုပ်ရသေးဘူး၊ တို့ အချစ်ဆုံးကျောင်းနေဖက်တွေပဲ၊ ရဲကျော်ဦး ပြောသလို ဂါတို့ ကြိုက်နေကြတယ်လို့ မေမေ့ကို ပြောမယ်၊ နင့်တို့ဖော်လိုလိုက်ပေးဦး၊ ဇာတ်လမ်းလုပ်"

ကြံတိုင်းအောင်က ငူငူငိုင်ငိုင်ကြီးပါ။ သောင်းဆုကြည်က လုပ်ဇာတ်လုပ်ရန်ပြောပေမယ့် ကြံတိုင်းအောင်က စိတ်မပါပေမယ့် ရဲကျော်ဦးက မြို့ရတဲ့ မျက်ခွက်ပါ။

▲

လွန်ဆွဲပွဲ

အဖေရော အမေပါ သောင်းဆုကြည် ဖွင့်ပြောဖြစ်ပါတယ်။ သူငယ်ချင်းများက လိုက်မပြောရဲပ။

"ဖေဖေ၊ မေမေ၊ သမီးကို ရိုက်ချင်ရိုက်၊ အာကာလင်းကို လက်မခံနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ သမီးလေးရယ်၊ ဆန်စက်တွေရော၊ မော်တော်တွေရော၊ လယ်တွေရော၊ ပွဲရုံတွေရော ပိုင်တဲ့သူဌေးသား၊ ဘွဲ့ရပညာတတ်၊ ရုပ်ချောသောကောင်း၊ အားလုံးပြည့်စုံတယ်၊ သမီးနောင်ရေး မေမေတို့ စိတ်ချရမှာ"

"သမီး ရဲကျော်ဦးကို စကားလွန်ထားလို့ အဲ့အဖြေပေးထားလို့ ဘယ်လို မှမဖြစ်လို့ပါ မေမေနော်၊ ဖေဖေ"

နောက်ဆုံးတော့ မိဘနှင့်သမီး လွန်ပွဲတွင် သမီးဘက်က အခွင့်အရေးသာသွားပါတယ်။ ဧရာဝတီက သူဌေးတို့ ပြန်လှည့်သွားပါပြီ။

နံနက်ခင်းတစ်ရက်တွင် အားကစားဝတ်စုံဝတ်လျက် သွက်လက်ပေါ်ပါးနေသူမှာက သောင်းဆုကြည်ပါ။ အောင်ဆန်းအားကစားကွင်းသို့ သွားပြီး ပတ်ပြေးခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး ကစားခြင်း ပြုလုပ်ဖို့ဖြစ်ပါတယ်။ ကြံတိုင်းအောင်မှာ စစ်ကိုင်းပြန်သွားတာကြောင့် တစ်ယောက်တည်းသွားဖို့ပါ။

"ဟေ့၊ ဘုတ်ဆုံမ ငါပြန်ရောက်ပြီ လာဦး၊ အညာမွန့်တွေ စားရအောင်၊ သောင်းဆုကိုလွမ်းလို့ ပြန်လာတာ ယုံကြားစေချင်းပြီးတော့ ရဲကျော်ဦးနဲ့ နင် သွားလာနေမှာ စိုးရိမ်ပြီး အိပ်မပျော်ဘဲ ဖြစ်နေလို့"

"ဒါများ ဆန်းသလား၊ အမြဲတမ်း သွားနေကျပဲ"

"ရဲကျော်ဦးက နင့်ကို ရည်းစားစကား ပြောထားတာဆိုတော့"

"ငါက သူ့ကို အငှားသဘောနဲ့ မေမေတို့ ပြောထားတာပဲလေ"

"နင်က အငှားသဘောနဲ့ မေမေတို့ကို ပြောထားတာပဲလေ"

"နင်က အငှား၊ သူက သွေးရူးသွေးတန်း၊ တော်ကြာ နင်"

ကြံတိုင်းအောင်က စကားရပ်ထားလိုက်ပါတယ်။

သောင်းဆုကြည်က ကြံတိုင်းအောင် မျက်နှာကို သေချာကြည့်ပြီး ပြောနေပြန်ပါတယ်။

"နင်ပြောတာ မမှန်ဘူး၊ သူသွေးရူးသွေးတန်း မဟုတ်ဘူး၊ ငါ့ကို တကယ် ချစ်နေတာ ငါသိ"

www.burmeseclassic.com

www.burmeseclassic.com

"နင် အဲဒီလိုဖြစ်နေမှာကို ငါ ပြောနေတာ"

"နင်တောင် ငါ့ကိုချစ်သေးတာ သူလည်း ချစ်မှာပေါ့၊ ဒါက ဖြစ်နေကျ သဘာဝပဲလေဟာ"

"ငါကဖြင့် ဘာမှမပြောရသေး"

"ငါ အကုန်သိတယ်၊ ကြံအောင် စိတ်ချနေ၊ ငါက နင်တို့နှစ်ယောက်ကို ဘယ်သူ့မှ မကြိုက်ဘူး၊ အဲ မချစ်တော့ မဟုတ်ဘူး၊ သူငယ်ချင်းလိုချစ်တာတော့ သေချာတယ်"

"ငါဘက်က နာလို့ ပြောတာ သောင်းဆုကြည်၊ ပေါင်ချိန် ၁၂၀၊ ခါး ၂၃ လက်မဖြစ်အောင် နင့်ကိုလုပ်ပေးခဲ့တာ ငါပဲလေ၊ တွက်ကြည့်ရင် ဒီနှစ်ခရီး နင့်အနီးဆုံးလူဟာ ငါပဲ ဘုတ်ဆုံမ"

"ကြံအောင်၊ လူပျိုစကားပြောတတ်နေပြီလား။ မကြွေဘူးနော်၊ ငါစိတ်မဝင်စားဘူး၊ ကဲ သွားမယ် အောင်ဆန်းကွင်းကို မြန်မြန်လုပ်"

ရယ်လားမောလားဖြင့် သူတို့နှစ်ယောက် မှန်မှန်လေးပြေးလျက် ဦးအုန်းခိုင်လမ်းအတိုင်း ပြေးသွားကြပါတယ်။ ဘော်လုံးကွင်းထဲမှာ လုံ့ပစ် (javelin) လေ့ကျင့်ဖြစ်ကြတယ်။ အောင်ဆန်းကွင်းမှ ဝန်ထမ်းတစ်ဦး ဖြစ်သူ ဦးတင်မောင်နီကလည်း အကူအညီ အမြဲပေးခဲ့ပါတယ်။

သောင်းဆုကြည်က ကြံတိုင်းအောင်ကို မြင်းစီးချင်တယ်ပြောပေမယ့် အလွယ်တကူ မဖြစ်နိုင်ပါ။ မြင်းစီးအသင်းနှင့်ဆက်သွယ်ရမှာ ဖြစ်ပါတယ်။ ကြံတိုင်းအောင်က ယေစဉ်က မြင်းစီးဖူးတာကို ပြောမိခဲ့တာကြောင့် သောင်းဆုကြည်က ပူဆာတာကိုး။

နောက်တစ်လခန့် ကြာတဲ့အခါ ကြံတိုင်းအောင်လျှောက်ထားတဲ့ အလုပ်ကိစ္စအတွက် ပန်းဘဲတန်းသမဝါယမအသင်းတစ်သင်းမှ ခေါ်စာရောက်လာပါတယ်။ လူတွေ့သွားဖို့ စီစဉ်တဲ့အခါ သောင်းဆုကြည်ရဲ့ ဖခင်က ကြံတိုင်းအောင်ကို ခေါ်တွေ့ပါတယ်။

"ဦးလေး၊ ကျွန်တော်မြို့သားစုက ဆင်းရဲပါတယ်၊ ညီအစ်ကိုတွေဆီ ငွေပို့ပေးရမယ် ခင်ဗျ"

"ဦးလေး သဘောပေါက်ပြီးသားပါ၊ သမဝါယမဆိုင်မှာ လခနည်းမှာစိုးလို့၊ မောင်ကြံတိုင်းအောင်ကို ဘုရင့်နောင်ပွဲရုံမှာ လုပ်စေချင်ပါတယ်"

ကြံတိုင်းအောင်အတွက် ဘဝလမ်းကြောင်းတစ်ခု ပြောင်းလဲလာခဲ့ပါတယ်။ သောင်းဆုကြည်ရဲ့ ပြောဆိုထားပေးတာလို့ ထင်မြင်ခဲ့ပါတယ်။ တကယ်တော့ မဟုတ်ပါ။ သော့င်းဆုကြည်ရဲ့ မိခင် အခေါ်ခိုင်းတာကြောင့် သွားရောက်ရပါတယ်။

"မေမေက ရဲကျော်ဦးနဲ့ သဘော မတူဘူးတဲ့ ကြံအောင်"

"ဩော်- အန်တီ၊ သောင်းဆုကြည်က အာကာလင်းနဲ့ကိစ္စကို လွဲအောင်လို့ ပြောခဲ့တာပါ၊ အန်တီ စိတ်ပူစရာ မလိုဘူး၊ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ကြေစည်ပြီး တိုင်ဖင်ခဲ့ကြတာပါ"

"အဲဒီလိုလား၊ အန်တီက လူကြီးဆိုတော့ ရဲကျော်ဦးကို သိပ်မသိဘူး၊ မောင်ကြံတိုင်းအောင်ကိုတော့ မျက်စိရှေ့တွေ့နေရတာ၊ လူကြီးတစ်ယောက်က ရိုးသားတဲ့ စိတ်ထားလေးတွေကို လေ့လာရတာပါ၊ အခြား ထူးထူးထွေထွေ မဟုတ်ရပါဘူး"

သောင်းဆုကြည် မိဘများက သမီးလေးကို ချစ်မြတ်နိုးတာမို့ အလိုလိုက်ထားပါတယ်။ စည်းလုတ် ဝါးလုတ် အလိုလိုက်တာမျိုး မဟုတ်ပါ။ တစ်ဘဝလုံးနှင့် ချိပ်ပိုးပုံစံချနေတာမျိုးပါ။ အာကာလင်းတို့ အရေးဆိုလာတဲ့အချိန်ကစပြီး သောင်းဆုကြည်ရဲ့ ရှေ့ရေးအလေးထားစိမ်ခဲ့ပါပြီ။

ရဲကျော်ဦးဆိုတဲ့ အကြောင်းပါလာရာ သမီးလေးနောင်ရေးကို လေးလေးနက်နက် လုပ်ဖို့ပါ။ တစ်သက်တာ စိမ်ခန့်ခွဲနိုင်သူအနေနှင့် ကြံတိုင်းအောင်ကို မဲသာခဲ့ပါတယ်။

ဒါကြောင့် ကြံတိုင်းအောင်နှင့် သောင်းဆုကြည်တို့ နီးနီးကပ်ကပ် တိုင်တိုင်ပင်ပင် နေခွင့်ရပါတော့တယ်။

▲

ပျော်ပျော်ရွှင်ရွှင် ခရီးစဉ်

မီးရထားခုတ်မောင်းသံ စည်းချက်ညီညီနှင့်အတူ ကြံတိုင်းအောင်ရဲ့ ချစ်ပုံပြင်ကို မြတ်နိုးစွာ သောင်းဆုကြည် မေးလေးထောက် နားထောင်နေတာပါ။

"ကိုကိုက ဆုကို မချစ်ဘဲယူခဲ့တာပေါ့နော်"

"ဘာလို့ပါလဲ ဆု"

"မေမေ ပေးစားလို့ ယူခဲ့တာလေ"

"ရဲကျော်ဦး စနောက်တဲ့နေ့ကတည်းက ကိုကိုက ချစ်သွားတာ၊ သဝန်တိုသွားတာ၊ ယောကျ်ားမကြီးမခေါ်ခင် ကလေးဘဝတည်းက ကြိုက်နေတာပါ။ ကိုကို အကြင်နာစကားတွေ ပြောခဲ့တာ ကြာလှပြီလေ"

"ဆုလည်း ကိုကို့ကို ချစ်ဟန်ဆောင်နေတာ ကြာလှပေါ့"

ရွှေညောင်ဘူတာ ရောက်ခဲ့ပြီ၊ မော်တော်ကားနှင့် ခရီးဆက်ခဲ့ကြတယ်၊ အင်းလေးဆိုတဲ့ ဒေသသို့ ရောက်ပါတယ်။ ထင်ထားတာထက်ကို ပိုမို အာယာနေတာ တွေ့ရတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုနေရာပေပဲ။ အမျိုးသားရေးဟန်ပန် အပြည့်အဝပါပဲ။ ညောင်ရွှေချိုင့်ဝှမ်း (ခေါ်) နုမ့်လတ်ချိုင့်ဝှမ်းတောင်ဘက်အစွန်းမှာ အင်းလေးကန်တည်ရှိပါတယ်။ ဧရိယာ စတုရန်းမိုင် (၁၀) မိုင်ကျယ်ပါတယ်။

အင်းလေးသူ အင်းလေးသားတို့ ဓိုးရာသဘာဝတွေကိုလည်း ခုံမင်စွာ မြင်တွေ့ရပါတယ်။ ကျွန်းမျောလေးတွေ စိတ်ဝင်စားစရာပါ။

သောင်းဆုကြည်ဟာ အင်းလေးဖောင်တော်ဦးဘုရားကို လေးမြတ်စွာ ကန်တော့ရပါပြီ။ တစ်ဖန် ရှမ်းရိုးရာ အစားအသောက်များကလည်း ဖမ်းစားနိုင်ခဲ့ပါပြီ။ ရှမ်းထမင်းသုပ်၊ တိုဟူးမွန်း

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ,စားလို့ မတင်းတိမ်နိုင်
ဘောင်ပင်။

အင်းလေး၊ ဟဲဟိုး၊ တောင်ကြီး၊
ဘားယား၊ ရွှေညောင်၊ ညောင်ရွှေတို့
သူတို့အတွက် နှစ်သက်ကြည်နူး
ပါပဲ။ ရွှေဒင်းကောင်းကောင်း၊ အေး
မြန်ရာသီစက်ဝန်း၊ ဆွတ်ပျံဖွယ် ပန်း
ပန်းမျိုးများ မောင်နှင်မယ်ကို လန်းစေ
ပြီး ရွှင်ပြည်နယ်ရဲ့ သွေ့သွေ့လိပ်လိပ်
သဘာဝကြောက်ကလည်း ဆွဲဆောင်
အားသေးရာ အပြန်ခရီးမှာ အထုပ်များ
ဆွဲ ရန်ကုန်သယ်ဆောင်ဖို့ လုပ်တော့
တယ်။ မီးရထားလမ်းအတိုင်း အတက်
ခရီးမှာ စိမ်းစိုပြင်ပြင်းတဲ့ မြင်ကွင်းကို
ကြွေခဲ့ရပါတယ်။

အပြန်မှာ သောင်းဆုကြည်ရဲ့
ကြာဆိုစီစဉ်တာကြောင့် မော်တော်
ကားကို ရွေးချယ်ဖြစ်ခဲ့ကြတယ်။ မော်
တော်ကားလမ်းမှာလည်း ရွှက်ငှက်
ကြည့်ပါ။ သာယာကြည်နူးဖွယ်ပါလေ။

မြန်မာနိုင်ငံဝယ် ရာသီသုံးလိုရှိ
သ အချိန်မရွေးလှုပနေတဲ့အနေအထား
ရှိ မြင်တွင်းတို့က နွမ်းနယ်မှုကို ပျောက်
စေတာပါ။ အပန်းဖြေခရီး အပျော်ခရီး
ထွက်တဲ့အရသာကို အပြည့်အဝခံစားနိုင်
တာပဲ။

ယခုနှစ် ၁၉၇၆ ခုနှစ်လောက်
ကတော့ နိုင်ငံခြားသား ခရီးသွားသူတို့
အတွက် ရွှင်ပြည်တစ်ခွင် သွားလာနေကြ
ရဲ့ အင်းလေးလို ယဉ်ကျေးမှုထွန်း
ကားရာ နေရာကို ကမ္ဘာလှည့်ခရီးသည်
တို့ အခေါက်ခေါက် အခါခါရောက်ကြ
ပုံ ဖြစ်ပါတယ်။

ကြတိုင်းအောင်နှင့် သောင်းဆု
ကြည်တို့ ဇနီးမောင်နှံတို့လည်း မြန်မာ
ပြည်သားများ ဖြစ်ကြပေမယ့် မြန်မာ
ပြည်မှာနေရာတွေကို ယခုမှ ပျားရည်ဆမ်း
သလားဦး အပျော်ခရီး honeymoon
အနေဖြင့် ပထမဆုံးအကြိမ် ရောက်ဖူး
ကြတာပါ။

ရွှမ်းမလေး . ချောချောတွေ
များများအပြားကိုလည်း တွေ့ခဲ့ရပါပြီ။
မျက်စိထဲက မထွက်တဲ့အရာတစ်ခုက
ခြေထောက်နှင့် လှေလှော်တဲ့ မြင်ကွင်း
ပါ။ ရွှမ်းအိုးစည်သံကလည်း နားဝင်ဖို
ယ်ပါ။

ကွေ့ကွေ့ကောက်ကောက် မော်
တော်ကားမှာ ကြည်နူးတစ်လှည့်၊ ရင်ဖို
တစ်လှည့် ဖြစ်ရတာကို စွန့်စားခန်း
တစ်ခုသာပါပေ၊ ချောက်ကမ်းပါးများ
တွေ့ရတဲ့အခါ ကြောက်အားပို့မိပြန်
တယ်။

အဆင်းလမ်းတွင် နားခိုရာနေ
ရာများ၊ ဈေးဆိုင်များ တွေ့ရပါသည်။
အစားအသောက်များကို အားပါးတရ
စားကြတယ်လေ။ အားရှိသွားပါတယ်။
လက်ဆောင်ပစ္စည်းဆိုတာလည်း ရွေး
လို့မဆုံး ဝယ်လို့မဆုံးနိုင်ကြပါဘူး။

"ကျေနပ်လား ဆုချစ်"

"ဘာလဲကို ဘာကျေနပ်ရမှာလဲ၊
ညော့ ခရီးစဉ်လား ဇော်ပါတယ်၊ ဆု
လွှာဘဝမှာ ခရီးသွားဖူးတာ ပထမဆုံးပဲ၊
ကိုကို့ကို ကျေးဇူးတင်တယ်၊ ချစ်တယ်"

မော်တော်ယာဉ်ခရီးဆက်ပြန်
ပါပြီ။ မော်တော်ယာဉ်ပေါ်မှာ ယခု
ခေတ် ကာလအနေဖြင့် ကက်ဆက်၊
ဆောင်းဘောက်စ်ရဲ့ တေးသံသာကိုသာ
နားဆင်ရပါတယ်။ ရုပ်မြင်သံကြားဆို
တာမျိုးဖြင့် မပေါ်သေးပါ။ ကားပြတင်း
ပေါက်ဘက်မှ ထိုင်လိုက်လာတဲ့ သောင်း
ဆုကြည် ပခုံးလေးကို ညင်ညင်သာသာ
ဖက်လျက် ကြတိုင်အောင်က ရွှမ်းတိုင်း
ရင်းသားဆိုတဲ့ အသံဝဲဝဲ သီချင်းကို
တိုးတိုးလေး လိုက်ဆိုလာခဲ့ပါတယ်။ ည
ခရီးမှာ ချမ်းမြမြပါ။ မောင်နှင့်မယ်ငယ်
ရွယ်ပျိုမြစ်သူများ ဖြစ်တာနှင့် အညီ
စိတ်ရောလူပါ လန်းဆန်းလျက်ပါ။

လွှာဘဝခရီးကို ဥစ္စာပြည့်စုံစွာ
လျှောက်လှမ်းကြတော့မယ်လေ။

▲

တရားရုံးတွင်

မိတ္ထီလာမြို့နယ်တရားရုံး အချိန်
စောစော ဖွင့်လှစ်ပါသည်။ ဝဝ နာရီ
ထိုးတာနဲ့ စစ်ဆေးရမယ့် သက်သေများ
အမည်ခေါ် နေတာပါ။ တရားစီရင်ရေး
အဖွဲ့(၁) ထိုင်နေတဲ့ တရားရုံးအခန်းနား
ဆုံးပါ။ အချိန်ပြည့် မြို့နယ်အဖွဲ့ဝင်
သုံးဦးနှင့် ဖွဲ့ထားပါတယ်။ အခြားသော
တရားစီရင်ရေးအဖွဲ့များကား အချိန်ပိုင်း
တာဝန်(၂)ဦးနှင့် အချိန်ပြည့်(၁)ယောက်
နှင့် ဖွဲ့စည်းထားပါတယ်။ တရားရုံးမှာ
ယနေ့ ပိုလို့ ထူးခြားနေပါတယ်။ တရား
လိုဘက်မှ လိုက်ပါတဲ့ ဥပဒေဝန်ထမ်း
အဆင့်(၃) အမျိုးသမီး တရားရုံးထဲ
ဝင်ထိုင်လိုက်ပါတယ်။ တရားလိုဘက်မှ
လိုက်ပါမယ့် ဗဟို့တရားရုံးရှေ့နေ
ဦးမောင်မောင်အုံးမြို့ပြင်၊ အထက်တန်း
ရှေ့နေ ဦးရဲကျော်ဦးတို့လည်း ရောက်
လာတယ်။

တရားခံရှေ့နေများက သတ်
မှတ်ထားတဲ့နေရာ (ဝက်မြဲ)ထဲမှာ ရှိနေ
တဲ့ တရားခံ ကြတိုင်းအောင်ကို တွေ့နေ
ပါတယ်။ အားပေးစကား ပြောပါတယ်။
ထွက်ဆိုရမယ့် အချက်အလက်များကို
ဦးရဲကျော်ဦးက အနီးကပ် ပြောဆိုနေပါ
တယ်။

"သူငယ်ချင်း၊ မင်းဝိန်သွားတယ်၊
ကျန်းမာရေးတော့ ဂရုစိုက်ပါကွာ၊ ဖြစ်
တဲ့ကိစ္စကိုတော့ တို့ဆရာတပည့် အစွမ်း
ကုန် ထုချေပေးပါ့မယ်နော် ကြံအောင်"

"ရဲကျော်ဦး၊ မင်းတို့လုပ်တာ
ကျေးဇူးတင်ပါတယ်၊ ငါ့အနေနဲ့က ဘာ
မှ မထူးပါဘူး"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ငါတို့
အတိတ်ကို မေ့ပစ်ရမယ်၊ အနာဂတ်ကို
မသွားလို့ မရဘူး"

တရားသူကြီးအဖွဲ့ဝင် ရောက်
လာတာမို့ အမြန်နေရာယူကာ မတ်
တတ်ရပ် အရိုအသေပေးလိုက်ကြပါ
တယ်။ တရားသူကြီး ဥက္ကဋ္ဌက တရားခံ
ကို ခတ်ထားတဲ့ လက်ထိတ်ဖြုတ်ခိုင်းပါ
တယ်။ တရားခံအား သက်သေအဖြစ်
စစ်ဆေးမှာမို့ပါ။

"မှန်ကန်စွာ ထွက်ဆိုပါမည်ဟု
လေးနက်တည်ကြည်စွာ ကတိသစ္စာ
ပြုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ရှေ့နေကြီး ဦးမောင်မောင်အုံးမြို့ဝင် ဆိုခိုင်းတဲ့အတိုင်း ကြဲတိုင်းအောင် လိုက်ဆိုပြီး အဖြစ်မှန်ကို အစစ်ခံပါတယ်။

"တောင်ကြီးမြို့ အပြန် ညကား စီးလာပါတယ်၊ ကား ဘယ်လိုမှောက်သွားတယ်ဆိုတာ ကျွန်တော်မသိပါဘူး၊ တစ်ဆစ်ချိုး အကွေ့မှာ အရှိန်လွန်ပြီး ချောက်ထဲကျသွားတယ်လို့ နောက်မှ သိရပါတယ်၊ ကျွန်တော်တို့ အိပ်ပျော်နေချိန်ဖြစ်တာပါ။ ကျွန်တော့်ခေါင်းထိသွားလို့ မူးမေ့သွားပါတယ်၊ မိတ္ထီလာဆေးရုံရောက်မှ သတိရခဲ့ပါတယ်။ နှစ်ရက်ကျော်၊ သုံးရက်ကြာမှပါ။

မိတ္ထီလာမြို့နယ် ဆေးရုံကြီးက ဆရာမတွေနဲ့ ဆရာဝန်ကြီးတို့က ပြောပြလို့ သိရတာပါ၊ အခင်းဖြစ်ပွားရာ နေရာနဲ့ အနီးဆုံး၊ ခေတ်အမီဆုံးက မိတ္ထီလာဆေးရုံလို့ သိရပါတယ်၊ ကျွန်တော် သတိမေ့နေပေမယ့် 'ဆု'ကို တစ်ချိန်လုံး ပါးစပ်ကနေ ခေါ်နေတာကိုလည်း ဆရာမတွေကလည်း ပြောပြပါတယ်၊ ဆရာမက ပြောပြပါတယ်၊ ကျွန်တော် သတိရလျှင်ပဲ ကျွန်တော့် မိန်းမ သောင်းဆုကြည်ကို ရှာပါတယ်၊ မေးကြည့်ပါတယ်၊ မေးလို့ မရပါဘူး၊ ကျွန်တော့်အရွယ်၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ရည်သန့်သန့် မိန်းကလေးလို့ မေးပါတယ်၊ ဘယ်သူမှ မပြောနိုင်ပါဘူး၊ သောင်းဆုကြည်ဆိုတဲ့ နာမည်နဲ့ မေးလည်း မသိကြပါဘူး။

ကျွန်တော် စိတ်တွေ ချောက်ချားနေပါတယ်၊ ဆရာမလေး နော်သာထူးက ကျွန်တော့်ကို နွေရော ညရော ကြည့်ပေးတဲ့သူပါ၊ ကျွန်တော်သတိရတယ်ဆိုတာနဲ့ လူကောင်းတစ်ယောက် ဖြစ်သွားပါတယ်၊ အားရှိအောင်တော့ ဆရာမက လုပ်ပေးပါတယ်၊ ဆရာမလေးကို အကူအညီတောင်းပြီး သေဆုံးတဲ့သူတွေရဲ့ ဓာတ်ပုံကို ကြည့်ပါတယ်၊ ကျွန်တော့်မိန်းမ မသေဘူးဆိုတာ သိရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

နော်သာထူး၊ အဲ ဆရာမလေးက ဆေးရုံပြောင်း နှစ်ဦးရှိပေမယ့် ကျား နှစ်ဦး ပါတဲ့၊ အဲခင်းဖြစ်တဲ့နေရာမှာ သောင်းဆုကြည် ပျောက်ဆုံးခဲ့ပြီလို့ ကျွန်တော် တွက်လိုက်ပါတယ်၊ ညကြီးမင်းကြီး ဖြစ်ပွားတဲ့ကိစ္စမို့ ဒီလိုတွေး မိတာပါ။

ဆေးရုံတင်ထားတဲ့ လူနာတွေကို လိုက်ပြဦးမယ်ဆိုတာနဲ့ ကျွန်တော် လိုက်ကြည့်ပါတယ်၊ မိန်းမအဆောင်၊ ယောကျ်ားအဆောင်စုံလို့ လိုက်ကြည့်ပါတယ်၊ မတွေ့တော့ပါ၊ သောင်းဆုကြည် ဘယ်ရောက်သွားသလဲဆိုပြီး ကြဲရာမရ ကျွန်တော်ငိုပွဲဆင်ပါတော့တယ်"

ရှေ့နေကြီး ဆက်လက်ထွက်ဆိုရန် ရှေ့က လမ်းကြောင်းပေးတဲ့အတိုင်း ဆက်လက်ထွက်ဆိုပါတယ်။ ဦးရဲကျော်ဦးက ထွက်ဆိုချက်မှန်သမျှကို လက်နှေးနှင့် လိုက်နှေးသားထားပါတယ်။ ကြဲတိုင်းအောင် အမှုမျိုးကို ဤရားရုံးချပ် ရှေ့နေတမှ အစအဆုံး လိုက်ပါ အကျိုးဆောင်နိုင်တာပါ။

"ကျွန်တော့်ဟာ ကားမှောက်ရာမှာ ဦးခေါင်းထိပြီး သတိလစ်သွားပါတယ်၊ အခု ပြန်သတိရလာတဲ့အခါ လူကောင်းပကတိ ပြန်ဖြစ်သွားတယ်လို့ ကျွန်တော်ကိုယ်တိုင်ခံစားရသလို ဆရာဝန်ကြီး မှတ်ချက်ကလည်း အခြားထိခိုက်မှု မရှိပါဘူးတဲ့။

သို့ပေမဲ့ သောင်းဆုကြည် ပျောက်နေလို့ ကျွန်တော် ခေါင်းမီးတောက်နေပါတယ်၊ မျက်ရည်ကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူး။

နောက်တစ်ရက် ဆရာမလေး နော်သာထူးက ကျွန်တော့်ကို အစောကြီး လိုက်ရှာနေပါတယ်၊ သတင်းထူးရလာပါတယ်။

ဆေးရုံအထူးခန်းမှာ အမျိုးသမီးတစ်ယောက် ရှိတယ်ဆိုပြီး ခေါ်သွားပါတယ်၊ တာဝန်အရှိဆုံး ဆရာဝန်ကြီးရဲ့ ခွင့်ပြုချက် ရယူပြီး အထူးအခန်းထဲဝင်ပြီး ကြည့်ပါတယ်။

ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ လူနာအမျိုးသမီးတစ်ယောက် တွေ့ရပါတယ်၊ အောက်ဆီဂျင်ဘူးတွေ၊ ဆေးပုလင်းတွေ နှလုံးခုန်ပြတဲ့ စက်တွေ တပ်ဆင်ထားပါတယ်၊ ကျွန်တော်တုန်လှုပ်သွားပါတယ်။

မျက်နှာကစပြီး တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေ ပြည့်နေပါတယ်၊ ရုပ်ဆင်းအင်္ဂါ မပီတော့ပါဘူး၊ အရွယ်က အသက်လေးဆယ်ကျော်လို့ မှန်းဆလို့ ရပါတယ်၊ ကျွန်တော့် ဇနီးထက် မဖြစ်နိုင်ပါဘူး၊ ညီမည်းနေတဲ့ အသားရောင်က သောင်းဆုကြည် မဟုတ်ဘူးလို့ ပြောနိုင်တာပါ။

လူနာမှတ်တမ်းမှာ အမည် မပြောနိုင်လို့ ရေးထားပါတယ်၊ စကား ပြောနိုင်တဲ့လူနာတွေသာ လူနာ အမည် ရေးသားထားပါတယ်၊ ယခု ရုပ်ဆင်း အင်္ဂါပျက်နေတဲ့ အမျိုးသမီးကြီးက သတိမ့ရပေမယ့် လူးလွန့်နေတာ ေတွ့ ပါတယ်၊ ရောဂါဝေဒနာ ပြင်းထန်တယ်၊ ဆရာဝန်ကြီးက ပြောပါတယ်။

ဆရာဝန်ကြီးက ကိုယ့်လူနာ ဟုတ်၊ မဟုတ် စစ်ဆေးကြည့်ရှုခိုင်းတယ်၊ ကျွန်တော်လည်း သေသေချာလေ့လာပါတယ်၊ သောင်းဆုကြည်ကို မှတ်မိတာက သူ့ဘယ်ဘက်ပါးလေးရယ်၊ မေးစေ့လေးက မဲ့လေးပါ၊ အခု သူ့မှာ ဒဏ်ရာတွေနဲ့မို့ ပါးမပါဘူးလား မသိရပါဘူး၊ အဝတ်အစား ဝတ်ထားတဲ့ အမျိုးသမီးမှာ ခြေတစ်ချောင်း ပေါင်လယ်မှာ ဖြတ်နေတာကို ကျွန်တော် မြင်ရပါတယ်၊ မျက်စိနှစ်ဘက်စလုံး အလင်းမရနိုင်တော့လည်း သိရပါတယ်။

ကျွန်တော့်ဇနီး မဟုတ်ပါဘူး ဆရာဝန်ကြီးကို ပြောပြပါတယ်၊ အသက်မရှင်နိုင်တော့ဘူး၊ နာရီပိုင်းလိုတော့တယ်လို့လည်း ဆိုပါတယ်၊ ကျွန်တော့် စိတ်ဘဝင်မှာ သောကြည်ကို ဒီလိုအနေအထားနဲ့ မမြင်လိုပါ၊ သူမဟုတ်တာကိုလည်း ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်၊ ကျွန်တော်ဟာ ဇနီးချောလေး ဆွတ်နေတာကို ရှာဖို့က အရေးအကြီး ဆုံး၊ ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး အထူးခန်းထဲမှ ကျွန်တော်ပြန်ထွက်လာ ခဲ့တယ်။

'ကိုကို' လို့ ။

သောင်းဆုကြည် ခေါ်လိုက်တဲ့ အသံပါ၊ သေချာပါတယ်၊ အထူးအခန်း ထဲမှာ ကျွန်တော့်ဇနီးရှိနေတာမို့ အံမြန် ဆုံး မျက်စိတောင်းမှောက် ရှာလိုက်ပါ ဘယ်၊ အခန်းကျဉ်းလေးထဲမှာ ဆရာဝန် ကြီး နော်သာထူး၊ လူနာပဲ ရှိတာပါ။

'ကိုကို' လို့ လူနာက ထပ်ခေါ် နေတာပါလား။ ကျွန်တော့်ဇနီးသောင်း ဆုကြည်ပါ၊ ရုပ်ပျက်သွားပေမယ့် သူ့ အသံလေးက အသံသာနေဆဲပါ၊ သွေး ခွဲသွေးတန်း ခေါ်နေတာလား မသိပါ ဘူး ဆရာဝန်ကြီး ပြောထားတဲ့အတိုင်း သမီးတော့မှ ကောင်းလာမှာ မဟုတ် တော့ပါဘူး။

တမလွန် သွားခါနီးပေမယ့် သွေးပြောနေသူ၊ ကျွန်တော့်ကို သူ့မသိ စိတ်က ခေါ်နေတာပါ၊ ကျွန်တော့် အသည်းခိုက်မိ အား. . . ဟင်းဟင်း"

တရားခံ ကြံတိုင်းအောင် စစ် ဆေးခံရင်း မျက်ရည်များ ပိုးပိုးပေါက် ပေါက်ကျကာ ငိုပါတော့တယ်၊ ဦးရဲ ကျော်ဦးက နှစ်သိမ့် ဆွေးမြေ့နေပါ တယ်၊ တရားသူကြီးအဖွဲ့ရော ရုံးထဲ ရှိသူ အားလုံးလည်း ငိုင်းကြည့်နေကြ ဝါတယ်၊ စစ်ကိုင်းက ရောက်နေတဲ့ ကြံတိုင်းအောင်ရဲ့ ညီအစ်ကိုမောင်နှမ တွေလည်း မျက်ရည်ကျရပါပြီ။

▲

ပြန်လှန်စစ်ဆေးခြင်း

ရိမန်လေးတစ်ပတ်ဖြင့် ဘိန်းဆိုး ပြီးနောက် ရုံးချိန်းတွင် ဥပဒေအရာရှိရဲ့ ပြန်လှန်မေးခွန်းမေးဖို့ပါ၊ စွပ်စွဲခံရသူ ကြံ တိုင်းအောင်ကို ရှေ့နေ (Lawer) တို့ အနီးကပ် မေးမြန်းနေပါတယ်၊ မှန်မှန် တန်ကန် ဖြေဆိုတတ်ဖို့ သတိပေးနေ ပါတယ်။

သောင်းဆုကြည်မိခင်လည်း ကြံ တိုင်းအောင်ကို လာတွေ့ပါတယ်။ ကြံ တိုင်းအောင်မှာ အခင်းဖြစ်ပွားတဲ့ ကာလ အတွင်း ပိန်လှီရုပ်ပြောင်းသွားလို့ စိတ် မကောင်းဖြစ်နေမိတယ်။ သမီး သောင်း ဆုကြည်အပေါ် ကြံတိုင်းအောင် စိတ် ထိခိုက်နေတာဟာ တစ်ပူပေါ် နှစ်ပူဆင့် နေတာမို့ အတတ်နိုင်ဆုံး ဖြေသိမ့်နေမိ ပြန်တယ်။ မိခင်ကြီးမှာ စားစရာတွေ ယူလာနေကျပါ။

တရားရုံးဖွင့်တယ်ဆိုရင်ပဲ စစ် ဆေးမှု စတင်ပါတယ်၊ ဥပဒေဝန်ထမ်း အမျိုးသမီး အရာရှိက မတ်တတ်ရပ်ပြီး ပြန်လည်စစ်ဆေးခြင်း (cross examination) မေးခွန်းများ စစ်ဆေး မေးပါ တယ်။

"သောင်းဆုကြည်ကို လိုက်ရှာ ရာမှာ ဆေးရုံအထူးခန်းထဲမှာ တွေ့ခဲ့ တယ်မို့လား"

"ဟုတ်ပါတယ်"

"တွေ့တဲ့အခါ ဇနီးသောင်းဆု ကြည်ကို မမှတ်မိဘူးဆို့တာ ဖြစ်နိုင်ပုံ မလား"

"အထူးခန်းထဲမှာ မြင်တဲ့အခါ လူနာ ပတ်တီးတွေ တစ်ကိုယ်လုံး စည်း ထားတယ်၊ မျက်နှာတစ်ခုလုံး ဒဏ်ရာ တွေနဲ့ပါ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ အပြင် သတိလည်းမရဘူး၊ မှတ်မိစရာ တစ်ခုတလေမတွေ့ရပါဘူး၊ ဒီလောက် ဖြစ်နေတဲ့သူကို သောင်းဆုကြည် မဖြစ် စေချင်တဲ့ စိတ်လည်း ကျွန်တော့်မှာ ဖြစ်နေပါတယ်"

"ဒေါ်သောင်းဆုကြည်ကို အသံလေး တစ်ခုပဲ ကောင်းကောင်းမှတ်မိတယ် လို့ ဆိုထားတယ်၊ ဘာစကားတွေ ပြောဆို နေပါသေးလဲ"

"သိတိလစ်နေရင်း ကယောင် ကတန်း ခေါ်သံကြားရတာပါ၊ 'ကို ကို' လို့ခေါ်တာ၊ စကားလုံးဝ မပြောနိုင်ပါ ဘူး၊ ဆရာဝန်ကြီးထဲ ခွင့်တောင်းပြီး လူနာစောင့်အဖြစ် ကျွန်တော် အနီးကပ် နေခဲ့ပါတယ်"

"ကြံတိုင်းအောင် သောင်းဆု ကြည်ကို စော်ကြည်နေတဲ့ ညမှာပဲ သောင်းဆုကြည်သေဆုံးသွားတာ မှန်ပါ သလား"

"မှန်ပါတယ်၊ ဆရာဝန်ကြီးက လည်း လူနာ နာရီပိုင်းအတွင်းမှာ သေ ဆုံးနိုင်တယ်လို့ ပြောထားတယ်"

"သောင်းဆုကြည် သေဆုံး အသက်ထွက်တဲ့ အချိန်မှာ ကြံတိုင်း အောင် အတူရှိနေတာ တာဝန်ခံပါ သလား"

"အတူရှိနေပါတယ်"

ဥပဒေအရာရှိ ခဏနားပြီး အရေးကြီးတဲ့ မေးခွန်းကို ဆက်မေးပါ တယ်၊ အားလုံးငြိမ်သက်နေပါတယ်။

"သောင်းဆုကြည် မသေသေး ခင် ရောဂါဖိစီးခံစားနေတာကို မကြည့် ရက်လို့ နာရီပိုင်းနဲ့ သေမှာတူတူ အဲဒီ ဝေဒနာ လွတ်သွားအောင် ကြံတိုင်း အော့်ခ် လုပ်ခဲ့မိတယ် မဟုတ်လား"

စွပ်စွဲခံရသူ ကြံတိုင်းအောင်က ယခုမေးခွန်းကို မဖြေဘဲ အချိန်အတန် ကြာစဉ်းစားနေပါတယ်။ သူရဲ့ရှေ့နေကြီး ဦးမောင်မောင်အုံးမြို့ငှ လေးနက်စွာ ကြံတိုင်းအောင်ကို လှမ်းကြည့်နေတာ ကြံတိုင်းအောင် တွေ့ပြီးမှ ထွက်ဆိုပါ တယ်။

"ကျွန်တော် ငြင်းဆိုပါတယ်"

အပ်ကျသံပင် ကြားလောက် အောင် ငြိမ်သက်နေတဲ့ တရားရုံးထဲ ဧည့်ပရိသတ်အပေါင်း ဝေခဲခဲ အာ မေဋိတ်သံများ ထွက်ပေါ် သွားပါတယ်။

▲

အလွမ်း ဆယ်ကမ္ဘာ

"ရုံးတော်ကို လေးစားစွာ လျှောက်ထားအပ်ပါတယ်၊ ကျွန်တော့် အမှုသည် ကြံတိုင်းအောင်ဟာ မိုးသား ပြုစင်တဲ့ ပညာတတ်လူငယ်တစ်ဦးဖြစ် ပါတယ်၊ မကြာခင်က လက်ထပ်ထား တဲ့အတွက် ဇနီးချောလေး သောင်းဆု ကြည်အပေါ် ဘယ်လောက်ခင်မြတ်နိုး လဲဆိုတာ ပြောစရာမလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်ယာဉ် တိမ်းမှောက်ရာ လူတိုင်းလိုလို ဒဏ်ရာအသီးသီးရသော်လည်း ကံကောင်းထောက်မတာကြောင့် ကြံတိုင်းအောင် ဘာမျှ မဖြစ်ခဲ့တာ၊ ဒါတောင် ဦးခေါင်းထိပြီး နှစ်ရက်လောက် သတိလစ်နေခဲ့ပါသေးတယ်"

တရားရုံးချုပ် ရှေ့နေကြီးက နောက်ဆုံး လျှောက်ချက်ပေးနေရာက ယခင်ရုံးချိန်းအတိုင်း စိတ်ဝင်စားစွာ လာရောက်နားထောင်ကြသူများ ပြည့်ကြပ်နေပါတယ်။

စိတ်ရည်တူ အချစ်ဆုံးသူ နှစ်ယောက်ရဲ့ ဒဏ္ဍာရီ ပုံပြင်ဆန်သော တကယ့်ဖြစ်ရပ်မို့ မိတ္ထီလာမြို့နယ်မှ လူများလာရောက်ကြည့်ရှုနေကြတာပါ။

"သတိရတယ်ဆိုရင်ပဲ ဇနီးလေးကို လိုက်ရှာပါတယ်၊ ကြံတိုင်းအောင် ခေါင်းမီးတောက်ရပါတယ်၊ ရှာလို့မတွေ့နိုင်ဘူး ဖြစ်နေပါတယ်၊ လူနာတွေကို အမည်နာမမသိဘဲ ဆေးရုံဝန်ထမ်းတွေ ကုသခဲ့ရတဲ့ အနေအထားပါ။ သောင်းဆုကြည်ကို အရေးကြီး လူနာခန်းထဲ ဝင်ရှာနိုင်တဲ့တိုင် လုံးဝမမှတ်မိဘဲ ရုပ်ဆင်းအင်္ဂါပျက်စီးနေတဲ့ အခြေအနေကို တွေ့ရပါတယ်။

ခင်ပွန်းသည်ကို ခေါ်သံလေးကြားမှ သူပဲဖြစ်နိုင်တယ်လို့ မှတ်ယူခဲ့တာပါ။ ချစ်ဇနီးချောလေးရဲ့ နေဝင်လုနီးတဲ့ အချိန်၊ ကြွေကျပျက်ပြုန်းတော့မယ့်ကာလ၊ နာရီပိုင်းလေးသာ လိုတော့တယ်ဆိုတာ သိရပါတယ်၊ ကျွန်တော့် အမှုသည်ရဲ့ အဖြစ်မျိုး ဤကမ္ဘာမှာ မရှိပါဘူး။

လေးစားအပ်တဲ့ တရားသူကြီး ဥက္ကဋ္ဌနှင့် တရားစီရင်ရေး အဖွဲ့ဝင်များ ခင်ဗျား၊ ကြံတိုင်းအောင်ဟာ ဇနီးလေးကို ပခုံးဖက်ပြီး ရောဂါဝေဒနာသက်သာစေဖို့ နှစ်သိမ့်နေချိန် ည ၂ နာရီအချိန် သောင်းဆုကြည် ဘဝတစ်ပါးပြောင်းသွားပါတယ်၊ သည်အဖြစ်မှာ ဆေးရုံက တာဝန်ရှိသူက ကြံတိုင်းအောင်အပေါ် လူသတ်မှုနှင့် စွပ်စွဲပြီး ရဲစခန်းမှာ အမှုဖွင့်ထားတာဟာဖြင့် သဘာဝမကျပါဘူး၊ ကျွန်တော် တင်ပြခဲ့သည့်အတိုင်း အချစ်ဆုံးသူ နှစ်ယောက်ကြားမှာ ဘယ်လိုမှ မဖြစ်နိုင်တာမို့ မှားယွင်းစွာ စွပ်စွဲခံရသူ ကြံတိုင်းအောင်ကို အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုပြီး အပြီးအပြတ် လွှတ်ပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါတယ် ခင်ဗျား"

နှစ်ဖက်လျှောက်လဲချက် အပေါ် တရားစီရင်ချက်အပေါ် တရားစီရင်ရေးအဖွဲ့က ခေါင်းတညိတ်ညိတ် နာကြားနေပါပြီ။

ရုံးတော်ရဲ့ ဆင်ခြင်တုံတရားဖြင့် နောက်ရုံးချိန်းမှာ စီရင်ချက် ချပေးရတော့မှာပါ။ လာရောက်လေ့လာတဲ့သူများကလည်း ထူးဆန်းသော ဇာတ်လမ်းလေးအပေါ် အမျိုးမျိုးဝေဖန် ပြောကြားနေပါတယ်။ ဖြစ်ရပ်က မမှန်ဘူး ပြောတဲ့သူများရှိသလို၊ အမှုမှန်၊ အဖြစ်မှန်လို့ ပြောတဲ့သူ ပြောနေပါတယ်။

အထက်တန်းရှေ့နေ ဦးခွဲကျော်ဦးက သူငယ်ချင်း ကြံတိုင်းအောင်က အမှုမှလွတ်မြောက်အောင် ဉာဏ်စွမ်းရှိသလောက် ဝိရိယ ထားနေတာပါ။ တရားခွင်ပြင်ပမှာလည်း တရားရေးအဖွဲ့ကို ချဉ်းကပ်ထားပါတယ်။ ကြံတိုင်းအောင်ရဲ့ ငယ်စဉ်ဘဝ နီးကြားရှိုးသားမှုတွေ သတင်းပို့ထားပါတယ်။

တရားစီရင်ရေးအဖွဲ့က သူငယ်ချင်းဖြစ်သူအတွက် ကိုယ်ဖိရင်ဖိ ဆောင်ရွက်နေတဲ့ ရှေ့နေရဲကျော်ဦးကို အသိအမှတ် ပြုထားပါတယ်။ ဖြစ်သင့် ဖြစ်ထိုက်တဲ့အဓိန္ဓိ ချမှတ်ပေးမယ်လို့ ဆိုပါတယ်။ ဦးရဲကျော်ဦးဟာ ကြံတိုင်းအောင်ဆီ အချိန်ရတိုင်း သွားတွေ့ပြီး အားပေးစကား ပြောပါတယ်။

"သူငယ်ချင်း အားဟာရဖြစ်တာလေး၊ အားဖြစ်မယ် အစာလေး စားပါကွာ၊ သောင်းဆုကြည်ကို လွမ်းတာလည်း လွမ်းတာပေါ့၊ ကိုယ်ဖြစ်ချင်လို့ ဖြစ်ရတာမှ မဟုတ်ဘဲ၊ အမြဲတမ်းယူကျုံးမရ ဖြစ်နေရတဲ့စိတ်ကို ခေါင်းထဲက ထုတ်ပစ်ကွာ၊ ဘာလို့လဲ သိလား၊ ကြာရင် မင်း အသက်ပါ ပါသွားလိမ့်မယ်"

"သေလည်းပြီးရော ရဲကျော်ဦး"

ကြံတိုင်းအောင်က ကိုယ့်လက်ကြေးခိုင်သူဖြစ်ပေမယ့် စိတ်ကြောင့် အရိုးပေါ် အရေတင်အဆင့် ရောက်နေပါပကော၊ အလွမ်းသံသရာ ဘယ်ကမ္ဘာဆုံးနိုင်ဘဲနဲ့ပေါ့။

▲

အချစ်စီရင်ချက်

၁၉၇၆ ခုနှစ်၊ နှစ်မကုန်မီ (၂) ရက်တွင် မိတ္ထီလာမြို့နယ် ပြည်သူ့တရားရုံးအမှတ်(၁)မှ ရာကြီးအမှတ်၊ ----/၇၆ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အမှုအားစီရင်ချက် (judgement) ချမှတ်မည် ဖြစ်ပါတယ်။

ရောက်ရှိ နားထောင်သူများ ကြက်ပျံမကျ ဆိုသလို ဖြစ်နေပါတယ်။ နှစ်ဖက်ဥဒွေမျိုးများ၊ အသိမိတ်ဆွေများလည်း စုံလင်လှပါတယ်။ ရဟန်း၊ သံဃာများနှင့် သတင်းထောက်များပါ မကျန် လာကြပါတယ်။

နေ့ခင်း ၂ နာရီအချိန် တရားသူကြီးအဖွဲ့၊ တရားရုံးထိုင် ဖွင့်ပါတယ်။ သေဆုံးသူ သောင်းဆုကြည် အမိ၊ အဖ နှစ်ဦး တရားသူကြီးများကို ဝင်ရောက် လျှောက်ထားပါတယ်။

"ကျွန်တော်တို့က တရားခံကြံတိုင်းအောင်ရဲ့ ယောကျ်ားတွေပါ။ သောင်းဆုကြည်သေဆုံးတဲ့ ကိစ္စဟာ သူ့ဘဝရဲ့ အတိတ်ကံကြောင့်လို့ မှတ်ယူပါတယ်၊ သမက်လေးဟာလည်း အပြစ်ကျူးလွန်မှု မရှိဘူးလို့ ယုံကြည်မိပါတယ်၊ နစ်နာသူဘက်က ယခုအမှုကို ကျွန်တော်တို့ ကျေအေးရွပ်သိမ်း ခွင့်တင်ပါကြောင်း လေးစားစွာလျှောက်ထားအပ်ပါတယ်"

တရားသူကြီးဥက္ကဋ္ဌက ခုအမှုတွင် တရားလိုအဖြစ် တာဝန်ရှိသူ နိုင်ငံဝန်ထမ်းက ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မည်သို့ဆိုစေကာမူ ကြံတိုင်းအောင်အပေါ် ထားလို့ မေတ္တာကို

www.burmeseclassic.com

www.burmeseclassic.com

အသိအမှတ်ပြုကြောင်း ပြောဆိုခဲ့တယ်။ အဓိန်ချမှတ်မယ်ဖြစ်လို့ ကြံတိုင်း အောင် မတ်တတ်ရပ်ပြီး နာခံပါတယ်။

အခြားသော တရားရုံးတက်သူများ၊ မိဘဆွေမျိုး အမှုသည်များ၊ ရှေ့ပရိသတ်ပါ အရိုအသေပေးကြပါတယ်။

တည်ကြည်လေးနက် တြည်လင်တဲ့ အသံပိုင်ရှင် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ အဓိန်ကို ဖိတ်ကြားပါပြီ။

"ဤအမှုတွင် မြို့နယ် ဆရာဝန်ကြီးမှ နာရီပိုင်းမှသာ အသက်ရှင်နိုင်သည်ဟု ထင်မြင်ချက်ပေးထားသော အရေးကြီးလူနာ မသောင်းဆုကြည်မှာ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေသည်၊ တိုည်တွင် ခုံးရှေ့တရားခံ ကြံတိုင်းအောင်က လူနာစောင့်အဖြစ် ခွင့်တောင်း ဆောင်ရွက်ခဲ့သည်၊ ည ၂ နာရီခန့်တွင် လူနာသောင်းဆုကြည် သေဆုံးခဲ့ခြင်း။

ပြုလုပ်မြဲ ထုံးစံအတိုင်း ဆေးရုံတာဝန်ကျ ဆရာဝန်မှ ခွဲစိတ်စစ်ဆေး (post mortem) ပြုလုပ်ရာ သောင်းဆုကြည် သေဆုံးရခြင်း အဓိကအကြောင်းမှာ အသက်ရှူလမ်းကြောင်းကို အချိန်ကြာ ဖိနှိပ်ခံထားရသည့်အတွက် မွန်းကျပ်သေဆုံးရခြင်း ဖြစ်သည်ဟု ပေါ်ပေါက်ခဲ့သည်။

တရားခံ ပြစ်မှုကျူးလွန်သည်ကို မျက်မြင်သက်သေ (eyewitness) မရှိသော်လည်း အချစ်ကြီးသူ၏ မချိမဆံ့ ဝေဒနာခံစားနေခြင်းကို မချစိမ့်သဖြင့် အဆုံးစီရင်ခဲ့သည်ဟု ကွင်းဆက်မပြတ်သော သက်သေခံချက် အထောက်အထားများက ထောက်ခံလျက်ရှိသည်၊ သို့ဖြစ်၍ အောက်ပါ အဓိန်ကို ချမှတ်လိုက်သည်။

မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁၀၈ လမ်းနေ တရားခံမောင်ကြံတိုင်း အောင်၊ (အဘ) ဦးမင်းဒင်၊ အသက် (၇)နှစ်သည် ဇနီးဖြစ်သူ မသောင်းဆုကြည်၏ အသက်ရှူလေပြွန်အား လက်နှစ်ဖက်ဖြင့် အချိန်ကြာစွာ ဖိနှိပ်ခဲ့ပြီး၊

သေဆုံးခြင်းကို မြန်ဆန်အောင်ပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) အရ သေစားသေစေရန် အဓိန်ချမှတ်သည်။

မြို့နယ်တရားရုံးတစ်ခုလုံး ကျွက်ကျွက်ညံသွားပါတယ်။ လာရောက်ကြည့်ရှုနေတဲ့ မိန်းကလေးတချို့ အသံထွက် ငိုကြတယ်။ အမျိုးမျိုး. ဝေဖန်သံများ၊ သံဝေဒသံများ၊ မကျေနပ်သံများ စုံလို့ပါပဲ။

ခံစားချက် အပြင်းထန်ဆုံးက အထက်တန်းရှေ့နေ ဦးရဲကျော်ဦးပါ။

မဖြစ်သင့်ဘူးဆိုတဲ့ သဘောနဲ့ တရားရုံးအပြင်ဘက်မှ ငှက်ပျောပင်ကို လက်သီးနှင့် သွားထိုးနေမိပါတယ်။

'သေစားသေစေ' ဟု ဆိုတဲ့အသံကြားနေဆဲပါ။

ရှေ့နေကြီး ဦးမောင်မောင်အုံးမြိုင်က အယူခံတက်ဖို့ ဆောင်ရွက်တဲ့ ကိစ္စနဲ့ လှမ်းခေါ်တော့မှ ဦးရဲကျော်ဦး ဘီလစ်ရုံထဲ လိုက်သွားပါတယ်။

တရားသူကြီးကို လှမ်းကြည့် လိုက်တယ်။ တရားသူကြီးဥက္ကဋ္ဌ တွေ့သွားတာကြောင့် ဦးရဲကျော်ဦးကို လာတွေ့ဖို့ ခေါ်ပါတယ်။ တရားသူကြီးများ နားနေရာ အခန်းထဲ ဝင်သွားတယ်။

"ဥက္ကဋ္ဌကြီးကို အရှိအသေပေးပါတယ် ခင်ဗျား။ ကျွန်တော့်သူငယ်ချင်းကို ဘာလို့ ဒီလိုအမိန့်မျိုး ချတာပါလဲဆိုတာ ပြောခွင့်ရှိရင် ပြောပြပါခင်ဗျား"

ခံစားချက်ဖြင့် ပြောလိုသောစကားကို အချိသာဆုံးဖြစ်အောင် ပြောရပါတယ်။

တရားသူကြီး အပြုံးနှင့် ကြိုနေတာပါလား။ စားပွဲပေါ်က အသင့်ပြင်ထားတဲ့ ကော်ဖီတစ်ခွက်နှင့်လည်းညှိခံပါသေးတယ်။ ဒေါသကို မောင်းတင်လာမှန်း သိနေလို့ တစ်ခါတည်း ငြိမ်းချမ်းအောင် လုပ်လိုက်လေသလား။

တရားသူကြီးက သူငယ်ချင်းအတွက် တော်တော်ခံစားနေရကြောင်း ရိပ်စားမိပုံရပါတယ်။ တရားသူကြီးကိုယ်တိုင်လည်း ရင်ထဲ၊ နှလုံးထဲမှာ စာနာထားတဲ့ စကားကိုလည်း ပြောဆိုလိုက်ပါတယ်။

"တရားခံရဲ့ အချစ်ဆုံး သူငယ်ချင်း ဘိုတော့ ပြောပြရမှာပါ၊ သူ့ဇနီးအတွက် တစ်သက်လုံး ယူကျုံးမရဖြစ်နေမှာ၊ ကြေပွဲနေမှာ၊ ငိုကြွေးနေရမှာ၊ စိတ်မငြိမ်းဖြစ်နေရမှာ၊ လွမ်းဆွတ်နေမှာစိုးလို့ ဒီအမိန့်ချမှတ်ခဲ့တာပါကွာ"

"ရောက်တဲ့နေရာက စောင့်နေပါနော် ကိုကိုလိုက်ခဲ့မယ်"

တိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com

ဝန့်တိုး

(ရေးသူအကြို)

ပြည်သူ့ရွေးကောက်ပွဲသမား



ပြိုးမောင်မှာ လှည်းမြီးတို့ပေါ်တင်ထားသော သစ်တုံးပေါ်တွင် ခွထိုင်လိုက်ကာ သူ့ကျွဲနှစ်ကောင်ကို ကြိမ်တို့၍ သွက်သွက်မောင်းနေသည်။

သူငါးဖခင်ဖြစ်သူက လှည်းစခန်းတွင် လှည်းမြီးတို့ပေါ်သို့ သစ်တုံးတင်ပြီး သစ်တုံးမရွေ့ရန်၊ အတက်အဆင်းများတွင် သစ်တုံး နောက်လျှောခြင်းများ မဖြစ်စေရန် လှည်းရှေ့ဆောင်ပန်းနှင့်မှ လှည်းသံ နှစ်ချောင်းနှင့် သစ်တုံးကိုပါ သံကြိုးပတ်ချိတ်၍ ဂျက်တုပ်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"က. . . သားရေ၊ မင်းပဲ သစ်တုံးလှည်းကို တဖြည်းဖြည်း မောင်းလာခဲ့တော့ကွာ၊ အဖေ အိမ်ပြန်နှင့်တော့မယ်"

"ဟင့်. . . အဖေ၊ လှည်းနဲ့ စီးမလိုက်ဘူးလား၇"

"မစီးတော့ပါဘူးကွာ၊ လှည်းစီးလိုက်နေရင် အိမ်ကို စောစောပြန်ရောက်နိုင်မှာ မဟုတ်ဘူးလေကွာ"

သစ်တုံးအလေးချိန် တင်ထားသောလှည်းကို မောင်းရသည်က ဝန်မပါသော လှည်းကို မောင်းရသည်နှင့် မတူပေ။ သစ်တုံးအလေးကို ကျွဲများက ကုန်းရုန်းနေကြရ၍ တဖြည်းဖြည်းသာ သွားနိုင်ကြသည်။

"မင်း. . . ကျွဲတွေကို ရိုက်ပုတ်ပြီးလည်း မမောင်းနဲ့ဦးကွ၊ သူတို့က ဝန်ပါတဲ့လှည်းကို ရုန်းနေကြရတာလေ"

"ကျွန်တော် သိပါတယ် အဖေရာ၊ ဖြည်းဖြည်းပဲ မောင်းလာမှာပါ"

ကျွဲများက အမွေးပါး၍ နေပူဒဏ်ကို မခံနိုင်ကြပေ။ နေပူပူတွင် ဝန်အလေးတင်ပြီး ကျွဲများအား မောင်းပါလျှင် မောဟိုက်ကြပြီး ပါးစပ်မှ အမြှုပ်များပင် ထွက်လာကြသည်။ ထို့ကြောင့် ဖြစ်လာလျှင် လှည်းကို ခေတ္တရပ်နားပြီး ကျွဲတွေကို အနားပေးကြရသည်။

မောင်းလာရင်း ချောင်းကိုဖြတ်သည့်အခါ ချောင်းရေစပ်စပ်တွင် လှည်းရပ်၍ ကျွဲနှစ်ကောင်၏ ကိုယ်များပေါ်သို့ ရေပက်ပေးကြရသည်။ ကျွဲတစ်ကိုယ်လုံးအား ချောင်းရေစပ်စပ်အား လက်ခုပ်နှစ်ဖက်နှင့် စိုရွှဲအောင် ပက်ပေးရ၏။ ရေသောက်လျှင်လည်း ရေတိုက်ပေးရသည်။ ကျွဲများ၏ အားဆေးသည် ရေပင်ဖြစ်သည်။ မိုးဘယ်လောက်ပင်ရွာရွာ ကျွဲများက မမှုကြသည့်အပြင် မိုးရွာလျှင် ကျွဲများ ပျော်ရွှင်ကြသည်။ ကျွဲများကြောက်ကြသည်က နေပူခြင်း ဖြစ်သည်။

ဖြိုးမောင် သစ်တုံး တင်ထားသော လှည်းကိုမောင်းလာခဲ့ရာ လမ်းတွင် ချောင်းဖြတ်များသို့ ရောက်လျှင် ချောင်းရေတွင် လှည်းရပ်ထားရင်း တန်းလန်း၌ပင် ရေပက်ပေးသည်။ ရေပက်ပေးပြီး အမောပြေလျှင် ဆက်မောင်းသည်။ ချောင်းဖြတ်လေတိုင်း ကျွဲနှစ်ကောင်ကို ရေပက်ပေးကာ အားရှိစေပြီးမှ ဆက်မောင်းလာခဲ့လေသည်။

တချို့က မိမိတို့အိမ် ပြန်ရောက်ချင်တာသာ သိသည်။ ကျွဲများကိုလည်း ရိုက်မောင်း ပုတ်မောင်းနှင့်ပင် မညာမတာ မောင်းကြ၏။ ချောင်းဖြတ်သည့် အခါလည်း လှည်းပေါ်မှ လူကဆင်း၍ ချောင်းရေနှင့် ကျွဲများကို ပက်ပေးရမည်ကိုပင် လုပ်မပေးချင်ကြပေ။

"ငါ့မြေး. . . ကျွဲတွေ၊ နွားတွေကို ခိုင်းတဲ့နေရာမှာ ညာညာတာတာခိုင်းရတယ်ကွဲ့၊ သူတို့ကို နှားကြိုးတပ်ပြီး လိုသလို ခိုင်းခဲ့ကြတာပဲ၊ ဒါပေမဲ့ သူတို့က စိတ်ရှပ်တွေ မဟုတ်ဘူးကွ၊ သက်ရှိတွေ ဖြစ်တယ်၊ မတန်တဆ ဝန်တွေနဲ့ မိမိလိုသလို မသွားကောင်းလားဆိုပြီး ရိုက်နှက်ပြီးမောင်းရင် သူတို့ခမျာ ဓနဲ့အလေးကြီးကိုလည်း ရုန်းပေးကြရ၊ အရိုက်အနှက်လည်း ခံကြရဆိုရင် ဘယ်သက်ဆိုးရှည်နိုင်ပါ့မလဲ မြေးရယ်။

ဒါကြောင့် အစာလည်း ဝလင်အောင် ကျွေးပေး၊ ခိုင်းရင်လည်း ကိုယ်ချင်းစာတရားနဲ့ သက်သက်ညာညာ ခိုင်းပါ မြေးရယ်၊ သူတို့ဟာ သခင်က ထယ်ပဲထိုးခိုင်းခိုင်း၊ လှည်းပဲဆွဲခိုင်းခိုင်း၊ ထင်း၊ ဝါးတွေပဲ ဆွဲခိုင်းခိုင်း ကုန်းရုန်း လုပ်ပေးကြပါတယ်လေ"

ဖြိုးမောင်၏ အဘိုးရှိစဉ်တုန်းက ဆုံးမ သတိပေးခဲ့သော စကားများကို ပြန်လည်တွေးမိလာသည်။

ယခုတော့ သူ၏အဘိုး ဆုံးပါးသွားခဲ့သည်မှာ လေးငါးနှစ်ပင် ကြာခဲ့ပြီဖြစ်သည်။

ဖြိုးမောင်မှာ ကျွဲတွေနှင့် ခိုင်းရသည့်အခါတိုင်း သူ့အဘိုး သတိပေးထားသည့်အတိုင်း ညာညာတာတာပင် ခိုင်းလေသည်။

နေလက်တစ်ချက်က သူ့အိမ်မှ ကျွန်စကောင်ကို သူ အလွန်ဂရုစိုက်လေသည်။ တောထဲ၊ တောင်ထဲ မသွားရသည့်နေ့မျိုးတွင် ကျွဲတင်းကုပ်မှ ကျွဲနှစ်ကောင်ကို ရွာတောင်ဘက် တစ်ခေါလောက်ဝေးသော ချောင်းထဲသို့ မောင်းသွား၍ ရေချိုးပေးသည်။ ကျွဲနှစ်ကောင်ကလည်း ချောင်းထဲ ရောက်သည်နှင့် ရေထဲတွင် အိပ်ခဲ့ကြသည်။

"ဟာ. . . ကျွဲကိုယ်လုံးမှာ ရွှဲတွေ၊ ကျွဲချေးတွေ ကပ်နေတာပဲ၊ ငါ ပွတ်တိုက်ပြီး ချိုးပေးမှပဲ"

ဖြိုးမောင်မှာ ချောင်းကမ်းဘေးမှ မြက်တစ်ဆုပ်စာရအောင် နုတ်ယူသည်။ ပြီးလျှင် ထိုမြက်များကို လုံးလိုက်ကာ ရေဆွတ်၍ ကျွဲများကိုယ်ပေါ်မှ ရွှဲ၊ မစင်တို့ကို ပွတ်ချ၍ ရေပက်ပေးခဲ့သည်။

နံနက်စောစောတွင် ချောင်းရေထဲတွင် ထိုသို့ ပွတ်တိုက်ကာ ရေချိုးပေးခဲ့သဖြင့် ကျွဲများ၏ကိုယ်မှ အပူများမှာ အတွေ့တထောင်းထောင်း ထွက်ကြလေသည်။ ကျွဲ၊ နွားတို့အား ခိုင်းရုံသက်သက် သာ၍ သတ္တောထား၍ မဖြစ်ပေ။ သူတို့ကျန်းမာဖြိုးကာ အားအင်ရှိမှသာ လိုရာခိုင်းနိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် ဖြိုးမောင်၏ ကျွဲနှစ်ကောင်ကတော့ အစာလည်း ဝဝလင်လင် ကျွေးပေးသည့်အပြင် အလုပ်အားလပ်သည့် နေ့မျိုးများ၌လည်း ရေချိုးသန့်စင်ပေးခဲ့သဖြင့် ကျန်းမာကာ ဝဖြိုးနေကြလေသည်။

ဖြိုးမောင်တို့ ခြံထောင့်တစ်နေရာတွင် လယ်မှထွက်သော စပါးပင်များအား နယ်ဖတ်ပြီး ထွက်လာသော ကောက်နှိုးများကို ပုံထားသော ကောက်နှိုးပုံရှိသည်။ ထိုကောက်နှိုးပုံအား မိုးရေထဲတွင် ဒီအတိုင်း ပုံမထားဘဲ အမိုးနှင့် ထားသည်။ မိုးရေထဲ အမိုးမမိုးဘဲ ပုံထားလျှင် မိုးရေများဝင်ပြီး ကောက်နှိုးများ ဆွေးသွားလျှင် မစားကြတော့ပေ။

ဖြိုးမောင်က ကျွဲတွေ နေ့ခင်းဘက်တွင် လှံယ်ထဲ ထယ်ထိုး၊ လယ်

www.burmeseclassic.com

www.burmeseclassic.com

ထွန်လုပ်ကြပြီး ညနေ အိမ်ပြန်သွားလျှင် တင်းကုပ်ထဲတွင် ချည်ထားပြီး ကောက်ရိုးပုံမှ ကောက်ရိုး ဆွဲပွေ့လာကာ အစာကျွေးသော ခြံကလေးထဲသို့ အသိပ်အနှိပ် ထည့်ကျွေးပေးထားလေသည်။ ကျွဲများက ထိုကောက်ရိုးများအား စားလိုက်၊ အိပ်လိုက်၊ ထစားလိုက်နှင့် မိုးလင်းလျှင် ကောက်ရိုးတစ်မျှင်မျှ မကျန်တော့ပေ။

ဖြိုးမောင်တို့ ကျွဲတစ်ရှည်းကို ကြည့်လိုက်တိုင်း မဲပြောင်ကာ ဝမ်းနေကြလေသည်။

မိုးတွင်းပိုင်း လယ်များ စိုက်ပြီး သွားချိန်မှာတော့ ကျွဲ၊ နွားများ အနားရကြသည်။

"ငါ့ကျွဲနှစ်ကောင်ကို ငါ မြက်ပေါတဲ့နေရာတွေမှာ စီးကြောင်းသွားတိုက်ပေးမှပဲ၊ ဒါမှ ငါ့ကျွဲတွေ အစာဝကြမှာပဲ"

ကျွဲစီးကြောင်းတိုက်သည် ဆိုသည်မှာ ရှေ့ကျွဲပေါ်တွင် တင်ပါးလွဲတက်ထိုင်ကာ နောက်ကကျွဲကို ကြိုးရှည်ရှည်နှင့် ဆွဲကာ မြက်ပေါသော လယ်ကန်သင်း၊ ရိုးဘေး၊ ချောင်းကမ်းဘေးတစ်လျှောက် ကျောင်းပေးခြင်းပင် ဖြစ်သည်။ ထိုသို့ လူက စီးလိုက်၍ ကျွဲဆွဲပြီး ကျောင်းသဖြင့် ကျွဲတွေ ဆပါးပင်များကို မစားနိုင်ပါချေ။ နံနက်ပိုင်း ၁၁ နာရီခန့်နှင့် ကျွဲစီးကြောင်းတိုက်ပြီး ဗိုက်ပြည့်မှ အိမ်ပြန်မောင်းခဲ့သည်။ ညနေပိုင်း ၃ နာရီခန့် စီးကြောင်းတိုက်ပြန်သည်။ ည ၆ နာရီခန့်မှ အိမ်ပြန်မောင်းခဲ့လေသည်။

"သားရေ... ကျွဲတွေ ခြင်မကိုက်အောင် တင်းကုပ်ထဲမှာ မီးဖိုပေးထားဦးလေကွာ"

"ဟုတ်ကဲ့ အဖေ... ကျွန်တော် မီးထည့်ပေးနေပါပြီ"

ဖြိုးမောင်က တင်းကုတ်ဘေးနားတွင် နွေကတည်းက ခုတ်ပြီးပုံထားသော သစ်သားတုံးများကို ဖြတ်တောက်ကာ ဝါးခြမ်းများထည့်၍ မီးမွှေးသည်။

အနည်းငယ် အုပ်တင်၍ ဆန်ကောက်ရိုးအစိုး အနည်းငယ်အုပ်တင်၍ ဆန်ကောနှင့် ယပ်ခတ်ပေးသည်။ ထိုအခါ မီးဖိုမှ မီးခိုးများ ထွက်လာကြသည်။ ကျွဲတွေဘက် မီးခိုးရောက်အောင် ယပ်ခတ်ပေးသည်။ မီးခိုးများကြောင့် တင်းကုတ်ထဲရှိနေသော ခြင်များ ထွက်ပြေးကုန်ကြလေသည်။

ညဘက်တွင် တစ်နေနိုး တစ်ခါထ၍ တင်းကုတ်ထဲ ဆင်းကာ မီးဖိုမှ မီးစများကို ပြန်စုပုံပေးကာ ကောက်ရိုးအစို အနည်းငယ်တင်၍ ဆန်ကောနှင့် နာနာလေးယပ်ပေးလိုက်သောအခါ မီးတောက်လာ၏။ မီးခိုးများလည်း အူထွက်လာက ခြင်များ ပြေးကြလေသည်။ တစ်ညလျှင် နှစ်ကြိမ်၊ သုံးကြိမ်မျှ ကျွဲမီးယပ်ပေးရလေသည်။

"အဖေရာ... သားလေ... မနေ့က ကျွဲစီးကြောင်းတိုက်သွားတော့ ရိုးချောင်းရဲ့ ဟိုဘက်မှာ မြက်တွေတွေ့တာနဲ့ ကျွဲတွေနဲ့ ရိုးချောင်းကလေးကို ဖြတ်ကူးသွားပြီး စီးကြောင်းတိုက်ခဲ့တော့ ကျွဲတွေမှာ မျှော့နက်ကြီးတွေ သုံးလေးကောင် တွယ်ကိုက်နေကြတယ်လေ၊ သားလည်း ကျွဲတွေကိုကိုက်ပြီး သွေးစုပ်ရပါ့မလားဆိုပြီး အဲဒီ သွေးစုပ်နေတဲ့ မျှော့ကြီးတွေကို တံတွေးကို လက်မှာ ဆွတ်ပြီး ဆွဲခွာယူပြီး သားမှာပါတဲ့ ခါးမှာထိုးထားတဲ့ဓားနဲ့ နှုတ်နုတ်စင်း ပစ်လိုက်တယ် အဖေရဲ့"

"အေး... အဲဒီလိုမှ လူက မခွာပေးခဲ့ရင် အဲဒီမျှော့တွေဟာ သွေးဝအောင် စုပ်ပြီးမှ သူ့ဘာသာ ကွာကျသွားကြမှာလေကွာ"

ဖြိုးမောင်က သူ့ကျွဲများတွင် မျှော့တွယ်ခဲ့သဖြင့် ခွာပေးခဲ့ရပုံကို အသေးစိတ်ပြောပြနေလေသည်။ ဖခင်ဖြစ်သူတော့ သူသားက ကျွဲတွေကို ဂရုတစိုက်ရှိလှပုံကို သဘောကျနေလေသည်။

❑

သည်နေ့ ညနေဆာက်တွင် ဖြိုးမောင်၏ဖခင်သည် တောထဲမှ ထင်းတုံးဆွဲကာ လှည်းနှင့်ပြန်မောင်းလာခဲ့သည်။ ညနေ ၃ နာရီလောက်တွင် အိမ်ပြန်ရောက်လာလေသည်။

"အဖေ... သား ကျွန်စ်ကောင်ကို ရွာအနောက်ဘက်က လယ်ကန်သင်းတွေမှာ ကျွဲစီးကြောင်း သွားတိုက်ပေးမယ်ဗျာ"

"အေး.... အေး... အဖေလည်း မနက်စောစောကတည်းက ကျွဲတွေနဲ့ တောတက်ပြီး တုံးတိုက်လာခဲ့တာဆိုတော့ ကျွဲတွေ ဗိုက်ဆာနေကြမှာပဲကွ"

"ဟုတ်တယ် အဖေ၊ သား လယ်ထဲ မောင်းသွားပြီး ဗိုက်ပြည့်အောင် စီးကြောင်းသွားတိုက်တော့မယ်ဗျာ"

"အေး... အေး၊ သားရေ သိပ်ပိုးချေပ်အောင် မနေနဲ့ကွ၊ စောစောပြန်သွင်းလာခဲ့ဟေ့၊ အိမ်ရောက်မှ ကောက်ရိုးကျေးနှိုင်အောင် အဖေ တင်းကုပ်ထဲမှာ ကောက်ရိုးအဆင်သင့်ဆွဲပြီး ပုံထားပေးမယ်"

ဖြိုးမောင်လည်း ရှေ့ကျွဲတစ်ကောင်၏ ကျောပေါ်တွင် တင်ပါးလွဲထိုင်ပြီး နောက်က ကျွဲတစ်ကောင်ကို ကြိုးနှင့်ဆွဲကာ လယ်ထဲသို့ မောင်းသွားတော့သည်။

ရွာအနောက်ဘက်တွင် လယ်ကြားရှိ ကန်သင်းများတွင် မြက်များပေါများသည်။ ထိုလယ်များက ဟိုအနောက်ဘက် တောင်ခြေအထိ ရှိနေကြသဖြင့် ဖြိုးမောင်လည်း ကန်သင်းတစ်ချောင်း ပြီးတစ်ချောင်း စီးကြောင်းတိုက်သွားနေလေသည်။

"ဟာ... ရွာထဲက ကျွဲတချို့လည်း ငါ့လိုပဲ စီးကြောင်းတိုက်နေတာ သုံးလေးယောက်တောင် ရှိနေတာပဲ"

ဖြိုးမောင် ကန်သင်းတစ်ချောင်း ဆုံးလျှင် နောက်ကန်သင်းတစ်ချောင်းသို့ ကျွဲများကိုဆွဲကာ စိမ်ပြေနပြေစီးကြောင်းတိုက်ကာ ကျောင်းပေးနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကျွဲများကလည်း မနက်စောစောကတည်းက တောင်ပေါ်တက်ကာ ထင်းတုံးသွားတိုက်ကြရပြီး ဘာမျှအစာမစားကြရသေးသဖြင့် ဝိုက်ဆာနေကြသောကြောင့် စီးကြောင်းတိုက်ရာ တစ်လျှောက်တွင် တွေ့သောမြက်များကို ငုံ၍စားကြလေသည်။

"ဟာ. . . စီးကြောင်းတိုက်နေတဲ့ ကျွဲကျောင်းသားတချို့တောင် ရွာကို ပြန်ကြပြီပဲ"

"ဒီကောင်တွေက ကျွဲတွေကို ဝိုက်ပြည့်အောင်တောင် မကျောင်းကြဘဲ စောစောပြန်မောင်းသွားကြပါလား"

ဖြိုးမောင်ကတော့ ပီးချပ် မှောင်ခြေသန်းမှ သူ့ကျွဲများကို အိမ်ပြန်မောင်းမည်ဟု ဆုံးဖြတ်ထားသည်။ လယ်ထဲသို့ လှမ်းကြည့်လိုက်သောအခါ သူလိုကျွဲစီးကြောင်းတိုက်နေသူ နှစ်ဦးခန့်ရှိနေသေးသည်ကို တွေ့မြင်သဖြင့် အဖော်ရှိနေသေးသဖြင့် သူလည်း သူ့ကျွဲများအား ထိုအဖော်များ ပြန်မောင်းကြမှ ရွာပြန်မောင်းမည်ဟု စဉ်းစားခဲ့သည်။

"ဟာ. . . ဟိုစီးကြောင်းတိုက်နေတဲ့ကောင်တွေ ခုချိန်ထိ ကျွဲတွေ ပြန်မမောင်းကြသေးပါလား။ ဒါဆိုရင် ငါ့ကျွဲတွေကိုလည်း သူတို့ပြန်တဲ့အချိန်အထိ စီးကြောင်းဆက်တိုက်ပေးမယ်၊ ပီးချပ်တော့လည်း ဘာအရေးလဲ၊ အဖော်တွေ ရှိနေသေးတာပဲ"

အနောက်ဘက် တောင်ခြေနားနီးလာလေလေ မြက်တွေက ပေါ်လေလေဖြစ်၍ သူ့ကျွဲများလည်း နေအေးလေလေ စားကောင်းလေလေရှိကြကာ ဗိုက်များ ဖောင်းကားလာကြပေပြီ။ နေဝင်သွားပြီဖြစ်၍ လရောင်ပင် ထွက်လာနေပေပြီ။

"ဟင်. . . ဟိုခပ်လှမ်းလှမ်းက ကျွဲစီးကြောင်းတိုက်ပေးနေတဲ့ အကောင်တွေဟာ ပီးချပ်လာတာတောင် ကျွဲတွေ ပြန်မမောင်းကြသေးပါလား၊ ငါလည်း သူတို့ပြန်မောင်းတော့မှပဲ ငါ့ကျွဲတွေကို မောင်း. . . ကမယ်လေ"

"ဟေး. . . ဖြိုးမောင်၊ ဖြိုးမောင်ရေ"

"ဟင်. . . ဒီအသံဟာ ငါ့အဖေအသံပါလား။ ငါ ကျွဲတွေပိုးချပ်တာတောင် ပြန်မမောင်းလာသေးလို့ စိတ်မချလို့ အဖေ လယ်ထဲလိုက်ရှာပြီး ခေါ်နေတာထင်တယ်"

"ဗျို့. . . သား ဒီမှာလေ အဖေ"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ သားရယ်၊ ပီးချပ်နေပြီလေကွာ၊ ဘာပြလို့ ကျွဲတွေ ပြန်မောင်းမလာသေးတာလဲကွ၊ ဒီလို ပီးချပ်မှောင်လာရင် လယ်ထဲမှာက ပိုးကောင် မွားကောင်တွေ ထွက်ကြပြီမဟုတ်လား၊ တော်တော်ကြာ ကျွဲတွေ ပိုးထိပြီး ဒုက္ခရောက်နေမှာပေါ့ကွ"

"သားလည်း ဟိုမှာ ကျွဲစီးကြောင်းတိုက်နေတဲ့ အဖော်တွေ မပြန်ကြသေးလို့ သူတို့နဲ့အတူ ပြန်မယ်လို့ စိတ်ကူးပြီး ကျွဲတွေဝိုက်ပြည့်လေအောင် ကျောင်းပေးနေတာ အဖေရဲ့"

"ဟင်. . . ဘယ်မလဲကွ၊ မင်းရဲ့ ကျွဲစီးကြောင်းတိုက်နေတဲ့ အဖော်တွေ ဆိုတာ"

"ဟိုး . . . အနောက်ဘက်က လယ်ထဲတွေမှာလေဗျာ"

ဖြိုးမောင်က သူစောစောက တွေ့နေသေးသည့် ကျွဲစီးကြောင်းတိုက်နေကြသူများကို သူ့အဖေအား လက်ညှိုးထိုးပြနေ၏။

"ဘယ်မလဲကွ၊ လယ်ထဲမှာ တစ်ယောက်မှ မရှိကြတော့တာဘဲ၊ ရွာထဲက စီးကြောင်းတိုက်တဲ့ကောင်တွေ စောစော ပြန်လာပြီး၊ မင်း ပိုးချပ်နေလို့ စိတ်မချလို့ အဖေလိုက်လာခဲ့တာကွ"

ဖြိုးမောင်လည်း လယ်ကွင်းများ၏ အနောက်ဘက်ဆီသို့ ကျွဲစီးကြောင်းတိုက်နေကြသေးသူများကို လက်ညှိုးထိုးပြရန် ရှာပါသော်လည်း တစ်ယောက်မျှ မတွေ့ကြတော့ချေ။

"အဖေ. . . သားကို လှမ်းခေါ်တုန်းကဖဲ့ ဒီ[illegible]တွေ လယ်ထဲမှာ ရှိနေကြသေးတာဗျ၊ ဘာကြောင့် အခုတော့ မတွေ့ကြတော့တာလဲပဲ"

"သားကို ဒီတောစပ်က လယ်တွေထဲက ပရလောကသားတွေက ကျွဲစီးကြောင်းတိုက်နေတဲ့ ကျွဲကျောင်းသားတွေလို ဟန်ဆောင်ပြီးတော့ အဖော်ရှိသယောင် လုပ်ပြခဲ့တာပဲကွ၊ တကယ်တော့ လယ်ထဲမှာ တစ်ယောက်မှ မရှိကြတော့ဘူးလေကွာ။

အဖေ့သား သားကို ပြန်ရောက်လာမှာပဲဆိုပြီး လိုက်မခေါ်ခဲ့ရင် သားတစ်ခုခု ထိတ်လန့်စရာ တွေ့လာတော့မှာလေ၊ ပရလောကသားတွေက မင်းကို လယ်ထဲမှာ ကျွဲကျောင်းဖော်တွေ မရှိကြတော့ဘူးလို့ သိလာတဲ့အချိန်မှာ မင်း ကြောက်ရွံ့ထိတ်လန့်သွားအောင် ကျွဲစီးကြောင်း တိုက်ပြနေခဲ့တာပဲကွ"

"ဟာ. . . ဟုတ်လား အဖေ၊ သားက စီးကြောင်းတိုက်နေတဲ့ အဖော်တွေ ရှိနေကြသေးတယ်ဆိုပြီး သူတို့အားကိုးနဲ့ ပီးချပ်တဲ့အထိ ကျွဲစီးကြောင်းတိုက်ပေးနေခဲ့တာဗျ"

"သားပဲ လယ်တွေထဲကို ကြည့်လေ၊ ဘယ်မှာတွေ့ကြသေးလို့လဲ၊ မင်းမြင်တွေ့နေတဲ့ ကျွဲတွေရော၊ စီးကြောင်းတိုက်ပြသူတွေရော တစ်ယောက်မှ မတွေ့ကြတော့ဘူး မဟုတ်လား၊ အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြပြီလေ"

ဖြိုးမောင်လည်း သူ့အဖေရှင်းပြမှပင် သူ့အား ပရလောကသားများက ကျွဲစီးကြောင်း တိုက်နေကြဟန် ဖြူဆွယ်ခဲ့ခဲ့ရကြောင်း သိရှိခဲ့လေတော့သည်။

တင့်ထူး(ငယ်ပုတီ)

www.burmeseclassic.com

www.burmeseclassic.com

ဆန်းသင်း

ဒေါက်မြေ

ပုံလုံပင်ပေါက်နှင့် နှစ်ခု "၁၅၀" သင်္ချာ

အချိန်ကပိုဦးကျကာလ ကဆုန်လဆန်းပိုင်းက တဖွဲဖွဲ "လာဆုံဖို့သေး" ဟူသော ရွှေစာနှင့်အညီ မြက်သားမွေးချိန် အပင်စေ့တို့ အပင်ပေါက်ချိန်၊ မြေပဲတည်ခင်း၌ မြေပဲစိုးများ ပေါက်ချိန် နှတ်ယူ၍ ကြော်စားရခြင်းမှာ လွန်စွာအရသာထူးလှသည်။

ဟင်္သာတခရိုင် လေးမျက်နှာမြို့၏ အနောက်ပုသိမ်-မုံရွာကားလမ်းအနီး ကျောက်စရစ်ကုန်းရွာ၊ မောင်ဟန်သိန်းကား တောတွင်းမှ နွယ်ခုတ်၍ ဝါးလုံးတစ်ခုဖြင့် နွယ်ခွေများအား လျှိုး၍ထန်းလျက် အိမ်သို့အပြန်(ပုသိမ်-မုံရွာကားလမ်းဘေးအရောက် အပေါ်သွားလိုသဖြင့် နွယ်အထမ်းအားခံ၍ မလှမ်းမကမ်း ကန်သင်းဘေးသို့ အပေါ်တိုင်သွားလိုက်သည်။ အပေါ်သွားနေရင်းမှ ဟိုဟို ဒီဒီ မျက်လုံး ကစားလိုက်ရာ သူနှင့် နှစ်လံအကွာ ကန်သင်းဘေးမှ အရွက် နှစ်ရွက်ကားလျက် အညွန့်ကလေးထွက်နေသော တစ်ထွာခန့်မျှရှိ သစ်ပင်ကလေး တစ်ပင်အား စူးခနဲ မြင်လိုက်မိလေသည်။

"အ. . . ဟာ ဝုံလုံပင်လေး သန်လိုက်တာ"

မောင်ဟန်သိန်းကား အစိုက်အပိုး လွန်စွာ ဝါသနာပါသူဖြစ်သောကြောင့် အမြစ်ပါ ပါအောင် မြေကိုဧးမဖြင့် တူးလျက် ဖက်ဖြင့်ထုပ်ကာ အိမ်သို့ယူပြီးနောက် နေ့လယ် ထမင်းစားပြီးသောအခါ အိမ်နောက်ဘက် တစ်နေရာတွင် မြေတူးလျက် စိုက်ရန် ပြင်ဆင်လေတော့သည်။ ထိုအချိန် အိမ်ရှေ့ခြံဝမှ သျှောင်တစောင်းထုံးလျက် ကျာစီအက်ကြီး ရှမ်းတိုက်ပုံဘောင်းဘီကို ဝတ်လျက် အသက် ၄၀ ခန့်၊ မျက်လုံးစူးရှ နှာတံပေါ်၊ အသားလတ် အရပ်ငါးပေ လေးလက်မခန့်ရှိ မြို့ကုန်းရွာမှ သိုင်းဆရာကြီး ဦးသိန်း ရောက်လာလေသည်။

"ဗေး ဟန်သိန်း ဟန်သိန်းရေ"

"အာ- ဦးလေးသိန်း ကျွန်တော် နောက်ဖေးမှာဗျို့၊ သစ်ပင်လေးစိုက်နေလို့ အိမ်ပေါ်မှာ အဖေရှိတယ်ဗျို့၊ ခဏကြာ ကျွန်တော်လာခဲ့မယ်"

ဦးသိန်းကားအိမ်ပေါ်သို့ မတက်သေးဘဲ မောင်ဟန်သိန်း၏ သစ်ပင်စိုက်ရာသို့ တန်း၍ သွားလေသည်။ မောင်ဟန်သိန်းကား စိုက်၍ ပြီးသဖြင့် ရေပင်လျှင် လောင်းနေပေပြီ။

"မင်း သစ်ပင်က ဘာပင်လဲကွ"

"ဝုံလုံပင်လေ ဦးလေးသိန်း"

"မင်းဟာ မင်းပျိုးပြီး စိုက်တာလဲ၊ တခြားတစ်နေရာက ပေါက်နေတာတွေ့လို့ နှတ်လာပြီး စိုက်တာလားကွ"

"ဘာဖြစ်လို့လဲ ဦးလေးရဲ့"

"ငါမေးတာသာ ဖြေစမ်းပါကွာ"

"အင်း. . . ပို့တာတော့ မဟုတ်ဘူး၊ ပုသိမ်-မုံရွာကားလမ်းဘေးနားကတွေ့လို့ နှတ်လာတာ"

"အေး၊ အဲဒါ သိချင်တာ"

ပြောလည်းပြော ဦးသိန်းသည် မောင်ဟန်သိန်းစိုက်၍ ရေလောင်းထားသော ဝုံလုံပင်အား အမြစ်ပါ၊ ပါအောင် ဆွဲနှတ်လျက် ချိုးဖဲ့ဖျက်ဆီးပြီးလျှင် အိမ်နောက်ဘက် ဝါးနှစ်ပြန်ကျော်တွင်ရှိသော ရေစီးနေသော ချောင်းထဲသို့ ပစ်လိုက်လေတော့၏။

"ဟင် ဦးလေး ဘာဖြစ်လို့"

"မောင်ဟန်သိန်း လက်တွေ့ရေ ဆေးပြီး အိမ်ပေါ်လာ၊ လာ. . . ငါ ပြောစရာရှိတယ်"

ဝုံလုံပင်အား တယုတယ စိုက်ပြီး ခါမှ ဦးလေးသိန်း ဘာကြောင့် နှတ်၍

www.burmeseclassic.com

www.burmeseclassic.com

ရေမျောရသနည်း။ မောင်ဟန်သိန်း ဘဝင်မကျ။ ဘာကြောင့်ပါလိမ့်။ စိတ်တော့ နည်းနည်းထွေမိသည်။ လက်ဆေး၍ အိမ်ပေါ် ရောက်နေရာတွင် ထိုင်မိကြသောအခါ. . .

"မင်းကတော့ ဦးလေး စိတ်ဆိုး မလား၁ဘဲ၊ ဒုံလုံပင်မို့လို့ မင်းကို သေသေချာချာ မေးတာ၊ မင်းမသိသေးတာတွေ့ အများကြီး၊ နားထောင်၊ ငါ ပြောပြမယ်"

ဦးသိန်းကား အဖန်ရည်ကျနေပြီဖြစ်သော ရေနွေးခွက်အား တစ်ချက်တစ်ငုံသောက်လိုက်ပြီးနောက် စကား ဆက်လေတော့သည်။

▼

မြောင်အင်းရွာ၊ ထိုရွာကား မြန်မာနှင့် ကရင်လူမျိုးများစွာအားဖြင့် ရောနှောနေထိုင်သော အိုင်သပြုဟသ်တကားလမ်းဘေးရှိ ရွာတစ်ရွာဖြစ်လေသည်။ အရှေ့ဘက်သို့ဆိုလျှင် ခမောက်စု၊ နီဗွာန်၊ နတ်မောက်၊ ဟသ်တဖြစ်သကဲ့သို့ အနောက်ဘက်တွင် အိုင်သပြုကားလမ်းဆုံး၏ လေးမျက်နှာပြို့နာ မရောက်သေး မော်တော်ဖြင့် ဆက်၍ သွားရ၏။

မြောင်အင်းရွာ အရှေ့ဘက်ထိပ်တွင် ဦးသိန်းမောင်အိမ်၊ ဦးလေပွေအိမ်တို့ကား ရွာအဆုံးတွင် ရှိလေသည်။ ဦးသိန်းမောင်၏ဇနီး ဒေါ်ကျင်အေးနှင့် ဦးလေပွေ၏ဇနီး ဒေါ်ကျင်မြိုင်တို့ကား ညီအစ်မအရင်းများဖြစ်၍ ဒေါ်ကျင်မြိုင်ကွင် မသန်းမြိုင်နှင့် မသန်းငွေဟူ၍ သမီးနှစ်ယောက်ရှိသလို ဒေါ်ကျင်အေးတွင် မောင်စောမောင်ဟူသော သားတစ်ယောက်ရှိကြလေသည်။ ရွာပတ်လည်ပြင်ပ ခြံခတ်ထားသော်လည်း ၎င်းတို့အိမ်နှစ်အိမ်ကား မျက်နှာချင်းဆိုင် (ပေ ၃၀ အတွာ) ဆောက်ထားကြပြီး ခြံမရှိသော မိုးပျောက်ရေပျောက် သဲမြေသားမျိုး ရွာမြေဖြစ်လေသည်။

တစ်နေ့သောအခါ ဦးသိန်းမောင်သည် ရွာအရှေ့ဘက် သချိုင်းအစပ်နားမှ ဒုံလုံပင်ကလေးတစ်ပင် ပေါက်နေရာ လွန်စွာထွားကြိုင်းသန်မာလှသောကြောင့် နှစ်ရှက်သာရှိသေးသော ဒုံလုံပင်ပေါက်အား အမြစ်ပါ၊ပါအောင် တူးယူလျက် ဦးလေပွေ၏အိမ်ခေါင်းရင်း မြေနေရာ လွတ်တစ်ခုၭ စိုက်ထားလိုက်လေရာ တစ်လအတွင်း လွန်စွာ ပွားများကြီးထွားလျက် အသီး(ဒုံလုံသီး)များလည်း အုံဩဖွယ် အပြိုင်းအရှိုင်း သီးလေတော့၏။

ထူးခြားသည်မှာ ဒုံလုံပင်စိုက်ပြီး နောက်တစ်နေ့မှစ၍ ဦးလေပွေ၏ သမီးအကြီးမ မသန်းမြိုင်ကား ည အိမ်သာတက်ပြီးအပြန်တွင် တစ်စုံတစ်ခုကို မြင်၍ လန့်လျက် သတိလစ်မေ့မြော်သွားလေသည်။ အိမ်နီးနားများကို ဆေးဆရာများ ခေါ်ခိုင်းလျက် လည်းကောင်း၊ ရွာဦးကျောင်းဆရာတော် ရေမန်း စသည်ကြောင့် လည်းကောင်း၊ သတိရ သက်သာသွားသော်လည်း အိပ်ရာထဲတွင်သာ အနေများသည်။ ပြန်ကြောင်ကြောင် ငေးတိငေးငိုင်နှင့် ထမင်းလည်း သိပ်မစားတော့ပေ၊ စကားလည်း နည်းသွား သည်။ တစ်ခါမျှ မဖြစ်ဘူးသော အဖြစ် တစ်ခုလည်း ဖြစ်တတ်လာလေသည်။ ထိုအရာကား တစ်ခုခု တစ်စုံတစ်ရာ ဝင်ပူးသကဲ့သို့တည်း။

"ကျင်မြိုင်"

"ဘာလဲ ကိုလေပွေ"

"သန်းမြိုင် ကြည့်ရတာ ငါ့စိတ်ထဲ တစ်မျိုးဖြစ်နေတယ်၊ သွေးဒိုးသားဒိုးကော ဟုတ်ရဲ့လား မှသိဘူးဟယ် နော်"

"မပြောတတ်တော့ပါဘူးဟယ်၊ ဟို မိန်းကလေးကိစ္စဆိုရင်အောင် အသက် ၂၀ ကျော်နေပြီ၊ ပြီးတော့ ထိမ်တာ ငုပ်တာလည်းမရှိ ဘာရောဂါ ပြောရမှန်းတောင် မသိပါဘူး"

ဤသို့နှင့် မသန်းမြိုင်ကား အိပ်ရာထဲ၌ နေ၍ ထမင်းကို ရံခါသာစားသည်။

နှစ်လကျော်ခန့်ကြာသောအခါ ည ၁၀ နာရီခန့်အချိန်တွင် အိပ်ရာထဲတွင် ဒုတ်တုတ်ထိုင်၍. . .

"ဟဲ့. . . ငါ့ကို အမဲသား ချက်ကျွေးကြစမ်းပါ၊ ငါ့ကို အမဲသားချက်ကျွေးကြစမ်းပါ၊ စားချင်လို့ပါ"

"ဟာ လူမောက ဘယ့်နယ် အမဲသား။ အချိန်မတော်ကြီး ထုတောင်းနေရတာဖဲ့၊ မနက်လဲ မဟုတ်၊ ဘာလဲ မဟုတ်၊ ဘာလဲဟ"

ဦးလေပွေ မြည်တွန်လေရာ. .

"ဟဲ့. . . အခုသွား အိုင်သပြုကို အမဲသတ်ရဲ့မှာ သွားဝယ်၊ ရစေရမယ်၊ သွားသာသွား၊ နင်တို့ ငါ့ကို ဝယ်ချက်မကျွေးရင် ငါ လုံးဝ မအိပ်ဘူးနော်၊ ထိုင်စောင့်နေမှာ"

ဦးလေပွေကား စက်ဘီးဖြင့် အိုင်သပြု(၃ မိုင်ခန့်)သို့ ညကြီးသန်းခေါင် အမဲသားသွားဝယ်၍ ချက်ကျွေးရလေသည်။ အိပ်ရေးပျက်၊ အလုပ်ပျက်၊ စီးပွားရေးများ လစ်ဟင်းလာလေသော အခါ အကြံကောင်းဥာဏ်ကောင်း ပေးနိုင်သူများအဘုန် ရှာရလေတော့ပြီ။ ထို အချိန်၌ နီဗွာန်ရွာ အညာစုတွင်နေသော ဦးသိန်းကား (ဦးသိန်းမောင်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ) ရောက်ရှိ၍ လာလေသည်။

"သိန်းမောင် မသန်းမြိုင် ဘယ်လို စဖြစ်တာလဲ၊ မင်းသိလား"

"မသိဘူး အစ်ကို၊ သူ့အမေပြောတာတော့ လန့်ပြီး သတိမေ့ ဖျားရာက စတယ် ပြောရမှာပဲ"

"ဆရာတွေ ဘာတွေ ပင့်ပြီး ပြမကြည့်ဘူးလားကွ"

"ဝိန္ဓောဆရာတော့ လာလာ ကုတယ်၊ ကြီးမားတဲ့ ရောဂါရယ်လို့တော့ မတွေ့ဘူးတဲ့"

"အင်း. . အမဲသားဟင်းနဲ့ အမြဲတစ်ပတ် သုံးခါလောက် ချက်ကျွေးရတယ်၊ ပူးလိုက်ခွာလိုက်၊ မေးလို့လည်း မပြောဘူး၊ တစ်ခုခုတော့ ထူးဆန်းနေတာ အမှန်ပဲဟေ့"

"ဟုတ်တယ် အစ်ကို၊ ကိုလေပွေရော ကျွန်တော်ပါ ဘာလုပ်ရမှန်းကို မသိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းကား တစ်စုံတစ်ခုကို စူးစိုက်လျက် စဉ်းစားပြီးလျှင် မျက်နှာကား ဝင်းခနဲ ဖြစ်သွားလျက် လက်မျောက် တစ်ချက် တီးလိုက်လေသည်။

"က. . . သိန်းမောင်၊ ငါ မနက်ဖြန် ပြန်လာမယ်ကွာ၊ ငါ့ မိတ်ဆွေ ဆရာစဉ်း ပိန်းအင်းရွာမှာရှိတယ်၊ အထက်လမ်းဆရာ၊ ပြီးတော့ သူက အဓိဋ္ဌာန်အတိုင်း ကုသပေးတာ၊ ပယောဂအထူးနိုင်ကယ်၊ သွားပင့်ပြီး ပြန်လာမယ်"

"ဒါဆို အစ်ကို အဆင်ပြေပါ့မလား"

"အင်း ငါ့အတွေးသာ မှန်ရင် လုံဝ ပျောက်ကင်းချမ်းသာသွားမှာ သေချာတယ်"

"အေး အစ်ကို မနက်ဖြန် ညနေဟုတ်လား"

"ဟုတ်တယ်"

▼

နိဗ္ဗာန်အနီး ပိန်းအင်းရွာမှ အထက်လမ်းဆရာကြီးက မသန်းမြိုင်ရဲ့ ပယောဂကိုကုတော့မတဲ့ဟူသောသတင်းကား ပြောင်အင်းတစ်ရွာလုံးသာမက ကားလမ်းဘေးရှိ ဟံသာအေးကွက်သစ်မှလည်း လာရောက်ကြည့်ရှုကြသည်။ နံနက် ၉ နာရီခန့်တွင် အသက် ၆၀ခန့်၊ ဘဝမရုပ်သန့်သန့်၊ တိုက်ပုံအင်္ကျီနှင့် အထက်လမ်းဆရာကြီးဆိုသူကား ငှက်ပျောပွဲများပြင်၍ ဗီးများ ထွန်းညှိပြီး သောအခါ မသန်းမြိုင်အား ငင်းရှေ့တွင် ကျုံကျုံလက်အုပ်ချီ ထိုင်စေလျက်. . .

"က. . . ခုအချိန်ကစပြီး ဤလူနာကား ဆရာ့အပိုင်အဆိုင်ဖြစ်သည်၊ အခြားသူများ အန္တရာယ်ပြုမရစေသာတည်း၊ ကဲ ကြာတယ်၊ စွဲရင်းတိုင်း အမြန်လာ၊ ရောက်စမ်း၊ ကလေးမကလေးကို စီး၊ နှုတ်စီးပြ"

မသန်းမြိုင်ကား နတ်ပူးသကဲ့သို့ ပူးပြီး ဆရာအား ဦးချကန်တော့လေသည်။ ပြီးလျှင် အသံအောကြီးဖြင့် . .

"ချမ်းသာပေးပါ ဆရာကြီး၊ ကြောက်လှပါတယ်"

"အောင်မယ် မင်းအလှည့်ကျ ကြောက်သလား၊ မင်းဘယ်သူလဲ၊ ဘယ်မှာနေတာလဲ၊ ဒီကို ဘာကြောင့် အခုလို လုပ်တာလဲ၊ အစီအစဉ်နဲ့ ပြောစမ်း"

"ပြောပါ့မယ်၊ ကျွန်ုပ် နာမည် ထိပ်နီလို့ ခေါ်ပါတယ်၊ အသက်က ၁၅၀ ရှိပါပြီ၊ တိုအိမ်ရှေ့အိမ်က ကိုသိန်းမောင် ရွာပြင်သချိုင်းဝက ဝုံလုံပင် နုတ်လာလို့ အဲဒီအပင်နဲ့ လိုက်လာတာပါ၊ အိမ်ခေါင်းရင်းက ဝုံလုံပင်မှာ နေပါတယ်"

"ဟာ. . . ဝုံလုံပင်မှာ နေတာတဲ့၊ ကိုသိန်းမောင် သချိုင်းနားက နုတ်လာပြီး စိုက်တဲ့အပင်တဲ့၊ အသက်ကလည်း ၁၅၀ တဲ့၊ တို့ငယ်ငယ်က ကြားဖူးတဲ့ သရဲထိပ်နီကြီးဆိုတာလားဟ"

"အေး ဟုတ်မယ်၊ သိန်းအေးရေ ထူးဆန်းတယ်နော်၊ အသက်ကြီးသရဲက ဝုံလုံပင်လိုဟာမျိုးမှာ နေရတယ်လို့ ခုမှပဲ ကြားဖူးဟေ့"

သို့နှင့် ဆရာကြီးကား ဆောင်ရွက်သင့်သည်များအား ပြုလုပ်ပြီးလျှင် ဝုံလုံပင်အား သတ်၍ အမြစ်စိုက်အောင် နုတ်စေပြီး နုပ်နုပ်စဉ်း၊ ခြင်းနှင့်ထည့်ကာ လှည်းဖြင့်တင်၍ အိုင်းသပြု၊ ငဝန်မြစ်ထဲသို့ မျှောလိုက်လေတော့သည်။ ထို့နေ့၏ နောက်တွင်ကား မသန်းမြိုင်လည်း လူကောင်း၊ ကိုလေမွေတို့လည်း စီးပွားရေးပုံမှန်ပြန်၍ ယခင်အတိုင်းပင်ဖြစ်၍ သွားလေတော့သည်။

▼

"က. . . ဝုံလုံပင် ဇာတ်လမ်းက အဲဒါပဲ၊ တခြားအပင်တွေ ဘာစိုက်စိုက် သိပ်ကိစ္စမရှိဘူး၊ တခြားကလည်း နုတ်လာတယ်၊ အဲ ဝုံလုံပင်လည်း ဖြစ်တယ် ဆိုရင် အဲဒါ သတိထားပေတော့ ဆရာကြီး ပြောခဲ့ဖူးတယ်။

မောင်သိန်းအိမ်မှာ အများသူငါ စိုက်နေကျ ဟင်းသီးဟင်းရွက်ပင်ဆိုပြီး ပျိုးပြီးစိုက်၊ တခြားက နုတ်လာပြီး မစိုက်နဲ့၊ ဝုံလုံပင်မှန်ရင် အရွက် နှစ်ခွပဲယူလာလာ၊ သရဲ ပါလာပြီမှတ်၊ ပြီးတော့ သေးသေး မဟုတ်ဘူးနော်၊ ဒါကြောင့် ဝုံလုံပင်ကို ပိုသတိထားကြလို့ ပြောခဲ့ဖူးတယ်ကွ"

"ဩော်. . . ဒါကြောင့် ဦးလေးက တစ်ခါတည်း ဆွဲနုတ်ပြီး ရေမျှောတာကိုး"

"ဟ- ငါက ကိုယ်တိုင်ကြုံတွေ့လာတော့ လန့်ပြီးသား၊ ဘာပင်လဲ မေးတော့ မင်းက ဝုံလုံပင်၊ ပြီးတော့ တောစပ်က နုတ်လာတာဆိုတော့ ငါ နေလို့ မရတော့ဘူးကွ၊ ဒါကြောင့်ရေမျှောတာ"

"အင်း. . . ကျေးဇူးတင်ပါတယ် ဦးလေးသိန်းရယ်၊ ကျွန်တော် စိတ်နဲ့ အခုန ပြစ်မှားမိတာ ဘန်တော့ပါတယ် ခင်ဗျာ"

"အေး ရတယ်၊ မင်း မသေမချင်း ဒီကိစ္စကို အများသူငါကို ဖြန့်ဝေ၊ ဗဟုသုတ ပေးပါ၊ တခြားက ဝုံလုံပင်ကို မိမိအိမ်ခြံထဲ သယ်ဆောင်လာပြီး မစိုက်မိကြဖို့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ် ဦးလေး၊ ရေနွေးသောက်ဦး ဦးလေး၊ အိမ်ပြည်းလည်း ရပြီ၊ ငါးရံ့ခြောက်ဖုတ် ဆီဆမ်းနဲ့ သုံးဆောင်ပါဦး ဦးလေးရယ်"

ရေနွေးဝိုင်း အချိန်အတန်ကြာ သောအခါ လွယ်အိတ်ကို လွယ်၍ ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံနှင့် သျှောင်တစောင်းထုံးထားသော နဖူးမြင့်မြင့် ဦးလေးသိန်းအား ခြံဝင်းအပြင်သို့ လိုက်ပို့ရင်း မျက်စိတစ်ဆုံးကြည့်လျက်. . .

"အင်း ဦးလေးလာလို့ ဝုံလုံသရဲနဲ့ ဝေးသွားတာ ဓိမဟုတ်ရင်"

"ဟန်သိန်းရေ"

"အမလေးဗျ. . . . ! ဟာ အဖေ"

"ဟ. . ဘယ်လိုဖြစ်နေတာလဲ ဟ၊ နွားတွေ သွားမောင်းလာခဲ့တော့လေ၊ မွန်းတည့်တော့မယ်"

"ဟုတ်ကဲ့. . . ! ဟုတ်ကဲ့. . . အဖေ၊ အင်း. . . အင်း"

ဆန်းဝင်း(အောင်မြေ)

[ဤဖြစ်ရပ်မှန်စာစုဖြင့် အမေ၏အောင်မှားဖြစ်ကြသော ဦးလေးသိန်းဘော် နှင့် ဦးလေးသိန်းတို့အား ဂါရဝပြုပါ၏။]

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်ယာကြိုး



ရဲမြတ်တင်

"မင်းတို့က ဘာကောင်တွေလဲတဲ့၊ စစ်ထဲရောက်တာ နှစ်ရက်တစ်ပိုင်းပဲ ရှိသေးတယ်၊ ကိုယ်ပိုင်နံပါတ်တောင် မှင်မခြောက်သေးဘူး၊ တော်တော်လူဝါးဝ ချင်ပါလားဟင်"

ထိုကဲ့သို့ မျက်နှာထားတင်းတင်း၊ လေသံမာမာဖြင့် ကြိမ်းမောင်းနေသူကား တပ်သားကြီး မောင်ကြူးပင်ဖြစ်လေသည်။ သူကြိမ်းမောင်းလေသမျှ မျက်နှာလေးအောက်ချကာ ငြိမ်သက်စွာ ခံယူနေကြရသူများကား ကျော်မြင့်လွင်နှင့် သန်းတင်အောင်တို့နှစ်ယောက်ဝင်ဖြစ်သည်။

အကြောင်းရင်းကား သူတို့ နှစ်ယောက်စလုံး တာဝန်စွန့်ခွာမှု (သို့မဟုတ်) တာဝန်ကျရာနေရာမှ ခေတ္တခင်း လစ်ထွက်သွားမှုပင် ဖြစ်တော့သည်။

ဖြစ်ပျက်ပုံအလုံးစုံအား ဖော်ပြရမှည် ဆိုပါက ယခု သူတို့တုပ်ဖွဲ့က လူကြီးခရီးစဉ်တစ်ခုအတွက် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြရခြင်း ဖြစ်သည်။ သူတို့ရောက်ရှိနေသော နေရာကား အဝေးပြေးလမ်းမကြီးတစ်ခုပေါ်မှ ရွှေနဲ့သာအမည်ရှိ ကျေးရွာတစ်ရွာတွင် ဖြစ်သည်။

ထိုကျေးရွာ၏ ဘုရားဝင်းတစ်ခုအတွင်း၌ နေရာယူကာ လူကြီးယာဉ်တန်းဖြတ်ကျော်မသွားမချင်း လမ်းကင်းတာဝန်ကို ယူပေးနေကြရခြင်းပင် ဖြစ်သည်။

သူတို့ လုံခြုံရေးအဖွဲ့တွင် ဦးစီးခေါင်းဆောင်ဖြစ်သူ တပ်ကြပ်ကြီးစိုးညွှန့်အပါအဝင် စုစုပေါင်း ၉ ယောက်တိတိ ရှိသည်။ နေရာခွဲဝေချသူကား တပ်ကြပ်သိန်းအောင်နှင့် ရဲဘော်နှစ်ယောက်က ဘုရားဝင်း၏ အရှေ့ဘက် အိမ်စုတစ်စုတွင် နေရာယူထားသည်။ တပ်ကြပ်ကြီးစိုးညွှန့်နှင့် ရဲဘော်နှစ်ယောက်မှာ အလယ်ဗဟိုဖြစ်သော ဘုရားဝင်းအတွင်းမှာပင် နေရာယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် တပ်သားကြီးမောင်ကြူး ဦးဆောင်ကာ ကျော်မြင့်လွင်နှင့် သန်းတင်အောင်တို့ ပါဝင်သောအဖွဲ့က ဘုရားဝင်း အနောက်ရှိ ဇရပ်ဟောင်း တစ်ခုတွင် အသီးသီး နေရာယူထားကြလေသည်။

ဤတွင် တပ်သားကြီးမောင်ကြူးက ကျော်မြင့်လွင်တို့ နှစ်ယောက်ကို ဇရပ်ရှေ့မှ မန်ကျည်းပင်တန်းတွင် လုံခြုံရေး ကင်းချထားရာမှ သူတို့နှစ်ယောက်က ကင်းနေရာမှ ဖဲခွာပြီးလျှင် ကိုက် ၁၅၀ ခန့် အကွာအဝေးတွင်ရှိသော အိမ်ဆိုင်ကလေး တစ်ဆိုင်သို့ ဆေးလိပ်ဝယ်ရန် အလို့ငှာ ခဏတစ်ဖြုတ်ကလေး ထွက်သွားလိုက်မိကြသည်။

ထို့အချက်ကိုပင် အကြောင်းပြုကာ အဖွဲ့ခေါင်းဆောင် တပ်သားကြီးမောင်ကြူးက အထက်ပါအတိုင်း သူတို့နှစ်ယောက်ကို တန်းစီ၍ မိန့်ခွန်းခွေလိုက်ခြင်းပင် ဖြစ်သည်။ မောင်ကြူး၏ အသံက ထွက်ပေါ် လာပြန်သည်။

"မှတ်ထား ဟေ့ကောင်တွေ၊ ကင်းနေရာကနေ တစ်မိနစ်လောက် စွန့်ခွာသွားရင်တောင် သေဒဏ်အထိ အပြစ်ပေးလို့ရတယ်ကွ၊ မင်းတို့ကို လေ့ကျင့်ရေးက သင်မပေးလိုက်ဘူးလား၊ သောက်ပုံမလာတဲ့ကောင်တွေ"

မောင်ကြူး၏ ကြီးကြီးကျယ်ကျယ် စကားလုံးများအဆုံးတွင် သန်းတင်အောင်က ခေါင်းငုံ့ထားရာမှ တစ်ချက်မော့ကြည့်လိုက်မိသည်။ ဒါကိုပင် မောင်ကြူးက သူကို မကျေနပ်သည့် အကြည့်မျိုးဖြင့်ကြည့်သည်ဟု ထင်မှတ်သွားပုံရသည်။

"ဟိကောင်... ဘာကြည့်တာလဲ၊ ငါ့ကို မကျေနပ်ဘူးဆိုတဲ့ သဘောလား ဟေ့ကောင်"

"မ မဟုတ်ပါဘူး အစ်ကိုကြီး"

"မကျေနပ်ရင် လဲသေလိုက်၊ ငါက ဆရာမဟုတ်ပေမယ့် မင်းတို့ကို ဆုံးမလို့ရတယ်၊ စိန်ယာကွ... စိန်ယာ၊ နားလည်လား"

ထိုကဲ့သို့ သူကိုယ်သူ ဂုဏ်ဖော်သောစကားကို ဆောင့်ကြီးအောင့်ကြီး ပြောလိုက်ပြီးနောက် ကျော်မြင့်လွင်တို့ နှစ်ယောက်ကို မူလကင်းနေရာသို့ပြန်သွားရန် အမိန့်ပေးလိုက်သည်။

ကျော်မြင့်လွင်တို့ နှစ်ယောက် ကင်းနေရာသို့ ရောက်သွားပြီဆိုတော့မှ သူက ခုနက သူပြန်လာခဲ့သော ဆေးလိပ်သမ ကောင်မလေးများ၏အိမ်သို့ မြေဓာတ်ကားကားနှင့်ပင် ပြန်လျှောက်သွားလိုက်လေသည်။

ကျော်မြင့်လွင်တို့ နှစ်ယောက်က ကင်းနေရာဖြစ်သော မန်ကျည်းပင် အောက်မှ အုတ်ခုံပေါ်တွင် အတူထိုင်လိုက်ကြပြီးနောက် ကျော်မြင့်လွင်က မောင်ကြူးထွက်သွားရာဘက်သို့ မသိမသာ မျက်စောင်းထိုးကာ မကျေမချမ်းသံဖြင့် စပြောလိုက်သည်။

"ငါတို့ကိုတော့ အပြစ်အကြောင်းကြီးကြီးကျယ်ကျယ်တွေပြောလို့၊ သူကျတော့ ဆေးလိပ်လိပ်တဲ့ကောင်မလေးတွေနားမှာ ဖွန်ကြောင်ပြီး အာဝဲသွားရိုက်နေတယ်"

"တကယ်ဆို သူလည်း ရဲဘော်ပဲကွ၊ တို့နဲ့အတူ ကင်းမှာရှိနေရမှာပဲ၊ တော်တော်တရားမျှတတဲ့လူ"

"တို့ကို လူသစ်ကလေးတွေဆိုပြီး အနိုင်ကျင့်ဝိုလ်ကျနေတာကွ၊ သူကိုယ်သူ စိန်ယာကြီးဆိုပြီး"

"အလကား စိန်ယာပါကွာ၊ သူများတွေ စစ်သက် လေးငါးနှစ်လောက်နဲ့ ဆရာဖြစ်ကုန်ကြပြီ၊ သူမှာ ၁၀ နှစ်ပြည့်ခါနီးတာတောင် တစ်ရစ်မှမရသေးဘူး၊ သူ့အသုံးမကျလို့ပေါ့ကွ"

တစ်ယောက်တစ်လှည့်စီ ရင်ဖွင့်နေကြလေသည်။

○

သို့သော် သူတို့နှစ်ယောက်က ကံမကောင်းကြပါ။

အကြောင်းမှာ များမကြာမီပင် သူတို့က သူတို့၏ အချစ်တော်ကြီးနှင့် နောက်ထပ်တစ်ကြိမ် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံစည်း ပွေ့ဖက်ကြရပြန်သော ကြောင့်ပင် ဖြစ်ပါလေသည်။

ထို့နေ့က နံနက်ပိုင်းတွင် တန်းစီကွင်း၌ ဌာနချုပ်အရာခံဗိုလ်က လူမှုဝန်ထမ်းလုပ်ငန်းများကို အဖွဲ့လိုက် တာဝန်ခွဲဝေပေးသည်။ ကျော်မြင့်လွင်နှင့် သန်းတင်အောင်တို့နှစ်ယောက်က တပ်ခွဲစိုက်ခင်း၌ တာဝန်ကျသည်။ ဖြစ်ချင်တော့ သူတို့အဖွဲ့၏ အင်ချပ်က သူတို့ဆရာကြီး ကိုမောင်ကြူးပင် ဖြစ်နေပြန်တော့သည်။

သို့နှင့် တပ်ခွဲစိုက်ခင်းရှိရာသို့ လုပ်ငန်းသုံး ကိရိယာများဖြစ်သော မား၊ ပေါက်ပြားတို့ကို ကိုင်ဆောင်ကာ ထွက်လာခဲ့ကြသည်။ စိုက်ခင်းသို့ ရောက်သည်နှင့် ပေးထားသော တာဝန်အတိုင်း လုပ်ငန်းစကြသည်။ သူတို့၏ တာဝန်မှာ ရာသီသီးနှံများ စိုက်ပျိုးရန်အတွက် မြေပေါင်ကြီးငါးခုကို ဤမနက်ပိုင်းအတွင်းမှာပင် အပြီးလုပ်ဆောင်ရန်ဖြစ်သည်။

ဤတွင် မောင်ကြူးက လုပ်ငန်းခွင်၌ ခေတ္တခဏမျှသာ လုပ်ကိုင်ပြီးနောက် ထုံးစံအတိုင်း လစ်ထွက်သွားတော့သည်။ ကျော်မြင့်လွင်တို့ နှစ်ယောက်ကိုသာ လုပ်ငန်းပြီးအောင် လုပ်ကြရန် ခပ်မာမာ အမိန့်ပေးထားခဲ့သည်။ သူလစ်သွားသော နေရာက အခြားသို့မဟုတ်။ ဖဲဝိုင်းရှိရာသို့ ထွက်သွားခြင်းပင်။ တပ်ခွဲစိုက်ခင်းက မိန်းမလိုင်း (ခေါ်) အိမ်ထောင်သည်လိုင်း၏ နောက်ကျောဘက်တွင်ရှိသည်။ စိုက်ခင်းနှင့် ခပ်လှမ်းလှမ်းတွင် တပ်ရင်းကြက်ခြံရှိသည်။ တပ်ရင်းကြက်ခြံတစ်ဝိုက်တွင် ဝါးရုံတောများက အပြိုင်းအရိုင်းရှိနေသည်။ ထိုဝါးရုံတောသည်ပင် ကြိတ်ဝိုင်းသမားများ၏ 'ကုလားမပါးပွတ်' ကြသော လှို့ဝှက်စခန်းဖြစ်လေသည်။

သတင်းကြီးလှသော ထိုဝါးရုံတောတစ်ဝိုက်အား တပ်ရဲများက အခါအားလျော်စွာပင် စောင့်ကြည့်ကင်းထောက်နေလေ့ ရှိကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ဘသားချောဖဲချိုးများက စစ်သားများ ပီပီ အကင်းပါးနေကြပြီးသား ဖြစ်နေကြလေသည်။ သူတို့က ဦးထုပ်ဖြူတပ်ရဲများ အလစ်တွင်သာ ချုံခိုတိုက်လေ့ရှိကြရာ သူတို့အား လက်ပူးလက်ကြပ်မိသည့် အခါဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

မောင်ကြူး ဖဝိုင်းသို့ထွက်သွားပြီးနောက် ကျော်မြင့်လွင်တို့နှစ်ယောက်က လုပ်ငန်းခွင်၌ အားကြိုးမာန်တက်ပင် အလုပ်လုပ်ကြသည်။ သူတို့အပေါ် မောင်ကြူး ဖျံကျသွားပြန်ခြင်းကို သိပင် သိကြသော်လည်း အနှီစစ်အိုကြီးအား ကာပြန်ခြင်းငှာ မစွမ်းနိုင်ကြလေသည်မို့ ကြိတ်မှိတ်၍သာ ခေါင်းငုံ့နေလိုက်ကြခြင်းဖြစ်သည်။ တစ်ဝိုင်းအားဖြင့်လည်း သုံးယောက်အတွက် ပေးထားသော တာဝန်ကို နှစ်ယောက်တည်းလုပ်ရသည့် အတွက် ပင်ပန်းလှသော်ငြား မပြီးမချင်း တန်းဖြုတ်ရမည် မဟုတ်သောကြောင့် သူတို့က လုပ်ငန်းတွင်း အားစိုက်ထားလိုက်ကြခြင်းလည်း ဖြစ်လေသည်။

သို့နှင့် မြေပေါင်ကြီးသုံးခု ပြီးဆုံးသွားချိန်တွင် သူတို့နှစ်ယောက် အတော်လေး မောဟိုက်သွားကြလေပြီ။ သူတို့၏ တစ်ကိုယ်လုံးတွင်လည်း ချွေးတွေသံတွေ တလုံးလုံးနှင့် ဖြစ်နေကြလေပြီ။

ထို့ကြောင့် သန်းတင်အောင်က-

"ပေ့ကောင် ကျော်မြင့်လွင်... ခဏနားကြဦးစို့ကွာ"

"အေး... နားလေ၊ နားရင်းနဲ့ သက်သာဆိုင်ဘက်ကို ကွမ်းတစ်ယာစီလောက် သွားဝါးကြရင် မကောင်းဘူးလား ပေ့ကောင်"

"အေး... ကောင်းသားပဲ၊ ဒါပေမဲ့..."

သန်းတင်အောင်က စကားကို ရပ်ကာ စဉ်းစားနေသည်။ သူစိတ်ထဲတွင် ကိုယ့်သဘောနှင့်ကိုယ် လုပ်ငန်းခွင်၌ ထွက်သွားရမည့်အရေး ဝန်လေးနေမိသည်။ လုံခြုံရေးတုန်းက လက်ဝါးစာ အကျွေးခံရသည့် အဖြစ်ကို ပြန်အမှတ်ရနေသည်။ ထို့ကြောင့် -

"တို့ ဒီအတိုင်းသွားလို့ မကောင်းဘူးထင်တယ်ကွ၊ ဟိုလူကြီးကို သွားပြောဦးမှ ဖြစ်မယ်ထင်တယ်၊ မင်း ဒီမှာနေခဲ့ကွာ၊ ငါသွားပြောလိုက်မယ်"

"အေး..."

သန်းတင်အောင်က ဖုတ်ဖက်ခါပြီး ထွက်သွားသည်။ မကြာမီပင် ဖဝိုင်းရှိရာသို့ ရောက်သွားသည်။ ထို့နောက် ဖဝိုင်းတွင်ထိုင်နေသော မောင်ကြူးအား အကျိုးအကြောင်းကို သတင်းပို့လိုက်သည်။ မောင်ကြူးက ဖဲဝေမွှန်နေချိန်မို့ သန်းတင်အောင်ကို လှည့်၍ပင်မကြည့်ဘဲ ခေါင်းညိတ်ကာ ခွင့်ပြုချက်ပေးလိုက်သည်။ သို့ကြောင့် သန်းတင်အောင်က စိုက်ခင်းသို့ပြန်လာကာ ကျော်မြင့်လွင်နှင့်အတူ သက်သာဆိုင်ဘက်သို့ ထွက်လာခဲ့ကြတော့သည်။

သက်သာဆိုင် ရောက်သည်နှင့် ကွမ်းယာဝယ်ကြသည်။ ကွမ်းယာဝယ်ပြီးပြီးချင်းပင် အလုပ်ရှိရာသို့ ပြန်လာခဲ့ကြသည်။ သို့သော် လမ်းခုလတ်မှာပင် အခြေအနေက မမျှော်လင့်ဘဲ တစ်မျိုးပြောင်းသွားသည်။ သက်သာဆိုင်မှ ထွက်လာပြီး စေ့စေ့တန်းနားအရောက်တွင် သန်းတင်အောင်က သူလိုက်နေသော ခွေးအုပ်ကြီးသမီး ဝင်းဝင်းသန်းကို စေ့စေ့တန်းထဲမှာပင် လှမ်းမြင်လိုက်မိသည်။ ထို့ကြောင့် ကျော်မြင့်လွင်ကို ထားခဲ့ကာ သူက ဝင်းဝင်းသန်းအပါးသို့ ချဉ်းကပ်သွားသည်။

ကျော်မြင့်လွင်ကလည်း အထာပေါက်ပြီးသားဖြစ်သည်။ နီးရာ တပ်တွင်း အပ်ချုပ်ဆိုင်အတွင်းသို့ ဝင်ထိုင်ပြီး စောင့်နေလိုက်သည်။ ပထမတော့ သန်းတင်အောင်က သူ့ကောင်မလေးအပါးတွင် ကပ်ပြီး စကားပြောနေသည်။ ထို့နောက် ကောင်မလေးက စေ့စေ့တန်းထဲမှ ပျောက်သွားသည်။

ကျော်မြင့်လွင်က စောင့်မြဲစောင့်နေလိုက်သည်။ စောင့်ရင်းနှင့်ပင် အချိန်တဖြည်းဖြည်းကြာလာသည်။ ထိုအခါ သူ စိုးရိမ်စိတ်ဝင်လာသည်။ မပြီးသေးသော လုပ်ငန်းအတွက် နောက်ဆုံးငင်နေမိသည်။ သူတစ်ယောက်တည်း အလုပ်ဆီသို့ပြန်သွားလိုက်ရ ကောင်းလေ မလားဟုလည်း တွေးနေမိသည်။

ထိုအခိုက်မှာပင် သန်းတင်အောင်က သုတ်သီးသုတ်ပျာနှင့် စေ့စေ့တန်းအတွင်းသို့ ပြန်ဝင်လာသည်။ ကျော်မြင့်လွင်က ထိုင်ရာမှ ရုတ်ခနဲထကာ ဆီးပြောလိုက်သည်။

"ဟေ့ကောင် ဘာလို့ ဒီလောက်ကြာနေတာလဲ၊ ဟိုမှာ အလုပ်က မပြီးသေးဘူး၊ မင်းက ဖွန်တွေ့တာနဲ့ ဖွတ်မေ့ပတတ်မှေ့ပဲကွ"

"ဟီး... ဟီး... ဟုတ်ပါဘူးကွာ မင်းကလည်း၊ တစ်ခါတလေပါကွ"

"တစ်ခါတလေ မလုပ်နဲ့၊ တို့ ထွက်လာတာ တော်တော်ကြာပြီ၊ ဟိုလူတောင် ပြန်ရောက်နေပြီလားမသိဘူး"

နှစ်ယောက်သား ခြေလှမ်းသွက်သွက်ဖြင့် ပြန်လာခဲ့ကြသည်။ ဤတွင် သူတို့ စိုက်ခင်းနား မရောက်မီမှာပင် ထိတ်ခနဲ ရင်အခုန် မြန်သွားကြရတော့သည်။ အကြောင်းမှာ သူတို့ထင်သည့် အတိုင်းပင် ကို၌မောင်ကြူးကြီးက သူတို့အရင် ရောက်နှင့်နေသည်ကို လှမ်းမြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူတို့ စိုက်ခင်းနားရောက်သွားသည်နှင့် မောင်ကြူးက ပေါက်ပြားပေါက်နေရာမှ မော့ကြည့်လိုက်သည်။ ပြီးလျှင် ပေါက်ပြားကိုပစ်ချလိုက်ကာ ခါးထောက်လိုက်သည်။

သူတို့နှစ်ယောက်ကိုလည်း မှုန်သောမျက်နှာ၊ ပြူးသောမျက်လုံးတို့ဖြင့် စူးစူးကြိုးစိုက်ကြည့်သည်။ မောင်ကြူး ဒေါသထွက်နေပြီမှန်း သူတို့ သိလိုက်ကြလေပြီ။ အမှန်မှာ မောင်ကြူးက ဖဲရှုံးသဖြင့် စိတ်ပျက်လက်ပျက် ထပြန်လာစဉ် သူတို့နှစ်ယောက်ကိုပါ အလုပ်ခွင်၌ မတွေ့ရသဖြင့် ပို၍စိတ်တိုသွားရခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"လာစမ်း ဟေ့ကောင်တွေ. . . ဘယ်သွားနေတာလဲ မင်းတို့"

"ကျ. . . ကျွန်တော်တို့ သက်သာဆိုင်သွားနေတာလေ၊ အစ်ကိုကြီးကိုတောင် ခွင့်တောင်းခဲ့သားပဲ"

"ဩ. . . ငါ့ကို ခွင့်တောင်းပြီး ထွက်သွားတာက ဘယ်လောက်ကြာပြီလဲ၊ မင်းတို့ထွက်သွားတဲ့အချိန်ကို ပြန်ကြည့်၊ ကမ္ဘာတောင်ပတ်လို့ရတယ်ကွ၊ အခွင့်အရေးလေး နည်းနည်းလောက် ပေးလိုက်တာနဲ့ များများယူချင်တဲ့ကောင်တွေ၊ သနားလို့ လက်ပေးကိုင်၊ ပါးတက် နမ်းချင်တယ်ဆိုတဲ့ကောင်တွေ၊ ဘာလဲကွ. . . မင်းတို့က မင်းတို့နဲ့အတူ ငါ အလုပ်မလုပ်ဘူးဆိုပြီး တို့အရေးလုပ်တဲ့ သဘောလား၊ ဆန္ဒပြတဲ့သဘောလား၊ ဟုတ်လား"

"ဒီ. . . ဒီလိုမဟုတ်ပါဘူး အစ်ကိုကြီး"

"အေး. . . ငါအလုပ်မလုပ်လို့ မကျေနပ်ရင် လဲသေလိုက်ကြ၊ စီနီယာကွ. . . စီနီယာ၊ ငါ့လိုနေချင်ရင်၊ ငါ့လို ဖြစ်ချင်ရင် ငါ့ထက်စစ်ထဲအရင်ဝင်၊ ငါ့လိုစီနီယာဖြစ်အောင် ကြိုးစား၊ လာခဲ့စမ်း. . . ဟေ့ကောင်တွေ"

ပြောပြီး မောင်ကြူးက ရှေ့တိုးလာသည်။ လက်ကိုပါ မြှောက်လိုက်သည်။ သူတို့နှစ်ယောက်က ပြိုင်တူလိုပင် မျက်လုံးကိုမှိတ်ထား ခေါင်းကိုငုံ့ထားလိုက်ကြသည်။

သို့သော် သူတို့ထင်ထားသလို မောင်ကြူး၏လက်ဝါးက ကျရောက်မလာပါချေ။ လေထဲမှာပင် တန့်သွားသည်။ အကြောင်းမှာ ဌာနချုပ်စီအက်စ်အမ် ဆရာကြီးမောင်ထွန်းက လုပ်ငန်းစစ်ရန်အတွက် အထေးမှလာနေသည်ကို မောင်ကြူးက လှမ်းမြင်လိုက်ရသည်မို့ ထိုကဲ့သို့ အထက်ပါအတိုင်း တစ်ဝက်တစ်ပျက်နှင့် ဘရိတ်အုပ်သွားရခြင်းပင် ဖြစ်သည်။

ထို့နောက်တွင် သူတို့က လက်နက် ကိရိယာများကို ကပျာကယာ ကောက်ကိုင်လိုက်ကြကာ ဆရာကြီး မောင်ထွန်းအနီးသို့မရောက်မီ အားကြိုးမာန်တက် အလုပ်လုပ်နေကြလေဟန် ခပ်သွက်သွက်ကလေး လုပ်ငန်းစလိုက်ကြလေသည်။

○

တကယ်တော့လည်း ကျော်မြင့်လွင်တို့၊ သန်းတင်အောင်တို့လောက်သာ ထိုစီနီယာကြီးအပေါ် မေတ္တာတုံးမိကြသည် မဟုတ်။ အခြားရဲဘော်များ၊ တစ်နည်းအားဖြင့် ထိုစီနီယာကြီးနှင့် ဆက်စပ်ပတ်သက်ဖူးသူတိုင်းလိုလိုတပင် အငေါ်တူးမိကြသည်သာ။ ချဉ်စူးမိကြသည်သာ။

ထိုစီနီယာကြီး၏ အကြောင်းကို ကြာလေ သိလေ ဖြစ်ကြရပြီးနောက် သူနှင့်အတူ အလုပ်အတူလုပ်ရမည်ကို လည်းကောင်း၊ ခရီးအတူသွားရမည်ကို လည်းကောင်း ကြောက်လန့်မိကြသည့် အပြင် ဖြစ်နိုင်က သူနှင့်တပ်စိတ်တစ်စိတ်တည်း၊ တပ်စုတစ်စုတည်း အတူတူမနေလိုသည်အထိပင် ဖြစ်မိကြရသည်။

ရဲဘော်ကလေးများအချင်းချင်း တစ်နေရာရာ၌ တွေ့ဆုံမိကြသည်နှင့် မောင်ကြူးနှင့် မောင်ကြူး၏ စီနီယာဝါဒ အကြောင်းကို နှာခေါင်းတရှဲရှဲ၊ မျက်နှာတမဲ့မဲ့နှင့် ဖွင့်ချပြောဆိုတတ်ကြစမြဲပင် ဖြစ်သည်။

ဤသည်မှာ သူ၏ စီးပိုးခြင်းကို ခံခဲ့ရသူတိုင်းအတွက် သူနှင့်ပတ်သက်၍ လူသတင်း လူချင်းဆောင်၍ မဆုံးနိုင်အောင် ဖြစ်နေရခြင်းလည်းဖြစ်သည်။

ထိုနေ့ကလည်း တနင်္ဂနွေ တပ်ဝိတ်ရက်ဖြစ်သည်နှင့်အညီ ကျော်မြင့်လွင်နှင့် သန်းတင်အောင်တို့က မိန်းမလိုင်းထဲမှ တစ်ပတ်စဉ်တည်း ကျောင်းဆင်းဖက် သူငယ်ချင်းဖြစ်သူ တပ်သားမြင့်ထူး၏ လိုင်းခန်းသို့ အလည်အပတ် သွားကြရင်း ထိုမောင်ကြူးကြီး၏ အကြောင်းကိုပင် စပ်မိစပ်ရာ ပြောဆိုမိကြလေသည်။ သူတို့အပြင် အနီးအနားရှိ လိုင်းခန်းများမှ စစ်သက်ရင့်ရဲဘော်တချို့ပါ ထပ်မံ၍ ရောက်ရှိလာပြန်ရာ မြင့်ထူး၏ လိုင်းခန်းအတွင်း၌ စကားဝိုင်းက ပိုမိုစည်ကားသွားတော့သည်။

ကျော်မြင့်လွင်က လုံခြုံရေးတွင် တစ်ခါ၊ တပ်ခွဲစိုက်ခင်း၌တစ်ခါ မောင်ကြူးနှင့် နှစ်ပါးသွားခဲ့ရပုံများကို ပြောပြီး သည်နှင့် စစ်သက် သုံးနှစ်ခန့်ရှိပြီဖြစ်သော တပ်သားအောင်တိုးက ဆက်၍ ပြောလိုက်လေသည်။

"ဒီလူကြီး အကြောင်းကတော့ မပြောပါနဲ့တော့ကွာ၊ သူက တကယ့်ပွကြီးပဲ၊ သူမနေဖူးတဲ့ တပ်ခွဲလည်း မရှိတော့ဘူး၊ တပ်ခွဲပေါင်းကိုးခုံနေပြီ၊ သူကို ဆို ဟိုတပ်ခွဲကပုတ်ထုတ်လိုက်၊ ဒီတပ်ခွဲကပုတ်ထုတ်လိုက်နဲ့ပို့ တော်လီဘော်မောင်ကြူးလို့တောင် ခေါ်တဲ့သူက ခေါ်ကြတယ်၊ အခု တို့တပ်ခွဲကနေ ထပ်ပုတ်ထုတ်လိုက်လို့ မင်းတို့တပ်ခွဲကို နောက်ဆုံးရောက်လာတာကွ ကျော်မြင့်လွင်ရ"

"ခင်ဗျားတို့ တပ်ခွဲမှာတုန်းကလည်း ဒီလိုပဲလား၊ စီနီယာကြီးဆိုပြီး ဝိုလ်ကျံတာပဲလား"

"သိပ်ကျပေါ့၊ ဒီလူကြီးက စစ်သက်ကလည်း ဒုတပ်ကြပ်တွေ၊ တပ်ကြပ်တွေထက်တောင် ကြီးသေးတယ်ဆိုတော့ ဆရာတွေက သူ့ကိုဆိုရင် ပြောရလည်းခက်၊ ရိုက်ရလည်းခက် ဖြစ်နေကြတာကို။ ဆရာတွေက အဲဒီလိုအားနာပြီး မျက်နှာလွဲနေလေလေ၊ သူက တို့လို ရဲဘော်လေးတွေကို ဖိနိုင်လေလေပေါ့ကွာ၊ ရဲဘော်တွေကိုတန်းစီရင် သူက မစီချင်ဘူး၊ လုပ်အားပေးခဲ့ရင် သူကမလိုက်ချင်ဘူး၊ မတတ်သာလွန်းမှသာ လိုက်တယ်၊ လိုက်ပြန်တော့လည်း မင်း စိုက်ခင်းမှာ ကြုံခဲ့ရသလို သူက ဘာမှမလုပ်ဘူး။ အောက်က ရဲဘော်လေးတွေကိုပဲ လက်ညှိုးထိုးပြီးခိုင်းတယ်၊ အခွင့်အရေးကျတော့ သူကအကုန်ယူတယ်၊ ပိုပြီးတော့တောင် ယူလိုက်သေးတယ်၊ ဒါ့အပြင် တို့လိုရဲဘော်လေးတွေကိုဆိုရင် သူက သူ့အတွက် ဖိကြီးမှာ ထမင်းဟင်းသွားယူခိုင်းတာတို့၊ သူယူနိုင်မင်း

www.burmeseclassic.com

www.burmeseclassic.com

အလျှော်ခိုင်းတာတို့၊ သူအညောင်းအညာပြေအောင် နင်းနှိပ်ခိုင်းတာတို့ကိုတောင် ခိုင်းလိုက်သေးတယ်၊ တော်တော်လူဝါးဝတဲ့သူပါကွာ၊ ဒါကြောင့်လည်း သူ ခုထိ ဘော်ဘော်ကြီးဘဝနဲ့ပဲ နေရတာ"

"ရှေ့တန်းမှာကျတော့ကော ဘယ်လိုလဲ၊ ဒီအချိုးအတိုင်းပဲလား"

"သိပ်သေချာတာပေါ့၊ ရှေ့တန်းမှာလည်း ဖျင်းတာပဲ၊ ဖျင်းတာပဲ၊ ထိမင်းချက်ဖို့တို့၊ ကင်းစောင့်ဖို့တို့၊ ကျင်းတူးဖို့တို့လို အလုပ်မျိုးတွေကို ငါတို့ချည်းပဲ အသားကုန်လုပ်ရတယ်၊ သူက ပါးစပ်စိုက်ရုံပဲ၊ ဒီကြားထဲ လူကပျင်းတဲ့အပြင် အကျင့်ကပါ၊ မကောင်းချင်ပြန်ဘူးညည်း၊ ကင်းစောင့်ရင် သူများတွေလို နှစ်နာရီ တိတိပြည့်အောင် သူက ဘယ်တော့မှ မစောင့်ချင်ဘူး၊ နာရီကို ခိုးခိုးပြီးလှည့်တယ်။

တစ်ညမှာ သူကြောင့် တပ်စိတ်တစ်စိတ်လုံး တပ်စိတ်မှူးထရိုက်တာကို ခံလိုက်ရသေးတယ်၊ အဲဒီညက သူက သူကင်းချိန်အတွင်းမှာ နာရီကို ခိုးလှည့်ထားတယ်၊ သူစောင့်ရမှာက ၁၂ နာရီကနေ ၂ နာရီအထိကွ၊ အဲဒါ သူက နာရီဝက်လောက်ပဲ စောင့်ပြီး သူနောက်က ရဲဘော်ကို ကင်းချိန်းသွားတယ်၊ သူနောက်ကရဲဘော်ကလည်း အဟုတ်မှတ်ပြီး ဆက်စောင့်နေတာပေါ့၊ ဒါနဲ့ တစ်ယောက်ပြီးတစ်ယောက် ဆက်စောင့်သွားလိုက်ကြတာ ကင်းတွဲသာ ကုန်သွားတယ်၊ မိုးကမလင်းသေးဘူး။ ဘယ်လင်းသေးမလဲ၊ နာရီလက်တံကသာ ၆ နာရီကိုပြနေတာ၊ တကယ့်အချိန်က ၄ နာရီခွဲပဲ ရှိသေးတာကိုး"

"ဒါနဲ့ ဘယ်လိုတွေဆက်ဖြစ်ကုန်ကြလဲ"

"ဘယ်လိုဖြစ်ရမလဲ၊ မူညံပူညံတွေဖြစ်ကုန်တာပေါ့၊ နောက်ဆုံးကင်းသမားက သူလည်း နှစ်နာရီပြည့်အောင် စောင့်ပြီးပြီ၊ မိုးကလည်း မလင်းသေးဘူး၊ ဒီတော့ တစ်ဏနေပြန်စကွာဆိုပြီး ကင်းဦးကကောင်ကို ပြန်နှိုးရာကနေ ပူညံပူညံတွေ ဖြစ်ကုန်ကြတာ၊ အဲဒါ တပ်စိတ်မှူးကပါနိုးလာပြီး အဖြစ်မှန်ကိုသိရတာနဲ့ တပ်စိတ်တစ်စိတ်လုံး တန်းစီခိုင်းပြီး စစ်တော့တာပဲ"

"စစ်တော့ ပေါ်ရောလား"

"ဘယ်ပေါ်မတုံး၊ ဘယ်သူမှ ဝန်မခံဘူး၊ ဝန်ခံရအောင်ကလည်း ဘယ်သူမှမှ မလုပ်တာ၊ နာရီလှည့်တဲ့ကာကဒီလူကြီးပဲဟာ၊ သူလက်ချက်မှန်း တို့ကရိပ်မိပေမယ့် ဘယ်ပြောရဲကြပါ့မလဲ၊ ဒါနဲ့ တပ်စိတ်မှူးက အားလုံးကို သိမ်းရိုက်တော့တာပဲ"

"ဟိုလူကြီးပါ အရိုက်ခံရရောလား"

"သူတော့ ဘယ်ရိုက်ပါ့မလဲ၊ သူ စစ်သက်က တပ်စိတ်မှူးထက် တစ်ပြန်လောက်ကြီးနေတာဆိုတော့ ထုံးစံအတိုင်း သူတော့ ထားနာပြီး ချန်ထားခဲ့တာပေါ့၊ တို့ချည်း လှိမ့်အရိုက်ခံရတာပေါ့"

တပ်သား အောင်တိုးစကားဆုံးသွားသည်နှင့် ဇတိုကင်းမှ ဓာတ်ခွေးသိန်းဝိုးက မောင်ကြူး ငိုကာအား ဝင်၍ ချဲ့လိုက်ပြန်လေသည်။

"ဒီလူကြီးက နာရီလှည့်တတ်တာအပြင် ဒီပြင်အကျင့်မကောင်းတာတွေ ရှိသေးတယ်ကွ၊ အဲဒါကတော့ သူက ဟင်းဝိုးစားတာတို့၊ နို့ဆီခိုးစုပ်တာတို့လည်း လုပ်တတ်သေးတယ်၊ တပ်စိတ်မှာ ဟင်းကောင်းလေးဘာလေးရလို့ ဒီနေ့အတွက် ချက်စားပြီး ပိုတာကို နောက်နေ့အတွက် လုံးပြပြီး ဟန်းကောထဲထည့်သိမ်းထားရင် သူက သူကင်းချိန်အတွင်းမှာ တိတ်တိတ်သွားဝိုးစားတတ်တယ်၊ မနက်ရောက်လို့ ဟန်းကောဖွင့်ကြည့်လိုက်ရင် ဟင်းကလျော့နေပြီ၊ တပ်စိတ်မှူးက ဒေါကန်ပြီးစစ်ပေမယ့် အဖြေကမပေါ်ဘူး၊ မပေါ်တော့ အောင်တိုးပြောသလို တို့ပဲအရိုက်ခံရတယ်၊ တကယ်တော့ ဝိုးစားတာက သူ"

သန်းတင်အောင်က ဝင်မေးလိုက်သည်။

"ခင်ဗျားတို့က သေသေချာချာ စောင့်မဖမ်းဘူးလား၊ ဖမ်းရင်မိမှာပေါ့"

"ဒီလိုကိစ္စမျိုးကို ဘယ်သူက တမင်တကာ စောင့်ဖမ်းနိုင်မလဲကွာ၊ ခရီးသွားလို့ ပင်ပန်းရတာကက တစ်မျိုး၊ ညကင်းစောင့်ရသေးတာက တစ်မျိုးနဲ့"

O

နောက်ဆယ့်ငါးရက်ခန့်အကြာတွင် တပ်ခွဲရုံး၌ အဆင့်တိုးမြှင့်ရေးအစည်းအဝေးကို ကျင်းပလေသည်။ ထိုအစည်းအဝေးသို့ တပ်ခွဲမှူး၊ တပ်စုမှူးများ အပါအဝင် တပ်ခွဲအရာခံဗိုလ်၊ တပ်ခွဲတပ်ကြွပ်ကြီး၊ တပ်စုတပ်ကြွပ်ကြီးများ စုံစုံညီညီ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဒုတပ်ကြပ်နေရာအတွက် သက်ဆိုင်သူများကို အမည်စာရင်းတင်သွင်းစေရာ တစ်စုတပ်ကြပ်ကြီးများက ရှေ့တန်း၌ အရေးပါသောတိုက်ပွဲတစ်ပွဲတွင် စက်လက်ဖြင့် တစ်ကိုယ်တော် စွန့်စွန့်စားစား တက်ပစ်ပြခဲ့သော စစ်သက်သုံးနှစ်ရှိ တပ်သားမောင်ကြူးအား အောင်နိုင်၏ အမည်စာရင်းကို တညီတညွတ်တည်း တင်သွင်းကြသည်။

သို့သော် တပ်ခွဲအရာခံဗိုလ်ဆရာကြီးဝင်းတင်ကမူ စစ်သက် ၁၀ နှစ်ရှိပြီဖြစ်သော တပ်သားမောင်ကြူးအား ရာထူးတိုးပေးသင့်ပြီးဖြစ်ကြောင်း တင်ပြသည်။ ဆရာကြီးဝင်းတင်၏ အဆိုကို တပ်ခွဲမှူးကလည်း ထောက်ခံသည်။ ရဲဘော်တစ်ယောက်အတွက် စစ်သက် ၅ နှစ်ကျော်လျှင်ပင် စကန်ရာထူးရသင့်ပြီဖြစ်ကြောင်း၊ တို့ကြောင့် မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေ မောင်ကြူးမှာ ရာထူးရသင့်လှပြီဖြစ်ကြောင်း၊ ရဲဘော်အောင်နိုင်ကိုမူ နောင်တစ်ပတ်ကျမှ စဉ်းစားပါက ဖြစ်နိုင်ကြောင်းဖြင့် ရှင်းပြလေသည်။

သို့သော် တပ်စုတပ်ကြပ်ကြီးများက မောင်ကြူးအား တူးတူးခေါင်းခေါင်းပင် ဝိုင်း၍ ဆန့်ကျင်ကြလေသည်။ စွမ်းရည်သုံးရပ်အနက် မည်သည့်စွမ်းရည်မျှ ထက်မြက်ခြင်းမရှိသော မောင်ကြူးအား

www.burmeseclassic.com

www.burmeseclassic.com

သူတို့က လုံးဝမထောက်ခံနိုင်ပါကြောင်း အသိသီးတင်ပြကြလေသည်။ သို့နှင့်ပင် တပ်ခွဲမှူးကလည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ အစည်းအဝေးကို ရပ်နားလိုက်ရလေသည်။

အဆင့်တိုးမြှင့်ရေး အပြီးသတ် အစည်းအဝေးကိုနောက်နှစ်ပတ်အကြာတွင် ပြုလုပ်မည့်အကြောင်းကိုပါ အားလုံးသို့ ရက်ချိန်းပေးလိုက်လေသည်။

○

ပရိုမိုးရှင်း အစည်းအဝေးအား အပြင်ဘက်မှ ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေသော မောင်ကြူးက ရုံးခန်းအတွင်းမှ အရာရှိများ၊ ဆရာကြီးများ ပြန်ထွက်သွားသည်ကို မြင်လိုက်ရသည်နှင့် သူက တပ်ခွဲရုံးအတွင်းသို့ ဖျတ်ခနဲဝင်သွားသည်။

တပ်ခွဲရုံးမှ ဆက်သားဖြစ်သူ တပ်သားတင်လှိုင်က ဖိုင်များကို သိမ်းဆည်းနေရာမှ သူ့ကိုမော့ကြည့်လိုက်သည်။ သူက တပ်သားတင်လှိုင်အား မျက်နှာချိုသွေးကာ အစည်းအဝေးအကြောင်းကို စုံစမ်းကြည့်လိုက်သည်။

တပ်သားတင်လှိုင်က သူ့ကို တဲ့တိုးပင် ပြောချလိုက်သည်။ တပ်ခွဲမှူးနှင့် တပ်ခွဲစီအက်စ်အမ်က အဆိုတင်သွင်းပါသော်လည်း တပ်စုတပ်ကြပ်ကြီးများက အပြင်းအထန် ဝိုင်းဝန်း ကန့်ကွက်ကြသည့် အကြောင်းများကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

တင်လှိုင် စကားကြားသည်နှင့် မောင်ကြူးရင်ဆို့သွားသည်။ ဝမ်းနည်းစိတ်နှင့်အတူ မျက်ရည်လည်ချင်သလိုပါဖြစ်သွားသည်။ တပ်ခွဲရုံးအတွင်းမှ ခေါင်းငိုက်စိုက်ချကာ ပြန်ထွက်လာခဲ့သည်။ တပ်ခွဲအိပ်ဆောင်သို့ ပြန်ခဲ့ရင်း တပ်ရင်းရုံးနှင့် ခဲယမ်းတိုက်အကြားရှိ ယူကလစ်တောသို့ ရောက်လျှင် လမ်းမှာပင် တပ်ခွဲအရာခံဗိုလ်ကြီးဝင်းတင်နှင့် မက်ပင်းဆုံမိသွားသည်။

ဆရာကြီး ဝင်းတင်ကပင် စမေးလိုက်သည်။

"ဟေ့ကောင် မောင်ကြူး... ဘယ်က ပြန်လာတာလဲ"

"ရုံးက ပြန်လာခဲ့တာ ဆရာကြီး၊ ဆရာကြီးတို့ ပရိုမိုးရှင်းဘုတ်က ဒီတစ်ခါလည်း ကျွန်တော့်ကို ပယ်လိုက် ပြန်ပြီမဲ့၊ ဟုတ်လား ဆရာကြီး"

"ပယ်မှာပေါ့ကွ၊ မင်း သောက်သုံးမှ မကျတာ၊ ကိုယ့်ကိုယ်ကိုယ် ပြင်ပါ၊ ပြင်ပါလို့ ငါပြောနေတဲ့ဥစ္စာ၊ မင်းမှ မပြင်ဘဲ၊ တောက် ... ငါပြောလိုက်ရရင် မကောင်းတော့ဘူး"

မောင်ကြူး ငိုင်သွားသည်။ ခပ်တွေတွေ ဖြစ်သွားသည်။ မျက်နှာကလည်း သိသိသာသာပင် ဆွေးမြည့်သွားသည်။

"ငါက မင်း စစ်သက်ကြီးကို ထောက်ပြီး ပရိုမိုးရှင်းပေးဖို့ တင်ပြကြည့်သေးတယ်၊ တပ်ခွဲမှူးကပါ ထောက်ခံတယ်၊ ဒါပေမဲ့ ကျန်တဲ့သူတွေက ဘယ်သူမှ လက်မခံကြဘူး၊ အဲ့ဒါ မင်း သောက်သုံးမကျလို့မဲ့ပေါ့"

"မပေးချင်လည်း နေပါဦးဆရာကြီးရယ်၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော်သာ ရှိပါစေတော့"

"ခုမှ ငိုမဲ့မဲ့ လုပ်မနေနဲ့ ဟေ့ကောင်၊ ဒီလိုလုပ် ... မင်းအတွက် အခွင့်အရေး နည်းနည်းရှိသေးတယ်၊ ဒီပရိုမိုးရှင်းဘုတ်က လက္ခဏာမှ အပြီးသတ် ဆုံးဖြတ်မှာ၊ ဒီတော့ ဒီကြားထဲမှာ မင်းက ကြိုးစားပြလိုက်၊ မကြာခင် တို့ တပ်ခွဲက ငါးကန် သွားတူးရလိမ့်မယ်၊ အဲဒီမှာ မင်းက သူတို့ စိတ်ကျေနပ်အောင် တက်တက်ကြွကြွလေး လုပ်ပြလိုက်၊ အဲဒီကျမှ ငါက သာသာထိုးထိုးလေး မင်းနာမည်ကို ပြန်တင်ပြလိုက်မယ်၊ ကြားလား ဟေ့ကောင်"

မောင်ကြူးက ငေးနေဆဲ၊ ခေတ္တကြာမှ ခေါင်းကိုငဲ့ကာ...

"ဟုတ်ကဲ့ ဆရာကြီး" ဟု ပြန်ဖြေလိုက်သည်။ ပြီးနောက် သူတို့ လူချင်းခွဲခဲ့ကြသည်။

○

မကြာမီပင် ကျော်မြင့်လွင်တို့ တပ်ခွဲက ငါးကန်တူးကြသည်။ ထိုလုပ်ငန်းတွင် မောင်ကြူးတစ်ယောက် ယခင်နှင့်မတူဘဲ အသွင်ပြောင်းလျက်ရှိသည်ကို အများက သတိပြုမိကြသည်။ သူက ရဲဘော်လေးများနှင့်အတူ တက်တက်ကြွကြွပင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ ထိုမျှမက အခြားသူများ တန်းဖြုတ်ပြီးချိန်မှာပင် သူက ဓားသွေးခြင်း၊ ပေါက်ပြားအရိုးတပ်ပေးခြင်း အစရှိသော လုပ်ငန်းများကို အချိန်ပို လုပ်ကိုင်နေသေးကာ သူ၏ဦးဆောင်မှုစွမ်းရည်ကို ကောင်းကောင်းကြီး ပြသနေလေသည်။

သို့နှင့်ပင် နောက်တစ်ကြိမ် အဆင့်တိုးမြှင့်ရေး အစည်းအဝေး ပြုလုပ်ပြန်သောအခါ ဆရာကြီးဝင်းတင်ကပင် မောင်ကြူး၏နာမည်ကို ထပ်မံ ၍တင်ပြသည်။ ငါးကန်တူးစဉ်က မောင်ကြူး ကြိုးစားပုံများကို ထောက်ပြကာ တိုးတက်လာသော မောင်ကြူးအား ရာထူးပေးသင့်ကြောင်း တင်ပြသည်။

ဤတွင် တပ်စုတပ်ကြပ်ကြီးများကလည်း မောင်ကြူး၏ ပြုပြင်လာမှုကို သိမြင်မိကြသည်နှင့် ယခင်ကလို ကန့်ကွက်ရန် အားမရှိကြတော့ဘဲ သဘောတူလိုက်ကြရလေသည်။

မောင်ကြူး ဆရာဖြစ်သွားလေပြီ။ ဆရာဖြစ်ရသည့်အတွက် မောင်ကြူးက အလွန်အမင်း ဝမ်းမြောက်နေသလို ကျော်မြင့်လွင်တို့ ရဲဘော်တစ်စုကလည်း ကျိတ်၍ ဝမ်းသာနေမိကြသည်။ သူတို့ ရဲဘော်လောကမှ စိန်ယာဘိုးအောကြီး ပြုဝ်သွားပြီးဖြစ်သဖြင့် ရဲဘော်အချင်းချင်း စိန်ယာတန်ဖိုးပြကာ အနိုင်ကျင့် ဝိုလ်ကျခံရခြင်းမှ လွတ်မြောက်ခွင့်ရသွားကြခြင်းအပေါ် စိတ်လက်ပေါ်ပါး၍လည်း နေမိကြလေသတည်း။

ရဲမြတ်တင်

(အမျိုးသားစာပေဆု)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မအေးချမ်းကို သိခဲ့တာ တစ်လ ပဲရှိဦးမှာ။ အဲဒီတုန်းက မဂ္ဂဇင်းတိုက်က အပြန် ပန်းဆိုးတန်းမှတ်တိုင်မှာဆုံတာ။ အချိန်ကလည်း ည ၈ နာရီ။ ကဗျာဆရာဝေလွင်နဲ့ ဘီယာဆိုင်ကပြန်တာ နောက်ကျနေလို့ ပန်းဆိုးတန်းမှတ်တိုင်မှာကားစောင့်ရင်း သူမနဲ့ ဆုံတာ။ ကျွန်ုပ်ပြန်ရမှာက ကြည့်မြင်တိုင် နတ်စင်လမ်း။ အဲဒီမှာ အိမ်အခန်းလေး ငှားနေရတာကိုး။

"အစ်ကို" ဆိုပြီး ခေါ်လို့ကြည့်တော့ သူမကို အနီးမှာတွေ့လိုက်ရတော့ ကျုပ်လန့်သလို ခံစားရတယ်၊ ဟုတ်တယ်၊ ဒီနေရာက ကြေးစားမိန်းကလေး အတော်များများ ကျက်စားတဲ့ နေရာ။ ဒီမှတ်တိုင်၊ ဘားလမ်းမှတ်တိုင်နဲ့ ဗိုလ်ချုပ်လမ်း Ruby Mart ဘေးနားမှာ ကျက်စားကြတာကိုး။

ဒီနေရာ အတော်များများကို အလုပ်ကိစ္စနဲ့သွားလာရင်း တွေ့နေ မြင်နေခဲ့တာ ကြာပြီ။ သူတို့ အတွက်ကတော့ ဒီမိုကရေစီအပြည့်၊ လွှအခွင့်အရေး အပြည့်လေ။

ကျုပ် သူမကို ကြည့်မိတယ်။ သူမဆီက အပေါစား ရေမွှေးအနံ့ကို ရလိုက်တဲ့အချိန် သူမ ဘာလဲဆိုတာ သိတယ်။ သူမက ကျုပ်ကို စူးစိုက်ကြည့်၊ ကြာတွေ့ ပေးနေသလို မနီးမဝေးက ကောင်မလေးအချို့ကလည်း ကျုပ်ကို ကြေးခေါ် စေးခေါ်တဲ့ အကြည့်တွေနဲ့။ သူနဲ့အဆင်မပြေရင် ဒီမှာရှိတယ်၊ လာခဲ့ဆိုတဲ့ သဘော။ ကျုပ် ဝန်းတျင်ကိုကြည့်ရင်း သူမနဲ့ဝေးအောင် ခြေတစ်လှမ်း ဆုတ်မိရော။

"ဘာလဲ"လို့ ကျုပ်မေးရင်း သူမကို အသေအချာကြည့်မိတယ်။ သူမတာ ကျုပ်နဲ့ အသက် မတိမ်းမယိမ်းပါပဲ။ လေးဆယ်ကျော်ကျော်။ အသားလတ်၊ မျက်နှာဝိုင်း။ ရုပ်ရည်ကတော့ သန့်တယ်။ ကိုယ်လုံးဖြောင့်တယ်။ ထဘီ ဝတ်ထားပြီး အနက်ရောင်၊ အပေါ်က လိမ္မော်ရောင်နဲ့ ခပ်ညစ်ညစ်ပိုက်ဆံအိတ် အနက်လေးကိုင်လို့။ အခြားမိန်းကလေး တွေထက် နည်းနည်းကြီးတဲ့သဘော။ အခြားကောင်မလေးတွေကတော့ အတို အပြတ်တွေနဲ့ ကော့လို့ ကြော့လို့။

"ဟို. . . စေးဦးမပေါက်သေးလို့ အဲဒါ. . . "

"ဘာ ဘာ စေးဦးမပေါက်တာလဲ"

"ဟို ဟိုသွားမလား၊ လိုက်မယ်လေ၊ နေရာရှိပါတယ်၊ စိတ်ချရတယ်လေ၊ အဲဒါ. . . "

"ဟာဗျာ"

ကျုပ် သူမရဲ့ ဝေးရာကိုလာပြီး ရပ်နေဆဲ။ လိုင်းကားလာတော့ ကားပေါ် တက်လိုက်ခဲ့တယ်။ နောက် နှစ်ရက် မြောက်မှာ ဘားလမ်း မှတ်တိုင်နားရောက် သူမနဲ့ တွေ့ပြန်ရော။ သူမက နေ့ခင်းကြီးတောင် အပင်ရိပ်မှာရပ်ရင်း လိုင်းကားစောင့်သလိုလို့ သံးကောင်ရှာနေတာ။

ကျုပ်က သွေ့ကိုမှတ်မိသလို သူမကလည်း ကျုပ်ကိုမှတ်မိနေတယ်။ သူမ မှတ်မိတာက ကျုပ်လွယ်ထားတဲ့ လွယ်အိတ်နဲ့ လက်ထဲက ထီးရှည်ကြီးကြောင့်။

ကျုပ် သူမကို မှတ်မိတာက သူမ လက်ထဲမှာရှိနေတဲ့ အိတ်အနက်လေး ကြောင့်။ အိတ်ထဲမှာတော့ ပိုက်ဆံ ဘယ်လောက်ပါသလဲ ကျုပ်မသိဘူး။ အရင်ရက်တွေကလို စေးဦးပေါက်ဖို့ မျှော်နေတာတော့ အမှန်ပဲ။

"အစ်ကို"

"ဟာ"

နေ့ခင်းကြီးမှာ အဲဒီလိုမိန်းမက ကျုပ်အနားကပ်ရင်းခေါ်တော့ ကျုပ်ကို အချို့က ပြုံးစိစိကြည့်ကြရော။ ကျုပ် မသိမသာ ခပ်ဝေးဝေး သွားရပ်ရပြန်ရော။ ဒါကို မချွေချောက လိုက်လာတယ်။

"ဘာလဲ အမျိုးသမီး၊ နေ့ခင်း ကြောင်တောင်ကြီးဗျာ၊ ပြီးတော့ ခင်ဗျား နဲ့ ကျုပ်နဲ့လည်း သိတာမဟုတ်၊ ဖောက်သည်လည်းမဟုတ်၊ ဒီမယ် အဲဒီလိုကိစ္စမျိုး ကျုပ် ဝါသနာမပါဘူး"

ကျုပ်က ခပ်တိုးတိုးအသံနဲ့ ခပ်မာမာ ပြောလိုက်တယ်။ အဲဒီအခါ သူမရဲ့ မျက်နှာ ငယ်သွားတယ်။ စေးဦး မပေါက်သေးလို့ ထမင်းစားရသေးတဲ့ အကြောင်း၊ ပြီးတော့ ဒီကနေ့ ငါး ထောင်လောက် အရေးတကြီးလိုအပ်တဲ့ အကြောင်း၊ အခက်အခဲ သိပ်ရှိတဲ့ အကြောင်း ပြောပြန်တယ်။

ဒီတော့ ကျုပ်က သူ့ပြောသလို ယုံလို့ မရဘူးလေ။ ဒီလို မိန်းကလေး ဆိုတာ ဘယ်တော့ဖြစ်ဖြစ် ငွေလိုတယ်၊ အခက်အခဲရှိတယ် ဆိုတဲ့ စကားက သူတို့ရဲ့ လက်သုံးစကား၊ လက်သုံး ပရိယာယ်လေ။

"အဲဒါ ကျွန်တော်က ဘာလုပ်ပေးရမလဲ"

"ဟို. . . အစ်ကိုနဲ့"

"တော်တော့ အမျိုးသမီး၊ ဒီပြင်လူ သွားပြီးပြော"

ပြောရင်းနဲ့ တစ်ဖက်ကူးပြီးပြေးရတဲ့ ကျုပ်၊ အဲ- မကြာပါဘူး။ လေးရက် မြောက်မှာ ထင်မှတ်မထားဘဲ ၃၇ လမ်းမှာတွေ့ပြန်ရော။ ဒီတော့ သူမက ကျုပ်ကို အုတင်းကပ်ပြောနေတော့ အနီးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ ခေါ်ပြီး စကားပြောဖြစ်ကြတယ်။

"ကဲ. . . ပြော"

လက်ဖက်ရည်နှစ်ခွက်နဲ့ အီကြာကွေးတစ်ပွဲမှာအပြီး ဒေးတော့ သူမတာ သူမရဲ့ဘဝကို ပြောပြခဲ့ရတယ်။

သူမရဲ့ ဘဝကိုသိမှ လူဆိုတာ ကံတရားရဲ့ကျေးကျွန်၊ ကံတရားရဲ့ စေစားရာကို သွားလာနေရတဲ့ သတ္တဝါတွေလို့ လက်ခံမိတယ်။ ဖြစ်ချင်တာ၊ မဖြစ်ချင်တာက လူတစ်ဦးရဲ့ဆန္ဒ၊ ဖြစ်နေတာက အဲဒီလူရဲ့ကံ။ ကံဆိုတာ အလုပ်တဲ့။ ဟုတ်တယ်။ အလုပ်ကောင်းရင် ကံကောင်း၊ အလုပ်မကောင်းရင် ကံမကောင်းတဲ့။ ဘဝဆိုတာ ကောင်း

www.burmeseclassic.com

တာ၊ မကောင်းတာက အတိတ်ဘဝရဲ့ ကံတရားအတိုင်း ရှင်သန်နေကြရတာလေ။

သူမအကြောင်းသိရတော့ စိတ်မကောင်းပြန်ဘူး။

အဲ- သူမရဲ့အမည်က အေးချမ်းမေတဲ့။ အသက်က (၄၂)နှစ်။

✪

မနက်ခင်းသင်္ဘောနဲ့ ရန်ကုန်ဘက်ကို ကူးလာတယ်။ ပန်းဆိုးတန်းတစ်ဝိုက်မှာ လှူပ်ရှားတယ်။ ညနေကျတော့ ခေါ်သူရှိ လိုက်တယ်။ မရှိရင် သားကောင်ရှာတယ်။ အဆင်ပြေရင် ၁၀ နာရီလောက် ၁၊၁ဘက်ပြန်။ တစ်ခါတလေ လမ်းပေါ်မှာ၊ တစ်ခါတစ်ရံ အော်ဒါရှိရင် အဲဒီမှာပဲ အိပ်နေရတဲ့ သူမရဲ့ ဘဝ။ မနက်စာ၊ ညနေစာကို ဖြစ်သလို စားနေရတဲ့ဘဝတဲ့။

ကျုပ် သူမရဲ့ဘဝကို သိရတော့ ကြေကွဲမိရပြန်ရော။ သူမကတော့ ပြောပါတယ်။ သူပြောနေတာ ပုံပြင်မဟုတ်ဘူးတဲ့။ ဘကယ့် အဖြစ်အပျက်ပါတဲ့။ မယုံရင်လိုက်ကြည့်ပါတဲ့။ ပြီးတော့ ပြောသေးတယ်။ ကျုပ်ကိုကြည့်ပြီး စာရေးဆရာမှန်း သိတယ်။ ဒီတော့ သူမရဲ့ အဖြစ်ကို ကုန်ကြမ်းပေးတာတဲ့။ ရေးပါတဲ့။ ရေးပေးစမ်းပါတဲ့။ မခက်ဘူးလား။

ကျုပ်ကတော့ မဂ္ဂဇင်းတိုက်မှာ အယ်ဒီတာလုပ်ရင်း နေရတာ။ ဒီတော့ မြို့ထဲတော့ ထွက်ဖြစ်ပါတယ်။ ဒါပေမဲ့ ရင်တထိတ်ထိတ်နဲ့၊ သူမနဲ့ မတွေ့ပါစေနဲ့လို့ ဆုတောင်းရတာ အမော။ လူချင်း မတွေ့ချင်ပေမယ့် သူမအကြောင်းကတော့ အမြဲတွေးဖြစ်တယ်။ အလုပ်လုပ်ရင်း၊ လမ်းသွားရင်း၊ လိုင်းကားတိုးစီးရင်း၊ အိမ်ရောက်လို့စာရေးရင်းပေါ့လေ။ အချိန်ကျရင် သူမအတွက် ဝတ္ထုရှည်တစ်ပုဒ် ရေးမယ်ပေါ့။

ဒီကနေ့ မြို့ထဲ ထွက်ခဲ့တယ်။ ဆရာတွေနဲ့ လေအန်ကုန်မှာ ဆုံကြတာ။ အင်္ဂါနေ့ဆိုတော့ ဆရာ၊ ဆရာမတွေ စုံမယ်လေ။

လက်ဖက်ရည်မှုသောက် မှုစားကြရင်း စာပေနဲ့ပတ်သက်ပြီး ပြောကြဆိုကြရင်းနဲ့ လေတွေ ထန်ကြ၊ အန်ကြတဲ့နေ့လေ။ အဲဒီမှာ ဆရာတွေနဲ့တွေ့၊ ကျုပ်စာမူပေးစရာရှိတာပေး၊ မဂ္ဂဇင်းအတွက် တောင်းစရာရှိတာတောင်း။ (၃၈)လမ်းအတိုင်းလာ။

"လူလေး- နောင်နောင်၊ စာကြိုးစားနော်၊ မုန့်တွေရော ဝိုက်ဆံပါ ပေးလိုက်တယ်၊ ကျောင်းရောက်ရင် ဝယ်စားချင်တာစား၊ ဟုတ်ပြီလား၊ သွားတော့နော်၊ ဟဲ့- အေးစိန်၊ သားကို ဂရုစိုက်၊ ကြားလား"

"ဟုတ်ကဲ့ အန်တီ"

ဒီအသံကြောင့် ကျုပ် အသာကြည့်မိ၊ နားထောင်မိတယ်။ အသက် (၆၀)နားကပ်နေတဲ့ ခပ်ဖြူဖြူ ခပ်ချော်ချောနဲ့ ရွှေတွေ သီးနေအောင်ဝတ်ထားတဲ့ အမျိုးသမီးကြီးက သူ့သား နောင်နောင်ဆိုတဲ့ ကလေးကို မှာနေရင်း အိမ်ဖော် အေးစိန်ကို ပြောလိုက်တဲ့စကား။

ကောင်လေးက ခပ်ချောချော်လေး။ ကျောင်းဝတ်စုံအပြည့်။ နောက်ကျောပိုးအိတ်ပန်းရောင်လေးနဲ့။ ကြည့်လိုက်တော့ နှစ်တန်းတက်နေတဲ့ကလေးကိုး။ ကျောင်းတံဆိပ်ကြည့်ရုံနဲ့ သိလိုက်မိတာ။ အဲဒီအချိန် ကျောင်းကားပေါ်ကို ကလေးရော အေးစိန်ပါ တက်သွားတာတွေ့လိုက်ရတယ်။ သူတို့မိသားစုက ဒီလမ်းမှာ မြေညီထပ် နေကြတာကိုး။ အထည်ဆိုင်ကြီး ဖွင့်ထားတာ။

ထင်မှတ်မထားတဲ့ အဖြစ်။

ဒီတော့ ပန်းဆိုးတန်းမှတ်တိုင်ကနေ ပုံနှိပ်စက်ဆီသွားပြီး တိုက်ပြန်။ နောက်တစ်ပတ်အကြာ အဲဒီလမ်းအဝင် နောင်နောင်နဲ့ သူတို့ မြေညီထပ်ရဲ့ လှေကားကွေ့ဘေးမှာ ဆုံတယ်။ကလေးအနားမှာ အိမ်ဖော်အေးစိန်ရော။

ရုတ်တရက် နောင်နောင်က ကျွန်တော်လာနေတာ မမြင်ဘူး။ အရှုပ်လေးပိုက်ရင်း အေးစိန်ကိုကြည့်ရင်းနဲ့ ကျုပ်ကို ဝင်တိုက်မိတာ။

နောင်နောင် လဲကျသွားတော့ ကျုပ်ထူပေးဆဲမှာ အေးစိန်ပြေးလာပြီး ကျုပ်ကို မကျေမနပ်ကြည့်တယ်။

ကျုပ် တောင်းပန်နေဆဲမှာပဲ နောင်နောင်ရဲ့ အမေဖြစ်သူ ထွက်လာတယ်။ သူသားကို တိုက်ခန်းထဲ ပြန်ခေါ်ပြီး စကားတွေ ပြောနေကြတာ။ ဘာတွေ ပြောမှန်းတော့ ကျုပ် မသိမကြားတော့ဘူးလေ။

အလုပ်တိုက်ပြန် လုပ်စရာရှိတာလုပ်။ နောက် ၀၄နေ့မှာ ပန်းဆိုးတန်းမှအဖြတ် သူမနဲ့ ဆုံပြန်ရော။ ဩော်-လမ်းပေါ်မှာ ကျင်လည်နေတဲ့လူနဲ့ လမ်းသွားနေရတဲ့ ကျုပ်တို့ရဲ့အဖြစ်က မတည့်အဲတူနေ၊ မမြင်ချင် ချောင်းကြည့် ဆိုသလိုမျိုး။ မျက်နှာချင်းဆိုင် တွေ့ကြတော့ ဘယ်လိုမှ ရှောင်ကွင်းလို့မရတဲ့အဖြစ်။

"အစ်ကို ဘယ်လဲဟင်"

"နယ်က စ်ာမူပို့လိုက်လို့၊ အဲဒါအောင်ဆန်းကွင်းကားဂိတ်ကိုသွားမလို့"

"ဟုတ်လား၊ အေးချမ်းလည်း ဘားလမ်းမှတ်တိုင်သွားမှာ၊ ဟို အဲဒီကို အေးချမ်းပါ လိုက်ခဲ့မယ်လေ"

"ဟာ. . . မဖြစ်ဘူး"

ကျုပ် ဘူးခံပြီး ငြင်းပေမယ့် ကျုပ်နောက် ခပ်လှမ်းလှမ်းကနေ လိုက်လာတဲ့ သူမ။ ခုံးကျော်တံတားပေါ်ရောက်တော့ ကျုပ်ကို မီလာတယ်။

"အစ်ကို"

"ဘေးလူတွေမြင်ရင် ကျွန်တော့်ကို တစ်မျိုးမြင်ကြလိမ့်မယ်၊ ပြန်ပါနော်"

"ဟို- ပြောစရာလေးရှိသေးလို့ပါ အစ်ကိုရယ် နော်"

"ဒါဖြင့် ဒီနားကစောင့်၊ ပြီးမှ ဟို လက်ဖက်ရည်ဆိုင်သွားမယ် နော်"

"ဟုတ်"

ဒါနဲ့ ကျုပ်လည်း ကားဂိတ်ပြေး အပြေးပြန်လာ။ သူမနဲ့ Ruby Mart ရဲ့ တစ်ဖက်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ကြ။ ထုံးစံအတိုင်း ဟိုနေ့က စာမူခရတာလေးနဲ့ သူမကို လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ရည်တိုက်ရ။ သူမ ပြောမယ့်စကား နားထောင်ဖို့ အချိန်ပေးရန်၊ သူမက တော့ လက်ဖက်ရည်ကို တစ်ကျိုက် မော့သောက်လိုက်၊ အဖန်ရည် သောက်လိုက်နဲ့။

"အရင်ရက်က ပြောခဲ့တာ အစ်ကို့မှတ်မိမှာပါနော်"

"အင်း"

"အမည်က မအေးချမ်းတဲ့၊ အေးချမ်းမေ၊ နေတာက ဒလမှာ၊ အသက်က ၂၁ နှစ်၊ အတန်းပညာက လေးတန်းအောင်၊ လေးတန်းနှစ်မှာ အဖေဆုံးတယ်၊ နှစ်လအကြာမှာ အမေဆုံးပြန်ရော၊ ဒီတော့ အေးချမ်းတစ်ယောက် ထည်း ဆွေမျိုးမကင်းတဲ့သူတွေရဲ့လက်ထဲမှာ နေခဲ့ ကြီးပြင်းခဲ့ရတာလေ"

"မှတ်မိတယ်လေ"

"အဲဒီအချိန် အေးချမ်း အပျိုဖားဖားကြီးဖြစ်တဲ့အချိန်၊ အဒေါ်ရဲ့ ယောကျ်ားက အေးချမ်းရဲ့ဘဝကို ဖျက်ဆီးခဲ့တယ်၊ အဲဒါ အဒေါ်ကသိတော့ အေးချမ်းကို မုဆိုးဖိုတစ်ဦးနဲ့ အတင်းအကျပ်ပေးစားခဲ့တာလေ၊ နောက်တော့ အဲဒီ မုဆိုးဖိုက အေးချမ်းနဲ့ အဒေါ်ယောကျ်ားရဲ့ အဖြစ်ကို သိသွားတော့ တရားဝင် လျော်ကြေးနဲ့ ပြတ်ပြီးတဲ့နောက် အေးချမ်းကို အချိသတ်ခေါ်ပြီး ကျင့်ကြံခဲ့ပြန်တယ်၊ အဲဒါ အားမရတော့ အခြားသူတွေပါခေါ်လာပြီး ကျင့်ကြံကြပြန်ရော။

အဲဒီတုန်းက အေးချမ်း စဉ်းစားပါတယ်၊ ဒီအတွက် ဥပဒေဆိုတာ ရှိတယ်ဆိုတာ မှန်ပေမယ့် အေးချမ်းဘက်မှာ ဘယ်သူမှမရှိဘူးလေ၊ ဥပဒေကိုလည်း ဘယ်လိုအားကိုးရမှန်း မသိတော့တဲ့နောက် မထူးဇာတ်ခင်းရင်းနဲ့ ဒီဘဝရောက်လာခဲ့ရတာ၊ ပြောရရင် အတိတ်ရဲ့ကံကိုပဲ ယိုးမယ်ဖွဲ့မလား၊ ကိုယ့်ကိုယ်ကိုယ် အကျင့်ပျက်တာကိုပဲ အပြစ်ပုံချရမလား ဆိုတာ"

"ဒါတော့ ကျွန်တော် ဘယ်သိမလဲ၊ ကဲ- အဲဒါတွေသိပြီးပြီ၊ အေးချမ်းရဲ့ အဒေါ်ကကော ဒီအလုပ်လုပ်နေတာ မသိဘူးလား"

"အဲဒါ ပြောဖို့ မေ့သွားတယ်၊ အေးချမ်း ဒီဘဝ ရောက်တဲ့အချိန် အဒေါ် ဆုံးပါးသွားခဲ့ရရော၊ အဒေါ့် ယောကျ်ားကြီးပဲကျန်ခဲ့တာ၊ အခု အေးချမ်းက အဲဒီ အဒေါ့်ယောကျ်ားဆီ ကပ်နေရင်းနဲ့ ဒီမှာ လာပြီး ငွေရှာတယ်၊ ပြီးတော့ . . . "

ကျွပ် နားလည်လိုက်ပါတယ်။ သူ့အဒေါ်ယောကျ်ားနဲ့ပါ ပေါင်းသင်းနေတဲ့ သဘောမျိုး။ ကျွပ် ဆက်မမေးသင့်တော့ဘူး။

"ပြောချင်တာက. . . "

"ဟင်- ကျွန်သေးတယ်၊ ဘာတွေကျွန်သေးတာလဲ"

"အစ်ကို သတိထားမိလား၊ ငွေလိုတယ်ဆိုတာလေ"

"အင်းလေ၊ မမျိုလို့ ဒီအလုပ်လုပ်နေတာ ငွေလိုလို့ပေါ့၊ ငွေလိုတာ ဆန်းတာမှတ်လို့"

ကျွပ်အပြောကြောင့် သူမက ခေါင်းခါတယ်။ ကျွပ်ကိုလည်း စူးစူးရဲရဲကြည့်တယ်။

ပြီးတော့ မျက်ရည်တွေက သူ့မျက်ဝန်းမှာ လှဲ့ကျလာပြန်ရော။

"မဆန်းပါဘူး အစ်ကို၊ မဆန်းတဲ့စကားပါ၊ ဒါပေမဲ့ အေးချမ်းမှာ သားလေး ရှိတယ်၊ သူ့ကို ပေးချင်လို့"

"ဘာ- သားရှိတယ်"

"ဟုတ်"

"သားလေးကို မုန့်ဖိုးပေးချင်လို့ အဲဒါကြောင့် . . . "

ကျွပ် မယုံနိုင်တော့ဘူး။ စောစောကပြောတဲ့အထဲမှာ သူမမှာ သားရှိနေတယ်ဆိုတာ မပါဘူး။

"ဟုတ်တယ် အစ်ကို၊ အဲဒါက အရေးကြီးတယ်၊ အဲဒီ အကြောင်း အစ်ကို့ ဘယ်သူ့ကိုမှ မပြောရဘူးနော် အစ်ကို၊ ညီမ အမှန်ပြောမယ်နော်"

ကျွပ် အသာပဲ ခေါင်းညိတ် အဖြေပေးမိတဲ့အချိန် တုန်ခါနေတဲ့ သူ့နှုတ်ခမ်းနှစ်လွှာက စကားလုံးတွေ ခုန်ထွက်လာပြန်ရော။

❶

လောကမှာ မထင်မှတ်ထားတဲ့ အဖြစ်တွေက စိတ်ကူးယဉ်ဆန့်တဲ့အဖြစ်တွေထက် ပိုပြီးဆန်းကြယ်တတ်တယ်။ အဲဒီတော့မှ သောကပိုက်ကွန်ရက်ထဲမှာပိတ်မိလို့ ပြေးလွှားနေရတဲ့ သူမရဲ့ အပေါ်မှာ လေးစားမိသွားတယ်လေ။ ဒီတော့ အရင်တုန်းက ရှောင်ခဲ့တဲ့ကျွပ်။ ဒီတစ်ခါတော့ သူမကို ရှာနေမိပြန်ရော။ အချိန်ပြည့်လို တွေးမိပြန်ရော။ သူမ အပေါ် ညီမလေးလို၊ အစ်မလို၊ ဆွေမျိုးလို၊ ရင်းနှီးတဲ့သူတစ်ဦးလို ခင်မင်မိချင်တဲ့ စိတ်ထားမိပြန်တယ်။

တစ်ခါနိုက် လမ်းပေါ်က မိန်းကလေး။ အပျက်မလေးတစ်ဦး၊ ငွေကြေးအတွက် ဘဝကို ချိန်ခွင်ထဲထည့်ပြီး ပေါ့ပြက်ပြက်နဲ့ ရောင်းစားတဲ့သူဆိုပြီး သူမ အပေါ် အမြင်ကတ်မိ မုန်းနေမိတာ။

အံခုတော့. . .

အပျော်အပြက်သဘောနဲ့ လမ်းဘေးမှာရပ်၊ ငွေကြေးရှာ၊ အသွေးအသားကို ရောင်းစားတာသက်သက် မဟုတ်တဲ့ သူမ။ သူဝမ်းအတွက်ထက် သူသားလေးအတွက် အဝေးကနေပြီး မသိမသာနဲ့၊ ဆွေမတော် မျိုးမစပ်လိုနဲ့ နေပြီး သူသားလေးကို လူတွေမသိအောင် ပေးနေခဲ့တဲ့သူမ။

သူမရဲ့ ဘဝကို သူမ သိနေတဲ့အခါ၊ သိလာတဲ့အခါမှာတော့ သူ့ကိုယ်သူ စတေးမယ်။ သူသာ အဆင်းရဲခံ၊ အငတ်ခံမယ်။ သူသာ သောကမီး အံလောင့်ခံမယ်။ သားဖြစ်သူကိုတော့ ဘယ်တော့မှ အလောင်မခံနိုင်။ ဒီတော့ ဝေးချင်ဝေး၊ ဆွေးချင်ဆွေးရပါစေ၊ နှလုံးသားအသိနဲ့ ကြိုးကြိုခံရင်း သားကို သူတစ်ပါးဆီပေးအပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့သူမ။

သားလေးကို ကောင်းတဲ့ဝန်းကျင်မှာ ကောင်းတဲ့ယောကျ်ားမှာ နေရမှ ချင်သည်တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ သူမက မွေးခဲ့ပေမယ့် တံချင်းမှ မတူတာ။ သူမကံက တစ်မျိုး၊ သူသားရဲ့ တံက တစ်မျိုးလေ။

ကျော် သူမဘဝ၊ သူမအကြောင်း နှင့် ရင့်ဖွင့်ပြလာတဲ့ သူမရဲ့စကားသံတွေကို ကြားယောင်မိရင်း စိတ်မကောင်းဖြစ်ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူမရဲ့ လုပ်ရပ်၊ ဆုံးဖြတ်ချက်က မှန်တယ်။ ကမ္ဘာမီးလောင် သားကောင်ချနင်းတဲ့။ ဒီတော့ ဆင်းရဲတွင်းနဲ့ထဲရပ်ပြီး သူ့သား ကို မေတ္တာလက်နဲ့ မြှောက်ပင့်ပစ်တင်လိုက်တာက အမေတစ်ဦးရဲ့ တာဝန်မကျေတာ မဟုတ်။ လူစိတ်ကင်းမဲ့တာ မဟုတ်ဘူးလို့ ကျော်ထင်တယ်။ သားလေးသာ သူမနဲ့ နေရင် . . .

အို- ကျော် ဆက်မတွေးရဲဘူး။ တကယ် အခုချိန်ဆိုရင် သူမရဲ့သားလေး လမ်းဘေးမှာ အမှိုက်ပုံထဲ ပစ္စည်းရှာတာမျိုး၊ တောင်းစားတာမျိုး ဖြစ်သွားမှာ သေချာတယ်။ အခုတော့ သူ့သားဘဝက ရွှေပေါ်မြေတင်၊ သူမရဲ့ဘဝက ရေဝေးကြော။ ကွာခြားလွန်းသွားတဲ့ ဘဝ။ ပြဒါးတစ်လမ်း သံတစ်လမ်း။

ဒီကနေ့လည်း တိုက်မှာအလုပ်တွေလုပ်၊ မြို့ထဲထွက်လာတဲ့ ကျော်။ ဘယ်မှတ်တိုင်မှာ သူမ ရှိလေမလား၊ ရှိနေသလားဆိုပြီး ကြည့်နေတဲ့ကျော်။ သူမကို မတွေ့ရဘူး။ လမ်းသုံးဆယ်၊ ကားလမ်းမှတ်တိုင်တွေ အစုံ အစုံ။ ကျီးကန်းတောင်းမှောက် ရှာနေမိတဲ့ ကျော်မျက်လုံး။ မျက်လုံးတွေသာ ဝေဝါးလာတာ။ သူမကို မတွေ့ရဘူး။

ပုံနှိပ်စက် ဝင်ပြီး စာဖောင့်တွေ အမ်အပြီး ပန်းဆိုးတန်းမှတ်တိုင်မှာ ရပ်နေမိတဲ့ ကျော်။

"အစ်ကို- သွားမလား၊ ရတယ်လေ၊ နေရာပါ ရှိကယ်"

ကျော်အနားကပ်ပြီး ပြောမှာ စေးခေါ်လာတဲ့အသံ။ ကျော်မျက်စောင်းခဲပြီး မိန်းကလေးကို ကျောပေးလိုက်တယ်။ တခြားမိန်းကလေးတစ်ဦး။ သူမ မဟုတ်၊ အေးချမ်းမေ မဟုတ်ဘူး။ အတော်ကြာတော့ တစ်ဖက်ကိုကူးမိတဲ့ ကျော်။

"ဟင်"

ကျော်စိတ်ထဲ တစ်မျိုး ခံစားသွားရတယ်။ ခပ်ဖြူဖြူသန့်သန့်လေးဝတ်ရင်း ကလေးထိန်းအမျိုးသမီးနဲ့ အခန်းရှေ့ပန်းဇိုင်းလေးရှေ့မှာ ကစားနေတဲ့ နောင်နောင်ဆိုတဲ့ ကလေး။ အခန်းအပေါက်ဝကနေ ကြည့်နေတဲ့ အမျိုးသမီးကြီး တစ်ဦး။

"အေးချမ်းမေရယ်၊ နင် နင့်သားလေးကို အဝေးကပဲကြည့်ပြီး အတော် ခံစားရမှာပဲနော်၊ အတော်နဲ့မြောနေရှာမှာ"

ကျော်တွေးဆဲမှာပဲ ဝတ်ကောင်းစားလှတွေနဲ့ နောင်နောင်နဲ့အတူ သူတို့မိသားစု ကားအနက်တစ်စီးနဲ့ ထွက်သွားကြပြီ။ သူတို့အပြောကတော့ စီးတီးမတ်ကို စွေးဝယ်တဲ့။ နောင်နောင့်အတွက် အရုပ်နဲ့ အဝတ်အစားတွေဝယ်မလို့တဲ့။ ကျော် သူတို့ဆီကြည့်ရင်း ဆက်လှုံခဲ့တဲ့ အချိန်။

"ဟင်- အေးချမ်း၊ ငြေးချမ်းမေ"

"အစ်ကို"

"နင် . . . နင်"

"ဟုတ်တယ်၊ သားလေးကိုကြည့်နေတာ၊ ပိုက်ဆံပေးချင်လို့"

"အို"

ကျော်ရင်ထဲ နင့်သွားတယ်။ သူမရဲ့လက်ထဲမှာ တစ်ထောင်တန်သုံးရွက်။ သူမခမျာ အရင်က အဲဒီလိုပဲ လူတွေ အလစ်မှာ သူ့သားကိုပေးတာမျိုး၊ လူရှိရင် သူ့သားရှေ့မှာ ကျနေခဲ့သလို ချပေးခဲ့တာမျိုး။ မုန့်ဝယ်စားနော်ဆိုပြီး ပေးခဲ့တာမျိုး။ အခုတော့ သူ့သားက ကားပေါ်ပါသွားပြီ။

✿

"ဟိုနေ့က မပေးလိုက်ရဘူး အစ်ကိုရဲ့၊ အဲဒါ နောက်ရက်ကျတော့ လမ်းပေါ်အထွက် သားလေးကို ပေးခဲ့တာ၊ သားလေးက ညီမကို သိနေသလိုနဲ့ကြည့်ပြီး လူတွေ မမြင်အောင် ယူတယ်၊ ပြီးတော့ မြောတယ်၊ ဒေါ်ဒေါ်က သားကို ဘာပြုလို့ ပိုက်ဆံတွေပေးတာလဲတဲ့၊ သားသားတို့က ပြည့်စုံတယ်တဲ့၊ အဲဒီလို ပြောတာ၊ အို- ကျွန်မ အရမ်းဝမ်းသာသွားတာပဲ၊ ကျွန်မက ပြောမိပါတယ်၊ ဒေါ်ဒေါ်ပေးတဲ့ပိုက်ဆံက ပိုပြီး ချိမြှိန်ပါတယ်လို့လေ၊ သားက ပြီးနေတယ်"

နှစ်ရက်မြောက်နေ့ ဘားလမ်း အဝင်မှာ သူမနဲ့တွေ့တော့ သူမက ဝမ်းသာအားရ ပြောတဲ့စကား။ သူမ မပြောနဲ့ ကျော်တောင် မျက်ရည်ကျချင်ချင်။ ဝမ်းသာစကားပြောရင်း ငြေကြွေနေရတဲ့ သူမရဲ့အဖြစ်။

"အေးချမ်း"

"ရှင်"

"နင်- အဲဒီလုပ်ငန်းကို မလုပ်ပါနဲ့လားဟာ၊ စွေးအရင်းအနှီးလေးရှာပြီး အလုပ်လုပ်ပါလား၊ အခု အလုပ်ရဲ့ အမည်းစက်က နင့်ဘဝတင်မကဘူး နင့်သားကြီးလာတဲ့အခါနဲ့ အကယ်၍ နင့်သွားတွ ဘုန်းအမှုန်ကိုသိသွားခဲ့ရင် နင်နောင်တ အရကြီးရသလို နင့်သားရဲ့ ဂုဏ်သိက္ခာလည်း . . . "

ကျော် စကားကို ဆုံးအောင် မပြောနိုင်ဘူးလေ။ သူမက ပြောငယ်။

"ညီမ အဲဒါ စဉ်းစားနေပါတယ် အစ်ကို၊ ပြောရရင် အဒေါ်ယောက်ျားက အသက်လည်း ကြီးပြီ၊ ဒီတော့ သူ့ကိုလည်း ရှာကျွေးနေရသေးတာဆိုတော့"

"နင့်ဘဝကလည်းဟာ ရင်နာစရာ ကောင်းလိုက်တာ"

"အဲဒါကြောင့်လည်း မထူးဇော်ခင်းနေတာပေါ့ အစ်ကို၊ ညီမဘဝက ဖျာလိပ်ထဲဝင်မိတဲ့ ခွေးတစ်ကောင်လေ"

"တော်ပါတော့ဟာ"

ကျော် ဘာမှ မပြောချင်တော့ဘူး။ ဒီကနေ့ စွေးဦးပေါက်လာတဲ့ပုံ။ သူမက သူ့ပိုက်ဆံအိတ်လေးကို ဖွင့်ထောင်တန်လေး ငါးရွက်ကို ထုတ်။ ပြီးတော့ မြောတယ်။

"ဒါ သားလေးမုန့်ဖိုး၊ ဒါက ပို့လူကြီးအတွက်"

www.burmeseclassic.com

www.burmeseclassic.com

"နင့်ဘဝ နင် အဖတ်ပြန်ဆယ်ပါလား အေးချမ်းမေ"

စကားလမ်းကြောင်း လွှဲရင်း ပြောမိတဲ့ကျွပ်။ သူမ တွေဝေနေတယ်။ ဘာမှတော့ ပြန်မပြောဘူး။

"သားလေးဖိုးတေအတွက် မုန့်ဖိုးရှာပေးနေရတဲ့ အရာသာက တကယ် ခံစားလို့ကောင်းတယ် အစ်ကို၊ သားဆိုတဲ့အသိက မိခင်တစ်ဦးအနေနဲ့ အဝေးကနေ ပေးရတာမို့ ပိုပြီးတော့. . . "

သက်ပြင်းမောချမိတဲ့ ကျွပ်။ သူမက ထောင်တန်သုံးရွက်ကို အရဲသင့်ကိုင်ထားရင်းနဲ့လေ။ စကားတွေပြောလို့။ သူမ ဆက်ပြောလာတယ်။

"သားလေးဖိုးတေ၊ အဲ သူတို့ခေါ်တဲ့ နောင်နောင်ဆီ မသိမသာသွားပေးနေးမယ်နော် အစ်ကို"

"အင်း"

သူမ စိတ်ကျေနပ်ပါစေတော့ ရယ်လို့ ခေါင်းညိတ်ပြမိတဲ့ကျွပ်။ သူမက အပြုံးတစ်ချက်နဲ့ နှုတ်ဆက်ရင်း တစ်ဖက်ကိုဖြတ်အကူး . . .

"ဟေ့ ဟေ့ . . . အေးချမ်း၊ အေးချမ်း"

"ကား ကား . . . မကူးနဲ့"

"မကူးနဲ့"

အော်ပြောမိတဲ့ ကျွပ်ရဲ့အသံ။ သူမ မကြားဘူး။ အဲဒီအချိန် ဘရိတ် အုပ်တဲ့အသံ။ ဒုန်းခနဲမြည်သွားတဲ့အသံ။ အားခနဲ အော်လိုက်တဲ့အသံ။

နောက်တော့ . . .

✿

"ဟုတ်တယ် အစ်ကို၊ အဲဒီလို မုဆိုးဖိုကြီးနဲ့ညားအပြီး တင်စိန်မှာ ကိုယ်ဝန်ရှိလာတယ်၊ မုဆိုးဖိုကြီးကလည်း သူ့ကိုယ်ဝန်မဟုတ်ဘူး၊ အဒေါ်ယောကျ်ားနဲ့ရတဲ့ 'ကိုယ်ဝန်၊ အဲဒီလို စွပ်စွဲရင်းနဲ့ တင်စိန် ဒီကိုယ်ဝန်ကိုစောင့်ရှောက်ရင်း နေလာခဲ့တာ၊ အဲ- ကိုယ်ဝန်ခြောက်လ အရှမှာ အဒေါ်ဆုံးခဲ့တာလေ၊ တိုတိုပြောရရင် ဒီက ဝဝန်ဟာ အဒေါ်ယောကျ်ားနဲ့ရတာပါလို့လို့မ်ပြီး နေစရာလေး ရဖို့အတွက် အဲဒီလူနဲ့ပေါင်းပြီး နေခဲ့တာ"

"နေပါဦး၊ ကလေးက ဘာဖြစ်လို့ သူ့ဘေး ရောက်ရတာလဲ"

"ဒီလိုအစ်ကိုရဲ့ . . . တင်စိန် ကလေးမွေးအပြီး ငါးလအရောက်မှာ အဲဒီတိုက်ခန်းရှေ့အရောက် ကလေးမွေးစားချင်တဲ့အကြောင်း ပြောနေတာကြားတော့ တင်စိန်က ကလေးတစ်ဦး ရှိကြောင်း၊ ငါးလသားပဲ ဖြစ်ကြောင်း၊ တင်စိန်ကလေးမဟုတ်ကြောင်း၊ ကလေးအမေရော အဖေပါ သေသွားပြီဖြစ်တဲ့ အကြောင်း ပြောတဲ့အခါ သူတို့က လက်ခံတယ်၊ နောက်ရက် ကလေးကို အပ်ခဲ့တာ"

တင်စိန်ဆိုတဲ့ အေးချမ်းမေ ရှင်းပြခဲ့တဲ့ စကား။ အခုတော့ ဘဝတွေ ခြားလို့နေကြရပြီလေ။

အေးချမ်းမေ အဖြစ်နဲ့ရော မတင်စိန် အဖြစ်နဲ့ပါ ဘယ်လောက် ခံစားရမလဲဆိုတာ အဖြေ မရှာဘဲနဲ့ ကျွပ်သိနေတယ်လေ။

ကာလတွေ ကြာခဲ့ပြီ။

ငယ်အမည် တင်စိန်။ လမ်းဘေးနေတဲ့ အမည် အေးချမ်းမေ။ သူမရဲ့ ဘဝကတော့ ဘာမှမသိတော့တဲ့အဖြစ်။ ကားတိုက်ခံရပြီးတဲ့နောက် ဦးနှောက်ထိပြီး ထမင်းလွတ် ဟင်းလွတ် ရူးသွားရှာတဲ့ သူမ။

အခု သားဖြစ်သူ ဖိုးတေဆိုတဲ့ နောင်နောင်ပင် ဆယ်တန်းကျောင်း သားဘဝ ရောက်နေပြီ။ အကြိုအပို့ မလိုတော့တဲ့ဘဝ။ လူပျိုကြီးဖြစ်နေတဲ့ ဘဝ။ အဲ- တင်စိန်ဆိုတဲ့ အေးချမ်းမေကတော့ လမ်းမပေါ်မှာ ပြေးလိုက်၊ ရပ်လိုက်၊ တွေ့ရာ ကောက်စားလိုက်နဲ့ ဘာကိုမှ သတိမရတော့သည့်ဘဝ။

နောင်နောင် ကံကောင်းတယ်။ အကယ်၍များ အတိတ်မမေ့တဲ့ မိခင်ဆိုရင် အဖြစ်မှန်သိသွားနိုင်တယ်။ အခုတော့ အတိတ်မေ့မိခင် ဖြစ်နေလေတော့။

အကယ်၍များ ကျွပ် နောင်နောင်ဆိုတဲ့ သူ့ဘေးသားနဲ့ ဆုံဖြစ်ခဲ့ရင် မင်းအမေဟာ လမ်းဘေးက မိန်းမဖျက်၊ အန္တမကြီးတစ်ဦးဦးများ ဖြစ်ခဲ့ရင် မင်းအမေကို ချစ်နှိုင်းသေးရဲ့လားလို့ မေးမယ်။ နောင်နောင် ဘယ်လို ဖြေမလဲ ကျွပ်မသိနိုင်ပေမယ့် အန္တမကြီး မတင်စိန်၊ ဒါမှမဟုတ် မအေးချမ်းမေကို ခင်ဗျားမှာ သားရှိခဲ့ရင် ဘယ်ဘဝပဲ ရောက်ရောက် ချစ်နှိုင်ပါ့မလားဆိုတဲ့ အမေးကိုတော့ မိခင်ဖြစ်သူက သိပ်ချစ်တာပေါ့လို့ ဖြေမှာ အမှန်ပဲ။

မတင်စိန် ဘဝနဲ့ သားလေး ဖိုးတေကို ပိုင်ဆိုင်ခွင့်ရခဲ့ပေမယ့် အေးချမ်းမေဆိုတဲ့ ဘဝမျိုးနဲ့တော့ နောင်နောင်ရဲ့ဘဝမျိုးကို ပိုင်ဆိုင်မှု မရှိနိုင်ဘူးဆိုတာ ကျွပ်နားလည်တယ်။

အမေဆိုတာ မိဖုရားဘဝနဲ့ပဲ ဖြစ်ဖြစ်၊ ပြည့်တန်ဆာဘဝနဲ့ပဲဖြစ်ဖြစ် သားသမီးအပေါ် ချစ်နေတာကတော့ အမှန်ပဲ။ ဩော် . . . အမေ အမေ။

ကျွပ် ကျွပ် ကြာမြင့်နေပြီဖြစ်တဲ့ ဒီအဖြစ်ကိုတွေးရင်း ပန်းဆိုးတန်းမှတ်တိုင်ကို ကျောပေးလိုက်မိတယ်။ ကျွပ် သူတို့ရဲ့အဖြစ်ကိုတော့ အခန်းဆက်ဝတ္ထုရှည်ကြီးရေးဦးမှ။

အဲ- ဘယ်လို အဆုံးသတ်ရမှန်းတော့ မသိသေးဘူး။

အဲဒီ မိခင်တစ်ဦးရဲ့ ချစ်ခြင်းပြယုဂ်တစ်ခုကို မတင်စိန်ဆိုတဲ့ အေးချမ်းမေဆီက တွေ့လိုက်ရတဲ့အချိန်မှာတော့ ကျွပ်ရင်ထဲမှာ နင့်သွားပြန်ရော။

တွင်းကြီးသားတင်ဝင်းဦး

❑

www.burmeseclassic.com

www.burmeseclassic.com

သကၠဋ္ဌိုန်ဆီးများ လိပ်ဆိုးများ ဟောင်းမြေတွေ့ပုံသမိုင်း

ဒေါက်တာသန်းထွေး

'ဝါခေါင်လမိုက် လယ်တောမိုက်' ဆိုသည့်စကားနှင့်အညီ ရခိုင်ဒေသတွင် မုတ်သုံမိုးသည် သဲကြီးမဲကြီး ရွာသွန်းလျက်ရှိသည်။ စာဆိုနှင့်အညီ ဝါခေါင်လပြည့်ကျော် လကုန်ခါနီး လမိုက်ရက်များသည် မိုးအပျော်ဆုံး ရွာသွန်းမစဲသော အချိန်လည်းဖြစ်သည်။

ထို့ကြောင့် မိုးနည်း၍ လယ်တွင်ရေမတင်နိုင်သည့် တိမ်ကောစ လယ်ပျက် ကုန်းခေါင်များပင် ထိုအချိန်၌ မိုးရေရသဖြင့် ထွန်ယက် စိုက်ပျိုးနိုင်သည့် မိုးအများဆုံး သဲသဲမဲမဲ ရွာသွန်းနေသည့် အချိန်အခါသမယများ ဖြစ်လေသည်။

ဝါခေါင်လကွယ်ခါနီး ရက်များတွင် ရခိုင်ဒေသ မိုးရာသီအရ နောက်ဆက်တိုက် မိုးသည်းထန်စွာ ရွာလေ့ရှိသည်မှာ အစဉ်အလာဖြစ်လေသည်။

သည်လို မိုးကြီးရက်များတွင် လယ်သမားများအဖို့ လယ်တိမ် လယ်မြေများကို ထွန်ယက်စိုက်ပျိုး၍ အဆင်ပြေသလို ကိုသာမိုးတို့လို ပင်လယ်ရေလုပ်သား တံငါများအဖို့ ပင်လယ်ပြင်တွင် ရေစည်းရိုက်လေ့ရှိသည်။

မိုးသည်းထန်စွာရွာ၍ ပင်လယ်လှိုင်းတံပိုးများ ပြင်းထန်ချိန်တွင် ပင်လယ်ပြင် တစ်နေရာရှိ ရေစည်းကြောင်းဆီသို့ လိပ်ထိုး ထွက်လေ့ရှိကြသည်။ လှိုင်းကြီးလေထန်သည့် ရေစည်းရိုက်ချိန်တွင် ပင်လယ်လိပ်ကြီးများသည် ရေစည်းတွင် စုဝေး ပေါ်ပေါက်နေသည့် လိပ်စာမြက်များ၊ ရေခူရေတန်းများ စသည့် အစားအစာများကို မက်မောတွယ်တာစွာ စားသောက်လေ့ ရှိကြသည်။ ဤသည်ကို အခွင့်ကောင်းယူ၍ ကိုသာမိုးတို့လို လိပ်ထိုးသား တံငါသည်

www.burmeseclassic.com

www.burmeseclassic.com

တို့က ပင်လယ်လိပ်ကြီးများကို လိပ်မှိန်းဖြင့် ထိုးယူဖမ်းဆီးနိုင်ကြသည်။

ကိုသာမိုးတစ်ယောက် လေ့ဦးတွင် ဟန်ချက်ညီအောင် ရပ်ရင်း ရေစည်းအတွင်းမှ လိပ်များကို လိပ်ထိုးမှိန်းဖြင့် ထိုးယူဖမ်းဆီးနိုင်ရန် အားထုတ်လျက်ရှိသည်။ ပင်လယ်လှိုင်းကြောင့် လှေလူးလိမ့်နေသော်လည်း ကျင့်သားရနေသည့် သူ့ခြေနှစ်ချောင်းက မြဲမြံစွာ ရပ်တည်နေနိုင်လေသည်။ သာမန်လူသာဆိုပါက လှိုင်းအုပ်တိုက်၊ လှေအလှုပ်တွင် မတ်တတ်မရပ်နိုင်ဘဲ ရေထဲသို့ လွှင့်ပျံပြုတ်ကျသွားနိုင်သည်။

ကိုသာမိုးက ပဲ့ကိုင်စက်မောင်းသမား ကိုထွန်းကြိုင်ကို သတိပေးလိုက်သည်။

"ထွန်းကြိုင်ရေ . . . လှေကို အလိုက်သင့်ဖြစ်အောင် လှိုင်းနဲ့ ခပ်စောင်းစောင်းကပ်ပြီး မောင်းပေးနော်၊ လိပ်နားကို ရောက်ရင် စက်သတ်ပြီး ဘခိုင်နဲ့ စံထွားတို့က ခတ်တက်တွေပြင်ပြီး လှော်ခတ်ဖို့ အဆင်သင့်ပြင်ထား"

"ဟုတ်ကဲ့ ကိုသာမိုး၊ အားလုံးအရန်သင့်ပဲ၊ ကိုသာမိုး လိုသလိုသာပြော"

"လိပ်တွေနဲ့တော့ နီးလာပြီ၊ စက်သတ်ပြီး လှော်ခတ်ကြပေတော့"

"ထွန်းကြိုင်က လှေ့ပဲ့ကို နိုင်အောင် ထိန်းထားပေးဟေ့"

ဟွန်ဒါစက်တပ်လှေကလေးက လှိုင်းကြား၊ လေကြားတွင် လူးလွန့်ရင်း လှေသားနှစ်ယောက်၏ လှော်ခတ်မှုကြောင့် ရေစည်းနှင့် နီးသထက်နီးလာလေသည်။

ကိုသာမိုးတစ်ယောက် လက်ယာဘက်က လိပ်ထိုးမှိန်းကို ချိန်ဆကိုင်၍ ကျန်လက်တစ်ဖက်က မှိန်းကြိုးခွေကို အသင့်ကိုင်ထားလျက် ရေစည်းတွင် အစာစားနေသည့် လိပ်များဆီသို့ ချဉ်းကပ်ထိုးယူ ဖမ်းဆီးရန် ကြိုးစားနေလေသည်။ လိပ်တို့မှာ အုပ်စုဖွဲ့ကာ ပင်လယ်ရေမှော်ပင်များ၊ လိပ်စာမြက်များ၊ လိပ်စာပင်များ၊ ရေခူရေတန်း၊ ရေကြိုးများကို မျက်စိမှိတ်ကာ ခေါင်းမဖော်တမ်း စားသောက်နေကြသည်။

ကိုသာမိုးသည် အနီးကပ်ဆုံးနှင့် အသေချာဆုံး လိပ်တစ်ကုံးဆီသို့ လိပ်ထိုးမှိန်းကို သေချာစွာချိန်ဆ၍ ထိုးလွှတ်လိုက်သည်။ ပစ်လွှတ်လိုက်သည့် မှိန်းက လိပ်ကြီးကို သေချာစွာ ထိမှန်သွားသည်။

"ဝုန် . . . ဝိုး . . . ဝိုး . . . ဖောက် . . . ဒုတ်"

ကိုသာမိုး၏ လက်မှန်းလက်ဆကောင်းသည့် မှိန်းသွားက ပင်လယ်လိပ်တစ်ကောင်၏ အခွံစောင်းကို သေချာစွာ ထိမှန်ထိုးစိုက်သွားသည်။ ကိုသာမိုး ပစ်လွှတ်လိုက်သည့် မှိန်းစူးခံရသည့် လိပ်ကြီးမှာ မှိန်းဒဏ်ကြောင့် လန့်ဖျပ်နာကျင်စွာဖြင့် ရေအောက်သို့ ထိုးငုပ်သွားလေသည်။ မှိန်းအရိုး သစ်သားချောင်းမှာ ကျွတ်ထွက်သွားသော်လည်း မှိန်းသွားဖြင့် ဆက်သွယ်ထားသည့် လက်သွယ်ကြိုးက လိပ်ကြီးကို အဝေးသို့ ကြာကြာငုပ်လျှိုးပြေးထွက်ခွင့် မပေးပါချေ။ မှိန်းထိခံရသည့် လိပ်ကြီးမှာ ရေထဲတွင် ငုပ်ချည်တစ်လှည့်၊ ပေါ်ချည်တစ်ခါဖြင့် လွတ်မြောက်ရန် ကြိုးပမ်းနေလေသည်။

ကိုသာမိုးကလည်း ရေလှိုင်းအလိုက် နှိမ့်ချည်မြင့်ချည် ဖြစ်ပေါ်နေသော လှိုင်းလုံးများကြားတွင် မှိန်းကြိုးကို အလျှော့အတင်း ပြုလုပ်ပေးရင်း သားကောင် ပင်လယ်လိပ်ကြီးကို အမိအရ ကြိုးစားနေလေသည်။ လိပ်ကြီးမောသွားမှသာ မှိန်းကြိုးကို ဆွဲယူ၍ လိပ်ကြီးကို ဖမ်းဆီးလိုက်သည်။

*

ရေစည်းရိုက်သည် ဆိုသည်မှာ ပင်လယ်ရေလုပ်သား လိပ်ထိုးသမားတို့က ခေါ်ဝေါ်သုံးနှုန်းသည့် ပင်လယ်ပြင်မှ ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်သည်။

ပင်လယ်ပြင်သည် မာယာများသည့်အလျောက် ရေတံငါတို့ကို လှည့်စားလေ့ရှိသည်။ပင်လယ်ရေ၏ အရောင်က ရေအတိမ်အနက်ကိုလိုက်၍ အပြာနုရောင်၊ အပြာရင့်ရောင်၊ အစိမ်းရောင်၊ အစိမ်းနုရောင်၊ အစိမ်းရင့်ရောင် စသည်ဖြင့် အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်လေ့ရှိတတ်ကြသည်။ ရေအောက် ကျောက်ဆောင်၊ သဲကွက်၊ နုန်းကွက်များကို မူတည်၍ အရောင်အမျိုးမျိုး ဖန်ဆင်းဖြစ်ပေါ်လေ့ရှိကြသည်။

နွေရာသီ လှိုင်းလေသာချိန်တွင် ပင်လယ်ရေပြင်သည် မှန်သားပြင်ကဲ့သို့ကြည်လင်၍ အပြာရောင်လဲ့လဲ့ တည်ရှိနေတတ်သည်။ ပင်လယ်ရေတိမ်တိမ်တွင် အရောင်နုသကဲ့သို့ ရေနက်လေလေ အပြာရောင် ရင့်ရင့်သွားလေ ဖြစ်သည်။

ပင်လယ်သည် မိုးရာသီတွင် မလေအတိုက် လှိုင်းအလှုပ်ကြောင့် စိမ်းပြာရောင်သို့ ပြောင်းသွားလေသည်။ လှိုင်းကြောင့် ရေအောက်တွင် သဲဂလုန်ပျံ၍ ခံနေပုန်ဝါးနေလေ့ရှိသည်။ မိုးရာသီတွင် လှိုင်းတံပိုး ထကြွကာ ရေအရောင်မှာလည်း အစိမ်းနုရောင်၊ အစိမ်းရင့်ရောင် ပြောင်းလဲလေ့ရှိတတ်ကြသည်။

မြစ်ချောင်းများနှင့် နီးကပ်သည့် ကမ်းခြေဒေသများတွင် မြစ်ချောင်းများမှ စီးဆင်းလာသည့် ရေနောက်လုံးကြီးများကြောင့် ရွှံ့ရောဖြင့် နောက်ကျိုးစိတ်ထေးနေလေသည်။ လေယာဉ်ပေါ်မှ အပေါ်စီးကြည့်ပါက ပင်လယ်ရေသည် ကမ်းစပ်ရှိရေနောက်ကြိုးအလိုက် စီးမျောနေလေသည်။

ကမ်းခြေဒေသ ရေနက်ပိုင်းမှာမူ ရေမနောက်ကျိုးဘဲ စိမ်းရင့်ရောင် ရှုမှုတည်ရှိလေသည်။ ပင်လယ်ရေသည် ရေစီးကြောင်းကြီးဖြင့် စီးမျောကာ လှုပ်ရှားနေလေ့ ရှိသည်။ ထို့ကြောင့် မိုးရာသီတွင် ပင်လယ်ရေစီးကြောင်းအလိုက် ကမ်းခြေမှ ရေပြင်ကတစ်ဖက်၊ ကမ်းဝေးမှ ရေပြင် စိမ်းပြာရောင်ကတစ်ဖက် စည်းခြားထားသကဲ့သို့ တစ်ဖက် တစ်ချက်ဖြစ်ပေါ်ကာ လှိုင်းကြက်

www.burmeseclassic.com

www.burmeseclassic.com

ခွပ်များပင် တဖျပ်ဖျပ် ထခုန်နေတတ်သည်။

ပင်လယ်ရေသည် ရေကြည်တစ်ဖက်၊ ရေနောက်တစ်ဖက် စည်းခြားစည်းတားထားသကဲ့သို့ ဖြစ်ပေါ်နေခြင်းကို တံငါတို့က ရေစည်းရိုက်သည်ဟု ဆိုကြခြင်းဖြစ်သည်။

ထိုရေစည်းကြောင်း နှစ်ခု စပ်ကြားတွင် မြစ်ချောင်းများမှ မျောပါလာကြသော ဝေဒါပင်များ၊ အမှိုက်သရိုက်များ၊ ဒိုက်သရောများ၊ ပင်လယ်ကျောက်ကျော၊ ရေမှော်ပင်များ၊ လိပ်စာမြက်များတို့သည် ရောထွေးကာ ပင်လယ်ပြင်တွင် ဝါးဖောင်ရှည်ကြီးတစ်ခုနှင့် ရှည်လျားစွာ ပေါင်းစပ် ဖြစ်ပေါ်နေလေ့ရှိသည်။

ကျူပင်၊ ဝါးပင်၊ သစ်ပင်၊ ချဲ့နွယ်၊ ပုလင်းစုံ၊ ပလတ်စတစ်ဘူးခွံမျိုးစုံ၊ ကြိုးအပိုင်းအစမျိုးစုံ စသဖြင့် အမှိုက်ဒိုက်သရောများ စုပုံကာ တားထားသကဲ့သို့ တည်ရှိနေပေရာ ပင်လယ်လိပ်များ အလွန်ကြိုက်နှစ်သက်သည့် ရေစာအမျိုးမျိုး၊ ရေဖလား၊ ရေဖန်သီး၊ ရေသီး၊ ရေကြိုး၊ ရေတန်းတို့သည်လည်း တွယ်ငြိ၍ စီးမျောနေလေ့ရှိကြသည်။

မိုးကြိုးလေထန် လှိုင်းကြမ်းရေကြမ်းသည့် မိုးလယ်ကာလတွင် ပင်လယ်ပျော်လိပ်အမျိုးမျိုးတို့အဖို့ ရေပေါ် အစာအဖြစ် စုဝေးနေသည့် ရေစည်းကြောင်းတွင် ပွဲတော်ကြီးတမျှ အားရပါးရ စုဝေး စားသောက်ခွင့်ရသည့် အချိန်အခါပင် ဖြစ်လေသည်။

ရေခူရေတန်း၊ ရေဖလား၊ ရေဖန်သီး၊ ရေဖန်ခွက်တို့ကို ပင်လယ်လိပ်တို့က စည်းကြောင်း အမှိုက်သရိုက် ဒိုက်ပုံများပေါ်တွင် မှေးကပ်စီးမျောရင်း ဇိမ်ကျစွာ နှစ်နှစ်ခြိုက်ခြိုက် စားသုံးတတ်ကြသည်။

ဤလိုအခွင့်အရေးမျိုးက ပင်လယ် လိပ်များအဖို့ ဝါဆို၊ ဝါခေါင် လှိုင်းကြီးလေထန် ရေစည်းရိုက်ချိန်တွင်မှသာ ရရှိကြခြင်းဖြစ်လေသည်။

မိုးဦးကျရာသီတွင် ပေါက်ဖွားကာ ပေါများလှသည့် ရေခူ၊ ရေကြိုး၊ ရေဖလား၊ ရေဖန်သီး၊ ရေဖန်ခွက်တို့မှာ ပင်လယ်လိပ်တို့အဖို့ စားမြိန်ဖွယ် အစာဖြစ်သော်လည်း ပင်လယ်ရေလုပ်သားတံငါတို့အဖို့မူ ရေကြိုး၊ ရေတန်းအနိမ့်များမှာ အန္တရာယ်ကောင်များ ဖြစ်ကြသည်။

ၚင်းတို့သည် လေအိတ်ပူစီဖောင်းကလေးများ၏ အောက်ခြေမှ အပ်ချည်မျှင်ကြိုးများသဖွယ် လှုပ်ရှားလုံးလွန့်နေပြီး ကပ်ငြိရစ်ပတ်လေ့ရှိသဖြင့် တံငါတို့၏ လက်ခြေတို့ကို ထိမိသည်နှင့် ရစ်ပတ်သည့် နေရာတွင် မီးလောင်သကဲ့သို့၊ ဖောင်းပွ၍ ကျာပွတ်နှင့် ရိုက်သကဲ့သို့၊ လျှပ်စစ်ကြိုး ထိသကဲ့သို့ အံသားအရေကို မည်းနက်လောင်ကွမ်းစေကာ ယားယံ ကိုက်ခဲနာကျင်စေ၍ လည်ပင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ ဆီးခုံတို့ကို ရှစ်ပတ်မိကာ မိနစ်ပိုင်းအတွင်း အဆိပ်မိသကဲ့သို့ အသက်ရှူကျပ်၊ နှလုံးသွေးရပ်ကာ သေဆုံးသွားနိုင်စေသည်ထိ အဆိပ်ပြင်းထန်တတ်ကြလေ၏။

ပေါင်နှင့် ခြေသလုံး ကြွက်ညှာ၊ လက်မောင်း လက်ဖျံတို့တွင် ထိကာ ရစ်ပတ်မိပါက , မွေးညင်းပေါက်များမှ တစ်ဆင့် အဆိပ်ရည်များ စိမ့်ဝင်သွား၍ ယားယံနာကျင် ကိုက်ခဲကာ သတိလစ်သည်ထိ ခံစားရတတ်လေသည်။

ယင်းသို့ ရေကြိုးရေတုန်း ထိမိပါက ဖျားရည်၊ သကာရည်၊ သွားတိုက်ဆေးဘူးအနှစ်တို့ဖြင့် သုတ်လိမ်းမှသာ ပျောက်ကင်းချမ်းသာနိုင်ကြလေသည်။ ရေလုပ်သားတို့၏ ဘဝအတွေ့အကြုံအရ ကုထုံးဆေးနည်းပင် ဖြစ်သည်။

*

ပင်လယ်ရေမုဆိုး တံငါသည် အတတ်ပညာမျိုးစုံကို ကိုသာမိုးက အဘိုးဖြစ်သူ ဦးကြာလှနှင့် ဖခင်ဖြစ်သူ ဦးသာအောင်ဆီမှ လက်ဆင့်ကမ်း အမွေရယူခဲ့ရသည်။

ကိုသာမိုးကို ပင်လယ်ကမ်းခြေမော်ခဲ့ရွာတွင်မွေး၍ ပင်လယ်ပြင်မှာ ကြီးပြင်းခဲ့သည်ဟုဆိုလျှင် မှားပေ။ ကိုသာမိုးအဘိုး ဦးကြာလှနှင့် ဖခင် ဦးသာအောင်တို့က ပင်လယ်ထဲတဲ ငါးဖမ်းအမွေကို ကိုသာမိုးအား မခြွင်းမချန် လက်တွေ့သင်ကြားပေးခဲ့သည်။

အဘိုးနှင့် ဖခင် ဖြစ်သူသည် ရေလုပ်သားတံငါများပီပီ လှေကို ခေါင်းအုံး၍ အိပ်ကာ ပင်လယ်ပြင်ထဲတွင် အသက်မွေးဝမ်းကျောင်းပြုကာ ကွယ်လွန်သွားသူများ ဖြစ်ကြသည်။

ပင်လယ်ရေလုပ်ငန်း အတတ်ပညာကို ငယ်စဉ်တောင်ကျေး ကုလားဘဝကပင် ကိုသာမိုး သင်ယူ တတ်မြောက်ခဲ့ပြီးသားဖြစ်သည်။ ကမ်းနီးမျှင်ပိုက်လည်းဆွဲခဲ့ရသည်။ ငါးနီတူ၊ ငါးကုန်းညိုပိုက်လည်း ဆွဲခဲ့ဖူးသည်။ ကွန်စိပ်၊ ကွန်လတ်၊ ကွန်ကြား စသည်ဖြင့် ကွန်ပစ်နည်း မျိုးစုံကို တတ်မြောက်လေသည်။ ငါးမျှား၊ ပိုက်တား၊ ပိုက်မျှော အလုပ်များက ကိုသာမိုးအဖို့ မဆန်းပြားတော့သည့် မိဘရိုးရာ ပင်လယ်တံငါအလုပ်မှန်း ဖြစ်လေသည်။

ရှေးအခါက တံငါရေလုပ်သားကြီးများ ဆိုစကားအရ ငါးတစ်မိသား ပေါက်ဖွားလျှင် တံငါဆယ်မိသား စား၍ မကုန်နိုင်ဟု ဆိုရိုးရှိလေသည်။

သို့ပါသော်လည်း ကမ္ဘာပေါ်တွင် လူသားဦးရေက တစ်နေ့တခြား တိုးပွားကာလာနေသည်။ ရေမြေတောတောင် သဘာဝတရားက ရှိနေမြဲသာ ဖြစ်ခဲ့သည်။ သစ်တောကြီးများ တဖြည်းဖြည်း ကွယ်ပျောက်ကာ စိုက်ပျိုးဥယျာဉ်မြေများ ဟိုတစ်ကွက် သည်တစ်ကွက် ရှိတော့သည်။

မြစ်ချောင်းများ တိမ်ကော ပျောက်ကွယ်သလို ပင်လယ်ကမ်းခြေတစ်လျှောက် သောင်ထွန်း၍ ပင်လယ်သဲသောင်ခုံတေကြီးများ ဖြစ်ထွန်းလာသည်။ မြက်ပင်၊ သမန်းမြက်ပင်၊ ချဲ့နွယ်၊ လိပ်ကျောက်နွယ်ပင် တောကြီးများမှာ အုန်းတောကြီးများ ဖြစ်လာကြသည်။ မူလရွာထဲမှ ပြောင်းရွှေ့ကာ အုန်းစိုက်

www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးကာ အိမ်ဆောက် ရွာတည်ကြသဖြင့် ကမ်းခြေဒေသတွင် လူနေအိမ်များသည် ပိုက်တဲအဆင့်မှသည် ရပ်ရွာအဆင့်သို့ တိုးမြင့်လာကြသည်။

ရေလုပ်ငန်းကို အကြောင်းပြု၍ ပင်လယ်ကမ်းခြေဒေသများ တစ်ဟုန်ထိုး စီးပွားရေးကောင်းလာကြသည်။ သာမန်မိသားစု စားဝတ်နေရေးဘဝမှ ကမ္ဘာနှင့်ချီသည့် ရေလုပ်ငန်းဖွံ့ဖြိုးလာသည့်အခါ နည်းအမျိုးမျိုးဖြင့် ငါး၊ ပုစွန်နှင့် ရေသတ္တဝါများကို စီးပွားဖြစ် ဖမ်းဆီးလာကြသည်။

ပင်လယ်ကမ်းခြေ ကမ်းနီးဆွဲပိုက်မှသည် ရေနက်ပိုင်းကျော့ပိုက်၊ ပိုင်းပိုက်များအဖြစ် တီထွင်ဖမ်းဆီးလာကြသည်။ ငါးမျှားတဲမှသည် ရေနက်တန်းကြီးများဖြင့် ငါးမျှားချိတ်များ တပ်ဆင်၍ ကျောက်ငါးတန်း၊ ငါးရွှေစာန်း၊ ငါးရောင်တန်း၊ ငါးဗျက်နီ၊ ငါးနီမတန်း၊ ငါးကျိုင်္ကလီတန်း၊ ရေအောက်ကျောက်ဆောင်များအကြားတွင် ထိုးရသည့် တန်းစကြာလိပ် ကျောက်တန်း၊ လိပ်တန်းများပင် တီထွင်လာကြသည်။

သာမန်ရေအောက်ဆွဲ ပိုက်ငယ်ကလေးမှသည် သင်္ဘောကြီးများဖြင့် ရေအောက်ပိုက်များဆွဲကာ ငါး၊ ပုစွန်ဖမ်းဆီးရှာဖွေသည်ထိ တိုးတက်လာကြသည်။ ရွှေပုစွန်မှသည် ငါးနီတူ၊ ငတောက်တူ၊ ကင်းမွန်၊ ငမုတ် အဖြူအမည်း၊ ငါးကွမ်းရှပ်၊ ငါးညို့စပေါင့်၊ ကျိုင်္ကလီများ စွေးကောင်းရလာသည်။

ပင်လယ်ရေလိပ်များကိုမူ ယနေ့ထိ စီးပွားဖြစ် ရောင်းချမှုရှိသည်ကို မတွေ့ရပေ။ ပင်လယ်လိပ်များမှာ ကမ်းခြေကျောက်ဆောင်များ ကွယ်ပျောက်လာခြင်း၊ လူနေအိမ်ခြေများ ရှိလာခြင်းကြောင့် ရေနက်ကျွန်းဝေးများတွင် နေထိုင်ကျက်စားလာကြသည်။ ကုန်းနေ၊ ရေနေ သတ္တဝါများဖြစ်၍ ပင်လယ်ရေအောက်မြက်များ၊ ရေမှော်ပင်များကို စားသုံးကြသည်။ ပင်လယ်ရေခူအမျိုးက သူတို့အနှစ်သက်ဆုံး ဖြစ်ကြသည်။

ဆောင်းရာသီတွင် သဲသောင်ခုံများပေါ်၌ သဲကျင်းယက်၍ ဥဥချဲ့ကာ မိုးဦးကျစကာလတွင်သဘာဝအလျောက် လိပ်ငယ်ကလေးများ ပေါက်ဖွားရှင် ပင်လယ်ရေထဲဆင်းကာ ဘာသာဘာဝကြီးပြင်း ကျက်စားကြပြန်လေသည်။ လိပ်ပေါက်ကလေးများ ရေစဆင်းချိန်တွင် ငါးကြီးများက စောင့်ဆိုင်းစားသောက်ကြသေးသည်။

*

ကိုသာမိုးတို့ လိပ်ထိုးထွက်ကြသည်မှာ ဝါဆို၊ ဝါခေါင် လှိုင်းကြီးလေထန်ကာလများတွင် သက်စွန့်ဆဲဖျားသွားကြရခြင်း ဖြစ်သည်။

ယခုကာလလို ငါးဖမ်းလက်နက်မျိုးစုံ မပေါ်ပေါက်သေးသဖြင့် မိုးရာသီတွင် ပိုက်မဆွဲနိုင်ကြချေ။ ကမ်းနီးကျောက်တောများနှင့် ကမ်းခြေဒေသတွင် ငါးများ၊ ပိုက်တား၊ ကွန်ပစ်သည်မှလွဲ၍ မည်သူမျှ စီးပွားဖြစ် မရှာနိုင်ကြချေ။

မိုးကြီးလေစွေ ကာလတွင် ပင်ငါးစား တစ်နပ်အတွက် ရေစည်းကြိုးရိုက်ချိန်တွင် ပင်လယ်တံငါ ဓလေ့အရ လိပ်ထိုးထွက်ခြင်း ဖြစ်လေသည်။ တံငါရေလုပ်သားမိသားစု မိုးရာသီ ဟင်းငါးရှားပါးသည့်ကာလတွင် စားသောက်နိုင်ရန် အသက်ကိုရင်း၍ လှိုင်းကြီးလေထန် ပင်လယ်တွင်းသို့ လိပ်ထိုးဆင်းကြခြင်း ဖြစ်သည်။

လိပ်ထိုးမှိန်းမှာ အခြား ငါးထိုးမှိန်းများကဲ့သို့ အထစ်ချွန်မဟုတ်ဘဲ လက်သမားသုံး ဆောက်ပြားကဲ့သို့ ထုလုပ်၍ တစ်ဖက်စောင်းသွေးထားခြင်း ဖြစ်သည်။ မှိန်းသွားတွင် အသွေးတပ်၍ လက်သွယ်အစီကြိုးတပ်၍ မှိန်းနိုးတွင် တပ်ဆင်ကာ ပစ်ထိုးရလေ့ရှိသည်။

လိပ်ခွံများသည် သံဒယ်အိုးကြီးများပမာ အလွန်မာကျောလှပေရာ ရေတံငါတိုင်း လိပ်ထိုးကျွမ်းကျင်ကြသည် မဟုတ်ချေ။ တံငါသက်ရင့်သူ၊ အတွေ့အကြုံများသူ၊ လှိုင်းအခုန်လေ့အကြွတွင် လေ့ပေါ်တွင် ခြေနှစ်ချောင်းကို ဟန်ချက်ညီညီ ရပ်တည်နိုင်သူများမှသာလျှင် လိပ်ထိုးခြင်းကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ကြလေသည်။

လိပ်ထိုးရာတွင် လိပ်ခွံ၏အပျော့ဆုံးနေရာ ဖြစ်သည့် နောက်ခြေ နှုတ်ခမ်းသားကိုသာ ထိုးလေ့ ရှိကြသည်။ လက်အချိန်အဆ ကောင်းကောင်းဖြင့် လက်မဝက်ခန့် ထင်မိပါက ဖမ်းဆီးရမိနိုင်လေသည်။ အားနှင့် လွှတ်ထိုးမိပါကလည်း လိပ်ခွံပေါက်ထွက် ကွဲအက်လေထွက်၍ မှိန်းမဆွဲဘဲ မှိန်းသွားကျွတ်ထွက်ကာ လိပ်ကို မမိနိုင်တော့ချေ။

"ထွန်းကြိုင်နဲ့ ဘဦင်တို့ရေ... လိပ်သုံးလုံး ရထားပြီဆိုတော့ ပြန်ကြမယ်၊ လိပ်ကို ပက်လက်လှန်ချည်ထားတာ သေချာပစေဟေ့၊ ရေစီးပိုကြမ်းပြီး လှိုင်းက ပိုထန်လာသလိုပဲကွ၊ စနေထောင့်က တက်လာတဲ့ မိုးသားရေကြီး လွှတ်အော့ဂ် ပြန်မောင်းကြကွာ"

"ဟုတ်ကဲ့... ဦးလေးသာမိုး၊ ကျွန်တော့်အထင်တော့ မုန်တိုင်းရိပ်လို့ ထင်မိတယ်"

"ကိုစံထွားရေ၊ ဟွန်ဒါစက်ကို နှိုးပေတော့၊ အခြေအနေမကောင်းဘူး၊ ခပ်မြန်မြန်မောင်းထွက်မှဖြစ်မယ်"

ကိုသာမိုးတို့ စက်လှေက ကမ်းဘက်ဆီသို့ ဦးတည်မောင်းနှင်ပြီး ဆယ်မိနစ်ခန့်အကြာတွင် မိုးရောလေပါ ပြင်းထန်လာလေတော့သည်။

လှိုင်းနောက်ပိုးဖြစ်၍ လှေက စက်ရှိန်သာမက လှိုင်းအရှိန်ဖြင့်ရောက လျှောက်ပြေးလွှားလျက်ရှိသည်။ တက်မပဲ့ကိုင်အဖြစ် ကိုသာမိုးကိုယ်တိုင် ပဲ့ကိုင်ရလေသည်။ ကိုထွန်းကြိုင်က ပဲ့ထောင်စက်ကို ထိန်းသိမ်းပေးသည်။ ကျန်နှစ်ဦးက လှေထဲမှ မိုးရေများကို မနားတမ်း ပက်ထုတ်နေကြသည်။

ကမ်းပေါ်မှ စောင့်ကြိုနေသူများက လှိုင်းကြားတွင် ကွယ်လိုက်၊ ပျောက်လိုက် ဖြစ်နေသည့် လှေကလေးကို

www.burmeseclassic.com

ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြသည်။

ကိုသာမိုးတို့ လိပ်ထိုးထွက်သွားသည်ကို သိနေသည့် အိမ်နီးချင်း တံငါသည်များက ဟင်းစားရရန် သူတို့လေ့ကလေးကို စောင့်မျှော်နေကြခြင်းဖြစ်သည်။

မိုးသဲလို လေပြင်းတိုက်သဖြင့် ကမ်းခြေတွင် လှိုင်းလုံးကြီးများက တအုန်းအုန်း ရိုက်ခတ်လာလေသည်။ မိုးက ပို၍ပို၍ သဲသဲမဲမဲ ရွာလာသလို အနောက်တောင်လေက တအားပြင်းပြင်း တိုက်ခတ်လာလေသည်။ မိုးကြီးလေထန် လှိုင်းလုံးများ ရိုက်ခတ်နေသဖြင့် ကမ်းခြေသို့ လေ့ဆိုက်ရန် မလွယ်ကူလှပေ။

သာမန်မိုးရာသီတွင် ကမ်းအနီးတွင် စက်ကိုရပ်၍ လေ့တက်ဖြင့် လေ့ကာ ပဲ့ထိန်း၍ လှိုင်းအလိုက်သင့် ကမ်းကပ်နိုင်သော်လည်း ယခုလို မိုးသက်လေပြင်း ကာလတွင် ကမ်းကပ်ရေးက မလွယ်ကူလှချေ။

"ဟေ့ကောင်တွေ. . . လှိုင်းကြီးနေပြီ၊ ကမ်းကပ်ဖို့ကတော့ မလွယ်ဘူးဟေ့"

"ဘုရားတောင် ကျောက်တန်းဘက်ကို လေခိုမောင်းပြီး နတ်မော်တောင်အကွယ်က ထွန်းညှိတို့ချောင်းဝဘက်ကိုလှုပ်ပြီး လေ့ဆိုက်ရမှာ၊ အန္တရာယ်တော့ရှိမယ် သတိထားကြ၊ လေ့နဲ့ကို နှောင်းနှောင်းမဲမဲအောင် ကိုင်ထားကြ၊ လှိုင်းအုပ်လို့ လေ့မြုပ်ရင် လေ့နဲ့ခပ်ထေးထေးကိုကူးကြ၊ လေ့ကပျက်စီးမှာ သေချာပေါက်ပဲ၊ လိပ်တွေက ကြိုးနဲ့ချည်ထားတော့ ဖြုတ်မလွတ်နိုင်ဘူး၊ ကိုယ့်အသက်ကို လွတ်အောင်ရုန်းကြပေတော့"

ရွာလေ့ဆိပ်တွင် လေ့မဆိုက်နိုင်မှန်းသိ၍ ဘဝတူရေလုပ်သားများက လေ့ဆိုက်မည့် နတ်မော်တောင်ခြေချောင်းဝသို့ စုဝေးလိုက်ပါလာကြသည်။ လိုအပ်ပါက လိပ်ထိုးသမားအဖွဲ့ကို ကူညီ ကယ်ဆယ်ပေးကြရန်ဖြစ်သည်။ အရေးကြီးတော့ တံငါချင်းချင်း သွေးစည်းကြသည် မဟုတ်လား။

သည်လိုအဖြစ်မျိုးက တံငါတိုင်း တွေ့ကြုံနေကျမို့ အတွေ့အကြုံ ကောင်းကောင်းရှိသူများ ဖြစ်ကြသည်။ လှိုင်းရိုက်၍ လေ့မှောက်ပါက ကြိုးပစ်၍ ဘောချပေးရန် အသင့် စောင့်ဆိုင်းနေကြသည်။ ချောချောမောမော လေ့ဆိုက်မိပါကလည်း လှိုင်းဒဏ်မှလွတ်ရန် လေ့ကို ကုန်းပေါ်သို့ ဝိုင်းဝန်းဆွဲတင်ရန် ရေစပ်ဖျားမှ စုဝေးစောင့်ဆိုင်းနေကြသည်။

"ထွန်းကြိုင်ရေ. . . ခါတိုင်းလို စက်သတ်ပြီး လှော်တက်နဲ့ လှော်ကပ်လို့ရမယ့် အခြေအနေမဟုတ်ဘူး၊ နည်းတဲ့ လှိုင်းလုံးကြီးတွေမဟုတ်ဘူး၊ တစ်ချက်ရိုက်မိရင် လေ့က ထက်ဝိုင်းကျိုးပြီး တစ်စစီဖြစ်သွားနိုင်တယ်"

"ဟုတ်တယ် . . . ဦးလေးသာမိုး၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"ငါပြောတာ သေသေချာချာနားထောင်၊ လှိုင်းနဲ့အလိုက်သင့် စက်ကုန်ဖွင့်မောင်းရမှာပဲ၊ ဒါမှ လှိုင်းထိပ်က လေ့ကျော်ပြီး အရှိန်နဲ့ ကမ်းပေါ် အရောက်ပဲ၊ ကမ်းရောက်ရင် လူတွေက ဝိုင်းကူဆွဲတင်ကြလိမ့်မယ်၊ သတိ ဝီရိယနဲ့သာလိုက်ကြပေတော့"

"စက်ကုန် တင်လိုက်ရမလား ဦးလေးသာမို၊ အဆင်သင့်ပြင်ထားလိုက်ပြီ"

"ကဲ. . . နောက်တစ်လုံး လှိုင်းအတက်မှာ စက်ကုန်သာဖွင့်ပေတော့"

"ဝေါ်. . . ဝန္ဒး. . . ဦး. . . ဦး . . . ဘောင်း. . . ဗျောင်း. . . ဗျောင်း . . . ဝုန်း. . . ပြန်း. . . ပြန်း. . . "

စက်တင်သံ၊ လှိုင်းပြေးသံ၊ လှိုင်းခိုးသံ၊ လှိုင်းရိုက်သံများက တစ်ပြိုင်နက် ထွက်ပေါ်လာသလို ကိုသာမိုးတို့ လိပ်ထိုးလှေကလေးသည် စက်အရှိန်ဖြင့် တအားမောင်းနှင်မှုကြောင့် လှိုင်းပေါ်မှ ခုန်ပျံကာ လှိုင်းမရိုက်မီ၊ ကမ်းစပ်ဆီသို့ ဒုတ်ခနဲ ဆိုက်သွားသည်။

လှေပေါ် ပါလာသူ အားလုံး ထိတ်လန့်ကုန်ကြသည်။ ကမ်းခြေ ရေစပ်မှ စောင့်ဆိုင်းနေသူများက လှေကို တစ်ပြိုင်နက် ဝိုင်းဝန်း ညီတူညာတူ ဆွဲတင်လိုက်ရာ လှေမှာ သောင်ပေါ်သို့ ဒွေ့ကနဲ ရောက်ရှိသွားလေသည်။

လှေပေါ်မှ လူများ ချက်ချင်းဆင်း၍ လှေကိုဘေးသို့စောင်းကာ လှေဝမ်းထဲမှ ရေများကို စောင်းသွန်ချလိုက်သည်။ ထို့နောက် လှေကို ရေစပ်နှင့် ဝေးရာသို့ တွန်းယူဆွဲငင် ပြောင်းရွှေ့လိုက်ကြလေသည်။

"ဦးလေးသာမိုးကြီး အကြံဉာဏ်ကောင်းလို့ ဒုက္ခမရောက်ကြတာပ"

"အေး. . . တို့ရေတံငါအလုပ်က အမြဲတမ်းအန္တရာယ်ရှိတယ်၊ အသက်ကို ဉာဏ်စောင့်ပြီး အရေးကြုံရင် သက်လုံကောင်း၊ သတိရှိဖို့လိုတာ ကိုယ်တွေ့ပဲဟေ့၊ မှတ်ထားကြကွ"

စွန့်ထမ်းသူ၊ တတ်ထမ်းသူ၊ လိပ်ထမ်းသူမျိုးဖြင့် နတ်မော်တောင် ကမ်းခြေတစ်ဝိုက်တွင် လိပ်ထိုးရေလုပ်သားတို့၏ လှုပ်ရှားသံများကဖြင့် တသောသော ညံသွားလေတော့သည်။

ရေစည်းကြိုးရိုက်ချိန် လိပ်ထိုးသားတို့၏ ဘဝကား သက်စွန့်ဆံဖျားရေလုပ်သားများ၏ ဝမ်းရေးပင် ဖြစ်လေတော့သည်။

မောင်မြတ်လွင်(ပင်လယ်)

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းပင်၊ ကုက္ကိုပင်၊ တမာပင်၊ ဝါးရုံများ စိုစိုစိမ်းစိမ်းဖြင့် စီတန်းပေါက်နေသော ချောင်းကလေးကို ဖြတ်လိုက်သည်နှင့် ကျွန်တော့်ရင်ထဲ အဘွားကို လွမ်းဆွတ်တမ်းတစိတ်က မျိုသိပ်မနိုင်အောင် တဖွားဖွား ပေါ်လာပါတော့သည်။

ငယ်စဉ်က ဒီချောင်းရိုး တစ်လျှောက် အဘွားနှင့်အတူ နွားကျောင်းခဲ့ရသည်ကို ပြန်လည်မြင်ယောင်လာမိပါသည်။ အဘွားကို သတိရ အောက်မေ့ဖွယ် လွမ်းဆွတ်ရခြင်းနှင့် အတူ အဘွားချစ်ခင်ယုယခဲ့သော 'ပေါက်စကြီး' ကိုပါ သံတိရလွမ်းနေမိပါသည်။

အဘွားနှင့် ပေါက်စကြီးတို့၏ သံယောဇဉ် နှောင်တွယ်မှုကား ထူးခြားအံ့ဩဖွယ်ကောင်းလေ၏။ ပြန်လည်တွေးတိုင်း ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရ၏။

ကာလများစွာ ကြာခဲ့ပြီဖြစ်လင့်ကစား ပြန်တွေးရင် မနေ့တစ်နေ့က ဖြစ်ခဲ့သော အဖြစ်အပျက် တစ်ခုလို ခံစားနေရပါသည်။ ထူးဆန်း အံ့ဩဖွယ်ရာ ရင်နှင့်ကြေကွဲစရာ ဖြစ်ရပ်တစ်ခု ဖြစ်သဖြင့် ကျွန်တော့်တစ်သက် မေ့ရက်နိုင်မည် မဟုတ်တော့ပါ။ ကြာတော့ ကြာခဲ့ချေပြီ။

❖

ကျွန်တော်တို့ ရွာကလေးသည် လယ်ယာကိုင်းကျွန်းလုပ်ကိုင်သူများ နေထိုင်ရာ ရွာကလေးဖြစ်သဖြင့် အိမ်တိုင်းလိုလို ကျွဲ၊ နွားများ မွေးမြူကြသည်။ အိမ်တိုင်းနီးနီး နွားမတစ်ကောင်လောက်တော့ မွေးထားကြသည်။ နွားစားကျက်များကလည်း ကျယ်ပြောလှသဖြင့် နွားမွေးမြူရင်လည်း လွန်စွာသင့်လျော်လှ၏။

ကျွန်တော်တို့အိမ်မှာပင် ခိုင်းနွားတစ်ရှဉ်းနှင့် နွားမတစ်ကောင် မွေးထား၏။ နွားများကို ကျွန်တော့်အဖေက အထူးဂရုစိုက်၏။ နွားများကို စားကျက်တွင် လွှတ်မထား၊ အဖေကိုယ်တိုင် အလုပ်အားလပ်သည့် အချိန်များတွင် နွားကျောင်းလိုက်၏။ အဖေ မအားလပ်သည့် အချိန်တွင် ကျွန်တော် နွားကျောင်းလိုက်ရ၏။ ကျွန်တော် နွားကျောင်းသွားလျှင် ကျွန်တော့်ကို အသက်လောက် ချစ်သော အဘွားက ကျွန်တော့်ကို စိတ်မချသဖြင့် သူပါလိုက်လာစမြဲ။ ထိုစဉ်က ကျွန်တော့်အသက်မှာ (၁၀)နှစ်ကျော် (၁၁)နှစ်လောက် ရှိမည် ထင်ပါသည်။

ကျွန်တော့် မိခင်၊ ဖခင်တို့ကလည်း အလုပ်ခွင်ထဲမှာသာ အနေများသဖြင့် ကျွန်တော်မှာ အဘွားနှင့်သာ နေရ၏။ အဘွားနှင့် အနေများခဲ့သဖြင့် အဘွားကို ကျွန်တော် ချစ်ပါသည်။

အဘွားတွင် ကျွန်တော့်အမေ အပါအဝင် သားသမီး ငါးဦးရှိရာ သုံးဦးက ကျွန်တော်တို့နှင့် တစ်ရွာတည်း ဖြစ်၏။ ကျန်နှစ်ဦးမှာ တစ်ဦးက အိမ်ထောင်ကျပြီး ကျွန်တော်တို့ ရွာနှင့် သုံးမိုင်မျှသာဝေးသော ရွာစာလေးတွင် နေထိုင်၏။

အဘွား၏ သားသမီး ငါးဦးအနက် အငယ်ဆုံးဖြစ်သော ကျွန်တော့် ဦးလေးမှာ ကျွန်တော့်အဘိုး၏ ဇာတိရွာတွင် အဘိုး၏ညီများနှင့် နေထိုင်၍ လယ် ကူလီအဖြစ် လုပ်ကိုင်နေသည်။

ကျွန်တော့်ဦးလေးမှာ ကျွန်တော့်ထက် အသက် ငါးနှစ်ခန့်ကြီးသည်။ ရဲဖန်ရဲခါမှသာ မိခင်ဖြစ်သူ ကျွန်တော့် အဘွားထံ လာတတ်သည်။ အဘွားက သူ့သားအငယ်ကို ကျွန်တော်တို့နှင့် လာရောက် နေထိုင်ရန်ခေါ်သော်လည်း အဘိုးရွာတွင် ပျော်နေသဖြင့် မလာ၊ အဘွားက သူ့သား အထွေးလေးကို ချစ်သော်လည်း သားလေးမျက်နှာညို အလိုမကျဖြစ်နေမည်ကို မကြည့်ရက်သဖြင့် . . .

"လူလေး ထွန်း။ အလုပ်အားရင် အမေ့ဆီ မကြာ မကြာ လာပါ လူလေးရယ်" ဟူသော အမှာစကားသာ ပါးနိုင်ခဲ့သည်။

သား၏ ဆန္ဒကို မတားဆီးနိုင်သဖြင့် ဦးလေးထွန်း ပြန်တိုင်း မျက်ရည်စက်လက် ဖြစ်ခဲ့ရသည်။

ကျွန်တော့် ဦးလေးကလည်း အဘွား အမှာစကားအတိုင်း အလုပ်အားတိုင်း ကျွန်တော့်တို့ရွာကို မကြာခဏ လာလည်လေ့ရှိသည်။ လာလည်တိုင်း ကျွန်တော်နွားကျောင်းသွားလျှင် အဘွားရော ဦးလေးပါ လိုက်လာလေ့ရှိသည်။ ထိုအချိန်တွင် နွားကျောင်းရင်း ရေအိုင်များတွေ့လျှင် ငါးဖမ်း ငါးပက်၊ ကျွန်တော်တို့တူဝရီးနှစ်ယောက် လုပ်လေ့ရှိသဖြင့် ညနေ နွားသွင်းချိန်တွင် ဟင်းစားအဖြစ် ငါးပုစွန်များ ပါလာစမြဲပင်။

ယခုတစ်ခေါက် ဦးလေး ရွာရောက်လာတော့ အင်း၊ အိုင်များရောခနဲ နေပြီဖြစ်ရာ ငါးပက်ခြင်း အလုပ်ကို ကျွန်တော်တို့ မလုပ်နိုင်။ ထိုအချိန်အခါများတွင် လေးဆွဲတစ်လက်ဖြင့် ဦးလေးတစ်ယောက်တည်း တောတန်းတစ်လျှောက် ငှက်လိုက်ပစ်သည်။ အဘွားက ထိုသို့ မလုပ်ရန် တားသော်လည်း ဦးလေးက နားမထောင်။

"အမေကလည်း ပျင်းလို့ တောထဲ လျှောက်သွားတာ ငှက်ပစ်မလို့ မဟုတ်ပါဘူး" ဆိုပြီး လေးဆွဲတစ်လက်နှင့် တောထဲလျှောက်သွားသည်။

ညနေ အိမ်ပြန်လာလျှင် ဗျိုင်းငှက်၊ ခြိုးငှက်၊ ရေကြက်စသဖြင့် ပါလာတတ်သည်။ အဘွားက တဖျစ်တောက်တောက် မြည်တွန် တောက်တီးလျှင် ဦးလေးက မချိုမချဉ် မျက်နှာနှင့် နေလေ့ရှိသည်။ ဦးလေး ပြန်တော့မည် ဆိုတော့ အဘွားက အမှာစကားတွေ တဝကြီး ပြောပြီး မျက်ရည်စက်လက် ဖြစ်ရပြန်သည်။

ထို အခေါက်သည် ဦးလေး အတွက် ရွာသို့ နောက်ဆုံးလာခြင်း ဖြစ်မည်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ရွာမှ ဦးလေးပြန်သွားပြီး တစ်ပတ်ခန့် ကြာတော့ ဦးလေးတော်ထဲ

www.burmeseclassic.com

www.burmeseclassic.com

ငှက်ပစ်ရင်း ပိုးထိကာ သေသွားသည့် သတင်းကို ကြားလိုက်ရသည့်အတွက် ဖြစ်သည်။ အဘွားလည်း သား ဆုံးပြီးဆိုတာ သိရော အရူးတစ်ပိုင်း ဖြစ်သွားသည်မှာ ကာလများစွာ ကြာသည်အထိပင်။

❖

သံယောဇဉ်အပူမီးကြောင့် ညှိုးနွမ်းနွမ်းရှိနေသော အဘွား။ ကျွန်တော်တို့အိမ်က နွားမ ဒီးရှိနေပြီလို့ သိတဲ့ နေ့ကစပြီး ထူးထူးခြားခြား ဖြစ်လာပါသည်။

နွားမလေးကိုလည်း ဂရုတစိုက် ကျွေးမွေးသည်။ နွားမ ထားသည့်နေရာတိုလည်း နေ့စဉ်သန့်ရှင်းရေးလုပ်သည်။ နွားမလေးကိုလည်း တယုတယဖြင့် ကျောလေးသပ်သပ်ပေးခြင်း။ သီးခြားသောက်ရေခွက်ချပေးခြင်း လုပ်ပေးသည်။

ကျွန်တော့်ကိုလည်း "လူလေး နွားမလေးကို ဂရုစိုက်နော်၊ နွားထီးလေး မွေးမှာ၊ ထိပ်မှာ ကြာကွက်ကလေး ပါလာမယ်၊ နွားအမွေးက နီညိုရောင်၊ နောက်ပြီး အမြီးဖျားမှာ အဖြူစက်ကလေးတွေ ပါလာမှာ လူလေးရဲ့" လို့ ပြောပါသည်။ ကျွန်တော်က . . .

"အဘွားက ဘယ်လိုလုပ်သိလို့လဲလို့" လို့မေးလိုက်တော့ အဘွားက ရီဝေတဲ့ အကြည့်နဲ့ နွားမလေးကို ကြည့်ပြီး "ဒီလိုပဲပေါ့ လူလေးရယ်" ဟု ပြောပါသည်။

နွားမ မွေးသည့်အချိန် ရောက်တော့ ကျွန်တော်မှာ စိတ်ဝင်တစားဖြင့် စောင့်ကြည့်နေမိသည်။ အဘွဲ့ကလည်း နှုတ်တာ တဖွဖွဖြင့် ဘာတွေရွတ်သည် မသိပါ။

နွားမလည်း မွေးရော အဲဒွားပြောသည့်အတိုင်း နွားထီးကလေး။ ထိပ်မှာ ကြာလေးနဲ့ အရောင်အသွေးကလည်း အဘွား ပြောတဲ့အတိုင်း မှန်နေသည်ကို ကျွန်တော်နှင့် အဖေ၊ အမေတို့ တအံ့တသြတွေ့လိုက်သည်။ နွားကလေးကို အဘွားက . . .

"ဟေ့ ဒီနွားလေးကို ပေါက်စလေးလို့ ခေါ်ကြဟေ့" ဟု ကျွန်တော်တို့ကို လှမ်းပြောပါသည်။

နွားကလေးသည် ပထမဦးဆုံး နွားမကြီးနို့ စို့ပြီးတာနဲ့ အဘွားထိုင်နေရာကို ရောက်လာပြီး အဘွားကို ခေါင်းကလေးနဲ့ လာထိလိုက် အဘွားပေါင်ပေါ် ခေါင်းကလေးတင်ပြီးလဲလိုက်နှင့် ထူးထူးဆန်းဆန်း တွေ့လိုက်ရပါသည်။

အဘွားကလည်း နွားကလေး ခေါင်းကို လက်ဖြင့်ပွတ်ပေးရင်း "သားလေးရယ် . . . သားလေးရယ်"နဲ့ ပြောလိုက် မျက်ရည်ကျလိုက်နှင့် ကျွန်တော်တို့ နားမလည်အောင်ဖြစ်နေရသည်။

ပေါက်စကြီးလို့ အမည်ပေးထားတဲ့ နွားလေးနဲ့ အဘွားက ဘဝ ဘဝက ဘယ်လိုများ ပတ်သက်ခဲ့သည် မသိ။ မိခင်နှင့်သားပမာ ယုယုယယ ကြင်ကြင်နာနာရှိနေသည်မှာ အံ့သြစရာကောင်းလွန်းလှပါသည်။

'ပေါက်စကြီးရေ' လို့ အဘွား ခေါ်လိုက်ရင် ကြားတဲ့နေရာကနေ အဘွားထံ ပြေးလာသည်မှာ ငယ်စဉ်ကတည်းက ကြီးသည်အထိပင်။

အဖေက အမေ့ကို . . .

"ဟဲ့- နင်အဲမေ ပေါက်စကြီးကို ယုယတာ လွန်တယ်၊ ပေါက်စကြီးကလည်း သူ့ဆိုရင် အမေနဲ့သား တွေ့ခနသလိုပဲ၊ မဟုတ်မှလွဲရော နင့်မောင်ငထွန်းများ ဝင်စားနေသလား မသိဘူး"လို့ ပြောရင် အမေက ထိတ်ထိတ်ပျာပျာနဲ့ . . .

"အောင်မယ်လေး . . . အဲဒီလို မပြောလိုက်ပါနဲ့ရှင်၊ သူသားလေး နွားဖြစ်နေတယ်လို့ ပြောရင် အမေရင်ကျိုးသွားလိမ့်မယ်" လို့ပြောတာ ကျွန်တော်ကြားတော့ အဘွားကို ကျွန်တော်က-

"အဘွား ပေါက်စကြီးက ဦးလေး ငထွန်း ဝင်စားတာလားဟင်" လို့ မေးလိုက်မိပါသည်။

အဘွား ဘာမှ ပြန်မပြောပါ။ မျက်ရည်တွေသာ စီးကျလာလျက် ပေါက်စကြီးခေါင်းလေးကို သူ့လက်ကလေးနဲ့ ပွတ်နေပါသည်။ ကျွန်တော်လည်း အဘွားမျက်ရည်ကျတာ မကြည့်ရက်လို့ ဘယ်တော့မှ မမေးတော့ပါ။

❖

ပေါက်စကြီးသည် နွားကောင်းတစ်ကောင်တွင် ရှိရမည့် အင်္ဂါရုပ်များ ပြည့်စုံသည့်ပြင် ကြိမ်တို့စရာ မလိုအောင် ခိုင်းနိုင်သော နွားဖြစ်သဖြင့် လူကြိုက်များလှသည်။ ထိုခေတ်က ရွှေတစ်ကျပ်သား ကျပ်နှစ်ရာခန့်သာရှိရာ ပေါက်စကြီးကို သုံးရာအထိပေးဝယ်သူများရှိရာ ဆင်းရဲနွမ်းပါးပေမယ့် အဘွားက မရောင်းပါ။ အဖေနှင့် အမေကလည်း ရောင်းမည့်စကားကို တစ်လုံးမျှ မပြောဝံ့ပေ။

ပေါက်စကြီး အဘွားအပေါ် ဘယ်လောက် သံယောဇဉ်ရှိသည်ကို အဘွားနေမကောင်းစဉ်က ကျွန်တော်တို့မိသားစု တအံ့တသြ တွေ့ခဲ့ရသည်။

အဘွား နေမကောင်းတော့ ဆေးမှီးတိုများဖြင့် ကုသသော်လည်း မသက်သာ၊ နှစ်ရက် သုံးရက်လောက် ကြာတော့ အဘွားမှာ စကားပင် မပြောနိုင်တော့ချေ။ ထို့အခြေအနေထွင် ကျွန်တော်တို့ရွာနှင့် သုံးမိုင်အကွာတွင် ရှိသော မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးကို မဖြစ်မနေ ပင့်ရမည့် အခြေအနေ ရောက်နေသည်။

ထိုခေတ်အခါကလည်း နယ်မြေအခြေအနေကလည်း မအေးချမ်း၊ ဆေးဆရာပင့်ရမှာလည်း ည ၇ နာရီခန့် ရှိနေပြီ၊ မပင့်ထိုက်လည်း မဖြစ်၊ သွားရမှာကလည်း အန္တရာယ် များလှသဖြင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

ထိုအချိန်တွင် အိမ်နောက်ဘက်တင်းကုပ်ထဲမှ တရှုန်းရှုန်းသံ ကြားရပြီး နွားခြံကိုတွန်းထွက်သံ ကြားလိုက်သဖြင့် မီးခွက်ဖြင့်ကြည့်ရာ ပေါက်စကြီး လှည်းထမ်းပိုးနား ရောက်နေသည်ကို တွေ့လိုက်ရသည်။ ဆေးဆရာကို လှည်းဖြင့် သွားပင့်ရန် အဆင်သင့် အနေအထား

www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည်ကို တအံ့တသြ တွေ့လိုက်ရသဖြင့် ကျွန်တော်တို့ ဆွေမျိုးများ ပေါက်စကြီးနှင့် ချိုထောင်ကြီးကို လှည်းမှာ တပ်မောင်းချ ဆရာကိုသွားပင့်ရလေသည်။

အဘွား နေကောင်းတော့ ထိုအကြောင်းများကို ပြောပြရာ အဘွားမှာ တပြုံးပြုံးဖြင့် "ငါ့သားက အမေ့ကို သိပ်ဂရုစိုက်တာ၊ ဒါကြောင့် အမေက ချစ်တာ" ဟု ပေါက်စကြီးခေါင်းလေးပွတ်ပြောတော့ ပေါက်စကြီးမှာ အပြီးတန့်နှဲ့ ဖြစ်နေခဲ့သည်။

ထိုသို့ ပေါက်စကြီးနှင့် အဘွား ချစ်ချစ်ခင်ခင် ယုယုယယ နေခဲ့ကြသော်လည်း ခွဲခွာရမည့် အကြောင်းတစ်ခု ပေါ် ပေါက်လာပါသည်။

ထိုနှစ်က ရာသီဥတု မကောင်း၊ သီးနှံကမဖြစ်ထွန်း၊ မိသားစု ကျန်းမာရေးကလည်း သူက နေမကောင်းလိုက် ငါကနေမကောင်းလိုက်နဲ့ ဖြစ်နေခဲ့ရာ စားဝတ်နေရေး ခက်ခဲရုံမက ကြွေးမြီလည်း ထူသဖြင့် ရှိစုမဲ့စုများ ထုခွဲရောင်းချရသည့် အခြေအနေ ရောက်သွားပါသည်။ နောက်ဆုံး တစ်အိမ်လုံးရဲ့ အချစ်တော်၊ အထူးသဖြင့် အဘွား၏ အချစ်တော် ပေါက်စကြီးကို ရောင်းချရပါတော့သည်။

နွားဂယ်သူများက ကျွန်တော်တို့ ရွာနှင့် ရှစ်မိုင်မျှဝေးသော ရွာတစ်ရွာမှ ဖြစ်သည်။ အဘွားမှာ တားနိုင်သည့် အခြေအနေမရှိသဖြင့် ပေါက်စကြီးကို မျက်ရည်စက်လက်နှင့် ကြည့်နေရတော့သည်။ ပေါက်စကြီးကလည်း သိပုံရပါသည်။ အဘွားကိုတစ်လှည့်၊ နွားခြံကို တစ်လှည့်ကြည့်ပြီး မျက်ဝန်းမှ မျက်ရည်များ ထွက်လာပါသည်။

ကျွန်တော်ကလည်း ငိုယိုလျက် နွားဝယ်သူလက်ထဲမှ ကြိုးကို အတင်းပြန်ဆွဲနေမိပါသည်။

နောက်ဆုံး အဖေနှင့် အမေက "လူလေးရေ၊ ပေါက်စကြီးကို ရောင်းလိုက်ပြီ၊ တို့မပိုင်တော့ဘူးကွဲ့" ဟု မျက်ရည်စက်လက်ဖြင့် ပြောရှာ၍ ကျွန်တော့်လက်မှ နွားကြိုးကို ဝယ်သူလက်ထဲ ပြန်လည့်လိုက်ပါသည်။

ပေါက်စကြီးလည်း ဝယ်သူလက်ထဲပါသွားသောကြိုးစနောက်တကောက် ကောက်လိုက်နေရသော်လည်း ရုန်းရင်းကန်ရင်း အဘွားကို မျက်ရည်စက်လက်ဖြင့် ပြန်ကြည့် ပြန်ကြည့် လုပ်နေသည်မှာ ယနေ့အထိ ကျွန်တော်မြင်ယောင်နေမိပါသေးသည်။

❖

ပေါက်စကြီး မရှိကတည်းက ကျွန်တော်တို့အိမ်မှာ ခြောက်ကပ်ကပ် ဖြစ်သွားသည်ဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော် နွားကျောင်းတျင် အဘွား မလိုက်လာတော့ပါ။

အဖေကလည်း "ပေါက်စကြီးလို နွားမျိုး တစ်သက် တွေ့ရတော့မှာ မဟုတ်ဘူး၊ လယ်ထဲ လယ်ထဲမို့လို့ တောထဲ တောင်ထဲ ထင်းခုတ် ဝါးခုတ် ရင်လည်း ထင်းခုတ် ဝါးခုတ်တာမို့လို့ တော်တော်အားကိုး စိတ်ချရတာ၊ ငါ့နွားကြီး သူထောင်ကောင်း လက်ထဲရောက်ပါစေကွာ" လို့ ခဏ ခဏ ပြောပါသည်။

အဘွားက အခြေအနေတစ်မျိုး ပြောင်းသွားပါသည်။ စကားများများ မပြောတော့ပါ။ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ နေ့စဉ်ပုတီးစိပ် တရားထိုင်ခြင်းများသာ လုပ်ပါတော့သည်။

ကျွန်တော့်ကိုလည်း . . .

"လူလေးရေ၊ အတတ်နိုင်ဆုံး ငါးပါးသီလလုံအောင်နေကွဲ့၊ ရတနာသုံးပါး၊ အနန္တော အနန္တ ငါးပါး မမေ့နဲ့ ဘဝသံသရာကြီးက တယ်ကြောက်ဖို့ကောင်းတာကလား၊ လူ့ဘဝရတုန်းမှာ ကောင်းမှုကုသိုလ်နဲ့နေ၊ အနည်းဆုံး ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံနဲ့ ဝေးအောင်ပေါ့ကွယ်" ဟု နေ့စဉ် ဆိုဆုံးမပါသည်။

နေ့စဉ် အဘွား၏ မေတ္တာပို့သံ အမျှဝေသံများဖြင့် ကျွန်တော်တို့အိမ်လေး ထုံမွမ်းနေပါသည်။

ပေါက်စကြီး ကျွန်တော်တို့အိမ်နှင့် ခွဲခွာသွားသည်မှာ ငါးနှစ်ခန့်ကြာသွားချေပြီ။ နွားခြံဝင်းသို့ ရောက်တိုင်း ကျွန်တော် သတိရနေဆဲ ဖြစ်ပါသည်။

ထိုငါးနှစ်အတွင်း အဘွားလည်း ကြိမ်ဖန်များစွာ သတိရနေမည် ထင်ပါသည်။ အဘွားလည်း သူ့တရားနှင့်သူ နေသဖြင့် ပေါက်စကြီးအကြောင်း ကျွန်တော် တစ်ခါမျှ မပြောမိပါ။

သို့သော် ထူးဆန်းအံ့သြကြေကွဲဖွယ်ကောင်းသော အကြောင်းတစ်ခုက နေ့လေးတစ်နေ့မှာ ကြုံတွေ့ခဲ့ရသည်။ ထိုအကြောင်းလေးက ရင်နှင့်အမျှ ထိထိရှရှ ခံစားခဲ့ရပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

နေ့တစ်နေ့ . . . . .

ထို့နေ့က ကျွန်တော်တို့ မိသားစု ထမင်းစားနေခိုက် ဖြစ်နေပါသည်။

ရွာထိပ်မှာ ခွေးဟောင်သံ လူသံများဖြင့် ဆူညံနေသဖြင့် ထမင်းစားရင်း နားစွင့်နေလိုက်မိသည်။

"ကလေးတွေ တစ်ယောက်မှ အပြင်မထွက်ကြနဲ့ဟေ့၊ နွားသတ်သမားတွေ နွားကိုထုသတ်ရာကနေ လွတ်ပြေးလို့တဲ့၊ တော်ကြာ သွေးရူးသွေးတန်းနဲ့ ဝှေ့တာ ကန်တာ ခံနေရဦးမယ်၊ အထဲဝင်ကြ၊ အိမ်ထဲဝင်ကြ၊ တော်ကြာ တို့အပိုင်း ဝင်လာနေဦးမယ်"

ကျွန်တော်တို့အိမ်နံးက ကိုဝမ်းသိန်း အော်ပြောသံကြားသဖြင့် ကျွန်တော်တို့လည်း ထမင်းစား မပျက်ဘဲ စားလက်စကို ဆက်စားနေကြသည်။

"ဟေ့ ဒီအပိုင်းထဲ ဝင်ပြေးလာပြီ ဟေ့ ဟယ်. . . ဦးလေးကြီး ညွှန့်မောင်တို့ ရောင်းလိုက်တဲ့ ခြံပေါက် ပေါက်စကြီး ထင်တယ်ဟေ့"

ဆိုသော ကိုဝမ်းသိန်းအသံကြား သဖြင့် ကျွန်တော်တို့ မိသားစုလည်း ထမင်းစားနေရာမှ ပေါက်စကြီးဟူသော အသံကြားသဖြင့် ထမင်းမစားနိုင်ဘဲ အိမ်ရှေ့ကို ထွက်ကြည့်မိကြသည်။

မြင်လိုက်ရသည့် မြင်ကွင်းက ရင်ဆို့စရာ ကောင်းလှပါဘိ။

ပေါက်စကြီး၏ ဦးခွံနှစ်ခုကြားမှ သွေးများ ယိုစီးကျနေသည်ကို မြင်လိုက်ရသည်။ အဘွားလည်း လက်မှဆေးတော့ဘဲ လှေကားမှ အလျင်အမြန် ပြေးဆင်းသွားပါတော့သည်။

ကျွန်တော်တို့လည်း အဘွား နောက်က အလျင်အမြန်ပြေးလိုက်သွားမိပါသည်။ ပေါက်စကြီးနားသို့ အဘွား ရောက်တော့ ပေါက်စကြီးက သွေးစွန်းနေသော မျက်လွှာအိမ်ကြားက မျက်ရည်ပေါက်ကြီးငယ်များနှင့်အတူအဘွားလက်ကို နှာခေါင်းနှင့် နမ်းရှုံ့လိုက်သည်။

စက္ကန့်ပိုင်းအတွင်းမှာ အဘွားရှေ့ ဗိုင်းခနဲ လဲကျသွားပါတော့သည်။

အဘွားလည်း ပေါက်စကြီး မျက်နှာကလေးကို တယုတယကိုင်ရင်း. . .

"သြော် ငါ့သားလေး ငေးငေး လဲလဲအရပ်မှာ နှစ်ရှည်လများနေရတာ တောင် ဒက်ရာတွေ သေလုမြောပါးရ နေတဲ့ကြားက အမေနေတဲ့ နေရာလေး မှတ်မိရှာသေးတယ်၊ အမေ့ကိုနောက်ဆုံး နှုတ်ဆက်ဖို့ လာတာပေါ့လေ၊ သွားတော့ သားရေ့ သွားတော့၊ ဘဝတိုင်း ဘဝတိုင်း ငါ့သားလေး ဒီလိုဘဝမျိုး တွေနဲ့ ကင်းလွတ်ဝေးပါစေ သားရယ်"

ဟုပြောရင်း အသံက တဖြည်းဖြည်း တိမ်ဝင်သွားဖြတော့သည်။

"အဘွား. . . အဘွား . . . အဘွား" လို့ လှုပ်ခေါ်သော်လည်း အဘွားရဲ့ ပြန်ထူးသံကို ကျွန်တော် မကြားရတော့ချေ။

သုနန္ဒာဆွေ(သပြေရုံ)

ယခုမှ တစ်နှစ်အတွင်း သင်ကုံကြမ္မာ-သေချာမှန်ကန်တိကျ သိစေရမည်

❁ အိမ်သစ် အိမ်ကောင်း ဝင်ကိန်းရှိလား ❁ အလုပ်သစ် အလုပ်ကောင်း ရရှိနိုင်မလား ❁ နေရာသစ် နေရာကောင်း ပြောင်းလဲရောက်ရှိနိုင်လား ❁ ဖခင်၊ ဆရာသမား၊ အထက်လူကြီး၊ မင်းစိုးရာဇာတို့ရဲ့ ချီးမြှင့်ထောက်ပံ့ကူညီမှု ရရှိမလား ❁ ငွေဝင်လာဘ်ရွှင် ဖြစ်မှလား ❁ စီးပွားဥစ္စာ တိုးတက်လာမလား ❁ အကြွေးငွေ ပြန်ရမလား ❁ အကြွေးပူတွေ ပြန်ဆပ်နိုင်မလား ❁ အချစ်ရေး အဆင်ပြေမလား ❁ အိမ်ထောင်ရေးကိစ္စ ဖန်တီးဖြစ်ပေါ်နိုင်လား ❁ သားသမီးထွန်းကား ရရှိနိုင်လား ❁ ကျန်းမာရေး ကောင်းမွန်နေမလား ❁ လက်အောက်ငယ်သားများရဲ့ အကူအညီရရှိနိုင်မလား ❁ မိခင်၊ အဘွားတို့ထံက အကူအညီ ရရှိနိုင်မလား ❁ ရာထူးတိုးတက်မလား ❁ ကျော်ကျက်မှတ်ရတနာပစ္စည်းတွေ ဝင်ရောက်ရရှိမလား ❁ မိမိအလိုဆန္ဒတွေ ပြည့်ဝအောင်မြင်နိုင်မလား။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ

ဟုတ်တယ်ဗျာ ကိုကြီးသာ လာခဲ့ပါ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၉-၅၀၆၂၀၄၃၁၊ ၀၉-၅၁၇၇၆၂၂၂၊ ၀၉-၃၀၁၇၀၀၇၅၊ ၀၉-၇၃၀၀၅၉၉၂၄၄၊ ၀၉-၂၅၂၃၀၆၆၀၅၅

၀၉-၂၆၀၄၄၄၀၀၈၊ ၀၉-၇၉၅၆၀၇၄၀၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

www.burmeseclassic.com

www.burmeseclassic.com

ဝိဝိဒြေး

ဂန္ဓိကကျောက်ဆင်ကြီးနှင့်
ကျွန်တော့် ဘဝပံ့ပိုးပုံများ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နာမည် နေမင်းနိုင်။

ကျွန်တော်ဟာ ရေနံရှာဖွေရေး ကုမ္ပဏီတစ်ခုမှာ တာဝန်ခံကြီးကြပ်ရေး မှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဒီလဟာ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တွေကို အင်မတန် စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားပေမယ့် သူများပြောတိုင်းတော့ မယုံပါ။ ခေတ်ပညာတတ် သိပ္ပံသမားဝီဝီ လက်တွေ့ကျမှ ယုံတတ်သူပါ။

ကျွန်တော့်ရဲ့ ဘဝခရီးဟာ ဘယ်လိုအကျိုးဆက် အကြောင်းဆက် ပါလာမှန်း မသိ။ ထူးထူးဆန်းဆန်း နေရာတွေဆိုရင် ကျွန်တော် ရောက် ရောက်သွားတယ်။

အမေက ပြောဖူးတယ်။

ကျွန်တော့်ကို ကိုယ်ဝန်ဆောင် ခါနီးမှာ ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်ခဲ့တယ်တဲ့။ ကောင်းကင်မှာ ထွန်း လင်းတောက်ပနေတဲ့ နေမင်းကြီးဟာ ကောင်းကင်ကနေပြီး အမေ့ဆီကို တဖြည်းဖြည်း ညွှတ်ဆင်းလာခဲ့တယ်။ အမေ့အနီးရောက်တော့ အလင်းရောင် တွေ ဖြာဝေနေတယ်။ အမေက နေမင်း ကြီးဆိုတော့ ပူမှာစိုးလို့ နေမင်းကြီးရယ် အလင်းရောင်ပဲပေးပါ၊ အပူထွေတော့ မပေးပါနဲ့လို့ လှမ်းပြောလိုက်တယ်။ အဲဒီ အချိန်မှာ သုံးနှစ်အရွယ်ခန့်ရှိတဲ့ ဖြူဖြူဖွေးဖွေး ယောကျ်ားလေးတစ်ယောက် အပြေးရောက်လာပြီး . . .

"အဲမေ. . . ကျွန်တော့်နာမည် နေမင်းပါ။ အမေ့ကို အပူတွေမပေးပါ ဘူး၊ အလင်းရောင်ပဲ ပေးမှာပါ၊ အမေ ကျွန်တော့်ကို ခေါ်ထားပါနော်"

လို့ပြောပြီး အမေ့ရင်ခွင်ထဲ ပြေး ဝင်လိုက်သတဲ့။

အမေကလည်း ဝဝတုတ်တုတ် ဖြူဖွေးနေတဲ့ ချစ်စရာကလေးငယ်ကို မြင်မြင်ချင်း ချစ်ခင်သွားပြီး ကလေးကို ဖက်ထားလိုက်တယ်။

"သားလေးရယ်၊ သားလေးလို လှပချောမောပြီး အမေတို့ကို အလင်း ရောင်ပေးမယ်ဆိုတော့ အမေတစ်သက် လုံး ခေါ်ထားပါ့မယ် သားလေးရယ်"

လို့ ပြန်ပြောရင်း လန့်နိုးလာခဲ့ တယ်။

အိပ်မက်က ,အထင်ကရဖြစ်လို့ အမှတ်ထင်ထင် ဖြစ်သွားခဲ့တယ်။

ကျွန်တော့်နာမည် နေမင်းတဲ့။

အမေက ညတွင်းချင်းပဲ အဖေ့ကိုနိုးပြီး . . .

"ယောကျ်ားရေ. . . ကျုပ်ထော့ ကိုယ်ဝန်ရှိတော့မယ်နဲ့ တူတယ်"

"ဘာဖြစ်လို့တုံးဟ. . အိပ်ချင် ရတဲ့အထဲ"

"ကျုပ် အိပ်မက် မက်တယ် တော့၊ ကျုပ်ရင်ခွင်ထဲ ကလေးတစ် ယောက် ပြေးဝင်လာပြီး 'အမေ ကျွန် တော့်နာမည် နေမင်း' လို့ပြောတယ်"

"ဟေ. . . ဟုတ်လား။ သားလေး ဆိုရင် သိပ်ကောင်းတာပေါ့ကွာ၊ မင်း နာမည်က မယ်မင်းဘုံ၊ ငါ့နာမည်က အောင်နိုင်ဆိုတော့ မင်းနာမည်ရော၊ ငါ့ နာမည်ပါ ပါအောင် 'နေမင်းနိုင်' လို့ မှည့်ရရင် ကောင်းမလား"

"အိုတော်. . . ကလေးက ဘယ် နေ့သားမှန်း မသိဘဲနဲ့ ရမ်းပြီးမှည့်လို့ ရတာမှ မဟုတ်တာ"

"ကလေးမွေးတာပဲ၊ ဘာနာမည် မှည့်မှည့်ပေါ့ကွာ၊ နေ့သင့်နံသင့်ဆိုတာ ငါတို့အလုပ် မဟုတ်ဘူး၊ အဲဒါ ဗေဒင် ဆရာအလုပ်ကွ"

ကျွန်တော့်ကို မမွေးခင်ကတည်း က နာမည်ကြိုပြီး မှည့်နှင့်ပြီးသား။ ဖြစ်ချင်တော့ ကျွန်တော့်ကို စနေနေ့မှာ မွေးတဲ့အတွက် ဗေဒင်ဆရာကလည်း ဒီနာမည်ကို လက်ခံခဲ့တယ်။ ဒါနဲ့ ကျွန် တော်ဟာ နေမင်းနိုင် ဖြစ်လာခဲ့တယ်။ အရွယ်ရောက်လာတော့ ကျွန်တော်ဟာ ဘီအီးဘွဲ့ ရခဲ့တယ်။ ရေနံတူးဖော်ရေး ကုမ္ပဏီမှာဝင်လုပ်ရင်း မိဘကို ရှာဖွေ ကျွေးမွေးခဲ့ပါတယ်။

တစ်နေ့မှာ ကျွန်တော့် လက် အောက်က စာရေးလေး မောင်သန့်စင် ဟာ ကျွန်တော့်ဆီကို ခွင့်လာတင်ပါ တယ်။

"ဆရာ. . . ဒီလ နောက်ဆုံး အပတ်မှာ ခွင့်တစ်ပတ်လောက် လိုချင် လို့ပါ"

"ခွင့်တစ်ပတ်ဆိုတော့ မများဘူး လား။ ဘာကိစ္စရှိလို့လဲ"

"မသွားလို့ မဖြစ်တဲ့ ကိစ္စပါ။ ကျွန်တော်တို့ရွာမှာ ကျောက်ဆင်တော်ပွဲရှိတယ်"

"ကျောက်ဆင်တော်ပွဲ ရှိတာနဲ့ မင်း မသွားလို့မဖြစ်ဘူးဆိုတာနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"ကျွန်တော်တို့ ဘိုးဘွားစဉ်ဆက် ကတည်းက ကျောက်ဆင်တော်ပွဲကို ကြိုး မှုကျင်းပလာခဲ့ကြတာ၊ အခု အဖေ၊ အမေတို့ လက်ထက် ရောက်လာပြီ၊ ကျွန်တော်တို့က အဲဒီပွဲကို အမွေဆက် ခံပြီး လုပ်ရမယ့်သူဖြစ်နေလို့ ကျွန်တော် မသွားရင် မဖြစ်ဘူးလို့ ပြောတာပါ"

"ကျောက်ဆင်တော်ပွဲ ဆိုတာ ဘယ်လောက်အရေးကြီးတဲ့ပွဲလဲ၊ တကယ် လို့ ငါတို့ကုမ္ပဏီက မင်းကို ခွင့်မပေး ဘူးဆိုရင် မင်းဘယ်လိုလုပ်မလဲ"

ကျွန်တော်ကလည်း သူ့စိတ်ကို သိလိုၗ သွေးတိုးစင်းကာ ဤသို့မေးမြန်း လိုက်ရာ . . .

"ဆရာ. . . စိတ်မဆိုးဘူးဆိုရင် ကျွန်တော် အမှန်ပြောပါ့မယ်"

အမှန်ပြောပါမယ်ဟူသော ဆို စကားကြောင့် အမှန်တရားကို ချစ်မြတ် နိုးသူပီပီ . . .

"ကဲကွာ. . . မင်းအမှန်ကြိုက် တယ်ဆိုရင် အမှန်ပြောကွာ"

"ခွင့်မရဘူးဆိုရင် ကျွန်တော် ဒီအလုပ်ထ ထွက်ရပါလိမ့်မယ်၊ ကျွန် တော့်မှာ အဲဒီပွဲကိုမသွားဘဲ မနေဝံ့ဘူး၊ ကိုယ့်ကျေးဇူးရှင်တစ်ယောက်ကို အစား အသောက် ဆက်သရမယ့်တာဝန်ကို ကျွန်တော် မပြင်းနိုင်ဘူး"

"ဟေ. . . ကျေးဇူးရှင်ဆိုတာ ဘယ်သူတုံး"

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးရှင်ဆိုတာ ကျွန်တော်တို့ တစ်ရွာလုံးကို စောင့်ရှောက်နေတဲ့ ကျောက်ဆင်ကြီးပါ"

"ကျောက်ဆင်ကြီးက ကျေးဇူးရှင် ဟုတ်လား. . . ရှပ်ကုန်ပြီ၊ ငါနားမလည်တော့ဘူး၊ ငါနားလည်အောင် ရှင်းပြပါဦး"

"ရှင်းရမှာက အရှည်ကြီးပဲ၊ အဲဒီအကြောင်းကို ဂယနဏ ရှင်းပြတာတော့ ကျွန်တော်တို့ရွာက အသက်ရှစ်ဆယ်ကျော် ရှေ့ဝိနောက်မိကြီး မှာဘဦးဖိုးသာဆိုတာ ရှိတယ်"

"မင်းမှ အပြောကောင်းတယ်၊ ကျောက်ဆင်ကြီးအကြောင်း သိချင်တာနဲ့ မင်းကို ခွင့်ပေးရဲသာမကဘူး၊ ငါပါ ခွင့်ယူပြီး အဲဒီအဘကြီးဆီမှာ သွားမေးရမလားး"

"အဲဒီလိုလည်း တထစ်ချ မတွက်ပါနဲ့ဆရာ"

"ငါက ဘာဖြစ်လို့ တထစ်ချ မတွက်ရမှာလဲ၊ ငါ ခွင့်ယူပြီးလိုက်ရင် လိုက်မှာပေါ့"

"မဟုတ်သေးဘူး ဆရာ၊ ကျွန်တော့်တို့ရွာကို ရှေးအရင်ကတည်းက ပဋ္ဌာန်းဆက် မပါရင် ရွာနားတောင် မရောက်ဘူးတဲ့"

"မင်းတို့ဟာကလည်း ဟုတ်သေးပါဘူး၊ ဘယ်လိုပဋ္ဌာန်းဆက်လဲ ပြောပြပါဦး"

"အဲဒီရွာကို တည်ခဲ့တာ နှစ်ပေါင်း ကိုးရာလောက်ရှိသွားပြီ၊ အဲဒီ နှစ်ပေါင်းကိုးရာတုန်းက အဲဒီရွာမှာ လူဖြစ်ခဲ့မှ အခု အဲဒီရွာကို လာလို့ရမှာ"

"မင်းပြောတာ ငါနားမလည်ပါဘူးကွာ"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်ဟာ အဲဒီရွာမှာ မွေးပေမယ့် အရွယ်ရောက်တော့ တန့်ဆည်မြို့မှာ သွားပြီး ကျောင်းတက်ခဲ့တယ်၊ ကျောက်ဆင်တော်ပွဲဆိုရင် ကျွန်တော့်ရွာကိုပြန်တယ်၊ ဒါနဲ့ ကျောင်းက သူငယ်ချင်းယောကျ်ားလေးတွေကို ကျွန်တော် ခေါ်သွားတယ်၊ တချို့ သူငယ်ချင်းတွေဟာ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်ခဲ့တယ်၊ ဒါနဲ့ ပွဲတော်ရောက်တော့ ပွဲတော်မှာ အကြီးအကဲတွေနဲ့တွေ့တယ်၊ အဲဒီအကြောင်းအကြီးအကဲကို မေးတော့ . . .

'သားတော်ကြီး၊ ဒီနယ်မြေကို အခြားအချိန်မှာ မည်သူမဆို လာလို့ရတယ်၊ ပွဲတော်ချိန်မှာတော့ ဒီဆင်ကြီးနဲ့ ပဋ္ဌာန်းဆက်ပါတဲ့သူတွေပဲ လာလို့ရတာ၊ အဲဒီလူတွေက ရှေးတုန်းက မင်းညီမင်းသားတွေပေါ့ကွာ' တဲ့. . . ၊ အဲဒါကို ကျွန်တော် မှတ်သားဖူးလို့ပါ"

"ဟေ. . . မင်းပြောတာနဲ့ ငါတောင် အဲဒီဆင်ကြီးနဲ့ ပဋ္ဌာန်းဆက်ပါ၊ မပါ သိချင်လာပြီ"

"သိချင်ရင်တော့ ဆရာလည်း ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါ၊ စားစရာ တည်းစရာ မပူပါနဲ့၊ အားလုံး ကျွန်တော့် တာဝန်ထားပါ"

"ဒါနဲ့ အဲဒီကျောက်ဆင်ရုပ်ကြီးကို ဘယ်သူက ထူထားတာလဲ"

"အဲဒီ ကျောက်ဆင်ရုပ်ကြီးကို ဘယ်သူမှ ထုလုပ်ထားတာ မဟုတ်ဘူး၊ ဆင်စင်စစ်ကနေပြီး ကျောက်ဖြစ်သွားတဲ့"

"ဟာ. . . မင်းဟာကလည်း တစ်ခုပြီးတစ်ခု ထူးဆန်းမှုတွေနဲ့ ပြည့်နှက်နေပါလား"

"ဆရာရေ. . . ကျွန်တော်ပြောတာမှ နည်းနေသေးတယ်၊ ဒီထက်ထူးဆန်းမှုက ရှိသေးတယ်"

"တဲ့ပါကွာ မင်းသိထားတာတွေ အားလုံးပြောပါတော့"

"အဲဒီ ကျောက်ဆင်ရုပ်ကြီးကို တချို့ကလည်း ဆင်စင်စစ်က ကျောက်ဖြစ်သွားတာ မဖြစ်နိုင်ဘူး၊ တစ်စုံတစ်ယောက်က ကျောက်သားကို ထုဆစ်ခဲ့တာဆိုပြီး ရွာသားနှစ်ဦး အငြင်းအခုံ ဖြစ်ခဲ့တယ်၊

ရွာသားဖြူက ဆင်စင်စစ်က ကျောက်ဖြစ်သွားတာလို့ ပြောတယ်၊ ရွာသား ငနီကတော့ ကျောက်ကိုထုတာ ဆိုပြီး ငြင်းခုံကာ တိုက်ကြက်တစ်ကောင်ကြေး လောင်းခဲ့တယ်။

ဒီအခါ ငနီက . . .

ဒါဆိုရင် ဆင်ကြီးရဲ့ပေါင်သားကို ဆောက်နဲ့ထွင်းပြီး ဖဲ့ကြည့်မယ်၊ ဆင်စင်စစ်က ကျောက်ဖြစ်တာဆိုရင် ပေါင်သားမှာ အသွေးအသားအစင်းကြောင်းတွေ၊ သွေးကြောတွေ တွေ့ရမယ်'

ဒီအခါ ငဖြူက . . .

'ကျောက်ဖြစ်သွားတာ ကြာပြီဆိုတော့ မပြောနိုင်ဘူး ငနီ'

'ကျောက်ဖြစ်တာ ဘယ်လောက်ကြာကြာ အသားကိုလှီးရင် အသားပုံသဏ္ဌာန်တွေတော့ တွေ့ရမှာပေါ့ကွ၊ ဖိုး ရိုးကျောက်ပဲဖြစ်ရင်တော့ မဟုတ်လို့ပေါ့' လို့ ပြောလိုက်တယ်၊ ဒါနဲ့ ငဖြူလည်း . . .

'အသင် ဆင်တော်ကြီးခင်ဗျား၊ ဆင်စင်စစ်ကနေ ကျောက်ဖြစ်သွားတာဆိုရင် အသားများ၊ အကြောများကို မြင်တွေ့ပါရစေ၊ ခွိုပို့ရင် ကျွန်ုပ်ခွဲးပါလိမ့်မယ်' လို့ ပြောဆိုလိုက်တယ်။

ငနီဟာ ဝဝနေတဲ့ ကျောက်ဆင်ရုပ်ကြီးရဲ့ တင်ပါးနေရာကို စူးဆောက်တွေနဲ့ အသုံးပြုပြီး အသားကိုဖဲ့ခဲ့တယ်၊ အသားဟာ မာလွန်းလို့ တော်တော်ကြီး ကြာအောင် ဖဲ့တာတောင် ဖဲ့လို့မရဘူး။

အဲဒီအချိန်မှာ ကြည်လင်နေတဲ့ မိုးကောင်းကင်ဟာ ညိုမည်းလာပြီး အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့တယ်၊ ဒါနဲ့ ငဖြူက . . .

'ငနီရေ. . . မိုးတွေ အရမ်းရွာနေပြီ၊ မင်းနဲ့ ငါနဲ့ အလောင်းအစား မလုပ်တော့ဘူး၊ ပြန်ရအောင်'

'မင်းနှုံးရင် မင်းရဲ့ တိုက်ကြက်ကြီး ပေးရမှာကြောက်လို့ မဟုတ်လား'

'အေးပါ. . . ငါနှုံးတယ်ပဲ ထားလိုက်ပါတော့၊ ငါ့ရဲ့တိုက်ကြက်ကြီးကို မင်းကိုပေးပါ့မယ်၊ ပြန်ကြပါစို့ကွာ'

အဲဒီစကား ပြောပြီးအချိန်မှာ "ဒိန်း. . . တလိမ်းတိမ်း ဒိန်း . . . ဂျိမ်း"

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ အသံနဲ့အတူ ငနီကိုယ် ပေါ်တည်တည်ကို မိုးကြိုးပစ်ချလိုက်ရာ ငနီဟာ ချက်ချင်းပဲ မီးသွေးတုံး ဖြစ်သွားတယ်။ ငဖြူလည်း အရှိန်ကြောင့် အဝေးသို့ လွင့်သွားခဲ့တယ်။

ရွာသားတွေ လာရောက်တဲ့ အခါ ငနီမှာ မိုးကြိုးပစ်ခံရပြီး သေဆုံးနေတာကို တွေ့ရှိရပါတယ်။ ငဖြူကတော့ ဘာမှမဖြစ်ဘူး။

ထိုအကြောင်းကို ကြားရသော အခါ ကျွန်တော်ဟာ စာရေးလေးမောင်သန့်စင်တို့ရဲ့ ကျောက်ဆင်ရွာသို့ လိုက်ရန် ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

နောက်တစ်ပတ် အကြာတွင် မောင်သန့်စင်နှင့်အတူ တန့်ဆည်မြို့သို့ သွားရောက်ခဲ့ပါတယ်။ ထိုမှတစ်ဆင့် ကျောက်ဆင်ရွာသို့ ထော်လာဂျီစီးကာ ခရီးဆက်ခဲ့ပါတယ်။

မကြာမီ ကျောက်ဆင်ရွာလေးသို့ ရောက်ရှိခဲ့ပါတယ်။ သည်ရွာကလေးဟာ အေးချမ်းသော ရွာကလေးတစ်ရွာ ဖြစ်ပေမယ့် ထူးခြားဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

အဲဒီရွာမှာရှိတဲ့ ရွာသူရွာသားတွေဟာ ရိုးသားပြီး အေးချမ်းစွာ တောင်ယာ စိုက်စားသူ များပါတယ်။

ကျောက်ဆင်ရွာလို့ အမည်ပေးထားတာလည်း သူ့အကြောင်းနဲ့သူ အဓိပ္ပာယ်ရှိတယ်။ သူတို့ရွာရဲ့ အရှေ့ဘက် တောင်ကုန်းကလေးမှာ ကျောက်ဆင် တစ်ကောင် ဝပ်နေတဲ့ပုံသဏ္ဌာန် တစ်ခုရှိတာကို ကျွန်တော် တွေ့ရှိခဲ့ရပါပြီ။

အဲဒီကျောက်ဆင်နဲ့ ပတ်သက်ပြီး ပါးစပ်ရာဇဝင် အမျိုးမျိုး ရှိခဲ့တယ်။ ဒီကျောက်ဆင်ရုပ်ဟာ ဆင်သတ္တဝါ စင်စစ်ကနေ ကျောက်ဖြစ်သွားတာတဲ့။ တချို့က ပြောတော့လည်း ကျောက်တုံးကို ဆင်ရုပ်သဏ္ဌာန် ထုဆစ်ထားတာတဲ့။ အခု အသက်ရှစ်ဆယ်ကျော် အဘိုး၊ အဘွားတွေတောင် ဒီပြဿနာကို မဖြေရှင်းနိုင်ကြဘူး။

ရွှေမိနောက်မိ အဘိုး ဦးဖိုးသာရဲ့ အပြောကတော့ . . .

"ဒီဆင်ရုပ်ဟာ ဆင်သတ္တဝါစင်စစ်ကနေ ကျောက်ဆင်ဖြစ်သွားတာတဲ့၊ ဒီဆင်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးရာလောက်က အနော်ရထာမင်းရဲ့ဆင်တဲ့။

အနော်ရထာမင်းဟာ လယ်တွင်း ကိုးခရိုင် ဖောက်လုပ်တဲ့အခါမှာ ပုဂံပြည်ကနေ ဆင်တပ်၊ မြင်းတပ်နဲ့ ဒီနေရာကို ရောက်ရှိလာခဲ့တယ်၊ နေရာအမျိုးမျိုး ပြောင်းပြီး လယ်တွင်းကိုးခရိုင်အတွက် ဆည်တွေ ဖောက်လုပ်ခဲ့တယ်၊ နောက်ဆုံး ဆင်တပ်ကို စခန်းချတာကတော့ တောအုပ်ထူထပ်တဲ့ ဒီနေရာမှာပေါ့။

တောအုပ်ထူထပ်ပြီး ဆင်တွေအတွက် အစားအစာ ပေါများလို့ ဒီနေရာမှာ ဆင်တပ်စခန်းချခဲ့တယ်၊ ဆင်တွေဟာ ဒီနေရာမှာ စခန်းချပြီး ဆည်ဖောက်လုပ်တဲ့နေရာမှာ အုံလုပ်လုပ်ပေးခဲ့တယ်၊ ဆည်တွေဖောက်ပြီးတော့ ဆင်တပ်ကြီးက ပုဂံကိုပြန်သွားပေမယ့် အဲဒီ ဆင်ကြီးကို ဘယ်သို့မှ ခေါ်ခေါ် မလိုက်ဘဲ ကျန်နေခဲ့တယ်။

ဒါနဲ့ ဒီဒေသမှာပဲ နေချင်တာပဲဆိုပြီး အဲဒီဆင်ကြီးကို ထားခဲ့တယ်၊ ဆင်ကြီးနဲ့ ရွာသူရွာသားတွေဟာ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ဖြစ်ပြီး နေထိုင်ခဲ့တယ်။

ဆင်ကြီးဟာ ဆင်လိမ္မာကြီးဖြစ်လို့ ရွာသူရွာသားတွေကို ကူညီလုပ်ကိုင်ပေးခဲ့တယ်၊ ကောက်ပဲသီးနှံစိုက်ဖို့ ယာတွေကို ထွန်ယက်ရင်လည်း အဲဒီဆင်ကြီးက ဝင်ပါတာပဲ၊ ရှင်လောင်းလှည်းရင်လည်း သူကျောကုန်းပေါ်တင်ပြီး လှည်းပေးတယ်၊ သူဟာ ညဘက်ဆိုရင်လည်း မအိပ်ဘဲနဲ့ အခုတွေ့ရတဲ့ ကုန်းမြင့်ကလေးမှာနေပြီး ကင်းစောင့်ပေးတယ်။

ယာထဲကို လူစိမ်းတို့၊ သူခိုးတို့ ဝင်ရင်လည်း အပြေးသွားပြီး နှာမောင်းနဲ့ရိုက်လို့ လူဆိုးတွေလည်း နံရိုးတွေ တောင် ကျိုးကုန်သတဲ့၊ ဒါနဲ့ ဒီရွာကြီးမှာ စောင့်ရှောက်ရင်းနဲ့ အသက်ကြီးလာတော့ အဲဒီ တောင်ကုန်းကလေးမှာပဲ နေတော့တယ်။

ရွာသားတွေက ဆင်ကြီးကို ကြံတို့၊ ပြောင်းဖူးတို့ လာကျွေးကြတယ်၊ နောက်တော့ ဆင်ကြီးဟာ တဖြည်းဖြည်းတိုးမင်းပြီး အဲဒီတောင်ကုန်းကလေးမှာ ဝပ်နေတဲ့ပုံစံနဲ့ သေဆုံးသွားခဲ့တယ်။

ဒါနဲ့ ဆင်ကြီးကို သဂြိုလ်ဖို့ ရွာသားတွေက ဝိုင်းမ,ပေမယ့် ဘယ်လိုမှ မ,လို့မရဘူး၊ အဲဒီညမှာပဲ ရွာသူကြီးနဲ့ ရွာသားနှစ်ဦး၊ စုစုပေါင်း သုံးဦးကို အိပ်မက်ပေးတယ်။

"သူ့ကို မသဂြိုတ်ပါနဲ့၊ ဒီအတိုင်း ပဲထားပါ" တဲ့။

အဲဒီမှာတင် ရွာသားတွေဟာ တစ်ယောက်တစ်ပေါက် စကားများကြတယ်။

"ဒီအတိုင်းထားရင် ဆင်ကြီးက ပုပ်သွားမှာပေါ့၊ ကိုယ့်ကျေးဇူးရှင် ဆင်ကြီးကို အပုပ်မခံနိုင်ဘူး"

အဲဒီအခါ သူကြီးက . . .

"ငါတို့စ်ယောက်တည်း မက်တဲ့ အိပ်မက်မဟုတ်ဘူး၊ ကျန်နှစ်ယောက်လည်း အတူတူ အိပ်မက်မက်တယ်၊ ဒီလိုမက်တယ်ဆိုတာ ထူးဆန်းတယ်၊ တစ်ခုခုတော့ ထူးခြားလိမ့်မယ် ထင်တယ်"

"ဒီတော့ သူကြီးက ဘယ်လိုလုပ်ချင်သတုံး"

"ကျုပ်ကတော့ ကျုပ်အိပ်မက်ကို ယုံတယ်၊ မသဂြိုတ်ခဲ့ဆိုတော့ မသဂြိုတ်ဘဲ လေးငါးရက်လောက် စောင့်ကြည့်ချင်တယ်"

"ဟုတ်တယ်၊ သူကြီးပြောတာလည်း သင့်တော်ပါတယ်၊ ကျုပ်တို့ တစ်ပတ်လောက်တော့ စောင့်ကြည့်ကြတာပေါ့"

သူကြီးပြောစကားအတိုင်း ရွာသူ ရွာသားတွေက တစ်ပတ်လောက် စောင့်ကြည့်ခဲ့ကြတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ရှစ်ရက်မြောက်တဲ့နေ့မှာတော့-

"ဆင်ကြီးရဲ့ ခြေထောက်တွေနဲ့ လက်တွေဟာ ကျောက်ဖြစ်နေပါလား"

ရွာသူရွာသားတွေ သွားကြည့်လိုက်တော့ ဆင်ကြီးရဲ့ ခြေထောက်တွေနဲ့ လက်တွေဟာ ကျောက်ဖြစ်နေတာတွေ့လိုက်ရတယ်။ နောက်ရက်တွေမှာ တစ်စတစ်စနဲ့ ကိုယ်လုံးတွေ၊ နှာမောင်းတွေပါ ကျောက်ဖြစ်နေတာ တွေ့ကြရတယ်။

တစ်လလောက်ကြာတဲ့အခါမှာ တစ်ကိုယ်လုံး ကျောက်ဖြစ်သွားခဲ့တယ်။ တစ်ကိုယ်လုံး ကျောက်ဖြစ်သွားတဲ့ညမှာ သူကြီးတစ်ယောက်တည်းပဲ အိပ်မက်မက်တယ်။

အိပ်မက်ထဲမှာ ဆင်ကြီးက -

"ငါဟာ ဒီနယ်ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်သွားပြီ၊ ဒါကြောင့် ဒီနယ်ကိုငါကောင်းကောင်းစောင့်ရှောက်မယ်၊ တစ်ခုခုဖြစ်မယ်ဆိုရင်လည်း မင်းတို့ကို ငါသတိပေးမယ်၊ နောက်ပြီးတော့ ကျောက်ဆင်ရုပ်ကိုလည်း ဂရုစိုက်ပါ" လို့ ပြောခဲ့တယ်။

သူကြီးဟာ ကျောက်ဆင်ရုပ်ကို သန့်ရှင်းရေးလုပ်ပေးပြီး ကြဲတို့၊ ပြောင်းဖူးတို့လည်း နေ့စဉ် ကျွေးမွေးခဲ့တယ်။

အဲဒီလိုနဲ့ တစ်လောက်ကြာတော့ အဲဒီကျောက်ဆင်ရုပ်ကြီးရဲ့ ဝိုက်အောက်မှာ ရွှေရောင်လက်လက်လေး တွေ့ခဲ့တယ်။

ဒါနဲ့ ယက်ကြည့်လိုက်တော့ ရွှေဒင်္ဂါးတွေ ဖြစ်နေတယ်။ အားလုံးစုစုပေါင်း အပြား (၃၀) ရခဲ့တယ်။

သူကြီးကလည်း ရိုးသားသူ ဖြစ်လေတော့ ရွာသူ ရွာသားတွေထဲက သက်ကြီးဝါကြီးတွေခေါ်ပြီး ရွှေဒင်္ဂါးတွေကို ပြသတဲ့။

အားလုံးရဲ့ သဘောတူညီချက်အရ အဲဒီတောင်ကုန်းပေါ်မှာ ဘုရားတစ်ဆူတည်မယ်ဆိုပြီး ရွှေဒင်္ဂါးတွေကို ထုခွဲရောင်းချပြီး ဘုရားတစ်ဆူ တည်ခဲ့တယ်။

ဆင်ကြီးသေဆုံးတာ တစ်နှစ်ပြည့်တဲ့နေ့မှာ ဆင်ကြီးအတွက် တစ်ရွာလုံးက အလှူဒါနပွဲပေးခဲ့တယ်။ အဲဒီကတည်းက အခုအထိ နှစ်စဉ်နှစ်တိုင်း ကျောက်ဆင်တော်ပွဲ ပြုလုပ်ကျင်းပပေးခဲ့တယ်၊ မနက်ဖြန်ဆိုရင် ကျောက်ဆင်တော် ပွဲစပြီပေါ့"

"ဩော်. . . ဩော် ကျွန်တော်လည်း ကျောက်ဆင်တော်ပွဲကို ကြည့်ချင်လို့ လာခဲ့တာပါ"

"အဘတို့ဆီမှာ ကျောက်ဆင်တော်ပွဲလုပ်သလို လယ်တွင်းကိုးခရိုင်မှာ ရှိတဲ့ မြို့ရွာအသီးသီးမှာ ဆင်ရုပ်တွေ ပြုလုပ်ပြီး ဆင်ပွဲတော်တွေ လုပ်ခဲ့ကြတယ်"

"ဟုတ်ပါတယ် အဘ၊ ကျောက်ဆည်ဆင်ပွဲဆိုရင် အကြီးအကျယ်ပဲ"

"ဒါကလည်း ဒေသန္တရ ရိုးရာပွဲတော်တွေပေါ့ကွယ်"

"ဟုတ်ပါတယ် အဘ"

○

နောက် တစ်နေ့မှာတော့ ကျောက်ဆင်တော်ပွဲ ပြုလုပ်ရာ တောင်ကုန်းကလေးကို ရောက်ရှိခဲ့ပါတယ်။ ကျောက်ဆင်ရုပ်ကြီးရှေ့မှာ ကြဲများနဲ့ သစ်သီးများကို ပန်းကန်ပြားနဲ့ထည့်ထားပြီး အလှူဒါန ပြုလုပ်ထားပါတယ်။

ဌက်ပျောသီး အဖီးလိုက် များစွာလည်း လင်ပန်းပေါ်မှာ တင်ထားပါတယ်။ အခြားအသီးအနှံဖြစ်တဲ့ ပြောင်းဖူးတို့၊ သခွားသီးတို့လည်း တင်ထားတယ်။

နတ်ဆရာများနဲ့ နတ်ဝင်သည်များ လာရောက်ကန်တော့ကြတဲ့ ရွာသူရွာသားများကိုလည်း တွေ့ရှိရပါတယ်။ ရွာသူရွာသားများကို ကြာဆံချက်နဲ့ ကျွေးမွေးဧည့်ခံကြပါတယ်။

ကျွန်တော်လည်း နတ်ဆရာထံမှာ အလှူငွေထည့်ရင်း စကားစမြည် ပြောဖြစ်ခဲ့ပါတယ်။

"လူလေးက မောင်သန့်စင်ရဲ့ အလုပ်ထဲက ဆရာဆို"

"ဟုတ်ပါတယ်"

"မောင်သန့်စင်ဟာ သူ့အဖေပြီးရင် ဒီပွဲကို ဆက်ခံရမယ့် လူငယ်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"လူလေးလည်း ဒီပွဲကို ရောက်လာတာဆိုတော့ ဒီကျောက်ဆင်ကြီးနဲ့ ပဋ္ဌာန်းဆက်ရှိလို့ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီကျောက်ဆင်ကြီးဟာ အဘတို့ တစ်ရွာလုံးဆာမက ဒီအနီးတစ်ဝိုက်က ရွာတွေကိုလည်း စောင့်ရှောက်တယ်၊ ဒါကြောင့် ဒီကျောက်ဆင်တော်ပွဲကို ဒီရွာသာမက အခြားရွာတွေကလည်း လာရောက်အလှူအတန်း ပြုကြတယ်"

"ဟုတ်ကဲ့ပါ"

"ဒီဆင်ကြီးဟာ ရွာတွေကို ဘယ်လောက်ကာကွယ်သလဲဆိုတာ ဂျပန်ခေတ်တုန်းကတော့ ထင်ထင်ရှားရှားပဲ"

"ဘယ်လိုကာကွယ်သလဲ အဘ"

"ဂျပန်တွေဟာ ဒီရွာကိုရောက်လာပြီး ဒီတောင်ကုန်းမှာ စခန်းချတပ်စွဲခဲ့တယ်၊ ညလည်းရောက်ရော ဆင်အော်သံတွေ ဆူညံအောင်ကြားရပြီး တောထဲက ဆင်အုပ်ကြီး ရောက်လာလို့ ဂျပန်စစ်တပ်လည်း ညတွင်းချင်း ခွေးပြေး၊ ဝက်ပြေး ပြေးခဲ့ရတယ်၊ ဒါကြောင့် ဂျပန်ခေတ်တစ်လျှောက်လုံး အေးချမ်းပြီး ဒီရွာမှာ ဘာဂျပန်တပ်မှ မလာရဘူး၊ သူကြီးပဲ အုပ်ချုပ်ခဲ့တယ်။

ဂျပန်ခေတ်မှာတောင် ကျောက်ဆင်တော်ပွဲကို ရိုးရာမပျက် ပြုလုပ်နိုင်ခဲ့တယ်"

"ဩော်. . . ဟုတ်ကဲ့ပါ"

"ဒါတင် ဘယ်ကမလဲ၊ လွတ်လပ်ရေးရပြီးတော့ ရောင်စုံသူပုန်ခေတ်ကို ရောက်လာခဲ့တယ်၊ အဲဒီသူပုန်တွေဆိုတာကလည်း ဓားပြတိုက် လုယက်ကြတဲ့လူတွေပဲ။

အဘတို့ရွာဟာ ဂျပန်ခေတ်မှာလည်း ခေတ်မပျက်ဘဲ စားနိုင် သောက်နိုင်တော့ ရွာထဲက ပိုက်ဆံရှိတဲ့လူတွေ

www.burmeseclassic.com

www.burmeseclassic.com

ကို ဓားပြတိုက်ဖို့ ရောက်လာခဲ့ကြတယ်၊ ဓားပြတွေတောင် အိမ်ထဲကို မရောက်သေးဘူး၊ ဆင်အော်သံတွေ ဆူဆူညည်း ကြားရပြီး ဆင်အုပ်ကြီး ရောက်လာလို့ ဓားပြတွေလည်း ခွေးပြေး၊ ဝက်ပြေး ပြေးရပြန်ရော၊ ဒါကြောင့် ကျောက်ဆင်ကြီးဟာ အဘတို့ အတွက် အကာအကွယ်ပေးတဲ့ ကျေးဇူးရှင်ပေါ့ကွယ်"

"ဩော်. . . ဟုတ်တာပေါ့အစာရယ်"

ထိုစဉ် နတ်ကုတော်တစ်ယောက်မှာ နတ်ဝင်စီးပြီး ကျွန်တော့်အား စူးစိုက်ကြည့်ကာ . . .

"ဩော် ဘယ်သူလဲမှတ်တယ်၊ တပ်မှူးလေး နေသူရိန်ပါလား၊ အခုတော့ အရင်ဘဝကို ဘယ်မှတ်မိတော့မလဲ"

"ခင်ဗျာ. . . ဘယ်သူ့ကို ပြောတာလဲခင်ဗျာ"

"တပ်မှူးလေး နေသူရိန်ဆိုတာ တခြားသူမှ မဟုတ်ဘဲ၊ အရှင်ကိုယ်တိုင်ပဲလေ၊ တစ်ခါက တစ်ဘဝမှာ ဒီဆင်တပ်ကို အုပ်ချုပ်ရတဲ့ တပ်မှူးလေးပေါ့၊ ဒါကြောင့် ဒီဆင်ပွဲတော်ကို မဖြစ်မနေ ရောက်လာခဲ့တာပေါ့"

ကျွန်တော့်မှာ နတ်ကတော်ပြောစကားကို မယုံကြည်ပါ။ ထိုအခါ နတ်ကတော်မှ . . .

"ကျွန်ုပ် ပြောတာကို မယုံဘူးမဟုတ်လား၊ ဒါဆို သက်သေပြမယ်၊ အရှင်ဟာ လူဘဝတို့ တစ်ဖန်ပြန်လာတော့မယ်ဆိုတော့ အရှင့်ရဲ့ အမေကို အရှင့်ရဲ့နာမည် ပြောခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ဒီဘဝမှာလည်း အရှင့်ရဲ့ နာမည်မှာ 'နေ' ပါတယ် မဟုတ်လား"

ယခုမှတွေ့ရသည့် နတ်ကတော်က ဤသို့ပြောလိုက်သဖြင့် ကျွန်ုပ်လည်း အံ့အားသင့်သွားခဲ့ပါတယ်။

"အရှင်ဟာ အခုထက်ထိ သိပ်မယုံသေးဘူး မဟုတ်လား၊ ဒီထက်သိအောင် ပြောလိုက်ပါမယ်၊ အရှင့်ရဲ့ ချစ်သူ မယ်သော်တာလည်း အခု လူဝင်စားဖြစ်ပြီး ဒီနေရာကို ရောက်နေပါပြီ၊ အထိတ်ဘဝကို ပြန်ပြောင်းသတိရမယ် ဆိုရင် ဒီလူအုပ်ထဲမှာ မယ်သော်တာ လူဝင်စားကိုကြည့်တာနဲ့ သိပါလိမ့်မယ်"

"ဟင်. . . မယ်သော်တာ လူဝင်စားဆိုပါလား"

ကျွန်တော့် ရင်တွေ တဆတ်ဆတ် တုန်ရီနေပါတယ်။

မယ်သော်တာဆိုတာ ကျွန်တော့်ရဲ့ အိပ်မက်ထဲမှာ နန်းဝတ်နန်းစား အဝတ်အစားနဲ့ မကြာခဏ ရောက်လာတတ်တဲ့ သူကလေးလား။

တကယ်လို့ သူ့ကို ဒီလူအုပ်ထဲမှာ တွေ့ရရင် နတ်ကတော် ပြောတာကို ယုံလိုက်မယ်လို့ စိတ်ကူးလိုက်တယ်။

အဲဒီအတွေးနဲ့ လူအုပ်ထဲမှာ ထိုင်နေတဲ့ အပျိုချောကလေးတွေကို လှမ်းကြည့်မိတယ်။

"ဟာ. . . သူမှသူပဲ"

ဒီတစ်ခါမှာ ကျွန်တော်ဟာ "ဟာခနဲ" အာမေဋိတ်သံ ထွက်လွှင့်ခဲ့တယ်။

အဝါနုရောင် လက်ရှည်အင်္ကျီကလေးနဲ့ ပိုးအဝါ ခြိတ်ထဲဘီ ဝတ်ထားပြီး ပန်းဝါဝါလေးကို ပန်ဆင်ထားတဲ့ အပျိုချောကလေးကို လှမ်းတွေ့လိုက်ရတယ်။

ဒီလောက်တိုက်ဆိုင်လို့ ကိုယ့်ကိုယ်ကိုတောင် မယုံနိုင်အောင် ဖြစ်ရတယ်။ သူမဟာ ကျွန်တော့်ရဲ့ အိပ်မက်ထဲက သူမှသူအစစ်။

ဒါနဲ့ မောင်သန့်စင်ကို ကျွန်တော် လှမ်းမေးကြည့်လိုက်တယ်။

"အဲဒီကောင်မလေးရဲ့ နာမည်က ဘယ်သူလဲ မင်းသိလား"

"သိတာပေါ့ ဆရာရယ်၊ အဲဒီကောင်မလေးရဲ့နာမည်က 'မစန္ဒာ' တဲ့၊ သူကတော့ သူ့ရဲ့ဘဝဟောင်းကို အိပ်မက်ကနေ တစ်ဆင့် မှတ်မိပြီး ဒီကို ရောက်လာတာ"

"သူက ဒီနယ်ကလား"

"ဒီနယ်ကတော့ မဟုတ်ဘူး၊ ဒီပွဲမှာ သူ့ချစ်သူ တပ်မှူးကလေးဟာ တစ်ချိန်ချိန်မှာ ရောက်လာမှာပဲဆိုပြီး ဒီလိုပွဲတော်နေ့တိုင်း ရောက်လာတတ်တယ်"

ကျွန်တော် ဘယ်လိုမှ ထင်မထားတဲ့အကြောင်းတွေ ဖြစ်ပေါ်လာခဲ့ပါပြီ။

"သန့်စင်ရေ. . . ဆရာတို့ ပြန်ကြရအောင်ကွာ"

"ပြန်မယ်ဆိုရင့် ကျွန်တော် လိုက်ပို့ပါ့မယ်"

ထိုသို့ပြောပြီး ကျွန်တော်တို့ နှစ်ယောက် သည်ပွဲကလေးမှ ပြန်လာခဲ့ပါတယ်။

ကျွန်တော်ဟာ ဒီမိန်းကလေးကို နှုတ်ဆက်စကား မပြောဝံ့အောင် နံအလွန်းလှပါတယ်။ နောက်တစ်နေ့မှာ ကျွန်တော့်ဟာ ဒီရွာကလေးက ပြန်လာခဲ့ပါတော့မယ်။

အပြန်ခရီးမှာတော့ . . .

"မင်းဟာ ငါ့ရဲ့ တစ်ခါက တစ်ဘဝချစ်သူ မယ်သော်တာ ဝင်စားတာလားကွယ်"

ဒီစကားလေးကို ရေရွတ်ရင်း ထူးခြားဆန်းကြယ်တဲ့ ဂဠိဿကျောက်ဆင်ကြီးရဲ့ ဖြစ်ရပ်ထဲမှာ တပ်မှူးကလေး နေသူရိန်ရဲ့ ထူးခြားမှုမျှားနဲ့အတူ ရင်သိမ့်တုန်စွာ ဒီရွာကလေးကို နှုတ်ဆက်ကာ ပြန်လာခဲ့ရပါတော့တယ်။

ရိုရိုငြေး

❑

www.burmeseclassic.com

www.burmeseclassic.com

ဘဝကြီးပေးတဲ့ သင်ခန်းစာ

အခန်း (၁)

ကိုလှသန်း၊ သူ တစ်ယောက်တည်းသမား။ ခေတ်ပညာတတ်၊လူလွတ်၊ လူလွတ် ဆိုသော်လည်း လူပို့တော့မဟုတ်၊ မိခင် ဆုံးပြီးကတည်းက (၂) နှစ်နီးပါး၊ သောခတ်ထားသော ရန်ကုန်က တိုက်ခန်းကို ပြန်ရောက်နေသည်။ အိမ်နီးချင်းတွေနှင့်လည်း သိပ်မရင်းနှီးတော့ အပြင်ကို မထွက်တဲ့ အခန်းအောင်းနေသည်ကပို များသည်။

သူ့အခန်းတွင် ပစ္စည်းတွေက ရှုပ်ပွလှသည်။ သည်အခန်းမှာပဲ ချက်ပြုတ်စားသည်။ စာရေး စာဖတ်လည်း လုပ်သည်။ ဒါကြောင့် လျှစ်စစ်ထမင်းအိုးနှင့် ပန်းကန်ခွက်ယောက်တွေက အပြည့်။ အခန်းထောင့်ဘက် ကပ်လျက်တွင် စားပွဲနှင့်ကုလားထိုင်ရှိသည်။ ယင်းအနီးက ခုံကလေးပေါ်တွင် စာအုပ်စာတမ်းတွေက တစ်ပုံတစ်ပင်။

ကိုလှသန်းက ကုလားထိုင်မှာ ထိုင်လျက် စားပွဲပေါ်မှ စာရွက်တွေယူပြီး တစ်ရွက်ပြီးတစ်ရွက်ရေးလိုက် ဖျက်လိုက်၊ စဉ်းစားလိုက် လုပ်နေသည်မှာ တစ်ပတ်နီးပါးပင် ကြာခဲ့လေပြီ။ သူက စာရေးဆရာ မဟုတ်၊ စာရေးဆရာသည်ပင် သူ့လောက် ခေါင်းခြောက်ခဲ့၍ ရေးမည်မထင်။ အရေးကြီးသည့် စီမံချက်ကြီးတစ်ခုကို အစီအစဉ်ချ၍ ရေးဆွဲနေခြင်း ဖြစ်သည်။

စားပွဲပေါ်၌ စာရွက်တွေက ဟို တစ်ရွက် ဒီတစ်ရွက် ပြန့်ကျဲလျက်။ နောက်ဆုံး အချောသပ်စာရွက်ကို သေသေချာချာ ပြန်စစ်နေသည်။ ပြီးတော့ တစ်ယောက်တည်း ပြုံးလျက် ကျေနပ်သွားသည်။ စိစစ် ပြီးခဲ့သော်လည်း မျက်စိကမခွာသေး၊ ဆေးလိပ်ခွက်မှ ရှူဘီစီးကရက် တစ်လိပ်ကို လှမ်းယူ၍ နှုတ်ခမ်းမှာ တပ်လိုက်သည်။ ပြီးတော့ မဂ္ဂနစ် မီးခြစ်ကို ဖြောက်ခနဲ ခြစ်ပြီး မီးညှိလိုက်သည်။ နှစ်နှစ်ခြိုက်ခြိုက် ဖွာရှိုက်လျက် အောက်နှုတ်ခမ်းကို ကော့တင်ပြီး မီးခိုးတွေကို အပေါ်သို့ မှုတ်ထုတ်နေသည်။ ပြီးတော့ နောက်ဆုံးအနေဖြင့် တစ်ခေါက် ဖတ်ပြန်သည်။

ကျဲးတိုင်ရွာ ဆန်စက်ပိုင်ရှင် ဦးအောင်ဖေ၊ ဓားပြသတ်၍ သေသွားသလို ဖြစ်စေရမည်။ ခုခံ၍ ရုန်းရင်း ဆန်ခတ်ကြောင့် နံရံမှ ရွေးဟောင်း ချိန်သီးနာရီကြီး ပြုတ်ကျ၍ကွဲသွားသလို ရိုက်ခွဲခဲ့မည်။ အသတ်ခံရသည့်အ

www.burmeseclassic.com

www.burmeseclassic.com

ည(၁၀)နာရီခွဲဟု ကောက်ချက်ချစေရန် နာရီလက်တံတွေကို (၁၀) နာရီခွဲသို့ လှည့်ထားရမည်။ သူတပည့် မောင်မျိုးနံနက်လာနှိုးမှ ညကတည်းက သေခဲ့သည်လို့ သိစေရမည်။ စားပွဲကိုလှဲပြီး ကုထားထိုင်ကို ရိုက်ချိုးထားရမည်။ သေသူအနီးက ပစ္စည်းတွေကို ဖရိုဖရဲဖြစ်အောင်လုပ်ထားခဲ့မည်။

တကယ် သေ၊ မသေစစ်ဆေးရမည်။ ပြီးလျှင် ဝီရိုသေတ္တာတွေထဲမှ ရွှေငွေအချို့ကိုရွာဖွေယူပြီး အိမ်ရှေ့တံခါးမှ ထွက်ခွာရမည်။ တစ်ဖက်ခြံမှ ကိုမြင့်သိန်း၏ ဆိုင်ကယ်ကို တိတ်တဆိတ်ယူ၍ ရည်မှန်းချက်နေရာကို ည(၁၀)နာရီအရောက် မောင်းကာ ဆိုင်ကယ်ကို ဝှက်ထားရမည်။ မနီးမဝေးက ရဲကင်းကို အထူးသတိထားရမည်။

ဆင်ခြံရှာ ဘုရားပွဲသို့ ည(၁၀) နာရီမခွဲမီ အရောက် ခြေကျင်လျှောက်ရမည်။ ဘုရားပွဲတွင် အသိမိတ်ဆွေတွေကို တွေ့နိုင်သမျှရှာ၍ နှုတ်ဆက်စကား ပြောရမည်။ ည(၁၀)နာရီခွဲလုလုတွင် ဂေါပကခုံးသို့သွား၍ အလှူငွေထည့်ရမည်။ သို့မှသာ မိမိအမည်ကို အသံခွဲစက်ဖြင့် ကြေညာခြင်းဖြင့် ဖမ်းဆီးခံရလျှင်ပင် ည(၁၀)ခွဲတွင် မိမိက ဆင်ခြံရှာဘုရားပွဲတွင်ရှိနေကြောင်း ခိုင်လုံသော သက်သေများကို ပြနိုင်မည်။

ပြီးလျှင် ဆိုင်ကယ်ရှိရာသို့ ပြန်လာကာ လိုရာခရီးသို့ဆက်ရမည်။ ပြီး ဆိုင်ကယ်ကို ဖျောက်ဖျက်ပစ်ရမည်။

ကိုလှသန်းအတွက် အလွန်အရေးကြီးသည်မို့ တစ်ချက်ပင်လွဲမှား၍ မရ တိကျမှု ဖြစ်မည်။ ခြေရာခံ၍ လုံးဝမရအောင် ကြိုတင်ပြင်ဆင်မှု ကြိုတင်ကာကွယ်မှုတွေဖြင့်သည် စိမ်ခေါ်ကို ရေးဆွဲနိုင်ခြင်းက စာအုပ်စာပေလေ့လာဖတ်ရှုခဲ့ရာမှ ပေါ်ထွက်လာမည့် အကြံဉာဏ်ဖြစ်သည်။

အခန်း (၂)

ကိုလှသန်း စိတ်ပညာဖြင့် ဘွဲ့ရပြီးစက မိခင်လည်းဆုံးပါး၊ ချစ်သူရည်စားကလည်း ပစ်ခွာသွားခြင်းခံခဲ့ရသည်။ အလုပ်ကလည်း မရှိသေး။ ဒါကြောင့် စိတ်လေလေဖြင့် ခရီးတွေသာထွက်နေမိသည်။ တစ်နေ့ ရန်ကုန်-ဒလကူးတို့ သင်္ဘောပေါ်တွင် ဆန်စက်ပိုင်ရှင် ဦးအောင်ဖေနှင့် စကားလက်ဆုံကျခဲ့ရာမှ ရင်းနှီးသွားခဲ့သည်။ ဦးအောင်ဖေက . .

"မောင်ရင် ဆန္ဒရှိရင် ကိုယ့်စက်မှာ မန်နေဂျာ လုပ်ပါလား၊ ကိုယ်က လည်း တစ်ယောက်တည်းသမား၊ စားဝတ်နေရေး ဘာမှမပူနဲ့၊ ကိုယ်နဲ့အတူ နေလို့ရတယ်၊ လုပ်မယ်ဆိုရင် အခုတစ်ခါတည်း လိုက်ခဲ့ပါလား၊ မလုပ်ချင်လည်း အလည်သဘောပေါ့"

နောက်ဆံတင်းစရာ မရှိသူ ကိုလှသန်း တစ်ခါတည်း ဝမ်းပန်းတသာပင် ကျူးတိုင်ရွာကို လိုက်ခဲ့လေသည်။ ဦးအောင်ဖေနှင့်အတူနေ၍ ဆန်စက်မန်နေဂျာလုပ်ခဲ့သည်။

ဦးအောင်ဖေက လူပျိုကြီး (လူပျိုကြီးမဟုတ်) ယခုတော့ တစ်ဦးတည်းနေသည်။ ယခင်က သူ့ဇနီးထွေသူ အောင်အောင် လာနေဖူးသည်။ နောင်တော့ ရွာမှာမပျော်၍ ရန်ကုန်သူ့အဒေါ်တွေဆီမှာသာအနေများခဲ့သည်။ တစ်ခါတစ်ရံမှသာ ပြန်လာတတ်သည်။

ဦးအောင်ဖေက အသက်(၄၀) ကျော်အထိ အတည်တကျ ဇနီးမယားရယ်လို့ လုံးဝမထား။ ငွေအားကလည်း ရှိတော့ အပျော်သဘောထားသည့် မိန်းကလေးတွေ အတော်များလှသည်။ ပျိုချင်ပျို၊ ဘိုချင်ဘို၊ ဟိုဟာဆိုလျှင် (နုပျိုသူဆိုလျှင်) ပြီးရောလို့ သဘောထားသည်။ စည်းဆိုတာ သူမှာလုံးဝမရှိ။ လွယ်လျှင် ခြေတော်တင်ဖို့ လက်မခွေး။ ပီရိစွာဖြင့် အများမသိအောင် ကြဲစည်တတ်သည်။ 'မ'ကျမ်းလည်းကျေ၊အတွေ့အကြုံကလည်းများ။ ငွေအားကလည်း ရှိတော့ ဘယ်သူမျှ မသိရလေအောင် ငွေအားဖြင့် ဖုံးဖိထားသည်။ ကားယာကာ ရှင်ကလေးတွေကပင် လုံးဝ ထုတ်ဖော်မပြောကြ။ ပြောဖို့ဝေလာဝေး ကျေနပ်စွာဖြင့်ပင် သူ့သိက္ခာကို ကာကွယ်ပေးတတ်ကြသေးသည်။

အပြင်ပန်း . . အမြင်မှာတော့ အသောက်အစား အနည်းအပါးမရှိသူ လူကုံထံ လူပျိုကြီးတစ်ဦးရယ်ပေါ့။

ဦးအောင်ဖေ အဖြစ်က ဟို ဒုလ္လဘ ဦးပဉ္စင်းတစ်ပါးလိုဖြစ်နေသည်။

ဒကာ တစ်ယောက်က . . .

"အရှင်ဘုရား၊ ငယ်ဖြူလား၊ တောထွက်လား" လို့လျှောက်ထားတော့ ဦးပဉ္စင်းက "ကျွှပ်က ငယ်ဖြူလို့ ပြောလည်းဖြစ်တယ်၊ တောထွက်ဆိုလည်း မမှားပါဘူး"တဲ့။ . .

"ဟင် ဘာဖြစ်လို့လဲ ဘုရား" ဆိုတော့ "ကျွှပ်က တရားဝင်လက်ထပ်ခဲ့တဲ့ ဇနီးမယားရယ်လို့ မရှိသေးဘူး၊ ဒါပေမဲ့ တစ်ခါတလေ လက်လီတော့ စိတ်ခဲ့ဖူးသပေါ့လေ၊ ဟို နိုင်ငံသွားတုန်းက လစ်ဗ်အင်တူဂဲသားဆိုတော့ အဲ . . . ဘယ်လိုပြောရမလဲ၊ လက်ထပ်တာ မဟုတ်ဘဲ မိန်းကလေးတစ်ဦးနဲ့ အတူစောင့်နေဖူးတယ်လေ" တဲ့။

အဲဒီလို. . . အဲဒီလို. . . ။

အခန်း (၃)

ကိုလှသန်း ဆန်စက်ကိစ္စကြောင့် မော်လမြိုင်သွားရန် အဝေးပြေးဂိတ်သို့ ရောက်ခဲ့သည်။ ကားထွက်ရန် အချိန်အတော်လိုသေး၍ အနားဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ခဲ့သည်။ ခေတ်ရှေ့ပြေးမိန်းကလေးငယ်တစ်ဦးနှင့် တစ်စားပွဲတည်း ထိုင်မိရာမှ မိတ်ဆွေ ဖြစ်သွားကြသည်။ တိုက်တိုက်ဆိုင်ဆိုင် ခရီးစဉ်ကလည်း တစ်ခုတည်း၊ ထိုင်ခုံ နံပါတ်ကလည်း ယှဉ်တွဲလျက်။

ခရီးစဉ်တစ်လျှောက် ဟိုရောက်သည်ရောက်မှ တစ်ယောက်အကြောင်း တစ်ယောက်ပြောဆိုမိသည်အထိ ရင်းနှီးမှုတွေ ပိုခဲ့ကြသည်။

သူမ၏အမည်က နွယ်နွယ်ခင်၊ သန်လျင်မှာနေခဲ့သည်။ သူမ သဘောမကျသည့် ယောကျ်ားနှင့် မိဘတွေက အတင်းပေးစားမည်လုပ်၍ ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ကြောင်း ပြောသည်။ မှန်တော့ မှန်သည်။ ဒါပေမဲ့ အဖြစ်အပျက် ကျန် တစ်ဝက်ကိုတော့ သူမ ချန်ထားခဲ့သည်။

အမှန်က မိဘစကားပယ်ရှားပြီး ချစ်သူနောတ် လိုက်ပြေးခြင်းပါ။ရန်ကုန်မှာ အိမ်ငှားနေပြီး နှစ်ဦးသား (၃)လခန့် ပေါင်းသင်းခဲ့သည်။ မယားကြီးလိုက်လာတော့မှ မလွတ်လပ်သူ တစ်ဦးရယ်လို သူမ သိခဲ့ရသည်။ နောက်ဆုံး သူမ ချစ်သူက မယားကြီးနောက်သို့ ကောက်ကောက်ပါအောင် ပြန်လိုက်သွားတော့သည်။

ရွာကိုလည်း မပြန်ရဲ၊ ရန်ကုန်မှာလည်း ဘာလုပ်ကိုင်စားသောက်ရမှန်း မသိတော့ ယောကျ်ားတွေကို စိတ်နာနာဖြင့် "ဖြစ်ချင်ရာဖြစ်၊ မောင်ဘချစ်" လုပ်ခဲ့သည်။ ကျရာနေ ကြုံရာသွားပြီး ယောကျ်ားတွေကို ချစ်စားမြူစားလုပ်ခဲ့ရာမှ ငွေကြေးသာရမည်ဆိုလျှင် ခန္ဓာကိုယ်ပင် မနှမြော၊ လိုက်လျောဖို့ပင် ဝန်မလေးတော့။

ကိုလှသန်းကတော့ နွယ်နွယ်ခင်၏ လိမ်ဆင်အပြောကို သဘောရိုးဖြင့် သနားငြိတွယ်သွားသည်။ နောက်တော့ ရည်စားအပစ်ခံရသူ လူပျိုကြီးနှင့် နွယ်နွယ်ခင်တို့ "ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ခံတွင်းပျက်"တို့ တွေ့သလိုဖြစ်သွားတော့သည်။ အချုပ်ဆိုရပါလျှင် ခုမြင် ခုကြိုက် ခုခိုက်ကာ တစ်ခါတည်း ကျူးတိုင်ရွာကို သူမ လိုက်ခဲ့သည်။

အခန်း (၄)

နွယ်နွယ်ခင်က တောင်ငူဖြောင့်၏၊ ငယ်ရွယ်ရှိ၏။ သူမအလှက ရွှက်ကြမ်း ရေကျိသာသာ။ သို့သော် မာယာပိုပို ကြာလိုလိုနှင့် စကားပြော ချိသည်။ ပြုပြုပြင်ပြင် အမြဲတမ်းခြယ်သဝတ်ဆင်တော့ ထာဝစဉ်လန်းနေသည်။ မြင်ရသူ ပုရိသတို့ အာသာငမ်းငမ်း တမ်းတမ်းတတ စွဲမက်ချင်စရာ ရုပ်ရည်မျိုး။

သည် ပုရိသတွေထဲက ထိပ်ဆုံး(၁၀)ယောက် ရွေးပါက ဦးအောင်ဖေ ပထမရမှာ သေချာသည်။ ရောက်စ သုံးလေးလက ဦးအောင်ဖေ၏ အိမ်တွင်ပင် သည်လင်မယား အတူနေသွားခဲ့သည်။ နောက်မှ တစ်ခြံကျော်က မြေကိုဝယ်ကာ အိမ်ဆောက်နေခဲ့ကြသည်။

'မ' ကျမ်းကျေသူ ဦးအောင်ဖေနှင့် 'ဖို' အထာကျွမ်းသူ နွယ်နွယ်ခင်တို့ အတူနေခဲ့စဉ်ကပင် ထိကပါးရိကပါးဖြင့် ပိုကဲစွာ ရင်းနှီးခဲ့ကြသည်။

ကိုလှသန်း၏ မျက်ကွယ်တွင် သူမက ပြည်တည်တည်မျက်နှာပေးနှင့် အိစီကလီ လုပ်လေ့ရှိသည်။ သည်တော့ ဆည်ဝက ဧောင့်နေသည့် ဗျိုင်းကြီး ဦးအောင်ဖေ ဘယ်နေလိမ့်၊ ထွက်လာသည့်ငါး ဖပ်ခနဲ ဟပ်မျိုလိုက်သည်ပေါ့။

နောက်တော့ သာအိတစိုစိုဖြစ်ကာ ဆားငန်ရေ ရေနောက်တော်တိုင်း သောက်မိကြတော့သည်။ ကြာတော့ မျက်ကွယ်တွင် နှစ်ပါးခွင်ဝင်နေကြသည်ကို ကိုလှသန်း ရိပ်မိရုံမက မျက်စိဖြင့်ပင် တပ်အပ်မြင်ဖူးခဲ့သည်။

သို့သော် သူအမျက်ကို အပြင်မထွက်ဘဲ သိုသိပ်ထားခဲ့သည်။ တစ်ရံ ယောကျ်ားဆိုလျှင် "မယားမထိန်း ဓားကြည့်"လို့လုပ်မည်အမှန်။ သူကတော့ မသိဟန်ပင်ဆောင်ခဲ့သည်။ ရင်ထဲမှာ နာကြည်း ခံပြင်းမှုတွေ အပြည့်ဖြင့် ဖောက်ပြန်သူနှစ်ဦးလုံးကို ကိစ္စတုံးပစ်ဖို့ ဆုံးဖြတ်ထားခဲ့သည်။ သူ့အကြံကို မရိပ်မိစေရန် သွားလာ၊ ပြောဆို၊ ဆက်ဆံမှုတွေကအစ လုံးဝဟန်မပျက်အောင်နေခဲ့သည်။ တစ်ရက်ရက်တော့ အကွက်ဝင်မှာပဲရယ်လို့သာ စိတ်ထဲတွင် တေးထားခဲ့သည်။

(၆)လခန့်အကြာ ကိုလှသန်း အဆိုအရ နွယ်နွယ်ခင် တစ်ယောက်သူ့ကို စိတ်ကောက်ပြီး မိဘတွေထံကို အပြီး ပြန်သွားပြီတဲ့။ တကယ်တော့ ဖောက်ပြားလွန်းသည့် ဇနီးမယား နွယ်နွယ်ခင်ကို သွေးအေးအေးဖြင့် လွှဘဝနယ်မှ ပယ်ရှားပစ်လိုက်ခြင်းပါ။ သူကတော့ ဆန်စက်မှာပဲ ပုံမပျက်ဆက်လုပ်ရင်း ဦးအောင်ဖေနှင့်လည်း ယခင်အတိုင်း နေထိုင် ဆက်ဆံခဲ့လေသည်။

သူက 'အင်း. . တစ်တောတော့ ရှင်းပြီပေါ့၊ နောက်တစ်တောလည်းဆက်ရှင်းရဦးမယ်၊ ချက်ချင်းရှင်းပစ်လို့တော့ မဖြစ်၊ လူလည်းသေ၊ ငွေလည်းရ၊ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဖြစ်အောင် လုပ်ရမယ်' လို့ အတွေးဝင်မိသည်။ အမှန်လည်း သူ့အပေါ် လုံးဝမယုတ်သက်စေရန် အကြံဖြင့် ရန်ကုန်က သူ့တိုက်ခန်းကိုပြန်၍ စီမံချက် ရေဆွဲရန်အတွက် ဦးအောင်ဖေကို ခွင့်ပန်ခဲ့သည်။

"ဆရာသမား ရန်ကုန်က တိုက်ခန်းကို ဒီအတိုင်းသော့ပိတ်ထားခဲ့တာ အတော်ကြာလို့ အခြေအနေ ပြန်ကြည့်လိုက်ဦးမယ်၊ တကယ်လို့ အလုပ်အကိုင် အဆင်ပြေရင်တော့ ဟိုမှာပြန်နေလိုက်ဦးမယ်ဗျာ၊ ကျွန်တော့်အိမ်နဲ့ခြံတော့ ဆရာသမားပဲ ကြည့်ပေးထားပါဗျာ"

ဒီလိုအကြောင်းပြ၍ ဦးအောင်ဖေထံ ခွင့်တောင်းခဲ့သည်။ ခွင့်ပြုချက် ရသည်နှင့်ရန်ကုန်ကိုပြန်လာခဲ့ပြီး အခန်းအောင်းလျက် ဦးအောင်ဖေကို လုပ်ကြံရန် စီမံချက်ကြီးကို အေးအေးဆေးဆေး ရေးဆွဲလေတော့သည်။ ဟာကွက်မရှိ။ ကျေနပ်သည့် အစီအစဉ်များ ရေးဆွဲပြီးသည်နှင့် လိုအပ်သည်များကို စီမံယူဆောင်ကာ ကျူးတိုင်ရွာကို ပြန်လာခဲ့သည်။ ရွာကိုရောက်တော့ ဆင်ခြံရွာဘုရားပွဲတော်ရက်ကို စုံစမ်း၍ ကျင်းပမည့်နေ့ရက်ကို သေချာစွာ သွားရောက်လေ့လာခဲ့သည်။ ပြီးတော့ လုပ်ဆောင်မည့် စီမံချက်ကို ရက်သတ်မှတ်ခဲ့သည်။

အခန်း (၅)

ညနေ ၅ နာရီခွဲလောက်မှာ ဦးအောင်ဖေ အိမ်ပြန်ရောက်ခဲ့သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

သူက တံခါးခေါက်သံကြား၍ ထဖွင့်ပေးရင်းကြည့်လိုက်တော့ ဂျာကင်အနက် ဝတ်ပြီး သားရေလက်အိတ်စွပ်ထားသော ကိုလှသန်းကိုတွေ့ရတော့-

"ဟာ ကိုလှသန်း၊ လာထိုင်ဗျာ၊ အပြင်မှာ အတော်အေးပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com

လက်ညှိုးညွှန်ရာ စားပွဲဘေး ကုလားထိုင် ကိုလှသန်းကစင်ထိုင်လျက်-

"ဒီမှာ ဆရာသမား အကြိုက် ရမ်အပြားတစ်ပုလင်း လက်ဆောင်ယူ လာတယ်" ဆိုကာ စားပွဲပေါ် သို့ တင်လိုက်သည်။

"ဟာ အခုပဲ ချမ်းစိမ့်စိမ့်နေလို့ ချတော့မလို့၊ ကိုယ့်ဆီမှာ လက်ကျန် နည်းနေတာနဲ့ အတော်ပဲ၊ ကျေးဇူးပဲဗျာ၊ ဟဲဟဲ. . . ခက်တာက မောင့်ရင်နဲ့ကိုယ် ဒီလိုနေရာမျိုးမှာ တွဲမရတာ ခက်တယ်ဗျာ၊ တစ်ခွက်တစ်ဖလားလောက် လုပ်ကြည့်ပါလား"

"မလုပ်ပါရစေနဲ့ဗျာ၊ ကျွန်တော် လုံးဝမသောက်တတ်တာ ဆရာသမား အသိသားနဲ့ဗျာ၊ ဒါပေမဲ့ တွဲလို့ရအောင်ဟို ကျွဲရိုင်း အချိုရည်ဘူး ဖောက်ပြီး အဖော်အနေနဲ့ အတူထိုင်သောက်ပေးပါ့မယ်ဗျာ ဟဲ. . ဟဲ. . ဟဲ"

ကိုလှသန်းက တဟဲဟဲဖြင့် စားပွဲပေါ်ရှိ ကျွဲရိုင်းအချိုရည်ဘူးကို လှမ်းယူကာ ဖောက်လိုက်သည်။

ဦးအောင်ဖေကလည်း ရမ်ပုလင်းကို ဖွင့်လိုက်ပြီး ဖန်ခွက်ထဲသို့ တစ်ဝက်ခန့် ထည့်လိုက်သည်။ ပြီးတော့ နှစ်ဦးသား ကျွဲရိုင်းဘူးနှင့် ဖန်ခွက်ကို တို့ထိလျက် ပြိုင်တူသောက်ကြသည်။ ကိုလှသန်းက အချိုရည်ကို တစ်ငုံသာ စုပ်ခဲ့သော်လည်း ဦးအောင်ဖေကတော့ အငမ်းမရ တစ်ကျိုက်တည်း မော့ချလိုက်သည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်"

လူတစ်ရပ်ဘာသာတွင် ချိတ်ထားသည့် ဦးအောင်ဖေ၏ ကျောဘက် နံရံမှချိန်သီးနာရီကြီး၏ လေးလေးတွဲတွဲ မှန်မှန်ဖြင့် ၆ နာရီထိုးသံက သေမင်း၏ အချက်ပေး ခေါင်းလောင်းသံ ပမာ ကျက်သရေ မင်္ဂလာကင်းမဲ့လှချေသည်။ ကိုလှသန်းက ဆတ်ခနဲမော့လျက် အပြုံးတစ်ဝက်ဖြင့် စွေကာကြည့်လိုက်မိသည်။

သေမင်း၏ တမန်တော်ကို မှ အဖော်လုပ်မိနေပါလားရယ်လို့ဦးအောင်ဖေ လုံးဝမသိရှာ။ တစ်ခွက်ပြီး တစ်ခွက်သာ နှစ်နှစ်ခြိုက်ခြိုက် ဆက်ပြီးသောက်နေသည်။ ခဏကြာတော့ တဝါးဝါးသမင်းဝေလျက်. . .

"ဝါး. . . ရေချိန်ကိုက်လို့လား မ. . . မသိဘူး၊ အရမ်း. . ရမ်း. . အိပ်ချင်. . ချင်"

စကားပင် မဆုံး၊ မျက်လုံးတွေ မှေးဆင်းလာပြီး လုံးဝ ပိတ်သွားကာ စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားတော့သည်။ တကယ်တော့ သူသောက်သည့် ရမ်အရက်ပုလင်းအုံးကို ပုံမမျှတ်စေဘဲ ကိုလှသန်းက အိပ်ဆေးပြင်းပြင်းကြိုတင်ထည့်ထားခဲ့ခြင်းကို လုံးဝမသိသွားရှာ။ ယမကာကို သေရည်လို့ခေါ်ဆိုတာ သည်နေရာမှာ တိုက်ရိုက်မှန်နေပါလား။

ကိုလှသန်းက အချိန်ကုန်မခံနိုင် သူထိုင်သည့် ကုလားထိုင်ဖြင့် ဦးဆက်ကို ရိုက်ချလိုက်သည်။ ခွပ်ခနဲအသံနှင့် အတူ ဦးအောင်ဖေတစ်ယောက် ကြမ်းပြင်ပေါ် သို့ မှောက်ကျသွားသည်။ တစ်ချက်ပင် အသံမထွက် အသက်ရှူလုံးလုံး ရပ်သွားသည်။

ပိုမိုသေချာစေရန် ကြိုတင်စီမံထားသည့်အတိုင်း ပလတ်စတစ်အိတ် ဖြင့် ခေါင်းကိုစွပ်ကာ လည်ပင်းကိုညှစ်ပိတ်ထားလိုက်သည်။ အတန်ကြာမှ ပြန်ချွတ်ပြီး နှလုံးခုန်သံကို စမ်းသပ်ကြည့်ပြန်သည်။

စိတ်ချရမှ ဘလောင်းအနီးရှိ နံရံပေါ်မှာ ချိတ်ထားသည့် တိုင်ကပ်နာရီကို ဖြုတ်ယူ၍ ကြမ်းပြင်ပေါ်မှာ ရိုက်ခွဲလိုက်သည်။ ပြီးတော့အစီအစဉ်အတိုင်း နာရီလက်တံတွေကို (၁၀)နာရီခွဲသို့ ရွေ့ထားလိုက်သည်။ စားပွဲကို ဘေးစောင်းလှဲပြီး ပစ္စည်းတွေကို အလဲလဲ အကွဲကွဲ ပုံသဏ္ဌာန်ဖြစ်အောင် လုပ်လိုက်သည်။

ပြီးတော့ သော့တွဲရှာ၍ သေသူ၏ ကုတ်အင်္ကျီအိတ်တွေကို စမ်းကြည့်လိုက်သည်။ ညာဘက်အိတ်တွင် လက်ကိုင်ဖုန်းတစ်လုံးတွေ့၍ အသာယူကာ သူ့ဂျာကင်အိတ်ထဲသို့ ထိုးထည့်လိုက်သည်။ ဘယ်ဘက်အိတ်ထဲမှ သော့တွဲကိုယူကာ အိပ်ခန်းဆီသို့ ဝင်လိုက်သည်။ သေတ္တာ ဗီရိုတွေကို စမ်းသပ်ဖွင့်ကြည့်သည်။ အခက်အခဲမရှိ လွယ်ကူစွာပင် ဖွင့်လို့ရသည်။

ဗီရိုအံဝှက်အတွင်းမှ လက်ဝတ်လက်စား ရွှေပစ္စည်းများနှင့် ငွေတွေယူကာ ပြန်ထွက်ခဲ့သည်။ အလောင်းဝန်းကျင်ကို ထပ်၍စစ်သည်။ လက်ကျန်ရမ်အရက်တွေကို သွန်ပြီး ပုလင်းခွံကို အဝေးသို့ ပစ်လိုက်သည်။ သေသူ၏ အရက်ပုလင်းကို အစားပြန်ထားလိုက်သည်။

လုပ်အိတ်စွပ်ထား၍ လက်ငွေရှိ ကျန်စရာမရှိ။ စိမ်ချက်နှင့်ကွက်တိ၊ ဘာမှလွဲမှားနိုင်စရာ မရှိ၊ "တယ်တော်တဲ့ ငါပါလား" ဆိုသည့်အတွေးဖြင့် နှုတ်ခမ်းတစ်ချက်တွန့်ကာ ပြုံးလိုက်မိသည်။ ပြီးတော့ တံခါးမကိုဟကာ အပြင်ကို ငုံ့မ်းထွက်ခဲ့ပြီး ပြန်စေ့ခဲ့သည်။ သူ့လက်ချိန်က နာရီကိုကြည့်တော့ ညနေ ၆ နာရီခွဲနေပေပြီ။

အခန်း (၆)

ပြီးတော့ တစ်ဖက်ကကိုမြင့်သိန်းရဲ့ ဆိုင်ကယ်ရှိရာသို့ မှောင်ရိပ်ခိုကာ မလွယ်ပေါက်မှ ဝင်ခဲ့သည်။ သော့ပိတ်မထားသည့် ဆိုင်ကယ်ကို လွယ်လွယ်ကူကူပင် တွန်းယူလျက် ခြံနောက်ဘက်မှ ထွက်ခဲ့သည်။ လမ်းမပေါ် အတော်ရောက်မှ ရည်မှန်းချက်နေရာကို ဦးတည်ကာ မောင်းနှင်ခဲ့သည်။ ယင်းနေရာက ဆင်ခြံသစ်ရိုင်းနှင့် ဆက်စပ်နေသည့် တောအုပ်ပင်ဖြစ်သည်။

ဤနေရာက ညဘက်မပြောနှင့် ညနေစောင်းပင် တော်ရုံလူ မလာရဲ။ ကျိုးတိုင်နှင့် ဆင်ခြံရွာကလေးဝေးလှသည် မဟုတ်။ အလွန်ဆုံး (၁၀)မိုင်လောက်သာ။ ရဲကင်းမှ ပတ္တရောင်ရဲတွေနှင့် မတွေ့စေရန် လမ်းမကို ဦးစားမပေးဘဲ လယ်ကွက်ထဲမှ လှည်းလမ်းတွေကို ကွေ့ပတ်မောင်းနှင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ထားသည့် တောအုပ်ရောက်တော့ ည ၁၀ နာရီပင် မထိုးသေး။ ဘုရားပွဲကို လမ်းလျှောက်သွားလျှင် ၁၀ မိနစ်ပင် ကြာမည်မဆင်။ လှမ်း၍ပင် မြင်နေရသည်ဟု ဒါကြောင့် စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာရှိုက်လျက် ရှေ့လုပ်ရမည့် အစီအစဉ်တွေကို တစ်ဦးတည်း ဇာတ်တိုက်ကာ အချိန်ဖြုန်းနေသည်။

စီးကရက်တစ်ဝက်ခန့် ပြာကျသွားတော့ သူလက်ကနာရီကို အမှောင်ထဲမှာ ငုံ့ကြည့်သည်။ အဇာမြူဆေးသုတ်ထားသည့် နာရီလက်တံတွေက ည(၁၀)နာရီကျော်နေပြီ ဖြစ်ကြောင်း ပြနေသည်။ စီးကရက်တိုကို ဖိနတ်ဖြင့် နင်းခြေလျက် ဘုရားပွဲဆီ လှမ်းထွက်ခဲ့သည်။ ပွဲစျေးတန်အဝ ရောက်တော့ ၁၀ နာရီ ၁၅ မိနစ်၊ စားသောက်ဆိုင်တစ်ဆိုင်၏ လမ်းဘေးခပ်ကျကျ စားပွဲဝိုင်းတွင်ထိုင်ကာ အုန်းနို့ခေါက်ဆွဲ မှာစားခဲ့သည်။ ဆာလည်းဆာ၊ လမ်းသွားလမ်းလာ အသိမိတ်ဆွေများကလည်း သူ့ကို မြင်စေလိုခြင်းလည်း ပါသည်။

(၅)မိနစ်ခန့်ကြာတော့ စားပွဲမှ ထကာ ဂေါပကဦးဆီသို့ လျှောက်လာခဲ့သည်။ အလှူခံဌာနရောက်တော့ ၁၀ နာရီခွဲဖို့ ၅မိနစ် လိုသေးသည်။ သူ့အမည်နှင့် ရွာကိုပြော၍ အလှူငွေကျပ် (၅၀၀) ထည့်လိုက်သည်။ အလှူခံဖြတ်ပိုင်းကို လှမ်းယူနေစဉ် အသံချဲ့စက်မှ-

"ကျွန်းတိုင်ရွာက ဦးလှသန်းက အပူဇော်အနေနဲ့ အလှူတော်ငွေ(၅၀၀) ကျပ် လှူဒါန်းသွားပါတယ် ခင်ဗျာ၊ ဦးလှသန်းတို့ မိသားစု စန်းသော်တာကဲ့သို့ အကြွေအစည်ဟူသမျှ ထာဝရပြည့်ဝကြလျက် သာယာမှုတွေနဲ့ သာသနာ အခါခါပြုနိုင်ကြပါစေခင်ဗျား.. သာဓု... သာဓု... သာဓု..."

နာရီကို ကြည့်လိုက်တော့ ည ၁၀နာရီခွဲတိတိ။ ကိုလှသုန်း အတော်ရှင်လန်းသွားသည်။ စေတနာ သုံးတန်ပြဌာန်းပြီး လှူဒါန်းလို့ ရွှင်လန်းဝမ်းသာခြင်းတော့ မဟုတ်။ သူရေးဆွဲခဲ့သည့် စီမံချက်ကို ကွက်တိလုပ်ဆောင်နိုင်ခဲ့၍ ဖြစ်သည်။ အလှူခံဖြတ်ပိုင်းကို ကျကင်းအိတ်ထဲသို့ထည့်ကာ လှည့်ထွက်လာခဲ့သည်။ ခြေလှမ်း(၅၀)လောက် အရောက် ရဲတပ်ဖွဲ့တွေကို သူလှမ်းမြင်လိုက်သည်။ ကိုလှသန်း နည်းနည်းတော့ တွန့်သွားသည်။ ရဲတပ်ဖွဲ့ (၃)ဦးမှ နယ်ထိန်းကောင်းမြတ်က လှမ်းခေါ်သည်။

အနားရောက်တော့ . . .

"ဟို သခ္ဓိုင်းနားမှာ ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီးတွေ့လို့ စုံစမ်းတော့ လူတစ်ယောက်က ကျကင်အနက်နဲ့ လူတစ်ယောက်စီးပြီး ဘုရားပွဲဘက် ခြေကျင်လျှောက်သွားတယ်လို့ သတင်းပေးလို့ လိုက်ရှာတာ၊ အဲခါ ခင်ဗျားဆိုင်ကယ်လား"

" ဟား.. ဟား... ဟား.. "

အားပါးတရ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည့်အသံကြောင့် ရဲတပ်ဖွဲ့ဝင်တွေပင် ရုတ်တရက် နှောက်ဘက်သို့ ဆုတ်မည့်ဟန်ဖြင့် တန့်ကာသွားကြသည်။ အမှန်က ကိုလှသန်း၏ ကျကင်အိတ်အတွင်းမှ ဦးအောင်ဖေ၏ ရယ်သံသွင်းထားသည့် လက်ကိုင်ဖုန်းက အပြင်မှဖုန်းဝင်လာသဖြင့် ထပြည်ခဲ့ခြင်းပါ။ ကိုလှသန်းက အံ့အားသင့်စွာဖြင့် ဖုန်းကို ဆွဲထုတ်လျက်. . .

"လက်ကိုင်ဖုန်းကပါ"

"ဟား ဟား ဟား ဟား"

ကျယ်သထက်ကျယ်လောင်စွာ ဖုန်းမြည်သံက ဆက်ထွက်နေတုန်းပင်။ ဖုန်းကိုင်လေ့ကိုင်ထမရှိသော ကိုလှသန်း မြှုန်းခနဲဆိုတော့ ဘာကိုနှိပ်လို့ ဘယ်လို လုပ်ရမှန်းမသိ။ အူကြောင်ကြောင် အမ်းတန်းတန်း ဖြစ်နေသည်။

ဖုန်းထဲမှ တဟားဟား ရယ်မောသံတွေက သူ့ကို လှောင်ပြောင်ရှော်သလား။ အကင်းပါးသည့် နယ်ထိန်းကောင်းမြတ်က ဖျတ်ခနဲ ဖုန်းကိုဆွဲယူပြီး အဝင်ခလုတ်ကို နှိပ်လိုက်ကာ . . .

"ဟဲလို . . . ပြောပါ"

"အောင်အောင်လား"

"တုတ်"

"ငါ မောင်မျိုးလေကွာ၊ မင်းဦးလေးအောင်ဖေ ညက ၇နာရီလောက် ငါရောက်သွားတော့ အသက်ခံရလို့ သေနေတာ တွေ့ခဲ့ရတယ်ကွာ၊ ငါ့ကို တောင် အမှုပတ်နေလို့ လူကြီးတွေကို မနည်းရှင်းနေရတယ်၊ သူတို့လည်း ရဲကင်းကိုတော့ အမှုဖွင့်ဖို့သွားနေကြလေရဲ့၊ ဆရာအောင်ဖေက သူ့ လက်ကိုင်ဖုန်းကို ဘယ်သူကိုမှ ပေးမကိုင်မှန်း ငါသိပေမယ့် မင်းများ ရောက်နေလို့ ယူသွားသလားလို့ စိတ်မှာဆရာဖုန်းပျောက်နေတာနဲ့ လိုလိုမည်မည် ဆက်ကြည့်တာ၀ါကွာ၊ မင်းလည်း ရောက်ရာက အမြန်ပြန်လာကွာ၊ ဒါပဲနော်"

အခြေအနေ အရပ်ရပ်ကို နယ်ထိန်း ကောင်းမြတ်က ဆက်စပ်လျက် ချက်ချင်း သဘောပေါက်သွားသည်။ တစ်ချက်ပြုံးလျက် တိုလှသန်း၏နောက် ဘက်မှ ခုံထွပ်ဖွဲ့ဝင်ဆီသို့ မျက်ရိပ်ပြကာ အထာစေးလိုက်သည်။ သည်ရဲသားက လည်း အလွန်ပင် အကင်းပါးလှသည်။ အတွေ့အကြုံနှင့် လေ့ကျင့်မှုတွေက ဘယ်လောက်ပြည့်စုံခဲ့သည်မသိ၊ ကိုလှသန်း၏ လက်နှစ်ဖက်ကို 'ချောက်'ခနဲ လက်ထိတ်က ရောက်သွားခဲ့သည်။

သည်တော့မှ ကိုလှသန်းက သူရေးဆွဲခဲ့သည့် မဟာစီမံချက်ကြီးတွင် သည်လက်ကိုင်ဖုန်းက လုံးလုံးမပါခဲ့ပါလား ဆိုသည့်ဟာကွက်လေးကို စဉ်းစားလျက် အမှားနောင်တများစွာဖြင့် မိမိကိုယ်မိမိ ဒေါသထွက်ကာ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိတော့သည်။

"တောက်"

ဩော် . . . ရာဇဝတ်ဘေးဆိုသည်မှာ ဘယ်လိုပင်ကွယ်ဝှက်၊ ကြိုတင်ကာ စီမံချက်တွေချခဲ့သော်လည်း။

ဆွေရှိန်း(အင်္ဂပူ)

(အဖြစ်အပျက်နှင့် အမည်နာမများ တိုက်ဆိုင်မှုရှိသွားပါက ခွင့်လွှတ်ပေးပါရန်)

www.burmeseclassic.com

www.burmeseclassic.com

လယ်ယာမြေ လုပ်ပိုင်ခွင့်

ကိုဖောင်ဝံသိန်း (ဗိုလ်ချုပ်ကျာ)

ယနေ့ မျက်မှောက်ကာလမှာ မြန်မာပြည်တစ်ဝန်းလုံး တောရောမြို့ပါ ပုံစံ (၇)၊ ပုံစံ (၇) နဲ့ တော်တော်ရေပန်းစားပြီး ပြောဆိုလာသံတွေ ကြားနေရမှာပါ။

ဒီပုံစံ (၇) ဖြစ်လာတဲ့ ဇာစ်မြစ်က အရင်းစစ်တော့ အမြစ်မြေက ဆိုသလို ဒီပုံစံ (၇) ဟာ နိုင်ငံတော်က (၃၀. ၃. ၂၀၁၂) နေ့မှာ အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ လယ်ယာမြေဥပဒေက ပေါက်ဖွားလာခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း လယ်ယာမြေ စီမံအုပ်ချုပ် ခန့်ခွဲမှုနဲ့ပတ်သက်ပြီး ဖ. ဆ. ပ. လ အစိုးရလက်ထက်မှာ ၁၉၅၃-ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ တော်လှန်ရေးကောင်စီအစိုးရ လက်ထက်မှာ ၁၉၆၃-ခုနှစ် သိမ်းစားချထားရေးဥပဒေ၊ ၁၉၆၃-ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်တဲ့ဥပဒေ ပြဋ္ဌာန်းပြီး လယ်ယာမြေ စီမံအုပ်ချုပ်ခန့်ခွဲမှုကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဥပဒေတွေကို ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ-၄၃ အရ အားလုံးကို ပယ်ဖျက်ရုပ်သိမ်းလိုက်ပြီး ဖြစ်ပါတယ်။

အဲဒီဥပဒေတွေနဲ့ ကိုင်တွယ် ဖြေရှင်းခဲ့တဲ့ လယ်ယာမြေ ပြဿနာတွေဟာ အများပြည်သူတွေ မြင်သိခဲ့တဲ့အတိုင်း အားလုံးရှုပ်ထွေးပြီး သပွတ်အုလိုက်သလို လယ်ယာမြေပြဿနာတွေဟာ စိတ်မချမ်းသာစရာ ကြားသိမြင်တွေ့ခဲ့ကြရပါတယ်။

လက်ရှိလက်ငုတ် လယ်သမားတွေ လက်ငုတ်ပျောက်ပြီး ဆင်းရဲဒုက္ခတွေ ရောက်ခဲ့ကြရပါတယ်။ ခေတ်အဆက်ဆက် တက်လာတဲ့ အစိုးရတွေက လယ်ယာမြေပြဿနာကို ကိုင်တွယ်ဖြေရှင်းခဲ့ကြသော်လည်း တည်ငြိမ်မှုမရအောင် ဖြစ်နေပါတယ်။

ဒီကြားထဲ ဟိုတစ်ချိန် ကိုလိုနီလက်ထက်က မြေရှင်ယာရှင်နဲ့ ချစ်တီးတွေက ဝင်နှောက်တော့ လယ်သမားတွေဟာ ကောက်ဆွဲနဲ့စကော ပြောနိုင်မှကျန်တယ်ဆိုတဲ့ ဘဝရောက်ခဲ့ရပြီး အကြွေး သည်ပင်းချိတ်ကာ ဆင်းရဲတွင်းက ရုန်းမထွက်နိုင်ခဲ့ကြပါဘူး။

နောက်ပိုင်းကျတော့ အာဏာရှင် တချို့နဲ့ ခရိုနီတွေဟာ လယ်ယာမြေတွေကို မတရားအခမဲ့ သိမ်းဂိုလ်လာကြ

www.burmeseclassic.com

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

တော့ တောင်သူလယ်သမားတွေဟာ လုပ်စရာ လယ်တောင် မကျန်တော့ဘဲ စားရေး သောက်ရေး ကျပ်တည်းပြီး ဘဝတွေ ပျက်ခဲ့ရတဲ့ အဖြစ်မျိုးတွေ ရောက်ခဲ့ရပါတယ်။

သိမ်းဆည်းခံမြေယာတွေ ပြန်လည်တောင်းဆိုပွဲတွေ၊ ထွန်တုံးတိုက်ပွဲတွေ၊ ဆန္ဒပြပွဲတွေ စသည်ဖြင့် အမျိုးမျိုး ဆင်နွှဲရင်း ထောင်ထဲ ရောက်ကုန်တဲ့ လယ်သမားတွေလည်းရှိလာကြပါတယ်။ ဒါကြောင့် လယ်ယာမြေ ပြဿနာဟာ မြန်မာပြည်ရဲ့ သူယောနာပြဿနာလို့ ပြောကြတာပါ။

မြေယာပြဿနာကို ကောင်းအောင် မဖြေရှင်းနိုင်ကြသေးပါဘူး။ လယ်ယာမြေပြဿနာကို မဖြေရှင်းနိုင်တာနဲ့အမျှ လယ်သမားတွေ ဆင်းရဲတွင်းနက်နေကြရဦးမှာပါ။ မခြောက်ခန်း သေးတဲ့ မျက်ရည်စမ်းတွေက မပြတ်တမ်း ပန်းထွက်နေကြရဦးမှာပါ။

ဒီနေ့ခေတ် ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာ၊ ဥယျာဉ်ခြံမြေတွေကို လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇) တွေ ထုတ်ပေးပါပြီ။

အဲဒီလို ပုံစံ (၇) ထုတ်ပေးရာမှာ လူပုဂ္ဂိုလ်ဖြစ်ရင် လယ်ယာမြေ ဥပဒေ ဝုဒ်မ-၇ (က) အရ -

(၁) လယ်ယာမြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင် ဆောင်ရွက်နေသူ ဖြစ်ရပါမယ်။

(၂) အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတွင် အခြေချ နေထိုင်သူ ဖြစ်ရပါမယ်။

(၃) အသက် (၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရပါမယ်။

(၄) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရပါမယ်။

ပုဒ်မခွဲ (ခ) မှာ -

အဖွဲ့အစည်းဖြစ်ပါက လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ် လုပ်ကိုင်လိုသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ်အသင်းအဖွဲ့ ဖြစ်ရမယ်လို့ ဆိုထားပါတယ်။

အဲဒီဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇) ရရှိထားတဲ့သူဟာ ဘယ်လို အခွင့်အရေးတွေ ရမယ်ဆိုတာ အဲဒီဥပဒေနဲ့ ပုဒ်မ-၉ မှာ ဖော်ပြထားပါတယ်။

(က) လယ်ယာမြေကို လဲလှယ်ရှင်းထား ပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသော အကျိုးအမြတ်ကို ခံစားပိုင်ခွင့်။

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်။

(ဂ) လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ် ခံယူနိုင်ခွင့်။

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်။

(င) လယ်ယာမြေတွင် စိုက်ပျိုးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးလက်သမဝါယမ အသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်။

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့် စတဲ့ အခွင့်အရေးတွေကို ရရှိမှာ ဖြစ်ပါတယ်။

ဒီတော့ ဒီလယ်ယာမြေ ဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) နဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားရင် ၂၀၁၂-ခုနှစ် လယ်ယာမြေ နည်းဥပဒေနဲ့အညီ မိမိရရှိထားတဲ့ လယ်ယာမြေကို ရောင်းစားနိုင်တယ်၊ ပေါင်နှိုင်တယ်၊ လွှဲပြောင်းနိုင်တယ်၊ နောက်ဆုံး အမွေပေးနိုင်ထဲ့ အခွင့်အရေးတွေပါ ရရှိလာတာကြောင့် ဒီပုံစံ (၇) ဟာ တောင်သူလယ်သမားတွေကြားမှာ အတော်ရေပန်းစားလာပါတယ်။ အရေးလည်း ကြီးလာပါတယ်။

အဲဒီပုံစံ (၇) ကို လယ်ယာမြေ ဥပဒေ နည်းဥပဒေနဲ့အညီ လျှောက်ထားပြီး ရယူရပါတယ်။ ယင်းကိစ္စကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်၊ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တွေက လယ်ယာမြေဥပဒေ၊ နည်းဥပဒေနဲ့အညီ ဆောင်ရွက်ပေးနေကြပြီ ဖြစ်ပါတယ်၊ ကောင်းပေစွ။

သို့သော် သို့သော် တချို့ဒေသတွေမှာ မမှန်မကန်သော နည်းတွေနဲ့ ပုံစံ (၇) လယ်ယာလုပ်ပိုင်ခွင့် လက်မှတ်ကို ရယူနေကြတာ မြင်တွေ့နေရပါတယ်။

ဥပမာ ၁၉၆၃-ခုနှစ် သီးစားချထားရေး ဥပဒေအရ ဒီလယ်ပွဲတစ်ခုမှာ အမည်ပေါက်နေတာက ဦးမြ ဆိုကြပါစို့၊ လယ်က ဆယ့်ငါးဧကလောက် ရှိတယ်။

ခြံစေ့၊ လယ်စေ့၊ မြေစေ့းတွေက စီမံကိန်းဧရိယာဒေသ ဆိုတော့ မမျှော်လင့်ဘဲနဲ့ မြင့်တက်လာကုန်ကြရော၊ မြင့်တာမှ အဆမတန်မြင့်လာတာ။

တိုးယခင် မနှစ်တစ်နှစ်က တစ်ဧကော ဆယ်သိန်းလောက်တန်တဲ့ မြေဟာ စီမံကိန်းဆိုတဲ့ အသံလည်းကြားရော သိန်းတစ်ရာ၊ နှစ်ရာလောက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်ဖြစ်လာတာ၊ စေ့ငေးကောင်းတော့ လယ်ယာမြေမှာ ရင်းနှီးမြှုပ်နှံချင့်တဲ့သူတွေကလည်း အပေါ်သားကလား။

အဲဒီတော့ မတန်တဆစေ့ငေးတွေ ပေးပြီးတော့ ငွေကို ထားစရာမရှိတဲ့သူတွေက ဝယ်တာပေါ့။

ဝယ်တာတော့ ဟုတ်ပြီ။

ပိုင်အောင် စာချုပ်စာတမ်း ခွေင်းဖိုးတွေ၊ အခွန်အခတွေ သက်သာအောင် ဘယ်လိုလုပ်မလဲ။ ဝယ်တဲ့သူ အမည်လည်း ပုံစံ (၇) မှာ တစ်ခါတည်း ထွက်ပြီးသားဖြစ်ရမယ်လေ။

လွယ်လွယ်လေးပါ။ သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက် မြေယာ စီမံခန့်ခွဲမှု အဖွဲ့ကို ချဉ်းကပ်တယ်။ သူတို့ဖွဲ့က ဝယ်တဲ့သူနာမည်နဲ့ လယ်ယာမြေ တကယ် လုပ်ကိုင်နေတဲ့သူပါလို့ မြို့နယ်ကို ပုံစံ (၁)နဲ့ လျှောက်ထားတဲ့ အခါမှာ တစ်ခါတည်း ထောက်ခံပေးလိုက်တယ်။

မြို့နယ်ကလည်း ဆက်လက် ထောက်ခံပြီး၊ ခရိုင်ကလည်း ဝယ်တဲ့သူ နာမည်နဲ့ တစ်ခါတည်း ပုံစံ (၇) ချပေးလိုက်တယ်။ မပိုင်ဘူးလား။

ကျေးရွာ၊ ရပ်ကွက်နဲ့ မြို့နယ် လယ်ယာစီမံခန့်ခွဲရေးအဖွဲ့ လူကြီးတွေထဲကို မြေယာတန်ဖိုးကြီးရင် ကြီးသလို ကိန်းဂဏန်း တော်တော်များများ သူတို့တွေရဲ့အိတ်ထဲကို အလိုလိုစီးဝင်သွားတယ်။ တချို့ရပ်ကွက်၊ ကျေးရွာနဲ့ မြို့နယ် မြေယာစီမံခန့်ခွဲရေး အဖွဲ့ဝင်တွေဟာ နေ့ချင်းညချင်း ရွှေတွဲလဲ ငွေတွဲလဲ ဆိုင်ကယ်နဲ့ ကားနဲ့ လက်ကိုင်ဖုန်းတွေနဲ့ ဖြစ်လာတယ်။ မြင်မကောင်းဘူး။

အဲဒီလို လုပ်စားနေတဲ့သူတွေ မြန်မာပြည် တစ်နံတစ်လျားမှာ အများသား။ ဥပဒေဆိုတာ လူက လုပ်တာပဲလေ။ လူတွေကပဲ ဖျက်ဆီးကြတာပဲလေ။ အင်မတန် မှန်ပါတယ်ဆိုတဲ့ ပုဂံညပ်ကြီးတောင် ပျက်စီးခဲ့ရသေးတာပဲ မဟုတ်လား။

ဒါက ဥပမာ တစ်ခု။

နောက် ပုံစံအမျိုးမျိုးနဲ့ ပုံစံ (၇) ကို လှည့်ပတ် ရယူနေတာတွေလည်း ရှိသေးတယ်။

❖

၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာ လုပ်ကိုင်သူတောင်သူလယ်သမား တစ်ယောက်အနေနဲ့ လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ (၇) ရဖို့ဟာ အရေးကြီးကြောင်း ယခင်စာမှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီအရေးကြီးတဲ့ လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ (၇) ကို နည်းအမျိုးမျိုးနဲ့ တွဲညှဲခဲမြေယာဥပဒေကို ကျော်လွှားပြီး ဘယ်လိုမမှန်မကန်တဲ့ နည်းတွေနဲ့ ထုတ်ယူနေကြတယ်ဆိုတာ အလျဉ်းသင့်သလို ဖော်ပြသွားဖို့ စီစဉ်ထားပါတယ်။

တကယ့်လယ်ယာမြေ လုပ်ပိုင်ခွင့်မရှိသူလက်ထဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို မတရားသောနည်းနဲ့ ရောက်ရှိသွားရင် အမှန်တကယ် လယ်ယာမြေကို မိရိုးဖလာ စားမီဉီးခ ကုန်းရုန်းလုပ်ကိုင်နေရရှာတဲ့ လယ်သမားတွေလည်း အကျိုးမရှိပါဘူး။

ဆင်းရဲတွင်းက မတက်နိုင်ရှာဘဲ မရှိမဲ့ရှိမဲ့ လယ်ယာမြေတွေလည်း လက်လွတ်ဆုံးရှုံးသွားနိုင်တဲ့အပြင် တိုင်းပြည်ရဲ့ လယ်ယာ ကုန်ထုတ်လုပ်မှုတွေလည်း ကျဆင်းသွားနိုင်တာ မြင်သာနေပါတယ်။

ဒီလိုမတရားလုပ်မှုတွေ ၂၀၁၂-ခုနှစ် လယ်ယာမြေဥပဒေ ပေါ်ထွက်လာပြီးနောက် မြောက်မြားစွာ ပေါ်ထွက်လာနေပါတယ်။ စာရေးသူကိုယ်တွေ့ အမှုအခင်းတွေရှိသလဲ့သို့ သတင်းမီဒီယာတွေ၊ ဂျာနယ်တွေမှာ ဖော်ပြနေတာတွေလည်း သတိပြုမိပါတယ်။

ယခုကိစ္စက (၂၈. ၃. ၂၀၁၅) နေ့ထုတ် "သူရိယနေ့ခင်း" ဂျာနယ်မှာ ပါတဲ့ "ပြည်သူ့အသံ" အခန်းကဏ္ဍက မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ရေစကြို မြို့နယ်၊ မင်းရွာမှာ ဖြစ်ပွားတဲ့ကိစ္စပါ။

အဲဒီမြို့နယ်က ကွင်းအမှတ် (၂၀၇)၊ ဦးပိုင်အမှတ် (၃၄၄၊ ၄၄၅၊ ၅၆၈၊ ၆၂၀၊ ၇၂၀၊ ၇၅၇၊ ၇၁၈၊ ၇၄၇၊ ၇၁၈) တို့ဟာ မင်းရွာနေ ဦးညိုမြေ၊ ဒေါ်ခွေးမတို့ရဲ့ အမည်ပေါက်ခဲ့ပါတယ်။

ၚင်းမြေကွက်များကို ဦးညိုမြေ ဓသဆုံးသွားသောအခါ ဒေါ်ခွေးမနဲ့ အတူနေတဲ့ သမီးဖြစ်သူ ဒေါ်ဆွေက ဦးစီးပြီး လုပ်ကိုင်ပါတယ်။ မနိုင်ဝန်ကြဲသောအခါ ညီအစ်ကိုမောင်နှမစုစုပေါင်း လေးဦးထဲက အလုပ်ချောင်သူ အစ်ကိုများဖြစ်သော ဦးတင့်အေး၊ ဦးလှမြင့်တို့မှ ကူညီလုပ်ကိုင်ပေးခဲ့ပါတယ်။

ယခုအခါ ဒေါ်ခွေးမဆိုသူဟာ အသက် (၈၇) နှစ်ရှိပြီး၊ ကျန်းမာရေးမကောင်းသည့်အဖြင် နားဝေတိမ့်တောင်ဖြစ်ကာ ဘာမှစီမံခန့်ခွဲနိုင်ခြင်း မရှိတော့ပါဘူး။

ၚင်းအခြေအနေကို အခွင့်ကောင်းယူကာ အစ်ကိုအကြီးဆုံး ဦးတင်အေးက မွေးချင်း ညီအစ်ကို မောင်နှမများ သဘောမတူဘဲ အမေဖြစ်သူ ဒေါ်ခွေးမကို ခြိမ်းခြောက်ခြင်း၊ ချောင့်မှောခြင်း အမျိုးမျိုးဖြင့် သွေးအိမ်ကို ခေါ်သွားပြီး ဦးညိုမြေ၊ ဒေါ်ခွေးမအပိုင် အိမ်ဝိုင်းတော်မြေအားလုံးကို သူတစ်ဦးတည်း ရယူရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ပါတယ်။

ဦးညိုမြနဲ့ ဒေါ်ခွေးမမှာ သားသမီး လေးဦးရှိပါတယ်။ အားလုံးဟာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ဖြစ်ပြီး သမီးအငယ်ဆုံး ဒေါ်ဆွေသာ မိဘများနှင့် ရင်ကပ်အတူနေသူ ဖြစ်ပါတယ်။

ယခုအခါ၊ မြေယာများ မှတ်ပုံတင်သောအခါ ပုံစံ(၇)ထုတ်ရန်အတွက် ဦးတင်အေးက အားလုံးကို သူတစ်ဦးတည်း နာမည်ဖြင့် ထုတ်ရန် လျှောက်ထားခဲ့ပါတယ်။

အတူနေ လုပ်ကိုင်စားသောက်သူ သမီးအငယ်ဆုံးဖြစ်တဲ့ ဒေါ်ဆွေကလည်း ဦးတင်အေးကို ပုံစံ (၇) ထုတ်မပေးပါရန်နဲ့ အမေဖြစ်သူ ဦးညိုမြသေဆုံး၍ အမေဖြစ်သူ ဒေါ်ခွေးမ

www.burmeseclassic.com

www.burmeseclassic.com

အမည်နှင့်သာထုတ်ပေးပါရန် သို့မဟုတ် အတန်ခန့် ရင်းကွဲသမီးဖြစ်သူ ဒေါ်ဆွေအမည်နဲ့သာ ပေးဖို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီပုံစံ (၇) ထုတ်ပေးဖို့ဂိုစွန့်ပတ်သက်ပြီး သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီတို့က တရားဝင် လျှောက်ထားတဲ့သူတွေကို ရုံးကိုခေါ်ယူ စစ်ဆေးခြင်း မပြုခဲ့ပါဘူး။

အကွက်နီးနားချင်း သူတို့ မေးချင်တဲ့သူတွေကိုတစ်အိမ်ချင်း စစ်ဆေးချက်ယူပြီး ဦးညီမြ အမည်ပေါက်ကနေ ဒေါ်ခွေးမ အမည်ပေါက် ပြောင်းပြီး ထုတ်ပေးဖို့ သုံးသပ်ခဲ့ကြပါတယ်။

တက်ယ့်ပုံစံ (၇)ထွက်လာတော့ ဘယ်သူနာမည်နဲ့ လယ်ယာလုပ်ပိုင်ခွင့် ပေးခဲ့သလဲ၊ အများ စိတ်ဝင်စားစရာ မကောင်းဘူးလား။

မြေကွက် (၁၁) ကွက်ကို ဦးတင်အေး နာမည်နဲ့ ပုံစံ (၇) ထုတ်ပေးပါတယ်။ ကျန်နှစ်ကွက်ကို ဘယ်သူနာမည်နဲ့ ထုတ်ပေးမှန်း မသိပါဘူးတဲ့၊ ကောင်းရော။

သတင်းထဲမှာ ဖတ်ရတာ အဲဒီပုံစံ (၇) ထုတ်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျေနပ်မှုမရှိကြလို့ မိသားစုဝင် ဦးလှမြင့်၊ ဒေါ်ဆွေ (ခ) ဒေါ်ခင်မာဆွေတို့က ကျာနယ်ထဲမှာ ဘာဝန်ခံအယ်ဒီတာသူရိယနေဝန်းကျာနယ်၊ ဥက္ကဋ္ဌ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ၊ နေပြည်တော် ဥက္ကဋ္ဌ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၊ မကွေးပိုင်းဒေသကြီး ဥက္ကဋ္ဌ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့ စတဲ့ ဌာနဆိုင်ရာအသီးသီးကို ပေးပို့တင်ပြခဲ့ပါတယ်။ ဘယ်လိုဆောင်ရွက်ကြမယ်တော့ မသိဘူး။

ဆိုလိုတာကတော့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေထွက်လာပြီးနောက်မှ တောင်သူလယ်သမားတွေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ဟာ အထောက်လား အရေးပါအရာရောက်နေပါတယ်။

အဲဒီပုံစံ (၇) ကိုပဲ ဥပဒေကို နည်းအမျိုးမျိုးနဲ့ ကျော်လွှားပြီး ထုတ်ယူနေကြတာ မမှန်မကန် လုပ်ဆောင်မှုတွေဟာ တောင်သူလယ်သမားအစစ်အမှန်တွေအတွက် ရင်နာစရာ၊ ဘဝပျက်စရာ ဖြစ်ပါတယ်။

တာဝန်ရှိသူတွေက ဘယ်လို ဖြေရှင်းဆောင်ရွက်ပေးကြမယ်တော့ မသိပါဘူး။ နစ်နာစရာရှိတဲ့ လယ်သမားတွေကတော့ နစ်နာရှာနေပါပြီ။ ဒါက ပုံစံ (၇) နဲ့ ပတ်သက်တဲ့ ဖြစ်ရပ်လေး တစ်မျိုးပေါ့။

အဲဒီပုံစံ (၇) နဲ့ ပတ်သက်ပြီး မျက်စိဖွင့် နားစွင့်ပြီး လယ်သမားများအတွက် ရင်လေးစွာ လေ့လာကြည့်ရှုနေရင်း (၂၀၊ ၄၊ ၂၀၁၅) ရက် တနလာနေ့မှာထုတ်တဲ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၂) မှာ ပုံစံ (၇) နဲ့ ပတ်သက်တဲ့ ဖြစ်ရပ်လေးတစ်ခု တွေ့လိုက်ရပြန်ပါတယ်။

သတင်းခေါင်းစဉ်က "လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) အတုပြုလုပ်ပေးပြီး ငွေလိမ်သူ ဆယ်အိမ်မှူးနှင့် မြေစာရင်းဝန်ထမ်းတစ်ဦးအား တိုင်တန်းမှုဖြစ်ပွား"တဲ့။

သတင်းက မကွေးတိုင်းဒေသကြီး၊ သုံးပေါက်တောတောင် ကျေးရွာနေသူ ဦးအောင်ရှိန် (၅၉) နှစ်သည် ၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် တစ်ရွာတည်းနေ ဦးအောင်နိုင်ဝင်း (၃၆) နှင့်၊ ကျေးရွာဆယ်အိမ်မှူးထံသို့ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ (၇) အစစ်အမှန် လိုချင်သဖြင့် ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ဦးအောင်ရှိန်သည် ဦးအောင်နိုင်ဝင်းနှင့် မကွေးမြို့နယ် မြေစာရင်းဦးစီးဌာနမှူးမှ မြေတိုင်းစာရေးမြေတိုင်း (၄) ကိုကြည်နိုင်ထွန်းတို့နှစ်ဦးထံသို့ Relex စားသောက်ဆိုင်၌ ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ စုစုပေါင်း ငွေကျပ်ငါးသိန်း ပေးအပ်ခဲ့ပြီး နောက် ၂၀၁၅-ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကိုကြည်နိုင်ထွန်းက ပုံစံ (၇) လက်မှတ်ထုတ်ပေးခဲ့ရာ အဆိုပါပုံစံ (၇) လက်မှတ်တွင် တံဆိပ်အပိုင်း မပါရှိခဲ့သောကြောင့် မကွေးမြို့နယ် ကြေး/မြေစာရင်းရုံး ဦးစီးအရာရှိ ဦးပေါ်ဦးထံသွားရောက်ပြသခဲ့ရာတွင် ပုံစံ (၇) မှာ အတုဖြစ်နေကြောင်း စစ်ဆေးသိရှိခဲ့ကြောင်း။

ထို့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)အား အတုပြုလုပ်၍ ငွေကျပ်ငါးသိန်း အရယူသွားသူ ဦးအောင်နိုင်ဝင်းနှင့် ကိုကြည်နိုင်ထွန်းတို့ နှစ်ဦးအား အရေးယူပေးပါရန် ဧပြီလ ၁၁ ရက်နေ့ ညနေ ၅ နာရီတွင် ဦးအောင်ရှိန်က တရားလိုပြု တိုင်တန်းခဲ့သောကြောင့် မကွေးမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းမှာ ဖော်ပြထားပါတယ်။

ကဲ . . . ကောင်းကြသေးရဲ့လား၊ ပုံစံ (၇) အတုတဲ့၊ ဖြစ်မှဖြစ်ရလေ၊ ရင်လေးစရာဖြစ်ရပ်ပေါ့။ အလျဉ်းသင့်သလို ပုံစံ (၇) ဇာတ်လမ်းလေးတွေ ဆက်လက်ပေါ်ထွက်လာပါမယ်။

ကိုမောင်စံသိန်း(ပိုလ်ချုပ်ရွာ)

www.burmeseclassic.com

www.burmeseclassic.com

ခ : ချို ဆွေ မြင့်

တောရွာကလေးသားတို့ ၊ ၊ အမြင်များလေး သိန်းကော်(ရွှေလီဦး)

အချိန်ကာလ နှစ်ပေါင်း ၅၀ ကျော်လောက်က ဖြစ်သည်။ မြစ်ဝကျွန်းပေါ် အနောက်ဘက်၊ အနောက်ရိုးမတောင်တန်းတစ်လျှောက်တွင် ဗကပများ ကြီးစိုးနေချိန်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်မှ ထိုးစစ်များဆင်၍ နယ်မြေဝိုးဝိုးရေးအတွက် အစွမ်းကုန် ဆောင်ရွက်နေရပါသည်။

တိုက်ပွဲများကလည်း ဟိုတစ်ကွေ့၊ ဟိုတောင်ကြား၊ ဒီမြောင်ကြားတွင် မကြာခဏ တိုက်ပွဲဖြစ်သည့် သတင်းတွေက ကြားနေရမြဲ။

ထိုကာလတွင် အနောက်ရိုးမတောင်ခြေကပ်လျက်ရှိသော ညောင်ချောင်းရွာကလေးသို့ ဗကပများ ဝင်ရောက် ခိုအောင်းနေကြသည်။

ရွာသူ၊ ရွာသားများကလည်း နီးရာဝေးကြောက်ရသဖြင့် မချစ်သော်လည်း အောင့်ကာနမ်းနေကြရသည်။

ညောင်ချောင်းရွာကလေးမှာ အနောက်ရိုးမတောင်ကြီး၏ တောရိုင်းတောင်ရိုင် လွှမ်းနေသလို သစ်ရိပ်ဝါးရိပ်များ ဖုံးလွှမ်းလျက်ရှိပါသည်။ ကမ်ရွာလုံး အိမ်ခြေ ၂၅ လုံးလောက်သာ ရှိပြီး

www.burmeseclassic.com

တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးသလို ဖောင်စောင်း၊ တောင်တန်းများတွင် ကြိုကြိုသပို့ ဆောက်ထားကြသည်။ အများအားဖြင့် အင်ဖက်မိုး၊ ဆန်ကာအိမ်ကလေးများဖြစ်သည်။

တောတက် ထင်းခုတ်၊ ဝါးခုတ်၊ မျှစ်ချီး၊ မိုရှာ အလုပ်တွေဖြင့်သာ စားဝတ်နေရေး ဖြေရှင်းနေကြရသည်။ ကလေးများလည်း သေစာ ရှင်စာကို ရွာနှင့် သုံးမိုင်လောက်ဝေးသည့် အင်းတိုင်ရွာ ဘုန်းကြီးတော်ကြီးသို့ ပို့ထားနိုင်မှ စာတတ်မြောက်ကြရသည်။ ထို့ကြောင့် အများအားဖြင့် စာမတတ်ကြပေ။

သို့ဖြင့် ညောင်ချောင်းရွာလေးမှာ အနောက်ဘိုးမတောင်ခြေတစ်နေရာတွင် ရှေးခေတ်ပေါင်းများစွာကပင် ရှိခဲ့သည်။

တစ်နေ့ . . .

"ဒေါင် ဒေါင် . . . ဒက် ဒက်"

ရွာလယ်မှ ကလတက်ခေါက်သံများကြောင့် ရွာသားတွေ အသံကြားသည်နှင့်ပင် အပြေးအလွှား ရောက်လာကြသည်။

ရွာလယ်က ညောင်ပင်ကြီးအောက်တွင် သေနတ်တကားကားနှင့် လူတစ်စုကို လှမ်းတွေ့နေရသည်။ သူတို့အနားတွင် ရွာလူကြီးဦးတိုးမြစ်ကို အကျီကျောပြောင်ကြီးနှင့် တွေ့နေရပါသည်။ ရွာသားများလည်း ကညင်ပင်ကြီးအောက်တွင် စုံသလောက် ရောက်လာပြီ။

"ကဲ- ရွာသားတွေ နားထောင်၊ ကျွန်တော်တို့ ခင်ဗျားတို့ရွာကို ရောက်တာ ဘဝ ရက်ကျော်ပြီ၊ ခင်ဗျားတို့ ကြက်စလေး၊ ငှက်ကလေးလည်း ကျွန်တော်တို့ စားစားတာကုန်ပြီ၊ အဲဒီတော့ တောထဲဝင်ပြီး တောကောင်လိုက်မယ်၊ ကျန်တဲ့ ရွာသားတွေ ဘယ်မှ မနက်ဖြန် မထွက်ကြနဲ့၊ ဟောဒီက လူကြီးဦးတိုးမြစ် စီစဉ်တဲ့အတိုင်း ကျွန်တော်တို့ရဲ့ဘော်တွေအဖွဲ့ခွဲပြီး တင် ဘဉ်နေကြရမယ်။

ခင်ဗျားတို့ ရွာသားတွေထဲက တောကျွမ်းတဲ့လူ လေးငါးယောက် လောက် ကျွန်တော်တို့နဲ့ လိုက်ခဲ့ကြ၊ တောပစ်မှုဆိုးလုပ်ဖူးတဲ့လူတွေဆို ပိုကောင်းတာပေါ့။ ခင်ဗျားတို့လည်း ဟင်းစားရမယ်၊ ဒါပေမဲ့ ကျွဲကျွဲသတိထားဖို့က ကျွန်တော်တို့ မပြန်မချင်း ဇောထဲ တောင်ထဲကို ဘယ်သူမှ မထွက်နဲ့၊ ကြားကြတယ်နော်"

"ကြားပါတယ်"

"တောထဲတောင်ထဲမှာ ခင်ဗျားတို့ရွာသား ဒီနေ့ ဘယ်သူတက်သေးလဲ"

ဦးတိုးမြစ်တစ်ယောက် ဗကပအဖွဲ့မှ ဝိုလ်ဖြစ်သူစကားကြောင့် ရွာသူရွာသားတွေကိုကြည့်ရင်း နာမည်ခေါ်ပြီး စစ်နေသည်။

ပြီးမှ ဝိုလ်ဖြစ်သူကို ထရိုတသေ ဖြင့် . . .

"ဝိုလ်ကြီး၊ ရွာသားတွေအားလုံး ရွာမှာ ရှိပါတယ်"

"ဒါဆိုရင် အားလုံးဆီပြီးပြီလို့ သတ်မှတ်လိုက်မယ်၊ မနက်ဖြန် ကျွန်တော်တို့ တောလိုက်သွားမယ်၊ လူလွှေထွား၊ ကြားလား"

"ကြားပါတယ် ခင်ဗျာ"

♦

"တောက်"

"နေစွယ် ကျိုးတော့မယ်ကွာ၊ ဘာတောတောင်မှ ကြိုးကြိုးမားမား မတွေ့သေးဘူး၊ ဒီတောကြက်လေး တစ်ကောင်နဲ့ ဘာလုပ်မလဲ၊ ဒါတောင် လောက်လေးသမားကောင်းလို့၊ မင်းတို့ တောက ဒီလောက်နက်တာတောင် တောကောင်ရှားရတယ်လို့ကွာ"

ခေါင်းဆောင်လုပ်သူ မကျေမနပ်ပြောလိုက်လျှင် တောမုဆိုးလုပ်ဖူးသူ ကိုချစ်ထွေးမှ . . .

"ဟာ- ဝိုလ်ကြီးရာ၊ အရင်တုန်းက ဒီလောက် တောကောင်မရှားပါဘူးဗျာ၊ မဟုတ်မလွဲရော ဝိုလ်ကြီးတို့က တောပိုင် တောင်ပိုင်ဆီမှာ ရှိရှိသေသေ မံတောင်းလို့များလားဗျာ" ဟု မရဲတရဲ ပြောလိုက်ရာ ဝိုလ်လုပ်သူမှ ကိုချစ်ထွေးကို လက်ညှိုးထိုးလိုက်ရင်း . . .

"ခင်ဗျား အရှည်မရ အဖတ်မရ စကားတွေ ပြောမနေနဲ့၊ ခင်ဗျားတို့ အသုံးမကျလို့နေမှာ၊ ဘယ်နေရာ တောကောင်ရှိမယ်ဆိုတာ ဒီနယ် ဒီပယ်မှာ နေပြီး ဘာမှ လေ့လာမထားဘူး၊ ထွီ"

ကိုချစ်ထွေးတို့ ရွာသားတစ်စု ဘာမှ ထပ်မပြောရဲတော့။ ဗကပအဖွဲ့မှ သေနတ်ကိုင်ငါးဦး၏ ခိုင်းစေချက်အရ တောခြောက်ပေးရခြင်း၊ သားရဲတိရစ္ဆာန်ခြေရာ ကြည့်ရခြင်းဖြင့် ဖတ်ဖတ်မော်နေလေပြီ။

"ကဲ- တော်ပြီ၊ မိုးမချုပ်ခင် ရွာပြန်မယ်၊ အနီးဆုံးလမ်းကိုလွှဲကြ"

သို့ဖြင့် သူတို့တောလိုက်သူအဖွဲ့မှာ ရွာဆီသို့ လျှိုမြောင်တောင်ကြား၊ စမ်းချောင်းကိုဖြတ်သုတ် ခြေတင်ခဲ့ရာ အဝေးမှာ ရွာကလေးဆီ တလူလူပင် လှမ်းတွေ့နေရလေပြီ။

နေလုံးကလည်း ကွယ်ပြိုမို့ တောရိပ် တောင်ရိပ်က လွှမ်းလာသလို ခရာချင်း မှောင်လာသည်။

"ဟာ ရှေ့မှာ ဝက်ကြီး၊ ဝက်ကြီး၊ ပစ်ကွာ"

"ဒိုင်း ဒိုင်း . . . ဒိုင်း"

ရုတ်တရက် သူတို့ရှေ့တွင် တွေ့လိုက်ရသည့် အချိန် ၆၀ လောက် ဝက်ကြီးတစ်ကောင် ဖြတ်ပြေးတာ တွေ့လိုက်ရသလို ခေါင်းဆောင်လုပ်သူမှ အမိန့်ပေးသံနှင့်အတူ သေနတ်သံတွေ ဆူညံထွက်သွားသည်။ ဝက်ကြီးမှာ ကျီခနဲ့ တစ်ချက်သာ အော်နိုင်ပြီး တုံးခနဲ့ လဲသွားကာ သွေးသံရဲရဲဖြင့် အသက် ပျောက်သွားလေပြီ။

"ဟား ဟား ဟား၊ ဘယ်ရမလဲကွ၊ ဟေ့လူတွေ ခင်ဗျားတို့ရွာသားတွေ ဟောဒီဝက်ကြီးထမ်းဖို့ သွား မြန်မြန် ခေါ်ခေါ်၊ ထမ်းဖို့ ကြိုးတွေ ဝါးတွေပါ ယူလာကြ၊ မီးတုတ်တွေပါယူလာခိုင်း"

သို့ဖြင့် ရွာသားများလည်း ရောက်လာကာ အားရဝမ်းသာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဝက်ကြီးကို ကြိုးတုပ်ပြီး ဝါးလုံးများနှင့် လျှိုကာ ရွာဆီသို့ ထမ်းလာကြသည်။

ဝက်ကြီးရသည့် သတင်းကြောင့် အားလုံး ကညင်ပင်ကြီးအောက်တွင် ရောက်နေပြီး စောင့်နေကြသည်။

"ကဲ- ဦးဘိုးမြစ်၊ ခင်ဗျားတို့ရွာသားတွေ တစ်အိမ် တစ်ပိဿာနှုန်းတော့ ဝေလို့ရပြီဗျာ၊ ကဲ- ကောက်ရိုးတွေရှာကြ၊ ဝက်ကြီးကို မီးမြိုက်ကြရအောင်"

ဗကပဝိုလ် လုပ်သူ၏ စကားကြောင့် ကောက်ရိုးထုံးတွေ ပြေးယူသူယူ၊ ခားတွေ တောင်းတွေ ရှာသူရှာဖြင့် ဟင်းကိုင်ရန် တပြင်ပြင်ဖြစ်နေသည်။

"ဗိုလ်ကြီးတို့လာမှ တောဝက်သားစားရတော့တယ်ဗျာ၊ ထူးတယ်ဗျ၊ တောဝက်ထဲမှာတော့ ဒီဝက်လောက်ကြီးတာ မတွေ့ဖူးပေါင်ဗျာ"

ရွာလူကြီးဦးတိုးမြစ်မှ အားပါးတရ မြောနေသလို ဗကပဝိုလ်လုပ်သူလည်း အကျေနပ်ကြီး ကျေနပ်နေလေသည်။

သို့ဖြင့် ကောက်ရိုးမီးဖြင့် မြှိုက်ပြီးသွားသည့်နှင့် အရေးခြေစေ့ရန် ကိုချစ်ထွေးမှ ဓားပကြီးဖြင့် ဂက်ကြီးခေါင်းပိုင်းဘက်ကို တင်လိုက်ရင်း. . .

"ဟေ့ကောင်- တင်အောင်၊ ငါမြင်ရအောင် မီး သေချာပြစမ်း"

တင်အောင်မှ လက်နှိပ်ဓာတ်မီးဖြင့် ဝက်ခေါင်းကိုထွန်းပြလိုက်ရာ သွားအကျဲသားဖြင့် လူမျက်နှာကြီးတွေ့လိုက်ရသဖြင့် လန့်ဖျပ်သွားကာ . . .

"အောင်မယ်လေး- ဝက်မဟုတ်၊ လူကြီးဗျ၊ လူ လူ"

ကိုချစ်ထွေး တုန်တုန်ရီရီ ငယ်သံပါအောင် အော်ပြီး ပြောလိုက်သည့် စကားကြောင့် အနားရှိလူများ ကြောက်လန့်တကြားဖြင့် ကြည့်လိုက်ကြရာ မီးဖုတ်ခံထားရသည်မှာ လူကောင်ကြီးဖြစ်နေတော့၏။ ထို့ထက်ပို၍ ထူးဆန်းသည်ကား ထိုလူမှာ သူတို့ရွာသားဖိုးဆန်း ဖြစ်နေမှန်း သိလိုက်ရသည်။

တောလိုက်သူများက ပို၍အံ့သြကြရသည်မှာ သူတို့ပစ်သည့်အချိန်က ဝက်ကြီး၊ ထမ်းလာတော့လည်း ဝက်ကြီး၊ မီးမြိုက်တော့လည်း ဝက်ကြီးဖြစ်နေပါလျက် မီးငြိမ်းသွားပြီး ဟင်းကိုင်စေးခုတ်ခါနီးမှ လူတစ်ယောက်ဖြစ်သွားသည့် ဖြစ်ရပ်ဆန်းကို ယခုထက်တိုင် ပဟေဠိဖြစ်နေသလို အဖြေမရှာနိုင်ကြသေးဘဲ ဖြစ်ရပ်ဆန်းကို သူတို့ရွာ သူတို့နယ်တွင် နှစ်ပေါင်းများစွာ ကြာသည့်တိုင် မမေ့နိုင်ကြတော့။ ပြောမဆုံးနိုင်ကြတော့။

ဦးစိုးဝင်း(ငါးသိုင်းချောင်း) ကိုယ်တွေ့ပြောပြချက်ကို ရေးဖွဲ့ပါသည်။

သိန်းဇော်(ရွှေလီဦး)

❑

ဆရာဦးပိုင်ဇေအောင် (ဝိဇ္ဇာဘွဲ့)

လက္ခဏာဗေဒင်တောခန်း

တိုက် (၄၀)၊ အခန်း (B-1)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိဓာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဖုန်း-၂၀၉၃၇၃၊ ဖုန်း-၇၃၃၄၇၆၊ ဖုန်း-၂၅၀၇၇၆

- ပြည်ပ နိုင်ငံခြား ပညာသင် ရွေးချယ်ခံရဖို့။
- ပြည်ပ သွားရောက်လုပ်ကိုင်ခွင့် စာမေးပွဲကို အမှတ်များများရရှိအောင်မြင် ရွေးချယ်ခံရစေဖို့။
- နိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံးရောက်လာစေဖို့။
- မိမိသွားဖို့ လျှောက်ထားသော (သို့) ရည်မှန်းထားသော ပြည်ပနိုင်ငံကို အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ အမြန်ဆုံးသွားရစေဖို့။
- ပြည်ပ နိုင်ငံခြား ရောက်ရှိနေသူ အမြန်ဆုံးပြန်လာစေဖို့။

● နိုင်ငံခြား သင်္ဘောသားသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံးတက်ရဖို့ ● နိုင်ငံခြား သင်္ဘောသားဟောင်းများ လိုင်းကောင်း၊ သင်္ဘောကောင်းမှာ လစာကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့ ● နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေပြီး ဘေးရန်ကင်း ကျန်းမာစွာဖြင့် စာချုပ်သက်တမ်းပြည့်သည်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့ ● နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုး (ရေးဖြေ၊ လက်တွေ့) စာမေးပွဲများ အခက်အခဲမရှိ တစ်ကြိမ်တည်းနဲ့ ဖြေဆိုအောင်မြင်ဖို့။ | နည်းလမ်းကောင်းများရှိပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ကျွဲထိုးယာခုတ်ကောင်းမကျေးဦး

ကျွန်မတွင် ရင်းနှီးကျွမ်းဝင် ချစ်ခင်ရသော သူငယ်ချင်းများ ရှိပါသည်။ အပျိုကြီးလေးယောက်၊ ကျွန်မနှင့်အတူ မုဆိုးမ တစ်ယောက်နှင့် ယောကျ်ားနောက်အိမ်ထောင်ပြုသွား၍ တစ်ခုလပ် ဘဝနှင့်ကျန်ခဲ့သူတစ်ယောက် စုစုပေါင်း ခြောက်ယောက် ဖြစ်ပါသည်။ ညီအစ်မ မျှမကသော သံယောဇဉ်နှင့် ကျောင်းနေစဉ်အရွယ်မှ ယခု အသက်ငါးဆယ် ကျော်သည့်တိုင် တယူးတွဲတွဲ မခွဲခဲ့ကြပါ။

တစ်ယောက် အကြောင်းကိစ္စရှိလျှင် တစ်ယောက် ရိုင်းပင်းကူညီဆွေးနွေးရန် ကျွန်မတို့မြို့၏ တစ်ခုတည်းသော လက်ဖက်ရည်ဆိုင်လေးတွင် ဆုံစည်းတတ်ကြပါသည်။ ဤဆိုင်လေးမှာပင် မုန့်ကြာဇာမျိုးများ၊ အားလေးမှုန့်များ၊ ဆုံးဖြတ်ချက်များနှင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြပါသည်။

ကျွန်မတို့ သူငယ်ချင်းတစ်စု၏ အတွဲညီမှု၊ အသက်ကြီးသည်အထိ ခင်မင်မှုက်ရှိမှုများအပေါ် ဤမြို့ငယ်လေးမှ လူအတော်များများ ချီးကျူး၍ အံ့သြကြပါသည်။

ကျွန်မတို့အထဲတွင် ရှေးဦးစွာ မုဆိုးမဖြစ်သွားရှာသူ စိန်စိန်သည် မည်သည့်ကိစ္စမဆို ဦးဆောင်လုပ်တတ်၍ ဦးဆောင်ဖြေရှင်းပေးတတ်သူ ဖြစ်ပါသည်။ မိန်းမသားတို့၏ နှုးညံ့သော စိတ်ဓာတ်နှင့် ယောကျ်ားကောင်းတို့၏ အတွက်အစား မထားတတ်သော စိတ်ဓာတ်များ ပေါင်းစည်းကာ သူငယ်ချင်းအားလုံးအတွက်၊ မိသားစုအတွက် ပေးဆပ်တတ်သူ ဖြစ်ပါသည်။

မြို့မစွေးထဲတွင် ကုန်ဝယ်ရောင်းရောင်းနှင့် ကာ ဒီးပွားရှာသူ စိန်စိန်တို့ ဇနီးမောင်နှံတွင် စိန်စိန့်ခင်ပွန်းသည် နံနက် ၂ နာရီ အချိန်မှထကာ ဘူတာရုံသို့သွား၍ ကုန်စိမ်းများယူပြီး စွေးထဲရှိ စိန်စိန်မှ လက်လီလက်ကား ရောင်းချရပါသည်။ စိတ်စေတနာကောင်းသူများဖြစ်၍ အရောင်းအဝယ်အားလည်း ကောင်းလှပါသည်။ ထို့ကြောင့် စီးပွားရေးတောင့်တင်းခိုင်မာလာစဉ်မှာပင် စိန်စိန့်အမျိုးသားသည် ရုတ်တရက် သွေးပေါင်ချိန်မြင့်တက်ကာ ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်ခဲ့ပါသည်။

စိန်စိန်သည် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်စီးဆင်းရင်း သည်းထန်စွာ ငိုကြွေးနေသည်ကို ဖြေသိမ့်စကား မပြောတတ်ကြဘဲ စိန်စိန်နှင့်အတူ ကျွန်မတို့ သူငယ်ချင်းတစ်စု ရောယောင် ငိုကြွေးကြပါသည်။ စိန်စိန်၏ သားနှင့် သမီးသည်လည်း မိခင်မျက်နှာအား တမော့မော့ကြည့်ကာ ငိုကြွေးကြပါသည်။ ငိုသံများ ဆူညံနေစဉ် စိန်စိန်သည် မျက်ရည်များသုတ်လျက် ခေါင်တိတ်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com

"ငါ. . . မငိုတော့ဘူး၊ နင်တို့လည်း မငိုတော့နဲ့၊ တိတ်တော့"

ဟု ဆိုလျက် မျက်ရည်တိတ်ခဲ့သည်မှာ ယခုအထိပင်ဖြစ်ပါသည်။

ရက်လည်ပြီး၍ သူငယ်ချင်းအားလုံးစုကာ စိန်စိန်၏ ဘဝရှေ့ရေးအား ဆွေးနွေးတိုင်ပင်ကြပါသည်။ ကုန်စိမ်းဝိုင် ဆက်လက်ဖွင့်ရန်၊ ကုန်စိမ်းသယ်ယူရန် မနက် ၂ နာရီအချိန် သွားရမည့် ကိစ္စအား စဉ်းစားကြပါသည်။ ကြမ်းပြင်တစ်နေရာသို့ စူးစိုက်စွာကြည့်ရင်း စဉ်းစားနေဟန်တူသော စိန်စိန်သည် ကျွန်မတို့ အားလုံးဘက်သို့လှည့်ကာ . . .

- "မနက် ဘူတာကို ကုန်စိမ်း ငါ သွားယူမယ်"

"နင်သွားယူလို့ ဘယ်ဖြစ်မလဲ စိန်ဂိန်ရဲ့၊ နင်က မိန်းကလေး၊ မနက် ၃ နာရီကြီး ဘယ်အဖော်နဲ့ သွားမလဲ"

"ရှပါတယ်၊ သားနဲ့ သမီး ခေါ်သွားမယ်၊ ၄ နာရီမှသွားမယ်၊ ဖောက်သည်တွေကို စောင့်ပေးဖို့ တောင်းပန်မယ်၊ ကလေးတွေနဲ့ အတူတူရှိနေရင် ငါ ဘာမှမကြောက်ဘူး"

ဆိုသော စိန်စိန့်သည် ဆိုက်ကားထက်တွင် ကြေးနှပ်ယောက်နှင့် ကုန်စိမ်းခြင်းတောင်း တင်ကာ မနက် ၄ နာရီတွင်ထ၍ လုပ်ငန်းစဉ်ပါ၏။ ခင်ပွန်းသည်ရှိစဉ်က ဝယ်ခဲ့သော ရှပ်အင်္ကျီဖားဖားများကို ဂတ်ဆင်၍ ဦးထုပ်ငိုက်ငိုက်ဆောင်းထားသော စိန်စိန်၏ ပုံသဏ္ဌာန်သည် မနက် ဝေလီဝေလင်းအချိန်တွင် ယောကျ်းတစ်ဦးကဲ့သို့ မြင်ရ၏။ အနီးကပ်ကြည့်လျှင်လည်း သနပ်ခါးမရှိသော မျက်နှာပြောင်နှင့် ဆံပင်တို့ညှပ်ထား၍ ကွမ်းချိုးများနှင့် မည်းညစ်နေသော သွားများကြောင့် ရင့်ထော်ကြမ်းရှနေသော စိန်စိန်၏ ရုပ်ရည်သည် လှတာမြင်လျှင် ပြစ်မှားချင်တတ်ကြသော အချို့ယောကျ်းသားများ၏ အန္တရာယ်မှ အနည်းငယ် လွတ်ကင်းခဲ့၏။

စိန်စိန့်အမျိုးသား ကွယ်လွန်ပြီး ရှစ်လမျှ အကြာတွင် လေဖြတ်ထားသော ဝေနာကို သုံးနှစ်ကျော်မျှ ခံစားပြီး ကွန်မ၏ ခင်ပွန်းသည်လည်း ကွယ်လွန်ခဲ့ပါသည်။ စိန်စိန်သည် သူသားနှင့် သမီးအား ခေါ်ကာ ကျွန်မနားတွင် စောင့်ရှောက်ပေးခဲ့ပါသည်။

"သူက ရှေ့ကသွားရင် တို့က နောက်ကသွားရမယ်၊ ငိုတဲ့သူမှာ ပင်ပန်းသလို ငိုသံကြားတဲ့သူလည်း သွားလမ်းမပြောင့်ဖြစ်တတ်တယ်၊ကလေးအတွက်ပဲ စဉ်းစား" ဟုပြောကာ ကျွန်မအား ရင်တွင် ပွေ့ဖက်ဖြေသိမ့်ပေးခဲ့ပါသည်။

ဖခင်မဲ့သွားသော ကျွန်မ၏သားသည်လည်းကောင်း၊ စိန်စိန်၏ သားနှင့် သမီးသည်လည်းကောင်း၊ တစ်ခုလပ် သူငယ်ချင်းမှမွေးထားသော ကလေး ၄ ဦးသည်လည်းကောင်း၊ အပျိုကြီး သူငယ်ချင်းများနှင့် နွေးထွေးလုံခြုံသော မိခင်ကောင်းများ၏ ရင်ခွင်တွင် လိမ္မာသော၊ စာတော်သော၊ ထူးချွန်ထက်မြက်သော ကလေးများအဖြစ် ရှင်သန်ကြီးပြင်းလာခဲ့ကြပါသည်။

လိမ္မာ၍ ထူးချွန်ထက်မြက်သော သတင်းများကြောင့်ပင် စိန်စိန်၏သားကြီးသည် နည်းပညာတက္ကသိုလ်မှ B.E ဘွဲ့ရပြီးလျှင် သမီးရှင်များ မျက်စိကျ၍ အိမ်ထောင်ဖက်အဖြစ် သတ်မှတ်ခံရသူဖြစ်ခဲ့ပါသည်။ မိန်းကလေးဘက်မှ အကုန်အကျခံကာ ထိမ်းမြားလက်ထပ်ပွဲပြုလုပ်ရန် ကိစ္စနှင့်ပတ်သက်ပြီး ကျွန်မအား တိုင်ပင်ရန် လူကြုံအမှာရှိလာ၍ စိန်စိန်ရှိရာ ဈေးထဲသို့ ကျွန်မ ရောက်ရှိသွားချိန်တွင် စိန်စိန်သည် အမျိုးသမီးတစ်ဦးနှင့် ဂေါ်ဖီနှင့် ပန်းဂေါ်ဖီထုပ်များ အရောင်းအဝယ်ပြုနေသည်ကို ကျွန်မ နားထောင်နေမိသည်။

လက်ကောက် အကွင်းနှစ်ဆယ် ခန့် ဝတ်ထားသော ထိုအမျိုးသမီးသည် ငွေငါးဆယ်၊ တစ်ရာအားဆစ်ကာ နံနံပင်နှင့်ကြက်သွန်မြိတ်များကို အလကားတောင်းယူသွား၏။ ထိုအမျိုးသမီး ထွက်သွားမှပင် စိန်စိန်သည် ကျွန်မဘက်သို့ လှည့်ကာ စကားပြော၏။

"အလုပ်အပြန် လက်စသတ်ချင် ပါတယ်ဆိုမှ ကြွေမိနီကုန်း တညင်းသီးနဲ့ လာတိုးနေတယ်"

စိန်စိန့်စကားကို နားမရှင်း၍ -

"ဘာပြောတာလဲ . . . ကြွေမိနီကုန်း တညင်းသီးဆိုတာ ဘာလဲ"

ဟု ထပ်မေးလျှင် . . .

"အဲဒီအမျိုးသမီးကို တို့စျေးသည်တွေက နာမည်ပေးထားတာလေ၊ ကြွေမိနီကုန်း တညင်းသီးက သိပ်စေးတာ"

ကျွန်မ သဘောကျစွာ ရယ်မောမိပါသည်။ စျေးသည်များအပေါ် စီးစီးပိုးပိုး ဆက်ဆံသူများကို ကြွေမိနီကုန်း တညင်းသီးလို စေးသည်ဟု အဓိပ္ပာယ်ဖူးရမှုကိုလည်း အံ့သြခဲ့ရပါသည်။ ကျွန်မနှင့် စိန်စိန် ရယ်မောရင်း လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ပါသည်။

- စျေး၏ မျက်နှာစာဘက်တွင် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်သည် ကျယ်ပြန့်စည်ကားလှပါသည်။ ဆိုင်၏ ဆေးခန်းတွင်လည်း ဂိမ်းဆိုင်လေးတစ်ခု ဖွင့်ထားသည်ကို တွေ့ရပါသည်။

ဆိုင်ရှင် ကိုမောင်မောင်သည် သောက်နေကျ စိန်စိန့်အတွက် မေးစရာမလိုသော်လည်း ကျွန်မအတွက် . . .

"ဘာသောက်မလဲ"

ဟုမေး၍ ကျွန်မမှ . . .

"ချိုဆိမ့်"

ဟု မှာနေစဉ်မှာပင် ဆိုင်ရှင်နှင့် ကျွန်မတို့ကြားသို့ ကိုမောင်မောင့်သားငယ် ရောက်လာပြီး ဖခင်ထံ ပိုက်ဆံတောင်းနေသဖြင့် ကြားရပါသည်။ ကိုမောင်မောင်သည် ကောင်တာ အံဆွဲထဲမှ ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်ပြီး သားဖြစ်သူအား . . .

"ဂိမ်းဆော့ဖို့ ပိုက်ဆံလိုချင်ရင် မျက်နှာက တစ်မျိုး၊ အိမ်မှာ စာကျက်ဦးရင်တော့ မုဆိုးမမျက်နှာနဲ့"

ထိုစကားသံကို ကြားလိုက်ရသော ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမောင်မောင်၊ ကိုယ့်သားကိုယ် ဆုံးမတာ မုဆိုးမမျက်နှာက ဘာလို့ ပါလာတာလဲ"ဟု စိန်စိန့်စကားအဆုံး တွင် ကိုမောင်မောင်သည် အားနာသော မျက်နှာထားနှင့် . . .

"ကန်တော့ မမစိန်ရယ် . . . ကန်တော့၊ ကျွန်တော် အစ်မတို့ နှစ်ယောက် ရှိနေတာ မေ့သွားလို့ပါ" ဟု ပျာပျာသလဲ တောင်းပန်ရှာ၏။ ဆိုင်ရှင် ကိုမောင်မောင်၏ တောင်းပန်မှုကြောင့် ဖြိမ်သက်သွားသော စိန်စိန်သည် ဘာစကားမှမပြောတော့ဘဲ ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေ၏။ ကျွန်မသည်လည်း စိန်စိန့်နည်းတူ စိတ်မကောင်းခြင်းကြီးစွာဖြင့် စဉ်းစားရင်း ငြိမ်သက်နေမိပါသည်။

မုဆိုးမများ၏ မျက်နှာသည် သာယာမှုကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိချက်များကို စဉ်းစားတွေးတောမရခဲ့ပါ။ မုဆိုးဆိုသည်မှာ သားကောင်ဖမ်းယူ သတ်ဖြတ်သူဟု အဓိပ္ပာယ်ရပြီး မိန်းမဆုံးပါး၍ အသက်ရှင်ကျန်ရစ်သူ ယောကျ်ားကို 'မုဆိုးဖို'၊ ယောကျ်ားဆုံးပါး၍ အသက်ရှင်ကျန်ရစ်သူ မိန်းမကို 'မုဆိုးမ' ဟု သိညာသတ်မှတ်ခဲ့ခြင်းကိုလည်း စဉ်းစားမရခဲ့ပါ။

အားကိုးရာ ခင်ပွန်းမရှိ၍ ကျွန်မတို့နှလုံးသားများ မသာယာခဲ့ရသော်လည်း မိုမိ၏ရင်ဘေးများကြောင့် ကျွန်မတို့၏ နှလုံးတစ်ဖက်ခန်းသည် ထူးဆန်းစွာပင် လှုပ်ချိမြဲမြံ၍ နှစ်လိုဖွယ်အတိဖြစ်ရသည်ကို ကျွန်မတို့မှတစ်ပါး အခြားသူများ ခံစား သိနိုင်မည် မထင်ပါ။ စိန်စိန်သည် အချိန်အတော်ကြာ နှုတ်ဆိတ်နေပြီးမှ စကားစမြည်ပါသည်။

"ငါ့သားကြီး မင်္ဂလာကိစ္စကို မိန်းကလေးရှင်တွေဘက်က အမြန်ဆုံးလုပ်ချင်ကြတယ်၊ ဒီအပတ် တနင်္ဂနွေနေ့မှာ၊ တို့မြို့မှာ မင်္ဂလာဆွမ်းကျွေးပြီး ရန်ကုန်မှာ ဓည့်ခံပွဲလုပ်မယ်၊ အဲဒါ ကျန်တဲ့သူငယ်ချင်းတွေကို နင်ပြောပြပေး၊ ရက်နီးမှ တို့ ထပ်ဆုံးကြမယ်"

စိန်စိန်သည် ဓာတ်ကားကို တိုတိုတုတ်တုတ်ပြောကာ ကျွန်မနှင့် လဲမ်းခွဲခဲ့၏။ စိန်စိန့်သားကြီး၏ မင်္ဂလာပွဲသည် ငွေကြေး ပြည့်စုံပြီး အသိုင်းအဝိုင်းကောင်းသူများဖြစ်၍ စည်ကားလှပါသည်။ စိန်စိန်၏ ဧနောမိတ်ဆွေများသည်လည်း 'မုဆိုးမသား' ဟု အားငယ်စရာမလိုရအောင် ပုံပိုးကူညီခဲ့ကြပါသည်။ ကျွန်မတို့မြို့တွင် မင်္ဂလာဆောင်ပြီး တစ်ပတ်ခြားကာ ရန်ကုန် Sedona ဟိုတယ်တွင် ဧည့်ခံပွဲလုပ်မည်ဖြစ်၍ ကျွန်မတို့သူငယ်ချင်းတစ်စု စိန်စိန်နှင့် အတူ ရန်ကုန်သို့ လိုက်ပါရပြီးမည်။

ဘွဲ့ရပြီး အလုပ်မဝင်ရသေးမီ သားဇ်၏လုပ်စာကို တစ်ပြားတစ်ချပ်မှ မစားရသေးခင် အိမ်ထောင်ပြုသွားသော သားအား စိန်စိန်သည် အပြစ်တင်ဟန်၊ ငြိုငြင်ဟန် မရှိခဲ့ပါ။ ပြည့်စုံချမ်းသာသော မိန်းကလေးနှင့်လက်ထပ်ဖြစ်၍ သားအတွက် စိတ်အေးချမ်းနေဟန်ရှိပါသည်။ ကျွန်မနှင့် အခြားသော သူငယ်ချင်းများမှာ မိန်းမသား တန်ဖိုးကိုက်ကားနင်း၍ ကုန်စိမ်းရောင်းကာ ပညာသင်ပေးခဲ့သော သားအား ယူကျုံးမရဖြစ်၍ ပျော်ရွှင်နေသော စိန်စိန့်အားကြည့်ကာ သနားလှပါသည်။

စိန်စိန့်သားကြီးသည် မင်္ဂလာပွဲပြီးသည်နှင့် ရန်ကုန်သို့ မိန်းကလေးနှင့်အတူ တစ်ပါတည်း လိုက်ပါသွား၍ စိန်စိန်နှင့် ကျွန်မတို့မှာ မင်္ဂလာရက် တစ်ရက်ကြိုမသာ ရန်ကုန်သို့ ရောက်ရှိသွားပါသည်။ စိန်စိန့်သမီးငယ်သည်လည်း ကျွန်မတို့နှင့်အတူ မိန်းကလေးရှင်များဘက်မှ စီစဉ်ပေးသော အခန်းတစ်ခုတည်းတွင် စုတည်းကြပါသည်။ ကျွန်မတို့မြို့တွင် မင်္ဂလာဆောင်စဉ်က မြို့မှမိတ္တူဆိုင်တွင် ဖိတ်စာရိုက်ခဲ့ပါသည်။ ရန်ကုန်မြို့တွင် ကျင်းပသော ဧည့်ခံပွဲဖိတ်စာအား ရန်ကုန်မှာရိုက်သည်ဖြစ်၍ ထိုဖိတ်စာအား တောင်းယူကြည့်ရှုခဲ့ပါသည်။ ရွှေရောင်ဖောင်းကြွစာလုံးများနှင့် မွေးကြိုင်သင်းပျံ့နေသော စာရွက်ပေါ်တွင် ဇာချည်ထိုး ဖဲပန်းပွင့်များကပ်လျက် မထိရက်၊ မကိုင်ရက်စရာ ကောင်းလွန်းလှသည့်ဖိတ်စာကို ကျွန်မတို့သူငယ်ချင်းတစ်စု ဖတ်နေချိန် အနားတွင် စိန်စိန်မရှိပါ။

သတို့သား၊ သတို့သမီး အမည်၊ မိဘအမည်များ ကျွန်မတို့မြို့ကဖိတ်စာနှင့် အတူတူပင်ဖြစ်ပါသည်။ ထိုင်စရာနေရာများကို Table No. နှင့်ထိုင်ရန်ဖြစ်ပါသည်။ ထို့နောက် အောက်နားဆီမှ စာကြောင်းအချို့ကို ဆက်လက်ဖတ်ရှုလိုက်သောအခါ . . .

မိဘတို့ဝတ္တရားရှိသည်နှင့် အညီ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ မင်္ဂလာဧည့်ခံပွဲသို့ လူကြီးမင်းဇနီးမောင်နှံမှ ကြွရောက်ချီးမြှင့်ပေးပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မုဆိုးမနှစ်ယောက်၊ အပျိုကြီးလေးယောက်၊ တစ်ခုလပ်တစ်ယောက် နှင့်သမီးငယ်တစ်ယောက်ပါသောကျွန်မတို့အဖွဲ့မှာ အဘယ်ကဲ့သို့ 'ဇနီးမောင်နှံ' မဖြစ်နိုင်မှာ။ ယောကျ်ားမရှိသော 'ဇနီးမောင်ကျန်'အဖွဲ့သာ ဖြစ်ကောင်းဖြစ်ပေမည်။ ဤစာကြောင်းများကို စိန်စိန် ဖတ်မိမည် မထင်ပါ။ လက်သည်းတွင် ကုန်စိမ်းချိုးများ သမန်းတက်ကာ အကြည့်ရဆိုးခြင်းများကို ကြေးခွတ်ရန် အလှပြင်ဆိုင်သို့ သားနှင့်အတူ သွားရောက်နေချိန် ဖြစ်ပါသည်။

ဤစာပို့ဒ်အား ဖတ်မိသော ကျွန်မတို့ မိန်းမသား တစ်သိုက်သည်လည်း ဤမင်္ဂလာဧည့်ခံပွဲသို့ သွားသင့်၊ မသွားသင့် စဉ်းစားချင့်ချိန်နေရပါပြီ။

မသွားလျှင် ဤကိစ္စအား စိန်စိန်သိတော့မည်။ သွားပြန်လျှင်လည်း. .

"ဤစာစုအား ဖတ်မိသူ စာဖတ်သူများ ကူညီစဉ်းစားပေးကြပါ"

"ဤမင်္ဂလာဧည့်ခံပွဲသို့ သွားသင့်၊ မသွားသင့်. . . "

မကျော

www.burmeseclassic.com

www.burmeseclassic.com

ဆောမြို့သူကြီး ရာဝင်စား

ယောနုကဘိုးထောင်

ဆောမြို့ သူကြီး ဦးသန်းဟင်

ဆောမြို့...။

အနော်ရထာမင်းမြတ်၏ ပုဂံခေတ် မြို့ရွာသမိုင်းများတွင် ယော်လေးမြို့ ပါဝင်ခဲ့သည်။ ယောလေးမြို့တွင် လောင်းရှည်မြို့၊ ဆောမြို့၊ ယောမြို့၊ ထီးလင်းမြို့ဟူ၍ ထင်ပေါ်သတင်းကြီးခဲ့သည်။

ဆောမြို့ကို ပျူမင်းသမီးက စတင် တည်ထောင်ခဲ့သည်ဟု ပါးစပ်ရာဇဝင် တွင်ခဲ့သည်။

ဘလောင်းစည်သူမင်း လက်ထက်တွင် ထီးလင်း ရွှေကွန်အုပ်ဘုရားနှင့် ဆော ရွှေစိုင်မြင့်ဘုရားများကို တည်ထားခဲ့သည်ဟုဆိုသည်။ လောင်းရှည် ရွှေတန်းဆာဘုရားနှင့် ယောမြို့ ပေါက်သစ်ဆိပ်ဘုရား၊ ချင်းပြည်နယ်တွင် အမ်းဘုရားတို့မှာ ရာဇဝင် စာတင်ထားနိုင်သည်။

မင်းရဲကျော်စွာသည် ရခိုင်ဘုရင် ထောရာကြီး ပုန်ကန်ခြင်းနှာသဖြင့် ဦးဆောင်ဦးရွက်ပြုကာ ဆော၊ လောင်းရှည်တို့မှ စစ်ကြောင်းချီ တိုက်ခိုက်ခဲ့ဖူးပါသည်။

ဆောမြို့စား ဦးစီ၊ ဆောမြို့ယောမြို့စား ဦးပေါ်ဦး၊ ယောမြို့စား ဦးဘိုးလှိုင်၊ လောင်းရှည်မြို့စား သီပေါမင်း မယ်တော်တို့မှာ သမိုင်းစာမျက်နှာပေါ်ဝယ် ထင်ရှားကျော်ကြားခဲ့ဖူးပါသည်။ မြန်မာ့သမိုင်းထဲမှာ ဆောမြို့ကို တွေ့ကြရသည်။ မြင်ကြရသည်။

လွတ်လပ်ရေးရပြီး ၁၉၅၀ ပြည့်နှစ်မှ စတင်ကာ မြို့စား၊ ရွာစားခေတ် ပျောက်၍ သူကြီးခေတ် ရောက်လာသည်။ ဆော မြို့ကလေးသည် ထိုစဉ်က တောင်ပတ်လည် ဝိုင်းရံလျက်ရှိသည်။

အရှေ့ဘက်တွင် စိမ်းစိုညို့မောင်းနေသော ငန်းကျောလေးတောင်၊ ငန်းကျောကြီးတောင်က အုပ်မိုးလျက်ရှိသည်။ မြောက်ဘက်တွင် မိပေါင်းချောင်တောင်၊ သစ်ဆိပ်တောင်၊ ကျွန်းတောခင်းတောတို့က စိမ်းစိုသစ်လွင်နေ၏။ အနောက်ဘက်တွင် ချင်းရိုးမတောင်တန်းကြီးက စိမ်းပြာပြာ မြူခိုးဝေလျက်ရှိနေသည်။ တောင်ဘက်တွင် ကွမ်းအုပ်ခင်တောင်၊ မြို့ဆိုးတောင်တို့က ပိတ်ဆို့ကာဆီးထားသည်။

ကန့်ပက်လက်မြို့မှ စီးဆင်းလာသော ဆောချောင်းကလေးသည် ဆောမြို့ကို ပွေ့ဖက်ထားသကဲ့သို့ တသွင်သွင် စီးဆင်းလျက် ရှိသည်။ ချုတ်ချောင်းသည် ဆောချောင်းထဲသို့ ဆောမြို့အနီးကျောက်စိုင် ကျောက်ခဲများ အကြားပေါင်းဆုံ စီးဝင်လျက်ရှိသည်။ ဆောချောင်းရေသည် အေးမြစိမ်းလဲ့ ကြည်လင်နေ၏။ ချုတ်ချောင်းရေမှာ မအေးလှဘဲ နွေးနွေးကလေး ကြည်လင်လှပနေသည်။ ကျောက်စရစ်ခဲဖြူများ၊ ကျောက်စိုင်ကျောက်ခဲများ၊ သဲနုံးတို့ဖြင့် ချောင်းနှစ်ခုပေါင်းဆုံရာတွင် လှပနေသည်။ ဆောချောင်းရေ ကြည်ကြည်ချို ချိုလေးကို တစ်မြို့လုံးက သောက်လေ့သုံးရေ အသုံးပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ချောင်းထဲတွင် ငါးမျိုးစုံက ရှင်သန်ပေါက်ဖွားနေသည်။ ဆောချောင်းရေမှ မြောင်းသွယ်ယူကာ ဝယ်ယာများစိုက်ပျိုးလုပ်ကိုင်လျက် ရှိကြသည်။

မနက်ပိုင်းနှင့် ညနေချမ်းအချိန် ဆောသူလှပျိုဖြူတို့ ရေခပ်ချိန်ကလေးမှာ လှပတင့်တယ်နေသည်။ ဤဆောမြို့ကလေးကို ဆောမြို့သူကြီး ဦးသန်းမောင်က အုပ်ချုပ်လျက်ရှိသည်။ ဆောမြို့ကို (၃) ပိုင်း ခွဲထားသည်။ ဆောမြို့မြောက်ပိုင်း၊ ဆောမြို့တောင်ပိုင်း ဟူ၍ ရပ်ကွက် (၂) ခုကို လမ်းမတော်လမ်းကြီးဖြင့် ခြားနားထားသည်။ ရဲစခန်းသည် ဆောမြို့အနောက် ရဲစခန်းကုန်းတွင် တည်ရှိသည်။ ဆောမြို့ အလယ်တန်းကျောင်းမှာ စောင်ဘက်သန်းပင်ခုံအနီးတွင် တည်ရှိသည်။ ဆောချောင်းကမ်းစပ်တွင် သက်ကယ်မိုး စလီကာကျောင်းကလေးများဖြစ်သည်။ ကျောင်းဆောင်ကြီး ၅ဆောင်ဖြင့် လှပတင့်တယ်နေသည်။ ကျောင်းဝင်းအတွင်း ရှေးဟောင်း မန်ကျည်းပင်အိုကြီးများက အုပ်ဆိုင်းညှိမှိုင်းနေ၏။

လမ်းရုံး၊ ဆေးရုံ၊ သစ်တောရုံး၊ ရဲဌာန၊ ဘဏ်တိုက်၊ မြို့ပိုင်ရုံး၊ စာတိုက်၊ ကြေးနန်းရုံးတို့က အစီအရီရှိနေသည်။ တောင်ကြားထဲ ဒယ်အိုးအတွင်း မြို့ကလေး တည်ထားသကဲ့သို့ ဖြစ်နေတော့သည်။

ဆောမြို့သချိုင်းကုန်းမှာ ယခု ဆောမြို့ အထကကျောင်း တည်ရှိနေရာဖြစ်သည်။ ဆောမြို့ကလေးကို သူ့သဘာဝလေ့ဖြင့် အလှအသွင်တင့်နေသည်။ ဆောမြို့တွင် ဘုန်းကြီးကျောင်းထိုစဉ်က မြောက်ကျောင်း၊ တောင်ကျောင်း (၂) ကျောင်းသာရှိသည်။ ရှေးဟောင်းမြို့ဖြစ်သောကြောင့် အုတ်လမ်းများ၊ စေတီပုထိုး ဘုရားပြု ဘုရားပျက်များ အလွန်ပေါများသည်။ ဆောမြို့တစ်ခုလုံးကို စေတီဟောင်းအုတ်ပုံများကသာ လွှမ်းမိုးထားသည်။ ကန်ပတ်လက်လမ်း၊ ကျောက်ထုလမ်း၊ ဆိပ်ဖြူလမ်းတို့က ဆောမြို့ကလေးမှ သွားလာနိုင်သည်။

ဆောမြို့ သူကြီး ဦးသန်းမောင်၊ သူကြီးဇနီး ဒေါ်တင်ဦး သမီး မခင်မြရီ ပီသားစု

*

သူကြီး ဦးသန်းမောင်သည် ရွှေကောက်ပွဲဖြင့် အနိုင်ရခဲ့သည်။ သူကြီးမဲရွေးပွဲတွင် ပြိုင်ဘက်ကင်းအောင်မဲနိုင်သည်။ အပြောကောင်း၊ အဟောကောင်းသော သူကြီး ဦးသန်းမောင်ဖြစ်သည်။ အာဝဇ္ဇန်းရွှင်လှသည်။ သူကြီး ဦးသန်းမောင်သည် အင်္ဂလိပ်ခေတ်တွင် တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ ဆက်သွယ်ပြန်ကြား ဆက်သား လုပ်ခဲ့သည်။ ဂျပန်ခေတ်တွင် မသက်မှန့်နှင့် အဖမ်းခံရဖူးသည်။ နောက်တော့ ပြန်လွတ်လာသည်။

ဆောမြို့သူကြီး ဦးသန်းမောင်သည် ဆောမြို့အပိုင် ကျင်းလိန်ရွာတွင် အဖ ဦးလူဖေ၊ အမိ ဒေါ်ပွားခိုတို့မှ မွေးဖွားခဲ့သည်။ သူကြီး ဦးသန်းမောင် အထက်တွင် အစ်ကို ဦးစိုးမောင်ရှိသည်။ သူကြီး ဦးသန်းမောင်အောက်က ဦးသာရင်မှာ ကျောင်းဆရာ ဖြစ်သည်။

သူကြီး မဲရွေးကောက်ပွဲ မတိုင်မီ အချိန်က ရန်ကုန်နှင့်ဆောမြို့ ကုန်သည်အလုပ် လုပ်ကိုင်သည်။ ရှား၊ ယောဖက်လုပ်ငန်းကို လုပ်ကိုင်သည်။ ကျောက်ထုလေဆိပ်တွင် လေယာဉ် စင်းလုံးငှား စီးနိုင်သူအဖြစ် နာမည်ကြီးသည်။

ရွှေကိုင်းမျက်မှန်၊ ဗန်ကောက်ပုဆို၊ ရှူးဖိနပ်ဖြင့် ကြော့ကြော့မော့

www.burmeseclassic.com

www.burmeseclassic.com

ဆောမြို့ သူကြီး လူဝင်စား ကိုမောင်အေး (ဦးတင်မောင်ညွှန့်)

မော့လေး နေထိုင်တတ်သူ ဖြစ်သည်။ စေတနာကြွယ်၍ သဒ္ဓါတရားပိုသူ ဖြစ်သည်။

လောင်းရှည်မြို့၊ အင်ဖူးသူကြီး ဦးဘိုးသိန်း၊ ဇနီး ဒေါ်မင်းဆုတို့၏ သား ဦးတင်လတ် (အလယ်တန်းကျောင်းအုပ်) ဒေါ်မြရင်တို့ သမီးလတ် ဒေါ်တင်ဦးနှင့် မေတ္တာမျှကြသည်။ ဒေါ်တင်ဦးအထက်တွင် ဦးကျော်စိုး မွေးချင်း ရှိသည်။ ဒေါ်တင်ဦးအောက်တွင် ဒေါ်စောတင် မွေးချင်းရှိသည်။

ဒေါ်တင်ဦးမှာ သူကြီး ဦးသန်းမောင် ခိုးရာနောက် ပြေးလိုက်သွားခဲ့သည်။ ဆောမြို့သူကြီးဖြစ်သောကြောင့် ရွှေပေါ်မြတင်ထားနိုင်သည်။

အိမ်ကြီးမှာ ပျဉ်ထောင်အိမ်ကြီး ဖြစ်သည်။ ဆော မြို့မလမ်း တောင်ပိုင်း တွင်တည်ရှိသည်။ ကွန်းသစ်ပျဉ်ထောင် ခြေတံရှည်အိမ်ကြီး ဖြစ်သည်။ ပျဉ်ထောင်အိမ်အောက်တွင် မြင်းဇောင်း ထားသည်။ ပျဉ်ထောင်အိမ်ကြီးသည် ရေနံချေး ဝနေ၍ အမည်းရောင် သပိတ်ရောင် ထနေသည်။

ထိုအချိန်က ရေနံဆီ ပေါများသော BOC ကုမ္ပဏီ ရေနံပုံးများရှိသဖြင့် မီးမှန်အိမ်၊ အောက်လင်းမာတ်မီး၊ မီးခွက် ထွန်းရသော အခါကာလ ဖြစ်သည်။

သူကြီး ဦးသန်းမောင်နှင့် သူကြီးကတော် ဒေါ်တင်ဦးတို့ အကြောင်းဖက် ဖူးစာဆုံ ပေါင်းဖက်နိုင်ခဲ့ကြပြီးသော် သမီးလေး မခင်မြရီကိုပင် မွေးဖွားသန့်စင်နိုင်ခဲ့ပါသည်။

ဆောမြို့တစ်ခွင်သည် အေးငြိမ်းချမ်းသာယာလျက် ရှိပါသည်။

သို့သော်... ထိုသို့သော်သည် သူကြီးသန်းမောင်အတွက် မမြင်နိုင်သော ကံကြမ္မာဆိုးတစ်ခု ဝင်ရောက်လာတော့မည် ဖြစ်သည်။

ဆောမြို့သူကြီး ရွှေကောက်ပွဲတွင် အနိုင်မရ အရှုံးရခဲ့သော ဦးရွှေဝ မှာ ဆောမြို့သူကြီး ဦးသန်းမောင်ကို ပြိုးသူရန်ဘက် စောင့်ကြည့်နေသည်။ အခါခွင့်ကောင်းဆို ကြိုဆို မျှော်လင့်နေသော ဦးရွှေဝသည် အကွက်ချောင်းနေလေတော့၏။

သူကြီးကတော် ဒေါ်တင်ဦးနှင့် သမီးကလေး မခင်မြရီတို့ နှစ်ဦးမှာ လောင်းရှည်နယ်သူကြီး၊ အင်ဖူးရွာသူကြီး ဦးဘိုးသိန်း ဘာပန်သွားနေကြချိန် ဖြစ်သည်။

ဆောမြို့သူကြီး ဦးသန်းမောင်သည် မြို့မြောက်ပိုင်းသား မြို့ခေါင်းရွာဆော် ဦးထွန်းစိန်ကို အိပ်ဖန်စောင့် ခေါ်ထားလေသည်။ အင်ဖူးသူကြီး ဦးဘိုးသိန်း အသုဘမြေကျ ရက်လည်သည့်အထိ လောဝံးရှည်အပိုဝ်တွင် နေရလေသည်။ ဇနီး ဒေါ်တင်ဦးနှင့် သမီး မခင်မြရီတို့ အိမ်မှာမံရှိသော အချိန်။

ထိုနေ့က ဆောမြို့အနောက်ဘက် ချင်းတောင်တန်းကြီးပေါ်ဝယ် နေနှံလုံးကြီးသည် တောင်နှုတ်ခမ်းတွင် မေးတင်နေသည်။ ကျေးငှက်သာရကာများ ကလည်း အိပ်တန်းဝင်ရန် ပျံသန်းနေကြသည်။

မြို့ပြင်ဘက်ရှိ လယ်ကွင်းများအတွင်းမှ စင်နိမ့်လယ်ပွဲ၊ ကြက်စာလယ်ပွဲ၊ အင်းမလယ်ပွဲ နွားစားကျက်များမှ လွှတ်ကျောင်းထားသော နွားရိုင်းတို့ မြို့ထဲသို့ ဝင်လာကြသည်။ "ဘူဘူတဲ့တဲ့" နှင့် နွားမသားပျောက်အော်သံကား မြို့အဝင်လမ်းတွင် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

နေဝင်ရီတရောအချိန် ဖြစ်သောကြောင့် ရစ်ခွေစီးဆင်းနေသော ဆောချောင်းရေစီးသံက တသွင်သွင်စီးနေဆဲဖြစ်သည်။ ချင်းတောင်တန်းကြီးထဲနေလုံးကြီး ထိုးဝင်သွားသော အခါအမှောင်ရောင်ကာ မဟူရာဝတ်ရုံကို ခြုံလွှမ်းလိုက်တော့သည်။ ငန်းကျောတောင်မကြီး ချေဟောက်သံက ခပ်ပြင်းပြင်း ကြားနေရသည်။

ဆောမြို့ရဲတပ်ကုန်းဆီက နာရီခေါက်သံက "တဒေါင်ဒေါင် တဒင်ဒင်" မြည်နေသည်။ ညအမှောင်ထုက လရောင် မရှိ။ မှုန်မည်းမည်းမှောင်နေသည်။

သူကြီးဦးသန်းမောင်၏ အိမ်မြောက်ဘက် ဦးထိန်းညွှန့်၊ ဒေါ်လေးတင် အိမ်ရှိသည်။ အိမ်တောင်ဘက်တွင် ဦးစောလေးတို့က ကန်ပက်လက်တွင် နေကြ၍ အိမ်တွင် လူမရှိကြချေ။

အနောက်ဘက်တွင် ဆံပင်ညှပ်သမား (ဆံသဆရာ) ဦးသောင်းလှိုင် ဇနီးဒေါ်သန်းကြည် အိမ်ရှိသည်။

ဆောမြို့ကလေးသည် အမှောင်ထုအောက်တွင် မီးမှန်အိမ်၊ မီးခွက်များ ထွန်းကြပေပြီ။ နေဝင်မီးလက် စီးပွားတက် ဆိုသည်မဟုတ်လား။

အကြံသမား ဥာက်ကံစားသော သူကြီးအရာကျ ရွှေးကောက်ပွဲ မဲရုံး ဦးရွှေဝန့် တပည့်ကျော် မောင်မဲလုံး (အမည်လွဲ) တို့သည် ဆင်ကြဲကြဲလျက်ရှိသည်။

"ဟေ့- မောင်မဲလုံး၊ ရဲဆေးလေးတစ်ခွက်တစ်ဖလား မော့သွားဦးကွ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒါမှ ပစ်မှတ်ကို အသေအချာထိမှာ..."

စလီကာ သက်ငယ်မိုး အိမ်ကလေးထဲတွင် ဆရာတပည့် နှစ်ဦးသားတိုင်ပင်နှီးနော အစီအစဉ် ဖယားချနေကြသည်။

မောင်မဲလုံးသည် မီးတောက်အရက်တစ်ခွက်ကို တစ်ခါတည်းမော့ပစ်လိုက်သည်။ အမဲကျော်ခွက်ထဲမှ အမဲသား တစ်တုံးယူ၍ ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

"ကောင်းလိုက်တာ ဆရာရွှေရယ်၊ အရက်နဲ့အမြည်းက အံကိုက်ပဲ"

"အေး... အဲဒါ မင်းအတွက် လုပ်ထားတာ၊ ရေချိုန်ကိုက်အောင်ချသွား"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီတစ်ခါတော့ ပွဲပြီးပါပြီဗျ"

"အေး... ကွ၊ မောင်မဲလုံးရေ၊ သေသေချာချာ ပစ်မှတ်ထိအောင်လုပ်"

မောင်မဲလုံးသည် စစ်ပြီးခေတ် အင်္ဂလိပ် ရိုင်ဖယ်သေနတ်ကြီးကို ပွတ်သပ်၍ ကျည်အိမ်ထဲသို့ ကျည်ဆန်ငါးတောင့် ထည့်လိုက်သည်။ ကျည်အပြည့် ကျည်အိမ်ကို သေနတ်တွင် တပ်ဆင်လိုက်သည်။

"ဆရာရွှေ... ကျုပ် တောမုဆိုးလုပ်လာတာ ကြာပြီလေ၊ ဒီတစ်ပွဲတစ်လမ်းတော့ အပိုင်ပစ်မှတ်ကို ထိအောင် ပစ်နိုင်ပါတယ်၊ စိတ်ချပါ ဆရာရွှေရယ်"

တောအရက် ရှိန်ကလေးနှင့် ဆရာရွှေနှင့် မောင်မဲလုံးတို့သည် သူကြီးဦးသန်းမောင် အိမ်ကြီးဆီသို့ အရောက်လှမ်းခဲ့ကြတော့သည်။

*

ဆောမြို့သူကြီး ဦးသန်းမောင် ခြေတံရှည်အိမ်ကြီးမှာ အမှောင်ထဲတွင် ရှိနေသည်။ အချိန်မှာ ညဉ့်က်ကလေးများ မြည်နေပြီ။ လရောင် မရှိသဖြင့် ကြယ်ရောင်ကလေးများက မှိတ်တုတ်၊ မှိတ်တုတ် အလင်းရောင်ပေးနေသည်။

ဆောမြို့ရဲတပ်ကုန်းစခန်းဆီက "တဒေါင်ဒေါင်" နာရီသံချောင်းခေါက်သံပေါ် ထွက်လာသည်။

သူကြီးသန်းမောင်နှင့် ရွာဆော်ကြီး ဦးထွန်းစိန်တို့ မီးအိမ်လေးအောက်တွင် မြို့အကြောင်း၊ ရပ်အကြောင်း ဆွေးနွေးပြောဆိုနေကြသည်။ နာရီကိုးချက်တိတိတွင် ရပ်တန့်သွားတော့သည်။

"ဟေ့... မောင်ထွန်းစိန်၊ တို့ကို နှင်းပေးစမ်းပါကွာ"

"ဟုတ်ကဲ့ သူကြီးမင်း၊ ချေခန်းမှာပဲ ဖျာခင်းပြီး နှင်းကြတာပေါ့"

"အေး... ကောင်းတယ်ကွ၊ ကောင်းတယ်"

သူကြီး ဦးသန်းမောင်ကို ချေခန်းတွင် ရွာဆော် မောင်ထွန်းစိန်က တက်နင်းပေးနေသည်။ ညောင်းညာတိုင်း သူကြီးဦးသန်းမောင်က မောင်ထွန်းစိန်ကို နင်းနှိပ်ခိုင်းကာ အကြောဖြေလေ့ရှိသည်။

မောင်ထွန်းစိန်သည် အကြောနားလည်သူ ဖြစ်သဖြင့် အနင်းအနှိပ် ကျွမ်းကျင်သည်။ ထို့ကြောင့် ရွာများသို့ ကွင်းဆင်းတိုင်း လက်စွဲတော့် ရွာဆော် မောင်ထွန်းစိန်ကို ခေါ်သွားလေ့ရှိသည်။

"ဟေ့... မောင်ထွန်းစိန်၊ ခြေသလုံးကိုနင်းကွ၊ ခြေသလုံးအကြောတွေ တောင့်တင်းနေတယ်"

"ဟုတ်ကဲ့ သူကြီးမင်း၊ အကြောတွေ ထိကောင်းထိရဲလား"

"ထိတယ်ဟေ့ မောင်ထွန်းစိန်၊ ဆက်နှိပ်ကွ"

ဦးရွှေဝန့် တပည့်မောင်မဲလုံးတို့သည် သေနတ်ကြီးကိုလွယ်ကာ သူကြီး ဦးသန်းမောင်အိမ်သို့ ဦးတည်လာနေကြသည်။

ယောအခေါ် ဒုတ်မီး ဓာတ်ခဲနှစ်တောင့်ထည့် လက်နှိပ်ဓာတ်မီး ကလေးဖြင့် ညမှောင်မှောင်၊ လမှောင်မှောင် ကြယ်ရောင်မလင်း လှမ်းလာခဲ့သည်။

ဒုတ်မီး လက်နှိပ်ဓာတ်မီး၏ အရောင်ဖြင့် သူကြီးဦးသန်းမောင် အိမ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာကြသည်။

မောင်မဲလုံးသည် နဂိုကပင် လေ့လာ မှတ်သားထားသဖြင့် သူကြီးဦးသန်းမောင်အိမ်ကို ရှုစိပ်ကျင်ကျင် လည်အောင် သိနေသည်။

သူကြီး ဦးသန်းမောင် ခြံဝင်းခါးလွန်းလျှိုထားသော ဒေါက်ကို အသာမကာ ဆရာတပည့် နှစ်ဦးသား ချွတ်နင်းကာ ဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ညအမှောင်ထဲဝယ် ပိုးစုန်းကြူးကလေးများသည် ဝဲကာပျံကာ ဟိုဟိုဒီဒီ ပြေးလွှားနေကြသည်။

"ဇီးကွက်. . . ဇီးကွက်"

ညဉ့်က် ဇီးကွက်အော်သံသည် မနက်ကျည်းပင်မြင့်ကြီးဆီက အသံကြားနေရသည်။ မောင်မဲလုံးသည် လှေကား အဆင်းတွင်ရှိသော စပါးကျီပေါ်သို့ အသာအယာ တက်လိုက်သည်။ ခြေတံရှည်အိမ်ကြီး ဧည့်ခန်းတွင်းမှာ မီးအိမ်ကလေး ထိန်ထိန်လင်းနေသည်။ ထို အချိန်တွင် စပါးကျီပေါ်သို့ ဦးရွှေဝ ရောက်လာသည်။

"ရှူး. . . တိုးတိုး၊ မောင်မဲလုံး မြင်ရသလားကွ"

"ဆရာရွှေ မြင်ရတယ်၊ မီးအိမ် အေးနားက ဖျာပေါ်မှာ သူကြီးသန်း မောင်ကို ရွာဆော်ကြီး မောင်ထွန်းစိန် နင်းနေတယ်"

"အေး. . . ဟုတ်တယ်ကွ၊ ဟော ခေါင်းရင်းဘက်ကို ပြန်ဆင်းသွားပြီဗျ"

"သေချာမှတ်သွား မောင်မဲလုံး၊ အောက်ဆင်းပြီ၊ ပစ်ကွင်းရှာပေတော့"

"ဟုတ်ကဲ့ ဆရာရွှေ"

မောင်မဲလုံး စပါးကျီပေါ်က ဗျဉ် ထောင်အိမ်အောက်ထပ်ကို ရောက်သွားပြီ။

"ဆရာရွှေ အိမ်အောက်ကို ဒုတ် မီးလေး ထိုးပြပါဦး"

"အေး. . . အေး. . . တိုးတိုး ပြောကွ၊ ကြားသွားဦးမယ်"

"ဆရာရွှေ၊ အရိပ်တွေ မြင်နေရ ပြီ"

အိမ်ကြမ်းပေါက်တွင် ထင်လင်းစွာ မောင်မဲလုံး မြင်နေရသည်။ သူကြီးသန်းမောင်၏ ခန္ဓာကိုယ်ချက်ကောင်းကို ပစ်မှတ်ရှာနေသည်။

အိမ်အောက်သို့ စပါးကျီပေါ်မှ အခါပေးနေသော ဆရာရွှေဝ ရောက်လာသည်။

"မှန်းစမ်း . . . မောင်မဲလုံး၊ သေချာရင် ခလုတ်ဖြုတ်လိုက်ကွ"

"ဆရာရွှေ. . . ရင်ဘတ်တည့် တည့်ကြီး မြင်ရပြီ၊ ပစ်လိုက်မယ်နော်"

"ပစ်လိုက်လေ ကြာသလားလို့"

"ဒိုင်း"

ခိုင်ဖယ်သေနတ်သံသည် ဆောချောင်းရေစီးသံကို ခဏရပ်တန့်သွားသည်ဟု ထင်ရသည်။ ဆရာရွှေဝနှင့် တပည့် မောင်မဲလုံးတို့သည် "ဒိုင်းခနဲ" သေနတ်သံနှင့်အတူ ခြေရာ ဖျောက်ခဲ့ကြလေသည်။

"ဟေ့. . . မောင်ထွန်းစိန် သေနတ်သံကြားတယ်၊ မောင်းထု လူစု"

မောင်ထွန်းစိန်သည် သေနတ်သံသည် သူ့အနီးက မြည်သံကြောင့် နားအူသွားသည်။

မောင်းနှင့် မောင်းတုတ်ကိုယူ၍ ထုသော်လည်း မောင်းဖုကို မထိဘဲ "တဒွန်ဒွန်" မြည်နေသည်။

"ထွန်းစိန် မောင်းဘုန့် ထုပါကွ"

သူကြီး ဦးသန်းမောင် ထထိုင်လျက် ရင်ဘတ်ကို လက်နဲ့ဖိကာ . . .

"ငါ့ကို ထိသွားပြီ"

ဧည့်ခန်းတံခါးကိုမှီ၍ ကိုသိန်းညွှန့် အိမ်ဘက်ကို လှမ်းခေါ်သည်။

"ကိုသိန်းညွှန့်. . . ဗျို့ ကိုသိန်းညွှန့်"

သူကြီး ဦးသန်းမောင် အိမ်နီးချင်း ကိုသိန်းညွှန့်ကို လှမ်းခေါ်ရင်း တံခါးကိုမှီနေရာမှ လဲကျသေဆုံးသွားသည်။

သူကြီးကတော် ဒေါ်တင်ဦးနှင့် သမီး မခင်မြရီတို့မှာ လောင်းရှည် အင်ဖွားရွာသို့ ရောက်နေသည်။

"ဒူး. . . ဒူး. . . ဒူး. . . ဒူး. . . ဒူး. . . ဒူး. . . ဒူ"

သူကြီး ဦးသန်းမောင် အိမ်မှ မောင်းထုသံသည် ဆောမြို့ပေါ်တစ်ခွင် လုံး ကျွက်ကျွက်ညံသွားသည်။ ဆောမြို့ ရဲကုန်းပေါ်မှာလည်း အချက်ပေးသံချောင်းမွှေသံက "တဒေါင်ဒေါင် ဒေါင်ဒေါင်" အဆက်မပြတ် ထွက်ပေါ်နေသည်။

"ဟေ့. . . ဆောမြို့သူကြီးအိုမ်က သေနတ်သံ ကြားတယ်"

"ဟေ့ လူစုကြ၊ ဝိုင်းကြေဟေ့၊ ဝိုင်းထားကွ"

"ဒူး. . . ဒူး. . . ဒူး. . . ဒူး. . . ဒူး. . . ဒူ"

သူကြီး ဦးသန်းမောင်အိမ်သို့ လူစုလူဝေးနှင့် ရောက်သွားသော်လည်း ရွာဆော် မောင်ထွန်းစိန်မှာ မောင်း "တဒူဒူ" ထုနေဆဲ ဖြစ်သည်။

"ဟေ့. . မောင်ထွန်းစိန်၊ မောင်း ထုရပ်တော့၊ သူကြီး သေနတ်မှန်ပြီး နွေးအိုင်ထဲမှာ လဲနေတယ်"

မောင်ထွန်းစိန်ကား မောင်းထု မရပ်သေး၊ ဆက်ကာဆက်ကာ ထုနေသည်။

"ဒူး. . . ဒူး. . . ဒူး. . . ဒူး. . . ဒူ"

ဆောမြို့ရဲစခန်းက ရဲများရောက်လာသည်။ စစ်ဆေးကြည့်သောအခါ သူကြီး ဦးသန်းမောင် သေနတ်ဒဏ်ရာ တစ်ချက်နှင့် သေဆုံးသွားခဲ့သည်။

ရာဇဝတ်ဘေး ပြေးမလွတ် ဆို စကားအတိုင်း ဦးရွှေဝနှင့် မောင်မဲလုံး တို့ကို မျက်မြင်သတ်သေများ လက်နက် သေနတ်နှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။

ဆောမြို့သူကြီး ဦးသန်းမောင် ရုပ်အလောင်းကို သုသာန်သင်္ချိုင်းဇရပ်တွင်(၂)ရက်ကြာထားပြီး သူကြီးကတော်နှင့် သမီးတို့ ရွှေ့တွင် သင်္ကြုံဟ်လိုက်သည်။ ကွန်ပေါင်ဒါ စစ်ဆေးချက်အရ သေနတ်ဒဏ်ရာကြောင့် သေဆုံးသွားကြောင်း ဆေးစာထွက်ဆိုသည်။

ဆောမြို့သူကြီး သတ်သူများသည် အာဏာဆိပ်တက်၍ လူသတ်မှု ဖြစ်သွားခြင်း ဖြစ်သည်။ အာဏာဟူသည် ကြောက်စရာကောင်းလှပေသည်။ လူသတ်တရားခံများသည် လူသတ်မှုဖြင့် ထောင်ကျသွားလေသည်။

*

ရာသီတွေ အလီလီပြောင်းခဲ့ပြီ။ ရွှက်ဟောင်းကြွေကျ မြေခကာ သစ်ပင်တို့မှာ ရွှက်သစ်နုဝေနေကြသည့် ရက်မှ

www.burmeseclassic.com

www.burmeseclassic.com

လသို့ ပြောင်းခဲ့သည်။ လမှ နှစ်သို့ ပြောင်းခဲ့၏။

စိတ်ဆိုသည်မှာ စွဲလမ်းရာတွင် တည်တတ်ပါသည်။ လူသည်လည်း ဘဝ အိုးအိမ် အကြိမ်ကြိမ်တည်ကာ သံသရာ လည်နေကြသည်။

သူကြီး ဦးသန်းမောင် မသေဆုံးမီ သေနတ်ဒင်္ဂါရာနှင့် အိမ်နီးချင်း ကိုသိန်းညွှန့်၊ ခေါ်လေးတင် တို့အိမ်သို့ အားကိုးတကြီး ခေါ်ဆိုကာ အသက်ထွက်သွားခဲ့သည်။

ဦးသိန်းညွှန့်နှင့် ခေါ်လေးတင် ဇနီးမောင်နှံတွင် သမီးကြီး ခေါ်ညွှန့်ညွှန့်တင်၊ သား ကိုမောင်မွေး (ယခုတောင်ကျောင်းဘုန်းကြီး ကျောင်းထိုင်ဆရာတော်) တို့ မွေးပြီးချိန်တွင် သူကြီး ဦးသန်းမောင် ဆုံးပါးသွားခဲ့သည်။ သူ့အစွဲအလမ်း အယူကြောင့် တတိယမြောက် သား ကိုမောင်အေး (ဦးတင်မောင်ညွှန့်)ကို ဆောမြို့သူကြီး လူဝင်စားအဖြစ် မွေးဖွားလာတော့သည်။

ကိုမောင်အေး မွေးဖွားစဉ်က ဦးသိန်းညွှန့် ဆောမြို့သူကြီး ဦးသန်းမောင်ကို အိပ်မက်ထဲတွင် မက်သည်။ မကြာမီ ခေါ်လေးတင် ကိုယ်ဝန်ဆောင်လာခဲ့၏။ ကိုမောင်အေး မွေးဖွားစဉ် နားပြည်ယိုသည်။ ညာဘက်တွင် အပေါက်ကလေး ပါလာသည်။ ပြည်လည်း မဟုတ်သော အစေးများ ထွက်နေသည်။ ဤဒဏ်ရာသည် ဟိုယခင်ဘဝက သူကြီးဦးသန်းမောင် သေနတ်ဒဏ်ရာ ဖြစ်သည်။

ဦးသိန်းညွှန့် ဆောမြို့သူကြီး လူဝင်စားဟုမယုံသဖြင့် တောင်ကျောင်းဘုန်းတော်ကြီးထံ ဗေဒင်မေးကြည့်ကြသည်။ ဘုန်းကြီးက လူဝင်စား ဖြစ်ကြောင်း၊ အရွယ်ရလာလျှင် ဇာတိပြဿလိမ့်မည်ဟု ပြောသည်။ ဆောမြို့တောင်ပိုင်း ဗေဒင်ပညာရှင် ဦးရာညွှန့်ကို မေးကြည့်ကြပြန်သည်။ လူဝင်စား အစစ်အမှန်ဖြစ်ကြောင်း အမှန်သိရတော့သည်။

ကိုမောင်အေး ခဏခဏဖျားသည်။ ယေစဉ်မှ အခါလည်သားအရွယ် ရောက်လာသောအခါ ဟိုယခင်က သူကြီးကတော် ခေါ်တင်ဦး ထံတွင် ခမည်းတော်းတော့သည်။ ခဏခဏ သူကြီးဝတ်နေကျပစ္စည်းများကို တစာစာပေးပါဟု အမှန်ပြော၍ တောင်း၏။ ကျောက်နီလက်စွပ်၊ မြင်း၊ လယ်မြေ၊ ရွှေဖလားရောင် ဝန်ကောက်ပုဆိုး (၄) ချို့ကို တောင်းတော့သည်။

အတိတ်ဘဝမှ ဇနီးဟောင်း ခေါ်တင်ဦးက ငွေသားဒင်္ဂါးကို ပန်းထိမ်ဆရာ ဦးဘိုးထွန်းထံ မြင်းရုပ်ပြုလုပ်ပေးသည်။ သူကြီး ဦးသန်းမောင် အတိတ်ဘဝက ဝတ်နေကျ ဝန်ကောက်ပုဆိုးကို ပေးရသည်။ လယ်မြေကိုမူ သူကြီးပိုင် ဆောမြို့ ကျင်းလိန်ရွာမှ မြေကြီးကို အထုပ်ကလေးလုပ်၍ လည်ပင်းမှာဆွဲရန် လုပ်ပေးရသည်။

ခမည်းပေးပြီးတော့ မဖျားနဲ့၊ မနာနဲ့၊ ဘဝဟောင်းက ပစ္စည်းတွေ အပိုင်ပေးလိုက်ပြီဟု ပြောလိုက်သည်။ ထိုအခါမှစ၍ ကိုမောင်အေး တပိန်တပိန် တလိမ်လိမ် ချွဲချာမူတွေ ပျောက်ကင်းသွားတော့သည်။ နှစ်လသားအရွယ်တွင် ခမည်းတော်း၍ ပေးရသည်။

ကိုမောင်အေး ၁ နှစ် ၆ လ အရွယ်တွင် အိမ်နီးချင်းဖြစ်သောကြောင့် ချီပိုး၍ သူကြီး ဦးသန်းမောင် ဆုံးပါးခဲ့သော အိမ်ခေါ်သွားကြသည်။ အတိတ်ဟောင်းက အသိကို မမေ့ပေ။ ကိုမောင်အေးကို မုန့်ကျွေးပြီး ချော့ခန်းရောက်တော့ ထူးဆန်းမှုကို ပြတော့သည်။

ကိုမောင်အေး ကုလားထိုင်နှင့် ကြမ်းပြင်က ဖျာကို မ,ပြီး ရှာဖွေနေတော့သည်။ သူကြီး ဦးသန်းမောင် သမီး ခေါ်ခင်မြရိက အံ့သြသွားသည်။

ကိုမောင်အေး ရှာနေသည်မှာ ဟိုသူကြီးဘဝက သေနတ် ကြမ်းပြင်မှ သွန်ရင်ဘတ်ကို မှန်သော အပေါက်ကလေး တွေ့ရသည်။ ခေါင်မိုးပေါ်မှ သေနတ်ဒဏ်ရာ အကျယ်ကြီးကို ဇွတ်သွားသည်။ သွေးက စကားပြော၏။ ထူးထူးခြားခြား အတိတ်ဖြစ်ရပ်များကို မမေ့နိုင်အောင်ရှိနေသည်။

ကိုမောင်အေး၏ ထူးခြားမှုတစ်ခုမှာ ရွှေဘဝက ရွှေစက်များက စကားပြောလာ၏။ သူကြီး ဦးသန်းမောင် နောက်ဘဝတွင် ဇနီး ခေါ်တင်ဦးကို ယခင်နှင့်ဘဝက ခေါ်သည့်အတိုင်း "တင်တင်" ဟု ခေါ်သည်။

ကိုမောင်အေး ကလေးဘဝမှာ သူကြီး ဦးသန်းမောင် ဘဝအကြောင်း ခရေစေ့တွင်းကျ ပြည့်ပြည့်ဝဝ လှလှပပ ကြီး ပြောနိုင်သည်။

အရွယ်ရောက်လာသောအခါ ကြက်ဥ ကျွေးလိုက်မိသောကြောင့် အတိတ်ဘဝ မေ့သွားတော့သည်။ လူဝင်စားများကို ကြက်ဥ မကျွေးရပါ။

သူကြီး ဦးသန်းမောင် လူဝင်စား ယခုဘဝ ကိုမောင်အေး (ဦးတင်မောင်ညွှန့်)သည် လော်ဘီးရှည်မြို့နယ်ခွဲတွင် ဥက္ကဋ္ဌ ဖြစ်သည်။ ရွှေဘဝဆက်က ပြန်၍ သူကြီးရာထူး ပြန်ရရှိခြင်းမှာ ဘဝဆက်တိုင်း မင်းစိုးရာဇာ ပါရမီရှင် ဖြစ်သည်။ အံ့သြစရာပင် ဖြစ်တော့သည်။

ယခုအချိန်တွင် ဆောမြို့သူကြီး လူဝင်စား ကိုမောင်အေးသည် လောင်းရှည်သူနှင့် ဖူးစာဆုံကာ သားသမီးများနှင့်အတူ ဆောမြို့နယ် သမဝါယမ ဥက္ကဋ္ဌအဖြစ် ထမ်းရွက်လျက်ရှိနေပါသည်။

မယုံလျှင် လက်တွေ့မျက်မြင် မေးမြန်းစုံစမ်းနိုင်ပါသည်။ လူဘဝကား ဆန်းကြယ်လှသည်။ ဆောမြို့သူကြီး လူဝင်စားကား ပို၍ ဆန်းကြယ်လှပါသည်တကား။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ယောနကဘိုးထောင်

❑

www.burmeseclassic.com

www.burmeseclassic.com

နောက်ခန္ဓာမရှိ စပ်ကြားဆို

ခုလတ်မောင်

ပန်းချီ ဆွေမြင့်

လူသည် သေပြီးသည့်နောက် ပိုင်းမှာ နောက်ခန္ဓာ မရခင်စပ်ကြား ဝိညာဉ်ဘဝဖြင့် သွားလာလှုပ်ရှားနေကြသည်ကို တမလွန် မရောက်သေးသည့် လူသားအားလုံး သိကြပါသည်။

ဘဝအဆက်ဆက် ဒါန၊ သီလ အားကောင်းသူများသာ အသက် ဝိညာဉ် ချက်ချင်းချွတ်သည်နှင့် ကောင်းရာ သုဂတိဘုံသို့ ချက်ချင်းရောက်သွား ကြပါသည်။ မရောက်သေးရင်တော့ ဟိုမရောက် ဒီမရောက်ဖြင့် တဝဲဝဲလည်ကာ မိမိနေအိမ်ထဲမှာပဲ မှီတွယ်နေထိုင်ကြလျက် မိသားစု သံယောဇဉ်ကြောင့် အဝေးမသွားနိုင်ကြတော့။

ဒီအဖြစ်လေးက ကျွန်မကိုယ်တွေ့ မဟုတ်ပေမယ့် ကျွန်မ အစ်မ၏ ဖြစ်ရပ်မှန်လေးမို့ နှစ်တွေကြာမြင့်ခဲ့ပေမယ့်လည်း အမှတ်ရနေသေးပါသည်။

*

ဝင်းဝင်း၊ နှင်းနှင်း။ ယုယု၊ ညီညီတို့ သူငယ်ချင်းလေးယောက်က သူငယ်တန်းကစပြီး ဆယ်တန်းအထိ အတွဲမပျက် ပေါင်းလာကြတာ ညီအစ်မရင်း ချာပမာ ဖြစ်နေကြသည်။ သူတို့တင်မက သူတို့နဲ့ ဆက်နွယ်နေသည့် မိသားစု အချင်းချင်းကပါ မိတ်ဆွေတွေဖြစ်လာကြပြီး ဝင်းဝင်းအမေဆို သမီးသူငယ်ချင်းတွေလာတိုင်း စားစရာ သောက်စရာတစ်ခု အမြဲလုပ်ကျွေးပြီး 'သမီး၊ သမီး' ဟုခေါ်ကာ ပါးစပ်ဖျားက မချတော့။

ဝင်းဝင်းအမေက စိတ်စေတနာကောင်းပြီး လူတစ်ဖက်သားအပေါ် ကိုယ့်သွေးသားအရင်းလို သဘောထားကာ သူ့အိမ်လာသည့် ည၌သည်မှန်သမျှ ထမင်းကျွေးပြီးမှ ပြန်လွှတ်သည်။

ထိုနည်းတူ နှင်းနှင်း၊ ယုယု၊ ညီညီတို့ အိမ်တွေကလည်း ကြုံလျှင် ကြုံသလို သူငယ်ချင်းလေးယောက် အလှည့်ကျ လည်ပတ်စားသောက်ကြတာ အစဉ်အလာလို ဖြစ်နေသည်။

ဒီနေ့လည်း ဝင်းဝင်းတ အိမ်မှာ အမေက မုန့်ဟင်းခါးချက်သဖြင့် မျိုမကဘဲ သူငယ်ချင်း သုံးယောက်ကို သွားခေါ်ပြီး အိမ်မှာ စားသောက်ကြသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

ကျန်သုံးသောက် အားရပါးရ စားနေပေမယ့် နှင်းနှင်းက တို့ကနန်း ဆိတ်ကနန်းလေးပဲ စားနေလေသည်။ မျက်နှာ အလွန်ညှိုးနေသဖြင့် အမေက

"ဟဲ့ . . . သမီးနှင်းနှင်း၊ နေ မကောင်းဘူးလား၊ အားရပါးရစားလေ သမီးရဲ့" ဟု လှမ်းပြောသည်။

ခေါင်းမော့ပြီးတမ်းစားနေသည့် ဝင်းဝင်းတို့တစ်သိုက်လည်း ဒီတော့မှ နှင်းနှင်းကို လှမ်းကြည့်မိတော့သည်။

"မိနှင်း နေမကောင်းလို့လား"

ဝင်းဝင်းမေးတာကို နှင်းနှင်းက ခေါင်းခါပြသည်။ ပြီးမှ-

"ငါ မဟုတ်ဘူး၊ ငါညီမလေး နေမကောင်းတာ"

နှင်းနှင်းတို့က မောင်နှမ ငါးယောက်ရှိသည်။ နှင်းနှင်းအထက်မှာ အစ်ကိုတစ်ယောက်၊ ပြီးတော့ နှင်းနှင်း၊ နောက် မောင်လေးနှစ်ယောက်၊ ညီမလေးတစ်ယောက်။ သူညီမလေး သင်းသင်း နေမကောင်းဖြစ်နေတာ အတော်ကြာပြီဆိုသည့်အကြောင်း နှင်းနှင်းက ပြောပြသည်။ ရောဂါက အမျိုးသမီးရောဂါဟု ပြောသည်။

"သူက ဆီးသီး သိပ်ကြိုက်တာ၊ သွေးမပေါ် ဘဲ ငုပ်နေလို့လား မသိဘူး၊ ဝိုတ်အောင့်နေတာ အတော်ကြာပြီ"

နှင်းနှင်း ညီမလေးက နှင်းနှင်းထက် ပိုဂျောသည်။

နှင်းနှင်းတို့အိမ်သွားတိုင်း ယခုတလော သူညီမလေးကို ခါတိုင်းလို မတွေ့မိတာ ယခုမှ သတိထားမိတော့သည်။

"အဖေရော အမေရော သူ့ကို ကြည့်ပြီး အတော်စိတ်ဆင်းရဲနေတာ၊ ပြတာလည်း ဆရာလည်း စုံနေပြီ၊ ခုထိ သွေးမပေါ်ဘူး"

အမျိုးသမီးတစ်ယောက် အမျိုဖော်ဝင်ပြီးသော်လည်း သူထုံးစံအတိုင်း ဓမ္မတ္တာမပေါ်ခဲ့လျှင် သေတတ်သည်မို့ နှင်းနှင်းတို့မိသားစု စိုးရိမ်သောဇာတွေ ဖိစီးနေတာ ဖြစ်သင့်ပါသည်။

မိတ်ဆွေတို့၏ ဝတ္ထုရှားအတိုင်း ဝင်းဝင်းတို့သားအမိ လူမမာသွားမေးကြသည်။ နှင်းနှင်းညီမလေး သင်းသင်းမှာ မမှတ်မိလောက်အောင်ပင် ရုပ်ပျက်ဆင်းပျက် ပိန်ကပ်နေသည်။ သူ့ပြားကပ်ကပ်ဗိုက်လေးကို ကိုင်ကာ 'အောင့်တယ်' ဟု ညည်းနေသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ဝင်းဝင်းတို့သားအမိလည်း ဘာမှလုပ်မပေးနိုင်သဖြင့် စကားအနည်းငယ်ပြောပြီး အားပေးကာ ပြန်ခဲ့ကြသည်။

ထိုနေ့က သင်းသင်းကို နောက်ဆုံးမြင်လိုက်ရခြင်းဖြစ်သည်။ နောက်တစ်နေ့ သင်းသင်းမှာ ည ၁၂ နာရီလောက်မှာ ဆုံးသွားသည့်အကြောင်း ညီညီနဲ့ယုယု လာပြောကြ၍ ဝင်းဝင်းတို့ မိသားစုအားလုံး ကိုယ့်သွေးသားရင်းချာတစ်ယောက် ဆုံးသွားသလို စိတ်မကောင်း ဖြစ်ကုန်ကြတော့သည်။

ထိုအချိန်က အလောင်းကို အိမ်မှာ သုံးရက်ပြင်ထားပြီး အိမ်နဲ့နီးသည့် ကြီတောသုသာန်မှာ မီးသင်္ဂြိုဟ်ဖို့ ပြင်ကြရသည်။ အဃေါ်ဆုံး အလှဆုံး သမီးလေး၏ ကြွေလွင့်ချိန်က စောလွန်းသဖြင့် မိဘနှစ်ပါးနှင့် အစ်ကိုတွေ အစ်မတွေက ယူကျုံးမရ ဖြစ်နေကြသည်။ ဝင်းဝင်းတို့မိသားစုနဲ့ ညီညီတို့ ယုယုတို့ပါ မျက်ရည် မဆည်နိုင်ကြ။

မစည်ကားအပ်သော အရာဖြစ်ပေမယ့် သူအသုဘက လိုက်ပို့သူတွေ များပြားကာ အလွန်စည်းကားလှပါသည်။ ကြီတောမီးသင်္ဂြိုဟ်စက်နဲ့ နီးသော်လည်း အရင်တုန်းက ခေတ်စားခဲ့သည့် ဝိုက်ပူကားကြီးတွေပေါ်မှာ လိုက်ပို့သူများ ပြည့်နေပါသည်။ ဝင်းဝင်းတို့ သားအဖလည်း လိုက်ပို့ကြသည်။

ကံက ဆိုးချင်တော့ အဲဒီတုန်းက ကြီတောသုသာန်မှာ မီးပျက်တာလား၊ သင်္ဂြိုဟ်စက် ပျက်တာလား မသိပါ၊ အလောင်းက တိုးလိုးတန်းလန်းကြီး ဖြစ်သွားသည်။ ထိုအချိန်တုန်းက အလောင်းထားရာ ရေခဲတိုက်လည်း မရှိတော့သင်းသင်းအလောင်းက အမျိုးလေး ဖြစ်သဖြင့် အဖေနဲ့အစ်ကိုတွေက အလောင်းစောင့်နေကြရသည်။ ကျန်သည့် လိုက်ပို့သူတွေအားလုံး ပြန်လာခဲ့ကြသည်။

ဝင်းဝင်းတို့ သားအဖလည်း မိတ်ဆွေအရင်း အချာတွေမို့ ချက်ချင်း အိမ်မပြန်ကြသေးဘဲ နှင်းနှင်းတို့အိမ်မှာ ခဏ နားနေလိုက်ကြသည်။ ညနေလောက်ကျတော့ နှင်းနှင်းတို့အဖေ ရောက်လာသည်။ သားတွေက ပြန်ခိုင်းလိုက်သည်မို့ မောမောနဲ့ အိမ်ရှေ့ခန်းမှာခင်းထားသည့် ဖျာပေါ်မှာ မှေးခနဲ အိပ်ပျော်သွားသည်။ သိပ်မကြာပါ။

ဝုန်းဆို အိပ်နေရာက ထလိုက်ပြီး ပြောင်းလဲသွားသည့် မိန်းကလေး အသံဖြင့် . . .

"သမီးကို ဆီးသီးကျွေးပါ၊ သမီး ဆီးသီးစားချင်လှပြီ" ဟု မျက်နှာနီဖြင့် ပြောနေသောကြောင့် နှင်းနှင်းတို့မိသားစု အလန့်တကြားဖြစ်သွားပြီး နှင်းနှင်း မိခင်က သူယောကျ်ားလက်ကို လှမ်းဆွဲသည်။

"ဆီးသီးနဲ့ ရှင့်နဲ့ ဘာဆိုင်လို့လဲ"

"သမီး၊ အမေရယ်- အမေတို့ အဖေတို့ကို လှမ်းခေါ်လည်း ဘယ်သူမှ မကြားကြဘူး၊ သမီးရေလောင်းချလည်း ဂရုမစိုက်ဘူး၊ သမီး ဆီးသီးကြိုက်တာကို အမေတို့ မသိတော့ဘူးလား"

သူယောကျ်ားကိုယ်မှာ ဝင်နေသည့် သမီးအသံကြားတော့မှ မိခင်ဖြစ်သူလည်း သူယောကျ်ားကိုဖက်ကာ . .

"ဖြစ်ရလေ သမီးလေးရဲ့" ဟု အော်ခေါ်ကာ ငိုပါတော့သည်။

ထိုအဖြစ်က ဝင်းဝင်းတို့ရှေ့မှာ ဖြစ်နေသည်မို့ ဝင်းဝင်းတို့လည်း ရင်ထုမနာဖြစ်ကြသည်။ သင်းသင်းဝင်ပူးနေသည့် သူ့အဖေကို ဆီးသီးထုပ်တွေ ချကျွေးတော့ ဆီးသီးလေးငါးထုပ် ပြိုက်ခနဲ ကုန်သွားသည်။ အစ့ေပင် မကျန်တော့။ ရိုးရိုးသာမန်လူသာဆို အစေ့တွေမျိုမိလို့ လည်ပင်းတစ်ပြီး အသက်ရှူရပ်မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ ဘဝပြောင်းသွားတာတောင် ဆီးသီးကြိုက်သည့် ဓလေ့လေးက ဝိညာဉ်ဘဝမှာပင် နှစ်ခြိုက်စွာ စားနေဆဲ။

နှင်းနှင်းမိခင်မှာ သမီးဝင်နေသည့် သူယောကျ်ားကို အတင်းဖက်နေသည်။ သူယောကျ်ားတစ်ဖြစ်လဲ သင်းသင်းက မိခင်လက်တွေကို တွန်းဖယ်သည်။

"သမီး ပူလို့ပါ အမေရယ်၊ သမီးကို မကိုင်ပါနဲ့၊ သမီးသွားတော့မယ်နော်"

"သမီး မသွားရဘူး။ သမီး မသွားရဘူး၊ သမီး အမေနဲ့ပဲနေရမယ်"

"သမီးနေလို့မရဘူး၊ အခုလောလောဆယ်တော့ သမီး အိမ်ရှေ့က သစ်ပင်မှာပဲ ရှိတယ်၊ သမီး အရင်ဘဝက အမေ့ရဲ့ အစ်ကိုကြီး ဝင်စားတာ"

-"သမီး မသွားရဘူး"

မိခင်တစ်ယောက် နာကျင်စွာ ခံစားနေရသည့် ဝေဒနာကို မကြည့်ရက်တော့သည်ဖို့ မပြန်ကြသေးသည့် စည့်သည်တချို့က နှင်းနှင်းတို့အမေကို ဝိုင်းချွေးထားလိုက်ကြသည်။

ဒီအချိန်မှာ သတိပြန်ဝင်လာသည့် နှင်းနှင်းအဖေက "မိန်းမ ဘာဖြစ်နေတာလဲ" ဟု လှမ်းမေးသည်။

ကျန်သည့် စည့်သည်တချို့က အကျိုးအကြောင်း ရှင်းပြကြသည်။

"ဖြစ်မှ ဖြစ်ရလေ သမီးလေးရယ်"

ဝင်းဝင်းတို့သားအဖလည်း ထိုမြင်ကွင်းကိုကြည့်ပြီး စိတ်မကောင်းကြ။ ရက်မလည်ခင် အတောအတွင်း ဝင်းဝင်းတို့သားအမိသုံးယောက် အလှည့်ကျ သွားကြသည်။

နှင်းနှင်းက သူညီမလေး သင်းသင်းက သူသိအောင် ရေစက်တွေချကြသည့်အကြောင်း၊ နောက်ဖေး မီးဖိုခန်းမှာ ချက်ပြုတ်နေလျှင် အနားကို လေတိုးသံနဲ့အတူ သူညီမလေးသုံးနေကျ ပေါင်ဒါနံ့လေးရနေကြောင်း၊ ညအိပ်လျှင်လည်း အိပ်မက်ထဲမှာပေါ်လာပြီး "ညီမလေး ဒီမိသားစုနဲ့ မခွဲခွာင်ဘဲ ခွဲရဦးမယ်" ဟု ပြောကာ ငိုနေကြောင်း နှင်းနှင်းက ပြောပြသည်။

လူတစ်ယောက်ခန္ဓာက ဝိညာဉ် ထွက်သွားသည်နှင့် မမြင်ရသောအရာဖြစ်သွားသည်ဖို့ ဘာပဲပြောပြော ဝင်းဝင်းတို့တွေလည်း လူမလန့်သော်လည်း သွေးက လန့်ချင်ချင်။

နှင်းနှင်းတို့အိမ်သို့ သွားလျှင် အနားမှာ သင်းသင်းလာထိုင်နေသလို ခံစားမှုမျိုးဖြစ်ပေါ်နေသည်။

အားလုံးထဲမှာ အကြောက်တတ်ဆုံးက ညီညီ။ ဝင်းဝင်းကတော့ သူတို့ထက်စာလျှင် သတ္တိရှိသည်ဟု ခေါ်ရမည်။ တစ်ပတ်မပြည့်မီရက်အတွင်း သင်းသင်းတစ်ယောက် ဝိညာဉ်ဘဝဖြင့် သူ့အိမ်ထဲမှာပင် လှည့်လည်နေလိမ့်မည်ဟု ဝင်းဝင်း ထင်သည်။

တစ်ပတ်ပြည့် ရက်လည်ဆွမ်းကပ်တော့ နံနက်စောစော ဘုန်းကြီးငါးပါး သီလပေးကတည်းက ဝိုင်းဝင်းတို့သားအဖ သုံးယောကျ်စလုံး တရားနာယူကြသည်။ သင်းသင်းအဖေရော အမေရော မျက်ရည်မဆည်နိုင်ကြ။ ကံတရား၏ စီမံချက်အရ အငယ်ဆုံး သမီးလေး၏သက်တမ်းက တိုတောင်းလွန်းလှသည်ဖို့ သူတို့လည်း ရင်ထုမနာဖြစ်နေကြသည်။

သင်းသင်းကို တရားနာဖို့ခေါ်ကာ နေရာပေးထားသည်။ သူ့နေရာလေးက သူ့အမေနဲ့ကပ်လျက် နေရာလေး။ သင်းသင်းလာမှန်း သိသာပါသည်။ ထိုနေရာလေးမှာ သင်းသင်း သုံးနေကျ ပေါင်ဒါနံ့၊ ဆီးသီးနံ့တွေက လွှမ်းနေသည်။

ဝင်းဝင်းလည်း ကြက်သီးတွေထနေသည်။ သင်းသင်းက သူ့အစ်မ သူငယ်ချင်းတွေထဲမှာ ဝင်းဝင်းကို အခင်ဆုံးဖြစ်သည်။

"သင်းသင်းရေ- အမျှ အမျှ အမျှ၊ ကောင်းမွန်ရာဘုံဘဝသို့ သွားပါကွယ်"

ဝင်းဝင်း စိတ်ထဲကနေ ရွတ်နေလိုက်သည်။ ဝင်းဝင်းလက်မောင်းသားကို တစ်ခုတစ်ယောက်က ပွတ်သပ်သလိုမျိုး ခံစားသွားရသည်။ နံနက်အလင်းရောင် အားနည်းသောအချိန်မို့ ဝင်းဝင်းပင် တွန့်သွားမိသည်။

ဘုန်းကြီးငါးပါး ရွတ်ဖတ် အမျှဝေပြီးသည်နှင့် သင်းသင်းကို သူ့နေရာသူပြန်ဖို့ သူ့အဖေက ပြောလိုက်သည်။ သင်းသင်းအမေကတော့ မျက်ရည်ကျနေဆဲ။ ဒီဘဝမှာ ဓလေတာပဲ ဆုံစည်းလိုက်ရသည့် သမီးငယ်လေး အတွက် အမျှဝေလို့ မဆုံးနိုင်တော့။

ရက်လည်သည့် ညမှာလည်း သင်းသင်း သူ့မိဘနှစ်ပါးနဲ့ အစ်ကို၊ အစ်မတွေကို အသံရော အနံ့ရော နူတ်ဆက်သည်ဟု နှင်းနှင်းက ပြန်ပြောပြသည်။ လတွေ့ အတော်ကြာသည်အထိ သင်းသင်းက သူတို့အိမ်၏ တည့်တည့်မှာရှိသည့် အပင်ကြီးမှာရှိနေကြောင်း နှင်းနှင်းက ပြန်ပြောပြသည်။

ဘဝခြားသွားပြီဖို့ သူတို့မိသားစုလည်း သင်းသင်းကို ကျွတ်လွတ်စေချင်ကြမည်။ သင်းသင်းတစ်ယောက် အမြန်ဆုံး ကျွတ်လွတ်ပါစေဟုသာ ဝင်းဝင်းတို့မိသားစုလည်း ဆုတောင်းနေကြသည်။

နောက်ခန္ဓာမရမီစပ်ကြား သင်းသင်းတစ်ယောက် ဘယ်လိုဘဝမျိုးနဲ့ ကြုံနေပါလိမ့်ဟု တွေးမိသည်။ သေခြင်းတရားသည် မမိတ်ခေါ်ဘဲ ရောက်လာမည့်ရက်ကို စောင့်ရင်း . . . ။

နုလတ်မောင်

❑

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယတို့ကိုးကွယ်သော ဂျိုလိနေဝင်းတို့ကို ကယ်ထုတ်ပို့

နွယ်ဦးမွန်(ကျုံဒါး)

အချိန်ကား မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်များ အုပ်စိုးနေသော (၁၉၄၂ ခုနှစ်)က ဖြစ်သည်။ ဖက်ဆစ်ဂျပန်များကို တော်လှန် မောင်းထုတ်ရန် အတွက် ရဲဘော်သုံးကျိပ်ဝင်များနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး အမျိုးသားအသွင်ဖြင့် လှုပ်ရှားနေကြသော ကာလ ဖြစ်ပေသည်။

ရောဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေး ဒရဲမြို့နယ်၊ ကျုံဒါးတိုက်နယ် (ကျုံဒါးကျွန်း) ပေါ်သို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်းနှင့် ဦးဘဆွေခေါင်းဆောင်သော တော်လှန်ရေး ရဲဘော်များသည် လျှို့ဝှက်စွာ တိတ်တဆိတ် ရောက်ရှိနေပြီး တော်လှန်ရေးအတွက် စည်းရုံးနေကြသည်။

ကျုံဒါးသည် သူကြီး(၁၀)ပိုင်ကို အုပ်ချုပ်သော တိုက်နယ် ဖြစ်သည်။ ကျွန်း၏တောင်ဘက်အစွန်းတွင်ရှိ၍ ရွာကြီးသည် ထူးခြားသည်မှာ အနောက်ဘက်က အကယ်ဒမြစ်၊ အရှေ့ဘက်က သံဒိဝ်မြစ်တို့က ဝိုင်းပတ်ထားသောကြောင့် သူကြီး (၁၀)ပိုင် ရွာများသည် ကျွန်းအတွင်း၌ ပါနေသည်။

ထို့ကြောင့် ကျုံဒါးကျွန်း ဟူ၍ ခေါ်သည်။ ထိုကျွန်းပေါ်တွင် ဂျပန်စစ်တပ်ရှိသည်။ ကျုံဒါးရွာ၌ တပ်စွဲထားပြီး လှုပ်ရှားသည်။

ဗိုလ်နေဝင်းနှင့် ဦးဘဆွေတို့သည် ဂျပန်တပ်စွဲထားသော ကျုံဒါးရွာနှင့် ငါးမိုင်ခန့်ဝေးသည့် ချောင်းကြီးကျေးရွာတွင်နေ၍ ကျုံဒါးကျွန်းပေါ်နှင့် အနီးရှိ ကျေးရွာများကို စည်းရုံးသည်။

ချောင်းကြီးကျေးရွာကို ရွေးချယ်၍ အခြေချရခြင်းမှာ ချောင်းကြီးကျေးရွာသည် ကျွန်း၏ ဗဟိုအလယ်ကျသည့် ပတ်ဝန်းကျင် ကျေးရွာများနှင့်လည်း ဆက်သွယ်ရ လွယ်ကူသည်။ နှစ်ဖက်မြစ်များနှင့် နီးသောကြောင့် ရေကြောင်းကို အသုံးပြုနိုင်သည်။ ဂျပန်တပ်နှင့်လည်း ဝေးသည်။ ဒေးဒရဲ၊ ကွမ်းခြံကုန်းမြို့များနှင့်လည်း ရေလမ်း၊ ကုန်းလမ်း ဆက်သွယ်၍ရသည်။ အထူးသဖြင့် ကိုဒေါင်း၊ ကိုမြကြီး စသော အမာခံရဲဘော်များလည်းရှိသောကြောင့် လုံခြုံမှုအတွက် စိတ်ချရသည်။

ဂျပန်များသည် ဗိုလ်နေဝင်းတို့ ကျုံဒါးကျွန်းပေါ်၌ ရောက်နေသည်ကို အရိပ်အမြွက် သိကြသည်။ ထို့ကြောင့် မျက်ခြေပြတ်မခံဘဲ ရွာတိုင်းကို စောင့်ကြည့်နေကြသည်။ သို့သော် နယ်ခံလူထု၏ အကာအကွယ်ပေးမှုကြောင့် နေရာအတိအကျမသိဘဲ ရွာဖွေ၍မရခြင်းပင် ဖြစ်သည်။ ရှိမှန်းသိလျက်နှင့် ဖမ်းမရခြင်းကိုလည်း ဂျပန်များ မချင့်မရဲ ဖြစ်နေပုံရသည်။

တစ်နေ့တွင် ဂျပန်များ ချောင်းကြီးရွာသို့ မထင်မှတ်ဘဲ ရောက်လာကြသည်။ ထိုအချိန်တွင် ဗိုလ်နေဝင်းနှင့် ဦးဘဆွေတို့သည် ရွာထဲ၌ရှိနေသည်။

ခါတိုင်းဆိုလျှင် ဂျပန်များသည် ကြောကြာမနေဘဲ ပြန်ထွက်သွားသည်။ ယခုသည် ပြန်ထွက်မည့် အနေအထား

www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။ အဘယ်ကြောင့်ဆိုသော် ရွာကို ကင်းများပတ်ချလိုက်သည်။ ရွာလယ်ကောင်မှ စီးနေသော ချောင်းကိုလည်း ချောင်းရင်း မှတစ်ချက်၊ ချောင်းဖျားမှ တစ်ချက်ဖြတ်ပြီး ဂျပန်စစ်သားများကို လက်နက်အပြည့်အစုံနှင့် ကင်းချသည်။

အမာခံရဲဘော်များ ဖြစ်ကြသော ကိုဒေါင်း၊ ကိုမြကြီး၊ ကိုအောင်စိန်တို့သည် ဂျပန်များ ခါတိုင်းကဲ့သို့ မဟုတ်ဘဲ နည်းဗျူဟာပြောင်းသည်ကို သတိထားမိသည်။ အနေအထားအရဲကြည့်ရသည်မှာ ကုန်းရော၊ ရေရောပိတ်ပြီး ရွာထဲကို တရွာကြမ်း ဝင်မွေ့မည့်ပုံပေါ်နေသည်။

ဤအတိုင်းဆိုလျှင် ဗိုလ်နေဝင်းနှင့် ဦးဘဆွေတို့ ဂျပန်တွေ ရွာထဲမဝင်မီ မဖြစ်မနေ ထုတ်ရတော့မည်ဖြစ်သည်။

သို့သော် ထင်သလောက်မလွယ်ပေ။ ဂျပန်တို့ ကင်းစည်းရိုးထိုးထားသည်မှာ လုံလွန်းလှပေသည်။ ချောင်းနှီးကလည်း ထွက်၍မရ၊ ရွာကို ဖောက်ထွက်ဖို့ဆိုသည်မှာလည်း လုံးဝ မဖြစ်နိုင်။ ထွက်သည်နှင့် 'ကွဲ'ခနဲနေအောင် မိမှာသေချာသည်။ ယခု ပုန်းအောင်းနေသည့် နေရာမှာလည်း စိတ်မချရပေ။ မြေလှန်ရှာလျှင် တွေ့နိုင်သည်။ ဂျပန်တွေကို လျှောက်တွက်၍မရမှန်း သိသည်။ လူညံ့တွေမဟုတ်သည်မှာသေချာသည်။

ကမ္ဘာစစ်ကိုပင် တိုက်နေသူတွေဖြစ်သည့် လူလည်တွေ ဖြစ်သည်ကို တော်လှန်ရေးရဲဘော်များ သိကြသည်။ ဂျပန်တို့သည် စေ့စပ် သေချာသည်၊ အကင်းပါးသည်၊ အပင်ပန်းခံနိုင်ကြသည်။ ထို့ကြောင့် ရွာထဲ၌ ပုန်းအောင်းနေခြင်းထက် ရွာပြင်သို့ ကိုယ်ယောင်ဖျောက် ထုတ်ဖို့ကိုသာ မဖြစ်မနေ ကြိုးစားရတော့မည်ကို အားလုံးနားလည်ကြသည်။ သည်အတွက် နည်းလမ်းရှာရပေတော့မည်။

အချိန်သည် တဖြည်းဖြည်းနှင့် ညနေဘက်သို့ ရောက်လာလေပြီ။

ကိုဒေါင်းသည် အခြေအနေတစ်မျိုးမျိုး တွေ့လိုတွေ့ငြား ရွာပြင်သို့ လှမ်းမော်ကြည့်လိုက်သည်တွင် သူမြင်ရသည်မှာ "ငါးတင်းဝင်ပုတ်" တစ်ဖက် တစ်လုံးကို ကြိုးနှင့်သိုင်း၍ ထမ်းပိုးတုံးနှင့် လျှိုထမ်းကာ တလင်းထဲမှနေ၍ ကျီထဲသို့ ဝမ်းစာစပါး ထမ်းသွင်းနေသည့် ကိုချက်ကြီးကို တွေ့ရလေသည်။ ကိုဒေါင်း အတန်ကြာအောင် စိုက်ကြည့်၍ စဉ်းစားနေသည်။

လူတိုင်း မထမ်းနိုင်သည့် စပါးဆယ်တင်းမဲ့ကို ပုတ်ခနစ်လုံးနှင့် ထမ်းနေခြင်းကို အံ့သြ၍မဟုတ်ပေ။ ကိုချက်ကြီး အကြောင်းကို သူသိနှင့်ပြီး ဖြစ်သည်။ ဤအလုပ်မျိုးသည် ကိုချက်ကြီးအတွက် ရိုးနေလေပြီ။ ကိုဒေါင်းလည်း မကြာခဏတွေ့ဖူးသည်။ သို့သော်. . .

ကိုချက်ကြီးသည် နှယ်နှယ်ရရ မဟုတ်ပါ။ သူသည် ကျုံဒေးရွာသားဖြစ်သည်။ ချောင်းကြီးရွာသူနှင့် အိမ်ထောင်ကျ၍ ချောင်းကြီးရွာတွင် နေသည်။ အသက်အစိတ်ခန့်ရှိ၍ ပွဲနပန်းတောင့်တောင့်၊ အရပ်အမောင်းကောင်းကောင်းနှင့် လူသန်ကြီးတစ်ယောက်ဖြစ်သည်။ "အုန်းပင်အရင်းပိုင်း၊ ကိုးတောင် ဖြတ်ထားသည်ကို" မည်သူ၏ အကူအညီမျှ မပါဘဲ သူ့ဟာသူ ပင့်ချီ၍ထမ်းပြီး လက်လံ နှစ်ဆယ်ကို သွားနိုင်သောကြောင့် အလောင်းအစားပြုလုပ်ရာတွင် စပါးတင်း (၇၀) နိုင်ဖူးလေသည်။

စပါးထမ်းနေသော ကိုချက်ကြီးကို ကြည့်နေရင်းမှ ကိုဒေါင်းသည် အကြံတစ်ခုကို ရလိုက်လေသည်။ သူ၏ မျက်နှာသည် ဝင်းပသွားသည်။ သူသည် မကြာမီ ကိုချက်ကြီးအနီးသို့ရောက်လာပြီး တိုးတိုးကပ်၍ အစီအစဉ်ကို ပြောလိုက်လေသည်။

ကိုချက်ကြီးက ဦးခေါင်းကို မသိမသာ ညိတ်ပြလိုက်သည်။ သူတို့၏ အစီအစဉ်သည် လုံးဝမှား၍ မရပါ။ အသက်နှင့်ရင်းပြီး စွန့်စားလုပ်ရမည်ဖြစ်သည်ကို အားလုံး နားလည်ကြသည်။

ကိုချက်ကြီး၏ တလင်းသည် ရွာအပြင် ခပ်လှမ်းလှမ်းတွင်ရှိသည်။ ထို တလင်းမှ နှယ်ပြီးသားစပါးများကို ရွာတွင်းရှိ ကျီထဲသို့ ထမ်းသွင်းနေခြင်းဖြစ်သည်။ ဂျပန်စစ်သားများသည် ကိုချက်ကြီးအား ထူးဆန်းသလို ကြည့်ကြသော်လည်း အခေါက်ပေါင်းများလာသော အခါ ရိုးသွား၍ မကြည့်ကြတော့ပေ။ ကိုချက်ကြီးကလည်း တမင် ဂျပန်စစ်သားများ၏အနီးမှ လေကလေးချွန်ပြီး ထမ်းပြနေလေသည်။ အမှန်မှာ ကိုချက်ကြီးသည် ဂျပန်များကို အယုံသွင်းနေခြင်းသာ ဖြစ်သည်။

နေလုံးကြီးသည် အနောက်ဘက်တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။ အမှောင်ရိပ်တို့က သမ်းစပြုလာသည်။ ထိုအချိန်တွင် ဂျပန်စစ်သားများသည် ရွာထဲသို့ဝင်ရောက်၍ တစ်အိမ်တက်ဆင်း ရှာဖွေနေကြလေပြီ။ ခွေးသံ၊ လူသံများလည်း တစ်ရွာလုံး ဆူညံနေတော့သည်။

ရွာ၏အပြင်တွင် ကင်းချထားသော ဂျပန်စစ်သားများလည်း ရွာထဲသို့ ဝင်သွားကြသည်။ ဤအခွင့်အရေးကို ကောင်းကောင်း အသုံးချလိုက်သူမှာ ကိုချက်ကြီးပင်ဖြစ်သည်။

ဗိုလ်နေဝင်းနှင့် ဦးဘဆွေကို သူထမ်းနေသော ငါးတင်းဝင်ပုတ်တွင် တစ်ဖက်တစ်ယောက်စီဝင်စေပြီး တုံးလုံးအနေအထား ခွေအိပ်ခိုင်းကာ ခပ်သွက်သွက်ထုမ်း၍ ထွက်သွားလေသည်။ မှောင်ရီသမ်းနေပြီ ဖြစ်သောကြောင့် ညိုအစ်ကိုမသိတသိအချိန်သည် ကိုချက်ကြီး၏ စစ်ဆင်ရေးစွန့်စားမှုကို အကာအကွယ် ပေးနေသည်။

ဗိုလ်နေဝင်းနှင့် ဦးဘဆွေကို ထမ်းထွက်လာသော ကိုချက်ကြီးသည် ရွာနှင့် လယ်တစ်ကွက်ကျော်သို့ ရောက်သည့်အခါ ကင်းစောင့်နေသော ဂျပန်စစ်သားသည် သူသွားမည့် ရွှေတည့်တည့်တွင် ရပ်နေသည်ကို တွေ့ရသည်။ သို့သော် ဤနွေမျပက်ပင် ပုံမှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

လေချွန်ပြီး သူ၏ အနီးကပင် ထမ်းထွက်သွားလေသည်။

ဂျပန်စစ်သားလည်း ဘာမှမထူးခြားသလို မြင်နေကျအတိုင်းမို့ လုံးဝသက်ဒသည့်အလား ကိုချက်ကြီးနှင့် ပုတ်တွေကိုမကြည့်ဘဲ တစ်ဖက်သို့လှည့်၍ ရွာဘက်ကိုသာ အာရုံစိုက်ကြည့်နေလေသည်။ ကိုချက်လည်း ကွန်ဒေရရပင် ခြေလှမ်းမှန်မှန် ခပ်တည်တည် ထမ်းထွက် လာနိုင်ခဲ့သည်။

သူ၏တလင်းသို့ ရောက်သော အခါ ကောက်ရိုးပုံ၏ဘေးတွင် ဒုက်၍ ကောက်ရိုးများနှင့် ဖုံးအုပ်ထားလိုက်လေသည်။

"ဟူး. . . "

သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။ ကိုချက်ကြီးသည် ရင်ထဲမှ လေပူများ ထွက်သွားသဖြင့် အလုံးကြီးကျသွားကာ ပေါ့သွားတော့သည်။ ထို အချိန်တွင် ရွာထဲ၌ကား ဂျပန်များ ဝင်မွှေနေသောကြောင့် ကမ္ဘာပျက်မည့် အလား ပွက်လောရိုက်နေလေသည်။

တစ်အောင့် ကြာသောအခါ ကိုဒေါင်းနှင့် ကိုမြကြီးတို့သည် ဂျပန်ကောင်တွေ မသိအောင် အလစ်ထွက်လာကြပြီး ကိုချက်ကြီး၏ တလင်းတွင် ဝိုလ်နေဝင်းတို့နှင့် ဆုံမိသည်နှင့် ကိုချက်ကြီးကို နှုတ်ဆက်ပြီး ဝိုလ်နေဝင်းနှင့် ဦးဘဆွေကိုခေါ်ကာ ချောင်းကြီးရွာ၏ အရှေ့ဘက် မြစ်ကမ်းဘေးတွင်ရှိသော လှည်းဆိပ်ရွာသို့ ထွက်ခဲ့ကြသည်။

ထိုရွာမှတစ်ဆင့် မြစ်ကို လေ့နှင့် ဖြတ်ကူးကာ တစ်ဖက်ကျွန်းပေါ်တွင် ရှိသော ကျဲကနန်သူကြီး ဦးရွှေမျိုး၏ထံသို့ အရောက်တိမ်းရှောင်ခဲ့ကြရသည်။ ဝိုလ်နေဝင်းနှင့် ဦးဘဆွေတို့သည် ရန်သူဖမ်းမည့်ဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့ရသည်။

ဤကဲ့သို့ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ စွန့်စားကူညီခဲ့ကြသော ချောင်းကြီးကျေးရွာမှ ကိုဒေါင်း၊ ကိုမြကြီးတို့သည် နိုင်ငံတော်မှ ချီးမြှင့်သော နိုင်ငံဂုဏ်ရည်ဆုများကို အသီးသီးရရှိကြသော်လည်း ကိုချက်ကြီးမှာ ဆုမပေးမီ နှစ်အနည်းငယ် အလိုတွင် ကွယ်လွန်သွားသောကြောင့် နိုင်ငံဂုဏ်ရည်ဆုကို မရလိုက်ပေ။

သို့သော်လည်း အုန်းတုံးကိုးတောင်ကိုထမ်းသော လူသန်ကြီးကိုချက်ကြီးသည် သူ၏အစွမ်းဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် တစ်တပ်တစ်အား ကူညီလိုက်သည့် ကိုချက်ကြီးအား ဤစာစုဖြင့် မှတ်တမ်းတင် ဂုဏ်ပြုလိုက်ပါသည်။

ဤစာစုသည် ဦးဒေါင်းပြောပြခဲ့သော တကယ့်ဖြစ်ရပ်မှန်ဖြစ်သည်။

နွယ်ဦးမွန် (ကျဲဒိုး)

အမျိုးသမီးများ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်အေးရစေဖို့

❁ ကိုယ့်အမှားတစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသေ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား ❁ အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်သလား ❁ လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား ❁ ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းချင်သလား ❁ အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်သွားစေဖို့ ❁ နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ❁ မိမိပြောစကား သူအပေါ် အောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ❁ တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေး အဆင်ပြေသာယာ ပျော်ရွှင်စေဖို့။

ဝန်ခံရပညာ ယတြာအစီအရင် နည်းလမ်းကောင်းများရှိပါတယ်

ဆရာမ ဒေါ်နှင်းသူဇာဦး

လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဝင်ငွေခွန်ဆောင်ခြင်းမရှိပါ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(အောက်ပါ အဖြစ်အပျက်များသည် စာရေးသူ၏ စိတ်ကူးသက်သက် ဇာတ်သာဖြစ်ပြီး မည်သည့် ဘာသာရေး၊ ဂေဟသည့် သိပ္ပံပညာရပ်ကိုမျှ ကိုယ်စားမပြုပါကြောင်း၊ အသိပေးအပ်ပါသည်)

အခန်း(၁)

သင်္ကြာရက် ၂၁၁၅ ခုနှစ်၊ မြန်မာပြည်၊ ရန်ကုန်မြို့။

ရေဝေး သုသာန်။

မိုးတဖွဲဖွဲက ဝဿန်ရင်ကို ပိုပို လွမ်းမောအောင် ဇာတ်ပို့နေသည်။ ရေခဲတိုက် အခန်း၀ရှိ ဒေါက်တာရင်ညီးအောင်၊ အသက်(၃၈)နှစ် ဆိုသော လူပ်ရှားနေသော စာတန်းက ဝဿန်ကို ယခုအဖြစ်အပျက်ဆိုးသည် အိပ်မက် မဟုတ်ဘူးဟု သတိပေးနေသည်။

ကားကြီး ကားငယ်များဖြင့် တဖွဲဖွဲ ရောက်လာကာ အသုဘရှုကြသော သူများက ဒေါက်တာရင်ညီးအောင်နှင့် ဝဿန်တို့၏ အသိုင်းအဝိုင်းကို ဖော်ပြနေသည်။

ဝဿန်သည် ယုကျူးမရ ဖြစ်နေသည်။ ဤအဖြစ်အပျက်သည် အပြစ်တင်ကြေးဆိုလျှင် သူမသည် ကံကြမ္မာတိုသာ အပြစ်တင်မိချေမည်။

ရင်ညီးအောင်နှင့် ဝဿန်သည် ချစ်သူသက်တမ်း (၇)နှစ် အိမ်ထောင်သက်တမ်း (၆)နှစ်ကြာအောင် ပတ်သက်ခဲ့ကြသူများ ဖြစ်သည်။

ကံကောင်းသည် ပြောရမလား၊ ကံဆိုးသည် ပြောရမလား သူတို့တွင် သားသမီး မထွန်းကားခဲ့ပေ။ ရင်ညီးအောင်သည် ရုပဝေဒသကို အထူးပြုလေ့လာခဲ့ပြီး ဒေါက်တာဘွဲ့ကို ရခဲ့သည်။

သူသည် သူ၏နေ့နက်ဆုံးအချိန်အထိ လပေါ်တွင် သက်ရှိများရှိကြောင်း သက်သေပြရန် ကြိုးစားနေခဲ့သူ ဖြစ်သည်။

"ဝဿန်"

ငေးမောနေသော ဝဿန်ကို နောက်မှ လှမ်းခေါ်လိုက်သူက ဒေါက်တာ မျိုးအောင်။ ဒေါက်တာမျိုးအောင်သည် ဒေါက်တာရင်ညီးအောင်နှင့်အတူ သုတေသန ပြုနေသော ဒေါက်တာရင်ညီးအောင်၏ အားအထားရဆုံး မိတ်ဆွေကောင်းတစ်ယောက်ပင် ဖြစ်သည်။

"ဩော် . . . ကိုမျိုးအောင်"

ဝဿန်သည် တစ်ချက်လှည့်ကြည့်လိုက်ပြီး ရေခဲတိုက် ခန်းမဘက်သို့ ပြန်လှည့်လိုက်သည်။

"ဝင်ထိုင်ရအောင်လေ"

ဒေါက်တာမျိုးအောင်သည် ငှဉ်ကြီး ရပ်နေသော ဝဿန်ကို တွဲကာ အသုဘရှုပရိသတ်ကို ဖြတ်ကျော်ကာ အလောင်းစင်နှင့် အနီးဆုံး ပထမဆုံးခုံတန်းတွင် ဝင်ထိုင်စေပြီး သူက ဝဿန်အောက်တွင် ဝင်ထိုင်လိုက်သည်။

ခဏပရိသတ်ထဲမှ . . .

"အဲဒါ ဒေါက်တာရင်ညီးအောင်ရဲ့ အမျိုးသမီးလေ"

"သိချင်နေဆရာမ ဝဿန်မိုးတဲ့"

"သနားပါတယ် ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရရှာတယ်" စသော တီးတိုးသံသဲ့သဲ့ကို ကြားနေရလေသည်။

ဒေါက်တာမျိုးအောင် သည် ဝဿန် မျက်နှာကို ကြည့်ကာ . . .

"ဝဿန် ငိုချင် ငိုချလိုက်ပါလား" ဟု စိုးရိမ်စိတ်ဖြင့် ပြောလိုက်လေသည်။

"ရပါတယ် ကိုမျိုးအောင်ရယ်၊ မောင်နဲ့ ပတ်သက်လာရင် ကျွန်မ ဘယ်ဒုက္ခမျိုးမဆို ခါးစည်းခံမယ်လို့ သန္နိဋ္ဌာန်ချပြီးမှ မောင့်နောက် လိုက်ခဲ့တာပါ၊ မိဘ အသိုင်းအဝိုင်းဒဏ်၊ စားဝတ်နေရေး ကြပ်တည်းတဲ့ ဒဏ်၊ အဆိုးဆုံးကတော့ မောင့်အလုပ်နဲ့ပတ်သက်ပြီး အားလုံးက အန္ဓဇလို့သတ်မှတ်ခဲ့တဲ့ ဒဏ်တွေတောင် ခံခဲ့ရသူပါ၊ အခုအချိန်မှာ ကျွန်မ ခံနိုင်ရည်ရှိနေပါပြီ ကိုမျိုးအောင်"

ဝဿန်သည် အလောင်းကို လှမ်းကြည့်ရင်း တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေလိုက်သည်။

သင်္ကြာရန် အချိန်ကျသော အခါ တာဝန်ကျသူများက အလောင်းကို လာယူကြသည်။

ဝဿန်သည် သူ့ထက်(၄)နှစ်ကြီးသော ခင်ပွန်း၏ ရုပ်ကလာပ်ကို နောက်ဆုံးအကြိမ် ရိုသေစွာ ကန်တော့လိုက်သည်။

တည်ငြိမ်သောအသွင် ဆောင်နေသော ဝဿန်ကို ဧည့်ပရိသတ်က တီးတိုးဝေဖန်ကြသည်။ မည်သို့ ဝေဖန်သည်ကို ဝဿန် ဂရုမစိုက်ပေ။

"မီးစက်ခန်းထဲ လိုက်ဦးမလား ဝဿန်"

ဒေါက်တာမျိုးအောင်၏ အမေးကို ဝဿန် ခေါင်းယမ်းခြင်းဖြင့် သာ တုံ့ပြန်နိုင်သည်။ ထိုအချိန်တွင် . .

"ဝဿန်"

အပြေး တစ်ဝိုင်းဖြင့် ရောက်လာသူက ဝဇီဇည်ဆွေပင် ဖြစ်သည်။

"ဩော်- ကိုမျိုးအောင်လည်း ရောက်နေတာကိုး"

ဝင်းညွှန့်ဆွေသည် ပြောပြော ဆိုဆိုဖြင့် ဒေါက်တာမျိုးအောင်ကို လက်ကမ်းပေးလိုက်သည်။

"ဟုတ်တယ် ကိုဝင်းညွှန့်ဆွေ၊ ခင်ဗျား ခုမှ ရောက်သလား"

ဒေါက်တာမျိုးအောင်က လက်ဆွဲနှုတ်ဆက်ရင်း ပဋိသန္ဓာရ စကားဆိုလိုက်သည်။ ဝဿန်ကမူ အကြည့်ဖြင့်သာ နှုတ်ဆက်နိုင်သည်။ သုံးဦးသား နှုတ်ဆိတ်နေမိသဖြင့် ဒေါက်တာမျိုးအောင်ကပဲ . . .

"ကဲ ကိုဝင်းညွှန့်ဆွေရေ၊ ကျွန်တော်မီးစက်ခန်းထဲ လိုက်သွားလိုက်ဦးမယ်၊ ဝဿန်ကတော့ မလိုက်ဘူးပြောလို့ ခင်ဗျားနဲ့ပဲ ထားခဲ့မယ်"

"ဟုတ်ကဲ့ သွားပါ ကိုမျိုးအောင်၊ ကျွန်တော် ဝဿန်ကို ပြန်လိုက်ပို့လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးအောင်သည် အလောင်းစင်တွန်းရာနောက်သို့ လိုက်သွားသော ည့ေပရိသတ်ကြားထဲသို့ တိုးဝင်သွားသည်။

ဝင်းညွှန့်ဆွေက. .

"ဝဿန် ပြန်တော့မလား"

ဝဿန်က ခေါင်းညိတ်ပြလိုက်သည်။

"ကဲ- ဒါဖြင့် ကျွန်တော် ပြန်လိုက်ပို့မယ်၊ သွားရအောင်"

ဝင်းညွှန့်ဆွေက ကားရှိရာသို့ ထီးမိုးကာ ခေါ်ဆောင်သွားသည်။

လမ်းတွင်. . .

"ဝဿန် ကျွန်တော်အရေးကြီး ကိစ္စတစ်ခုကြောင့် နောက်ကျသွားတာ ခွင့်လွှတ်ပါနော်"

"ရမါတယ်"

ထို့နောက်တွင်ကား နှစ်ဦးလုံး နှုတ်ဆိတ်စွာဖြင့်။

ဝင်းညွှန့်ဆွေသည် ရင်ညှိုးအောင်နှင့် အထက်တန်းကတည်းက ပေါင်းသော ငယ်သူငယ်ချင်းဖြစ်သည်။ ရင်ညှိုးအောင်လောက် မထက်မြက်သော်လည်း ယခု ရင်ညှိုးအောင်၊ မျိုးအောင်တို့နှင့်အတူ ကုမ္ပဏီတစ်ခုတည်းတွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်သည်။

ရင်ညှိုးအောင်ကို နားအလည်ဆုံး ငယ်ပေါင်းကြီးဖော် တစ်ယောက်ဆိုလျှင် မမှားပေ။

"အိမ်ထဲ ဝင်ပါဦး"

ဝဿန်သည် အားယူပြီး လောကွတ်ပြုလိုက်သည်။ အလိုက်သိသော ဝင်းညွှန့်ဆွေက. . .

"မဝင်တော့ဘူး ဝဿန်၊ ကျွန်တော် ကိစ္စရှိသေးတယ်"

"ဒါဖြင့် ခွင့်ပြုပါဦး၊ ကေးဇူးတင်ပါတယ်"

"ရပါတယ် ဝဿန်၊ ကျွန်တော် သွားတော့မယ်နော်"

ဝင်းညွှန့်ဆွေသည် နှုတ်ဆက်ပြီး သည့်တိုင် ဝဿန် ခြံတံခါးဖွင့်ပြီး အိမ်ထဲဝင်သည်အထိ စောင့်နေပေးလိုက်သည်။ ဝဿန် အိမ်ထဲဝင်သွားမှ ကားမောင်းပြီး ထွက်လာခဲ့လေသည်။

ဝဿန်သည် အိမ်ထဲရောက်သော် အိပ်ခန်းထဲသို့ တန်းဝင်ကာ ခေါင်းအုံးပေါ်သို့ မျက်နှာမှောက်ကာ ငိုချလိုက်လေတော့သည်။

အခန်း (၂)

တစ်နှစ်ခန့်ကြာသော်. .

တစ်ခုသော ညဦးပိုင်း၌ ဝဿန်သည် MRTV-9 NEWS CHANNEL ကိုဖွင့်လှက် ဆိုဖာပေါ်တွင် ထိုင်နေမိသည်။ တီဗွီဖွင့်ထားသော်လည်း တီဗွီသို့ စိတ်ကမရောက်၊ အတိတ်ဆီသို့သာ စိတ်က ရောက်နေလေသည်။ ယခင်ကဆိုလျှင် ရင်ညှိုးအောင်နှင့် ရိမုကွန်ထမိုးကိုလုပြီး တီဗွီကြည့်ခဲ့ကြသည် မဟုတ်ပါလား။ ထိုစဉ် သတင်းတစ်ခုက ဝဿန့်အာရုံကို ဆွဲဆောင်လိုက်သည်။

"ယခု ဆက်လက် ထင်ပြမယ့် သတင်းကတော့ ကြယ်စင်စု (The Glaxy) ကုမ္ပဏီရဲ့ ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ပရော်ဖက်ဆာ ဒေါက်တာမျိုးအောင်ဟာ ၎င်းတို့ ကုမ္ပဏီမှ လေ့လာနေတဲ့ လနှင့်သက်ရှိဆိုတဲ့ သုတေသနစာတမ်းကို နာဆာအဖွဲ့ကြီးသို့ တင်ပြခဲ့ရာ နာဆာအဖွဲ့က အာကာသသိပ္ပံဆိုင်ရာ လေ့လာကြိုးပမ်းမှုဆု Award of Effort and Learning Space (AELS)ကို လက်ခံဖို့ ယခုနှစ်ကုန်ဝိုင်းမှာ အမေရိကန်နိုင်ငံကို သွားမှာဖြစ်ပါတယ်၊ ယခု ဒေါက်တာမျိုးအောင်နဲ့ တွေ့ဆုံမေးမြန်းထားတဲ့ ဧင်ဧင် ပေးပို့လာတဲ့ သတင်းကို ရှုစားကြပါ ခင်ဗျား"

"ဟုတ်ကဲ့ ဒီဆုကြီး ရတာနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့ ခံစားချက်လေး သိပါရစေ"

"ကျွန်တော် ဒီဆုကို ရတဲ့အခါ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကောင်း ဒေါက်တာရင်ညှိုးအောင်ကို အထူးသတိရ လွမ်းဆွတ်မိပါတယ်၊ အမှန်က ဒီဆုကို သူ ရရမှာပါ"

ဝဿန်သည် တီဗွီရိမုကွန်ထမိုးကို နှိပ်ပြီးပိတ်ပစ်လိုက်သည်။ ဆိုဖာမှ ထ၍ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို ကြည့်နေလိုက်မိသည်။ မိုးဖွဲလေးတွေ ကျနေပြန်ပါပြီ။ ဝဿန့်ရင်ထဲ၌လည်း ရင်ညှိုးအောင်ကို လွမ်းစိတ်တွေက ပိုသည်ထက် ပိုလာခဲ့သည်။

ထို့ကြောင့် အလွမ်းပြေ ရင်ညှိုးအောင်၏ Facebook Profile တို့ ဝင်ကြည့်ရန် စိတ်ကူးလိုက်မိသည်။

ထို့ကြောင့် ခဏကြည့်စားပွဲတွင် ထိုင်ကာ Laptop ကို ဖွင့်ပြီး ဝဿန်သည် Wathan Moe account ကို Login ဝင်လိုက်သည်။ ထို့နောက် search box တွင် Yin Nhyo Glaxy ဟု ရိုက်လိုက်ပြီး ရင်ညှိုးအောင်၏ Profile ကို ဝင်ကာ ဓာတ်ပုံများကို တစ်ပုံချင်း comment များကိုလည်း တစ်ခုချင်း ဖတ်နေမိသည်။ ထိုသို့ ကြည့်နေရင်းက အလွမ်းစိတ်ကို မြို့သိပ်မထားနိုင်တော့ကာ ရင်ညှိုးအောင်၏ timelineပေါ်တွင် status တစ်ခုတင်ရန် စိတ်ကူးမိလေတော့သည်။

"မောင် ဒီ Status ကိုတော့ မောင် ဘယ်တော့မှ လုပ်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ တင်ပါရစေ မောင်၊ မောင့် ဝဿန်ကို ခွဲခွာသွားတာ နောက်လဆို (၁) နှစ်ပြည့်တော့မယ်၊ တစ်ရက်မှ မေ့မရခဲ့ပါဘူး မောင်၊ အချိန်တွေက မြန်ဆန်လွန်းတယ် မောင်၊ ငိုတယ်ဆိုတာ လောကကြီးကို အနှုံးပေးတာဆိုတဲ့ မောင့်စကားတစ်ခွန်းကြောင့် ဝဿန် မငိုမိအောင် ကြိုးစားခဲ့ပါတယ်။

ဝဿန် ခံနိုင်ရည် ရှိပါတယ် မောင်၊ ဒါပေမဲ့ လောကကြီးရဲ့ ကွယ်ရာမှာတော့ မျက်ရည်တွေ ကြိတ်ကျမိတယ် မောင်ရယ်၊ ဒီနှစ်ထဲမှာ ဝဿန်ရေးလိုက်သမျှ သီချင်းတွေအားလုံး အလွမ်းသီချင်းတွေချည်းပဲ မောင်၊ မောင့်ကို အရမ်းချစ်တဲ့ ဝဿန်"

www.burmeseclassic.com

www.burmeseclassic.com

ဝဿန်သည် တုန်ရီနေသော ဘယ်ဘက်လက်ခုံဖြင့် မျက်ရည်များကို သုတ်ကာ ညာဘက်လက်ဖြင့် mouse ကို ကိုင်ကာ post ကို နှိပ်လိုက်လေသည်။

"မောင် တမလွန်မှ ဒီစာကို မြင်နိုင်ပါစေသား"

ချက်ချင်းဆိုသလိုပင် ဝဿန့် မျက်နှာ တစ်ချက် ပျက်သွားသည်။ ဝဿန်သည် မိမိမျက်စိကို ပွတ်ကာ မော်နီတာကို ထပ်ကြည့်သည်။

ဝဿန့် မျက်နှာတွင် အံ့သြခြင်း ထိတ်လန့်ခြင်း၊ နားမလည်ခြင်း များစွာ၏ အရိပ်အယောင်များ ယှက်သန်းသွားသည်။

"ဘယ်ကြောင့်ဆိုသော် ဝဿန်၏ Notification တွင် Yin Nhyo likes your status. Just now ဟု ပေါ်လာသောကြောင့် ဖြစ်လေသည်။

ဝဿန် မတ်တတ်ထရပ်လိုက်သည်။ စာကြည့်စားပွဲမှ နောက်သို့ ခြေလှမ်း သုံးလှမ်းခန့် ဆုတ်လိုက်မိသည်။ ထို့နောက် မဝံ့မရဲဖြင့် အနားပြန်ကပ်သွားသည်။ မတ်တတ်ရပ်လျက်ဖြင့်ပင် တုန်ရီသော လက်များက mouse ပေါ်သို့ ရောက်သွားသည်။ chat box ကို ဝင်ကြည့်လိုက်သောအခါ Yin Nhyo Glaxy ဆိုသော အမည်ဘေးတွင် မီးစိမ်းထင်းနေသည်။

ဝဿန်သည် ဘာသာရေး အခြေခံအားကောင်းသဖြင့် ဥဝ ဘုံကို ယုံကြည်လက်ခံသော်လည်း သရဲတစ္ဆေများကိုတော့ အယုံအကြည်မရှိပေ။

ယခုမူ သေဆုံးသွားသော ခင်ပွန်းက မိမိတင်သော status ကို like ထုပ်သည်တဲ့။ ဝဿန်အံ့သြနေသည်။ အံ့သြနေရာမှ ကောက်ချက်တစ်ခုကို ဆွဲလိုက်သည်။

ထင်းမှာ မိမိခင်ပွန်း account ကို တစ်စုံတစ်ယောက်က hack ပြီး အသုံးပြုနေပြီဆိုသော ကောက်ချက်ပင် ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ခုံတွင် ပြန်ဝင်ထိုင်လိုက်ပြီး "ရှင်ဘယ်သူလဲ" ဟု ရိုက်လိုက်သည်။

"ဝဿန်. . . မောင်ပါ ဝဿန်"

"မဟုတ်ဘူး၊ မောင်က ဆုံးသွားတာ တစ်နှစ်ပြည့်တော့မယ်၊ ရှင်က ဘယ်သူလဲ၊ ဘာရည်ရွယ်ချက်နဲ့ ကျွန်မယောကျ်ားရဲ့ account ကို hack တာလဲ"

"မဟုတ်ဘူး ဝဿန်၊ မောင် ရှင်းပြမယ်"

"ရှင်းပြစရာ မလိုဘူးလေ၊ ရှင် ဘယ်သူလဲသာပြောပါ။ကျွန်မယောကျ်ား ဆုံးသွားတာကြာပြီ၊ ရှင်က ဘယ်ကနေ ဘယ်လို ကျွန်မယ်ယောကျ်ား account ကို ဝင်သုံးနေတာလဲ၊ ကျွန်မ သက်ဆိုင်ရာကို တိုင်မှာနော်"

"မောင် . . . ရင်ညှိုးအောင်ပါ ဝဿန်၊ ဝဿန် ယုံမှာမဟုတ်ဘူးဆိုတာ မောင် တွေးထားပြီးသားပါ။ ဒါပေမဲ့ အခုက ဘယ်လိုပြောရမလဲကွာ၊ ဝဿန် နားလည်အောင် ရှင်းပြဖို့ ဘယ်လို ပြောပြရမလဲ"

"တော်ပါတော့၊ ကျွန်မ ရှင့်ကို အခုပဲ သက်ဆိုင်ရာကို တိုင်လိုက်တော့မယ်"

ဝဿန်သည် နောက်ဆုံး စာကြောင်းကို send လုပ်ပြီး laptop ကို ဘုတ်ခနဲ မြည်အောင် လက်ဖြင့်ဆွဲပိတ်လိုက်သည်။

သို့တိုင်အောင် ဖုန်းရှိ Messenger တွင် တချွင်ချွင်ဖြင့် ဝင်နေသဖြင့် ဖုန်းပါ ပိတ်ထားလိုက်သည်။ ထို့နောက် ကြိုးဖုန်းဖြင့် နံပါတ်တစ်ခုကို နှိပ်ရန် ဟန်ပြင်လိုက်ပြီးမှ အလွတ်မမှတ်မိ၍ မှတ်စုစာအုပ် တစ်အုပ်ကို ထုတ်ကာ လှန်လှောရှာပြီးမှ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"ဟလို ဟလို ကိုမျိုးအောင်လား"

အခန်း (၃)

ကန်တော်ကြီးပတ်လမ်းရှိ ကြယ်စင်စု ကုမ္ပဏီအဆောက်အအုံ ၂၄ ထပ်ရှိ အလုပ်စတူဒီယိုခန်းမကြီးတွင် ဖြစ်သည်။

ခန်းမအလယ်ရှိ စားပွဲရှည်ကြီးတွင် ဝဿန်သည် laptop ဖွင့်လျက် ထိုင်နေပြီး ဝဿန်၏နောက်တွင် လက်ပိုက်နေသူက ဒေါက်တာမျိုးအောင် ဖြစ်သည်။

ဝဿန်၏ မျက်နှာချင်းဆိုင်တွင်တော့ I.T ပညာရှင် သူရက laptop တစ်လုံးဖြင့် ထိုင်နေသည်။ ၎င်း၏ ဘေးတွင် ဒေါက်တာမျိုးအောင်၏ အထူးဖိတ်ခေါ်ချက်ဖြင့် ရောက်နေသော BSI မှ Secret Agent ကျော်စွာနှိုးသူတပည့်။

မှတ်ပတ်လည် ကာထားသဖြင့် ကန်တော်ကြီးထဲသို့ အပေါ်စီးမှ မြင်နေသော ခန်းမထဲတွင် ceiling air-con များက ထုတ်လွှတ်သော လေအေးများကြောင့် အေးစိမ့်နေပြီး အစ်ကျသံကြားရမတတ် ဆိတ်ငြိမ်နေသည်။ နံရံတွင် ရှိသော ၁၀ ပေ ပတ်လည် screen ကြီးတွင်တော့ ဝဿန်၏ လက်ပ်တော့ဖြင့် ချိတ်ဆက်ထားသဖြင့် ဝဿန့် face book ကို အကြီးကြီး မြင်နေရသည်။

ထို့ကြောင့် ဝင်းညွှန့်ဆွေ အပါအဝင် အခြားဝန်ထမ်းများကလည်း မိမိစားပွဲမှနေ၍ မြင်နေရသည်။

"ကဲ အခု ဝဿန့် facebook ကို သူရနဲ့လည်း တစ်ပြိုင်နက် login ဝင်ထားပြီးပြီ၊ ဒါပေမဲ့ သူရက ဘာမှမလုပ်နဲ့၊ ကျွန်တော်က စလို့ ဆိုတာနဲ့ ဝဿန်က ရင်ညှိုး account ကို message လှမ်းပို့နော်။

ဟိုဘက်က reply ပြန်တာနဲ့ သူရက location ကိုရအောင် track လုပ်ပေး။ location ရပြီဆိုရင် ကိုကျော်စွာက နယ်မြေခံ agent တစ်ယောက်ယောက်ကို အကူညီတောင်းပြီး ပစ်မှတ်ကို ရှာပေးပါ။

သူရက I.P နံပါတ်ပါ ရအောင် ရှာပြီး device ကိုပါ ရအောင်ခန့်မှန်းပါ၊ ဘာ device လဲဆိုတာသိတော့ ပစ်မှတ်ကို ရှာရပိုလွယ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ မျိုးအောင်သည် mission တစ်ခု၏ commander သဖွယ် ညွှန်ကြားချက်များ ပေးနေလေသည်။

"ကဲ- စ"

ဝဿန် စာစရိုက်လိုက်သည်။

"ဒီမှာ"

ခဏနေတော့ ဟိုဘက်က re-ply ပြန်လာသည်။

ဝဿန် ဆက်ပြီး Typing ဟု ပေါ်နေသည်။

"ဝဿန် နေကောင်းတယ်နော်"

"ဒီမှာ ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မယောကျ်ား account ကို heck တာလဲ"

"မဟုတ်ဘူး ဝဿန်၊ ဝဿန် အထင်လွဲနေတာ၊ မောင် ပြောတာ ယုံပါကွာ Pls."

"ရှင် ဘယ်လိုလူလဲ၊ မျက်နှာ ပြောင် တိုက်လှချေလား၊ account ကို heck မယ်ဆိုလည်း ကိုယ် heck မယ့်လူက ရှိလား သေပြီလားတော့ လေ့လာသင့်တယ်"

ဒေါက်တာမျိုးအောင်သည် သူရ ကို မေးဆတ်ပြပြီး. . .

"သူရ အခြေအနေ"

"ဟုတ် ဆရာ၊ ကြိုးစားနေပါတယ်"

"ဝဿန် သူ့ကို စကားဆက် ပြောအောင် ထိန်းထားပါ"

ဝဿန် တဂျောက်ဂျောက်ဖြင့် စာရိုက်ပြန်သည်။

"ရှင်က ကျွန်မယောကျ်ား ဖြစ်ကြောင်း ဘာနဲ့ သက်သေပြမလဲ"

"မောင် ဘယ်လို သက်သေပြရမလဲ"

"ဓာတ်ပုံရိုက်ပြီး status တစ်ခု တင်ပြပါ"

"မောင် အခုဓာတ်ပုံရိုက်တင်လို့ မဖြစ်သေးဘူး ဝဿန်၊ ဘာလို့လဲဆိုတော့ မောင် ဝဿန့်ကို ပြောစရာ အများကြီးရှိတယ်၊ ဒါပေမဲ့ အဲဒါက မောင့်ကို ဝဿန် လက်ခံယုံကြည်မှ ပြောလို့ရမှာ၊ အခု လောလောဆယ် မောင် ပြောနိုင်တာကတော့ ဝဿန် ဝဿန့် ပတ်ဝန်းကျင်မှာ ဝဿန် ဘယ်သူ့ကိုမှ မယုံနဲ့ ဆိုတာပါပဲကွာ"

ဝဿန် ဒေါက်တာမျိုးအောင်ကို တစ်ချက်ကြည့်လိုက်သည်။

"ဆက်ပြောဦး ဝဿန်"

ဒေါက်တာမျိုးအောင်က မေးဆတ်ပြီး ပြောလိုက်သည်။

"ဒါဆို ရှင်က ရှင့်ကိုတော့ ယုံပါ၊ တခြားလူတွေကိုတော့ မယုံပါနဲ့ပေါ့လေ၊ တော်တော်တရားကျဖို့ ကောင်းတာပဲ၊ ကျေးဇူးပြုပြီး သေသွားတဲ့ ကျွန်မယောကျ်ားကို မနှောင့်ယှက်ပါနဲ့တော့၊ ရှင် ငွေလိုရင် ကျွန်မ ငွေပေးပါ့မယ်"

"မဟုတ်ဘူး ဝဿန်၊ မောင် ရင်ညှိုးအောင်ပါ ယုံပေးပါ"

"ကျွန်မက ဘာကြောင့် ယုံရမှာလဲ"

"မောင်တို့ စတွေ့တဲ့ နေ့လေးကို မှတ်မိလား"

"ဒါမျိုးတွေက facebook တစ်ခုလုံးကို heck ထားပြီးမှတော့ သိဖို့မခက်တော့ပါဘူး"

အမှန်တော့ ဝဿန် စိတ်ညစ်နေပြီ။ စကားဆက်မပြောချင်တော့ပေ။

"ကိုမျိုးအောင် မရသေးဘူးလား ရှင်၊ ကျွန်မ စိတ်ညစ်လာပြီ"

"ခဏလေး ဝဿန်၊ ဟေ့ကောင် သူရ ဘယ်လိုလဲကွ၊ မင့်ကွာ location လေး တစ်ခါ tracking လုပ်တာ အဲ့လောက်တောင် ကြာရသလား"

"မဟုတ်ဘူး အာစရိ၊ တော်တော် ထူးဆန်းတယ်၊ မြန်မာပြည်က မဟုတ်တာတော့ သေချာတယ်၊ ဒါပေမဲ့ ဘယ်နိုင်ငံကမှန်း မသိဘူး။ ဒါ သာမန် location ပိတ်ထားတဲ့ ပုံစံမျိုးမဟုတ်ဘူး၊ တော်တော်အဆင့်မြင့်တဲ့ နည်းပညာနဲ့ ပိတ်ထားတာ၊ ဘယ်လိုမှ ခြေရာခံလို့ မရဘူး ဖြစ်နေတယ်"

Agent ကျော်စွာက တစ်ခွန်း ဝင်ပြောလေသည်။

"တစ်ဖက်လူက မြန်မာပြည်ထဲက ဆိုရင်တော့ သူဟာ ငွေ သို့မဟုတ် လူ အဲ့ ဒေါ်ဝဿန်မိုးကိုပေါ့လေ ရည်ရွယ်တာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အခု နိုင်ငံခြားက ဆိုရင်တော့ ငွေကိုသာ ရည်ရွယ်တာ ဖြစ်ရမယ်ဗျ"

ဒေါက်တာမျိုးအောင် သည် ခေါင်းကို ပြည်းညင်းစွာ ညိတ်ပြီး သူရ ဘက်လှည့်ကာ . . .

"ဟေ့ကောင် NASA ကပေးတဲ့ ဆုတောင် ရထားတဲ့ ကုမ္ပဏီက I.T ပညာရှင်ကြီးက မဖွင့်နိုင်တဲ့ location ပိတ်နည်း ဟုတ်လား၊ မင်လိုချင်ဘူးကွာ satellite နဲ့ ရှာကွာ"

"ဒါဆို အစ်မဝဿန် နည်းနည်း ဆက်ပြောပေးပါဦး"

ဝဿန် ဆက်၍ ပြောရဖြန်သည်။

"ဒီမှာ ကျွန်မ အခု အလုပ်ထဲမှာ ရှင့်၊ ရှင်နဲ့ စကားပြော မနေနိုင်ဘူး"

"ဝဿန်ရယ် ဝဿန့်အလုပ်က သိချင်းဆိုတာလေ၊ အိမ်မှာပဲ အမြဲနေတာ၊ ဒါတောင် ညမှလေ"

"ပြော ကျွန်မ ရှင့်ကို လျှောက်လိုက်မိတယ်"

ထိုစဉ် . . .

"အာစရိရေ မရဘူးဗျို့၊ ဖြိုဟ်တဲ့နဲ့တောင်မမိဘူး။ ဒီဘက်က I.P အထွက် signal ကို မိတယ်၊ ဟိုဘက်က အဝင်ကို ဖမ်းမရဘူး"

"ဘာ- ဟေ့ကောင်၊ မင်းပြောသလိုဆို တစ်ဖက်လူက ဒီကမ္ဘာပေါ်က မဟုတ်ဘူးဆိုတဲ့ သဘောလားကွ ဟေ"

အခန်း (၄)

မြန်မာပြည်နှင့် Nissan တို့ ပူးပေါင်းထုတ်လုပ်သော i-Fang ကား လေးသည် ဝဿန့် အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။

ကားပေါ်မှ ဝင်းညွန့်ဆွေ ဆင်းလာပြီး တစ်ဖက်မှ ဝဿန် ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကို ပြန်လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဒီနေ့ ကိစ္စမှာ ကျွန်တော်ဘာမှ မကူညီနိုင်လို့ စိတ်မကောင်းပါဘူး"

"ကျွန်မ အိမ်ထဲ ဝင်တော့မယ်"

"ဩော် ဟုတ်ကဲ့၊ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ်"

ထုံးစံအတိုင်း ဝင်းညွှန့်ဆွေသည် ဝဿန် အိမ်ထဲ ဝင်သွားသည်အထိ စောင့်ပေးပြီးမှ ကားမောင်း ထွက်လာခဲ့သည်။

"ခွင်"

Messenger ဝင်လာသံ ကြားရသည်။ သို့သော် ကားမောင်းနေသဖြင့် ဖွင့်မကြည့်မိပေ။ ဝင်းညွှန့်ဆွေသည် မိမိနေထိုင်သော Golden Li Li Condo အောက်ရောက်သော် ကားကို Parking စနစ်တကျထိုးပြီးမှ ဓာတ်လှေကား ဖြင့် တက်လာခဲ့လေသည်။

၁၈ လွှာရှိ မိမိ အခန်းရောက်ကာမှ စိတ်အေးလက်အေးဖြင့် ည့်ခန်းရှိ ဆိုဖာပေါ်သို့ ဝုန်းခနဲ ပစ်လဲချလိုက်လေတော့သည်။

ပြီးမှ သတိရပြီး ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ Messenger ကို ဖွင့်ကြည့်လိုက်သည်။

"ဟာ" ဟူသော အာ မေဦတ်သံနှင့်အတူ ဝင်းညွှန့်ဆွေသည် အလန့်တကြား ထထိုင်လိုက်သည်။

Messenger တွင် ဝင်နေသည်မှာ . . .

"သူငယ်ချင်း နေကောင်းလား"

ပေးပို့ထားသူမှာ "Yin Nhyo Galxy"

"သူငယ်ချင်း ငါ ရုင်ညှိုးအောင်ပါကွာ၊ မင်းတို့ အားလုံးကို ငါ ရှုံးပြချင်တာရှိတယ်၊ ငါ အယုံကြည်ဆုံးက မင်းမို့လို့ ငါ မင်းကိုပြောပြမယ် သူငယ်ချင်း"

ဝင်းညွှန့်ဆွေသည် မှင်တက်နေသဖြင့် စာပြန်မရိုက်နိုင်။ ဘာရိုက်ရမည်ကိုလည်း မသိသဖြင့် ကြောင်ကြည့်နေမိသည်။

"အရင်ဆုံး ငါ့ကို မင်းယုံကြည်အောင် ငါပြောပြမယ်၊ ငါတို့ ဧတနံးတုန်းက မင်းဆီက ဆရာဖေမြင့်ရဲ့ ဘောဘီလုံစာအုပ်ကို ငှားပြီး ပြန်မပေးတာ မှတ်မိလား။ အေး ငါကြိုက်လွန်းလို့ ဖျောင်ထားလိုက်တာပဲ၊ အဲဒါ ငါ့အလုပ်စားပွဲ ညာဘက်အောက်ဆုံးအံဆွဲထဲမှာ ရှိတယ်၊ မင်းကို ပြန်ပေးမလို့ ယူလာပြီး ငါ မေ့နေတာ"

ဝင်းညွှန့်ဆွေ အံ့ဩသွားသည်။ တစ်ဖက်လူသည် မည်သူ မည်ဝါ မသိသော်လည်း အထက်ပါ အဖြစ်အပျက်ကို သိသူကား ရင်ညှိုးအောင် တစ်ယောက်သာ ရှိလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်ပင် ထိုအဖြစ်အပျက်ကို သိပ်မမှတ်မိ။ ယခု တစ်ဖက်လူပြောခဲ့ မှတ်မိသည်။ ဟုတ် မဟုတ်တော့ မနက်ဖြန်ရုံးရောက်မှ သိမည်။ အကယ်၍ ဟုတ်နေပါက ရုံးမှ တစ်ယောက်ပေမာက်သည် ရင်ညှိုးအောင် မသေမီ ၎င်း စာအုပ်ကို ရုံးကို ယူလာစဉ်က တွေ့ပြီး ရင်ညှိုးအောင်ထံ ထိုစာအုပ်အကြောင်း မေးရင်း သိသွားသည်ကော မဖြစ်နိုင်ဘူးလား။

ထိုသို့ဆိုလျှင် ထိုသူသည် တိုက်တိုက်ဆိုင်ဆိုင်ပင် ရင်ညှိုးအောင်၏ facebook ကိုပါ heck ပြီး ယခုကဲ့သို့ ဝင်းညွှန့်ဆွေကို အယုံသွင်းနေခြင်းလား။ မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် ယနေ့ ရုံးတွင် အားလုံးရှေ့၌ ထိုလူနှင့် ဝဿန်တို့ chat ကြသည်ဖြစ်၍ ထိုသူသည် ရုံးတွင်း၌ရှိမနေပေ။ ရှိနေပါကလည်း ချက်ချင်း location မိနိုင်သည်။

"မင်းတို့ အားလုံး ငါ့ကို သေပြီထင်နေကြတယ်နော်၊ ငါလည်း မရှင်းပြတတ်ဘူး၊ ဒါပေမဲ့ အခု မင်းနဲ့ chat နေတယ်၊ မဆန်းဘူးလား၊ ငါဆို ပိုဆိုးတာပေါ့ကွာ၊ ငါရူးတော့မယ်၊ ဝဿန့်ကိုလည်း လွမ်းတယ်၊ ဝဿန်ကလည်း ငါ့ မယုံဘူး၊ ငါမင်းကို အထူးမှာချင်တာက ဝဿန်ကို ဂရုစိုက်ပေးပါကွာ၊ ပြီးတော့ မျိုးအောင်ကို လုံးဝမယုံပါနဲ့"

ဝင်းညွှန့်ဆွေသည် တစ်ဖက်လူ စကားများကို လုံးဝ နားမလည်ပေ။ သူက ဆက်ပြောနေသည်။

"အစက ငါ ဝဿန်ကို ပြောပြမလို့ ကြိုးစားသေးတယ်၊ ဒါပေမဲ့ ငါ နောက်တော့ စဉ်းစားမိတာက ဝဿန်က ငါ့ကိုမယုံတူး၊ သေချာပေါက် သူ မျိုးအောင်ကို သွားပြမှာပဲ၊ ဒါကြောင့် သူ ငါ့ကို မယုံမချင်း ငါ အဖြစ်မှန်ကို ပြောပြလို့ မဖြစ်ဘူး"

ဝင်းညွှန့်ဆွေလည်း တစ်ဖက်လူကို မယုံသေး။ သူကိုယ်တိုင် အသုဘလိုက်ပို့ခဲ့တဲ့ လူက အခု သူနဲ့ chat နေသည်ကို သူ ဘယ်လိုမှ လက်မခံနိုင်ပေ။

သို့သော်ဖြစ်ကြောင်းကုန်စင်ကို သိရရန် သူ ဉာဏ်ဆင်ရလေတော့သည်။

"အေး သူငယ်ချင်းရာ မင်းကို ငါကိုယ်တိုင် အသုဘပို့လိုက်ပေမဲ့ ဘာပဲဖြစ်ဖြစ် အခု မင်းနဲ့ ငါနဲ့ စကားပြောနေရပြီ၊ ငါ ဝမ်းသာတယ် သူငယ်ချင်း၊ အခု မင်း ဘယ်မှာလဲ"

"ငါ မင်းတို့နဲ့ အဝေးကြီးမှာရှိနေတယ်၊ မင်းတို့ ထင်တာထက်ကို ဝေးတယ်ကွာ"

"အဲဒီမှာ အင်တာနက် ရတယ်ပေါ့"

"အေး၊ အဲဒါ ငါလည်း အံ့သြနေတာ"

"ထားပါတော့၊ မင်းက မသေခဲ့ဘူးလား"

"ငါ သေသွားပြီ"

"ဒါဆို မင်းက သရဲပေါ့"

"မဟုတ်ဘူး၊ မင်း ငါ့ကို ကတိနှစ်ခု ပေးပါကွာ"

"မင်း မျိုးအောင်ကို လုံးဝ ပြန်မပြောနဲ့၊ ဒီကောင်က လူယုတ်မာကွ

www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်သိရင် မင်းရော၊ ဝဿန်ရော အန္တရာယ်ရှိတယ်"

"အေးပါ၊ ငါ ကတိပေးပါတယ်"

"နောက်တစ်ခုက ဘယ်အခြေအနေပဲ ရောက်ရောက် ဝဿန့်ကို ဂရုစိုက်ပါကွာ"

"စိတ်ချပါ သူငယ်ချင်းရာ၊ ဒါပေမဲ့ မင်းထင်တဲ့အတိုင်းပဲ၊ ဒီနေ့ ဝဿန်က မျိုးအောင်ကို မင်းနဲ့ chat ထားတာတွေ ပြောလိုက်ပြီ"

"ငါထင်တယ်၊ ဒါကြောင့် ငါ့ကို အရင် မယုံခင် ငါ ဘာမှ မပြောတာ"

"မင်း သူ့ကို လောလောဆယ် ထပ်မဆက်သွယ်နဲ့ဦး"

"အေး"

"ထပ်ဆက်သွယ်လည်း မျိုးအောင် သိမှာပဲ"

"အေးပါကွာ၊ ကျေးလူးတင်ပါတယ်"

"ရပါတယ်ကွာ"

"ငါ ဘာဖြစ်လဲဆိုတာ ပြောပြမယ် သူငယ်ချင်း၊ အဲဒီညက. . ."

အခန်း (၅)

လွန်ခဲ့သော တစ်နှစ်ခန့်က. .

အင်းလျားလမ်းရှိ Arabian တွင် ရင်ညှိုးအောင်၊ မျိုးအောင်နှင့် ဝင်းညွှန့်ဆွေတို့ သုံးဦးသည် Friday night ဖြစ်သည့် အားလျော်စွာ အပန်းဖြေယမကာသုံးဆောင်နေကြသည်။

မာဘယ်ကျောက်ပြားခင်းထားသော အားခုံပေါ်တွင် ရင်ညှိုးအောင်က သူ့အကြိုက် taquila၊ မျိုးအောင်က အမြဲပုံဖြူများ ထနေသော Tiger Beer၊ ဝင်းညွှန့်ဆွေက Martini၊ မျက်နှာကြက်မှ ဖြာကျနေသော ဝါဖျော့ဖျော့အလင်းက အရာရာကို တိမ်တောက်သလို ရီဝေနေစေသည်။ အားလုံးလည်း ရီဝေနေကြလေပြီ။

"ကဲ- အားလုံး ကျုပ်ကို ခွင့်မြဲပါဦး၊ ကျုပ် ပြန်တော့မယ်"

"ဟ စောလှချေလား ကိုမျိုးအောင်"

"ဟုတ်တယ်ဗျို့၊ မနက်ဖြန်မနက် စောစောထပြီး ပုသိမ်ကို သွားရဦးမယ်"

"ဒါဖြင့်လည်း သွားပေဦးတော့ဗျို့၊ ကျုပ်နဲ့ ဝင်းညွှန့်ဆွေကြီးတော့ ဆက်ချလိုက်ဦးမယ်"

"ကျုပ် ရှင်းသွားလိုက်မယ်"

"ဟာ ထား ထား သွားတော့ ကျုပ်တို့ ရှင်းလိုက်မယ်"

"အိုကေ၊ ပြန်လာမှ အဝတိုက်မယ်ဗျို့၊ အခုတော့ လစ်ပြီ"

"ဂွတ်နိုက်"

ပြောပြောဆိုဆိုဖြင့် မျိုးအောင် တစ်ယောက် ပိုက်ဆံအိတ်နဲ့ ကားသော့ကောက်ယူပြီး ထသွားလေတော့သည်။

"ပုသိမ်မှာ ဘယ်သူရှိလို့လဲကွ"

"သူမိဘတွေ ရှိတယ်လေ"

ရင်ညှိုးအောင်နှင့် ဝင်းညွှန့်ဆွေသည် ရောက်တက်ရာရာ ပြောဆိုနေကြပြီး ခဏအကြာတွင် လမ်းခွဲ ထပြန်ကြလေသည်။ ရင်ညှိုးအောင်သည် ကားပေါ်ရောက်သည်နှင့် စက်နှိုးကာ back mirror, side mirror, back camera, black box တို့ကို သေချာစွာ စစ်ဆေးလေသည်။ ဤကား ရင်ညှိုးအောင်၏ အကျင့်ဖြစ်ပြီး အရက်သောက်ထားပါက ပိုမို၍ပင် သတိကြီးကြီး ထားတတ်လေသည်။

ထိုစဉ် ဖုန်းဝင်လာလေသည်။

"ဟဲလို ကိုမျိုးအောင် ဘာကျန်ခဲ့လို့လဲ"

"ဘာမှ မကျန်ပါဘူးဗျာ၊ ကျွန်တော် တမင် ခုမှဆက်တာ၊ ကျုပ်မှာ chivas ပုလင်းထဲကို king cobra စိမ်ထားတာ ရထားတယ်၊ လက်ဆောင် ရတာပေါ့ဗျာ၊ အဲဒါ ခင်ဗျားကို တိုက် ချင်လို့"

"အာ ခင်ဗျား မနက် ပုသိမ်သွား ရမယ်ဆို"

"အဲဒါကြောင့် အခု ဆက်တာ ပေါ့ဗျာ၊ အခု မသောက်ရင် နောက် တစ်ပတ် သောကြာအထိ ပြန်စောင့်ရ မယ်နော်၊ ဒီမှာ ကိုယ့်လူ အဲဒါက အမျိုးသား အားကို တိုးစေတယ်ဗျ၊ ရှားပါး ပစ္စည်းနော်၊ တခြားလူ မသိစေချင်လို့ ခင်ဗျားကို တမင် ခုမှ ဆက်တာဗျာ"

"ဩ အဲလိုလား၊ ကျေးလူးတင်ပြီလေ၊ ကဲ- အခု ဘယ်မှာလဲ"

"အခု ဘယ်မှာ မလဲနဲ့၊ ကန်တော်ကြီး ပန်းကန်လုံးကျွန်းထဲကို လာခဲ့၊ ကျုပ်လည်း အခု ထွက်လာပြီ၊ ဒါပဲဗျို့"

ဤသို့ဖြင့် ရင်ညှိုးအောင်သည် ကန်တော်ကြီး ပန်းကန်လုံးကျွန်းထဲသို့ ဦးတည်မောင်းနှင်လာခဲ့လေသည်။ ပန်းကန်လုံးကျွန်းထဲသို့ ရောက်သော် ဟိုဒီကြည့်ရင်း ကားလမ်းအတိုင်း မောင်းဝင်ခဲ့ရာ ကန်စပ်အကွေ့ တစ်နေရာတွင် မတ်တတ်ရပ်နေသော မျိုးအောင်ကို တွေ့လိုက်ရသဖြင့် ကားကို ကန်စပ်ဘေးတွင် ကန့်ကို ခေါင်းတည်ပြီး ရပ်လိုက်သည်။

"ဘယ်လို ဖြစ်တာလဲ ကိုမျိုးအောင် ကားကော"

"မပြောချင်တော့ပါဘူးဗျာ. . ခင်ဗျားနဲ့ ဖုန်းပြောပြီးပြီးချင်းပဲ ထွက်လာတာ၊ ကားဘီး ပေါက်သွားတယ်လေ၊ ခင်ဗျားနဲ့ ချိန်းထားလက်စ ဖြစ်နေတော့ ပုလင်းယူပြီး တက္ကစီနဲ့ လာလိုက်တယ်ဗျာ"

"ဒါများဗျာ ဖုန်းဆက်လိုက်ပြီးရော၊ ကျုပ် လာခေါ်မှာပေါ့"

"အားနာလို့ဗျို့"

"ကဲ- တက်ဗျာ"

"ကောင်းပြီလေ"

မျိုးအောင်သည် ကားပေါ်တက်ထိုင်လိုက်သည်။ ပြီးနောက် ဘောင်းဘီအိတ်ထဲမှ ဆိုဂျူခွက်သေးလေး နှစ်ခွက်ကို ထုတ်ပြီး အရက်နည်းနည်းစီ ထည့်လိုက်သည်။ ပြီးတော့ တစ်ခွက်ကို ကမ်းပေးလိုက်ပြီး. . .

"ဒီမှာတွေ့လား ပုလင်းထဲမှာ မြွေဟောက်ကို စိမ်ထားတာ၊ ဒါသောက်ပြီးရင် ဒီညဟဲ့ ဟဲ့. . ၊ မနက်ဖြန်လည်း

www.burmeseclassic.com

www.burmeseclassic.com

နဲ့ပဲတ်တော့ သိတယ်မို့လား ဟား. . . ဟား"

"က. . . စမ်းကြည့်ရတာပေါ့ Cheers!"

ခွက်ချင်း တိုက်လိုက်ပြီး မော့လိုက်ကြလေသည်။

"ဘယ်လိုနေလဲဗျ"

"ရှိန်းတိန်း ဖိန်းတိန်း ခါးသက်သက်နဲ့"

"အဲဒါ Chivas နဲ့ မြွေဟောက်ရဲ့ ပေါင်းစပ်မှု အရသာပေါ့၊ က- ရော့ နောက် တစ်ခွက်"

"ခင်ဗျားလည်း ထည့်လေ"

"ကိုယ့်လူ ခင်ဗျားက မိန်းမရှိတယ်၊ ကျုပ်က လူပျို၊ သိတယ်မို့လား၊ ဒုက္ခမပေးချင်ပါနဲ့ဗျာ ဟား ဟား ဟား မနက်လည်း ပုသိမ်သွားရဦးမှာ"

"ဟား ဟား ဟား၊ ကဲ ဒါဖြင့် ရပြီဗျာ ဂလု"

ဒုတိယတစ်ခွက် မော့လိုက်အပြီးတွင် ရင်ညိုးအောင် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။ ခြေဖျား၊ လက်ဖျားများ ထုံလာပြီး မျက်စိများပြာလာလေသည်။ အသက်ရှူရလည်း ကျပ်လာပြီး နားထဲတွင် ပုရစ်များ အော်နေသလို စီခနဲ ဖြစ်လာသည်။ နားထဲတွင် မိုးအောင်၏ အသံကို echo သံအထပ်ထပ်ဖြင့် ကြားလိုက်ရသည်။

"ကျုပ်ကို ခွင့်လွှတ်ပါ ရောင်းရင်းကြီးရေ၊ ဆုဆိုတာ ကျုပ်ဘဝရဲ့ မဟာအိပ်မက်ပဲ၊ ဒီမှာ ခင်ဗျားက အဓိကဆိုတော့ ဆုရရင် ခင်ဗျားရမှာ၊ ဒီတော့ အဲဒီဆုကို ကျွန်တော့်ကို ပေးပါဗျာ၊ ခင်ဗျားကျေးဇူးကို ကျုပ်တစ်သက် မမေ့ပါဘူး။

အခု ခင်ဗျားသောက်လိုက်တဲ့ အရက်ထဲမှာ အဆိပ်တစ်မျိုး ပါတယ်၊ သူက နှစ်ခွက်သောက်လိုက်ရင် မေ့မြောသွားရော၊ သေတော့ မသေပါဘူး၊ ခင်ဗျားကို ကျုပ် ဘယ်သတ်ရက်ပါ့မလဲဗျာ၊ ကျုပ်ရဲ့ ကျေးဇူးရှင်ကိုး၊ ဒါပေမဲ့ မနက်ကျရင်တော့ ခင်ဗျား အသက်ရှိမှာ မဟုတ်တော့ဘူး၊ ဘာလို့လဲ သိလား၊ ရေမွန်းလို့ပေါ့ဗျာ၊ က- ကျုပ်သွားတော့မယ်၊ ဖြေဆေးသွားသောက်ရတော့မယ်၊ ကျုပ်လည်း တစ်ခွက်ဝင်သွားတယ်လေ၊ ခုတောင် အသက်ရှူမဝတော့ဘူး"

စကားဆုံးသည်နှင့် မိုးအောင်သည် ကားပေါ် မှဆင်းကာ ယာဉ်မောင်းခုံဘက်သို့သွားပြီး ကားတံခါးကို ဖွင့်ညာခြေထောက်တစ်ဖက်ဖြင့် ဘရိတ်ကို ဖိကာ လက်က ရင်ညိုးအောင် အပေါ်မှ ကျော်၍ ဂီယာကို D သို့ ပြောင်းလိုက်လေသည်။

ထို့နောက် ဘရိတ်ကို နင်းထားသော ခြေထောက်ကို ကြွလိုက်သော်ကားသည် တဖြည်းဖြည်း စလိမ့်သဖြင့် မိုးအောင်သည် နောက်သို့ ဖယ်လိုက်ပြီး တံခါးကို လှမ်းပိတ်လိုက်လေသည်။

ရင်ညိုးအောင်သည် မလှုပ်မယှက် မအော်နိုင်ဘဲ မျက်လုံး အပြူးသားနှင့် ကားနှင့်အတူ ကန်တော်ကြီး ရေပြင်ထဲသို့ တရွေ့ရွေ့ ကျဆင်းကာ ရေထဲသို့ တဖြည်းဖြည်း မြုပ်သွားလေတော့သည်။

အခန်း (၆)

အမျိုးအမည်မသိသော နေရာတစ်ခု။ အလင်းရောင်အားနည်းသဖြင့် မြင်မြင်သမျှသည် ခေတ်ဟောင်း ရုပ်ရှင်ကားထဲကကဲ့သို့ ဖြစ်နေသည်။

ရင်ညိုးအောင်သည် မျက်စိတဖြည်းဖြည်းချင်း ပွင့်လာသည်။ မျက်စိပွင့်လာသည်နှင့် တစ်ပြိုက်နက် ငုတ်တုတ် ထထိုင်လိုက်လေသည်။ သူသည် ပေါ့ပါးလန်းဆန်းသော အသွင်ကို ဆောင်နေလေသည်။

" Happy Birthday လူသစ်ရေ"

အသံလာရာသို့ ကြည့်လိုက်သောအခါ လူမည်းတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူ၏ ပုံစံမှာ ဟောလိဝုဒ်ဇာတ်ကားများထဲမှ မင်းသား၏ သူငယ်ချင်းအဖြစ် သရုပ်ဆောင်သော လူမည်းမင်းသားနှင့် တူလှသည်။ ထိုသူသည် ပန်းခရီဆွဲနေဟန်ရှိသည်။ သူ့ရှေ့တွင် ပန်းခရီကားချပ်တစ်ခု။ စုတ်တံကိုကား မတွေ့ရချေ။

"ဒါ ဘယ်နေရာလဲ၊ ပြီးတော့ ဘာ ဟက်ပီးဘတ်သေးလဲ၊ ဘယ်သူ ဘတ်သေးလဲ"

လူမည်းသည် ရင်ညိုးအောင်ကို လှည့်မကြည့်ဘဲ ဖြေလေသည်။

"မင်းမွေးနေ့လေ လူသစ်ရ"

ရင်ညိုးအောင်သည် မျက်မှောင်ကျုံ့လျက်. .

"ဟာ ကျုပ်နဲ့ဘယ် လူသစ် မဟုတ်ပါဘူး၊ ပြီးတော့ ကျုပ်မွေးနေ့ မဟုတ်ဘူး"

လူမည်းက အေးဆေးတည်ငြိမ်စွာဖြင့်. . .

"မင်းက ဒီမှာ လူသစ်လေ၊ ပြီးတော့ မင်းမွေးနေ့က ဘယ်နေ့ဖြစ်ဖြစ် ဒီမှာတော့ မင်း ဒီနေ့မွေးလို့ ဒီနေ့ဟာ မင်း မွေးနေ့ပဲ"

ရင်ညိုးအောင် နားမလည်နိုင်တော့ချေ။

"ဘာပြောလိုက်တယ်"

"ဟုတ်တယ်လေ၊ အခုပဲ ဒီမှာ မင်း မွေးဖွားလာတယ်လေ၊ ငါ့ရှေ့မှာပဲလေ"

"ဘာ ဘယ်လို၊ ကျုပ်က ဒီမှာ အခုလေးတင် မွေးတာ"

"ဟုတ်ပါ့"

ရင်ညိုးအောင်သည် ထိုင်နေရာမှ ထကာ မိမိလက်ခြေများကို ငုံကြည့်ကာ မယုံကြည်ဟန်ဖြင့်. . .

"ဒါဖြင့် ဘယ်မှာလဲ ကျုပ်အမေ ပြစမ်းပါဦး၊ ကျုပ် အဖေရော ဘယ်မှာလဲ၊ ပြီးတော့ ဘာလို့ ကျုပ်က မွေးကင်း စ မဟုတ်တာလဲ၊ ကျုပ်ကို လာမစား စမ်းပါနဲ့၊ ခင်ဗျားက ဘယ်သူလဲ"

"ဟိုးထား မင်းမေးခွန်းတွေက များလွန်းတယ်၊ ငါ ပြောပြမယ်၊ ငါတို့ အားလုံးဟာ ဒီမှာ ဘွားခနဲ မွေးဖွားကြတယ်၊ အဖေ အမေ ရှိစရာမလိုဘူး

www.burmeseclassic.com

www.burmeseclassic.com

ငါက ဘယ်သူလဲဆိုတော့ ငါ့နာမည်က Peter (ပီတာ)လို့ခေါ်တယ်၊ ငါလဲ လွန်ခဲ့တဲ့ နှစ် (၂၀၀)လောက်က မင်းလိုပဲ ဘွားခနဲ အူကြောင်ကြောင်နဲ့ မွေးဖွားလာခဲ့တဲ့ Deva (ဒီဗာ) တစ်ယောက်ပဲ၊ ဒီနေရာကတော့ တို့လို ဒီဗာတွေ နေထိုင်ကြတဲ့ Lun (လွန်း)လို့ခေါ်တဲ့ နေရာပေါ့ကွာ"

"ဒီဗာဆိုတာ ဘာလဲဗျ၊ လွန်းဆိုတာကော ဘာလဲ"

"ဒီဗာတို့၊ လွန်းတို့ ဆိုတာက တော့ ဒီဇီယန်း ဘာသာစကားပေါ့၊ ဒီဗာ ဆိုတာ တို့အမျိုးအနွယ်ရဲ့ အမည်တစ်ခုပေါ့၊ လွန်းဆိုတာက တို့နေထိုင်တဲ့ ဒီပြိုပ်ရဲ့ နာမည်ပဲ"

"ဒါဆို ကျွပ်က သေသွားတာလား"

"ဆိုပါတော့၊ ငါတို့တွေဟာ တကယ်တော့ Traveller တွေပဲလေ၊ ဒီနေရာမှာ ဘွားခနဲ မွေးဖွားလာပြီး သက်တမ်းကုန်ရင် ဖျတ်ခနဲ ကွယ်ပျောက်သွားကြရတယ်၊ ပြီးရင် တစ်နေရာရာမှာ ပြန်ပေါ်လာရဦးမှာပဲ၊ ဒါကြီးဟာ မဆုံးတဲ့ Process ကြီးပေါ့ကွာ"

ရင်ညီးအောင် သဘောပေါက်လိုက်ပြီ။ သူသည် ဒီစကြဝဠာထဲရှိ ဘုံတစ်ခုကို ရောက်နေတာတော့ သေချာသည်။ သို့သော် ဘယ်ဘုံမှန်း မသိပေ။ သူထိုင်ချလိုက်သည်။ လက်ဖဝါးနှစ်ဖက်ထဲသို့ မျက်နှာကို အပ်ထားလိုက်သည်။ သူ တဖြည်းဖြည်းချင်း ပြန်စဉ်းစားလိုက်သောအခါ သူ့ကို မျိုးအောင်က အဆိပ်ခတ် လုပ်ကြံခဲ့သည်မျှား တရေးရေးပေါ်လာလေတော့သည်။

တစ်ဆက်တည်းမှာပင် ဝဿန်ကိုလည်း သတိရလိုက်သည်။ ဒီပုံအတိုင်းဆိုလျှင် သူသည် လူဘုံမှ ဇီဝိန်ချုပ်ပြီး ၃၁ ဘုံမှ တစ်ဘုံကို ရောက်နေခြင်း ဖြစ်သည်။ ဘာဘုံလဲ။ လူပြည် မဟုတ်။ တိရစ္ဆာန်ဘုံလည်း မဟုတ်ပေ။ ပြိတ္တာဘုံလော။ သူသိသလောက် လူ၊ တိရစ္ဆာန်နှင့် ပြိတ္တာတို့သည် ရောနှော ဖြစ်တည်နေကြသည်။ ငရဲလား။ ခုထိတော့ မဖြစ်နိုင်။ နတ်ဘုံ ဖြဟ္မာဘုံများလား။ ကြားထဲတွင် အချိန် ဘယ်လောက်ကြာသွားသလဲဆိုတာလဲခန့်မှန်းလို့ မတတ်ပေ။

"အား"

ရင်ညီးသည် ခေါင်းကို ကုတ်ကာ အသံကုန်အော်လိုက်သည်။

"မင်း အစမှာတော့ လက်ခံရခက်မှာပဲ လူသစ်"

"ကျွပ်နာမည် ရင်ညီးအောင်ပါဗျ"

"အေးလေ မင်းမှ အစကတည်းက မပြောတာကိုး၊ ထားပါတော့လေ၊ မင်းက ဘယ်ဂြိုဟ်က လာတာလဲ"

"ကျွပ်က ကမ္ဘာဂြိုဟ်က လာတာဗျ"

တစ်ချိန်လုံး တည်တည်နေသော ပီတာသည် အင်မတန် ဝမ်းမြောက်ဟန်ဖြင့် ထအော်လေသည်။

"ဟား ဝမ်းသာလိုက်တာကွာ၊ ငါနဲ့ လာရာတူတူပဲ၊ အဖော်ရစ်ပြီဗျို့၊ လွန်းပေါ်မှာ မင်းဟာ လူပြည်ကလာတဲ့ ဒုတိယမြောက် ဒီဗာပဲ၊ ကမ္ဘာ ဘယ်နိုင်ငံကလဲ"

"ကျွပ်က မြန်မာပြည်ကဗျ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားက ဘယ်နိုင်ငံကလဲ၊ ပြီးတော့ မြန်မာစကားကို မွှတ်နေအောင် တတ်တယ်နော်"

"ဩော် ဒါက ဒီလိုရှိတယ်၊ ငါက ဂျပိတိမာလာက လာတာ၊ မင်း ဘယ်ဂြိုဟ်ကပဲလာလာ၊ လွန်းပေါ်ရောက်ရင် ဒီဗာတိုင်းဟာ သူများ ဘာသာစကားနဲ့ပဲပြောပြော ကိုယ့်အမိဘာသာစကားနဲ့ပဲ ကြားရတယ်၊ အခုဆိုရင် ငါက ဂျပိတိမာလာ စကားနဲ့ပဲ ပြောနေတာ၊ မြန်မာစကား တတ်လို့ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းစိတ်ထဲမှာ မြန်မာလိုပဲ ပြောနေသလို နားလည်နေတယ်၊ ငါလည်း အတူတူပဲ၊ မင်း မြန်မာလိုပြောနေပေမယ့် ငါ့စိတ်ထဲမှာ ဂျပိတိမာလာလို ပြောနေသလိုပဲ နားလည်နေတယ်၊ စကား ပြန် မလိုဘူးဖေါ့ကွာ၊ ဒါဟာ တို့ လွန်းပေါ်က ဒီဗာတွေရဲ့ I.Q က ကမ္ဘာပေါ်က လူတွေထက် အရမ်းမြင့်လို့ပဲ"

"ဒါဖြင့် လွန်းဟာ ကမ္ဘာကနေ ဘယ်လောက်ဝေးလဲ"

"အင်း Kilometer ပေါင်း လေးသိန်းနီးနီး ဝေးတယ်ကွ"

"ဘုရားရေ၊ ဒါဖြင့် လွန်းဟာ လပေါ့"

"အေးပေါ့၊ ငါတို့လို ကမ္ဘာက လာခဲ့တဲ့ လူတွေအတွက်တော့ လွန်းဟာ လပေါ့ကွာ"

ရင်ညီးအောင် ကိုယ့်နားကိုယ် ပင် မယုံနိုင်တော့ပေ။ သူဘဝ သက်တမ်း တစ်လျှောက်လုံး လပေါ်တွင် သက်ရှိ ရှိ/မရှိ လေ့လာမှုများ ပြုခဲ့သည်။ လပေါ်သို့လည်း လာကြည့်ချင်ခဲ့သည်။ အခုတော့ သူသည် လပေါ်ရောက်နေပေသည်။ သို့သော် လူတစ်ယောက် အနေဖြင့် ရောက်နေခြင်း စဟုတ်ဘဲ လပေါ်တွင် ရှင်သန်သော ဒီဗာ့ဘာတစ်ယောက်အနေဖြင့် ရောက်နေခြင်း ဖြစ်သည်။

သူ ငိုရမလား ဝမ်းသာရမလား မသိတော့ချေ။ သို့သော် သူသည် သူ့စိတ်တွင် ပဟေဠိဖြစ်နေသည်များကို ပီတာဆိုသော ဒီဗာထံ ဆက်မေးလေတော့သည်။

"ဒါဖြင့် ကျွပ်တို့ အာကာသဝတ်စုံတွေ ဘာတွေ မလိုဘူးလား"

"ဟား ဟား ဟား . . . အောင်ရင်ငြိမ်း အောင်ရင်ငြိမ်း"

"ရင်ညီးအောင် ပါဗျာ"

"ထားပေါ့တော့လေ မင်းက တော်တော် ရယ်ရတာပဲ၊ အေးလေ မင်းက လွန်းပေါ်မှာ အခုမှ မွေးကင်းစလေးဆိုတော့ ကလေးတစ်ယောက်လို မေးတော့တာပေါ့လေ၊ မင်းသိထားတဲ့အတိုင်း ဒီဗာတွေက လူတွေက ဇီဝိန်ချုပ်ဘဲ ဒီစကြဝဠာကြီးရဲ့ အချိန်ထိန်းချုပ်မှုကို ဖောက်ဖျက်ပြီး ကြိုက်လည် ထွက်ကြတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

လူပြည်က Neil Armstrong နဲ့ Buzz Aldrin တို့ လာကြတယ်လေ၊ သူတို့က ဗီဂြိုဟ်ကမ္ဘ မဟုတ်တော့ ဒီမှာ မရှင်သန်နိုင်ဘူး။

ဒါကြောင့် ရှင်သန်နိုင်တဲ့ အကူပစ္စည်းတွေ ဝတ်လာရတာပေါ့၊ လွန်းပေါ်မှာ အောက်ဆီဂျင်မရှိဘူး၊ လူတွေ အတွက်ကျတော့ အောက်ဆီဂျင်ရှိမှ ဇီဝကမ္မဖြစ်စဉ်တွေ လည်ပတ်တာလေ၊ ငါတို့ ဒီဟာတွေအတွက်တော့ မလိုဘူး"

"ဒါဖြင့် ခင်ဗျားတို့ အဲလေ ကျွပ်တို့ ဒီဟာတွေက"

"အေး ငါတို့မှာ ဇီဝကမ္မဖြစ်စဉ်တွေ မရှိဘူး"

"ဟာ ကျွပ် အသက်ရှူနေတယ်လေ"

"မင်းထင်လို့ပါ။ မင်းက အရင်ဘဝနဲ့ အရမ်းနီးကပ်နေသေးတော့ မင်း စိတ်ထဲ အကျင့်ပါပြီး ငါ အသက်ရှူနေသေးတယ်လို့ ထင်နေတာကွ၊ မင်း လူ့ဘဝတုန်းကရော နေ့စဉ် အသက်ရှူနေပေမယ့် သတိထားမိလို့လား၊ အခုလည်း ဒီလိုပဲ မင်း အသက်ရှူမနေတာကို မင်း သတိမထားမိဘူး"

ပီတာပြောမှ သတိထားမိသည်။ ရင်ညိုးအောင်သည် လုံးဝ အသက်မရှူနေပေ။ နှလုံးလည်း ခုန်မနေပေ။

"ဒါဖြင့် ကျွပ်တို့ ဘာမှ မစားကြဘူးလား"

"လိုမှ မလိုတာ"

"မအိပ်ကြဘူးလား"

"ဒီမှာ နေ့ ည မရှိဘူးလေ၊ တစ်ခြမ်းက အခုလို အမြဲမှောင်နေပြီး၊ တစ်ခြမ်းက အမြဲလင်းနေတာလေ၊ ဒါဝေမဲ့ လင်းတဲ့အခြမ်းမှာ ပူလို့ ဒီဟာတွေ မနေနိုင်ဘူး"

"ဒါပေမဲ့ Armstrong တို့လာတော့ သူတို့ ဘာမှ မတွေ့ခဲ့ဘူးလေ"

"Dimension မတူလို့ကွ၊ လူတွေနဲ့ ဒီဟာတွေ dimension မတူတော့ မမြင်ရဘူးလေ၊ ဒါကြောင့် သူတို့လာတုန်းက ငါတို့တွေ အကုန် သူတို့ကို မြင်ရတယ်၊ ခုနဆွ ခုနဆွနဲ့ တော်တော် ရယ်ရတယ်၊ ငါတို့ ဝိုင်းဟားကြတာပေါ့၊ သူတို့ကတော့ ငါတို့ကို မမြင်ရပါဘူးကွာ၊ ငါတို့က မြင်စေချင်ရင်တော့ သူတို့ မြင်ရနိုင်တယ်"

"ဒါဖြင့် လပေါ်မှာ ဘာသက်ရှိမှ မရှိဘူးလား"

"ရှိတယ်လို့ ပြောလည်းရတယ်၊ မရှိဘူးလို့ ပြောချင်လည်းရတယ်"

"ဘယ်လိုကြီးလဲဗျ"

"ရတယ် ဆိုတာ ဒီဟာတွေက သတ္တဝါတွေပဲလေ၊ သက်ရှိလို့ ပြောလို့ရတာပေါ့၊ ဒီစကြဝဠာမှာ သတ္တဝါတွေ နေဆိုင်ကြတာ ကမ္ဘာနဲ့ လွန်းအပါအဝင် ဂြိုဟ် ၂၉ လုံး ရှိတယ်လေ။

ရောဘူး ဆိုတာက မင်း လူ့ဘဝတုန်းက သိခဲ့တဲ့ သက်ရှိဆိုတာ သက်ရှိ အဂိါရပ် (၇)ချက်နဲ့ ညီပြီး မင်းတို့ လူတွေ မျက်လုံးနဲ့ မြင်ရတဲ့ သက်ရှိကို ပြောတာ မဟုတ်လား။

ကမ္ဘာကလွဲလို့ လွန်းအပါအဝင် ဂြိုဟ် ၂၈ လုံးမှာရှိတဲ့ သတ္တဝါတွေက ဆဲလ်နဲ့ မဖွဲ့စည်းဘူး၊ ပရိုတိုပလာဇမ် မရှိဘူး၊ DNA လည်း မရှိ၊ ကဲ မင်းတို့ ဘာနဲ့ သက်ရှိလို့ သတ်မှတ်မလဲ၊ မြင်တောင် မမြင်ရဘဲနဲ့"

"ခင်ဗျားပြောတော့လည်း ဟုတ်သလိုလိုပဲ"

"ဟုတ်ကို ဟုတ်နေတာပြီးတော့ လွန်းပေါ်က ဒီဟာတွေဟာ နည်းပညာမှာ အင်မတန် အဆင့်မြင့်ကြတယ်၊ မင်းတို့ လူပြည်မှာ အင်တာနက်တွေ ခေတ်စားတယ် မဟုတ်လား။ လွန်းပေါ်မှာ ငါ မမွေးခင်ကတည်းက ပေါ်နေပြီ"

"ဟုတ်လား"

ရင်ညိုးအောင်သည် အင်တာနက်ဆိုသော အသံ ကြားသောအခါ လမ်းပျောက်နေသူ လမ်းစတွေ့သလို ခေါင်းထောင်သွားသည်။

"အခုဆိုရင် ဒီဟာတွေဟာ လူသားတွေရဲ့ ကွန်ရက်တွေကိုတောင် ထိုးဖောက် ဝင်ရောက်နိုင်တယ်ကွ၊ လူသားတွေ Discovery ကနေ ပုရွက်ဆိတ်တွေကို ဇေ့လာသလိုပေါ့ကွာ"

"ဒါဆို ခင်ဗျားတို့က နေ့စဉ် လူသားတွေရဲ့ ကွန်ရက်တွေကို ကြည့်နေတာပေါ့လေ"

"နိုး နိုး ဒီလိုလည်းမဟုတ်ဘူး၊ လွန်းမှာလည်း လွန်းဥပဒေ- ရှိစာယ်၊ အထူးခန့်အပ်ခြင်းခံရတဲ့ ပညာရှင်တွေသာ လွန်း နည်းပညာ တိုးတက်ရေးအတွက် လူသားတွေရဲ့ ကွန်ရက်ကို ထိုးဖောက်ခွင့်ရှိတာ၊ ဒါကို မလိုက်နာရင် ပြစ်ဒဏ်ခံရလိမ့်မယ်"

"ဩော်. . . ဒီလိုလား"

ရင်ညိုးအောင်သည် ပြစ်ဒဏ်ကို စိတ်မဝင်စားပေ။ သူလိုချင်သော အချက်ကို ရအောင်မေးရန် ဆုံးဖြတ်လိုက်သည်။ ၎င်းမှာ အင်တာနက်မှ တစ်ဆင့် ဝဿန်ကို ဆက်သွယ်ရန် ဖြစ်လေသည်။ ထို့ကြောင့် ဤသို့မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားကော Social Network သုံးလား"

"ဒီမှာက အဆင့်မြင့်လွန်းတော့ Social Network က ပျင်းစရာတောင် ဖြစ်နေပြီ"

"ကျွပ်ကို တစ်ချက်လောက်ပြပါလား၊ ခင်ဗျားတို့ ဘာနဲ့ သုံးတာလဲ"

"ဒီမှာ"

ပီတာသည် သူ့ရှေ့ရှိ ပန်းချီကားသဏ္ဌာန်ကားချပ်ကို မျက်လုံးဖြင့် စိုက်ကြည့်လိုက်သည်။ လူပြည်တွင် အသုံးပြုသော Facebook နှင့် ဆင်တူသည့် စာမျက်နှာ တစ်ခု ပေါ်လာလေသည်။

"ဒါ Jaspo လို့ခေါ်တယ်၊ ဒါ ငါတို့ ဒီဟာတွေ သုံးတဲ့ Social Network ပေါ့ကွာ"

"ဩော် ခင်ဗျားတို့ဆီမှာကော Facebook သုံးလား"

"ဒီဟာတွေအကုန် Jaspo ကိုပဲ သုံးတယ်၊ ဒါပေမဲ့ Jaspo ရဲ့ အားသာချက်က user က သိပ်နည်းပညာကိုသာ ကျွမ်းကျင်ရင် ဘယ် Social Network

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ Interface ကို မဆို ထိုးဖောက်ကြည့်ရှုနိုင်တာပဲ"

ရင်ညိုးအောင် ကျိတ်ဖျော်သွားသည်။

သူသည် မကြာမီ လူပြည်ကို ဝင်ရောက် ကြည့်ရှုနိုင်ရန် ကြံစည်လေတော့သည်။

"ဩော် တော်တော် အဆင့်မြင့်တာပဲနော်၊ ဒါကြီးက Touch Screen ကြီးလား"

"နိုး Untouch Screenကွ"

"ဘယ်လို"

"ထိစရာ မလိုဘဲ စိတ်နဲ့ အမိန့်ပေးရလို့ Untouch Screen"

"ဩော် . . . ဒါဖြင့် ကျုပ်လည်း ဒါမျိုး လိုချင်ရင်"

"မင်း ဒီဘာသက်တမ်း ၁ လပြည့်ရင် အလိုလို ပေါ်လာလိမ့်မယ်"

"ဒါဖြင့် ကျုပ်က ၁ လလုံး ငုတ်တုတ်ထိုင်နေရမှာပေါ့"

"ငါ့ဟာ ယူသုံးလေ"

"စိတ်နဲ့အမိန့်ပေးတာဆို၊ ခင်ဗျား စိတ်နဲ့ အမိန့်ပေးတာကြီးကို ကျုပ်က ဘယ်လို ယူသုံးရမှာလဲ"

"မပူပါနဲ့ကွာ၊ မင်းစိတ်နဲ့ ထိန်းချုပ်နိုင်အောင် ငါ လုပ်ပေးမှာပေါ့၊ ကဲလာ ဒီမှာထိုင်"

ပီတာနှင့် ရင်ညိုးအောင်တို့သည် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပြီး လက်ဝါးချင်း ထိထားလိုက်ကြသည်။ ထိုစဉ် နှစ်ဦးလုံး၏ ဦးခေါင်းများမှ လျှပ်စစ်စီးကြောင်းများ တောက်ပစွာ ပေါ်လာပြီး လက်များမှ တစ်ဆင့် ပူးပေါင်းသွားကာ ဂင်းလျှပ်စီးကြောင်းသည် ကားချပ်ကြီးထဲသို့ ဝင်သွားလေသည်။

"ကဲ ရပြီ၊ ဒီနေ့က စပြီး ဒါကို မင်း ပိုင်ပြီ၊ သုံးပေတော့၊ ငါကတော့ ဒီဟာမလေးတွေ တစ်ဖက်လေးငါးရာနဲ့ ပျော်လို့ရမယ့် Devarian Club ကို သွားလိုက်ဦးမယ်ဟေ့"

"ကြိုက်တဲ့နေရာသာ သွားဗျို့ ကျေးဇူးတင်တယ်"

ရင်ညိုးအောင်သည် ဂင်းကားချပ်ကြီးကို စိုက်ကြည့်ပြီး facebook ကို တောင့်တလိုက်သည်။ ထိုအခါ နည်းပညာသမားများသာ နားလည်သော စာတန်းများ ပေါ်လာလေသည်။

ရင်ညိုးအောင်သည် ဂင်းစာများကို နားလည်သဖြင့် အလွယ်တကူပင် ပြန်လည်ရိုက်နှိပ်လိုက်သောအခါ အမှန်တကယ်ပင် လူပြည်တွင် သုံးသော facebook interface ပေါ်လာလေသည်။

သူသည် မိမိ profile ကို စိတ်ဖြင့် တောင့်တလိုက်သောအခါ အုံ့ဩစရာ ကောင်းလောက်အောင်ပင် user name, password တို့ကို မိမိစိတ်ထဲမှ တွေးသည့်အတိုင်း အမှားအယွင်းမရှိ ရိုက်နှိပ်ပြီးစီးကာ profile သို့ ဝင်သွားလေတော့သည်။

သူသည် timeline ကို ဝင်ကြည့်ရာ အားလုံးက R.I.Pဟု နှုတ်ဆက်ထားသော staus များကို ဝမ်းနည်းစွာ တွေ့ရလေသည်။

ထိုသို့ ကြည့်နေစဉ် သူ၏ notification တွင် "Wathan Moe posted a status on your timeline" ဟု ပေါ်လာလေသည်။

ရင်ညိုးအောင်သည် အုံ့ဩစွာဖြင့် ဝင်ကြည့်လိုက်သောအခါ. . .

"မောင် ဒီ status ကိုတော့ မောင်ဘယ်တော့မှ Like လုပ်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ တင်ပါရစေ မောင်၊ မောင် ဝဿန်ကို ခွဲခွာသွားတာ နောက်လဆို (၁) နှစ်ပြည့်တော့မယ်၊ တစ်ရက်မှ မေ့မရဲခဲ့ပါဘူး မောင်၊ အချိန်တွေက မြန်ဆန်လွန်းတယ် မောင်၊ ငိုတယ်ဆိုတာ လောကကြီးကို အရှုံးပေးတာဆိုတဲ့ မောင့် စကားတစ်ခွန်းကြောင့် ဝဿန် မငိုမိအောင် ကြိုးစားခဲ့ပါတယ်၊ ဝဿန် ခံနိုင်ရည် ရှိပါတယ် မောင်၊ ဒါပေမဲ့ လောကကြီးရဲ့ ကွယ်ရာမှာတော့ မျက်ရည်တွေ ကျိတ်ကျမိတယ်၊ မောင်ရယ် ဒီနှစ်ထဲမှာ ဝဿန် ရေးသမျှ သီချင်းတွေ အားလုံး အလွမ်းသီချင်းတွေချည်းပဲ မောင်၊ မောင့်ကို လွမ်းတယ်၊ မောင် အမြင့်တစ်နေရာကနေ ဝဿန်ကို ကြည့်ပြီး ဆက်ချစ်နေနိုင်ပါစေ၊ မောင့်ကို အရမ်းချစ်တဲ့ ဝဿန်"

ရင်ညိုးအောင်သည် ရှိုက်ကြီးတငင်ငိုလေတော့သည်။ သို့သော် မျက်ရည်များမကျပေ။ ဒီဟာများတွင် မျက်ရည်မရှိ၍ ဖြစ်မည်ဟု တွေးလိုက်မိသည်။

သူသည် ကောင်းကင်ကို မော့ကြည့်မိသည်။ သို့သော် အမည်းရောင်ကိုသာတွေ့ရလေသည်။ ကြယ် အနည်းငယ်ကိုလည်း တွေ့ရသည်။ လကိုမူ မတွေ့ရ။ လသည် သူ့ခြေထောက်အောက်၌ ရှိလေသည်။

ရင်ညိုးအောင်သည် ၎င်း status ကို ကြိုက်နှစ်သက်မိသည်။ တစ်ပြိုင်တည်းမှာပင် ကားချပ်ပေါ် တွင် status ကို like နှိပ်ပြီးသား ဖြစ်သွားလေသည်။

ခဏအကြာတွင် လုံးဝ မထင်မှတ်ဘဲ Message box မှ ဝဿန် Message ဝင်လာလေသည်။

"ရှင် ဘယ်သူလဲ"

(ဇာတ်သိမ်းဝိုင်းမျှော်)

ဝင်းထိန်(အင်းစိန်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ငယ်စဉ်က ကျောင်းတွင် သင်ကြား ကျက်မှတ်ခဲ့ရသော ပထဝီဘာသာရပ်၌ ဧရာဝတီမြစ်ကျဉ်းလေးခုရှိရာ တတိယမြစ်ကျဉ်းသည် သပိတ်ကျင်းမြို့၏ အထက်နားတွင် ရှိသည်ဆိုသော စာပိုဒ်ကလေးကို လဲ့ညီးကောင်း၊ ဦးဖိုးကျား၏ မြန်မာရာဇဝင်တွင်လည်း စဉ့်ကူးမင်း အညာသီဟတော ဘုရားသို့ ဘုရားဖူးထွက်စဉ် ဖောင်၊ကားစားမောင်မောင်က နန်းလုသည့်အကြောင်းတွင် အညာသီဟတော ဘုရားသည် သပိတ်ကျင်းမြို့အောက်နားမှ ဧရာဝတီမြစ်လယ် ကျောက်ဆောင်ပေါ်တွင် တည်ထားကြောင်း မှတ်မိနေပါသည်။

စာတွေ့အရသာလျှင် သပိတ်ကျင်းဟု သိသော်လည်း တကယ်တမ်းတွင် ဇာတိမွေးရပ်မြေ လက်ပံတန်းမြို့လေးမှ လွဲ၍ မည်သည့်ဒေသကိုမျှ မရောက်ဖူးသေးပါ။

ဥတုရာသီ နှစ်တွေ အလီလီ ပြောင်း၍ ရွာကျောင်း၏ ခေါင်းလောင်းသံနှင့် ဝေးလေသောအခါ တောအထပ်ထပ်၊ တောင်အသွယ်သွယ် လှည့်လည်ကာ သယ်ဇာတ လေ့လာရှာဖွေရသည့် သတ္တုတွင်းဌာန ဝန်ထမ်းဘဝ ရောက်ခဲ့ရပါသည်။ ဒီတော့မှပင် သပိတ်ကျင်းဆိုသော စာထဲက မြို့လေးသို့ စတင်ရောက်ဖူးပါတော့သည်။

ယခင်က ခေတ်အခြေအနေအရ မန္တလေး-မိုးကုတ် ကားလမ်းသည် မကောင်းသဖြင့် ပတ္တမြားမြေ မိုးကုတ်သို့ တက်လိုလျှင် မန္တလေးမှ သင်္ဘော စီး၍ သပိတ်ကျင်းအထိ တက်ရပါသည်။ သပိတ်ကျင်းဆိပ်ကမ်းတွင် ဆင်းကာ သပိတ်ကျင်းမှ ကားဖြင့် မိုးကုတ်သို့ တက်ရသော သင်္ဘောဆိပ် သာမန်မြို့လေးအဖြစ်သာ လူသိများခဲ့၏။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ပြီးနောက် ပိုင်းတွင် ဘူမိဗေဒ အဓိကဘာသာရပ်ဖြင့် ဘွဲ့ရခဲ့ကြသော မြန်မာဘူမိဗေဒပညာရှင် Geologist တို့၏ ကြိုးပမ်းရှာဖွေလေ့လာမှုများကြောင့် သပိတ်ကျင်းမြို့နယ်သည် သာမညမြို့နယ်မဟုတ်ဘဲ သဘာဝအဖိုးထိုက်အလုံးဝင် သယ်ဇာတများ ပေါကြွယ်ဝသော မြို့တစ်မြို့ဖြစ်ကြောင်း သိခဲ့ရတော့သည်။

သပိတ်ကျင်းမြို့နယ် ဧရိယာတစ်ခုလုံး မြေပေါ် သယ်ဇာတဖြစ်သော သစ်တောကြီးများ ဖုံးလွှမ်းထားသလို

www.burmeseclassic.com

www.burmeseclassic.com

မြေအောက်၌လည်း အဖိုးထိုက် အသုံးဝင်သည့် သယ်ဇာတတို့ဖြင့် ပြည့်လျက်ရှိ၏။

ထူးခြားသည်မှာ သပိတ်ကျင်းဧရိယာ တစ်ခွင်လုံး ရွှေမထွက်သည့် နေရာ မရှိသလောက်ရှား၏။ ဘူမိဗေဒသဘောအရ ကမ္ဘာကျော် မိုးကုတ် ပတ္တမြားမြေ ကျောက်စဉ်နှင့် အတူတူ ဖြစ်ပေရာ ပတ္တမြား၊ နီလာတို့လည်း ထွက်၏။ လျှပ်စစ်လုပ်ငန်းတွင် အရေးပါလှသော ဂရပ်ဖိုက် Graphite သတ္တု၊ နီကယ်ခရိုမိုက်၊ Nickel, Chromite နှင့် ဖော့စဖိတ် ဓာတ်သတ္တုများပါ ထွက်လေရာ "ရတနာမြေ သပိတ်ကျင်း" ဟု ကျွန်တော်က ဂုဏ်ပြုလိုက်ရပါသည်။

သပိတ်ကျင်းမှ မိုးကုတ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာများကို အမည်မှည့်ခေါ်ရာတွင် သပိတ်ကျင်းနှင့် (၄)မိုင်ကွာလျှင် လေးမိုင်ရွာ၊ (၆)မိုင်ကွာလျှင် ခြောက်မိုင်ရွာ၊ (၇)မိုင်ကွာလျှင် ခုနစ်မိုင်ရွာခေါ်၍ ကျန်ရွာများသည် ဝါးဖြူတောင်၊ မြသန္တာ၊ ပိုးစာတို့ဖြစ်၏။

လေးမိုင်ရွာနှင့် ခြောက်မိုင်ရွာ၏ အလယ်လောက်တွင် ချောင်းငယ်လေးတစ်ခုရှိ၏။ ထိုချောင်းလေးသည် မိုင်တိုင် အမှတ်(၅)အနီးတွင် ကားလမ်းအားဖြတ်ကာ မြောက်ဖက်သို့ စီးဆင်း၍ ခြောက်မိုင်ချောင်းနှင့်ပေါင်းဆုံ၏။

ယခင်က ထိုချောင်းလေး ဖြတ်သန်းရာ မိုင်တိုင်(၅) အနီး၌ ဝါးခုတ်၊ မီးသွေးဖုတ်သောသူများနေရာ တဲစုလေး တစ်စု ရှိခဲ့ဖူး၏။ ထိုအချိန်က ဤဒေသသည် ဒုက်ဖွားရောဂါ ထူပြောသည့်ဒေသ ဖြစ်ခြင်းကြောင့် တဲစုလေးရှိလူတို့ ဒုက်ဖွားရောဂါဖြင့် သေကျေမှုများလှ၍ တဲစုမှ စွန့်ခွာသွားကြ၏။

ရှင်သူများက တဲစုဖု စွန့်ခွာသွားကြသော်လည်း သေဆုံးသူတို့၏ဝိညာဉ်များမှာ ထိုနေရာ၌ပင် တဝဲဝဲ တလည်လည်ဖြင့် ရှိနေကြပြီး ဖြတ်သန်းသွားလာသူများအား ခြောက်လှန့်ပါများသည်အတွက် ထိုနေရာသည် သရဲဆိုးကြီး (၀၀) တဲဆိုးကြီးစခန်း အမည်တွင်သွား၏။ (ခြောက်မိုင်ရွာ ဥက္ကဋ္ဌဟောင်း ဦးပွဲတင် ပြောပြချက်)။

စောစောပိုင်းက ဤဒေသသို့ မည်သည့် ဘူမိဗေဒပညာရှင်များ လာရောက်ခဲ့သည်ကို မသိရှိသော်လည်း ကျွန်တော်သိရသမျှဆိုလျှင် ဘိုကလေးသား ဘူမိဗေဒပညာရှင် ဦးမြင့်သိန်း ဦးဆောင်သော အဖွဲ့က ပထမဆုံး ရောက်ရှိခဲ့ပါသည်။

ဦးမြင့်သိန်းတို့အဖွဲ့သည် ဤသရဲဆိုးကြီး (၀၀) တဲဆိုးကြီး နေရာ၌ပင် ဘူမိဗေဒစခန်းပြုလုပ်ရန် ဆုံးဖြတ်ပြီး မိုင်တိုင်(၅)အနီး ကားလမ်း၏ မြောက်ဘက်ဘေးနားတွင် တဲစခန်းဆောက်၏။

ဦးမြင့်သိန်းတို့အဖွဲ့သည် ဓာတ်မြေဩဇာ ထုတ်လုပ်ရာ၌ အရေးပါလှသော ဖော့စဖိတ် သယ်ဇာတ လေ့လာရှာဖွေခြင်း ဖြစ်သည်။

တဲဆိုးကြီးစခန်း၌ ဦးမြင့်သိန်းတို့ ဘူမိဗေဒအဖွဲ့က ဖော့စဖိတ်သယ်ဇာတ လေ့လာရှာဖွေရေး လုပ်နေချိန်၌ ပြင်ဦးလွင်(မေမြို့)၊ နောင်ချိုမြို့နယ်တို့တွင်လည်း ဘူမိဗေဒပညာရှင် စိုင်းကြာဦးတို့အဖွဲ့မှ ဘောက်ဆိုက် Bauxite သယ်ဇာတများ လေ့လာရှာဖွေမှု ဆောင်ရွက်နေကြချိန် ဖြစ်၏။ ဘောက်ဆိုက် သယ်ဇာတသည် ဒန်သပ္တာထုတ်လုပ်ရာတွင် သယ်ဇာတဖြစ်၏။

ကျွန်တော်က စိုင်းကြာဦး၏ ဘူမိဗေဒအဖွဲ့နှင့်တွဲဖက်၍ ကွန်ပြူတိုင်းတာရေးဆွဲရသော မြေတိုင်းပညာရှင် ဆာဗေယာဖြစ်ပေရာ ပြင်ဦးလွင်၊ နောင်ချိုဒေသများမှ လုပ်ငန်းပြီးပြတ်သော် စိုင်းကြာဦးအဖွဲ့ ပြောင်းရွှေ့ရာ သပိတ်ကျင်းသို့ လိုက်ပါရပြန်ပါသည်။

စိုင်းကြာဦး၏အဖွဲ့ ထပ်မံရောက်လာသောအခါ လူအင်အား များလာသဖြင့် တဲဆိုးကြီးစခန်း၌ သရဲမဆိုးနိုင်တော့ဘဲ အသွင်တစ်မျိုးပြောင်း၌ သူတို့ ရှိကြောင်း သိစေ၏။

ထိုအကြောင်းကို ကျွန်တော်ပင် သူရဇ္ဈမဂ္ဂဇင်း၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

သယ်ဇာတ ဖော့စဖိတ်သည် လေ့လာရှာဖွေရုံမျှမကတော့ဘဲ စမ်းသပ်ထုတ်လုပ်ရန်ပါ ဖြစ်လာသောကြောင့် တဲဆိုးကြီးစခန်းသည် ခဲနှစ်၊ ဓာတ်ခွဲခန်း၊ ဧည့်မှိုပ်သာတို့ဖြင့် ပြည့်စုံလာရာ ခေတ်နှင့်မလျော်ညီတော့သည့် တဲဆိုးကြီးအမည်အစား အမည်သစ်ပြောင်းရန် တိုင်ပင်ကာ ထိုစဉ်က ညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် စိုင်းကြာဦးတို့က 'ငါးမိုင်စခန်း' ဟု ပြောင်းလိုက်ကြပါသည်။

ငါးမိုင်စခန်းတွင် ဝန်ထမ်းများ သာမက နေစားအလုပ်သမားများ၊ ဝန်ထမ်း၏မိုဝိုသူ မိသားစုများပါ ရောက်ရှိနေထိုင်ကြသည်ဖြစ်ရာ ငါးမိုင်ရွာဟုပင် ဆိုနိုင်၏။ ဝန်ထမ်းများ၏ သက်သာဆိုင်လည်းရှိ၏။ သက်သာဆိုင် ကော်မတီတွင် ကျွန်တော်က အမှုဆောင်တစ်ဦး လည်းဖြစ်သည့်အတွက် ဆိုင်ကိစ္စလည်း ဆောင်ရွက်ရ၏။

ယနေ့ သတင်းစာ၊ ဂျာနယ်တို့တွင် ပေါ်ပြူလာဖြစ်နေသည့် ကြေးစင်တောင်၊ လက်ပံတောင်းတောင် ကြေးနီသတ္တုရိုင်းသိုက်များ လေ့လာရှာဖွေရေး လုပ်စဉ်က ဝန်ထမ်းသ/မအသင်းတွင် အတွင်းရေးမှူး၊ သက်သာဆိုင်တွင် တာဝန်ခံလုပ်ခဲ့ဖူးသောကြောင့် ယခု ငါးမိုင်စခန်း၌လည်း သက်သာအဖွဲ့ အမှုဆောင်လုပ်ရပြန်ပါသည်။ အထုံရောစက်ပါလေသလား မသိပါ။

ကျွန်တော်တို့ သယ်ဇာတ လေ့လာရှာဖွေရေးအဖွဲ့တွင် လာရောက်လုပ်ကိုင်ကြသော အလုပ်သမားတို့သည် အမှုနယ် အရပ်ရပ်မှဖြစ်သလို အလုပ်အတွက် သက်သက်လာသူရော အကြောင်းအမျိုးမျိုးဖြင့် ရှောင်တိမ်းရင်း အလုပ်ဝင်လုပ်သူရော စုံအောင်ပါ၏။

ထိုအကြောင်းကို ၂၀၁၄ ခု နိုဝင်ဘာလထုတ် လပြည့်ဝန်း မဂ္ဂဇင်းကြီးတွင် 'ရွှေတောမှာ လွမ်းရသူများ'

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။ ယခုလည်း ကျွန်တော်၏ ဆာဗေးတိုင်းတာရေးအဖွဲ့၌ပါသော အလုပ်သမား မြင့်သောင်းသည် ဒုတိယအမျိုးအစားတွင် ပါဝင်သူ ဖြစ်၏။

မြင့်သောင်းသည် ရန်ကုန်၊ ပုဇွန်တောင်ကဟု ဆိုသည်။ ရိုက်မှုမြင့် ထွက်ပြေး တိမ်းရှောင်လာရင်း ရွှေတောင်ခိုလှုံနေခိုက် ရရာအလုပ် ဝင်လုပ်ခြင်း ဖြစ်၏။

သူတော်ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖော်မွှေ၏ဆိုသော စကားလိုပင် ဆိုရမည်လား၊ ကြောင်အစာငတ်နှင့် ဆက်ရက်တောင်ပံပြတ် ပြောရမည်လား မသိ။ သူလိုပင် အမှုတစ်ခုကြောင့် မတွေ့ရာမှ တိမ်းရှောင်လာသော ကျင်မလေးတို့ တွေ့ကြလေရာ မြင့်သောင်းက ဆာဗေးအဖွဲ့မှ ဝန်ထမ်းပါဟု အယုံသွင်း၏။ ဒီတစ်ခါတော့ ကျင်မလေး မလည်ပတ်နိုင်တော့ဘဲ ယုန်သားအစစ်ထင်ကာ စားလိုက်မိပြီတည်း။

ဆရာမောင်အေး ကျွန်တော်တို့ လက်ထပ်ပွဲလေးမှာ မိဘဆရာသမားအနေနဲ့ လိုက်ခဲ့ပေးပါဟု ဆိုလာ၏။ ကျွန်တော်လည်း ပြဿနာထုပ်ကြီး ကိုယ့်အပေါ် ကျလာမည်စိုး၍ လက်ထောက်ဆာဗေယာကိုစိုးမြင့် (ကွယ်လွန်)အား ထည့်လိုက်၏။

ဂင်သည်အတိုင်း သုံးလခန့် ပေါင်းပြီး ၇၀ ခန့် ဆေးကုရန်ဆိုကာ ပြေးလေသတည်း။

ငနှေတွင် ဂျွန်ဒေါ်သို့ ကျင်မလေး ၅၀ သစ်မီးစမီးပြုံ ရောက်လာပြီး-

"ဆရာရယ်၊ ကိုမြင့်သောင်းတော့ ငှက်ဖျားနဲ့ ဆုံးရှာပြီတဲ့"

တစ်ကောင်နှင့်တစ်ကောင် ချစ်တဲ့နေရာမှာရော သစ္စာရှိတဲ့နေရာမှာရော စာပေတွေမှာ အောက်ချင်းငှက် မောင်နှံကိုနေ့ဖွဲ့ကြပါတယ်။ ကျွန်တော်ကတော့ စာပေတွေမှာ ဖတ်ရဖူးမှုသာ မဟုတ်ပါဘူး။ တောထဲ တောင်ထဲမှာ သီအိုဒိုလိုက်တစ်လုံးနဲ့ နီစွန့်ဝ ဆာဗေးလုပ်ရသူ ဆာဗေယာဖြစ်လေတော့ အောက်ချင်းငှက်မောင်နှံရဲ့ ကြင်နာယုယမှုကို ကိုယ်တွေ့ မြင်ရပါတယ်။

တုတ်ပါတယ်။ သူတို့ရဲ့ ကြင်နာယုယမှုလေးတွေဟာ စာဖွဲ့လောက်ပါတယ်။

တစ်နေ့မှာ အုံးလုံးချောင်းရဲ့ မြောက်ဘက်ကမ်း ဖော့စဖိတ်လုပ်ကွက်တစ်ခုမှာ သီအိုဒိုလိုက်နဲ့ တိုင်းတာမှုတွေ လုပ်နေတယ်။ ကျွန်တော်သုံးတဲ့ သီအိုဒိုလိုက်က မှန်ဘီလူးပါဝါ ဘယ်လောက်ကောင်းသလဲဆိုရင် လပေါ်မှာရှိတဲ့ ဥတ္တာပျံထိမှန်ထားသော ကျင်းကြီးများကို ထင်ရှားစွာ မြင်ရပါတယ်။

ခဏကြာတော့ ချောင်းကမ်းရေသဖန်းပင်ကြီးပေါ်က အောက်ချင်းငှက် အော်သံ ကြားရပါတယ်။ အသံက သာယာနာပျော်ဖွယ် မရှိပါဘူး။ သီအိုဒိုလိုက်နဲ့ သဖန်းပင်ကြီးပေါ် လှမ်းကြည့်လိုက်တော့ သဖန်းသီးမှည့် နီနီလေး တစ်လုံးကို အစာခွံကျွေးနေတဲ့ အောက်ချင်း မောင်နှံကို တွေ့ရတယ်။

အစာခွံပေးနေသော အောက်ချင်းဖိုကြီးပါ။ သဖန်းသီးမှည့်က အောက်ချင်းမ နှုတ်သီးထဲ ရောက်သွားပေမယ့် မျိုမချပါဘူး။ 'ရော့ မောင်ပဲစားလိုက်ပါ' ဆိုသလို အောက်ချင်းဖိုကြီးကို ပြန်ခွံကျွေးပါတယ်။ မျက်လုံးက အဝါရောင်ပါ။ သီအိုဒိုလိုက်မှန်ပြောင်းနဲ့ အောက်ချင်းမောင်နှံဟာ ပေတစ်ရာအကွာအဝေးလေးက်မှာ ဖြစ်ပေမယ့် မျက်စိရှေ့ လက်တစ်ကမ်းလောက်မှာလို မြင်နေရပါတယ်။

ဩော်... ဒါကြောင့် သစ္စာနဲ့ ကြင်နာယုယမှုမှာ အောက်ချင်းမောင်နှံကို တင်စားကြတာပါလားလို့ ကိုယ်တွေ့ သိလာရပါတယ်။

အကြင်နာတောင်တန်း တစ်သန်းအပြည့်ဆိုတဲ့ အောက်ချင်းမောင်နှံလို မြင့်သောင်းနေရာမှာ နောက်ထပ် ရောက်လာတဲ့သူကတော့ ဘီးချိုင့်မြို့နယ် ရွာတစ်ရွာက ခင်မောင်ဝင်းတို့ဇနီးမောင်နှံ ဖြစ်ပါသည်။ ဇနီးမောင်နှံဆိုၿပီး လင်ရော မယားပါ အလုပ်ဝင်လုပ်သည် မဟုတ်ပါ။ ယခုမှ အသစ်စက်စက် မိန်းမဦးပြေးလာရင်း ခင်မောင်ဝင်းက ဆာဗေးအဖွဲ့တွင် အလုပ်ဝင်လုပ်ခြင်းဖြစ်၏။

သစ်ပါးပေါသော ဒေသဖြစ်၍ ငါးဖိုင်စခန်းမှ ဝန်ထမ်းဗိသားစုများ နေကြသော အိမ်လေးများအစွန်တွင် ဝါးတဲလေးတစ်လုံးကို နေ့ချင်းပြီး ဝိုင်းဆောက်ပေးသဖြင့် ထိုတဲလေးတွင် နေထိုင်ကြ၏။

ခင်မောင်ဝင်း၏ ဇနီးလေးက အချောအလှကြီးမဟုတ်သည်တိုင် ညီချောလေးဖြစ်၏။ ခင်ညီထွေး ဟူသော အမည်နှင့်လည်း လိုက်လျောညီထွေရှိ၏။ ကြင်စဦးမောင်နှံဖြစ်၍လား မသိ အောက်ချင်းမောင်နှံက အနှီးပေးရလောက်အောင် ကြင်နာယုယကြ၏။

ကျွန်တော်တို့ ဆာဗေးအဖွဲ့သည် နေ့လယ်စာထမင်းကို ၁၂နာရီ ဝန်းကျင်မှ စခန်းသို့ပြန်၍ စားလေ့ရှိရာ တစ်ခါတစ်ရံ နေ့လယ် ၂ နာရီမှ ပြန်စားရ၏။ ခင်ညီထွေးသည် မည်မျှပင် အပြန်နောက်ကျသည်ဖြစ်စေ ခင်မောင်ဝင်း ရောက်မှ အတူစား၏။

တစ်ခါတစ်ရံ တိုင်းတာရေးလုပ်ငန်းများသည် စခန်းအနီးအပါး၌ပင် လုပ်ရသည်လည်းရှိ၏။ တုံအခါမျိုးတွင် ခင်မောင်ဝင်း၏အလုပ်များကို ခင်ညီထွေးပါ ဝိုင်းကူလုပ်ပေးသဖြင့် မနည်းတားယူရ၏။ ဤမျှချစ်ဖော် လင်မယားဖြစ်၏။

ခင်မောင်ဝင်းကလည်း ကျွန်တော်တို့ အဖွဲ့နောက် လိုက်ပါရင်း အလုပ်ဆင်းနေရသော်လည်း သူ့ဇနီး ညီချောလေးကို စိတ်ချဟန်မတူချေ။ သို့အတွက် သူ့အသည်းကျော်မလေးနှင့် နီးနီးနေနိုင်သော သက်သာဆိုင် အကူအဖြစ် ပြောင်းထားပေးလိုက်ပါသည်။

ခင်မောင်ဝင်းတို့ လင်မယားကျွန်တော့်အား ကျေးဇူးတင်လွန်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဟင်းကောင်းလေးများချက်တိုင်း စားဦးစားဖျား လာလာပို့သဖြင့် မနည်းတားရ၏။

သပိတ်ကျင်းရတနာမြေဆိုသည့် အတိုင်း ဖော့စဖိတ်လေ့လာရှာဖွေရေးသာ မကတော့ဘဲ ရွှေသယံဇာတဝါလေ့လာရှာဖွေမှုများလုပ်ရသည့်အတွက် (၅)မိုင်ခန်းအား ဗဟိုပြုကာ ကွင်း(၃၀) ကြက်တောင်းတောင်၊ ပိတောက်မြို့၊ ဓာတ်တိုက် စသော ဧရိယာများပါ ဘူမိဗေဒစခန်းခွဲများထား၍ လေ့လာရှာဖွေမှုများ လုပ်နေကြရ၏။

ဘူမိဗေဒစခန်းခွဲများက လိုအပ်၍ခေါ်လျှင် တစ်ဖွဲ့တည်းသာရှိသော ကျွန်တော်၏ဆာဗေးအဖွဲ့သည် ထောင်ကူး မြောက်ပြေး ရွာသစ်ကြီးသူငှေး ဆိုသော စကားပုံလို လွန်းပွဲလှုပ်ရှားနေရပါသည်။

ယခုလည်း ပိတောက်မြို့ပြင်တွင် ရွှေစက်ရုံ ဆောက်လုပ်ရန် အတွက် Town Plan Map တိုင်းတာရေးဆွဲရန် ပိတောက်မြို့သို့ ရောက်ရှိနေသည်မှာ နှစ်လရှိပါပြီ။

ခင်မောင်ဝင်းကို မခေါ်တော့ဘဲ ငါးမိုင်သက်သာဆိုင်တွင် အကူအဖြစ် နှင့်ပင် ထားခဲ့လိုက်ပါသည်။

ထိုအတောအတွင်းမှာပင် မယုံနိုင်စရာ သတင်းတစ်ခုက ငါးမိုင်စခန်းသို့ ထားခဲ့သော ခင်မောင်ဝင်း၏ ဇနီးဆုံးသွားပြီဆိုသော သတင်းဖြစ်ရာ အသုဘပို့တော့ သွားမှဆိုရာ သတင်းပေးသူက . . .

"မသွားနဲ့တော့၊ ဝမ်းရောဂါနဲ့ ဆုံးတာမို့ ညချင်း သင်္ဂြိဟ်လိုက်ပြီ" ဟု ဆိုပါသည်။

"ကြော်-ကဲဆိုးလိုက်တဲ့ အောက်ချင်းမလေးရယ်"ဟုသာ ဆိုနိုင်ပါတော့သည်။

ခင်ညီထွေးဆုံးပြီး တစ်လပင် မပြည့်ပေးပါ၊ ခင်မောင်ဝင်းတစ်ယောက် အသည်းအသန်ဖြစ်နေရာက ဆရာမောင်မောင်အေးကို ခေါ်ပေးပါဟု ဆိုသဖြင့် ကျွန်တော် လိုက်သွားရပါသည်။

တဲလေးအတွင်းမှ အိပ်ရာပေါ်တွင် မျက်တွင်းဟောက်ပက်နှင့် ယဲ့ယဲ့သာရှိတော့သော ခင်မောင်ဝင်းကို တွေ့ရပါသည်။

ကျွန်တော့်ကိုမြင်လျှင် မျက်ရည်များ စီးကျလာရင်း-

"ဆရာမောင်မောင်အေး၊ ခင်ညီထွေး သေရတာ ဝမ်းရောဂါကြောင့် မဟုတ်ဘူး" ဟု ဆိုသဖြင့်-

"ဟေ့ကောင် ခင်မောင်ဝင်း၊ ငှက်ဖျား ငန်းဖမ်းပြီး တွေ့ကရာတွေ မပြောနဲ့၊ ဝမ်းရောဂါနဲ့သေတာ လူတိုင်း သိတယ်" ဟု ကျွန်တော်က ဟန့်လိုက်သော်လည်း-

"မဟုတ်ဘူး ဆရာ၊ ကျွန်တော် ကိုယ်တိုင် သတ်လိုက်လို့ ခင်ညီထွေး သေရတာ"ဟုဆိုရင်း ဖြစ်ရပ်များကို ရင်ဖွင့်ပါတော့သည်။

တစ်နေ့ သက်သာဆိုင်တွင် ဆန်ဖိုးပေးရန် ရှိသဖြင့် တဲသို့ပြန်ကာ ခင်ညီထွေးထံမှ ငွေတောင်းရန်သွား၏။

ခင်ညီထွေးလည်း တဲတန်းလျားနောက်ဘက်ရှိ ရေထွက်ကလေးသို့ အဝတ်လျှော်သွားနေ၍ မရှိပေ။ ခင်ညီထွေးမရှိလည်း သေတ္တာထဲထားသော ငွေရလျှင် ပြီးသည့်အတွက် သော့ခတ်မထားသော သေတ္တာလေးထဲမှ ငွေယူရန် ဖွင့်လိုက်၏။

ခင်ညီထွေး၏ ထမီခေါက်ကြားတွင် တစ်စွန်းတစ်စ ထွက်နေသည့် ကြည်ပြာရောင်စာအိတ်ကလေး တွေ့ရသဖြင့် ဆွဲယူလိုက်ရာ တစ်အိတ်မကဘဲ သုံးအိတ်တွေ့ရ၏။ ပိတ်မထား၍ အိတ်ထဲမှ စာရွက်ကို ထုတ်ယူဖတ်ကြည့်ရာ 'ဒိန်း'ခနဲ ဦးခေါင်းမိုးကြိုးပစ်ခံရသလို ဖြစ်သွား၏။

ရည်စားနှင့် ချိန်းတွေ့ကြသော စာများဖြစ်၏။ ချက်ချင်းလိုက်သတ်ရန် ကြိမ်မိပြီးမှ စိတ်ထိန်းကာ မသိဟန်ပြု၍ စာများကို နေရာမမှန် ပြန်ထားပြီး

သက်သာဆိုင်သို့ပြန်ခဲ့၏။ အခြေအနေကို စောင့်ကြည့်မည်ဟုကြံကာ စခန်းကို မီးစက်မပိတ်မီ အိပ်ရာဝင်ခဲ့၏။

အကြိမ်များ ခင်မောင်ဝင်းက အိပ်မျော်ဟန် ဆောင်နေသော်လည်း ခင်ညီထွေးက တကယ်ပင် အိပ်မျော်သွားရှာ၏။

အိပ်မျော်နေသည့် ခင်ညီထွေး၏ မျက်နှာလေးကို (၄၀)ဝပ် မီးလုံးအလင်းရောင်ဖြင့် စေ့စေ့ကြည့်ရင်း -

"ငါကတော့ ချစ်လို့ကိုရတာမို့ညီရယ်၊ မိဘစကား နားမထောင်ဘဲ ဒီကိုခိုးပြေးခဲ့တာ၊ ငါက ချစ်သလောက်နင်က သစ္စာမဲ့လေခြင်း" ဟုတွေးကာ အံကြိတ်လိုက်ပြီး ခင်ညီထွေး၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်စဉ် ခင်ညီထွေးမျက်လုံးလေးများ ပွင့်လာပြီး ခါတိုင်းလို ယုယကြင်နာသည်ဟုထင်၍ ပြုံးပြုံးလေး အကြည့်တွင် ခင်မောင်ဝင်း၏ သန်မာသော လက်နှစ်ဖက်က ပြုတ်တူဖြင့် ညှပ်လိုက်ဘိသို့ 'အင့်' ဟူသော တစ်ချက် ငြီးငွေ့သံလေးသာ ထွက်လာပြီး အသက်ပျောက်သွားပါသည်။

ခင်မောင်ဝင်း၏ လက်ယာဘက် လက်ဖဝါးပေါ်တွင် မေတ္တာရှင်မလေး၏ နီစွေးသော သွေးတစ်စက် နှုံးသားထဲမှ ခုန်ထွက်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်သတ်ပြီး ဝမ်းရောဂါနဲ့ ဆုံးတယ်လို့ သတင်းလွှင့်တော့ ညတွင်းချင်း အလောင်းကို သင်္ဂြိုဟ်ခိုင်းကြတယ်၊ အတော်ပဲပေါ့၊ သဲလွန်စ ဖျောက်ပြီလေ၊ စိတ်ထဲမှာခံစားရပေမယ့် နာကြည်းစိတ်နဲ့ ဖြေလိုက်တယ်။

ဒါပေမဲ့ ခင်ညီထွေး ရက်လည် ဆွမ်းကျွေးပြီး နောက်တစ်ရက် နေ့လယ်မှာ ကျွန်တော်တစ်ယောက်တည်း ရှိနေတုန်း တစ်အိမ်ကျော်က ကားဒရိုင်ဘာကြီးရဲ့ သမီးအပျိုမလေး ချောစုလိုင် ရောက်လာပြီး မငဲ့မရဲအသံနဲ့...

'ကိုကြီးခင်မောင်ဝင်း၊ ဟို ဟို မမညီထွေးဆီမှာ ကျွန်မ သိမ်းခိုင်းထားတဲ့ စာ၊ စာလေး သုံးစောင် ပြန်ယူချင်လို့' ဆိုတော့ ကျွန်တော်လည်း လန့်ဖျတ်ပြီး...'ဘာ ဘာ စာဟုတ်လား၊ ဘာစာလဲ'

'ကျွန်မ ကျွန်မရည်းစားကပေးထားတဲ့ အိတ်အပြာနဲ့ စာလေးသုံးစောင်ပါ' ဆိုတဲ့ စကားလည်းဆုံးရော ကျွန်တော့် ခေါင်းကို မိုးကြိုးပစ်ခံရသလို 'မှားသွားပြီ မိညီရေ' လို့ပဲ ရေရွတ်နိုင်ပါတော့တယ်။

အဲဒီညကစလို့ မိညီရဲ့နှလုံးသားက ခုန်ထွက်ပြီး လက်ဖမိုးပေါ်ကျခဲ့တဲ့ သွေးစက်ကလေး နေရာက မဲ့စက်လို အညိုစက်ကလေးဖြစ်လာပြီး မခံမရပ်နိုင်အောင် ကိုက်ခဲလာပါတယ်၊ လိမ်းဆေးတွေ၊ ပရုတ်ဆီတွေ သုတ်လိမ်းပေမယ့် မသက်သာဘူး။ ညညရောက်တိုင်း မခံမရပ်နိုင်အောင် ကိုက်ခဲလာလို့ မအိပ်ရပါဘူး၊ သပိတ်ကျင်းဆေးရုံ သွားပြတော့လည်း ဘာရောဂါမှ မရှိဘူးတဲ့၊ မိုးကုတ်ဆေးရုံ သွားပြီး ဓာတ်မှန်ရိုက်တော့လည်း ရောဂါရှာမတွေ့ဘူး။

အဘိုးပျက်၊ အစားပျက်နဲ့ ခုဆရာမြင့်တဲ့အတိုင်းပဲ၊ မေတ္တာရှင်မလေးကို ပြစ်မှားမိလို့ လောကဓံတရားက ဒဏ်ခတ်လေသလား"

ဟု ဆိုရင်း အမောဖောက်၍ မှိန်းနေပြန်ပါသည်။

ကျွန်တော်လည်း ခင်မောင်ဝင်းတို့ဇနီးမောင်နှံ၏ ဖြစ်ရပ်ဆိုးအား စိတ်မချမ်းမြေ့စွာ နားထောင်ပြီး ခင်မောင်ဝင်း မှိန်းနေစဉ် ဝိတောက်မြင်ရွှေစက်ရုံသို့ ပြန်ခဲ့ပါသည်။

နောက်နှစ်ရက်အကြာတွင် ခင်မောင်ဝင်း တစ်ယောက် တဲအတွင်း၌ လူပ်ရှားမှု အရိပ်အယောင် မတွေ့ရသဖြင့် အိမ်နီးချင်းတို့ ဝင်ကြည့်ကြရာ အိပ်ရာပေါ်တွင် သေဆုံးနေသည်ကို တွေ့ကြရပြီး အိပ်ရာဘေးတွင်လည်း မာလာသီရွှန်ပိုးသတ်ဆေး ပုလင်းတစ်ဝက်တစ်ပျက် လဲကျဖိတ်စဉ်နေသည်ကို တွေ့ကြရသည် ဆိုပါကြောင်း...။

ဓာတ်ပုံမောင်မောင်အေး

[စာကြွင်း- သပိတ်ကျင်းရတနာမြေ၌ သယံဇာတ လေ့လာရှာဖွေကြရင်း သပိတ်ကျင်းအဖျိုရောများနှင့် ဖူးစာဆုံ၍ သပိတ်ကျင်းသားဖြစ်ကျန်ခဲ့သော ကိုတင်ဝင်းချိုနှင့် ကိုလှမြင့်တို့အား အမှတ်တရ]

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလိဘဉာဏ်ရှင် - မဟာဂန္ဓရိဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်ဓမြ)

ကလောင်ခွဲ - ကာလီခါ၍. (မြန်မာပြည်)

- ယကြာဝါတ်ရိုက်ဝါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရွေးထုတ်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဟုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ☎ ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား သင်စိတ်ဝင်စားသည့် အိုင်စီအက်စ် အရာရှိဟောင်းတစ်ယောက်အကြောင်း ဆောင်းပါး တစ်စောင် ရေးပါဟုဆိုလျှင် အိုင်စီအက်စ် အတွင်းဝန်ချုပ်ဟောင်း ဦးတင်ထွဋ် အကြောင်း ရေးရပါလိမ့်မည်။ သူသည် ကျွန်တော့်အတွက် ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ပါသည်။

ဒုတိယ ကမ္ဘာစစ်ကြီးခေတ်က လူလူသူသူ စာစုံဖတ်သော အလယ်တန်းကျောင်းသား တစ်ယောက်ဖြစ်လာသော ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးတင်ထွဋ်တို့အား လေးစားကြည်ညို အားကျခဲ့သူဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို မူ ၁၉၄၆ ခုနှစ်ခန့်က ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် လူကိုင်တိုင်တွေ့ခဲ့ဖူးသော်လည်း အိုင်စီအက်စ် ဦးတင်ထွဋ်ကိုမူ လူကိုယ်တိုင် မမြင်ခဲ့ရပါ။ သို့သော် သူအကြောင်းကိုမူ ဒုတိယကမ္ဘာစစ်ကြို ကာလနှင့် ၁၉၄၈ ခုနှစ်ဆန်းတွင် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တိတိပပ အရယူနိုင်သည့် ကာလအထိ နားမဆုံအောင် ကြားခဲ့ရသည်။

စစ်ကြီးခေတ်ကာလ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော မြန်မာ့အလင်း သတင်းစာနှင့် သူရိယ သတင်းစာကြီးများတွင် လည်းကောင်း၊ ထိုစဉ်ကာလက ဗြိတိသျှအစိုးရ ဝါဒဖြန့်ချိရေးဌာန (သတင်းနှင့်ပြန်ကြားရေးဌာန) မှ ထုတ်ဝေသော 'ရွှေပြည်တော်သတင်းစာ' တွင် အတွင်းဝန်ချုပ်အဖြစ် မကြာခဏ သတင်းစာမျက်နှာဖုံးတွင် ဖော်ပြခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်လာသော အခါ ထိုစဉ်ကာလက မြန်မာနိုင်ငံ၏ နန်းရင်းဝန် (ဝန်ကြီးချုပ်)ဖြစ်သူ ဦးစောနှင့်အတူ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားပြီး ဗြိတိသျှဝန်ကြီးချုပ် ချာချီနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးတောင်းဆိုကြပုံ သတင်းကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည်။

ထို့အတူ မြန်မာ့အလင်း သတင်းစာကြီးတွင် နေ့စဉ် အခန်းဆက်အဖြစ် ဖော်ပြခဲ့သော တစ်ကောင်ကြွက် ဆိုသော စာရေးဆရာ ရေးသည့် "ဘီလပ်သွား ဦးစောပြဇာတ်" မှာ သတင်းစာဖတ် ပရိသတ်များနှင့် ကျောင်းသားလူငယ်များအတွက် အထူးစိတ်ဝင်စားသည့် ပြဇာတ်ဖြစ်၏။ ထိုစဉ်ကမူ "တစ်ကောင်ကြွက်" ဆိုသော စာရေးဆရာအမည် မည်သူဖြစ်သည်ကို ကျွန်တော်တို့ မသိခဲ့။ နောင်အခါ "တစ်ကောင်ကြွက်" ဆိုသူမှာ ကွယ်လွန်သူ စာရေးဆရာကြီး "ဦးသိန်းဖေမြင့်" ဟု သိရ၏။

ထိုကာလက နန်းရင်းဝန် (ဝန်ကြီးချုပ်) ဦးစော၏ အိုးဝိုးရအဖွဲ့သည် ဘုရင်ခံ ဆာဒေါ်မန်စမစ် အလိုကျ ဗြိတိသျှအစိုးရ ဆန့်ကျင်သူ သခင်လူငယ်များ၊ သပိတ်နှင့် သူအစိုးရအား ဆန့်ကျင်သူများကို ကာကွယ်ရေးပုဒ်မများဖြင့် ဖမ်းဆီးနေသည့်အချိန်ဖြစ်၏။ ဥရောပတိုက်တွင်မူ ဒုတိယကမ္ဘာစစ်မီးကြီး ပြင်းပြင်းထန်ထန် တောက်လောင်လျက်ရှိရာ နှစ်ဇီဂျာမန်တို့မှာ ဒုတိယ

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ခန့်အပ်လိုက်သည့် ဘုရင်ခံ၏ ဝန်ကြီးအဖွဲ့....
ရှေ့တန်း ဝဲမှထား သခင်ဘစိန်၊ ဗိုလ်ချုပ်ကြီးအောင်ဆန်း၊ ဘုရင်ခံ ဗိုလ်ချုပ် ဆာဟျူးဘက်ရန်(စ်)၊ ဦးဘဝေ၊ ဦးတင်ထွဋ်။
နောက်တန်း ဝဲမှထား သခင်မြ၊ ဦးအောင်ဇံဝေနှင့် သခင်သိန်းဝေ။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ဧအောင်ဆန်း စစ်သေနာပတိ ဗမာတပ်မတော်။ (ဆင့်ကဲ ကျေးဇူးကြည် 'ဟိုမိုတို' ကေရာ်ကို ကိုထိုက်တိုင် 'တက်နေ' ဘွဲ့အမှတ်ပေးခဲ့သည်)

ကမ္ဘာစစ်ကို အောင်ပွဲခံရန် သေချာသလောက် ဖြစ်နေသည်။

ဗြိတိသျှတို့မှာ သူတို့နိုင်ငံအား ကာကွယ်နိုင်ရေးအတွက်ကြိုးစားနေခဲ့ရာ မြန်မာနိုင်ငံ ကာကွယ်ရေးနှင့် ရှေ့ရေးကို ဘေးဖယ်ထားခဲ့ရသည်။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် သခင်လူငယ်အများမှာ ဗြိတိသျှ အလိုတော်ရိများ၊ ပုလိပ်(ရဲ)နှင့် စုံထောက်များ၏ ရန်ကြောင့် တိမ်းရှောင်နေကြရသည့် အချိန် ဖြစ်သည်။

ဂျပန် စစ်ဝါဒီများကလည်း တရုတ်-မြန်မာ လမ်းမကြီးမှ တရုတ်ကွန်မင်တန် အစိုးရအား အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိသျှအစိုးရတို့က နောက်ကွယ်မှ စစ်အသုံးအဆောင် ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများ ပေးပို့နေသည့်အတွက် မြန်မာနိုင်ငံသည် သူတို့၏ပစ်မှတ် ဖြစ်လာသည်။

မြန်မာနိုင်ငံအား အခြေအနေပေးလျှင် ဝင်ရောက်တိုက်ခိုက်ရန် ပြင်ဆင်ထားသည်။

ဂျပန်နိုင်ငံသည် နာဇီဂျာမနီ၊ ဖက်ဆစ် အီတလီတို့နှင့် ပူးပေါင်း၍ ရောမ ဘာလင် ဝင်ရိုးတန်း မဟာမိတ်အဖွဲ့ဝင် ဖြစ်လာသောအခါ တစ်နေ့တွင် ဗြိတိသျှတို့နှင့် အမေရိကန်ပြည်ထောင်စုတို့အား တိုက်ခိုက်မည်ဟု အများက ယူဆနေသောအချိန်ဖြစ်၏။

ဤသို့ အခြေအနေ ဒေရပ်ရပ် ရှုပ်ထွေးနေသောအချိန်တွင် မြန်မာနိုင်ငံ ဧဂ ဌာန အုပ်ချုပ်ရေးအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်သူ ဦးစောသည် အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ ဝန်ကြီးချုပ်ချာချီနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံအား ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပါက ဒိုမီနီယန် အဆင့်အတန်း ပေးမည်ဟု ကတိပေးပါက မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်၍ ဗြိတိသျှ မဟာမိတ်တို့နှင့်အတူ ပူးတွဲတိုက်ခိုက်မည်ဟု တင်ပြမည်ဟု ကြေညာထား၏။

ထိုကာလက ဘုရင်ခံ ဆာဒေါ်မန်စမစ်ကလည်း ဦးစောအား အင်္ဂလန်သို့ သွားရောက်၍ ဝန်ကြီးချုပ်ချာချီနှင့် တွေ့ဆုံကာ ဆွေးနွေးခွင့်ရရှိရေး စီစဉ်ပေးခဲ့သည်။ ဦးစောသည် မိမိသာလျှင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အရအမိ ဆွတ်ခူးပေးနိုင်မည့်သူဟု တစိုက်မတ်မတ် ခံယူထားသူဖြစ်၏။ ဤလုပ်ငန်းစဉ်သည် သခင်များ ခံယူထားသည့် အင်္ဂလိပ်တို့ အခက်အခဲ ခါးစည်းခံရချိန်တွင် တစ်မျိုးသားလုံး ဆင်ကြွပုန်ကန်လျက် လွတ်လပ်ရေး ချက်ချင်းပေးရန် တောင်းဆိုလှုံ့ဆော်လျက်ရှိသော လမ်းစဉ်နှင့် ဆန့်ကျင်လျက်ရှိ၏။

ဦးစောသည် အင်္ဂလန်သို့ သွားရောက်ရန် စီစဉ်နေစဉ်မှာပင် တိတ်တဆိတ် ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်နှင့် တွေ့ဆုံကာ ဆွေးနွေးခဲ့သည်ဟု ဆိုသည်။ ဤကဲ့သို့ နန်းရင်းဝန် (ဝန်ကြီးချုပ်)ဦးဓော်၏ လုပ်ဆောင်ချက်များကို ဗြိတိသျှအစိုးရ စုံထောက်နှင့် ပုလိပ်(ရဲ)တို့က သိရှိခဲ့သဖြင့် သက်ဆိုင်ရာသို့ တင်ပြခဲ့ကြ၏။

ဤသို့ဖြင့် ဦးစောသည် ထိုစဉ်က ဧဂ ဌာန အုပ်ချုပ်ရေးအစိုးရအတွင်းဝန်ချုပ်ဖြစ်သူ ဦးတင်ထွဋ်ကို အင်္ဂလန်နိုင်ငံသို့ ခေါ်သွားခဲ့သည်။ ဦးစော အင်္ဂလန်သွား သတင်းသည် ကျွန်တော်တို့ ကျောင်းသားလူငယ်များအတွက် ဂယက်ရိုက်ခတ်ခဲ့စဉ် မြန်မာ့အလင်း သတင်းစာ၌ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော တစ်ကောင်ကြွက်အမည်ခံ ဆရာဦးသိန်းဖေမြင့်က "ဦးစော ဘိလပ်သွားပြဇာတ်" ကို ရေးသားဖော်ပြခဲ့၏။ ယင်းပြဇာတ်တွင် အဓိက ဇာတ်ဆောင်များမှာ ဦးစော၊ မစ္စတာချာချီ၊ သမ္မတကြီးရုစဗဲ့၊ ဦးတင်ထွဋ် တို့ဖြစ်ကြသည်။

ကျွန်တော်တို့သည် အထက်ဖော်ပြပါ မြန်မာ့အလင်း သတင်းစာ၊

www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ကို နေ့စဉ်စောင့်ဖတ်ကြရသည်။ ထိုစဉ်ကပင် ကျွန်တော်သည် အိုင်စီအက်စ် အတွင်းဝန်ချုပ် ဦးတင်ထွဋ်ကို အထူးစိတ်ဝင်စားခဲ့သည်။ ထိုစဉ်ကပင် သူပြော ကိုယ်ပြော သတင်းများအရ ဦးတင်ထွဋ်သည် ဗြိတိသျှအစိုးရ အုပ်ချုပ်ရေး စက်ယန္တရားကြီး လည်ပတ်ရာတွင် တာဝန်ရှိသော အတွင်းဝန်ချုပ်ဖြစ်သော်လည်း ဗြိတိသျှအလိုတော်ရိ အိုင်စီအက်စ် တစ်ယောက်မဟုတ်။ ပေးအပ်သောတာဝန်အရ အချို့လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသော်လည်း မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံအပေါ် အလေးထားသူ မျိုးချစ်စိတ်ရှိသူဟု ကျွန်တော်တို့က သိထားသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် အိုင်စီအက်စ်ဦးတင်ထွဋ်အကြောင်း စကားပလ္လင်ခံရန် လိုအပ်လာပါသည်။

ဗြိတိသျှအစိုးရသည် အိန္ဒိယတိုက်ငယ်ကို သိမ်းပိုက်ခဲ့သည်နှင့် စနစ်တကျ စိုမံအုပ်ချုပ်ရန် စီစဉ်ခဲ့ရသည်။ ထိုစဉ်က ဗြိတိသျှ ကေရီဘုရင်မကြီး ဝိတိုရိယ၏ အစိုးရအဖွဲ့သည် အိန္ဒိယနိုးတော် "India Office" ကိုတည်ထောင်၍ အိန္ဒိယတိုက်ငယ်အား အုပ်ချုပ်ရန် အုပ်ချုပ်ရေးအရာရှိများကို မွေးထုတ်မည့် စီမံချက် ချမှတ်ခဲ့၏။ ထိုစီမံချက်အရ အုပ်ချုပ်ရေးအရာရှိများကို 'အိုင်စီအက်စ်' အင်ဒီယား စီဘယ် ဆားဗစ်စ် "India Civil Service" မြန်မာဘာသာအားဖြင့် "အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း"ဟု ကင်ပွန်းတပ်ခဲ့သည်။

ထိုအရာရှိများကို စနစ်တကျ သင်တန်းပေးခဲ့ပြီး ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးစက်ယန္တရား လည်ပတ်နိုင်စေရန် ဆောင်ရွက်ရမည့်သူများ ဖြစ်သည်။ သမိုင်းမှတ်တမ်းများအရ ပထမဆုံး ခန့်ထားသည့် အိုင်စီအက်စ်အများမှာ အင်္ဂလိပ်များသာ ဖြစ်ကြသည်။ နောင်အခါ အိန္ဒိယ အမျိုးသားများထဲမှ အင်္ဂလိပ်ယဉ်ကျေးမှုကို အထင်ကြီးသူ၊ အင်္ဂလိပ်အစိုးရအားသစ္စာခံသူ၊ အင်္ဂလိပ်ပညာတတ် အိန္ဒိယများထဲမှ ဗြိတိသျှအလိုတော်ရိများကို ရွေးချယ်သင်တန်းပေး၍ ခန့်ထားခဲ့သည်။

ဗြိတိသျှ နယ်ချဲ့သမားတို့သည် မြန်မာနိုင်ငံအား နယ်ချဲ့စစ်ပွဲ သုံးကြိမ်ဆင်နွှဲပြီး ဗြိတိသျှ ဧကရီဘုရင်မကြီး၏ နေမင်းသော ဧကပါယာကြီးအတွင်း သွတ်သွင်းခဲ့ပြီး အိန္ဒိယတိုက်ငယ်၏ ပြည်နယ်ကြီးတစ်နယ်အဖြစ် သတ်မှတ်ခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံကိုပါ အုပ်ချုပ်ရန်အတွက် အိုင်စီအက်စ်အရာရှိများအား အိန္ဒိယ တိုင်းရင်းသားများသာမက မြန်မာအမျိုးသားထဲမှ ခေတ်ပညာတတ် အများအား ရွေးချယ်၍ အိုင်စီအက်စ်သင်တန်း တက်စေခဲ့သည်။

သမိုင်းမှတ်တမ်းများအရ အိုင်စီအက်စ်အရာရှိများ ရွေးချယ်ရာတွင် နည်းလမ်းနှစ်လမ်းဖြင့် ဗြိတိသျှအာဏာပိုင်များက ရွေးချယ်ခဲ့ကြသည်။

ပထမနည်းမှာ ဧထာက်ခံချက်ဖြင့် ခန့်ထားသောနည်းလမ်း "Nomination" ဖြစ်သည်။ ဤနည်းလမ်းမှာ ထိပ်တန်း ဗြိတိသျှ အရာရှိကြီးများ၏ ဤပုဂ္ဂိုလ်သည် အိုင်စီအက်စ် သင်တန်းတက်ရောက်ရန် အရည်အချင်းနှင့် ပြည့်စုံသည်ဟူသော ထောက်ခံချက် ရရှိမည်ဖြစ်၏။ ဒုတိယ နည်းလမ်းမှာ အပြိုင်စာမေးပွဲဖြေစနစ် "Competive Examination" ဖြစ်သည်။

ထိုစဉ်ကာလက ဘုရားပြီး လူငယ်များ အပြိုင်အဆိုင် ဖြေဆိုသော စာမေးပွဲ နှစ်မျိုးရှိပါသည်။ ဤစာမေးပွဲမှာ အထက်ဖော်ပြပါ အိုင်စီအက်စ်နှင့် အိုင်ပီအက်စ် ဖြစ်ပါသည်။ အိုင်ပီအက်စ်မှာ အိန္ဒိယပုလိပ် (ရဲ) ပဋိညာဉ်ခံ ဝန်ထမ်းဖြစ်ပါသည်။ ထိုစာမေးပွဲ နှစ်ခုမှာ အသက် ကန့်သတ်ချက်ရှိ၏။ အိုင်စီအက်စ်မှာ အသက် (၂၁)နှစ်နှင့် (၂၃) နှစ်အကြားဖြစ်ပြီး အိုင်ပီအက်စ်မှာ စာမေးပွဲမှာ အသက် (၂၁)မှ (၂၄)နှစ်အတွင်း ဘွဲ့ရလူငယ်များသာ ဖြေဆိုခွင့်ရသည်။

စာမေးပွဲတွင် ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုကြရသည်။ ရေးဖြေစာမေးပွဲအတွက် ဘာသာရပ်များမှာ အင်္ဂလိပ်၊ သင်္ချာ၊ ပထမဒီ၊ ရာဇင် (ယခု သမိုင်းဘာသာ)၊ လေးဘာသာအပြင် စာမေးပွဲဖြေဆိုသူ၏ စိတ်ကြိုက်ဘာသာတစ်ဘာသာ ရွေးချယ် ဖြေဆိုရ၏။ လူတွေ့နှုတ်ဖြေ ဘာသာလည်း ဖြေဆိုကြရ၏။

အထက်ဖော်ပြပါ အိုင်စီအက်စ်နှင့် အိုင်ပီအက်စ်တို့တွင် အိုင်စီအက်စ်မှာ နာမည်ကျော်ကြား လူသိများသည်။ ထို့ကြောင့် အံ့ရပ်သားအများ အိုင်စီအက်စ်များကို ပိုကျွှေကိုယ် (Heaven born) ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ သူတို့သည် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)၊ တိုင်းမဲ်းကြီး အဖြစ် ခန့်ထားခြင်းခံရပြီး ကံကောင်းသူ လူတော်လူကောင်းများမှာ အတွင်းဝန်၊ အတွင်းဝန်ချုပ်နှင့် ဘုရင်ခံအထိ ခန့်ထားခြင်း ခံရသည်။ အငြိမ်းစားယူကြသောအခါ ဂုဏ်ထူး၊ ဘွဲ့ထူးများလည်း ရလေ့ရှိ၏။

သို့ဖြစ်၍ ထိုစဉ်ကာလက အိုင်စီအက်စ်များမှာ မျက်နှာပွင့်လှသည်။ ပျိုတိုင်းကြိုက်သော နှင်းဆီခိုင်များဟူ၍လည်း အများက သတ်မှတ်ခေါ်ဝေါ်ခဲ့ကြ၏။

ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ညာလက်ရုံး ရဲဘော်ရဲဘက်အဖြစ် ရင်းနှီးခဲ့သော အိုင်စီအက်စ် ဦးတင်ထွဋ်မှာ အထက်ဖော်ပြပါ မိုးကျွှေကိုယ် သို့မဟုတ် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်များ အနက် ထူးခြားထက်မြက်သူတစ်ဦး ဖြစ်သည်။

သူပြော ကိုယ်ပြော သတင်းများအရ အိုင်စီအက်စ်အများမှာ ဗြိတိသျှအလိုတော်ရိများ ဖြစ်ကြသော်လည်း ဦးတင်ထွဋ်က မျိုးချစ်စိတ်ရှိသူဖြစ်သည်ဟု သိရ၏။ သူသည် ပညာတော်၍

www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်သူဖြစ်သောကြောင့် သူအား ဗြိတိသျှ အာဏာပိုင်များက အိုင်စီအက်စ် အဖြစ် တိုက်ရိုက်ခန့်ထားခဲ့သူ ဖြစ်၏။

မှတ်တိုးမှတ်အရ သူသည် မြန်မာအမျိုးသားများထဲတွင် ပထမဆုံးသော အိုင်စီအက်စ် ဖြစ်သည်ဟု ဆိုသည်။

ဦးတင်ထွဋ်အား ခရစ်နှစ် ၁၈၉၅ ခုနှစ်တွင် မွေးဖွားခဲ့၏ အင်္ဂလန်နိုင်ငံ ဒါလ်ဝစ်ချ်ကောလိပ်နှင့် ကိန်းဘရစ် တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်း အိုင်စီအက်စ်အဖြစ် တိုက်ရိုက်ရွေးချယ် ခန့်ထားခဲ့ပြီး ထိုစဉ်ကာလက ဗြိတိသျှ မြန်မာနိုင်ငံ ဝိုင်အာဒီ အစိုးရခေတ်နှင့် ၉၁ ဌာန အုပ်ချုပ်ရေးခေတ်တို့တွင် အတွင်းဝန်ချုပ်ရာထူးကို ခန့်ထားခြင်း ခံရသည်သာမက ရန်ကုန်တက္ကသိုလ်ကြီး၏ ဒုတိယအဓိပတိ (Vice Chancellor) အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ် ဖြစ်သည်။ ထိုစဉ်ကာလက အိန္ဒိယနိုင်ငံ စစ်တက္ကသိုလ်မှလည်း ဘွဲ့ရသူတစ်ဦးဖြစ်ကာ အများက လူတော်လူကောင်း မြန်မာအလိုတော်ရှိ အိုင်စီအက်စ် တစ်ဦးဖြစ်သည်ဟု မှတ်ယူထားကြ၏။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ၉၁ ဌာန အုပ်ချုပ်ရေးခေတ်တွင် နန်းရင်းဝန် (ဝန်ကြီးချုပ်) ရာထူးကို ရရှိထားသော ဦးစောသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလန်နိုင်ငံသို့သွားရောက်၍ ဝန်ကြီးချုပ်ချာချီနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ လွတ်လပ်ရေး တောင်းဆိုရန် သွားရောက်စဉ် အတွင်းဝန်ချုပ် ဦးတင်ထွဋ်ကို ခေါ်ယူသွားခဲ့၏။ ထိုစဉ်က အရပ်ဝေဇန် သတင်းများအရ ဦးတင်ထွဋ်သည် အင်္ဂလန်နိုင်ငံသို့ ဦးစောနှင့်အတူ လိုက်ပါသွားလိုခြင်းမရှိဟု ဆိုသည်။ သို့သော် အတွင်းဝန်ချုပ် တာဝန်ကို ထမ်းဆောင်နေရသူ ဖြစ်ရကား တာဝန်အရ လိုက်ပါသွားရခြင်း ဖြစ်သည်ဟု သိရ၏။

ဦးစောနှင့် ဦးတင်ထွဋ်တို့သည် ၁၉၄၁ ခုနှစ် အောက်တိုဘာလဆန်းတွင် အင်္ဂလန်နိုင်ငံသို့ ရန်ကုန်မြို့ သန်လျက်စွန်း (ယခု ရတနာပုံရေတပ်ဗဟန်းရှေ့) ရေယာဉ်ပျံဖြင့် သွားကြခြင်းဖြစ်၏။ ထိုစဉ်က ဦးစော အစုရှယ်ယာအများဆုံး ပိုင်ဆိုင်သော သူရိယသတင်းစာကြီးကမူ ဦးစောနှင့် ဦးတင်ထွဋ်တို့အား ဦးစော၏ ဂဠုန်တပ်မတော်အဖွဲ့ဝင်များနှင့် သူအား လေးစားကြည်ညိုကြသော ရန်ကုန်လူထုက သောင်းသောင်းဖြဖြ လိုက်ပို့ကြသည်ဟု ရေးသားဖော်ပြခဲ့၏။

ထိုအချိန်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးဂျိုင်တို့မှာ ဟိုင်နံကျွန်းမှ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရန် ပြင်ဆင်နေကြပြီ ဖြစ်သည်။

ဦးစောနှင့် ဦးတင်ထွဋ်တို့သည် အောက်တိုဘာလ ၁၀ ရက်နေ့တွင် နာဇီဂျာမန်လေတပ်မတော်မှ လေယာဉ်ပုံများ၏ ဒုံးကြဲတိုက်ခိုက်ခြင်းကို ခံစီးခဲ့ရပြီးဖြစ်၏။ ဗြိတိသျှအစိုးရ ဖွဲ့တွင်း ဝန် အင်မရီသည် သူတို့အား ပန္ဒာဘွာ ဧည့်ခံကြို့ဆိုခဲ့၏။

ဦးစောသည် ဗြိတိသျှဝန်ကြီးချုပ် ချာချီနှင့် တွေ့ဆုံရာတွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် ကြေညာထားသည့် ကတိအတိုင်း တစ်နေ့နေ့တွင် အကောင်အထည် ဖော်ပေးမည်ကို သူအနေဖြင့် ယုံမှားသံသယမရှိပါကြောင်း သို့ရာတွင် ဗြိတိသျှအင်ပါယာကြီးအတွင်းရှိ မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးကို စစ်ကြီးပြီးဆုံးသည်နှင့် ပေးပါမည် ဟူသော ကတိ အတိအကျအား ပေးရန် တောင်းဆိုခဲ့၏။

ဝန်ကြီးချုပ် ချာချီကမူ နာဇီဂျာမနီနှင့် မဟာမိတ်တို့အား ဗြိတိသျှတို့က ကျားကုတ်ကျားခဲ သေရေး ရှင်ရေး တိုက်ခိုက်နေရချိန်တွင် ဤကိစ္စအား ဆွေးနွေးပြောဆိုရန် အချိန်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်သည် ဗြိတိသျှတို့၏ ဒုတိယကမ္ဘာစစ်ကြီး စစ်နိုင်ရေးအပေါ်တွင် တည်နေကြောင်း၊ အကယ်၍ ဗြိတိသျှတို့ ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံနိုင်ပါလျှင် မြန်မာနိုင်ငံ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် အဖြေကို ပေးမည်ဟူ၍ ပြောဆိုခဲ့သဖြင့် ဦးစောမှာ စိတ်အားလျော့ခဲ့ပြီး သူမျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသောအခါ ဦးစောသည် မြန်မာနိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ တစ်ဆင့် လှည့်ပြန်ရန် စီစဉ်ခဲ့သည်။

အမှန်အားဖြင့် ဦးစောသည် အမေရိကန်ပြည်ထောင်စု၌ သမ္မတကြီး ရုစဗဲ့နှင့် တွေ့ဆုံ၍ ချာချီအား မြန်မာနိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် ဖိအားပေးတိုက်တွန်းပေးရန် တောင်းပန်ရန် ဝင်ရောက်ခဲ့ခြင်းဖြစ်၏။

သူနှင့် ဦးတင်ထွဋ်တို့သည် ဝါရှင်တန်သို့ ထွက်ခွာလာခဲ့ပြီး အမေရိကန်ပြည်ထောင်စု သမ္မတကြီး ရုစဗဲ့နှင့် တွေ့ဆုံ၍ သူလိုလားချက်ကို တင်ပြခဲ့၏။ သို့သော် သူကြီးစားချက်မှာလည်း အောင်မြင်မှုမရှိခဲ့။ သို့ဖြစ်၍ ဦးစောအဖို့ ပြည်တော်ပြန်ရန်သာ ရှိတော့၏။ သူနှင့် ဦးတင်ထွဋ်တို့သည် ဟာဝေယ်ကျွန်းမှ ဖိလစ်ပိုင်သို့ ထွက်ခွာပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လာရန် စီစဉ်ခဲ့သည်။

ဖီဇင်ဘာလ ၈ ရက်နေ့တွင် သူတို့သည် ဟာဝေယ်ကျွန်းသို့ ရောက်လာသောအခါ ဂျပန်တို့သည် ဟာဝေယ်ကျွန်း ပုလဲဆိပ်ကမ်းအား စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဖြစ်ရကား သူတို့နှစ်ယောက်တည်း အမေရိကန်ပြည်ထောင်စုမှတစ်ဆင့် ပေါ်တူဂီကိုဖြတ်၍ မြန်မာနိုင်ငံသို့ပြန်ရန် စီစဉ်ခဲ့သည်။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းတွင် ခေတ္တသောင်တင်နေစဉ် ဦးစောသည် ဂျပန်သံရုံးသို့ သွားရောက်၍ လျှို့ဝှက်စွာ ဂျပန်သံအမတ်နှင့် ဆွေးနွေးခဲ့၏။ ဤသို့ ဂျပန်သံရုံးသို့ ဦးစောသွားရောက်

www.burmeseclassic.com

www.burmeseclassic.com

(အောက်ပါ အဖြစ်အပျက်များသည် စာရေးသူ၏ စိတ်ကူးသက်သက် မျှသာဖြစ်ပြီး မည်သည့် ဘာသာရေး၊ မည်သည့် သီပိုဝပညာရပ်ကိုမျှ ကိုယ်စားမပြုပါကြောင်း အသိပေးအပ်ပါသည်)

အခန်း(၁)

သတ္တရာဇ် ၂၁၁၅ ခုနှစ်၊ မြန်မာပြည်၊ ရန်ကုန်မြို့။

ရေဝေး သုသာန်။

မိုးတဖွဲဖွဲက ဝဿန်ရင်ကို ပိုမို လွမ်းမောအောင် ဇာတ်ပို့နေသည်။ ရှေခဲတိုက် အခန်းဝရှိ ဒေါက်တာရဲင်ညီးအောင်၊ အသက်(၃၈)နှစ် ဆိုသော လူပျိုရွားနေသော ဓာတန်းက ဝဿန်ကို ယခုအဖြစ်အပျက်ဆိုးသည် အိပ်မက် မဟုတ်ဘူးဟု သတိပေးနေသည်။

ကားကြီး ကားငယ်များဖြင့် တဖွဲဖွဲ ရောက်လာကာ အသုဘရွှေကြော သူများက ဒေါက်တာရင်ညီးအောင်နှင့် ဝဿန်တို့၏ အသိုင်းအဝိုင်းတို့ ဖော်ပြနေသည်။

ဝဿန်သည် ယူကျူးမရ ဖြစ်နေသည်။ ဤအဖြစ်အပျက်သည် အပြစ်တင်ကြေးဆိုလျှင် သူမသည် ကံကြမ္မာတိုသာ အပြစ်တင်မိချေမည်။

ရင်ညီးအောင်နှင့် ဝဿန်သည် ခွစ်သူသက်တမ်း (၇)နှစ် အိမ်ထောင်သက်တမ်း (၆)နှစ်ကြာအောင် ပတ်သက်ခဲ့ကြသူများ ဖြစ်သည်။

ကံကောင်းသည် ပြောရမလား၊ ဆိုးသည် ပြောရမလား သူတို့တွင် သားသမီး မထွန်းကားခဲ့ပေ။ ရင်ညီးအောင်သည် ရှုပဇေဿကို အထူးပြုဆေးလာခဲ့ပြီး ဒေါက်တာဘွဲ့ကို ရခဲ့သည်။

သူသည် သူ၏နေ့နှက်ဆုံးအချိန်အထိ လပေါ်တွင် သက်ရှိများရှိကြောင်း သက်သေပြရန် ကြိုးစားနေခဲ့သူ ဖြစ်သည်။

"ဝဿန်"

ငေးမောနေသော ဝဿန်ကို နောက်မှ လှမ်းခေါ်လိုက်သူက ဒေါက်တာ မျိုးအောင်။ ဒေါက်တာမျိုးအောင်သည် ဒေါက်တာရင်ညီးအောင်နှင့်အတူ သုတေသန ပြုနေသော ဒေါက်တာရင်ညီးအောင်၏ အားအထားရဆုံး မိတ်ဆွေကောင်းတစ်ယောက်ပင် ဖြစ်သည်။

"ဩော် . . . ကိုမျိုးအောင်"

ဝဿန်သည် တစ်ချက်လှည့်ကြည့်လိုက်ပြီး ရေခဲတိုက် ခန်းမဘက်သို့ ပြန်လှည့်လိုက်သည်။

"ဝင်ထိုင်ရအောင်လေ"

ဒေါက်တာမျိုးအောင်သည် ငုငူကြီး ရပ်နေသော ဝဿန်ကို တွဲကာ အသုဘရွှေပရိသတ်ကို ဖြတ်ကျော်ကာ အလောင်းစင်နှင့် အနီးဆုံး ပထမဆုံးခုံတန်းတွင် ဝင်ထိုင်စေပြီး သူက ဝဿန်ဘေးတွင် ဝင်ထိုင်လိုက်သည်။

ဧည့်ပရိသတ်ထဲမှ . . .

"အဲဒါ ဒေါက်တာရင်ညီးအောင်ရဲ့ အမျိုးသမီးလေ"

"သီချင်းနေးဆရာမ ဝဿန်မိုးတဲ့"

"သနားပါတယ် ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရရှာတယ်" စသော တီးတိုးသံသဲ့သဲ့ကို ကြားနေရလေသည်။

ဒေါက်တာမျိုးအောင် သည် ဝဿန် မျက်နှာကို ကြည့်ကာ . . .

"ဝဿန် ငိုချင် ငိုချလိုက်ပါလား" ဟု စိုးရိမ်စိတ်ဖြင့် ပြောလိုက်လေသည်။

"ရပါတယ် ကိုမျိုးအောင်ရယ်၊ မောင်နဲ့ ပတ်သက်လာရင် ကျွန်မ ဘယ်ဒုက္ခမျိုးဆို ခံစားခံမယ်လို့ သန့်ရှင်းချပြီးမှ မောင့်နောက် လိုက်ခဲ့တာပါ၊ မိဘ အသိုင်းအဝိုင်းဒဏ်၊ စားဝတ်နေရေး ကြပ်တည်းတဲ့ ဒဏ်၊ အဆိုးဆုံးကတော့ မောင့်အလုပ်နဲ့ပတ်သက်ပြီး အားလုံးက အရူးလို့သတ်မှတ်ခဲ့တဲ့ ဒဏ်တွေတောင် ခံခဲ့ရသူပါ၊ အခုအချိန်မှာ ကျွန်မ ခံနိုင်ရည်ရှိနေပါပြီ ကိုမျိုးအောင်"

ဝဿန်သည် အလောင်းကို လှမ်းကြည့်ရင်း တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေလိုက်သည်။

သင်္ကြိုဟ်ရန် အချိန်ကျသော အခါ တာဝန်ကျသူများက အလောင်းကို လာယူကြသည်။

ဝဿန်သည် သူ့ထက်(၄)နှစ်ကြီးသော ခင်ပွန်း၏ ရုပ်ကလပ်ကို နောက်ဆုံးအကြိမ် ရိုသေစွာ ကန်တော့လိုက်သည်။

တည်ငြိမ်သောအသွင် ဆောင်နေသော ဝဿန်ကို ဧည့်ပရိသတ်က တီးတိုးဝေဖန်ကြသည်။ မည်သို့ ဝေဖန်သည်ကို ဝဿန် ဂရုမပြုအားပေ။

"မီးစက်ခန်းထဲ လိုက်ဦးမလား ဝဿန်"

ဒေါက်တာမျိုးအောင်၏ အမေးကို ဝဿန် ခေါင်းယမ်းခြင်းဖြင့် သာ တုံ့ပြန်နိုင်သည်။ ထိုအချိန်တွင် . .

"ဝဿန်"

အပြေး တစ်ပိုင်းဖြင့် ရောက်လာသူက ဝင်းညွှန့်ဆွေပင် ဖြစ်သည်။

"ဩော်- ကိုမျိုးအောင်လည်း ရောက်နေတာကိုး"

ဝင်းညွှန့်ဆွေသည် ပြောပြော ဆိုဆိုဖြင့် ဒေါက်တာမျိုးအောင်ကို လက်ကမ်းပေးလိုက်သည်။

"ဟုတ်တယ် ကိုဝင်းညွှန့်ဆွေ၊ ခင်ဗျား ခုမှ ရောက်သလား"

ဒေါက်တာမျိုးအောင်က လက်ဆွဲနှုတ်ဆက်ရင်း ပဋိသန္ဓာရ စကားဆိုလိုက်သည်။ ဝဿန်ကမူ အကြည့်ဖြင့်သာ နှုတ်ဆက်နိုင်သည်။ သုံးဦးသား နှုတ်ဆိတ်နေမိသဖြင့် ဒေါက်တာမျိုးအောင်ကပဲ . . .

"ကဲ ကိုဝင်းညွှန့်ဆွေရေ၊ ကျွန်တော်မီးစက်ခန်းထဲ လိုက်သွားလိုက်ဦးမယ်၊ ဝဿန်ကတော့ မလိုက်ဘူးပြောလို့ ခင်ဗျားနဲ့ပဲ ထားခဲ့မယ်"

"ဟုတ်ကဲ့ သွားပါ ကိုမျိုးအောင်၊ ကျွန်တော် ဝဿန်ကို ပြန်လိုက်ပို့လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးအောင်သည် အလောင်းစင်တွန်းရာနောက်သို့ လိုက်သွားသော ညေ့ပရိသတ်ကြားထဲသို့ တိုးဝင်သွားသည်။

ဝင်းညွှန့်ဆွေက..

"ဝဿန် ပြန်တော့မလား"

ဝဿန်က ခေါင်းညိတ်ပြလိုက်သည်။

"ကဲ- ဒါဖြင့် ကျွန်တော် ပြန်လိုက်ပို့မယ်၊ သွားရအောင်"

ဝင်းညွှန့်ဆွေက တားရှိရာသို့ ထီးမိုးကာ ခေါ်ဆောင်သွားသည်။

လမ်းတွင်...

"ဝဿန် ကျွန်တော်အရေးကြီးကိစ္စတစ်ခုကြောင့် နောက်ကျသွားတာ ခွင့်လွှတ်ပါနော်"

"ရပါတယ်"

ထို့နောက်တွင်ကား နှစ်ဦးလုံး နှုတ်ဆိတ်စွာဖြင့်။

ဝင်းညွှန့်ဆွေသည် ရင်ညီးအောင်နှင့် အထက်တန်းကတည်းက ပေါင်းသော ငယ်သူငယ်ချင်းဖြစ်သည်။ ရင်ညီးအောင်လောက် မထက်မြက်သော်လည်း ယခု ရင်ညီးအောင်၊ မျိုးအောင်တို့နှင့်အတူ ကုမ္ပဏီတစ်ခုတည်းတွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်သည်။

ရင်ညီးအောင်ကို နားအလည်ဆုံး ငယ်ပေါင်းကြီးဖော် တစ်ယောက်ဆိုလျှင် မမှားပေ။

"အိမ်ထဲ ဝင်ပါဦး"

ဝဿန်သည် အားယူပြီး လောကွတ်ပြုလိုက်သည်။ အလိုက်သိသော ဝင်းညွှန့်ဆွေက...

"မဝင်တော့ဘူး ဝဿန်၊ ကျွန်တော် ကိစ္စရှိသေးတယ်"

"ဒါဖြင့် ခွင့်ပြုပါဦး၊ ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဝဿန်၊ ကျွန်တော် သွားတော့မယ်နော်"

ဝင်းညွှန့်ဆွေသည် နှုတ်ဆက်ပြီး အဆုံးတိုင် ဝဿန် ခြံတံခါးဖွင့်ပြီး အိမ်ထဲဝင်သည်အထိ စောင့်နေပေးလိုက်သည်။ ဝဿန် အိမ်ထဲဝင်သွားမှ ကား မောင်းပြီး ထွက်လာခဲ့လေသည်။

ဝဿန်သည် အိမ်ထဲရောက်သော် အိပ်ခန်းထဲသို့ တန်းဝင်ကာ ခေါင်းအုံးပေါ်သို့ မျက်နှာမှောက်ကာ ငိုချလိုက်လေတော့သည်။

အခန်း (၂)

တစ်နှစ်ခန့်ကြာသော်...

တစ်ခုသော ညဦးပိုင်း၌ ဝဿန်သည် MRTV-9 NEWS CHANNEL ကိုဖွင့်လျက် ဆိုဖာပေါ်တွင် ထိုင်နေမိသည်။ တီဗွီဖွင့်ထားသော်လည်း တီဗွီသို့ စိတ်ကမရောက်။ အတိတ်ဆီသို့သာ စိတ်က ရောက်နေလေသည်။ ယခင်ကဆိုလျှင် ရင်ညီးအောင်နှင့် ရီမုကွန်ထမ်းကိုလုပ်ပြီး တီဗွီကြည့်ခဲ့ကြသည် မဟုတ်ပါလား။ ထိုစဉ် သတင်းတစ်ခုက ဝဿန်အာရုံကို ဆွဲဆောင်လိုက်သည်။

"ယခု ဆက်လက် တင်ပြမယ့် သတင်းကတော့ ကြယ်စင်စု (The Glaxy) ကုမ္ပဏီရဲ့ ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ပရော်ဖက်ဆာ ဒေါက်တာမျိုးအောင်ဟာ ၎င်းတို့ ကုမ္ပဏီမှ လေ့လာနေတဲ့ လနှင့်သက်ရှိဆိုတဲ့ သုတေသနစာတမ်းကို နာဆာအဖွဲ့ကြီးသို့ တင်ပြခဲ့ရာ နာဆာအဖွဲ့က အာကာသသိပ္ပံဆိုင်ရာ လေ့လာကြီးပမ်းမှုဆု Award of Effort and Learning Space (AELS)ကို လက်ခံခဲ့ဖို့ ယခုနှစ်ကုန်ပိုင်းမှာ အမေရိကန်နိုင်ငံကို သွားမှာဖြစ်ပါတယ်၊ ယခု ဒေါက်တာမျိုးအောင်နဲ့ တွေ့ဆုံမေးမြန်းထားတဲ့ ဇော်ဇော် ပေးပို့လာတဲ့ သတင်းကို ဖွင့်ကြပါ ခင်ဗျား"

"ဟုတ်ကဲ့၊ ဒီဆုကြီး ရတာနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့ ခံစားချက်လေး သိပါရစေ"

"ကျွန်တော် ဒီဆုကို ရတဲ့အခါ ကျွန်တော့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေကောင်း ဒေါက်တာရင်ညီးအောင်ကို အထူးသတိရ လွမ်းဆွတ်မိပါတယ်၊ အမှန်က ဒီဆုကို သူ ရရမှာပါ"

ဝဿန်သည် တီဗွီရီမုကွန်ထမ်းကို နှိပ်ပြီးပိတ်ပစ်လိုက်သည်။ ဆိုဖာမှ ထ၍ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို ကြည့်နေလိုက်မိသည်။ မိုးဖွဲလေးတွေ ကျနေပြန်ပါပြီ။ ဝဿန်ရင်ထဲ၌လည်း ရင်ညီးအောင်ကို လွမ်းစိတ်တွေက ပို၍သည်ထက် ပိုလာခဲ့သည်။

ထို့ကြောင့် အလွမ်းပြေ ရင်ညီးအောင်၏ Facebook Profile တို့ ဝင်ကြည့်ရန် စိတ်ကူးလိုက်မိသည်။

ထို့ကြောင့် စာကြည့်စားပွဲတွင် ထိုင်ကာ Laptop ကို ဖွင့်ပြီး ဝဿန်သည် Wathan Moe account ကို Login ဝင်လိုက်သည်။ ထို့နောက် search box တွင် Yin Nhyo Glaxy ဟု ရိုက်လိုက်ပြီး ရင်ညီးအောင်၏ Profile ကို ဝင်ကာ ဓာတ်ပုံများကို တစ်ပုံချင်း comment များကိုလည်း တစ်ခုချင်း ဖတ်နေမိသည်။ ထိုသို့ ကြည့်နေရင်းက အလွမ်းစိတ်ကို အပြီးသိပ်မထားနိုင်တော့ကာ ရင်ညီးအောင်၏ timelineပေါ်တွင် status တစ်ခုတင်ရန် စိတ်ကူးမိလေတော့သည်။

"မောင် ဒီ Status ကို တော့မောင် ဘယ်တော့မှ လုပ်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ တင်ပါရစေ မောင်၊ မောင် ဝဿန်ကို ခွဲခွာသွားတာ နောက်လဆို (၁) နှစ်ပြည့်တော့မယ်၊ တစ်ရက်မှ မေ့မရခဲ့ပါဘူး မောင်၊ အချိန်တွေက မြန်ဆန်လွန်းတယ် မောင်၊ ဦတယ်ဆိုတာ လောကကြီးကို အနှုံးပေးတာဆိုတဲ့ မောင့်စကားတစ်ခွန်းကြောင့် ဝဿန် မငိုခဲ့အောင် ကြိုးစားခဲ့ပါတယ်။

ဝဿန် ခံနိုင်ရည် ရှိပါတယ် မောင်၊ ဒါပေမဲ့ လောကကြီးရဲ့ ကွယ်ရာမှာတော့ မျက်ရည်တွေ ကြိတ်ကျမိတယ် မောင်ရယ်၊ ဒီနှစ်ထဲမှာ ဝဿန်ရေးလိုက်သမျှ သီချင်းတွေအားလုံး အလွမ်းသီချင်းတွေချည်းပဲ မောင်၊ မောင့်ကို အရမ်းချစ်တဲ့ ဝဿန်"

www.burmeseclassic.com

www.burmeseclassic.com

ဝဿန်သည် တုန်ရီနေသော အယ်ဘက်လက်ခုံဖြင့် မျက်ရည်များကို သုတ်ကာ ညာဘက်လက်ဖြင့် mouse ကို ကိုင်ကာ post ကို နှိပ်လိုက်လေသည်။

"မောင် တမလွန်မှ ဖီစာကို မြင်နိုင်ပါစေသား"

ချက်ချင်းဆိုသလိုပင် ဝဿန့် မျက်နှာ တစ်ချက် ပျက်သွားသည်။ ဝဿန်သည် မိမိမျက်စိကို ပွတ်ကာ မော်နီတာကို ထပ်ကြည့်သည်။

ဝဿန့် မျက်နှာတွင် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ နားမလည်ခြင်း များစွာ၏ အရိပ်အယောင်များ ယှက်သန်းသွားသည်။

အဘယ်ကြောင့်ဆိုသော် ဝဿန်၏ Notification တွင် Yin Nhyo likes your status. Just now ဟု ပေါ်လာသောကြောင့် ဖြစ်လေသည်။

ဝဿန် မတ်တတ်ထရပ်လိုက်သည်။ စာကြည့်စားပွဲမှ နောက်သို့ ခြေလှမ်း သုံးလှမ်းခန့် ဆုတ်လိုက်မိသည်။ ထို့နောက် မဝံ့မရဲဖြင့် အနားပြန်ကပ်သွားသည်။ မတ်တတ်ရပ်လျက်ဖြင့်ပင် တုန်ရီသော လက်များက mouse ပေါ်သို့ ရောက်သွားသည်။ chat box ကို ဝင်ကြည့်လိုက်သောအခါ Yin Nhyo Glaxy ဆိုသော အမည်ဘေးတွင် မီးစိမ်းလင်းနေသည်။

ဝဿန်သည် ဘာသာရေးအခြေခံအားကောင်းသဖြင့် ဥဒ ဘုံကို ယုံကြည်လက်ခံသော်လည်း သရဲ တစ္ဆေများကိုတော့ အယုံအကြည်မရှိပေ။

ယခုမူ သေဆုံးသွားသော ခင်ပွန်းက မိမိတင်သော status ကို like လုပ်သည်တဲ့။ ဝဿန်အံ့သြနေသည်။ အံ့သြနေရာမှ ကောက်ချက်တစ်ခုကို ချလိုက်သည်။

ရင်းမှာ မိမိခင်ပွန်း account ကို တစ်စုံတစ်ယောက်က hack ပြီး အသုံးပြုနေပြီဆိုသော ကောက်ချက်ပင် ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ခုံတွင် ပြန်ဝင်ထိုင်လိုက်ပြီး "ရှင်ဘယ်သူလဲ" ဟု ရိုက်လိုက်သည်။

"ဝဿန်.. မောင်ပါ ဝဿန်"

"မဟုတ်ဘူး။ မောင်က ဆုံးသွားတာ တစ်နှစ်ပြည့်တော့မယ်၊ ရှင်က ဘယ်သူလဲ၊ ဘာရည်ရွယ်ချက်နဲ့ ကျွန်မ ယောကျ်ား account ကို heck တာလဲ"

"မဟုတ်ဘူး ဝဿန်၊ မောင် ရှင်းပြမယ်"

"ရှင်းပြစရာ မလိုဘူးလေ၊ ရှင် ဘယ်သူလဲသာပြော၊ ကျွန်မယောကျ်ား ဆုံးသွားတာကြာပြီ၊ ရှင်က ဘယ်ကနေ ဘယ်လို ကျွန်မယောကျ်ား account ကို ဝင်သုံးနေတာလဲ၊ ကျွန်မ သက်ဆိုင်ရာ ကို တိုင်မှာနော်"

"မောင် . . . ရင်ညှီးအောင်ပါ ဝဿန်၊ ဝဿန် ယုံမှာမဟုတ်ဘူးဆိုတာ မောင် တွေးထားပြီးသားပါ၊ ဒါပေမဲ့ အခုက ဘယ်လိုပြောရမလဲကွာ၊ ဝဿန် နားလည်အောင် ရှင်းပြဖို့ ဘယ်လို ပြောပြရမလဲ"

"တော်ပါတော့၊ ကျွန်မ ရှင့်ကို အခုပဲ သက်ဆိုင်ရာကို တိုင်လျှိုက်တော့မယ်"

ဝဿန်သည် နောက်ဆုံး စာကြောင်းကို send လုပ်ပြီး laptop ကို ဘုတ်ခနဲ မြည်အောင် လက်ဖြင့်ဆွဲပိတ်လိုက်သည်။

သို့တိုင်အောင် ဖုန်းရှိ Messenger တွင် တချွင်ချွင်ဖြင့် ဝင်နေသဖြင့် ဖုန်းပါ ပိတ်ထားလိုက်သည်။ ထို့နောက် ကြိုးဖုန်းဖြင့် နံပါတ်တစ်ခုကို နှိပ်ရန် တန်ပြင်လိုက်ပြီးမှ အလွတ်မမှတ်မိ၍ မှတ်စုစာအုပ် တစ်အုပ်ကို ထုတ်ကာ လှန်လှောရှာပြီးမှ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"ဟလို ဟလို ကိုမျိုးအောင်လား"

အခန်း (၃)

ကန်တော်ကြီးပတ်လမ်းရှိ ကြယ်စင်စု ကုမ္ပဏီအဆောက်အအုံ ၂၄ ထပ်ရှိ အလုပ်စတူဒီယိုခန်းမကြီးတွင် ဖြစ်သည်။

ခန်းမအလယ်ရှိ စားပွဲရှည်ကြီးတွင် ဝဿန်သည် laptop ဖွင့်လျက် ထိုင်နေပြီး ဝဿန်၏နောက်တွင် လက်ပိုက်နေသူက ဒေါက်တာမျိုးအောင် ဖြစ်သည်။

ဝဿန်၏ မျက်နှာချင်းဆိုင်တွင်တော့ I.Tပညာရှင် သူရက laptop တစ်လုံးဖြင့် ထိုင်နေသည်။ ၎င်း၏ အေားတွင် ဒေါက်တာမျိုးအောင်၏ အထူးဖိတ်ခေါ်ချက်ဖြင့် ရောက်နေသော BSI မှ Secret Agent ကျော်စွာနွဲ့သူတပည့်။

မှတ်ပတ်လည် ကာထားသဖြင့် ကန်တော်ကြီးထဲသို့ အပေါ်ဝီးမှ မြင်နေသော ခန်းမထဲတွင် ceiling air-con များက ထုတ်လွှတ်သော လေအေးများကြောင့် အေးစိမ့်နေပြီး အပ်ကျသံကြား ရမတတ် ဆိတ်ငြိမ်နေသည်။ နံရံတွင် ရှိသော ၁၀ ပေ ပတ်လည် screen ကြီးတွင်တော့ ဝဿန့် လက်ပ်တော့ဖြင့် ချိတ်ဆက်ထားသဖြင့် ဝဿန့် face book ကို အကြီးကြီး မြင်နေရသည်။

ထို့ကြောင့် ဝင်းညွန့်ဆွေ အပါအဝင် အခြားဝန်ထမ်းများကလည်း မိမိစားပွဲမှနေ၍ မြင်နေရသည်။

"ကဲ အခု ဝဿန့် facebook ကို သူရနဲ့လည်း တစ်ပြိုင်နက် login ဝင်ထားပြီပြီ၊ ဒါပေမဲ့ သူရက ဘာမှမလုပ်နဲ့၊ ကျွန်တော်က စလို့ ဆိုတာနဲ့ ဝဿန်က ရင်ညှီး account ကို message လှမ်းပို့နော်၊

ဟိုဘက်က reply ပြန်တာနဲ့ သူရက location ကိုရအောင် track လုပ်ပေး။ location ရပြီဆိုရင် ကိုကျော်စွာက နယ်မြေခံ agent တစ်ယောက်ယောက်ကို အကူညီတောင်းပြီး ပစ်မှတ်ကို ရှာပေးပါ။

သူရက I.P နံပါတ်ပါ ရအောင် ရှာပြီး device ကိုပါ ရအောင်ခန့်မှန်းပါ၊ ဘာ device လဲဆိုတာသိတော့ ပစ်မှတ်ကို ရှာရပိုလွယ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ မျိုးအောင်သည် mission တစ်ခု၏ commander သဖွယ် ညွှန်ကြားချက်များ ပေးနေလေသည်။

"က-စ"

ဝဿန် စာစရိုက်လိုက်သည်။

"ဒီမှာ"

ခဏနေတော့ ဟိုဘက်က reply ပြန်လာသည်။

ဝဿန် ဆက်ပြီး Typing ဟုပေါ်နေသည်။

"ဝဿန် နေကောင်းတယ်နော်"

"ဒီမှာ ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မယောကျ်ားး account ကို heck တာလဲ"

"မဟုတ်ဘူး ဝဿန်၊ ဝဿန် အထင်လွဲနေတာ၊ မောင် ပြောတာ ယုံပါကွာ Pls."

"ရှင် ဘယ်လိုလူလဲ၊ မျက်နှာ ပြောင် တိုက်လှချေလား။ account ကို heck မယ်ဆိုလည်း ကိုယ် heck မယ့်လူက ရှိလား သေပြီလားတော့ လေ့လာသင့်တယ်"

ဒေါက်တာမျိုးအောင်သည် သူရကို မေးဆတ်ပြပြီး...

"သူရ အခြေအနေ"

"ဟုတ် ဆရာ၊ ကြိုးစားနေပါတယ်"

"ဝဿန် သူ့ကို စကားဆက်ပြောအောင် ထိန်းထားပါ"

ဝဿန် တဂျောက်ဂျောက်ဖြင့် စာရိုက်ပြန်သည်။

"ရှင်က ကျွန်မယောကျ်ားး ဖြစ်ကြောင်း ဘာနဲ့ သက်သေပြမလဲ"

"မောင် ဘယ်လို သက်သေပြရမလဲ"

"ဓာတ်ပုံရိုက်ပြီး status တစ်ခု တင်ပြပါ"

"မောင် အခုဓာတ်ပုံရိုက်တင်လို့ မဖြစ်သေးဘူး ဝဿန်၊ ဘာလို့လဲဆိုတော့ မောင် ဝဿန့်ကို ပြောစရာ အများကြီးရှိတယ်၊ ဒါပေမဲ့ အဲဒါက မောင့်ကို ဝဿန် လက်ခံယုံကြည်မှ ပြောလို့ရမှာ၊ အခု လောလောဆယ် မောင် ပြောနိုင်တာကတော့ ဝဿန် ဝဿန့် ပတ်ဝန်းကျင်မှာ တဿန် ဘယ်သူ့ကိုမှ မယုံနဲ့ ဆိုတာပါပဲကွာ"

ဝဿန် ဒေါက်တာမျိုးအောင်ကို တစ်ချက်ကြည့်လိုက်သည်။

"ဆက်ပြောဦး ဝဿန်"

ဒေါက်တာမျိုးအောင်က မေးဆတ်ပြီး ပြောလိုက်သည်။

"ဒါဆို ရှင်က ရှင့်ကိုတော့ ယုံပါ၊ တခြားလူတွေကိုတော့ မယုံပါနဲ့ပေါ့လေ၊ တော်တော်တရားကျဖို့ ကောင်းတာပဲ၊ ကျေးဇူးပြုပြီး သေသွားတဲ့ ကျွန်မယောကျ်ားးကို မနှောင့်ယှက်ပါနဲ့တော့၊ ရှင် ငွေလိုရင် ကျွန်မ ငွေပေးပါ့မယ်"

"မဟုတ်ဘူး ဝဿန်၊ မောင် ရင်ညှိုးအောင်ပါ ယုံပေးပါ"

"ကျွန်မက ဘာကြောင့် ယုံရမှာလဲ"

"မောင်တို့ စတွေ့တဲ့ နေ့လေးကို မှတ်မိလား"

"ဒါမျိုးတွေက facebook တစ်ခုလုံးကို heck ထားပြီးမှတော့ သိဖို့မခက်တော့ပါဘူး"

အမှန်တော့ ဝဿန် စိတ်ညစ်နေပြီ။ စကားဆက်မပြောချင်တော့ပေ။

"ကိုမျိုးအောင် မရသေးဘူးလား ရှင်၊ ကျွန်မ စိတ်ညစ်လာပြီ"

"ခဏလေး ဝဿန်၊ ဟေ့ကောင် သူရ ဘယ်လိုလဲကွ၊ မင့်ကွာ location လေး တစ်ခါ tracking လုပ်တာ အဲလောက်တောင် ကြာရသလား"

"မဟုတ်ဘူး အာစရိ၊ တော်တော် ထူးဆန်းတယ်၊ မြန်မာပြည်က မဟုတ်တာတော့ သေချာတယ်၊ ဒါပေမဲ့ ဘယ်နိုင်ငံကမှန်း မသိဘူး၊ ဒါ သာမန် location ပိတ်ထားတဲ့ ပုံစံမျိုးမဟုတ်ဘူး၊ တော်တော်အဆင့်မြင့်တဲ့ နည်းပညာနဲ့ ပိတ်ထားတာ၊ ဘယ်လိုမှ ခြေရာခံလို့ မရဘူး ဖြစ်နေတယ်"

Agent ကျော်စွာက တစ်ခွန်းဝင်ပြောလေသည်။

"တစ်ဖက်လူက မြန်မာပြည်ထဲက ဆိုရင်တော့ သူဟာ ငွေ သို့မဟုတ် လူ အဲ ဒေါ်ဝဿန်ပိုးကိုပေါ့လေ ရည်ရွယ်တာ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အခု နိုင်ငံခြားက ဆိုရင်တော့ ငွေကိုသာ ရည်ရွယ်တာ ဖြစ်ရမယ်ဗျ"

ဒေါက်တာမျိုးအောင် သည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြီး သူရဘက်လှည့်သွားကာ...

"ဟေ့ကောင် NASA ကပေးတဲ့ ဆုတောင် ရထားတဲ့ ကုမ္ပဏီက I.T ပညာရှင်ကြီးက မဖွင့်နိုင်တဲ့ location ပိတ်နည်း ဟုတ်လား၊ မလိုချင်ဘူးကွာ satellite နဲ့ ရှာကွာ"

"ဒါဆို အစ်မဝဿန် နည်းနည်း ဆက်ပြောပေးပါဦး"

ဝဿန် ဆက်၍ ပြောရပြန်သည်။

"ဒီမှာ ကျွန်မ အခု အလုပ်ထဲမှာ ရှင့်၊ ရှင်နဲ့ စကားပြော မနေနိုင်ဘူး"

"ဝဿန်ရယ် ဝဿန့်အလုပ်က ဘီချင်းနေစောလေ၊ အိမ်မှာပဲ အမြဲနေတာ၊ ဒါတောင် ညမှလေ"

"ပြော် ကျွန်မ ရှင့်ကို လျှော့တွက်လိုက်မိတယ်"

ထိုစဉ်...

"အာစရိရေ မရဘူးဗျို့၊ ပြိုတ်တဲ့နဲ့တောင်မမိဘူး၊ ဒီဘက်က I.P အထွက် signal ကို မိတယ်၊ ဟိုဘက်က အဝင်ကို ဖမ်းမရဘူး"

"ဘာ- ဟေ့ကောင်၊ မင်းပြောသလိုဆို တစ်ဖက်လူက ဒီကမ္ဘာပေါ်က မဟုတ်ဘူးဆိုတဲ့ သဘောလားကွ ဟေ"

အခန်း (၄)

မြန်မာပြည်နှင့် Nissan တို့ ပူးပေါင်းထုတ်လုပ်သော i-Fang ကားလေးသည် ဝဿန့် အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။

ကားပေါ်မှ ဝင်းညွှန့်ဆွေ ဆင်းလာပြီး တစ်ဖက်မှ ဝဿန် ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် ၁၉၃၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ၁၃၀၀ ပြည့် အနေတော်ပုံကြီးသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အနေတော်ပုံဝိသေသော အနေတော်ပုံကြီး ဖြစ်သည်။ မြန်မာ့အဘိဓာန်တွင် အနေတော်ပုံ၏ အဓိပ္ပာယ်ကို **'နိုင်ငံ၊ မင်းတို့နှင့် ပတ်သက်သော စစ်ရေးသမိုင်း။ တစ်နိုင်ငံလုံးနှင့်ဆိုင်သော၊ တစ်မျိုးသားလုံးနှင့်ဆိုင်သော အရေးအခင်း'** ဟူ၍ ဖွင့်ဆိုထားကြောင်း တွေ့ရသည်။

၁၃၀၀ ပြည့် အနေတော်ပုံသည် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ၊ တို့ဗမာအစည်းအရုံး၊ ရေနံမြေအလုပ်သမား၊ တောင်သူလယ်သမားများ အပါအဝင် လူထု လူတန်းစားပေါင်းစုံနှင့် ပြည်သူအများပါဝင်သော နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးကို တောင်းဆိုသည့် ပြည်သူ့အရေးတော်ပုံကြီး ဖြစ်သည်။ ကိုလိုနီခေတ်အတွင်း ဤအရေးတော်ပုံထက် ပို၍ပီသသော အရေးတော်ပုံမျိုး မရှိနိုင်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့ကြသူများအနေဖြင့် အရေးတော်ပုံကြီးကို ရှုထောင့်အသီးသီးမှ ရေးစားခဲ့ကြသည်။ အထူးသဖြင့် ကျောင်းသားခေါင်းဆောင်များ၊ တို့ဗမာအစည်းအရုံးဝင် သခင်များ၊ နိုင်ငံရေးလေ့လာသူများနှင့် သမိုင်းသုတေသီများ၏ မှတ်တမ်းများဖြစ်သည်။ ကျောင်းသား သမဂ္ဂအမှုဆောင်၊ တို့ဗမာအစည်းအရုံး အမှုဆောင်အဖြစ်မှ စာရေးဆရာဖြစ်လာခဲ့ကြသူများကလည်း မိမိတို့ ကျွမ်းကျင် လိမ္မာရာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ နိုင်ငံရေးကျမ်း ပုံသဏ္ဌာန်များဖြင့် ကမ္ဘည်းတင်ခဲ့ကြသည်။

ယင်းတို့အနက် ဆရာဒဂုန်တာရာ ရေးသားသော 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' (၁၉၄၁ ခုနှစ်တွင် ရေးသားခဲ့သည်) စာအုပ်မှ အထက်ဖော်ပြခဲ့သော သမိုင်းပုံရိပ်မှာ (ကျွန်တော်တစ်ဦးတည်း အနေဖြင့်) အရသာအရှိဆုံး၊ အမြိန်ရှက်ဆုံးဟု ဖတ်ရှုခံစားရသည်။

ဆရာဒဂုန်တာရာသည် ကျောင်းသား သမဂ္ဂ၏ အမှုဆောင်တစ်ဦး၊ စစ်ကိုင်းဆောင်မှ ကျောင်းသားတစ်ဦး အနေဖြင့် ကျောင်းသားများ၏ အာဏာဖီဆန်ပွဲတွင် တူ၊ တံစဉ် အလံနီကြိုးကို ကိုင်၍ ပါဝင်ခဲ့သည်။ အစိုးရအဖွဲ့ မှုံစိုက်ရာ အတွင်းဝန်ရုံးကို ဝိုင်းမိသည့် အခါ သမဂ္ဂဥက္ကဋ္ဌ ကိုလှရွှေ (ထိုစဉ်က သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းမှာ အတွင်းရေးမှူး ကိုဗဆွေနှင့်အတူ မကွေးမြို့တွင် အဖမ်းခံနေရသဖြင့် ဒုတိယဥက္ကဋ္ဌ ကိုလှရွှေက ဥက္ကဋ္ဌတာဝန် ယူခဲ့ရသည်။)၏ တာဝန်ပေးချက်အရ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) ဘက်တွင် အတွင်းဝန်ရုံး၏ အလယ်ဂိတ်ပေါက်၌ သပိတ်တားသည့် တာဝန်ကို ယူခဲ့ရသည်။ ထို့ကြောင့် သူ၏ ကိုယ်တိုင်အတွေ့၊ ကိုယ်တိုင် အမြင်၊ ကိုယ်တိုင် အကြား တို့ကို အပိုအလိုမရှိ မှတ်တမ်းတင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ကိုအောင်ကျော် ကျဆုံးပြီး ရန်ကုန်မြို့ ကြံတော်သုသာန်သို့ ပို့ဆောင် သင်္ဂြိဟ်တော့လည်း စာပန်မြင်ကွင်းကို ထိခိုက်ကြေကွဲဖွယ်၊ စိတ်လှုပ်ရှား တက်ကြွဖွယ် နေခြယ်ခဲ့သေးသည်။

ယင်းသို့ နေသားရာတွင်လည်း မှတ်တမ်းနှင့်မတူ၊ ဗိုင်ယာရီမှတ်စု နေသားပုံနှင့်လည်း လမ်းခွဲကာ ရသဟန် အဖွဲ့အနွဲ့ဖြင့် နေသားထားခြင်းဖြစ်၍ (ကျွန်တော့် အဖို့) အရသာအရှိဆုံး၊ အမြိန်ရှက်ဆုံးဟု ရည်ညွှန်းခြင်း ဖြစ်သည်။

၁၃၀၀ ပြည့်အနေတော်ပုံကြီး၏ သက်တမ်းသည် ယခုအခါတွင် 'စိန်ရတု' ကာလကိုပင် လွန်မြောက်ခဲ့ချေပြီ။ ဆရာဒဂုန်တာရာ၏ ရသဟန် အနေအဖွဲ့ ကျွမ်းကျင်မှုကြောင့် ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀၊ ၂၂ နှင့် ၂၃ ရက်နေ့များက ကျောင်းသားများ အတွင်းဝန်ရုံးကို ဝိုင်းဝန်း၍ သပိတ်တားကြပုံ၊ မြင်းစီးပုလိပ်များ၏ ရက်စက်ပုံ၊ ကျောင်းသားခေါင်းဆောင်ကိုအောင်ကျော် သွေးမြေကျပြီး ကျဆုံးခဲ့ပုံ၊ စာပနအခမ်းအနားကျင်းပပုံများသည် စာဖတ်သူ၏ အာရုံတွင် မနေ့တစ်နေ့က ဖြစ်ပျက်ဘိသို့ တမြည့်မြည့်ခံစားနေရသည်။

စာတွဲငယ်း

✸ ဗိုလ်အောင်ကျော်၏ စာပန အခမ်းအနားတွင် ဗ. က. သ၊ တ. က. သ၊ ဂျပ်ဆင်ကောလိပ်မှ ကျောင်းသား ကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများက ဗိုလ်အောင်ကျော်အား **နေမျိုးသီဟသူရ** ကျောင်းသား အာဏာနည်ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုခဲ့ကြပါသည်။

✸ ကျောင်းသားခေါင်းဆောင် **'မြင်းခြံကိုစိုးမောင်'**မှာ နောင်အခါတွင် **'ဗိုလ်မှူးချစ်ကောင်း'** အဖြစ် ထင်ရှားလာသူ ဖြစ်ပါသည်။

✸ ကျောင်းသား ခေါင်းဆောင် **'ကိုထွန်းမြိုင်'** သည် နောင်အခါတွင် **'ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်'** ဖြစ်လာပါသည်။

✸ ဗ. က. သ ဥက္ကဋ္ဌ **'တိုလှရွှေ'** သည် **'ကျောင်းသားအာဏာရှင် ကိုလှရွှေ'** အဖြစ် ထင်ရှားလာကာ နောင်အခါတွင် စာရေးဆရာ **'ဒေါက်တာလှရွှေ'** အမည်ဖြင့် ကျန်းမာရေးသုတ စာအုပ်များ ရေးသားခဲ့သူ ဖြစ်ပါသည်။

✸ **'သခင်နု'** မှာ နောင်အခါတွင် ဖဆပလအစိုးရအဖွဲ့ **'ဝန်ကြီးချုပ်ဦးနု'** ဖြစ်လာပါသည်။

ဝန်ခံချက်

ဆောင်းပါးတွင် အသုံးပြုထားသော ဓာတ်ပုံမိတ္တူများကို ဆရာသန်စင်မွန်၏ 'နယ်ချဲ့ကို အသက်ပေးအန်တုခဲ့သူ ဗိုလ်အောင်ကျော်' စာအုပ်မှ ရယူပါသည်။

မော်ဝန်းကြည်မြတ်

❑

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဏာနည်များ

ကုန်းဘောင်သွေး ဖွေးဖွေးနီတဲ့

လင်းပင်ဟော့

ထွန်းလင်းသူ

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ဟုတ်သည်။ မြန်မာတို့ ထက္ကြော်လှန်လာကြပြီဆိုလျှင် တစ်တိုင်းတစ်ပြည်လုံး မီးဟုန်းဟုန်းတောက်ပေတော့မည်။ ယခု လတ်တလော အခြေအနေသည် ကုလားဖြူ အင်္ဂလိပ်တို့က ကျားနှင့်ဆင် လယ်ပြင်မှာတွေ့သလို မြန်မာ့တပ်မတော်နှင့် သူ့သေကိုယ်သေ ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဂုဏ်သိက္ခာရှိရှိ အနိုင်နှင့်အရှုံးကို အဆုံးအဖြတ် ရယူခဲ့ခြင်းမျိုး မဟုတ်။ ကုလားဖြူတို့သည် အရှုံးကွက်နင်းပြီး ကင်းဝန်မင်းကြီးအား နှစ်ပေါက်တစ်ပေါက်ရိုက်၍ ငြောင်လိမ်ငြောင်စား လုပ်ခဲ့ခြင်းသာ ဖြစ်သည်။

အင်္ဂလိပ် ကုလားဖြူတို့ကလည်း ညောင်ရမ်းလိုလို၊ ညောင်အုပ်လိုလို နိုင်ငံရေးကစားကွက်ကို ခပ်တည်တည် ခင်းကျင်းပြထားလေရာ စိတ်ရှည်သည်းခံခြင်းနှင့် အသားကျနေရုံမက နိုင်ငံရေး ဗဟုသုတ မကြွယ်ဝရသော မြန်မာတို့သည် မထွေးလေးကို မွေကြိုးမျိုသကဲ့သို့ ဒူးရောက်သော်လည်း ဒူးရောက်မှန်းမသိ၊ ပေါင်ရောက်သော်လည်း ပေါင်ရောက်မှန်း မသိ တအိအိ အမျိုခံနေရသည်။

မြန်မာနိုင်ငံသမိုင်းကို ထမနဲမွှေသကဲ့သို့ အပြန်ပြန်အလှန်လှန် လေ့လာသုံးသပ်ကြည့်သောအခါ မြန်မာနိုင်ငံသားတို့သည် 'နိုင်ငံရေးကစားနည်းမျိုးစုံ'တို့ဖြင့် မြူဆွယ်ရာနောက် ကောက်ကောက်ပါရင်း အခြေခံ လူတန်းစားတို့၏ အခြေအနေမှာ မွဲတေသည်ထက် မွဲတေလာကြရပြီး မိုးကျွေကိုယ်များ မှီပေါက်လာကြောင်း တွေ့မြင်ရသည်။

လစာ သောင်းဂဏန်းမျှ ရရှိသော ဝန်ထမ်းတစ်ဦး၏ တရားမဝင် ပိုင်ဆိုင်မှုမှာ ကျပ်သိန်းပေါင်း ထောင်နှင့် သောင်းနှင့်ချီ ကြွယ်ဝနေပုံကို အံ့သြဖွယ် တွေ့ရှိရသော်လည်း ဘွဲ့ဒီဂရီ အထပ်ထပ်နှင့် ပညာတတ်တစ်ဦးသည် ခက်ခဲ ကျပ်တည်းစွာ ရုန်းကန်နေရကြောင်း မယုံကြည်နိုင်စရာ မြင်တွေ့နေရသည်။

ဆင်းရဲကျပ်တည်းမှုဒဏ်ကို ခုခံအန်တုရင်း ဘဝနှင့်ရင်း၍ အလျော်အစား လုပ်လိုက်ရသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးလေးများသည် မြန်မာ့နိုင်ငံရေး ကစားနည်း ဝဲဩဃ ပင်လယ်ဇွေမှာ 'သားကောင်း' မဖြစ်ရရှာ၍ 'သားကောင်' ဖြစ်သွားရသည်။

ဤနေရာတွင် ဖြစ်ရပ်တစ်ခုကို အမှတ်ထင်ထင် ဖြစ်လာသည်ကြောင့် တင်ပြချင်ပါသည်။ လွန်ခဲ့သော နှစ်အတန်ကြာ၌ ထုတ်ဝေခွင့်ကို ဒေဝဒတ်ကတ် ရဖို့ထားသော ဂျာနယ်အချို့တွင် ဖော်ပြပါရှိခဲ့သည့် ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ထိုစဉ်အခါ၌ ယနေ့မျက်မှောက်ခေတ်ကဲ့သို့ ဂျာနယ်များ၊ သတင်းစာများ ခပ်လှိုင်လှိုင် ထုတ်ဝေခွင့် မရှိသေးချေ။ ဖြစ်ရပ်မှန်မှာ *နာမည်ကြီး ဟိုတယ်တစ်ခုတွင် ဖြစ်ပွားခဲ့ပါသည်။ ဖြစ်ပွားခဲ့*သော ဖြစ်ရပ်မှာ ပစ္စည်းယူ လူသတ်သော ရာဇဝတ်မှုခင်း ပင်တည်း။ အဌားယာဉ်မောင်းတစ်ဦးသည် သူဖောက်သည် ဧည့်သည်တစ်ဦး ရောက်လာချိန်တန်၍ ရောက်မလာရာ မသက်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတို့ကို အသိပေးအကြောင်းကြားရာမှ သိရှိခဲ့ရသော ရာဇဝတ်မှုခင်း ဖြစ်ပါသည်။

ထိုအချိန်ကာလ၌ မြန်မာနိုင်ငံထွင် မကြာခဏ ပေါ်ပေါက်လေ့ရှိသော နိုင်ငံရေးကစားနည်း တစ်ရပ်အရ ရန်ကုန်မြို့တွင် နိုင်ငံခြားသား လုပ်ငန်းရှင်များ ခြေချင်းလိမ်လာကြပြီး ဟိုတယ်များလည်း အပြိုင်းအရိုင်း ပေါ်ပေါက်လာသည်။

ထိုအခါ အေကုမွကီ၏ အရာရှိတစ်ဦး ဖြစ်သော မစ္စတာဘီသည် ဟိုတယ်စီတွင် ကာလရှည်ကြာရမ်းနေထိုင်သည်။ မစ္စတာဘီသည် အခြားမစ္စတာများနှင့်မတူ 'မ' ဆိုလျှင် ခြေမ၊ လက်မ ပယ်ထားသလား အောက်မေ့ရလောက်အောင် တစ်ကိုယ်တည်း နေထိုင်သူ ဖြစ်သည်။

မစ္စတာဘီသည် ကုမ္ပဏီအရာရှိဟု ဆိုသော်လည်း ဥပဓိရုပ်က ဥပမာအားဖြင့် ပြောရသော် ကျပန်နိုင်ငံမှ ဆာမူရိုင်းတစ်ဦးနှင့် အလွန်တူသည်။ စည်းကမ်းလည်း အင်မတန်ကြီးသည်။ သူ့အတွက် ရုံးသွား၊ ရုံးပြန် ကြိုပို့တာဝန်ယူပေးမည့်သူကိုလည်း ဟိုတယ်နှင့် ညှိနှိုင်း၍ သူစိတ်ကြိုက် မြန်မာယာဉ်မောင်းတစ်ဦးကို ငှားရမ်းထားသည်။ အခြားကိစ္စများသွားလာစရာရှိလျှင်လည်း ထိုယာဉ်မောင်းကပင် တာဝန်ယူပို့ဆောင်ပေးရသည်။

မစ္စတာဘီသည် နံနက် 'D' နာရီ ၁၄ခုခဲထိုးသည်နှင့် ဟိုတယ်အဝင်တွင် ဘွားခနဲပေါ်လာပြီ။ ဟိုတယ်အဝင်တွင် မစ္စတာဘီကို ဘွားခနဲ တွေ့လိုက်ရသော် နာရီကြည့်စရာမလို၊ နံနက် 'D' နာရီ ရှိပြီ။ အချိန် အလွန်တိကျ သေချာသူ။ ထို့ကြောင့် သူ့ယာဉ်မောင်းသည် နံနက် 'D' နာရီတွင် ကားကို အဆင်သင့် ရပ်ထားပြီးသား။

ထိုဖြစ်ရပ် ဖြစ်ပွားမည့်နေ့တွင် ယာဉ်မောင်းသည် ထုံးစံအတိုင်း နံနက် 'D' နာရီနှင့် ချိန်ကိုက်ပြီး မော်တော်ယာဉ်အား ဟိုတယ်အဝင်တွင် ထိုးဆိုက်ထားသည်။ နံနက် 'D' နာရီထိုးပြီ၊ မစ္စတာဘီ ဘွားခနဲ ပေါ်မလာ။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ တစ်မိနစ်၊ နှစ်မိနစ်၊ မစ္စတာဘီ အိပ်ပျော်နေတာတော့ မဖြစ်နိုင်။ ယာဉ်မောင်းသူ ထိတ်ခနဲဖြစ်ပြီ။ တစ်ဒုံးတော့ တစ်ခုခုပဲ။

ယာဉ်မောင်းသည် မော်တော်ယာဉ်ကို ဟိုတယ်အဝမှ ရွှေ့လျားလျက် သင့်တော်ရာမှာ ရပ်သည်။ ဟိုတယ်မှ လုံခြုံရေးတာဝန်ခံအား အကြိုးအကြောင်း ပြောသည်။

ထိုအခါ ဟိုတယ်လုံခြုံရေးအဖွဲ့ကြီးလည်း မှက်လုံးပြူးကုန်သည်။ တပ်ဖွဲ့အသင့်ပြင်၊ ချီတက်။ မစ္စတာဘီ နေထိုင်ခန်းအမှတ် F ကို အဒေါ်ပြီးအလွှား ရောက်ရှိသွားပြီး အ*ကဲတဲခါးကို တဂွန်းဝုန်းထုသည်။ တံခါးမပွင့်၊ ထပ်ထုသည်*

www.burmeseclassic.com

www.burmeseclassic.com

မပွင့်။ ဟုတ်ပြီ၊ ဟိုတယ်လုံခြုံရေးသော့ဖြင့် ဖွင့်တော့မှ တံခါးပွင့်သည်။ မစ္စတာဘီကို သူခုတင်ပေါ်တွင် ဓားဒဏ်ရာများဖြင့် ကွယ်လွန်နေကြောင်း တွေ့ရသည်။

အကျဉ်းသုံးလိုက်သော် တရားခံကို နာရီပိုင်းအတွင်း ဖမ်းမိသည်။ ဟိုတယ်သန့်ရှင်းရေးလုပ်သားသည် နံနက်လင်းအားကြီးအချိန်၌ မစ္စတာဘီ၏ အခန်းတွင်းသို့ သော့တူဖြင့် ဖွင့်ဝင်ကြောင်း ဝန်ထမ်းများကို ခိုးယူသည်။ လူသတ်ရန် ရည်ရွယ်ချက်မရှိ၊ ပစ္စည်းများ ယူဆောင်နေစဉ် ဖျတ်လတ်နိုးကြားကျင့် ရှိသော မစ္စတာဘီ နိုးလာသည်။ ကြမ်မာဆိုးသည် ထိုလူသားနှစ်ဦးအပေါ် သို့ ကျရောက်ခဲ့ပြီ။ သန့်ရှင်းရေးလုပ်သားသည် ခြေစောင့်လက်စောင့် ယူဆောင်လာသော ဓားမြောင်ဖြင့် မစ္စတာဘီအား ထိုးချသည်။ တစ်ချက်၊ နှစ်ချက်၊ နောက်ထပ် နောက်ထပ်။

ဟေ- ကိုရင်နှယ်၊ ဒီဇာတ်လမ်းကိုများ အထူးအဆန်းလုပ်လို့၊ ဒီထက် လျှို့ဝှက်သည်းဖို ထိတ်လန့်ကြောက်ရွံ့စရာတွေ အပုံကြီး။ ကိုရင့်ဇာတ်လမ်းမျိုးက နားထောင်တဲ့သူ အိပ်ပျော်သွားလိမ့်မယ်။

ဟုတ်ကဲ့၊ အခု ပြောပြမယ့် မြို့ပိုက္ကတ်ကို နားထောင်ကြည့်ပါဦး။ အိပ်ပျော်နေတဲ့သူတောင် မျက်လုံးပြူးမသွားဘူးဆိုရင် ဒီဇာတ်လမ်းကို ဆက်မဖတ်ပါနဲ့တော့။

မစ္စတာဘီ၏ ခုတင်ပေါ်တွင် 'မ' ဆိုလျှင် ခြေမလက်မ ပယ်ထားသော မစ္စတာဘီ၏ ရုပ်အလောင်း တစ်လောင်းတည်းသာ မဟုတ်ပါချေ။ ဓားဒဏ်ရာများဖြင့် သေဆုံးနေသော မစ္စတာဘီအား ဖက်လျက်သား ချောချောလှလှ တောင့်တောင့်တင်းတင်း အမျိုးသမီး အလောင်းလည်း ပါဝင်လေသည်။

ထိုအမျိုးသမီးသည် အသက် သုံးဆယ်ဝန်းကျင်ရှိ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ထို့ပြင် မစ္စတာဘီကို ကြိုပို့လုပ်ပေးရသော ယာဉ်မောင်း၏ ဇနီးလည်း ဖြစ်ပါသည်။

'ဟယ်. . . လောက၊ အသင် လောကကြီးတွင်' ဟူ၍ သာ ဟစ်အော်လိုက်ဖို့ ကောင်းလေသည်။ ထိုစဉ်က ရန်ကုန်တစ်မြို့လုံး တိတ်ဆိတ်သွားပြီး ကြားသိရသူတိုင်း ရင်ထုမနာ ဖြစ်ခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။ မည်သူ အတွက် ရင်ထုမနာ ဖြစ်ခဲ့ကြပါသနည်း။

ဤဇာတ်လမ်း၏ တရားခံသည် မည်သူနည်း။ ဥပဒေလမ်းကြောင်းအရ မည်သူကို တရားခံဟု ဖမ်းဆီးမည် ဆိုသည်မှာ. . . ။

အမှန်စင်စစ်- ဤဇာတ်လမ်း၏ တရားခံအစစ်သည် 'နိုင်ငံရေးကစားပွဲကြီး' သာ ဖြစ်ပါသည်။ နိုင်ငံရေး ကစားပွဲကြီးသာ မရှိခဲ့လျှင် ရင်နှင့်ကြေကွဲဖွယ် ဤဖြစ်ရပ်ဆိုးကြီး သည်လည်း ပေါ်ပေါက်လာဖွယ် မရှိပါချေတကား။ ဤကား စကားချပ်။

ယခုတွင်လည်း နယ်ချဲ့မိစ္ဆာ အင်္ဂလိပ်ကုလားဖြူတို့သည် ရှုးကြောင်ကြောင် ရှုးချင်ယောင်ဆောင်ထားသော နိုင်ငံရေး ကစားပွဲကြီးတစ်ရပ် ပန်တီးပြီး မြန်မာတိုင်းရင်းသားတို့ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေနိုင်အောင် ဖြစ်ရမည့် အယုတ်တမာ ဇာတ်လမ်းကြီးကို ဆင်နွှဲလိုက်ကြလေပြီ။

နောက်ဆုံးတွင် အရင်းရှင် ကုန်သည်ကြီးများ၏ ဖိအားပေးမှုကြောင့် မြန်မာနိုင်ငံအား အပြီးအပိုင် သိမ်းပိုက်ရန် ဆုံးဖြတ် အတည်ပြုလိုက်ပြီ။ ဤအတွက် အင်္ဂလိပ် ကုလားဖြူတို့ လက်သုံးစကားမှာ 'နောင်ခါလာ နောင်ခါစေး၊ ကြည့်ရှင်းကြတာပေါ့' ဟူသတည်း။

ဤသို့ဖြင့် ၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာ နောက်ဆုံးရက် ၃၁ ရက်တွင် လော့ဒ်ရန်းဒေါ့ဖာရင်သည် ကျဉ်းသန်းခေါင်ယံ ၁၂ နာရီ ၁၄ခန့် တိုးလိုက်သည်နှင့် တစ်ပြိုင်နက် ခရစ္စမတ်ပါတီပွဲ ကျင်းပနေရာမှ မတ်တတ်ရပ်လိုက်သည်။ ပြီးနောက် ချာချီသည် ဟန်တစ်လုံး ပန်တစ်လုံး အမှုအရာကြင့် 'မြန်မာနိုင်ငံအား မြတိသျှ အင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဖြစ်ကြောင်း' ကြေညာလေသည်။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ရန်းဒေါ့ဖာရင်၏ ညွှန်ကြားချက်အတိုင်း ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် အိန္ဒိယဘုရင်ခံချုပ်ကြီး လော့ဒ်ဒပ်ဖရင် (Lord Duffrin) က-

> 'ကေရီ ဘုရင်မကြီး၏ အမိန့်တော်ကို ဦးထိပ်ရွက် ပန်ဆင်ကာ ဤကြေညာချက်ကို ထုတ်ပြန်သည့် အချိန်မှ အစပြုပြီးလျှင် ယခင်က သီပေါဘုရင် အုပ်စိုးခဲ့သော တိုင်းပြည်နယ်ပယ် မှန်သမျှ အားလုံးတို့သည် သီပေါဘုရင်၏ အုပ်ချုပ်မှုအောက်တွင် ရှိလိမ့်မည် မဟုတ်တော်မူ၍ ကေရီဘုရင်မကြီး၏ နိုင်ငံတော် အစိတ်အပိုင်း အဖြစ် သိမ်းသွင်းပြီး ဖြစ်လေရာ ကေရီဘုရင်မကြီး၏ သဘောတော်ကျ အိန္ဒိယဘုရင်ခံချုပ်ကြီးက အခါအားလျော်စွာ အရာရှိများ. ခန့်အပ် အုပ်ချုပ်သွားစေလိမ့်မည် ဖြစ်မေကြောင်း'
>
> (GUBSS,pt.1,Vol 1. p.117)

ကြေညာချက် ထုတ်ပြန်၍ 'ဝိတိုရိယကေရီသို့ နှစ်သစ်ကူးလက်ဆောင်' ဆက်သလိုက်လေသည်။

အို. . . မြန်မာတို့၊ ကျွန်ုပ်တို့၏ ခြေလက်တို့သည် 'သူ့နိုင်ငံသား သံမှုန့်စားမှ တို့ဝေးတုံးမည် မှတ်တော်တည်လော့' ဟူ၍ ကြိမ်းပစ်နိုင်လောက်အောင် စွမ်းသန်ကြလင့်ကစား နိုင်ငံရေး အတွေးအမြင် အသိပညာ ဗဟုသုတ ဆွဲ့ရှားခြင်းကြောင့် သူတစ်ပါးတို့ ခြယ်လှယ်ရာကို လည်စင်းခံရကာ ဘိုးဘွားဘီဘင်တို့ အသက်၊ သွေး၊ ချွေးဖြင့် ရင်းနှီး တည်ဆောက်ခဲ့ရသော အမိ၊ အဖ နိုင်ငံတော်ကြီးသည်လည်း နယ်ချဲ့ စစ်ဘီလူး ဘုရင်မ ဝိတိုရိယအတွက် နှစ်သစ်

www.burmeseclassic.com

လက်ဆောင်အဖြစ် နှင်းအပ် ဆက်သခြင်းကို ခံလိုက်ရလေပြီ။

အို. . . မြန်မာတို့၊ အို. . . တက်လူတို့၊ မြင်ကြကုန်လော့၊ သိကြကုန်လော့၊ နိုင်ငံရေး အသိအမြင် ကန်းခြင်းသည် တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့် သာသနာပါ ကန်းခြင်းဖြစ်ကြောင်း တိတိကျကျ သိကြကုန်လော့။

အို. . . မြန်မာတို့၊ အို. . . တက်သစ်လူငယ်အပေါင်းတို့၊ ကျွန်ုပ်တို့သည် နိုင်ငံရေးမျက်စိ စုံလုံးကန်းဘဝဖြင့် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွှန့် ဆိုသကဲ့သို့ သားစဉ်မြေးဆက် 'ဓားမနောက်ပိတ်ခွေး' ဖြစ်ခဲ့ရချေပြီ။ ထို ဓားမနောက်ပိတ်ခွေး ဘဝဖြင့် တပေပေ တတေတေ ကျွန်သက်ရှည်ခဲ့ရာမှ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်အောင်ဆန်း ကဲ့သို့ (သခင်ဘသောင်း၊ သခင်ကိုယ်တော်မှိုင်း၊ သခင်နု၊ သခင်ဗဟိန်း စသည့် ခေါင်းဆောင်ကောင်းများ အပါအဝင်) ခေါင်းဆောင်ကောင်းကို ကံကောင်းထောက်မစွာ ရရှိခဲ့ရာမှ နိုင်ငံရေး နေဝန်း၊ လဝန်းကြီး ပေါ်ထွန်းလာခဲ့ရသည်။ ကျွန်အဖြစ် နွံနစ်နေရသော မြန်မာတို့ကို ကျွန်ဘဝ ငရဲဘုံမှ ကယ်တင်နှိုင်ခဲ့သည်။

သို့သော် ပြတ်ပြတ်သားသား ကြည့်လိုက်လျှင် မြန်မာတို့၏ နိုင်ငံရေးနေဝန်း၊ လဝန်းကြီးသည် လွတ်လပ်ရေးရပြီး မကြာမီမှာပင် တောင်စွယ်တွင် နေကွယ်ခဲ့ရကြောင်း တွေ့မြင်ရမည် ဖြစ်ပါသည်။ (ဤကိစ္စသည် ယနေ့အခါတွင် ခေါင်းရွက် ဗျပ်ထိုး ဈေးသည်မှအစ ဆိုက်ကားသမားအလယ် ထိပ်တန်းခေါင်းဆောင်ကြီးများအဆုံး အားလုံး သိပြီးသား ဖြစ်သောကြောင့် အကျယ် မတင်ပြတော့ပါ။)

ဆိုခဲ့ပါ နိုင်ငံရေး အလင်းပွင့်များကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ (၄) ရက်တွင် လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး (၁၄)နှစ်အကြာ ၁၉၆၂ ခုနှစ်မှ စတင်ပြီး ၂၀၁၀ အထိ နိုင်ငံရေးသားဖျက်ပွဲ၊ နိုင်ငံရေးသင်းသတ်ပွဲ၊ နိုင်ငံရေးမြေမြှုပ်သတ်ဖြိုဖျက်ပွဲတွေ ပွက်ပွက်ညံခဲ့ပြီး 'သွေးစွန်းသော ကျွန်ဘဝ' မှ လွတ်မြောက်လာခဲ့ပြီးနောက် 'သွေးစွန်းသော လွတ်လပ်ရေး' ဖြစ်ခဲ့ရလေသည်။

လက်ဖက်ရည်ဆိုင် စကားဝိုင်းမှအစ ဧည့်ခံပွဲစကားဝိုင်းတွေအဆုံး 'နိုင်ငံရေးတွေ မပါစေနဲ့၊ ဘောလုံးပွဲအကြောင်းပဲ ပြောရအောင်' ဟူသော ခပ်ကြောင်ကြောင် ပြက်လုံးထုတ်ပြီး ချိုင်းကလိထိုး ရယ်မောခဲ့ကြကာ ပေါ်တောတောတွေ ဖြစ်ခဲ့ရလေသည်။ နိုင်ငံတော်၏ သားပျို၊ သမီးပျို၊ အဖူးအညွှန့်ကလေးများသည် အိမ်နီးချင်းနိုင်ငံများတွင် မိန်းမလည်သိန်းကြွယ်များ၏ လက်ခုပ်တွင်းပှ 'ရေနည်းငါးလေးများ' ဖြစ်ခဲ့ရပါသည်။ အမျိုးသမီးကလေးများသည် လိင်ကျွန်အပြုခံခဲ့ရပြီး အမျိုးသားကလေးများသည် လုပ်အားကျွန် (အချို့လည်း လိင်ကျွန်) အပြုခံရသည်မှာ ကလောဟိ သဘောရှိ အားလုံးအသိပင် ဖြစ်ပါသည်။

အရင်းရှင်စီးပွားရေးစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်၊ တံခါးဖွင့်စီးပွားရေးစနစ်၊ ခရိုနီ (cronyism) စီးပွားရေးစနစ် စသည့် စီးပွားရေးစနစ်ပေါင်း သောင်းခြောက်ထောင်တို့ဖြင့် တိုင်းပြည် ကောင်းစားရေး ဆောင်ရွက်လိုက်ကြသည်မှာ ဖွင့်ပြီး မြန်ပိတ် တဂျိတ်ဂျိတ်နှင့် နောက်ဆုံး စာရင်းပိတ်သော် ကြီးကြီးမာစတာများနှင့် အပေါင်းအပါ လူတစ်စုသာ ရွှေနန်းတော်၊ မြနန်းတော်၊ စိန်နန်းတော် နန်းတော်အဆောင်ဆောင်နှင့် ဖြစ်ကုန်ကြသော်လည်း တိုင်းသူပြည်သား မိဘပြည်သူများမှာ လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ယာ၊ ရေတစ်မှုတ်ဖြင့် လေးတိုင်စင် တဲပုတ်လေးများဝယ် 'ခေတ်သစ် အီသီယိုးပီးယား' ဖြစ်ကြရလေသည်။ တိုင်းပြည်သည်လည်း ကမ္ဘာ့အရပ်ရပ်မှ တင်ရှိုအပ်သော ကြွေးမြီပေါင်း ကုဋေကုဋာ အောက်ဝယ် ခေါင်းမဖော်နိုင်တော့ချေ။

တစ်ချိန်တုန်းက ကမ္ဘာ့အလယ်မှာ ကမ္ဘာ့အဆင်းရဲဆုံး အီသီယိုးပီးယားနိုင်ငံလေး ရှိခဲ့ကြောင်း ယနေ့ အသက် (၃၀) ဝန်းကျင် (၄၀)အတွင်း လူအတော်များများ သတိထားမိကြမည် မဟုတ်ပေ။ ၁၉၈၄ ခုနှစ်နောက်ပိုင်း မိုးခေါင်ရေရှား ကပ်ဘေးကြီး ဆိုက်ရောက်ပြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ အီသီယိုးပီးယားနှင့် ပတ်သက်၍ ကမ္ဘာ့ကျော်အဆိုတော် 'Bob Geldof' သည် ဤသို့ သီချင်းဆိုခဲ့ဖူးသည်။

'အဲဒီနိုင်ငံမှာ အာအပင်မှလည်း စိုက်ပျိုးလို့ မရ၊ မိုးလည်း မရွာ၊ မြစ်တွေလည်း ခန်းခြောက်၊ သူတို့တစ်တွေ ခရစ္စမတ်ရောက်တာ တောင် သိကြပုံမလား'

ဟုတ်ပါသည်။ ထိုစဉ်၌ ကျွန်ုပ်တို့ ရွှေမြန်မာများစွာသည် မိမိနှင့် မျက်နှာကြောမတည့်သူ 'ကိုချစ်စရာ'တို့အား 'ဒီကောင့်ကို အီသီယိုးပီးယား ပို့ရမယ်' ဟူ၍ ထောမနာပြုတတ်သကဲ့သို့ အစားကြီးသူတို့ကိုလည်း 'အီသီယိုးပီးယားက လာတဲ့သူ' ဟူ၍ ဘွဲ့တံဆိပ် ခတ်နှိပ်ကြသည်။ ထိုစဉ်က နိုင်ငံတော်ပိုင် သတင်းစာကြီးများကလည်း အီသီယိုးပီးယားမှ ငတ်ပြတ်မွဲတေနေပုံ အဖုံဖုံတို့ကို ဓာတ်ပုံကြီးများ ဝေဝေဆာဆာနှင့် တခမ်းတနား ဖော်ပြခဲ့သည်။ (ကရုဏာတရားဖြင့် ဖော်ပြသည်မျိုး မဟုတ်ပါ။ 'မင်းတို့ ဒီပုံတွေကိုကြည့်ထား။ ငါတို့ အုပ်ချုပ်နေတဲ့ နိုင်ငံမှာ အဲဒီလို မငတ်ဘူး' ဟု လက်ညှိုးထိုး သတိပေးခြင်းမျိုး ဖြစ်ပါသည်။)

သို့သော် 'ပျက်အစဉ်၊ ပြင်ခဏ' ဟူသော မြန်မာ့ဆိုရိုးစကားသည် မြန်မာတို့အပေါ် မသက်ရောက်မှု၍ အီသီယိုးပီးယားတို့အပေါ် သက်ရောက်သွားပုံရပါသည်။ မီလီဇင်နာဝီ (Meles Zenawi) ခေါင်းဆောင်သော 'အီသီယိုးပီးယား ပြည်သူတော်လှန်ရေး ဒီမိုကရက်တစ်တပ်ဦး' (EPRDF) သည် အီသီယိုးပီးယား စစ်အာဏာရှင် မင်္ဂျစ်စတူကို ဖြုတ်ချပြီး ဒီမိုကရက်တစ်အစိုးရနှင့် အီသီယိုးပီးယားပြည်သူတို့ လက်ညှိ

www.burmeseclassic.com

www.burmeseclassic.com

လက်ညိုး ပြုင်တူတွန်းလိုက်ကြလေရာ အနှစ်(၂၀) ကြာပြီး သောအခါ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ အီသီယိုးပီးယားသည် 'အာဖရိက ကြယ်တစ်ပွင့်' ဖြစ်လာခဲ့တော့သည်။

ယနေ့အခါတွင် တောင်အာဖရိက၊ နိုင်ဂျီးရီးယား၊ အင်ဂိုလာနိုင်ငံတို့ ပြိုးလျှင် စတုတ္ထမြောက် အာဖရိကတ၏ အကြွယ်ဝဆုံး နိုင်ငံမှာ အီသီယိုးပီးယား ဖြစ်လာခဲ့ပါပြီ။ အီသီယိုးပီးယားတို့သည် ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးများနှင့် တစ်စားပွဲတည်း လက်ဆုံစားသောက်နိုင်ကြပြီ။

ထို့ကြောင့် Bob ၏သဘောကို ဤသို့ပြောင်းလဲရပေမည်။

'အဲဒီနိုင်ငံမှာ . . .

ဆီကိုရေချိုး ဆေးရိုးမီးလုံး စပါးတောင်လို ပုံခဲ့ပြီ။

မိုးဒေဝါ ဖြိုးစွေရွာခဲ့ပြီ။

မြစ်ရေအလျဉ်တွေကလည်း တသွင်သွင် စီးဆင်းလို့ ဟသံ၊ ဝမ်းဘဲ ရွှေလည်တွဲ ခွဲပျော်ကြပြီ။

ခရစ္စမတ်ပွဲတော်ကြီးကိုလည်း အကြို၊ အကြတ်၊ အတက်တွေနဲ့ ခုနစ်ရက် ခုနစ်လီ 'ရှမ်ပိန်' ချောင်းစီး ဘင်ခရာတီးလို့ အုန်းအုန်းကျွက်ကျွက် ဆင်နွှဲနေကြပြီ'

ဟုတ်ပါသည်။ ယနေ့ အီသီယိုးပီးယားတို့သည် သူတို့ မျက်နှာကြော မတည့်သူတို့အား 'ဒီကောင့်ကို မြန်မာနိုင်ငံ ပို့ရမယ်' ဟူ၍ ရယ်သွမ်းသွေးကြပေလိမ့်မည်။ သူတို့၏ 'အစားပုပ်ကြီးများ'ကို 'ဒီကောင် မြန်မာပြည်က လာတယ်' ဟူ၍ ကျိစယ်ကြပေလိမ့်မည်။ မြန်မာတို့ ဝင့်လည်ချေပြီ။ ဘုရားဟောသည် မှန်ပေစွ။

ဆိုရလျှင် မြန်မာနှင့် အီသီယိုးပီးယားသည် စစ်အာဏာရှင် အစိုးရအား ဖယ်ရှားပြီး ဒီမိုကရေစီနိုင်ငံ တည်ထောင်ရန် ကြိုးစားကြရာ၌ အချိန်နှင့်တစ်ပြေးညီဟု ဆိုရမည်။ သို့သော် အီသီယိုးပီးယားတို့ တွန်းလာသော ဒီမိုကရေစီလှည်းကြီးသည် လောကနိဗ္ဗာန်ရွာကြီးအတွင်းသို့ ဝင်ရောက်သွားပြီး မြန်မာတို့တွန်းနေသော ဒီမိုကရေစီလှည်းကြီးသည် နွံနစ်နေဆဲဟု ဆိုရမည်။ လော်ကနိဗ္ဗာန်ရွာကြီးအတွင်း ဝင်ရောက်နိုင်ဖို့ မဆိုထားနှင့် ဒီမိုကရေစီလှည်းကြီး နွံဝဲထဲ နစ်မသွားအောင်ပင် ဘုရားကယ်ပါ၊ သိကြားကယ်ပါ ရင်တမမ။

ဤသို့ ဘာကြောင့် ကွဲခြားရသနည်း။

ဟုတ်ပါပြီ၊ ယခုကြည့်၊ မြန်မာတို့သည် ခြေ၊ လက်၊ အားခွန်ဗလတို့ သန်စွမ်းကြံ့ခိုင်ကြပါလျက် နိုင်ငံရေးအသိ အမြင် ဝဟုသုတ ဆွဲ့ရှုံးခဲ့ရဲ့ ကျိုးကန်းချည့်နဲ့ခဲ့လေသောကြောင့် မြန်မာတို့၏ အသက်သွေးခဲ မြန်မာနိုင်ငံတော်ကြီးသည် ဝိတိုရိယ နယ်ချဲ့ဘီလူး ဘုရင်မ၏ 'နှစ်သစ်ကူးလက်ဆောင်' ဖြစ်သွားရလေပြီ။ အကယ်တန္တ ထိုလက်ဆောင်သည် နှစ်သစ်ကူးလက်ဆောင် မဟုတ်၊ မြန်မာပြည်သူတို့၏ နှလုံးသွေးဖြင့် လိမ်းကျံထားသော 'သွေးစွန်းကိုနစ်စာ' ပင် ဖြစ်လေသည်ကို ဝိတိုရိယဘုရင်မခမျာ မသိယောင်ပါတကား။

သိချင်ပါလျှင် ဒေါက်တာထင်အောင် ရေးသားသော The making of Burma တွင် ဤသို့ ဖတ်ရှုနိုင်ပါသည်။

'မြန်မာနိုင်ငံအား ဗြိတိသျှတို့ အုပ်ချုပ်သော အိန္ဒိယအင်ပါယာ၏ နယ်တစ်နယ်ဖြစ်ကြောင်း လော့ဒ်ဒဗ်ဖရင်က ကြေညာခဲ့သော်လည်း မြန်မာ့မျိုးချစ် ပြောက်ကျားတို့သည် အညံ့မခဲဘဲ ဗြိတိသျှနယ်ချဲ့တို့အား အကြီးအကျယ် တော်လှန် တိုက်ခိုက်ခဲ့ကြ၏။ ထို့ကြောင့် ဗြိတိသျှစစ်တပ်က အထက်မြန်မာနိုင်ငံ အုပ်ချုပ်ရေးကို နောက်ထပ် လေးနှစ်ကြာသည်အထိ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့လေသည်။

စစ်ဥပဒေ (Martial Law) ကို ထုတ်ပြန်၍ မြန်မာပြည်ကို အုပ်ချုပ်မည်ဟူသော သတင်းအိန္ဒိယ၌ ဖြစ်ပေါ်နေစဉ်ကပင် အိန္ဒိယရှိ 'အမရစ်တာ' သတင်းစာက 'မြန်မာပြည်တွင် စစ်ဥပဒေ ထုတ်မည်ဟု ပြောဆိုနေကြသည်။ မြန်မာပြည်တွင် ယခုရှိနေသည့် ဥပဒေထက် ပြင်းထန်မည့် စစ်ဥပဒေမှာ မှည်ကဲ့သို့သော ဥပဒေမျိုး ဖြစ်မည်ကို ကျွန်ုပ်တို့ နားမလည်ပေ။ မြန်မာပြည်သည် စားသွားနှင့် မီးပုံကြားတွင် ရှိနေပေသည်။ သူစစ်ပါးနိုင်ငံကို စစ်တပ်ကြီးများဖြင့် အုပ်မွဲဝင်ရောက်သိမ်းယူကာ တိုင်းသူပြည်သားများကို အစစ်အမေးမရှိ၊ ဒေးပြများဟု တွေ့ရာမဆိုင်း ပစ်သတ်နေခြင်းသည် စစ်ဥပဒေ မဟုတ်လေသလော။

သူတစ်ပါး တိုင်းပြည်နှင့် ပစ္စည်းများကို အဓမ္မသိမ်းပိုက်၍ သဘောကျ ခြယ်လှယ်ကာ အပြစ်မဲ့သော တိုင်းသူပြည်သားများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ ရပ်ရွာများမှ မောင်းထုတ်နေခြင်း၊ လူအများကို ရာနှင့်ချီ၍ ကြိုးစင်တင်နေခြင်း၊ အိမ်များ ရွာများကို မီးတင်ရှို့ခြင်းတို့သည် စစ်ဥပဒေ မဟုတ်သေးလျှင် ကျွန်ုပ်တို့ သိမြင်နေကျ စစ်ဥပဒေသည် ပျော့ညံ့သော ဥပဒေသာ ဖြစ်ရမည်' ဟု ဗြိတိသျှတို့အား ခွဲ၍ ရေးသားခဲ့၏။'

'လန်ဒန်တိုင်း' သတင်းစာကြီးကလည်း ဤသို့ ရေးသားခဲ့ပေသည်။

'တပ်ထိန်းချုပ် (Provost Martial) က မြန်မာ မျိုးချစ် တော်လှန်ရေးသမားများအား

www.burmeseclassic.com

www.burmeseclassic.com

သုတ်သင်စီရင်သည့် တာဝန်ကို ယူသည်။ ဤသို့ သုတ်သင်ရာ၌ တွေ့မြင်ရသော မြင်ကွင်းတို့မှာ လူထုအဖို့ အော့နှလုံးနာစရာနှင့် အပြစ်ဆိုစကား ပြောစရာ ဖြစ်ခဲ့ပေသည်။ အပျော်တမ်းဓာတ်ပုံဆရာ တစ်ဦးဖြစ်သော တပ်ထိန်းချုပ်သည် ကျည်ဆန် မှန်လိုက်သည့် အခိုက်အတန့်တွင် သုတ်သင်ခံရသူတို့၏ မျက်နှာအမူအရာ၊ ကိုယ်အမူအရာ မည်သို့ရှိသည်ကို သိရှိနိုင်ရန် အလို့ငှာ ဓာတ်ပုံရိုက်ယူလိုက်သည်။ ထို့ကြောင့် ပစ်ခတ်ရေးတပ်ဖွဲ့အား 'အသင့်ပြင်' 'ချိန်' ဟူသော အမိန့်များပေးပြီးနောက် တပ်ထိန်းချုပ်သည် သံ့ပန်းများကို ကင်မရာဖြင့် ချိန်၏။ သံ့ပန်းတို့မှာ ဤအနေအထားအတိုင်း မိနစ်အတော်ကြာမျှ စောင့်ဆိုင်းနေကြရသည်။ ထို့နောက် တပ်ထိန်းချုပ်က ကင်မရာခလုတ် နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် ပစ်ခတ်ရေး တပ်ဖွဲ့မှူးအနေနှင့် ချက်ချင်း ပစ်မိန့်ပေးကာ သံ့ပန်းတို့အား ပစ်ခတ်ရလေသည်။

မြန်မာ့မျိုးချစ် တော်လှန်ရေးသမားတို့၏ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးအတွက် နောက်မဆုတ်စတမ်း ကျားကုတ်ကျားခဲ သွေးရဲရဲဖြင့် တိုက်ပွဲဝင်နေပုံကို ဩဇာတိသူ စာရေးဆရာကြီး ရွှဒ်ယဒ်ကစ်ပလင်း (Rudyard Kipling)က သူ၏ ကဗျာတစ်ပုဒ်တွင် ဤသို့ မှတ်တမ်းတင် ဂုဏ်ပြုရေးဖွဲ့ခဲ့လေသည်။

'While oyer the water the papers cried.

The patriot fights for his countryside.

But little they cared for the Native Press.

The won white soldiers in Khaki dress.'

(From the balled Boh Dah Thone- by Rudyard kipling 1865-1936)

ထိုကဗျာကို မြန်မာဘာသာသို့ ပြန်ဆိုလျှင် ဤသို့ ရပေမည်။

'မြစ်ရေအလျဉ် တသွင်သွင်တည့်
နာကျင်ငိုကြွေး စာရွက်လေးများ
ပြောက်ကျားမျိုးချစ် နယ်ချဲ့စစ်ကို
တိုက်ဖြိုတွန်းလှန် ရွံအားမာန်'

ဟုတ်သည်။ အင်္ဂလိပ်ကုလားဖြူသည် မြန်မာ့တော်လှန်ရေးသမား ပြောက်ကျားတပ်သားများကို ရက်ရက်စက်စက် သုတ်သင်ပစ်သည်။ မြန်မာ့မျိုးချစ်တပ်သား ပြောက်ကျား သူရဲတို့၏ သွေးတို့သည် သူသတ်ကုန်းမှ စီးဆင်း၍ ရောတော်သံလွင်၊ စစ်တောင်း၊ ချင်းတွင်း၊ ပန်းလောင် အစရှိသည့် မြစ်ကြီးများသို့ သွားရောက်ပေါင်းဆုံကာ မြန်မာပြည်အနှံ့ စီးဆင်းသွားလေပြီ။ မြန်မာ့ပြောက်ကျားသူရဲတို့၏ ကိုယ်ခန္ဓာပျက်ကြွေသွားသော်လည်း သွေးဝိညာဉ်တို့သည်ကား မြန်မာနိုင်ငံတော်အနှံ့ ပြေးသွားခိုအောင်းကြလေပြီ။ အကယ်တန္တ ဆိုရပါမူ မြန်မာနယ်နိမိတ် စည်းရိုးသည် မြန်မာ့ပြောက်ကျားသူရဲတို့၏ သွေးဖြင့် လိမ်းကျံစည်းသား၍ သွေးအုတ်တံတိုင်းကြီး တည်ဆောက်လိုက်လေပြီ။

ဟယ်... နယ်ချဲ့စစ်ဘီလူး နိုင်ငံကျူးတို့ သင်တို့သည် ထို သွေးအုတ်တံတိုင်းကြီးဖြင့် ဝန်းရိုက်ပတ်လည် ကာရံထားအပ်သော မြန်မာ့မြေပေါ်ဝယ် 'သွေးအကျဉ်းထောင်' ကျနေသူများသာတည်း။ သင်တို့ စံမြန်းနေထိုင်သော အဆောင်ဆောင် အခန်းခန်း ဘုံဗိမာန်နန်းတို့သည် မြန်မာ့မျိုးချစ်ပြောက်ကျား သူရဲများ၏ ဝိညာဉ်မြူဖြာ ကိန်စာသံတို့ဖြင့် ဟိန်းဟိန်းညံနေအပ်သည့် ငရဲဘုံမျှသာတည်း။

ဟယ်... နယ်ချဲ့စစ်ဘီလူး နိုင်ငံကျူးတို့၏ အရှင်သခင် ဝိတိုရိယ၊ အသင်ဦးခေါင်းဆောက်၌ ဆင်မြန်းအပ်သော သရဖူသည် မြန်မာ့မျိုးချစ် ပြောက်ကျားသူရဲတို့၏ သွေးသစ္စာ၊ သွေးကျိန်စာတို့ဖြင့် ဘိသိက်ခွန်းလောင်းထားအပ်သော မရဏာသရဖူ ဖြစ်သတည်း။ အသင် လှည့်တိုင်ကြော့၌ ဆင်ယင်ထားအပ်သော လည်ဆွဲရတနာတို့သည် မြန်မာ့မျိုးချစ်ပြောက်ကျားသူရဲတို့၏ အမိုးတို့ဖြင့် ထုဆစ်ထားသော မရဏာလည်ဆွဲမျှသာတည်း။ အသင် နားသောတဆင့်နေသော တေးသံတို့သည် မြန်မာ့မျိုးချစ် ပြောက်ကျားသူရဲတို့၏ စစ်ကြွေးကြော်သံတို့ဖြင့် ဖွဲ့သီထားအပ်သော မရဏာတေးသံမျှသာတည်း။

မြန်မာမျိုးချစ် ပြောက်ကျားသူရဲတို့သည် ထိုသို့ နာကြည်းတောက်လောင်စွာ တိုင်တည်၍ နယ်ချဲ့ကုလားဖြူတို့အား မြန်မာ့မြေပေါ်မှ မီးလောင်တိုက်သွင်းပြီး မောင်းထုတ်ကြရန် အောင်လံလွှင့်၍ ချီကြလေပြီတည်း။ မြန်မာ့ဒေါင်းအလံသည် သွေးတို့ဖြင့် ခြင်းခြင်းနီ၏။ သို့သော် မည်တော်၊ လေကစားရာ ကြွားတလူလူ အောင်လံထူဆဲသာတည်း။

ထိုအချိန်ဝယ် ... လင်းပင်မင်းသားကြီးသည် ဇင်းမယ်နိုင်ငံဘက်မှဖြတ်၍ သံလွင်မြစ်အရှေ့ဘက်ရှိ ရွှမ်းပြည်ကျိုင်းတုံမြို့သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ ၁၈၈၅ ခုနှစ် ဒီဇင်ဘာ (၁၀)ရက်တွင် ရောက်ရှိသည်။

ဤနေရာတွင် လင်းပင်မင်းသားကြီး ရွှမ်းပြည် ကျိုင်းတုံသို့ ရောက်လာပုံ မှတ်တမ်းအချို့ကို ဖော်ပြလိုသည်။

မှတ်တမ်း (က) အရ -

'လင်းပင်မင်းသားသည် သီပေါမင်း ဦးတို့
သျှတို့၏ လက်တွင်းသို့ မပါဓိကပင် ရွှမ်းပြည်နှင့်သိ

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်လည်ဝင်ရောက်လာပြီး မိုးနဲ့၊ ရပ်စောက်၊ မောက်မယ်၊ မိုင်းပွန်၊ ကျိုင်းတုံနှင့် အခြား ရှမ်းမြို့စားများနှင့်ပူးပေါင်း၍ သီပေါမင်းအား ပုန်ကန်ခြားနားခဲ့ပေသည်။ ထို့နောက် ယင်းဦးဆောင်သော အင်အားစုကိုလည်း ဂျာမန်ပြည်တွင် ဘစ္စမတ် တည်ထောင်သော ဂျာမန်ပြည်များ သမဂ္ဂကဲ့သို့ပင် လင်းပင်ပြည်နယ်များအုပ်စု (Limbin Confederacy) ကို ထူထောင်ခဲ့လေသည်။ လင်းပင်ပြည်နယ်များအုပ်စုသည် ဗြိတိသျှတို့က အထုတ်မြန်မာနိုင်ငံကို သိမ်းပိုက်သွားသောအခါ ဗြိတိသျှတို့ကို ဆက်လက်၍ ဆန့်ကျင်တော်လှန်ခဲ့ကြ၏။' (ကုန်းဘောင်ဆက်၊ တး စာ-၆၁၉) သို့သော် ပြည်နယ်အုပ်စုသည် ဗြိတိသျှနယ်ချဲ့တို့က လက်နက်ဖြင့် တိုက်ခိုက် သိမ်းယူခြင်းထက် ရာဇပရိယာယ်အရ ဆောင်ရွက်မှုကြောင့် ၁၈၈၇ ခုနှစ် ဇွန်လထဲတွင် ပြိုကွဲသွားခဲ့လေသည်။ မိုးနဲစော်ဘွား စဝ်ခွန်ကြည်နှင့် အခြားစော်ဘွားများ လက်နက်ချပြီးနောက် လင်းပင်မင်းသားသည်လည်း လက်နက်ချခဲ့လေသည်။ (pacification,pp.145.158)

❖

မှတ်တမ်း (ခ) အရ -

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် မော်လမြိုင်မှ ထွက်ခွာလာရာ ဒီဇင်ဘာလ (၁၀)ရက်တွင် ကျိုင်းတုံသို့ ရောက်သည်။ လင်းပင်မင်းသားသည် သီပေါမင်းအား ဆန့်ကျင်သည့် စော်ဘွားများကို ခေါင်းဆောင်ရန် ရှမ်းပြည်သို့ ရောက်လာခြင်းဖြစ်သော်လည်း နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုကြောင့် နယ်ချဲ့အင်္ဂလိပ်အား ဆန့်ကျင်မည့် ရှမ်းစော်ဘွားအုပ်စု ခေါင်းဆောင် ဖြစ်လာသည်။ ၁၈၈၇ ခုနှစ်၊ ဇန်နဝါရီ (၁၅)ရက်တွင် ကာနယ် စတက်မန်း ဦးဆောင်သော အင်္ဂလိပ်နယ်ချဲ့တို့ စစ်ကြောင်းကြီးတစ်ခု ခြိတက်လာရာ ပြောက်ကျားစနစ်ဖြင့် ခုခံတိုက်ခိုက်ကြသည်။ လင်းပင်အုပ်စု၏ အမာခံအင်အားစုများ ဖြစ်ကြသော ရပ်စောက်စော်ဘွား၊ မိုးနဲစော်ဘွားနှင့် မိုင်းပွန်မြို့စားတို့သည် အင်္ဂလိပ်နယ်ချဲ့တို့ထံ အည့်မခံဘဲ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့က စစ်အင်အားကိုသာမက ပရိယာယ်ကိုပါ သုံးစွဲလာသည်။ အင်္ဂလိပ်နယ်ချဲ့တို့က ၎င်းတို့ထံ လက်နက်ချပါက နိုးရာရာထူးများကို ဆက်လက် အသိအမှတ်ပြုမည်ဟု ကမ်းလှမ်းခဲ့သည်။ လင်းပင်မင်းသားကိုလည်း လက်နက်ချပါက လွတ်ငြိမ်းချမ်းသာခွင့် ပေးမည့်အပြင် လုံလောက်သော ပင်စင်ထောက်ပံ့ငွေနှင့် တကွ ရန်ကုန်၊ မော်လမြိုင် တစ်နေရာရာတွင် နေအိမ် စီစဉ်ပေးမည်ဟု ကမ်းလှမ်းလာသည်။ လင်းပင်မင်းသားက လက်ခံလိုက်သဖြင့် ၁၈၈၇ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်တွင် ရှမ်းပြည်မှ ရန်ကုန်သို့ အစောင့်အကြပ်များနှင့် ခေါ်လာသည်။ ထို့နောက် လင်းပင်မင်းသားကို အိန္ဒိယသို့ နယ်နှင်ဒဏ် ပေးလိုက်သည်။ (မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ထိန်းသိမ်းမှုသမိုင်း အကျဉ်းချုပ်၊ ၁၉၉၈ ခုနှစ်၊ နှစ်ဝါးဆယ်ပြည့် ရွှေရတု လွတ်လပ်ရေးနေ့ ကျင်းပရေး ပြခန်းဆပ်ကော်မတီ)

❖

ယခု ဖော်ပြခဲ့သော မှတ်တမ်းနှစ်ရပ်ကို တိုက်ဆိုင်သုံးသပ်ကြည့်ရာတွင် မှတ်တမ်း(က)အရ လင်းပင်မင်းသား ရှမ်းပြည် ကျိုင်းတုံသို့ ရောက်ရှိလာသည်မှာ 'သီပေါမင်း ဗြိတိသျှတို့၏ လက်တွင်းသို့ မပါဒိက' ဟု တွေ့ရသည်။ မှတ်တမ်း(ခ)အရ ၁၈၈၅ ခုနှစ် ဒီဇင်ဘာ (၁၀)ရက်တွင် လင်းပင်မင်းသား ကျိုင်းတုံရောက်ကြောင်း သိရသည်။

ဤမှတ်တမ်း (က)နှင့် (ခ)အရ လင်းပင်မင်းသား ကျိုင်းတုံရောက်လာသော ခုနှစ်မှာ အတော်လေးကို လွဲချော်နေသည်။ သီပေါမင်းသည် ၁၈၈၅ ခုနှစ် နိုဝင်ဘာ (၂၈)ရက်တွင် ပါတော်မူခဲ့သည်။ လင်းပင်မင်းသားသည် သီပေါမင်း ပါတော်မမူမီကသာ ကျိုင်းတုံသို့ ရောက်ခဲ့ပါမူ ၁၈၈၅ ခုနှစ် နိုဝင်ဘာ (၂၈)ရက်ထက် စောရပေမည်။ ၁၈၈၅ ခုနှစ် ဒီဇင်ဘာ (၁၀)ရက်တွင် လင်းပင်မင်းသား ကျိုင်းတုံသို့ ရောက်ခဲ့သော် သီပေါမင်း ပါတော်မူပြီးနောက်တွင်သာ ဖြစ်ရမည်။

မှတ်တမ်း(က)အရ လင်းပင်မင်းသားသည် ကျိုင်းတုံသို့ ရောက်ရှိပြီးနောက် ရှမ်းစော်ဘွား၊ မြို့စားတို့နှင့် ပူးပေါင်းကာ သီပေါမင်းအား ပုန်ကန်ခြားနားခဲ့ကြောင်း ဆိုလေသည်။ မှတ်တမ်း(ခ)အရမူ ပြောင်းလဲသွားသော နိုင်ငံရေး အခြေအနေအရ လင်းပင်မင်းသားသည် သီပေါမင်းအား ပုန်ကန်ခြားနားရန် အစီအစဉ်အစား နယ်ချဲ့ အင်္ဂလိပ်တို့ကို ဆန့်ကျင်မည့် ရှမ်းစော်ဘွားအုပ်စုခေါင်းဆောင် ဖြစ်လာသည်။

ဤ ကွဲလွဲမှုနှစ်ရပ်သည် မည်မျှ အရေးကြီးပါသနည်း ပြောရမှာ အားတော့နာပါသည်။ အခမ်းအနား စတင်ချိန် နံနက် ၁၀ နာရီဟု တိတိကျကျ ကြေညာထားသော်လည်း နံနက် ၁၁ နာရီလောက်မှမှ ပရိသတ်များ ဝင်ရွှေ့ရောက်လာပြီး နေမွန်းတည့် ၁၂ နာရီတွင် အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com

စတင်လေ့ရှိသူများအတွက်မူ ဤကွဲလွဲချက်သည် စာဖွဲ့စရာ မဟုတ်လောက်ပါပေ။ သို့သော် သမိုင်းနှင့်ချီပြီး အရေးကြီးလှသော ဤလိုကိစ္စမျိုးအတွက် ဆိုပါမူ နှမ်းတစ်ထောက်စာမျှ လွဲချော်သွားမှုသည် သမိုင်းစက်ဝန်းကြီးကို ပြောင်းပြန်လှောက်ထိုး ဖြစ်သွားစေနိုင်လေသည်။

လင်းပင်မင်းသားနှင့် ပတ်သက်သော မှတ်တမ်း (၀) ကို ဆက်လက်ဖော်ပြပါမည်။ ဤမှတ်တမ်း (၀)သည် အထက်ဖော်ပြပါ မှတ်တမ်း (က)နှင့် မှတ်တမ်း (ခ)တို့၏ ကွဲလွဲချက်ကို ညှိနှိုင်းပြေလည်စေသည်ဟု ထင်မြင်ယူဆမိသည်။

'လင်းပင်မင်းသား ဗိုးနဲ့သို့ ရောက်သော အခါ အင်္ဂလိပ်အစိုးရက သီပေါမင်းအား ပြည်ပသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီးစ ဖြစ်နေလေပြီ။ ရှမ်းစော်ဘွားအုပ်စုနှင့် လင်းပင်မင်းသားတို့ ဦးတည်တိုက်ခိုက်မည့် သီပေါမင်း နန်းပလွှင်တွင် မရှိတော့ချေ။ ရှေ့သို့ ဆက်လက်၍ မည်သို့ လုပ်သင့်သနည်းဆိုသော ပြဿနာကို လင်းပင်မင်းသားနှင့် စော်ဘွားများ ညှိနှိုင်းဆွေးနွေးကြသည်။ အင်္ဂလိပ်အစိုးရသည် မန္တလေးကို သိမ်းပိုက်ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီးက ကြေညာချက်ထုတ်ပြန်လိုက်လေသည်။ပြည်နယ်များမှ အပဖြစ်သော သီပေါမင်း ပိုင်ဆိုင်ရာ မြန်မာတစ်နိုင်ငံလုံးသည် ဧကရီ ဘုရင်မကြီး၏ ကျေးတော်မျိုး ကျွန်တော်မျိုး ဖြစ်ပြီဖြစ်ကြောင်း ထုတ်ပြန် ကြေညာသည်။

ဤသတင်းကို ကြားရသည့် လင်းပင်မင်းသားနှင့် ရှမ်းစော်ဘွား၊ နယ်ရှင်များသည် ဆတ်ဆတ်ခါ နာကြည်းကြသည်။ တိုင်းတစ်ပါးသား နယ်ချဲ့အရေးကြောင့် မျိုးချစ်စိတ် ပွားများလာကာ ပို၍စည်းရုံးမိကြသည်။ အင်္ဂလိပ်အစိုးရကို မြန်တိုက်မည်၊ သွကျွန် မခံပြီ၊ အောင်မြင်လျှင် လင်းပင်မင်းသားကို နန်းတင်မည်ဟု ဆုံးဖြတ်ကြသည်။ လင်းပင်မင်းသား ခေါင်းဆောင်သော လင်းပင် ကွန်ဖက်ဒရေရှိ (Limbin Confederacy) လင်းပင်မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ (ကုန်းဘောင်အလွန်၊ ဒုတိယအုပ်၊ မောင်သန်းဆွေ (ထားဝယ်)၊ ၂၀၁၀၊ ဒွန်လ ထုတ်ဝေ)

ဤသို့ဆိုလျှင် လင်းပင်မင်းသားနှင့် ပတ်သက်၍ ဒေလဝါ အတွေးမှား။ မရေမရာ အရေးများ ပြေလည်သွားဟော်ပြီဟု ယူဆပါသည်။ ဤပြဿနာကို ယခုကဲ့သို့ ဖြေရှင်းပြနေခြင်းမှာ အမှန်ပင် လိုအပ်လှချေ့ဖြစ်သည်။

လိုအပ်လှသော အကြောင်းမူလည်း ဤသို့ပါတည်း။

ဂျင်နရယ်ပရင်ဒါဂတ် ဦးဆောင်၍ ဒြိတိသျှစစ်တပ်သည် သီပေါမင်းအား မြန်မာနှစ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်တွင် သူရိယသင်္ဘောဖြင့် ဖမ်းဆီးခေါ်ဆောင်သွားသောနေ့ကို 'ပါတော်မူနေ့' ဟူ၍ မြန်မာတစ်မျိုးသားလုံး သိကြပါသည်။

(စကားချပ်။ ။ ကျွန်ုပ်သည် 'ပါတော်မူနေ့' ဟူ၍ မြန်မာတစ်မျိုးသားလုံး သိကြပါသည်ဟု ခပ်တည်တည်ပြောလိုက်ရခြင်းမှာ 'ပါတော်မူနေ့' အား မြန်မာတစ်မျိုးသားလုံး သိကြစေချင်သော ဆန္ဒတစ်ခုဖြင့် ဆန္ဒစောစွာ ပြောလိုက်ခြင်းဖြစ်ကြောင်း အတိအလင်း ဝန်ခံလိုပေသည်။ အကယ်တန္တ စစ်စစ်ပေါက် မေးကြည့်ရလျှင် တစ်ရာမှာတစ်ယောက်၊ တစ်ထောင်မှာ တစ်ယောက်မျှပင် သိကြပါတော့မည်လား ဟူ၍လည်း သံသယဖြစ်မိကြောင်း ပွင့်ပွင့်လင်းလင်း ပြောလိုပါသေးသည်။)

ကျွန်ုပ် အမှတ်မမှားဘူးဆိုလျှင် 'ပါတော်မူနေ့' အခမ်းအနားများသည် မြန်မာနိုင်ငံ၌ တစ်ပြည်လုံး အတိုင်းအတာအားဖြင့် မကျင်းပတော့သည်မှာ နှစ်ပေါင်းလေးဆယ်ထက်မနည်းတော့ဟု ထင်ပါသည်။ မမှားစတမ်း ပြောရမည်ဆိုလျှင် ရှစ်လေးလုံး (၈၈၈၈)အရေးတော်ပုံကြီး ဖြစ်ပွားပြီးနောက်ပိုင်းတွင် 'ပါတော်မူနေ့' အခမ်းအနားများသည် နိုင်ငံတော်အဆင့် ကျင်းပခြင်းမှ လုံးဝဝေးသို့ နိုဋ္ဌိတံသွားခဲ့ရပါသည်။ ဆွေတော်မျိုးတော်များ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် တိုးတိုးတိတ်တိတ် လုပ်ကြကောင်း လုပ်ကြပါလိမ့်မည်။ အမှန်စင်စစ် 'ပါတော်မူနေ့' သည် မြန်မာတစ်မျိုးသားလုံး မမေ့ကောင်းသော 'အောက်မေ့ဖွယ်နေ့' ဖြစ်ပါသည်။

စဉ်းစားမိသည်မှာ စီမံခန့်ခွဲမှု အလွန်ကောင်းသော (စိတ်ပျက်ဖို့) လူကြီးမင်းတချို့၏ 'ပဒေသရာဇ်'တံဆိပ်တုံးကြီး ရိုက်နှိပ် ထုထောင်းမှုအောက်တွင် 'ပါတော်မူနေ့' ပျောက်ကွယ်သွားခဲ့ရသည် ထင်ပါသည်။ ခပ်စောစောပိုင်း မတ္တဇင်းစာမျက်နှာထက်တွင် စာရေးဆရာတစ်ဦးက 'ပါတော်မူပုံများ' အမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးလိုက်သည်ကို ဖတ်မိရသောအခါ 'ဩ- ငါတို့လူမျိုး ဇာတိမာန်သွေးဝမ်းတွေ လျှောကုန်ကြပြီလော' ဟူ၍ အောချ ဝမ်းနည်းမိလေသည်။ ထိုစာရေးဆရာ၏ 'ပါတော်မူပုံများ' သည် နာမည်ကျော် ပုဂ္ဂိုလ်ကြီးများ (မရှိသေ့စကား ပြောပါရစေတော့၊ သူကလည်း အဲဒီအတိုင်း ရေးထားလို့ပါ) 'ခွီး(ရေး)ပါကြပုံ' ဖြစ်ပါသည်။

ထိုသို့ 'ပါကြပုံ'တို့အား အနှီစာရေးဆရာက ကလောင်သွားထက်ထက်ဖြင့် ခပ်သွက်သွက် ရေးသွားသည်မှာ ဘာမျှ ကန့်ကွက်စရာမရှိပါ။ သို့သော် ဆောင်းပါးကို ခေါင်းစီးတပ်ပုံကြီးကိုဖြင့် တွေးမိတိုင်း ရွံမုန်းမိသည်ထက် အသည်း နာမိကြောင်း ပွင့်ပွင့်လင်းလင်း ပြောပါရစေ။ 'ပါတော်မူ'

www.burmeseclassic.com

www.burmeseclassic.com

ဟူသော စကားလုံး ဝေါဟာရသည် မြန်မာတစ်မျိုးသားလုံး တို့၏ အသက်၊ သွေး၊ ချွေး၊ ဘဝတွေကို ပုံပေးပြီး ကမ္ဘည်း တင်အပ်သော စကားလုံး ဝေါဟာရဖြစ်ကြောင်းကို ဆင်ခြင် သင့်လှသည်။ 'တော်' ဟူသော မြန်မာ့အသုံးအနှုန်းသည် မြင့်မြတ်သူ၊ မြင့်မြတ်သော အရာတို့နှင့် ဆိုင်သည့် နာမ် နောက်တွင်၊ ကြိယာနောက်တွင် ဆက်သုံးသော စကားလုံး ဖြစ်ကြောင်းမျှကို စာရေးဆရာ လုပ်စားနေမှတော့ သိထား သင့်သည်။

ပေးစရာနာမည် ရှားလွန်းလှသည်ထင့် လူကြီးမင်းများ ခီး(ခေး)ပါပုံအကြောင်း ဆောင်းပါးကို 'ပါတော်မူပုံများ' ဟူ၍ ပေးရက်လေသော ထိုစာရေးဆရာကို အံ့သြမိလေသည်။

ထိုသို့ ရေးသားလိုက်ခြင်းဖြင့် ပဒေသရာဇ်စနစ် အလို မရှိ၊ ပဒေသရာဇ် အသုံးအနှုန်း အလိုမရှိ၊ ပဒေသရာဇ် လူတန်းစား အလိုမရှိ ဟူ၍များ ဝင့်ကြွားလိုက်လေသလား မပြောတတ်ပေ။ အမှန်စင်စစ် ထိုသို့ ရေးသားလိုက်ခြင်းသည် မြန်မာ့ဘိုးဘွားဘီဘင် ကျေးလူရှုခ်ကြီးများနှင့် မြန်မာတစ်မျိုး သားလုံးကို စော်ကားလိုက်ခြင်းသာ ဖြစ်သည်။ ဤသို့ဖြစ်ရ သည်မှာ မြန်မာတို့၏ သမိုင်းမော်ကွန်းဖြစ်သော 'ပါတော်မူ နေ့' ကို မှေးမှိန်သေးသိမ်အောင် ပြုလုပ်ကြခြင်းတို့တွင် အခြေ ခံလေသည်။

ဤနေရာတွင် ဆရာမောင်သန်းဆွေ(ထားဝယ်) ရေး သားသည့် 'မန္တလေးနန်းတွင်းမှ ပါတော်မူကျောက်တိုင်နှင့် လွတ်လပ်ရေးကျောက်တိုင်' ဆောင်းပါးထဲမှ ကောက်နုတ် ဖော်ပြလိုပါသည်။ ကောက်နုတ်ချက်မှာ ဤသို့ ဖြစ်ပါသည်။

> 'ယင်းသို့ လွတ်လပ်သောမန္တလေး ဖြစ် လာသည်နှင့်အညီ လွတ်လပ်ရေးနေ့တွင် လွတ် လပ်ရေးစာတမ်း ကြေညာခြင်း၊ လွတ်လပ်ရေး အဓိဋ္ဌာန်(၉)ချက် ဖတ်ကြားခြင်း၊ လွတ်လပ်ရေး မော်ကွန်းတိုင် ပန္နက်ချခြင်းများနှင့်အတူ နန်း တော် တောင်ဉယျာဉ်တော်တွင် အင်္ဂလိပ် စိုက် ထားခဲ့သော သီပေါမင်း အညံ့ခံ လက်နက်ချ ပါတော်မူကျောက်တိုင်ကို မန္တလေး မြို့နီစီပယ် ဥက္ကဋ္ဌ ဗိုလ်စောမောင် ဆိုသူက အမြစ်အရင်းက တူးဖြိုဖျက်ဆီးခဲ့သည်ဟု သိရ၏။
>
> ပါတော်မူကျောက်တိုင်ကို အငုတ်အရင်း မကြွင်းမကျန်ရအောင် တူးဖြိုပစ်နိုင်ခဲ့ခြင်းသည် ပင် နိုင်ငံရေးသဘောအရ လွတ်လပ်မှုကို ထုတ် ဖော်ပြလိုက်ရာရောက်၍ အနှစ်(၆၂)နှစ်တိုင်တိုင် သူကျွန်ဘဝနှင့် နေလာခဲ့ရသော မြန်မာများ၊ အထူးသဖြင့် မန္တလေး မြို့သူ မြို့သားများအဖို့ ရင်ထဲတွင် ရှင်းသွားလောက်အောင်ပင် ကျေနပ် ဖွယ်ရာကြီး ဖြစ်ပေမည်ဟု ထိုစဉ်က တူးဖော် ဖျက်ဆီးခဲ့သူ မန္တလေး မြို့နီစီပယ် ဥက္ကဋ္ဌ ဗိုလ် စောမောင်က ထင်ကောင်းထင်ပေလိမ့်မည်။

သို့သော် နိုင်ငံရေးသဘောအရ မကြည့် ဘဲ သမိုင်းသုတေသီတစ်ယောက်၏ အကြည့်မျိုး ဖြင့် ကြည့်မည်ဆိုလျှင် သမိုင်းမှတ်တိုင်တစ်ခု ပျောက်ကွယ်သွားခြင်းသည်သာ အဖတ်တင် ကျန်ရစ်မည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ယိုးဒယား(ထိုင်း)ပြည်တွင် မြန်မာတို့ စစ် သွားတိုက်ကြ၍ အပျက်အစီးအဖြစ်နှင့်ရှိနေသော ဘာသာရေးအဆောက်အအုံ၊ သမိုင်းအဆောက် အအုံများကို ယိုးဒယား(ထိုင်း)အစိုးရက ပြန်မပြင် ဘဲ အပျက်အတိုင်း ထား၍ ယိုးဒယား(ထိုင်း) အမျိုးသားများအား သူတစ်ပါးလက်အောက် မရောက်ရအောင် လှုံ့ဆော်ပေးသည်ဟု ကြားရ ဖူးကြောင်း ဆရာတော်ရွှေကိုင်းသားက သူ၏ မန္တလေးနှစ်တစ်ရာပြည့် စာအုပ်တွင် ရေးသား ဖော်ပြခဲ့ပါသည်။

ဟုခု မန္တလေး ပါတော်မူကျောက်တိုင်မှာ လည်း ရွှေဆောင်ပုဂ္ဂိုလ်များ နေရာတကျ အသုံး ပြုကြမည်ဆိုလျှင် ပါတော်မူကျောက်တိုင်ကို အံကြောင်းပြု၍ နိုင်ငံရေးသင့်ခန်းစာများ ထုတ် ယူနိုင်ဖွယ်ရှိသည်ဟု ဆို့နိုင်ပေလိမ့်မည်။

သမိုင်း ဆိုသည်မှာ ကိုယ့်အလိုရှိသည် ဖြစ်စေ၊ အလိုမရှိသည်ဖြစ်စေ ဖုံးကွယ်ဖျောက် ဖျက်ပစ်၍ ရနိုင်စကောင်းသော တရားမျိုးမဟုတ် ၍ ဆက်လက် အသိအမှတ်ပြုထားရမည်ပင် ဖြစ် သည်။

ထို ပါတော်မူကျောက်တိုင် ပျောက်ကွယ် သွားခြင်းဖြင့် ပါတော်မူသမိုင်းနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ရာ၌ အရေးကြီးသော သမိုင်း အမှတ်အသား နေရာတစ်ခုကို နောက်လူများ တွေ့မြင်နိုင်ကြတော့မည် မဟုတ်ပေ။'

အကယ်စင်စစ် 'ပါတော်မူနေ့'သည် နောက်ထပ်တစ် ဖန် ကျွန်မဖြစ်ရေးအတွက် လှုံ့ဆော်ပေးနေသော 'တပ်လှန့် သံ' ဖြစ်ပါသည်။

(ဆက်ရန်)

မြန်မာ့အာဇာနည်သူရဲကောင်းတို့၏ နှလုံးသားကို

မြတ်နိုးပူဇော်လျက်

ထွန်းလင်းသူ

□

www.burmeseclassic.com

www.burmeseclassic.com



သုံးသွယ်ရောချ မန်းတို့မည်သည်နှင့် ကူးထုတ်ကသည်

၅. ၁၁. ၂၀၁၄ ခုနှစ်ထုတ် စောင့်ကြည့်ကျာနယ်ထဲတွင် ဆောင်းပါးနှင့် သံရဝဏ်(ပြည်) ရေးသားသော 'မြန်မာတွေ ဘာကြောင့်ဆင်းရဲနေသလဲ' ဟူ၍ ခေါင်းစီးတပ်ထားသည့် ဆောင်းပါး တစ်ပုဒ် ဖတ်ခဲ့ဖူးသည်။ ယခု ဤဆောင်းပါး ရေးသားနေသောအချိန်တွင် ထိုဆောင်းပါး၏ သက်တမ်းသည် တစ်နှစ်ခန့်ပင် ရှိပြီဖြစ်ကြောင်း သတိပြုမိသည်။

ထိုဆောင်းပါးထဲတွင် 'မြန်မာတွေ ဒါကြောင့် ဆင်းရဲနေတာ' ဟု ထောက်ပြထားသော အချက်ကြီး (၁၀) ချက်ကို မီးမောင်းထိုးပြထားသည်။

ထို (၁၀) ချက်မှာ ဤသို့ ဖြစ်သည်။

(၁) ပညာ မတတ်သဖြင့် ဝင်ငွေကောင်းသော အလုပ်အကိုင်များ မရကြခြင်း။

(၂) ဝင်ငွေနှင့် ထွက်ငွေ မမျှခြင်း။

(၃) ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် မရှိခြင်း။

(၄) အလုပ်အကိုင် ရှားပါးခြင်း။

(၅) သယ်ဇာတ [illegible]ရာမှ ရသော ဝင်ငွေသည် ပြည်သူလူထုထံသို့ ရောက်ရှိမှု မရှိခြင်း။

(၆) စစ်အသုံးစရိတ် ထောင်းနေခြင်း။

(၇) အခွန်စနစ် မကောင်းခြင်း။

(၈) အဂတိလိုက်စားမှုများ။

www.burmeseclassic.com

www.burmeseclassic.com

(၉) လောင်းကစားနှင့်အရက်။
(၁၀) စီးပွားရေးလုပ်ကွက် မှန်သမျှ ခရိုနီတို့ လက်ဝါးကြီးအုပ်ထားခြင်း။

ဆောင်းပါးရှင်သည် ထို (၁၀) ချက်တို့ သက်ဆိုင်ရာ ခေါင်းစဉ်များ အောက်တွင် အသေးစိတ် ရှင်းလင်းတင်ပြထိုက်သော်လည်း ဤနေရာတွင် ထိုသို့ မပြုလုပ်ဘဲ ကျွန်တော်ကိုယ်တိုင် ထိုအချက်များကို ဆက်စပ်ပြီး ဆွေးနွေးတင်ပြလိုပါသည်။

သို့သော် ထိုအချက်များကို အသေးစိတ်ဖတ်ရှုလေ့လာပြီး သုံးသပ်လိုက်သောအခါ နိုင်ငံတော်အစိုးရဘက်သို့ ဦးတည်ထားသည်ကိုတွေ့ရပါသည်။ ဆိုလိုသည်မှာ ဆောင်းပါးရှင် ပစ်မှတ်လိုက်သော မြား ဆယ်ချောင်းသည် 'အစိုးရ'တည်းဟူသော 'ပစ်မှတ်'တွင်သာ ဦးတည်စိုက်ဝင်နေသည်ကို တွေ့ရသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရတစ်ဖက်တည်း ကောင်းနေရုံနှင့် မဖြစ်နိုင်။ လူထုအားလည်း အများကြီး လိုပါသည်။

သန့်ရှင်းသော အစိုးရတစ်ဖွဲ့တည်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည် မဟုတ်ပါ။ သန့်ရှင်းသော လူထုလည်း ပါဝင်ရပေလိမ့်မည်။

လက်တွေ့မြော်ရလျှင် တစ်ခေတ်တစ်ခါ၌ တိုးခဲ့လိုက်သော မြို့သစ်များတွင် နန်းတော်တမျှ ကြီးမားလှပသည့် တိုက်တာ အဆောက်အအုံများ ပေါ်ထွန်းလာသည်။ ဤသို့ ပေါ်ထွန်းလာခြင်းသည် မြို့ရွာစည်ပင်သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ပင် ဖြစ်သည်။

သို့သော် ထိုအဆိုပြုချက်များသည် မိမိပိုင်ခြေဝင်းအတွင်း ပန်းခြံကြီး လုပ်ထားသည်ကို အားရတင်းတိမ်ခြင်း မရှိဘဲ အများပြည်သူ ရဟန်း ရှင်၊ လူ ခုနစ်ရက်သားသမီးများ သွားလာရာအတွက် သတ်မှတ်ပေးထားသော ပလက်ဖောင်း (စကြံ) များပေါ်တွင် 'တာဝတိံသာက နန္ဒာလော တူစွဟုတ္တာ' ဆိုသကဲ့သို့ တာဝတိံသာက နန္ဒဝန်ဥယျာဉ်ကြီးနှင့် အပြိုင် ပန်းခြံကြီးများကို ကျူးကျော်ပြုလုပ်ကြသည်။ ထိုအခါ ရဟန်း၊ ရှင်၊ လူ ခုနစ်ရက် သားသမီးတို့မှာ လမ်းလျှောက်စရာ ပလက်ဖောင်းပျောက်ပြီး ကားလမ်းပေါ် တက်လျှောက်ရသော အခါ ကားသမားတို့၏ 'ဆဲစရာ လူသားများ' ဖြစ်ကြရရှာသည်။

နိုင်ငံတော်အစိုးရမှ ကားလမ်းများ တိုးချဲ့ပြီး ပလက်ဖောင်းကိုလည်း ကောင်းကောင်းမွန်မွန် စီမံဆောင်ရွက်ပေးသည်။ ရည်ရွယ်ချက်မှာ ကားလမ်းပေါ်တွင် ယာဉ်ကြော မကျပ်နေနှင့် ခြေကျင်လျှောက် လုပ်သားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်နေအတွက် ဖြစ်သည်။ သို့သော် မျက်နှာစာတန်းရှိ ဆိုင်ကြီးများသည် ပြုပြင်ပြီးသွားသော ပလက်ဖောင်းပေါ်တွင် ကျူးကျော်ဆိုင်ခွဲကလေးများ ထွက်ဖွင့်ကြပြီး ဆိုင်ပိုင်မရှိသော ခေါင်းရွက် ဗျပ်ထိုးစေ့သည်လေးများက ကားလမ်းပေါ်တွင် ဆိုင်ထွက်ခင်းကြသည်။

ထို့ကြောင့် ယာဉ်ကြောမကျပ်ရေး ရည်ရွယ်ချက် မအောင်မြင်သလို ခြေကျင်လျှောက်သူများမှာလည်း ကားဆရာ အဖြာဖြာတို့၏ ဆဲသံ ဆိုသံ ညည်းတွားငြူစူသံတို့ကို နားသောတဆင်ရင်း လိုရာခရီးသို့ ကသုတ်ကရက် မျက်စိပျက် မျက်နှာပျက် သွားလာလျက် ရှိကြရလေသည်။

အခြား သာဓက ဆောင်စရာ ဖြစ်ရပ်များစွာ ရှိပါသော်လည်း ဤမျှ ဆိုလျှင် သန့်ရှင်းသောအစိုးရ လိုအပ်သလို သန့်ရှင်းသောလူထုသည် နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးကြောင်း တီးခေါက်မိနိုင်ပါသည်။

အထက်ပါ ကျူးကျော်ပန်းခြံနှင့် ကျူးကျော်စေးသည်ကိစ္စသည် မသန့်ရှင်းသော အစိုးရနှင့် မသန့်ရှင်းသော လူထု ပုလင်းတူ ဘူးဆို တစ်ကိုတ်တည်း တစ်ဉာဏ်တည်း ဖြစ်ရပ်မျိုးပင် ဖြစ်သည်။

အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော် သမ္မတမှ နိုင်ငံတော် အမှိုက်လှည်း သန့်ရှင်းရေးလုပ်သားအထိ ပါဝင်သော အဖွဲ့အစည်းဖြစ်သည်။ အစိုးရဟု ဆိုလိုက်သည်နှင့် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးအဖွဲ့လောက်ကိုသာ ကွက်ကွက်လေး မြင်လျှင် အပြည့်အစုံ မမှန်ကန်နိုင်ပါ။

ဆိုပါစို့၊ တစ်ခေတ်တစ်ခါတုန်းက နိုင်ငံတော်အစိုးရအဖွဲ့၏ နံပါတ်တစ်ကြိုးသည် ဈာပနည်ကျော် နိုင်ငံရေးအကျဉ်းသားတစ်ဦးအား လွှတ်ပေးရန် သက်ဆိုင်ရာဌာနအကြီးအကဲကို နှုတ်ဖြင့် အမိန့်ပေးခဲ့သည်။

နောင် တစ်ချိန်သောအခါတွင် ထိုနိုင်ငံရေးအကျဉ်းသား၏ မိဘများနှင့် နံပါတ်တစ်ကြိုးတို့ တွေ့ကြသောအခါ စကားစပ်မိရာမှ ထိုနိုင်ငံရေးအကျဉ်းသား ထောင်ထဲမှာပင်ရှိနေသေးကြောင်း တင်ပြသည်။

ထိုအခါ သက်ဆိုင်ရာ ဌာနအကြီးအကဲကို ခေါ်ယူ မေးမြန်းသောအခါ ဆင်ခြေ ဆင်လက် ဆင်နားရွက်များဖြင့် ထိုနိုင်ငံရေး အကျဉ်းသားကို မလွှတ်နိုင်ကြောင်း တင်ပြသည်။

ထိုသူ တင်ပြသော ဆင်ခြေများထဲတွင် 'ဒီနေ့လွှတ်လျှင် မနက်ဖြန် တောထဲ ပြန်ဝင်သွားလိမ့်မည်' ဟူသော အချက်ပါနေသည်။ ထိုအခါ နံပါတ်တစ်ကြိုးက အနားတွင်ရှိနေသော ဒုဗိုလ်မှူးကြီးတစ်ဦးအား 'ဘယ်လိုလဲကွ' ဟူသော သဘောဖြင့် လှည့်ကြည့်လိုက်ရာ ထို ဒုဗိုလ်မှူးကြီးမှ 'ကောင်လေးက ပေ[illegible]

www.burmeseclassic.com

www.burmeseclassic.com

မင်မပြောကြောင်း။ ဆက်ဆံရေးကောင်းကြောင်း၊ ဓာတ်များက ကျောင်းပြန်တတ်ခိုင်းလျှင် ကျောင်းပြန်တက်မည်ဖြစ်ကြောင်း။ သူနဲ့ ကောင်လေး ငါးနာရီလောက် တွေ့ဆုံဆွေးနွေးခဲ့ရကြောင်း' ရှင်းလင်းတင်ပြရာ နံပါတ်တစ်ကြီးက 'ဟ- ဒီလိုဆို ကောင်းသားပဲကွ၊ မင်းတို့ ပြောပုံက ကနေ့လွှတ်လိုက်ရင် မနက်ဖြန်ပဲ တောပြန်ခိုတော့မလိုလိုဟာကို။ က- ဒါဖြင့် အမေနဲ့အဖေ ရန်ကုန်လိုက်သွားပြီး ခေါ်ခေကြပါ' ဟု အပြီးအပြတ် အမိန့်တော်မှတ်လေတော့မှ ထိုနိုင်ငံရေးအကျဉ်းသား ကျောင်းသားလေး ပြန်လွှတ်လာရရှာသည်။ ထိုသို့ ပြန်လွှတ်လာသောအခါ ထိုနိုင်ငံရေးအကျဉ်းသားလေးသည် သူ၏ နုပျိုလန်းဆန်းသော လူငယ်ဘဝကို နရသိန်စံအိမ်ထဲ၌ ငါးနှစ်နီးပါး အချည်းနှီး ကုန်ဆုံးခဲ့ရပြီးလေပြီ။

ဤဖြစ်ရပ်သည် 'အစိုးရ သန့်ရှင်းသော အစိုးရ' ဟူသော အနက်အဓိပ္ပာယ်ကို ကောင်းစွာဖော်ဆောင်နိုင်ပေလိမ့်မည်။ (ဤဖြစ်ရပ်သည် လူသိများ ထင်ရှားသော အကြောင်းအရာတစ်ရပ် ဖြစ်ပါသည်။ သက်ဆိုင်သူတို့၏ အမည်နာမများကို မဖော်ပြခြင်းမှာ ထိုသက်ဆိုင်သူအသီးသီး၏ ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် မဖော်ပြခြင်းသာ ဖြစ်သည်။)

ဆိုလိုသည်မှာ ထိုစဉ်က နံပါတ်တစ်ကြီးသည် 'သားသမီးချင်း ကိုယ်ချင်းစာစိတ်' ဖြင့် အဘက်ဘက်မှ ဆင်ခြင်သုံးသပ်ပြီး လူသားဆန်ဆန် (ဖခင်ဆန်ဆန်) ဆင်ဆင်ခြင်ခြင် ဆောင်ရွက်ခဲ့သော်လည်း သူနောက်ကွယ်တွင် 'တလွဲချည်း' လုပ်နေကြသည်ကို မည်သို့မျှ မတတ်နိုင်ခဲ့ပါပေ။

ထိုသို့ 'တစ်ချက်လွှတ်' ဖြင့် လူသားဆန်ခဲ့သော်လည်း 'တစ်ချက်လွှတ်' ဖြင့် 'ရုပ်သိမ်းခံရ'သော ဖြစ်ရပ်တစ်ခုကို တင်ပြလိုသည်။

၁၉၆၅ ခုနှစ်တွင် စုနှစ်သစ် ပညာရေး ပေါ်ပေါက်ပြီးနောက် မြန်မာစာ သင်ကြားရေးနှင့် ပတ်သက်၍ မွမ်းမံသင်တန်းများပြုလုပ်ရာ ဆရာဇော်ဂျီက သင်တန်းသား ဆရာ၊ ဆရာမများ မဖြစ်မနေ ဖတ်ရှုရန် C.Brooks နှင့် R.P. Warre တို့ ရေးသော 'Fundamentals of good writing' စာအုပ်ကို လမ်းညွှန်သည်။ 'စာရေးကောင်းရန် အခြေခံ' ဟု ဆိုရမည့် စာအုပ်မျိုးဖြစ်သည်။ အခြားဆရာကြီး၊ ဆရာမကြီးများကလည်း ထိုစာအုပ်ကို သဘောကျ နှစ်သက်ကြသည်။

မကြာမီ တက္ကသိုလ်မှ ဆရာတစ်ယောက်က ထိုအင်္ဂလိပ်စာအုပ်ကို အခြေခံပြီး 'စာရေးနည်းလေးမျိုး' စာအုပ် ရေးသား ထွက်ပေါ်လာသည်။ သရုပ်ဖော်၊ ဖြစ်စဉ်ပြု၊ ဖွင့်ဆိုရှင်းပြ၊ ကျိုးကြောင်းပြ ဟူသော စာရေးနည်း လေးမျိုးကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာ လေ့လာပြီး ဖော်ညွှန်းထားသည့်အတွက် စကားပြေလေ့လာသူတို့အတွက်အလွန် အကျိုးများသည့်စာအုပ် ဖြစ်သည်။

ထိုစာအုပ်ကို ကြေးမုံသတင်းစာတွင် 'စာကြေးမုံ' အခန်းမှနေ၍ ဆရာဦးကြီးမောင် (ငွေဥဒေါင်း)က ဝေဝေဆာဆာ ချီးကျူးဖော်ပြလိုက်ရာ နိုင်ငံတော် အကြီးအကဲမှပင် ထိုစာအုပ်ကို ကြည့်ချင်သည်ဟု ပြောပြီး ယူဦးရာ ပို့ပေးရသည်။

နိုင်ငံတော်အကြီးအကဲမှ ဖတ်ကြည့်ပြီးသောအခါ 'တို့မြန်မာမှာလည်း ဒီလိုနည်းတွေ ရှိနေတာပဲ၊ အင်္ဂလိပ်စာအုပ်ထဲကနည်းတွေ ဘာဖြစ်လို့ ယူရမှာလဲ' ဟူ၍ 'တစ်ချက်လွှတ်' နှုတ်သံထွက်လိုက်ရာ အနားဌာန ခစားနေကြသော 'စိတ်တော်သိ၊ ဟောင်းတော်ညိတ်' များကလည်း ပြုပုံတူးပြတဲ့ဖြစ်ကာ ထို စာအုပ်ကို 'ပြဋ္ဌာန်းစာ' ထဲမှ ဘုမသိဘမသိဖြုတ်ထုတ်လိုက်ကြသည်။မြန်မာစာပေ စကားပြေ လေ့လာလိုက်စားလိုသူများအတွက် အညွှန့်ထွက်ခါစ စာပေသစ်ပင်ကို မီးလောင်တိုက်သွင်းလိုက်သလို ဖြစ်ခဲ့ရပါသည်။

တော်ပါသေးသည်။ ကျိမ်းလှကျော်၏ 'မောင်ရင်မောင်၊ မမယ်မ' တို့၊ သခင်ဘသောင်း၏ 'ပန်းသာမစာဥ' တို့၊ ရွှေဥဒေါင်း၏ 'စုံထောက်မောင်စံရှား' တို့၊ ဒဂုန်တာရာ၏ 'မေ'တို့ စသည့် ဘာသာပြန် (မှီငြမ်း)စာအုပ်များ မျိုးမတုံးကုန်တာကိုပင် ကျေးဇူးတင်ရဦးမည်။

ဤဖြစ်ရပ်များသည် တိုင်းပြည်နိုင်ငံတစ်ခု ဖွံ့ဖြိုး တိုးတက်အောင် ချီတက်ကြရာဝယ် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့၏ ကျွန်းကိုင်းမှီ ကိုင်းတွန်းမှီ ဆက်နွယ်ပတ်သက်ပုံကို လေ့လာ သုံးသပ်နိုင်သည်။

စင်ကာပူကို ပင်လယ်ထဲက ပုစွန်ဆိတ်ကလေး ဘဝကနေ အာရှကျား၊ အာရှခြသေ့ကြီး ဖြစ်လာအောင် စွမ်းဆောင်ပေးခဲ့သော လီကွမ်ယူ (LEE KUAN YEW) သည် သူကိုယ်တိုင် ရေးသားသော 'ကွန်ဖြူးရှပ်ဝါဒ ရှင်သန်နေသေးရဲ့လား' (IS CONFUCIANISM DEAD?) ဆောင်းပါးထဲမှာ ဤသို့ ရေးသားခဲ့ဖူးသည်။

'တီထွင်ဖန်တီးမှု ဆိုတာကို ကျွန်တော်တို့က သင်ကြားပေးလို့ မရနိုင်ပါဘူး။ မိမိတို့ရဲ့ ဒီဇိုင်းအရည်အချင်းကသာ ပြုလုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ လုပ်ပေးနိုင်တာက တီထွင်မှုကို အဟန့်အတားဖြစ်စေတဲ့ ဗျူရိုကရက် လုပ်ရပ်တွေ၊ အဓမ္မစေခိုင်းတဲ့ အဟန့်အတားတွေကို ဖယ်ရှားပြီး လုပ်ငန်းသစ် ပေါ်ထွန်းလာအောင် ကျွန်တော်တို့ လုပ်ပေးနိုင်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် တချို့ကို လွှန်မြောက်ပြီးတဲ့အခါ ရှေ့ဆက်ရမယ့် လမ်းကြောင်းဟာ ရှင်းရှင်းလင်းလင်း ရှိလာတယ်။ ပိုပြီး တိုးတက်ဖွံ့ဖြိုးတဲ့ စီးပွားရေးစနစ်တွေ၊ စီးပွားရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ရယူလုပ်ကိုင်နိုင်ခဲ့ကြတယ်။ စင်ကာပူနဲ့ သင့်လျော်မယ့် စင်ကာပူအတွက် အကျိုးရှိမယ့် လုပ်ငန်းတွေကို ရွေးချယ်ပြီး လုပ်ကိုင်ခဲ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com

ပါ။ အငယ်စား စက်မှလုပ်ငန်းတွေ၊ သန့်ရှင်းတဲ့ စက်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းတွေပေါ့။

ဆိုလိုတာက အီလက်ထရွန်နစ် စက်ပစ္စည်းတွေ၊ ကွန်ပျူတာတွေနဲ့ ကွန်ပျူတာ အပိုပစ္စည်းတွေကို ထုတ်လုပ်ခဲ့တာပါပဲ။ ကျွန်တော်တို့ဟာ အင်အားကောင်းတဲ့ စီးပွားရေးကို ထူထောင်ခဲ့ပါတယ်။ ယခု အဲဒီအဆင့်က ကျော်လွှားပြီး ခစ်ကွစ်တယ်တော်လှန်ရေးနဲ့ ဆက်သွယ်ရေးများ ပေါင်းစည်းမှုခေတ်ကို ရောက်ခဲ့ပါပြီ။ ကွန်ပျူတာတွေနဲ့ မီဒီယာတွေဟာ ကျွန်တော်တို့ဆီက သတင်းအချက်အလက်တွေကို ပိုပြီးလိုအပ်ကြတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ဆော့ဝဲအသစ်တွေထက် ကျွန်တော်တို့ဆီက အချက်အလက်တွေကို လိုချင်တာပါ။

ကျွန်တော်တို့ဆီက လူငယ်လုပ်ငန်းရှင်တွေဟာ သူတို့ဘာသာ လုပ်ငန်းအသစ်တွေကို တီထွင်လုပ်ကိုင်ကြတယ်။ ရှာဖွေဖန်တီးကြတယ်။ အမြင်ကျယ်ကျယ်နဲ့ လစ်ဟာနေတဲ့ ကွက်လပ်တွေကို ဖြည့်စွက်လုပ်ကိုင်ကြပါတယ်။ စွန့်စားတီထွင်တဲ့ လုပ်ငန်းတွေ အဆင်ပြေလွယ်ကူစေဖို့ အစိုးရက ငွေပင်ငွေရင်း မ,တည်ပေးရမယ်။ လူငယ်လုပ်ငန်းရှင်တွေ၊ အတတ်ပညာရှင်တွေ၊ သူတို့ဘာသာ သူတို့ လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်အောင် ကျွန်တော်တို့ လွှတ်ပေးထားရမယ်။ သူတို့ဘာသာ စွန့်စားပါစေ၊ တီထွင်ပါစေ၊ အောင်မြင်သူလည်း ရှိမယ်၊ ဆုံးရှုံးသူလည်း ရှိပါမယ်၊ ရှုံးနိမ့်သူကလည်း ရုန်းထပြီး ထပ်မံကြိုးစားကြဖို့ ကျွန်တော်တို့ လိုအပ်သမျှ အားပေးကူညီကြရမယ်။

အင်တာနက် တွင်ကျယ်လာတဲ့အခါ ထိန်းရေတဲ့ အင်တာနက်ရေစီးကြောင်းထဲမှာ အကောင်းရော အဆိုးပါ ပါလာတယ်။ ဒါကြောင့် အမှားနဲ့အမှန်ကို ကောင်းကောင်းမသိသေးတဲ့ ယခုမျိုးဆက်သစ်ကို သွန်သင်ဆုံးမပေးရမှာပဲ။ အင်တာနက်ထဲမှာ ရုန့်ရင်းကြမ်းတမ်းတဲ့ လိင်မှုကိစ္စတွေပါတယ်။ ဒီလို အကျင့်ပျက်စေတဲ့ လှုံ့ဆော်မှုတွေဟာ လူငယ်တွေတင်မကဘူး၊လူအဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်စေပါတယ်။ အများလိုက်နာတဲ့ ဓလေ့ထုံးစံတွေကို မလိုက်နာဘဲ ကလေကသြ ကလေကဝ ပေါက်ပန်းစွေးစရိုက်မျိုးရှိသူကို ကျွန်တော်တို့ လက်မခံပါဘူး။ ကျွန်တော်တို့ ကလေး၊ လူငယ်တွေအပေါ်မှာ ဒီလို မိမဆုံးမ၊ ဖမဆုံးမ၊ အုတ်ကြားမြက်ပေါက်၊ ပေါက်လွတ်ပစ်၊ အပြီးကျက်အပြီးစား ခေါင်းကျက်ခေါင်းစား ပေါက်ပန်းလေးဆယ်ကိုယ်ကျင့်သီလ ပျက်ယွင်းတဲ့စရိုက်ဆိုးတွေ လွှမ်းမိုးမသွားရအောင် ကျွန်တော်တို့ ကွပ်ညှပ်ပဲ့ပြင်ရလိမ့်မယ်။

ကွန်ဖြူးရှပ်ဝါဒဟာ သေဆုံးသွားပြီလား၊ ဆက်လက်ရှင်သန်နေသေးရဲ့လား၊လို့ မေးလာရင် မသေဆုံးသေးဘူး၊ ဆက်လက်ရှင်သန်ဆဲပဲလို့ ဖြေရပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ တန်ဖိုးတွေကို စွန့်ပစ်စရာ ဘာအကြောင်းမှ မရှိပါဘူး။ လင်နဲ့ မယားကြား ဆီကဲ့ဆဲရေး၊ သားသမီးနဲ့ မိဘကြား ဆက်ဆံရေး၊ အစိုးရနဲ့ ပြည်သူကြား ဆက်ဆံရေး၊ ဒီစည်းကမ်း ဒီကျင့်ဝတ်တွေကတော့ မပြောင်းလဲပါဘူး။

ကျွန်တော်တို့ စင်ကာပူအနေနဲ့ လည်း ကမ္ဘာသစ်နဲ့အတူ လိုက်လျောညီအောင် ချီတက်ရမယ်။ နောက်ကျန်ခဲ့လို့ မဖြစ်ဘူး။ ခေတ်သစ်ကမ္ဘာကြီးထဲကို ဝင်ဖို့ ကြိုးစားမယ်ဆိုရင် ကြောက်ရွံ့ထိတ်လန့်နေလို့ မရပါဘူး'

လီကွမ်ယူ၏ စီးပွားရေးအယူအဆ၊ နိုင်ငံရေး ပေါ်လစီ၊ အတွေးအခေါ် စတာတွေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူအာဘော်ထဲမှာ 'အစိုးရနဲ့ပြည်သူ ဟန်ချက်ညီရမယ်'ဆိုသော သဘောတရားအမြင်ကိုမူ မည်သည့်နိုင်ငံမျိုးမဟူ သဘောတူကြရပါလိမ့်မည်။

ယခုတစ်ဖန် ပြီတိသျှ အမျိုးသမီးများ မဲပေးနိုင်ခွင့် ရရှိရေးအတွက် ဆန္ဒပြ၊ ထောင်းဆိုခဲ့သူများတွင် ရွှေဆောင်လမ်းပြ ကြယ်တစ်ပွင့်ဖြစ်ခဲ့သော ပြီတိသျှ ကွန်ဆာဗေးတစ်ပါတီ အမတ်လောင်း 'အင်မ်မီလင်း ပင့်ခ်ဟတ်စ်' (Emmeline Pankhurst) အမေရိကန်ပြည်ထောင်စုမှာ ဟောပြောခဲ့သော ကမ္ဘာကျော်မိန့်ခွန်းထဲမှ ကောက်နုတ်ဖော်ပြလိုသည်။

ဒီမိုကရေစီ ထွန်းကားလှပါသည် ဆိုသော အင်္ဂလန်တွင် ၁၉၂၈ ဝန်းကျင်အထိ အမျိုးသမီးများ မဲပေးပိုင်ခွင့် မရခဲ့။ အင်မ်မီလင်းနှင့်တကွ အမျိုးသမီးသူရဲကောင်းများ တိုက်ပွဲဝင်ရာမှ ၁၉၁၈ ခုနှစ်၊ ဇွန်လတွင် အသက်သုံးဆယ်ပြည့်ပြီးသူ အမျိုးသမီးများ မဲပေးပိုင်ခွင့် အဆိုပြု ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်က လက်ခံဆုံးဖြတ် အတည်ပြုပေးခဲ့ပြီး နောက် ၁၉၂၈ ခုနှစ် ဇူလိုင်လတွင် ပါလီမန်က ထပ်ဆင့်အတည်ပြုပေးခဲ့ရသည်။ ထိုထပ်ဆင့် အတည်ပြုချိန်တွင် အင်မ်မီလင်း ကွယ်လွန်ခဲ့သည်မှာ တစ်လပြည့် ခဲ့လေပြီ။ (စကားချပ်။ ။ အင်မ်မီလင်းအကြောင်း ရုပ်ရှင်ကားကြီးကို ဟောလိဝုဒ် ရုပ်ရှင်ကုမ္ပဏီတစ်ခုမှ မင်းသမီး Maryl Streep နှင့် ရိုက်ကူးနေပြီး မကြာမီ ရုံတင်ပြသနိုင်လိမ့်မည်ဟု သိရသည်။)

'အတည်ပြု' ဟူသော စကားလုံးသုံးလုံးအတွက် အင်မ်မီလင်းသည် 'သူမနကျောမှာ ဒဏ်ရာတွေနဲ့' ဆိုသကဲ့သို့ မိန်းမသားတန်ဖဲ့ ထောင်အကြိမ်ကြိမ် ကျခံခဲ့ရပြီး နှိပ်စက်ညှဉ်းပန်းမှု အဖုံဖုံတို့ကိုလည်း ရင့်သီးရက်စက်စွာ ခံယူခဲ့ရသည်။

၁၉၁၀ ပြည့်နှစ် အမျိုးသမီးများ ဆန္ဒပြပွဲတွင် အင်မ်မီလင်းနှင့်တကွ ရာဒဲ့သော အမျိုးသမီးများကို ရဲတပ်ဖွဲ့ဝင်များက ရင့်ရင့်သီးသီး ဆဲဆိုရိုက်နှက်ကာ ဖမ်းဆီးသွားခဲ့သည်။ ထိုနေ့ကို 'မဟုရာသောကြာနေ့ (Black Friday)' ဟု ခေါ်တွင်သတ်မှတ် ကမ္ဘည်းပေါက်နှိုင်းတင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်မိမီလင်း ဟောပြောခဲ့သော မိန့်ခွန်းမှာ ဤသို့တည်း။ (ကောက်နုတ်ချက်မျှ ဖြစ်ပါသည်။)

"တကယ်တော့ ကျွန်မတို့ အင်္ဂလန်မှာ အမျိုးသမီးများ ကိုယ်တိုင် တိုက်ပွဲဝင်ပြီး ပြည်တွင်းစစ်ပွဲတစ်ပွဲ ဆင်နွှဲနေကြရပါတယ်၊ ဒီပြည်တွင်းစစ်ပွဲဟာ ဘယ်လိုစစ်ပွဲမျိုးလဲ ဆိုတာကို ကျွန်မ ပြောပြဖို့၊ ရှင်းလင်းတင်ပြဖို့ လိုအပ်ပါတယ်။

ကျွန်မသာ ယောက်ျားရင့်မကြီး တစ်ယောက် ဖြစ်မယ်ဆိုရင် ကျွန်မက ဒီလို ပြောပါ့မယ်။

ကျွန်တော်ဟာ နိုင်ငံသားတွေရဲ့ ဆန္ဒနဲ့အညီ မဲပေး လွှေကောက် တင်မြှောက်ထားတဲ့ အမတ်တွေ၊ ကိုယ်စားလှယ်တော်တွေနဲ့ ဖွဲ့စည်းထားတဲ့ ပါလီမန်နဲ့၊ လွှတ်တော်နဲ့၊ အစိုးရအဖွဲ့နဲ့ စည်းကမ်းတကျ အုပ်ချုပ်နေတဲ့ နိုင်ငံက လာခဲ့တာပါ။ ပါလီမန်တို့၊ လွှတ်တော်တို့၊ အစိုးရအဖွဲ့တို့ ဆိုတာ သူတို့ကို လွှေကောက်တင်မြှောက်ပေးလိုက်တဲ့ပြည်သူတွေရဲ့ ဆန္ဒတွေနဲ့ ပြည်သူတွေရဲ့ အသံတွေကို နားထောင်ပြီး ပြည်သူတို့ရဲ့ ဆန္ဒတွေနဲ့အညီ လိုက်နာဆောင်ရွက်ပေးနေတယ်ဆိုတဲ့ နိုင်ငံက ကျွန်တော် ဒီကို လာခဲ့တာပဲ ဖြစ်တယ်။

ကျွန်တော်ဟာ ကျွန်တော့်နိုင်ငံကို တာဝန်သိသိ အခွန်ပေးဆောင်နေသူ၊ အခွန်ထမ်းနေသူ တစ်ဦးပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ဆန္ဒ၊ ကျွန်တော့်ရဲ့ သဘောထား ထုတ်ဖော်တင်ပြခွင့်ကိုတော့ ငြင်းပယ်ပိတ်ပင် တားမြစ်ခြင်းခံနေရသူပဲ ဖြစ်နေရပါတယ်"

ယခု ဖော်ပြချက်မှာ အင်မိမီလင်း ဟောပြောခဲ့သော မိန့်ခွန်းထဲမှ ကောက်နုတ်ချက် တစ်စိတ်တစ်ပိုင်းဖြစ်သည်။

အင်မိမီလင်းသည် ထို ဟောပြောပွဲတွင် သူကိုယ်သူ လူထုပရိသတ်ကြီးနှင့် မိတ်ဆက်ရာ၌ "I am a hooligan" ဟု မိတ်ဆက်ခဲ့သည်။

'hooligan' ဆိုသည်မှာ 'တရားမဲ့ဥပဒေမဲ့ လူဆိုး၊ ဟော့ရမ်း သော့သွမ်းသူ၊ လမ်းသရဲဆန်ဆန် ရမ်းကားသူ၊ ဥပဒေကို လေးစား လိုက်နာမှုမရှိသူ' ဟူသော အဓိပ္ပာယ်များ သိမ်းကျုံးပါဝင်သည်။ "အာဏာ ဟူသမျှ ဖီဆန်ကြ" ဟူသော နိုင်ငံရေး ချစ်ဆိပ်ရည်များ ပြည့်လျှမ်းနေသည့် ရဲရဲတောက် အာဇာနည် အင်မိမီလင်းသည် ဗြိတိသျှ အာဏာပိုင်တို့အား အရွဲ့တိုက်ကာ သရော်မော်ကား လှောင်လိုက်ခြင်းပင် ဖြစ်ပါသည်။

အင်မိမီလင်း၏ ရဲရဲတောက် မိန့်ခွန်းပြောကြားချက်ကို သုံးသပ်ကြည့်လျှင် အစိုးရ ဟူသည် အဘယ်နည်း၊ ပြည်သူလူထု ဟူသည် အဘယ်နည်း ဟူသော မေးခွန်း၏အဖြေကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

အစိုးရ ဟူသည် တိုင်းသူပြည်သားများ ပညာတတ်အောင် သင်ကြားပေးရမည်၊ ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် ကြံဆောင်ပေးရမည်၊ ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှု ပေးရမည်၊ အလုပ်အကိုင် ပေါများအောင် ဖန်တီးပေးရမည်၊ သယံဇာတများ ရောင်းချရာမှ ရရှိလာသော ငွေကြေးဓနများကို တိုင်းသူပြည်သားများ ရယူစားသုံးနိုင်ရန် မျှဝေပေးရမည်၊ စစ်စရိတ်များကို ထိန်းညှိနိုင်ရမည်၊ ကောင်းမွန်ရှင်းသန့်ပွင့်လင်းသော အခွန်စနစ် ဖြစ်စေရမည်၊ အဂတိလိုက်စားမှု လုံးဝကင်းစင်ရမည်၊ လောင်းကစားနှင့် အရက်ကို တင်းတင်းကျပ်ကျပ် ကွပ်ညှပ် ဆုံးမရမည်၊ ခရိုနီများလက်ထဲတွင် စီးပွားရေး လုပ်ငန်းများရောက်နေခြင်းကို ဟန့်တားပေးရမည်။

ဤသို့ဆိုလျှင် ထိုအစိုးရမျိုးကို ရရှိသော တိုင်းသူပြည်သားတို့ဘဝသည် ဆင်စီးပြီး မြင်းရဲသောဘဝများ ဖြစ်ပေလိမ့်မည်။ ထိုမှ ဆန့်ကျင်ဘက်အစိုးရမျိုးဆိုပါမူကား တိုင်းသူပြည်သား လူအများတို့ဘဝသည် 'အညာပြန် အသည်းမပါ' မူ၍ ဆင်နင်းပြီး မြင်းကန်ခံရပေလိမ့်မည်။

တိုင်းသူပြည်သား လူအများတို့ ဘက်တွင်လည်း ဥပဒေကို လေးစား လိုက်နာသူများ၊ မိမိတို့ ဘာသာတရား အဆုံးအမနှင့် ဓလေ့ထုံးတမ်းတို့ကို ရိုသေမြတ်နိုးသူများ၊ တိုင်းပြည်နှင့်လူမျိုး အပေါ် တာဝန်သိသိ သစ္စာရှိရှိ မှီတင်းနေထိုင်သူများ၊ လမ်းမပေါ် ဆေးရိုးမလှန်းသူများ၊ ကလေးဝပေါက်လွတ် ပဲစားများ မဖြစ်ရန် လိုပါသည်။

ထိုသို့ တိုင်းသူပြည်သားတို့နှင့် ပြည့်စုံကြွယ်ဝသော် တိုင်းပြည်နိုင်ငံမျိုးသည် ကမ္ဘာတွင်သာမက စကြဝဠာကို ပင် လွှမ်းမိုးဝင့်ထည် ဂုဏ်တင့်တယ်သော တိုင်းပြည်နိုင်ငံ ဖြစ်ပေလိမ့်မည်။ ထိုမှ ဆန့်ကျင်ဘက် တိုင်းသူပြည်သားများဖြင့် ပြည့်တင်းနေသော တိုင်းပြည်နိုင်ငံမျိုး ဖြစ်ခဲ့ပါမူကား ပဲအစားများသော ဗိုက်အိုးကြီးကဲ့သို့ လေးလဲပြီး သကာလံဘဝွိဂ္ဂိ တဝွမ်းဝွမ် လေဖောက်ပြန်ပြီး အားမရှိ ချည့်နဲ့ လေးကန်သော တိုင်းပြည်နိုင်ငံကြီး ဖြစ်ပေလိမ့်မည်။ ကမ္ဘာ့အလယ် မျက်နှာငယ်နှင့် 'ဓားမနောက်ပိတ်ခွေးများ' ဘဝ ရောက်ရပေလိမ့်မည်။

အစိုးရကလည်း မင်းကျင့်တရားနှင့်အညီ ဖြောင့်ဖြောင့်မတ်မတ် ထက်ထက်မြက်မြက် အုပ်ချုပ်သောအစိုးရ၊ တိုင်းသူပြည်သားကလည်း အရည်အချင်း ပြည့်ဝ စနစ်ကျနသောတိုင်းသူပြည်သား ဖြစ်ခဲ့ပါမူ ထိုတိုင်းပြည်မျိုးသည် အစိုးရကလည်း သန့်ရှင်းသောအစိုးရ၊ ပြည်သူကလည်း ထက္ကြလံလ ပယောဂဖြင့် ရုန်းထလိုသော ပြည်သူများဖြစ်ပေရာ 'သူနိုင်ငံသား သံမှန်စားမှ တို့ဓားတုံးမည် မှတ်တော်တည်လော့'ဟု ရင်ကော့ခေါင်းမော့နိုင်သော တိုင်းကြီး ပြည်ကြီး ဘဝသို့ ရောက်ပေလိမ့်မည် ဟူသတည်း။

လင်းဦးရဲခေါင်း

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဗိန်စတဲ့ဝက်ဘီးမြို့တော်

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့

ကိုဘေးပြင် (ပဟာဒိုက္ခ၊ ဂျူး-သု)

ကျမနိုင်ငံ၊ ကိုလုံးမြို့ ကမ္ဘာ့အမြင့်ဆုံး ဘုရားရှိခိုးကျောင်းကြီးဘေး ကားရပ်စခန်းကနေ နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့သို့ ဆက်လက် ခရီးနှင်ခဲ့ကြပြန်ပါတယ်။ လမ်းတစ်လျှောက် လမ်းလယ်ခုံတွေကို သံတန်းအပြည့်ကာရံထားပြီး သံတန်းအတွင်းမှာ ပန်းချီတွေ စိုက်ပျိုးထားလို့ လမ်းခရီးဟာ ပန်းတွေနဲ့ ဝေနေပါတော့တယ်။

အဝေးပြေးလမ်းရဲ့ ဘယ်ညာနှစ်ဖက်လုံးမှာ မှန်ချပ်လို အချပ်ကြီးတွေ ဓာတ်တိုင်တစ်တိုင် အပြင့်လောက် တစ်ဆက်တည်း ကာရံထားတာလည်း တွေ့ရတယ်။ ဒါရိုင်ဘာကို မေးကြည့်တော့ ကားစက်သံတွေကြောင့် လမ်းဘေးက လူနေရပ်ကွက်တွေကို အနှောင့်အယှက်မဖြစ်အောင် အသံလုံပြားတွေ ကာထားတာတဲ့။ အနောက်တိုင်းသားတွေရဲ့ တတ်နိုင်သမျှ လူတွေကို အလေးထားပေးတဲ့ စိတ်ဓာတ်ဟာ ထူးဆန်းလိုက်တာ။

အမ်စတာဒမ်နီးလာတော့ လမ်းဘေးခပ်လှမ်းလှမ်းမှာ လျှပ်စစ်ဓာတ်ထုတ်တဲ့ လေရဟတ်တိုင်တွေ တန်းစီရှိနေတာ မြင်လာရတယ်။ ရှေးဟောင်း သစ်သားလေရဟတ်တွေ မဟုတ်ပါဘူး၊ ခေတ်မီရဟတ်တွေပါ။

နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ (Armsterdem)

အမ်စတာဒမ်မြို့ဟာ နယ်သာလန်(ယခင် ဟော်လန်) နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ တရားဝင်မြို့တော်ဖြစ်ပြီး အကြီးဆုံးမြို့ကြီးလည်း ဖြစ်ပါတယ်။ ပသို့ဆိုစေ နိုင်ငံတော်အစိုးရ ခုံးစိုက်ရာ တကယ့်ဗဟိုချက်ဟာ The Hague မှာ ရှိတာမို့ အမ်စတာဒမ်ကို အမည်ခံမြို့တော် (the nominal capital)လို့လဲလည်း ဆိုနိုင်ရဲ့။

ဒါ့အပြင် တော်ဝင်မိသားစုတွေဟာ တစ်ခါတစ်ရံ လောက်မှသာ အမ်စတာဒမ်က the Dam ရင်ပြင် တော်ဝင်နန်းတော်မှာ စံမြန်းတတ်တာပါ။ မြို့ဟာ နယ်သာလန် အနောက်မြောက်ပိုင်း မြောက်ဟော်လန် (Noord Holland) ပြည်နယ် အရင်က (Zuiderzee)။ ယခု (the IJsselmeer)ဖို့ ကုန်းတွင်းပိုင်းလက်တံ တောင်ဘက်ကမ်းပါး (the IJ)ပေါ်

www.burmeseclassic.com

www.burmeseclassic.com



နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ ပမာဏ

(The Hague)အနီးက ပြန်ပြူးတဲ့ ခပ်နိမ့်နိမ့်နေရာမှာ တည်ရှိပါတယ်။ မြောက်ပင်လယ်(the North Sea) ကိုလည်း တူးမြောင်းနဲ့ ဆက်သွယ်ထားပြီး ပင်လယ်ဆိပ်ကမ်းလည်း ရှိပါတယ်။

အမ်စတယ်လ်(the Amstel)မြစ်ဟာ မြို့ကိုဖြတ်ကာ တောင်ကနေ မြောက်ဘက်ကို စီးဆင်းပြီး (the IJ)ကို ဦးတည်နေရဲ့။

အမ်စတာဒမ်မှာ (the Randstad)ရဲ့ မြောက်ပိုင်းလည်း ဖွဲ့စည်းပါဝင်နေလို့ ဥရောပမှာ ကျယ်ပြန့်စွာ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားတဲ့ မြို့ရွာရပ်ဝန်းကြီးတစ်ခု ဖြစ်နေပါတယ်။ ဒီမြို့ဟာ ဥရောပသမဂ္ဂအတွင်း အလယ်ကျကျမှာ စာည်ရှိနေလို့ ဥရောပယဉ်ကျေးမှုနဲ့ စီးပွားရေးဆိုင်ရာ အချက်အချာဖြစ်သလို နယ်သာလန်ရဲ့ ယဉ်ကျေးမှု၊ ကုန်သွယ်မှုနဲ့ ဘဏ္ဍာရေးဗဟိုလည်း ဖြစ်နေရဲ့။ အမ်စတာဒမ် စတော့အိတ်ချိန်းဟာ ကမ္ဘာမှာ ရှေးအကျဆုံးဖြစ်ပြီး မြို့လယ်မှာ တည်ရှိပါတယ်။

အမ်စတာဒမ်ရဲ့ အဓိကဆွဲဆောင်မှုရှိတဲ့ စိတ်ဝင်စားဖွယ်နေရာတွေမှာ ရင်ပြင်နီ(Red square)၊ ဗင်းဆင့်ဗင်ဂိုး (Vincent van Gogh)ရဲ့ လက်ရာတွေနဲ့ သူ့ခေတ်ပြိုင်တွေကို ရှည်ညွှန်းတည်ဆောက်ထားတဲ့ ဗင်ဂိုးပြတိုက်၊ (Hermitage Amsterdam) အမ်စတာဒမ်သမိုင်းပြတိုက်၊ the Tropics ပြတိုက်၊ အင်နီဖရန့်အိမ်၊ အမ်စတာဒမ်ပြတိုက်၊ လူငယ်တွေကို တံငါပြန်အကျိုးပြုဖို့ ဦးတည်တဲ့ သိပ္ပံနဲ့နည်းပညာပြတိုက် (NEMO)၊ မီးနီဒီစတြိတ်နဲ့ မြို့ရဲ့ များစွာသော 'cannabis coffee shops)တွေပါဝင်နေရဲ့။

အမ်စတာဒမ်ကို လာကြတဲ့ များစွာသောခရီးသွားတွေဟာ ကော်ဖီဆိုင်(the coffeeshops) အတွက်ဆိုရင် မငြင်းနိုင်ပါဘူး။ ကော်ဖီဆိုင်ဆိုပေမယ့် ဆေးခြောက် စတဲ့ အပျော့စား မူးယစ်ဆေးတွေရတဲ့ ဆိုင်တွေပါ။ ရှေးအိမ်တွေ၊ ကမ္ဘာ့အဆင့်မီပြတိုက်တွေနဲ့ သည်းခံမှုရှိလှတဲ့ လူမှုရေးသဘောထား (tolerant social attitudes)နဲ့ တူးမြောင်းများစွာဟာ ခရီးသည်တွေကို ဆွဲဆောင်မှုတွေရှိနေရဲ့။

ဒါပြင် အနုပညာ ဆုံစည်းရာ အမ်စတာဒမ်မှာ ဖယောင်းပြတိုက်နဲ့ ပြတိုက်မျိုးစုံလည်း ၄၀ ကျော်လောက်ရှိပြီး (the Rijksmuseum) နိုင်ငံတော်ပြတိုက်ဟာ ၁၇ ရာစု ဒတ်ချ်ဖွေရဲ့ 'အကောင်းဆုံးလက်ရာတွေ စုဆောင်းနိုင်လို့ ကျော်ကြားလှတယ်။ ပြုန်စီပယ်ပြတိုက်(the Stedelijk)မှာတော့ ခေတ်သစ်မခန်အနုပညာ နိုင်ငံတကာဦးဆောင်စုဆောင်းမှုတွေရှိပြီး ဒတ်ချ်ရေကြောင်း(Maritime)ပြတိုက်နဲ့ ရမ်းဘရန့်အိမ်တော် (the Rembrandt)တို့ဟာ 'အရေးပါတဲ့ ပြတိုက်တွေပါ။

လေရဟတ် (Windmail)ကြီးတွေနဲ့ ရှေးဦးရာမပျက် နေထိုင်ကြတဲ့ ၁၄-၁၅ ရာစုလောက်က ဆောက်ခဲ့တဲ့ လေရဟတ်ရှာလေးလည်း အမ်စတာဒမ်အနီး ၄၅ မိနစ်လောက်ကားမောင်းသွားရတဲ့နေရာမှာ ရှိနေရဲ့။ ဆန်ကြြတ်ဖို့နဲ့ အခြားလူသုံးဖို့ လျှပ်စစ်ဓာတ်ကိုလည်း အဲဒီလေရဟတ်တွေကပဲ ထုတ်လုပ်ကြတယ်။

သို့သော် ကိုယ်တို့ခရီးစဉ်မှာ ရွာလေးကို သွားရောက်လည်ပတ်ဖို့ အစီအစဉ်မရှိပါ။ Tulip ပန်းရောင်စုံတွေနဲ့ လှပလွန်းတဲ့ ကျူးလစ်စိုက်ခင်းတွေကလည်း ကမ္ဘာကျော်ပါပဲ။ ဒါပေမဲ့ ကိုယ်တို့ ကြည့်ခွင့်မရခဲ့ပါ။ ဒီလိုအလှအပတွေကို ခံစားဖို့အတွက် တစ်နှစ်မှာ အမ်စတာဒမ်တစ်မြို့တည်းကို ကမ္ဘာလှည့်ခရီးသည် ငါးသန်းကျော်, လာရောက်တယ်လို့ သိလိုက်ရတယ်။ (ကိုယ်တို့နိုင်ငံမှာ နိုင်ငံရဲ့ ပြောင်းလဲတိုးတက်မှုအရေ ယမန်နှစ်က ကမ္ဘာလှည့်ခရီးသည် တစ်သိန်းဝင်လာတာကိုပင် တအံ့တသြနဲ့ ပျော်နေခဲ့ကြဖူးရဲ့)။

အမ်စတာဒမ်ရဲ့ အဓိကဝင်ငွေမှာ ခရီးသွားလုပ်ငန်းမှဖြစ်ပြီး အခြားဘက်လုပ်ငန်းနဲ့ အသေးစားဝန်ဆောင်မှုများလည်း ရှိပါတယ်။ ခရီးသွားလုပ်ငန်းအားလုံးဟာ အဓိကအားဖြင့် တိုးပွားလာတဲ့ စီးပွားရေးလှုပ်ရှားမှုတွေနဲ့လည်း သက်ဆိုင်နေရဲ့။ ဧည့်သည်များစွာဟာ မြို့တော်ဆီကို စီးပွားရေးလုပ်ငန်းလုပ်ဖို့ ကွန်ဖရင့်တွေတက်ရောက်ဖို့ ရည်ရွယ်ချက်တွေနဲ့လည်း လာရောက်ခဲ့ကြပေါ့။

အထူးသဖြင့် ကြီးမားလှတဲ့ ပြပွဲနဲ့ ကွန်ဂရက်ဌာန (RAI)မှာပေါ့။ အမ်စတာဒမ်ရဲ့ 'နေ့ချင်းခရီး'ဟာ တစ်နေ့တည်းမှာပဲ နေရာများစွာကို လမ်းလျှောက်ပြီး ကြည့်သွားရင်ဖြစ်နိုင်တာမို့ အလားတူပဲ အလွန်ပေါ်ပြူလာ ဖြစ်လှပါတယ်။ သစ်သားကိုထွင်းပြီး ပြုလုပ်ထားတဲ့ ဖိနပ်ဖြူဖြူပွပွကြီးလေးကိုလည်း ဒီမြို့မှာ ခေသလက်ရာ အမှတ်တရပစ္စည်းအဖြစ် ရောင်းချကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့

အရှင်အလာအရ အာဏာတော်သားမိုးမတွေ လင်ယောက်ျားကို လက်ပြန်တော်ဆက်ရာ ပေါ်ပေါက်

အမ်စတာဒမ်မြို့အမည် ဝေါဟာရ ရင်းမြစ်ဗေဒ (Etymology)

ဒီကနေ့ ဒတ်ချ်မြို့တော် အမ်စတာဒမ်ဟာ ပထမဆုံး အလယ်ခေတ်ကာလ ၁၂ ရာစုမှာတုန်းကတော့ အမ်စတယ် မြစ်နဲ့ (the IJ)ဆုံရာ တာတမံတွေနေရာမှာ တည်ပြီး သေးငယ်တဲ့ တံငါရွာလေးအဖြစ် အခြေချခဲ့တာပါ။ မြို့ရယ်လို့ ဖြစ်လာတဲ့အစပိုင်းမှာ အမ်စတယ်မြစ်ရဲ့ ရေလွှမ်းမိုးမှုတွေ ရှိလို့ အဲဒါကို ထိန်းချုပ်ဖို့ ဆည်တမံ(dam)တွေ ထည်ဆောက်ခဲ့ရပါတယ်။

အမ်စတာဒမ်ဆိုတဲ့ အမည်အတွက် အစောဆုံး မှတ်တမ်းဟာ ၂၃. ၁၀. ၁၂၇၅ ရက်စွဲနဲ့ လက်မှတ်တစ်စောင်ပါ။ အမ်စတယ်မြစ်ကို ဖြတ်ကာ ဆည်တစ်ခု တည်ဆောက်ပြီး တံတားတစ်စင်းထိုးခဲ့ရာမှ မြို့စား(Floris V)ထံက နေထိုင်သူ (homines manentes apud Amestelledamme) တွေကို တံတားဖြတ်သန်းခ ကင်းလွတ်ခွင့် ပေးတဲ့စာပေါ့။ အဲဒီမှာ နေထိုင်သူ (Amestelledamme)လို့ ဖော်ပြခဲ့ရာက မြို့အမည် ဖြစ်လာပြီး နောက်တော့ (the Amstel dam)။ ၁၃၂၇ မှာတော့ အဲဒီကနေဆင်းသက်ပြီး အမ်စတာဒမ် (Amsterdam) ရယ်လို့ ဆင့်ကဲ ပြောင်းလဲသွားပေါ့။

၁၆ရာစုမှာ အမ်စတာဒမ်ဟာ လက်ရှိ (the Dam)ကို ဗဟိုပြုပြီး အခုရှိနေတဲ့ (the Singel)နဲ့ (the Kloveniers-burgwal) တူးမြောင်းတွေက ဝန်းရံလို့ မြို့ပိုနဲ့ မြို့ကြီးအဖြစ် ကြီးထွားလာခဲ့တယ်။ "ဒတ်ချ်ရွှေခေတ်"မှာ ကုန်သွယ်ရေး ပြောင်းလဲဆန်းသစ်ပြီး တိုးတက်မှုရလဒ်အနေနဲ့ ကမ္ဘာ့အရေး အပါဆုံး ဆိပ်ကမ်းတွေတစ်ခု ဖြစ်လာပေါ့။ ဒီခိုနိုင်တွင်းမှာ မြို့ဟာ ဘဏ္ဍာရေးနဲ့ စိန်လုပ်ငန်းရဲ့ ဦးဆောင်ဌာန ဖြစ်ခဲ့ပါတယ်။

၁၉ နဲ့ ၂၀ ရာစုတွေမှာ မြို့ဟာ ကျယ်ပြန့်လာပြီး ဝန်းကျင်ဒေသနဲ့ ဆင်ခြေဖုံးသစ်တွေ အများအပြားလည်း ခဲ့ထွင်လာရဲ့။ မြို့လယ်မှာရှိနေခဲ့တဲ့ ၁၇ ရာစုတူးမြောင်း Grachtengordel တွေဟာ ၂၀၁၀ ခု ဇူလိုင်မှာတော့ ယူနက်စကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်သွားပါတယ်။

မြို့တော် ဖွဲ့စည်းတည်ဆောက်ထားပုံ (the city layout)

အမ်စတာဒမ်ဟာ ထူးခြားမှတ်သားဖွယ် ညီညာပြန့်ပြူးတဲ့ မြို့ကြီးပါ။ မီက်ထရိုပိုလစ်မြို့ကြီးရဲ့ အပိုင်းအများစုဟာ မြေဆွေးစိုင်နဲ့ သဲတွေကိုဖြတ်ပြီး ခိုင်မာတဲ့ ရွှံ့အောက်ခံလွှာထဲကို ရိုက်သွင်းထားတဲ့ အောက်ခံတိုင် အခြေခံအုတ်မြစ်ပေါ်မှာ တည်ရှိနေတာပါ။

မြူနီစီပယ်မှာ မြို့အတွင်းပိုင်းကို ခန့်မှန်းခြေ ၁၆၀ ကျော်တဲ့ သဘိုင်းဝင်တူးမြောင်းကွန်ရက်တွေနဲ့ ကျွန်း (islands) ၉၀ လောက် ပိုင်းခြားထားပြီး တံတား ၁၃၀၀ ကျော်လောက်နဲ့ ချိတ်ဆက်ထားတာပါတယ်။ တူးမြောင်းတွေက အမ်စတာဒမ်သားတွေရဲ့ ဘဝမှာ ထူးခြားတဲ့ မူပိုင်လက္ခဏာ တစ်ခုပါ။

အရစ်လိုက်ရှိနေတဲ့ တူးမြောင်းတွေဟာ သေးငယ်ပြီး ဖြာထွက်နေတဲ့ တူးမြောင်းလေးတွေနဲ့ ပင့်ကူအိမ်အသွင် ဖြစ်ပေါ်နေရဲ့။ အဲဒါဟာ အရှေ့ဘက်ကို ဆိပ်ကမ်းတစ်လျှောက် ဆန့်ထွက်သွားပြီး အနောက်တက်မှာတော့ ဖွံ့ဖြိုးစည်ပင်တဲ့ ရွှေခေတ် (၁၇ နဲ့ ၁၈ ရာစု အစောပိုင်း) က (the Jordaan) ခရိုင်ထဲထိ ရောက်သွားတယ်။ မြို့ရဲ့ အပိုင်းတွေဟာ ပင်လယ်ရေမျက်နှာပြင်အောက်မှာ တည်ရှိနေပြီး အချို့အပိုင်းတွေကတော့ ပင်လယ်၊ ကန်၊ စိမ့်မြေ ရွှံ့တောတွေကနေ မြေဖော်ယူထားတဲ့ပေါ်မှာ တည်ရှိနေတာပါ။

အခြားသော မြို့တော်တွေမှာလို ဗိသုကာလက်ရာ အဆောက်အအုံကြီးတွေ၊ သရုပ်ပြဆီတက်ပွဲတွေ လုပ်လေ့ကာ

www.burmeseclassic.com

www.burmeseclassic.com

အောင် ကြီးမားကျယ်ပြန့်တဲ့ ရင်ပြင်၊ အောင်ပွဲခံမုခ်ဦးနဲ့ ဝင့်ဝင့်ကြွားကြွား ရုပ်တုလိုမျိုးတွေတော့ ဒီမြို့မှာ မရှိပါဘူး။

အမ်စတာဒမ်လို့ ဆိုလိုက်တာနဲ့ စိတ်အာရုံမှာ ထင်းခနဲပေါ်ပြီး အကောင်းဆုံး ထင်ဟပ်ကျန်ရစ်တဲ့ စရိုက်လက္ခဏာကတော့ ကျဉ်းမြောင်းတဲ့ ရွေးမြို့ရဲ့ ပျားပန်းခပ်မှုလမ်းထွေပါပဲ။

အမ်စတာဒမ်မှာ သုံးတဲ့ အခြေခံဘာသာစကားက ဒတ်ချ်ဖြစ်ပြီး၊ ဖလီးမစ်(Flemish)စကားကိုလည်း ပြောဆိုကြတယ်။ ဒေသခံတိုင်းရင်းသား ဒတ်ချ်တွေက မြို့နေတစ်ဝက်လောက်နဲ့ အများဆုံးဆိုပေမယ့် ၄၉. ၅ ရာခိုင်နှုန်းသာ နေထိုင်ကြပြီး ဒုတိယကမ္ဘာစစ်အပြီးမှာ ပြင်ပမှ လာရောက်နေထိုင်ကြတဲ့ အခြားလူမျိုးတွေက ၅၁. ၅ ရာခိုင်နှုန်းပင် ရှိနေပါပြီ။ ၁၀ ပုံ ၁ ပုံလောက်က မူလ(Surinamese)နဲ့ ထူးခြားမှုရှိတဲ့ မိုရိုကို (Moroccan)နဲ့ တူရကီ လူနည်းစုတွေပါ။

အမ်စတာဒမ်ဟာ ၁၆ ရာစုမှာ ရွှေ့ပြောင်းလာသူတွေ နားခိုရာ ဖြစ်လာတယ်။ မကြာသေးမီက ရောက်ရှိလာသူ အများစုဟာ ယခင်ဒတ်ချ်အင်ပါယာ [အင်ဒိုနီးရှား (Suriname) နဲ့ အရင်နယ်သာလန် (Antilles)ကျွန်း] တွေကပါ။ လွတ်လပ်ရေးရပြီးနောက် အာရှတိုက်က ပြောင်းရွှေ့လာတဲ့ အင်ဒိုနီးရှားတွေတောင် ၁၉ ရာခိုင်နှုန်းလောက် ရှိနေရဲ့။ အခြားကတော့ အထူးသဖြင့် နိုင်ငံများစွာက ကော်ပိုရေးရှင်းတွေရဲ့ ဧည့်လုပ်သားတွေနဲ့ တိုးတက်တဲ့နိုင်ငံတွေက ကျောင်းသားတွေပေါ့။

မြို့လူထု ၂၄ ရာခိုင်နှုန်းဟာ ရိုမင်ကက်သလစ်ဝင်တွေ ဖြစ်ပေမယ့် မွတ်စလင်တွေလည်းရှိရဲ့။ လူမျိုး၊ ဘာသာအားလုံး လာရောက်နေထိုင်ဖို့ လက်ခံလို့ ယဉ်ကျေးမှုနဲ့ လူမျိုးစုံနေထိုင်ကြတဲ့ ကော်စမိုပိုလစ်တန်(Cosmopolitan)မြို့ကြီးပါ။ အဲဒါကြောင့် ဒီမှာ အစားအသောက်မျိုးစုံ စားနိုင်ပြီး ယဉ်ကျေးမှု မျိုးစုံကိုလည်း ခံစားနိုင်ရဲ့။

အမ်စတာဒမ်ဟာ နိုင်ငံမြို့တော်ကြီး အများစုနဲ့ နှိုင်းယှဉ်ရင် သေးငယ်တဲ့ မြို့တော်လေးပါ။ ဒုတိယကမ္ဘာစစ် နောက်ပိုင်း လူဦးရေဟာ ၈ သိန်းထက်ပိုပိုမှာ ရပ်နေခဲ့တယ်။ ၁၉၈၀ ခုအလယ်ထိ ကျဆင်းသွားပေမယ့် အဲဒီနောက်မှာ ယေဘုယျအားဖြင့် တိုးလို့သာ နေတော့ရဲ့။ မကြာမီက တိုးပွားလာမှုဟာ သေနှုန်းထက် မွေးဖွားနှုန်းက ပုံမှန်တိုးနေလို့ရယ်၊ ရွှေ့ပြောင်းရောက်ရှိသူတွေ စုံပြုံကျလာတာကြောင့်ရယ်ပဲ ဖြစ်တယ်။ ဒါပြင် ၁၉၉၀ နှစ်များအတွင်း အသစ်ပြောင်းရွှေ့လာသူ အများဟာ နိုင်ငံရေးခိုလှုံခွင့်တောင်းသူတွေပါ။ ခုတော့ ဥရောပသားမဟုတ်တဲ့ လူနည်းစုဟာ မြို့လူထု ၃ ပုံ ၁ ပုံကျော်ထိ ကောင်းစွာဖွဲ့စည်းပါဝင်နေပြီး သူတို့ရဲ့ ၃ ပုံ ၂ ပုံလောက်ဟာ (၁၉)နှစ်အောက်တွေပါ။

မြို့တော်မှာ ရှင်သန်တက်ကြွတဲ့ ပေါင်းစည်းရေးပေါ်လစီကတော့ ဘာသာစကား သင်ယူကြခြင်းနဲ့ လူမှုရေးအသားကျအောင် လုပ်ခြင်းတွေမှာ အဓိကပြုနေရဲ့။

၁၉၉၀ နှစ်လယ်ကတည်းက မွေးဖွားနှုန်းနဲ့ လက်ထပ်နှုန်းတွေဟာ မြင့်တက်လာပေါ့။ အဲဒီအတွင်း အခြားသော အနောက်တိုင်း လူမှုအသိုင်းအဝိုင်းတွေမှာလိုပဲ တစ်ကိုယ်ရေ နေထိုင်သူ၊ မိဘတစ်ဦးတည်း မိသားစုနဲ့ လက်မထပ်တဲ့ စုံတွဲ အရေအတွက်တွေလည်း တိုးလာတယ်။ နယ်သာလန် လူဦးရေ တန်ခိုးရဲနဲ့မတူဘဲ အမ်စတာဒမ်မှာ ဖွား-သေခြင်း တို့နဲ့ မဆိုင်စွာ အိုမင်းသူတွေ နည်းလာတယ်။ မင်စင်ယူနိုန်မတိုင်မီ အသက်အရွယ် လူဦးရေအချိုးအစား ပါဝင်မှု လျော့ကျသွားတာကတော့ အဓိကအားဖြင့် အဆက်မပြတ် စုံပြုံကျလာတဲ့ ငယ်ရွယ်သူများကြောင့်ပါပဲ။

မြို့တော်ရဲ့ ဧရိယာဟာ ၆၄ စတုရန်းမိုင် (၁၆၅ စတုရန်းကီလိုမီတာ) မက်ထရိုဧရိယာ ၂၄၅ စတုရန်းမိုင် (၆၃၅ စတုရန်းကီလိုမီတာ) ဖြစ်ပါတယ်။ လူဦးရေဟာ ၂၀၀၈ ခု ခန့်မှန်းခြေအရ မြို့တော်မှာ ၁၀၂၆၀၅၊ မက်ထရိုဧရိယာမှာ ၁၄၈၂၆၆ ဦး ရှိပါတယ်။

စက်လုပ်သိပ်နဲ့ အမ်စတာဒမ်တူးပြောင်းတံမြာ စက်လုပ်စဉ်

အမ်စတာဒမ်မြို့ရဲ့ မြင်ကွင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

မြို့တော်ရဲ့ တိုးတက်မှု

၁၉ ရာစု နောက်ပိုင်းနဲ့ ၂၀ ရာစု အစပိုင်းမှာ ရွာကြီးတိုးပွားလာတဲ့ ကိုလိုနီကုန်သွယ်ရေးကြောင့် စက်မှုထွန်းကားကာ လူဦးရေလည်း တိုးပွားလာပြီး မြို့ပြမြင့်ကွင်းရဲ့ အဓိကရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်။ ပမာအားဖြင့် စွေးသိပ်မကြီးတဲ့ နေထိုင်စရာအသစ်တွေ၊ ကုန်သွယ်ကူးသန်းမှုနဲ့ စက်ရုံတည်ဆောက်မှုတွေဟာ မြို့တောင်ဘက်ပိုင်းနားက(De Pijp)ကို ပြည့်နှက်သွားစေရဲ့။

အလုပ်သမားတွေက (the Jordaan)ရဲ့ ဟောင်းအိုတဲ့ အဆောက်အအုံတွေဆီ အနောက်ဘက်ကို စုပြုံတိုးလာကြတယ်။ အနောက်ဘက်ပင်လယ်ဆီကို သွားနေတဲ့ အဓိကတူးမြောင်းသစ် (the North Sea)ဟာ ၁၈၇၆ ခုမှာ အပြီးသတ်ခဲ့ပြီး ကုန်တင်ကုန်ချဆိပ်နဲ့ ကုန်လှောင်ရုံသစ်တွေလည်း ကမ်းနားလမ်းတစ်လျှောက် တိုးပွားများပြားလာပေါ့။

၁၈၈၉ ခုမှာ ဗဟိုဘူတာရုံသစ်ကြီးကို မြို့လယ်ရဲ့ မြောက်ဘက်က (the IJ) ကျွန်းတုတွေ ပေါ်မှာတည်ဆောက်ခဲ့တယ်။ ၂၀ ရာစုအစောပိုင်းမှာ ဆင်ခြေဖုံးသစ်တွေကို တိုးချဲ့တယ်။ အများစုက အမ်စတာဒမ် ဗိသုကာဟန်နဲ့ပါ။ သူတို့ရဲ့ စိတ်ကူးဉာဏ်ရှိစွာ အချိုးမညီတဲ့ အဆင်တန်ဆာတွေဟာ ဆင်ခြေဖုံး ပြည်သူအိုးအိမ်ယူနစ်နဲ့ ဝတ်သက်ပြီး ရိုးအိနေတာတွေကို ချိုးဖျက်လိုက်တယ်။

စိန့်နီကိုလပ်ဘုရားကျောင်း(၁၈၈၆) စတော့အိတ်ချိန်း (၁၉၀၃)နဲ့ သင်္ဘောပုံအိမ်(၁၉၁၆)တို့ကိုလည်း အဲဒီခေတ်မှာ ဆောက်ခဲ့ပါတယ်။ အလားတူ (the Rijksmuseum)ပြတိုက် (၁၈၇၆-၈၅)၊ ကွဲခန်းမ (the Concertgebouw) (၁၈၈၈)၊ (the Stedelijk) ပြတိုက် (၁၈၉၅)။ အိုလံပစ်အားကစားရုံ (၁၉၂၈)နဲ့ အမ်စတယ်စတေရှင် (၁၉၃၉) တို့ကိုလည်းပေါ့။

ဒီမြို့ဟာ နယ်သာလန် ကုန်သွယ်မှုနဲ့ ဘဏ္ဍာရေးဆိုင်ရာ အထင်ကရဌာနဖြစ်ပြီး အရှေ့တိုင်းနဲ့ ကုန်စည်ဖလှယ်ကြရာမှာ အာရုံကုန်တွေကို အိန္ဒိယဆိပ်ကမ်းများမှ တစ်ဆင့် သယ်ယူကြလို့ အိန္ဒိယနဲ့ ပိုမို အဆက်အဆံများခဲ့ပါတယ်။ အမ်စတာဒမ်ဟာ နယ်သာလန်ရဲ့ စီးပွားရေးဗဟိုဌာန ရှေးရိုးစဉ်လာတွေနဲ့အတူ အသစ်သော မွမ်းမံမှုတွေလည်း တိုးလာနေပေါ့။

မရေမတွက်နိုင်တဲ့ တရွတ်နဲ့ အင်ဒိုနီးရှား စားသောက်ဆိုင်တွေ၊ ရာနဲ့ချီတဲ့ လှေအိမ်(houseboats)တွေက မြို့ရဲ့ တူးမြောင်းတွေကို အနားသတ်ထားရဲ့။ ၁၉၆၀ နှစ်လယ်လောက်ကတည်းက အမ်စတာဒမ်ဟာ အထိန်းအကွပ်လျော့ရဲတဲ့ ပတ်ဝန်းကျင်အနေအထား ရှိလာပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း အမ်စတာဒမ်ဟာ အခြားဥရောပမြို့ကြီးများစွာထက်စာရင် အပျက်အစီးဒဏ် သိပ်မခံခဲ့ရပေမယ့် ကျွးရပ်ကွက်ဟောင်းကတော့ လုံးဝကိုပြိုဆင်းသွားရဲ့။ စစ်အပြီး မြို့ပြပြန်လည်သစ်လွင်ရေးစီမံကိန်းတွေနဲ့ တိုးတက်လာတဲ့ လူဦးရေ မြင့်တက်လာတဲ့ ဝင်ငွေနဲ့၊ ရှောင်လွဲမရအောင် ကြီးထွားလာတဲ့ မော်တော်ယာဉ် အသွားအလာတွေနဲ့ လိုက်လျောဖို့ ကြီးမားတဲ့ အိုးအိမ်အဆောက်အအုံတွေ ကြိုးပမ်းတည်ဆောက်လာခဲ့တယ်။

မြို့အနောက်ဘက်ဆင်ခြေဖုံး အစွန်အဖျားက ဥယျာဉ်သစ်(Sloterneer)၊ မြောက်ဘက်က(Nieuwendam)၊ တောင်ဘက်က(Buitenveldert)နဲ့ ၁၉၇၀ မှာတော့ အရှေ့တောင်ဘက်မှာရှိတဲ့ ခေတ်လွန်ဝါဒီတွေရဲ့ လက်တွေ့ဘဝနဲ့မနီးစပ်တဲ့ စိတ်ကူးယဉ်မြို့ပြစီမံကိန်း(Bijlmermeer)တို့ အပါအဝင်ပေါ့။

စက်ဘီးလမ်းကြောင်း၊ အားကစားကွင်းနဲ့ အထပ်မြင့်အဆောက်အအုံတွေကို မြို့တော်မက်ထရိုလိုင်းသစ် တစ်လျှောက် ဆောက်လုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့လို့ နောက်တော့ အပိုင်းလိုက်ဖြိုချပစ်ပြီး အထွေထွေ အသုံးပြုနိုင်တဲ့ တည်ဆောက်မှုဟန်အရောတစ်ခုနဲ့ ပြန်လည်တည်ထောင်ခဲ့ကြတယ်။ ၁၉၇၀ ခုကတည်းက အများပိုင်ပြည်သူ့အိုးအိမ်နဲ့ ကိုယ်ပိုင်နေထိုင်မှု နှစ်မျိုးလုံးပါဝင်တဲ့ အထပ်နိမ့်အိုးအိမ်စီမံကိန်းအရောတွေ တစ်ခေတ်ထလာတယ်။ မကြာသေးမီက တိုးတက်မှုရှိတဲ့ ဒါမျိုးတွေကို (Sloten)နဲ့၊ အနောက်ဘက် (the Middelveldsehe Akerpolder) မှာ တည်ဆောက်တယ်။

အမ်စတာဒမ်မြို့ရဲ့ မြင်ကွင်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ပန်းတွေနဲ့ဝေနေတဲ့ အမ်စတာဒမ်မြို့က နေရာများစွာ

အမ်စတာဒမ်မြို့ရဲ့ မြင်ကွင်းဆာနေရာမှာ ဟရေးဟုအမှတ်တရ

အဲဒီအချိန်မှာပဲ အရှေ့ဘက်ဆိပ်ကမ်းဟောင်း ခရိုင်မှာလည်း အလွန်ကြီးမားတဲ့ အိုးအိမ်တည်ဆောက်မှုကို ၁၉၉၀ ခုမှာ စတင်ခဲ့တယ်။ ၂၀ ရာစုနောက်ဆုံး ဆယ်စုနှစ်တွေအတွင်း မြို့တော်အတွင်းပိုင်းနယ်မြေကို အစားထိုးခြင်းထက် ပြန်လည်ပြုပြင်ခြင်းတွေသာ တိုးမြှင့်လုပ်ခဲ့တယ်။

မြန်နီစီပယ်တာဝန်အရ မြေကွက်နဲ့အဆောက်အအုံတွေ ရွှမ်းမှုနဲ့ ခွဲဝေပေးမှုအပြင် လူထုသယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ အိုးအိမ်၊ လျှပ်စစ်ဓာတ်နဲ့ဓာတ်ငွေ့၊ မီးသတ်၊ စွန့်၊ ပညာရေး၊ ခဲစခန်း၊ လူမှုဆောလုပ်ငန်းတွေ၊ ဆိပ်ကမ်း၊ ကျန်းမာရေးဌာန၊ ရေစက်အဆောက်အအုံတွေနဲ့ ဘုရားကျောင်း ပရိဏက်အတွင်းက သချိုင်းမြေတွေအပါအဝင် လူထုလုပ်ငန်းတွေလုပ်တယ်။

ကိုယ်ပိုင်ဘဏ်အချင်းချင်း စာရင်းရှင်းနိုင်တဲ့ဘဏ်၊ ငွေချေးဘဏ်၊ ကြော်ငြာဌာန၊ ပုံနှိပ်တိုက်၊ ရေကူးကန်၊ ကဇာတ်ရုံ၊ ပြတိုက်တွေ၊ သားသတ်ရုံ၊ မော်ကွန်းတိုက်နဲ့ ဓိဘမဲ့ကလေးငယ်တွေလည်း ပါရဲ့။

အပန်းဖြေဖို့ ကျယ်ပြန့်တဲ့နေရာနဲ့ လိုအပ်တဲ့ အထောက်အပံ့တွေလည်းပေးရဲ့။ အနောက်ဘက် (Zandvoort) ကပင်လယ်ကမ်းခြေ အပန်းဖြေစခန်း အမ်စတာဒမ် (Woods)၊ အနောက်ပိုင်းဆင်ခြေဖုံး အချက်အချာက (Sloter)ကန် (Sloterplas)နဲ့ မြို့တောင်နဲ့မြောက်မှာ ကန်ငယ်လေးတွေလည်း အများအပြားပါ။ အားလုံးဟာ အိမ်ပြင်ထွက် အပန်းဖြေဖို့ပေါ့။

လူဦးရေ ထူထပ်တဲ့မြို့ကြီးမှာ အားကစားလုပ်ဖို့ ဥယျာဉ် ၄၀ လောက်၊ အားကစားမျိုးစုံနီးပါးရှိတဲ့ ကလပ်တွေနဲ့ လေဟာပြင်တင်းနစ်ကွင်း ၂၅၀ ကျော်လည်း ရှိရဲ့။ လူကြိုက်များတဲ့ ဘောလုံးအားကစားအတွက် အမ်စတာဒမ် အရီနာ(Arena)ဟာ (the Ajax)ကလပ်တည်ရာပါ။

အိုလံပစ် အားကစားရုံကတော့ ကမ္ဘာ့အဆင့်ပွဲတွေ ကျင်းပရာပေါ့။

အမ်စတာဒမ်ရဲ့ ညှိုင့်ဆွဲဆောင်မှုများ

အမ်စတာဒမ်ဟာ နယ်သာလန်ရဲ့ ယဉ်ကျေးမှု မြို့တော်မို့ နှစ်တိုင်းလိုလိုမှာ ခရီးသွားတွေ အစုလိုက်အပြုံလိုက် ရောက်လာစေပါတယ်။ သမိုင်းဆိုင်ရာဆွဲဆောင်မှု၊ အနုပညာစုဆောင်းမှုတွေနဲ့ မြို့ရဲ့ ရှေးကျတဲ့အပိုင်းက ကောင်းမွန်စွာ ထိန်းသိမ်းထားတဲ့ ထူးခြားတဲ့ အရောင်အသွေးနဲ့ ခံစားမှုတွေကြောင့် ကျော်ကြားနေပေါ့။

အမ်စတာဒမ်ကို ဖော်ပြဖို့ လွယ်ပါတယ်။ ဒါဟာ နှစ် ၇၀၀ ထက် သက်တမ်းပိုအိုပြီး ရှေးအတိတ်ကာလရဲ့ သက်ရှိပြတိုက်ကြီး၊ ကျန်ရှိနေသေးတဲ့ ခမ်းနားထည်ဝါလှသော ရှေးဟောင်းအုတ်တန်းလျားတွေရဲ့ မြင့်မိုရ်ပိတ် (gabled)၊ သဲကျောက်ပုံးကာထားတဲ့ (brick facades) မျက်နှာစာ၊ အလှအပအဆင်တန်ဆာ အများကြီးနဲ့ နဖူးစည်း(cornices)တွေ ပါတဲ့အိမ်ကြီးတွေ၊ အမြဲလိုပဲ ကြည်နူးဆွတ်ပျံ့ဖွယ် ပုံရိပ်နဲ့ လှည့်စားနေရဲ့- ဘုရားရှိခိုးကျောင်း မျှော်စင်တွေက ခေါင်းလောင်းအစုံ၊ ရှေးက လမ်းဘေးအလှူခံ လက်လှည့်တူရိယာ (barrel organs)တွေရဲ့ သံစဉ်တေးသွားဂီတတွေ၊ သက်တမ်းရာစုနှစ်နဲ့ချီတဲ့ ဂုဏ်တင်လောက်ဖွယ် အဆုံးမရှိ အလှတွေနဲ့ တူးမြောင်းတွေ၊ သမားရိုးကျမဟုတ်တဲ့ လွတ်လပ်စွာ ဘဝနေထိုင်မှုပုံဟန်တွေနဲ့ ခံနိုင်ရည်ရှိတဲ့ ပတ်ဝန်းကျင် အင်္ဂါသက်တွေနဲ့ကြောင့် ကျော်ကြားနေတဲ့ မြို့ကြီးပေါ့။ ဒါတွေကပဲ လူများစွာကို ဆွဲဆောင်နေပြန်ပေါ့။

ပသိုဆိုစေ ရောက်လာတဲ့သည်သည်တွေဟာ တစ်ပြိုင်တည်းမှာ မော်ဒန်မြို့ကြီးရဲ့ တကယ့်ဘဝအမှန်တရား၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ယာဉ်ကြောကျပ်တည်းမှု၊ အိုးအိမ်ရှားပါးမှုနဲ့ လူတွေပြည့်သိပ်ပြီး အမြဲတမ်း အကျပ်အတည်းတွေနေတဲ့ မက်ထရိုပိုလစ် ပုံရိပ်တွေလည်း မြင်ရမှာပါ။ ထိပ်တိုက်ရင်ဆိုင်လာတဲ့ မြို့ပြ ပြဿနာများရဲ့ ဖိအားပေးမှုတွေကို ရင်ဆိုင်ဖြေရှင်းရင်း လှပ်ရှားနေရတဲ့ ခေတ်သစ် မြို့တော်ကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com

နယ်သာလန် ကျွဲလစ်မိုက်ဘင်းမှ အတ်မ်ဂျီးရာတက်နဲ့ ကွန်ဆပ်ဩဇာကြီးထားတဲ့ ပိန်းမဂျီလေး

အမ်စတာဒမ်ရဲ့ ယဉ်ကျေးမှုဘဝ

မြို့ရဲ့ ရှေးကျတဲ့အပိုင်းမှာ ကျော်ကြားလှတဲ့ ထောင်နဲ့ ချီတဲ့ သမိုင်းဝင် ခေတ်ဟောင်းအဆောက်အအုံတွေ များစွာ ရှိနေတယ်။ မှတ်သားစရာအဖြစ်ဆုံးက ၁၃ ရာစုမှာ တည်ဆောက်ခဲ့တဲ့ ဘုရားကျောင်းဟောင်း(the Oude Kerk)။ ၁၅ ရာစုက ဘုရားကျောင်းသစ်(the Nieuwe Kerk)။ ပြီးတော့ ဂန္ဓဝင်(Palladian)ဟန်နဲ့ စာညဆောက်ထားတဲ့ ၁၇ရာစု မြို့တော်ခန်းမ၊ ခုတော့ တော်ဝင်နန်းတော်ပေါ့။

အခြား ထူးခြားတာတွေမှာ အလယ်ခေတ်ဂိတ်က ၁၇ ရာစု မြင့်မြင့်သွန်းသွန်းခေါင်အချွန်းနဲ့ (the Mint)မျှော်စင် (Munttoren)၊ တောင်ဘက်ဘုရားကျောင်း(the Zuiderkerk) (၁၆၁၁) (Rembrandt) မြှုပ်နှံထားရာ အနောက်ဘက်ဘုရား ကျောင်း (the Zuiderkerk)(၁၆၃၁)၊ တော်ဝင်နယ်သာလန် သိပ္ပံနဲ့ဝိဇ္ဇာအကယ်ဒမီတည်ရှိရာ(Rembrandt)နဲ့ အမ်စတာဒမ် တက္ကသိုလ်ဝင်ပေါက်က ပင်မအဆောက်အအုံ (the Old Man's House Gate-Oudemanhuispoort)တွေ ပါဝင်ပါတယ်။ မြို့ဟောင်းအရှေ့ဘက်ပိုင်း အရင်က ဂျူးတွေနေထိုင်ခဲ့တဲ့ ရပ်ကွက်မှာတော့ ပေါ်တူဂီ (the Synagogue)(၁၆၇၁)နဲ့၊ ခုပြတိုက်ဖြစ်နေတဲ့ ရမ်းဘရန့်အိမ်တော်(Rembrandthuis) တို့ ရှိနေရဲ့။ မြို့ဟောင်းရဲ့ အဓိကရင်ပြင် သုံးခုကတော့ (the Dam)၊ (the Leidseplein) (Leiden)နဲ့ (the Rembrandtplein-Rembrandt) စတဲ့ယားတို့ပါ။ ကောင်းမွန်တဲ့ ၁၇-၁၈ ရာစု (patrician) အိမ်တွေက တူးမြောင်းတွေကို အနားသတ်ထားရဲ့။

နိုင်ငံတော်ပြတိုက်(Rijksmuseum te Amsterdam)

ဒါဟာ အမ်စတာဒမ်မှာရှိတဲ့ နယ်သာလန် အမျိုးသား အနုပညာစုဆောင်းမှုပါ။ ပြခန်းတွေကို ၁၈၀၈ ခုမှာ နပိုလီယံ-၁ (Napoleon I)ရဲ့ ညီအစ်ကိုတော် လူဝစ်ဘိုနာပတ်

အမ်စတာဒမ် (Keukenhof) ဥယျာဉ်ထဲက သစ်ပင်တန်းတွေကြားမှာ ဆည်းဆာချိန်းချွေး ပွင့်နေပုံ

(Louis Bonaparte)ထူထောင်တဲ့ တော်ဝင်ပြတိုက်အဖြစ် အစပြုခဲ့ပါတယ်။ အဲဒီနောက် ဟော်လန်ဘုရင်က ဆက်လုပ်ခဲ့တယ်။

ပထမဆုံး စုဆောင်းမှုမှာ ၃၈၀၀ ခုက ထူထောင်ခဲ့တဲ့ အနုပညာပြတိုက် (the Nationale Kunst-Galerij)ကနေ ပြင်သစ်ကို မပို့ဖြစ်ခဲ့တဲ့ ပန်းချီကားတွေ ပါဝင်ခဲ့ပါတယ်။ ဘိုနာပါတ်တွေကို ဖယ်ရှားပြီးတဲ့နောက် စုထားသမျှကို (the Trippenhuis)မှာသိမ်းထားပြီး(P.J.H. Cuypers)က ဂေါသစ် ပြန်လည်ဆန်းသစ်ဟန်နဲ့ ဒီဇိုင်းရေးဆွဲခဲ့တဲ့ အဆောက်အဦသစ်မှာ လူထုကို ၁၈၁၅ ခုမှာ ဖွင့်လှစ်ပြသခဲ့တယ်။

အဲဒီမှာ ၁၇ ရာစု ဒတ်ချ်အနုပညာတွေ အထူးအားသန်နေပေမယ့် အလားတူ အခြား ဥရောပအနှောက်ပိုင်း အုပ်စုက ပန်းချီနဲ့ပန်းပုတွေ၊ အရှေ့တိုင်းအနုလက်ရာတွေနဲ့ အလှတန်ဆာဆင် အနုပညာလက်ရာတွေလည်း အဓိကထား စုဆောင်းပြသနေရဲ့။ ဒီပြတိုက်နဲ့ ဆက်နွယ်တဲ့(the Rijksprentenkabinet)လည်းရှိသေးပြီး ဥရောပရဲ့ အကောင်းဆုံး ပုံနှိပ်နဲ့ ဆွဲပုံတွေ၊ ရောင်စုံ ရွေ့ဝါ ငွေဇဝါရေးခြယ်ထားတဲ့ လက်ရေးမူ (illuminated manuscripts)တွေနဲ့ပါ။ ဒါ့အပြင် ဒီမြို့မှာ သွက်ရှိုလုပ်ပြနေရာ (live-performance) ၂၀ကျော် ရှိပြီး အဲဒီမှာ ကမ္ဘာ့အကျော်ကြားဆုံး (Royal Concertgebouw Orchestra) နေအိမ်လည်းပါဝင်နေရဲ့။ (the Muziektheater)ကတော့ နိုင်ငံတကာ ဘဲလေးနဲ့ အော်ပရာကုမ္ပဏီတွေရဲ့ တင်ဆက်ရာပါ။ အလားတူပဲ ၁၆၃၂ ခုမှာ တည်ထောင်ခဲ့တဲ့ အမ်စတာဒမ်တက္ကသိုလ်နဲ့ ၁၈၈၀ ခုမှာ တည်ထောင်တဲ့ (the Free) တက္ကသိုလ်၊ များစွာသော အကယ်ဒမီနဲ့ အဖွဲ့စိုက်ပျိုးတဲ့ မှန်လုံဆောင်တွေလည်း ရှိသေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ကင်လျှော်ပိန်နဲ့ အမ်စတာဒမ်တူးမြောင်းထဲမှာ ကင်လျှောစင်

ယဉ်ကျေးမှု စိတ်ဝင်စားတဲ့ ခရီးသွားအများစုဟာ အတွင်းပိုင်း မြို့တော်ဗဟိုသုကာနဲ့ ဆင်ခြေဖုံးအချို့မှာ ထိန်းသိမ်းထားတဲ့ တူးမြောင်းဘေးက ရွှေခေတ်ကာလ အဆင့်မြင့် ထိပ်တန်း အိမ်ကြီးရခိုင်တွေနဲ့ မျှားပြားလှတဲ့ သမိုင်းဝင် အဆောက်အအုံတွေကို နှစ်သက်ကျေနပ်ကြတယ်။ အနုပညာဟာ အမ်စတာဒမ်ရဲ့ အရေးပါတဲ့ စီးပွားရေးကဏ္ဍ ကနေ ပါဝင်နေပေါ့။ နှစ်စဉ် ထောင်ချီတဲ့ခရီးသည်တွေဟာ ဒီမှာရှိတဲ့ ဂယ်လာရီပြခန်း ၁၀၀ ကျော်နဲ့ အဓိကရုံ လေးပွဲတွေမှာ ဒေါ်လာတွေ ထုတ်သုံးကြလို့ နိုင်ငံတော် အခွန်ဘဏ္ဍာ အဖြစ် တစ်ဘီလီယံနီးပါးလောက် ရရှိစေပါတယ်။

ညနေစာကိုတော့ တူးမြောင်းကြီးတစ်ခုထဲက ရေထဲမျောနေတဲ့ တရုတ်ဘုံကျောင်းဆန်းဆန် သုံးထပ်တရုတ်ဆိုင် အနီရောင်နန်းတော် (Red palace) မှာ စားကြရတယ်။ ပြောင်းဖူးဟင်းရည်ခွဲပျစ်ပျစ်နဲ့ တွေ့ရတော့ဉီးမယ်။ ဒုတိယ ထပ်မှာ စားပွဲခင်းကျင်းထားရာ တင်ပျဉ်ခွေ ဗုဒ္ဓဆင်းတုကို အခန်းလယ်မှာထားပြီး ယမကာများ ရောင်းချနေကြလေရဲ့။ သြော်. . . အဆင်တန်ဆာအတွက်သာ ဗုဒ္ဓဆင်းတုတော်ကို ထားသည်ပဲလေ။

စားသောက်ဆိုင်မှပြန်အထွက် လမ်းမဘေးတစ်နေရာမှာ အုတ်ပုံတစ်ပုံကို တွေ့ရတယ်။ အုတ်ရောင်စုံ ကျစ်ကျစ်လျစ်လျစ်လေးတွေကို အကျအန ပလတ်စတစ်နဲ့ ထုပ်ပိုးထားရဲ့။ သုံးပေပတ်လည်လောက်ရှိတဲ့ လေးထောင့်စပ်စပ် ဂုဟပုံအထုပ်ကိုကြည့်ပြီး အုတ်များ လက်ဆောင်ပေးမယ့် အဖိုးတန် ပစ္စည်းလို့ ထုပ်ပိုးထားလိုက်တာလို့ အံ့ဩနေမိတယ်။

အမ်စတာဒမ်မြို့နဲ့ အလှမ်းဝေးတဲ့ (Radisson-Blue Hotel) ဟိုတယ်မှာ တည်းခိုကြရတယ်။

မီးနီဒေတြိတ် (Red Light District)

ညဘက်မှာတော့ မိမိအစီအစဉ်၊ မိမိစရိတ်နဲ့ပဲ လည်ပတ်ကြရတယ်။ လမ်းညွှန် ညွှန်းဆိုထားတဲ့ (Red Square) ရင်မြင့်ကို လူစုပြီးသွားကြမယ်ပေါ့။ အသွားမှာတော့ ဟိုတယ်

လှေစီးခရီးရဲ့အရ လှေတစ်စင်း အမ်စတာဒမ်တူးမြောင်းတွင်း ခရီးနှင်နေပုံ

ကနေ လေဆိပ်ကို အကြိုအပို့လုပ်တဲ့ လွန်းပျံယာဉ် (Shettle Bus) နဲ့ကြုံလို့ အဲဒါပဲ စီးသွားကြတယ်။

အမ်စတာဒမ်ရဲ့ ညရှုခင်းဟာ မီးရောင်စုံနဲ့ တစ်မျိုး လှနေပြန်ပေါ့။ ဗဟိုဘူတာကြီး တောင်ဘက်နဲ့(Damrak)ရဲ့ အရှေ့က မီးနီဒီစတြိတ်မှာ တူးမြောင်းများစွာရှိပြီး အဲဒါတွေရဲ့ အကြားမှာတော့ ဘေးလမ်း (the side streets) လေးတွေ ရှိပါတယ်။ တူးမြောင်းတွေဟာ တစ်ခါတုန်းကတော့ မြို့ရဲ့ ကာကွယ်ရေး အစိတ်အပိုင်းဖြစ်တဲ့ တံတိုင်းနဲ့ကျုံးတွေမို့ ဒတ်ခ်မှာ 'De Wallen' (the quays) လို့ သိကြပါတယ်။

ပြည့်တန်ဆာလုပ်ငန်း (Prostitution) ကိုယ်တိုင်ကို ထိုထိုသောလမ်းတွေ၊ အုံမိကအားဖြင့် ဘေးလမ်းတွေနဲ့ လမ်းကြိုလမ်းကြား (alleys)တွေမှာ ကန့်သတ်ထားပေမယ့် ဒီစတြိတ်ကို တူးမြောင်းတွေနဲ့ ကပ်လျက်က (Warmoesstraat) နဲ့ (Zeedijk) လို လမ်းအချို့လည်း ပါတယ်လို့ ယူဆကြပါတယ်။

နယ်မြေတစ်ခုလုံးမှာ ရဲတွေအများအပြားနဲ့ လုံခြုံရေး ကင်မရာများစွာ ထားရှိရဲ့။ ရင်ပြင်အနီးက လမ်းကလေးမှာ ပြည့်တန်ဆာ မိန်းကလေးများ တရားဝင် ဆိုင်ခင်းထားတဲ့ ပြတင်းပေါက်တွေကို အနီရောင်မီးရောင်နဲ့ မြင်ရတယ်။ အချို့က ရေကူးဝတ်စုံ၊ ဘီကီနီဝတ်ထားကာ ဟန်ဆေးပြနေကြရဲ့။ လိင်ဆိုင်ရာ ပြခန်း၊ ပြတိုက်တွေလည်းရှိပေါ့။ အပြင်ခန်းအထိ အခမဲ့ ဝင်ကြည့်နိုင်သော်လည်း အထဲဝင်ဖို့တော့ လက်မှတ်ဝယ်ကြရမယ်။ အမျိုးသား-အမျိုးသမီး လိင်အင်္ဂါတွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြသထားရဲ့။ အီတလီလမ်းဘေးဝဲယာနဲ့ ရေပန်းတွေမှာ အဝတ်မဲ့ပန်းပုရုပ်များကို ခန္ဓာဗေဒသဘောနဲ့ ဝိဝိပြင်ပြင်ထုလုပ်ကာ မြင်နေကျမို့ မထူးဆန်းလှတော့ပါဘူး။

(ဆက်ရန်)

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရွှေ-သူ)

စာကိုး။ Encyclopædia Britannica, 2013. Microsoft ® Encarta ® 2009.

❑

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

သီမှတ်ဖွယ်ရာ ဆေးပညာ

ချက်ဆေး ၂၅ ခွက်လိုင်းဆေး

မနှင်းဝေ (ဟင်္သာတ)

စာရေးသူတို့ ညီအစ်မများ ငယ်စဉ်က မျက်နှာပြင်ပေါ်တွင် ဝက်ခြံဖုများ မကြာခဏ ပေါက်လေ့ရှိ၏။ ဝတ်ဆံများ မမှည့်သေးဘဲ အတင်းညှစ်ကြရာမှ အမာရွတ်များဖြင့် ဖုးရောင်နေလေ့ရှိ၏။

ထိုအခါ အမေ ဖော်စပ်ထားသော ချက်ဆေးကို အမြဲလိမ်းကြရသည်။ နောက်ရက်တွင်မှ ရောင်တာလည်း ပျောက်ကင်းကာ ဝတ်ဆံများမှည့်အောင် စောင့်ပြီးမှ အမြစ်ထွက်အောင် ညှစ်ကြရသည်။

တစ်ခါ၌ မောင်အငယ်၏ဝိုက်တွင် သွေးစုနာ (ခေါ်) အပူနာလုံး ပေါက်သည်။ ညောင်မိ၍ နီညိုရောင် သန်းကာ နှစ်လက်မဝန်းကျင်ခန့် အသားမာဖုဖြစ်မှ အမေနှင့်အခေါ်များ သိ၏။

ဆေးကို သုံးရက်ခန့် အနာဝချန်ကာ ဘေးပတ်ပတ်လည်မှ အသားထဲသို့ စိမ့်ဝင်အောင် ဖြည်းညင်းစွာ ပွတ်လိမ်းပြီးနောက်မှ ပြည်များ ထွက်ကျလာသည်။

ၾင်းချက်ဆေးကို ညောင်ထွက်ဆေးဟုလည်း ခေါ်လို့ရသည်။

မည်သည့်အနာမျိုးမဆို ညောင်ဇင်ကာ ရောင်ရမ်းနေပါက အနာဝချန်ကာ ဘေးခံ့ ဆေးကို ဖြည်းညင်းစွာ ပွတ်လိမ်းပေးခြင်းဖြင့် ညောင်ထွက်ပြီး ငန်းမန်းရည်များလည်း တဖြည်းဖြည်းကျ၏။ အနာလည်း လျင်မြန်စွာကျက်၏။

ၾင်းဆေးနှင့်ပတ်သက်၍ စာရေးသူ၏ မိခင်ဖြစ်သူအား မေးမြန်းကြည့်သောအခါ အဘ၏သူငယ်ချင်း ဆေးဆရာကြီး၏ မူပိုင်ဆေးဖြစ်ပြီး အဘဆီမှတစ်ဆင့် အမေ့ဆီသို့ ရောက်ရှိခြင်း ဖြစ်ပါ၏။

ထိုစဉ်က ဆေး၏အရောင်မှာ စိမ်းဖန့်ဖန့်နှင့် မွဲကြိုင်လှ၏။ ညောင်မိသည့်အခါတိုင်း အမေက စာရေးသူတို့အား အမြဲရှုခိုင်း၏။ နှာခေါင်းကိုလည်း ပွတ်ပေး၏။

ယခု ဆေးအရောင်မှာ ရေနံချေး အရောင်အတိုင်း ညှိမည်း၍နေ၏။ အရင်က ရေနံချေးအရောင်မှာ စိမ်းဖန့်ဖန့်အရောင်ဟု အမေက ပြောပြ၏။

စာရေးသူ၏ မိခင်မှာ ဆေးများကို ကိုယ်တိုင်ကျိုကာ ဖန်ပုလင်းလေးများထဲသို့ လောင်းထည့်ပြီး အအေးခံပါသည်။ အိမ်သို့အလည်လာသူများအား လက်ဆောင်ပေးတတ်၏။ ကျွန်မတို့ မိသားစုများ အတွက်တော့ ဤချက်ဆေးသည် မရှိမဖြစ် ဆေးတစ်လက်ပါ။

ဆေးပါဝင်မှုအချိုးအစားမှာ . . .

စစ်ပြီး ဖယောင်း (အခဲ) - တစ်ကျပ်ခွဲသား
ဖုံးမသိမ်းရွက် - တစ်ကျပ်ခွဲသား
ပရုတ်မှုန့် - တစ်ကျပ်ခွဲသား
ပုဇွန်းစားရှိန်းမို (အမှုန့်) - တစ်ကျပ်ခွဲသား
ရေနံချေး (စစ်စစ်) - တစ်ဆယ်ကျပ်သား

ဆေးများကို ရေနံချေး၊ ဖယောင်း၊ ပရုတ်၊ ပရုတ်မှုန့် စသည်ဖြင့် အစဉ်အတိုင်း ကျိုရသည်။ ရေနံချေးများ အရင်အရည်ပျော်ဝင်မှသာ တစ်မျိုးစီ ထည့်သွားရသည်။

ထို့နောက် မီးပိတ်ပြီးမှသာ ရှိန်းခိုအမှုန့်များအား နည်းနည်းချင်းစီ ထည့်ပေးရန် လိုအပ်သည်။ သို့မဟုတ်က ဆေးများ ဝေကျတတ်သည်။ ထည့်ရမည့် ဖန်ပုလင်းလေးများထဲသို့ ဆေးများ မအေးခဲခင် လောင်းထည့်ပါ။ အအေးခံပြီးမှ အဖုံးဖုံးပေးပါ။

(ဆေးကျိုသည့်အခါ ကြေးအိုးနှင့် ကြေးဇွန်းများ အသုံးပြုပါက ဆေးအာနိသင် ပိုကောင်းပါသည်။)

မနှင်းဝေ(ဟင်္သာတ)

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

လက်တွေ့အသုံးချ မြန်မာ့ဆေးပြုံးတိုများ

သုတေသီ ဆရာဇြိမ်း

ထိကရုံးအစွမ်း ဘယ်လိုရှိသလဲ။

ထိကရုံးသည် ဆေးဖက်ဝင် အပင်တစ်မျိုး ဖြစ်ပါသည်။ ထိကရုံး၏ အရွက်၊ အမြစ် ပဉ္စင်းပါးလုံးကို အသုံးပြုနိုင်သည်။ ထိကရုံးသည် ဖန်ခါးသောအရသာရှိ၏။ အေးသော သတ္တိရှိ၏။ သလိပ်၊ သည်းခြေတို့ကို ဇြိမ်းစေ၏။

အရွက်ကိုကြိတ်၍ ဆီးခုံ၌ အုံပေးလျှင် ဆီးလွန်ရောဂါ ပျောက်၏။ မြင်းသရိက် လိပ်ခေါင်းရောဂါအတွက် အရွက်ကို အမှုန့်ပြု၍ နို့နှင့်သောက်ပေးလျှင် ပျောက်၏။ အမြစ်ကိုသွေး၍ လိမ်းပေးလျှင် အနာမှ အမြစ်များ ထွက်လာစေ၏။ အမြစ်ကို ပြုတ်သောက်ပါက ဆီးအိမ်၌တည်သော ကျောက်ကို ပျောက်၍ ကွဲကြေစေ၏။

ပဉ္စင်းပါးကိုကြိတ်၍ ရေနှင့်ဖျော်လူးပါက ဖောရောင်ခြင်းကိုလျော့ကျစေ ၏။ ရောင်အမ်းသောနေရာတွင် ကြက်တောင်နှင့် သုတ်လိမ်းပေးပါက ရောင်အမ်းခြင်း ကင်းပျောက်၏။ သွေးအန်ခြင်း၊ သွေးကျခြင်း၊ ဝမ်းရောဂါ၊ ပန်းနာတို့ ပျောက်ကင်းစေ၏။ အားတိုးဆေး အဖြစ်လည်း ဖော်စပ်အသုံးပြုနိုင်၏။

ထိကရုံးဟု ဆိုရာ၌ ကုန်းထိကရုံးနှင့် ရေထိကရုံး ဟူ၍ရှိ၏။ ကုန်းထိကရုံး ပဉ္စင်းပါးကိုကျို၍ သကြားနှင့် သောက်ပါက သွေးအန်ရောဂါ၊ သွေးကျရောဂါ၊ ဝမ်းသက်ရောဂါဆိုကို ပျောက်ကင်းစေ၏။ ထိကရုံးအမြစ်ကို ပြုတ်သောက်ခဲ့သော်လည်း သည်းခြေဒေါသလွန်၍ ဖြစ်သော ကျောက်တည်ရောဂါကို ပျော်၍ ကွဲကျစေ၏။ ဆီးပူ၊ ဆီးအောင့်ရောဂါဖြစ်လျှင် ထိကရုံးပဉ္စင်းပါးလုံးကို အခြောက်ပြု၍ လက်ဖက်ခြောက်ကဲ့သို့ ပြုလုပ်ပြီး သောက်ရ၏။

ထိကရုံးကား ဆေးဖက်ဝင် အဖိုးတန်လှပါသတည်း။

♦

ကွမ်းရွက်ဟာ ဘယ်လို အစွမ်းထက်သလဲ။

ကွမ်းရွက်သည် အနာပေါက်၊ ခြောင်းဆိုး၊ ပန်းနာ၊ နှလုံးရောဂါ၊ မျက်စိရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။ အနာများပေါ်၌ ကွမ်းရွက်ကပ်ပေးပါက အနာသည် အသားနုတက်၍ လျင်မြန်စွာ ပျောက်ကင်းပါ၏။

ကွမ်းရွက်သည် အညှော်အသင်းများအတွက်လွန်စွာ ကောင်း၏။ ရှူပေးရုံဖြင့် အညှော်များထွက်၏။ ကွမ်းရွက်စိမ်းသတ္တုရည်မှာ ကလေးသူငယ်အတွက် လိမ်းခြင်း၊ သောက်ခြင်း၊ ရှူပေးခြင်းဖြင့် ဆေးဖြစ်၏။ ကွမ်းရွက်စိမ်းရည်ကို ပျားရည်နှင့်ရောရှ် တိုက်ပေးပါက ကလေးများလေပွခြင်း၊ အစာမကြေဖြစ်ခြင်း၊ ဝမ်းသွားခြင်း၊ ဖျားနာခြင်းများ ပျောက်၏။ ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့်သောက်က မီးယပ်ကြောင့်ဖြစ်သော စိတ္တဇရောဂါပျောက်၏။ ကွမ်းရွက်ညှစ်ရည်တွင် ချင်းပြုတ်ရည်နှင့် သိန္ဓောဆား အနည်းငယ် ထည့်သောက်ကပန်းနာ၊ ရင်ကြပ်၊ ရင်အောင့်၊ ရင်ကယ်ပျောက်၏။

ကွမ်းရွက်ရည်ကို မျက်စဉ်းခတ်ပေးခြင်းဖြင့် ကြက်မျက်သင့်နာ၊ မျက်စိနာ၊ မျက်စိရောင်ခြင်း၊ ကိုက်ခြင်း စသည့် မျက်စိနှင့်ဆိုင်သောရောဂါများ ပျောက်ကင်း၏။ ကွမ်းရွက်ကို နနွင်းနှင့်ကျိုပြီး ဆားအနည်းငယ် ခတ်သောက်က ဖျားနာရောဂါပျောက်၏။ ကွမ်းရွက်ကို မီးကင်၍ ကလေးငယ်များငယ်ထိပ်တွင် အုန်းဆီနှင့်ဆွတ်ပြီး ကပ်ပေးထားပါက နှာစေးရောဂါ ပျောက်ကင်း၏။

ကွမ်းရွက်ကား မြန်မာ့ဆေးဖက်ဝင်စစ်စစ် ဖြစ်ပါ၏။

♦

ချိုင်းနံ့ပျောက်အောင် ဘယ်လိုလုပ်မလဲ။

ချိုင်းနံ့ထွက်နေသူ အနားသို့ မည်သူမျှ မကပ်ချင်ကြပါ။ နှစ်သက်ဖွယ် မကောင်းသည့်ချိုင်းနံ့ကား အော်ဂလီဆန်ဖွယ် ကောင်းလှပါ၏။

ချိုင်းနံ့ဟူသည် ချိုင်းတွင်ရှိသော Apocrine gland (ခေါ်) အကြိတ်ငယ်ကလေးများမှ နံသောအဆီထွက်ခြင်းကြောင့်ဖြစ်၏။ ထိုအဆီများကုန်သွားစေရန် ရေမှုန်မှုန် ချိုးပေးရပါမည်။ လျှော်ဖွပ်သန့်စင်ပြီး ခြောက်သွေ့သော အဝတ်များကို လဲလှယ်ဝတ်ဆင်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ရေမှန်မှန်ချိုးမပေးပါက ချိုင်းနံ့မှာ ဖိုဆိုးလာတတ်ပါသည်။ အကောင်းဆုံးမှာ နံနက်စောစော အိပ်ရာထရချိုးသည့်အခါ ချိုင်းကို ဆပ်ပြာနှင့်တိုက်ပြီး သေချာစွာ ဆေးကြောသုတ်သင်ရပါမည်။ ၎င်းနောက် မျက်နှာသုတ်ပဝါနှင့် စင်ကြယ်အောင် သုတ်ပြီးလျှင် ထုံးရည်ကြည်အား ချိုင်းတွင် သုတ်လိမ်းပေးပါ။ ခြောက်သွေ့အောင် ယပ်ခတ်ပေးပါ။

ခြောက်သွေ့သွားသည့်အခါ ချိုင်းကို ဇင့်အောက်ဆိုက်ပါသော ကိုယ်လိမ်းပေါင်ဒါ လိမ်းပေးပါ။ ညအိပ်ရာဝင်ခါနီးတွင်ဖြည်း ၎င်းအတိုင်းပင်ပြုလုပ်ပါ။ (ထုံးရည်ကြည်ဆိုသည်မှာ ထုံးကို ခွက်တစ်ခွက်ထဲထည့်ပြီး ရေနွေးလောင်းထည့်၍ရသော အပေါ်ယံရေကြည်ဖြစ်ပါသည်။) ချိုင်းချွေးနံ့ထွက်သူများအဖို့ ကြက်သွန်ဖြူ အစိမ်းစားခြင်းမှ ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

♦

ဆေးလိပ် ဘယ်လိုဖြတ်မလဲ။

'ဘိန်းဖြူအစ ဆေးလိပ်က' ဟု ဆိုကြသည်။

ဆေးလိပ်ဆိုရာ၌ သနပ်ဖက်ဆေးပေါ့လိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်၊ ကွမ်းသီးဖက်ဆေးလိပ်၊ ဆေးပြင်းလိပ်၊ သတင်းစာပတ်ဆေးလိပ်၊ ပွတ်ချွန်း၊ စီးကရက် စသည်တို့ဖြစ်ကြ၏။ ဆေးလိပ်ကို ရှုရှိုက်သောက်သုံးခြင်းဖြင့် အဆုတ်ကို ထိခိုက်စေ၏။ သွေးကြော ပိတ်စေသည်။ အဆုတ်ကင်ဆာ ဖြစ်စေ၍ အသက်တိုတတ်၏။

ထိုသို့ ကျန်းမာရေးကို ဆိုးဝါးစေသည့်ဆေးလိပ်ကစွဲနေသူတို့အဖို့ ပြတ်သွားရလေအောင် မည်သို့ ဖြတ်မည်နည်း။ နည်းသိလျှင် မခက်ပါ။

မြင်းခွာရွက် တစ်ဆယ်သား၊
ငရုတ်ကောင်း သုံးကျပ်ခွဲစပဲသား၊
ပိတ်ချင်း သုံးကျပ်သား၊
ပျားရည် ဆယ့်ငါးကျပ်သား၊

မြင်းခွာရွက် ပဉ္စငါးပါးကို အရိပ်တွင် ခြောက်အောင်လှန်းပါ။ (မြင်းခွာရွက် အနီရလျှင် ပိုကောင်း၏)

ဆေးဖော်ခါနီးလျှင် နေပူတွင် ပြန့်လှန်း၍ အမှုန့်ပြုပါ။ ထို့နောက် ငရုတ်ကောင်း၊ ပိတ်ချင်းတို့ကို လှော်၍ အမှုန့်ပြုပါ။ ထို့နောက် ၎င်းအမှုန့်နှင့် မြင်းခွာရွက်မှုန့်တို့အား ပျားရည်နှင့် ရောစပ်ပါ။

အဆိုပါဆေးအား ထမင်းစားပြီးတိုင်း မန်ကျည်းစေ့ခန့် နေ့စဉ် စားသုံးပေးလျှင် ဆေးလိပ်သောက်ချင်စိတ် ကုန်ခန်းသွားပါလိမ့်မည်။ အာနိသင်အနေဖြင့် ထမင်းစား၍ကောင်းကာ အမြင့်ကြည်လင်ပြီး အကြားအာရုံလည်း ကောင်းလာပါလိမ့်မည်။ ဆီး၊ ဝမ်း၊ သွေး၊ လေတို့လည်း မှန်လာပါလိမ့်မည်။ ဤနည်းဖြင့် ဆေးလိပ်ဖြတ်ကြည့်နိုင်ပါ၏။

♦

ဇက်ကြောတွေ တက်နေသလား။

အညောင်းထိုင်ပါများလျှင်ဖြစ်စေ၊ အာရုံစူးစိုက်မှုများလျှင်ဖြစ်စေ၊ ဇက်ကြောတွေ တက်တတ်ပါသည်။ အသက်အန္တရာယ်မရှိဟု ဆိုနိုင်သော်လည်း နေရထိုင်ရခက်ခဲပါသည်။ ဒီအတွက် ဇက်ကြောတွေ မခံမရပ်နိုင်အောင် တက်နေပါက မည်သို့ပြုလုပ်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

ရှောက်သီးတစ်လုံးကို အလယ်တည့်တည့်မှ ခွဲ၍ အရည်ညှစ်ယူပါ။ ၎င်းနောက် အစေ့၊ အခွံ၊ အရည် သုံးမျိုးလုံးကို ကြွေကရား (၁၀) ကြွေရည်သုတ်ဇလုံတွင်းသို့ ထည့်ပါ။ ဆားသင့်ရုံနှင့် ပွက်ပွက်ဆူနေသော ရေနွေးဖြူကြွေကရားတစ်လုံးခန့် ထည့်ပါ။ အေးသောအခါ နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် သင့်ရုံသောက်ပေးပါက တစ်ပတ်အတွင်း သိသိသာသာပျောက်ကင်းပါ၏။

အဝလွန်သူများ အမြဲသောက်ပေးပါက နောက်ကြော၊ ဇက်ကြောမတက်ခြင်း၊ အမောခံနိုင်ခြင်း၊ ထိခိုက်ရှနာများ အကျက်မြန်ကာ ပျောက်ကင်းလွယ်ခြင်း၊ ကိုယ်ခန္ဓာ ပေါ့ပါးသွက်လက်ခြင်းတို့ ဖြစ်စေပါသည်။

♦

ရေဖျဉ်းရောဂါ ပျောက်ဖို့ရာ

ရေဖျဉ်းရောဂါဟူသည် အဆမတန် ပူတင်းရောင်ကားကာ စူထွက်နေသည့်ရောဂါ ဖြစ်ပါသည်။ ထို့အတူ ခြေထောက်များလည်း ဖောရောင်၍ အသက်မှာလည်း အဆမတန်ကြီးလာသည့်သဘော ရှိပါသည်။ ရောဂါကို ပျောက်ကင်းအောင် မကုသလျှင် အသက်ဘေးအန္တရာယ် ရှိပါသည်။ သို့ဆိုပါက ရေဖျဉ်းရောဂါ ကင်းပျောက်ဖို့ရာ အတွက် မည်သို့ လုပ်ဆောင်ရပါမည်နည်း။

နည်းသိလျှင် မခက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ဘဝအကြိုတင်ရောဂါဆေးနည်း

မကြည်ဖြူ(သခင်)

ကျွန်မ ဤဆေးနည်းကို ရသည်မှာ မကြာသေးပါ။ သွေးစုနာမှအစ အဖုအကျိတ်ဖြစ်ပြီဆိုသည်နှင့် သုံးရသဖြင့် ဆေး၏ အကျိုးထူးပုံကို သိထားသည်မှာ ကြာပြီဖြစ်ပါသည်။ တစ်နေ့ ယခုဆေးနည်းပေးသူမှ စာရေးသူကို ကုန်စွေးတန်းလမ်းရှိ ဘယ်ဆွေးဆိုင်တွင် ဤဆေးတစ်ဖုံစာ ဝယ်ခိုင်းပါသည်။ ဆေးစာရွက်ကိုပြ၍ တစ်ဖုံစာဟုမြောပါက ဆိုင်က အားလုံးရောစပ်ပေးမည်ဖြစ်ပြီး စာရေးသူဝယ်စဉ်က တစ်ဖုံစာကို ရှစ်ထောင်ကျပ် ပေးရပါသည်။ ဆေးနည်းမှာ -

(၁) ပွေးကိုင်း ၅၀ ကျပ်သား (၂) နံ့သာနီ ၄ ပဲ (၃) နံ့သာဖြူ ၄ ပဲ (၄) ပန်းနု ၄ ပဲ (၅) ပန်းမ ၄ ပဲ (၆) ကန့်ဘလူးဥ ၄ ဆစ် (၇) ပရုပ် ၂ ကျပ်သား ၈ ပဲ (၈) သက်ရင်းကြီး ၁ ကျပ်သား ၄ ပဲ (၉) ပဲနံ့သာစေ့ ၅ ကျပ်သား (၁၀) သက်ရင်းကတိုး ၂ ကျပ်သား ၈ ပဲ (၁၁) သစ်ကြပိုး ၁၂ ကျပ်သား ၈ ပဲ၊ စုစုပေါင်း ၇၅ ကျပ်သား ဖြစ်ပါသည်။

ထိုဆေးအမှုန့်အားလုံးကို သမအောင် ရောမွှေပြီး လေလုံသောဘူးတွင် ထည့်ထားရမည်။ အသုံးပြုပုံမှာ ဝက်ခြံဖုဆိုပါက ဆေးမှုန့် လက်သည်းခွံခန့်ကို ရေသင့်ရုံနှင့်နယ်၍ ဝက်ခြံဖုပေါ်တွင် ကပ်ပေးရန်ဖြစ်သည်။ သွေးစုနာနှင့် အခြားအဖုအကျိတ်များ အတွက်လည်း အနာလုံး အဖုအကျိတ်မည်မျှပင်ကြီးပါစေ၊ အုပ်မိစေရန် ဆေးမှုန့်ကို ချင့်ချိန်ယူ၍ ရေနှင့်နယ်ကာ ကပ်ပေးရမည်ဖြစ်သည်။ ဆေးမှုန့်သည် ရေနှင့်ရောလိုက်ပါက ပျစ်ခွဲခွဲဖြစ်သွားသဖြင့် ကပ်ရလွယ်ကူပါသည်။ အကျိတ်အဖုကြီးလျှင်ကြီးသလို တစ်ရက်လျှင် နှစ်ကြိမ် ငါးကြိမ်ထိ ကပ်ပေးပါ။ စာရေးသူ အတွေ့အကြုံအရ ပြည်ပေါက်ခြင်းဟူ၍ မတွေ့ခဲ့ဘဲ ချုပ်သွားသည်ကိုသာ တွေ့ရပါသည်။ စာရေးသူကိုယ်တိုင် သုံးနေသဖြင့် အန္တရာယ်ကင်းပြီး အကျိုးထူးကြောင်းကို ထပ်ဆင့်ပြောရင်း တိမ်မြုပ်နေသော မြန်မာ့ဆေးနည်းကောင်းများ တစ်ဖန်ပြန်လည် ပေါ်ထွန်းလာပါစေကြောင်း ဆုတောင်း ရေးသားလိုက်ရပါသည်။

မကြည်ဖြူ(သခင်)

(၁) မြေဇူ (ခေါ်) လေးနာရီပန်း၏ အမြစ်(၉)ကို ရှာပါ။ ၎င်းပန်းသည် အဖြူ အနီ၊ အဝါဟူ၍ သုံးရောင်ရှိ၏။ အရွက်ပိုင်း၍ ပန်းပွင့်မှာ လော်စပီကာနှင့် တထေရာတည်း တူပါသည်။ ထိုအပင်၏အမြစ်မှာ ကန်စွန်းဥကဲ့သို့ဖြစ်၏။

၎င်းဥကိုယူ၍ အခွံခွာ၊ ရေစင်အောင်ဆေးပြီး ပြာဖြင့် တစ်ညသိပ်ပါ။ နောက်ရက်သို့ရောက်လျှင် ပြာကို ရေစင်အောင်ဆေး၍ ဥကိုခုတ်ထစ်ပါ။ ထို့နောက် ရေသုံးပိသာဖြင့် သုံးခွက်တစ်ခွက်တင်ကျိုပါ။ ရှလာသောပြုတ်ရည်ကို အအေးခံပြီး မြေအိုးထဲသို့ထည့်ပါ။ ရေဆာသည့်အခါတိုင်း နေ့စဉ် မပြတ် (၁၇)ရက် ဆက်သောက်ပါ။ အငန်နှင့်အဆီကို တစ်လရှောင်ပြီး သံပရာ၊ ရှောက်၊ လိမ္မော်များကို စားသောက်ပေးပါ။ ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ ပျောက်ကင်းပါ၏။

(၂) နောက်ထပ် ဆေးနည်းတစ်ခု ရှိပါသေး၏။

ဖွားဖက်ရွက် (ခေါ်) ငုဝါရွက် ၂၅ ကျပ်သား၊
သင်္ဘောမယ်ဇလီ (ခေါ်)ပွေးကိုင်းရွက် ၂၅ ကျပ်သား၊
သက်ရင်းကြီးရွက် (၂၅) ကျပ်သား၊
မန်ကျည်းသီးမှည့် (၂၅) ကျပ်သား၊
ထန်းလျက်စစ်စစ် (၂၅) ကျပ်သား၊

ဖွားဖက်ရွက် (ခေါ်)ငုဝါရွက်၊ သင်္ဘောမယ်ဇလီ (ခေါ်) ပွေးကိုင်းရွက်၊ သက်ရင်းကြီးရွက်တို့ကို ဆေးအချိန်မှန်အောင် (၂၅)ကျပ်သားစီ ခူးသောအခါ မဲနက်ခူးလျှင် တစ်မနက်တည်း၊ ညနေခူးလျှင် တစ်ညနေတည်း အပြီးခူးရမည်။ ထို့နောက် ရေစင်အောင်ဆေး၊ မြေအိုးထဲထည့်ပြီး ရေ သုံးပိသာနှင့်ကျိုပါ။ သုံးခွက်တစ်ခွက်တင်ကျန်လျှင် ခဲ၍ အရည်စစ်ပြီး အအေးခံပါ။ စကျိသည့်အချိန်တွင် ထန်းလျက်နှင့် မန်ကျည်းမှည့်ကို ရေနစ်ရုံထည့်စိမ်ထားပါ။

သုံးခွက်တစ်ခွက်တင်ကျန်လျှင် အရည်စစ်ပြီး အအေးခံပါ။ အေးလျှင် ထန်းလျက်နှင့် မန်ကျည်းစိမ်သည့်ရေကို မစစ်ဘဲ ထည့်မွှေပါ။ သုံးရက်အတွင်း တတ်နိုင်သလောက် သောက်ပေးပါ။ မယ်ဇလီရွက်သည် အဆိပ်ဖြစ်တတ်သဖြင့် သုံးရက်ကျော်လျှင် အသစ်ကျိုချက်သောက်ပါ။ ဆေးသောက်နေစဉ်အတွင်း ဆီးဆေးကို နှစ်ရက်တစ်ကြိမ် ထိုးပေးပါ။ ရေဖျဉ်းရောဂါနှင့် ဖောရောင်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

သုတေသီ ဆရာငြိမ်း

www.burmeseclassic.com

ဝမ်းပျက်ခြင်းမှ ဝမ်းလျော ဝမ်းတိုက် အောက်

ဂိုဂိုဝင်း



ဝသန္တရာသီ၏ မိုးစက်မိုးပေါက်များနှင့်အတူ ဖြစ်ပွားတတ်သောရောဂါများအနက် ဝမ်းပျက်ရောဂါဟာ အဖြစ်များတဲ့ ရောဂါတစ်ခုပါ။ မိုးရေထဲမှာ သွားလာရသူအများစုဟာ အနေးပတ်ကာ ခြေအေးဝမ်းရောင်ဆိုသလို ဝမ်းပျက်ရောဂါ ဖြစ်တတ်ပါတယ်။

ဝမ်းပျက်ရောဂါဟာ ဖြစ်ပြီးမကြာခင်မှာ ပျောက်သွားတတ်လို့ ဒါကို ရောဂါတစ်ခုလို့ မထင်ကြသူ များပါတယ်။ ဒါကြောင့် အနေအထိုင်နဲ့ အစားမဆင်ခြင်တဲ့အတွက် ဝမ်းပျက်ခြင်း တာရှည်လာကာ နောက်ဆုံးမှာ အသက်အန္တရာယ်ပါ ထိခိုက်လာတတ်ပါတယ်။

ဒါ့အပြင် မိုးရာသီမှာ အစားအစာမဆင်မခြင် စားသုံးခြင်းကြောင့်လည်း ဒီရောဂါဖြစ်စေပါတယ်။ မိုးရာသီနဲ့အတူ ရာသီပေါ်သီးနှံဖြစ်တဲ့ သရက်သီး၊ သင်္ဘောသီး၊ ဒူးရင်းသီး၊ နာနတ်သီး စတဲ့ သစ်သီးအများအပြားဟာ စွေးကွက်အတွင်းသို့ ရောက်ရှိလာပါတယ်။ စွေးကွက်ထဲမှာရှိတဲ့ အသီးတွေထဲမှာ လတ်ဆတ်တဲ့အသီးများပါသလို အမှည့်လွန်တဲ့အသီးများလည်း ပါဝင်ပါတယ်။ အထူးသဖြင့် အမှည့်လွန်တဲ့အသီး။ ယင်ကောင်နားတဲ့အသီးတွေမှာ ဝမ်းပျက်စေတဲ့ ရောဂါပိုးတွေ ဝင်ရောက်ထတ်ပါတယ်။ အဲဒီရောဂါပိုးရှိတဲ့ အသီးများကို စားသုံးခြင်းကြောင့် ဝမ်းပျက်ရောဂါ ဖြစ်စေနိုင်ပါတယ်။

မသန့်ရှင်းတဲ့ လက်လုပ်ချဉ်များ၊ လက်သုပ်စုံများနဲ့ ရောဂါပိုးကို သယ်ဆောင်လာတဲ့ ယင်နားစာများကို စားသုံးမိလျှင်လည်း ဒီရောဂါဖြစ်စေနိုင်ပါတယ်။ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်း၊ သဲမှတစ်ဆင့် သန်ကောင်၊ တုတ်ကောင်များရောက်ရှိခြင်းတို့ကြောင့်လည်း ဝမ်းပျက်ရောဂါဖြစ်စေပါတယ်။

ဒီရောဂါဟာ အသက်အရွယ်မရွေး၊ ကျား၊မ,မရွေး၊ ကလေး၊လူကြီးမရွေး ဖြစ်တတ်ပါတယ်။ ဝမ်းပျက်ခြင်းမှစ၍ ဒလဟောဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း စတဲ့ ဝမ်းရောဂါအမျိုးမျိုး ဖြစ်တတ်ပါတယ်။ ပထမအစကတော့ ဝမ်းပျက်ခြင်းပါ။ ထိုမှ ဂရုမစိုက် မဆင်ခြင်လျှင် အသက်အန္တရာယ်ရှိနိုင်တဲ့ ဝမ်းလျှောခြင်း စတဲ့ ဝမ်းရောဂါများ ဖြစ်တတ်ပါတယ်။

ဝမ်းပျက်ခြင်းမှအစပြု၍ တစ်နေ့လျှင် သုံးကြိမ်ထက် ပိုမိုကာ ဝမ်းအရည်များသွားလျှင် သတိထားရပေမည်။ ထိုသို့ဖြစ်လျှင် အနီးဆုံးဓာတ်ခွဲခန်းတွင် ဝမ်းစစ်ဆေးမှုပြုသင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းစစ်ဆေးခြင်းဖြင့် အစာမကြေသော အစားအစာများ၊ ဘက်တီးရီးယားများကို တွေ့ရှိရတတ်ပါတယ်။ ဒါ့အပြင် သံကောင်ဥများ (Ascaris Lumbricoid, Trichuris Trichiura)၊ ဖန်းကပ်မှိုများ (Candida Albican) စတာတွေ့ရှိရပါတယ်။

ရောဂါပိုးကြောင့် ဝမ်းပျက်ခြင်းဖြစ်လျှင် အီးကိုလိုင်းပိုး၊ ဗိုင်ဗရီယိုကော်ရော်ဒါပိုး (ကာလဝမ်းရောဂါပိုး) ဆဲလ်မိုးနဲလားပိုး၊ ရှီဂဲလားပိုး စတဲ့ ရောဂါပိုးများကို တွေ့ရှိရပါတယ်။ ဝမ်းပျက်ခြင်းမှ ဝမ်းကိုက်ခြင်း ဖြစ်လျှင် အမီးပါးပိုးကို တွေ့ရှိရပါတယ်။ ၎င်းကို ဝမ်းကိုက်ပိုး လို့လည်း ခေါ်ပါတယ်။

ဝမ်းကိုက်ခြင်းကို ဆေးကုသမှု မခံယူပါက ဝမ်းကိုက်ပိုးဟာ အသည်းဆီသို့ရောက်သွားပြီး အသည်းကိုဖျက်ဆီးတဲ့အတွက် အသည်းရောဂါ ဖြစ်လာပါတယ်။ အဲဒီအသည်းကိုရောက်သွားရင် ဆေးကုသမှု ခက်ခဲပါတယ်။ ဆေးကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်ပါတယ်။

တချို့သောသူများဟာ အဆိပ်ရှိတဲ့ ပို့ကို စားမိလျှင် အဆိပ်သင့်ပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်စေပါတယ်။ အချို့သော ဝိလောပိန်ဥများထဲတွင် အဆိပ်ဓာတ်ပါဝင်တတ်သဖြင့် အခန့်မသင့်ပါက ဝိလောပိန် စားသုံးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်စေပါတယ်။

- အလွန်အမင်း ပူစပ်သော အစားအစာများ၊
- ပင်လယ်စာ အစားအစာများ စားသုံးခြင်း၊
- ဓာတုပစ္စည်းများဖြင့် တာရှည်အဝတ်အခံအောင် ပြုလုပ်ထားသော အစားအစာများ စားသုံးခြင်းကြောင့်လည်း ဝမ်းပျက်ခြင်း ဖြစ်တတ်ပါတယ်။ အထူးသဖြင့် ပင်လယ်စာ ကဏန်းများ စားသောက်ခြင်းဖြင့် အခန့်မသင့်ပါက ပင်လယ်အူနာ (ခေါ်) ဝမ်းပျက်ဝမ်းလျှောခြင်း ဖြစ်ရပါတယ်။ ပင်လယ်အူနာ ဖြစ်ခြင်းကို ကောင်းစွာ ကုသမှုမပြုလျှင် အသက်ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ရတတ်ပါတယ်။
- အမြဲတမ်းလိုလို ဝမ်းပျက်နေသူများ၊
- အူလမ်းကြောင်းဒဏ် ကင်ဆာအကျိတ်အဖု ရှိသူများ၊
- အူလမ်းကြောင်းရောင်ရမ်းသူများ၊
- အူသိမ်လမ်းကြောင်း ပိတ်ဆို့သူများ၊
- အီးဟစ်စတိုလိုက်တီကာပိုး ရှိသူများ၊
- သိုင်းရွိုက်ဟော်မုန်းများသူများ၊
- နာတာရှည် ကျောက်ကပ်ရောဂါရှိသူများ ဖြစ်ပါတယ်။

ဘာကြောင့် ဝမ်းပျက်ဝမ်းလျှောရသလဲ

ခန္ဓာကိုယ်အတွင်းသို့ ရောဂါပိုးများ ဝင်ရောက်လာပြီး ၎င်းတို့မှ အူအတွင်း၌ အဆိပ်တစ်မျိုးကို ထုတ်လွှတ်ခြင်းကြောင့် အူသိမ်နံရံကို လှုံ့ဆော်မှု ပြုပါတယ်။ ထိုအခါ အူသိမ်နံရံမှ (Cyclic AMP) များ အများအပြား ထွက်လာပါတယ်။ ထိုဓာတ်ကြောင့် ခန္ဓာကိုယ်ရဲ့ အခြားနေရာများမှာ ရှိတဲ့ အရည်များဟာ အူသိမ်အတွင်းမှတစ်ဆင့် အူမကြီးဆီသို့ ရောက်ရှိသွားပါတယ်။ အူမကြီးဟာ ထိုအရည်များကို စုပ်ယူနိုင်ရန် လုံလောက်တဲ့ စွမ်းအား မရှိတဲ့အတွက် ဝမ်းအဖြစ် ဒလဟောသွားရပါတယ်။

ဒါ့အပြင် သိုင်းရွိုက်ဟော်မုန်းများလာလျှင်လည်း အူလမ်းကြောင်းကို လှုံ့ဆော်တဲ့အတွက် အူညှစ်အားများလာပြီး ဝမ်းလျှောခြင်းဖြစ်စေပါတယ်။ ဝမ်းပျက်ဝမ်းလျှောခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်နဲ့ ဓာတ်ဆားများ လျော့နည်းသွားပြီး ခန္ဓာကိုယ် ညီညွတ်မှုတမှုကို ထိန်းချုပ်ထားတဲ့စနစ် ချို့ယွင်းသွားပါတယ်။

ဓာတ်ဆားလျော့လျှင် ဘာဖြစ်နိုင်သလဲ

ဓာတ်ဆား လျော့နည်းသွားခြင်းကြောင့် ရေငတ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ နှန်းခွေနေခြင်း၊ အသံတိမ်ဝင်သွားခြင်း၊ ကြွက်တက်ခြင်းတို့ ဖြစ်စေနိုင်ပါတယ်။

အကယ်၍ ဓာတ်ဆား အလွန်အကျွံ နည်းသွားပါက သွေးလန့်ခြင်း (Shock) ရကာ သတိလစ်ပြီး အသက်အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် သွေးလန့်ခြင်း မဖြစ်အောင် ဂရုစိုက်ရပါမယ်။

ဓာတ်ဆားဓာတ် မဆုံးရှုံးရအောင် ဘာတွေလုပ်ရမလဲ

ဝမ်းပျက်ဝမ်းလျှော ဖြစ်နေသူများအတွက် အဓိက လိုအပ်ချက်မှာ ရေနဲ့ဓာတ်ဆား ပြန်လည် ဖြည့်တင်းပေး

www.burmeseclassic.com

www.burmeseclassic.com

ခြင်းပင် ဖြစ်ပါတယ်။ ဝမ်းများများသွားပါက လူနာဟာ အလွန်အမင်း ရေတဲ့လာမယ်။ မျက်လုံးဟောက်ပက်ဖြစ်ကာ သွေးဖိအားကျဆင်းလာမယ်။ ဒီထက်ဆိုးပါက ပျော့ခွေကာ ခြေလက် မသယ်နိုင်အောင် ဖြစ်မယ်။ သွေးပေါင်တွေ ကျလာမယ်။

ထိုအခြေအနေမျိုးမှာ လူနာကို အိမ်မှာမထားဘဲ နီးစပ်ရာ ဆေးရုံ ဆေးပေးခန်းသို့ ခေါ်ဆောင်သွားပါ။ ထိုလူနာအား (Ringer Lactate) (သို့) Normal Saline (drip) ပုလင်းကို သွေးပြန်ကြောမှသွင်းကာ ကုသပေးရပါမယ်။



ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ နို့စို့အရွယ်ကလေးငယ်

နို့စို့အရွယ် ကလေးငယ်များဟာ အထူးသဖြင့် ဝမ်းပျက်လွယ်ပါတယ်။ ကလေးငယ်များ ဝမ်းသွားလျှင် မိခင်များက မိခင်နို့တိုက်ခြင်းကို ရပ်ထားတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နို့တိုက်ခြင်းကြောင့် ပိုမိုသွားမှာစိုးလို့ပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒါဟာ လွဲမှားတဲ့ အယူအဆပါ။

နို့တိုက်ခြင်းရပ်ထားတဲ့ အတွက်ရေနဲ့ဓာတ်ဆားလျော့နည်းကာ အရေပြားများ ရှဲ့တွဲပြီး ထိတ်လန့်ခြင်း၊ သတိလစ်ခြင်း၊ ငယ်ထိပ်ချိုင့်ခြင်းတို့ ဖြစ်တတ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ ကလေးငယ်ကို အနီးဆုံး ဆေးရုံဆေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ပေးရပါမယ်။ ဆေးကုသမှု မခံယူရင် အသက်ဆုံးရှုံးနိုင်ပါတယ်။

ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောခြင်းဖြစ်လျှင် ထမင်းရည်၊ ဓာတ်ဆားရည်၊ ရေကျက်အေး တိုက်ပေးပါ။ နို့စို့အရွယ်ဖြစ်လျှင် မိခင်နို့ ဆက်၍ တိုက်ပေးပါ။

အစာကြေလွယ်သော အစားအစာများဖြစ်တဲ့ သားငါး ဆန်ပြုတ်၊ ဥပြုတ် စတာတွေကို ကျွေးပေးပါ။ အခြေအနေ ပိုဆိုးလာရင် အနီးဆုံး ဆေးခန်း၊ ဆေးရုံသို့ အမြန်ဆုံး ပြသပေးပါ။

ဝမ်းပျက်ဝမ်းလျှောခြင်း မဖြစ်အောင် ကြိုတင်ရှောင်ပါ။ ဖုန်ဝင်၊ ယင်နားသောအစားအစာများ၊ လက်လုပ်ချဉ်များ၊ လက်သုပ်စုံများ၊ အစားအစာကို သေသေချာချာ ချက်ပြုတ်ပြီး ပူပူနွေးနွေးစားသုံးပါ။ ချက်ပြီးသော အစားအစာများကို သေချာစွာ ဖုံးအုပ်ထားပါ။

ချက်ပြုတ်သူရဲ့ လက်များကို စင်ကြယ်အောင် ဆေးကြောပါ။ ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ် စတဲ့ တိရစ္ဆာန်များ မဝင်နိုင်အောင် ကာကွယ်ထားပါ။ သန့်ရှင်းသောရေကို အသုံးပြုပါ။ မိမိပတ်ဝန်းကျင်မှာ ယင်လုံအိမ်သာများ ဆောက်ထားပါ။

အသီးအရွက်များ စားသုံးခြင်း

- အမှည့်လွန်သော သစ်သီးများ။
- မလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ။
- ဓာတုဗေဒ ဆိုးဆေးများနှင့် အရောင်လှအောင် ပြုလုပ်ထားသော အစားအစာများ။
- ပိုးသတ်ဆေး ဖျန်းထားသော အသီးအနှံများ။

အထက်ပါ အစားအစာများ စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

အဓိကအားဖြင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်းစတဲ့ ဝမ်းနဲ့ပတ်သက်တဲ့ ရောဂါများဟာ အခြားရာသီဥတုများထက် မိုးရာသီမှာ ပိုပြီး အဖြစ်များကြောင်း တွေ့ရှိရပါတယ်။

မိုးရာသီရဲ့ စိုစွတ်ခြင်းကြောင့် အဖေးပတ်ခြင်း၊ အမှည့်လွန်အသီးအနှံများ စားသုံးခြင်း၊ ထိုရာသီ၌ ယင်ကောင် ပိုမိုပေါက်ဖွားခြင်းကြောင့် ယင်နားစာများ စားသုံးခြင်း စတဲ့ အချက်များကြောင့် ခန္ဓာကိုယ်အတွင်း အစာခြေမှုလုပ်ဆောင်ချက်များ ကစဉ့်ကလျား ဖြစ်ကာ ဝမ်းပျက်ဝမ်းလျှောခြင်း ပိုမိုဖြစ်ပွားတတ်ပါတယ်။

ထိုရောဂါဖြစ်ပွားပါက အမှုမဲ့အမှတ်မဲ့ လျစ်လျူရှုမနေသင့်ပါ။ ထိုသို့မိမိခန္ဓာကိုယ်ကို ဂရုမပြုပါက ရေနဲ့ဓာတ်ဆားများ လျော့နည်းကာ ဇီဝကုမ္ပဏီဖြစ်စဉ်များ ချို့ယွင်းလာပြီး အသက်အန္တရာယ် ဖြစ်စေနိုင်ပါတယ်။

ဓိဂုဏ်ဌေး

Ref: Diarrhoea in Rainy Season from Internet.

www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖောင်နှံ ထာဝစဉ်ဝန် ကျန်းမာပျော်ရွှင်ဖွယ် အကျိုးပြုနေသည့်

ဟတ္ထုကြွေးအောက်ဂိုဏ်းဆရာကြီးနှင့်

ဦးစင်းခင်(ဒဂုန်ဝင်း)



ခရမ်းချဉ်သီး၏ မူလအစမှာ မြေထဲပင်လယ်စာ သီးနှံမျိုးဖြစ်ပါသည်။ အင်္ဂလိပ်လို Tomato ဟုခေါ်ပြီး၊ မျိုးရင်းမှာ Solanaceae ဖြစ်၍ မျိုးစု Lycopersicum နဲ့ မျိုးစိပ် esculentum တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံမှာတော့ ခရမ်းချဉ်သီး အမျိုးအစားကို အင်းသီး (မေမြို့သီး) ခရမ်းချဉ်သီးသည် မှည့်လာလျှင် ပတ္တမြားအရောင်လို နီရဲပြီး တောက်ပစွာနဲ့ လွန်စွာလှပသော အသီးဖြစ်ပါသည်။

ကိုင်းခရမ်းချဉ်ဆိုပြီး အချဉ်ဓာတ် ပိုကဲ၍ အသီးက အမြွာအထွတ်အထွတ်နဲ့ သီးတဲ့ ခရမ်းချဉ် (၂) မျိုးကို တွေ့ရများပါသည်။

Super Market များမှာ နိုင်ငံခြားမှ လာသော ချယ်ရီ ခရမ်းချဉ်သီး ခေါ်သည့် ခရမ်းချဉ်သီး အသေးမျိုးလည်း တွေ့ရပါသည်။

ထိုခရမ်းချဉ်သီးဟာ ကျွား။ မ၊ ဇနီးမောင်နှံ နှစ်ဦးလုံးအတွက် အကျိုးပြုဓာတ်များ ကြွယ်ဝစွာ ပါဝင်နေသော ကြောင့် 'ဇနီးမောင်နှံရာသက်ပန် ရွှေလက်တွဲ၍မျော်ပွဲဝင်နိုင်အောင်'ကျန်းမာမျော်ရွှင်ခြင်း ဆုလာဘ်ကို လက်ဆောင်ပေးစေမည့် သီးနှံလည်း ဖြစ်ပါသည်။

ဆောင်းပါး Title ကို တွေ့လိုက်တာနဲ့ စာရှုသူ မိတ်ဆွေများ တော်ရုံတန်ရုံ လူ...သူသူ...ငါငါ ပုဂ္ဂိုလ်များ တို့ထိလို့ မရနိုင်သည့် ရတနာတန်းဝင် ပစ္စည်းများဟု တွေးပြီး မထင်လိုက်ကြပါနဲ့။

လူတကာ နေ့စဉ် လွယ်ကူစွာ တွေ့ထိပြီး လက်လှမ်းမီစွာ စားသုံးနိုင်ကြသည့် ဆေးဖက်ဝင် စားဖိုဆောင်စားသုံးသီးနှံ ပတ္တမြားအရောင် တောက်ပနီရဲ လှပနေသည့်သီးနှံ ကျောက်စိမ်း ရတနာလို စိမ်းစိုပြီး လှပနေသည့်အသီး ခရမ်းချဉ်သီးကို တင်စား၍ ဆောင်းပါး Title ပေးလိုက်ခြင်းပါ။

ရတနာလော့ကမှာ ပတ္တမြားတို့၊ ကျောက်စိမ်းတို့ဟာ အလွန်အဖိုးတန်သည့် ရတနာများဖြစ်ကြသလို စားသုံးသီးနှံများထဲတွင် ခရမ်းချဉ်သီးဟာ ကျန်းမာရေးအတွက် အလွန်အကျိုးပြုဇစသည့် အဖိုးတန် စားသုံးသီးနှံစာရင်းဝင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုချယ်ရီခရမ်းချဉ်သီးဟာ ရိုးမ တောကြီးများတွင် နွေရာသီ တပေါင်း၊ တံနှုးလများတွင် အသီးများရင့်မှည့်၍ နိရဲဝင်းမွတ်နေသော 'မဠူသီး' ဟု ခေါ်သော အသီးကဲ့သို့ ဖြစ်ပါသည်။

၎င်း 'မဠူသီးမှည့်'ကလည်း တော အရပ်များတွင် ခရမ်းချဉ်သီး သုံးသကဲ့သို့ပင် သူ့ကို ချက်ပြုတ်စားသောက်ကြပါသည်။ ဝမ်းတွင်းအေး၍ ဆေးဖက်ဝင်သည့် အသီးဖြစ်ပါသည်။

ဘာလို့များ ခရမ်းချဉ်သီးဟာ, ကျား၊ မ နှစ်ဦးအတွက် အကျိုးပြု အစွမ်းထက်နေပါလဲဆိုလျှင် ပျိုမေများအတွက် အရေပြား၊ အိုမင်းတွန့်လိမ်ခြင်း၊ တင်းတိပ်၊ မဲ့ခြောက်၊ ဝက်ခြံနှင့် အရေပြားတဲင်းရင်းမှုကို အားလျော့စေတဲ့ ခန္ဓာကိုယ်က' ထွက်ပေါ်လာတဲ့ Free Redical ဓာတ်တွေကို ဖယ်ထုတ်သန့်စင်ဖယ်ရှားပေးနိုင်တဲ့ Anti-oxi - dant (ဓာတ်တိုးဆန့်ကျင်ဝတ္ထုများ) ဓာတ်များ ပေါကြွယ်ဝစွာ ပါဝင်နေပါသည်။

ဒီတာမှင့် Vit C, Vit D, ဖော လစ်အက်စစ်၊ အမျှင်ဓာတ်များနဲ့ ပိုတက် စီယမ် သတ္တုဓာတ်များ ဘီတာကယ်ရိုတင်းဓာတ်တွေ အင်အားပြည့် ပါဝင်ဖွဲ့စည်းထားတဲ့ သီးနှံဖြစ်လို့ ပျိုမေများ အရွယ်မှတိုင်ခင် ပါးရေ၊ နားရေ တွန့်ခြင်းကို ကာကွယ်မှုပေးပြီး အရေပြား တင်းရင်းစေတတ်တဲ့ ကော်လာဂျင် ဓာတ် ထုတ်လုပ်မှုကို အားပေးစေ၍ အသားအရေ ကြည်လင်တောက်ပပြီး ရွှန်းလဲ့ တောက်ပနေတဲ့ မျက်ဝန်းကို ဖန်တီးပေးနိုင်ပါသည်။

ဒါကြောင့် ပျိုမေများ အဆီပြန်တဲ့ အသားအရေ၊ ဝက်ခြံ၊ တင်းထိပ်နှင့် အသားခြောက်၊ အသားပတ်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရန် ခရမ်းချဉ်သီးကို ပေါင်းတင်ဆေးအနေဖြင့်သုံးစွဲနိုင်ပါသည်။

(၁) ခရမ်းချဉ်သီးအစိတ်နဲ့ ဟူးရည် ဆတူစပ်၍ ပေါင်းတင်ပေးခြင်း၊

(၂) ခရမ်းချဉ်သီးအနှစ်နဲ့ ဒိန်ချဉ် (အဆီထုတ်ပြီးသား) ဆတူရောစပ်ပြီး ပေါင်းတင်ခြင်း၊

(၃) ခရမ်းချဉ်သီးအနှစ်၊ ရှားစောင်းလက်ပပ်အနှစ်၊ ဟူးရည် ဆတူစပ်၍ ပေါင်းတင်ခြင်း၊

စသည်အားဖြင့် အဆင်သင့်သလို မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို လိမ်း၍ ပေါင်းတင်ပေးခြင်းဖြင့် ကြည်လင်ဝင်းပသည့် အသားအရေကို ပိုင်ဆိုင်ရရှိစေပါသည်။

ခရမ်းချဉ်သီးဟာ 'အမျိုးသားများအတွက်' ဆိုလျှင် . . .

ခရမ်းချဉ်သီးမှာပါဝင်တဲ့ လိုင်ကိုပင်းဓာတ်သည် အမျိုးသားများတွင် ဆီးကျိတ်ကင်ဆာကို အထူးအကျိုးပြု ကာကွယ်ပေးပြီး အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ခံတွင်းကင်ဆာနှင့် အမျိုးသမီးများမှာ ဖြစ်သော ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ကျား၊ မ နှစ်ဦးစလုံးတွင် ဖြစ်တတ်သော ပန်ကရိယကင်ဆာ စသည့် ကင်ဆာရောဂါများကို လျော့ချပေးစေပါသည်။

တစ်ပတ်လျှင် ခရမ်းချဉ်သီးကို (၂/၃) ကြိမ် စားသုံးပေးခြင်းအားဖြင့် ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းကို (၂၀) ရာခိုင်နှုန်းအထိ လျော့ကျစေပါသည်။

ခရမ်းချဉ်သီးရဲ့ လှပတဲ့ အနီရောင်ဟာ ရောင်ခြယ်ဓာတ်ပစ္စည်း Pig-ment ကြောင့်ဖြစ်ပြီး ၎င်းဓာတ်ကြောင့် သွေးအားနည်းရောဂါ၊ သံဓာတ် ချို့တဲ့မှုများကို သက်သာပျောက်ကင်းစေပါသည်။

Vit C. ဓာတ်နဲ့ လိုင်ကိုပင်းဓာတ် ပေါင်းစပ်ယှဉ်တွဲခြင်းကြောင့် နှလုံးသွေး



www.burmeseclassic.com

www.burmeseclassic.com

ကြောက်ကျဉ်းရောဂါ၊ သွေးကြောအတွင်း နံရံမာကြောခြင်းရောဂါ၊ မျက်စိ အတွင်း တိမ်ရောဂါ၊ ကြက်မျက်သင့်ရောဂါများ၊ လေဖြတ်ခြင်းနှင့် ပါကင်ဆန်ရောဂါ များကို လျော့နည်းစေပြီး အထူးသဖြင့် အမျိုးသားများ မျိုးပွားစွမ်းရည်ကို မြှင့်တင်ပေးနိုင်ပါသည်။

အနိုးပါး၊ အိုးပွရောဂါကိုလည်း ခရမ်းချဉ်သီးက ကာကွယ်ပေးပါသည်။

ခန္ဓာကိုယ်သွယ်လျ၊ အဆီကျ အောင် Diet လုပ်နေသူများအတွက် ခရမ်းချဉ်သီးဟာ (၁၀၀) ဂရမ်မှာ ကယ် လိုရီ (၁၅) သာ ပါဝင်နေတဲ့ ကယ်လိုရီ လျော့နည်းစာ သီးနှံဖြစ်လို့ အလွန်သင့် တော်ပါသည်။

တစ်ခု သတိပြုရမှာက ဂေါက် (Gout)ရောဂါအခံရှိသူများ ခရမ်းချဉ် သီးကို များများမစားရန် သတိပြုရပါ မည်။ ယူရစ်အက်စစ်ဓာတ်ကို မများ စေရန်အတွက် ဖြစ်ပါသည်။

ခရမ်းချဉ်သီးကို အပူပေး၍ ချက်ပြုတ်စားသုံးပေးလျှင် ဆေးဖက်ဝင် အာနိသင် ပို၍ထက်မြက်စေပါသည်။

ခရမ်းချဉ်သီးမှာ ပါဝင်နေတဲ့ လိုင်ကိုပင်းဓာတ်ဟာ အပူခိုန်ဘယ် လောက်ပေးပေး မပျက်စီးနိုင်တဲ့ ထူးခြား ချက်ရှိပါသည်။

ထို့ကြောင့် ကျန်းမာရေးအတွက် ခရမ်းချဉ်သီးကို မကြာခဏ စားသုံးပေး သင့်ပါသည်။ ဤသို့ စားသုံးရာတွင် လည်း လွယ်ကူထိရောက်၍ ဆေးဖက် ဝင် အစားအစာအဖြစ်-

(၁) 'ခရမ်းချဉ်သီး ပန်ထွေဖျော် အသုပ်' ပြုလုပ်နည်းကို လက်ဆောင်ပါး လိုက်ပါသည်။

* မိသားစု ထမင်းဝိုင်းအတွက် ခရမ်းချဉ်သီး၊ အင်းသီး (၇) လုံးခန့် မီးခဲမှာအုံး၍ အပေါ်ခွံခွာ၍ ကတ်ကြေး ဖြင့် ညှပ်ပြီး အနှစ်လုပ်ထားပါ။

* ကြက်သွန်နီ၃ အကြီး (၃) ဥကို ပါးပါးလှီးထည့်ပါ။ ငရုတ်သီးစိမ်း ကြိုက် သလို လှီး၍ ထည့်ပါ။

* နံနံပင်၊ ပုစွန်ခြောက်မှုန့်၊ ဟင်း ခတ်မှုန့် သင့်တော်ရုံထည့်၍ ရောမွှေပြီး ပဲဆီစစ်စစ် (၁) ဇွန်းခန့် ဆမ်းထည့်၍ သုပ်ပြီး မိသားစုထမင်းဝိုင်းတွင် စားမြိန် ဖွယ်ရာ ကျန်းမာရေးအကျိုးပြု ဟင်းပွဲ တစ်ပွဲအဖြစ် သုံးဆောင်နိုင်ပါသည်။

(၂) 'ပတ္တမြား ကျောက်စိမ်းသုပ် ဟင်းပွဲ'

* အင်းသီး၊ ခရမ်းချဉ်သီး 'အစိမ်း ရောင် (၃) လုံး၊ အနီရောင် (၃) လုံးကို ချွေဖြင့်စင်ကြယ်စွာဆေးပြီးရေခဲသေတ္တာ တွင် (၂) နာရီခန့် အအေးခံထားပြီး ခရမ်းချဉ်သီးများကို အနေတော်လှီးပါ။ (အအေးခံပြီးမှ သုပ်စားလျှင် ခရမ်းချဉ် သီးမှာ လတ်ဆတ်၍ ကြွပ်ရွနေပြီး စား၍ကောင်းပါသည်။)

* ကြက်သွန်နီ ဥကြီး (၂)ဥ ပါးပါး လှီး၍ထည့်၊

* ပုစွန်ခြောက်မှုန့်၊ ဟင်းခတ်မှုန့် သင့်ရုံထည့်၊ မြေပဲဆံကို အမှုန့်ထောင်း၍ သင့်သလိုထည့်ပြီး မြေပဲဆီစစ်စစ် ဆမ်းပြီး သုပ်စားခဲ့လျှင် အသုပ်ဟင်းပွဲ သည် အစိမ်းနဲ့အနီရောင်တို့မှာ အမြင် လှပပြီး စား၍အရသာရှိလှသော ကျန်း မာရေး ဟင်းတစ်ခွက်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

နိဂုံးချုပ်ရသော် ရွှေမြန်မာများ လွယ်ကူသက်သာ ဈေးနှုန်းချိုစွာဖြင့် မိသားစုကျန်းမာရေးအတွက် အလွန် အကျိုးပြု အစွမ်းထက်သည့် ဆေးဖက် ဝင်ဓာတ်များ ပေါကြွယ်ဝသော ခရမ်း ချဉ်သီးကို မိသာ စု ထမင်းဝိုင်းတွင် မကြာခဏ ပါဝင်အောင် သတိပြု၍ စားသုံးပေးကြမည်ဆိုလျှင်...

မိသားစုတိုင်း ကျန်းမာပျော်ရွှင် ခြင်းဆွတ်ကို ခံစားရပါလိမ့်မည်ဟု အသိပေး ဝင်ပြလိုက်ပါသည်။

ဦးမင်းဇင်(ရွှေနဝင်း)

❑

ကဏ္ဍများ ပေးပို့နိုင်ပါသည်

စာပေ ပါသနာရှင်များ မိမိတို့စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ် ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်း များ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရ ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ် သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါ သည်။

နီးပွားခရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို့မို့ဘို့ကော်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ

သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ်ထွက်ပြီ

ညွန့်ခိုင်မာ (ကျောက်ဆည်)
ညွန့်လွင် (စက်မှုတက္ကသိုလ်)

ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွန့်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် စာအုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှိုင့် အထက်မှာလျှင် ၄၅၀၀ ကျပ်။

ဆရာဦးဓမ္မိုးထွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကြိတ်၊ ပို့နာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျိနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➤➤ နေ့စဉ် နံနက် (၇)နာရီမှ ည (၇)နာရီအထိ

လိပ်စာ ➤➤ အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➤➤ ၀၉-၇၃၁၃၆၄၁၄၊ ၀၉-၇၉၉၆၉၁၉၇၊ ၀၉-၂၅၄၉၃၂၆၉၉

လမ်းညွှန် ➤➤ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၇၁၊ ၄၄၊ ၁၀၄၊ ၁၆၇၊ ၄၇ (အထူး)၊ ၂၀၂ (အထူး)၊ ၄၇ ကားလေးစီးရှိ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

တရုတ်မှာ အသက်ရှည်စေသည့် ဆီးဖြူဆီး

ဒေါ်အောင်တုန်းပြင့် (ကချင်ပြည်)

ဆီးဖြူပင်

ဆေးဖက်ဝင် ဆီးဖြူပင်များသည် မြန်မာနိုင်ငံ အနှံ့အပြားရှိ ပေါက်ရောက် ဖြစ်ထွန်းနိုင်သော်လည်း အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် အများအမြောက်အမြား တွေ့ရတတ်ပါသည်။

ဆီးဖြူပင်သည် ရွက်ကြွေပင်လတ်မျိုးဖြစ်ပြီး အပင်ကြီးမျိုးနှင့် တောဆီးဖြူ (ခ) တောင်ဆီးဖြူ (ခ) မြေဆီးဖြူဟူ၍ ဆီးဖြူပင် နှစ်မျိုး နှစ်စားရှိသည်။ အပင်ကြီးမျိုးသည် အသီးသီးသော အပင်မျိုးဖြစ်ပြီး တောဆီးဖြူပင် မည်သည်မှာ ပင်ငယ်မျိုးဖြစ်လေသည်။ ပင်ကြီးမျိုးသည် မြေပြင်မှ ၂၅-ပေ မှ ပေ-၃၀ ထိမြင့်သော သဘာဝပေါက်ပင်မျိုး ဖြစ်လေသည်။

အပွင့်များသည် စိမ်းဝါရောင် ဖြစ်ပြီး အဖိုပွင့်နှင့် အမပွင့်သီးခြားစီပွင့်တတ်ကာ အဖိုပွင့်တွင် ပွင့်ညှာကင်းနေတတ်သည်။ အသီးများမှာ အကိုင်းအခက်များတွင် တွယ်ကပ်၍ ပြွတ်သိပ်ပြီး စုသီးလျက်ရှိတတ်သော လုံးဝိုင်းပြောင်လက်သည့် အသီးမျိုးဖြစ်သည်။ ဒေါင်လိုက်အပြောင်းများ ပါတတ်ပြီး အစေ့တစ်လုံးစီ ပါရှိနေတတ်ပါသည်။

အသီး

ဆီးဖြူသီး၏ ထူးခြားသော ဝိုက်သတ္တိသည် ခံတွင်းတွင် တမြုံ့မြုံ့ငုံထားပါက အစဝိုင်း၌ ချဉ်ဖန်ဖန်အရသာမျိုး ရှိတတ်ပြီး နောက်ဝိုင်းတွင် ချိုသောအရသာမျိုး ပြောင်းသွားတတ်ခြင်း ဖြစ်သည်။ ဆီးဖြူသီးစားပြီး ရေသောက်လိုက်ပါက လေးလေးပင်ပင့် ချိုသော အရသာမျိုးကို ရရှိတတ်ပါသည်။

တောလက်ကျေးရွာများတွင် ဆီးဖြူသီးကို အရသာရှိသော ဟင်းလျာများအဖြစ် လည်းကောင်း၊ အတို့အဖြူပ်များအဖြစ် လည်းကောင်း၊ ဓာတ်စာအဖြစ် လည်းကောင်း စားသုံးကြသည်။

ဆီးဖြူသီးကို ကြာရှည်ထားပြီး စားသုံးနိုင်ရန် ဓားနှင့် ခွဲခြမ်း ဆားနယ် နေလှန်းအခြောက်ခံ၍ လည်းကောင်း၊ ဆီးဖြူသီးသနပ်ပြုလုပ်၍ လည်းကောင်း၊ ဆီးဖြူသီးဆားရည်စိမ်ပြုလုပ်၍ လည်းကောင်း စားသုံးတတ်ကြသည်။ ဆီးဖြူသီးငါးဝိချက်၊ ဆီးဖြူသီးထောင်း၊ ဆီးဖြူသီးသုပ်၊ ဆီးဖြူသီး ငါးချက်ဟင်းများသည် ခံတွင်းတွေ့ ထမင်းမြိန်စေပြီး ကျန်းမာရေးအတွက် ဆေးဓာတ်စာ ဖြစ်စေနိုင်သည်။

ဆေးဝါးအဖြစ် အသုံးပြုကြရာ၌ ဆီးဖြူသီးကို အခြောက်ပြုလုပ်၍ အမှုန့်ကြိတ်ပြီး လေလုံသော ပုလင်းသန့်သန့်များတွင် သိမ်းဆည်းထားလျက် စီမံဖော်စပ် အသုံးပြုကြရပါသည်။

ဆေးအာနိသင်

ရှားစောင်းလက်ပပ်သည် အမျိုးသမီးများနှင့် ဆိုင်သော မီးယပ်ရောဂါများကို ကုသရာ၌ လွန်စွာ အစွမ်းထက်သကဲ့သို့ ဆီးဖြူသီးသည် ဆီးရောဂါများကို ကုသရာတွင် အလွန်အစွမ်းထက်သော

www.burmeseclassic.com

www.burmeseclassic.com

ဆေးတစ်လုက် ဖြစ်သည်။ ဆီးဖြူသီး၏ ဆေးအာနိသင်သည် ကျန်းမာ၍ အသက်ရှည်စေနိုင်သည်။ အဆိပ် အပင်းများကို ပြေပျောက်စေနိုင်သည်။

ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရောဂါများကို ပျောက်ကင်းချမ်းသာစေနိုင်သည်။ လေအောင့်လေနာ လေရောဂါများကို ပျောက်ကင်းစေနိုင်ပြီး သလိပ်နှင့် သည်းခြေဝေဒနာများကို ကောင်းစေနိုင်သည်။ ဒေါသသုံးပါးတို့ကို ငြိမ်းစေနိုင်ပြီး ကိုယ်တွင်းကိုယ်ပ အပူမှန်သမျှကို ညီမျှကောင်းစေနိုင်သည်။

သွေးလေကို မှန်စေနိုင်ပြီး အသွေးအသားကို ဖြစ်စေကာ အားအင်ကို ပြည့်ဖြိုးကျန်းမာစေနိုင်သည်။ အသားအရေများကို စိုပြေလှပစေနိုင်သည်။ သွေးကိုသန့်စေပြီး အားကိုဖြစ်စေနိုင်သည်။ အစာအိမ်၊ နှလုံး၊ မျက်စိ အကြည်ဓာတ်၊ ဦးနှောက်တို့ကို သတ္တိထူးစေနိုင်သည်။ ဆီးဖြူသီးကို အရွှဲသီတင် နုပျိုဆေး၊ အသက်ရှည်ဆေးအဖြစ် အသိအမှတ်ပြုခေါ် ဆိုကြသည်။

ဆီးဖြူသီးသည် ကြစုသီးနှင့် အကျိုးပေးတူ၏။ ချဉ်သောကြောင့် လေကိုနိုင်၏။ ချိုအေးသောကြောင့် သည်းခြေကို နိုင်၏။ ဆီးဖြူသီးအစေ့သည် သစ်ဆီမှ်အဆန်နှင့် ဂုဏ်ရည်တူ၏။ အချဉ် အဖန် အားကြီးသောကြောင့် သလိပ်ကို ဖွဲ့စေတတ်၏။ သွေးကို ထိုင်းမှိုင်းစေတတ်ပြီး ပျစ်ခဲစေတတ်၏။ သွေးအန်၊ သွေးဝမ်းသွားခြင်းကို ကောင်းစေနိုင်၏။

ဆီးရောဂါ

တောဆီးဖြူ (သို့) တောင်ဆီးဖြူ (သို့) မြေဆီးဖြူ ခေါ် ဆီးဖြူပင်၏ ပင္စငါးပါး အဖြစ်အပင်၊ အကိုင်း အခက် အရွက် စုံကို ရေသုံးခွက် တစ်ခွက်တင် ကျိုသောက်ခြင်းဖြင့် ဆီးချို ရောဂါ သက်သာကျစေနိုင်ပါသည်။

ဆီးဖြူသီးခြောက် အမှုန့်ကို ထန်းလျက်၊ ပျားရည် စစ်စစ်၊ သကာရည်တို့နှင့် ရောစားပေးသော် ဆီးပုပ်ရောဂါကို ကောင်းစေနိုင်ပြီး အသက်ရှူ ပြွန်ချောင်း နာကျင်ခြင်းကို ပျောက်ကင်း ကောင်းစေနိုင်သည်။ ဆီးဖြူသီး ကြိတ်ရည် ပျားရည်၊ ငှက်ပျောသီးမှည့်မှည့်ကို သကြားသံ့ရုံနှင့် ရော သောက်ပေးသော် လေအောင့်လေနာ ပျောက်ကင်းနိုင်သည်။

ဆီးဖြူသီးခြောက်ကို ရေသန့်နှင့်စိမ်ထားပြီး ပျားရည်နှင့် ဖျော်သောက်ပေးခြင်းဖြင့် ဆီးပု၊ ဆီးကျင်၊ ဆီးအောင့် ရောဂါ၊ ဂနိုရောဂါနှင့် ဆီးမကောင်းသောရောဂါများကို ပျောက်ကင်းစေနိုင်သည်။

ဆီးဖြူသီးပြုတ်ရည်တွင် ဖာလာအနည်းငယ် ချေထည့်၍ သကြားသင့်ရုံနှင့် ဖျော်သောက်ပေးပါက ဆီးနှင့် ပတ်သက်သော ရောဂါအမျိုးမျိုးကို ပျောက်ကင်းကောင်းစေနိုင်ပြီး ဆီးကို ဓကာင်းစေ ရွှင်စေနိုင်သည်။ ဆီးဖြူသီး ကြိတ်ရည်တွင် နနွင်းမှုန့်အနည်းငယ်နှင့် ပျားရည်အနည်းငယ် ရောစပ်၍ သောက်သုံးပေးလျှင် ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာနိုင်သည်။

ဆီးထဲ အနည်ပါခြင်း၊ ဆီးနောက်ဆီး ပျစ်ခြင်း၊ ဆီးပုပ်၊ ဆီးအနံ့ဓကောင်း ဖြစ်ခြင်းများအတွက် ဆီးဖြူသီးအမှုန့်ကို ထန်းလျက် (သို့) ပျားရည်နှင့် တေစားပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

ဆီးဖြူသီးညှစ်ရည် (သတ္တုရည်)ကို ပျားရည်၊ သကြားသင့်ရုံ၊ ငှက်ပျောသီးမှည့်မှည့်တို့နှင့် ရောစပ်စားသုံးပေးပါက ဆီးနည်း၊ ဆီးကျန်၊ ချိုးဟိုး၊ ဆီးတတောက်တောက် ဆင်းခြင်းကို သက်သာကောင်းစေနိုင်သည်။

ထော်ဆီးဖြူအနီရွက် (သို့) ပဉ္စင်းပါးကို အကြမ်းရည် ခပ်သောက်သကဲ့သို့ သန့်စင် အခြောက်ပြုလုပ်ပြီး နေ့စဉ် ရေနွေးကြမ်း ခပ်သောက်ပေးလျှင် ဆီးချိုရောဂါကို သက်သာကျစေနိုင်သည်။ ဆီးဖြူသီးညှစ်ရည်ကို ငှက်ပျောသီးမှည့်မှည့် ပျားရည် (သို့) သကြားနှင့် ရောစားပေးက ဆီးလွန်ရောဂါ ပျောက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းစရောဝါ

ဆီးဖြူသီးပြုတ်ရည်ကို ထန်းလျက် (သို့) သကြားနှင့် သောက်သုံးပေးက သွေးဝမ်းသွန်ရောဂါကို ပျောက်ကင်းစေနိုင်သည်။ ဆီးဖြူသီး တစ်ဆေးကို စားသုံးမှီဝဲပေးသည်မှသော် အစာကို ကြေစေနိုင်သည်။ လေနာကို ပျောက်စေနိုင်သည်။ ကျင်ကြီးကြောင့်ဖြစ်သော ရောဂါများကို ကင်းစေနိုင်သည်။ ထို့ပြင် ချောင်းဆိုးပန်းနာ ရောဂါကို သက်သာကောင်းစေနိုင်သည်။

ဆီးဖြူသီးကို မှုန့်ညက်နေအောင် ထောင်းယူပြီး ချက်ပတ်လည်တွင် ဝိုင်းအုံပတ်ထားပါ။ ချင်းညစ်ရည်ကို ထည့်ဖျန်းပေးပါက အိဘိသရ ဝမ်းရောဂါကို ပျောက်ကင်းစေနိုင်သည်။

ဆီးဖြူပင်၏ အစေးရည်ကို သောက်ပေးသော် ဝမ်းထိုးပိုက်အောင့် အစာမကြေ လေရောဂါများကို အရှင်းပျောက်စေနိုင်သည်။ တစ်နည်း - ဆီးဖြူရွက်နုနှုတ်ကို ပူးရည်နှင့် စားပေးပါက အစာမကြေ ဝမ်းပျက်ရောဂါကို ပျောက်စေနိုင်သည်။ လေထိုးလေအောင့် ရောဂါများကို အကင်းသေ ကောင်းစေနိုင်ပါသည်။ ဆီးဖြူသီးကြိတ်ရည်ကို သံပရာရည်နှင့်ရောရှိ ဖျော်သောက်ပေးခြင်းဖြင့် သွေးဝမ်းရောဂါ ပျောက်ကင်းစေနိုင်သည်။

ဆီးဖြူသီးခြောက်ကို ငါးရှဉ့်သားနှင့် ချက်စားပေးပါက သွေးဝမ်းခရောဂါနှင့် ဒူလာရောဂါကို ကင်းပစေနိုင်သည်။ ဆီးဖြူသီးကို ဝက်သားနှင့် ချက်စားပေးလျှင် ဝမ်းလျှော ဝမ်းပျက် ရောဂါကို ပျောက်ကင်းသက်သာစေနိုင်သည်။ ပုန်းရည်ကြီးနှင့် ချက်စားပေးသော် အစာမကြေ လေဝမ်းရောဂါကို ကောင်းစေနိုင်သည်။

ဆီးဖြူသီးအစေ့ကို ကျောက်ပျဉ်နှင့် သွေးယူ၍ရသော ဆေးရည်ကို သကြားနှင့် ဖျော်သောက်ပေးသည်ရှိသော် ဝမ်းရောဂါ အပါအဝင် ဒူလာရောဂါ၊ မီးယပ်သွေးလွန်ဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်သည်။

အသီး၊ အရွက်၊ အပွင့်တို့ကို ဇီယာ၊ သကြား ဆတူရော၍ အရည်ကြိတ်ယူပြီး သောက်သုံးဖို့ဝဲပေးပါက ဆီးနှင့် ဆိုင်သော ရောဂါများနှင့် ဝမ်းနှင့်ပတ်သက်သော ဝေဒနာအမျိုးမျိုးတို့ကို ကင်းရှင်းစေနိုင်ပါသည်။

သွားစရောဝါ

ဆီးဖြူသီးအခွံနှင့် ဗာဒံသီးအခွံ နှစ်မျိုးပေါင်းကို ပြာချပြီး ပြာမှုန့်ကို စစ်ယူ၍ တိုက်ပေးပွတ်ပေးပါက သွားကိုက် သွားနာ သွားနှံခြင်းကို ပျောက်ကင်းစေနိုင်သည်။ ဆီးဖြူခေါက်၊ ခရေခေါက်၊ ရှားခေါက် ယင်းဆေးသုံးပါးကို သုံးခွက်တစ်ခွက်တင် ရေနှင့်ပြုတ်၍ မကြာမကြာ ငုံ၍ထွေးပေးသော် သွားကိုက် သွားနာ သွားဖုံးရောင်နာများကို ကင်းစေနိုင်သည်။

ဆီးဖြူရွက်ကို ရေသုံးခွက်တစ်ခွက်တင်ကျိ၍ ရသောဆေးရည်ကို ငှဲပေး ပလုတ်ကျင်းပေးပါက အာကွဲလျှာကွဲ၊ သွားဖုံးရောင်၊ ရေစီးကမ်းပြိုရောဂါများကို သက်သာပျောက်ကင်းစေနိုင်သည်။

ရိုးရောဆေးနည်းများ

ဆီးဖြူသီးခြောက်၊ ပိတ်ချင်းခြောက် ဆတူကို အမှုန့်ပြုပြီး ဖွန်းသေးနှင့် တစ်နေ့တစ်ဖွန်း စားသွားလျှင် တီဘီအဆုတ်နာရောဂါ သက်သာကောင်းစေနိုင်သည်။ ဆီးဖြူသီးညစ်ရည်ကို ပိတ်ချင်းမှုန့်၊ ပူးရည်တို့နှင့် ရောစားပေးပါက အသက်ရှူပြွန်ချောင်းနာ၊ ကြို့ထိုးနာတို့ကို ပျောက်ကင်းစေသည်။

ဆီးဖြူသီးခြောက်ကို အမှုန့်ပြုပြီး ပူးရည်နှင့် တစားပေးက ဓာတ်ချုပ်ခြင်းမှ ကင်းစေနိုင်သည်။ ဆီးဖြူသီးကြိတ်ရည်ကို သကြားနှင့် ဖျော်သောက်ပေးက ထုံနာကျင်နာကို ကောင်းစေပြီး နာတာရှည် ဝမ်းချုပ်၊ ဝမ်းအောင့်၊ သွေးဝမ်းရောဂါများကို ပျောက်ကင်းစေနိုင်သည်။

ဆီးဖြူသီးအစေ့ကို ရေနွေးနှင့်သွေးယူ၍ ပူးရည်၊ သကြားတို့နှင့် ရောသောက်ပေးပါသော် မီးယပ်ဖြူဆင်းခြင်းကို ကောင်းစေနိုင်သည်။ တစ်နည်း ဆီးဖြူသီးခြောက်ကို ရေစိမ်ထား၍ တစ်နေ့တစ်ကြိမ် သောက်ပေးနိုင်သည်။

ဆီးဖြူသီးခြောက်ကို သွေးယူ၍ သံပရာရည်နှင့်နှောပြီး လိမ်းကျံပေးလျှင် ပွေး၊ ဝဲ၊ တင်းတိပ်၊ ယားနာများကို ပျောက်စေနိုင်သည်။ ဆီးဖြူသီးကြိတ်ရည်ကို ငယ်ထိပ်အုံပေးပါက နှာခေါင်းသွေးလွှဲခြင်းကို ကောင်းစေနိုင်သည်။ ဆီးဖြူသီးစေ့ကို ထုထောင်းပြီး ရေနှင့်ပြုတ်၍ မျက်စိဆေးကြောပေးလျှင် မျက်စိရောဂါကို ပျောက်စေနိုင်သည်။

ဆီးဖြူသီးအခြောက်မှုန့်ကို ပူးရည်နှင့် တစားပေးက အသက် ရှည်စေနိုင်ပြီး ဆီးဖြူသီးကြိတ်ရည်ကို ထောပတ်နှင့် တွဲစားပေးသော် အားအင်ကို ဖြစ်စေနိုင်သည်။ ဆီးဖြူသီး ဆေးရည်စိမ်ကို ဟင်းတွင် ထည့်ချက်စားပေးပါက အသဲကောင်းစေနိုင်သည်။ ဆီးဖြူသီးကြိတ်ရည်နှင့် ကြံရည်ကို ထောပတ်နှင့် ဖျော်သောက်ပေးက သည်းခြေကြောင့်ဖြစ်သော ဂူလုံးနာပျောက်သည်။ ဒူလာမြင်းသရိုက်နာ၊ ချောင်းဆိုးပန်းနာ ဆီးဖြူသီးစားရုံနှင့် ပျောက်နိုင်သည်။ ဆီးဖြူသီး နှင်းတုံးကြီး ရောကြိတ်စားပေးက တုလာသရောနာရောဂါ ပျောက်ကင်းနိုင်သည်။

နေ့စဉ် ဆီးဖြူသီး သုံးလုံးကို ဝါးစားပြီး ရေအောသောက်ပေးခြင်းဖြင့် အစဉ်ကျန်းမာ အသက်ရှည် အနာမဲ့စေနိုင်ပါကြောင်း ဆေးဖက်ဝင်သော ဆီးဖြူသီးကို တင်ပြလိုက်ရပါသည်။

အောင်ဘုန်းမြင့် (လှိုင်မြို့)

www.burmeseclassic.com

www.burmeseclassic.com

ကာ ကာန်စွန်းပင် ရေမှာရွှင် ဆေးဖက်အလွန်ဝင်

ဟိန်းထက်ဇေအောင်း

အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုတဲ့ စကား တစ်ခွန်းဟာ မြန်မာ လူမျိုးတိုင်း သုံးနှုန်းနေကျ စကားဖြစ်ပါသည်။ စာရေးသူတို့ရဲ့ အနီးပတ်ဝန်းကျင်မှာ အဖိုးထိုက်တန်သော လူသားတို့ကို အကျိုးပြုနေသော သီးပင်စားပင်များများစွာရှိနေကြသော်လည်း ၎င်းတို့ရဲ့ အသုံးတွင်ကျယ်ပုံကို မသိရှိကြ၍ နီးလျက်နဲ့ဝေး ဖြစ်နေကြရပါသည်။

ထို့ကြောင့် စာရေးသူ လက်လှမ်းမီသရွေ့ လေ့လာခဲ့သော သိရှိထားခဲ့သော ဗဟုသုတတွေကို လပြည့်ဝန်းမှ တစ်ဆင့် ပြန်လည် ဝေငှရခြင်း ဖြစ်ပါသည်။

ယခုဖော်ပြပေးမည့် သီးပင်စားပင်မှာ အလွယ်တကူ မြင်တွေ့ ဝယ်ယူ စားသုံးနေကြသော ကန်စွန်းပင်၏ ဆေးအသုံးပင် ဖြစ်ပါသည်။

၁။ သွေးဝမ်းသွားလျှင် ကန်စွန်းရွက်အရည်ကို ဖြစ်စေ၊ ကန်စွန်းရွက် ဟင်းချိုချက်၍ဖြစ်စေ သောက်နိုင်သည်။

၂။ အင်ပျဉ်ထခြင်း၊ ယားယံခြင်းနှင့် အနာငန်းမန်း ကျစေရန် ကန်စွန်းရွက်အရည်ကို သောက်နိုင် လိမ်းနိုင်သည်။

၃။ ရင်ပြည့်ခြင်း၊ ဝမ်းကျခြင်း တို့ဖြစ်လျှင် ကန်စွန်းရွက် ပြုတ်ရည်ကို သောက်နိုင်သည်။

၄။ ကိုယ်လက်လေးခြင်း၊ တောင့်တင်းခြင်း၊ ဇက်ထိုးခြင်း၊ ကိုက်ခဲခြင်းတို့ ဖြစ်လျှင် ကန်စွန်းရွက်ပြုတ်ရည်ကို သောက်နိုင် လိမ်းနိုင်သည်။

၅။ ရင်ပူခြင်း၊ အာခေါင် အာရင်း ပူခြင်းတို့ ဖြစ်လျှင် ကန်စွန်းရွက် ပြုတ်ရည်ကို သောက်နိုင်သည်။

၆။ မို့ကို့ ချက်စားလျှင် အဆိပ်မသင့်စေရန် ကန်စွန်းရွက်နှင့် တွဲ၍ ချက်နိုင်သည်။

၇။ ပါးစပ်နှင်းခြင်း၊ ပါးစပ်အတွင်း၌ အနာပေါက်ခြင်း၊ သွားဖုံးသွေးယိုခြင်း၊ သွေးဝမ်းသွားခြင်းတို့ဖြစ်လျှင် ကန်စွန်းရိုးကို မန်ကျည်းမှည့်နှင့် နေ့စဉ်ချက်စားက ပျောက်ကင်းနိုင်သည်။

၈။ အပူကြောင့် ပေါင်ရင်း၊ လည်ပင်း၊ မေးစေ့ တို့၌ အကြိတ်ထွက်လျှင် ကန်စွန်းမြိန်နှင့် ထန်းလျက်တို့ သုံးခွက် တစ်ခွက်တင် ကျိ၍ သောက်နိုင်သည်။

၉။ မို့စား၍ အဆိပ်သင့်လျှင် ကန်စွန်းရွက်နှင့် ထန်းလျက် ကျိ၍ သောက်နိုင်သည်။

၁၀။ ဖျားနာခြင်း၊ ရေငတ်ခြင်း တို့ဖြစ်လျှင် ကန်စွန်းဥ ဖျော်ရည်ကို တိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၁။ ကင်းမြီးကောက် အထိုးခံရလျှင် ကန်စွန်းရွက်ကို ကြိတ်၍ အုံနိုင်သည်။

၁၂။ သွေးအန်၊ သွေးကျ၊ သွေးဝမ်း၊ နှာခေါင်းသွေးယို ခြင်းတို့ဖြစ်လျှင် ကန်စွန်းဥကို အမှုန့်ကြိတ်၍ သကြားနှင့် ရောပြီး ရေကျက်အောနှင့် သောက်နိုင်သည်။

၁၃။ ခူနာပေါက်လျှင် ကန်စွန်းရွက်ကို ဆားနှင့်ကြိတ်၍ အနာ၌အုံလျှင် ပြည်ပေါက်မြန်စေသည်။

၁၄။ ဝမ်းကိုက်လျှင် ကန်စွန်းရွက်အရည်ကို ထန်းလျက်နှင့် သောက်နိုင်သည်။

၁၅။ ဆီးကျောက်တည်လျှင် ကန်စွန်းရွက်၊ မန်ကျည်းရွက်၊ ထန်းလျက်တို့ကို ရောစပ်၍ကျိသောက်နိုင်သည်။

၁၆။ အပူလောင်လျှင် ကန်စွန်းရွက် အရည်ကိုဖြစ်စေ၊ ကန်စွန်းရွက်ကို သကြားနှင့် ကြိတ်၍ဖြစ်စေ လိမ်းနိုင်သည်။

၁၇။ လေထိုးလေအောင့်လျှင် ကန်စွန်းရွက်အရည်ကို ဆား လျော်နှင့် တိုက်နိုင်သည်။

၁၈။ ဆေးမှားခြင်း၊ အစားမှားခြင်း၊ အဆိပ်သင့်ခြင်းတို့ ဖြစ်လျှင် ကန်စွန်းရွက်အရည်ကို ဆားနှင့်သောက်နိုင်သည်။

၁၉။ ကလေးမိခင်များ နို့မထွက်လျှင် ကန်စွန်းရွက်၊ ပြည်ပန်းညိုရွက်တို့ကို ထန်းလျက်နှင့် ကျိ၍ သောက်နိုင်သည်။

၂၀။ ကလေးများ ဝက်သက်ပေါက်လျှင် ကန်စွန်းရွက်နှင့် ထန်းလျက် ကျိတိုက်နိုင်သည်။

၂၁။ မီးယပ်မျက်စိနာ၊ ရိုးရိုးမျက်စိနာ၊ မျက်ခမ်းစပ်၊ မျက်စိမှုန်ဝါးခြင်းတို့ ဖြစ်လျှင် ကန်စွန်းရွက်အရည်ကို လူနို့နှင့် ဖျော်၍ ခပ်နိုင်သည်။

၂၂။ ပွေး၊ ညှင်း၊ တင်းတိပ်၊ ဝက်မြီ တို့ပေါက်လျှင် ကန်စွန်း ရွက်အရည်၌ နံ့သာဖြူနှင့် ထုံးအနည်းငယ်ထည့်၍ လိမ်း နိုင်သည်။

၂၃။ အူရောင်နင်းဖျား၊ ရေတော်ဝမ်းကျ၊ ကလေးအပူကြီး၍ ဖျားခြင်းတို့ ဖြစ်လျှင် ကန်စွန်းရွက်နှင့် ထန်းလျက် ပြုတ်၍ တိုက်နိုင်သည်။

၂၄။ အသည်း အဆုတ်ရောင်ခြင်း၊ ချောင်းဆိုးခြင်း၊ ဆီး နည်းခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ အမျိုးသမီးများ အပြုအန် ဆင်းခြင်းတို့ ဖြစ်လျှင် ကန်စွန်းတစ်ပင်လုံးကို သကြားနှင့် ကျိ၍ သောက်နိုင်သည်။

၂၅။ ဝမ်းဗိုက်ထဲ မအီမလည်ဖြစ်ခြင်း၊ မစားချင် မသောက် ချင်ဖြစ်ခြင်း၊ ကိုယ်လက်ယားယံခြင်းတို့ဖြစ်လျှင် ကန်စွန်းရွက် နှင့် ထန်းလျက် ဆတူကြိတ်၍ စားနိုင်သည်။

၂၆။ အပူဖု၊ အပူကျိတ် အထုံးများ ထွက်လျှင် ကန်စွန်း ရွက် အရည်ကို ဆားလှော်အနည်းငယ်ထည့်၍ သောက်နိုင် သည်။ သို့မဟုတ် ကန်စွန်းရွက်ကို ထုခြေ၍ ဆားနယ်ပြီး အုံနိုင်သည်။

၂၇။ လိပ်ခေါင်းရှိသူများ လိပ်ခေါင်းထွက်လာ၍ အောင့် သက်သက် ခံစားနေရလျှင် ကန်စွန်းရွက်အပြုန်းကိုထုထောင်း အရည်ညှစ် ခွက်ကြီးထဲထည့်၍ စိမ်ပေးလိုက်လျှင် သက်သာ ပျောက်ကင်းနိုင်သည်။

၂၈။ ဆီးပူညောင်းကျနှင့် ရေတိရောဂါအတွက် ကန်စွန်း ရွက် အရည်ကို သကြားနှင့်စပ်ပြီး တစ်နေ့ သုံးကြိမ်၊ တစ်ခါ သောက် ထိမင်းစားဇွန်း တစ်ဇွန်းခန့် သောက်နိုင်သည်။

၂၉။ ဆီးမလွှားနိုင်ခြင်း၊ မမှုတာလွန်ခြင်း တို့ဖြစ်လျှင် ကန်စွန်းရွက်၊ ဆူးရွက်၊ မန်ကျည်းရွက်တို့ကို ဆတူကြိတ်၍ ဆားနှင့်နှင့် ဖျော်ကာ ဆီးခံပေါ်၌ တင်နိုင်သည်။

၃၀။ ရေယုန်နာပေါက်လျှင် ကန်စွန်းရွက်နှင့် ကင်းပုံရွက်ကို ဆတူ ကြိတ်၍ လိမ်းနိုင်သည်။

၃၁။ နှုနာ၊ ထိခိုက်ရှနာတို့ ဖြစ်လျှင် ကန်စွန်းရွက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ဘူးရွက်ကို ကြိတ်၍ အရည်ကို လိမ်းခြင်း။ သောက်ခြင်း လုပ်နိုင်သည်။

၃၂။ ဆီးပူ၊ ဆီးနည်း၊ ဆီးအောင့် ဆီးကျောက်တည်ခြင်းတို့ဖြစ်လျှင် ကန်စွန်းရွက်အရည်ကို ဆန်ဆေးရည်နှင့်ရောရွက် တိုက်ခြင်း၊ ယင်းအရည်ဖြင့် ဆီးအိမ်၌ လိမ်းခြင်းတို့ ပြုလုပ်နိုင်သည်။

၃၃။ အနာပဆုပ်မန်းဝင်၍ အဖျားကြီးလျှင် ကန်စွန်းရွက်ကို မန်ကျည်း သီးမှည့်နှင့် ချဉ်ရည်ဟင်း ချက်သောက်နိုင်သည်။

၃၄။ အကြောတက်၊ အိုင်း၌အပူစွဲ၍ ကိုက်ခဲခြင်း၊ ခြေဆစ်လက်ဆစ် ကိုက်ခဲခြင်းတို့ဖြစ်လျှင် ကန်စွန်းရွက်ပြုတ်ရည်ဖြင့် ရေချိုးခြင်း သို့ဖြစ်ပုတ် ကန်စွန်းရွက် သတ္တုရည်ဖြင့် ကိုက်ခဲသောနေရာကို လိမ်းခြင်းတို့ ပြုလုပ်နိုင်သည်။

ကန်စွန်းရွက်နှင့် ပတ်သက်၍ ဥတုဘောဇနသင်္ဂဟကျမ်း၌ ကန်စွန်းရွက်သည် ချိုငှဲ့၊ နွေရည်၊ သုက်ရည်တို့ကို ပွားစေတတ်၏။ ဆေးအဘိဓာန်၌ ကန်စွန်းရွက်သည် ဝမ်းမီးကို ဖြောင့်စေတတ်၏။ သုက်ကို ပွားစေ၏။ မူးသော အနာကို လည်းကောင်း၊ သည်းခြေနှင့်ယှဉ်သော အနာကို လည်းကောင်း ချမ်းသာစေတတ်၏။

ရှေးတော်မူ ဆေးအဘိဓာန်၌ ကန်စွန်းရွက်သည် ချိုငန်အရသာရှိသည်။ အေး၏။ နွေရည်နှင့် သုက်ကို ပွားစေတတ်၏။ ဝမ်းမီးကိုလည်း ဖြောင့်စေတတ်၏။ ရူးသွပ်သော အနာ၊ သည်းခြေနှင့် ယှဉ်သောအနာတို့ကို နိုင်၏။ အဆိပ်အတောက်မှိုးတို့ကိုလည်း ပယ်ဖျောက်စေတတ်၏။

ကန်စွန်းကြီးရွက်သည် သွေးကင်း လေကင်း အပူကင်းနှင့် အဖျားကင်းတို့ကို နိုင်၏။ ငုံးအနာအတွက် ဆေးကို မန်ကျည်းမှည့်နှင့် ချက်ပေးအပ်၏။

ကန်စွန်းရိုးသည် ပူပန်သော အနာကို ငြိမ်းစေတတ်၏။ ငန်းမန်းရှိသော နေရာကို ဘူးရွက်နှင့်စပ်၍ ရေစိမ်ပြီး အနာကို ပွတ်လိမ်းခြင်းအားဖြင့် ငန်းမန်းကျစေနိုင်၏။

ဓာတုရသကျမ်း၌ ကန်စွန်းရွက်သည် ဝမ်းမီးဖြောင့်ညီ၏။ သုက်ကို ပွားစေ၏။ ရူးသွပ်အနာကို လည်းကောင်း (သည်းခြေနှင့် ယှဉ်သောအနာ)ကိုလည်းကောင်း၊ ချမ်းသာစေတတ်၏။

ဓာတုဩသဓောသိကျမ်း၌ ဓာတ်သဘောမှာ အအေးအာပေါ် အသက်ဖြစ်ကြောင်း၊ စသည်ဖြင့် ကန်စွန်းရွက်အာနိသင်တို့ကို အကျယ်တဝင့် ထုတ်ပြခဲ့ကြသည်။

အထက်ပါ ဖော်ပြချက်တို့သည် ကန်စွန်းပင်၏ အစွမ်းသတ္တိများကို ရှာဖွေဖော်ထုတ်တင်ပြခြင်း ဖြစ်ပါသည်။

စာရေးသူတို့ အနီးပတ်ဝန်းကျင်တွင်ရှိနေသော ဆေးပင်များကို မှတ်ရွက်၊ တို့စရာအဖြစ်သာ သိရှိသုံးစွဲခဲ့ကြ၍ သာဆေးအသုံးများကို နားမလည်ဘဲနှင့် ရောဂါဖြစ်လျှင် ဆေးခန်းဆေးရုံများသို့သာ အားကိုးအားထားပြု၍ သွားနေကြရခြင်း ဖြစ်ပါသည်။ တတ်နိုင်သူများအနေနှင့် မသိသာသော်လည်း မရှိနွမ်းပါးကြသူများအတွက်မှာ မထောင်းသာလှပါ။ ထို့ကြောင့်လည်း မြတ်ဗုဒ္ဓက "အာရောဂျ ပရာမာလာဘာ"ဟု မိန့်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ "ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး" ဖြစ်သည်ဟူ၍ ဖြစ်ပါသည်။

ယခုဖော်ပြရေးသားထားသော ဆောင်းပါးလေးထဲမှ ဆေးနည်းများကို သုံးကြည့်၍ အကျိုးထူးသည်ဆိုလျှင်ဖြင့် စာရေးသူအနေနှင့် ဝမ်းသာပီတိရင်မှာ ငြိ၍ နှလုံးကြည်သာရွှင်လန်းမှာပင် ဖြစ်ပါသည်။ စာဖတ်သူများ အစာဝ အနာကင်း ဘယာရှင်းကြပါစေလို့ ဆုမွန်တောင်းလျက် နိဂုံးကမ္မတ်အဆုံးသတ် လိုက်ရပါသည်။

ကောက်နုတ်ချက် - စေတနာလှိုင် (ရေစကြို)၊ ကျန်းမာသက်ရှည်ရေး ဆေးနည်းဆေးပင်များ။

ဟိန်းထက်အောင်

❑

www.burmeseclassic.com

www.burmeseclassic.com

နွယ်မြက်စာစပ်ပင် ဆေးဖက်ဝင်ပင်များ

သမားတော်ကြီး ဒေါက်တာသက်ဆွေ (မင်္ဂလာမြေဇောတိကဝင်)

"ကတိသစ္စာ တည်သောခါဝယ် ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဟူသော စာဆိုနှင့်အညီ ဆေးဖက်ဝင်သော အပင်များအကြောင်းကို ရေးသားတင်ပြသွားပါမည်။

ကိုထိန်ရင်းပင်

ကိုယ်ခံရင်းပင်သည် ခတ္တာပင်မျိုးနွယ်တွင် ပါဝင်ပြီး ပင်စည်မရှိဘဲ မြေတွင်းကပ်၍ပေါက်သော အပင်မျိုးဖြစ်သည်။ အရွက်များသည် ရှည်၏။ အပွင့်များသည် ညှာတံများပြီး ထိပ်တွင် အဆုပ်လိုက်ပွင့်ကြ၏။ အရောင်မှာ အဖြူရောင်ဖြစ်ပြီး အနံ့ရှိ၏။ မိုးရာသီတွင် အလေ့ကျပေါက်သည်။ အပွင့်မှ အသီးကလေးများ သီးသည်။ ပင်ခြေတွင် ဥကြီးများရှိသည်။ အပူပိုင်းဒေသ အညာတွင် မိုးဦးကျအချိန် ပေါက်တတ်သည်။

မြန်မာ့ဆေးကျမ်းများ အလိုအားဖြင့် ကိုယ်ခံရင်းပင်သည် ပူ၏၊ ခါး၏၊ စပ်၏၊ အဆိပ်ကို ပြေစေ၏၊ သလိပ်ကို ပယ်တတ်ပြီး လေကိုလည်း ကြေစေ၏၊ ဆီးကို ရွှင်စေတတ်၏။

အရွက်၏ သတ္တုရည်ကို လိမ်းပေးခြင်းဖြင့် ကိုယ်ဖောကိုယ်ရောင် ရောဂါများ ပျောက်ကင်းစေ၏။ အရွက်ကို ပြုတ်ပြီး ရေချိုးပေးပါက အဖောရောဂါများ ပျောက်ကင်းစေ၏။

ခါးနာပါက ကိုယ်ခံရင်းရွက် မီးကင်ပြီး ကပ်ပေးပါက ပျောက်ကင်း၏။

အပူကြောင့်ဖြစ်သော အနာများ ဥကို သွေးလိမ်းပေးက ပျောက်၏။ ကိုခံရင်းဥသည် နန်းတွင်း လျှာပွတ်ဆေးဖော်စပ်ရာတွင် မပါလျှင် မပြီးသော ဆေးမယ်ဖြစ်၏။

ကိုခံရင်းပင်ကို လိုအပ်သလို ဆေးသုံးနိုင်ရန် ဖော်ပြလိုက်ရပါသည်။

ငှက်ခြောတ်ပင်

ငှက်ခြောက်ပင်သည် အပင်ကြီးမျိုးဖြစ်၍ ပေ ၄၀ ကျော်ထိ မြင့်၏။ ပင်စည်သေးပြီး အခေါက်များ အညီရောင်ဖြစ်ပြီး နူးညံ့၏။ အရွက်များသည် ၅ လက်မမှ ၇ လက်မခန့် ရှိ၏။ ပွတ်ချေ၍ နမ်းလျှင် မွှေး၏။ အရွက်များမှာ ချည်၍ လှံသွားပုံနှင့် တူ၏။ အပွင့် သုံးပွင့် ပြိုင်၍ပွင့်ကြ၏။

ထိုးအပင်မှ အဆီကို ထုတ်ယူပြီးလျှင် ဆေးဖက်တွင် အသုံးပြုကြ၏။

ဂုဏ်နှင့် စွမ်းရည်သတ္တိမှာ ၎င်းအပင်၏ အမြစ်ကို ဝမ်းနုတ်ဆေးဖော်စပ်ရာတွင် သုံးပြီး အဆီကို ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်ရောဂါနှင့် သံချဆေးဖော်ရာတွင် အသုံးပြုကြ၏။

နှာစေး၊ ချောင်းဆိုး၊ ပန်းနာ ရင်ကျပ်ရောဂါ ဖြစ်ခဲ့သော် အကြမ်းပန်းကန်လုံးတွင် ရေနွေးပူပူထည့်ပြီးနောက် ၎င်းအဆီ တံစ်စက် နှစ်စက်ချ၍ ရှူပေးပါက ပျောက်ကင်းစေပါသည်။

အနာစက်ရောဂါနှင့် အနာမီးလှဲနာ ဖြစ်ပါက ၎င်း အရွက်ကို ကြိတ်၍ အုံပေးပါက ပျောက်၏။

တဆေစ်သခွားသီး

ကဆစ်သခွားသီးများသည် သခွားသီးမျိုးနွယ်တွင် ပါဝင်ပြီး အချိသီးနှင့် အခါးသီး နှစ်မျိုးရှိ၏။ အချိသီးအရသာသည် သခွားသီး အရသာနှင့်တူ၏။ အစေ့ကလေးများ ပါရှိ၏။ အခါးသီးကိုမူ မစားသုံးကြဘဲ ဆေးဖော်ရာတွင် အသုံးပြုကြ၏။ အာဖရိကဒေသတွင် ဂိုကဆစ်သီးဟု ခေါ်၏။

အချိသီးများကို လယ်ကွင်းများတွင် စိုက်ပျိုးကြ၏။ အခါးပင်များကား အလေ့ကျပေါက်၏။ အချိအရပ်ဒေသ

www.burmeseclassic.com

www.burmeseclassic.com

များတွင် ပြေတ်သွားဟုလည်း ခေါ်ဆိုကြ၏။ အခါးပင်၏ အသီးသည် ချောမွတ်၍ အဝါစင်းလေးများ ပါ၏။ အချိုသီးကို အညာဒေသတွင် ဟင်းလျာအဖြစ် ချက်၍လည်း စားသုံးကြ၏။

ရသာအကျိုးသွားနှင့် ဂုဏ်သတ္တိများမှာ အခါးမျိုး၏ အသီးသည် ခါး၏။ ကြေကျက်သောအခါ ဝိပါကၠ ချဉ်၏။ လေ၊ သည်းခြေကို နှိုင်၏။ ဝမ်းမီးကို တောက်စေ၏။

အချိုမျိုး၏ အသီးသည် ချို၏။ လေး၏။ မှည့်သော အခါ ပူ၏။ သလိပ်၊ သည်းခြေကို နှိုင်၏။ အမှည့်ခြောက်သည် ဝမ်းမီးကို တောက်စေ၏။ သလိပ်နှင့် လေဒေါသကို နှိုင်၏။

အပွင့်သည် ဝမ်းမီးကို တောက်စေပြီး ဒေါသသုံးပါး စဲလုံးကို နှိုင်၏။ ထိပ်ကပ်နာကိုလည်း ပျောက်ကင်းစေနိုင်၏။ နှုတ်ကို မြိန်စေ၏။

အစေ့သည် ကာမကို အားပေး၏။ အသိပညာ တိုးပွားစေ၏။ လေနှင့်ပတ်သက်သော ရောဂါများ လေငန်းရောဂါနှင့် လိပ်ခေါင်းရောဂါများပါ ပျောက်ကင်းစေနိုင်၏။

ကြတ်သွန်ဖြူပင်

ကြက်သွန်ဖြူပင်သည် ပင်ငယ် ပင်သေးမျိုးဖြစ်ပြီး နှင်းပန်းပင်မျိုးရင်းတွင် ပါဝင်သည်။ ဥများသည် ပင်စည်ထိပ်မြေထဲတွင်ဥပြီး ဥဖူးတွင် အမွေးများပါရှိသည်။ အရွက်များ မြေပေါ်သို့ ပင်စည်ရင်းမှ စုထွက်သည်။ အရွက်ရှည်များဖြစ်ပြီး စိမ်းပြာရောင်ရှိသည်။ အပွင့်များသည် ထိပ်၌ လုံးဝိုင်းပြီး အဖြူရောင်သည်။

ဥများ ဥရာတွင် အချို့က အပြာလိုက် စုပြုံတည်ရှိပြီး အချို့မှာ ဥတစ်လုံးတည်းရှိသည်။ ရှမ်းကြက်သွန်ဟု ခေါ်ကြသည်။ စိုက်ပျိုးရသော အပင်ဖြစ်၍ ရှမ်းပြည်နယ်တွင် အစိုက်များသည်။

ကြက်သွန်ဖြူ၏ အကျိုးသွား အစေ့သင်မှာ မြန်မာဆေးကျမ်းများ အလိုအားဖြင့် ရသာ ခြောက်မျိုးရှိသည့် အနက် အချဉ်ရသာမှတစ်ပါး အခြားသော ရသာ ငါးမျိုးလုံး ပါဝင်၏။

အရေပြားရောဂါ၊ အဖျားရောဂါများကို ပျောက်ကင်းစေ၏။ သုက်ကို ပွားစေ၏။ ချွေးကို ထွက်စေ၏။ ကာမကို အားပေး၏။ ဆီးကို ရွှင်စေတတ်၏။ အသက်ကို ရှည်စေ၏။ လေသလိပ်ကို နှိုင်၏။ သွေးသည်းခြေကို အကျိုးပြု၏။

ရောဂါအလိုက် အသုံးပြုပုံ

၁။ ကြက်သွန်ဖြူ ဥတစ်လုံးကို ခါးလယ်မှဖြတ်ပြီး ပွေးနာ၊ ယားနာများတွင် ပွတ်တိုက်ပေးက ပျောက်၏။

၂။ ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးခြင်းဖြင့် သွေးတိုးရောဂါ ပျောက်ကင်းစေနိုင်၏။

၃။ ကြက်သွန်ဖြူ ဥတစ်လုံး ခုနစ်ဥကို နွားနို့ ၄၀ ကျပ်သားဖြင့် ကျိသောက်က သွေးတိုးရောဂါ ပျောက်၏။

၄။ ကြက်သွန်ဖြူ သတ္တုရည် သောက်ပေးပါက ဝမ်းဖောဝမ်းရောင်ရောဂါနှင့် ချောင်းဆိုး၊ ရင်ကျပ်ရောဂါများ ပျောက်၏။

၅။ ကြက်သွန်ဖြူကို နှမ်းဆီဖြင့်စိမ်၍ ဆားအနည်းငယ် ထည့်စားပါက လေထိုး၊ လေအောင့်၊ လေနာ ရောဂါ ပျောက်၏။

၆။ ကလေးများ လေနာခဲ့သော် ကြက်သွန်ဖြူ မီးဖုတ်ကျွေးက ပျောက်၏။

၇။ ကြက်သွန်ဖြူ သတ္တုရည်ထဲတွင် သကြားထည့်၍ တိုက်ပေးပါက ကြက်ညှာချောင်းဆိုး ပျောက်၏။

၈။ ကြက်သွန်ဖြူ အဆီထုတ်၍ လိမ်းပေးပါက လည်ပင်းကြီးရောဂါ ပျောက်၏။

၉။ နားထင်နှစ်ဖက် ကိုက်ခဲပါက ကြက်သွန်ဖြူကြိတ်၍ ဟိုဘက် ဒီဘက် ကပ်ပြီးနောက် သတ္တုရည် သောက်ပေးခြင်းဖြင့် ပျောက်၏။

၁၀။ အကြောများ ကိုက်ခဲပါက ကြက်သွန်ဖြူ သတ္တုရည် လိမ်းပေးပါက ပျောက်၏။

၁၁။ ကြက်သွန်ဖြူ အမှုန့်ပြုပြီး ပူးရည်ဖြင့် ရော၍ နေ့စဉ်စားသုံးပေးခြင်းဖြင့် စားဝင် အိပ်မော်ပြီး အားအင် မြည့်ဖြိုးစေပါသည်။

၁၂။ နားကိုက်၊ နားနာ၊ နားပြည်ယိုခဲ့သော်. . .
နှမ်းဆီ ငါးကျပ်သား၊ ကြက်သွန်ဖြူ နှစ်ကျပ်သား၊ လေးညှင်းပွင့် နှစ်ပွင့်၊ ၎င်းသုံးမျိုးကို ရောပြုတ်ပြီး နားတွင် ထည့်ပေးပါက ပျောက်၏။

၁၃။ ကြက်သွန်ဖြူသည် ရောဂါပိုးများ သေစေနိုင်သဖြင့် အဆုတ်ရောဂါဆေးများ ဖော်စပ်ရာတွင် အသုံးပြုနိုင်၏။

၁၄။ ကြက်သွန်ဖြူသည် အနာဝင်ခြင်း၊ မီးယပ်ရောဂါ၊ ဒူလာရောဂါများပါ ပျောက်ကင်းစေနိုင်၏။

လိုအပ်သလို အသုံးပြုနိုင်ရန် ကြက်သွန်ဖြူ၏ အကျိုးသွား အာနိသင် ဂုဏ်သတ္တိများကို ဖော်ပြလိုက်ပါသည်။

သမားတော်ကြီး ဒေါက်တာသက်ဆွေ

ကျမ်းကိုး

ရွှေဆောင်တင့်ဆွေ၏ ဆေးဖက်ဝင်အပင်များကျမ်း

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုအသိဉာဏ်ကို ဖျက်ဆီးကြသူများ

တော်ပြင့်(ဌက်များ)

ဘေဒီဘတ်ဂ် တစ်ကောင်သည် အပမီသော ဖုတ်ကောင်အဖြစ် ပြောင်းလဲသွားသည်ကို စောင့်ကြည့်လျှင် ပြောကြသည့်အတိုင်း အံ့သြထိတ်လန့်စရာ ကောင်းလှပါသည်။

[လေဒီဘတ်ဂ် ဆိုသည်မှာ ပိုးတောင်မာတစ်မျိုး ဖြစ်သည်။ ပုံသဏ္ဌာန်မှာ လုံးလုံးခုံးခုံးဖြစ်ပြီး အရွယ်ပမာဏမှာ ရွေးကြီးစေ့ခန့်ရှိပါသည်။ တောင်ပံတွင် တောက်ပသော အနီရောင်၊ အဝါရောင်များ ပါရှိပြီး အစက်အပြောက်များကိုလည်း တွေ့ရတတ်ပါသည်။ အနောက်တိုင်းသားများက အမျိုးသမီး ပိုးတောင်မာဟု တင်စားခေါ်ဆိုကြပါသည်။ ဘာသာပြန်သူ]

ပုံမှန်အားဖြင့် လေဒီဘတ်ဂ်များသည် လှပပြီး အစားကြူးသော သားစားသတ္တဝါများ ဖြစ်ကြသည်။ တစ်ကောင်

ကပ်ပါးရာ : HETROSACCUS CALIFORMICUS

သိုးသန်း : LOXORHYNCHUS GRANDIS

ကပ်ပါးကောင်များသည် လက်ခံကောင်များအား ၎င်းတို့အကျိုးကို ဆောင်ရွက်ရန် ဆွဲဆောင်နေသော စိတ်ကူးယောင်သည့် ကမ္ဘာလောကမှ ကြိုးပိုပါသည်။ ကပ်ပါးခရစ်၏ ကူးစက်ခံရသော သိုးသန်းအထီးသည် အပြုအမူအကြောင့် အမဲကဲ့သို့ ပြောင်းလဲသွားပါသည်။ သိုးသန်းအထီးတွင် ကိုက်ခဲကိုက်ဆွဲ လက်သည်းများ ဖွံ့ဖြိုးမှု ရပ်တန့်သွားသည်။ ပခုံးကိုင်းသည် သားဒိမ်ကဲ့သို့ ကျွမ်းပြန့်သွားပြီး ကပ်ပါးကောင်ဟုခေါ်ဆိုခြင်းခံရသည်။ သိုးသန်းက အဟာရပေးပြီး ဥများပေါက်ပါသည်။ ထောင်ပေါင်းများစွာသော ကပ်ပါးခရစ်များသည် အသစ်တစ်ကောင်အား ကူးစက်ရန် ပျံနှံသွားပါသည်။

ခွင်းစီ၏ ဘဝတစ်သက်တာတွင် ထောင်ပေါင်းများစွာသော ပျဝိုး (Aphid) များကို ဝါးမျိုစားသောက်ပစ်တတ်ပါသည်။ သားကောင်ကိုရှာရန် ရှေ့ဦးစွာ စမ်းသပ်မွေးမြူင်ကို လွှတ်ယမ်းပြီး အရွက်စား အင်းဆက်ပိုးများ၏ တိုက်ခတ်ခံရသောအခါ အရွက်ကထုတ်လွှတ်သော ဓာတုပစ္စည်းကို အာရုံခံပါသည်။

ထိုအချက်ပြမှုများကို လက်ခံရယူပြီးသောအခါ လေဒီဘတ်ဂ်သည် ပျဝိုးများသော ထုတ်လုပ်သော ဓာတ်လိုမှုကို

www.burmeseclassic.com

www.burmeseclassic.com

ပုံ(၂)

ပုံ(၁)

ပုံ(၄)

ပုံ(၃)

www.burmeseclassic.com

www.burmeseclassic.com

အာရုံခံရန် အာရုံခံစနစ်ကို ပြောင်းလဲလိုက်ပါသည်။ ထို့နောက် သားကောင်အနီး ချဉ်းကပ်သွားပြီး တိုက်ခိုက်ပါသည်။ ပျိုးကို ဆူးတောင်များပါသော မေးရိုးဖြင့် နှစ်ဖိုင်းဖြစ်အောင် ဆုတ်ဖြဲလိုက်ပါသည်။

လေဒီဘတ်ဂ်များသည် သူတို့၏ ရန်သူဘေးမှ ကောင်းစွာ ကာကွယ်နိုင်ပါသည်။ သူတို့၏ အနီနှင့်အနက်ခံးကလေး သည် လူတို့၏ မျက်စိပသာဒ ဖြစ်သကဲ့သို့ ချဉ်းကပ်လာမည့် သားစားသတ္တဝါအတွက်လည်း သတိပေးချက်တစ်ရပ် ဖြစ်ပေသည်။ သူတို့ နောင်တရသွားစေမည်။

ငှက် သို့မဟုတ် အခြား သတ္တဝါတစ်ကောင်က တိုက်ခိုက်မည်ဆိုလျှင် လေဒီဘတ်ဂ်သည် ခြေထောက်အဆစ်များက အဆိပ်များ ထုတ်လိုက်ပါသည်။ တိုက်ခိုက်သော သတ္တဝါသည် လေဒီဘတ်ဂ်၏ သွေးမှ ခါးသက်သောအရသာ ခံစားပြီး လေဒီဘတ်ဂ်ကို ထွေးထုတ်လိုက်ပါသည်။ အနှံ့နှင့်အနှစ် အတောင်ပံကိုတွေ့လျှင် စားစေးရှောင်ရှန် အသားစားသတ္တဝါများ သိရှိသွားပေတော့သည်။

အခြား သားစားသတ္တဝါများရန်မှ ကာကွယ်နိုင်သော သားစားသတ္တဝါဖြစ်သည့် လေဒီဘတ်ဂ်များသည် ပြည့်စုံသော အင်းဆက်ပိုး၏ ဘဝကို ရရှိခံစားရမည်ဟု ထင်ရသော်လည်း သူတို့၏ ခန္ဓာကိုယ်ထဲတွင် ဥများကို ဥချသော နကျယ်ကောင် (Wasp) များအတွက်မူ မဟုတ်နိုင်ပါ။

နကျယ်ကောင်များထဲတွင် Dindcampus Coccinellae သည် အရွယ်ပမာဏအားဖြင့် အိုင်စ်ခရင် အစက်ငယ်ခန့် ရှိပါသည်။ ဥချရန် အဆင်သင့်ဖြစ်နေသော နကျယ်ကောင် အမသည် လေဒီဘတ်ဂ် တစ်ကောင်အနီး ဆင်းသက်လာပြီး လေဒီဘတ်ဂ်၏ အောက်ပိုင်းကို ဆူးစွန် (Stinger) ဖြင့်



မြင်းမွေးတုတ်ကောင် : PARAGORDIUS VARIUS

ပုရစ် : ACHETA DOMESTICUS

ပုရစ်သည် သူ၏ဆန္ဒနှင့် အသက်ကို မြင်းမွေးတုတ်ကောင်အား ပေးအပ်လိုက်ရပါသည်။ ပုရစ်သည် အင်းဆက်အသေကောင်များကို စားသောက်နေစဉ် တုတ်ကောင်သားလောင်းများသည် ပုရစ်၏ခန္ဓာကိုယ်ထဲသို့ ဗောက်ဝင်သွားပြီး ထိုအထဲတွင် ကြီးပြင်းကြပါသည်။ ပုရစ်သည် ကုန်းနေသတ္တဝါဖြစ်ပြီး တုတ်ကောင်၏ သက်ကြီးကောင်အသင့်သည် မြေ့ နေပါသည်။ ထို့ကြောင့် ရုတ်ချက်လာသော သက်ကြီးကောင်ပြစ်ရန် အသင့်ရှိသောအခါ သူ၏ လက်ခံကောင်ဝိုင်းနှာက်ကို ပြောင်းလဲစေပါသည်။ ထိုအခါ ပုရစ်သည် လုံးဝမြစ်တ်ချရသော ကုန်းမြေကိုရွှင့်လွှတ်ပြီး အနီးဆုံးရေကန်ရှိ ထထဲသို့ ခေါက်ကိုယ်ခေါ် သေကြောင်းကြံသကဲ့သို့ ခိုင်ဝင်ထိုးသင်းပါတော့သည်။ ပုရစ် ရေနစ်သေဆုံးသောအခါ သက်ကြီးကောင်အသင့် တုတ်ကောင်ထွက်လာပါသည်။ ၎င်း၏အလှူးမှာ တစ်ခါတစ်ရံ တစ်ပေအထိ ရှည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အလျင်အမြန်ထိုးဖောက်ကာ ဥများကို ဓာတုပစ္စည်းတစ်မျိုးနှင့်အတူ ထိုးသွင်းလိုက်ပါသည်။ ဥများပေါက်သောအခါ သားလောင်းများသည် လေဒီဘတ်ဂ် ခန္ဓာကိုယ်တွင်းရှိ အရည်များကို စားသုံးပါသည်။

လေဒီဘတ်ဂ်သည် တဖြည်းဖြည်း ဝါးမျိုစားသောက်ခြင်း ခံနေရသော်လည်း ပြင်ပခန္ဓာကိုယ်မှာ ပြောင်းလဲမှုရှိသည်ဟု မထင်ရပါ။ ပျိုးများကို ဆက်လက်တိုက်ခိုက်နေဆဲဖြစ်ပါသည်။ သို့ရာတွင် သူ၏ သားကောင်ကို အစာချေပြီး သောအခါတွင် ကပ်ပါးပိုးများသည် အာဟာရကိုစားသုံးပြီး အတွင်းတွင် ကြီးပြင်းလာကြပါသည်။ ရက်သတ္တ သုံးပတ်မှ ကြာသောအခါ သားလောင်းများသည် လက်ခံကောင်ကို စွန့်ခွာပြီး သက်ကြီးကောင်အဖြစ် ရောက်ရှိနိုင်သည်အထိ ကြီးထွားလာပါသည်။ လေဒီဘတ်ဂ်၏ ပြင်ပခန္ဓာကိုယ် အရိုးစနစ် (Exoskeleton) ၏ အထဲမှ တွန့်လိမ်ထိုးထွက်လာပါသည်။

ယခုအချိန်တွင် လေဒီဘတ်ဂ်၏ ခန္ဓာကိုယ်သည် ကပ်ပါးကောင်များ ကင်းစင်သွားပြီဖြစ်သော်လည်း သူ၏ စိတ်မှာ မလွတ်လပ်သေးပါ။ နက္ခယ်ကောင်၏ သားလောင်းများသည် သူတို့ကိုယ်သူတို့ ပိုးမွှေးများရစ်ပတ်ပြီး ၎င်းတို့အောက်တွင် ပိုးအိမ် (Cocoon) မှည့်သောအခါ လေဒီဘတ်ဂ်သည် မလှုပ်ရှားဘဲ နေရပါတော့သည်။

နက္ခယ်ကောင် အနေနှင့်ဆိုလျှင် ကောင်းသော တိုးတက်ဖွံ့ဖြိုးမှု ဖြစ်သည်။ ကြီးထွားနေသော D. Coccinellae နက္ခယ်ကောင်သည် ပိုးအိမ်ထဲတွင်နေစဉ် အလွန်အကျွံ အန္တရာယ်များပါသည်။ လေ့စ်ဝင်း (Lacewing) သားလောင်းများနှင့် အခြားအင်းဆက်ပိုးများသည် ပျော်ရွှင်စွာ ဝါးမျိုစားသောက်ကြပေမည်။ သို့ရာတွင် အကယ်၍ ထိုသားစားသတ္တဝါ တစ်ကောင်ကောင် ချဉ်းကပ်လာမည်ဆိုလျှင် လေဒီ

အိုဝီယိုကော်ဒီဆက် ပို့ : ' PHIOCORDYCEPS SPP

အဝေဒုန် ပရွက်ဆိတ် : ' NOPONERA LONGIPES

အလိုဂျက်ကို ဂျက်သီးသော အိုဝီယိုကော်ဒီဆက် ပို့၏ ဒုက္ခပေးခြင်းခံရသော ပရွက်ဆိတ်မှာ သနားစရာကောင်းလှသည်။ ပို့၏ စပိုး ငေါ် ပျို့ဥများသည် ပရွက်ဆိတ်ကို ကိုယ်ပေါ်သို့ ကျရောက်လွှားသောအခါ သူတို့သည် ပြင်းအစိုးအစွဲအရည်းကို ကောက်ကာ ဦးနောက်ထဲသို့ ဝင်ရောက်လွှားပါသည်။ ရို့သည် ပရွက်ဆိတ်အား ပုံမှန်ကျက်စားရာပြစ်သော ခြေမြင်းကို စွန့်ခွာ၍ သစ်ပင်ပေါ်ကက်ရန် လှုံးဆော်ပါသည်။ ပို့များမြည်ဟီး ပေါက်ကွဲလျှံကြဲနေသော ပရွက်ဆိတ်သည် သေခါနီးအချိန်တွင် သူကိုယ်သူ သစ်ရွက် (သို့) အခြားမျက်နှာပြင် တစ်ခုတွင် ချည်နှောင်ထားလိုက်ပါသည်။ ပို့အစုအဝေးသည် ပရွက်ဆိတ်၏ အကာအရွယ်မှ ပေါက်လွှားသောအခါ ထိုးများကို အောက်တွင်ရှိသော ပရွက်ဆိတ်များပေါ်သို့ ပို့ချသကဲ့သို့ လုပ်ငန်းစဉ်အသစ် ထပ်မံပြစ်ပေါ်စေပါသည်။

www.burmeseclassic.com

ဘတ်ဂ်၏ ခြေထောက်များ လူပ်ရှားပြီး တိုက်ခိုက်လာသူတို့အား ခြောက်လှန့်ထွက်ပြေးစေပါသည်။ ထို့ကြောင့် ၎င်းသည် ကပ်ပါးကောင်၏ သက်တော်စောင့် ဖြစ်လာသည်။

ထိုကဲ့သို့ သစ္စာရှိစွာ တစ်ပတ်ခန့်နေပြီးသောအခါ သက်ကြီးကောင် နကျယ်သည် မေးရိုးဖြင့် ပိုးအိမ်ကို ဖြတ်တောက်၍ တွားထွက်လာပြီးနောက် ပျံသန်းသွား[illegible]မည်။ ထို့နောက်တွင်မူ လေဒီဘတ်ဂ် ပုပ်ကောင် (Zombie) အများစုမှာ သေဆုံးရရှာသည်။ သူတို့၏ ကပ်ပါးကောင်များအတွက် ဆောင်ရွက်ရန်ကိစ္စ ပြီးစီးပေတော့သည်။

ဤဆိုးရွား ယုတ်မာလှသော မြင်ကွင်းကို ဇာတ်ညွှန်းရေးသူက လုံးဝ လက်ခံမထားပါ။ မြောက်အမေရိကတိုက်၏ နေရာအများအပြားတွင် နကျယ်ကောင်များသည် အိမ်နောက်ဘက် မြံမြေများ၊ ကွက်လပ်များ၊ ယာခင်းများနှင့် ပန်းရိုင်းများပွင့်သော မြက်ခင်းပြင်များတွင် လေဒီဘတ်ဂ်များကို သက်စောင့် ဖုတ်ကောင်များအဖြစ်သို့ ပြောင်းလဲပေးနေကြပါသည်။

သို့မဟုတ် အစက်အပြောက်များပါသော ပိုးတောင်မာသည် သီးခြားဖြစ်ပါသလော။ သိပ္ပံပညာရှင်များက အလားတူဖြစ်ရပ်များသည် အင်းဆက်များမှ ငါးနှင့် နို့တိုက်သတ္တဝါအထိ လက်ခံကောင်များတွင် ထိုကဲ့သို့ဖြစ်နေကြောင်း တွေ့ရှိလာကြပါသည်။ သူတို့သည် သူတို့၏ သေတွင်းသို့ သူတို့တွန်းပို့လျက်ရှိသော အခြေအနေမှာပင် ကပ်ပါးကောင်များအတွက် အမှုထမ်းကြပါသည်။ သဘာဝကမ္ဘာကြီးတွင် တစ်ခုတည်းသော မေးခွန်းသည် အကြိမ်ကြိမ်ပေါ်ထွက်ခဲ့ပါသည်။

အဘယ်ကြောင့် သက်ရှိသတ္တဝါ တစ်ကောင်သည် မိမိဘဝ ရှင်သန်နေထက် အနှောင့်အယှက်ပေးသူ ရှင်သန်ရန် လုပ်ဆောင်ပေးကြသနည်း။

သက်တော်စောင့်ကဲ့သို့ တာဝန်ထမ်းဆောင်ခြင်းသည် လက်ခံကောင်က ကပ်ပါးကောင်အတွက် ဆောင်ရွက်သည့် တစ်ခုတည်းသော ကာကွယ်မှုစနစ် ဖြစ်ပါသည်။ ဘန်ဘယ်များ (Bumble Bee) ကို ရောဂါဖြစ်စေသော ယင်ကောင်သည် ပိုးတုံးလုံး (Pupa) ဘဝသို့ မကူးပြောင်းမီ အချိန်ဖြစ်သော ဆောင်းဦးပေါက်ကာလတွင် ထိုပျားတို့အား မြေကြီးထဲသို့ တူးဝင်စေပါသည်။ မြေကြီးထဲတွင် ယင်ကောင်သည် သားစာသတ္တဝါတို့၏ ရန်ကို ကာကွယ်နိုင်ယုံမျှမက၊ အေးလှသော ဆောင်းဥတုကိုလည်း ကာကွယ်နိုင်ပါသည်။

ကိုစကာရီကာ နိုင်ငံတွင် ကမ္ဘာလုံးပုံစံ ပိုးအိမ် ရက်လုပ်သော ပင့်ကူ (Leucauge Argyra) သည် နကျယ်ကောင်တစ်မျိုး ဖြစ်သော (Hymenoepimecis Argyraphaga) အတွက် နေရာပေးနိုင်ရန် ခန္ဓာကိုယ် အလွန်အကြွေး ရှည်လျားသွားပါသည်။ နကျယ်ကောင် အမသည် လက်ခံကောင်၏ ကိုယ်တွင် ဥများကို အစေးဖြင့် တွယ်ကပ်စေပါသည်။ သားလောင်းများ ပေါက်လာသောအခါ ၎င်းသည် ပင့်ကူ၏ ဝမ်းဗိုက်ပိုင်းတွင် အပေါက်ငယ်များဖောက်၍ သွေးစုပ်ပါသည်။

နှစ်ပတ်ခန့်အကြာ သားလောင်းမှာ အကြီးဆုံးအရွယ်ရောက်သောအခါတွင် ပင့်ကူသည် သူ၏ပင့်ကူအိမ်ကို စုတ်ဖြဲဖျက်ဆီးပြီး ပုံသဏ္ဌာန်မတူသော အိမ်အသစ်ကို ဆောက်လုပ်ရပါသည်။ ယခင်က အင်းဆက်ပိုးများဖမ်းရန် အမျှင်များသော ပုံစံမှ အလယ်ပိုင်း[illegible] ထူထဲသည့် ကြိုးမျှင်အနည်းငယ်သာ ပါဝင်ရပါသည်။

လက်ခံကောင်ကို ခြောက်ခန်းသည်အထိ စုပ်ယူပြီးသောအခါ သားလောင်းသည် ကြိုးမျှင်တစ်ချောင်းနှင့်တစ်ချောင်း ဆက်စပ်နေသောနေရာမှ အမျှင်ငယ်များဖြင့် ပိုးအိမ် (Cocoon) ကို ရစ်ဖွဲ့ပါသည်။ ပိုးအိမ်သည် လေထဲတွင် လွင့်မျောနေသဖြင့် သားစာသတ္တဝါများ ဖမ်းယူရန် မဖိနှိပ်ချေ။

ကပ်ပါးကောင်များသည် လက်ခံကောင်၏ ခန္ဓာကိုယ်အတွင်း နေထိုင်စဉ်တွင် သူတို့အား ကာကွယ်ရန် လက်ခံကောင်ကို ဆွဲဆောင်ပါသည်။ ငှက်ဖျားရောဂါကို ဖြစ်ပွားစေသည့် ပရိုတိုဇွ တစ်မျိုးဖြစ်သော ပလပ်စမိုးဒီးယား (Plasmodia) သည် လူခန္ဓာကိုယ်ထဲ မရောက်မီ ဘဝဖြစ်စဉ်၏ ပထမပိုင်း အဆင့်ဆင့်ကို ခြင်ထဲတွင် ဖြစ်ပေါ်ခဲ့ပါသည်။ ခြင်သည် အသက်ရှင်ရန် သွေးစုပ်ရန် လိုအပ်ပါသည်။ သို့ရာတွင် ထိုအပြုအမူသည် ကပ်ပါးကောင်ကိုလည်း အန္တရာယ်ဖြစ်စေနိုင်ပါသည်။

အကြောင်းမှာ ခြင်ကိုက်၍ စိတ်အနှောင့်အယှက်ဖြစ်သော လူသားသည် ခြင်ကို လက်ဖြင့်ခြေမွပစ်နိုင်ပါသည်။ ထိုအခါ Plasmodia သည် လူခန္ဓာကိုယ်အတွင်းတွင် ဆက်လက် ရှင်သန်ရန် အခွင့်အရေးမရှိတော့ချေ။ ထိုအန္တရာယ်ကို လျှော့ချရန်မှာ ကပ်ပါးသည် ခြင်ခန္ဓာကိုယ်ထဲတွင် ရှိနေစဉ် ခြင်၏သွေးကို လူပ်ရှားမှု နည်းစေပါသည်။ ခြင်သည် များများစားစား မကိုက်တော့သည့်အပြင် စုပ်ယူရန် သွေးအိုင်ငယ် မတွေ့ပါက အလျင်အမြန် ရှောင်ထွက်သွားတတ်ပါသည်။

ပလပ်စမိုးဒီးယမ်း (Plasmodium) သည် လူသားလက်ခံကောင်အတွင်းသို့ ဝင်ရောက်ရန် ဖွံ့ဖြိုးပြီးချိန်တွင် သူက ခြင်၏ အပြုအမူကို ပြောင်းပြန်အကျိုး သက်ရောက်ရန် ဖန်တီးပြုလုပ်လေသည်။ အခုချိန်တွင် ခြင်သည် အလွန်ရောင့်လာပြီး ဆင်ခြင်တုံတရား ကင်းမဲ့လာသည်။ ညစဉ်ညတိုင်း လူများများကိုက်ပြီး ဝိုက်ပြည့်နေသည့်တိုင် ထပ်ကာထပ်ကာ သွေးစုပ်ချင်ပါတော့သည်။ အကယ်၍ လူ၏လက်ဖြင့် ခြင်သေဆုံးသွားပါက အကြောင်းမဟုတ်တော့ပါ။ ပလပ်စမိုးဒီးယမ်းက ရှေ့ဆက်သွားပေတော့မည်။

ပလပ်စမိုးဒီးယမ်းသည် ဘဝဖြစ်စဉ် နောက်ထပ် အဆင့်ရောက်ရန် ပုံမှန်အပြုအမူနှင့် လူပ်ရှားနေစဉ်တွင်

www.burmeseclassic.com

www.burmeseclassic.com

အခြားကပ်ပါးကောင်များသည် ပိုမိုသိသာ ထင်ရှားသော ပြောင်းလဲမှုကို ပြကြပါသည်။ မကြာခဏဆိုသလို သေဆုံးစေသည်အထိ ဖြစ်သည်။

ဥပမာအားဖြင့် ကီလီငါး Killi-Fish) များသည် ငါးဖမ်းသော ဒုက်များရန်မှ ကင်းဝေးရန် ရေမျက်နှာပြင်နှင့် ဝေးဝေးနေတတ်ကြပါသည်။ သို့ရာတွင် ဖလူ (Fluke) ခေါ် တုတ်ပြားကောင် (Flatworm) ရောဂါ ရှိလာလျှင် ထိုငါးများသည် အချိန်များများ ရေမျက်နှာပြင်အနား နေကြပါသည်။

တစ်ခါတစ်ရံ ငွေရောင်တောက်ပသော ဝမ်းဗိုက်ပေါ် စေရန် လူးလှိမ့်ကြပါသည်။ ရောဂါပိုးရှိသော ကီလီငါးသည် ကျန်းမာသော ငါးထက် ဖမ်းဆီးစားသောက်ခြင်း ခံရရန် အလားအလာ များစွာရှိလေသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဒွက်၏ အူထဲတွင် ကပ်ပါးကောင် ဖွံ့ဖြိုးပြီး မျိုးဆက်ပွားရန် လိုအပ်သောကြောင့် ဖြစ်လေသည်။

လူ့လိအများဆုံးဖြစ်သော ဦးနှောက်စားစေသည့် ကပ်ပါးကောင်မှာ အလားတူ ကျွဲမ်းကျင်စွာ ကိုင်တွယ်မှုကို မြေပေါ်တွင် ပြုလုပ်ပါသည်။ အခြားနို့တိုက်မွေးမြူသော သတ္တဝါမျိုးစိတ်များနှင့်အတူ ကြွက်များသည်လည်း ဒွက်ဖျားရောဂါဖြစ်စေသော ပလပ်စမိုးဒီးယားနှင့် အလားတူ ကလာပ်စည်း တစ်ခုသာရှိသည့် တော်စိုပလစ်စမာ (Toxoplasma Gondii) ၏ ကူးစက်မှု ခံရပါသည်။ ကပ်ပါးကောင်သည် လက်ခံကောင်၏ ဦးနှောက်ထဲတွင် ထောင်ပေါင်းများစွာသော အရည်အိတ် (Cyst) များ ဖြစ်ပေါ်စေနိုင်ပါသည်။

သူ၏ ဘဝဖြစ်စဉ် နှောက်တစ်ဆင့်ဖြစ်ရန် တော်စိုပလာစမာသည် ကြောင်၏ အူသိမ်အတွင်း ဝင်ရောက်ရန် လိုအပ်ပါသည်။ တော်စိုပလာစမာတွင် ကြွက်၏ဦးနှောက်မှ ကြောင်၏ အူအတွင်း သွားရောက်ရန် နည်းလမ်းမရှိပါ။ သို့ရာတွင် ထိုကြွက်ကို ကြောင်က စားလိုက်လျှင် ကပ်ပါးကောင် မျိုးပွားနိုင်ပေတော့သည်။

တော်စိုပလာစမာ ကူးစက်ခံရသော ကြွက်သည် ကြောင်၏အနံ့ကို ကြောက်တစ်မှုမှာ ပုံမှန်ထက် လျော့နည်းသွားကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ပါသည်။ စင်စစ်အားဖြင့် ရောဂါရှိသော ကြွက်များသည် ကြောင်၏ ကျင်ငယ်အနံ့ကို စိုးရိမ်စိတ်ရှိမှု ကျဆင်းလာပြီး ကြောင်လက်သည်းအောက် အသက်မျောက်ရန် လွယ်ကူပါတော့သည်။ ဤနည်းဖြင့် အဆင်မပြေမှု ဖန်တီးကာ တော်စိုပလာစမာ၏ ဘဝဆက်လက်ရှင်သန်ပါတော့သည်။

ဆင့်ကဲဖြစ်စဉ် လေ့လာသော ဇီဝဗေဒပညာရှင် များအား ပဟေဠိဖြစ်လောက်အောင် ထွန်းခြင်း (Mutation) နှင့် သဘာဝရွေးချယ်မှု (Natural Slection) က လျှို့ဝှက်သော အစွမ်းသတ္တိများ ရရှိစေပါသနည်း။

ထွန်းခြင်း ဆိုသည်မှာ မျိုးရိုးစဉ်ဆက် ပုံသဏ္ဌာန်နှင့် ခြားနားသော လက္ခဏာပေါ်ပေါက်ခြင်း ဖြစ်ပါသည်။ ဥပမာ - မျိုးရိုးစဉ်ဆက် လူမည်းမိသားစုမှ လူဖြူမွေးဖွားခြင်း။ ပန်းပွင့်များ အရောင်ပြောင်းလဲခြင်း စသည်တို့ ဖြစ်သည်။ သဘာဝရွေးချယ်မှု ဆိုသည်မှာ ရာသီဥတု ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော မျိုးစိတ်များသာ ဆက်လက်ရှင်သန်စေခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂဲမွှာကြီးတွင် ရာသီဥတုများ ပြောင်းလဲသွားသောအခါ ဒိုင်နိုဆောများ မျိုးသုဉ်းပျောက်ကွယ်သွားကြပါသည်။ ဘာသာပြန်သူ]

စဉ်းစားစရာကောင်းသော အယူအဆ တစ်ရပ်မှာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် တစ်ကိုယ်ကောင်းဆန်သော မျိုးရိုးဗီဇ (The Selfish Gene) စာအုပ် ရေးသားသူ ဇီဝဗေဒပညာရှင် ရစ်ချက်ဒေါ်ကင် (Richard Dawkins) မှ တင်ပြခဲ့ပါသည်။

ဒေါ်ကင်၏ စာအုပ်တွင် မျိုးရိုးဗီဇ (Gene) များသည် သူတို့၏ ပိုမိုကောင်းမွန်သော မျိုးရိုးဗီဇများ မိတ္တူပွားရန် ဆင့်ကဲဖြစ်စဉ်အရ တိုးတက်ပြောင်းလဲလာပါသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ကျွန်ုပ်တို့အတွက် အရေးကြီးပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ မျိုးရိုးဗီဇအမြင်တွင် နောက်မျိုးဆက်သစ်ထံ ကူးပြောင်းရန် ယာဉ်ရထားမျှသာ ဖြစ်ပါသည်။

သင်နှင့် ကျွန်ုပ်၏ တစ်ကိုယ်လုံးကို ပြုပြင်ဖန်တီးထားသော မျိုးရိုးဗီဇ အစုအဝေးကို မျိုးရိုးဗီဇပုံစံ (Genotype) ဖြစ်ပါသည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများနှင့် ဆောင်ရွက်ချက်များကို မျိုးရိုးဗီဇပုံစံက ဖန်တီးလိုက်သော သင် သို့မဟုတ် ကျွန်ုပ်သည် ရုပ်သွင်ပုံစံ (Phenotype) ဖြစ်ပါသည်။

ဒေါ်ကင်၏ အဆိုအရ ကျွန်ုပ်တို့၏ ရုပ်သွင်ပုံစံကို ခန္ဓာကိုယ်၏ အနားစွန်းဖြင့် ကန့်သတ်ထားရန် မလိုပါ။ ရုပ်သွင်ပုံစံတွင် မျိုးရိုးဗီဇကြောင့် ဖြစ်ပေါ်သော အမူအကျင့်များ ပါဝင်ပါသည်။ ဗီဗာပျံတစ်ကောင်၏ မျိုးရိုးဗီဇသည် သူ၏အိုးမှား၊ ကြွက်သားများနှင့် အမွေးများကိုသာ သတ်မှတ်ထားသည် မဟုတ်ပါ။ သစ်ပင်များကို ကိုက်ဖြတ်ပြီး ဆည်တမံပြုလုပ်ရန်အတွက်လည်း ဦးနှောက်ကို လမ်းညွှန်ပေးပါသည်။ ဆည်တမံ ပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရေကန်ကြောင့် ဗီဗာပျံသည် အကျိုးများစွာ ရှိပါသည်။ သားစားသတ္တဝါများသည် ထိုပျံကွင်းကို တိုက်ခိုက်ရန် ခက်ခဲပါသည်။

အဓိကယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်ထက် ပို၍နက်သော ရေပြင်ကြောင့် ဖြစ်သည်။ အကယ်၍ ဗီဗာအား ပိုမိုကောင်းမွန်သော ဆည်တမံ ပြုလုပ်စေရန် မျိုးရိုးဗီဇထွန်းခြင်း ဖြစ်ပေါ်စေပါက ဖြစ်လာသော ရုပ်သွင်ပုံစံသည် ပို၍ အသက်ရှင်သန်နိုင်ပြီး ပျမ်းမျှအားဖြင့် သားမျိုးများ ပေါက်ပွားပေမည်။ ထို့ကြောင့် မျိုးဆက်များစွာတွင် ထွန်းခြင်းသည် မကြာခဏ ဖြစ်ပေါ်လာရပါသည်။ ဆင့်ကဲဖြစ်စဉ် (Evolution)

www.burmeseclassic.com

www.burmeseclassic.com

အမြင်ဖြင့်ကြည့်လျှင် ဆည်တမံနှင့် ဖန်တီးခဲ့သော ရေအိုင်သည် ဗီဗာ၏ မျိုးရိုးဗီဇသည် ခန္ဓာကိုယ်ထဲသို့ ကြီးထွားကျယ်ပြန့်လာခြင်း ဖြစ်ပေသည်။

ဒေါ်ကင် စဉ်းစားတွေးတောသည်မှာ မျိုးရိုးဗီဇ (Gene) သည် ရုပ်ဝတ္ထုကမ္ဘာကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ပြုပြင်နိုင်လျှင် အခြား သားစားသက်ရှိ သတ္တဝါတစ်ကောင်ကောင်ကို ကိုင်တွယ်ပြုပြင်နိုင်မည်လော။ ဒေါ်ကင်က ဖြစ်နိုင်သည်ဟု ငြင်းချက်ထုတ်ပါသည်။ သူက ကပ်ပါးကောင်ကို စံနမူနာပြ ဥပမာအဖြစ် ထောက်ပြပါသည်။

လက်ခံကောင်၏ အပြုအမူကို ထိန်းကျောင်းနိုင်သည့် ကပ်ပါးကောင်၏ အရည်အချင်းသည် မျိုးရိုးဗီဇတွင်းသင်္ကေတများရှိပါသည်။ အကယ်၍ မျိုးရိုးဗီဇ တစ်ခု ထွန်းခြင်းဖြစ်၍ ပြုပြင်ပြောင်းလဲသွားလျှင် လက်ခံကောင်၏ အပြုအမူ ပြောင်းလဲသွားပေမည်။

ပြောင်းလဲမှုအပေါ် မူတည်၍ ထွန်းခြင်းသည် ကပ်ပါးကောင်အား အကူအညီ ပေးချင်ပေးမည်။ ဒုက္ခပေးချင် ပေးပေမည်။ အကယ်၍ တုပ်ကွေးဖြစ်စေသော ဗိုင်းရပ် (Flu Virus) သည် ဗီဇပြောင်းလဲသွားသောအခါ သားကောင်မှာ တခြားလူများနှင့် ကင်းကွာစေကာ အစာတော်၍ သေဆုံးရပါသည်။ ထိုအခါ ဗိုင်းရပ်ထည် အခြားလက်ခံကောင်ကို ပုံ့ပွားကူးစက်ရန် မလွယ်ကူပေ။ ထို့နောက် ထိုဗိုင်းရပ်သည် ဗိုင်းရပ်လောကမှ ပျောက်ကွယ်သွားပေမည်။ ကပ်ပါးတစ်ကောင်၏ မျိုးရိုးဗီဇ ပြောင်းလဲပုံသည် လက်ခံကောင်အား ပိုမိုကောင်းမွန်စေသော နည်းမှာ ပို၍ အဖြစ်များပါသည်။

ဥပမာအားဖြင့် လက်ခံကောင် လေဒီဘတ်ဂ်ကို သက်တောင့်သက်သာဖြစ် ပြောင်းလဲစေသော နကျယ်ကောင်၏ မျိုးရိုးဗီဇ ပြောင်းလဲခြင်းဖြစ်ပေါ်လျှင် မျိုးဆက်ကို ထိန်းသိမ်းသော သားလောင်များ ပွားများလာပေမည်။ အဘယ်ကြောင့်ဆိုသော် သားစားသတ္တဝါများကြောင့် သေဆုံးမှု နည်းပါးသွားသောကြောင့် ဖြစ်သည်။

ဒေါ်ကင်သည် သူ၏ စိတ်ကူးကို ၁၉၈၂ ခုနှစ် ထုတ်ဝေသော သူ၏စာအုပ်ဖြစ်သော ကျယ်ပြန့်လာသည့် ရုပ်သွင်ပုံစံ (The Extended Phenotype) တွင် ပထမဦးဆုံး ဖော်ထုတ်ခဲ့ပါသည်။ မည်သည့်ရှုထောင့်ကမဆို ထိုစာအုပ်သည် အလွန်ခေတ်ရှေ့ရောက်နေပါသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် သိပ္ပံပညာရှင်များသည် လက်ခံကောင်၏ အပြုအမူကို ကိုင်တွယ်ပြုပြင်သော, ကပ်ပါးကောင်အချို့ကို သေသေချာချာ လေ့လာကြပါသည်။ အကယ်၍ ထိုတွေးဆချက် (Hypothesis) သာ မှန်ကန်မည်ဆိုလျှင် လက်ခံကောင်၏ အပြုအမူကို ထိန်းချုပ်သည့် မျိုးရိုးဗီဇကို ပြုပြင်နိုင်သော မျိုးရိုးဗီဇတစ်မျိုးသည် ကပ်ပါးကောင်တွင် ရှိနေရမည်။

(၃၂)နှစ် ကြာသောအခါ သိပ္ပံပညာရှင်များသည် ကပ်ပါးကောင်၏ စိတ်ကို ထိန်းချုပ်မှုအကြောင်း လျှို့ဝှက်ချက်ကို နောက်ဆုံးဖော်ထုတ်နိုင်ခဲ့ပါသည်။ ဘင်ဂူရီယန်တက္ကသိုလ်မှ ဖရက်ဒရစ်လစ်ဗာဆက် (Frederic Libersat) နှင့် သူ့အဖွဲ့သည် ကျောက်မျက်ရတနာ နကျယ်ကောင် (Ampulex Compressa) တိုက်ခိုက်မှုကို ခွဲစိတ်လေ့လာကြပါသည်။

နကျယ်ကောင်သည် ပိုးဟပ်ကို ထိုးဖောက်လိုက်ပြီး ဖုတ်ကောင်အဖြစ် ပြုပြင်လိုက်ပါသည်။ နကျယ်ကောင်သည် ပိုးဟပ်ကို ဆေးမိစေပြီး သူ၏ စမ်းသပ်မွေးမြူင်ကို အသုံးပြုကာ မြေတွင်းတူးစေပါသည်။ ပိုးဟပ်သည် ကောင်းစွာ လှုပ်ရှားနိုင်ပါသည်။ သို့သော် သူ့ဆန္ဒအတိုင်း ပြုမူလှုပ်ရှားရှုန် ကိစ္စသာ ချို့ယွင်းနေပါသည်။ နကျယ်ကောင်သည် ပိုးဟပ်၏ အောက်တွင် ဥများ ဥချပါသည်။ ထို့နောက် ပိုးဟပ်သည် ထိုနေရာတွင်ပင် ရပ်နေပါသည်။ နကျယ်ကောင် ဥများမှ သားလောင်းများ ပေါက်လာသောအခါ ပိုးဟပ်၏ ဝမ်းဗိုက်ကို တူး၍ ဝင်သွားပါသည်။

နကျယ်ကောင်သည် သားကောင်ကို လွှမ်းမိုးသော လျှို့ဝှက်ချက်မှာ အဘယ်နည်း။ ဘစ်ဘာဆက်နှင့် လုပ်ဖော်ကိုင်ဖက်များသည် နကျယ်ကောင်က မြွေကိုက်သကဲ့သို့ အဆိပ်များကို ပိုးဟပ်ဦးနှောက်ထဲထိုးသွင်းပါသည်။ ထိုအဆိပ်များသည် သွားလာလှုပ်ရှားမှုကို ထိန်းချုပ်သော အစိတ်အပိုင်းသို့ အာရုံခံ၍ သွားကြပါသည်။

နကျယ်ကောင်သည် ပိုးဟပ်၏ နာဇီကြောမျှင်များကို နာဇီကြောအာရုံဆုတ်လွှင့်သော ဓာတုပစ္စည်းများစွာနှင့် ဖုံးလွှမ်းစေပါသည်။ ထိုဓာတုပစ္စည်းများသည် စိတ်ကို အကျိုးသက်ရောက်စေသော ဆေးဝါး (Psychoactive Drug) ကဲ့သို့ အလုပ်လုပ်ပါသည်။ လစ်ဘာဆက်၏ စမ်းသပ်မှုက အကြံပြုသည်မှာ ထိုဓာတုပစ္စည်းများသည် အန္တရာယ်ကို တုံ့ပြန်သော နာဇီကြောမျှင်များ၏ လှုပ်ရှားဆောင်ရွက်မှုကို ပြင်းထန်စွာ လျော့နည်းစေသည်။ ထို့ကြောင့် နာဇီကြော၏ တုံ့ပြန်မှုဖြင့် ပိုးဟပ် မလွတ်မြောက်နိုင်တော့ပါ။

သိပ္ပံပညာရှင်များသည် ကျောက်မျက်ရတနာ နကျယ်ကောင် (Jewel Wasp) ၏ နာဇီကြောခွဲစိတ်မှုကို အံ့သြလောက်သော အသေးစိတ်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ သို့ရာတွင် အပြည့်အဝ ဖြေရှင်းနိုင်ရန် များစွာဝေးကွာနေသေးသည်။ နကျယ်ကောင်၏ အဆိပ်တွင် တိကျသေချာသော ဓာတုပစ္စည်း အများအပြား ပါဝင်နေပါသည်။

ထို့ပြင် လစ်ဘာဆက်နှင့် အဖွဲ့သည် ပိုးဟပ်၏ အပြုအမူကို မည်သည့်ဓာတုပစ္စည်းက ထိန်းချုပ်၍ မည်သို့မည်ပုံ အကျိုးသက်ရောက်သနည်း ဆိုသည် ဆုံးဖြတ်ရပေဦးမည်။ မည်သို့ဆိုစေ ယခုအထိ သုတေသနပြုချက်များသည် ဒေါ်ကင်၏ ကျယ်ပြန့်လာသော ရုပ်သွင်ပုံစံ နိယာမနှင့် အပြည့်အဝ ညီညွတ်နေပါသည်။ မျိုးရိုးဗီဇ (Gene) သည်

www.burmeseclassic.com

www.burmeseclassic.com

အဆိပ်၏ မော်လီကျူးကို သင်္ကေတပြုထားပြီး ပိုဟပ်နှင့် နက္ခယ်ကောင် အသက်ရှင်မှုနှင့် နက္ခယ်ကောင် အငယ်များကို ကောင်းသော စောင့်ရှောက်မှုပေးပါသည်။

အနည်းငယ်မျှသော ကိစ္စရပ်တို့တွင် လက်ခံကောင်၏ အပြုအမူကို ထိန်းချုပ်နိုင်သော မျိုးရိုးဗီဇကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ကြသည်။

ဥပမာအားဖြင့် ဂျစ်ပစီဖလံ (Gypsy Moth) ၏ ခူကောင်နှင့် အခြားလိပ်ပြာနှင့် ဖလံမျိုးစိတ်များစွာကို ရောဂါရစေသော ဘာကူလိုဗိုင်းရပ် (Baculo Viruses) ကို လေ့လာကြည့်နိုင်သည်။ ကပ်ပါးကောင်ဗိုင်းရပ်သည် လက်ခံကောင်၏ ကလာပ်စည်း (Cell) အတွင်း ကျူးကျော်ဝင်ရောက်ကာ ဗိုင်းရပ်အသစ်များ ပွားများရန် အဝိုင်စီးလိုက်ပါသည်။ အပြင်ပန်းတွင် ခူကောင်မှာ ပုံမှန်အတိုင်းဟု ထင်ရပါသည်။ သို့ရာတွင် သူစားသော အစားအစာမှာ သူ အသားတိုးရန် မဟုတ်ဘဲ ဗိုင်းရပ်များ ပွားများရန်သာ ဖြစ်နေပါတော့သည်။

ဗိုင်းရပ်ပိုးသည် လက်ခံကောင်အား စွန့်ခွာရန် အသင့်ဖြစ်သောအခါ ခူကောင်သည် ထင်ရှားသော ပြောင်းလဲမှု တစ်ရပ်ဖြစ်ပေါ်ပါသည်။ သူတို့၏ တံပြန်မှု မြန်ဆန်လာပြီး မနားမနေ စားသောက်ပေတော့သည်။ ထို့နောက် သူတို့ သစ်ပင်တက်ကြတော့သည်။ သားစားသတ္တဝါများရန်မှ လွတ်ကင်းသော လုံခြုံသည့်နေရာတွင် ရပ်တန့်ရမည့်အစား ထိပ်အထိ တက်သွားပါသည်။ သစ်ပင်ထိပ်ရှိ သစ်ရွက်များ၊ အခေါက်များတွင် နေ့ကာလတွင် ဆက်လက်နေထိုင်ခြင်းဖြင့် သူတို့အား သားစားသတ္တဝါများက အလွယ်တကူ တွေ့မြင်သွားပါသည်။

ဘာကူလိုဗိုင်းရပ်များသည် အင်ဇိုင်း (Enzyme) များစွာ ပါဝင်သော မျိုးရိုးဗီဇကို သယ်ဆောင်ထားကြသည်။ သူတို့ လက်ခံကောင်ကို စွန့်ခွာချိန်ရောက်သောအခါ ခူကောင်၏ ကလပ်စည်းအတွင်းတွင် အချို့သော မျိုးရိုးဗီဇများ တက်ကြွလှုပ်ရှားလာပြီး အင်ဇိုင်းများ ထုတ်လုပ်ပေးပါသည်။ ထိုအင်ဇိုင်းများသည် ခူကောင်အား စေးကပ်သော အကျအခွဲအဖြစ် အရည်ပျော်စေပါသည်။ ခူကောင် အရည်ပျော်သွားသော အခါ ဗိုင်းရပ်များသည် အစုလိုက် အပြုံလိုက်အောက်မှ သစ်ရွက်များပေါ် ကျရောက်သွားပါသည်။ ထို့နောက် ထိုသစ်ရွက်ကို နောက်ထပ် ခူကောင်တစ်ကောင်က ဝါးမျိုစားသောက်လိုက်ပါသည်။ ထိုအကောင်သည် ဗိုင်းရပ်၏ လက်ခံကောင် အသစ် ဖြစ်လာတော့သည်။

ပင်ပြည်နယ် တက္ကသိုလ် (Penn State University) မှ ကယ်လီဟူးဗား (Kelli Hoover) နှင့် ဒေးဗစ်ဟူး (David Hughes) ပါဝင်သော အဖွဲ့က ခူကောင်၏ အမြင့်တက်သော အပြုအမူမှာ ကျယ်ပြန့်လာသော် ရုပ်သွင်ပုံစံ အယူအဆ၏ အလွန်လှုပသော သာဓကတစ်ရပ်ဟု ထင်မှတ်ကြပါသည်။

ဘာကူလိုဗိုင်းရပ်များသည် သူတို့၏ လက်ခံကောင်ကို အမြင့်သို့ တက်စေခြင်းဖြင့် အောက်ပိုင်းရှိ လက်ခံကောင် အသစ်ကို ကူးစက်ရန် အခွင့်အလမ်း ပိုမိုရရှိပေမည်။ ဒေါ်ကင်၏ စိတ်ကူးမှန်၊ မမှန် စမ်းသပ်ရန် မည်သည့်မျိုးရိုးဗီဇက ခူကောင်အား အမြင့်တက်စေသည်ကို ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ဗိုင်းရပ်၏ မျိုးရိုးဗီဇကို ဆန်းစစ် လေ့လာကြပါသည်။

အီးဂျီတို့ (egt) ခေါ် မျိုးရိုးဗီဇတစ်မျိုးအား သုတေသီများက ဖယ်ထုတ်ပြီးသောအခါ ထိုဗိုင်းရပ်သည် ခူကောင်အသစ်အား ထပ်မံကူးစက်ပြီး မျိုးပွားကာ ခူကောင်အား အရည်ပျော်စေပါသည်။ သို့ရာတွင် အီးဂျီတီ မပါသော ဗိုင်းရပ်သည် ခူကောင်အား အမြင့်တက်အောင် မဆောင်ရွက်နိုင်ပါ။ အခြားကပ်ပါးကောင် အများအပြားသည် မျိုးရိုးဗီဇ တစ်ခုတည်းဖြင့် လက်ခံကောင်ကို ထိန်းချုပ်သည်ဆိုလျှင် မဖြစ်နိုင်ပါ။ တိရစ္ဆာန်တစ်ကောင်၏ အပြုအမူကို မျိုးရိုးဗီဇ အမြောက်အမြား စုပေါင်း၍ ထိန်းချုပ်ရပါသည်။ ထို့ကြောင့် ကပ်ပါးကောင်များသည်လည်း သူတို့၏ မျိုးရိုးဗီဇ အများအပြားကို အသုံးပြု၍ လက်ခံကောင်အား ထိန်းချုပ်ခြင်း ဖြစ်နိုင်လေသည်။

ထို့ပြင် နက္ခယ်ကောင်နှင့် အကူအညီကင်းမဲ့သော လေဒီဘတ်ဂ်တို့ မည်သို့ ဖြစ်မည်နည်း။ ထိုအချိန်တွင် မွန်ထရီရယ် တက္ကသိုလ် (University Of Montreal) မှ ဖန်နီမော်ရေး (Fanny Maure) နှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်များက အဲ့အား သင့်စရာကောင်းသော တွေ့ရှိချက်ကို ရရှိခဲ့လေသည်။

သားကောင်အား သက်တော်စောင့်အဖြစ် လိုလိုချင်ချင် ခံယူစေခြင်းမှာ နက္ခယ်ကောင်သည် သူကိုယ်တိုင် ကျယ်ပြန့်လာသော ရုပ်သွင်ပုံစံ ဖန်တီးခြင်း ဖြစ်သည်။ နက္ခယ်ကောင်သည် လေဒီဘတ်ဂ်ထဲတွင် ဥများကိုထိုးသွင်းစဉ် ဓာတုပစ္စည်း အများအပြားနှင့် နက္ခယ်ကောင်၏ ဥအိမ်အတွင်း နေထိုင်သော ဗိုင်းရပ်များ အပါအဝင် အခြားမစ္စည်းများကိုပါ ထိုးထည့်ပါသည်။ အချို့သော အထောက်အထားများက လေဒီဘတ်ဂ်ကို ငြိမ်သက်သွားစေပြီး နက္ခယ်ကောင်၏ ပိုးအိမ်များကို နှောင့်ယှက်ဖျက်ဆီးသူများရန်မှ ကာကွယ်စေသည်မှာ ထိုဗိုင်းရပ်ဖြစ်သည်ဟု အကြံပြုပါသည်။

ဗိုင်းရပ်နှင့် နက္ခယ်ကောင်သည် ဆင့်ကဲဖြစ်စဉ်အရ အကျိုးရှိပါသည်။ လေဒီဘတ်ဂ်ကို သက်တော်စောင့် ဖြစ်စေခြင်းဖြင့် နက္ခယ်ကောင်များ ပိုမိုထုတ်လုပ်ပါသည်။ နက္ခယ်ကောင်များလာလျှင် ဗိုင်းရပ်လည်း များပြားလာပါသည်။ ထို့ကြောင့် သူတို့၏ မျိုးရိုးဗီဇများသည် လေဒီဘတ်ဂ်အား ရုပ်သေးဖြစ်ရန် ပူးပေါင်းဆောင်ရွက်ကြပါသည်။

တစ်ချိန်က ထင်မှတ်ခဲ့သကဲ့သို့ နက္ခယ်ကောင်သည် ရုပ်သေးကြိုးဆွဲသူ မဟုတ်ချေ။ သို့သော် သူခန္ဓာကိုယ်အတွင်းတွင် အခြားရုပ်သေးကြိုးဆွဲသူကို သိုဝှက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်မှု မရှိသော ကြွက်

(က) ယနေ့နံနက်တွင် ယာခင်းကိုဖြတ်၍ လေနုအေး တိုက်ခတ်နေပါသည်။ ငှက်ကလေးများ အသံမြည်နေပြီး သတ္တဝါကလေးများသည် ယိမ်းနွဲ့နေသော မြက်ပင်များအကြား ပြေးလွှားနေကြပါသည်။

ကြောင်တစ်ကောင်သည် တံခါးမှန်မှတစ်ဆင့် ပြင်ပလှုပ်ရှားမှုများကို ကြည့်ရင်း စိတ်ရှည်လက်ရှည် ရပ်နေပါသည်။ မိန်းမတစ်ယောက်က တံခါးဖွင့်လိုက်သော အခါ ကြောင်သည် သတ်ဖြတ်လိုစိတ်ဖြင့် ကဆုန်ပေါက် ပြေးထွက်သွားပါသည်။

(ခ) ထိုနေရာတွင် ကြွက်တစ်ကောင်သည် မြက်ခင်းထဲရှိ ကြောင်ကို လှည့်ပတ် အနုံခံနေပါသည်။ သို့သော် ကြွက်သည် ပုံမှန်ပြုမူ ဆောင်ရွက်နေခြင်း မဟုတ်ပါ။ သူ၏ဦးနှောက်တွင် ကလပ်စည်းတစ်ခုသာရှိသည့် ကပ်ပါးတစ်မျိုးဖြစ်သော TOXOPLASMA GONDII ၏ ကူးစက်မှု ခံနေရပါသည်။

(ဂ) ထို့အကြောင်းအချက်ကို အပြည့်အဝ နားမလည်ကြသေးပါ။ သို့ရာတွင် ကပ်ပါးကောင်သည် ကြွက်၏ ဦးနှောက်တွင်း ဒိုပါမင် (DOPAMINE) ပမာဏကို ထိခိုက်စေပါသည်။ ကြောင်၏ ကျင်ငယ်အနုံသည် ကြွက်အား သတိပြုစေသင့်ပါသည်။

(ဃ) ထိုသို့မဟုတ်ဘဲ ကြွက်သည် အမဲလိုက်သောကြောင်ကို ကြောက်လန့်မှု မပြခဲ့။ အလွယ်တကူ ဖမ်းယူ၍ ရသော သားကောင်တစ်ကောင် ဖြစ်သွားပါသည်။

(င) ကြောင်၏ အူလမ်းကြောင်းသည် TOXO မျိုးပွားရန် သီးသန့်သော တစ်ခုတည်းသော နေရာဖြစ်ပါသည်။ ၎င်းတို့သည် ကြောင်၏ စွန့်ထုတ်ပစ္စည်းများမှတစ်ဆင့် ပျံ့သွားပါသည်။

(စ) TOXO သည် လူသားအပါအဝင် သွေးနွေးသတ္တဝါအားလုံးနီးပါး၏ ဦးနှောက်ကို ကူးစက်နိုင်ပါသည်။ ထိုကပ်ပါးကောင်သည် ကိုယ်ဝန်ဆောင် အချို့သမီး၏ သန္ဓေသားကို အန္တရာယ်ပေးနိုင်ပါသည်။ သို့သော် သေသည်အထိ ဒုက္ခပေးသည်မှာ ရှားလှပါသည်။ မည်သို့ဖြစ်စေ အချို့သော အကြောင်းရပ်များကြောင့် ကြောင်၏ဦးနှောက်ဆီသို့ မရောက်နိုင်ကြပါ။ သို့ဖြစ်ပါ၍ စိတ်မပူပါနှင့်။ သင်၏ကြောင်မှာ အန္တရာယ် ကင်း၍ လုံခြုံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားသော ရေကန်

(က) ကာလိဖိုးနီးယားပြည်နယ်ရှိ တောင်ထိပ်များ၏ အရိပ်အောက်တွင် ကလေးများသည် ဒေသတွင်းရေထွက်ပေါက်အတွင်း၌ ကျောက်တုံးများကို ကျော်ဖြတ်သွားနေကြပါသည်။ နေအပူချိန် မြင့်တက်လာသောအခါ သူတို့၏ ဘောင်းဘီများကို အထက်သို့ပင့်တင်ပြီး အံ့ဩလောက်သော မကောင်းမှုများ ဖြစ်ပွားသည့် ဥးဆစ်အထိနှက်သည့် ရေထဲတွင် သွားနေကြသည်။

(ခ) ကလေးများတွင် အန္တရာယ်မကျရောက်ပါ။ သို့ရာတွင် အခြားသက်ရှိသတ္တဝါများမှာ မထင်မှတ်လောက်သော ပုံသဏ္ဌာန်ပြောင်းလဲမှုများ ရှိနေပါသည်။ အပြစ်ကျူးလွန်သူမှာ အကောင်ကြည့်မှန်ဘီလူးဖြင့်သာ မြင်ရသော တုတ်ပြားကောင် RIEEIROIA ONDA TRAE ဖြစ်ပါသည်။ သူသည် အနက်ရောင် ဝါဒီကိုစည်းချက်ကွဲသို့ လက်ခံကောင် သုံးကောင်အကြာကခုန်ကူးခတ်နေပါသည်။

(ဂ) ရှေဦးစွာ တုတ်ပြားကောင်သည် ခရုပက်ကို၏ မျိုးပွားအင်္ဂါအဖွဲ့သို့ ကူးကျော်ဝင်ရောက်ပါသည်။ ထို့နောက် ခရုပက်ကို၏ ကပ်ပါး ယန္တရားအဖြစ် ပြောင်းလဲလိုက်ပါသည်။ ညစဉ်ညတိုင်း ခရုပက်ကို သည် ဓနာဂါထင်း လက်ခံကောင်အား ရှာဖွေမည့် တုတ်ပြားကောင်၏ သား လောင်းများကို ထောင်ချီ၍ ထုတ်လွှတ်ပေးနေပါသည်။

(ဃ) ဖားလောင်းတစ်ကောင် တွေ့ပါပြီ။ သားလောင်းများသည် ငါးလောင်း၏ကိုယ်တွင် အဖူးသဖွယ် ထွက်စပြုနေသော ခြေချောင်းများအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားပါသည်။

(င) ဖားလောင်းများသည် ဖားအဖြစ်သို့ ကြီးပြင်းသွားသောအခါ ကပ်ပါးကောင်အိတ်များသည် ပုံပျက် ပန်းပျက် ကိုယ်လက်အင်္ဂါများ ဖြစ်လာစေပါသည်။

(စ) ခြေထောက် မသန်စွမ်းဖြစ်နေသော ဖားသည် သနားစရာကောင်းအောင် အန္တရာယ်ကိုမရှောင်နိုင်တော့ပါ။

(ဆ) အန္တရာယ်ရောက်လာသည်ကို မြင်သည့်တိုင်အောင် မရှောင်နိုင်တော့ပါ။

(ဇ) သူတို့သည် ဗျိုင်းကဲ့သို့ လျင်မြန်သော ရေနေဒုက်များ၏သားကောင်အဖြစ် ကျရောက်သွားရပါသည်။

(စျ) ဗျိုင်းသည် ဝိုက်ထဲတွင် ကပ်ပါးကောင်အပြည့်ရှိသော ဖားနှင့်အတူ အခြားရေကန်တစ်ကန်သို့ ပျံသန်းသွားပါသည်။ ဘဝဖြစ်စဉ်အသစ်စတင်ရန် သူ၏ကျင်ကြီးများမှတစ်ဆင့် ကပ်ပါးဝိုးများကို ပျံ့နှံ့စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံစာများ

ပုံ (၁)

ကပ်ပါးနကျီကောင် : DINOCAMPUS COCCINELLAE

အစက်ပါသော ပိုးတောင်မာ : COLEOMEGILLA MACULATA

လေဒီဘတ်ဂ်များကို ကံကောင်းခြင်း ယူဆောင်လာစေသည်ဟု ပြောစမှတ်ပြုကြသည်။ သို့ရာတွင် နကျီကောင် တစ်မျိုး၏ ကူးစက်ခံရသောအခါတွင် လုံးဝ ကံမကောင်းတော့ပါ။

လေဒီဘတ်ဂ်တစ်ကောင်ကို နကျီကောင်က အချွန်နှင့် ထိုးလိုက်သောအခါ ဥတစ်လုံးကို ထားရစ်ခဲ့သည်။ ဥမှ ပေါက်သောအခါ သားလောင်းသည် လက်ခံကောင်၏ အတွင်းမှအပြင်အထိ စားသုံးပါသည်။ အသင့်ဖြစ်သောအခါ ကပ်ပါးကောင်ထွက်လာပြီး ပိုးတောင်မာ၏ ခြေထောက်များကြားတွင် ပိုးအိမ်ရက်လုပ်ပါသည်။ ထိုအချိန်တွင် ခန္ဓာကိုယ်သည် ချည်နှင်းဝင်ရောက်သူ၏ ရန်မှ လွတ်ကင်းသွားသော်လည်း ပိုးတောင်မာသည် ဒုက္ခကျွန်ဖြစ်နေရပါသေးသည်။ ပိုးအိမ်အပေါ်တွင် ရုပ်နေရပြီး သားစားသတ္တဝါများ၏ ရန်ကို ကာကွယ်နေရပါသည်။

အချို့ကံကောင်းသော လေဒီဘတ်ဂ်များသည် ဤဆိုးရွားသော ဖြစ်စဉ်နောက်တွင် ဆက်လက် အသက်ရှင်ကြပါသည်။

ပုံ (၂)

သေးငယ်သော အမ်ပီပေါ့ တစ်မျိုးဖြစ်သည့် HYALELLA AZTECH သည် ရေအိုင်များ၊ ရေကန်များ၏ မှောင်မိုက်သော အောက်ခြေတွင် ဆူးများသောခေါင်းပါရှိသည့် တုတ်ကောင်၏ ဝင်ရောက်မှုမခံရလျှင် လုံခြုံစွာ နေနိုင်ကြပါသည်။

တုတ်ကောင်၏ သားလောင်းများ ဖွံ့ဖြိုးလာသောအခါ ၎င်းသည် လုံခြုံသော မှောင်မိုက်သည့်နေအိမ်ကို စွန့်ခွာပြီး အလင်းရောင်ရှိသော ရေမျက်နှာပြင်သို့ ကူးခတ်သွားပါသည်။ လက်ခံကောင်အတွက်မူ အသက်ဆုံးရှုံးစေနိုင်သည့် အမှားဖြစ်ပါသည်။ အပေါ်တွင် ဘဲများနှင့် အခြားရေနေငှက်များ စောင့်နေပြီး ရေမျက်နှာပြင်ပေါ်တက်လာသော အမ်ပီပေါ့များကို စားသောက်ရန် စိတ်အားထက်သန်လှပါသည်။

သို့ရာတွင် လက်ခံကောင်တစ်ရှူးမှ ရောင်ခြယ်ဆဲလ်များကြောင့် လိမ္မော်ရောင် သို့ပြောင်းသွားသော ကပ်ပါးကောင်၏ အစီအစဉ် အစိတ်အပိုင်းဖြစ်ပါသည်။ ဆူးများပါသော တုတ်ကောင်သည် ရေတွင်ကျက်စားသော ငှက်များ၏ အူအတွင်း၌သာ ဖွံ့ဖြိုးနိုင်ပါသည်။

ပုံ (၃)

ကပ်ပါးကောင် တုတ်ပြား : RIBEIROIA ONDATRAE

အငယ်ရိုက် နွားဖား : LITHOBATES CATESBEIANUS

တုတ်ပြားကောင်သည် ခရုပက်ကိုကိုယ်တွင်း၌ လိင်မဲ့မျိုးပွားပြီးသောအခါ သားလောင်းများသည် နွားဖား တစ်ကောင်၏ ဖားလောင်းကိုရှာ၍ အရေပြားထဲ ဖောက်ထွင်းဝင်ရောက်ကာ ဖား၏ ဖွံ့ဖြိုးနေသော ခြေထောက်အတွင်း အိတ်ဖွဲ့နေပါသည်။ ခြေထောက်တွင် ဝန်ပိလာသောအခါ ထိုအကောင်သည် ဗျိုင်းကဲ့သို့ ဖားစားဌက်များ၏ လွယ်ကူသောသားကောင် ဖြစ်လာသည်။ ဗျိုင်းကိုယ်ထဲတွင် ကပ်ပါးကောင်သည် လိင်နည်းဖြင့် မျိုးပွားပါသည်။ ဗျိုင်းအညစ် အကြေး စွန့်သောအခါ ဥများ ရေထဲရောက်သွားပြီး နောက်ထပ် ခရုပက်ကို တစ်ကောင်အား ကူးစက်ပြီး ဇနောက်ထပ်တစ်ကြော့ လည်ပါတော့သည်။

ပုံ (၄)

အစက်များပါသော လေဒီဘတ်ဂ်ကဲ့သို့ပင် ဂေါ်ဖ်ထုပ်လိပ်ပြာ၏ ခူကောင်များသည် ရုပ်သေးကြိုးဆွဲသော ကပ်ပါးကောင်၏ သက်တော်စောင့်သဖွယ် ပြုမူပါသည်။ လိပ်ပြာဖြူ နွကျီကောင်အမသည် ဥဖြင့်ပေါင်းများစွာသော ဥများကို ခူကောင်အတွင်း ထိုးသွင်းပါသည်။ သားလောင်းများ ပေါက်လာ၍ စားသုံးခြင်း ကြိုးထွားခြင်း ဖြစ်ပါသည်။

သူတို့သည် အသက်ရှင်ဆဲ လက်ခံကောင်အား အကြောသေစေပြီး အပြင်သို့ ကိုက်ဖြတ်ထွက်လာပါသည်။ ခူကောင် ရောက်လာသောအခါ သားလောင်းများသည် ၎င်း၏ အောက်တွင် ပိုးအိမ်ဖွဲ့ပါသည်။ သူတို့အား ကိုယ့်အန္တရာယ်ကိုကိုယ် ကာကွယ်ရန် ပစ်ထားရမည့်အစား သူတို့က လက်ခံကောင်အား ကျွန်ဇာတ်သွင်းကာ သူတို့၏ ပိုးအိမ်အပြင်တက်တွင် ပိုးချည် ရက်လုပ်၍ ရစ်ပတ်စေပါသည်။

ထို့နောက် သူတို့သည် ရုပ်နေလျက် အကောင်အစုအဝေးကို စောင့်ကြည့်ရပါသည်။ ဦးခေါင်းကို ရှေ့နောက် လှုပ်ယမ်းပြီး သားစားသတ္တဝါများကို ခြောက်လှန့် နှင်ထုတ်ရပါသည်။

တော်မြင့်(ငှက်များ)

Ref : Carl Zimmer. The mind suckers, National Geographic. November. 2014.

❑

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရေးနှင့် အချစ်စိတ်

ဘာနင်း (မြန်မာပြန်)

အိမ်ထောင်ရေးတွင် လင်စိတ်နှင့် အချစ်စိတ်သည် နက်နဲစွာ ဆက်စပ်မှုရှိနေပြီး ယင်းတို့ အချင်းချင်း အပြန်အလှန် ကူညီ ပံ့ပိုးနေကြရကြောင်း သတိပြုမိပြီဆိုလျှင် တိုးမြှင့်ထောင်ရေးသည် အောင်မြင်ချေပြီ။

တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟ ဝန်မခံကြသော်လည်း လင်ကိစ္စမပြေလည်မှုကြောင့် အိမ်ထောင်သည်ဘဝကို စိတ်ကုန်နေကြသော ဇနီးမောင်နှံ အများအပြားရှိကြသည်။

• "ကျွန်တော်တို့ဆီလာပြီး ဆေးကုတဲ့ လူနာအများစုဟာ ဒီအကြောင်းကြောင့်ပါပဲ"

ဟု လော့စ်အိန်ဂျလိစ်မြို့မှ လင်မှုဆိုင်ရာ ဆရာဝန် ရောဘတ်ရက်မန်း က ပြောပြသည်။

"ဒီကနေ့ဆိုရင် သူတို့အတွက် လင်ကိစ္စဟာ အရင်တုန်းကလို စိတ်မလှုပ်ရှားစေတော့ဘူးလို့လည်း ပြောကြတယ်"

သူတို့အားလုံးပင် ထိုအခြေအနေကို မကျေမနပ် ဖြစ်နေကြ၏။

ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရသည်ကိုလည်း နားမလည်ကြပေ။

"ကျွန်မတို့ လင်မယားဟာ အရင်ကဆိုရင် ရက်သတ္တတစ်ပတ်မှာ အကြိမ်ပေါင်းများစွာ ဆက်ဆံကြတယ်" ဟု အမျိုးသမီးတစ်ယောက်က ပွင့်လင်းစွာ ပြောပြသည်။

"အခုဆိုရင် တစ်လကျော်အထိ ဒီကိစ္စမဖြစ်ဘဲ နေကြရတယ်"

သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ဦးက ဤသို့ မှတ်ချက်ချသည်။

"လင်ကိစ္စထက် ပျော်ရွှင်စရာကောင်းတဲ့ အလုပ်မရှိဘူးလို့ အစက ထင်ခဲ့တယ်၊ အခု ဒီလိုမထင်တော့ဘူး"

အခြား အမျိုးသမီးတစ်ယောက်က အဝတ်အစားချွတ်ပြီး သူမယောကျ်ားကို ဆွဲဆောင်ဖို့ ကြိုးစားခဲ့ကြောင်း ဝန်ခံလေသည်။

"တနလ်ာနေ့ည တီဗွီရှေ့မှာ သူ အောလုံးပွဲကြည့်ကုန်းမှာ အဲဒီလိုလုပ်ခဲ့တယ်၊ သူက အောလုံးပွဲကိုပဲ ဆက်ကြည့်မယ်လို့ ပြောတယ်လေ"

ဤသည်မှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အခြေအနေများဖြစ်သည်။ သုတေသနပြုချက်များအရ အသက် (၂၀) ပတ်ဝန်းကျင်ရှိ လူငယ်များသည် ရက်သတ္တ တစ်ပတ်တွင်

www.burmeseclassic.com

www.burmeseclassic.com

သုံးကြိမ် ဆက်ဆံသဖြင့် ကုန်သွားသော်အားသည် အသက် (၄၀) ပတ်ဝန်းကျင်ရှိသူများ တစ်ပတ်တစ်ကြိမ် ဆက်ဆံရာမှ ကုန်သွားသောအားနှင့် ညီမျှကြောင်း သိရသည်။

အချို့သော လင်မယားများမှာ ယင်းကိစ္စကို ပြုခဲလှသည်။ လက်ထပ်သည့်နေ့ စသည့် နှစ်ပတ်လည်နေ့များတွင်သာ ပြုလုပ်တတ်ကြသည်။

အသက်အရွယ်ကြီးလာသောကြောင့် လိင်ကိစ္စတွင် စိတ်ဝင်စားမှု လျော့နည်းသွားခြင်းမှာ သာမန်အကြောင်းသာ ဖြစ်သည်။ အိမ်ထောင်ရှင်အများစု၏ လိင်ကိစ္စတွင် စိတ်ဝင်စားမှု လျော့နည်းသွားခြင်းမှာ မိုးအိ ငြီးငွေ့သွားသောကြောင့် ဖြစ်သည်။

အိမ်ထောင်သက် ကြာလာလျှင် လိင်ကိစ္စတွင် ငြီးငွေ့ခြင်းဖြစ်သည်မှာ မလွဲမရှောင်သာသော အကြောင်းသာ ဖြစ်သည်။

ယခုအခါ ကျွမ်းကျင်သူများသည် အိမ်ထောင်ရှင်များအား တစ်ဦးအပေါ် တစ်ဦး လိင်ကိစ္စဖြင့် စိတ်ဝင်စားစေမည့် နည်းလမ်းများကို ရှာဖွေတွေ့ရှိလေပြီ။ သူတို့၏ အကြံပေးချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ လိင်ကိစ္စ ဆောင်ရွက်ရန်အတွက် သင့်တွင်လည်း တာဝန်ရှိသည်ဟု ခံယူပါ။ သင့်ဇနီး၊ ခင်ပွန်း စသည်ဖြင့် တစ်ယောက်ယောက်၏ တာဝန်သာ ဖြစ်သည်ဟု လွှဲမထားပါနှင့်။

"ကျွန်ုပ်တို့အားလုံးပင် တွန်ုပ်တို့၏ ခင်ပွန်း၊ သို့မဟုတ် ဇနီးသည် လိင်ကိစ္စကို စိတ်လှုပ်ရှားစရာ ကောင်းအောင် လုပ်လိမ့်မည်ဟု မျှော်လင့်ထားကြသည်"

ဟု ကာလီဖိုးနီးယားပြည်နယ်၊ ဆန်တာမိုနီကာမြို့မှ Center for Counseling and Psychotherapy မှ ကျွမ်းစဉ်ဒေဗင်ပို့တ် က ပြောပြဖူးသည်။

"အခြားလူကို အပြစ်ပြောရန်မှာ လွယ်ပါသည်၊ သို့သော် သင်ကိုယ်တိုင် ငြီးငွေ့နေခြင်းဖြစ်သည်၊ သင်ကိုယ်တိုင် လိင်စိတ် ဖိစီးနည်းနေခြင်းဖြစ်သည်ကိုလည်း သတိပြုပါ"

ဥပမာအားဖြင့် အမျိုးသမီးတစ်ယောက်သည် သူမ ခင်ပွန်းအား လိင်ကိစ္စတွင် ငြီးငွေ့အောင် လုပ်နေမည့်အစား သူမအား ခင်ပွန်းက ဟီရိုးအင်းက စွဲလမ်းသတဲ့သို့ စွဲလမ်းနေအောင် ကြိုးစားရပေမည်။ ထို့အခါ သူမသည် လိင်ကိစ္စအတွက် ရင်ခုန်စရာ ဖြစ်လာလိမ့်မည်။ ယောကျ်ားဘက်တလည်း အလားတူ ဆောင်ရွက်ဖို့ လိုလေသည်။

၂။ လိင်ကိစ္စတွင် အထွတ်အထိပ်ရောက်အောင် ခံစားစေခြင်းသည် ချစ်မြတ်နိုးကြောင်း ပြသည့် နည်းလမ်းများတွင် အကောင်းဆုံးဖြစ်ကြောင်း သိထားပါ။

လိင်ကိစ္စသည် ပုံသဏ္ဌာန်အားဖြင့် အမျိုးမျိုးရှိတတ်ကြသည်။

ချိုသာသော စကားများပြောဆိုခြင်း၊ နူးညံ့စွာ ဆက်ဆံခြင်းသည် သင့်အိမ်ထောင်ဖက်အား ချစ်မြတ်နိုးကြောင်း ပြခြင်းဖြစ်သည်။

အချို့စုံတွဲများသည် လိင်ကိစ္စတွင် သာယာမှုရရှိအောင် ခပ်ကြမ်းကြမ်းဆောင်ရွက်သည်ကို နှစ်ဦး နှစ်ဖက်လုံးက ကျေနပ်တတ်ကြသည်။

လိင်ကိစ္စပြုလုပ်ရန် သွေးဆောင် ချော့မြူသော စကားလုံးများသည် သင့်အိမ်ထောင်ဖက်အား သမီးရည်းစားဘဝ၏ နေ့ရက်များကို ပြန်သတိရစေပြီး ကြည်နူးမှု ပေးစွမ်းနိုင်ကြောင်း သိထားပါ။

"ရှေ့ဆက်ပြီး မစွမ်းဖဆောင်နိုင်ပေမယ့် ပွေ့ဖက်နမ်းရှုံ့နေတဲ့အခိုက်မှာ ရင်ခုန်ရတဲ့ ဝေဒနာကို ပြန်မခံစားရဘူးလား"

ရက်မန်းက သူလူနာများကို မေးလေသည်။

"လိင်ကိစ္စကို အိမ်ထောင်ရှင်အများစု ငြီးငွေ့တာဟာ အချစ် ပေါ့သွားတာကြောင့်လည်း ဖြစ်တယ်" ဟု သူက ပြောပြပါသေးသည်။

၃။ အချိန်ယူပြီး ရင်းနှီးအောင် နေပါ။

အိမ်ထောင်ရှင်အများစုမှာ အိမ်မှုကိစ္စ၊ အလုပ်ကိစ္စ၊ လူမှုရေးကိစ္စများကြောင့် တစ်ယောက်နှင့်တစ်ယောက် အချိန်အနည်းငယ်သာ နေခွင့်ရတတ်ကြသည်။

ချစ်မှုကိစ္စကိုလည်း အလုပ်ကိစ္စတစ်ခုလိုပင် သဘောထားဖို့ လိုလေသည်။

"ကိုယ်တို့ ချစ်ခဲ့ကြတာ တစ်ပတ်ရှိပြီနော်၊ ဒီညလည်း"

ဟု အလုပ်ကိစ္စတစ်ခုလို သဘောထားပြီး ဆောင်ရွက်ကြခြင်းမျိုးသည် ငြီးငွေ့ဖွယ် ဖြစ်တတ်လေသည်။

ကျွန်တော်နှင့်တွေ့သော ထိုပြဿနာကို နေ့လယ်ပိုင်းတွင် ချိန်းတွေ့ခြင်းဖြင့် ဖြေရှင်းတတ်ကြသည်။ ကံအားလျော်စွာပင် ခင်ပွန်း၏ရုံးမှာ ကားဖြင့် ဆယ်မိနစ်အကွာအဝေးရောက်သောနေရာတွင် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"တစ်ပတ်မှာ တစ်ရက် နေ့လယ်စာ စားချိန်တိုင်း ကျွန်တော် အိမ်ပြန်တယ်၊ အဲဒီအချိန်မှာ ကလေးတွေ ကျောင်းမှာ ရှိနေတယ်"

သူက ပြောပြသည်။

"အဲဒီအချိန်မှာ ချစ်သူတွေလို ပြန်ဖြစ်သွားတယ်လေ၊ အဲဒါဟာ အကောင်းဆုံးပဲ"

လိင်ကိစ္စမပါဘဲလည်း ရင်းနှီးစွာနေထိုင်လို့ ရပါသည်။ သင့်ဇနီး၊ ခင်ပွန်း၏ လုပ်ဆောင်မှုထစ်ခုကို ခွီးကျူး ပြော ဆိုခြင်း၊ ကိစ္စအထူးမရှိဘဲ လက်ဆောင်ဝယ်ပေးခြင်း၊ နေ့ လယ်စာထုပ်ထဲတွင် ချစ်မြတ်နိုးဖွယ် စာတစ်ကြောင်း၊ နှစ် ကြောင်း ရေးထည့်ပေးခြင်း။ သူ၊ သူမ သဘောမကျသော အလုပ်တစ်ခုကို သင်က တာဝန်ယူ ဖြေရှင်းပေးခြင်းမျိုး စသည်များကို လုပ်ဆောင်နိုင်ပါသည်။

၄။ လိင်ကိစ္စထက် အရေးပါသော အချက် တစ်ချက် ရှိနေကြောင်းကိုလည်း သိထားပါ။

တစ်ယောက်ယောက်က လိင်စိတ် ထက်သန်နေချိန် တွင် တစ်ယောက်မှာ အားလျော့နေတတ်ပါသည်။

"လိင်ကိစ္စကို နှစ်ယောက်လုံး ကျေနပ်မှုရအောင် ညှိ မယူနိုင်ရင် အဲဒီဇနီးမောင်နှံဟာ တဖြည်းဖြည်း ကင်းကွာ သွားလိမ့်မယ်"

ဟု Southern California Association for Marriage and Family Therapy ၏ ဥက္ကဋ္ဌ ဆယ်ဒီယား ဝိန်းရှပ်က ပြောပြသည်။

၅။ လိင်ကိစ္စတွင် သင်ဦးဆွေ့ကြောင်းကို သင့်အဖော် အား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောပြပါ။

ထိုအကြောင်းကို တစ်ယောက်နှင့်တစ်ယောက် ပွင့် လင်းစွာ ဆွေးနွေးရန် အရေးကြီးလှပါသည်။

တစ်ယောက်နှင့်တစ်ယောက် မေးခွန်းများမေးပါ။ ငါတို့ရဲ့ လိင်ဆက်ဆံမှုဟာ ဘယ်လိုပြောင်းလဲသွားသလဲ၊ အခြေအနေကောင်းလာအောင် တစ်ဦးချင်းက ဘယ်လို အကူအညီပေးနိုင်မလဲ။

တစ်ယောက်နှင့် တစ်ယောက် ငြင်းခုံခြင်း၊ အပြဲ တင်ခြင်းမပြုဘဲ ပိုမိုကောင်းမွန်သော အခြေအနေ ဖြစ်ပေါ် စေရန်အတွက် လမ်းညွှန်အဖြစ် သတ်မှတ်ထားပါ။

လိင်ဆက်ဆံရေးတွင် မည်ကဲ့သို့ခံစားလိုသည်။ မိမိ၏ ဆန္ဒ မည်သို့ရှိသည်ကို ရိုးသားစွာ ပြောပြခြင်းဖြင့် တစ် ယောက်ကိုတစ်ယောက် အကူအညီပေးနိုင်မည် ဖြစ်သည်။

၆။ လိင်ကိစ္စတွင် ဦးဆွေ့ခြင်းသည် အခြား ပြဿနာ များကိုလည်း ပေါ်ပေါက်စေကြောင်း သိထားပါ။



"လိင်ကိစ္စတွင် ကျေနပ်မှု မရခြင်းသည် ဒေါသကို ချုပ်တည်းထားရသည်နှင့် တူသည်"

ဟု ဘရွတ်ကလင်မြို့ Downstate Medical Center မှ တွဲဖက်ပါမောက္ခ ဒေါ်ရိုဇီစတားရပ်က ပြောပြ သည်။

ထိုကိစ္စအား ဥပေက္ခာပြုခြင်းမှ ဆက်နွယ်၍ မောပန်း နွမ်းနယ်ခြင်း၊ ကျန်းမာရေး မကောင်းခြင်း၊ အလုပ်တွင် ငြီးငွေ့ခြင်း၊ ငွေကြေးအတွက် ပူပန်ရခြင်း၊ မိသားစုပြဿနာ များ ပေါ်ပေါက်ခြင်းများ ဖြစ်ပေါ်တတ်ကြသည်။

၇။ နောက်ဆုံးအနေဖြင့် လိင်ကိစ္စသည် အိမ်ထောင် သည်များဘဝတွင် အမြဲတမ်း သစ်ဆန်းနေမည့် စိတ်လှုပ်ရှားစရာမျိုး မဖြစ်နိုင်ဟူသော အချက်ကို လက်ခံထားပါ။

အိမ်ထောင်သည်ဘဝတွင် လိင်ကိစ္စနှင့်ပတ်သက်၍ တည်ငြိမ်နေသော ကာလများ မလွဲမသွေရှိမည်ကို လက်ခံ ထားပါ။ ဤကဲ့သို့ ယာယီစိတ်ဝင်စားမှုနည်းသွားခြင်းကို လိင် စိတ် ကုန်ခမ်းသွားသည်ဟု ထင်မှတ်ခြင်းမှာ အန္တရာယ်ဖြစ် တတ်သည်။ ထိုဖြစ်ရပ်ကြောင့် ချစ်မေတ္တာလျော့နည်းခြင်း၊ အိမ်ထောင်ရေးတွင် စိတ်လှုပ်ရှားမှုများ လျော့နည်းမှုများ ဖြစ် ပေါ်လာနိုင်လေသည်။ ထိုကဲ့သို့ ဖြစ်ပါက လိင်စိတ်များ ထပ်မံ ရှင်သန်လာဖို့ အခက်အခဲ ရှိလာတော့မည်ဖြစ်သည်။

အိမ်ထောင်ရေးတွင် လိင်စိတ်ဦးငွေ့ခြင်းမှ ကာကွယ် ရန် အကောင်းဆုံးနည်းလမ်းမှာ တစ်ဦးပေါ် တစ်ဦး အကြွင်းမဲ့ ယုံကြည်မှုရှိရန်၊ ဂရုစိုက်ရန်နှင့် အခက်အခဲကို အေးအတူ ပူအမျှ ခံစားဖြေရှင်းကြရန် ဖြစ်လာသည်။

လိင်စိတ်နှင့် အချစ်စိတ်သည် နက်နဲစွာ ဆက်စပ်မှု ရှိနေပြီး၊ တစ်ခုနှင့်တစ်ခု အပြန်အလှန် ကူညီနေကြောင်း သိထားရန် လိုအပ်လေသည်။

ဘုန်း(မြန်မာပြန်)

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ကဒ်ဟာသများ

ဝါသနာ ဆိုသည်မှာ

"ရှင် ကျွန်မနဲ့ ပတ်သက်လို့ ဘယ်တော့မှ အနှေးမထားဘူး။ နိုင်ငံတကာ ဘောလုံးပွဲစဉ်တွေ၊ ရာသီအလိုက် ယှဉ်ပြိုင်ကြမယ့် အသင်းတွေရဲ့ နာမည်တွေ၊ အချိန်ဇယားတွေ၊ အသင်းလိုက် ပါဝင်တစားကြမယ့် ဘောလုံးသမားတွေရဲ့ နာမည်တွေ၊ ဘယ်သူ့ကို ဘယ်နေရာမှာ နေရာချထားတယ် ဆိုတာတွေ အားလုံး တစ်ယောက်မကျန် တိတိကျကျ မှန်မှန်ကန်ကန် မှတ်မိတယ်၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မ လက်ထပ်ကြတဲ့ နေ့ကိုတော့ ရှင် မမှတ်မိတော့ဘူးမဟုတ်လား"

"ဘာဖြစ်လို့ မမှတ်မိရမှာလဲ၊ အဲဒီနေ့မှာ မန်ယူဘောလုံးအသင်းက အာဆင်နယ်ဘောလုံးအသင်းကို သုံးဂိုး ဂိုးမရှိနဲ့ အပြတ်ရှုံးခဲ့တဲ့ နေ့လေကွာ"

❐

စဉ်းစားကာ နေရဦးမယ်

နိုင်ငံရပ်ခြားတွင် အလုပ်သွားလုပ်ပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော ခင်ပွန်းကို ဇနီးသည်က လေဆိပ်တွင် လာကြိုသည်။ လေဆိပ်အဆောက်အအုံထဲမှ အထွက်တွင် လေယာဉ်မယ်ချောချောလေးနှင့် မျက်နှာချင်းဆိုင်တွေ့ကြသောအခါ နိုင်ငံခြားပြန်ကြီးက ပျာပျာသလဲ နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ မေကြည်ရင်းဝင်းပ"

"ဟုတ်ကဲ့၊ မင်္ဂလာပါရှင်" လေယာဉ်မယ်ဧလေးက ပြန်လည်နှုတ်ဆက်ပေး

ထိုအခါ ဇနီးသည်က . . .

"ရှင် အဲဒီလေယာဉ်မယ်ရဲ့ နာမည်ကို ဘာကြောင့်မှတ်မိတာလဲ"

"ဒါက မဆန်းပါဘူး၊ လေယာဉ်ထိုင်ခုံတွေရှေ့မှာ လေယာဉ်မှူးကြီးရဲ့ နာမည်ကအစ လေယာဉ်မောင်း၊ လေယာဉ်မယ်တွေရဲ့ နာမည်အားလုံး မှတ်တမ်းဘုတ်မှာ ရေးထားတာပဲ"

"ဒါဆို လေယာဉ်မှူးကြီး နာမည်က ဘယ်သူလဲ"

"ဟာ. . . အဲဒီလေယာဉ်မှူးကြီးနာမည်တော့ ငါ သေချာမမှတ်မိဘူး။ ပြန်စဉ်းစားရဦးမယ်"

❐

ဝါသနာ ပစာန

ကျွန်တော်နှင့် မိတ်ဆွေ စိန်ဘည်တို့သည် ဂေါက်ကွင်းတွင် ဂေါက်ရိုက်နေကြစဉ် ကားလမ်းမကြီးပေါ်မှ အသုဘချသွားသော အခမ်းအနားတစ်ခုကို တွေ့လိုက်ရသော စိန်ဘည်သည် ဂေါက်သီးကို ကျင်းစိမ်တော့မည်အချိန်တွင် ကျင်းမစိမ်ဘဲ ခေတ္တရပ်တန့်၍ ဦးထုပ်ချွတ်လျက် ခြေခုံရပ်ကာ အသုဘတားကို အရှိုအသေပြုလိုက်သည်။ စိန်ဘည်ကို ကျွန်တော် ချီးကျူးမိသည်။

"ခင်ဗျား အခုလို အသုဘအခမ်းအနားကို အလေးအနက် ဝါရောပြုလိုက်တဲ့အတွက် အရမ်းလေးစားသွားပြီဗျာ"

"ဒီလောက်တော့ လုပ်ရမှာပေါ့၊ အဲဒီအသုဘဟာ ကျုပ်နဲ့ နှစ်ပေါင်း (၃၀)ကျော် ပေါင်းသင်းလာခဲ့တဲ့ ဇနီးမယား သေသွားတာလေဗျာ"

ကျော်သိန်း

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ကဏ္ဍများ

ဒိုးရာမပျက်

အလှူပွဲတစ်ခုတွင် လုပ်အားလာပေးနေသော လူငယ်တစ်ဦးက လာရောက်သုံးဆောင်နေသူ ဘကြီးတစ်ဦးအား . . .

"ဘကြီး စားနော်၊ ဘာမှ အားနာစရာမလိုပါဘူး"

"အေးပါ ငါတူရယ်၊ ဦးလေးက အိမ်မှာဆိုရင် တစ်ပန်းကန်ပဲ စားပါတယ်၊ အခုလို အလှူအတန်းတွေဆိုရင်တော့ ဒိုးရာမပျက် သုံးပန်းကန် တစ်ဝက်တော့ စားနိုင်ပါတယ်"

❐

ဖြောင်းကြရအောင်

"မိန်းမရေ အစ်ကိုတို့ နေထိုင်တဲ့မြို့သစ်က မီးခဏခဏပျက်တယ်ကွာ၊ ဖယောင်းတိုင်ဖိုးကလည်း တစ်ည တစ်ည တော်တော်ကုန်တယ်၊ မီးမထွန်းရတဲ့ မြို့နယ်ကို ပြောင်းကြရအောင်ကွာ"

"ယောကျ်ားကလည်းတော် အခုမှ ထူးခြားလှချေလား၊ မီးမထွန်းရတဲ့ မြို့နယ်ဆိုတော့ ဘာမြို့နယ်ကို ပြောင်းကြမှာလဲ"

"လသာမြို့နယ်ကို ပြောင်းကြမယ် ရှင်မရေ"

❐

ကြွက်နှာခေါင်းဓပါက်

တီတီရောဂါဝေဒနာ ခွဲကပ်နေတဲ့ လူနာများကို သလိပ်စစ်ခြင်း၊ ကိုယ်ပေါင်ချိန်ခြင်းတို့ပြုပြင် အလုပ်ရှုပ်နေသော ဒေသန္တရဆေးရုံတစ်ခုရှိ နတ်စိမလေးတစ်ဦးအား လူနာတစ်ဦးမှ . . .

"ဆရာမ စောစောဝိုင်းက လာပြသွားတဲ့ လူနာ ဘယ်အခန်းဝင်သွားသလဲဗျာ"

"ဘယ်အခန်းဝင်သွားသလဲတော့ ကျွန်မ မသိဘူး၊ ဆေးရုံက ကြွက်နှာခေါင်းပေါက်လောက်ပဲရှိတာ သေချာကြည့်ပေါ့ရှင်"

❐

လုပ်မနေပါနဲ့တော့

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းရှေ့တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြားများအား အထူးစီမံချက်ဖြင့် ပြုလုပ်ပေးနေပြီဆိုတဲ့ ဆိုင်းဘုတ်ကို မြင်တွေ့သွားတဲ့ လူကြီးတစ်ယောက်က . . .

"ဥက္ကဋ္ဌ ကျွန်တော်လည်း စိစစ်ရေးကဒ်ပြား လုပ်ချင်လို့ပါ"

"ဟုတ်ကဲ့၊ ဘကြီးအသက် ဘယ်လောက်ရှိပြီလဲ"

"အခုမှ (၆၉) နှစ်ပဲ ရှိပါသေးတယ်"

"နောက်ထပ်နေရရင် လေးငါးခြောက်နှစ်ပေါ့ဘကြီးရယ်၊ လုပ်မနေပါနဲ့တော့"

မောင်အုန်းဇေ(တောင်ဒဂုံ)

❐

လပြည့်ဝန်းမဂ္ဂဇင်း (နိဝင်္ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

အလောင်းအစားနှင့် ပေါ်ရဲသော ပေဒင်ဟောကိန်း

ညွန့်ခိုင်မာ(ကျောက်ဆည်)

ရှေးအခါက ဤပေဒင်ဟောနည်းစနစ် မှားသည်ဆိုလျှင် လက်ဖြတ်ဓါဆို၍ အလောင်းအစားနှင့်ဟောခဲ့သော ပေဒင်ဖြစ်သည်ဟု ကြားသိခဲ့ရပါသည်။

ရှေးကအဆို မှန်မမှန် သင်ဖြတ်သန်းခဲ့ရသော အသက်ပိုင်းခြားနှင့် ပြန်လည်၍ ဆန်းစစ်ကြည့်ပါက သိနိုင်ပါသည်။

တွက်နည်းမှာ လွယ်ပါသည်။ ရောက်သက်ကိုတည်၊ (၉)ပေါင်းပြီးလျှင် ရထဲကို (၃)နှင့်မြောက်ပါ။ မြောက်ရကိန်းကို (၇)နှင့်စားပြီး အကြွင်းအတိုင်း ဟောရမည့်နည်း ဖြစ်ပါသည်။

ဥပမာ-

ရောက်သက်(၃၄)နှစ်ဆိုပါစို့။

၃၄ + ၉ = ၄၃

၄၃ × ၃ = ၁၂၉

၁၂၉ ÷ ၇ = အကြွင်း(၃)

အကြွင်း(၃)ဟောကိန်းကို ဖတ်နိုင်ပါသည်။

တွက်ချက်ရာတွင် လွယ်ကူ၍ အမှားအယွင်းမရှိစေ [illegible] သက်သက်နှင့် ရောက်ရှိနေသော သက်ရောက်အကြွင်းများကို ဖော်ပြသည့် အသင့်တွက်ပြီးဇယားကို တင်ပြအပ်ပါသည်။

အကြွင်း(၂) သက်ရောက်ဟောကိန်း

အကြွင်း(၂) သက်ရောက်သော နှစ်တွင် နာမည်ကြီးမည်။ ကျော်ကြားမည်။ မိမိ၏ရည်ရွယ်ချက်များအောင်မြင်မည်။ ဘဝအဆင့်အတန်းမြင့်မားလာမည်။ လုပ်ငန်းကိုင်ငန်း တိုးတက်လာမည်။ ရာထူးတိုးမည်။ [illegible]

ထားမြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

သက်ရောက်အကြွင်း	ရောက်သက်များ													
အကြွင်း(၂)	၈၂	၈၁	၈၀	၇၉	၇၈	၇၇	၇၆	၇၅	၇၄	၇၃	၇၂	၇၁	၇၀	၆၉
အကြွင်း(၁)	၉၃	၉၂	၉၁	၉၀	၈၉	၈၈	၈၇	၈၆	၈၅	၈၄	၈၃	၈၂	၈၁	၈၀
အကြွင်း(၃)	၄၄	၄၃	၄၂	၄၁	၄၀	၃၉	၃၈	၃၇	၃၆	၃၅	၃၄	၃၃	၃၂	၃၁
အကြွင်း(၄)	၅၅	၅၄	၅၃	၅၂	၅၁	၅၀	၄၉	၄၈	၄၇	၄၆	၄၅	၄၄	၄၃	၄၂
အကြွင်း(၀)	၆၆	၆၅	၆၄	၆၃	၆၂	၆၁	၆၀	၅၉	၅၈	၅၇	၅၆	၅၅	၅၄	၅၃
အကြွင်း(၅)	၇၇	၇၆	၇၅	၇၄	၇၃	၇၂	၇၁	၇၀	၆၉	၆၈	၆၇	၆၆	၆၅	၆၄
အကြွင်း(၆)	၈၈	၈၇	၈၆	၈၅	၈၄	၈၃	၈၂	၈၁	၈၀	၇၉	၇၈	၇၇	၇၆	၇၅

စီးပွားဖြစ်မည်။ စုတ်လာဘ်ပွင့်သည့်နှစ် ဖြစ်ရာ အချစ်ရေး၊ အိမ်ထောင်ရေး သာယာမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျမည်။ ငွေရမည်။ အဝတ် အစားလက်ဆောင်ရမည်။ စိတ်ချမ်းသာမည်။

အကြွင်း(၅) သက်ရောက်ဟောကိန်း

အကြွင်း(၅)သက်ရောက်သည့် နှစ်တွင် သင့်ကိုကံကောင်းစေမည်။ ဤနှစ်တွင် လာဘ်လာဘများစွာရရှိနိုင်၍ တိုးတက်လာမည်။ ငွေဝင်မည်။ ကြွေးဟောင်းမြိုဟောင်းများရမည်။ ဝင်ငွေကောင်းသောလုပ်ငန်းများ လုပ်ကိုင်နိုင်မည်။ ရာထူးရာခံများလည်းရရှိနိုင်မည်။ နာမည်ထင်ရှား၍ ကျော်ကြားမည်။ မိမိလိုချင်သောအရာများရရှိမည်။ စိတ်ချမ်းသာ၍ ပျော်ရွှင်ရမည်။ စီးပွားတိုးတက်မည့်နှစ်ဖြစ်ပါသည်။

အကြွင်း(၀) သက်ရောက်ဟောကိန်း

အကြွင်း(၀) သက်ရောက်နှစ်၌ လုပ်ငန်းကိုင်ငန်းများ၌ အတိုက်အခံများကြုံတွေ့ရမည်။ အခက်အခဲများကြားမှ ရုန်းကန်ရမည်။ အိမ်သားများ၊ မိဘ၊ အကြီးအကဲများနှင့် စိတ်သဘောထား တိုက်ဆိုင်ခြင်းမရှိဘဲ ညှိနှိုင်း၍မရသောကြောင့် စိတ်ညစ်ရမည်။ သူများ၏ သောကများကိုလည်း ဖြေရှင်းပေးနေရမည်။ စကားများရန်ဖြစ်ရတတ်သည်။ ရန်သူရန်ဘက်များကို တွေ့ရမည်ဖြစ်ရာ မိမိ၏စိတ်ဓာတ်ခိုင်မာမှုကို အားစမ်းသည့်သက်ရောက်နှစ်ဖြစ်နေမည်။ စိတ်ဓာတ် ခိုင်မာရန် အထူးလိုအပ်မည်။ ယတြာအဖြစ် သံဃာကိုဆွမ်းကပ်ပါ။

အကြွင်း(၄) သက်ရောက်ဟောကိန်း

အကြွင်း(၄) သက်ရောက်နှစ်တွင် အောင်မြင်မှုများရရှိ၍ အထွတ်အထိပ်ကို ပို့ဆောင်ပေးလိမ့်မည်။ စုတ်ရောလာဘ်ပါ ဝင်လာသောကြောင့် အံ့သြဝမ်းသာရမည်။ ငွေဝင်မည်။ ဥစ္စာဓနကြွယ်ဝလာမည့်နှစ်ဖြစ်သည်။ စိတ်ကို ထိန်းသိမ်းပြီး နေသွားမည်ဆိုလျှင် ဂုဏ်ရှိမည်။ ဤသို့ မထိန်းသိမ်းနိုင်ပါက နာမည်ပျက်ကိန်းရှိပါသည်။

အကြွင်း(၀) သက်ရောက်ဟောကိန်း

အကြွင်း(၀) သက်ရောက်နှစ်တွင် စိတ်ညစ်ရမည်။ ရည်မှန်းချက်များ ပျက်ပြားမည်။ ခက်ခဲမှု၊ တားဆီးမှုတို့က သင့်ကို စိန်ခေါ် အားစမ်းလိမ့်မည်။ စီးပွားရေး ဝက်ဘာထဲတွင် မရေရာမသေချာမှုတို့က မျက်စိလည် လမ်းမှားနိုင်သည်။ ရန်သူမျိုးငါးပါး၏ ဒဏ်ကို သင် ကြုံတွေ့နိုင်သည်။ ဆုံးရှုံးမှုများကို ကြိုတင်ပြင်ဆင်ထားနိုင်လျှင် ကောင်းပါမည်။ ကျန်းမာရေးလည်း အထူးဂရုပြုရပါမည်။ ဘေးအန္တရာယ်မကင်းသောလုပ်ငန်းများ ရှောင်နိုင်လျှင် ကောင်းပါမည်။ အမှုအခင်းလည်း ဖြစ်တတ်ပါသည်။ ရဟန်းသော်မှ လူထွက်ရသည့်ကိန်းဟု ဆိုပါသည်။ ယတြာအဖြစ် ဘုရားတွင် စနေထောင့်၌ နှင်းဆီပန်းလှူပါ။ အိမ်ရှိ ဘုရားတွင် မုန့်လုံးရေပေါ် (၁၀၈) လုံး လှူပါ။

အကြွင်း(၃) သက်ရောက်ဟောကိန်း

အကြွင်း(၃)သက်ရောက်နှစ်တွင် အိမ်သူအိမ်သား၊ လုပ်ဖော်ကိုင်ဖက်တို့နှင့် စိတ်သဘောမတိုက်ဆိုင်ဘဲ ဖြစ်ရတတ်၏။ မိမိ၏လုပ်ဆောင်ချက်များ လွဲချော်နေသဖြင့် ထင်သလောက် မပေါက်ဘဲဖြစ်နေမည်။ ဒေါသကိုထိန်းသိမ်းနိုင်လျှင်- ကောင်းမည်။ တပည့်လက်သား တော်လှန်မည်။ နေထိုင်လုပ်ကိုင်စားသောက်ရသည်မှာ အဆင်မပြေတတ်ပါ။ စိတ်ညစ်မည်။ နေမကောင်းဖြစ်မည်။ အိုးပျက်အိမ်ပျက် ဖြစ်တတ်သည်။ ငွေယိုဖိတ် လေလွင့်ဆုံးရှုံးနိုင်သည်။ ယတြာအဖြစ် ဘုရားတွင် အင်္ဂါထောင့်၌ ကုသိုလ်ပြုပါ။ ထီးနီ(၈)လက် လှူပူဇော်ပါ။

အကြွင်း(၆) သက်ရောက်ဟောကိန်း

အကြွင်း(၆) သက်ရောက်နှစ်တွင် စီးပွားရေးအခြေအနေ တိုးတက်လာမည်။ အမွေအနှစ်များရတတ်ပါသည်။ မထင်မှတ်သော ရင်းနှီးမြှုပ်နှံမှုမှ အသီးအပွင့်များ ခံစားရမည်။ ဥစ္စာရခြင်းအပြင် စန်းပွင့်မည်။ စုတ်ကြွေးလာဘ်ကြွေး ဝင်မည်။ အိုးအိမ်ရမည်။ အိမ်ထောင်ကျတတ်ပါသည်။ ပြည့်ပြည့်စုံစုံနေရမည်။ ငွေရမည်။ ထီပေါက်မည်။ ကံကောင်းသောနှစ်ဖြစ်ပါသည်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်၍ ဝင်ငွေများ ရနိုင်ပါသည်။ ခရီးသွားခြင်းဖြင့်လည်း အကျိုးပေးမည်။

ညွှန့်နိုင်မာ(ကျောက်ဆည်)

❑

www.burmeseclassic.com

www.burmeseclassic.com

သုတစုံဖြာ ကျိကမ္ဘာ

ဦးတိုး
(တက္ကသိုလ်)

အနာဂတ်စိတ်ကူး အသံထက်မြန်သော ကမ္ဘာပတ်ယာဉ်

ဂျာမန်အာကာစင်တာ (German Aerospace Center) မှ လွန်ခဲ့သည့် ဇန်နဝါရီလက အသံထက်မြန်သော ကမ္ဘာပတ်ယာဉ် Space Liner ကို ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

နာရီအနည်းငယ် အတွင်းမှာပင် ကမ္ဘာ၏ လမ်းတစ်ဝက် ခရီးကို တစ်ကြိမ်လျှင် ခရီးသည် ၅၀ ကို တင်ဆောင်၍ ပျံသန်းမည့် အသံထက်မြန်သော အာကာသသွားယာဉ် Hypersonic Space Plane ကို တီထွင်ရန် စာရွက်ပေါ်တွင် ဒီဇိုင်းနေဆွဲထားပြီးဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးလုပ်ငန်းဖြင့် ခရီးသွားသည့် ကွေ့ကောက်သော ကမ္ဘာဆန့်ခရီးကို မျှော်မှန်းချက်ထားရှိသဖြင့် စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်ပေသည်။

– သို့သော်လည်း ဤသည်မှာ စိတ်ကူးသစ်တစ်ရုပ်သာ ရှိနေမည် မဟုတ်ပေ။ သိပ္ပံဝတ္ထု ဇာတ်လမ်းရေးသူ အများအပြားက စူးစမ်းခဲ့ကြပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၆ ခုနှစ်က ဂျာမနီနိုင်ငံ ပင်းနီမန်ဒီ (Peenemunde) ရှိ V-2 စီမံချက်၏ ညွှန်ကြားရေးမှူးဟောင်း ဝေါလ်တာ့ဒွမ်ဘာဂျာ (Walter Domberger) ကလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၁၉၅၂ ခုနှစ်တွင် ဒွမ်ဘာဂျာသည် ဂျာမနီမှ အပြီးအပိုင် အမေရိကန်သို့ ပြောင်းရွှေ့လာခဲ့ပြီး အိုဟိုင်းယိုး(Ohio) မှ ဘဲလ်လေယာဉ် (Bell Aircraft) ထုတ်လုပ်ရန် အလုပ်လုပ်နေခဲ့သည်။ ၎င်းသည် ပဲ့ထိန်းပါ ဒုံးကျည် ထုတ်လုပ်ရေးအတွက် အတိုင်ပင်ခံအဖြစ်နှင့်လည်း ဆောင်ရွက်နေသူဖြစ်ပေသည်။ ၎င်းသည် ထိရောက်သည့်၊ ပြန်လည်အသုံးပြုနိုင်သည့်၊ ပစ်မှတ်တိတိကျကျ ကြဲချနိုင်သော ဗုံးကြဲလေယာဉ်ကို လေတပ်အတွက် တီထွင်ပေးနေပြီး အသံထက်မြန်သော လူလိုက်ပါသည့် ဂလိုက်ဒါလေယာဉ် (Hypersonic manned glider)ကို တီထွင်နိုင်ရေးအတွက် စိတ်ကူးခဲ့သည်။

လေတပ်သည် (Dyna-Soar) စီမံချက်ကို ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ သို့သော်လည်း ဒွမ်ဘာဂျာ၏ အသံထက်မြန်သော ဗုံးကြဲလေယာဉ်ပျံကို အခြေခံပြီး နောက် ယခုကဲ့သို့ Suborbital hypersonic အသံထက်မြန်သော ကမ္ဘာတစ်ခြမ်းပြေး အာကာသယာဉ်ကို တီထွင်ရန် ဖြစ်လာခဲ့ရပေသည်။

Reference : Hypersonic Spaceplanes of Yesteryear (Discovery) (13:2)

၂၀၁၃ ဇွန်လ
စနေဂြိုဟ်မှ ကြယ်များဖြင့် ကြယ်တံခွန်တြိဂံပုံပေါ်

[ဤနှစ်တွင်တာရာအကြောင်းများကို SPACE-Com Skywatching Columnist- ပင့်တိုင်ဆောင်းပါးရှင် ကျိုးရောင်း (Joe Rao) မှ တင်ပြထားခြင်း ဖြစ်ပါသည်။]

အကယ်၍ သင်သည် ယခုသီတင်းပတ်တွင် ညချမ်းအချိန်သို့ ရောက်ရှိလာပြီး မကြာမီမှာပင် အိမ်ပြင်သို့ ရောက်ရှိသွားပါက ဥပမာ - ဒေသစံတော်ချိန် ည ၁၀ နာရီခန့်၌ တောင်ဘက် မိုးကောင်းကင်အပြင့်ပိုင်းတွင် ကြီးမားကျစ်လစ်သွယ်လျသော တြိဂံပုံကို သင်သတိပြုမိပါလိမ့်မည်။ ကြယ်နှစ်စင်းနှင့် တောက်ပနေသည့် အလင်းကွင်း စနေဂြိုဟ်တို့က နက္ခတ်ဆိုင်ရာဂဲဩမေတြီ (Celestial Geometry) အဖြစ် ခင်းကျင်းပြသနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပေလိမ့်မည်။

တောင်စွန်းဝန်းကျင်တစ်ဝိုက် မြောက်ပိုင်းလုံးခြမ်း (Northern Hemisphere)အတွင်း နွေရာသီသို့ စတင်ကူးရောက်ရှိလာသည်နှင့် အလွန်ထင်ပေါ်ကျော်ကြားသည့် နွေရာသီတြိဂံ (Summer Triangle) ကို သင် ရှုစားနေရပြီဟု ထင်မြင်မိပါလိမ့်မည်။ သို့သော်လည်း ထိုသို့ မဟုတ်ပါ။ တောက်ပလျက်ရှိသည့် ကြယ်သုံးပွင့်၏ သီးသန့်ပုံစံ ဖော်ဆောင်မှုသည် ယခုအခါ အရှေ့မြောက်-အရှေ့သို့ အနိမ့်ပိုင်းအတွင်း မြင်ကွင်းထဲသို့ ပေါ်ထွက်လာနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောက်ပကြယ်သုံးလုံး၏ မျက်စိပသာဒ ဖမ်းစားထားသော ဤအခြားသောအရာသည် မည်သို့ဖြစ်လာခဲ့ပါသနည်း။ ညကောင်းကင်ယံ၌ တြိဂံ၏ထိပ်ပိုင်းမှာ လက်ဝဲဘက်သို့ ခေါင်းထောင်နေပြီး အခြေ၏အထက်အမြင့်၌ ဆိုင်းတန်နေပေသည်။ တြိဂံကိုယ်တိုင်သည် ခေါင်းပေါ် တည့်တည့်ဆီသို့ ညွှန်ပြနေသည်ဟု ထင်မြင်ရသည်။ ၎င်းကို ကောင်းကင်ရှိ ဦးထိပ်အမှတ် (Zenith) ဟု ခေါ်ပေသည်။

ကြယ်နှစ်ပွင့်၊ ဂြိုဟ်တစ်ခု၊ ထူးခြားဒသာ ရှုကွင်းရှုတွက်

သိတင်းပတ်များနှင့် လများအတွင်းမှာပင် စနေဂြိုဟ် တြိဂံသည် ၎င်း၏ပုံသဏ္ဌာန် ပြောင်းလဲသွားပေလိမ့်မည်။

စနေဂြိုဟ်အကြောင်းမှာ စဉ်းစားစရာဖြစ်နေလေရာ တြိဂံ၏အခြေမှ "ကြယ်များ"နှစ်ခုအနက် တစ်ခုရှိနေပြီး စနေဂြိုဟ်သည် တည်ငြိမ်စွာ အဖြူ-အဝါရောင် သန်းနေပုံရသည်။ အခြားသော ကြယ်ဂြိုဟ်သည် ပြာတာတာနှင့် စပစ်ကာ (Spica) ကြယ်ဖြစ်ပြီး လျှမ်းလျှမ်းတောက် ထင်ပေါ်သော ကန်ရာသီရုပ် အဖျိုစင်ပုံရှိ Virgo အတွင်း ရှိနေပေသည်။

Spica သည် လက်ယာဘက်၌ရှိပြီး စနေဂြိုဟ်(Saturn) သည် လက်ဝဲဘက်၌ ရှိနေသည်။ အနည်းဆုံး ပါဝါ-၃၀ ရှိ အဝေး ကြည့်မှန်ပြောင်း တစ်ခုခုဖြင့် စနေဂြိုဟ်ကွင်းများ (Saturu's rings) ကို မြင်သာလျက်ရှိနေရာ ၎င်းတို့သည် ယခုနှစ်ပိုင်းအတွက် အသေးဆုံးဖြစ်ပြီး လောလောဆယ်၌ ၁၃.၂ ဒီဂရီ တိမ်းစောင်းနေကြပေသည်။ နောင်လာမည့် လေးနှစ်ခန့် လမ်းကြောင်းတစ်လျှောက်တွင် ကွင်းများသည် တဖြည်းဖြည်းချင်း ပွင့်ထွက်လျက် နောက်ဆုံးတွင် ၂၀၁၇-ခုနှစ် အောက်တိုဘာလ၌ရောက်၍ ကမ္ဘာမြေကြီး (Earth) ဆီသို့ လုံးဝ တိမ်းစောင်းသွားပေလိမ့်မည်။

Bootes ခေါ် မြောက်ဝိုင်း ကြယ်တာရာစုအတွင်းရှိ တောက်ပနေသော လိမ္မော်-အဝါရောင် Arcturus ကြယ်သည် တြိဂံအတွင်းမှ တတိယမြောက်ကြယ်ဖြစ်သည်။ ဒေသတွင်း စံတော်ချိန် နံနက် ၂ နာရီ ဝန်းကျင်တိုင်အောင် တြိဂံသည် မြင်ကွင်းအတွင်း တည်ရှိနေပေလိမ့်မည်။

ထိုစဉ်အတောအတွင်းမှာပင် စနေဂြိုဟ် (Saturn) နှင့် Spica ဂြိုဟ်တို့သည် မိုးကုပ်စက်ဝိုင်း အနောက်တောင်-အနောက်၌ နီမှိုက်လာပြီး မကြာမီ ပျောက်ကွယ်သွားပေလိမ့်မည်။ သို့ရာတွင် Arcturus ဂြိုဟ်သည် မြင်ကွင်း၌ တည်ရှိနေပြီး အရှက်ကျင်း၍ အလင်းရောင်ပေါ်လာမှ ကွယ်ပျောက်သွားပေလိမ့်မည်။

အဆက်မပြတ် ပြောင်းလဲနေသည့် တြိဂံ

ကျွန်ုပ်တို့ ယခင်စောစောပိုင်း မှတ်သားခဲ့ကြသည့် အတိုင်း ဤတြိဂံပုံပန်းသဏ္ဌာန်သည် ဂြိုဟ်တစ်ခု၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေ၍ ဤသို့ကြာရှည်စွာ တည်ရှိနေမည်မဟုတ်ပေ။

ဇူလိုင်လ (၉) ရက်နေ့တွင် နောက်ခံကြယ်များ၏ ဆန့်ကျင်ဘက်တွင် စနေဂြိုဟ် (Saturn) သည် ရပ်တန့်သွား

www.burmeseclassic.com

www.burmeseclassic.com

လျက် နောက်ပြန်ဆုတ်သွားကာ အဆုံးသတ်သွားပေလိမ့်မည်။

ဖေဖော်ဝါရီလ နှောင်းပိုင်းလောက်ကတည်းက အနောက်ဘက်ဆီသို့ ဖြည်းညင်းစွာ အိပက်အိပက်နှင့် တစ်လှမ်းချင်း ချန်းကန်သွားနေပြီး ဇူလိုင်လ စောစောပိုင်းရောက်သည်နှင့် နောက်ကြောင်းသို့ ပြန်ဆုတ်၍ Spica ဂြိုဟ်မှ အရှေ့ဘက်အဝေးဆီသို့ စတင်ရွေ့လျားသွားမည်ဖြစ်သည်။ တြိဂံ၏ အခြေသည် ပိုမိုကျယ်ပြန့်လာမည်ဟု ဆိုလိုပေရာ နွေရာသီသို့ ချဉ်းနင်း ဝင်ရောက်လာသည်နှင့်အတူ တြိဂံသည် ပိုမိုကျယ်ပြန့်သွားပေလိမ့်မည်။

စက်တင်ဘာလလယ်သို့ ရောက်သည်နှင့် စနေဂြိုဟ် (Saturn) နှင့် Spica ဂြိုဟ်တို့သည် အနောက်ဘက် ညနေခင်းကောင်းကင်တွင် အလွန်နီမှိုင်းလွန်းသည့်နေရာသို့ ရောက်ရှိသွားကြပြီးနောက် ညနေ နေဝင်ဆည်းဆာတွင် နက်ရှိုင်းလွန်းစွာ ငုပ်လျှိုးသွား၍ မြင်ကွင်း၌ ကြည့်မြင်နိုင်ရန် ခဲယဉ်းနေပေလိမ့်မည်။ ထိုစဉ်အတောအတွင်းမှာပင်လျှင် စနေဂြိုဟ် (Saturn) သည် တောက်ပလှသည့် သောကြာဂြိုဟ် (Venus) နှင့် အဖော်သင်တစ်ခုအဖြစ်သို့ ရောက်ရှိသွားမည် ဖြစ်သည်။

စနေဂြိုဟ် (Saturn) နှင့် Spica ဂြိုဟ်တို့အား နောက်ထပ်တစ်ဖန် မြင်တွေ့နိုင်သောကာလသည် နိဝင်ဘာနှောင်းပိုင်းလောက်တွင် ဖြစ်သည်။ ၎င်းတို့သည် အရှေ့တောင်အာရှ၌ နေမထွက်မီ ခပ်နိမ့်နိမ့်၌မြင်ရပြီး တြိဂံကို ပိုမိုကျယ်ပြန့်စွာ ဖြစ်ပေါ်နေပေလိမ့်မည်။

စနေဂြိုဟ် (Saturn) သည် ၂၀၁၃ ခုနှစ်၏ အမွန်မြတ်ဆုံး နံနက်ခင်း၏ ဆန်းကြယ်သော ရုပ်လွှာတစ်ခုအဖြစ်နှင့် တက်သုတ်နှင်သွားနေသည်။ ဂြိုဟ်ငယ်သည် ဗုဒ္ဓဟူးဂြိုဟ် (Mercury) နှင့် နီးနီးကပ်ကပ် ပေါင်းဆုံသွားပေလိမ့်မည်။

အလားတူ ဝန်းကျင်၏အနီး၌ နောက်ထပ် အရာဝတ္ထုတစ်ခုက အငမ်းမရ ရှာဖွေနေပေလိမ့်မည်။ ၎င်းသည် ကြယ်တံခွန်အစ်ဆန်း (Coment Ison) ဖြစ်ပြီး လွန်လွန်ကဲကဲ နေ၏ဝန်းကျင်အနီးသို့ တက်သုတ်နှင် ချဉ်းကပ်သွားမည်ဖြစ်၍ ၎င်းသည်လည်း တောက်ပနေသော အရာဝတ္ထုတစ်ခု ဖြစ်လာနိုင်ပေသည်။

တြိဂံပါတီ (Triangle Party) သို့ လကမ္ဘာ (Moon) မှ ပူးပေါင်း

ယခုလောလောဆယ်တွင် ညနေခင်း ကောင်းကင်၌ တြိဂံများကို တွေ့မြင်နိုင်စွမ်း မရှိခဲ့သော်လည်း ဇွန်လ ၁၈ ရက် အင်္ဂါနေ့က နေဝင်သွားပြီး မကြာမီ တောက်ပပိုင်းစက်သော လပြည့်ဝန်းကို အဆိုပါတြိဂံများနှင့် ပေါင်းစည်းသွားခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည်။

၎င်းသည် Spica ဂြိုဟ်၏ လက်ဝဲအောက် အကြွင်းဖျင်းသုံးဒီဂရီနှင့် စနေဂြိုဟ်(Saturn)၏ လက်ယာဘက် ၉ ဒီဂရီခန့်တွင် ပေါ်ပေါက်လာခဲ့သည်။

နောက်နေ့ ညနေခင်းဖြစ်သော ဇူလိုင်လ ၁၉ ရက် ဗုဒ္ဓဟူးနေ့၌ ပိုမိုပိုင်းဝန်းနေသော လကမ္ဘာ (Moon) သည် Spica ဂြိုဟ်နှင့် စနေဂြိုဟ် (Saturn) ဆီသို့ အတော်လေးနီးကပ်သည့် နေရာဆီသို့ ရွေ့လျားသွားခဲ့ရာ ကွင်းဖြစ်နေသည့်ဂြိုဟ် (Ringed Planet) ၏ လက်ဝဲဘက်ဆီသို့ ၇ ဒီဂရီခန့်တွင် ပေါ်ထွက်လာခဲ့ပြီး တောင်ပိုင်းကောင်းကင်တွင် "ညပ်သိပ်ပြုတိုးနေသည့် တြိဂံ"ကဲ့သို့ ပုံဖော်လိုက်သည်။

သင်၏ လက်သီးဆုပ်ထားသည့် လက်မောင်းအတိုင်းအတာ ၁၀ ဒီဂရီ အကြွင်းဖျင်းခန့်ရှိနေသည်ကို မှတ်သားထားသင့်ပေသည်။

မှတ်ချက်

အကယ်၍ သင်သည် ညကောင်းကင်တွင်းမှ စနေဂြိုဟ်၏ ဓာတ်ပုံတစ်ပုံခန့်ကို ရိုက်ယူထားခြင်း သို့မဟုတ် အခြားသော နက္ခတ်တာရာဆိုင်ရာ ကြယ်စုအရာဝတ္ထုတစ်ခုခု၏ပုံ ရရှိထားလျှင် ဖြစ်နိုင်ခြေရှိသည့် ဆောင်းပါးတစ်ပုဒ် သို့မဟုတ် အနုပညာလက်ရာပြပွဲသို့ ခင်းကျင်းပြသဝေလိုသော ဓာတ်ပုံများနှင့် ဝေဖန်ချက်များကို ပို့ပေးစေလိုပါသည်။ ထို့အပြင် မည်သည့်နေရာဒေသမှ ဖြစ်ကြောင်းကိုလည်း ဖော်ပြပေးရန် မေတ္တာရပ်ခံအပ်ပါသည်။ ၎င်းတို့ကို Managing Editor TARIQ MALIK of Spacephotos @ space.com သို့ လိပ်မူ၍ ပေးပို့ရန် ဖြစ်ပါသည်။

ပင်တိုင်ဆောင်းပါးရှင် Joe Rao သည် နယူးယောက်မြို့ Hayden Planetarium ၌ နည်းပြနှင့် ဧည့်သည်ကထိက တစ်ဦးဖြစ်သည်။ ဆရာသည် Natural History မဂ္ဂဇင်း Farmer's Almanae နှင့် အခြားမဂ္ဂဇင်း ဂျာနယ်များတွင် နက္ခတ္တဗေဒပညာရပ်များအကြောင်းကို ရေးသားသူဖြစ်သည်။ ၎င်းပြင် သူသည် News 12 Westchester, N.Y. အတွက် မိုးလေဝသနှင့် ဇလဗေဒပညာရှင်အဖြစ် ဓာတ်ပုံများကိုလည်း ရိုက်ကူးပေးနေသူဖြစ်သည်။ Twitter, Facebook နှင့် Google + Space.com ပေါ်တွင် မူရင်းစာမူများ တင်ထား၍ ရှာဖွေကြည့်ရှုနိုင်ပါသည်။

Reference : Saturn Forms Cosmic Triangle with Stars This Week.

www.burmeseclassic.com

www.burmeseclassic.com

သောကြာဂြိုဟ်ပေါ်မှ လျှို့ဝှက်ဆန်းကြယ်မှု

"စူပါမုန်တိုင်းကြီး"
အရှိန်ပြင်း တိုက်လေများ ထူးခြား

မကြာသေးမီ အချိန်များက သောကြာဂြိုဟ်ပေါ်မှ အရှိန်ပြင်း လေမုန်တိုင်းတိုက်လေများအား တဝေါဝေါ တိုက်ခတ်လျက်ရှိသည်ကို တွေ့ရ၍ သိပ္ပံပညာရှင်များအနေဖြင့် အဘယ်ကြောင့် ဤသို့ဖြစ်နေရကြောင်း သေသေချာချာ အဖြေရှာမတွေ့နိုင်ကြသေးပေ။

ဥရောပ၏ ဂြိုဟ်ပတ်လမ်းကြောင်းပေါ်သို့ Venus Express မှ အကဲခတ် လေ့လာမှု ပြုလုပ်ချက်များအရ သောကြာဂြိုဟ်ပေါ်မှ တိမ်တိုက်ထိပ်ရှိလေ၏ အရှိန်သည် တစ်နာရီလျှင် ၁၈၆ မိုင် (၃၀၀ ကီလိုမီတာ) မှ တစ်နာရီလျှင် ၂၄၉ မိုင် (၄၀၀ ကီလိုမီတာ) သို့ ခုန်ကျော်သွားနေ၍ ၂၀၀၆ မှ ၂၀၁၂ ခုနှစ်များ၏အကြားမှာထက် ၃၃ ရာခိုင်နှုန်း တက်သွားသည်။

"ပတ်ဝန်းကျင် လေထု အတွင်း လေပြင်းတိုက်နှုန်းကို သိရှိထားပြီးဖြစ်ရာမှာ အဲဒါဟာ ဧရာမ တိုးမြင့်လာတာ ဖြစ်ပါတယ်"

ဟု မော်စကိုမြို့ရှိ အာကာသ သုတေသနအဖွဲ့ (Space Research Institute) မှ အစ်ဂေါ ခါတွန်စက်ဖ် (Igor Khatunsev) မှ ပြောကြားသည်။

"သောကြာဂြိုဟ်ပေါ်မှာ ဒီလိုကြီးမားတဲ့ မူကွဲအပြောင်းအလဲကို တစ်ခါမှ မမြင်ဖူးသေးဘဲ နောက်ပြီး တော့လည်း ဒီလိုဘာကြောင့် ဖြစ်ရတယ်ဆိုတာကို ကျွန်တော်တို့ နားမလည်နိုင်သေးပါဘူး"

ကမ္ဘာမြေ၏ "နှမဂြိုဟ်"သည် သုတေသနပညာရှင်များအတွက် စိတ်ဝင်စားစေပေသည်။ သောကြာဂြိုဟ်၏ ပတ်လည်၌ သာမန်ထက်ထူးကဲသော ပတ်ဝန်းကျင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပတ်ပတ်လည်တွင် တိုဟိုသည်သည်သို့ ရွက်ချည်း လျင်မြန်စွာ ကမ္ဘာနေ့ လေးရက်တစ်ကြိမ် အလှည့်ကျ ဖြစ်ပေါ် ပြောင်းလဲနေပေသည်။

သောကြာဂြိုဟ် ကိုယ်တိုင်မှာလည်း သူ့ဝင်ရိုးစွန်းပေါ်မှာ ကမ္ဘာနေ့ (၂၄၃) ရက်ကြာမှ အပြည့်အဝတစ်ကြိမ် တစ်ပတ် ပတ်မိသွားသည်။ ဥရောပ အာကာသအေဂျင်စီ (European Space Agency) မှ သောကြာဂြိုဟ်တိုက်လေများကို "ထူးကဲသောမုန်တိုင်းအရှိန်ပြင်း" (Super-hurricane force) ကြန့်အင်လက္ခဏာဟု သတ်မှတ်ပေးထားပေသည်။

Venus Express မှ ဓာတ်ပုံများကို ရိုက်ယူရရှိထား၍ တိုက်လေ၏ နှုန်းများကို လေ့လာကြည့်ပြီး ၎င်းတို့သည် တောင်နှင့်မြောက်လတ္တီတွဒ် ၅၀ ဒီဂရီအကြားမှ ဖြစ်မည်ဟု ခါတွန်စက်ဖ်နှင့် သူ၏အဖွဲ့မှ ဆုံးဖြတ်ခဲ့ကြသည်။ သောကြာဂြိုဟ်၏ မျက်နှာပြင်အထက် ၄၃ မိုင် (၇၀ ကီလိုမီတာ) ရှိ တိမ်တိုက်ထိပ်ဖျား၏ ထောင့်သောင်းချီ၍ ရွှေ့လျားမှုများ နောက်သို့ သိပ္ပံသုတေသန ပညာရှင်များမှ နောက်ယောင်ခံ လိုက်ကြည့်ခဲ့ကြသည်။

သူတို့ ဆောင်ရွက်ထားသည့် သုတေသနပြုမှုများကို ICARUS ဂျာနယ်တွင် ဖော်ပြပေးရန် လက်ခံထားပြီးဖြစ်သည်။ ဂျပန်မှ ဦးဆောင်သော အဖွဲ့တစ်ဖွဲ့ကလည်း အဆိုပါ တိမ်တိုက်များ၏ ရွှေ့လျားနေမှုများကို နောက်ယောင်ခံ၍ လိုက်ကြည့်ရန် Venus Express ၏ Data အချက်အလက်များကို အသုံးပြု၍ စိတ်ပါဝင်စားစွာ လေ့လာပြီး Geophysical Research ဂျာနယ်တွင် ရေးသားမည် ဖြစ်ကြောင်း သိရှိရသည်။

"ကျွန်ုပ်တို့အနေဖြင့် တောင်ဘက်လုံးခြမ်းမှ အနိမ့်ပိုင်း လတ္တီတွဒ်ရှိ တိမ်တိုက်များရွှေ့လျားမှုတွေကို ခြောက်နှစ်ကြာ လေ့လာကြည့်ခဲ့ရာမှာ တိုက်လေများရဲ့ အလျင်ပြောင်းလဲမှုမှာ ကမ္ဘာ့ ၂၅၅ ရက်ကာလ အတိုင်းအတာ တစ်ရပ်၌ တစ်နာရီလျှင် ၇၀ ကီလိုမီတာလောက်ရှိနေကြောင်း ပြသပေးနေပါတယ်" သောကြာဂြိုဟ်ပေါ်မှာ ပိုမိုကြာရှည်နေကြောင်း ဦးဆောင်ရေးသားသူ တိုရုကိုယူယာမာ (TORU KOU-YAMA) မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

၎င်းသည် ဂျပန်နိုင်ငံ အီဘာရာကီမြို့ (IBARAKI) ရှိ Infor-matio Technology Research Institute မှဖြစ်သည်။

ဤလေ့လာမှု အသစ်နှစ်ခုစလုံးမှ သောကြာဂြိုဟ် ပတ်ဝန်းကျင်ရှိလေထု (Atmosphere of Venus) ပေါ်တွင် ပုံမှန်ဖြစ်ပေါ် နေသည့် အပြောင်းအလဲ အမျိုးကွဲများကိုလည်း ထောက်လှမ်းရရှိခဲ့သဖြင့် ၎င်းတို့သည် အဆိုပါဂြိုဟ်၏ အလှည့်ကျဖြစ်နေသည့် ကာလ၊ ၎င်း၏ ဒေသအတွင်း အချိန်နှင့် မိုးကုပ်စက်ဝိုင်းပေါ်မှ နေ၏ မြင့်မားနေမှုတို့နှင့် ဆက်စပ်လျက် ရှိနေဟန်တူကြောင်း သုတေသနပညာရှင်များမှ ပြောကြားသည်။

နောက်ပြီး နှစ်ဖွဲ့စလုံးသည် လေတိုက်နှုန်း၌ အံ့အားသင့်ဖွယ်ရာ ထူးခြားသော အပြောင်းအလဲမျိုးများကို ရံဖန်ရံခါ အသေးဆုံး ၂၄ နာရီခန့် သေးသေးလေးအထိ တွေ့ရှိကြရသည်ဟုဆိုသည်။ တစ်ခါတစ်ရံတွင် သောကြာဂြိုဟ်ဝန်းကျင်ရှိ လမ်းကြောင်းအားလုံးဆီသို့ ရှိခနဲ ဒို့ခနဲ ၃၀ ရက်တိမ်တိုက်များ ရွှေ့လျားလွှင့်ရှိတတ်သည်။ အခြားသော ဖြစ်ရပ်များထက် ၅၊ ၇ ရက်ခရီး ဖြစ်နေလေ့ရှိသည်။

ယင်းသို့ ပြောင်းလဲမှု၊ ရွှေ့လျားမှုများသည် ရေရှည်ကြာမြင့်စွာ လေတိုက်နှုန်း တိုးမြှင့်လာနေလေ့ရှိသည့်နည်းတူ လျှို့ဝှက်ဆန်းကြယ်လှကြောင်း သိပ္ပံပညာရှင်များမှ ပြောကြားသည်။

"ကမ္ဘာလုံးဆိုင်ရာ တိုက်လေနှုန်း ပျမ်းမျှတိုးမြင့်လာနေပြီဖြစ်ကြောင်း ရှင်းလင်းတဲ့ အထောက်အထားတွေ ရှိနေတဲ့ တိုင်အောင် ပတ်ဝန်းကျင်လေရဲ့ လည်ပတ်နေမှုပုံစံတွေဟာ ဘယ်လိုအကြောင်းရင်းကြောင့် ဖြစ်ရကြောင်း နောက်ထပ် စူးစမ်းဖို့ လိုပါလိမ့်မယ်၊ နောက်ပြီးတော့လည်း ကွက်ပြီးဖြစ်ပွားနေတဲ့ နေရာတွေမှာလည်း တိုတောင်းတဲ့ အလိုအလျောက် လုပ်ငန်းစဉ်မှာ ပြောင်းလဲမှုတွေကို မြင်နေရတာ အကြောင်းအရင်းရှိနေမှာမို့လို့ ရှင်းရဦးမှာပါ"

ဟု Venus Express စီမံချက်မှာ သိပ္ပံပညာရှင် ဟာကန်စဗက်ဒမ် (Hakan Sved-hem) မှ ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။

"သောကြာဂြိုဟ်ပေါ်မှာ ပတ်ဝန်းကျင်ရှိလေ အလှည့်ကျပြောင်းလဲမှုကြီးဟာ နေစကြဝဠာအတွင်း မရှင်းပြနိုင်သေးတဲ့ လျှို့ဝှက်ဆန်းကြယ်မှုကြီး တစ်ရပ်ပဲ ဖြစ်ပါတယ်၊ ဒီရလဒ်တွေက ပိုမိုဆန်းကြယ်နေပြီး ဂြိုဟ်ပေါ်က ပြောင်းလဲနေတဲ့ ပြင်းထန်တဲ့ ရွှေ့လျားအားကို Venus Express အနေနဲ့ ဆက်လက် သုတေသနပြုရင်း ကျွန်တော်တို့ကို အံ့အားသင့်အောင် လုပ်ဆောင်နေကြပါတယ်"

ဂင်းက ကြေညာချက်တွင် ဖြည့်စွက်ရေးသားခဲ့သည်။

Reference : Mystery on Venus : "Super Hurricane" Force Winds Inexplicably Get Stronger by Mic Wall, SPACE. Com Senior writer.

www.burmeseclassic.com

www.burmeseclassic.com

အဇစ်ဇီးလ်မေယန် တိုင်းရင်းသားများ၏ ဒုက္ခ

ကွာတီမာလာစီးတီး၏ အနောက်ဘက်ရှိ တောင်တန်းများပေါ်မှ တိုင်းရင်းသား အစ်ဇီးလ်မေယန်တို့၏ ဘဝသည် ဓာတ်ပုံဟောင်းတစ်ခုကဲ့သို့ ကြေမွပျက်စီးနေပေသည်။

ပြည်တွင်းစစ်ပွဲသည် ခုနစ်နှစ်အကြာ ပြီးဆုံးသွားသော်အခါ သူတို့၏ ရာခိုရှိနေသည့် အိမ်ခြေများသည် ပြိုလဲပျက်စီးသွားခဲ့သည်။ သူတို့ ချစ်ခင်မြတ်နိုးကြသူများ ထိုစဉ်က အစုအပြုံလိုက် အသတ်ခံကြရကာ ယခုအခါ အဇစ်ဇီးလ် တိုင်းရင်းသားများသည် ကွာတီမာလာနိုင်ငံ အနောက်မြောက်ပိုင်း ထီးတည်းကြီးရှိနေသည့် ကျောက်သောင်ကမ်းပါးထူထပ်သော ရွှံ့မံသစ်သားအိမ်များတွင် ယခုတိုင် နေထိုင်နေကြရဆဲပင် ရှိနေကြသည်။

သူတို့အများဆုံးတွင် သောက်ရေနှင့် ခင်းပေးထားသော လမ်းမများ မရှိကြဘဲ အခြေခံဝန်ဆောင်မှုလိုအပ်ချက်များဖြစ်သည့် ကျန်းမာရေးနှင့် ပညာသင်ကြားရေးလည်း ကင်းမဲ့လျက် ရှိနေကြပေသည်။

၁၉၈၀ ခုနှစ် ဝန်းကျင်လောက်က အာဏာရှင်ဟောင်း အီဖရိန်းရိုင်ဇိုးစ်မွန်း (Efrain Rios Montt) သည် မြေလှန်ဖီဆိုသည့် ပေါ်လစီများဖြင့် ၁၇-လ ခန့် အုပ်ချုပ်ခဲ့စဉ် တစ်မျိုးလုံး မြုတ်မြုတ်ပြန်းအောင် မီးလောင်တိုက်သွင်းခဲ့ရမှုအတွက် မေလ (၁၀) ရက်နေ့က ကွာတီမာလာ တရားရုံးမှ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

သက်ဆိုင်ရာ အုပ်စိုးခဲ့ကြသူများသည် ရာစုနှစ်ပေါင်းများစွာ အဇစ်ဇီးလ် တိုင်းရင်းသားများအား လျစ်လျူရှုခဲ့ကြသော်လည်း ယခု ဇီဝင်းတို့ကို မီးမောင်းထိုးပြသလို ဖြစ်သွားခဲ့ပေသည်။ တရားရုံး၏ ပြစ်ဒဏ်ကို ၁၀ ရက်အကြာတွင် ဖျက်သိမ်းလိုက်ပြီး အဇစ်ဇီးလ် တိုင်းရင်းသားတို့၏ ဘဝသည် ပြောင်းလဲသွားခြင်းမရှိဘဲ မူလနေရာ ဒုံရင်းသို့ ပြန်လည် ရောက်ရှိသွားခဲ့ရပေသည်။

သူတို့သည် ကျောက်တုံးထူထပ်သည့် တောင်များပေါ်သို့ ပြန်လည်ရောက်ရှိသွားခဲ့ကြ၍ စိုက်ပျိုးမြေမရှိဘဲ ငတ်မွတ် ခေါင်းပါးလျက် ရှိနေကြပြီဖြစ်ကြောင်း လူမှုရေးမနုဿဗေဒပညာရှင် ဘိုင်ရွန်ဂါစီယာ (Byron Garcia) မှ ပြောကြားသည်။ ၎င်းသည် အဆိုပါဒေသတွင် လေ့လာမှုပြုနေသည်မှာ ဆယ်နှစ်ခန့်ရှိနေပြီဖြစ်သည်။

လူငယ်ပိုင်းများကလည်း စိုက်ပျိုးရေးမလုပ်နိုင်သည့် အားလျော့စွာ အခြားနေရာသို့ ပြောင်းရွှေ့သွားကြပြီ ဖြစ်သည်။

ရွာကို စစ်သားများမှ တိုက်ခိုက်ကြသောအခါ ဖီလီစီယာနာကိုဘို (Feliciana Cobo) ဆိုသည့် မိန်းကလေးသည် ထိုစဉ်က ရှစ်နှစ်သမီးအရွယ်ခန့်လောက်သာ ရှိနေသေးသည်။ သူမသည် မိသားစုနှင့် ကွဲသွား၍ တောင်တန်းထဲသို့ ဝင်ပြေးကြရက်ပေါင်းများစွာ ပုန်းအောင်းနေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူမတွင် စားစရာလည်း မရှိခဲ့ပေ။ စစ်တပ်မှ ရွာကို ဝိုးကြ တိုက်ခိုက်လိုက်သောအခါ သူမ၏မိခင် သေဆုံးသွား သည်။ သူမ၏ အဘွားမှာလည်း ရာသီဥတု အေးလွန်းပြီး သန့်သန့်ရှင်းရှင်း မနေထိုင်ခဲ့ရသောကြောင့် ကွယ်လွန်သွား သည်။

သူမ၏ မိသားစုသည် နောက်ဆုံးတွင် သူတို့ပိုင်မြေကို လည်း ဆုံးရှုံးသွားပြီး ဆင်းရဲသည်ထက် ဆင်းရဲလာခဲ့လေ တော့သည်။ မိခင်တစ်ဦးတည်းအဖြစ် ကလေးသုံးဦးနှင့် အသက် ၄၀ အရွယ် ကိုဘိုသည် အိမ်နီးချင်းတစ်ဦးထံမှ လျှပ် စစ်ကို ငှားရမ်းသွယ်တန်းပြီး ကလေးများအတွက် ထောက်ပံ့ ပေးရန် အဝတ်လျှော်ဖွတ်ပေးရသည်။ ရက်ကန်းရက်ရသည်။

သူမသည် ပြည်တွင်းစစ်အတွင်း ကြီးပြင်းခဲ့ရသူ ဖြစ် သည့်အတွက် ကျောင်းမနေခဲ့ရ၍ စာရေး၊ စာဖတ်တတ်ခြင်း မရှိပေ။ သူမသည် ရက်ကန်းရက်သည့် အလုပ်ဖြင့်သာ အသက်မွေး ဝမ်းကျောင်းနေရရှာသည်။

အဇစ်ဇီးလ် တိုင်းရင်းသားများသည် တော်မွတ်ပြီး အပူရှိန်ကျဆင်း၍ ရောဂါဖြင့် သေဆုံးကြရသည်။ ထိုနည်း တူစွာ လက်နက်ခဲယမ်း မီးကျောက်သင့်၍လည်း သေဆုံးကြ ရပေသည်။ သေမူသေခင်း စစ်ဆေးရေး အရာရှိများသည် အလောင်းများကို ပြန်လည်ဖော်ယူ၍ စစ်ဆေးနေကြပြီ ဖြစ်သည်။

သူတို့ ချစ်မြတ်နိုးရသူများ၏ အလောင်းကိုရှာရန်၊ မြေမြှုပ်သင်္ဂြိုဟ်ပေးရန်၊ သူတို့အကြောင်းကို ပြောပြပေးရန် ဆန္ဒရှိနေကြသော်လည်း တရားစီရင်ရေးကို သံသယဝင်နေ ကြသေးသည်။

လူမှုရေး မနုဿဗေဒပညာရှင် ဂါစီယာသည် ယခု အခါ ကွာတီမာလာ၏ မြို့တော်တွင် နေထိုင်လျက်ရှိပြီး အမှု သွားအမှုလာကို စောင့်ကြည့်နေပေသည်။ ဒုက္ခဆင်းရဲရောက် ခဲ့ရသူများအတွက် ဆုံးရှုံးမှုများကို နစ်နာကြေးပေးလေမလား ဟူ၍ စောင့်ကြည့်နေခြင်းဖြစ်သည်။

သို့သော်လည်း ကိုဘို ကဲ့သို့ ပညာမတတ်သူသည် တရားရုံးသို့ သွားရောက် သက်သေမခံနိုင်ရှာခဲ့ပေ။

တရားရုံးတွင် ကြားနာစစ်ဆေးရာ၌ သူမကဲ့သို့ အဇစ် ဇီးလ်မေယန် တိုင်းရင်းသားများ နစ်နာဆုံးရှုံးခဲ့ရမှုများအတွက် ကွာတီမာလာမြို့တော်သို့ သွားရောက်၍ ကိုယ်စားသက်သေ ခံပေးလျက်ရှိနေကြောင်း ကိုဘိုကြားသိရသဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်၍နေပေသည်။

Reference: ANNULMENT of Guatemala Conviction Shines light on indiegenous Community.

ဦးထိုး(ထက္ကထီ)

www.burmeseclassic.com

www.burmeseclassic.com

အောင်ကြည်သန်း(စောင်းတော်သံ)

ကျန်းမာရေးအတွက်
သပြေကိုးခက် ရေကိုးခွက် ယတြာ

တစ်နေ့နံနက် အလုပ်သွားခါနီးအချိန် ရောက်လာကာမှ မိုးက တဖြောက်ဖြောက် တအုန်းအုန်း ရွာချလာသည်။ မိုးနှင့်အတူ လေပါ ခပ်ကြမ်းကြမ်းလေး တိုက်လာသည်။ မိုးသီးမိုးပေါက်တွေ့ အိမ်ခေါင်မိုး သွပ်ပေါ်သို့ ကျသည့်အသံက တဒုန်းဒုန်းမြည်ဟည်းနေသည်။ ဘဝသမားမို့ မိုးလေးအနည်းငယ် စဲသွားသည်နှင့် ထီးလေးဆောင်း၊ ထမင်းခြင်္ဂေးကို လက်တစ်ဖက်ကဆွဲပြီး အိမ်မှထွက်ကာ မိုးကောင်းဆုတောင်းပြည့်စေတိတော်ကြီးဆီသို့ ခြေကျင်လျှောက်လာခဲ့သည်။ အသက်က ဇရာပိုင်းသို့ ရောက်လာသဖြင့် တဖြည်းဖြည်း လျှောက်လှမ်းလာခဲ့ရာ ဆယ်မိနစ်ခန့်အကြာတွင် ဘုရား၏ မြောက်ဘက်မုခ်ရှိ ကျွန်တော့်ဗေဒင်ဟောခန်းသို့ ရောက်လာခဲ့လေသည်။

ဗေဒင်ဟောခန်းတွင် ဘုရားသောက်တော်ရေလဲလှယ်ပြီးနောက် ထမင်းခြင်္ဂေးထဲမှ ထမင်း၊ ဟင်းတို့ကို သွန်း

www.burmeseclassic.com

www.burmeseclassic.com

တော်ပန်းကန်တွင်ထည့်ပြီး ဆွမ်း၊ သောက်တော်ရေ၊ ပန်း၊ ဆီမီးတို့ကို ကပ်လှူလိုက်သည်။ ဘုရားရှိခိုး ဆုတောင်းမေတ္တာပို့ပြီးနောက် ပရိတ်၊ ပဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်မည်အလုပ်တွင် ညက မြင်မက်ခဲ့သော အိပ်မက်ကို ပြန်လည်သတိရမိလိုက်သည်။

ညက မိတ်ဆွေများနှင့်အတူ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ရောက်သွားခဲ့သည်။ အားလုံးထိုင်၍ စကားပြောနေကြစဉ် ဆရာတော်တစ်ပါး ကြွလာပြီး . . .

"လာလိုက်ခဲ့"

ဟု ကျွန်တော့်ကိုခေါ်သဖြင့် ဆရာတော် နောက်ပါးက ကပ်လိုက်သွားရသည်။ ဆရာတော်က ပိန်ပိန်ပါးပါး၊ အရပ်မနိမ့်မမြင့်၊ သက်နှံက ခပ်နွမ်းနွမ်းပင်။ ကျွန်တော့်စိတ်ထဲကတော့ မိမိကြည်ညိုကိုးကွယ်ခဲ့သည့် ဆရာတော်မှန်းတော့ သိနေသလိုလို။

ဆရာတော်က ကျောင်းဆောင်လေး တစ်ဆောင်အောက်သို့ ခေါ်သွားသည်။ ရောက်သည်နှင့် သင်တုန်းမေးကိုင်ပြီး ကျွန်တော့်ဦးခေါင်းက ဆံပင်တွေကို ရိတ်ချလိုက်သည်။ ခေါင်းတုံးပြောင်သွားသည်နှင့် ကြေးစုတ်ကြီးကို ကိုင်ကာ ဆေးတော်ကြွတ်ခွက်လေးမှာ တို့လိုက်ပြီး ခေါင်းပေါ်မှာ စုတ်ဆေးထိုးလေသည်။ ပြီးလျှင် လက်မောင်းကျောကုန်းတို့တွင် ဝိဇ္ဇာဂိုဏ်းဆေးတွေ ဆက်ထိုးပြန်သည်။

ကျွန်တော့်မှာ ဆရာတော်ထိုးသည့် စုတ်ချက်ထိတိုင်း နာလွန်းသဖြင့် ဘုရားဂုဏ်တော်တွေကိုသာ စိတ်ထဲက ရွတ်နေရသည်။

ဆရာတော်ကို "နာတယ် ဘုရား" ဟု မလျှောက်ဝံ့ပါ။ လျှောက်မိပါက ခပ်ပြင်းပြင်းလေး ထိုးလာလို့ ပိုနာမည်ကို ကြိုသိ နေသည်။

ခြေသလုံးတွင် ထိုးလာသည့်အခါ နာလွန်းသဖြင့် "အား . . . အား" ဟု ယောင်ပြီး အော်လိုက်မိရင်း အိပ်ရာက လန့်နိုးလာခဲ့သည်။

အိပ်ခန်းပြတင်းပေါက်ကို လှမ်းဖွင့်ကြည့်လိုက်ရာ အရှေ့ကောက် အလင်းရောင် ဖြာထွက်နေပေပြီ။

ညက အိပ်မက်က ထူးဆန်းလွန်းသဖြင့် ပရိတ်၊ ပဌာန်းတရားများ ဆက်လက်ရွတ်ဖတ် မပူဇော်သေးဘဲ ဆရာဖြိုးဇင်၏ ပညာအလင်းပြ အိပ်မက်အဘိဓာန်ပေါင်းချုပ်တွင် လိုက်ရှာကြည့်မိသည်။

"ဘုန်းကြီးမြင်မက်မူ ကောင်းကျိုးသုခ ရောက်အံ့၊ အိမ်ရအံ့" ဟု တွေ့ရသည်။

'အင်း . . . အိပ်မက်နိမိတ်က ကောင်းလို့ တော်ပါသေးရဲ့၊ ပဌာန်းဆက် ဝိဇ္ဇာဆရာတော်က ကောင်းဖို့အတွက် လာပြီး ဦးမြှင့်နေတာများလား' ဟု တောင်တွေး မြောက်တွေး ဟိုတွေး သည်တွေး တွေးရောနေမိစဉ် . . .

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ ခေါ်ညီညီ တစ်ယောက် ဒေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

ခေါ်ညီညီက နာမည်နှင့် လိုက်ဖက်သည်။ အသားညီညီ၊ အရပ်က ပုပု၊ ကိုယ်လုံးက ဝတုတ်တုတ်ရယ်။ မျက်နှာဝိုင်းလေး၊ မျက်နှာချိုသည်။ စကားပြောလျှင် အမြဲလိုလို ပြုံးစိစိနှင့်ပင်၊ ခင်ပွန်းက ပင်စင်စား။ သားနှစ်ယောက် သမီးတစ်ယောက် ရှိသည်။ ကုန်စုံဆိုင်လေး ဖွင့်ထားသည်။ သမီးက ဘွဲ့ရပြီးသော်လည်း မိခင်နှင့် စေးကူရောင်းသည်။ မိသားစုကိစ္စကြီးငယ် ကျွန်တော်နှင့် တိုင်ပင်ဆွေးနွေးနေကျ မိတ်ဆွေဖြစ်ပါသည်။

"လာထိုင် ခေါ်ညီညီ၊ မတွေ့ရတာ အတော်ကြာနေပြီ"

"ဆိုင်မှာ အလုပ်တွေက များနေလို့ ဆရာ့ဆီ မရောက်ဖြစ်တာပါ"

"ကဲ ပြော၊ အခု ဘာအကူအညီ ပေးရမလဲ"

"ဒီလိုပါ ဆရာ၊ သားကြီး ဇိုလ်ကြီးဇော်ဖြိုးကိစ္စပါ၊ သူအခု ဖျားနေလို့ ဆေးရုံတက်နေရတယ်၊ ဌက်ဖျားအခံရှိနေလို့ အဖျားက သိပ်မသက်သာဘူး၊ နောက်ပြီး နှိပ်ငံခြားကို ပညာဆင်သွားဖို့ အရွေးခံထားရတယ်၊ သွားမယ် မသွားဘူး ဆိုတာကို ဒီတစ်ပတ်အတွင်း သတင်းပို့ရမှာ၊ သားကတော့ အမေ မသွားစေချင်ရင် ကျွန်တော် ငြင်းလိုက်မယ်လို့ ပြောပါတယ်။

အဲဒါကြောင့် သားရဲ့ကျန်းမာရေးကလည်း သိပ်မကောင်းတော့ သွားသင့်၊ မသွားသင့် ဆရာ ကြည့်ပေးပါဦး၊ ကျွန်မကတော့ ဆရာ့ သဘောပါ၊ သား ဇာတာစစ်ကြည့်လို့ ဆရာက မသွားသင့်ဘူးဆိုရင် ကျွန်မ မလွတ်တော့ပါဘူး"

"ကဲ ဒဲ့ . . . ကျွန်တော် သူ့ဇာတာကို စစ်ကြည့်ပါဦးမယ်" ဟုပြောပြီး ဇာတာကို သေချာစစ်ကြည့်လိုက်သည်။

"ခေါ်ညီညီရဲ့သား နိုင်ငံခြားပညာသင်ကိစ္စ အောင်မြင်မှာကို တွေ့ရတယ်၊ ကျန်းမာရေးအတွက်တော့ တွေးပြီး ပူမနေနဲ့၊ အမြန်နေတောင်းသွားအောင် သပြေ ကိုးခက်၊ ရေကိုးခွက် ယတြာပေးလိုက်မယ်၊ ဒီယတြာစီရင်လို့ အမြန်ကျန်းမာလာကြတာကို တော်တော်များများ တွေ့ခဲ့တယ်၊ တစ်ခါတုန်းက သင်္ဘောသားတစ်ယောက် သွားတာမှ တစ်လပဲရှိသေးတယ်၊ အစာအိမ်ရောဂါဖြစ်လို့ ပြန်လာမယ် လုပ်နေတာ၊ သူ့အမေကို ဒီယတြာလုပ်ခိုင်းလိုက်တာ ဟိုမှာပဲ ဆေးကုပြီး ပျောက်ကင်းသွားတယ်၊ သင်္ဘောမှာ ဆက်ပြီး အလုပ်လုပ်နိုင်သွားတယ်၊ ဆရာ ပေးလိုက်မယ့် ယတြာကို သေချာသာလုပ်"

"ဘယ်လို လုပ်ရမှာလဲ ဆရာ၊ လုပ်ရမှာ အခက်လား"

www.burmeseclassic.com

www.burmeseclassic.com

> သင်္ဘောသားတစ်ယောက်
> သွားတာမှ တစ်လပရိုသေးတယ်၊
> အစာအိမ်ရောဂါဖြစ်လို့
> ပြန်လာယင် လုပ်နေတာ၊
> သူ့အပေါ်ကို ဒီယကြာလုပ်ခိုင်းလိုက်တာ
> ဟိုမှာပဲ သေးကျိုး ပျောက်ကင်းသွားတယ်၊

"မခက်ပါဘူးဗျာ၊ လွယ်လွယ်ကလေးပါ။ ငှက်ပျောသီး အခွံနွာတာထက်တောင် လွယ်သေးတယ်၊ ကြွေရည်သုတ် လင်ပန်းအစိုင်း တစ်ချပ်၊ ဖန်ခွက် ကိုးလုံး၊ ပန်းအိုး နှစ်လုံးနဲ့ သပြေ ကိုးခက်ရယ်၊ မွေးနံပန်းရယ်ပဲ လိုမယ်။

ပန်းအိုး တစ်လုံးမှာ သပြေ ကိုးခက် ထည့်ရမယ်၊ အိမ်မှာ ဘုရားပန်းတင်သလိုပဲ ပန်းအိုးထဲ ရေထည့်ပေါ့၊ ပြီးရင် လင်ပန်းရဲ့အလယ်မှာထား။ ဖန်ခွက် ကိုးလုံးကို လင်ပန်းထဲမှာ စက်ဝိုင်းပုံ ကြည့်ကောင်းအောင် မစိပ်မကျဲ စီထားပြီး သောက်တော်ရေ ထည့်ရမယ်။

နောက်ပြီး သီးသန့် ပန်းအိုးတစ်လုံးထဲမှာ မွေးနံပန်းကို ပြိုယ်သက်အလိုက်ထည့်ပြီး လင်ပန်းရဲ့အပြင်ဘက် သင့်တော်တဲ့နေရာမှာ ထားရမယ်၊ သားက အင်္ဂါသားနော်"

"ဟုတ်ပါတယ် ဆရာ"

"အင်္ဂါသားဖြစ်လို့ မွေးနံပန်းဖြစ်တဲ့ နှင်းဆီ အနီ ၈ ပွင့် ဒါမှမဟုတ် ဆီးညွှန့် ၈ ညွှန့် ထည့်ရမယ်၊ အင်္ဂါနေ့မှာ ဒီယကြာကို စီမံပြီး အိမ်ဘုရားမှာပဲ ကပ်လှူရမယ်၊ ဘုရားစင်ပေါ်မှာ မဆုံရင် အောက်ဘက်မှာ ခုံလေးခင်းပြီး တင်လှူချင်ထည်း ရတယ်။

ဂဠေဓာတ်ပေါ်တဲ့ အင်္ဂါနေ့နံနက် ၇ နာရီခွဲ ကနေ ၉ နာရီအတွင်း စတင်ကပ်လှူရမယ်၊ ကျန်းမာရေး အမြန်ဆောင်းဖို့လည်း ဆုတောင်းရမယ်၊ ဘုံသုံးဆယ့်တစ်ဖြာ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းကိုလည်း မေတ္တာပို့ အမျှဝေပေးရမယ်။

သောက်တော်ရေကို နေ့တိုင်း လဲလှယ်ကပ်လှူပေးရမယ်၊ ပန်းတွေ ညှိုးနွမ်းရင် ဘယ်နေ့ ဘယ်အချိန်ဖြစ်ဖြစ် ပယ်ပေးပါ၊ စတင် ကပ်လှူတဲ့နေ့ပဲ မွေးနေ့မှာ လုပ်ရမှာ။

ခြင်းချက်အနေနဲ့ အရေးပေါ် ကျန်းမာရေးကိစ္စတွေ အတွက်ဆိုရင် မွေးနေ့ကို စောင့်မနေဘဲ ဘယ်နေ့ပဲဖြစ်ဖြစ် ရောဂါပေါ်တဲ့အချိန်မှာ ကပ်လှူနိုင်ပါသေးတယ်၊ ဒေါ်ညီညီ ဒီသမြေ ကိုးခက် ရေ ကိုးခွက် ယကြာကို စီရင်တတ်ပေး"

"ဟုတ်ကဲ့ ဆရာ၊ သေချာရှင်းပြလိုက်တော့လည်း အလွယ်သားပဲ၊ စီရင်တတ်ပါပြီ၊ ယကြာလည်း လုပ်မယ်၊ သားကြီးကိုလည်း နိုင်ငံခြားမှာ ပညာသင်ဖို့ လွှတ်လိုက်တော့မယ် ဆရာ" ဟုပြောပြီး ဒေါ်ညီညီတစ်ယောက် နူတ်ဆက်ကာ ပြန်သွားပါတော့သည်။

နှစ်လခန့်အကြာတွင် ဒေါ်ညီညီ ကျန်တော့်ထံသို့ တစ်ခေါက်ပြန်ရောက်လာခဲ့သည်။

"ဆရာ၊ သားကြီး ပညာသင်သွားတာ ဟိုရောက်တော့ ကျန်းမာရေးလည်း ပိုကောင်းလာတယ်၊ အစစအရာရာ အဆင်ပြေတယ်၊ အခု ဆရာ့ကို လာကန်တော့တာပါ" ဟုပြောရင်း ပိုးတွဲလုံချည်တစ်ထည်နှင့် စီအင်စီရှပ်အင်္ကျီတစ်ထည်ကို ကမ်းပေးလာသည်။

ကျန်တော့်မှာ ကျန်းမာကြောင်း၊ အဆင်ပြေကြောင်း ကြားသိလိုက်ရသဖြင့် ရင်တွင်းဝယ် ဝမ်းသာပီတိ ဖြစ်နေမိပါတော့သည်။

ခုနစ်နေ့သားသမီးများ ကျန်းမာရေးအတွက် လိုအပ်လာကြပါက သပြေ ကိုးခက်၊ ရေ ကိုးခွက် ယကြာကို အလွယ်တကူ စီရင်နိုင်ကြစေရန် နေ့အလိုက် မွေးနံပန်းနှင့် ကပ်လှူကြရမည့်အချိန်ကို ဖော်ပြလိုက်ပါသည်။

နေ့အလိုက် ကပ်လှူရန် အံချိန်ဇယား

နေ့သားသမီး	လှူရန်နေ့	လှူရန်အချိန်
တနင်္ဂနွေ	တနင်္ဂနွေ	နံနက် ၆း၀၀ မှ ၇း၃၀ နာရီ
တနင်္လာ	တနင်္လာ	မွန်းတည့် ၁၂ မှ မွန်းလွဲ ၁း၃၀ နာရီ
အင်္ဂါ	အင်္ဂါ	နံနက် ၇း၃၀ မှ ၉း၀၀ နာရီ
ဗုဒ္ဓဟူး	ဗုဒ္ဓဟူး	မွန်းလွဲ ၁း၃၀ မှ ညနေ ၃း၀၀ နာရီ
ကြာသပတေး	ကြာသပတေး	နံနက် ၉း၀၀ မှ ၁၀း၃၀နာရီ
သောကြာ	သောကြာ	ညနေ ၃း၀၀ မှ ၄း၃၀ နာရီ
စနေ	စနေ	နေ့လယ် ၁၀း၃၀ မှ ၁၂း၀၀ နာရီ

ခုနစ်နေ့ သားသမီးအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေရယ်လို့သာ. . . ။

အောင်ကြည်သန်း(ဖောင်တော်သီ)

www.burmeseclassic.com

www.burmeseclassic.com

အောင်ဘုန်းမြင့်
(ကချင်မြေ)

အချစ်ကြောင့် နှိုးစွန့်ခဲ့သူ၏

ကိုးရာဘာ

ဝင်ဆာမြို့စားကြီး

ဤလွန်စွာ ထူးခြားဆန်းကြယ်၍ ဂန္ဓီရဆန်သော မဟာအချစ်ဇာတ်လမ်း အဖြစ်အပျက်သည် တကယ့်ဖြစ်ရပ် မှန် ဇာတ်လမ်းတစ်ခု ဖြစ်ခဲ့သော်လည်း နှစ်ပေါင်းကြာညောင်း ခဲ့ပြီဖြစ်၍ လူသားတွေရဲ့ နှလုံးအိမ်ထဲက မျောက်ကွယ်စပြု နေသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေတော့သည်။

ဇာတာရှင်သည် ပြင်သစ်နိုင်ငံ၏ ကမ္ဘာပေါ် တွင် အလှ သရဖူဆောင်းထားသည့် သမိုင်းဝင် အနုပညာ မြို့လေး

www.burmeseclassic.com

www.burmeseclassic.com





တစ်မြို့တွင် နတ်ရွာစံခဲ့ပြီး ဖြစ်ပေမယ့် သက်ဆိုင်သူများ၏ နှလုံးသားဝိညာဉ်ထဲ၌ကား ထင်ကျန်ရစ်နေဆဲ ဖြစ်နေပါလိမ့်မည်။ ဂြိုဟ်နက္ခတ် တာရာတို့သည် ဘဝဇာတာများကို စိုးမိုးထားကြလေသည်။

အချစ်ကြောင့် ထီးနန်းသံရဖူကို စွန့်လွှတ်ခဲ့ရသူ အင်္ဂလန်နိုင်ငံ ဝင်ဆာမြို့စားကြီး အက်ဒဝပ်ဘုရင်သည် ခရစ်သက္ကရာဇ် (၂၃. ၆. ၁၈၉၃) ခုနှစ် ဒေသစံတော်ချိန် ၂၂ နာရီ တွင် မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ဝ. ၅ ဒီဂရီကြားတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ပြိုင်ထွန်းလင်းလျက် မွေးဖွားသန့်စင်လာခဲ့သူ ၅ ဂဏန်းပိုင်ရှင် ဖြစ်သည်။ ၅ ဂဏန်းသည် စိတ်လှုပ်ရှားစေပြီး အပြောင်းအလဲ ဖြစ်စေတတ်ပါသည်။

ဘုရင်ကြီးသည် အလွန်ထူးခြား ကောင်းမွန်သော ရာဇယုဂ်ကို ရရှိထားသော ဇာတာရှင်ဖြစ်သောကြောင့် နေမဝင်အင်ပါယာနိုင်ငံကြီး၏ ထီးမွေ နန်းမွေကို ဆက်ခံနိုင်ခွင့် ကြုံခဲ့ရခြင်းဖြစ်ပေသည်။ မည်သို့ဆိုစေကာမူ ဇာတာရှင်သည် ရာဇယုဂ် ကောင်းနေသော်လည်း မိဖုရားနှင့် သက်ဆိုင်သည့် ၇ တန် ပထမဘဝံအိမ်၏ အိမ်ရှင်သခင်ဂြိုဟ်ဖြစ်သည့် တနလ်ဂြိုဟ်သည် မကောင်းသော မရဏာအိမ်မှနေ၍ ဇာတာရှင်၏ အိမ်ထောင်ရေး ကံကြမ္မာကို ရုပ်သေးရုပ်ပမာ ရက်ရက်စက်စက် စိုးမိုးချုပ်ကိုင် ခြယ်လှယ်ထားသဖြင့် အချစ်ကြောင့် ထီးနန်းကို ရက်ရက်ရောရော လဲလှယ်စွန့်လွှတ်ခဲ့လိုက်ရသူ ဖြစ်သွားရခြင်း ဖြစ်လေသည်။

မြို့စားကြီး၏ ဇာတာ

ဇာတာရှင်၏ ဘဝစက်ဇာတာတွင် လင်္ဂနှင့်အတူ တကွ ကောင်းမြတ်သော သုဘဘဝဌ် ပူးလျက် စံမြန်းနေသည့် လင်္ဂသခင် စနေဂြိုဟ်အား စည်းစိမ်ချမ်းသာများနှင့် အောင်မြင်မှုအပေါင်းကို သရဖူဆောင်းပေးတတ်သော ကြာသပတေးဂြိုဟ်မင်းက ကောင်းစွာ မြင်ထားခြင်း။ လင်္ဂမှ အလွန်ကောင်းသော ၉ တန် သုဘသခင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ၁၀ တန် သခင်ဂြိုဟ် မကာရလင်္ဂ၏ မြင့်မြတ်သော ယောဂကာရက ဖြစ်ဟု သောကြာတို့သည် အားကောင်းသော ကိန်းအိမ်တွင် အသီးသီး တည်ရှိနေကြခြင်းများကြောင့် ရာဇယုဂ်ကို ရရှိထားသည်ဖြစ်သဖြင့် ကြီးမြင့်သော မင်းစည်းစိမ်များကို ခံစား စံစားနိုင်ခဲ့ပြီး ဘုရင်အဖြစ်ကို ရရှိခဲ့ခြင်း ဖြစ်သည်။ သို့သော် ရာဇယုဂ်သည် ပထနိအိမ်ကို မကယ်တင်နိုင်ခဲ့ပါ။

မြို့စားကြီး၏ ဇာတာတွင် လင်္ဂမှ ၇ တန် ပထနီ ဇနီးမယားတို့နှင့် သက်ဆိုင်သော ရာသီအိမ်၏ သခင်ဂြိုဟ် တနလ်သည် မိမိ၏ မူလအိမ်မှ ရေတွက်ရလျှင် အလွန်ညံ့သည့် မကောင်းသော ၈ တန် မရဏာ အသေအိမ်ထဲတွင် ရောက်ရှိစံနေ၍ လင်္ဂမှ ၂ တန်ဖြစ်သည့် စနေဂြိုဟ် ဗိုးမိုးထားသော ရာသီအိမ်တွင် မိနေသဖြင့် ဇာတာရှင်သည် မေတ္တာရေး အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဆိုးကျိုးအထွတ်အထိပ် သို့ ရောက်နေစဉ်ကာလဖြစ်သော ၁၉၃၆ ခုနှစ်ထဲတွင် အချစ်ကြောင့် ထီးနန်းသရဖူ စွန့်လွှတ်သည့် ဆုံးဖြတ်ချက်ကို အခိုင်အမာ ချခဲ့ပြီး မိဘမျိုးနွယ် ဂုဏ်ရည်အဆင့်အတန်း လွန်စွာကွာခြားသော သာမန်အရပ်သူ မစ္စစ်ဆမ်ဆင် ဆိုသူနှင့် တရားဝင်လက်ထပ် ထိမ်းခြားခဲ့ရခြင်း ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် လင်္ဂမှ ၂ တန့်အိမ်တွင် တည်ရှိနေသော ပထနီသခင် တနလ်ဂြိုဟ်သည် ဇာတာရှင်ကို မေတ္တာရေး အိမ်ထောင်ရေးတို့၌ အကျိုးနည်းစေခဲ့သော်လည်း အခြားတစ်ဖက်တွင် ကောင်းကျိုးခံစားစေသည်ကို တွေ့ရှိနိုင်ပါသည်။

ယင်းတို့မှာ လင်္ဂမှ ၂ တန့် ဥစ္စာနေအိမ်တွင် တနလ်ဂြိုဟ်မင်းသည် ပါပအိမ်တွင် ပါမုအင်္ဂါဂြိုဟ်နှင့် ပူးယှဉ်လျက် ရှိနေခြင်း၊ ၅ တန့်နှင့် ၁၀ တန့်သခင်ဂြိုဟ် သောကြာသည် လင်္ဂမှ ၄ တန့် ပူန္နဘာဝကိန်းအိမ်တွင် တည်ရှိနေကြလေသည်။

ထို့ကြောင့် ဇာတာရှင် မြို့စားကြီးအား များစွာသော ဩဇာအာဏာနှင့် လောကချမ်းသာသုခများကို ပြည့်ပြည့်ဝဝ ရရှိခံစား စံစားစေခဲ့ခြင်း၊ မေတ္တာအချစ်နှင့် အိမ်ထောင်ရေး ကိစ္စများ၌ ဦးနှောက်အသိတရားထက် နှလုံးသားဖြင့် ဦးစားပေး ဆုံးဖြတ်စေခဲ့ခြင်း၊ အချစ်ဟူသော အာရာတစ်ခုတည်း အတွက် အရာရာကို စွန့်လွှတ်ရဲသည့် စွမ်းအားသတ္တိများနှင့် ပြည့်စုံစေခြင်း စသော အကျိုးဆက်များကို တသီတတန်းကြီး ဖြစ်စေခဲ့ခြင်း ဖြစ်သည်။

အကောင်းသည် တစ်ခါတစ်ရံ အဆိုးဘက် ယိုင်နေတတ်သလို အဆိုးများသည်လည်း အကောင်းအတွက် အား ဖြည့်ပေးတတ်ပါသည်။

လင်္ဂမှ ကောင်းမြတ်သော ၉ တန် သုဘဘဝတွင် စံမြန်းနေသော လင်္ဂသခင် စနေဂြိုဟ်သည် မကောင်းသော ရန်ဂြိုဟ်ဖြစ်သည့် ကိတ်ဂြိုဟ်နှင့် အပူးအကပ် ခံနေခြင်း အင်္ဂါပါပ အပူဂြိုဟ် မကာရလင်္ဂအတွက် ဆိုးကျိုးများကို ဖန်တီးပေးတတ်သော မာရကဂြိုဟ်၏ အခြင်ခံနေခြင်းတို့ကြောင့် ဇာတာရှင်သည် မဟာရန်ဂြိုဟ်အင်္ဂါနှင့် ပူးယှဉ်ခံရသော ရာဟုဂြိုဟ်၏ အန္တရဒသာနှစ်ငယ်ထဲတွင် ဩဇာသူ

www.burmeseclassic.com

www.burmeseclassic.com

နေမဝင် အင်ပါယာနိုင်ငံကြီး၏ ထီးနန်းသရဖူကို စွေးမဆစ်ဘဲ သာမန်အရပ်သူ၏ မေတ္တာအချစ်နှင့် အလဲလှယ်ခံလိုက်ရခြင်း ဖြစ်ပေတော့သည်။

မတူသော အမြင်များ

ဝင်ဆာမြို့စား အက်ဒဝပ်ဘုရင်ကြီးပေါ် အများပြည်သူ၏ အမြင် အမျိုးမျိုးရှိလေသည်။ အများတိုင်းသဲ့ပြည်သားများက ဘုရင်ကြီးသည် မိမိကိုယ်နေးကိုယ်တာ ကိစ္စများထက် အများပြည်သူ ပြည်သားများ၏ အလိုဆန္ဒနှင့် တိုင်းပြည်၏ ကောင်းကျိုးများကိုသာ ဦးစားပေး အလေးထား ဆောင်ရွက်ပေးသင့်သည် ဟူသော အမြင်မျိုး ရှိကြပြီး ဘုရင့်တော်ဝင် မိသားစုများကမူ ဘုရင်ကြီးသည် မိမိ၏ ကိုယ်နေးကိုယ်တာ ခံစားချက်များထက် မိမိ၏ဂုဏ်သိက္ခာနှင့် မိမိနိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ အစဉ်အလာများကို ရှေ့တန်းတင်၍ စံပြအဖြစ် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလျက် အများပြည်သူများက လိုလားသည့်ဘက်မှ မားမားမတ်မတ် ရပ်တည်ပေးသင့်သည်ဟု ခံယူကြသည်။

မည်သို့ပင် ဆိုစေကာမူ နန်းစွန့်ဘုရင်ကြီး၏ ဆုံးဖြတ်ချက်များမှာ ပထနီသခင် တနလ်ဂြိုဟ်၏ အိမ်ထောင်ရေး ပရိယာယ်အတိုင်း တညီတညွတ်ထည်း ရှိလေသည်။ မြောင်းလဲ၍ မလာနိုင်တော့ပါ။

အများနှင့်မတူသော ဘုရင်ကြီး၏ ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

တည်ဆဲတရားဥပဒေများနှင့် နိုင်ငံတော် နိုင်ငံသူနိုင်ငံသားများ၏ ကိုယ်ပိုင်အကျိုးစီးပွားများကို မထိခိုက်ဘဲ မိမိက မှန်သည်ဟု ယူဆသည့်ကိစ္စကို ရိုးသားစွာဖြင့် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခြင်းသည် လူတစ်ဦးတစ်ယောက် အတွက် မှန်သော ပုဂ္ဂလိက-သစ္စာတရား ဖြစ်သည်ဟု ယူဆခြင်းဖြစ်သည်။

အဆုံး၌ ဘုရင်ကြီးသည် အများ၏အမြင်နှင့် ဆန့်ကျင်၍ နှလုံးသားမေတ္တာရေးကို ရှေ့တန်းတင်ခဲ့ခြင်းသည် ဇနီးမယားတို့နှင့် သက်ဆိုင်သော ၇ တန့် ပထနီသခင် တနလ်ဂြိုဟ်၏ စိုးမိုးခြယ်လှယ်ခံရသည့် မာယာညွှတ်ကွင်းကြောင့် ဖြစ်ပေတော့သည်။

ဇနီးနှင့်ဆိုင်သော ၇ တန့်ဘဝ

လင်ရာသီအိမ်မှ ရေတွက်၍ရသော ၇ တန့်မြောက် အိမ်ကို ဇနီးမယားတို့နှင့် သက်ဆိုင်သော ပထနီအိမ်ဟု ခေါ်ကြ၏။ ပထနီအိမ်နှင့် ရာသီအိမ်သခင်ဂြိုဟ် အနေကောင်းလျှင် အိမ်ထောင်ရေး ကောင်းစေနိုင်ပြီး အနေမကောင်းလျှင် အိမ်ထောင်မရေး ညှဉ်ဖျင်းတတ်သည်ဟု နက္ခတ်ဗေဒင်ပညာက အခိုင်အမာ ဆိုထားပါသည်။

နက္ခတ်ဗေဒင် အယူအဆအရ လင်မှ ၆ တန့် အာရိအိမ်မှ ဝုဒ္ဓဟူဂြိုဟ်သည် ဇနီးမယားအိမ် ၇ တန့် ပထနီတွင် တည်ရှိနေပြီး ပထနီအိမ်ရှင် တနလ်ဂြိုဟ်သည် မိမိ၏ မူလအိမ်သို့ ရေတွက်လျှင် ၆ တန့် အာရိရန်အိမ်ဖြစ်သည်။ တစ်ဖန် မိမိ၏ ရာသီအိမ်မှ ရေတွက်လျှင် ၈ တန့် မရဏအိမ်တွင် ရောက်ရှိစံနေသောကြောင့် ဇာတာရှင်သည် အချစ်မေတ္တာရေးနှင့် ပတ်သက်၍ အများနှင့်ဆန့်ကျင်ကာ ဘုရင်ဘဝကို စွန့်လွှတ်ပြီး ဂုဏ်နိမ့်သူနှင့် အကြောင်းပါခဲ့ခြင်း ဖြစ်သည်။

ဇာတာရှင်၏ ဘဝနိဂုံး

ဇာတာရှင် ဝင်ဆာမြို့စားကြီးသည် သက်တော် (၇၈) နှစ် ခရ၇၂ ခုနှစ်တွင် မကောင်းသော မာရက ရာဟုဂြိုဟ်၏ ဒသာနှစ်ငယ်ဖြစ်သည့် ရာဟုအန္တရဒသာနှစ်ထဲတွင် မထင်မရှား နတ်ရွာစံခဲ့သည်။

ဇာတာဘာဝစက်အရ မကောင်းသော မာရက ရာဟုဂြိုဟ်၏ အန္တရဒသာစားသော နှစ်ထဲတွင် ဇာတာရှင်သည်-

(၁) မိမိထက် ဂုဏ်ရည်နိမ့်သူနှင့် အိမ်ထောင်ပြုခဲ့ရခြင်း

(၂) နေမဝင်နိုင်ငံကြီး၏ ရာဇပလ္လင်နှင့် ထီးနန်းသရဖူကို စွန့်လွှတ်ခဲ့ရခြင်း

(၃) မထွင်မရှားဖြင့် ကွယ်လွန်နတ်ရွာစံသွားရခြင်း

(၄) မိမိနိုင်ငံနှင့် လူမျိုးတို့၏ ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်း ခံခံရဘဲ ဘဝပြောင်းလဲသွားရခြင်း

အစရှိသော အကုသိုလ်တိုက်ဆိုင်မှုများ ဆက်တိုက်စုံပြုံဝင်ရောက်ခြင်းများ တွေ့ကြုံရခြင်းများကို တွေ့ခြင်ရမည် ဖြစ်သည်။ ထူလန့် အန္တရဒသာ စုံညီလျှင် အဆိုးသံသရာကြီးမားတတ်ပါသည်။

သို့ဖြစ်၍ နက္ခတ်ဗေဒင် ပညာရပ်တွင် ထူလဒသာခေါ် ဒသာနှစ်ကြီးများထက် အန္တရဒသာ ခေါ် ဒသာနှစ်ငယ်များသည် လူသားတို့၏ ဘဝကံကြမ္မာ အဆိုးအကောင်းကို လည်းကောင်း၊ အနိမ့်အမြင့်ကိုလည်းကောင်း နီးရာဝေးအဖြစ် ပိုမိုထိရောက်နီးကပ်စွာ စိုးမိုးခြယ်လှယ်ထားနိုင်သည်ဟူသော အချက်ကို အချစ်ကြောင့် ထီးနန်းသရဖူ စွန့်လွှတ်ခဲ့ရသူ ဝင်ဆာမြို့စားကြီး အက်ဒဝပ်ဘုရင်၏ ဘဝစက် ကံဇာတာဖြင့် အသေးစိတ်လေ့လာ တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း နိဂုံးယှဉ်ဆွေးနွေး တင်ပြအပ်ပါသည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့် (ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

ဆန်းဝင်း
(အောင်မြေ)

အိမ်ရောင်းဝယ်ရန်နှင့် ကိုယ်ပိုင် ကိုယ်စြင့်ရန်

တစ်နေ့သ၌ ကျွန်ုပ် ဒေဒင်ဆိုင်ခန်းဖွင့်ထားသော လှိုင်သာယာမြို့နယ် ကျေးငှက်ရွာ၊ နတ်စင်လမ်း၊ မင်္ဂလာကန်တော်ကြီးအနီးအိမ်သို့ ထာနေကျ ဖောက်သည် မိတ်ဆွေကြီး ဖြစ်သော စာရေးဆရာ၊ ကျူရှင်ဆရာလည်းဖြစ်သော မင်းသီဟရာဇာ၊ ဂျနီယာလီတာ ကျူရှင်ဆရာ ကိုဝိုးနိုင်ကား စက်ဘီးတစ်စီးနှင့် လွယ်အိတ်နှင့် လူကိုမမြင်ရမီ အရင်ဆုံးမြင်ရသည်ကား ၎င်း၏လက်စွပ်ပင်ဖြစ်လေသည်။ ၎င်းလက်စွပ်ကား စိန်ကို ရွှေဖြင့်ကွင်း၍ ဝတ်ထားသည်ဟု ဆိုဖူးသည်။ စိန်ကား သေးသေးမဟုတ် ကွမ်းသီးခြမ်းအရွယ်မျှ ရှိသောကြောင့် ဦးစွာ သတိပြုမိခြင်း ဖြစ်လေသည်။

"ဗျို့- ဆရာအောင်မြေကြီး"

"အာ- လာဗျို့၊ ဂရိတ်ဦးဘိုးစိန်ကြီး၊ ရှိပါ့ဗျား"

အိမ်ပေါ်တွင် ကောင်းစွာထိုင်မိသောအခါ -

"နေပါဦး. . . ဆရာဆန်းကို ကလောင်နာမည် တွင်းစကွင်းပိတ်က အထူးပြု အောင်မြေကြီးခေါ်တာတော့ ရှင်းပါတယ်နော်"

"အင်း- ဒါဖြင့် ဂရိတ်ဦးဘိုးစိန်လို့ခေါ်တာကို မရှင်းလို့ ပြောစမ်းပါဆို တဲ့ သဘောလား၊ ဟဲ ဟဲ"

"မှန်တယ်၊ အာဘုယ် အကြောင်းကြောင့်ဆိုတာ သိမှဖြစ်မယ်"

"မထူးဆန်းပါဘူး၊ မောင်ရင့်လက်စွပ်က စိန်ပွင့်ကြီးက အဝေးကြီးကမြင်နေရတာ ဇာတ်မင်းသားကြီး ဂရိတ်ဦးဘိုးစိန်ဟာလည်း ဇာတိကရာမှာ သူ့ရဲ့ အလွန်ကြီးမားတဲ့ စိန်လက်စွပ်ကြီးကို ဟန့်ရေးတပြပြနဲ့ ဝတ်ခဲ့တာ။

ပြီးတော့ မောင်ရင့်လိုပဲ ရှင်းစိန်ကလည်းအကြီးကြီး နည်းနည်းတော့

www.burmeseclassic.com

www.burmeseclassic.com

ကွာတာတစ်ခုရှိတယ်၊ ဦးဘိုးစိန်ရဲ့ လက်စွပ်က စိန်က အချွန်ပုံ၊ မောင်ရင့် လက်စွပ်ကတော့ စိန်က အပြားပုံ၊ ဒါတော့ ကွာတယ်၊ မြင်သာပုံခြင်းကတော့ တူသဗျား၊ ဒါကြောင့် ဂရိတ်ဦးဘိုးစိန်လို့ ခေါ်တာ ရှင်းပြီလား၊ ကဲ"

"ရှင်းပါပြီဗျား"

"ကဲ- ခုတစ်ပတ် ဘာတွေများ ရေးချင် မှတ်ချင်တာများရှိလဲဆိုတာ ပြောပေတော့၊ ရေနွေးလည်းသောက် လက်ဖက်လည်းစား ကွမ်းလည်းစား ဟုတ်ပီနော်၊ အဆင်ပြေသလိုပေါ့"

"အဲ- အခုတစ်ပတ်လာခြင်း အကြောင်းကတော့-"

"ဆရာ- သိပ်ပြီး ဝါကျတွေ မရှည်နဲ့ဗျာ၊ လိုရင်းကို တိုရှင်းပြော"

"ဟား- ဟုတ်ကဲ့ ဆရာ၊ ဒီနေ့ စျေးဦးမဝေါက်သေးဘူး ထင်တယ်၊ တပည့်တာဝန်ထားပါ ဆရာရယ်၊ စိတ်ရှည်ရှည်လေးထားပြီး ရှင်းပေးပါနော်"

"အာ. . . အလိုက်သိပြီးသား လူတွေနဲ့ အလုပ်လုပ်ရတာ တာသွား ခရီးရောက်တာပေါ့လေ၊ ကဲ မေးပေတော့"

"ကောင်းပါပြီ၊ ပထမ နွေသား အလိုက် (အိမ်) ရောင်းထွက်တဲ့နည်း လိုချင်ပါတယ်၊ ပြီးတော့ ကံကောင်း ကံပွင့်စေတဲ့နည်းလည်း လိုချင်ပါတယ်၊ ဒါပါပဲဆရာ"

"ကဲ- ဒါဆို တနင်္ဂနွေသားသမီးများအတွက် အိမ်ရောင်းထွက်ဖို့နည်းလမ်း အရင်ရေးပေးတော့"

တနင်္ဂနွေသားသမီးများ အိမ်ရောင်းထွက်ရန်

စနေနေ့ ညနေ ၅ နာရီတွင် ကုန်းနေသတ္တဂါတစ်ကောင်အား ပေါင်မုန့် ၅ ချပ် ကျွေးလှူရပါမည်။

နောက်တစ်နေ့ တနင်္ဂနွေနေ့ ညနေ ၅ နာရီ ၄ မိနစ်အချိန်တွင် အိမ်အား တနလာ (အရှေ့အရပ်) မှ နေ၍ မေမြို့ပန်း ၁၉ ပွင့်ဖြင့် . . .

"စျေးကောင်းကောင်းနှင့် အမြန် ရောင်းထွက်" ဟုပြော၊ ၁၉ ချက်ရိုက်ပါ။ "ကုန်းသတ္တဂါအား ပေါင်မုန့် ၅ ချပ် အမှန်ဒါန်းပြုခဲ့ပါသည်၊ ဤသစ္စာစကား ကြောင့် အမြန်အိမ်ရောင်းထွက်ပါစေ" ဟု ဆန္ဒပြုကာ ဆုတောင်းရပါမည်။

တနလာသားသမီးများ အိမ်ရောင်းထွက်စေရန်

တနင်္ဂနွေနေ့ ညနေ ၃ နာရီ သူတောင်းစားတစ်ဦးအား ငွေ ၁၀၀ ကျပ် လှူလိုက်ပါ။ တနလာနေ့ ညနေ ၃ နာရီ ၆ မိနစ်အချိန် တနင်္ဂနွေထောင့် (အရှေ့ မြောက်)မှနေ၍ နှင်းဆီပန်း ၁၀ ပွင့်ဖြင့် အိမ်အမြန် လိုရာစျေးရ ရောင်းထွက်ရန်ပြောဆို၍ ၁၀ ချက် ရိုက်ရပါမည်။ မရိုက်မီ ဆုတောင်းရပါမည်။

အင်္ဂါသားသမီးများ အိမ်ရောင်းထွက်စေရန်

တနလာ နေ့လယ် ၁ နာရီတွင် အဘဘိုးမင်းခေါင်အား ရေနွေးကြမ်း ၄ ပန်းကန်လှူဒါန်းပါ။ အင်္ဂါနေ့ နေ့လယ် ၁ နာရီ ၁ မိနစ်တွင် ကြွေသွပ်စေး ထောင့်မှနေ၍ ကုံကော် ၁၅ ညွှန့်ဖြင့် အိမ်အမြန်လိုရာစျေးရရောင်းထွက်ရန် ဆုတောင်း၍ ၁၅ ချက်ရိုက်ပါ။

ဗုဒ္ဓဟူးသားသမီးများ အိမ်ရောင်းထွက်စေရန်

အင်္ဂါနေ့တွင် ဗုဒ္ဓဟူးသားသမီး တစ်ဦးဦးအား နွားနို့လှူဒါန်းရပါမည်။ ဗုဒ္ဓဟူးနေ့လယ် ၁၂ နာရီ ၃ မိနစ်တွင် သောကြာထောင့်မှနေ၍ ရွှက်လှ ၆၇ ညွှန့်ဖြင့် အိမ်အမြန်လိုရာစျေးရ ရောင်းထွက်စေဟု ဆုတောင်း၍ ၁၇ ချက် ရိုက်ရပါမည်။

ကြာသပတေးသားသမီးများ အိမ်ရောင်းထွက်စေရန်

ဗုဒ္ဓဟူးနေ့ နံနက် ၁ နာရီတွင် ဘိုးတော်သိကြားမင်းအား ရည်မှန်း၍ ဆန်ပြုတ် ၃ ပန်းကန် လှူဒါန်းပါ။ ကြာသပတေးနေ့ နံနက် ၁၀ နာရီ ၅ မိနစ်တွင် ဗုဒ္ဓဟူးထောင့်မှနေ၍ သပြေ ၂၁ ညွှန့်ဖြင့် အိမ်အမြန်လိုရာစျေးရ ရောင်းထွက်ရန် ၂၁ ချက်ရိုက်၍ ဆုတောင်းရပါမည်။

သောကြာသားသမီးများ အိမ်ရောင်းထွက်စေရန်

ကြာသပတေးနေ့ နံနက် ၉ နာရီတွင် ရှင်သီဝလိရဟန္တာအရှင်မြတ်အား သစ်သီး ၆ လုံး လှူဒါန်းရပါမည်။

သောကြာနေ့ နံနက် ၉ နာရီ တိတိတွင် စနေထောင့်မှနေ၍ အုန်း ၆ ညွှန့်ဖြင့် အိမ်အမြန် လိုရာစျေးရ ရောင်းထွက်ရန် ပြောဆို၍ ၆ ချက်ရိုက်ကာ ဆုတောင်းပါ။

စနေသားသမီးများ အိမ်ရောင်းထွက်စေရန်

သောကြာနေ့ နံနက် ၇ နာရီတွင် မြတ်စွာဘုရားအား ကိတ်မုန့် ၂ ချပ်လှူဒါန်းပါ။ စနေနေ့တွင် နံနက် ၇ နာရီ ၂ မိနစ်တွင် အိမ်ရာဟုထောင့် (အနောက်မြောက်အရပ်)မှနေ၍ ဆီး ၈ ညွှန့်ဖြင့် အိမ်အမြန်လိုရာစျေးရရောင်းထွက်ရန်ဆုတောင်း၍ ၈ ချက်ရိုက်ရပါမည်။

"ကဲ၊ ဆရာကိုဇီးနိုင်ရေ နွေသား အလိုက် အိမ်ရောင်းထွက်စေတဲ့နည်းကို မှတ်ပြီးသွားပြီဆိုတော့ ၇ နေ့ ၇ နံ့ပစ္စည်း ရောင်းထွက်အောင် ဓာတ်ဆင်နည်းထပ်ပြပါမယ်၊ သေချာမှတ်ဗျား"

"ကျေးဇူးတင်ပါတယ်ဗျာ"

တနင်္ဂနွေနံ့ (အိမ်)စသည် ရောင်းလိုပါက

အိုးတစ်လုံးထဲ အုန်းသီးထည့် အင်ဖက်နှင့်ထုပ် အိမ်အောက်မှာထား ခြောက်ရက်ကျော်လျှင် ရောင်းထွက်ပါမည်။

တနလာနံ့ပစ္စည်း ရောင်းထွက်လိုပါ

ကြံကို ကွမ်းရွက်နှင့်ပတ်ကာ ကျောက်ခဲနှင့်ထုပ် ခြံထဲမှာ ထားကာ ကိုးကြိမ်နှင့် ၁၅ ချက်ရိုက် ထွက်၏။

အင်္ဂါနံ့ပစ္စည်း ရောင်းထွက်လိုသော် စိန်ကို ဆန်ဆေးရည်နှင့်ဆေးပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆန်အိုးထဲမှာထားပါ။ ဆီးရွက်နှင့် အုပ်ပါ။ ဆဲည့ပ်နှင့် ညောင်ကိုင်းအား စိန်အောက်မှာထားပါ။ ရောင်းထွက်၏။

ဗုဒ္ဓဟူးနံပစ္စည်း

ရောင်းထွက်လိုသော်

ယပ်တောင်ပေါ်မှာ ရေလောင်းပြီး ရွှောက်ရွက်နှင့်အုပ်ပါ။ ပြီး ဝါးလုံးထဲသို့ထည့်ထားပါ။

ကြာသပတေးနံပစ္စည်း

ရောင်းထွက်လိုသော်

မှန်ကိုအောက်ကခံ ပဲပင်ပေါက်ဖြူး၊ ဘူးသီးစည့် မီးထွန်းပါ။

သောကြာနံရောင်းလိုသော်

သစ်သားပေါ် သဲခင်း သံရိုက်ပြီး ဆုတောင်းပါ။

စနေနံပစ္စည်းရောင်းထွက်လိုသော်

ထီးမိုးပေးပါ။ ထုံးသုတ်ပေးပါ။ နာနတ်သီးနဲ့ငွေးနို့ကို ဒန်အိုးထဲမှာထည့်ပြီး တုတ်တစ်ချောင်းနဲ့ လိုရာပြော ရိုက်ပေးပါ။

"နံနက် ၇း၃၀ မှ ၉း၀၀ နာရီ အတွင်းသာ ပြုလုပ်ပါ။

"ဟား- ဆရာ့နည်းတွေက ခပ်မိုက်မိုက်ပဲ၊ လန်ထွက်နေတာပဲ ဆရာ"

"ဆရာစဉ်ဆက် အသုံးပြုလာတာကြာပေါ့၊ နည်းမျိုးစုံအောင်စုဆောင်းမှတ်သားထားနိုင်ရင် ပြန်လည် ဝေငှ ကျေးဇူးပြုနိုင်တာပေါ့ဟ"

"ကဲ- ဟုတ်ပါပြီဆရာ၊ နောက်ဆုံးတစ်ခုကတော့ အဲ့ ကံပွင့်ကံမြင့်စေတဲ့ ပိုက်ဆံလည်းမကုန်တဲ့နည်းများရှိရင် မစပါဦး ဆရာ"

"အေး ယတြာလုပ်တဲ့ နေရာမှာ ပိုက်ဆံမကုန်တာ အာမခံတယ်၊ ဒါပေမဲ့ အခု နည်းလမ်းပေးတဲ့ ဆရာကိုတော့ ဥာဏ်ပူဇော်ခ မေ့လို့မရဘူးနော်"

"မမေ့ပါဘူး ဆရာရယ်"

"ကြောက်လွန်းလို့ပါ၊ အမှားသမား ဆိုက်ကားဒီးသလိုတော့ မလုပ်နဲ့"

"ပြောပါဦး ဆရာ"

"ဆိုက်ကားခ မမေးဘဲနဲ့ လိုက်ပို့စမ်းပါ၊ ခင်ဗျား မနာစေရပါဘူးဆိုပြီး ခဏခဏ ထပ်ပြောသတဲ့၊ တော်တော်လေးကြာတော့ ရပ်တော့ ရောက်ပြီဆိုပြီး ဆင်းသွားတော့ ဆိုက်ကားခပေးလေဆိုတော့ အမှားသမားက ပြန်လှည့်လာပြီး ခင်ဗျားကို ကျွန်တော် ဘာပြောခဲ့သလဲ မေးတော့၊ ဆိုက်ကားသမားက ခင်ဗျားက မနာစေရပါဘူးလို့ပြောတယ်လေ၊ အေး- ဟုတ်ပြီ၊ ဘာလဲ အခု ခင်ဗျား နာချင်ပြီလားလို့ ပြောသတဲ့၊ ဆိုက်ကားဆရာလည်း ရန်မဖြစ်ချင်တာနဲ့ ပိုက်ဆံမရဘဲ လှည့်ပြန်လာခဲ့ရသတဲ့၊ ကြောက်လို့ပါ၊ ဟဲ ဟဲ"

"အာ - ဆရာ၊ ထိတယ်ဗျာ၊ ဟောဒီမှာ ဥာဏ်ပူဇော်ခ"

"အေး- ဒါဆို အမှားသမား မဟုတ်တော့ဘူးပေါ့၊ ဟား ဟား ဟား"

"ဆက်ပါဦး ဆရာရယ်"

"ကောင်းပြီ၊ လူတစ်ယောက် ကံပွင့်ဖို့ ကံမြင့်ဖို့အတွက်ဆိုရင် ပထမ တနဂ်နွေသားသမီးများ ကံပွင့်ကံမြင့်ရန် အကြောင်းမြင့်ယတြာက. . .

တနဂ်နွေ၏-

သီရိဂြိုဟ် * သောကြာဂြိုဟ်တွင်

တေဇဂြိုဟ် * ကြာသပတေးဂြိုဟ်တွင်လည်းကောင်း

တနလ်၏-

သီရိဂြိုဟ် * တနဂ်နွေဂြိုဟ်တွင်

တေဇဂြိုဟ် * ရာဟုဂြိုဟ်တွင်လည်းကောင်း

အင်္ဂါဂြိုဟ်၏-

သီရိဂြိုဟ် * တနလ်ဂြိုဟ်တွင်

တေဇဂြိုဟ် * သောကြာဂြိုဟ်တွင်လည်းကောင်း

ဗုဒ္ဓဟူးဂြိုဟ်၏-

သီရိဂြိုဟ် * အင်္ဂါဂြိုဟ်တွင်

တေဇဂြိုဟ် * တနဂ်နွေဂြိုဟ်တွင်လည်းကောင်း

ကြာသပတေးဂြိုဟ်၏-

သီရိဂြိုဟ် * စနေဂြိုဟ်တွင်

တေဇဂြိုဟ် * အင်္ဂါဂြိုဟ်တွင်လည်းကောင်း

သောကြာဂြိုဟ်၏-

သီရိဂြိုဟ် * ရာဟုဂြိုဟ်တွင်

တေဇဂြိုဟ် * စနေဂြိုဟ်တွင်လည်းတောင်း

စနေဂြိုဟ်၏-

သီရိဂြိုဟ် * ဗုဒ္ဓဟူးဂြိုဟ်တွင်

တေဇဂြိုဟ် * တနလ်ဂြိုဟ်တွင်လည်းကောင်း

အောက်ပါ အချက်သုံးချက်တို့အား ၃ ရက်ဆက်၍ ဆောင်ရွက်ပေးပါက ကံပွင့်ခြင်းကံမြင့်ခြင်းအပြင် အောင်မြင်ရာကိစ္စများ အောင်မြင်စေမည်ဟု ကျမ်းဆရာများ ညွှန်ပြထားပါသည်။

ပြုလုပ်ပုံက-

(က) တံမြက်လှည်းခြင်း၊

(ခ) ပန်းမိုက်ရှင်း၊ ညောင်ရေအိုးဆေး၊ မြက်နုတ်ခြင်း။

(ဂ) ရေသပ္ပါယ်၊ ရေညှိခွာခြင်း။

ဤသုံးမျိုးကို မွေးနေ့ရှင်က သက်ဆိုင်ရာ သီရိဂြိုဟ်၊ တေဇဂြိုဟ် နှစ်နေရာမှလုပ်ပေးမယ်ဆိုရင် လွန်စွာ အောင်မြင် အဆင်ပြေပါမယ်"

"ဟား- သဘောပေါက်ပြီ၊ ဒါဆို ကျွန်တော်က အင်္ဂါဆိုတော့ တနလ်ထောင့်နဲ့ သောကြာထောင့်ပေါ့ ဆရာနော်"

"ဟုတ်တယ်၊ကျက်သရေမင်္ဂလာစီးပွားကြီးပွား လာဘ်လာဘ ကိစ္စတွေကို သီရိဂြိုဟ်က အကျိုးရမယ်၊ ပြောရေးဆိုခွင့် အောင်မြင်ရေး ကိစ္စတွေကို တေဇဂြိုဟ်က ပေးလိမ့်မယ်၊ မွေးနံထောင့်မှာ လုပ်စရာမလိုဘူး၊ အဲဒီ နှစ်နေရာမှာပဲ အမြဲလုပ်ရမယ်လို့ တော်ဆရာ၊ စာရေးဆရာ အလုပ်၊ ရောင်းတာ၊ ဝယ်တာလုပ်နေတဲ့ မောင်စိုးနိုင်ဟု နာမသမုတ် ဆင်နှာမ်ရုပ်သည် ဂဏာဟိလက်မြောက်စာရေး စကားပြောနိုင်သေးသည့် သက်ကြီးရွယ်အို အထိ မှတ်လေလော့ ဟုတ်လား"

"ကောင်းလိုက်တာ ဆရာရယ်၊ မှတ်ပါ့ဗျား မှတ်ပါ့"

ဆန်းဝင်း(အောင်မြေ)

□

www.burmeseclassic.com

www.burmeseclassic.com

အချစ်မေ့လို့ အသစ်တွေ့နေလျှင် ဆရာဝန်ကော

ဇေဒင်မေးနေသူများ ပြန်သွား၍ အဆောင်းဖြေနေစဉ် ဟောခန်းရှေ့မှ အသံကြားလိုက်ရသည်။

"ဆရာ"

"ဆရာ အထဲမှာ ရှိပါတယ်နော် ကျွန်မ ဝင်လာလို့ ရမလား"

အပြင်မှ အသံကို မှတ်မိနေသည်။ ကျွန်ုပ်၏ ဖောက်သည်ဆိုလည်း မမှားပါ။ အကျိုးဆောင်လည်း ဖြစ်သည့် အန်တီသန်း၏ အသံပင်။ အန်တီသန်းသည် ဇေဒင်လာမေးရင်း သီရာမှ ကျွန်ုပ်ထံသို့ ဇေဒင်မေးမည့်သူများကို လမ်းပြခေါ်ဆောင်လာသူပင် ဖြစ်သည်။

သူ၏ ဒါသားစု ဆွေမျိုးများ မိတ်ဆွေများ အခက်အခဲဖြစ်လျှင် အမြဲတန်း ခေါ်လာ၍ အကူအညီ တောင်းမြဲပင်။ ယခုလည်း သူမနှင့်အတူ အသက် (၃၀) ဝန်းကျင် အမျိုးသမီးတစ်ဦး ပါလာသည်။ ကျွန်ုပ်မှ

"လာ အုံထဲကို အန်တီသန်း၊ ကဲ ထိုင်ကြပါဦး၊ အမောလေး ဖြေပြီးမှ ပြောပါ"

ကျွန်ုပ် စကားဆုံးလျှင် သူမတို့ နှစ်ဦး ဝင်ထိုင်လိုက်ကြသည်။ တစ်ဆက်တည်း အန်တီသန်းမှ . . .

"ဆရာရယ် အမောက ထိုင်လိုက်ရုံနဲ့ မပြေနိုင်ပါဘူးရှင်၊ ကျွန်မ တူမ ခံစားနေရတဲ့ အမောက အခုလာတာနဲ့ ပိုမောလို့ပါ ဆရာ"

ဟု သူမပြောချင်သည်ကို အားမနာတမ်း ပြောသည်။

အနားမှ မိန်းကလေးက အားနာနေသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

"ကဲ- အန်တီသန်း တူမ မောမ မောတော့ မသိဘူး၊ အန်တီသန်းကို ကြည့်ရတာနဲ့တင် ကျွန်တော်တော့ မော နေပြီ"

ထို အခါ. . . "ဆရာကတော့ ပြောရော့မယ်၊ မမော ဘယ်နေမလဲ၊ အူနုကျွဲခတ်နေတာ အသည်းကို ဆတ် ဆတ်နာနေတာ ဆရာရဲ့"

"ဟုတ်ပါပြီ အန်တီသန်းရယ်၊ အခု ခံစားရတာက အန်တီသန်းလား၊ ဒါမှမဟုတ် ဒီက တူမကြီးလား၊ ဖြစ်ပုံကို ပြောပြမှ ကျွန်တော် ဘယ်လို ကူညီ ရမှာကို သိမှာပေါ့၊ ဒီတော့ အန်တီ ပြော ပြမှာလား၊ တူမကြီး ပြောမှာလား"

လိုရင်းမရောက်မှာစိုး၍ ကျွန်ုပ် လာသည့်ကိစ္စကို မေးလိုက်သည်။

အန်တီသန်းတို့နှစ်ယောက် တစ် ယောက် မျက်နှာ တစ်ယောက်ကြည့်၍ ခဏကြာမှ. . .

"ကဲ မာလာ တူမကြီးပဲ ဆရာ့ကို ပြောပြလိုက်ပါ၊ အန်တီသန်း ပြောရင် *မစုံမှာစိုးလို့ သမီးခံစားရတာ သမီးလုပ်* ချင်တာ၊ သမီးဖြစ်ချင်တာ ဆရာ့ကို အကုန်ပြောပြလိုက်ပါ"

အန်တီသန်း စကားဆုံးလျှင် လက်ကိုင်ပဝါဖြင့် မျက်နှာမှ ချွေးများကို သုတ်၍. . .

"အဖြစ်က ဒီလိုပါဆရာ၊ သမီး နာမည်က မာလာပါ ဆရာ၊ နေတာက အောင်ချမ်းသာပါ၊ သမီးယောကျ်ားက တက္ကစီမောင်းပါတယ် ဆရာ၊ ကိုယ်ပိုင် မဟုတ်ပါဘူး၊ ဦးလေးကားကို မောင်း တာပါ၊ သားတစ်ယောက် သမီးတစ် ယောက် ရှိပါတယ်၊ ကျောင်းနေကြပါ တယ်၊ သမီးယောကျ်ားကိုစိုးက လုပ်ငန်း တရုတ့် ငွေကို အမြဲတမ်း အကုန်အပ် ပါတယ်၊ လက်ဖက်ရည်ဖိုးပဲ ကုန်တာပါ၊ တွမ်းမစား ဆေးလိပ်မသောက် အရက် ပါရှောင်တဲ့ ခုခေတ်မှာ ရှာမှရှားတဲ့ ယောကျ်ား တစ်ယောက်ပါ ဆရာ၊ ကျွန်မတို့ ဘဝလေး ပြီးခဲ့တဲ့ သကြ်န် ကာလအထိ သိရိဂေဟာလေးပါ ဆရာ"

"အေးလေ သမီးတို့ ဒီလောက် အဆင်ပြေနေတာ ဆရာက ဘာလုပ် ပေးရမလဲ" ဟု ပြောလိုက်လျှင် သမီး မာလာက လက်အုပ်လေးချီ၍. . .

"ဆရာ သမီးကို နားလည်ပေးပါ ဆရာ၊ ကူညီရမှာကို ပြောပါ့မယ် အစ အဆုံး ပြောချင်လို့ပါ ဆရာ၊ မိန်းမနဲ့ သားသမီးတွေကို သိပ်ချစ်တဲ့ ကျွန်မ ယောကျ်ား ကိုစိုးက မနှစ်က သကြ်န် တွင်း (၃)ရက် အော်ဒါလိုက်သွားပြီး ကတည်းက အချိုးပြောင်းတာကို ကျွန်မ အချစ်မျက်ကန်းဖြစ်ပြီး သူ့အပေါ် အပြစ် မမြင်ပါဘူး ဆရာ၊ (၆)လလောက်ကြာ လာတော့ ကားဆွဲမကောင်းလို့၊ ကား တွေများလို့၊ လက်းတွေပိတ်လို့နဲ့ အိမ်ပြန် လည်း မမှန်တော့ဘူး၊ ရတဲ့ငွေလည်း မမှန်တော့ဘူး၊ တဖြည်းဖြည်း ဝင်ငွေ လျော့လာတယ်၊ ဒါတောင် တစ်ဖက်က ကျွန်မ အိမ်ဆိုင်လေး ဖွင့်ထားလို့ အခြေ အနေ မပျက်တာ၊ အိမ်ဆိုင်ဖွင့်ထားလို့ လည်း ဈေးဝယ်လာတဲ့သူတွေက ကျွန်မ *ကို ဟဲ့ မာလာ နင့်ယောကျ်ား ဒီပြစ်* တိုင်းမယုံနဲ့ ငါတို့တွေ့ခဲ့တယ်၊ ညနေ တိုင်း သူကားပေါ်မှာ မိန်းကလေးတစ် ယောက်တည်း ပါတာ နေ့တိုင်းလိုပဲ၊ ရတနာတည်းခိုခန်းကို သွားတာ မကြာ မကြာတွေ့တယ်၊ ညည်း စုံစမ်းလို့ပြော တာ ဒဏ ခဏပဲ ဆရာ။

ကြားရတာ များလာတာရယ်၊ အချိန်မမှန် ခြေလှမ်းပျက်တာရယ်၊ ငွေ မပေးတာရယ်နဲ့ စုံစမ်းကြည့်တော့ သူတို့ ပြောတဲ့အတိုင်း အမှန် ဖြစ်နေတယ်၊ မိန်းမချင်း ကိုယ်ချင်းစာပါတယ်၊ အန်တီ သန်းကတော့သည် သတိပေးတယ်၊ မမေးနဲ့ နင့်ယောကျ်ားကို ဒီလိုပဲနေ မေးရင် ငြင်း မယ် ရန်ဖြစ်ကြမယ်၊ တကယ်လို့ ဟို မိန်းမနဲ့ သွားပေါင်းနေရင် နင်တို့ သား အမိကွဲ ခက်မယ်၊ ဘာမှမပူနဲ့၊ သူ့မှာ အားကိုးရဲတဲ့ ဆရာရှိတယ်၊ နင်လိုက်ခဲ့ ဆိုလို့ ခု ဆရာ့ဆီ ရောက်လာတာပါ ဆရာ၊ သမီးယောကျ်ား ဟိုမိန်းမဆီ မသွားအောင်ရယ်၊ အရင်လိုပဲ သမီးတို့ မိသားစုကို ချစ်အောင် သံယောဇဉ် ရှိအောင် ကူညီပေးပါ ဆရာ"

သူမ စကားဆုံးလျှင် . . .

"ကဲ- တူမကြီး မောသွားပြီ၊ အမောပြေ ရေခဲရေလေးသောက်လိုက်၊ ရည်းစားလူလု အူနုကျွဲခတ် စကားပုံ တော့ရှိတယ်၊ လင်လုခံရကော့ ငါတမ အတော် ခံစားရမှာပဲ၊ ဘဝဝင့်ကြွေးလို့ မှတ်လိုက်၊ ဒီနေ့ကစပြီး အရင်လို ပြန်ဖြစ် ပြီလို့ အောက်မေ့ပေတော့ ဟုတ်လား၊ အန်တီသန်းက သူများ အခက်အခဲကို ဒီလိုပဲကူညီနေက၊ ဆရာကလည်း သမီး အခက်အခဲကို ကူညီပေးလိုက်မယ်၊ ဒါဝေမဲ့ ဆရာပြောတဲ့ ခိုင်းတဲ့ အလုပ်ကို ယုံယုံကြည်ကြည်နဲ့ လုပ်ဖို့က သမီး တာဝန် ဟုတ်လား"

"သမီး ကတိပေးပါတယ်၊ သမီး ကိစ္စကို ဆရာက ကူညီတာပဲ၊ ယုံကြည် လို့လည်း ဆရာ့ဟောခန်းကို လာတာပါ ဆရာ၊ ဘာလုပ်ရမယ်ဆိုတာသာ ပြော ပါ၊ သမီး လုပ်ပါ့မယ်"

ဝမ်းသာအားရ ပြောလေ၏။

"သမီး ဆရာပြောတာ သေသေ ချာချာမှတ်သွား၊ လုပ်ရမှာက သမီး ယောကျ်ား ဓာတ်ပုံရယ်၊ သမီး ဓာတ်ပုံ ရယ်၊ နှစ်ယောက်တွဲ မဟုတ်ဘူး၊ တစ် ယောက်တည်းပုံကို ပြောတာ၊ ဓာတ်ပုံ နှစ်ပုံ ရရင် လင်းနေပင်တော့ သိပါတယ်၊ မသိရင် အန်တီသန်းကိုမေး၊ အဲဒီ လင်း နေမြစ်ကို ဓာတ်ပုံနှစ်ပုံ အလယ်မှာထား၊ ဓာတ်ပုံ နှစ်ပုံက မျက်နှာချင်းဆိုင်နော်၊ နောက်တစ်ခုက သမီးယောကျ်ား ပြန် လာရင် သမီးနားကပ်ကို ရေဆေးပြီး ထိုရေကို တိုက်ပါ၊ (၃)ကြိမ် ပြုလုပ်ရင် သမီးယောကျ်ား သမီးအနားမှာ မခွဲ မခွာ ရှိနေလိမ့်မယ် ဟုတ်လား"

ကျွန်ုပ်စကား ဆုံးသွားလျှင် ပြုံး ရွှင်သော မျက်နှာနှင့် နှစ်ဦးသား နှုတ် ဆက်၍ ပြန်သွားလေတော့သည်။

ဘဝအံ့မောများ ပြေပါစေး

ဆရာသက်

www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာစေဖို့ သစ်ပင်စိုက်စို့

ဆရာအောင်ကျော်ဦင်(ရွှေစေတီ)

တစ်နေ့နံနက် ကျွန်ုပ် နောက်ထပ်ပြောင်းရွှေ့ဖွင့်လှစ်သော သူတော်စင်များနန်းအနီး ဗေဒင်ဆိုင်ခန်း (အောင်မြေသာယာ ရွှေစေတီ မြောက်ဘက်မုခ်အနီး) သို့ လွယ်နေကျ လွယ်အိတ်အစင်းကြားကြီးအား လွယ်၍ ပြုံးပြုံးနှင့် စာရေးဆရာ ဘက်ထရီမောင်သောင်းလည်းခေါ် သည်၊ နေမျိုးထက် (ဟသ်ာတ)လည်း ခေါ်တွင်သော လာနေကျမိတ်ဆွေကြီး ဆိုင်ရှေ့သို့ ရောက်လာလေတော့၏။

"ဟာ ဆရာဘက်ထရီကြီး ပျောက်နေပါလားဗျာ"

"မပျောက်ပါဘူး ဆရာကျော်ရယ်၊ ဟသ်ာတ ခဏ ခြေပ်နေလို့ပါ"

"သြော်. . . ဒါကြောင့်ကိုး၊ ကဲ. . . ဒီတစ်ပတ်ကော ဘာတွေသီချင် မှတ်ပုံပါသေးသလဲဗျာ"

"ဖြည်းဖြည်းပေါ့ ဆရာရယ်၊ ဒီမှာ ဘူးသီးကြော်ဝယ်လာတယ်၊ ရေနွေးနဲ့ ခဲလိုက်ကြဦးစို့၊ အဆာပြေပေါ့"

သို့နှင့် ရေနွေးနှင့် ဘူးသီးကြော်များ စားကြပြီးသော အခါ. . .

"ကဲ. . . ဆရာသောင်း ခင်ဗျားတာဝန် ပြီးသွားပြီ၊ ကျွန်တော့်တာဝန်ပဲ ကျန်တော့တယ်၊ ကဲ. . . မေးပေတော့"

"အဟား ကောင်းပါပြီဗျာ၊ ဒီတစ်ခါ ဆရာ လူတစ်ယောက် ကြီးပွားရာ ကြီးပွားကြောင်း အမြန်ဖြစ်စေတဲ့ ချမ်းသာစေသော သစ်ပင်စိုက်နည်းကို မှတ်သားလိုပါတယ် ဆရာ"

"ကဲ. . . ဒါဖြင့် ကိုသောင်း တနင်္ဂနွေသားတစ်ဦး ချမ်းသာလိုတဲ့အတွက် သစ်ပင်စိုက်လိုတယ်၊ ဘာပင်ကို ဘယ်နေရာ ဘယ်နေ့ စသည်ပေါ့၊ အင်္ဂါဇာတ်နည်း ပညာအတိုင်း သိချင်ပါတယ် ဆရာ"

"ကဲ. . . ဦးသောင်းလည်း အင်္ဂါဇာ တီးမိ ခေါက်မိ နေ့ကို အင်္ဂါဇာတိုင်နဲ့ ပြမယ်၊ တနင်္ဂနွေတိုင် ထူဗျာ"

"ထူပြီးပါပြီ"

၅
၂
၉ - စိုက်ပေးရမည့်နေ့သား
၁ - တနင်္ဂနွေနေ့သား
၄ လျှား
၀
၃ စောင်း

www.burmeseclassic.com

www.burmeseclassic.com

"တြိုနဲ့စတုမှာ ဘာတွေတွေ့လဲ"

"ပုဒ္ဓဟူးနဲ့ အင်္ဂါပါ ဆရာ"

အဲဒီတော့ စောင်းလျားဆိုတဲ့အပင်ကို စိုက်ရမယ်၊ တနင်္ဂနွေသားအတွက် စိုက်ပေးရမယ့်သူက ဆပွတ် သောကြာသားက စိုက်ပေးရမယ်၊ စိုက်ပေးရမယ့် အချိန်က အင်္ဂါနေ့ နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်းပေါ့၊ စိုက်ရမယ့် နေရာက အဲဒီတနင်္ဂနွေသားရဲ့ အိမ်ခြေရင်းဘက်မှာ စိုက်ရမယ်၊ အောက်က ခနိုရွက်ခံ စိုက်ပေးရမယ်"

"ရှင်းပါတယ် ဆရာ"

"ကဲ ဒါဆို တနလ်သားအတွက် တနလ်ဘိုင် ထူလိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာ"

၆

၃

၀ - စိုက်ပေးရမည့်နေ့သား

၂ - တနလ်နေ့သား

၅ ပံ

၁

၄ လက်

"တြိုရန်း၊ စတုရန်းမှာ ဘာနဲ့ ဘာတွေ့လဲ"

"ပုဒ္ဓဟူးနဲ့ ကြာသပတေး တွေ့ပါတယ်"

"အတွဲဆိုတော့ ဘယ်လိုအသံ ထွက်ပုံမလဲ"

"လက်ံအတွဲဖြစ်လို့ လက်ံပင်စိုက်ရပုံမယ် ဆရာ"

"စိုက်ပေးရမယ့်သူကကောဗျာ"

"ဆပွတ်နေ့သားဖြစ်တဲ့ စနေသားက စိုက်ပေးရမယ်"

"ဟုတ်ပြီ၊ အချိန်နဲ့နေ့ကကောဗျာ"

"ပုဒ္ဓဟူးနေ့နံနက် ၁၀ နာရီခွဲကနေ ၁၂ နာရီအတွင်းပါ ဆရာ"

"အောက်က ဘာခံရသေးလဲဗျာ"

"အမြစ်နဲ့ အုတ်ခဲကျိုးကလေးတွေ့ခဲ့ပြီး စိုက်ရုပါမယ် ဆရာ"

"ဟုတ်ပြီ၊ ဘယ်နေရာလဲဗျာ"

"တနလ်သားရဲ့ အိမ်ခြေရင်းမှာ စိုက်ရမယ်ဆရာ"

"မှန်ပါပြီ၊ ကဲ... နောက် အင်္ဂါသားသမီးအတွက် အင်္ဂဝိဇ္ဇာတိုင် ထူလိုက်စမ်းပါဗျာ"

၀

၄

၁ - စိုက်ပေးရမည့်နေ့သား

၃ - အင်္ဂါနေ့သား

၆ သန်း

၂

၅ ဖက်

"ကဲ.. အင်္ဂါတိုင်ထူတော့ တြိုစတု ဘာတွေ တွေ့တုံးဗျာ"

"ကြာသပတေး၊ သောကြာ တွေ့ပါတယ်ဗျာ"

"ဒါဆို အဲဒီအတွဲအရ ဘာအပင်ဖြစ်မလဲ"

"အတွဲအရ ဖက်သန်းပင်ဖြစ်ပါမယ် ဆရာ"

"ဟုတ်ပါပြီ၊ ဘယ်နေ့သားက စိုက်ပေးရမလဲ"

"ဆပွတ်နေ့သားဖြစ်တဲ့ တနင်္ဂနွေသားက စိုက်ပေးရမယ်"

"ဘယ်နေ့နဲ့ ဘယ်အချိန်လဲဗျာ"

"ကြာသပတေးနဲ့ ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်းပါ"

"ဘာခံပြီး စိုက်ရမှာပါလဲ"

"ကျောက်ခဲကလေးတွေ့ခဲ့ပြီး စိုက်ပေးရပါမယ်"

"နေရာကကော"

"အင်္ဂါသားရဲ့ ခြေရင်းမှာ စိုက်ပေးရမှာပါ"

"ဟုတ်ပါဗျာ၊ က ပုဒ္ဓဟူးသားအတွက် အင်္ဂဝိဇ္ဇာတိုင် ထူလိုက်စမ်းပါဗျာ"

"ဟုတ်ကဲ့၊ ပုဒ္ဓဟူးအခါတိုင် ထူပါပြီဆရာ"

၁

၅

၂ - စိုက်ပေးရမည့်နေ့သား

၄ - ပုဒ္ဓဟူးနေ့သား

၀ နပ်

၃

၆ သ

"ထုံးစံအတိုင်း တြိုစတုမှာ တွေ့ရတဲ့နံတွေ ပြောပါ"

"အင်း... သောကြာနဲ့ စနေ တွေ့တဲ့အတွက် သနပ်လို့ အသံထွက်ပါမယ် ဆရာ"

"စိုက်ပေးရမယ့် နေ့သားက"

"တနလ်သားက စိုက်ပေးရပါမယ်"

"စိုက်ချိန် နေ့တွေပြော"

"သောကြာနေ့ နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီပါ ဆရာ"

"ဘာများ ခံစိုက်သင့်ပါသလဲ"

"ဆန်အနည်းငယ်ခံပြီး စိုက်ရပါမယ်၊ ပြီးတော့ ပုဒ္ဓဟူးသားရဲ့ အိမ်ခြေရင်းမှာ ထားရပါမယ်"

"ကြာသပတေးသားအတွက် အင်္ဂဝိဇ္ဇာတိုင်ထူ"

၂

၆

၃ - စိုက်ပေးရမည့်နေ့သား

၅ - ကြာသပတေးနေ့သား

၁ အောင်း

၄

၀ ထ

www.burmeseclassic.com

www.burmeseclassic.com

"ကြိစတုဂဏန်း စနေနဲ့ တနင်္ဂနွေ တွေ့တဲ့အတွက် ထန်းအုန်း ဒါမှမဟုတ် ထအောင်း အပင်ကို ဆပွတ်နေ့သား ဖြစ်တဲ့ သားသမီးက စိုက်ပေးရပါမယ်"

"အောက်ခံစိုက်မယ့်နေ့ အချိန်ပြော"

"စိုက်ချိန်က စနေနေ့နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီ အတွင်း စိုက်ရမယ်၊ ရေလေးခွက်လောင်း စိုက်ပြီး ကြာသပတေးသားရဲ့ အိမ်ခြေရင်းဘက်တွင် ထားစိုက်ရပါမယ်"

"မှန်ပါတယ်၊ သောကြာသားသမီးအတွက် သောကြာအခါတိုင်ထူပြီး ပြော"

၃
၀
၄ - စိုက်ပေးရမည့်နေ့သား
၆ - သောကြာနေ့သား
၂ ကျော်
၅
၁ အ

"သောကြာအခါတိုင်မှာ တနင်္ဂနွေနဲ့ တနင်္လာတွေ့တဲ့အတွက် အင်ကြင်းလည်း အသံထွက်တယ်၊ အကျော်လည်း အသံထွက်တယ် ဆရာ"

"အင်ကြင်းကို နင်းကြမ်းမသုံးကောင်းလို့ ပယ်ရမယ်"

"ဒါဆို အကျော်ပင် စိုက်ရပါမယ်၊ ဗုဒ္ဓဟူး ဆပွတ်သားက စိုက်ပေးရပါမယ်၊ စိုက်ချိန်က တနင်္ဂနွေနေ့နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း စိုက်ပေးရမယ်၊ အောက်က ဖွဲပြားခံပြီး စိုက်ပေးရပါမယ်၊ ပေါက်ပေါက်ကြဲခံပြီးလည်း စိုက်လို့ ရပါတယ်၊ ပြီးရင် အိမ်ခြေရင်းမှာ ထားရပါမယ်"

"ပြည့်ပြည့်စုံစုံ ပြောနိုင်တာ ကောင်းတယ်ဗျာ၊ စနေသားသမီးအတွက် တိုင်ထူပြီး ပြောပါဦး"

၄
၁
၅ - စိုက်ပေးရမည့်နေ့သား
၀ - စနေနေ့သား
၃ ဒွန်း
၆
၂ ကန်

"ဟုတ်ကဲ့ဆရာ၊ စနေအခါတိုင် ကြိစတုဒွဲ့ တနင်္လာအင်္ဂါ တွေ့တဲ့အတွက် ကန်ဒွန်းအတွဲ့ ရပါတယ်၊ တနင်္လာနေ့ ၁၀ နာရီခွဲကနေ ၁၂ နာရီအတွင်း ဆပွတ်နေ့သားဖြစ်တဲ့ ကြာသပတေးသားက စိုက်ပေးရပါမယ်၊ သဲ ခြောက်ဆုံ့ခံပြီး စိုက်ပေးရပါမယ်၊ အိမ်ခြေရင်းမှာ ထားရပါမယ် ဆရာ"

"ဟုတ်ပါပြီ၊ ပြည့်စုံပါတယ်၊ ဒီအင်္ဂဝိဇ္ဇာတိုင်မှာ ကိုသောင်း မရှင်းတာရှိလိမ့်မယ် ထင်တယ်၊ အဲဒါ ပြောပါဦး"

"ရှိတာပေါ့ဆရာရယ်၊ မေးရတော့မှာပေါ့၊ ဥပမာ...

စနေသားအတွက် ဆပွတ်နေ့သားက တနင်္လာနေ့ ၁၀ နာရီခွဲကနေ ၁၂ နာရီလို့ဆိုတာ နည်းနည်းရှင်းပေးပါ ဆရာ"

"တနင်္လာနေ့ နံနက်အခါ လေးပါးကို ပြပါဦး"

"ဟုတ်ကဲ့၊ တနင်္လာနေ့မှာ စန္ဒြာ၊ သောရီ ဂုဏ္ဍ ဘောမ ဆိုပြီး နံနက် လေးချိန်မှာ ဘောမ အင်္ဂါအခါကို ၁၀ နာရီခွဲမှ ၁၂ နာရီလို့ တွေ့ရပါတယ်၊ အင်္ဂါအခါတိုင်ထူတော့ စနေနဝင်း ပဥ္စပွတ်မှာ နေချိန်ကိုရွေးပြီး အစိုက်ခိုင်းတာ ထင်ရှားပါတယ် ဆရာ"

၀ - စနေပဥ္စပွတ်ကချိန်
၄
၁
၅
၂
၆ - အင်္ဂါအခါ
၂
၅

"ဟုတ်ပါတယ်၊

သောကြာသားအတွက် တနင်္ဂနွေနေ့၊ တနင်္လာအခါ၊ တနင်္လာတိုင်မှာ သောကြာနဝင်း၊

ကြာသပတေးသားအတွက် စနေနေ့၊ တနင်္ဂနွေအခါ၊ ကြာသပတေး နဝင်း၊

ဗုဒ္ဓဟူးသားသမီးအတွက် သောကြာနေ့၊ စနေအခါ၊ ဗုဒ္ဓဟူးနဝင်း (ပဥ္စပွတ်ချိန်)

အင်္ဂါသားသမီးအတွက် ကြာသပတေးနေ့၊ သောကြာအခါ၊ အင်္ဂါနဝင်းရချိန် (ပဥ္စပွတ်ချိန်)

တနင်္ဂနွေသားသမီးအတွက် အင်္ဂါနေ့၊ ဗုဒ္ဓဟူးအခါမှာ တနင်္ဂနွေနဝင်း ဒီလိုမြင်ရဲ့လား ကိုသောင်း"

"ဟုတ်ကဲ့ဆရာ၊ တြိရန်းနေ့ စတုရန်းအခါလို့လည်း သိနိုင်တယ် မဟုတ်လား ဆရာ"

"သိပ်မှန်တာပေါ့၊ ခင်ဗျား ဗေဒင်ဆရာဖြစ်တော့မယ်"

"နည်းနည်း အတွေးနီးစပ်လာတာပါ ဆရာ"

"ဟုတ်ပါတယ်၊ ဒါ ခုနစ်ရက်သားသမီးများ သစ်ပင် စိုက်မယ်ဆိုရင် အထက်ပါနည်းစနစ်တွေ လုံးဝမလွဲချော်စေဘဲ ဆောင်ရွက်နိုင်ခြင်းအားဖြင့် ချမ်းသာကျန်းမာ ဝမ်းသာကြမှာဆိုတာ မလွဲပါဘူးဗျာ"

"ရှင်းလည်း ရှင်းပါတယ်၊ ပညာသားလည်း ပါတယ်၊ အားတက်စရာလည်း ဖြစ်တယ်၊ ကောင်းလိုက်တာဆရာ၊ ကဲ အချိန်လည်း အတော်ကြာသွားပြီ၊ ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ဆရာအောင်ကျော်ခိုင် (ရွှေတော်)

ကျမ်းကိုး - အင်္ဂဝိဇ္ဇာကျမ်း ပ၊ ဒု၊ တ၊ အတုလဆရာအောင်ခင်ကြီးဖော်

❑

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်တောရဆရာတော်(ကျောက်တစ်လုံးဆရာတော်)
ချီးမြှင့်အပ်သော
စာစကားပြန်ဒေ စွယ်ကြီးဆိပ်နှစ်ဆို့

နတ်မျက်စိဆရာအောင်ခိုး

ယနေ့သည် တိမ်ညိုများ အုပ်ဆိုင်းနေသည်။ မိုးကား မရွာ။ ထိုစဉ် တိမ်ညိုတစ်စုသည် စာရေးသူ ဟောခန်းတွင်းသို့ ဝင်ရောက်လာလေ၏။

ထိုတိမ်ညိုသည် မိုးယံထက်က မိုးတိမ်တော့ မဟုတ်ပါ။ အနီသုငယ်လေး ဝင်လာကတည်းက ညိုမှိုင်းမှိုင်းနိုင်လှသော ထိုသူ၏မျက်နှာကို တင်စားခြင်းပါ။

နာမည်က ရဲမော်ဟိန်း၊ ငွာနတစ်ခုက အလယ်အလတ် ဝန်ထမ်း၊ သူမိဘတွေက စာရေးသူတို့ မော်လမြိုင်ဘက်က ဖြစ်၏။ မိဘများမှာ ရတနာကုန်သည်အဖြစ် ဇိုလ်ချုပ်စျေးတွင် ဆိုင်ခန်းဖွင့်၍ အသက်မွေးဝမ်းကျောင်းပြု၏။ ဘာသာရေး အားကောင်းသော မိဘများဖြစ်ကြ၏။ တွန့်ဝ်တို့၏ ဇာတ်လိုက်ကျော်က အရောင်းအဝယ် ဝါသနာပါ

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းဘဝကို ခုံမင်နှစ်သက် အလေးထားသူ ဖြစ်၏။

ခဲမော်ဟိန်းက မင်းသားရုပ်ရည်မျိုးပါ။ ဂိုးသား ကြိုးစားသူ၊ မိဘဆရာသမားများကို သိတတ်သူအဖြစ် မှတ်ချက်ချမိပေ၏။ ဝင်ဝင်ချင်းပင် သူငယ်လေးက . . .

"ဆရာ၊ ကျွန်တော့်ဇာတာ စစ်ပေးပါ" ဟု ဆိုလာ၏။

စာရေးသူရဲ့ ထုံးစံအတိုင်း မြတ်စွာဘုရားဝုက်တော်၊ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရှိခိုးဦးထိပ်တင်ပြီး ရဟန္တာ ၅၀ အရှင်မြတ်များကို ရှိခိုးခြင်း။ အဘဘိုးတိုးအောင်၊ အဘဘိုးမင်းခေါင်၊ ယက္ခန်းစင်တောင်ဆရာတော်၊ ကွင်းကောက်အဖေ ပထမံအရှင်မြတ် တို့ကို ရှိခိုးပူဇော်ပြီးနောက် မဟာပိန္နဲ၊ သူရဿတီ မယ်တော်ကြီးတို့အား ဗေဒင်ပညာထူးများ ချီးမြှင့်ပေးပါရန် တိုင်တည်ရင်း ထွက်ရပ်ပေါက်အရှင်မြတ်များ တပည့်တော်၏ ဟောပြောမှု မှန်ကန်စေရန် တိုင်တည်ဆုတောင်းပြီး မနောအာရုံမှာ ထင်မြင်ချက်အရ . . .

"မောင်ခဲမော်ဟိန်း၊ မင်း အစစအရာရာ ပိတ်ဆို့နေတယ်၊ ထွက်ပေါက်မရှိ တက်လမ်းမတွေ့ ဖြစ်နေပါလား" ဟု စာရေးသူအမြင်ကို အစဖော် ဟောရုံရှိသေး မောင်မင်းကြီးသားက . . .

"အဟုတ်ပဲ ဆရာ၊ နောက်ပြီး ဘယ်လောက် ကြိုးစား ကြိုးစား မျက်နှာသာမရ ဖြစ်နေတယ် ဆရာ၊ ကျန်းမာရေးက တရှောင်ရှောင်နဲ့ နေလို့ကိုမထိဘူး ဆရာ" ဟူ၍ မော်လမြိုင် အသံနှောရှ် ရင်ဖွင့်နေ၏။ ထိုသူက ဆက်လက်ပြီး. . .

"ရာထူးတက်ချိန်လည်း မတက်၊ အလုပ်ကို သူများထက် ပိုလုပ်ရလည်း အသိအမှတ်ပြု မခံရဖြစ်နေတယ် ဆရာ" ဟု မျက်နှာညိုညိုနှင့် အားမာန်ပြိုဆင်းနေသော ဟန်ပန်ပါတွေ့ရ၏။

မနောအာရုံအရ နာမည်နောက်မှာ ဟိန်း ပါသော အမျိုးသားအကြောင်းကို ရင်ထဲမှာ ဆေးရေခြယ်နေမိ၏။

တနင်္ဂနွေသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က ပထမအရွယ် ပင်ပန်း၏။ မိဘတွေ အချစ်ကို ရတတ်၏။ မိတ်ဆွေ ပေါ၏။ ပညာ တစ်ပိုင်းတစ်စ ဖြစ်တတ်၏။ သို့သော် တတ်သိသောပညာဖြင့် ဘဝကို ရပ်တည်စွမ်းရှိ၏။ အရည်အချင်းရှိသော၊ ပတ်ဝန်းကျင်က လေးစားလောက်သော အနေအထိုင်ရှိသော အိမ်ထောင်ရှင်မိန်းနှင့် တွေ့ရတတ်၏။ သူများထက် ခေါင်းတစ်လုံး သာ၏။

တနလ်္ဂာသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က ယေဘုယျက ဒေါသကြီးမည်။ စိတ်ကြီးမည်။ မောင်နှမတွေမှာ ထူးထူးချွန်ချွန်ဖြစ်သော အနေအထား ရောက်၏။ ပါးနပ်၏။ ပညာတတ်ညာဉ်ရှိ၏။ အနုပညာ ပါသနာပါမည်။ ကစ်ရပ်တကျေးမှာ ဘဝစာမျက်နှာ ဖွင့်လှစ်ရ၏။

အဂၤါသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က ဇွဲရှိမည်။ အေးဆေးနေမည်။ စက်မှု တတ်ကျွမ်းမည်။ စာပေချစ်မြတ်နိုးမည်။ ယေဘုယျက စန်းပွင့်မည်။ မာနရှိတတ်၏။ သူတို့ကို မြှောက်ပေါင်း ချော့ခိုင်းပါ။ ရင်ဘတ်ရောဂါ၊ အဆုတ်၊ အသည်းရောဂါ ခံစားရတတ်၏။ ယင်ယင်က မိခင်ကိုချစ်ပြီး အရွယ်ရောက်တော့ ဖခင်ကဲ့သို့ ဝါသနာဗီဇတွေ ဝင်လာတတ်၏။ စကားပြောကောင်းသူတွေတော့ မဟုတ်ပါဘူး။ အသက်ရလျှင် ဘာသာရေး အားကောင်းကြ၏။

ဗုဒ္ဓဟူးသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က ဇွတ်လုပ်မည်။ အစ်ကို၊ အစ်မများအပေါ် နိုင်မည်။ စာပေဉာဏ်ရည် ထက်မည်။ အိမ်တွင် ဗိုလ်ကျသလောက် အပြင်လူနှင့်တော့ ရည်ရည်မွန်မွန်နှင့် အပေါင်းအဆင်းကောင်းအဖြစ် တွေ့ရတတ်၏။

ယင်စဉ် ကျောင်းနေစဉ် ကတည်းကပင် အရည်အချင်းတစ်ခုခုက သူ့ကို ထင်ပေါ် စေတတ်၏။ လူသိ များစေသည်။ အနုပညာဆန်သော နေထိုင်မှုစနစ်ရှိသည်။ သူတို့ကို ရိုးရိုးသားသား ပေါင်းသင်းပါက သူတို့ဘဝင်ရှိသမျှ စားပေတော့။ အိမ်ထောင်ရေး အချစ်ရေး ကံကောင်းမည်။ အလုပ်အစမှာ အခက်အခဲ တွေ့သော်လည်း နောက်ပိုင်း ဒုဆင်မြေသွားတတ်၏။

ကြာသပတေးသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က အလှအပ မြတ်နိုးမည်။ ခရီးသွားဝါသနာပါမည်။ ငယ်စဉ်က မာနကြီးသူလို့ ထင်စရာကောင်းလောက်အောင် အချို့ကျကျနေသူ ဖြစ်တတ်သည်။ ပညာကံကောင်းပြီး အချစ်ကို ခံစားချိန်မှာ အသည်းကွဲရတတ်သည်။ ဒါပေမဲ့ အိမ်ထောင်ဖက်ကောင်း ရတတ်တယ်။ အလုပ်ကို တန်ဖိုးထားတတ်လို့ အကြိုးအကဲ အုပ်စုဝင်မှာ တွေ့ရလေ့ရှိ၏။

သောကြာသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က သတ္တိရှိမည်။ ကလေးဘဝမှာ အဆော့မက်မယ်။ အားကစားမှာ ထူးချွန်မယ်။ ဟာသ လုပ်တတ်တယ်။ မဟုတ်မခံ စိတ်ရှိတယ်။ သူငယ်ချင်းတွေကို ဘဝမခွဲခြားဘဲ ခင်မင်ပေါင်းသင်းမယ်။ တေးဂီတကိုသာ စိတ်ဝင်စားရင် အောင်မြင်ကြတယ်။ အတွေးအခေါ် ကောင်းလို့ ဘွဲ့ရ ပညာတတ်အဖြစ် တွေ့မြင်ရတယ်။

စနေသား နာမည်နောက်မှာ ဟိန်းနှင့် အဆုံးသတ်က အောင်မြင်မှု ဆာလောင်သူတွေပါ။ ငယ်စဉ် ကျောင်းသား ဘဝကတည်းက ခေါင်းဆောင်နေရာမျိုး ဦးဆောင်ရတဲ့ အခြေအနေမှာ ရောက်ရှိတတ်တယ်။ အိမ်မှာ ပျင်းသူအဖြစ် သတ်မှတ်ခံရသော်လည်း ပရဟိတစိတ်ဓာတ် ရှိသူလေးပါ။ ငွေလက်ဖြာသလို စီးပွားရေးမှာ အောင်မြင်သူဖြစ်မယ်။ မိဘမောင်နှမအပေါ် ချစ်ခင်မယုက် ရှိနေမယ်။ အချစ်ရေးမှာ မျက်နှာများတာကို အပြစ်လို့ မမြင်ကြစေလိုဘဲ အိမ်ထောင်ရေးမှာ တည်တံ့သွားတာ တွေ့ရမယ်။

www.burmeseclassic.com

စာရေးသူက ဗုဒ္ဓဟူးသား ဟိန်းစာလုံးနှင့် အဆုံးသတ်ထားသော မောင်ရဲမော်ဟိန်းကိုကား ဆောင်ရန် ရှောင်ရန်၊ ရွှတ်ရန်ဂါထာများနှင့် ၅၂၈ မေတ္တာပို့နည်းအပြင် လွန်ခဲ့သော ၁၉၈၉ ခုနှစ်က မော်လမြိုင် ဒိုင်းဝန်ကွင်း ရှမ်းစုရပ်မှာ ကျွန်ုပ် ပြနေသော ဆရာဦးမြင့်စိုးနှင့်အတူ ထိုစဉ်က ကျော်ကြားနေသော ကျောက်တစ်လုံးဆရာတော် (မော်လမြိုင် အခေါ်ဖြစ်၏) ဝင်းစိန်တောရ ဆရာတော်ဘုရားထံ ရောက်ရှိစဉ် ဆရာတော်ဘုရားမှ . . .

* လုပ်ငန်းထစ်ငေါ့နေခြင်း * လူမှုရေး ဆက်ဆံရေး အဆင်မပြေခြင်း * ငွေဝင် အားနည်းနေခြင်း * ကျန်းမာရေး ညံ့ခြင်း တို့တွင် ကျင့်ကြံရန်နည်းကို ဦးမြင့်ပေးခဲ့ပါသည်။

စာရေးသူလည်း ဗေဒင်ဟောသက် တစ်လျှောက်လုံး လုပ်ငန်းထစ်ငေါ့နေသူများကို ဤကျင့်စဉ်ကိုသာ ပေးအပ်၍ အောင်မြင်သူတွေ ရှိခဲ့ပေ၏။

ယနေ့ ဩဂုတ်လကုန်ရက် ဝါခေါင်လပြည့်ခါနီးရက် ဖြစ်သော်လည်း မိုးသားများ ကင်းစင်ပြီး လဝန်းကိုလည်း တိမ်ညိုကင်းစွာ အလှပေါ်လွင်နေတော့၏။ ည ၉ နာရီထိုး ခါနီမို့ နောက်ဆုံး ဗေဒင်ပရိသတ်တစ်ဦး အနားသတ် ဟော ပြောနေစဉ် ဆရာမ ဒေါ်နီလာအေးမှ . . .

"ဆရာ အပြင်ည့်သည် ရောက်နေတယ်၊ မော်လမြိုင်ကတဲ့၊ ဘယ်လိုသဘောရလဲ" ဟု ဆို၏။ စာရေးသူမှ . . .

"မော်လမြိုင်ကဆိုရင် ဝင်စေပေါ့မျာ" ဟု ဆိုလိုက်ရာ စာရေးသူရဲ့ ဟောခန်းတွင် လဝန်းတစ်စင်း ပေါ်ထွန်းလာ၏။ ကောင်းကင်ထက် လမင်းနှင့်အပြိုင်ပေါ့။ ထိုလဝန်းကား အခြားလူဟုတ်ရိုးလား။ ကျွန်တော်တို့ ဇာတ်လိုက်ကျော် မောင်ရဲမော်ဟိန်းပင်တည်း။

ထုံးစံအတိုင်း ကျင့်စဉ်အကိုင်း ကျင့်ကြံခဲ့လို့ ရာထူးတိုးလာပြီဆိုသည့် အကြောင်း၊ နေပြည်တော်ရုံးသို့ ပြောင်းရွှေ့ရမည့်အကြောင်း ပြောဆိုပြီး ဝင်ရောက်ကန်တော့ကာ အပြင်ဘက်မှာကျန်ခဲ့သော သူတို့ရုံးကားနှင့်အတူ ပြည်လမ်း မကြီးအတိုင်း ရှေ့သို့သာ ခရီးနှင်လေတော့၏။

စာရေးသူ ပေးခဲ့သော ကျင့်စဉ်ကား "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ကို (၁၁) ကြိမ် ရွတ်ပြီး ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်ပြည့်အောင် စိပ်ခြင်းပါ။ တချို့မှာ ၃ လ၊ တချို့မှာ ၆ လိနှင့် ထူးခြားပါ၏။

[ဘဝနတ်ထံ ပုံလွှန်တော်မူခဲ့သော ကျေးဇူးရှင် မော်လမြိုင် မုဒုဝင်းစိန်တောရ ဆရာတော်ဘုရားကြီး ဦးကေသရအား ဤစာစုဖြင့် ကန်တော့ပန်းဆင်ပါ၏။]

နတ်မျက်စိဆရာအောင်စိုး

❑

ဥဿ အရဟံ မေတ္တာ လာဘ်

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ။ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုတ္ထာလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➳ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➳ အဓိပဓိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၁၃)၊ (၃၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းစျေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➳ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➳ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➳ *ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။* ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံနည်းကျ ထူးခြားပြုတ်သော ဗါဒတ္ထသုတ္တရုပ်ညာ

ဆရာဦးခန့်ကျော်

မဟ်လဟ်ိုဟော အိမ်ခြံပြေနှင့် သီဂိဂေဟာ ဧရိယာများ

အခန်း (၆)

ဆိုးကျိုးများကို ချေဖျက်သည့် ဝိရမစ်များ

ဝိရမစ်များသည် စွမ်းအင်များကို ထုတ်လုပ်ရာတွင် လွန်စွာအစွမ်းထက်သည့် ကိရိယာတစ်မျိုးပင် ဖြစ်သည်။ ယင်း သို့ စွမ်းအင်ထုတ်လုပ်ပေးနိုင်မှုကို ဖုန်းရွှေနည်းပညာအရ ဘာသာပြန်ဖွင့်ဆိုမည်ဆိုပါက ဝိရမစ်၏ အထွတ်အထိပ် (apex) ပိုင်းသည် 'ယန်'(Yan)ကို ထုတ်လွှတ်ပေးပြီး အောက်ခြေပိုင်းက 'ယင်'(Yin)ကို ထုတ်လွှတ်ပေးသည်။ အဆိုပါ ဝိရမစ်တွင် ယန်နှင့်ယင်တို့ ဆုံရာနေရာသည် အောက်ခြေမှ ၁/၃ အမြင့်တွင်ရှိပြီး ၎င်းမှ ချီစွမ်းအင် (သို့) ပရန်နာ (prana) (သို့) ကျန်းမာသည့်စွမ်းအား ထုတ်လွှတ်မှုအလွန်အားကောင်းသည်။

ထို့အချက်ကို အခြားနည်းလမ်းဖြင့် ရှင်းပြရလျှင် ဝိရမစ်၏ အထွတ်အထိပ်ပိုင်းသည် ပူသော အဖိုသဘာဝ၊ အဖိုဓာတ်စွမ်းအင်ကို ထုတ်လွှတ်ပေးပြီး၊ အောက်ခြေပိုင်းမှ အေးသော အမသဘာဝ၊ အမဓာတ်စွမ်းအင်ကို ထုတ်လွှတ်သည်။ စွမ်းအင်များဝင်ရောက်လာသည့်အခါ ဝိရမစ်၏ နံရံလေးဖက်လေးတန်ကို ရိုက်ခတ်မိခြင်းဖြင့် စွမ်းအင်များ ဖြစ်ပေါ်လှုပ်ခြင်းဖြစ်သည်။ ယင်နှင့်ယန်တို့ကလည်း ဝိရမစ်အလယ်ပိုင်းတွင် ပေါင်းစည်းမိကြပြီး ဝိရမစ်အား ပုရန်နစ် (pranic) စွမ်းအင် (သို့) ချီ(chi)စွမ်းအင်ကို ဖြစ်ပေါ်စေတော့သည်။

လက်တွေ့ စမ်းသပ်မှုများပြုလုပ်ရာတွင် 'လူတစ်ယောက်'၏ အရွယ်အစားခန့် ဝိရမစ်သည် အကောင်းဆုံးဖြစ်၏။ ဝိရမစ်တစ်ခုကို လက်ဝယ်ထားရှိခြင်းဖြင့် ရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်မှာ မိတ်ဆွေ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အမဓာတ်စွမ်းအင်ရှိနေသည့် နေအိမ်အဆောက်အအုံတွင်းသို့ ရောက်ရှိနေသည်ဆိုပါစို့။ လူ့အရွယ်အစား ဝိရမစ်က မိတ်ဆွေ၏ကိုယ်ခန္ဓာတွင် မည်သည့် နာမကျန်းမှုမျိုးမှ မဖြစ်ပွားရလေအောင် ဟန်ချက်ကိုထိန်းပြီး ဒိုင်းတစ်ခုပမာ ကာကွယ် တားဆီးပေးထားပါလိမ့်မည်။

သို့သော် ယခုမျက်မှောက် ကာလတွင် လူ့အရွယ်အစား ဝိရမစ်တွင်ခုရရှိရန်မှာ လွန်စွာခက်ခဲနေမည်ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ထိုဝိရမစ်များကို ပြုလုပ်နိုင်မည့် ပညာရှင်များကို တွေ့ရှိရန်မှာ လွန်စွာခက်ခဲနေ၍ဖြစ်သည်။ တစ်ဖက်ကလည်း တည်ဆောက်မှု စရိတ်စကနှင့် ထိန်းသိမ်းမှုစရိတ်က အတားအဆီးတစ်ခုကဲ့သို့ ဖြစ်နေလိမ့်မည်။

နိုင်ငံခြင်းပတွင် ပြုလုပ်သည့် လေးနက်သည့် သုတေသနပြု စမ်းသပ်ချက်များအရ အနားလေးဖက်ရှိသည့်

www.burmeseclassic.com

www.burmeseclassic.com

ပိရမစ်များကို သုံးစွဲပြီး၊ ပိရမစ်စွမ်းအင်များကို စုဆောင်းနေစရာ မလိုတော့သည့်အချက်ကို တွေ့ရှိရသည်။ ပိရမစ်ဘောင်ချည်းသက်သက်ဖြင့် တည်ဆောက်ထားသည့်အထွတ်အထိပ်ပါရှိသည့် ပိရမစ်ကလည်း စွမ်းအင်စက်ဝန်းကို ထုတ်လွှတ်ပေးနိုင်သည်။ မျက်နှာစုံပါရှိသည့် ပိရမစ်များနည်းတူ ထိရောက်သည့် စွမ်းဆောင်မှုများကို ပြုလုပ်ပေးနိုင်ကြောင်း တွေ့ရှိရသည်။



ပိရမစ်ဘောင်ပုံစံ

ဤဝမ်းမြောက်ဖွယ်တွေ့ရှိချက်ကြောင့် ကမ္ဘာတစ်ဝန်းလုံးမှ လူများသည် အင်္ဂါအပြည့်အစုံပါရှိသည့် ပိရမစ်အစားအထက်ပါ ပိရမစ်ပုံစံကို လက်ခံအသုံးပြုနေကြပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ယင်းပိရမစ်များကို ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းကြီးများပင် ပေါ်ပေါက်နေပြီဖြစ်သည်။ ၎င်းပိရမစ်ကို စိတ်ဝင်စားသူများအနေဖြင့် အင်တာနက်စက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။ ဝက်ဘ်ဆိုက် လိပ်စာမှာ www. pyramid projects com and www. Spectra pyramid. com. ဟူ၍ ဖြစ်ပါသည်။

ပုံမှန်ပိရမစ်များထက် ပိရမစ်ဘောင်များက ရရှိသည့် အကျိုးရလဒ်များမှာ အများအပြားရှိသည်။ အချို့တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ပုံမှန်ပိရမစ်တစ်ခု၏ ကုန်ကျစရိတ်သည် ကြီးမားလှသည်။ ကမ္ဘာ့ဘဏ်ဝင်ထိုင်ရသည့် ပိရမစ်တစ်ခု၏ တန်ဖိုးသည် ပိရမစ်ဘောင်တစ်ခု၏တန်ဖိုးထက် ၂၀ % ပို၍သာသည်။

၂။ ပိရမစ်ဘောင်အတွက် နေရာသီးသန့် သတ်မှတ်ထားရန်မလိုဘဲ ထိုပိရမစ်ကို စက္ကန့်ပိုင်းအတွင်း ဖြုတ်လွယ်တပ်လွယ်ဖြစ်စေရန် စီစဉ်ထားသည်။ ထို့ကြောင့် အဆိုပါ ပိရမစ်ကို နေအိမ်ကျဉ်းကျဉ်း၊ အခန်းကျဉ်းကျဉ်းများတွင်ပင် တပ်ဆင်နိုင်သည်။ အသုံးပြုနိုင်သည်။ မလိုအပ်ပါက ဖြုတ်ထားနိုင်သည်။ ဖြုတ်ထားသည့် အစိတ်အပိုင်းများကိုလည်း ခုတင်အောက်တွင် သိမ်းဆည်းထားနိုင်သည်။

၃။ နေအိမ်အပြင်ဘက်တွင် အသုံးပြုသည့်တိုင် ပြုပြင်နေစရာ မလိုအပ်ခြင်း။

၄။ အချို့လူများသည် ပုံမှန်ပိရမစ်အတွင်း ဝင်ထိုင်သည့် အခါ ကလော်စထြိုဖော်ဘီယာ (claustrophobia) ခေါ် ဝေဒနာတစ်မျိုးကို ခံစားရတတ်သည်။ ထိုဝေဒနာမှာ အလုံပိတ်အခန်းတွင် နေရခြင်းကြောင့် ဖြစ်တတ်သော ကြောက်ရွံ့ခြင်းဝေဒနာပင်ဖြစ်သည်။ ပိရမစ်ဘောင်အတွင်း ထိုင်နေရခြင်းက ဘေးအကာများမပါရှိသဖြင့် ဟင်းလင်းပြင်တွင် ထိုင်နေရသကဲ့သို့ ဖြစ်နေသောကြောင့် ထိုပြဿနာမျိုးမဖြစ်စေနိုင်တော့ဘဲ ထိုအချက်ကလည်း ပိရမစ်ဘောင် ပေါ်ပေါက်လာရခြင်း၏ အဓိက အကြောင်းရင်းခံပင် ဖြစ်၏။

၅။ ထိုပိရမစ်ဘောင်ပုံစံကို လူကြီးလူငယ်မရွေး သုံးစွဲနိုင်သကဲ့သို့ လူဝင်ကြီးများနှင့် လူပိန်များလည်း သုံးစွဲနိုင်ကြမည်ဖြစ်သည်။ အဆိုပါ ပိရမစ်မျိုးကို ကျွန်ုပ်တို့အနေနှင့်လည်း အကောင်းစား ကြေးခွောင်းများဖြင့် ပြုလုပ်ထားပြီး ရွှေရောင်ဖြင့် မွမ်းမံထားသည့် ပိရမစ်များကို ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ ရွှေရောင်ဖြင့် မွမ်းမံထားရခြင်းက မကောင်းသည့် ဆိုးကျိုးများ ပိရမစ်အနီးအနားဝန်းကျင်သို့ မကပ်နိုင်စေရန် ရည်ရွယ်လုပ်ဆောင်ထားခြင်း ဖြစ်သည်။ အဆိုပါ ရွှေရောင် ပိရမစ်တွင် ကောင်းမွန်သည့်အထွတ်အထိပ်မျိုး ဖြစ်နေစေရန်အတွက် ပိရမစ်ထိပ်တွင် အဆင့်မြင့် သလင်းကျောက်ကို တပ်ဆင်ပေးထားသည်။ ထိုသို့ ပြုလုပ်ပေးထားခြင်းဖြင့် ထိုဧရိယာအတွင်း ယန်များ ပြိုကွဲသွားစေရန် ရည်ရွယ် လုပ်ဆောင်ထားခြင်း ဖြစ်ပေသည်။

ထိုပိရမစ်ကို တပ်ဆင်ထားပုံက ၂-မီတာပတ်လည်မျှ နေရာယူထားမည်ဖြစ်ပြီး အမြင့်က ၄-ပေ ရှိနေရမည်ဖြစ်သည်။ ပိရမစ်၏ အထွတ်အထိပ်အောက်တည့်တည့်တွင် လူတစ်ယောက် ကော်င်းကောင်းထိုင်နိုင်မည်ဖြစ်ပြီး ပိရမစ်အတွင်း ထူးခြားသည့်ပတ်ဝန်းကျင်ကို အပြည့်အဝခံ စားနိုင်မည်ဖြစ်သည်။ အကျိတ်ရောင်ခြင်း၊ နာဖျားခြင်းနှင့် လည်ချောင်းကွဲဝေဒနာရှင်များ အနေဖြင့် ယင်းပိရမစ်အတွင်း၌ အိပ်စက်လျှင် ဝေဒနာများမှ သက်သာပျောက်ကင်းစေနိုင်ပါသည်။

ပိရမစ်အတွင်း ထိုင်ခြင်း၏ အကျိုးအာနိသင်များ

ပိရမစ်အတွင်း ကမ္ဘာ့ဘဏ်ထိုင်ရန် လိုအပ်မည်မဟုတ်ပါ။ သို့သော် ထိုင်လိုပါကလည်း အကောင်းဆုံးပင် ဖြစ်၏။ အကယ်၍ ထိုတရားထိုင်သည့်အလုပ်မျိုးကို မိတ်ဆွေ မယုံကြည်ပါက လုပ်ရန်မလိုအပ်ပါ။ မလုပ်၍လည်း မည်သည့် အန္တရာယ်မှ ဖြစ်လာရန် အကြောင်းမရှိပါ။ မိတ်ဆွေ အနေဖြင့် ပိရမစ်အတွင်းဝင်ထိုင်ပြီး မဂ္ဂဇင်း၊ သတင်းစာကို ဖတ်နိုင်ပါသည်။ သီချင်းနားထောင်နိုင်သည်။ မိတ်ဆွေ စိတ်ဝင်စားသည့် ကိစ္စများကို ပြုလုပ်နိုင်ပါသည်။ ထိုသို့ ထိုင်သည့်အခါ ပိရမစ်၏ အနားတစ်ဖက်မျက်နှာသူသည် မြောက်ဘက်တည့်တည့်သို့ မျက်နှာပြုထားရမည်။ ထိုသို့ ပြုလုပ်ထားခြင်းဖြင့် ပိရမစ်၏ ကျန်မျက်နှာများသည် ကမ္ဘာ့အရပ် သုံးဖွဲ့မျက်နှာကို မျက်နှာပြုလျက်သား ဖြစ်နေလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝိရမစ်စွမ်းအင်၏ အကောင်းဆုံး အကျိုးအာနိသင်ကို ရရှိလိုပါက အနီးအနားတွင် ရုပ်မြင်သံကြားစက်(TV)ကို မဖွင့်ပါနှင့်။ ဝိရမစ်အနီးအနားတွင် အခြားစွမ်းအင်တစ်ခုခု ရှိမနေခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။

အကျိုးကျေးဇူးများ

၁။ ဝိရမစ်က အမြင်စွမ်းအားကို ထက်မြက်စေပြီး အလုပ်လုပ်ကိုင်နိုင်သည့်စွမ်းရည်ကို တိုးတက်ရရှိစေပါသည်။

၂။ ဝိရမစ်ထဲမှ အယ်လ်ဖာ(alpha)လှိုင်းကို ထုတ်လွှတ်ပေးသဖြင့် ကာယကံရှင်တွင် ပိုမိုသက်သောင့်သက်သာမှုကို ရစေနိုင်ပါသည်။

၃။ ထိုဝိရမစ်အတွင်း အချိန်အတိုင်းအတာ တစ်ခုအထိ ထိုင်ပြီးသည်နောက်တွင် ကာယကံရှင်မှာ စွမ်းအင်များ တိုးပွားလာကြောင်း ခံစားရပါလိမ့်မည်။

၄။ အိပ်စက်ချိန် နည်းသွားသော်လည်း လူမှာပို၍ လန်းဆန်းနေပါလိမ့်မည်။

၅။ ဝိရမစ်အတွင်း ရေကို သိုလှောင်ထားပြီးမှ သစ်ပင်ပန်းပင်များကို လောင်းပေးပါက အပင်များကြီးထွားမှု မြန်ဆန်လာပါလိမ့်မည်။

၆။ ဝိရမစ်အတွင်း ထိုင်နေသည့်အချိန်တွင် ခြင်များဝင်မလာနိုင်ကြောင်းကို ကိုယ်တွေ့ တွေ့ရပါလိမ့်မည်။ အကယ်၍ ဝင်လာသည့်တိုင်အောင် အတွင်းမှလူကို မကိုက်ပါ။ ထို့အတူပင် ပြုံးဟပ်များ၊ အိမ်မြွှောင်များလည်း ဝိရမစ်အတွင်းသို့ မဝင်နိုင်ကြချေ။

၇။ ဝိရမစ်ပုံစံသည် စွမ်းအင်စက်ဝန်းကို ဖန်တီးပေးပြီး မကောင်းသောစွမ်းအင်များကို ချေဖျက်ပေးသည့်အပြင် ကောင်းသော ချီစွမ်းအင်ဖြစ်အောင် ဖန်တီးပေးနိုင်ပါသည်။

အခန်း (၆)

ဝါစတုစွမ်းအင်စက်ဝန်း

ဗုန်းဒွေ နည်းပညာရပ်တွင် တရုတ်လူမျိုးတို့က ကမ္ဘာမြေပေါ်မှ စွမ်းအင်ကို 'နဂါးစွမ်းအင် အဟုန်' (Dragon Current)အဖြစ် ညွှန်းဆိုတတ်ကြသည်။အောက်စဖို့အဘိဓာန်တွင် နဂါး(Dragon)အား အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

'တောင်ပံပါသည့် ထူးခြားသည့် မြွေဟောက် ခ်မျိုးဖြစ်၍ ဦးခေါင်းတွင် အတွတ်အတက်များ ပါရှိသည်။ ကြီးမားသည့် လက်သည်းကြီးများက စွမ်းအားကြီးပြီး ကြောက်စရာသတ္တဝါအဖြစ် သတ်မှတ်ကြရသည်။ ထိုသတ္တဝါကို ကျမ်းစာများတွင် ဆာတန်နတ်ဆိုး(သို့) နတ်ဆိုးအဖြစ် သတ်မှတ် ဖော်ပြတတ်ကြသည်'။

'ဝါစတု၏ဖြစ်တည်မှု' ကို 'မကောင်းဆိုးဝါး' (Demon)ဟု သတ်မှတ်သည်။ ယင်းသည် မည်သည့်မြေနေရာမြေကွက်တွင်မဆို တည်ရှိနေပြီး ၎င်း၏ပုံစံက ကြောက်စရာ အသွင်ရှိနေလျက် အထက်ပါ နဂါးနှင့် အနီးစပ်ဆုံး သဏ္ဌာန်တူညီသည်။

'ဝါစတုသ္ဘာရ' ဟူသည်မှာ အခြေခံအားဖြင့် အဆောက်အအုံတစ်ခု(သို့)တည်ဆောက်မှုတစ်ခု၏ ဝိသေသလက္ခဏာများ ဖော်ပြခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိနားလည်ခဲ့ကြပြီး ဖြစ်သည်။ ရှေ့ပိုင်းတွင် ဖော်ပြပါရှိခဲ့သည့် အတိုင်း ကျွန်ုပ်တို့သည် ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသည့် စွမ်းအင်စက်ဝန်းများက ပတ်ဝန်းကျင်တွင် ဝန်းပတ်တည်ရှိနေသည့် နေရာတွင် နေထိုင်နေကြရသည်။ ဟင်းလင်းပြင်တစ်ခုတွင် အဆိုပါ စွမ်းအားများ(သို့)စွမ်းအင်စက်ဝန်းများသည် လွတ်လွတ်လပ်လပ် လှုပ်ရှားနေကြရာ ယင်းကြောင့် စွမ်းအင်စက်ဝန်းများတွင် စွမ်းအင်ညီမျှခြင်း (equilibrium) တစ်ခု ဖြစ်ပေါ်လာရသည်။ တည်ဆောက်မှုတစ်ခုကို ယင်းစက်ဝန်းတွင် ထားရှိလိုက်ပါက စွမ်းအင်ညီမျှခြင်းတွင် သက်ရောက်မှု ရှိစေသည်။ ထို့အခြေအနေကို ထိန်းသိမ်း သိမှီးထားရန်လိုသည်။

ယင်းအချက်ကို စနစ်တကျ လုပ်ဆောင်လိုက်ပါက ဟန်ချက်ညီသည့် စွမ်းအင်စီးဝင်မှုသည် အဆောက်အအုံအတွင်းတွင် ဖြစ်ပေါ်လာစေ့ာသည်။ ထိုဟန်ချက်ညီမှုမှသည် အတူနေလူများ၏ ရှင်သန်မှု အခြေအနေကို ဟန်ချက်ညီအောင် ပြုလုပ်ပေးလိုက်သဖြင့် ပြဿနာများ ကင်းရှင်းပြီး လွတ်လပ်ပျော်ရွှင်စရာဘဝများကို ဖြစ်ပေါ်စေတော့သည်။

ချီ့ယွင်းချက်ရှိသည့် တည်ဆောက်မှုသည် ထိုစွမ်းအားများကို အပိတ်အဆို့အဟန့်အတားဖြစ်စေပြီး အဆောက်အအုံထဲတွင် စွမ်းအင်စက်ဝန်းကို ပုံပျက်ပန်းပျက် ဖြစ်စေသည်။ ဤသို့ ပုံပျက်ပန်းပျက်ဖြစ်မှုသည် နေအိမ်အဆောက်အအုံအတွင်း နေထိုင်သူများအား မကောင်းသည့် ကံကြမ္မာနှင့် ပူပင်သောကကို ဖြစ်ပေါ်စေတော့သည်။

ဝါစတုသ္ဘာရပညာရပ်သည် သိပ္ပံပညာရပ်တစ်ခုဖြစ်ပြီး အဆောက်အအုံအတွင်း မူမမှန် ချီ့ယွင်းနေသည့် တည်ဆောက်ပုံအရပ်ရပ်ကို ဝါစတုနည်းဖြင့် အလွယ်တကူ ဖော်ထုတ်နိုင်သည်။ စိတ်လက်မချမ်းသာစရာ ပြဿနာ အဖုံဖုံဖြစ်ပွားနေသည့် နေအိမ်များက တစ်စုံတစ်ခုသော အရေအတွက်မျှ ရှိကောင်းရှိနိုင်သည်။ ပွင့်လင်းသည့် စိတ်ထားဖြင့် ဖော်ထုတ်လုပ်ကိုင်လိုက်ခြင်းနှင့် တစ်စုံတစ်ဦးက ဝါစတုကိုအခြေခံပြီး ပုံသေကားချလုပ်ခြင်းတို့တွင် ထိရောက်မှုက မကွာခြားလှသည်ကို တွေ့ရမည်ဖြစ်သည်။

ကျယ်ပြန့်သည့် သုတေသနပြုချက်များအရ ဝိရမစ်ပုံစံများ၏ အတွင်းဘက်နံရံ လေးဖက်လေးတန်တွင် ထူးခြား

www.burmeseclassic.com

www.burmeseclassic.com

သည့် စွမ်းအင်များတည်ရှိနေသည်ကက သဲသယရှိစရာ မလိုပေ။ 'ဝိရမစ်' ဟူသည့် အဓိပ္ပာယ်ကိုက 'ဗဟိုချက်စွမ်းအား' (သို့) ဗဟိုချက်စွမ်းအင်'ဟူ၍ ဖြစ်သည်။ ထိုစမ်းသပ်ချက်များကို အသေးစိတ် သိရှိလိုသူများ အနေဖြင့် Edpetite ရေးသားခဲ့သည့်' The Secret Power Of the Pyramids' စာအုပ်ကို ဖတ်မှတ်လေ့လာကြရန် တိုက်တွန်းလိုပါသည်။

ကျွန်ုပ်တို့က လေးထောင့်စပ်စပ် အဆောက်အအုံမျိုးတွင် နေထိုင်ကြသည်။ ဒေါက်တာဝိလ်ဟိန်းရိုချ် (Dr.Wilhelm Reich) လက်တွေ့ပြသခဲ့သည်က ကုဗယောင်ပုံ (cuboidal) အဆောက်အအုံပုံစံများထဲတွင်လည်း အလားတူ စွမ်းအင်စက်ဝန်းများက တည်ရှိနေတတ်သည်ဟုဆိုသည်။ ထိုစွမ်းအင်ကို သူက ဩဂွန်းစွမ်းအင် (Orgone Energy)ဟု ကင်ပွန်းတပ်မှည့်ခေါ်ခဲ့သည်။ သူတွေ့ရှိသည်က အဆိုပါ စွမ်းအင်သည် နေရာတကာတွင်တည်ရှိနေသည်။ သို့သော် အဆောက်အအုံအတွင်းတွင် စုစည်းအားနှင့် အရေအတွက် ပမာဏအပေါ် မူတည်၍ သိသိသာသာ ကွာခြားမှုများရှိနိုင်သည်ဟု ဆိုသည်။ ထိုအချက်များနှင့် ပတ်သက်၍ အသေးစိတ် ပိုမိုသိလိုလျှင် Eden Jerome ရေးသားသည့် 'ORGONE ENERGY' ဟု အမည်ရသည့်စာအုပ်ကို ဖတ်ကြည့်စေချင်ပါသည်။

အလားတူ သုတေသနပြုစမ်းသပ်ချက်များကို ကနေဒါနိုင်ငံနှင့် အခြားဥရောပနိုင်ငံများတွင်လည်း ပြုလုပ်ခဲ့ကြသည်။ သူတို့၏ စမ်းသပ်ချက်များမှာ လူသားများအပေါ် အဆောက်အအုံ တည်ဆောက်မှု၏ သက်ရောက်မှုများကို လေ့လာခြင်းပင် ဖြစ်သည်။ သည်ဂျီအိုဒစ်ဘော့လ် (The Geodisic Bulb) နေအိမ်ပုံစံက အလုံးအဝိုင်းပုံစံ အဆောက်အအုံမျိုးဖြစ်သည်။ သိပ္ပံပညာရှင်များ တွေ့ရှိသည်က ပုံစံမှန်မဟုတ်သည့် ကော်ရီဒါမျိုးနှင့် အခိုးမကျသည့်အခန်းများက စိတ်ဝေဒနာသည်များကို အမြန်ဆုံး ပြန်လည်သက်သာစေရန် အကူအညီ ပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။ ထိုစမ်းသပ်မှုများကို ကနေဒါနိုင်ငံနှင့် ပြင်သစ်နိုင်ငံများတွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

စမ်းသပ်သုတေသနပြုလုပ်မှုများက ဆက်လက် လုပ်ကိုင်နေကြဆဲဖြစ်ပြီး အချိန်ကာလအားဖြင့်လည်း ကြာမြင့်နေဦးမည်ဖြစ်သည်။ ၎င်းတို့က တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မည်သည့် နေအိမ်အဆောက်အအုံပုံစံမျိုးဖြင့် နေထိုင်သင့်သည်ဟူသည့်အချက်ကို ကောက်ချက်ချ ဖော်ပြလာနိုင်ကြောင်း မျှော်လင့်ရပါသည်။

အိန္ဒိယနိုင်ငံသားဆရာကြီးများကို အလွန်တော်သည့် လက်တွေ့သမား သိပ္ပံပညာရှင်ကြီးများအဖြစ် သတ်မှတ်ကြသည်။ သူတို့က ပြဿနာရပ်တစ်ခုနှင့် အခြေခံမှားယွင်းမှုအပေါ် သုတေသနပြု စမ်းသပ်လေ့လာရသည်က အချိန်များစွာပေးရမည်ဟု ဆိုထားပါသည်။ နောက်ဆုံးရလဒ်အဖြေက မမှားမယွင်းနိုင်ဘဲ သေချာရေရာမှုရှိမည်က အမှန်ပင်ဖြစ်သည်။ လူသားတို့၏သိစိတ်နှင့် အသိဉာဏ်စွမ်းရည်က အကန့်အသတ် ရှိနေတတ်သည်။ သိပ္ပံပညာရပ်အလိုအားဖြင့် မနေ့က အမှန်ဟု သတ်မှတ်ထားသည့်အရာသည် ယနေ့ လက်မခံနိုင်ဘဲ ဖြစ်နေတတ်သည်ကို ကျွန်ုပ်တို့ သိမြင်လေ့လာဖူးခဲ့ကြပြီ ဖြစ်သည်။ ထို့ကြောင့် ထိုပညာရှိ သုခမိန်က အတွေးပေါက်သွားသည်။ ထိုအဖြစ်အပျက်များသည် စကြဝဠာကြီးကို ဖန်တီးသည့် စွမ်းအား၏ အစိတ်အပိုင်းသာ ဖြစ်သည်ဟူသည့် အကြောင်း၊ ထို့ကြောင့် သူက ထိုလမ်းစအတိုင်း တိုက်ရိုက်ကိုင်တွယ် လုပ်ဆောင်လိုက်သောအခါ အဖြေများရရှိလာတော့သည်။ ထိုအဖြေများကလည်း အမှားအယွင်းမရှိ၊ ပကတိအမှန်တရားများသာ ဖြစ်နေတော့သည်။

ဤစာအုပ်တွင် တည်ဆောက်ရေးနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ဖော်ပြနိုင်မည်မဟုတ်သော်လည်း တည်ရှိနေသည့်သဘာဝစွမ်းအားများအကြောင်းကိုမူ လမ်းညွှန်မှုပြုထားပါသည်။ ငရဲဘုံလောကတွင် သူတို့၏ အရှင်သခင် 'ယမမင်းကြီး' ရှိသည်။ အဂ္ဂနီ (Agni)ဟူသည့် မီးနတ်ရှိသည်။ ထိုနတ်များအတွက် နေရာ သတ်မှတ်ထားသည်မှာ အနောက်မြောက်ထောင့်တွင် ဖြစ်သည်။

ထိုစွမ်းအားများ၏ အရေးပါမှုကို နောက်အခန်းများတွင် တွေ့ရှိရမည် ဖြစ်သည်။ ဤနေရာတွင် ဟိန္ဒူနတ်ဘုရားများ၏ အမည်နာမများကို ချန်လှပ်ထားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝါစတုပ်ညာရပ်က ကမ္ဘာသုံးပညာရပ် သဗ္ဗတ္ထရတစ်ခု ဖြစ်နေသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ထိုပညာရပ်သည် ဘာသာရေးနှင့် မသက်ဆိုင်ဘဲ လူသားတိုင်း အကျိုးရှိရှိ အသုံးချ လုပ်ဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။

သတိပြုရန်အချက်တစ်ခုကို ဖော်ပြရန်လိုအပ်မည်ဖြစ်သည်။ ထိုပညာရပ်နှင့်ပတ်သက်၍ ရေးသားထားချက် အားလုံးမှာ ရွှေဟောင်း သက္ကတဘာသာနှင့် ဖြစ်နေပြီး စာရေးဆရာပေါင်းစုံ၏ လက်ရာများ ဖြစ်ကြသည်။ ထိုစာအုပ်များကို ပညာရှင်များက ဘာသာပြန်ဆိုကြသည့်အခါ ၎င်းတို့၏ ထင်မြင်ယူဆချက်များကိုပါ ထည့်သွင်းရေးသားလေ့ရှိသည်။ စာဖတ်သူအနေဖြင့် မူရင်းသက္ကတဘာသာကျမ်းကို ဖတ်သည်ဖြစ်စေ၊ ဘာသာပြန်များကို ဖတ်သည်ဖြစ်စေ အမှားနှင့် အမှန်အကြား ဝေဝေဝါးဝါးဖြစ်နေမည်မှာ သေချာသည်။ ထိုစာအုပ်အားလုံးက အခြေခံသဘောတရားများကို လုံးဝဥဿုံ လက်ခံကြသည်မဟုတ်ပါ။ ကွဲပြားခြားနားမှုများ ရှိနေသည်။ လေ့လာတွေ့ရှိချက်များအရ အောက်ဖော်ပြပါအချက်များမှာ အမှန်တကယ် လိုအပ်ချက်များနှင့် မကိုက်ညီသဖြင့် ပယ်ဖျက်ထားကြောင်း သိရှိရပေသည်။

၁။ မြေကွက်များကို အောက်ပါအတိုင်း အတန်းအစား ခွဲခြားသတ်မှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

ဂါဂျာယ(Gajaya)ဟူသည့် ဆင်သဏ္ဌာန်ပုံ၊ ဆင်ဓ
ာယ(Simhaya)ဟူသည့် ခြင်္သေ့ပုံ စသည်ဖြင့် အချို့ကျမ်း
များက မြေတွက်ပုံစံသည် ထိုပုံစံမျိုးများ ဖြစ်ရမည်ဟု သတ်
မှတ်သည်။ အခြားကျမ်းများကမူ ထိုပုံစံများကို အလေးပေး
ဖော်ပြပြီး မြေကွက်တစ်ကွက်ချင်းစီကို သန်ဂါဖော်မြူလာအရ
တိုင်းတာဖော်ပြရမည်ဟု သတ်မှတ်သည်။ တိုင်းတာနည်း
ကလည်း လက်ခလယ်နှင့် လက်မကို ဆန့်ကား၍ တိုင်းတာ
နည်းဖြစ်သည်။ အချို့ကလည်း တံတောင်ဖြင့် တိုင်းတာ
သည်။ အချို့ကမူ နားရွက်မှ ခြေဖျားအထိ အတိုင်းအတာကို
ယူပြီး တွက်ချက်တိုင်းတာရမည်ဟုဆိုသည်။ အချို့ကလည်း
ပေနှင့်လက်မကိုယူပြီး မတွက်ချက်သင့်ဟု ဆိုကြသည်။ ထို
ပေ၊ လက်မ အတိုင်းအတာများမှာ အင်္ဂလိပ်အတိုင်းအတာ
များဖြစ်နေပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀ ဝန်းကျင်လောက်
ကမှ နိုင်ငံတွင်းသို့ရောက်လာသည့် အတိုင်းအတာများဖြစ်
ကြသည်ဟု ဆိုသည်။ ထိုရေးသားချက်များသည် အဆို
အငေါ် မတည့်၊ ယုတ္တိမတန်သည့်အလျောက် ကျွန်ုပ်တို့၏
ကိုယ်နည်း ကိုယ့်ဟန်ဖြင့်သာ အခြေခံ တွက်ချက်မှုများ
ပြုလုပ်သွားရန်ဖြစ်သည်။

၂။ မြေ... ...မြေအရောင်ကိုလိုက်၍ အတန်း
အစား ခွဲခြ... ...ပုံမမေပေါ်တွင်နေထိုင်မည့်သူ၏ ဇာတ်
နှင့် ကိုက်/မကိုက်ကို ဆက်စပ်၍ အဆုံးအဖြတ်ပေးတတ်
သည်။ ထိုအချက်ကိုလည်း လမ်းကြောင်းမှသွေဖည်နေသဖြင့်
ပယ်ရမည် ဖြစ်သည်။

၃။ အချိန်အခါ ရွေးသည့်ကိစ္စ၊ ပန္နက်ကျောက်တုံးကို
ပူဇော်ပသမှု၊ တံခါးပေါက်နေရာများ သတ်မှတ်မှုနှင့် ပန္နက်ချ
သည့်ကိစ္စရပ်များကို ပိုင်ရှင်ဖြစ်သူ၏နက္ခတ်၊ နိုးမိုးထားသည့်
ပြိုဟ်နှင့် နေ၊ လ စသည်များကို တိုက်ဆိုင်တွက်ချက်သည့်
ကိစ္စရပ်များမှာ အယူသီးသည့်သဘော သက်ရောက်နေ
သဖြင့် ထိုအချက်ကိုလည်း ပစ်ပယ်ရမည်ဖြစ်သည်။

၄။ တံခါးမကြီးနှင့် ပြတင်းပေါက်အရေအတွက် ကိစ္စ။
ယင်းကိစ္စတွင် အရေအတွက်ကို 'မ'ဂဏန်းသာ ထားရမ်ည်။
'စုံ' ဂဏန်း မထားရဟုဆိုသည်။ ထို့ပြင် '၀' သုညနှင့်ဆုံးသည့်
အရေအတွက်(ဥပမာ- ၁၀၊ ၂၀) မျိုး မဖြစ်စေရဟုဆိုသည်။
ထိုအချက်ကလည်း အကြောင်းအချက် ခိုင်လုံမှု မရှိဇပ။

စင်စစ်အားဖြင့် တစ်ကမ္ဘာလုံးက လက်ခံနိုင်သည့်
အခြေခံမူဘောင်မျိုးရှိရန် လိုအပ်သည်ဖြစ်၍ အောက်ပါ
အတိုင်း သတ်မှတ်ချင့်သုံးရန် ဖြစ်ပါသည်။

(က) လူတိုင်း လိုက်နာကျင့်သုံးနိုင်သည့် နည်းလမ်းဖြစ်ရ
မည်။

(ခ) ရလဒ်သည် တစ်ပုံစံတည်း၊ တစ်ထပ်တည်း ဖြစ်ရမည်။

(ဂ) သက်ရောက်မှုသည် လူပုဂ္ဂိုလ်၏ သဘာဝအနေ
အထားအပေါ် တွင် မတည်ရှိစေသင့်။ တစ်နည်းအား
ဖြင့် လူပုဂ္ဂိုလ်နှင့်လည်းကောင်း၊ သူ၏ယုံကြည် ကိုး
ကွယ်ရာ ဘာသာအယူဝါဒနှင့်လည်းကောင်း မပတ်
သက်သည့် အနေအထားမျိုးတွင် ရှိနေရမည်။

သို့မဟုတ်ပါက ဤစာအုပ်သည် အယူသီးမှုနှင့် ပတ်
သက် ဆက်နွယ်နေသည့် ပညာရပ်မျိုး ဖြစ်သွားပေလိမ့်မည်။
ထို့ကြောင့် ဖွဲ့၊ ဆန်ကွဲနှင့် ဆန်လုံးများကို သတ်သတ်စီ ဖြစ်
သွားစေရန် ပြုလုပ်လိုက်ခြင်းသဘောပင် ဖြစ်ပါသည်။

စင်စစ်အားဖြင့် ထိုကျမ်းစာအုပ်များ၌မြေကွက်တွင်
တည်ရှိနေသည့် စွမ်းအားများကို ဖော်ပြရာတွင် တစ်ပြေးညီ
ရှိကြသည်။ ထိုအချက်က အရေးအကြီးဆုံးဖြစ်၍ အားကိုး
အားထားပြုနိုင်ခြင်းဖြစ်သည်။ စွမ်းအားများအတွက် အရေးပါ
အရာရောက်စေသည့် ဦးစီးဦးကိုင်များသည် နတ်ဘုရားများ
မဟုတ်ကြပါ။သဘာဝတရား၏ စွမ်းအားများသာဖြစ်ပါသည်။

စင်စစ်အားဖြင့် ဝါစတုပညာရပ်ကဲ့သို့ စကြဝဠာ ဆိုင်
ရာသိပ္ပံပညာရပ်များက အဆုံးအစမရှိဖြစ်ပြီး ကျယ်ပြန့်လှ
သည့် ဗဟုသုတနှင့်အသိပညာကို တိုးပွားစေနိုင်ပါသည်။ ရရှိ
သည့် အသိပညာ ဗဟုသုတများက ဝါစတုနည်းပညာအရ
တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ပါသည်။ သို့
သော် ယင်းပညာရပ်များက သုစောသနပြုလုပ်ရန်၊ သုံးသပ်
ရန်နှင့် တိုးတက်လုပ်ဆောင်ရန် များစွာ လိုအပ်နေဦးမည်ဖြစ်
သည်။ ယနေ့ခေတ် အချိန်အခါသည် အသိပညာကြွယ်ဝ
သည့် ခေတ်ကာလ အချိန်အခါ ဖြစ်နေသည့်အလျောက်
ဝါစတုဿတ္တရပညာရပ်ကို သိပ္ပံပညာရပ်တစ်ခု အနေဖြင့်
လေ့လာလိုက်စားသင့်ပြီး ဗိသုကာပညာရှင်များနှင့် ရူပဗေဒ
ပညာရှင်များအနေဖြင့် အတူတကွ ပူးပေါင်းပြီး သုတေသန
လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်သော
ပညာရပ်ကြီး ဖြစ်ပါသည်။ သို့မှသာ လူတိုင်းအဖို့ ထိုပညာ
ရပ်၏ အရေးပါမှုကို သိရှိနားလည်ခံစားနိုင်ကြမည် ဖြစ်သည်။

ထိုပညာရပ်သည် ဆောက်လုပ်ရေး၊ တည်ဆောက်
ရေးသက်သက်နှင့်သာသက်ဆိုင်သည့် ပညာရပ်ဖြစ်သည့် သိပ္ပံ
ပညာသက်သက်သာဖြစ်သည်။ ပုဂ္ဂိုလ်ထူးများနှင့်သော်လည်း
ကောင်း၊ ဘာသာရေးနှင့်ပတ်သက်၍သော်လည်းကောင်း
သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် သွေဖည
သည့်လုပ်ရပ်များကို သွတ်သွင်းလုပ်ဆောင်နေမည်ဆိုပါက ထို
ကြီးမြတ်သည့် ပညာရပ်အပေါ် တွင် မတရားရာ ရောက်သွား
စေလိမ့်မည် ဖြစ်သည်။ ကွန်မြူနစ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်
တရုတ်နိုင်ငံတွင်ပင် သိပ္ပံနှင့်နည်းပညာ စိတ်အခံရှိသူများ၏
မျက်လုံးကို ဖွင့်ပေးသည့်အနေဖြင့် ထိုပညာရပ်ကို လက်ခံ
လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ထိုပညာရပ်ကို အိန္ဒိယနိုင်ငံတွင်သာ
မကဘဲ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများ
တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရန် အလျင်အမြန်

www.burmeseclassic.com

www.burmeseclassic.com

ဦးစားပေး လုပ်ဆောင်နေကြဖြစ်သည်။ ထိုနိုင်ငံများတွင် ဝါစတုသိပ္ပံပညာရပ်နှင့်ပတ်သက်၍ ပူးတွဲပေါင်းစပ် လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းများတွင် အကျိုးကျေးဇူးများစွာ ရရှိနေကြပြီဖြစ်မည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အိန္ဒိယပညာရှိ သုခမိန်များ၏ ရှေးဟောင်း ဝါစတုသိပ္ပံပညာရပ်ကို အလေးအနက်ထား စူးစမ်းလေ့လာ သုတေသနပြုနေခဲ့ရာမှ လူသားများအတွက် အကျိုးကျေးဇူးများစွာရှိကြောင်း အတည်ပြုနိုင်ခဲ့ကြခြင်း ဖြစ်သည်။

ဤစာအုပ်တွင် ကျွန်ုပ်တို့အနေဖြင့် နေရာအတော်များများတွင် ဘုရားသခင်(God)နှင့် မကောင်းဆိုးဝါး မိစ္ဆာ(Devil)ဟူသည့် ဝေါဟာရများကို အသုံးပြုထားပါသည်။ ထို ဝေါဟာရများကို စွမ်းအားအကောင်း(Positive force)နှင့် စွမ်းအားအဆိုး (Negative force) ကို ကိုယ်စားပြုထားခြင်း ဖြစ်ပြီး စာဖတ်သူများ၏ စိတ်ထဲသို့ ထိထိမိမိ ဝင်ရောက်သွားစေရန် ရည်ရွယ်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ ပြုလုပ်ခြင်းမှာ စွမ်းအင်နှစ်ရပ်က အချင်းချင်း တုံ့ပြန်လှုပ်ရှားမှု များရှိသကဲ့သို့ အချင်းချင်း ဆွဲဆောင်မှုများလည်း ရှိနေသည့် သဘောကို လေ့လာသင့်သည်ဟု ယူဆသဖြင့် တင်ပြရခြင်း ဖြစ်ပါသည်။

စင်စစ်အားဖြင့် အကောင်းစွမ်းအင် (Positive force) ကို ဘုရားသခင်(God)ဟူသည့်ဝေါဟာရဖြင့် ဖော်ပြရန် မသင့်လျော်သည်က အမှန်ပင်ဖြစ်သည်။ သို့သော် ဘုရားသခင်ဟူသည်က ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ကြီးပွားတိုးတက်ခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊ ခွန်အားကြီးမားခြင်း၊ ကရုဏာတရား ကြီးမားခြင်းနှင့် ကောင်းမွန်သည့် လူမှုဘဝကို ဖြစ်စေခြင်းများကို ကိုယ်စားပြုပေးသည်။ ကမ္ဘာလောကကြီးကို အကျိုးတော်ဆောင်ကောင်း ဖြစ်စေသည့် သဘောကို ဆောင်ထားသည်။ မကောင်းဆိုးဝါးမိစ္ဆာ (Devil)ဟူသည်က သေခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်း၊ ကျန်းမာရေး ဆုတ်ယုတ်ခြင်း၊ ဝေဒနာခံစားခြင်းနှင့် ရက်စက်ခြင်းတို့၏ သင်္ကေတဖြစ်သည်။ သိပ္ပံပညာရှင်များအနေဖြင့် စွမ်းအင်နှစ်မျိုး၏ လှုပ်ရှားတုံ့ပြန်မှုများကို လေ့လာပြီး သုတေသန ပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါ သိပ္ပံပညာရှင်များအနေဖြင့် သုတေသနပြုလုပ်ရမည့် စွမ်းအင် နှစ်မျိုးမှာ အဖိုဓာတ်စွမ်းအင်(Positive force) နှင့် အမဓာတ်စွမ်းအင် (Negastive force) တို့ဖြစ်ပေရာ ယင်းစွမ်းအင်များမှာ တစ်နည်းအားဖြင့် ဘုရားသခင်(God)နှင့် မကောင်းဆိုးဝါး မိစ္ဆာ(Devil) စွမ်းအင်များပင် ဖြစ်သည်ဟု လက်ခံထားရမည် ဖြစ်သည်။

စာဖတ်သူတို့အနေဖြင့် သိရှိထားရန်အချက်မှာ အဆိုပါစွမ်းအင်နှစ်ခုသည် သဘာဝတရား၏ အစိတ်အပိုင်းများသာ ဖြစ်သည်။ ထိုစွမ်းအင်နှစ်ခုသည် အစဉ်ယှဉ်တွဲ၍ တည်ရှိနေတတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့တွင် ဘုရားသခင်ရှိသကဲ့သို့ မကောင်းဆိုးဝါးမိစ္ဆာကလည်း ရှိနေမည်ဖြစ်သည်။ အပူရှိလျှင် အအေးရှိမည်။ အခါးရှိလျှင် အချိုရှိနေသည်။ တောင်ဝင်ရိုးစွန်း ရှိသကဲ့သို့ မြောက်ဝင်ရိုးစွန်း ရှိနေသည်။ နေ့ရှိလျှင် ညရှိနေသည်။ အလင်းရှိလျှင် အမှောင်ရှိသည်။ တောက်ပမှုရှိနေလျှင် မှုန်မှိုင်းမှုလည်း ရှိနေမည်။ ပရိုတွန် (Proton) ရှိနေလျှင် အီလက်ထရွန်(Electron)လည်း ရှိနေသည်။ ရုပ်ဝတ္ထု ရှိနေလျှင် ရုပ်ဝတ္ထု မဟုတ်သည်ကလည်း တည်ရှိနေသည်။

စွမ်းအင်သက်သက်အနေဖြင့် ရှုမြင်ကြည့်မည်ဆိုလျှင် ဘုရားသခင်(God)နှင့် မကောင်းဆိုးဝါးမိစ္ဆာ (Devil)ကို ဘက်ထရီအိုးမှ အဖို့ဓာတ်(Positive)နှင့် အမဓာတ် (Negative) အဖြစ် သတ်မှတ်နိုင်ပါသည်။ စွမ်းအင်များသည် ဘုရားသခင်ထံမှ မိစ္ဆာထံသို့ ထုတ်လွှတ်ပေးသည် သို့မဟုတ် ဇီဝစွမ်းအင် (Bio-energy) များကို ဖန်တီး၍ ကမ္ဘာလောကကြီး၏ ဇီဝအသက်များ ရှင်သန်ရေးအတွက် စွမ်းဆောင်ပေးနေသည်။

စွမ်းအင်စက်ကွင်းပုံစံ ဇလေထောင့်ကွက်ကို လေ့လာမည်ဆိုပါက စွမ်းအင်များသည် ပတ်ဝန်းကျင်သို့ စီးသွားသည့်အခါ အနောက်တောင်အရပ်သို့ ဦးတည်စီးသွားပြီး ဇီဝစွမ်းအင်ကို ထုတ်လွှတ်ပေးသည်။ လူတိုင်းနေ့နီးပါး အသက်ရှည်ပြီး အသက် ၁၀၀ အထိရှိနေကြသည့် ဟွန်ဇာ(Hunjas) လူမျိုးနွယ်စုကို လေ့လာလိုက်ဉီးသည့်အခါ သူတို့၏ အသက်ရှည်မှု လျှို့ဝှက်ချက်သည် ဇီဝစွမ်းအင် အလျှံပယ်ရရှိနေမှုကြောင့် ဖြစ်ကြောင်း တွေ့ရသည်။

မြောက်ဘက်နှင့် အရှေ့ဘက်အပိုင်းမှာ မြေနိမ့်ပိုင်းဖြစ်နေသဖြင့် ၎င်းတို့အနေဖြင့် ဇီဝစွမ်းအင်များကို ပေါပေါများများ ရရှိနေခြင်းဖြစ်သည်။ ဟွန်ဇာမျိုးနွယ်စုများသည် ဆေးလိပ်ကို စွဲစွဲလမ်းလမ်း၊ ခဲခဲမင်မင် သောက်တတ်ကြသည်။ ၎င်းတို့နှင့်ပတ်သက်၍ အသက်ရှည်ကြရခြင်း အကြောင်းရင်းတစ်စုံတစ်ရာမှ မရှိသည်ကို တွေ့ရလေသည်။

ဝါစတုသျှတ္တရ သိပ္ပံနည်းပညာ၏ အဓိကရည်ရွယ်ချက်မှာ မြင့်မားသည့် ဇီဝစွမ်းအင်စက်ကွင်းကို ဖန်တီးရန်ဖြစ်ပြီး မိုဘင်းနေထိုင်သူများ၏ ကျန်းမာရေးနှင့် စိတ်လက်ပျော်ရွှင်မှုကို ဖန်တီးပြုပြင် စောင့်ရှောက်ပေးနိုင်သည့် စကြဝဠာ စွမ်းအင်စက်ကွင်းကို အပိုဆောင်း ဖြည့်စွမ်းပေးနိုင်ရန်အတွက် ဖြစ်ပေသည်။

ဆရာဦးခန့်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးသမားတော် ရွှေဘုန်းပွင့်ဆရာကြီး ဦးခန့်ကျော်

တဆ-၀၂၂၀

ပါရဂူမြောက်လက္ခဏာ ဖတ်ကြားခြင်း အတတ်ပညာကျမ်းနှင့်

THE ENCYCLOPEDIA OF PALMISTRY ကျမ်းပြုသူ

ဗေဒင်လက္ခဏာဟောနည်းလိပ်စာ – ၂၇၊ လွှောက်ပွင့်ဘုရားစေတီနား၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

-09-5198240, 09-421075765, 09-420186129, 09-975446054, 09-975446053, 09-795286547

E-mail; ukhantkyaw@gmail.com Website: UKhantKyaw.MyanmarFortuneTeller.com

နေ့စဉ်နံနက် (၉း၀၀) နာရီမှ ညနေ (၃း၀၀) နာရီထိ

ဦးခန့်ကျော် တဝပ (မြ – ၀၄၉၁၂၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများရှိနေသော်လည်း မွေးနံ့ကို လာဘကြိုက်ပူးယှဉ်သဖြင့် ယခင်လထက် ကံကောင်းလာပြီဖြစ်၏။ အလုပ်အကိုင် အသစ်များ ရှာဖွေတွေ့ရှိခြင်း၊ မိတ်ကောင်းဆွေကောင်းများ တွေ့ရှိခြင်း၊ နည်းပညာ အသစ်အဆန်းများ ရရှိခြင်းတို့ ဖြစ်နိုင်၏။ တနင်္ဂနွေနံ သက်ရှိ သက်မဲ့များ ကောင်းကျိုးပြုလျက် သောကြာနံ သက်ရှိ သက်မဲ့အတွက် သောကရှိ၏။ ပြည်ပရပ်ခြား ကိစ္စများ ဆိုင်းငံ့ထားသင့်၏။ ဝန်ထမ်းများ ရာထူးတက်ရန် လျာထားခံရတတ်၏။

ယတြာ - အုန်းပါသော ခဲဖွယ်များ အလှူပြုပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အနာမျိုးစုံ ပေါက်တတ်၏။

ယတြာ - ခွေး၊ ကြောင်၊ ငှက် အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။ မှတ်ချက်။ ဇွဲ၊ လုံ့လ ရှိပါစေ။

တနလာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအား များ၊ စိုးမိုးနေသဖြင့် အကြီးအကဲများ၊ အထက်လူကြီးများ၊ မင်းစိုးရာဇာများ ချီးမြှောက်မှုခံရတတ်၏။ လုပ်ငန်းအဖွဲ့ တစ်ခုခု၏ ခေါင်းဆောင်အဖြစ် နေရာရွေးချယ်ခံရတတ်၏။ ပြည်ပရပ်ခြား အကျိုးပြုမည်။ သောကြာနံ သက်ရှိ၊ သက်မဲ့ အကျိုးပြုလျက် ဝုဒ္ဓဟူးနံ သက်ရှိ၊ သက်မဲ့ကြောင့် သောကရှိ၏။ မြေအဝင်မခံသင့်၊ မကောင်းပါ။ ဝန်ထမ်းများ အပြောင်းအရွှေ့ မသေချာ၊ စိတ်မချင်မလန်း ရှိမည်။ ကျောင်းသူ၊ ကျောင်းသားများ ဝိရိယ နည်းနေတတ်၏။

ယတြာ - ခင်ပွန်းကြီး ဆယ်ပါးကို ရှိခိုးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ဘေးပယောဂကြောင့် မသင့်မတင့် ရှိတတ်၏။

(ဂ) **ကျန်းမာရေး** - သင့်၏။ အစာအိမ် ဂရုစိုက်ပါ။

ယတြာ - ရေအိုး လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄)ဂဏန်းနှင့် ဝုဒ္ဓဟူးနေ့ ညံ့၏။ မှတ်ချက်။ စွဲမြဲသော ရည်မှန်းချက် ရှိပါစေ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ အနည်းငယ်သော ဆိုးအားက ယှဉ်နေသဖြင့် နာမည်အဖျက်ခံရတတ်၏။ မိမိ၏ မကောင်းသတင်းအလွှင့်ခံရတတ်၏။ မွေးနံ့ နိစ်ခံလျက် ဆိုးအားအနည်းငယ် ရှိသဖြင့် အပြိုင်အဆိုင် ပေါမည်။ သို့သော် လုပ်ငန်းသစ်များအတွက် လမ်းစတွေ့မည်။ ပညာရေး ကောင်းမည်။ မိမိ၏အိမ်ထောင်ဖက်၏ အကြံဉာဏ်ကြောင့် လုပ်ငန်းများ အခက်အခဲကို ကျော်လွှားနိုင်မည်။ တနင်္ဂနွေနံ သက်ရှိသက်မဲ့တို့ ကောင်းကျိုးပြုလျက် တနင်္လာနံ သက်ရှိသက်မဲ့တို့အတွက် သောကဖြစ်တတ်၏။

ယဘြာ - ဆွမ်းဆန်စိမ်း လောင်းလှူပါ

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ဆေးမှားတတ်၏။ အစာအဆိပ်သင့်တတ်၏။

ယဘြာ - ကြီးသူများကို ဝေါင်ဝှေး လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံ သင့်လုပ်ငန်းမျာ်း။

(င) **အကျိုးပေးဂဏန်း** - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

မှတ်ချက်။ လောကဓံကို နားလည်ပါ။

ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးတို့တွင် ယခင်လနည်းတူ ကောင်းအားများ စိုးပိုးနေသော်လည်း မွေးနံ့ကို မရဏာဂြိုဟ် ပူးယှဉ်ထားသဖြင့် စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံတွေ့ရမည်။ ငယ်သူငယ်သား သားသမီးများအတွက် ထိန်းသိမ်းရခက်တတ်၏။ ခရီးသွားလာမှုဖြင့် အချိန်ကုန်မည်။ ပြည်ပရင်းခြားကိစ္စများ၊ ပညာသင်ကိစ္စများနှင့် ကြုံရတတ်သည်။ သောကြာနံ သက်ရှိ သက်မဲ့ အကျိုးပြုလျက် စနေနံ သက်ရှိ ဆက်မဲ့အတွက် သောကရှိမည်။ ဝန်ထမ်းများ အိုးအိမ်ရကိန်း ရှိသည်။

ယဘြာ - စာရေးတံမဲ လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - လင်နဲ့မယား လွှာနဲ့သွားဟု မှတ်ပါ။

(ဂ) **ကျန်းမာရေး** - ကောင်း၏။

ယဘြာ - ဆေး ပုံသကူ လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့ ညံ့၏။

မှတ်ချက်။ စာနာစိတ် ထားပါ။

ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ယှဉ်တွဲလာသဖြင့် ဇာတာရှင်အဖို့ ဝိသေသလထက်သာသာရာ ရလာ၏။ လုပ်ငန်းအချို့ ပြန်လည် အသက်ဝင်လာမည်။ အကြံအစည်များ သွက်လက်လာမည်။ အလုပ်ကောင်းကောင်းနှင့် တွေ့မည်။ ကြွေးမြီအချို့ ကင်းရှိမည်။ ဘစ်ပါးသူကို အကူအညီပေးရသော ပရဟိတလုပ်ငန်းတွင် နစ်မြုပ်နေတတ်၏။ တနင်္ဂနွေ၊ စနေ သက်ရှိ သက်မဲ့တို့ အကျိုးပြုလျက် မိခင်၊ အစ်မ၊ ညီမ များအတွက် သောကရှိမည်။ ဝန်ထမ်းများ နေရာမရွှေ့ပြောင်းလိုသဖြင့် ရာထူးတိုးမှုကို ငြင်းပယ်တတ်၏။

ယဘြာ - ပရိယတ္တိ စာသင်ဌာနများတွင် ကုသိုလ်ပြုပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ငယ်မှုပြန်တတ်၏။

(ဂ) **ကျန်းမာရေး** - သာမန် ခွဲစိတ်ကိန်းရှိ၏။

ယဘြာ - ရောဂါသည်များကို ဆေးဖိုးဝါးခ လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

မှတ်ချက်။ ဓမ္မတိဝိဇ္ဇေများ လှူဒါန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ထောကြာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနတွင် မကောင်းသော ဂြိုဟ် စိုးမိုးထားသော်လည်း ပဝတ္တိဌာန၏ ကောင်းသော ဂြိုဟ်၏ လွှမ်းခြုံမှုကြောင့် ယခင်လထက် သက်သာရာရမည်။ အကြံအစည်များ ပွင့်လင်းလာမည်။ အတွေးအခေါ် ကောင်းလျက် ခရီးသွားလုပ်ငန်း၊ ပြည်ပလုပ်ငန်းကြောင့် ထောက်တည်ရာရမည်။ ပြည်ပရောက်ခြား စီးပွားရေးကိစ္စအတွက် သွားရောက်ရတတ်၏။ သောကြာနံ သက်ရှိ သက်မဲ့တို့ အကျိုးပြုလျက် အင်္ဂါနံ သက်ရှိ သက်မဲ့တို့အတွက် ဂရုပြု ဆက်ဆံသင့်၏။ ဝန်ထမ်းများ ရာထူးတက် ပြောင်းရွှေ့ကိန်းရှိ၏။ ထိပေါက်တတ်၏။

ယတြာ - စတုဒီသာ တစ်ခုခုအတွက် ကြိုးပမ်းပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - လက်ကျိုးတတ်၏။
ယတြာ - တနလ်္ဂာနံ သတ္တဝါများကို အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဝဏ်နှင်း** - (၆)ဝဏ်နှင့် သောကြာနှေ့ကောင်းပြီး (၃) ဝဏ်နှင့် အင်္ဂါနေ့ ညှိ၏။

မှတ်ချက်။ နှလုံးလှဖို့ ကြိုးစားပါ။

စနေသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ပူးယှဉ်လျက်ရှိရာ ယခင်လထက် အနည်းငယ် ညှိ၏။ မွေးနံကို ဝရုဏ်ဂြိုဟ် ပူးယှဉ်သဖြင့် လုပ်ငန်း အကြံအစည် အခက်အခဲများအတွက် ဆန့်ကျင်ဘက် လိင်တို့၏ ကူညီမှုဖြင့် ကျော်လွှားမည်။ လူမျိုးကွဲများနှင့် ဆွေမျိုးအကြီးအကဲများ၏ အကူအညီရမည်။ စနေနံ သင့်ရုံကောင်း၏။ အမွေမှ ဖြစ်တတ်၏။ ဥစ္စာငွေကုန် ဖြစ်သော် အခါသမယဖြစ်၏။

ယတြာ - ပုရဟိတလုပ်ငန်းများတွင် ပါဝင်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - အူ၊ အစာအိမ် အသည်းတွင် ဥပဒ်ရှိ၏။

(ဂ) **ကျန်းမာရေး** - စုနေနံ တိရစ္ဆာန်ကို အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဝဏ်နှင်း** - (၇) ဝဏ်နှင့် စနေနှေ့ တို့ အကျိုးပြု၍ (၁)ဝဏ်နှင့် တနင်္ဂနွေနေ့တို့ ညှိ၏။

မှတ်ချက်။ ကုသိုလ်တစ်ခု နေ့စဉ်ပြုပါ။

မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃

ခန့်စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက် ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ရာသီခွင်နှင့် နိဂဗ္ဗာန ဟောကိန်းများ

ဆရာဦးခန့်ကျော် (အမိမဲ့ဒေါ်ကျော်ဖြူ၏ဦးဘွားဖ)

CAPRICORN
မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

မကာရရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ကြံရွယ်ထားမှုများရှိပါက ယခုကာလ အတွင်း မလုပ်ကိုင်သင့်ပါ။ စိတ်မြန်မှုကြောင့် အမှားများ တွေ့တတ်သဖြင့် အရာရာကို စိတ်အေးအေးထား၍ လုပ်ကိုင်ရန် အရေးကြီးသည်။ မိမိပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်ကြီးကြီး၊ ငယ်ငယ်ရွယ်ကို အနည်းငယ်အလေးထား ဂရုစိုက်ဆောင်ရွက်ခြင်းဖြင့် မိမိလုပ်ငန်းအတွက် ပို၍အဆင်ပြေ အောင်မြင်မှုကို ရရှိနိုင်ပါလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းမှုရှိမည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှု ပေးနိုင်လိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းဆိုင်ရာ အပြောင်းအလဲ၊ အပြောင်းအရွှေ့နှင့် ခရီးများရှိမည်။ ပြည်တွင်း၊ ပြည်ပ နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ အချစ်ရေးကိစ္စများ အဆင်ပြေနိုင်မည်။ အချစ် မရှိသေးသူများ ချမ်းသူ့ကွေ့မည်။ တစ်ယောက်ထက်မက နှစ်ယောက်ထက်မက တွေ့ရ၊ ချစ်ရလိမ့်မည်။ သို့သော် သင့်အနေဖြင့် ကျန်းမာရေး ဂရုစိုက်ရန်လိုမည်။ အစာအိမ် ဒုက္ခပေးတတ်မည်။ ဆီးကျောက်တပ်ဆိုင်ရာဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ယခုလအတွင်း မကာရရာသီဖွားများ ထိထိုးမည်ဆိုပါက (၉၊ ၃၊ ၀၊ ၈)ဂဏန်းများပါသော ထီကိုထိုးပါ။

AQUARIUS
ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုမ်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ယခုကာလအတွင်း အဆင်ပြေမှုများ ရှိမည်။ ယခင် ကြိုးစားထားသော ကိစ္စများမှ အောင်မြင်ရန် အလားအလာကောင်းများ ပေါ်ထွက်လာမည်။ မည်သည့်ကိစ္စ အတွက်ဖြစ်စေ မိမိဆုံးဖြတ်ချက်ပေါ် တွင်သာ မူတည်နေသဖြင့် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန် အရေးကြီးသည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းဌာနမှ အခြားလုပ်ငန်းဌာနသို့ ပြောင်းလဲလုပ်ကိုင်ရခြင်း (သို့) အခြားစီးပွားရေး လုပ်ငန်းတစ်ခုသို့ ပြောင်းလဲလုပ်ကိုင်ခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုနှင့် အတူနေရသည့်အခွင့် နည်းလိမ့်မည်။ အလှူအတန်း ကုသိုလ်များ ထူးထူးခြားခြား ပြုရတတ်သည်။ အိပ်မက်ကောင်း မြင်မက်ခြင်း၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများလည်း ဖူးတွေ့ရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးတိုးခြင်း၊ ရုတ်တရက် သွေးပေါင်ကျခြင်းများ ဖြစ်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးနှင့်ပတ်သက်၍ ထိမ်းမြားလက်ထပ်ရန် ရည်ရွယ်ထားမှုများ ရှိပါက ယခုလအတွင်း အကောင်အထည်ဖော်နိုင်လျှင် ကောင်းမည်။ ကုမ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၄၊ ၀၊ ၃၊ ၉) ဂဏန်းများပါသော ထီကို ထိုးပါ။

PISCES
မိန်ရာသီ

(ဖေဖော်ဝါရီ - ၁၉ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း မိမိ၏ စိတ်များ အစွန်းသို့ရောက်နေသည်။ ဆုံးဖြတ်ချက် တစ်ခုချရန် အတွက် အလွန်ခဲယဉ်းနေတတ်သည်။ စီးပွားရေး လုပ်ငန်း၊ လုပ်ကိုင်သူများအနေဖြင့် စီးပွားဝင်ငွေ အသင့်အတင့်ရှိမည်။ ကျောက်မျက်ရတနာနှင့် ရွှေထည်ပစ္စည်းရောင်းဝယ်သူများ ရောင်းမှား၊ ဝယ်မှား ဖြစ်တတ်သည်ကို အထူးသတိထားရန် လိုမည်။ ဤကာလအတွင်း ခရီးသွားရန် အကြောင်းကိစ္စများ ပေါ် ပေါက်လာပါက စနေ၊ သောကြာနေ့များတွင် ခရီးထွေးသွားလာခြင်းကို ရှောင်သင့် သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာကိစ္စများ အဆင်ပြေမည်။ တစ်နည်းနည်းဖြင့် ငွေဝင်ကတ်မည်။ မိမိအထက်လူကြီးများ၏ အကူအညီပေးမှုများကိုလည်း ရရှိလိမ့်မည်။ အိမ်ထောင်ရှင်များအနေဖြင့် မိမိအိမ်ထောင်ဖက်နှင့် အဆင်ပြေမည်ဖြစ်သော်လည်း ဥဉ်ဇိအိပ်ညဉ့်နေဧည့်သည်များကြောင့် စိတ်ကသိကအောက် ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com

တတ်မည်။ ငယ်ရွယ်သူများအချစ်ရေးမှာ အဆိုး၊ အကောင်းများရောနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အကြောတက်ခြင်း၊ တစ်ကိုယ်လုံးညောင်းညာကိုက်ခဲခြင်း၊ အာရုံကြောအားနည်းခြင်း၊ သွေးလေလှည့်ပတ်မှု မမှန်ခြင်းများ ဖြစ်တတ်သည်။ သင့်အနေဖြင့် ထိထိုးမည်ဆိုပါက (၁၊ ၀၊ ၂၊ ၇) ဂဏန်းများပါသော ထီကို ထိုးပါ။

ARIES
မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ဘူးလမွေး)

မိဿရာသီဖွားများ အနေဖြင့် ဤကာလအတွင်း အတိုက်အခံနှင့်ယှဉ်၍ အကျိုးပေးတတ်မည်ဖြစ်၍ အပြိုင်အဆိုင်နှင့် စွန့်စားရသော လုပ်ငန်းမျိုးများ လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှု ရရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ အကူအညီဖြင့် အလှူအတန်းပြုရခြင်း၊ ဘုရားဖူးခရီးထွက်ရခြင်းများလည်းရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက ပူညံပူညံဖြင့် အကျိုးပေးတတ်မည်ဖြစ်၍ မကြာခဏ ရန်ဖြစ်ပေးပါ။ ဤကာလအတွင်း ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ ရောက်လာတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကဲ အနည်းငယ်ညံ့မည်။ ချစ်သူနှစ်ဦးအကြား အဆင်မပြေမှုများ ပေါ်ပေါက်ပြီး မကြာခဏ စကားများ၊ စိတ်ဆိုး၊ ရန်ဖြစ်ရတတ်သည်။ ကျန်းမာရေးမှာ အာရုံကြောများ အားနည်းခြင်း၊ အသဝင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အတတ်နိုင်ဆုံး ဘာသာရေးအလုပ်များကို လုပ်ပေးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေမည်။ ငွေကြေးအစုလိုက်၊ အပြုလိုက်ရရှိတတ်မည်။ မထင်မှတ်ဘဲ ငွေကြေးများ ပြန်လည်ပေါ်လာခြင်း၊ ထီပေါက်ခြင်းများ ဖြစ်တတ်၍ (၉၊ ၇၊ ၀၊ ၆)ဂဏန်းများပါသော ထီကိုထိုးပါ။

TAURUS
ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ယခုကာလအတွင်း ပြိဿရာသီဖွားများ အနေဖြင့် ငွေကြေးကိစ္စများ အထိုက်အလျောက်အဆင်ပြေမည်။ ဝင်ငွေကောင်းမည်။ ဝင်ငွေကောင်းသလို ထွက်ငွေလည်း ကောင်းတတ်မည်ကို သတိထားရန်လိုမည်။ စီးပွားရေးလုပ်ငန်းသည်ဘာသာရေးအလုပ်များနှင့် တိုက်ရိုက် ဆက်စပ်နေမည်။ ဘာသာရေးအလုပ်ကို လုပ်နိုင်သလောက် စီးပွားရေးလုပ်ငန်းများ အဆင်ပြေအောင်မြင်မှု ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း ကျန်းမာရေးချို့ချာမှုကြောင့် ငွေတုန်းကြေးကျများရခြင်း၊ စိတ်ညစ်ရခြင်းများ ရှိမည်။ ဖြစ်နိုင်လျှင် သင့်အိမ်ရှိ လိုက်ကာ၊ ခန်းဆီး၊ ကုလားထိုင်စွပ်တို့၏အရောင်သည် ပန်းရောင်၊ မိုးပြာရောင်၊ အစိမ်းနုရောင်များ ဖြစ်ပါစေ။ ဟောင်းနွမ်းစုတ်ပြတ်နေသော ပစ္စည်းများ ရှိနေပါကလည်း အမြန်ဆုံး စွန့်ပစ်လိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးကံညံ့နေမည်။ ချစ်သူ၏ အထင်မြင်လွဲခြင်း၊ ချစ်သူနှင့် ခွဲခွာနေရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ သင်တန်းများ တက်ရခြင်း၊ လုပ်ငန်းခွင် စာမေးပွဲဖြေဆိုရခြင်းများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စားချိန်၊ အိပ်ချိန် မမှန်၍ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၁၊ ၅)ဂဏန်းများပါသော ထီကို ထိုးပါ။

BURMESE CLASSIC .com

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ဤကာလအတွင်း ရေခြားမြေခြားနှင့် ဆက်သွယ်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းအနေဖြင့် ထူးထူးခြားခြား ပြောင်းလဲမှုရှိမည်။ ငွေကြေး အလိမ်ခံရတတ်ခြင်း၊ ဆုံးရှုံးရတတ်ခြင်းများ ရှိမည်။ အမှုအခင်း ပြဿနာများနှင့်လည်း ရင်ဆိုင်ရတတ်သဖြင့် မည်သည့်လုပ်ငန်းမျိုးကို လုပ်ကိုင်သည်ဖြစ်စေ အစစအရာရာ သတိရှိသင့်သည်။ တစ်ပါးသူပြောစကားကို အလွယ်တကူယုံတမ်းဟ်ခြင်း၊ အပေါင်းအသင်းများနှင့် အပျော်အပါးလိုက်စားခြင်းတို့ကို ရှောင်ကြဉ်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက ယခုလအတွင်း စုတ်၊ လာဘ် နှစ်မျိုးစလုံး ဝင်နိုင်သည်။ ထူးထူးခြားခြား ဧည့်သည်များလည်း သင့်အိမ်သို့ ရောက်လာတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးမှာ အဆိုးအကောင်း ခွန်တွဲနေလိမ့်မည်။ မိမိချစ်သူနှင့် လက်ထပ်ခြင်း (သို့) စေ့စပ်ကြောင်းလမ်းရခြင်းသည် အခက်အခဲများနှင့် ကြုံကြုံမှုမှုများကို ရင်ဆိုင်ရပြီးမှ အဆင်ပြေနိုင်လိမ့်မည်။ ပညာရေးလိုက်စားသူ ဖြစ်ပါက ပညာရေးကဲ ကောင်းမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မတည့်စာ ရောစားမိခြင်းကြောင့် အစာအဆိပ်ဖြစ်ခြင်း၊ အော့အန်ခြင်း၊ ခေါင်း မူးခြင်း ဆောင့်ဆောင့်ဆောင့်

www.burmeseclassic.com

CANCER
ကရကင်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဒါဆိုလမွေး)

ကရကဋ်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ခရီးများသွားရလိမ့်မည်။ အလုပ်ဒဏ်ပိခြင်းကြောင့် စိတ်ပင်ပန်း၊ လူဖင်ပန်းဖြစ်ရခြင်းများလည်း ရှိမည်။ မိမိပိုင်ဆိုင်သောပစ္စည်း (သို့) မိမိတာဝန်ယူလက်ခံထားသောပစ္စည်းနှင့် အရေးကြီးသောစာရွက်စာတမ်းများ မေ့ကျန်၊ ကျပျောက်၊ အလိမ်ခံရတတ်ခြင်းကို အထူးသတိထားပါ။ သူများအမှု မိမိကိုပတ်တတ်မည်ဖြစ်၍ တစ်ပါးသူအတွက် အာမခံပေးခြင်း၊ စာချုပ်တွင် လက်မှတ်ရေးထိုးပေးခြင်းမျိုးများကိုလည်း အတတ်နိုင်ဆုံး ရှောင်ပါ။ အလုပ်အကိုင်ရှာဖွေသူများဖြစ်ပါက ယခုလ၏ တတိယပတ်အတွင်း အဆင်ပြေနိုင်လိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အချင်းချင်းအဆင်မပြေခြင်း၊ မိမိအပေါ် မနာလို အမုန်းပွားခြင်းများရှိနေမည်။ ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ ကြဲစည်ခြင်းခံရတတ်သဖြင့် သူတစ်ပါးကွေးသော အစားအစာများကို သံသယဖြစ်လျှင် မစားပါနှင့်။ ငယ်ရွယ်သူများ ရောက်ရာအရပ်တွင် ချစ်သူပိုင်းပိုင်းလည်နေတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးနှင်ခြင်း၊ ဆီးကျောက်တည်ခြင်းဝေဒနာများ ဖြစ်ပေါ်ခဲ့စားရတတ်သည်။ အပူအစပ်များ အလွန်အကျွံစားသောက်ခြင်း မပြုသင့်ပါ။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၅၊ ၀၊ ၁)ဂဏန်းများပါသော ထီကို ထိုးပါ။

LEO
သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဝေါင်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းအနေဖြင့် ယခင်ကတည်းက လုပ်ကိုင်လာသော ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ယခုကာလအတွင်း ရောင်းအားမှာ သိသိသာသာကျဆင်းလာမည်။ အခြားစီးပွားရေး လုပ်ငန်းတစ်ခု လုပ်ကိုင်မည်ဆိုပါက အကောင်အထည်ဖော် လုပ်ကိုင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးသားချင်းများအတွက်နှင့် မကြာခဏ ရန်ဖြစ်ရတတ်မည်။ အိမ်တွင်းရှိ အဖိုးတန်ပစ္စည်းတစ်ခုခု ပျောက်ရှခြင်း၊ အခိုးခံရတတ်ခြင်း ရှိမည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးများ၏ အရေးပေးခြင်း၊ ချီးမွမ်းခြင်း၊ အကူအညီပေးခြင်းခံရသကဲ့သို့ တစ်ဖက်တွင်လည်း မနာလို အမုန်းပွားသူများ ရှိနေတတ်သည်။ ပညာရေးလိုက်စားသူဖြစ်ပါက အဆင့်မြင့်ပညာရပ်များကို သင်ကြားလေ့လာနိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်နိုင်မည်။ အချစ်ရေးတွင် အဆင်မပြေမှု၊ လွဲချော်မှုများမှ လွန်မြောက်၍ ရှေ့ဆက်ရမည့်အချိန်တွင် ကံကောင်းမှုများ တွေ့ကြုံ ခံစားရမည်။ သတင်းကောင်းများလည်း ကြားရလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခြေဆစ်၊ လက်ဆစ်ရောင်ခြင်း၊ ကိုယ်ခန္ဓာ အောက်ပိုင်း လေးလံခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်သည်။ သိပ်ကရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၉၊ ၁၊ ၀)ဂဏန်းများပါသော ထီကို ထိုးပါ။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို ဝှတ်သလင်းလမွေး)

ယခုလအတွင်း မည်သည့် စီးပွားရေးလုပ်ငန်းအားရောက်ချလုပ်ကိုင်ရမည်ကို ဝေခွဲမရ ဖြစ်နေတတ်မည်။ သို့သော် မိမိအနေဖြင့် လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်သည်နှင့် အကူအညီ၊ အဆောက်အပံ့ပေးမည့်သူများ သူ့အလိုလို ပေါ်ပေါက်လိမ့်မည်။ ပြည်တွင်း (သို့) ပြည်ပခရီးများ ထွက်ပေးသင့်သည်။ ပြည်ပခရီးသွားရန် ကြိုးစားထားမှုများရှိပါကလည်း အဆင်ပြေလိမ့်မည်။ ဘုရားဖူးခရီးလည်း ဖြစ်နိုင်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ သားသမီးရတနာများ ထွန်းကားခြင်း၊ တိုးပွားခြင်းများရှိလိမ့်မည်။ အလှူအတန်း ကုသိုလ်များလည်း ပြုရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှ စေလွှတ်သောခရီးများ သွားရလိမ့်မည်။ သွားရမည့်ခရီးသည် အနောက်စူးစူးအရပ်ဖြစ်ပါက မိမိမွေးနေ့မှလွဲသော နေ့များတွင် သွားပါက ပို၍ကောင်းမည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ စိတ်ညစ်စရာအကြောင်းများ ရှိမည်။ အထူးသဖြင့် မိမိ၏ကျန်းမာရေးညံ့ဖျင်းမှုကြောင့် ဖြစ်နိုင်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အအေးမိခြင်း၊ မကြာခဏ စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်ဘယ်ဘက်တစ်ခြမ်း လေဖျန်းခြင်းများ ဖြစ်နိုင်သည်။ ထီထိုးမည်ဆိုပါက (၆၊ ၄၊ ၀၊ ၉)ဂဏန်းများဖြင့် ထီကိုးကဲစမ်းနိုင်သည်။ ဤကာလအတွင်း အဖြူရောင်၊ ငွေရောင်၊ ပုလဲရောင်၊ မိုးပြာရောင် အစရှိသော အစားများကို တတ်နိုင်သလောက် ဝတ်ဆင်ခြင်း ပြုပါ။

www.burmeseclassic.com

www.burmeseclassic.com

LIBRA
တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သိတင်းကျွတ်လမွေး)

ဤကာလအတွင်း အစစအရာရာ အဆင်ပြေ အောင်မြင်မှုများရှိမည်။ မိတ်ဆွေကောင်းများ၊ အကူအညီပေးမည့်သူများလည်း ရှိလာမည်။ ဘာသာမတူ လူမျိုးခြားများထံမှ အကူအညီအများဆုံး ရရှိလိမ့်မည်။ မိသားစုအတွင်း အရာရာကို မိမိစိတ်ကြိုက် ဦးဆောင်ဦးရွက်ပြု လုပ်ကိုင်ရတတ်သည်။ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေကောင်းလိမ့်မည်။ အားလုံးအပေါ် သာတူညီမျှစိတ်ထားခြင်းကြောင့် အများ၏ လေးစားယုံကြည်မှုကို ခံရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများ၏ လိမ္မာရေးခြားရှိမှုကြောင့် စိတ်ချမ်းသာစရာ၊ ဂုဏ်ယူရစရာများလည်း ရှိနိုင်မည်။ အချစ်ရေးနှင့် ပတ်သက်၍ ကံကောင်းမည်။ မိမိချစ်သူနှင့် လက်ထပ်ရခြင်း၊ စေ့စပ်ကြောင်းလမ်းရခြင်းများ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အချို့အဆိပ် အလွန်အကြူးစားသောက်ခြင်းကို ရှောင်သင့်သည်။ ဆီးချို၊ သွေးချို၊ သွေးတိုးခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အမွေအနှစ်များ ရရှိခြင်း၊ ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးများ အစုလိုက်၊ အပြုံလိုက် ဝင်တတ်သဖြင့် လာဘ်ကောင်းအောင်၊ မင်္ဂလာရှိအောင် နေထိုင်ပြုမူသင့်သည်။ ထီထိုးမည်ဆိုပါက (၄၊ ၂ ၁၊ ၀)ဂဏန်းများပါသော ထီကို ထိုးပါ။

BURMESE CLASSIC

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်သာပန်းလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်း အနေဖြင့် အပေါင်ခံ အတိုးပေးစားခြင်းလုပ်ငန်း လုပ်ပါက ဆုံးရှုံးမှုများလိမ့်မည်။ အလိမ်ခံရတတ်မည်။ အပြောအဆို ဆင့်ခြင်ပါ။ မိမိ၏နှုတ်ကြောင့် တစ်ပါးသူ၏ အမုန်းပွားခြင်း၊ အပြီးအတေးပြုခြင်း ခံရတတ်သည်။ မိမိအနေဖြင့် စီးပွားရေးလုပ်ငန်းကို တစ်ခုထက်မက၊ နှစ်ခုထက်မက၊ သုံးခုထက်မက လုပ်ကိုင်လိုသောဆန္ဒများ ရှိနေမည်။ သို့သော် အချိန်အခါကောင်းကို ခေတ္တစောင့်ဆိုင်းသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး သောကများ ရှိမည်။ မိမိအိမ်ထောင်ဖက်၏ အိမ်ထောင်ရေးဖောက်ပြန်မှု ဖြစ်တတ်မည်။ မိသားစုအတွက် အချိန်ပေးနေထိုင်သင့်သည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်ကိစ္စအပြင် အထူးလွှဲအပ်ခံရသော အလုပ်များဖြင့် မအားလပ်ဘဲ ဖြစ်နေတတ်မည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများလည်း ဖြစ်တတ်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိုမိအား စိတ်ဝင်စားသူများနေမည်။ သင်သည် အသက်အလွန်ကွာဟသူကို ချစ်မြတ်နိုးတတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း၊ အဆုတ်ရောင်၊ အဆုတ်ပွဲခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငြိမ့်ငှာရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၀၊ ၄၊ ၁)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဤကာလအတွင်း အတိတ်ဘဝ၏တံကုသိုလ် အကျိုးပေးကောင်းမှုကြောင့် စီးပွားဝင်ငွေကောင်းနေမည်။ ငွေပို ငွေလျှံများလည်း စုဆောင်းနိုင်မည်။ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းမှ လခတ်လာဘများဖြင့်မည်။ အဖိုးတန်ပစ္စည်း (သို့) ထူးခြားရှားပါးသည့်ပစ္စည်း လက်ဆောင်ရတတ်မည်။ မိမိအောက် နိမ့်ပါးသူများအား စွန့်ကြဲလှူဒါန်းသည့် ကုသိုလ်အလုပ်များကို တတ်နိုင်သမျှ လုပ်ပေးသင့်သည်။ ပြည်ပခရီးသွားရန်အကြောင်းများ ပေါ်ပေါက်မည်။ ပြည်ပနှင့်ဆက်သွယ်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက လည်း အဆင်ပြေအကျိုးပေးမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်နှင့် ရန်တကျက်ကျက်ဖြစ်တတ်မည်။ မိသားစုလိုက် ခရီးထွက်ရခြင်းများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ တစ်နယ်စီ ဝေးနေရမှုကြောင့် ချစ်သူအတွက် စိတ်မချဘဲ ဖြစ်နေတတ်သည်။ ပညာရေး လိုက်စားသူဖြစ်ပါက တခြားဘက်တွင် အာရုံရောက်မသွားစေရန် သတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးချို၊ လေချို၊ ဆီးကျန်း ဝမ်းကျုံ ဖြစ်တတ်ခြင်းနှင့် တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းခြင်းများ ဖြစ်တတ်မည်။ ဓနုရာသီဖွားများ ထီထိုးမည်ဆိုပါက (၂ ၀၊ ၃၊ ၅)ဂဏန်းများပါသော ထီကိုထိုးပါ။

ဆရာဦးခန့်ကျော်
(အတိဓနုံကျွမ်းပြည်သူ့)

အမှတ်(၂၇)ရွှေဘုန်းဖွင့်ဘုရားရှေ့တန်း(၉)ရပ်ကွက်၊
ရန်ကုန်၊ ဖုန်းကောင်စီနယ်၊ ရန်ကုန်မြို့။
(၉) ဂုဏ်ဒဂုဏ်ဂုဏ်ထူ ဂုဏ်ဆဆဂုဏ်ဂုဏ်

www.burmeseclassic.com